စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး
ရွှေစေတီသာသနာ့ရိပ်သာ
နိုင်ငံတော် ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ
ရွှေစေတီ ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ္ဂနိဿယသစ်

## (ဒုတိယတွဲ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈ ခရစ် ၁၉၇၆

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး

ရွှေစေတီသာသနာ့ရိပ်သာ

နိုင်ငံတော် ဩဝါဒါစရိယ

အဂ္ဂမဟာပဏ္ဍိတ

ရွှေစေတီဆရာတော်ဘုရားကြီး

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ်နိဿယသစ်

( ဒုတိယတွဲ )

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ-၂၅၃၀၊ ကောဇာ-၁၃၄၈၊ ခရစ်-၁၉၈၆၊

ဝိသုဒ္ဓိ ၃-(က)

ပထမအကြိမ် ပုံနှိပ်ခြင်း

၁၉၈၆–ခု၊ စက်တင်ဘာလ၊

အုပ်ရေ–၂၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်

ဦးဇော်ငင်း

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက် (၀၁၄၇၅)

အမှတ် ၃၄၉–ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်၍

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်

(မှတ်ပုံတင်အမှတ်–၀၂၅၂၇) က ထုတ်ဝေသည်။



စစ်ကိုင်းမြို့ ရွှေဇေတီ သာသနာ့ရိပ်သာ၊
ရန်ကုန်မြို့ စစ်ကိုင်း ရွှေမင်းဝံသာသနာ့ရိပ်သာ တို့၏ ပဓာနနာယက၊
နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တသုန္ဒရ

# စစ်ကိုင်းရွှေမင်းဝံသာသနာ့ရိပ်သာ

## ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၏ အမှာစာ

ကျွန်တော့်အနေနှင့် ရွှေစေတီဆရာတော်ကို သာမန်အားဖြင့် ဖူးမြော်ဘူးသည်မှာကြာပါပြီ၊ နီးနီးကပ်ကပ် ဆည်းကပ်မှု မပြုဖူးသဖြင့်ဆရာတော်ကြီး၏ ပရိယတ္တိ ပဋိပတ္တိ အရည်အချင်းကို ရိပ်စားမိခြင်း မရှိခဲ့ပါ။ ကံကောင်းထောက်မ၍ ပါရမီပဋ္ဌာန်းဆက် မကင်းသဖြင့် ကျွန်တော်သည် ရွှေစေတီဆရာတော်ကြီးအား အနီးကပ်ပြုစုလုပ်ကျွေးခွင့် ဆည်းကပ်ခွင့်ရရှိခဲ့ပါသည်။မမျှော်လင့်ပဲ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ်-၇၀၊ ဟာမစ်တစ်လမ်းရှိ စစ်ကိုင်း ရွှေမင်းဝံသာသနာ့ရိပ်သာကြီးပွားတိုးတက်အောင်တာဝန်ယူဆောင်ရွက်စေလိုကြောင်း ဝိုက်တွန်းချက်အရ (၂၅-၁၂-၈၄) နေ့မှစပြီး စစ်ကိုင်းရွှေမင်းဝံသာသနာ့ရိပ်သာ ဂေါပကအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ မဟာစည်ဆရာတော်ကြီး၏တပည့်ဦးသုမနကို သာသနာ့ရိပ်သာ၏ ပဓာနကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် တင်မြှောက်ကိုးကွယ်ခဲ့ပါသည်။

တဖန် ၁၉၈၄-ခု ဒီဇင်ဘာလ ၁၆-ရက်နေ့တွင် ဆရာတော်ဦးသုမနက ဂုဏဝုဒ္ဓိ-ဝယဝုဒ္ဓိရှိတော်မူသော သက်တော် ၈၆-နှစ်၊ သိက္ခာတော် ၆၆-ဝါရှိ ရွှေစေတီဆရာတော်ဘုရားကြီးအား ပဓာနနာယကအဖြစ် တင်မြှောက်ရန် ဆန္ဒပြုတိုက်တွန်းခဲ့သဖြင့်(၂၇-၁-၈၅)နေ့တွင် ရွှေစေတီဆရာတော်ဘုရားကြီးအား ပဓာနနာယကအဖြစ် တင်မြှောက်၍ ကိုးကွယ်ဆည်းကပ်ခွင့် ရခဲ့ပါသည်။ ဆရာရင်းဒကာရင်း နီးနီးကပ်ကပ် ဆည်းကပ် ကိုးကွယ်ခွင့်ရမှ ဆရာတော်ဘုရားကြီး၏ စိတ်ဆန္ဒသဘောထားတို့ကို သိရှိခွင့် ရခဲ့ပါသည်။ ဆရာတော်ကြီးသည် မိမိကြောင့် သူတပါးတာဝန်လေးမှာ သိပ်စိုးပါသည်။ ဘာလိုသည် ညာလိုသည်ဟု ဘယ်သူ့ကိုမှမပြော ဘယ်သူ့ကိုမှမပူဆာ ဖြစ်သလိုစား, ဖြစ်သလိုနေသည်။ရသမျှနှင့်ရောင့်ရဲတင်းတိမ်ပြီးကိုယ်တိုင်လည်းတရားဘာဝနာပွားများအားထုတ်, ဒါယကာ ဒါယိကာမများအားလည်း ပွားများအားထုတ်ရန် နည်းလမ်းညွှန်ပြ တိုက်တွန်းခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ပဋိပတ္တိအရာ၌သာ ထက်မြက် ကျွမ်းကျင်သည်သာမက ပရိယတ္တိအရာတွင်လည်း ထက်မြက် ကျွမ်းကျင်တော်မူကြောင်း၊ ဆရာတော်ဘုရားကြီးသည် အလွန်ခက်ခဲနက်နဲသည့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနိဿယသစ် ကျမ်းကြီးကို ပထမတွဲ၊

ဒုတိယတွဲ၊တတိယတွဲ၊ စတုတ္ထတွဲအထိ ရေးသားထားသည့် စာမူများရှိကြောင်းကို ဆရာတော်ဘုရားကြီး၏တပည့် ဦးပဥ္စင်းတပါးထံမှ သိရသဖြင့် အားရ ဝမ်းသာ ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ "စာမူတွေ ဘုန်းကြီးရဲ့ စေတနာအရ ရေးထားတာတော့ ကြာလှပါပြီ ကိုယ့်အတွက် သူများတာဝန်တက်မှာစိုးတာနဲ့ စာအုပ်အဖြစ်ရိုက်ဖို့တော့ ဘယ်သူ့ကိုမှမခိုင်းခဲ့ဘူး" ဟု အမိန့်ရှိပါသည်။ ကျွန်တော်က သာသနာတော်အတွက် သိပ်ပြီးအရေးပါ အရာရောက်တဲ့ စာမူတွေကို စာအုပ်အဖြစ် ရိုက်နှိပ်လိုကြောင်း လျှောက်ထားသည့်အခါ "ဒကာကြီး တာဝန်မလေးဘူးဆိုရင်တော့ စာအုပ်အဖြစ်ရိုက်ပါ" ဟု ခွင့်ပြုပြီး ရေးသားထားသည့် စာမူများကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ချီးမြှင့်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် စာအုပ်ကို တွေ့မြင်သွားစေလိုသောဆန္ဒဖြင့် သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်မှပထမတွဲကို ၁၉၈၅–ခုနှစ်တွင် ရိုက်နှိပ်ပြီးစီး၍ ဆရာတော်ကြီးလက်တော်သို့ ဆက်ကပ်နိုင်ခဲ့ပါသည်။ ယခုကဲ့သို့ ကျမ်းစာအုပ်များ ရိုက်နှိပ်ရန် စီစဉ်သောအခါ ဆရာတော်ကြီး၏ သီလ-သမာဓိ-ပညာ အရည်အချင်းများကိုကောင်းစွာ သိရှိပြီး နှစ်ပေါင်းများစွာက ကိုးကွယ် ဆည်းကပ်လာကြသော တပည့်ဒကာရင်းများ ဖြစ်ကြသည့် အမှတ် ၁၂၇၊ ရွှေဘုံသာလမ်းမှ ဦးလှမောင်–ဒေါ်ကြည်ကြည် မိသားစုတို့က ဒုတိယတွဲအတွက် စာအုပ်တထောင်ဖိုး။ ရန်ကုန်မြို့ အမှတ် ၉၄၊ ချင်းချောင်း ရိပ်သာနေ ဦးမင်းဟန်–ဒေါ်ခင်ညွန့်ဟန် မိသားစုတို့က တတိယတွဲအတွက် စာအုပ်တထောင်ဖိုး လှူဒါန်းကြသည်။ ယင်းကဲ့သို့ အလှူရှင်များက စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြသဖြင့် စာမူများကို အမြန်ပြီးစီးနိုင်ရန် စီစဉ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ရွှေစေတီ ဆရာတော်ဘုရားကြီးမှာ သက်တော် (၈၇) နှစ်ရှိပြီး နိုင်ငံတော် ဩဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးလည်းဖြစ်၍ ကျမ်းစာအုပ်များ အချိန်မီထွက်ရှိအောင် စီမံရိုက်နှိပ်ပေးပါရန် သာသနာရေးဦးစီးဌာနသို့ အထူး မေတ္တာရပ်ခံခဲ့ပါသည်။

မေတ္တာရပ်ခံသည့်အတိုင်း သာသနာရေးဦးစီးဌာနမှ ကူညီစီစဉ်ပေးမှုအရ ဝိသုဒ္ဓိမဂ်နိဿယသစ်စာအုပ် ဒုတိယတွဲ တတိယတွဲ စတုတ္ထတွဲတို့ကို ပုံနှိပ်နေပြီ ဖြစ်ကြောင်း ဆရာတော်ကြီးအား လျှောက်ထားရာ ဆရာတော်ကြီး အထူး

ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တော်မူ၍ အလှူရှင်များနှင့် သာသနာရေး ဦးစီးဌာနအား ကျေးဇူးတင်မေတ္တာပို့လျက်ရှိကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

နိဿယစာအုပ်များ ရိုက်နေဆဲမှာပင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သဖြင့် စာအုပ်များကို ကိုယ်တော်တိုင် မြင်မသွားရသဖြင့် ကျွန်တော်အထူးစိတ်မကောင်း ဖြစ်ရပါသည်။

ဆရာတော်ဘုရားကြီး၏ကျမ်းစာအုပ်များပုံနှိပ်စာအုပ်အဖြစ်ရောက်အောင် ကျွန်တော်၏ ကြိုးပမ်းဆောင်ရွက်မှုကို ကူညီကြသော သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးအဆင့်ဆင့်နှင့် ပုံနှိပ်ဌာနဝန်ထမ်းများ၊ အလှူရှင် ဦးလှမောင် ဒေါ်ကြည်ကြည် မိသားစုနှင့် ဦးမင်းဟန်-ဒေါ်ခင်ညွန့်ဟန် မိသားစုတို့အား အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

၄-၈-၈၆

စိန်ဖေ

ဥက္ကဋ္ဌ

ရွှေမင်းဝံသာသနာ့ရိပ်သာ

ဂေါပကအဖွဲ့

ရွှေဂုံတိုင်၊ ရန်ကုန်။

# ထောမှာ

ဤ ဝိသုဒ္ဓိမဂ်နိဿယသစ် ဒုတိယတွဲ စာပိုဒ်အစ, စာသားအလယ်တို့၌—

(က) ၁။ စသည်ဖြင့် ဂဏန်းနှင့် ပုဒ် ၂–ချောင်းပြထားခြင်းကား ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ဆဋ္ဌမူ) စာအုပ်ရှိ စာပိုဒ်နံပါတ် ဂဏန်း ဖြစ်ပါသည်။

(ခ) (၁) စသည်ဖြင့် လက်သည်းကွင်းရှိသော ဂဏန်းများကား ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ဆဋ္ဌမူ) စာအုပ်၏စာမျက်နှာနံပါတ်ဂဏန်း ဖြစ်ပါသည်။

(ဂ) နိဿယစာသားအတွင်း၌ (............)လက်သည်းကွင်းအတွင်းရှိ စာများကား ကျမ်းပြုဆရာတော်ဘုရားကြီးက စာရှုသူတို့အား သိနားလည်စေရန် မှာထားသော အမှာစကား စာသားများ ဖြစ်ပါသည်။

# ဝိသုဒ္ဓိမဂ်နိဿယသစ်

## ဒုတိယတွဲ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **၇–ဆအနုဿတိနိဒ္ဒေသ** | | |
| ၁။ | ဗုဒ္ဓါနုဿတိကထာ | = ဗုဒ္ဓါနုဿတိပွားပုံပြဆိုချက် | .... ၁ |
| ၂။ | ဓမ္မာနုဿတိကထာ | = ဓမ္မာနုဿတိပွားပုံပြဆိုချက် | .... ၅၄ |
| ၃။ | သံဃာနုဿတိကထာ | = သံဃာနုဿတိပွားပုံပြဆိုချက် | .... ၇၀ |
| ၄။ | သီလာနုဿတိကထာ | = သီလာနုဿတိပွားပုံပြဆိုချက် | .... ၇၉ |
| ၅။ | စာဂါနုဿတိကထာ | = စာဂါနုဿတိပွားပုံပြဆိုချက် | .... ၈၄ |
| ၆။ | ဒေဝတာနုဿတိကထာ | = ဒေဝတာနုဿတိပွားပုံပြဆိုချက် | .... ၈၉ |
| ၇။ | ပကိဏ္ဏကကထာ | = ပြိုးပြွမ်းပြဆိုချက် | .... ၉၃ |
| | **၈–အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ** | | |
| ၈။ | မရဏဿတိကထာ | = မရဏဿတိပွားပုံပြဆိုချက် | .... ၉၉ |
| ၉။ | ကာယဂတာသတိကထာ | = ကာယဂတာသတိပွားပုံပြဆိုချက် | .... ၁၃၀ |
| ၁၀။ | ကောဋ္ဌာသဝဝတ္ထာပန ကထာ | = ကောဋ္ဌာသတို့ကိုပိုင်းခြားပုံ ပြဆိုချက် | ... ၁၅၇ |
| ၁၁။ | အာနာပါနဿတိကထာ | = အာနာပါနဿတိပွားပုံပြဆိုချက် | .... ၂၀၄ |
| ၁၂။ | ဥပသမာနုဿတိကထာ | = ဥပသမာနုဿတိပွားပုံပြဆိုချက် | .... ၂၈၇ |
| | **၉–ဗြဟ္မဝိဟာရနိဒ္ဒေသ** | | |
| ၁၃။ | ဗြဟ္မဝိဟာရကိုအကျယ်ပြဆိုချက် | | .... ၂၉၃ |
| ၁၄။ | မေတ္တာဘာဝနာကထာ | = မေတ္တာပွားပုံအဖွင့် | .... ၂၉၃ |
| ၁၅။ | ကရုဏာဘာဝနာဝဏ္ဏနာ | = ကရုဏာပွားပုံအဖွင့် | .... ၃၅၁ |
| ၁၆။ | မုဒိတာဘာဝနာဝဏ္ဏနာ | = မုဒိတာပွားပုံအဖွင့် | .... ၃၅၆ |
| ၁၇။ | ဥပေက္ခာဘာဝနာဝဏ္ဏနာ | = ဥပေက္ခာပွားပုံအဖွင့် | .... ၃၅၉ |
| ၁၈။ | ပကိဏ္ဏကကထာ | = ပြိုးပြွမ်းပြဆိုချက် | .... ၃၆၁ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

### ၁၀—အာရုပ္ပနိဒ္ဒေသ


| | | | | |
|---|---|---|---|---|
| ၁၉။ | ပဌမာရုပ္ပဝဏ္ဏနာ | = | ၁-ပဌမအရူပအာကာသာနဉ္စာ-ယတနအဲဖွင့် | ...၃၇၅ |
| ၂၀။ | ဝိညာဏဉ္စာယတနကထာ | = | ၂-ဝိညာဏဉ္စာယတနအဖွင့် | ... ၃၉၉ |
| ၂၁။ | အာကိဉ္စညာယတနကထာ | = | ၃-အာကိဉ္စညာယတနအဖွင့် | ....၄၀၃ |
| ၂၂။ | နေဝသညာနာသညာယတနကထာ | = | ၄-နေဝသညာနာသညာယတန-အဖွင့် | ....၄၀၉ |
| ၂၃။ | ပကိဏ္ဏကကထာ | = | ပြိုပြွမ်းပြဆိုချက် | ....၄၁၉ |


### ၁၁—သမာဓိနိဒ္ဒေသ


| | | | | |
|---|---|---|---|---|
| ၂၄။ | သမာဓိကိုအကျယ်ပြဆိုချက် | | | ....၄၂၇ |
| ၂၅။ | အာဟာရေပဋိက္ကူလ-သညာဘာဝနာ | = | အာဟာရေပဋိက္ကူလသညာ-ပွားပုံ | ... ၄၂၇ |
| ၂၆။ | စတုဓာတုဝဝတ္ထာနဘာဝနာ | = | စတုဓာတုဝဝတ္ထာန်ပွားပုံ | ....၄၄၄ |
| ၂၇။ | သမာဓိအာနိသံသကထာ | = | သမာဓိ၏အာနိသင်ကို ပြဆိုချက် | ....၅၁၁ |


**ဝိသုဒ္ဓိမဂ်နိဿယသစ် ဒုတိယတွဲ**

**မာတိကာပြီး၏။**

# ဝိသုဒ္ဓိမဂ်နိဿယသစ်

## (ဒုတိယတွဲ)

## ၇-ဆအနုဿတိနိဒ္ဒေသ

### ဗုဒ္ဓါနုဿတိကထာ

၁၂၃။ ပန၊ အဖို့တပါးကိုဆိုဦးအံ့။ အသုဘာနန္တရံ၊ အသုဘကမ္မဋ္ဌာန်း၏ အခြားမဲ့၌။ ဥဒ္ဒိဋ္ဌာသု၊ အကျဉ်းပြအပ်ကုန်ပြီးသော။ ဒသသု အနုဿ·တီသု၊ အနုဿတိဆယ်ပါးတို့တွင်။ (ဗုဒ္ဓါနုဿတိ–မှာ စပ်ပါ။) ဝါ၊အနုဿ–တိ ဆယ်ပါးတို့၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဇေ၀၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်စပ်။) ပုနပ္ပုနံ ဥပ္ပဇ္ဇနတော၊ အဖန်တလဲလဲ ဖြစ်ခြင်းကြောင့်။ သတိယေ၀၊ အောက်မေ့မှု, အမှတ်ရမှု·သတိသည်ပင်လျှင်။ အနုဿတိ၊ အဖန်တလဲလဲဖြစ်သော သတိမည်၏။ ဝါ၊ တနည်းကား။ ပဝတ္တိတဗ္ဗဋ္ဌာနမှိယေ၀၊ ဖြစ်စေသင့်သော အရာ၌သာလျှင်။ ပဝတ္တတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ သဒ္ဓါပဗ္ဗဇိတဿ၊ ယုံကြည်၍ရဟန်းပြုသော။ ကုလပုတ္တဿ၊ အမျိုးကောင်းသားအား။ အနုရူပါ၊ လျော်သော။ သတိ၊ အောက်မေ့မှု, အမှတ်ရမှု သတိသည်း။ ဣတိပိ၊ ဤသို့သော အနက်ကြောင့်လည်း။ အနုဿတိ၊ အ ုဿတိ မည်၏။ ဗုဒ္ဓံ အာရဗ္ဘ၊ မြတ်စွာဘုရားကို အာရုံပြု၍။ ဥပ္ပန္နာ၊ ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲအောက်မေ့မှုသည်။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိ–မည်၏။ ဝါ၊ ဘုရားဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲဖြစ်သော သတိ။ တော်၊ ဤ ဗုဒ္ဓါနုဿတိ–ဟူသော အမည်သည်။ ဗုဒ္ဓဂုဏာရမ္မဏာယ၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အာရုံပြုသော။ သတိယာ၊ အောက်မေ့မှု, အမှတ်ရမှု-သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဓမ္မံ အာရဗ္ဘ ဥပ္ပန္နာ၊တရားတော်ကို အာရုံပြု၍ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့မှု–သတိသည်။ ဓမ္မာနုဿတိ၊ ဓမ္မာနုဿတိ–မည်၏။ ဝါ၊ တရားဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲဖြစ်သော သတိ။ တော်၊

ဤ ဓမ္မာနုဿတိ—ဟူသောအမည်သည်။ သွာက္ခာတတာဒိဓမ္မဂုဏာရမ္မဏာယ၊ သွာက္ခာတတာ—အစရှိသော တရားတော်၏ ဂုဏ်တော်တို့ကို အာရုံပြုသော။ သတိယာ၊ အောက်မေ့မှု, အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ သံဃံ အာရဗ္ဘ ဥပ္ပန္နာ၊ သံဃာတော်ကို အာရုံပြု၍ ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့မှု-သတိသည်။ သံဃာနုဿတိ၊ သံဃာနုဿတိ-မည်၏။ ဝါ၊ သံဃာ့ဂုဏ်တော်ကို အာရုံပြု၍အဖန်တလဲလဲဖြစ်သော သတိ။ တော်၊ ဤ သံဃာနုဿတိ ဟူသောအမည်သည်။ သုပ္ပဋိပန္နတာဒိသံဃာဂုဏာရမ္မဏာယ၊ သုပ္ပဋိပန္နတာ—အစရှိသော သံဃာတော်၏ ဂုဏ်တော်တို့ကိုအာရုံပြုသော။ သတိ-ယာ၊ အောက်မေ့မှု, အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ သီလံ အာရဗ္ဘ ဥပ္ပန္နာ၊ မိမိ၏သီလကို အာရုံပြု၍ ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့မှု—သတိသည်။ သီလာနုဿတိ၊ သီလာနုဿတိ-မည်၏။ ဝါ၊ သီလ၏ဂုဏ်ကိုအာရုံပြု၍ အဖန်တလဲလဲဖြစ်သော သတိ။ တော်၊ ဤ သီလာနုဿ-တိ—ဟူသော အမည်သည်။ အခဏ္ဍတာဒိသီလဂုဏာရမ္မဏာယ၊ မကျိုးမပေါက်သည်၏ အဖြစ်-အစရှိသော သီလ၏ဂုဏ်တို့ကိုအာရုံပြုသော။ သတိယာ၊ အောက်မေ့မှု, အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ စာဂံ အာရဗ္ဘ ဥပ္ပန္နာ၊ မိမိ၏ စွန့်ကြဲပေးလှူခြင်းကို အာရုံပြု၍ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့မှု-သတိသည်။ စာဂါနုဿတိ၊ စာဂါနုဿတိ-မည်၏။ ဝါ၊ စွန့်ကြဲပေးလှူခြင်းဂုဏ်ကို အာရုံပြု၍ အဖန်တလဲလဲဖြစ်သော သတိ။ တော်၊ ဤ စာဂါနုဿတိ-ဟူသောအမည်သည်။ မုတ္တစာဂတာဒိ စာဂဂုဏာရမ္မဏာယ၊ လွှတ်လွှတ်စွန့်ကြဲ, ပေးလှူခြင်း—အစရှိသော စွန့်ကြဲ, ပေးလှူခြင်း၏ ဂုဏ်တို့ကို အာရုံပြုသော။ သတိယာ၊ အောက်မေ့မှု, အမှတ်ရမှု-သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဒေဝတာ အာရဗ္ဘ ဥပ္ပန္နာ၊ နတ်တို့ကို သက်သေ အဖြစ်ဖြင့် အာရုံပြု၍ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့မှုသည်။ ဒေ—ဝတာနုဿတိ၊ ဒေဝတာနုဿတိ-မည်၏။ ဝါ၊ နတ်တို့ကို သက်သေအရာထား၍ မိမိ၏ သဒ္ဓါ—အစရှိသောဂုဏ်တို့ကိုအာရုံပြု၍ အဖန်တလဲလဲဖြစ်သော သတိ။ တော်၊ ဤ စာဂါနုဿတိ-ဟူသောအမည်သည်။ ဒေဝတာ၊ နတ်တို့ကို။ သက္ခိဋ္ဌာနေ ဌပေတွာ၊ သက်သေအရာ၌ ထား၍။ အတ္တနော၊ မိမိ၏။ သဒ္ဓါဒိ-ဂုဏာရမ္မဏာယ၊ သဒ္ဓါ—အစရှိသောဂုဏ်တို့ကို အာရုံပြုသော။ သတိယာ၊ အောက်မေ့မှု, အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ မရဏံ အာရဗ္ဘ ဥပ္ပန္နာ၊ မိမိ၏သေခြင်းကို အာရုံပြု၍ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့မှု-သတိသည်။ မရဏာနုဿတိ၊ မရဏာနုဿတိ—မည်၏။ တော်၊ ဤ မရဏာနုဿတိ-ဟူသောအမည်သည်။ ဇီဝိတိန္ဒြိယုပစ္ဆေဒါရမ္မဏာယ၊ အသက်

ခေါ်သော ဇီဝိတိန္ဒြေ၏ပြတ်စဲခြင်းကို အာရုံပြုသော။ သတိယာ၊ အောက်မေ့မှု၊ အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ကေသာဒိဘေဒံ၊ ဆံပင်စသည် အပြားရှိသော။ ရူပကာယံ၊ သုံးဆယ့်နှစ်ပါး အပြားရှိသော ရုပ်ကိုယ်ကို။ အာရမ္မ-ဂတာ၊ အာရုံပြု၍ ဖြစ်သော။ သတိ၊ သတိသည်။ ဝါ၊ တနည်းကား။ ကာယေ၊ ရုပ်ကိုယ်၌ ဂတာ၊ ဖြစ်သည်တည်း။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ ကာယဂတာ၊ ကာယဂတာ-မည်၏။ သာ—ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ကာယဂတာ စ၊ မိမိ၏ရုပ်ကိုယ်ကို အာရုံပြု၍ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သတိ စ၊ အမှတ်ရမှု သတိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ-ဣမိနာ—အတ္ထေန၊ ဤအနက်သဘောကြောင့်။ ကာယဂတာသတီတိ၊ ကာယဂတာသတိ-ဟူ၍။ ဝတ္တဗ္ဗေ၊ ဆိုသင့် ဆိုထိုက်လျက်။ ရဿံ အကတွာ၊ (တာ—၌ အာကို အ—ရဿ မပြုတော့ပဲ။ ကာယဂတာသတီတိ၊ ကာယ—ဂတာသတိ—ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ပေ၏။ တော၊ ဤ ကာယ—ဂတာသတိ—ဟူသောအမည်သည်။ ကေသာဒိကာယကောဋ္ဌာသနိမိတ္တာရမ္မဏာယ၊ ဆံပင်—အစရှိသော ကိုယ်၏အစိတ် ကောဋ္ဌာသနိမိတ်ကို အာရုံပြုသော။ သတိယာ၊ အောက်မေ့မှု၊ အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ အာနာပါနေ၊ ဝင်လေ၊ ထွက်လေတို့ကို။ အာရမ္ဘ ဥပ္ပန္နာ၊ အာရုံပြု၍ဖြစ်သော။ သတိ၊ အောက်မေ့မှု—သတိသည်။ အာနာပါနဿတိ၊ အာနာပါနဿတိ-မည်၏။ တော၊ ဤ အာနာပါနဿတိ—ဟူသော အမည်သည်၊ အဿာသ ပဿာသနိမိတ္တာရမ္မဏာယ၊ ထွက်လေ၊ ဝင်လေနိမိတ်ကို အာရုံပြုသော။ သတိယာ၊ အောက်မေ့မှု၊ အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဥပသမံ အာရဗ္ဘ ဥပ္ပန္နာ၊ ငြိမ်းခြင်းကို။ ဝါ၊ သင်္ခါရအားလုံး ငြိမ်းရာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့မှု-သတိသည်။ ဥပသမာနုဿတိ၊ ဥပသမာနုဿတိ-မည်၏။ တော၊ ဤ ဥပသမာနုဿတိ ဟူသောအမည်သည်။ သဗ္ဗဒုက္ခူပသမာရမ္မဏာယ၊ အလုံးစုံသော ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကိုအာရုံပြုသော။ သတိယာ၊ အောက်မေ့မှု၊ အမှတ်ရမှု—သတိ၏။ အဓိဝစနံ၊ အမည်ပေတည်း။

၁၂၄။ ဣတိ—ဣမိနာ—ဝုတ္တနယေန၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ ဣမာသု ဒသသု အနုဿတီသု၊ ဤ ဆယ်ပါးသော အနုဿတိတို့တွင်။ တာဝ၊ ရှေးဦးစွာ၊ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိကို။ ဘာဝေတုကာမေန၊ ပွားခြင်းငှာ အလိုရှိသော။ အဝေစ္စပ္ပသာဒသမန္နာဂတေန၊ သက်ဝင်၍ယုံကြည်သည့် အဝေစ္စပ္ပသာဒနှင့် ပြည့်စုံသော။ ယောဂိနာ၊ ယောဂီသည်။ ပတိရူပသေနာ—

သနေ၊ အင်္ဂါငါးပါးနှင့်ပြည့်စုံသည့် သင့်လျော်သောကျောင်း၌။ ရဟော-ဂတေန၊ ဆိတ်ငြိမ်ရာသို့ ကပ်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ-အာရုံများမှ ဖဲခွာကာ ကမ္မဋ္ဌာန်းဟူသော တစ်ခုသောအာရုံ၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍။ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော (၁၉၂) ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ၊ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာ-သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ-ဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ-ဟူ၍။ ဧဝံ-ဣမာယ ပါဠိယာ၊ ဤပါဠိဖြင့်။ အာဂတနယေန၊ လာသောနည်းဖြင့်။ (ထည့်။) ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဂုဏာ၊ ဂုဏ်တော်တို့ကို။ အနုဿရိတဗ္ဗာ၊ အဖန်တလဲလဲ အောက်မေ့အပ်ကုန်၏။

တတြ၊ ထိုစကားရပ်၌။ အယံ၊ ဤ ယခုပြဆိုမည့် စကားသည်။ အနုဿရဏနယော၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ပုံ နည်းပေတည်း။-(ယော၊အကြင် မြတ်စွာဘုရားသည်။ သမတ္တိံသ ပါရမိယော၊ အမျှသုံးဆယ်သော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူပြီးလျှင်။ သဗ္ဗကိလေသေ၊ ကိလေသာ အားလုံးတို့ကို။ ဘဥ္ဇိတွာ၊ ပယ်ဖျက်တော်မူလျက်။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ သမ္မာသမ္ဗောဓိံ၊ မှန်စွာ ကိုယ်တော်သိသည့် သမ္မာသမ္ဗောဓိဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူ၏။ ဒေဝါနံ၊ နတ်တကာတို့ထက်။ အတိဒေဝေါ၊ လွန်ကဲထူးမြတ်သော နတ်ဖြစ်တော်မူ၏။ သက္ကာနံ၊ သိကြား တကာတို့ထက်။ အတိသက္ကော၊ လွန်ကဲထူးမြတ်သော သိကြားဖြစ်တော်မူ၏။ ဗြဟ္မာနံ၊ ဗြဟ္မာတကာတို့ထက်။ အတိဗြဟ္မာ၊ လွန်ကဲထူးမြတ်သော ဗြဟ္မာ ဖြစ်တော်မူ၏။ လောကနာထော၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူ သော။ ဘဂျဝန္တာဒီဟိ ကာရဏေဟိ၊ ဘဂျဂန္တတာ-အစရှိသော အကြောင်း တို့ကြောင့်။ သဒေဝကေ လောကေ၊ နတ်နှင့်တကွသော လောက၌။ ဘဂ-ဝါတိ ပတ္ထဋကိတ္တိသဒ္ဒေါ၊ ဘုန်းကြီးသော ဘုရား-ဟု ထင်ရှားကျော်စော တော်မူ၏။) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံ-မည်တော်မူပါပေ၏။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ-မည် တော်မူပါပေ၏။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာ-စရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န-မည်တော်မူပါပေ၏။ ဣတိပိ၊ ဤသို့သော

အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ–မည်တော်မူပါပေ၏။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ-မည်တော်မူပါပေ၏။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ အနုတ္တရော–ပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ–မည်တော်မူပါပေ၏။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ–မည်တော်မူပါပေ၏။ ဣတိပိ ဤသို့သော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ–မည်တော်မူပါပေ၏။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ၏။" ဣတိ၊ ဤသို့။ အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်၏။ ဣမိနာ စ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း။ ဣမိနာ စ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော ဟောတိ၊ ဆိုလိုသည်ဖြစ်၏။

၁၂၅။ တတ္ထ၊ ထိုဂုဏ်ပုဒ်တို့၌။ သဝါသနာနံ (?) ... 

အသမင်္ဂိတာ၊ အတူတကွဖြစ်ခြင်းအလေ့ရှိသည် မဟုတ်သည်၏အဖြစ်

သည်။ ဝါ၊ မလူးလည်း မကပ်ငြိသည်၏အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမြတ်စွာဘုရားသည်။ တတော၊ ထို ကိလေသာ အညစ်အကြေးမှ။ အာရကာ နာမ၊ ဝေးသည်မည်၏။ နာထော၊ ငါတို့၏ ကိုးကွယ်ရာ မြတ်စွာဘုရားသည်လည်း။ ဒေါသေဟိ၊ ကိလေသာအညစ်အကြေးဟူသော အပြစ်ဒေါသတို့နှင့်။ အသမင်္ဂီ၊ အတူတကွ ဖြစ်ခြင်းအလေ့မရှိ။ ဝါ၊ လူးလည်းလိမ်းကျံခြင်းအလေ့မရှိ။ တေန၊ ထို့ကြောင့်။ အရဟံ၊ အရဟံ—မည်တော်မူပေ၏ဟု။ မတော၊ သိအပ်ပေ၏။

၁၂၆။ စ၊ ထိုမှတပါး။ အနေန၊ ဤမြတ်စွာဘုရားသည်။ တေ ကိလေ-သာရယော၊ ထိုကိလေသာဟူသော ရန်သူတို့ကို။ မဂ္ဂေန၊ အရိယမဂ်ပညာ တည်းဟူသော ဓားလက်နက်ဖြင့်။ ဟတာ၊ သတ်တော်မူအပ်ကုန်ပြီ။ ဣတိ-တသ္မာ-အရီနံ ဟတတ္တာပိ၊ ဤသို့ ကိလေသာရန်သူတို့ကို သတ်တော်မူပြီး ဖြစ်သောကြောင့်လည်း။ အရဟံ၊ အရဟံ—မည်တော်မူပါပေ၏။

နာထော၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ယသ္မာ၊ အကြင်ကြောင့်။ ရာဂါဒိသင်္ခါတာ၊ ရာဂ-စသည်ဟုဆိုအပ်ကုန်သော။ သဗ္ဗေပိ အရယော၊ ရန်သူအားလုံးတို့ကိုလည်း။ ပညာသတ္ထေန၊ ယရိယမဂ်ပညာတည်းဟူသော ဓားလက်နက်ဖြင့်။ဟတာ၊ သတ်တော်မူအပ်လေကုန်ပြီ။ တသ္မာပိ၊ ထိုသို့ ကိလေသာ ရန်သူတို့ကို သတ်တော်မူပြီး ဖြစ်သောကြောင့်လည်း။ အရဟံ၊ အရဟံ-မည်တော်မူ၏ဟူ၍။ မတော၊ သိအပ်ပေ၏။

၁၂၇။ စ၊ ထိုမှတပါး။ အဝိဇ္ဇာဘဝတဏှာမယနာဘိံ၊ အဝိဇ္ဇာ—ဘဝတဏှာဖြင့်ပြီးသော ပုံတောင်းရှိသော။ ပုညာဒိအဘိသင်္ခါရာရံ၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ-ဟူသော ထောက်—အကန့်ရှိသော။ ဇရာမရဏနေမိံ၊ ဇရာမရဏ-ဟူသော အကွပ်ရှိသော။ အာသဝ-သမုဒယမယေန၊ အဝိဇ္ဇာ—စသည်တို့၏အကြောင်းဖြစ်သော အာသဝ-ဖြင့်ပြီးသော။အက္ခေန၊ ဝင်ရိုးဖြင့်။ ဝိဇ္ဈိတွာ၊ လျှိုထိုး၍။ တိဘဝရထေ၊ ကာမ, ရူပ, အရူပ-ဟူသော ဘဝသုံးပါးယာဉ်ရထား၌။ သမာယောဇိတံ၊ ကောင်းစွာတပ်ဆင်အပ်သော။ အနာဒိကာလပ္ပဝတ္တံ၊အစမထင်သော ကာလပတ်လုံး မပြတ်မစဲ လည်သော။ ယံ ဧတံ သံသာရစက္ကံ၊ အကြင် သံသရာစက်ဘီးသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထို သံသရာစက်ဘီး၏။ သဗ္ဗေ အရာ၊ ထောက်အကန့် အားလုံးတို့ကို။ အနေန၊ဤ မြတ်စွာဘုရားသည်။ ဗောဓိမဏ္ဍေ၊ ဗောဓိမဏ္ဍိုင်၌။ ဝီရိယ—

ပါဒေဟိ၊ ဝီရိယ–တည်းဟူသော ခြေတို့ဖြင့်။ သီလပထဝိယံ၊ သီလတည်းဟူသော မြေပြင်၌။ ပတိဋ္ဌာယ၊ ရပ်တည်တော်မူပြီးလျှင်။ ကမ္မက္ခယကရံ၊ ကံကိုကုန်စေတတ်သော။ ဉာဏဖရသုံ၊ မဂ်ဉာဏ်တည်းဟူသော ပုဆိန်ကို။ သဒ္ဓါ–ဟတ္ထေန၊ သဒ္ဓါတည်းဟူသော လက်ဖြင့်။ ဂဟေတွာ စွဲကိုင်လျက်။ ဟတာ၊ ခုတ်ဖြတ် ဖျက်ဆီးတော်မူအပ်ကုန်ပြီ။ အရာနံ၊ သံသရာစက်ဘီး၏ ထောက်အကန့်တို့ကို။ ဣတိ–တသ္မာ ဟတတ္တာပိ၊ ဤသို့ ခုတ်ဖြတ် ဖျက်ဆီးတော်မူပြီးဖြစ်သောကြောင့်လည်း။ အရဟံ၊ အရဟံ–မည်တော်မူပါပေ၏။

၁၂၀။ အထ ဝါ၊ တနည်းသော်ကား။ အနမတဂ္ဂံ၊ မသိနိုင်သော အစွန်းရှိသော။ သံသာရဝဋ္ဋံ၊ သံသရာစက် အဝန်းကို။ သံသာရစက္ကန္တိ၊ သံသရာစက်ဘီး–ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။ စ၊ ဆက်ဦးအံ့။ တဿ၊ ထိုသံသရာစက်ဘီး၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ မူလတ္တာ၊ မူလရင်းဖြစ်သောကြောင့်။ နာဘိ၊ ပုံတောင်းမည်၏။ တဿ၊ ထိုသံသရာစက်ဘီး၏။ (လိုက်ပေး။) ဇရာမရဏံ၊ ဇရာ မရဏ–သည်။ ပရိယောသာနတ္တာ၊ အဆုံးဖြစ်သောကြောင့်။ နေမိ၊ အကွပ်မည်၏။ ဝါ၊ တံကူမည်၏။ (ဟိတ်ပါဌ်ကို အတွင်းသွင်း၍ ပေးထားသည်။) တနည်း–ပုစ္ဆာဝါကျ ထုတ်၍ပေးပုံကား....ကသ္မာ၊ အဘယ်ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ တဿ၊ ထိုသံသရာစက်ဘီး၏။ နာဘိ၊ ပုံတောင်းမည်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ တဿ၊ ထိုသံသရာစက်ဘီး၏။ မူလတ္တာ၊ မူလရင်းဖြစ်သောကြောင့်။ နာဘိ၊ ပုံတောင်းမည်၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။ ကသ္မာ၊ အဘယ်ကြောင့်။ တဿ၊ ထိုသံသရာစက်ဘီး၏။ ဇရာမရဏံ၊ ဇရာ မရဏ–သည်။ နေမိ၊ အကွပ်မည်သနည်း။ ဝါ၊ တံကူမည်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဇရာ–မရဏံ၊ ဇရာ မရဏ သည်။ တဿ၊ ထိုသံသရာစက်ဘီး၏။ ပရိယောသာ–နတ္တာ၊ အဆုံးဖြစ်သောကြောင့်။ နေမိ၊ အကွပ်မည်၏။ ဝါ၊ တံကူမည်၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။ သေသာ၊ အဝိဇ္ဇာ, ဇရာမရဏ-မှ ကြွင်းကုန်သော။ ဒသ ဓမ္မာ၊ သင်္ခါရ–အစ ဇာတိ–အဆုံးရှိကုန်သော ဆယ်ပါးသော တရားတို့သည်။ အဝိဇ္ဇာမူလကတ္တာ စ၊ အဝိဇ္ဇာလျှင် အကြောင်းရင်းမူလ ရှိသောကြောင့် လည်းကောင်း။ ဇရာမရဏပရိယန္တတ္တာ စ၊ ဇရာ မရဏ–လျှင် အဆုံးရှိသောကြောင့် လည်းကောင်း။ အရာ၊ ထောက်အကန့်မည်ကုန်၏။ တတ္ထ၊ ထို အဝိဇ္ဇာသည် ပုံတောင်းမည်၏–အစရှိသောစကားရပ်၌။ ဒုက္ခာဒီသု၊ ဒုက္ခ–စသည်တို့၌။ ဝါ၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ–ဟူ

သော သစ္စာလေးပါးတို့၌။ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ—မည်၏။ စ၊ ထင်ရှားအောင်ပြဦးအံ့။ ကာမဘဝေ၊ ကာမဘဝ၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ကာမဘဝေ၊ ကာမဘဝ၌။ သင်္ခါရာနံ၊ သင်္ခါရတို့အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ ရူပဘဝေ၊ ရူပဘဝ၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ရူပဘဝေ၊ ရူပဘဝ၌။ သင်္ခါရာနံ၊ သင်္ခါရတို့အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ အရူပဘဝေ၊ အရူပဘဝ၌။ (၁၉၃) အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ အရူပဘဝေ၊ အရူပဘဝ၌။ သင်္ခါရာနံ၊ သင်္ခါရတို့အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ ကာမဘဝေ၊ ကာမဘဝ၌။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ကာမဘဝေ၊ ကာမဘဝ၌။ ပဋိသန္ဓိဝိညာဏဿ၊ ပဋိသန္ဓေဝိညာဉ်အား။ ပစ္စယာ ဟောန္တိ၊ ကျေးဇူးပြုတတ်ကုန်၏။ ဧတရေသု၊ ဤမှတပါးသော ရူပဘဝ, အရူပဘဝတို့၌။ သေ-သေသော နယော၊ ဤနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကာမဘဝေ၊ ကာမဘဝ၌။ ပဋိသန္ဓိဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်သည်။ ကာမဘဝေ၊ ကာမဘဝ၌။ နာမရူပဿ၊ နာမ်ရုပ်အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ရူပဘဝေ၊ ရူပဘဝ၌။ တထာ၊ ထို့အတူ (ပဋိသန္ဓေဝိညာဉ်သည် နာမ်ရုပ်အား ကျေးဇူးပြုသည်) တည်း။ အရူပဘဝေ၊ အရူပဘဝ၌။ နာမဿေဝ၊ နာမ်အားသာလျှင်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ကာမဘဝေ၊ ကာမဘဝ၌။ နာမရူပံ၊ နာမ်ရုပ်သည်။ ကာမဘဝေ၊ ကာမဘဝ၌။ သဠာယတနဿ၊ (မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်—ဟူသော) ခြောက်ပါးသော အာယတန-အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ ရူပဘဝေ၊ ရူပဘဝ၌။ နာမရူပံ၊ နာမ်ရုပ်သည်။ ရူပဘဝေ၊ ရူပဘဝ၌။ တိဏ္ဏံ အာယတနာနံ၊ (မျက်စိ, နား, စိတ်-ဟူသော) သုံးပါးသော အာယတနတို့အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ အရူပဘဝေ၊ အရူပဘဝ၌။ နာမံ၊ နာမ်သည်၊ အရူပဘဝေ၊ အရူပဘဝ၌။ ဧကဿ အာယတနဿ၊ တစ်ပါးသော မနာယတန-အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ ကာမဘဝေ၊ ကာမဘဝ၌။ သဠာယတနံ၊ ခြောက်ပါးသော အာယတန-သည်။ ကာမဘဝေ၊ ကာမဘဝ၌။ ဆဗ္ဗိဓဿ ဖဿဿ၊ ခြောက်ပါးအပြားရှိသော ဖဿအား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ ရူပဘဝေ၊ ရူပဘဝ၌။ တီဏိ အာယတနာနိ၊ (မျက်စိ, နား, စိတ်-ဟူသော) သုံးပါးသော အာယတနတို့သည်။ ရူပဘဝေ၊ ရူပဘဝ၌။ တိဏ္ဏံ ဖဿာနံ၊ (မျက်စိအတွေ့, နားအတွေ့, စိတ်အတွေ့-ဟူသော) သုံးပါးသော အတွေ့တို့အား။ ပစ္စယာ ဟောန္တိ၊ ကျေးဇူးပြုတတ်ကုန်၏။ အရူပဘဝေ၊ အရူပဘဝ၌။ ဧကံ အာယတနံ၊ (စိတ်ဟူသော) တစ်ပါးသော အာယတန—သည်။

အရူပဘဝေ၊ အရူပဘဝ၌။ ဧကော ဖဿော၊ (စိတ်အတွေ့ဟူသော) တစ်ပါးသော အတွေ့အား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ ကာမဘဝေ၊ ကာမဘဝ၌။ ဆ ဖဿာ၊ ခြောက်ပါးသော အတွေ့တို့သည်။ ကာမဘဝေ၊ ကာမဘဝ၌။ ဆန္နံ ဝေဒနာနံ၊ ခြောက်ပါးသော ခံစားခြင်းတို့အား။ ပစ္စယာ ဟောန္တိ၊ ကျေးဇူးပြုတတ်ကုန်၏။ ရူပဘဝေ၊ ရူပဘဝ၌။ တယော ဖဿာ၊ (မျက်စိအတွေ့, နားအတွေ့, စိတ်အတွေ့—ဟူသော) သုံးပါးသော အတွေ့တို့သည်။ တတ္ထ၀, ထို ရူပဘဝ၌ပင်လျှင်။ တိဿန္နံ၊ သုံးပါးကုန်သော ခံစားခြင်းတို့အား။ ပစ္စယာ ဟောန္တိ ကျေးဇူးပြုကုန်၏။ အရူပဘဝေ၊ အရူပဘဝ၌။ ဧကော၊ တစ်ပါးသောစိတ်အတွေ့သည်။ တတ္ထ၀၊ ထို အရူပဘဝ၌ပင်လျှင်။ ဧကိဿာ ဝေဒနာယ၊ တစ်ပါးသော ခံစားခြင်းအား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ ကာမဘဝေ၊ ကာမဘဝ၌။ ဆ ဝေဒနာ၊ ခြောက်ပါးသော ခံစားခြင်းတို့သည်။ ကာမဘဝေ။ ကာမဘဝ၌။ ဆန္နံ တဏှာကာယာနံ၊ ခြောက်ပါးသော တဏှာအပေါင်းတို့အား။ ပစ္စယာ ဟောန္တိ၊ ကျေးဇူးပြုတတ်ကုန်၏။ ရူပဘဝေ၊ ရူပဘဝ၌။ တိဿော၊ သုံးပါးသော ခံစားခြင်းတို့သည်။ တတ္ထ၀၊ ထို ရူပဘဝ၌ပင်လျှင်။ တိဏ္ဏံ၊ သုံးပါးသော တဏှာ အပေါင်း တို့အား။ ပစ္စယာ ဟောန္တိ၊ ကျေးဇူးပြုတတ်ကုန်၏။ အရူပဘဝေ၊ အရူပဘဝ၌။ ဧကာ ဝေဒနာ၊ တစ်ပါးသော ခံစားခြင်းသည်။ အရူပဘဝေ၊ အရူပဘဝ၌။ ဧကဿ တဏှာကာယဿ၊ တစ်ပါးသော တဏှာအပေါင်းအား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။ တတ္ထ တတ္ထ၊ ထိုထိုဘဝ၌။ သာ သာ တဏှာ၊ ထိုထို တဏှာသည်။ တဿ တဿ ဥပါဒါနဿ၊ ထိုထို ဥပါဒါန်အား။ (ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်၏။) ဥပါဒါနာဒယော၊ ဥပါဒါန်စသည်တို့သည်။ ဘဝါဒီနံ၊ ဘဝစသည်တို့အား။ (ပစ္စယာ ဟောန္တိ၊ ကျေးဇူးပြုတတ်ကုန်၏။)

ကထံ၊ အဘယ်သို့လျှင်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုတတ်သနည်း။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ ကာမေ၊ ကာမဂုဏ်တို့ကို။ ပရိဘုဉ္ဇိဿာမီတိ၊ သုံးဆောင်မည်–ဟု။ စိန္တေတွာ၊ ကြံ၍။ (ထည့်။) ကာမုပါဒါနပစ္စယာ၊ ကာမုပါဒါန်–ဟူသော အကြောင်းကြောင့်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရတိ၊ ပြုကျင့်၏။ ဝါစာယ၊ နှုတ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရတိ၊ ပြုကျင့်၏။ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရတိ၊ ပြုကျင့်၏။ ဒုစ္စရိတပါရိပူရိယာ၊ ဒုစရိုက်၏ ပြည့်စုံခြင်းကြောင့်။ အပါယေ၊ အပါယ်ဘုံ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ တတ္ထ၊ ထိုအပါယ်ဘုံ၌။ ဥပပတ္တိဟေတုဘူတံ၊ ဖြစ်ခြင်း၏ အကြောင်း

ဖြစ်၍ ဖြစ်သော။ ကမ္မံ၊ ဒုစရိုက် အကုသိုလ်ကံသည်။ ကမ္မဘဝေါ၊ ကမ္မဘဝ မည်၏။ ကမ္မနိဗ္ဗတ္တာ၊ ကံကြောင့်ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဥပပတ္တိဘဝေါ၊ ဥပပတ္တိဘဝ—မည်၏။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိဗ္ဗတ္တိ ဖြစ်ခြင်းသည်။ ဇာတိ၊ ဇာတိ-မည်၏။ ခန္ဓာနံ၊ ခန္ဓာတို့၏။ (လိုက်။) ပရိပါကော၊ ရင့်ခြင်းသည်။ ဇရာ၊ ဇရာ—မည်၏။ ခန္ဓာနံ၊ ခန္ဓာတို့၏။ (လိုက်။) ဘေဒေါ၊ ပျက်ခြင်းသည်။ မရဏံ၊ မရဏ—မည်၏။

အပရော၊ တပါးသောပုဂ္ဂိုလ်သည်။ သဂ္ဂသမ္ပတ္တိံ၊ နတ်ပြည်ချမ်းသာကို။ အနုဿရိဿာမိတိ၊ ခံစားမည်-ဟု။ စိန္တေတွာ၊ ကြံစည်၍။ (ထည့်။) တထေဝ၊ တို့အတူပင်။ ကာမုပါဒါနပစ္စယာ၊ ကာမုပါဒါန် ဟူသောအကြောင်းကြောင့်။ ကာယေန၊ ကိုယ်ဖြင့်။ သုစရိတံ၊ ကောင်းသောအကျင့်ကို။ စရတိ၊ ပြုကျင့်၏။ ဝါစာယ၊ နှုတ်ဖြင့်။ သုစရိတံ၊ ကောင်းသောအကျင့်ကို။ စရတိ၊ ပြုကျင့်၏။ မနသာ၊ စိတ်ဖြင့်။ သုစရိတံ၊ ကောင်းသောအကျင့်ကို။ စရတိ၊ ပြုကျင့်၏။ (ကာယေန, ဝါစာယ, မနသာ—တို့ ပြန်လိုက်၍ပေးသည်။) သုစရိတပါရိပူရိယာ၊ သုစရိုက်၏ ပြည့်စုံခြင်းကြောင့်။ သဂ္ဂေ ဥပပဇ္ဇတိ၊ နတ်ပြည်၌ ဖြစ်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ တတ္ထ၊ ထိုနတ်ပြည်၌။ ဥပပတ္တိဟေတုဘူတံ၊ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ ကမ္မံ၊ သုစရိုက် ကုသိုလ်ကံသည်။ ကမ္မဘဝေါ၊ ကမ္မဘဝ-မည်၏။ ဣတိ၊ ဤသို့။ သော ဧဝ နယော၊ ထို အောက်၌ဆိုခဲ့ပြီးသော နည်းကိုသာလျှင်၊ ဝေဒိတဗ္ဗော၊ သိအပ်၏။

အပရော ပန၊ တပါးသောပုဂ္ဂိုလ်သည်ကား။ ဗြဟ္မလောကသမ္ပတ္တိံ၊ ဗြဟ္မာ့ပြည်စည်းစိမ်ကို။ အနုဿရိဿာမိတိ၊ ခံစားမည်-ဟု။ စိန္တေတွာ၊ ကြံစည်၍။ (ထည့်။) ကာမုပါဒါနပစ္စယာ ဧဝ၊ ကာမုပါဒါန်ဟူသော အကြောင်းကြောင့်ပင်လျှင်။ မေတ္တံ၊ မေတ္တာကို။ ဘာဝေတိ၊ ပွားစေ၏။ ကရုဏံ၊ သနားခြင်း ကရုဏာကို။ ဘာဝေတိ၊ ပွားစေ၏။ မုဒိတံ၊ ဝမ်းမြောက်ခြင်း မုဒိတာကို။ ဘာဝေတိ၊ ပွားစေ၏။ ဥပေက္ခံ၊ လျစ်လျူရှုခြင်း ဥပေက္ခာကို။ ဘာဝေတိ၊ ပွားစေ၏။ ဘာဝနာပါရိပူရိယာ၊ ဘာဝနာ ပြည့်စုံခြင်းကြောင့်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ တတ္ထ၊ ထိုဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တိဟေတုဘူတံ၊ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ ကမ္မံ၊ ဘာဝနာကံသည်။ ကမ္မဘဝေါ၊ ကမ္မဘဝ—မည်၏။ ဣတိ၊ ဤသို့သော။ သော ဧဝ နယော၊ ထိုအောက်၌ပြဆိုခဲ့ပြီးသော နည်းကိုသာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁၉၄) အပရော၊တပါးသော ပုဂ္ဂိုလ်သည်။ အရူပၫဝေ၊ အရူပဘုံ၌။ သမ္ဘတ္တိ၊ စည်းစိမ်ကို။ အနုဘဝိဿာမီတိ၊ ခံစားမည်—ဟု။ စိန္တေတွာ၊ ကြံ စည်၍။ (ထည့်)။ တထေဝ၊ ထို့အတူပင်။ ကာမုပါဒါနပစ္စယာ ဝေ၊ ကာမု ပါဒါန်ဟူသော အကြောင်းကြောင့်ပင်လျှင်။ အာကာသာနဉ္စာယတနာဒိ— သမာပတ္တိယော၊ အာကာသာနဉ္စာယတန အစရှိသော အရူပသမာပတ်တို့ကို။ ဘာဝေတိ၊ ပွားစေ၏။ ဘာဝနာပါရိပူရိယာ၊ ဘာဝနာ ပြည့်စုံခြင်းကြောင့်။ တတ္ထ တတ္ထ၊ ထိုထို အရူပဘုံ၌။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ တတ္ထ၊ ထို အရူပဘုံ၌။ နိဗ္ဗတ္တိဟေတုဘူတံ၊ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ် သော။ ကမ္မံ၊ ကံသည်။ ကမ္မဘဝေါ၊ ကမ္မဘဝ မည်၏။ ကမ္မနိဗ္ဗတ္တာ ခန္ဓာ၊ ကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည်။ ဥပပတ္တိဘဝေါ၊ ဥပပတ္တိဘဝ—မည်၏။ ခန္ဓာနံ နိဗ္ဗတ္တိ၊ ခန္ဓာတို့၏ ဖြစ်ခြင်းသည်။ ဇာတိ၊ ဇာတိ မည်၏။ ပရိပါ— ကော၊ ရင့်ခြင်းသည်။ ဇရာ၊ ဇရာ မည်၏။ ဘေဒေါ၊ ပျက်ခြင်းသည်။ မရဏံ၊ မရဏ—မည်၏။ ဣတိ—ဣမိနာ—အာကာရေန၊ ဤသို့သော အခြင်းအရာ အားဖြင့်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ သေသုပါဒါနမူလိကာသု၊ ကြွင်းသော ဥပါဒါန်သုံးပါး အရင်းခံကုန်သော။ ယောဇနာသုပိ၊ ယှဉ် ခြင်းတို့၌လည်း။ ဧသ-ဧသော နယော၊ ဤဆိုခဲ့ပြီးသော နည်းကို။ ဝေဒိ— တဗ္ဗော၊ သိအပ်၏။

ဧဝံ၊ ဤဆိုခဲ့သည်အတိုင်း။ အယံ အဝိဇ္ဇာ၊ ဤ အဝိဇ္ဇာသည်။ ဟေတု၊ အကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဟေတုသမုပ္ပန္နာ၊ အကြောင်း ကြောင့် ဖြစ်သော အကျိုးတို့တည်း။ ဥဘောပေ၊ ဥဘော်၊ ဤ အဝိဇ္ဇာနှင့် သင်္ခါရ နှစ်ပါးတို့သည်လည်း။ ဟေတုသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ် သော အကျိုးတို့တည်း။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းကို သိမ်းဆည်းရာ၌။ ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ တရားတို့၏ တည် ကြောင်းကိုသိသော ဓမ္မဋ္ဌိတိဉာဏ်မည်၏။ အတီတမ္ပိ အဒ္ဓါနံ၊ အတိတ်အခွန့် ခေါ် ရှေးဘဝ-ကာလ၌လည်း။ အနာဂတမ္ပိ အဒ္ဓါနံ၊ အနာဂတ်အခွန့်ခေါ် နောက်ဘဝ—ကာလ၌လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ဟေတု၊ အကြောင်း တည်း။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဟေတုသမုပ္ပန္နာ၊ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားတို့တည်း။ ဥဘောပိ၊ ဤနှစ်ပါးတို့သည်လည်း။ ဟေတုသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့တည်း။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းကို သိမ်းဆည်းရာ၌။ ဓမ္မဋ္ဌိတိဉာဏံ၊ တရားတို့၏တည်ကြောင်းကိုသိသော ဓမ္မဋ္ဌိတိဉာဏ်—မည်၏။ ဣတိ၊ ဤသို့။

ဝေဒနေဝ နယေန၊ ဤနည်းဖြင့်ပင်။ သမ္ဗုဒ္ဓါနိ၊ သင်္ခါရတို့ကအကြောင်း ဝိညာဉ်ကအကျိုး—စသည်ဖြင့် အလုံးစုံသောပုဒ်တို့ကို။ ဝိတ္ထာရေတဗ္ဗာ၊ ချဲ့၍ သိအပ်ကုန်၏။

တတ္ထ၊ ထို သံသရာစက်ဘီး၌။ အဝိဇ္ဇာသင်္ခါရာ၊ အဝိဇ္ဇာနှင့် သင်္ခါရတို့ သည်။ ဧကော သင်္ခေပေါ၊ အလွှာတစ်ခုမည်၏။ ဝိညာဏနာမရူပသဠာ- ယတန ဖဿ ဝေဒနာ၊ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–တို့ သည်။ ဧကော သင်္ခေပေါ၊ အလွှာတစ်ခုမည်၏။ တဏှာဥပါဒါနဘဝါ၊ တဏှာ, ဥပါဒါန်, ဘဝ တို့သည်။ ဧကော သင်္ခေပေါ၊ အလွှာတစ်ခုမည် ၏။ ဇာတိဇရာမရဏံ၊ ဇာတိနှင့် ဇရာမရဏသည်။ ဧကော သင်္ခေပေါ၊ အလွှာတစ်ခုမည်၏။ (သင်္ခေပေါ-ပုဒ်ကို လိုက်၍ပေးသည်။) စ၊ ဆက်ဦး အံ့။ တတ္ထ၊ ဤ အလွှာလေးခုတို့တွင်။ ပုရိမသင်္ခေပေါ၊ ရှေးဖြစ်သော အစ အလွှာသည်။ အတီတော အဒ္ဓါ၊ အတိတ်အခွန့်ကာလဖြစ်၏။ ဒွေ မဇ္ဈိမာ၊ အလယ်နှစ်လွှာတို့သည်။ ပစ္စုပ္ပန္နော၊ ပစ္စုပ္ပန်အခွန့်ကာလဖြစ်၏။ ဇာတိဇရာ- မရဏံ၊ ဇာတိ, ဇရာ, မရဏ—ဟူသော အဆုံးသုံးလွှာသည်။ အနာဂတော၊ အနာဂတ်အခွန့်ကာလဖြစ်။ စ၊ ဆက်ဦးအံ့။ တတ္ထ၊ ဤအလွှာလေးခုတို့၌။ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန၊ အဝိဇ္ဇာနှင့် သင်္ခါရတို့ကို ယူသဖြင့်။ တဏှာဥပါဒါန- ဘဝါ၊ တဏှာ, ဥပါဒါန်, ဘဝ-တို့ကိုလည်း။ ဂဟိတာဝ၊ ယူအပ်ပြီးတို့ သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ အတီတေ၊ အတိတ်ကာလ အတိတ်ဘဝ၌။ ကမ္မဝဋ္ဋံ၊ ကမ္မဝဋ္ဋ မည်၏။ ဝိညာဏာဒယော၊ ဝိညာဉ်အစရှိ သော ငါးပါးသောတရားတို့သည်။ ဧတရဟိ၊ ယခုဘဝ ပစ္စုပ္ပန်ကာလ၌။ ဝိပါကဝဋ္ဋံ၊ ဝိပါကဝဋ္ဋ မည်၏။ တဏှုပါဒါနဘဝဂ္ဂဟဏေန၊ တဏှာ, ဥပါဒါန်, ဘဝ—တို့ကိုယူသဖြင့်။ အဝိဇ္ဇာသင်္ခါရာ၊ အဝိဇ္ဇာနှင့် သင်္ခါရတို့ကို လည်း။ ဂဟိတာဝ၊ ယူအပ်ပြီးတို့သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဣတိ—တသ္မာ၊ ထိုကြောင့်။ ဣမေ ပဉ္စ ဓမ္မာ၊ ဤ ငါးပါးသော တရားတို့သည်။ ဧတရဟိ၊ ယခု ပစ္စုပ္ပန်ကာလ၌။ ကမ္မဝဋ္ဋံ၊ ကမ္မဝဋ္ဋမည်၏။ ဇာတိဇရာမရဏာပဒေသေန၊ ဇာတိနှင့် ဇရာမရဏတို့ကို ညွှန်ပြခြင်းဖြင့်။ ဝိညာဏာဒီနံ၊ ဝိညာဉ် စသည်တို့ကို။ နိဒ္ဒိဋ္ဌတ္တာ၊ ညွှန်ပြအပ်သည်၏ အဖြစ် ကြောင့်။ ဣမေ ပဉ္စ ဓမ္မာ၊ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ- ဟူသော ဤငါးပါးသော တရားတို့သည်။ အာယတိံ၊ နောင်ကာလ နောင်ဘဝ၌။ ဝိပါကဝဋ္ဋံ၊ ဝိပါကဝဋ္ဋ မည်၏။ တေ၊ ထို အလွှာလေးခုတို့ သည်။ အာကာရတော၊ အခြင်းအရာအားဖြင့်။ ဝီသတိဝိဓာ ဟောန္တိ၊

နှစ်ဆယ် အပြားရှိကုန်၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤသံသရာစက်ဘီး၌။ သင်္ခါရဝိညာဏာနံ အန္တရာ၊ သင်္ခါရနှင့်ဝိညာဉ်တို့၏ အကြား၌။ ဧကော သန္ဓိ၊ အစပ်တစ်ခုဖြစ်၏။ ဝေဒနာတဏှာနံ အန္တရာ၊ ဝေဒနာနှင့် တဏှာတို့၏ အကြား၌။ ဧကော သန္ဓိ၊ အစပ်တစ်ခုဖြစ်၏။ ဘဝဇာတီနံ အန္တရာ၊ ဘဝနှင့် ဇာတိတို့၏ အကြား၌။ ဧကော သန္ဓိ၊ အစပ်တစ်ခုဖြစ်၏။ (သန္ဓိ ပုဒ်လိုက်။) ဣတိ၊ ဤတွင် ပဋိစ္စသမုပ္ပါဒ် အပြီးသတ်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣတိ–ဝုတ္တပ္ပကာရံ၊ ဤသို့ ဆိုပြီးသော အပြားရှိသော။ စတုသင်္ခေပံ၊ အလွှာ လေးခုရှိသော။ တိယဒ္ဓံ၊ အခွန့်သုံးပါးရှိသော။ ဝီသတာကာရံ၊ အခြင်းအရာ နှစ်ဆယ်ရှိသော။ တိသန္ဓိ၊ အစပ်သုံးပါးရှိသော။ ဧတံ ပဋိစ္စသမုပ္ပါဒံ၊ သံသရာစက်ဘီးဟုခေါ်သော ဤပဋိစ္စသမုပ္ပါဒ်ကို။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ သဗ္ဗာကာရတော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဇာနာတိ၊ သိတော်မူ၏။ ပဿတိ၊ မြင်တော်မူ၏။ အညာတိ၊ ထင်ရှားသိတော်မူ၏။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိတော်မူ၏။ တံ၊ ထိုသိခြင်းသည်။ ဉာတဋ္ဌေန၊ သိတတ် သည်–ဟူသော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် ထိုးထွင်း၍သိတတ်သည် ဟူသော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ပစ္စယပရိဂ္ဂဟေ။ အကြောင်းကို သိမ်းဆည်းရာ၌။ ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ တရားတို့၏ တည်ကြောင်း ကိုသိသော ဓမ္မဋ္ဌိတိဉာဏ်မည်၏–ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဣမိနာ ဓမ္မဋ္ဌိတိ–ဉာဏေန၊ ဤတရားတို့၏တည်ကြောင်းကိုသိသော ဓမ္မဋ္ဌိတိဉာဏ်ဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေ ဓမ္မေ၊ ထို အဝိဇ္ဇာ–အစရှိသော တရားတို့ကို။ ယထာဘူတံ ဉတွာ၊ ဟုတ်တိုင်းမှန်စွာ သိတော်မူပြီးလျှင်။ တေသု၊ ထိုအဝိဇ္ဇာအစရှိ သောတရားတို့၌။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့တော်မူသည်ဖြစ်၍။ ဝိရဇ္ဇန္တော၊ တပ်မက် ကင်းတော်မူသည်ဖြစ်၍။ ဝိမုစ္စန္တော၊ လွတ်မြောက်တော်မူလျက်။ ဝုတ္တပ္ပကာ–ရဿ၊ ဆိုခဲ့ပြီးသော အပြားရှိသော။ ဣမဿ သံသာရစက္ကဿ၊ ဤသံသရာ စက်ဘီး၏။ အရေ၊ သင်္ခါရ–အစရှိသော ထောက်အကန့်တို့ကို။ ဟနိ ဝိဟနိ ဝိဒ္ဓံသေတိ၊ ခုတ်ဖြတ်ဖျက်ဆီးတော်မူလေပြီ။ ဧဝမ္ပိ၊ ဤသို့သောနည်းဖြင့်လည်း။ အရာနံ ဟတတ္တာ၊ ထောက်အကန့်တို့ကို ခုတ်ဖြတ် ဖျက်ဆီးတော်မူတတ်သော ကြောင့်။ အရဟံ၊ အရဟံ–မည်တော်မူပေ၏။

လောကနာထေန၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သံသာရစက္ကဿ၊ သံသရာစက်ဘီး၏။ အရာ၊ ထောက် အကန့်တို့ကို။ ဉာဏာသိနာ၊ အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့်။

ယတော၊ အကြင်ကြောင့်။ ဟတာ၊ ခုတ်ဖြတ် ဖျက်ဆီးတော်မူအပ်လေပြီ။ တေန၊ ထို့ကြောင့်။ သော သော ဘဂဝါ၊ ထိုထိုမြတ်စွာဘုရားကို။ အရဟန္တိ၊ အရဟံ-ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်ပေ၏။

(၁၉၅) ၁၂၉။ စ၊ အဖို့တပါးကို ဆိုဦးအံ့။ အဂ္ဂဒက္ခိဏေယျတ္တာ၊ အမြတ်ဆုံးသော အလှူခံပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ (ကတ္တားထည့်။) စီဝရာဒိပစ္စယေ၊ သင်္ကန်းအစရှိသော ပစ္စည်းတို့ကိုလည်းကောင်း။ ပူဇာဝိသေသဉ္စ၊ ပူဇော်ခြင်းအထူးကို လည်းကောင်း။ ပဋိဂ္ဂဟိုတုံ၊ ခံယူတော်မူခြင်းငှာ။ (ထည့်။) အရဟတိ၊ ထိုက်တန်တော်မူပေ၏။ တေနေဝ၊ ထိုသို့ထိုက်တန်သောကြောင့် ပင်လျှင်။ တထာဂတေ ဥပ္ပန္နေ၊ မြတ်စွာဘုရား ပွင့်ထွန်းတော်မူသော အခါ၌။ ယေ-ကေစိ၊ အမှတ်မရှိကုန်သော။ မဟေသက္ခာ၊ တန်ခိုးကြီးမားကုန်သော။ ဒေဝမနုဿာ၊ နတ်လူဟူသမျှတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုနတ်လူဟူသမျှတို့သည်။ အညတ္ထ၊ ဘုရားမှတပါးသော အရာဌာန-ပုဂ္ဂိုလ်တို့၌။ ပူဇံ၊ ပူဇော်ခြင်းကို။ န ကရောန္တိ၊ မပြုကြကုန်။ တထာ-ဟိ ဝစနံ၊ ထိုစကားသည်။ ဟိ၊ မှန်၏။ ဗြဟ္မာ သဟမ္ပတိ၊ သဟမ္ပတိ-ဗြဟ္မာကြီးသည်။ သိနေရုမတ္တေန၊ မြင်းမိုရ်တောင်မျှ ပမာဏရှိသော။ ရတနဒါမေန၊ ရတနာပန်းကုံးကြီးဖြင့်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ပူဇေသိ၊ ပူဇော်ခဲ့လေပြီ။ အညေ၊ အခြားတပါးကုန်သော။ ဒေဝါ စ၊ သိကြားမင်း-စသော နတ်တို့သည် လည်းကောင်း။ ဗိမ္ဗိသာရကောသလရာဇာဒယော၊ ဗိမ္ဗိသာရမင်း, ကောသလမင်း-အစရှိကုန်သော။ မနုဿာ စ၊ လူတို့သည် လည်းကောင်း။ ယထာဗလံ၊ အားအစွမ်းရှိသလောက်။ ပူဇေသုံ၊ ပူဇော်ခဲ့ကြလေပြီ။ စ၊ ထိုမှတပါး။ ပရိနိဗ္ဗုတမ္ပိ ဘဂဝန္တံ၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာဘုရားကိုလည်း။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဆန္နဝုတိကောဋ္ဌိဓနံ ဝိဿဇ္ဇေတွာ၊ ကိုးဆယ့်ခြောက်ကုဋေသော ဥစ္စာကို စွန့်လှူပြီးလျှင်။ အသောက-မဟာရာဇာ၊ အသောကမင်းမြတ်သည်။ သကလဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌။ စတုရာသီတိ ဝိဟာရသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို။ ပတိဋ္ဌာပေသိ၊ တည်ဆောက်ခဲ့လေပြီ။ ယထာ ဝုတ္တတော၊ ယခင်ဆိုအပ်ပြီးသော အလွန်မြင့်မြတ်သော ပူဇော်အထူးမှ။ အညေသံ၊ အခြားကုန်သော။ အမဟေသက္ခာနံ၊ တန်ခိုးနည်းပါးကုန်သော။ ဒေဝမနုဿာနံ၊ နတ်,လူတို့သည်။ ကယိရမာနာနံ၊ ပြုအပ်ကုန်သော။ နာတိဥဠာရာနံ၊ မမြတ်လွန်းကုန်သော။ ပူဇာဝိသေသာနံ၊ ပူဇော်အထူးတို့ကို။ အရဟာ-

ဘာဝေ၊ ခံယူတော်မူထိုက်သည်၏ အဖြစ်၌။ ကော ပန ဝါဒေါ (ကာ နာမ ကထာ)၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပစ္စယာဒီနံ၊ ပစ္စည်း—စသည် တို့ကို။ ဣတိ—တသ္မာ အရဟတ္တာပိ၊ ထိုသို့ ထိုက်တန်တော် မူသောကြောင့် လည်း။ အရဟံ၊ အရဟံ—မည်တော်မူပါပေ၏။

အယံ လောကနာထော၊ သတ္တဝါအပေါင်းဟူသော လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော ဤမြတ်စွာဘုရားသည်။ ယသ္မာ၊ အကြင့် ကြောင့်။ ပစ္စယေဟိ သဟ၊ လေးပါးသောပစ္စည်းတို့နှင့် တကွ။ ပူဇာဝိသေသံ၊ ပူဇော်အထူးကို။ အရဟတိ၊ ထိုက်တန်တော်မူပါပေ ၏။ တသ္မာ၊ ထို့ကြောင့်။ လောကေ၊ လောက၌။ အတ္ထာနုရူပံ၊ အနက် နှင့်လျော်သော။ အရဟန္တိ တော် နာမံ၊ အရဟံ—ဟူသော ဤအမည် တော်ကို။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ အရဟတိ၊ ထိုက်တန်တော်မူပါပေ၏။

၁၃၀။ စ၊ ထိုမှတပါး။ လောကေ၊ လောက၌။ ယေကေစိ၊ အမှတ် မရှိကုန်သော။ ပဏ္ဍိတမာနိနော၊ ငါပညာရှိ—ဟု မှတ်ထင်ကုန်သော။ ဗာလာ၊ သူမိုက်တို့သည်။ ပဏ္ဍိတမာနိနော၊ ပညာရှိမဟုတ်ပါပဲ မိမိကိုယ်ကို ငါပညာရှိ ဟု တင်မှတ်ကြကုန်သော။ ဗာလာ၊ သူမိုက်တို့သည်။ အသိလောကဘယေန၊ အကျော်မဲ့မည်—ကျော်ပျက်မည်စိုးသောကြောင့်။ ရဟော၊ ဆိတ်ကွယ်ရာအရပ် ၌။ ပါပံ၊ မကောင်းမှုကို။ ကရောန္တိ ယထာ၊ ပြုလုပ်ကြကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဧသ—ဧသော ဘဂဝါ၊ ဤငါတို့မြတ်စွာဘုရားသည်။ ပါပကရဏေ၊ မကောင်းမှုပြုခြင်း၏ အကြောင်းဖြစ်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ ကို။ (ထည့်။) ကဒါစိ၊ တရံတခါမျှ။ န ကရောတိ၊ ပြုတော်မမူ။ ဣတိ၊ ဤသို့။ ပါပကရဏေ၊ မကောင်းမှုကိုပြုခြင်း၌။ ရဟာဘာဝတောပိ၊ ဆိတ်ကွယ် ရာမရှိခြင်းကြောင့်လည်း။ အရဟံ၊ အရဟံ—မည်တော်မူပါပေ၏။

ယသ္မာ၊ အကြင့်ကြောင့်။ တာဒိနော၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူ သော မြတ်စွာဘုရားအား။ ပါပကမ္မေသု၊ မကောင်းမှုတို့၌။ ရဟော နာမ၊ ဆိတ်ကွယ်ရာမည်သည်။ နတ္ထိ၊ မရှိပေ။ တေန ရဟာဘာဝေန၊ ဆိတ်ကွယ်ရာမရှိခြင်းဟူသော ထိုအကြောင်းကြောင့်။ ဧသ—ဧသော ဘဂဝါ၊ ငါတို့မြတ်စွာဘုရားသည်။ အရဟံ ဣတိ၊ အရဟံ—ဟူ၍။ ဝိဿုတော၊ ကျော်စောတော်မူပါပေ၏။

ဝေံ၊ ဤဆိုခဲ့သည့်အတိုင်း။ သဗ္ဗထာပိ၊ ခပ်သိမ်းသောအပြားအားဖြင့်လည်း။—

သဗ္ဗကိလေသေဟိ၊ အလုံးစုံသော ကိလေသာတို့မှ။ (ထည့်။) အာရကတ္တာ စ၊ ဝေးကွာတော်မူသောကြောင့်လည်းကောင်း။ ကိလေသာရီနံ၊ ကိလေသာရန်သူတို့ကို။ ဟတတ္တာ စ၊ ပယ်သတ်တော်မူပြီး ဖြစ်သောကြောင့်လည်းကောင်း။သော မုနိ၊ထိုမြတ်စွာဘုရားကို။အရဟံ၊ အရဟံ–ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ထည့်။) ယော မုနိ၊ အကြင် မြတ်စွာဘုရားသည်။ (ထည့်။) ဟတသံသာရစက္ကာရော၊ သံသရာ စက်ဘီး၏ ထောက် အကန့်တို့ကို ဖျက်ဆီးတော်မူပြီး ဖြစ်တော်မူ၏။ ပစ္စယာဒီနံ၊ ပစ္စည်းစသည်တို့ကို။ အရဟော စ၊ ထိုက်တန်တော်မူပါ ပေ၏။ ရဟော၊ ဆိတ်ကွယ်ရာ၌။ ပါပါနိ၊ မကောင်းမှုတို့ကို။ န ကရောတိ၊ ပြုတော်မမူ။ ကေန၊ ထို့ကြောင့်။ သော မုနိ၊ ထိုမြတ်စွာ ဘုရားကို။ အရဟံ၊ အရဟံ–ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ (၁)

၁၃၁။ ပန၊ အဖွင့်တပါးကား။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော တရားတို့ကို။ သမ္မာ စ၊ မှန်စွာလည်း။ သာမဥ္စ၊ ကိုယ်တိုင်လည်း။ ဗုဒ္ဓတ္တာ၊ သိတော်မူတတ် သောကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ–မည်တော်မူ၏။ တထာ–တံ ဝစနံ၊ ထိုရှေ့စကားကို။ ဟိ၊ ချဲ့၍ပြအံ့။ သေ–ဧသော ဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ သဗ္ဗဓမ္မေ၊ အလုံးစုံသော တရားတို့ကို။ သမ္မာ စ၊ မှန်စွာလည်း။ သာမဥ္စ၊ ကိုယ်တိုင်လည်း။ ဗုဒ္ဓေါ၊ သိတော်မူလေပြီ။ အဘိညေယျေ ဓမ္မေ၊ ထူးသောဉာဏ်ဖြင့် သိထိုက်သော သစ္စာလေးပါးတရားဟူသော အဘိညေယျ တရားတို့ကို။ အဘိညေယျတော၊ အဘိညေယျ–အဖြစ်အားဖြင့်။ ဗုဒ္ဓေါ၊ သိတော်မူလေပြီ။ပရိညေယျေ ဓမ္မေ၊ပိုင်းခြား၍သိထိုက်သောဒုက္ခသစ္စာဟူသော ပရိညေယျ–တရားတို့ကို။ ပရိညေယျတော၊ ပရိညေယျ–အဖြစ်အားဖြင့်။ ဗုဒ္ဓေါ၊ သိတော်မူလေပြီ။ ပဟာတဗ္ဗေ ဓမ္မေ၊ပယ်ထိုက်သော သမုဒယသစ္စာ ဟူသော ပဟာတဗ္ဗ–တရားတို့ကို။ ပဟာတဗ္ဗတော၊ ပဟာတဗ္ဗ–အားဖြင့်။ ဗုဒ္ဓေါ၊ သိတော်မူလေပြီ။ သစ္ဆိကာတဗ္ဗေ ဓမ္မေ၊ မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာဟူသော သစ္ဆိကာတဗ္ဗ–တရားတို့ကို။ သစ္ဆိကာတဗ္ဗတော၊ သစ္ဆိ- ကာတဗ္ဗ–အဖြစ်အားဖြင့်။ ဗုဒ္ဓေါ၊ သိတော်မူလေပြီ။ ဘာဝေတဗ္ဗေ ဓမ္မေ၊ ပွားစေထိုက်သော မဂ္ဂသစ္စာဟူသော ဘာဝေတဗ္ဗ–တရားတို့ကို။ ဘာဝေတဗ္ဗ- တော၊ ဘာဝေတဗ္ဗ–အဖြစ်အားဖြင့်။ ဗုဒ္ဓေါ၊ သိတော်မူလေပြီ။ စ၊ မှန်၏။ တေနေဝ၊ ထိုကြောင့်ပင်လျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ အောက်ပါဂါထာကို ဟောတော်မူခဲ့လေပြီ။

ဗြာဟ္မဏ၊ သေလပုဏ္ဏား။ မေ၊ ငါသည်။ အဘိညေယျံ၊ ထူး သောဉာဏ်ဖြင့် သိထိုက်သည်ကို။ အဘိညာတံ၊ ထူးသောဉာဏ်ဖြင့် သိခဲ့ပြီ။ ဘာဝေတဗ္ဗဥ္စ၊ ပွားစေထိုက်သည်ကိုလည်း။ ဘာဝိတံ၊ ပွား စေခဲ့ပြီ။ ပဟာတဗ္ဗံ၊ ပယ်ထိုက်သည်ကိုလည်း။ ပဟီနံ၊ ပယ်ခဲ့ပြီ။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ အသ္မိ၊ ဖြစ်ပြီ။

(၁၉၆) ၁၃၂။ အပိစ၊ တနည်းသော်ကား။ စက္ခုံ၊ စက္ခုပသာဒ ခေါ် မျက်စိသည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာတည်း။ တဿ၊ ထိုမျက်စိ၏။ ဝါ၊ ထိုမျက်စိကို။ မူလကာရဏဘာဝေန၊ အကြောင်းရင်းအဖြစ်ဖြင့်။ သမုဋ္ဌာပိကာ၊ ဖြစ်စေအပ်သော။ ပုရိမတဏှာ၊ ရှေးဘဝက တဏှာသည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာတည်း။ ဥဘိန္နံ၊ ထိုသစ္စာနှစ်ပါးတို့၏။ အပ္ပဝတ္တိ၊ မဖြစ်ခြင်း သည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ နိရောဓပဇာနနာ၊ နိရောဓ–ကို အပြားအားဖြင့်သိသော။ ပဋိပဒါ၊ မဂ္ဂင်ရှစ်ပါးအကျင့်သည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာတည်း။ ဣတိ ဧဝံ၊ ဤသို့။ ဧကေကပဒုဒ္ဓါရေနာပိ၊ စက္ခု-စသော တစ်ပုဒ်တစ်ပုဒ်ကို ထုတ်သောအားဖြင့်လည်း။ သဗ္ဗဓမ္မေ၊ အလုံးစုံသော တရားတို့ကို။ သမ္မာ စ၊ မှန်စွာလည်း။ သာမဥ္စ၊ ကိုယ်တိုင်လည်း။ ဗုဒ္ဓေါ၊ သိတော်မူလေပြီ။ သောတဃာနဇိဝှာကာယမနေသု၊ နား, နှာ, လျှာ, ကိုယ်, စိတ်တို့၌။ ဧသ ဧဝ နယော၊ ဤဆိုခဲ့ပြီးသောနည်းကို။ ဝေဒိ– တဗ္ဗော၊ သိထိုက်၏။ ဧတေနေဝ နယေန၊ ဤနည်းဖြင့်ပင်လျှင်။ ရူပါဒီနိ၊ ရူပါယတန–အစရှိကုန်သော။ ဆ အာယတနာနိ၊ ခြောက်ပါးသော အာယ– တန တို့ကို လည်းကောင်း။ စက္ခုဝိညာဏာဒယော၊ စက္ခုဝိညာဉ်အစရှိကုန် သော။ ဆ ဝိညာဏကာယာ၊ ခြောက်ပါးသော ဝိညာဉ်အပေါင်းတို့ကိုလည်း ကောင်း။ စက္ခုသမ္ဖဿာဒယော၊ စက္ခုသမ္ဖဿ-အစရှိကုန်သော။ ဆ ဖဿာ၊ ခြောက်ပါးသော ဖဿတို့ကိုလည်းကောင်း။ စက္ခုသမ္ဖဿဇာဒယော၊ စက္ခု သမ္ဖဿကြောင့်ဖြစ်သည့် ဝေဒနာ–အစရှိကုန်သော။ ဆ ဝေဒနာ၊ ခြောက် ပါးသော ဝေဒနာတို့ကိုလည်းကောင်း။ ရူပသညာဒယော၊ ရူပသညာ-အစရှိ ကုန်သော။ ဆ သညာ၊ ခြောက်ပါးသော သညာတို့ကိုလည်းကောင်း။ ရူပသဉ္စေတနာဒယော၊ ရူပသဉ္စေတနာ–အစရှိကုန်သော။ ဆ စေတနာ၊ ခြောက်ပါးသော စေတနာတို့ကိုလည်းကောင်း။ ရူပတဏှာဒယော၊ ရူပတဏှာ အစရှိကုန်သော။ ဆ တဏှာကာယာ၊ ခြောက်ပါးသော တဏှာအပေါင်း တို့ကိုလည်းကောင်း။ ရူပဝိတက္ကာဒယော၊ ရူပဝိတက်–အစရှိကုန်သော။ ဆ ဝိတက္ကာ၊ ခြောက်ပါးသော ဝိတက်တို့ကိုလည်းကောင်း။ ရူပဝိစာရာဒယော၊

ရူပဝိစာရ—အစရှိကုန်သော။ ဆ ဝိစာရာ၊ ခြောက်ပါးသော ဝိစာရတို့ကို လည်းကောင်း။ ရူပက္ခန္ဓာဒယော ၊ ရူပက္ခန္ဓာ—အစရှိကုန်သော။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့ကိုလည်းကောင်း။ ဒသ ကသိဏာနိ၊ ဆယ်ပါးသော ကသိုဏ်းတို့ကိုလည်းကောင်း။ဒသ အနုဿတိယော၊ ဆယ်ပါးသော အနုဿတိ တို့ကို လည်းကောင်း။ ဥဒ္ဓုမာတက သညာဒိဝသေန၊ ဥဒ္ဓုမာတကသညာ စသည်တို့၏ အစွမ်းအားဖြင့်။ ဒသ သညာ၊ ဆယ်ပါးသော သညာတို့ကို လည်းကောင်း။ ကေသာဒယော ဒွတ္တိံသာကာရာ၊ ဆံပင်အစရှိကုန်သော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့ကို လည်းကောင်း။ ဒွါဒသာယတနာ— နိ၊ တစ်ဆယ့်နှစ်ပါးသော အာယတနတို့ကို လည်းကောင်း။ အဋ္ဌာရသ ဓာ- တုယော၊ တစ်ဆယ့်ရှစ်ပါးသော ဓာတ်တို့ကို လည်းကောင်း။ ကာမဘဝါ- ဒယော၊ ကာမဘဝ—အစရှိကုန်သော။ နဝ ဘဝါ၊ ကိုးပါးသော ဘဝတို့ကို လည်းကောင်း။ ပဌမာဒီနိ၊ ပဌမဈာန် အစရှိကုန်သော။ စတ္တာရိ ဈာနာနိ၊ လေးပါးသော ဈာန်တို့ကို လည်းကောင်း။ မေတ္တာဘာဝနာဒယော၊ မေတ္တာ ဘာဝနာ အစရှိကုန်သော။ စတဿော အပ္ပမညာ၊ လေးပါးသော အပ္ပ မညာတို့ကို လည်းကောင်း။ စတဿော အရူပသမာပတ္တိယော၊ လေးပါး သော အရူပသမာပတ်တို့ကို လည်းကောင်း။ ပဋိလောမတော၊ အဆုံးမှပြန် လာသော ပဋိလောမအားဖြင့်။ ဇရာ မရဏာဒီနိ၊ ဇရာမရဏ-အစရှိကုန် သော။ ပဋိစ္စသမုပ္ပါဒင်္ဂါနိ၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကို လည်းကောင်း။ အနုလောမတော၊ အစမှ အစဉ်အတိုင်းသွားသော အနုလုံအားဖြင့်။ အဝိဇ္ဇာ— ဒီနိ၊ အဝိဇ္ဇာ—အစရှိကုန်သော။ ပဋိစ္စသမုပ္ပါဒင်္ဂါနိ စ၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တို့ကို လည်းကောင်း။ ယောဇေတဗ္ဗာနိ၊ ယှဉ်စေအပ်ကုန်၏။

တတြ၊ ထိုစကားရပ်၌။ အယံ၊ ဤပြဆိုမည့်စကားသည်။ ယောဇနာ၊ တစ်ပုဒ်ကိုယှဉ်စေပုံပေတည်း။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာပေတည်း။ ဇာတိ၊ ဇာတိသည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာ ပေတည်း။ ဥဘိန္နမ္ပိ၊ နှစ်ပါးသုံးတို့၏လည်း။ နိဿရဏံ၊ ထွက်သွားခြင်း,ကုန် ခြင်းသည်။ နိရောဓံ၊ နိရောဓသစ္စာပေတည်း။ နိရောဓပဇာနနာ၊ နိရောဓကို အပြားအားဖြင့်သိသော။ ပဋိပဒါ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်။ မဂ္ဂ— သစ္စံ၊ မဂ္ဂသစ္စာပေတည်း။ ဣတိ၊ ဤသည်ကား။ ယောဇနာ၊ တစ် ပုဒ်ကိုယှဉ်စေပုံပေတည်း။ ဧဝံ၊ ဤသို့။ ဧကေကပဒုဒ္ဓါရေန၊ တစ်ပုဒ်တစ်ပုဒ် ကို ထုတ်သောအားဖြင့်။ သဗ္ဗဓမ္မေ၊ အလုံးစုံသော တရားတို့ကို။ သမ္မာ၊ မှန်စွာလည်း။ ဗုဒ္ဓေါ၊ သိတော်မူပေ၏။ သာမဉ္စ၊ ကိုယ်တိုင်လည်း။ ဗုဒ္ဓေါ၊

သိတော်မူပေ၏။ အနုဗုဒ္ဓေါ၊ သိသင့်သည့်တရားအားလျော်စွာ သိတော်မူ၏။ ပဋိဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူပေ၏။ တေန၊ ထို့ကြောင့်။ "သမ္မာ သာမဉ္စ သစ္စာနိ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ"တိ၊ သမ္မာ သာမဉ္စ သစ္စ-ဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ-ဟူ၍။ ဝုတ္တံ၊ ဆိုခဲ့ပေပြီ။ (၂)

၁၃၃။ ပန၊ အဖွိုတပါးကား။ ဝိဇ္ဇာဟိ စ၊ ဝိဇ္ဇာသုံးပါး—ဝိဇ္ဇာရှစ်ပါးတို့နှင့် လည်းကောင်း။ စရဏေန စ၊ စရဏတရား တစ်ဆယ့်ငါးပါးနှင့် လည်းကောင်း။ သမ္ပန္နတ္တာ၊ ပြည့်စုံတော်မူသောကြောင့်။ ဝိဇ္ဇာစရဏသမ္ပ-န္နော၊ ဝိဇ္ဇာစရဏသမ္ပန္န—မည်တော်မူပေ၏။ တတ္ထ၊ ထိုဝိဇ္ဇာနှင့် စရဏတို့တွင်။ ဝိဇ္ဇာတိ၊ ဝိဇ္ဇာ—ဟူသည်မှာ။ တိဿောပိ ဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးတို့ကို လည်းကောင်း။ အဋ္ဌပိ ဝိဇ္ဇာ၊ ဝိဇ္ဇာရှစ်ပါးတို့ကို လည်းကောင်း။ ဝေဒိ-တဗ္ဗာ၊ သိအပ်ကုန်၏။ တနည်း—တိဿောပိ ဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးတို့သည် လည်းကောင်း။ အဋ္ဌပိ ဝိဇ္ဇာ၊ ဝိဇ္ဇာရှစ်ပါးတို့သည် လည်းကောင်း။ ဝိဇ္ဇာတိ-ဝိဇ္ဇာ နာမ၊ ဝိဇ္ဇာ—မည်ကုန်၏။ တိဿော ဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးတို့ကို။ ဘယ-ဘေရဝသုတ္တေ၊ ဘယဘေရဝ-သုတ်၌။ ဝုတ္တနယေနေဝ၊ ဟောတော်မူအပ်သော နည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ အဋ္ဌ၊ ရှစ်ပါးသော ဝိဇ္ဇာတို့ကို။ အမ္ဗဋ္ဌသုတ္တေ၊ အမ္ဗဋ္ဌ-သုတ်၌။ ဝုတ္တနယေနေဝ၊ ဟောတော်မူအပ်သော နည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (ထည့်စပ်။) ဟိ၊ မှန်၏။ တတြ၊ ထို အမ္ဗဋ္ဌ—သုတ်၌။ ဝိပဿနာဉာဏေန စ၊ ဝိပဿနာဉာဏ်နှင့် လည်းကောင်း။ မနောမယိဒ္ဓိယာ စ၊ မနောမယိဒ္ဓိဉာဏ်နှင့်လည်းကောင်း။ သဟ၊ အတူတကွ။ ဆ အဘိညာ ပရိဂ္ဂဟေတွာ၊ အဘိညာဉ်ခြောက်ပါးတို့ကို သိမ်းယူ၍။ အဋ္ဌဝိဇ္ဇာ၊ ရှစ်ပါးသော ဝိဇ္ဇာဉာဏ်တို့ကို။ ဝုတ္တာ၊ ဟောတော်မူ အပ်ကုန်၏။ စရဏန္တိ၊ စရဏ-ဟူသည်မှာ။ သီလသံဝရော၊ ပါတိမောက္ခသံဝရ သီလ လည်းကောင်း။ ဣန္ဒြိယေသု၊ မျက်စိစသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရတာ၊ လုံခြုံသောတံခါးရှိခြင်း လည်းကောင်း။ ဘောဇနေ မတ္တညုတာ၊ စားသုံး ဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းလည်းကောင်း။ ဇာဂရိယာ-နုယောဂေါ၊ ဘာဝနာအလုပ်ဖြင့် နိုးကြားခြင်းကို မပြတ်အားထုတ်ခြင်း လည်းကောင်း။ သတ္တ သဒ္ဓမ္မာ၊ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, သတိ, ပညာ ဟူသော သူတော်ကောင်းတရား ခုနစ်ပါးလည်းကောင်း။ စတ္တာရိ ရူပါဝစရဈာနာနိ၊ ရူပါဝစရဈာန် လေးပါးလည်းတောင်း။ ဣတိ (ဣမိနာ-ပဘေဒေန)၊ ဤသို့သော အပြားအားဖြင့်။ ဣမေ ပန္နရသ ဓမ္မာ၊ ဤ တစ်ဆယ့်ငါးပါးသော တရားတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဟိ၊

မှန်၏။ ဣမေဟေဝ ပန္နရသ ဓမ္မာ၊ ဤ တစ်ဆယ့်ငါးပါးသော တရားတို့ကိုသာလျှင်။ (စရဏန္တိ ဝုတ္တတ္တာ—မှာစပ်။) အရိယသာဝကော၊ မြတ်စွာဘုရား၏ တပည့်သားတော်သည်။ ဧတေဟိ ဓမ္မေဟိ၊ ဤတရားတို့ဖြင့်။ အမတံ ဒိသံ၊ သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန်အရပ်သို့။ ယသ္မာ၊ အကြင်ကြောင့်။ စရတိ ဂစ္ဆတိ၊ သွားရောက်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ စရဏန္တိ၊ စရဏ ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ယထာ၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ အာဟ၊ ဟောတော်မူပါသနည်း။ "မဟာနာမ၊ မဟာနာမ်မင်း။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ ဘုရားတပည့်သားသည်။ သီလဝါ ဟောတိ၊ သီလနှင့်ပြည့်စုံပေ၏။" ဣတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံကို။ မဇ္ဈိမပဏ္ဏာသကေ၊ မဇ္ဈိမပဏ္ဏာသ သေခ-သုတ်၌။ ဝုတ္တနယေနေဝ၊ ဟောထားသောနည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဣမာဟိ ဝိဇ္ဇာဟိ စ၊ ဤ သုံးပါး-ရှစ်ပါးသော ဝိဇ္ဇာဉာဏ်တို့နှင့်လည်းကောင်း။ ဣမိနာ စရဏေန စ၊ ဤ တစ်ဆယ့်ငါးပါးသော စရဏတရားနှင့်လည်းကောင်း။ သမန္နာဂတော၊ ပြည့်စုံတော်မူပါပေ၏။ တေန၊ ထို့ကြောင့်။ ဝိဇ္ဇာစရဏ-သမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။ ဣဒါနိ၊ ဤတွင် စကား တစ်ရပ် အပြီးသတ်၏။

(၁၉၇) တတ္ထ၊ ဝိဇ္ဇာစရဏသမ္ပန္နပုဒ်၌။ ဝိဇ္ဇာသမ္ပဒါ၊ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံခြင်းသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သဗ္ဗညုတံ ပူရေတွာ၊ အလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်တော်ကို ပြည့်စေလျက်။ ဌိတာ၊ တည်၏။ စရဏသမ္ပဒါ၊ စရဏနှင့်ပြည့်စုံခြင်းသည်။ မဟာကာရုဏိကတံ၊ သနားခြင်းကြီးစွာ မဟာကရုဏာရှိသည်၏ အဖြစ်ကို။ ပူရေတွာ ဌိတာ၊ ပြည့်စေလျက်တည်၏။ (လိုက်ပေးသည်။) သော၊ ထိုမြတ်စွာဘုရားသည်။ သဗ္ဗညုတာယ၊ အလုံးစုံကိုသိတော်မူသောကြောင့်။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့၏။ အတ္ထာနတ္ထံ ဉတွာ၊ အကျိုးစီးပွားနှင့် အကျိုးမဲ့ကို သိတော်မူပြီးလျှင်။ မဟာကာရုဏိကတာယ၊ သနားခြင်းကြီးစွာ မဟာကရုဏာရှင် ဖြစ်တော်မူသောကြောင့်။ ဝါ၊ မဟာကရုဏာတော်ဖြင့်။ အနတ္ထံ ပရိဝဇ္ဇေတွာ၊ အကျိုးမဲ့ကို ရှောင်ကြဉ်စေ၍။ အတ္ထေ နိယောဇေတိ၊ အကျိုးစီးပွား၌ ယှဉ်စေတော်မူ၏။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော။ အညော၊ ငါတို့ဘုရားရှင်မှတပါးသော ရှေးဘုရားသည်လည်း။ နိယောဇေတိ ယထာ၊ ယှဉ်စေသကဲ့သို့ပင်။ အယမ္ပိ ဗုဒ္ဓေါ၊ ဤဘုရားရှင်သည်လည်း။ (ထည့်။)

နိယောဇေတိ၊ ယှဉ်စေတော်မူ၏။ တေန၊ ထိုသို့ အကျိုးစီးပွားနှင့် ယှဉ်စေသောကြောင့်။ အဿ၊ ဤမြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သာဝကတို့သည်။ သုပ္ပဋိပန္နာ ဟောန္တိ၊ ကောင်းမြတ်သောအကျင့် ရှိကြပေကုန်၏။ ဝိဇ္ဇာစရဏ-ဝိပန္နာနံ၊ ဝိဇ္ဇာစရဏမှ ချို့ကုန်သော တိတ္ထိဆရာကြီးတို့၏။ ဝါ၊ ဝိဇ္ဇာစရဏနှင့် မပြည့်စုံကုန်သော တိတ္ထိဆရာကြီးတို့၏။ အတ္တန္တပါဒယော အတ္တန္တပ-အစရှိကုန်သော။ သာဝကာ၊ တပည့်သာဝကတို့သည်။ ဒုပ္ပဋိပန္နာ၊ မကောင်းသော အကျင့်ရှိကြကုန်သည်။ ဟောန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့။ ဒုပ္ပဋိပန္နာ၊ မကောင်းသော အကျင့်ရှိကြကုန်သည်။ နေဝ ဟောန္တိ မဖြစ်ကြ မဟုတ်ကြကုန်။

၁၃၄။ သောဘနဂမနတ္တာ စ၊ တင့်တယ်သော သွားခြင်းရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ သုန္ဒရံ ဌာနံ ဂတတ္တာ စ၊ ကောင်းသောအရပ်သို့ သွားတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သမ္မာ ဂဒတ္တာ စ၊ ကောင်းစွာ မြွက်ဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သုဂ-တော၊ သုဂတ-မည်တော်မူပေ၏။ ဟိ၊ ချဲ့ဦးအံ့။ ဂမနမ္ပိ၊ သွားခြင်းကိုလည်း။ ဂတန္တိ၊ ဂတ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ တဉ္စ ဂမနံ၊ ထိုသွားခြင်းသည်လည်း။ သောဘနံ၊ တင့်တယ်ပေ၏။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင် စင်ကြယ်သန့်ရှင်းပေ၏။ အနဝဇ္ဇံ၊ အပြစ်ကင်းပေ၏။ တံ ဂမနံ၊ ထိုသွားခြင်းသည်။ ကိံ ပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ စေ ပုစ္ဆေယျ၊ အကယ်၍မေးငြားအံ့။ အရိယမဂ္ဂေါ၊ မဂ္ဂင်ရှစ်ဖြာ အရိယမဂ်ပေတည်း။ ဟိ၊ မှန်၏။ သော-ဒသော ဘ ဝါ၊ ထိုမြတ်စွာဘုရားသည်။ တေန ဂမနေန၊ ထိုတင့်တယ်သော အရိယ--မဂ်တည်းဟူသော သွားခြင်းဖြင့်။ ခေမံ ဒိသံ၊ ဘေးမဲ့ရာမှန် နိဗ္ဗာန်အရပ်သို့။ အသဇ္ဇမာနော၊ မငြိတွယ်ပဲ၊ ဂတော၊ ကြွသွားတော်မူပေ၏။ ဣတိ-တသ္မာ-သောဘနဂမနတ္တာ၊ ဤသို့ တင့်တယ်သော ကြွသွားခြင်း ရှိတော်မူသည်၏အဖြစ်ကြောင့်။ သုဂတော၊ သုဂတမည်တော်မူပါပေ၏။ စ၊ ထိုမှတပါး။ သော-ဒသော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အမတံ၊ သေခြင်းကင်းရာဖြစ်သော။ သုန္ဒရံ ဌာနံ၊ သေခြင်းကင်းရာအမြိုက် နိဗ္ဗာန်ဟူသော ကောင်းသောအရပ်သို့။ ဂတော၊ ကြွသွားတော်မူပေ၏။ ဣတိ-တသ္မာ-သုန္ဒရံ ဌာနံ ဂတတ္တာပိ၊ ဤသို့ ကောင်းသောအရပ်သို့ ကြွတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ သုဂတော၊ သုဂတ-မည်တော်မူပါပေ၏။ စ၊ တနည်းသော်ကား။ တေန တေန မဂ္ဂေန၊ ထိုထိုမဂ်ဖြင့်။ ပဟီနေ ကိလေသေ၊ ပယ်အပ်ပြီးသောကိလေသာတို့သို့။ ပုန အပစ္စာဂစ္ဆန္တော၊ တဖန်မပြန်မူ၍။ ဝါ၊ တဖန်မပြန်တော့ပဲ။ သမ္မာ၊ ကောင်းစွာ။ ဂတော၊ သွားတော်မူတတ်ပေ၏။ ဟိ၊

၁၈၁၀၂

မှန်၏။ "သောတာပတ္တိမဂ္ဂေန၊သောတာပတ္တိမဂ်ဖြင့်။ ယေ ကိလေသာ၊အကြင် ကိလေသာတို့ကို။ ပဟီနာ၊ပယ်စွန့်အပ်ကုန်ပြီ။ တေ ကိလေသေ၊ ထိုကိလေသာ တို့သို့။န ပုနေတိ၊တဖန်မပြန်။ န ပစ္စေတိ၊တဖန်မပြန်လာ။န ပစ္စာဂစ္ဆတိ၊တဖန် မရောက်။ ဣတိ တသ္မာ၊ ထိုကြောင့်။ သုဂတော၊ သုဂတ—မည်တော်မူ၏။ပ။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ယေ ကိလေသာ၊ အကြင်ကိလေသာတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ တေကိလေသေ၊ ထိုကိလေသာတို့သို့။ န ပုနေတိ, န ပစ္စေတိ,န ပစ္စာဂစ္ဆတိ၊တဖန်မရောက်။ဣတိ–ဘသ္မာ၊ထိုကြောင့်။သုဂတော၊ သုဂတ—မည်တော်မူ၏။" ဣတိ၊ ဤသို့။ ဇတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဝါ၊တနည်းကား။ သော၊ ဤ မြတ်စွာဘုရားသည်။ (ကဥ္ဇာထည့်ပေးသည်။) ဒီပင်္ကရပါဒမူလတော ပဘုတိ၊ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်းမှ စ၍။ ယာဝ ဗောဓိမဏ္ဍာ၊ဗောဓိမဏ္ဍိုင်တိုင်အောင်။တာဝ၊ထိုမျှလောက်။ သမတိံသ ပါရမိပူရိကာယ၊ အချွံသုံးဆယ်သော ပါရမီတော်တို့ကို ဖြည့်ကျင့်ခြင်း ဟူ သော။ သမ္မာပဋိပတ္တိယာ၊ကောင်းမြတ်သော အကျင့် ပဋိပတ်ဖြင့်။သဗ္ဗလော- ကဿ၊ အလုံးစုံသော လောက၏။ ဟိတသုခမေဝ၊ စီးပွားချမ်းသာကိုသာ လျှင်။ ကရောန္တော၊ ပြုတော်မူသည်ဖြစ်၍ လည်းကောင်း။ သဿတံ၊သဿတ– အယူလည်းကောင်း။ဥစ္ဆေဒံ၊ ဥစ္ဆေဒ—အယူလည်းကောင်း။ ကာမသုခံ၊ကာမ ဂုဏ်ချမ်းသာကို ခံစားသောအကျင့်လည်းကောင်း။ အတ္တကိလမထံ၊ ကိုယ်ကို ဆင်းရဲ ပင်ပန်းစေတတ်သော အကျင့် လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ စ အန္တေ၊ ဤအဖို့အစွန်း အယုတ်တရားတို့သို့။ အနုပဂစ္ဆန္တော၊မကပ် ရောက်သည်ဖြစ်၍ လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ဂတော၊ သွား တော်မူတတ်၏။ ဣတိ–တသ္မာ သမ္မာ ဂတတ္တာပိ၊ ဤသို့ ကောင်းစွာသွား တော်မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ—မည်တော်မူပါပေ၏။ စ၊ တနည်းကား။ သော–ဒေသော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာ၊ ကောင်းစွာ။ ဂဒတိ၊ မြွက်ဆိုတော်မူတတ်၏။ ယုတ္တဋ္ဌာနေ၊ သင့်လျော်သော အရာ၌။ ယုတ္တမေဝ ဝါစံ၊ သင့်လျော်သော စကားကိုသာလျှင်။ ဘာသတိ၊ မြွက်ဆိုတော်မူတတ်ပါပေ၏။ ဣတိ၊ ဤသို့။ သမ္မာ ဂဒတ္တာပိ၊ သင့်လျော် သော စကားကောင်းကိုသာလျှင် ကောင်းစွာ မြွက်ဆိုတော်မူတတ်သော ကြောင့်လည်း။ သုဂတော၊ သုဂတ–မည်တော်မူပါပေ၏။ တတြ၊ ထိုစကား ရပ်၌။ ဣဒံ၊ ဤ ယနေ့ပြဆိုမည့်စကားသည်။ သာဓကသုတ္တံ၊ သာဓက–သုတ် ပေတည်း။ "တထာဂတော၊ မြတ်စွာဘုရားသည်။ ယံ ဝါစံ၊ အကြင်စကား ကို။ အဘူတံ၊ မဟုတ်၏ဟု။ အတစ္ဆံ၊ မမှန်၏ဟု။ အနတ္ထသဥ္ဟိတံ၊ အကျိုး မရှိဟု။ ဇာနာတိ၊ သိတော်မူ၏။ သာ၊ ထိုစကားမျိုးကို။ ပရေသံ၊ သူတပါး

တို့သည်။ (ဆင့်ဒွိကတ္တား။) အပ္ပိယာ၊ မနှစ်သက်။ အမနာပါ၊ မမြတ်နိုး။ တံ ဝါစံ၊ ထိုသို့သောစကားကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ န ဘာသတိ၊ မပြောဆိုပေ။ ယမ္ပိ ဝါစံ၊ အကြင်စကားကိုလည်း။ ဘူတံ၊ ဟုတ်၏ဟု။ တစ္ဆံ၊ မှန်၏ဟု။ အနတ္ထသဉှိတံ၊ အကျိုးမရှိဟု။ ဇာနာတိ၊ သိတော်မူ၏။ သာ၊ ထိုစကားမျိုးကို။ ပရေသံ၊ သူတပါးတို့သည်။ အပ္ပိယာ၊ မနှစ်သက်။ အမနာပါ၊ မမြတ်နိုး။ တမ္ပိ ဝါစံ၊ ထိုစကားမျိုးကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ န ဘာသတိ၊ မပြောဆိုပေ။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယဉ္စ ခေါ ဝါစံ၊ အကြင်စကားကိုလည်း။ ဘူတံ၊ ဟုတ်၏ဟု။ တစ္ဆံ၊ မှန်၏ဟု။ အတ္ထသဉှိတံ၊ အကျိုးရှိ၏ဟု။ ဇာနာတိ၊ သိတော်မူ၏။ သာ စ၊ ထိုစကားမျိုးကိုလည်း။ ပရေသံ၊ သူတပါးတို့သည်။ အပ္ပိယာ၊ မနှစ်သက်။ အမနာပါ၊ မမြတ်နိုး။ တတြ၊ ထိုသို့သော စကား၌မူ။ တထာဂတော၊ မြတ်စွာဘုရားသည်။ တဿာ ဝါစာယ၊ ထိုစကားကို။ ဝေယျာကရဏာယ၊ ပြောဆိုခြင်းငှာ။ ဝါ၊ ပြောဆိုရန်။ ကာလညူ၊ သင့်လျော်သောအခါကို သိတော်မူသည်။ ဟောတိ၊ ဖြစ်၏။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယံ ဝါစံ၊ အကြင်စကားကို။ အဘူတံ၊ မဟုတ်ဟု။ အတစ္ဆံ၊ မမှန်ဟု။ အနတ္ထသဉှိတံ၊ အကျိုးမရှိဟု။ ဇာနာတိ၊ သိတော်မူ၏။ သာ စ၊ ထိုစကားမျိုးကိုလည်း။ ပရေသံ၊ သူတပါးတို့သည်။ ပိယာ၊ နှစ်သက်၏။ မနာပါ၊ မြတ်နိုး၏။ တထာဂတော၊ မြတ်စွာဘုရားသည်။ တံ ဝါစံ၊ ထိုစကားကို။ န ဘာသတိ၊ မပြောဆိုပေ။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယမ္ပိ ဝါစံ၊ အကြင်စကားကိုလည်း။ ဘူတံ၊ ဟုတ်၏ဟု။ တစ္ဆံ၊ မှန်၏ဟု။ အနတ္ထသဉှိတံ၊ အကျိုးမရှိဟု။ ဇာနာတိ၊ သိတော်မူ၏။ သာ စ၊ ထိုစကားကိုလည်း။ ပရေသံ၊ သူတပါးတို့သည်။ ပိယာ၊ နှစ်သက်၏။ မနာပါ၊ မြတ်နိုး၏။ တထာဂတော၊ မြတ်စွာဘုရားသည်။ တမ္ပိ ဝါစံ၊ ထိုစကားကိုလည်း။ န ဘာသတိ၊ ပြောဆိုတော်မမူ။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယဉ္စ ဝါစံ၊ အကြင်စကားကိုလည်း။ ဘူတံ၊ ဟုတ်၏ဟု။ တစ္ဆံ၊ မှန်၏ဟု။ အတ္ထသဉှိတံ၊ အကျိုးရှိ၏ဟု။ ဇာနာတိ၊ သိတော်မူ၏။
(၁၉၈) သာ စ၊ ထိုစကားကိုလည်း။ ပရေသံ၊ သူတပါးတို့သည်။ ပိယာ၊ နှစ်သက်၏။ မနာပါ၊ မြတ်နိုး၏။ တတြ၊ ထိုသို့သော စကားမျိုး၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ တဿာ ဝါစာယ၊ ထိုစကားကို။ ဝေယျာကရဏာယ၊ ပြောဆိုခြင်းငှာ။ ဝါ၊ ပြောဆိုရန်။ ကာလညူ ဟောတိ၊ သင့်လျော်သောအခါကို သိတော်မူ၏။ ဣဒံ၊ ဤသည်ကား။ သာဓကသုတ္တံ၊ သာဓကသုတ်ပေတည်း။" ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သမ္မာ ဂဒတ္တာပိ၊

ကောင်းစွာ မြွက်ဆိုတော်မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (၄)

၁၃၅။ ပန၊ အဖွိုတပါးကား။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အပြားအား ဖြင့်လည်း။ ဝိဒိတလောကတ္တာ၊ လောကကို သိပြီးဖြစ်သောကြောင့်။ လောက· ဝိဒူ၊ လောကဝိဒူ—မည်တော်မူပါပေ၏။ ဟိ၊ ချဲ့ဦးအံ့။ သော ဘဂဝါ၊ လောကဝိဒူ-မည်သော ထိုမြတ်စွာဘုရားသည်။ သဘာဝတော၊ ဒုက္ခ-ဟူသော သဘောရင်းအားဖြင့်လည်းကောင်း။ သမုဒယတော၊ ဖြစ်ကြောင်း သမုဒယ အားဖြင့်လည်းကောင်း။ နိရောဓတော ချုပ်ခြင်း,ချုပ်ရာ နိရောဓ-အားဖြင့် လည်းကောင်း။ နိရောဓူပါယတော၊ နိရောဓ-သို့ ရောက်ကြောင်းအားဖြင့် လည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ လောကံ အဝေဒိ အညာသိ၊ လောကကို သိတော်မူလေပြီ။ လောကံ ပဋိဝိဇ္ဈိ၊ လောကကို ဖောက်ထွင်း၍ သိမြင်တော်မူလေပြီ။ (လောကံပုဒ် လိုက်၍ပေး ထားသည်။) ယထာဟ၊ မြတ်စွာဘုရား ဘယ်ကဲ့သို့ဟောတော်မူသနည်း—ဟူမူ ကား။ ''အာဝုသော၊ အချင်း ရောဟိတ-နတ်သား။ ယတ္ထ၊ အကြင်အရပ်၌။ ဝါ၊ အကြင် လောက၏အဆုံးဖြစ်သော နိဗ္ဗာန်၌။ န ဇာယတိ၊ မဖြစ်။ န ဇီယတိ၊ မအို။ န မိယတိ၊ မသေ။ န စဝတိ၊ မစုတေ။ န ဥပပဇ္ဇတိ၊ ကပ် ရောက်၍ မဖြစ်။ လောကဿ အန္တံ၊ လောက၏ အဆုံးဖြစ်သော။ တံ၊ မဖြစ်, မအို, မသေရာ အရပ်ကို။ ဂမနေန၊ ခြေလျင်သွားခြင်းဖြင့်။ ဉာတေယျံ၊ သိနိုင်သည် သိကောင်းသည်ဟူ၍။ ဒဋ္ဌေယျံ၊ မြင်တွေ့နိုင်သည် မြင်နိုင်ကောင်း သည်ဟူ၍။ ပတ္တေယျန္တိ၊ ရောက်နိုင်ကောင်းသည်ဟူ၍။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ ဟောတော်မမူပေ။ အာဝုသော၊ အချင်း ရောဟိတ-နတ်သား။ လောကဿ အန္တံ၊ လောက၏အဆုံးဖြစ်သော နိဗ္ဗာန်သို့။ အပတ္ဝာ၊ မရောက် မူ၍လည်း။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ အန္တကိရိယံ၊ ကုန်ဆုံးခြင်းကို ပြုခြင်းကို။ အဟံ၊ ငါသည်။ န ဝဒါမိ၊ မဟောပေ။ အာဝုသော၊ အချင်း ရောဟိတ- နတ်သား။ အပိ စ၊ စင်စစ်မှာမူ၊စင်စစ်သော်ကား။ အဟံ၊ ငါသည်။သသညိမှိ၊ အမှတ်သညာလည်းရှိသော။ သမနကေ၊ အသိစိတ်လည်းရှိသော။ ဗျာမမတ္တေ၊ တစ်လံမျှလောက်သော။ ဣမသ္မိံ ဧဝ ကဠေဝရေ၊ ဤကိုယ်၌သာလျှင်။ လောကဉ္စ၊ လောကကိုလည်း။ ပညပေမိ၊ ပညတ် ဟောကြားပေ၏။ လောက- သမုဒယဉ္စ၊ လောက၏ ဖြစ်ကြောင်းကိုလည်း။ ပညပေမိ၊ ပညတ် ဟောကြား ပေ၏။ လောကနိရောဓဉ္စ၊ လောက၏ ချုပ်ခြင်း,ချုပ်ရာကိုလည်း။ ပညပေမိ၊ ပညတ် ဟောကြားပေ၏။ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ၊ လောက၏ ချုပ်

ခြင်း, ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကိုလည်း။ ပညပေမိ၊ ပညတ်ဟောကြားပေ၏။

ဂမနေန၊ ခြေလျှင်သွားခြင်းဖြင့်။ လောကဿ၊ လောက၏။ အန္တော၊ အဆုံးသို့။ ကုဒါစနံ၊ တရံတခါမျှ။ န ပတ္တဗ္ဗော၊ မရောက်နိုင်ချေ။ လောကန္တံ၊ လောက၏အဆုံးသို့။ အပတွာ စ၊ မရောက်လျှင်လည်း။ လောကန္တံ အပတွာ စ၊ လောက၏အဆုံးသို့ မရောက်လျှင်လည်း။ ဒုက္ခာ၊ ဆင်းရဲဒုက္ခမှ။ ပမောစနံ၊ လွတ်မြောက်ခြင်းမည်သည်။ န အတ္ထိ၊ မရှိချေ။

တသ္မာ၊ ထို့ကြောင့်။ ဟဝေ၊ စင်စစ်။ လောကဝိဒူ၊ လောကကိုသိတော်မူပြီးသော။ သုမေဓော၊ ကောင်းသောပညာဉာဏ်နှင့် ပြည့်စုံသော။ ဝုသိတဗြဟ္မစရိယော၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးသော။ သမိတာဝီ၊ ကိလေသာတို့ကို ငြိမ်းစေပြီးသော။ လောကန္တဂူ၊ လောက၏အဆုံးကို ရောက်တော်မူပြီးသော မြတ်စွာဘုရားသည်။ လောကဿ အန္တံ၊ လောက၏ အဆုံးကို။ ဉတွာ၊ သိတော်မူပြီး၍။ ဣမဉ္စ လောကံ၊ ဤလောကကိုလည်းကောင်း။ ပရဉ္စ လောကံ၊ တပါးသောလောကကိုလည်းကောင်း။ နာသီသတိ၊ မတောင့်တ-တောင့်တပေ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည် အာဟ၊ ဟောတော်မူ၏။

၁၃၆။ အပိစ၊ တနည်းသော်ကား။ လောကာ၊ လောကတို့သည်။ သင်္ခါရလောကော၊ သင်္ခါရလောက-လည်းကောင်း။ သတ္တလောကော၊ သတ္တလောက-လည်းကောင်း။ ဩကာသလောကော၊ ဩကာသလောက—လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးအပြားရှိကုန်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဧကော လောကော၊ တစ်ပါးသော လောကသည်ကား။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အကြောင်းအာဟာရကြောင့် တည်နေခြင်းပင်တည်း။ ဣတိ၊ ဤသို့။ အာဂတဋ္ဌာနေ၊ လာရာ၌။ သင်္ခါရလောကော၊ သင်္ခါရလောက ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ လောကော၊ လောကသည်။ သဿတော ဣတိ ဝါ၊ မြဲ၏ ဟူ၍လည်းကောင်း။ လောကော၊ လောကသည်။ အသဿတော ဣတိ ဝါ၊ မမြဲ ဟူ၍လည်းကောင်း။ ဣတိ၊ ဤသို့။ အာဂတဋ္ဌာနေ၊ လာရာ၌။ သတ္တလောကော၊ သတ္တလောကကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ယာဝတာ ယတ္ထကေ ဌာနေ၊ အကြင်မျှလောက်သောအရပ်၌။ စန္ဒိမသူရိယာ၊ လ—နေတို့သည်။ ပရိဟရန္တိ၊ လှည့်လည်ကုန်၏။ ဒိသာ၊

အရပ်မျက်နှာတို့ကို။ ဝိရောစမာနာ၊ တင့်တယ်စေကုန်လျက်။ ဘန္တိ၊ ထွန်းပကုန်၏။ တာဝ၊ ထိုမျှလောက် ကျယ်ပြန့်သော။ သဟဿေ၊ တထောင်အပြားရှိသော။ လောကေ၊ လောကသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤ တထောင်မျှသော စကြဝဠာ လောက၌။ တေ၊ သင် ဗြဟ္မာ၏။ ဝသော၊ သတ္တဝါတို့၏ အခြေအနေကိုသိနိုင်သော အစွမ်းသည်။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။—

အာဂတဋ္ဌာနေ၊ လာရာ၌။ သြကာသလောကော၊ သြကာသလောက—ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တမ္ပိ၊ ထိုသုံးပါးသောလောကကိုလည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ အဝေဒိ၊ သိတော်မူလေပြီ။ တထာ တံဝစနံ၊ ထိုစကားကို။ ဟိ၊ ချဲ့မြဲပြဦးအံ့။အဿ အနေန ဘဂဝတာ၊ ဤမြတ်စွာဘုရားသည်။(ဆဋ္ဌကတ္တား၊သင်္ခါရလောကော ပိ သဗ္ဗထာ ဝိဒိတော-မှာ စပ်ပါ။) "ဧကော လောကော၊ တစ်ပါးသော လောကသည်ကား။သဗ္ဗေ သတ္တာ အလုံးစုံသော သတ္တဝါတို့သည်။အာဟာရ—ဋ္ဌိတိကာ၊ အကြောင်းအာဟာရကြောင့် တည်နေခြင်းပင်တည်း။ တနည်း—အာဟာရဋ္ဌိတိကာ၊ အကြောင်း အာဟာရကြောင့် တည်နေကြ ကုန်သော။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တာဟုခေါ်သည့် သင်္ခါရတရား တို့သည်။ ဧကော လောကော၊ တစ်ပါးသော လောက-မည်၏။ နာမဉ္စ၊ နာမ်လည်းကောင်း။ ရူပဉ္စ၊ ရုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်။) လောကာ၊ လောကတို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ တိဿော ဝေဒနာ၊ သုံးပါးသော ဝေဒနာတို့သည်။ တယော လောကာ၊ သုံးပါးသော လောကတို့ပေတည်း။ (၁၉၉) စတ္တာရော အာဟာရာ၊လေးပါးသောအာဟာရတို့သည်။ စတ္တာရော လောကာ၊လေးပါးသော လောကတို့ပေတည်း။ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်။ ပဉ္စ လောကာ၊ ငါးပါးသော လောကတို့ပေတည်း။ ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ခြောက်ပါးသော အတွင်းအာယတန-တို့သည်။ ဆ လောကာ၊ ခြောက်ပါးသော လောကတို့ပေတည်း။ သတ္တ ဝိညာဏဋ္ဌိတိယော၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့သည်။ သတ္တ လောကာ၊ ခုနစ်ပါးသော လောကတို့ပေတည်း။ (၁ နာနတ္တကာယ နာနတ္တသညီ။ ၂-နာနတ္တကာယ ဧကတ္တသညီ။ ၃—ဧကတ္တကာယ နာနတ္တသညီ။ ၄-ဧကတ္တကာယ ဧကတ္တသညီ။ ၅ အာကာသာနဉ္စာယတနသညီ။ ၆-ဝိညာ—ဏဉ္စာယတနသညီ။ ၇—အာကိဉ္စညာယတနသညီ။ဤခုနစ်ပါးကို ဝိညာဏဋ္ဌိတိ-ခုနစ်ပါး—ဟု ခေါ်သည်။) အဋ္ဌ လောကဓမ္မာ၊ ရှစ်ပါးသော လောကဓံတရားတို့သည်။ အဋ္ဌ လောကာ၊ ရှစ်ပါးသော လောကတို့ပေတည်း။ နဝ

သတ္တာဝါသာ၊ ကိုးပါးသော သတ္တာဝါသတို့သည်။ နဝ လောကာ၊ ကိုးပါးသော လောကတို့ပေတည်း။ (ပိညာဏဋ္ဌိတိ ခုနစ်ပါးထဲတွင် အသညသတ္တာဝါသနှင့်နေဝသညာနာသညာသတ္တာဝါသတို့ကိုထည့်လိုက်လျှင် သတ္တာဝါသ-ကိုးပါးဖြစ်၏။) ဒသာယတနာနိ၊ ဆယ်ပါးသော ရုပ်အာယတန-တို့သည်။ ဒသ လောကာ၊ ဆယ်ပါးသော လောကတို့ပေတည်း။ ဒွါဒသာယတနာနိ၊ တစ်ဆယ့်နှစ်ပါးသော အာယတန-တို့သည်။ ဒွါဒသ လောကာ၊ တစ်ဆယ့်နှစ်ပါးသော လောကတို့ပေတည်း။ အဋ္ဌာရသ ဓာတုယော၊ တစ်ဆယ့်ရှစ်ပါးသော ဓာတ်တို့သည်။ အဋ္ဌာရသ လောကာ၊ တစ်ဆယ့်ရှစ်ပါးသော လောကတို့ပေတည်း။'' ဣတိ၊ ဤသို့။ အယံ သင်္ခါရလောကောပိ၊ ဤ သင်္ခါရလောက-ကိုလည်း။ သဗ္ဗထာ၊ ခပ်သိမ်းသောအပြားအားဖြင့်။ ဝိဒိတော၊ သိတော်မူလေပြီ။

ပန၊ အဖို့တပါးကား။ ယေ-ဒသော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ယသ္မာ၊ အကြင်ကြောင့်။ သဗ္ဗေသမ္ပိ သတ္တာနံ၊ သတ္တဝါအားလုံးတို့၏လည်း။ အာသယံ၊ အာသယကို။ ဇာနာတိ၊ သိတော်မူ၏။ (အာဂမ္မ စိတ္တံ သေတိ ဧတ္ထာတိ အာသယော၊ စိတ်ကိန်းရာတို့ အာသယ-ဟု ခေါ်သည်။ သဿတ-အယူ၌ အလေ့အလာများသောသူသည် တရံတခါ ဥစ္ဆေဒ-အယူ, သမ္မာဒိဋ္ဌိ-အယူတို့ကို လက်ခံသော်လည်း မိမိ၏ သဿတ-အယူသို့သာလျှင် ပြန်၍ပြန်၍ ရောက်နေတတ်၏။ ဥစ္ဆေဒ-အယူ၌ အလေ့အလာများသောသူသည်လည်း ထိုအတူပင် ဥစ္ဆေဒ-အယူသို့သာလျှင် ပြန်၍ပြန်၍ ရောက်နေတတ်၏။ ထို့ကြောင့် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိဟူသော ဤအယူနှစ်ပါးသည် ဝဋ္ဋ နိဿိတ=ဝဋ်ကိုမှီသော ပုထုဇဉ်တို့၏ စိတ်ဓာတ်ကိန်းရာ အာသယ-ဖြစ်သည်။ ဝိပဿနာဉာဏ်နှင့် ယထာဘူတဉာဏ်ခေါ်သော မဂ်ဉာဏ်သည်ကား ဝိဝဋ္ဋနိဿိတ=ဝဋ်ကင်းရာကိုမှီသော ပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်ကိန်းရာ အာသယ-မည်ပေသည်။ ဤအာသယလေးပါးကို အာသယ-ဟုဆိုသည်။

သဿတုစ္ဆေဒဒိဋ္ဌိ စ၊ ခန္တိစေဝါနုလောမိကံ။
ယထာဘူတဉ္စ ယံ ဉာဏံ၊ ဧတံ အာသယသဒ္ဒိတံ။)

အနုသယံ၊ အနုသယကို။ ဇာနာတိ၊ သိတော်မူ၏။ (အကြောင်းညီညွတ်သည့်အခါ ဖြစ်ပေါ်နိုင်သော ကာမရာဂ, ပဋိဃ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဘဝရာဂ, အဝိဇ္ဇာ၊ ဤကိလေသာခုနစ်ပါးကို အနုသယ-ခေါ်သည်။) စရိတံ၊ စရိုက်ကို။ ဇာနာတိ၊ သိတော်မူ၏။ (စရိုက်ဟူသည် သုစရိုက်နှင့် ဒုစရိုက် နှစ်ပါးပင်ဖြစ်သည်။ တနည်း ဋီကာအလိုအားဖြင့် ရာဂ, ဒေါသ,

မောဟ, သဒ္ဓါ,ဗုဒ္ဓိ, ဝိတက်-ဟူသော စရိုက်ခြောက်ပါးပင်တည်း။) အဓိ-မုတ္တိ၊ အဒိမုတ္တိကို။ ဇာနာတိ၊ သိတော်မူ၏။ (အဓိမုတ္တိ—ဟူသည်မှာ စိတ်နေစိတ်ထား အလိုအဇ္ဈာသယ-ပင်တည်း။အချို့ကယုတ်ညံ့သော စိတ်နေစိတ်ထားရှိသည်၊၎င်းကို ဟီနာဓိမုတ္တပုဂ္ဂိုလ် ဟုခေါ်ရသည်။ အချို့က မြင့်မြတ်သော စိတ်နေစိတ်ထား ရှိသည်၊၎င်းကို ပဏီတာဓိမုတ္တပုဂ္ဂိုလ်-ဟုခေါ်သည်။) အပ္ပရဇက္ခေ၊ ပညာမျက်စိ၌ ကိလေသာမြူနည်းသောသတ္တဝါတို့ကို လည်းကောင်း။မဟာရဇက္ခေ၊ ပညာမျက်စိ၌ ကိလေသာမြူများသော သတ္တဝါတို့ကိုလည်းကောင်း။ ဇာနာတိ၊သိတော်မူ၏။(နောက်က လိုက်ပါ။) တိက္ခိန္ဒြိယေ၊ ဣန္ဒြေထက်သော သတ္တဝါတို့ကို လည်းကောင်း။ မုဒိန္ဒြိယေ၊ ဣန္ဒြေနုံသော သတ္တဝါတို့ကို လည်းကောင်း။ ဇာနာတိ၊ သိတော်မူ၏။ သွာကာရေ၊ ကောင်းသောအခြင်းအရာရှိသော သတ္တဝါတို့ကိုလည်းကောင်း။ ဒွါကာရေ၊ မကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ကို လည်းကောင်း။ ဇာနာတိ၊ သိတော်မူ၏။ သုဝိညာပယေ၊ သိနားလည်စေရန် လွယ်ကူသော သတ္တဝါတို့ကို လည်းကောင်း။ ဒုဝိညာပယေ၊ သိနားလည်စေရန် ခဲယဉ်းသော သတ္တဝါတို့ကို လည်းကောင်း။ ဇာနာတိ၊ သိတော်မူ၏။ ဘဗ္ဗေ၊ တရားထူးကိုသိရန်ဖြစ်ထိုက်သော သတ္တဝါတို့ကို လည်းကောင်း။ အဘဗ္ဗေ၊ တရားထူးကိုသိရန်မဖြစ်ထိုက်သော သတ္တဝါတို့ကို လည်းကောင်း။ ဇာနာတိ၊ သိတော်မူ၏။ တသ္မာ၊ ထိုသို့ သိတော်မူသောကြောင့်။ အဿ—အနေန၊ ဤမြတ်စွာဘုရားသည်။ သတ္တလောကောပိ၊ သတ္တဝါအပေါင်းဟူသော သတ္တလောကကိုလည်း။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ ဝိဒိတော၊ သိတော်မူလေပြီ။

၁၃၇။ စ၊ ထိုမှတပါး။ သတ္တလောကော၊ သတ္တလောကကို။ ဝိဒိတော ယထာ၊ သိတော်မူသကဲ့သို့ပင်။ ဩကာသလောကောပိ၊ သတ္တဝါတို့၏ တည်နေရာ ဩကာသလောက—ကိုလည်း။ ဝိဒိတော၊ သိတော်မူလေပြီ။ ဟိ၊ ချဲ့ဦးအံ့။ သေ-သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဧကံ စက္ကဝါဠံ၊ တစ်ခုသော စကြဝဠာသည်။ အာယာမတော စ၊ အလျားအားဖြင့် လည်းကောင်း။ ဝိတ္ထာရတော စ၊ အနံအားဖြင့် လည်းကောင်း။ ယောဇနာနံ၊ ယူဇနာတို့၏။ ဒွါဒသသတသဟဿာနိ စ၊ တသန်းနှစ်သိန်းတို့သည် လည်းကောင်း။ စတုတိံသသတာနိ စ၊ သုံးထောင့်လေးရာတို့သည် လည်းကောင်း။ ပညာသဥ္စ ယောဇနာနိ၊ ယူဇနာငါးဆယ်တို့သည် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ထည့်။) (ယူဇနာပေါင်း တသန်း နှစ်သိန်း သုံးထောင့်လေးရာ

ငါးဆယ် (၁၂၀၃၄၅၀) ရှိ၏။) ပရိက္ခေပတော ပန၊ ပတ်လည်အားဖြင့် မူကား။–

စက္ကဝါဠဿ၊ စကြဝဠာ၏။ (ထည့်။) သဗ္ဗံ ပရိမဏ္ဍလံ၊ အလုံးစုံသော ပတ်လည်အဝန်းသည်။ ဆတ္တိံသသတသဟဿာနိ စ၊ သုံးသန်းခြောက်သိန်းတို့သည် လည်းကောင်း။ ဒသ စေဝ သဟဿာနိ၊ တသောင်းတို့သည် လည်းကောင်း။ အဍ္ဎုစုဒ္ဒသာနိ သတာနိ စ၊ သုံးရာ့ငါးဆယ်တို့သည် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ထည့်။) (ယူဇနာပေါင်း သုံးသန်း ခြောက်သိန်း တသောင်း သုံးရာ့ငါးဆယ် (၃၆၁၀၃၅၀) ရှိ၏။)

တတ္ထ၊ ထိုစကြဝဠာ၌။

ဒုဝေ သတသဟဿာနိ စ၊ နှစ်သိန်းတို့သည် လည်းကောင်း။ စတ္တာရိ နဟုတာနိ စ၊ လေးသောင်းတို့သည် လည်းကောင်း။ ဧတ္တကံ– ဧတ္တကေန၊ ဤမျှသောက်သော။ ဗဟလတ္တေန၊ အထုအားဖြင့်။ အယံ ဝသုန္ဓရာ၊ ဤ မဟာပထဝီမြေကြီးကို။ သင်္ခါတာ၊ ဆိုအပ်၏။

(တနည်း)–

အယံ ဝသုန္ဓရာ၊ ဤ မဟာပထဝီမြေကြီးကို။ ဗဟလတ္တေန၊ အထုအားဖြင့်။ယောဇနာနံ၊ယူဇနာတို့၏။ (ထည့်။)ဒုဝေ သတသဟဿာနိ စ၊ နှစ်သိန်းတို့သည် လည်းကောင်း။ စတ္တာရိ နဟုတာနိ စ၊ လေးသောင်းတို့သည် လည်းကောင်း။ ဧတ္တကံ၊ ဤမျှအတိုင်းအရှည်ရှိ၏ ဟူ၍။ သင်္ခါတာ၊ ဆိုအပ်၏။

တဿာ ယေဝ၊ ထို မဟာပထဝီမြေကြီး၏ပင်လျှင်။ သန္ဓာရကံ၊ အောက်ခံတည်ရာဖြစ်သော။–

ဇလံ၊ ရေသည်။ စတ္တာရိ သတသဟဿာနိ စ၊ လေးသိန်းတို့ လည်းကောင်း။ အဋ္ဌေဝ နဟုတာနိ စ၊ ရှစ်သောင်းတို့လည်းကောင်း။ ဗဟလတ္တေန၊ အထုအားဖြင့်။ ဧတ္တကံ၊ ဤမျှအတိုင်းအရှည်ရှိ၏ ဟူ၍။ ဝါတေ၊ လေထုပေါ်၌။ ပတိဋ္ဌိတံ၊ တည်၏။ (လေးသိန်းရှစ်သောင်း(၄၈၀၀၀၀) ရှိ၏။)

တဿာပိ၊ ထို ရေထု၏လည်း။ သန္ဓာရကော၊ အောက်ခံတည်ရာဖြစ်သော။–

မာလုတော၊ လေသည်။ နဝ သတသဟဿာနိ၊ ယူဇနာကိုးသိန်းတို့လည်းကောင်း။ သဋ္ဌိဉ္စေဝ သဟဿာနိ၊ ခြောက်သောင်းတို့ လည်း

ကောင်း။ ဇွောကံ၊ ဤမျှအတိုင်းအရှည်။ နဘံ၊ ကောင်းကင်သို့။ ဥဂ္ဂတော သက်ဝင်လျက် တည်ရှိ၏လေ၏။ သော၊ ဤအတိုင်းအရှည် သည်။ လောကဿ၊ လူတို့နေရာ ဩကာသလောက၏။ သဏ္ဌိတိ၊ တည်နေခြင်းပေတည်း။ တည်နေပုံပေတည်း။

စ၊ ဆက်၍ ဆိုဦးအံ့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သဏ္ဌိတော၊ ကောင်းစွာ တည်နေသော။ ဧတ္ထ၊ ဤမြေပြင်လောက၌။ –

(၂၀၀) သိနေရု ပဗ္ဗတုတ္တမော၊ မြင်းမိုရ်တောင်မြတ်သည်။ ယော-ဇနာနံ၊ ယူဇနာတို့၏။ စတုရာသီ ဘိ သဟဿာနိ၊ ရှစ်သောင်း လေး ထောင် တိုင်အောင်။ မဟဏ္ဏဝေ၊ မဟာသမုဒ္ဒရာထဲ၌။ အဇ္ဈောဂါ-ဠှော၊ နစ်မြုပ်လျက်ရှိ၏။ တာဝဒေဝ၊ ထိုမျှလောက် ရှစ်သောင်း လေးထောင်(၈၄၀၀၀)ပင်။ အစ္စုဂ္ဂတော၊ အထက်ကောင်းကင်သို့ မြင့်တက်လျက်ရှိပေ၏။

တတော၊ ထိုမြင်းမိုရ်တောင်၏ ပမာဏအောက်။ ယထာက္ကမံ၊ အစဉ် အတိုင်း။ ဥပဍ္ဎုပဍ္ဎေန ပမာဏေန၊ ထက်ဝက် ထက်ဝက်သော ပမာဏ အားဖြင့်။ အဇ္ဈောဂါဠှုဂ္ဂတာ၊ အောက်၌မြုပ်လျက် အထက်သို့ တက်လျက်ရှိကုန်သော။ ဒိဗ္ဗာ၊ နတ်တို့၏နေရာဖြစ်ကုန်သော။ နာနာ-ရတနစိတ္တိကာ၊ အမျိုးမျိုးသောရတနာတို့ဖြင့် ဆန်းကြယ်ကုန်သော။

ယုဂန္ဓရော ဂိရိ၊ ကြီးကျယ်သော ယုဂန္ဓိုရ်တောင်လည်းကောင်း။ ဤသဓရော ဂိရိ၊ ဤသဓရ–တောင်လည်းကောင်း။ ကရဝီကော ဂိရိ၊ ကရဝိက တောင်လည်းကောင်း။ သုဒဿနော ဂိရိ၊ သုဒဿန တောင် လည်းကောင်း။ နေမိန္ဓရော ဂိရိ၊ နေမိန္ဓရ–တောင်လည်းကောင်း။ ဝိနတကော ဂိရိ၊ ဝိနတက–တောင်လည်းကောင်း။ အဿကဏ္ဏော ဂိရိ၊ အဿကဏ်–တောင်လည်းကောင်း။ ဣတိ၊ ဤသို့။ မြဟာ၊ ရတနာ မျိုးစုံ အဖုံဖုံဖြင့် ဆန်းကြယ်ကြီးမားကြကုန်သော။ (ဂိရိ–ကို ပုဒ်တိုင်း မှာဆောင်ပါ။)

ဧတေ သတ္တ မဟာသေလာ၊ ဤခုနစ်ခုသော တောင်ကြီးတို့သည်။ သိနေရုဿ၊ မြင်းမိုရ်တောင်၏။ သမန္တတော၊ ထက်ဝန်းကျင် ပတ် လည် အရပ်၌။ ဌိတာ၊ တည်ရှိကုန်၏။ (ထည့်။) မဟာရာဇာနံ၊ နတ် မင်းကြီးတို့၏။ အာဝါသာ၊ နေရာဖြစ်ကုန်၏။ ဒေဝယက္ခနိသေဝိတာ၊ နတ်နှင့်ဘီလူးတို့ မှီဝဲနေထိုင်ရာ ဖြစ်ကြလေကုန်၏။

ဟိမဝါ ပဗ္ဗတော၊ ဟိမဝန္တာတောင်သည်။ ယောဇနံ၊ ယူဇနာတို့၏။ ပဉ္စ သတာနိ၊ ငါးရာတို့တိုင်တိုင်။ ဥဗ္ဗေဓာ၊ မြင့်၏။ အာယာမ-ဝိတ္ထာရတော၊ အလျား-အနံအားဖြင့်။ ယောဇနာနံ၊ ယူဇနာတို့၏။ တိဏ္ဏိ သဟဿာနိ၊ သုံးထောင်တို့တိုင်တိုင်။ ဖြဟာ၊ ကျယ်ပြန့်၏။ စတုရာသီတိ-သဟဿေဟိ၊ ရှစ်သောင်းလေးထောင်ကုန်သော။ ကူဋေဟိ၊ အထွတ်တို့ဖြင့်။ ပဋိမဏ္ဍိတော၊ တန်ဆာဆင်အပ်၏။

ယဿာ ဇမ္ဗုယာ၊ အကြင်သပြေပင်၏။ အာနုဘာဝေန၊ အာနုဘော်အားဖြင့်။ အယံ ဒီပေါ၊ ဤ ကျွန်းကို။ ဇမ္ဗုဒီပေါ၊ ဇမ္ဗုဒီပ-ဟူ၍။ ပကာသိတော၊ ပြအပ်၏။ နာဂဝှယာ၊ နာဂ-ဟူသော အမည်ရှိသော။ သာ ဇမ္ဗု၊ ထိုသပြေပင်သည်။ တိပဉ္စယောဇနက္ခန္ဓပရိက္ခေပါ၊ ပင်စည်-လုံးပတ်အားဖြင့် တစ်ဆယ့်ငါးယူဇနာ ရှိ၏။ ပညာသယောဇနက္ခန္ဓ-သာခါယာမာ၊ ပင်စည်နှင့် အကိုင်းအခက်တို့၏ အလျားအားဖြင့် ယူဇနာငါးဆယ်စီ ရှိ၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ သတ-ယောဇန ဝိတ္ထိဏ္ဏာ၊ ပတ်လည်အားဖြင့် ယူဇနာတစ်ရာ ကျယ်ပြန့်၏။ တာဝဒေဝ၊ ထိုမျှလောက်ယူဇနာတိုင်တိုင်ပင်။ ဥဂ္ဂတာ စ၊ အထက်သို့ စွင့်စွင့်မြင့်တက်၏။

စ၊ ဆက်ဦးအံ့။ ယံ ဧတံ ပမာဏံ၊ အကြင်ပြဆိုခဲ့သော ဇမ္ဗုသပြေပင်၏ ဤပမာဏကို။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပေပြီ။ အသုရာနံ၊ အသူရာတို့၏။ စိတြပါဋ္ဋ-လိယာ၊ စိတြပါဋ္ဋလိ-ခေါ်သော သခွတ်ပင်၏ လည်းကောင်း။ ဂရုဠာနံ၊ ဂဠုန်တို့၏။ သိမ္ဗလိရုက္ခဿ၊ လက်ပံပင်၏ လည်းကောင်း။ အပရဂေါ-ယာနေ၊ အပရဂေါယာန-ခေါ်သော အနောက်ကျွန်း၌။ ကဒမ္ဗဿ၊ ထိန်ပင်၏ လည်းကောင်း။ ဥတ္တရကုရူသု၊ ဥတ္တရကုရု-ခေါ် မြောက်ကျွန်း၌။ ကပ္ပ-ရုက္ခဿ၊ ကပ္ပရုက္ခ-ခေါ် ပဒေသာပင်၏ လည်းကောင်း။ ပုဗ္ဗဝိဒေဟေ၊ ပုဗ္ဗဝိဒေဟ-ခေါ် အရှေ့ကျွန်း၌။ သိရီသဿ၊ ကုက္ကိုပင်၏ လည်းကောင်း။ တာဝတိံသေသု၊ တာဝတိံသာ နတ်ပြည်တို့၌။ ပါရိစ္ဆတ္တကဿ၊ ပင်လယ်ကသစ်ပင်၏ လည်းကောင်း။ ဣတိ၊ ဤသို့။ ဧတဒေဝ ပမာဏံ၊ ဤ အတိုင်းအရှည် ပမာဏကိုသာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်ပေ၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။—

"ပါဋ္ဋလီ၊ သခွတ်ပင် လည်းကောင်း။ သိမ္ဗလီ၊ လက်ပံပင်လည်းကောင်း။ ဇမ္ဗူ၊ သပြေပင်လည်းကောင်း။ ဒေဝါနံ၊ နတ်တို့၏။ ပါရိစ္ဆတ္တကော၊ ပင်လယ်ကသစ်ပင် လည်းကောင်း။ ကဒမ္ဗော၊ ထိန်ပင် လည်းကောင်း။ ကပ္ပရုက္ခော၊ ပဒေသာပင် လည်းကောင်း။

သိရိသေန-သိရိသော၊ ကုက္ကုပြင်သည်။ သဘ္ဘမံ၊ ခုနစ်ခုမြောက်သည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာဟု၊ မိန့်ဆိုကြပေကုန်၏။

စက္ကဝါဠသိလုစ္စယော၊ စကြဝဠာတောင်သည်။ မဟဏ္ဏဝေ၊ မဟာသမုဒ္ဒရာ၌။ ဒွေအသီတိ သဟဿာနိ၊ ယူဇနာ ရှစ်သောင်း နှစ်ထောင်တိုင်တိုင်။ အဇ္ဈောဂါဠှော၊ သက်ဆင်း နစ်မြုပ်လျက်ရှိ၏။ တာဝဒေဝ၊ ထိုမျှလောက် ရှစ်သောင်းနှစ်ထောင်ပင်။ အစ္စုဂ္ဂတော၊ ရေမျက်နှာပြင်မှ အထက်သို့ မြင့်တက်လျက်ရှိ၏။ အယံ စက္ကဝါဠ-သိလုစ္စယော၊ ဤစကြဝဠာတောင်သည်။ တံ သဗ္ဗံ လောကဓာတုံ၊ ဆိုခဲ့ပြီးသော အလုံးစုံသော ထိုလောကဓာတ်ကို။ ပရိက္ခိပိတွာ၊ ထက်ဝန်းကျင်မှ ခြံရံလျက်။ ဌိတော၊ တည်၏။"

တတ္ထ၊ ထိုလောကဓာတ်၌။ စန္ဒမဏ္ဍလံ၊ လဝန်းသည်။ ဧကူနပညာသယောဇနံ၊ လေးဆယ့်ကိုးယူဇနာရှိ၏။ (ဧကူန၊ ဧက+ဦန၊ တစ်ခု၊ လျော့နေသော ငါးဆယ်၊ ၄၉-ရှိ၏။) သူရိယမဏ္ဍလံ၊ နေဝန်းသည်။ ပညာသယောဇနံ၊ ယူဇနာငါးဆယ်ရှိ၏။ တာဝတိံသဘဝနံ၊ တာဝတိံသာနတ်ဘုံသည်။ ဒသသဟဿယောဇနံ၊ ယူဇနာတသောင်းရှိ၏။ တထာ၊ ထိုအတူ။ အသုရဘဝနဥ္စ၊ အသူရာဘုံသည်လည်းကောင်း။ အဝီစိမဟာနိရယော စ၊ အဝီစိငရဲကြီးသည်လည်းကောင်း။ ဇမ္ဗုဒီပေါ စ၊ ဇမ္ဗူဒိပ်ကျွန်းသည်လည်း ကောင်း။ ဒသသဟဿယောဇနံ၊ ယူဇနာတသောင်းစီရှိ၏။ အပရဂေါယာနံ၊ အပရဂေါယာနကျွန်းသည်။ သတ္တသဟဿယောဇနံ၊ ယူဇနာခုနစ်ထောင်ရှိ၏။ (၂၀၁)ပုဗ္ဗဝိဒေဟံ၊ ပုဗ္ဗဝိဒေဟ-ကျွန်းသည်။ တထာ၊ထိုအတူ။သတ္တသဟဿ-ယောဇနံ၊ ယူဇနာခုနစ်ထောင်ရှိ၏။ဥတ္တရကုရု၊ ဥတ္တရကုရု ကျွန်းသည်။ အဋ္ဌ-သဟဿယောဇနံ၊ ယူဇနာရှစ်ထောင်ရှိ၏။စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ဤကျွန်းကြီး လေးခုတို့တွင်။ ဧကမေကော မဟာဒီပေါ တစ်ခုတစ်ခုသော ကျွန်းကြီးသည်။ ပဉ္စသတပဉ္စသတပရိတ္တဒီပပရိဝါရော၊ ငါးရာငါးရာသောကျွန်းငယ် အခြံအရံ ရှိ၏။ တံ သဗ္ဗမ္ပိ၊ ဆိုခဲ့ပြီးသော ထိုအလုံးစုံသည်လည်း။ ဧကံ စက္ကဝါဠံ၊ တစ်ခုသော စကြဝဠာမည်၏။ ဧကာ လောကဓာတု၊ တစ်ခုသော လောက ဓာတ်မည်၏။ တဒန္တရေသု၊ ထိုသို့သော စကြဝဠာသုံးခုတို့၏ အကြားတို့၌။ လောကန္တရိကနိရယာ၊ လောကန္တရိက်ငရဲတို့သည်။ သန္တိ၊ ရှိကုန်၏။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနန္တာနိ စ၊ အဆုံးအပိုင်းအခြားမရှိကုန် သော။ စက္ကဝါဠာနိ၊ စကြဝဠာတို့ကိုလည်းကောင်း။ အနန္တာ၊ အဆုံး အပိုင်းအခြားမရှိကုန်သော။ လောကဓာတုယော၊ လောကဓာတ်တို့ကိုလည်း

ကောင်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနဝသေသ ဗုဒ္ဓဉာဏေန၊ အဆုံး အပိုင်းအခြားမရှိသော ဗုဒ္ဓဉာဏ်တော်ဖြင့်။ အဝေဒိ၊ သိတော်မူလေပြီ။ အညာသိ၊ သိတော်မူလေပြီ။ ပဋိဝိဇ္ဈိ၊ ထိုးထွင်း၍ သိတော်မူလေပြီ။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဩကာသလောကော ပိ၊ ဩကာသလောကကိုလည်း။ အဿ-အနေန ဘဂ ဝတာ၊ ဤမြတ်စွာဘုရားသည်။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ ဝိဒိတော၊ သိတော်မူလေပြီ။ ဧဝမ္ပိ၊ ဤသို့ လောကသုံး ပါးကို သိတော်မူသောအားဖြင့်လည်း။ သဗ္ဗထာ၊ ခပ်သိမ်းသောအပြား အားဖြင့်။ ဝိဒိတလောကတ္တာ၊ လောကကို သိတော်မူပြီးဖြစ်သောကြောင့်။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။ (၅)

၁၃၈။ ပန၊ အဖွင့်တပါးကား။ အတ္တနာ၊ မိမိထက်။ ဂုဏေဟိ၊ ဂုဏ်တို့ ဖြင့်။ ဝိသိဋ္ဌတရဿ၊ သာလွန်ထူးမြတ်သော။ ကဿစိ၊ တစုံတယောက်သော သူ၏လည်း။ အဘာဝတော၊ မရှိသောကြောင့်။ တေဿ၊ ဤမြတ်စွာဘုရား အား။ ဝါ၊ ဤမြတ်စွာဘုရားထက်။ ဥတ္တရော၊ လွန်ကဲမြင့်မြတ်သောသူ သည်။ နတ္ထိ၊ မရှိပေ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနုတ္တရော၊ အနုတ္တရ မည်တော်မူပါပေ၏။ တထာ—တံ ဧစနံ၊ ထိုစကားသည်။ ဟိ၊ မှန်၏။ သေ ခေသာ ဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ သီလဂုဏေနာပိ၊ သီလဂုဏ်ဖြင့် လည်း။ သဗ္ဗံ လောကံ၊ အလုံးစုံသော သတ္တဝါအပေါင်းဟူသော လောက ကို။ အဘိဘဝတိ၊ လွှမ်းမိုးကျော်လွန်ပါပေ၏။ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဂုဏေနာပိ၊ သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ-ဒဿနဂုဏ်ဖြင့်လည်း။ အဘိဘဝတိ၊ လွှမ်းမိုးကျော်လွန်ပါပေ၏။ သီလဂုဏေ-နာပိ၊ သီလ ုဏ်ဖြင့်လည်း။ အသ မော၊ တူသူမရှိပေ။ အသမသမော၊ တူသူမရှိသော အတိတ်-အနာ တ်ဘုရားတို့နှင့်သာ တူတော်မူပါပေ၏။ အပ္ပဋိမော၊ ပုံစံမရှိပေ။ အပ္ပဋိဘာဂေါ၊ တစ်ထပ်တည်းတူသူ မရှိပေ။ အပ္ပဋိပုဂ္ဂလော၊ ပြိုင်ဘက် တူသူမရှိပေ။ ပ ။ ဝိမုတ္တိဉာဏဒဿနဂုဏေနာပိ၊ ဝိမုတ္တိဉာဏဒဿန-ဂုဏ်ဖြင့်လည်း။ အသမော၊ တူသူမရှိပေ။ အသမသမော၊ တူသူမရှိသော အတိတ်-အနာဂတ်ဘုရားတို့နှင့်သာ တူတော်မူပါပေ၏။ အပ္ပဋိမော၊ ပုံစံမရှိပေ။ အပ္ပဋိဘာဂေါ၊ တစ်ထပ်တည်းတူသူ မရှိပေ။ အပ္ပဋိ-ပု လော၊ ပြိုင်ဘက် တူသူမရှိပေ။ ယထာဟ၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း။ "သဒေဝကေ၊ နတ်ပြည်ငါးထပ်နှင့်တကွသော။ သ-မာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့်တကွသော ။ ပ။ လောကေ၊ ဩကာသလောက၌။ သဒေဝမနုဿာယ ပဇာယ၊ သမ္မုတိနတ် တည်းဟူသောမင်း, ကြွင်းသောလူ

ဝိသုဒ္ဓိ၊ ၃–၃

နှင့်တကွသော သတ္တလောကဦ။ ဝါ၊ လူမင်း ဟူသောနတ်များ, သာမန်လူများနှင့်တကွသော သတ္တဝါအပေါင်းဦ။ အဘ္ဘ နာ၊ မိမိထက်။ သီလသမ္ပန္နတရံ၊ သာလွန်၍ သီလနှင့်ပြည့်စုံသော တစုံတယောက်သောပုဂ္ဂိုလ်ကို။ အဟံ၊ ငါဘုရားသည်။ န ခေါ သမနုပဿာမိ၊ မမြင်ပေ။'' ဣတိ၊ ဤသို့။ ဝိတ္ထာရော၊ အကျယ်ကို။ ဝေဒိတဗ္ဗော၊ ချဲ၍သိအပ်၍။ (ထည့်။) ဝေ၊ ဤအတူပင်။ အဂ္ဂပသာဒသုတ္တာဒီနိ၊ အဂ္ဂပသာဒ-သုတ် စသည်တို့ကိုလည်း။ ဝိတ္ထာရေတဗ္ဗာနိ၊ ချဲအပ်ကုန်၏။ ''မေ၊ ငါဘုရားအား။ အာစရိယော၊ ဆရာသည်။ န အတ္ထိ၊ မရှိ။'' ဣတိအာဒိကာ၊ ဤသို့အစရှိသော။ ဂါထာယော စ ဂါထာတို့ကိုလည်း။ ဝိတ္ထာရေတဗ္ဗာ၊ ချဲအပ်ကုန်၏။ (၆)

၁၃၉။ ပုရိသဒမ္မေ၊ ဆုံးမထိုက်သော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ား တို့ကို။ သာရေတိ၊ ယဉ်ကျေးစေတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိ-မည်တော် မူပါပေ၏။ ဒမေတိ၊ ယဉ်ကျေးစေတတ်၏။ ဝိနေတိ၊ ဆုံးမတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော ဟောတိ၊ ဆိုလို၏။ တတ္ထ၊ ထို စကားရပ်၌။ ပုရိသဒမ္မာတိ၊ ဆုံးမထိုက်သောယောကျ်ားတို့ ဟူသည်ကား။ အဒန္တာ၊ မယဉ်ကျေးကြကုန်သည်ဖြစ်၍။ ဒမေတုံ ယုတ္တာ၊ ယဉ်ကျေးအောင်ဆုံးမခြင်းငှာ သင့်ကုန်သော။ တိရစ္ဆာနပုရိသာပိ၊ တိရစ္ဆာန်ယောကျ်ားတို့သည်လည်းကောင်း။ မနုဿပုရိသာပိ၊ လူယောကျ်ားတို့သည် လည်းကောင်း။ အမနုဿပုရိသာပိ၊ နတ်ယောကျ်ားတို့သည်လည်းကောင်း။ ပုရိသဒမ္မာကိ ပုရိသဒမ္မာ နာမ ဆုံးမထိုက်သော ယောကျ်ားတို့မည်ကုန်၏။ တထာ တံ ဝစနံ၊ ထို စကားသည်။ ဟိ-သစ္စံ၊ မှန်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အပလာလော နာဂရာဇာ၊ အပလာလ-နဂါးမင်းလည်းကောင်း။ စူဠောဒရော၊ စူဠောဒရ-နဂါးမင်းလည်းကောင်း။ မဟောဒရော၊ မဟောဒရ နဂါးမင်းလည်းကောင်း။ အဂ္ဂိသိခေါ၊ အဂ္ဂိသိခ-နဂါးမင်းလည်းကောင်း။ ဓူမသိခေါ၊ ဓူမသိခ-နဂါးမင်းလည်းကောင်း။ အရဝါဠော နာဂရာဇာ၊ အရဝါဠ-နဂါးမင်းလည်းကောင်း။ ဓနပါလကော ဟတ္ထီ၊ ဓနပါလက ဟူ၍လည်း ခေါ်သော နာဠာဂိရိဆင်လည်းကောင်း။ ဣတိ ဧဝမာဒယော၊ ဤသို့အစရှိကုန်သော။ တိရစ္ဆာနပုရိသာပိ၊ တိရစ္ဆာန်ယောကျ်ား တို့ကိုလည်း။ ဒမိတာ၊ ဆုံးမတော်မူလေပြီ။ နိဗ္ဗိသာ ကတာ၊ အဆိပ်မရှိအောင် ပြုတော်မူလေပြီ။ သရဏေသု စ၊ သရဏဂုံ တို့၌လည်းကောင်း။ သီလေသု စ၊ သီလတို့၌လည်းကောင်း။ ပတိဋ္ဌာပိတာ၊ တည်စေတော်မူလေပြီ။ သစ္စကနိဂဏ္ဌပုတ္တ အမ္ဗဋ္ဌမာဏဝ ပေါက္ခရသာတိ

သောတာဒန္တ ကုဋ္ဌဒန္တာဒယော၊ နိဂဏ္ဌ၏သား သစ္စက, အမ္ဗဋ္ဌလုလင်, ပေါက္ခရသာတိပုဏ္ဏား, သောဏဒန္တပုဏ္ဏား, ကူဋဒန္တပုဏ္ဏား–အစရှိကုန်သော။ မနုဿ–ပုရိသာပိ၊ လူယောကျ်ားတို့ကိုလည်း။ ဒမိတာ၊ ဆုံးမတော်မူလေပြီ။ နိဗ္ဗိသာကတာ၊ အဆိပ်မရှိအောင် ပြုတော်မူလေပြီ။အာဠဝက သူစိလောမ ခရလောမ-ယက္ခ သက္ကဒေဝရာဇာဒယော၊အာဠဝက–ဘီလူး, သူစိလောမ–ဘီလူး, ခရလောမ ဘီလူး, သိကြားနတ်မင်း–အစရှိကုန်သော။ အမနုဿပုရိသာပိ၊နတ်ယောကျ်ား တို့ကိုလည်း။ ဒမိတာ၊ ဆုံးမတော်မူလေပြီ။ ဝိစိတြေဟိ၊ဆန်းကြယ်လှကုန်သော။ ဝိနယနူပါယေဟိ၊ ဆုံးမကြောင်းနည်းတို့ဖြင့်။ ဝိနီတာ၊ ဆုံးမတော်မူလေပြီ။ "ကေသိ၊မြင်းဆရာကြီး ကေသီ။ အဟံ၊ ငါသည်။ ခေါ၊ အမှန်အားဖြင့်။ပုရိသဒမ္မေ၊ ဆုံးမယိုက်သော ယောကျ်ားတို့ကို။သဏှေနပိ၊ အနုနည်းဖြင့်လည်း။ ဝိနေမိ၊ ဆုံးမ၏။ ဖရုသေနပိ၊ အကြမ်းနည်းဖြင့်လည်း။ ဝိနေမိ၊ ဆုံးမ၏။ သဏှဖရုသေနပိ၊ အနု–အကြမ်း နှစ်နည်းလုံးဖြင့်လည်း။ ဝိနေမိ၊ ဆုံးမ၏။" ဣတိ၊ ဤသို့သော။ ဣဒံ သုတ္တံ၊ ဤသုတ်ကို။ ဧတ္ထ၊ ဤအရာ၌။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့၍သိအပ်၏။

အပိစ၊ တနည်းသော်ကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝိသုဒ္ဓ–သီလာဒီနံ၊ သီလစင်ကြယ်သောသူ စသည်တို့အား။ မဌမဇ္ဈာနာဒီနိ၊ ပဌမစျာန် စသည်တို့ကို။ အာစိက္ခန္တော၊ ဟောကြားတော်မူလျက်။ သောတာ–ပန္နာဒီနဉ္စ၊ သောတာပန် စသည်တို့အားလည်း။ ဥတ္တရိ မဂ္ဂပဋိပဒံ၊ အထက်မဂ်တို့၏ အကျင့်ကို။ အာစိက္ခန္တော၊ ဟောကြားတော်မူလျက်။ ဒန္တေပိ၊ အတော်အတန်ယဉ်ကျေးပြီးသော ပုဂ္ဂိုလ်တို့ကိုလည်း။ ဒမေတိ ယေဝ၊ အပြည့်အစုံယဉ်ကျေးအောင် ဆုံးမတော်မူသည်သာတည်း။

(၂၀၂) အထ ဝါ၊ တနည်းသော်ကား။ အနုတ္တရောပုရိသဒမ္မသာရထီတိ ဣဒံ၊ အနုတ္တရောပုရိသဒမ္မသာရထိ ဟူသော ဤပုဒ်သည်။ ဧကမေဝ၊ တစ်ခုတည်းသာဖြစ်သော။ အတ္ထပဒံ၊ အနက်ကိုထင်စွာပြသော ပုဒ်ပေတည်း။ ဟိ၊ ပုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပုရိသဒမ္မေ၊ ဆုံးမထိုက်သော ယောကျ်ားတို့ကို။ ဧကပလ္လင်္ကေနေဝ၊ တစ်ခုတည်းသော ထက်ဝယ်ဖွဲ့ခွေခြင်းဖြင့်သာလျှင်။ နိသိန္နာ၊ ထိုင်နေကုန်လျက်။ အဋ္ဌသမာနာ၊ ငြိတွယ်ဖင့်နွဲ့ခြင်းမရှိကုန်ပဲ။ အဋ္ဌ ဒိသာ၊ ရှစ်ပါးသောသမာပတ်ဟူသော အရပ်မျက်နှာများဆီသို့။ ဓာဝန္တိ ယထာ၊ ပြေးသွားနိုင်အောင် သွားစေတော်မူနိုင်သကဲ့သို့။ တထာ၊ ထိုအတူ။ ပုရိသဒမ္မေ၊ ဆုံးမထိုက်သော ယောကျ်ားတို့ကို။ သာရေ-တိ၊ ပြေးစေ၏။ ဝါ၊ ဆုံးမ၏။ တသ္မာ၊ ထိုကြောင့်။ အနုတ္တရော ပုရိသ-

ဒမ္မသာရထိတိ၊ အနုတ္တရောပုရိသဒမ္မသာရထိဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။ စ၊ မှန်၏။ ဧတ္ထ၊ ဤအရာ၌။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဟတ္ထိဒမကေန၊ ဆင်ကို သင်ပြ လေ့ကျင့်ပေးသောဆင်ဆရာသည်။ ဒမ္မော၊ ဆုံးမထိုက်သော။ သာရိ-တော၊ ပြေးစေထိုက်သော။ ဝါ၊ သင်ပြထိုက်သော။ ဟတ္ထိ၊ ဆင်သည်။ ဧကံယေဝ ဒိသံ၊ တစ်ခုသော အရပ်မျက်နှာသို့သာလျှင်။ ဓာဝတိ၊ ပြေးသွား၏။" ဣတိ၊ ဤသို့ အစရှိသော။ ဣဒံ သုတ္တံ၊ ဤသုတ်ကို။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏၊ ချဲ့၍သိအပ်၏။ (၇)

၁၄၀။ ဒိဋ္ဌမ္မိကသမ္ပရာယိကပရမတ္ထေဟိ၊ မျက်မှောက်အကျိုးစီးပွား, တမလွန်အကျိုးစီးပွား, နိဗ္ဗာန်ဟူသော မြတ်သောအကျိုးစီးပွားတို့ဖြင့်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အနုသာသတိ၊ ဆုံးမသွန်သင်တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သတ္ထာ၊ သတ္ထာ—မည်တော်မူပါပေ၏။ အပိစ၊ တနည်းသော်ကား။ သတ္ထာ ဝိယ၊ လှည်းကုန်သည်အပေါင်းတို့၏ဦးစီး လှည်းမှူးနှင့်တူတော်မူ၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ သတ္ထာ၊ သတ္ထာမည် တော်မူပါပေ၏။ သတ္ထဝါဟော၊ လှည်းမှူးနှင့် တူတော်မူသော။ ဘဂဝါ၊ မြတ်စွာဘုရားကို။ လဘတိ၊ ရ၏။ သတ္ထဝါဟော ဘဂဝါ၊ မြတ်စွာဘုရား တည်းဟူသော လှည်းမှူးခေါင်းဆောင်ကို။ လဘတိ၊ ရ၏။ ယထာ၊ ဥပမာ အားဖြင့်။ သတ္ထဝါဟော၊ လှည်းမှူးခေါင်းဆောင်သည်။ သတ္တေ၊ လှည်းကုန် သည်တို့ကို။ ကန္တာရံ၊ ခရီးခဲကို။ တာရေဘိ ယထာ၊ ကူးမြောက်စေဘိသို့။ စောရကန္တာရံ၊ ခိုးသူဒမြရှိသော ခရီးခဲကို။ တာရေတိ ယထာ၊ ကူးမြောက် စေဘိသို့။ ဝါဠကန္တာရံ၊ သားရဲရှိသော ခရီးခဲကို။ တာရေတိ ယထာ၊ ကူးမြောက်စေဘိသို့။ ဒုဗ္ဘိက္ခကန္တာရံ၊ အစာရခဲသော ခရီးခဲကို။ တာရေတိ ယထာ၊ ကူးမြောက်စေဘိသို့။ နိရုဒကကန္တာရံ၊ ရေမရှိသော ခရီးခဲကို။ တာရေတိ ယထာ၊ ကူးမြောက်စေဘိသို့။ ဥတ္တာရေတိ ယထာ၊ ကျော်လွန်စေ၏ သို့။နိတ္တာရေတိ ယထာ၊ ကျော်ထွက်စေ၏သို့။ ပတာရေတိ ယထာ၊ ကျော်ထွက် စေ၏သို့။ ခေမန္တဘူမိံ၊ ဘေးကင်းရာအရပ်သို့၊ ဘေးမဲ့ရာအရပ်သို့။ သမ္ပာပေတိ ယထာ၊ ရောက်စေ၏သို့။ ဧဝမေဝ၊ ထိုအတူပင်။ သတ္ထာ သတ္ထဝါဟော၊ လှည်းမှူးခေါင်းဆောင်သဖွယ် ဖြစ်တော်မူသော။ (သတ္ထာကို သတ္ထဝါဟောဟု ဖွင့်သည်။) ဘဂဝါ၊ မြတ်စွာဘုရားသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ကန္တာရံ၊ ခရီးခဲကို။ တာရေတိ၊ ကူးမြောက်စေတော်မူ၏။ ဇာတိကန္တာရံ၊ ဘဝအသစ် ဖြစ်ရခြင်းဟူသော ဇာတိခရီးခဲကို။ တာရေတိ၊ ကူးမြောက်စေ၏။ ဣတိ-အာဒိနာ၊ ဤသို့ အစရှိသော။ နိဒ္ဒေသနယေနာပိ၊ နိဒ္ဒေသ-နည်းဖြင့်လည်း။

ထွေ၊ ဤ သတ္ထာ ဟူသောပုဒ်၌။ အတ္ထော ဝေဒိတဗ္ဗော၊ အနက်ကို သိအပ်၏။
ဒေဝမနုဿာနန္တိ၊ ဒေဝမနုဿာနံ ဟူသည်ကား။တနည်း–နတ်လူတို့၏ ဟူသည်
ကား။ ဒေဝါနဉ္စ၊ နတ်တို့၏လည်းကောင်း။ မနုဿာနဉ္စ၊ လူတို့၏လည်း
ကောင်း။ သတ္ထာယေဝ၊ ဆရာပေတည်း။ (လျှည့်စပ်။) တေံ၊ ဤ နတ်လူတို့၏
ဆရာ ဟူသော စကားသည်။ ဥက္ကဋ္ဌပရိစ္ဆေဒဝသေန စ၊ အလွန်အမြတ်သတ္တဝါ
တို့ကိုပိုင်းခြားခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒ–
ဝသေန စ၊ ကျွတ်ထိုက်သောသတ္တဝါတို့ကို ပိုင်းခြားခြင်း၏ အစွမ်းအားဖြင့်
လည်းကောင်း။ ဝုတ္တံ၊ ဆိုအပ်သော စကားပေတည်း။ ပန၊ စင်စစ်အားဖြင့်
မူကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနုသာသနိပ္ပဒါနေန၊ အဆုံးအမ
ပေးသောအားဖြင့်။ တိရစ္ဆာနဂတာနမ္ပိ၊ တိရစ္ဆာန်တို့၏လည်း။ သတ္ထာ ယေဝ၊
ဆရာ ဖြစ်သည်သာလျှင်တည်း။ ဟိ၊ မှန်၏။ တေပိ၊ ထိုတိရစ္ဆာန်တို့သည်
လည်း။ ဘဂဝတော ဓမ္မဿဝနေန၊ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ
ခြင်းဖြင့်။ ဥပနိဿယသမ္ပတ္တိံ ပတ္တွာ၊ ပြည့်စုံခြင်းသို့ရောက်၍။ တာယ စေဝ
ဥပနိဿယသမ္ပတ္တိယာ၊ ထိုဥပနိဿယနှင့် ပြည့်စုံခြင်းဖြင့်ပင်လျှင်။ ဒုတိယေ
ဝါ အတ္တဘာဝေ၊ ဒုတိယ ဘဝ၌သော်လည်းကောင်း။ တတိယေ ဝါ အတ္တ-
ဘာဝေ၊ တတိယဘဝ၌သော်လည်းကောင်း။ မဂ္ဂဖလဘာဂိနော ဟောန္တိ၊
မဂ်, ဖိုလ် ဟုဆိုအပ်သော အဖို့ရှိကုန်၏။ ဝါ၊ မဂ်,ဖိုလ်–ရကြလေကုန်၏။ စ၊
မှန်ပေ၏။ ဧတ္ထ၊ ဤ အရာ၌။ မဏ္ဍူကဒေဝပုတ္တာဒယော၊ ဖားနတ်သား
စသည်တို့သည်။ နိဒဿနံ၊ ပုံစံညွှန်ပြ သာဓကပေတည်း။

ကိရ၊ ချဲ့၍ပြအံ့။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ဂဂ္ဂရာယ ပေါက္ခ–
ရဏိယာ တီရေ၊ ဂဂ္ဂရာ–ရေကန်၏ကမ်းနား၌။ စမ္ပာနဂရဝါသီနံ၊ စမ္ပာ မြို့သူ
မြို့သားတို့အား။ ဓမ္မံ ဒေသိယမာနေ၊ တရားဟောနေစဉ်။ဧကော မဏ္ဍူကော၊
ဖားတစ်ကောင်သည်။ ဘဂဝတော သရေ၊ မြတ်စွာဘုရား၏ အသံတော်၌။
နိမိတ္တံ၊ တရားသံဟူသော နိမိတ်ကို။ အဂ္ဂဟေသိ၊ နာယူလျက်နေ၏။ ဧကော
ဝစ္ဆပါလကော၊ နွားကျောင်းသား တစ်ယောက်သည်။ ဒဏ္ဍံ ဩလုဗ္ဘ၊နှင်တံ
(တံပြာ)ကို ထောက်လျက်။ တိဋ္ဌန္တော၊ ငေးမော ရပ်နေလတ်သော်။ တံ၊
ထိုဖားကို။ သီသေ သန္နိရုမ္ဘိတွာ၊ ဦးခေါင်း၌ ထောက်လျက်။ အဋ္ဌာသိ၊ တည်
လေ၏။ သော၊ ထို ဖားသည်။ တာဝဒေဝ၊ ထိုခဏ၌ပင်လျှင်။ ကာလကတွာ၊
သေ၍။ တာဝတိံသဘဝနေ၊ တာဝတိံသာနတ်ပြည်၌၊ တာဝတိံသာနတ်
ပြည်ဝယ်။ ဒွါဒသယောဇနိကေ ကနကဝိမာနေ၊ တစ်ဆယ့်နှစ်ယူဇနာ ရှိသော
ရွှေဗိမာန်၌။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။ စ၊ ဆက်၍ဆိုဦးအံ့။ သုတ္တပ္ပဗုဒ္ဓေါ ဝိယ၊

အိပ်ရာမှ နိုးသောသူကဲ့သို့။ တတ္ထ၊ ထိုဗိမာန်၌။ အစ္ဆရာသံဃပရိဝုတံ၊ နတ်သမီးအပေါင်း ခြံရံလျက်ရှိသော။ အတ္တာနံ ဒိသွာ၊ မိမိကိုယ်ကို တွေ့မြင်ရသောကြောင့်။ "အရေ၊ အချင်းတို့။ အဟမ္ပိ နာမ၊ ငါသို့သော ဖားသည် သော်လည်း။ ဣဓ၊ ဤရွှေဗိမာန်၌၊ နိဗ္ဗတ္တော၊ ဖြစ်ရချေသေး၏။ ကိံ နု ခေါ ကမ္မံ၊ အဘယ်သို့သော ကံကို။ အကာသိံ၊ ပြုခဲ့လေသနည်း။" ဣတိ၊ ဤသို့။ အာဝဇ္ဇေန္တော၊ ဆင်ခြင်လတ်သော်။ ဘဂဝတော သရေ၊ မြတ်စွာဘုရား၏ တရားတော်အသံ၌။ နိမိတ္တဂ္ဂါဟာ၊ နိမိတ်ကိုယူခြင်းမှ။ အညတြ၊ ကြဉ်၍— ထား၍။ အညံ ကိဉ္စိ၊ အခြား တစုံတခုသော ကောင်းမှုကိုမျှ။ န အဒ္ဒသ၊ မတွေ့ မမြင်ရပဲရှိလေ၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုဖားနတ်သားသည်။ တာဝဒေဝ၊ ထိုခဏ၌ပင်လျှင်။ သဟ ဝိမာနေန၊ ရွှေဗိမာန်နှင့်တကွ။ အာဂန္တွာ၊ လာလတ်၍။ ဘဂဝတော ပါဒေ၊ မြတ်စွာဘုရား၏ ခြေတော်တို့ကို။ သိရသာ ဝန္ဒိ၊ ဦးတိုက်လျက် ရှိခိုးလေ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဇာနန္တောဝ၊ သိတော်မူလျက်ပင်။—

"ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။ အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ"

"ဣဒ္ဓိယာ၊ နတ်၏တန်ခိုးဖြင့် လည်းကောင်း။ ယသသာ၊ အခြံအရံဖြင့် လည်းကောင်း။ ဇလံ ဇလန္တော၊ ထွန်းလင်း တောက်ပလျက်။ အဘိက္ကန္တေန ဝဏ္ဏေန၊ အလွန်နှစ်သက်ဖွယ်သော အဆင်းဖြင့်။ သဗ္ဗာဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့ကို။ ဩဘာသယံ- ဩဘာသယန္တော၊ ထွန်းလင်းစေလျက်။ မေ ပါဒါနိ၊ ငါဘုရား၏ ခြေတို့ကို။ ဝန္ဒတိ၊ ရှိခိုးသူကား။ ကော၊ အဘယ်သူနည်း၊ မည်သူနည်း။" ဣတိ ပုစ္ဆိ၊ ဤသို့ မေးတော်မူလေ၏။

(၂၀၃) ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးဘဝ၌။ ဝါ၊ ရှေးဘဝတုန်းက။ ဥဒကေ၊ ရေ၌။ ဇာတော၊ ပေါက်ဖွားသည်ဖြစ်၍။ ဂေါရိဂေါစရော၊ ရေ၌ကျက်စားရာရှိသော။ မဏ္ဍူကော၊ ဖားသတ္တဝါသည်။ အာသိံ၊ ဖြစ်ခဲ့ပါသည်။ တဝ၊ အရှင်ဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သုဏန္တဿ၊ နာနေစဉ်။ တဝ ဓမ္မံ သုဏန္တဿ၊ အရှင်ဘုရား၏ တရားတော်ကို နာနေစဉ်။ ဝစ္ဆ— ပါလကော၊ နွားကျောင်းသားသည်။ မမ သမီပံ အာဂန္တွာ၊ အကျွန်ုပ်၏အနီးသို့ လာလျက်။ ဒဏ္ဍံ ဩလုဗ္ဘ၊ တံပြာကိုထောက်လျက်။ တိဋ္ဌတော၊ တည်လာသည်ရှိသော်။ မမ သီသေ၊ အကျွန်ုပ်၏ ဦးခေါင်းထက်၌။ ဒဏ္ဍံ သန္နိရုမ္ဘိတွာ၊ တံပြာကိုဖိလျက်။ မံ၊ အကျွန်ုပ်ကို။ အဝဓိ၊ သေစေခဲ့ပါသည်။ ဣတိ အာဟ၊ ဤသို့ လျှောက်ထားလေ၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုနတ်သားအား။ ဓမ္မံ၊ တရားကို။ ဒေသေသိ၊ ဟောတော်မူ၏။ စတုရာသီတိယာ ပါဏသဟဿာနံ၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိမြင်ခြင်းသည်။ အဟောသိ၊ ဖြစ်လေပြီ။ ဒေဝပုတ္တောပိ၊ ဖားနတ်သားသည်လည်း၊ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာယ၊ တည်ပြီး၍၊ တည်ပြီလျှင်။ သိတံ ကတွာ၊ ပြုံးခြင်းကို ပြုလျက်၊ ပြုံးလျက်။ ပက္ကမိ၊ ဖယ်ခွာသွားလေ၏။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်ပြီ။ (ဂ)

၁၄၁။ ပန၊ ထိုမှတပါး။ ယံ ကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ဉေယျံ နာမ၊ သိသင့်-သိထိုက်သော တရားမည်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗဿေဝ ဉေယျဿ၊ ထိုဉေယျမံတရား အလုံးစုံကိုလျှင်။ ဝိမောက္ခန္တိကဉာဏဝသေန၊ ဝိမောက္ခန္တိကဉာဏ်တော်၏ အစွမ်းအားဖြင့်။ ဗုဒ္ဓတ္တာ၊ သိတော်မူပြီး ဖြစ်သောကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-မည်တော်မူပါပေ၏။ ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင်ကြောင့်။ စတ္တာရိ သစ္စာနိ၊ လေးပါးသော သစ္စာတို့ကို။ အတ္တနာပိ၊ ကိုယ်တော်တိုင်လည်း။ ဗုဇ္ဈိ၊ သိတော်မူလေပြီ။ အညေပိ သတ္တေ၊ အခြားသတ္တဝါတို့ကိုလည်း။ ဗောဓေသိ၊ သိစေတော်မူလေပြီ။ တသ္မာ၊ ထိုသို့ သိတော်မူခြင်း, သိစေတော်မူခြင်းကြောင့်။ ဧဝမာဒီဟိ၊ ဤသို့ အစရှိကုန်သော။ ကာရဏေဟိပိ၊ အကြောင်းတို့ဖြင့်လည်း။ ဧဝမာဒီဟိပိ ကာရဏေဟိ၊ ဤသို့ အစရှိကုန်သော အကြောင်းတို့ဖြင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-မည်တော်မူပါပေ၏။ ပန၊ ဆက်ဦးအံ့။ ဝါ၊ မှန်ပေ၏။ ဣမဿ အတ္ထဿ စ၊ ဤဆိုခဲ့သော အနက်ကိုလည်း။ ဝိညာပနတ္ထံ၊ သိနားလည်စေရန် အလို့ငှာ။ "သစ္စာနိ၊ သစ္စာတို့ကို။ ဗုဒ္ဓတာ၊ သိတော်မူတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-မည်တော်မူ၏။ ပဇာယ၊ သတ္တဝါအပေါင်းကို။ ဗောဓေတာ၊ သိစေတော်မူတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-မည်တော်မူ၏။" ဣတိ ဧဝံ၊ ဤသို့။ ပဝတ္တော၊ ဖြစ်သော။ သဗ္ဗောပိ နိဒ္ဒေသနယော ဝါ၊ အလုံးစုံသော နိဒ္ဒေသနည်းကို လည်းကောင်း။ သဗ္ဗောပိ ပဋိသမ္ဘိဒါနယော ဝါ၊ အလုံးစုံသော ပဋိသမ္ဘိဒါနည်းကို လည်းကောင်း။ ဝိတ္ထာရေတဗ္ဗော၊ ချဲ့၍ပြအပ်၏။ (ဃ)

၁၄၂။ ပန၊ အဖို့တပါးကား။ ဘဂဝါတိ ဣဒံ၊ ဘဂဝါ-ဟူသော ဤအမည်သည်။ အဿ ဘဂဝတော၊ ဤမြတ်စွာဘုရား၏။ ဂုဏဝိသိဋ္ဌသဗ္ဗ-သတ္တုတ္တမဂရုဂါရဝါဓိဝစနံ၊ သီလ-အစရှိသော ဂုဏ်တို့ဖြင့် ထူးတော်မူ

သောကြောင့် သတ္တဝါအားလုံးတို့ထက် မြတ်တော်မူ၍ အလေးပြုအပ်သော ဆရာမြတ်ကြီး ဖြစ်တော်မူသည့် မြတ်စွာဘုရားအား အလေးပြုသောအားဖြင့် ခေါ်ဆိုအပ်သော အမည်ပေတည်း။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။—

"ဘဂဝါတိ ဝစနံ၊ ဘဂဝါဟူသော အမည်စကားသည်။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ်သော အမည်ပေတည်း။ ဘဂဝါတိ ဝစနံ၊ ဘဂဝါဟူသော အမည်စကားသည်။ ဥတ္တမံ၊ မြတ်လှပေ၏။ ဂရု၊ အလေးပြုအပ်သော ဆရာမြတ်ကြီး ဖြစ်တော်မူပါပေ၏။ ဂါရဝ ယုတ္တော၊ အလေးပြုထိုက်ကြောင်း သီလ-စသည်နှင့် ပြည့်စုံတော်မူပါပေ၏၊ တေန၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝါ၊ ကို။ ဘဂဝါ၊ ဘဂဝါ ဟူ၍၊ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။" ဣတိ၊ ဤသို့။ အာဟု၊ ဆိုကုန်ပြီ။

ဝါ၊ တနည်းကား။ နာမံ၊ အမည်သည်။ အာဝတ္ထိကံ၊ အာဝတ္ထိက-အမည် လည်းကောင်း။ ဝါ၊ အခိုက်အတန့်ကိုစွဲ၍ ခေါ်ဝေါ်အပ်သော အမည် လည်းကောင်း။ လိင်္ဂိကံ၊ လိင်္ဂိက—အမည် လည်းကောင်း။ ဝါ၊ အသွင်ကိုစွဲ၍ ခေါ်ဝေါ်အပ်သော အမည်လည်းကောင်း။ နေမိတ္တိကံ၊ နေမိတ္တိက-အမည် လည်းကောင်း။ ဝါ၊ ဂုဏ်ကိုစွဲ၍ ခေါ်ဝေါ်သော အမည် လည်းကောင်း။ အဓိစ္စသမုပ္ပန္နံ၊ အဓိစ္စသမုပ္ပန္န-အမည် လည်းကောင်း။ ဝါ၊ အကြောင်းနိမိတ်ကို လွှမ်းမိုးသဖြင့် ခေါ်ဝေါ်သော အမည်လည်းကောင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။ အဓိစ္စသမုပ္ပန္နံ နာမ၊ အဓိစ္စသမုပ္ပန္န အမည် ဟူသည်ကား။ လောကိယဝေါဟာရေန၊ လောကီသဒ္ဒါဆရာတို့၏ ဝေါဟာရအားဖြင့်။ ယဒိစ္ဆကံ၊ ယဒိစ္ဆက-အမည်ပင်တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော ဟောတိ၊ ဆိုလိုသည်ဖြစ်၏။ တတ္ထ၊ ထိုအမည်လေးပါးတို့တွင်။ ဝစ္ဆော၊ နွားငယ်။ ဒမ္မော၊ ဆုံးမလောက်သောနွား၊ ထမ်းပိုးကျင့်လောက်သောနွား။ ဗလီဗဒ္ဒေါ၊ ဝန်ကိုဆောင်သောနွား။ ဧဝမာဒိ၊ ဤသို့အစရှိသော အမည်သည်။ အာဝတ္ထိကံ၊ အာဝတ္ထိက-အမည်ပေတည်း။ ဝါ၊ အခိုက်အတန့်ကိုစွဲ၍ ခေါ်ဝေါ်သော အမည်ပေတည်း။ ဒဏ္ဍီ၊ တောင်ဝှေးရှိသောသူ၊ တောင်ဝှေးကိုင်သောသူ။ ဆတ္တီ၊ ထီးဆောင်းသောသူ။ သိခီ၊ ဦးစွန်းရှိသောသူ။ ကရီ၊ လက်မောင်းရှိသောသူ။ ဣတိ ဧဝမာဒိ၊ ဤသို့အစရှိသော အမည်သည်။ လိင်္ဂိကံ၊ လိင်္ဂိက-အမည်ပေတည်း။ ဝါ၊ အသွင်အပြင်ကိုစွဲ၍ ခေါ်သောအမည်ပေတည်း။ တေဝိဇ္ဇော၊ ဝိဇ္ဇာသုံးပါးရှိ

သောသူ။ ဆင္ဃာတိသော၊ အဘိညာဉ်ခြောက်ပါးရှိသောသူ။ ဣတိ ဧဝမာဒိ၊ ဤသို့ အစရှိသည်သည်။ နေမိတ္တိကံ၊ နေမိတ္တိက-အမည်ပေတည်း။ ဝါ၊ ဂုဏ်, အကြောင်းနိမိတ်ကို စွဲ၍ခေါ်သောအမည်တည်း။ သံရိဝစ္စကော၊ ကျက်သရေကို ပွားစေသောသူ၊ ကျွန်။ ဓနဝစ္စကော၊ ဥစ္စာကိုပွားစေသောသူ၊ ကျွန်။ ဣတိ ဧဝမာဒိ၊ ဤသို့အစရှိသော အနက်သည်။ ဝစနတ္ထံ အနပေက္ခိတွာ၊ သဒ္ဒါအနက်ကို မငဲ့မူ၍။ ပဝတ္တံ၊ ဖြစ်သော အမည်သည်။ အဓိစ္စသမုပ္ပန္နံ၊ အဓိစ္စသမုပ္ပန္န—အမည်ပေတည်း။ ဝါ၊ အကြောင်းကိုကျော်လွန်၍ ခေါ်ဝေါ်သော အမည်ပေတည်း။ ပန၊ အထူးကား။ ဘဂဝါတိ ဣဒံ နာမံ။ ဘဂဝါ ဟူသော ဤအမည်သည်။ နေမိတ္တိကံ၊ ဂုဏ်, အကြောင်းနိမိတ်ကို စွဲ၍ဖြစ်သော နေမိတ္တိက-အမည်ပေတည်း။ မဟာမာယာယ၊ မယ်တော်မဟာမာယာဒေဝီသည်။ န ကတံ၊ မှည့်ခေါ်အပ်သောအမည် မဟုတ်ပေ။ သုဒ္ဓေါဒနမဟာရာဇေန၊ ခမည်းတော် သုဒ္ဓေါဒန-မင်းကြီးသည်။ န ကတံ၊ မှည့်ခေါ်အပ်သောအမည် မဟုတ်ပေ။ အသီတိယာ ဉာတိသဟဿေဟိ၊ ရှစ်သောင်းသော ဆွေတော်-မျိုးတော်တို့သည်။ န ကတံ၊ မှည့်ခေါ်အပ်သောအမည် မဟုတ်ပေ။ သက္က—သန္တုသိတာဒီဟိ၊ သိကြား, သန္တုသိတ—အစရှိကုန်သော။ ဒေဝတာဝိသေ-သေဟိ၊ နတ်အထူးတို့သည်။ န ကတံ၊ မှည့်ခေါ်အပ်သောအမည် မဟုတ်ပေ။ စ၊ မှန်ပေ၏။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်သည်။ "ဘဂဝါတိ ဧတံ နာမံ၊ ဘဂဝါ-ဟူသော ဤအမည်သည်။ မာတရာ၊ မယ်တော်မာယာသည်။ န ကတံ၊ မှည့်ခေါ်အပ်သောအမည် မဟုတ်ပေ။ ပ။ ယဒိဒံ—ယာ ဧသာ ဘဂဝါတိ ပညတ္တိ၊ အကြင် ဘဂဝါ-ဟူသော နာမပညတ်သည်။ အတ္ထိ၊ ရှိ၏။ ဘဂဝန္တာနံ၊ ဘုန်းတော်ကြီးကုန်သော။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားရှင်တို့၏။ ဧတံ နာမံ၊ ဤ ဘဂဝ -ဟူသော အမည်သည်။ ဝိမောက္ခန္တိကံ၊ အရဟတ္တမဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ခဏ၌ဖြစ်၏။ ဧသာ ပညတ္တိ။ ဘဂဝါ—ဟူသောဤအမည် ပညတ်သည်။ ဘဂဝန္တာနံ ဗုဒ္ဓါနံ၊ ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့၏။ ဗောဓိယာမူလေ၊ ဗောဓိပင်အောက်၌။ သဗ္ဗညုတညာဏဿ၊ သဗ္ဗညုတဉာဏ်ကို။ ပဋိလာဘာ-ပဋိလာဘေန သဟ၊ ရတော်မူသည်နှင့် တပြိုင်နက်။ သစ္ဆိကာ မျက်မှောက်သိအပ်သော။ ပညတ္တိ၊ ပညတ်ပေတည်း။" ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ မဟာနိဒ္ဒေသ—၌ ဟောတော်မူအပ်ပေ၏။

၁၄၃။ ဧတံ နာမံ၊ ဤ ဘဂဝါ-ဟူသော အမည်သည်။ ယံ ဂုဏ—နေမိတ္တိကံ၊ အကြင် ဂုဏ်,အကြောင်းနိမိတ်တို့ကို စွဲမှီ၍ဖြစ်၏။ တေသံ ဂုဏာနံ

ပကာသနတ္ထံ၊ ထိုဂုဏ်တို့ကို ပြခြင်းငှာ။ ဣမံ ဂါထံ၊ ဤ အောက်ပါဂါထာကို။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏ –

"ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ဘဂီ၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-ဟု ဆိုအပ်သော ဘုန်းတော်ခြောက်ပါး ရှိတော်မူ၏။ (ဘဂါ အဿ ဘဂဝတော သန္တီတိ ဘဂီ။) ဣတိ-တသ္မာ၊ ထိုသို့ ဘုန်းတော်ခြောက်ပါး ရှိတော်မူသည်၏ အဖြစ်ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘဇီ၊ ဆိတ်ငြိမ်ရာနှင့် ဈာန်-အဘိညာဉ်, မဂ်,ဖိုလ်တရားထူးများသို့ ကပ်ရောက်တော်မူလေ့ ရှိတော်မူ၏။(ဘဇိ သေဝိ သီလေ-နာတိ ဘဇီ။) ဣတိ—တသ္မာ၊ ထိုသို့ ကပ်ရောက်တော်မူလေ့ရှိတော်မူသည်၏ အဖြစ်ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘာဂီ၊သက်နီးအစရှိသော ပစ္စည်းလေးပါးတို့၏ အဖို့ရှိတော်မူ၏။(ဘာဂေါ ယဿ ဘဂဝတော အတ္ထီတိ ဘာဂီ။) ဣတိ-တသ္မာ၊ ထိုသို့ အဖို့ရှိတော်မူသောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဝိဘတ္တဝါ၊ တရားရတနာကို ဝေဖန် ဟောကြားတော်မူလေပြီ။ ဣတိ-တသ္မာ၊ ထိုသို့ ဝေဖန်ဟောကြားတော် မူတတ်သောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘဂ္ဂံ၊ ရာဂ-အစရှိသောတရားကို ဖျက်ဆီး ခြင်းကို။ အကာသိ၊ ပြုတော်မူလေပြီ။ ဣတိ—တသ္မာ၊ ထိုသို့ ဖျက်ဆီးတော်မူသောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ရု၊ အလေးအမြတ် ပြုအပ်၏။ ဣတိ–တသ္မာ၊ ထိုသို့ အလေးအမြတ် ပြုအပ်သောကြောင့်။ သော ဘဂဝါ၊ ထို မြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ဘာဂျဝါ၊ ဒါန, သီလ–စသော အထွတ်အထိပ် ဘုန်းကံရှိတော်မူ၏။ ဘာဂျံ ယဿ ဘဂဝတော အတ္ထီတိ ဘာဂျဝါ။) ဣတိ–တသ္မာ၊ ထိုသို့ အတွတ်အထိပ် ဘုန်းကံရှိတော်မူသောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယေန ဘဂဝတာ၊ အကြင်မြတ်စွာဘုရားသည်။ ဗဟူဟိ၊ များစွာကုန်သော။ ဉာယေဟိ၊ ကာယဘာဝနာ အစရှိကုန်သော နည်းတို့ဖြင့်။ အဘ္ဘနော၊ ကာယ, သီလ, စိတ္တ,ပညာ ဟုဆိုအပ်ကုန်သော သဘောတို့ကို။ သုဘာဝိတာ၊ ကောင်းစွာ ပွားစေအပ်ကုန်ပြီ။ ဣတိ–တသ္မာ၊ ထိုသို့ကောင်းစွာပွားစေတော် မူသောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘဝန္တဂေါ၊ ဘဝ၏အဆုံး နိဗ္ဗာန်သို့ ရောက်တော်မူလေပြီ။ ဣတိ တသ္မာ၊ ထိုသို့ ဘဝ၏အဆုံး နိဗ္ဗာန်သို့ ရောက်တော်မူသောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။”ဣတိ၊ ဤသည်ကား နိဒ္ဒေသ-ဂါထာ တည်း။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤဂါထာ၌။ နိဒ္ဒေသေ၊ နိဒ္ဒေသ၌။ ဝုတ္တ–နယေနေဝ၊ အကျယ်ပြဆိုထားသော နည်းဖြင့်ပင်လျှင်။ တေသံ တေသံ ပဒါနံ၊ ထိုထိုပုဒ်တို့၏။ အတ္ထော၊ အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

၁၄၄။ အယံ ပန၊ ယခုဆိုမည့် အဖွင့်သည်ကား။ အပရော၊ နိဒ္ဒေသ နည်းမှတပါးသော။ နယော၊ အဋ္ဌကထာနည်းပေတည်း။

ဘာဂျဝါ၊ဘုန်းတော် ကံတော်နှင့် ပြည့်စုံတော်မူပါပေ၏။ဘဂ္ဂဝါ၊ ရာဂ–စသော မကောင်းမှုကို ဖျက်ဆီးတော်မူလေပြီ။ ဘဂေဟိ၊ ဘဂ

မည်သော ဂ္ဃဿရိယ စသည်တို့နှင့်။ ယုတ္တော၊ ယှဉ်တော်မူပေ၏။ ဝိဘတ္တဝါ၊ ဝေဖန် ဟောကြားတော်မူလေပြီ။ ဘတ္တဝါ၊ ဆည်းကပ်တော်မူလေပြီ။ ဘဝေသု၊ ဘဝသုံးပါးတို့၌။ ဝန္တဂမနော။ သွားသော တဏှာကို ထွေးအန်တော်မူလေပြီ။ တတော၊ ထို့ကြောင့်။ ဘဂဝါ၊ ဘဂဝါ—မည်တော်မူပါပေ၏။ ဣတိ၊ ဤသည်ကား။ မာတိကာ၊ ခေါင်းစဉ်မာတိကာ ဂါထာပေတည်း။ တနည်း–

ယတော-ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘာဂျဝါ၊ ပါရမီအဖြစ်သို့ရောက်သော ကောင်းမှုကံ ရှိတော်မူ၏။ တတော—တသ္မာ၊ ထိုသို့ ပါရမီ၏အဖြစ်သို့ ရောက်သော ကောင်းမှုကံ ရှိတော်မူသည်၏ အဖြစ်ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ-မည်တော်မူပါပေ၏။ ယတော-ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ပရိဿယာနံ၊ လောဘ, ဒေါသ, မောဟ အစရှိသော ဘေးရန်တို့ကို။ ဘဂ္ဂဝါ၊ ဖျက်ဆီးတော်မူပြီ။ တတော-တသ္မာ၊ ထိုသို့ ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ-မည်တော်မူပါပေ၏။ ယတော—ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ ဘဂေဟိ၊ဣဿရိယ,ဓမ္မ, ယသ,သိရီ,ကာမ,ပယတ္တ—တို့၏ အစွမ်းအားဖြင့် ခြောက်ပါးကုန်သော ဘဂ—တရားတို့နှင့်။ ယုတ္တော၊ ယှဉ်တော်မူပါပေ၏။ တတော-တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ-မည်တော် မူပါပေ၏။ ယတော—ယသ္မာ၊ အကြင်ကြောင်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဝိဘတ္တဝါ၊ ကုသိုလ်အစရှိကုန်သော တရားတို့ဖြင့် အလုံးစုံသော တရားတို့ကို ဝေဖန် ဟောကြားတော် မူလေပြီ။ တတော—တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ-မည်တော်မူပါပေ၏။ ယတော ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘတ္တဝါ၊ မှီဝဲဆည်းကပ်တော် မူလေပြီ။ တတော—တသ္မာ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ၏။ ယတော-ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ဘဝေသု၊ ဘဝသုံးပါးတို့၌။ ဝန္တ–

ဂမနော၊ သွားသောတရားကို ထွေးအန်တော် မူလေပြီ။ တတော–တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ-မည်တော်မူပါပေ၏။ ဣတိ၊ ဤသည်ကား။ မာတိကာ၊ ခေါင်းစဉ်မာတိကာ ဂါထာပေတည်း။

တတ္ထ၊ ထိုဂါထာ၌။ ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယောတိအာဒိကံ၊ ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယယော–ဤသို့ အစရှိသော။ ဝါ၊ အက္ခရာလာသော ဝဏ္ဏာဂမ-နည်း, အက္ခရာရှေ့နောက်ပြန်သော ဝဏ္ဏဝိပရိယာယ-နည်း, အက္ခရာ ဖောက်ပြန် ပြောင်းလဲသော ဝဏ္ဏဝိကာရ-နည်း, အက္ခရာကို ချေ ှက်နုတ် ပယ်သော ဝဏ္ဏလောပ-နည်း, ဓာတ်၏ပိုလွန်သော အနက်ရှိသော ဓာတု အတ္ထာတိသယ–နည်းဟူသော။ နိရုတ္တိလက္ခဏံ၊ နိရုတ္တိကျမ်းလာ လက္ခဏာကို။ ဂဟေတွာ ဝါ၊ ယူ၍သော်လည်းကောင်း။ သဒ္ဒနယေန၊ သဒ္ဒါကျမ်းနည်းဖြင့်။ ဝိသောဒရာဒိပက္ခေပလက္ခဏံ၊ ဝိသောဒရာဒိဂိုဏ်း၌ ထည့်သွင်းခြင်းလက္ခဏာကို။ ဂဟေတွာ ဝါ၊ ယူ၍သော်လည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ အယံ ဘဂဝတော၊ ဤမြတ်စွာဘုရားအား။ လောကိယလောကုတ္တရသုခါ-ဘိနိဗ္ဗတ္တကံ၊ လောကီ, လောကုတ္တရာ—ချမ်းသာတို့ကို ဖြစ်စေတတ်သော။ ဒါနသီလာဒိပါရပ္ပတ္တံ၊ ဒါန, သီလ-အစရှိသော အထွတ်အထိပ်သို့ရောက်သော။ ဘာဂျံ၊ ဘာဂျ-ခေါ် ဘုန်းကံတော်သည်။ အတ္ထိ၊ ရှိပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဘာဂျဝါတိ ဝတ္တဗ္ဗေ၊ ဘာဂျဝါ-ဟုဆိုသင့်သော်လည်း။ ဝါ၊ ဆိုသင့်ရာ၌။ ဘဂဝါတိ၊ ဘဂဝါ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဣတိ၊ ဤသို့။ ဉာတဗ္ဗံ၊ သိအပ်၏။ (၁)

ပန။ ထို့မှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ လောဘ ဒေါသ မောဟ ဝိပရီတမနသိကာရ (ကေက) အဟိရိကာနောတ္တပ္ပ ကောဓူပနာဟ မက္ခ ပဠာသ ဣဿာ မစ္ဆရိယ မာယာ သာဌေယျ ထမ္ဘ သာရမ္ဘ မာနာတိမာန မဒ ပမာဒ တဏှာ အဝိဇ္ဇာ (ဒုက) တိဝိဓာကုသလမူလ ဒုစ္စရိတ သံကိလေသ မလ ဝိသမ သညာ ဝိတက္က ပပဉ္စ (တိက) စတုဗ္ဗိဓဝိပရိယာယေသ အာသဝ ဂန္ထ ဩဃ ယောဂ အဂတိ တဏှုပ္ပါဒုပါဒါန (စတုက္က)ပဉ္စစေတောခိလဝိနိဗန္ဓနီဝရဏာဘိနန္ဒနာ (ပဉ္စက) ဆ ဝိဝါဒမူလ တဏှာကာယ (ဆက္က) သတ္တာနုသယ (သတ္တက) အဋ္ဌမိစ္ဆတ္တ (အဋ္ဌက) နဝတဏှာမူလက (နဝက) ဒသာကုသလကမ္မပထ (ဒသက) ဒွါသဋ္ဌိဒိဋ္ဌိဂတ အဋ္ဌသတတဏှာဝိစရိတပ္ပဘေဒ သဗ္ဗဒရထပရိဠာဟကိလေသ သတသဟဿာနိ၊ လောဘ, ဒေါသ, မောဟ, ဖောက်ပြန်သောနှလုံးသွင်းခြင်း

မနသိကာရ, (ကေက တစ်ပါးစီသော ကိလေသာတို့ကိုပြသည်။) အကုသိုလ်မှုမရှက်ခြင်း–အဟိရိက, အကုသိုလ်မှုမထိတ်လန့်ခြင်း–အနောတ္တပ္ပ, အားချက်ထွက်ခြင်း–ကောဓ, ရန်ငြိုးဖွဲ့ခြင်း–ဥပနာဟ၊ သူ့ကျေးဇူးကိုချေဖျက်ခြင်း–မက္ခ, ဂုဏ်မြင့်သူနှင့်တန်းတူပြု၍ ပြိုင်ဖက်ခြင်း ပဠာသ၊ မနာလိုခြင်း–ဣဿာ, ဝန်တိုခြင်း–မစ္ဆရိယ, မိမိအပြစ်ကို ဖုံးကွယ်လှည့်စားခြင်း-မာယာ, မရှိသော ဂုဏ်ဖြင့် ဟန်ဆောင်လျက် ကောက်ကျစ်ခြင်း–သာဌေယျ, မရိုသေ မညွတ် ကိုင်းနိုင်အောင် ခက်ထန်ခြင်း-ထမ္ဘ, သူ့ထက်သာအောင်ပြု၍ ချုပ်ချယ်နှိမ်ခြင်း–သာရမ္ဘ, မာန်တက်ခြင်း–မာန, အလွန်မာန်တက်ခြင်း–အတိမာန, မာန်ယစ်ခြင်း–မဒ, မေ့လျော့ခြင်း–ပမာဒ, တဏှာ, အဝိဇ္ဇာ, (ဒုက–နှစ်ပါးစီသော ကိလေသာတို့ကိုပြသည်။) သုံးပါးအပြားရှိသော အကုသိုလ်မူလ, ဒုစရိုက်, သံကိလေသ, အညစ်အကြေး–မလ, မညီညွတ်မှု–ဝိသမ, သညာ, ဝိတက်, ပပဉ္စ (တိက–သုံးပါးစီသော ကိလေသာတို့ကိုပြသည်။) လေးပါးစီ အပြားရှိသော ဝိပလ္လာသ, အာသဝ, ဂန္ထ, ဩဃ, ယောဂ, အဂတိ, တဏှာ၏ဖြစ်ခြင်း, ဥပါဒါန် (စတုက္က–လေးပါးစီသော ကိလေသာတို့ကိုပြသည်။) ငါးပါးစီအပြားရှိသော စေတောခီလ, စေတောဝိနိဗန္ဓ, နီဝရဏ, အဘိနန္ဒန (ပဉ္စက–ငါးပါးစီသောကိလေသာတို့ကိုပြသည်။) ခြောက်ပါးစီအပြားရှိသော ဝိဝါဒမူလ, တဏှာကာယ (ဆက္က–ခြောက်ပါးစီသောကိလေသာတို့ကိုပြသည်။), ခုနစ်ပါးသော အနုသယ (သတ္တက), ရှစ်ပါးသော မိစ္ဆတ္တ (အဋ္ဌက), ကိုးပါးသော တဏှာမူလက–တဏှာအရင်းခံတရား နဝက), ဆယ်ပါးသော အကုသိုလ်ကမ္မပထ (ဒသက), ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ, တစ်ရာ့ရှစ်ပါးသော တဏှာဝိစရိုက်အပြားရှိကုန်သော အလုံးစုံသော ပူပန်ခြင်း–ပူလောင်ခြင်းကို ပြုတတ်ကုန်သော တသိန်းမကများလှစွာကုန်သော ကိလေသာတို့ကို။ အဘဉ္ဇိ၊ ဖျက်ဆီးတော်မူလေပြီ။ သင်္ခေပတော ဝါ၊ အကျဉ်းချုပ်အားဖြင့်မူကား။ ပဉ္စ ကိလေသခန္ဓအဘိသင်္ခါရဒေဝပုတ္တမစ္စုမာရေ၊ ကိလေသမာရ်, ခန္ဓမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ်, မစ္စုမာရ်–ဟူသော ငါးပါးသောမာရ်တို့ကို၊ အဘဉ္ဇိ၊ ဖျက်ဆီးတော်မူလေပြီ။ တေသံ ပရိဿယာနံ၊ ဤ ကိလေသာရန်သူတို့ကို။ တသ္မာ ဘဂ္ဂတ္တာ၊ ထိုသို့ ဖျက်ဆီးတော်မူပြီးဖြစ်သောကြောင့်။ ဘဂ္ဂဝါတိ ဝတ္တဗ္ဗေ၊ ဘဂ္ဂဝါ–ဟုဆိုသင့်ရာ၌။ ဝါ၊ ဘဂ္ဂါ–ဟု ဆိုသင့်သော်လည်း။ ဘဂဝါတိ၊ ဘဂဝါ–ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ စ၊ ဆက်ဦးအံ့။ ဝါ၊ အကျယ်မှတပါး အကျဉ်းကိုဆိုဦးအံ့။ တွေ၊ ဤအရာ၌။ သုခဂ္ဂဟဏတ္ထံ၊ မှတ်သားလွယ်ကူစိမ့်သောငှာ။

"ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ဘဂ္ဂရာဂေါ၊ ဖျက်ဆီးအပ်ပြီးသော ရာဂ—ရှိတော်မူ၏။ ဝါ၊ ရာဂ—ကို ဖျက်ဆီးတော်မူလေပြီ။ ဘဂ္ဂ—ဒေါသော၊ ဖျက်ဆီးအပ်ပြီးသော ဒေါသ-ရှိတော်မူ၏။ ဝါ၊ ဒေါသကို ဖျက်ဆီးတော်မူလေပြီ။ ဘဂ္ဂမောဟော၊ ဖျက်ဆီးအပ်ပြီးသော မောဟ—ရှိတော်မူ၏။ ဝါ၊ မောဟ—ကို ဖျက်ဆီးတော်မူလေပြီ။ အနာသဝေါ၊ အာသဝေါမရှိ ကင်းစင်တော်မူလေ၏။ အဿ-အနေန၊ ဤမြတ်စွာဘုရားသည်။ ပါပကာ ဓမ္မာ၊ ယုတ်မာသော အကုသိုလ်တရားတို့ကို။ ဘဂ္ဂါ၊ ဖျက်ဆီးတော်မူအပ်ကုန်ပြီ။ တေန၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါ၊ ဘဂဝါ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။" ဣတိ၊ ဤသို့။ တော၊ ဤဂါထာကို။ အာဟ၊ ဆိုပြီ။

စ၊ ဆက်ဦးအံ့။ ဘာဂျဝတာယ၊ ဘုန်းတော် ကံတော်နှင့် ပြည့်စုံခြင်းဖြင့်။ သတပုညလက္ခဏဓရဿ၊ အရာမက များလှစွာသော ဘုန်းကံကြောင့်ဖြစ်သော မဟာပုရိသ—လက္ခဏာတို့ကို ဆောင်သော။ အဿ၊ ထိုမြတ်စွာဘုရား၏။ ရူပကာယသမ္ပတ္တိ၊ ရူပကာယ၏ ပြည့်စုံခြင်းကို။ ဒီပိတာ ဟောတိ၊ ပြအပ်ပေ၏။ ဘဂ္ဂဒေါသတာယ၊ အကုသိုလ်အပြစ်တို့ကို ဖျက်ဆီးပြီးဖြစ်သဖြင့်။ အဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဓမ္မကာယသမ္ပတ္တိ၊ ဓမ္မကာယ၏ ပြည့်စုံခြင်းကို။ ဒီပိတာ၊ ပြအပ်၏။ တထာ၊ ထိုအတူ။ လောကိယ—သရိက္ခကာနံ၊ လူများစုနှင့် စူစမ်းဆင်ခြင်တတ်သော ပညာရှိတို့၏။ ဗဟု—မတဘာဝေါ၊ များစွာ မြတ်နိုးအပ်သည်၏အဖြစ်ကို။ ဒီပိတော၊ ပြအပ်၏။ ဘာဂျဝတာယ၊ ဘုန်းတော် ကံတော်နှင့် ပြည့်စုံခြင်းဖြင့်။ ဂဟဋ္ဌပဗ္ဗဇိတေဟိ၊ လူ, ရှင်, ရဟန်းတို့သည်။ အဘိဂမနီယတာ၊ ချဉ်းကပ်အပ်သည်၏ အဖြစ်ကို။ ဒီပိတာ ဟောတိ၊ ပြအပ်၏။ အဘိဂတာနံ၊ ချဉ်းကပ်လာကုန်သော။ နေသဥ္စ၊ ထိုလူ, ရှင်, ရဟန်းတို့၏လည်း။ (၂၀၅) ကာယစိတ္တဒုက္ခာပနယနေ၊ ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း—တို့ကို ပယ်ခြင်း၌။ ပဋိဗလဘာဝေါ၊ စွမ်းနိုင်သည်၏အဖြစ်ကို။ ဒီပိတော ဟောတိ၊ ပြအပ်၏။ အဘိဂတာနံ၊ ချဉ်းကပ်လာကုန်သော။ နေသံ၊ ထို လူ, ရှင်, ရဟန်းတို့အား။ (လိုက်ပါ။) အာမိသဒါနဓမ္မဒါနေဟိ၊ အာမိသကို ပေးကမ်းချီးမြှင့်ခြင်း, တရားတော်ကို ပေးကမ်းချီးမြှင့်ခြင်းတို့ဖြင့်။ ဥပကာရိတာ၊ ကျေးဇူးပြုအပ်သည်၏အဖြစ်ကို။ ဒီပိတာ ဟောတိ၊ ပြအပ်၏။ လောကိယလောကုတ္တရသုခေဟိ စ၊

လောကီချမ်းသာ, လောကုတ္တရာချမ်းသာတို့နှင့်။ သညောဇနသမတ္ထတာ၊ ယှဉ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကိုလည်း။ ဒီပိဘာ ဟောတိ၊ ပြအပ်၏။

စ၊ ထိုမှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ လောကေ၊ လောက၌။ ဘဂသဒ္ဒေါ၊ ဘဂ သဒ္ဒါသည်။ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယ–တ္တေသု၊ အစိုးရခြင်း–ဣဿရိယ, တရား-ဓမ္မ, ကျော်စောခြင်း-ယသ, ကျက်သရေ-သိရိ, အလိုရှိတိုင်း ပြီးစေနိုင်ခြင်း-ကာမ, လုံ့လ-ပယတ္တဟု ဆိုအပ်ကုန်သော။ ဆသု ဓမ္မေသု၊ ခြောက်ပါးကုန်သော ဘုန်းတန်ခိုးတရားတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ စ၊ ဆက်ဦးအံ့။ အဿ၊ ထို ငါတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားအားလည်း။ သကစိတ္တေ၊ မိမိစိတ်၌။ ပရမံ၊ အလွန်အကဲဆုံး အမြတ်ဆုံးဖြစ်သော။ ဣဿရိယံ၊ အစိုးရ—ပိုင်နိုင်ခြင်းဟူသော ဣဿရိယဘုန်းတော်သည်။ အတ္ထိ၊ ရှိ၏။ လောကိယသမ္မတံ၊ လောကီကျမ်းဆရာတို့က အလေးအမြတ် သမုတ်အပ်သော။ အဏိမာလဃိမာဒိကံ၊ အဏုမြူသဖွယ် သေးငယ်အောင်ဖန်ဆင်နိုင်ခြင်း-ဟူသော အဏိမာတန်ခိုး, ကောင်းကင်၌သွားခြင်း စသည်ဖြင့် ပေါ့ပါးအောင်ဖန်ဆင်နိုင်ခြင်း ဟူသော လဃိမာတန်ခိုး အစရှိသော ဘုန်းတော်သည်လည်း။ သဗ္ဗာကာရပရိပူရံ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြည့်စုံစွာ။ (ဤပုဒ်ကို ကြိယာဝိသေသနအဖြစ်ပေးလိုက်သည်။ ပြည်နိဿယ၌—လောကိယသမ္မတံနှင့် သဗ္ဗာကာရပရိပူရံတို့ကို အဏိမာလဃိ-မာဒိကံ-၏ ဝိသေသနအဖြစ် ပေးသည်။) အတ္ထိ ရှိပေ၏။ တထာ၊ ထိုအတူ။ လောကုတ္တရော ဓမ္မော၊ လောကုတ္တရာတရားဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန် တရားတော်=ဓမ္မဘုန်းတော်သည်လည်း။ အတ္ထိ၊ ရှိပေ၏။ လောကတ္တယဗျာပကော၊ လောကသုံးပါး၌ ပျံ့နှံ့သော။ ယထာဘုစ္စဂုဏာဓိဂတော၊ ဟုတ်မှန်သည့်ဂုဏ်တို့ကြောင့် ရအပ်သော။ ယထာဘုစ္စဂုဏာဓိဂတတ္တာ ဝေ၊ ဟုတ်မှန်သည့်ဂုဏ်တို့ကြောင့် ရအပ်သည်၏အဖြစ်ကြောင့်။ (ဟေတုမန္တ အဖြစ် ပေးသည်။) အတိဝိယ၊ အလွန်လျှင်။ ပရိသုဒ္ဓေါ၊ စင်ကြယ်သော။ ယသော၊ ကျော်စောခြင်းဟူသော—ယသဘုန်းတော်သည်လည်း။ အတ္ထိ၊ ရှိပေ၏။ ရူပကာယဒဿနဗျာဝဋဇနနယနပ္ပသာဒဇနနသမတ္ထာ၊ ရူပကာယ ကိုယ်တော်ကို ဖူးမြင်ရန်အားထုတ်ကြသောလူတို့အား မျက်စိ၏ကြည်လင်ခြင်း, ကြည်နူးခြင်း-ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော။ သဗ္ဗာကာရပရိပူရာ၊ အချင်းခပ်သိမ်း ပြည့်စုံသော။ သဗ္ဗင်္ဂပစ္စင်္ဂသိရီ၊ အလုံးစုံသော ကိုယ်၏အစိပ်အပိုင်း အင်္ဂါကြီးငယ်တို့၏ တင့်တယ်သပ္ပါယ်ခြင်း ကျက်သရေတော်ဟူသော—သိရီဘုန်းတော်သည်လည်း။ အတ္ထိ၊ ရှိပေ၏။ ယံ ယံ၊ အကြင်အကြင်သို့သော။ အတ္တဟိတံ

ဝါ၊ ကိုယ်တော်၏ အစီးအပွားကိုလည်းကောင်း။ ပရဟိတံ ဝါ၊ သူတပါး
တို့၏ အစီးအပွားကိုလည်းကောင်း။ ဒေသေန၊ ဤမြတ်စွာဘုရားသည်။
ဝ်ဏ္ဏော တာဒရေ သုန္တိအာဒိနာ၊ ငါကိုယ်တိုင်ကူးမြောက်လျှင် အခြားသူတို့ကို
လည်း ကူးမြောက်စေမည်–စသည်ဖြင့်။ ဣစ္ဆိတံ၊ အလိုရှိခဲ့ပြီ။ ပတ္ထိတံ၊
တောင့်တ–ခဲ့ပြီ၊ တနည်း–အတ္တ ဟိတံ ဝါ၊ ကိုယ်တော်၏ အစီးအပွားကို
ဖြစ်စေ။ ပရဟိတံ ဝါ၊ သူတပါးတို့၏ အစီးအပွားကိုဖြစ်စေ။ ယံ ယံ၊
အကြင်ကြင် အစီးအပွားကို။ ဒေသေန၊ ဤမြတ်စွာဘုရားသည်။ တိဏ္ဏော
တာရေယျန္တိအာဒိနာ ငါကိုယ်တိုင်ကူးမြောက်လျှင် အခြားသူတို့ကိုလည်း
ကူးမြောက်စေမည်–စသည်ဖြင့်။ ဣစ္ဆိတံ၊ အလိုရှိခဲ့ပြီ။ ပတ္ထိတံ၊ တောင့်တ
ခဲ့ပြီ။ တဿ တဿ၊ ထိုထို လိုသားတောင့်တ-အပ်သော ကိုယ်တော်အစီး
အပွား, သူတပါးတို့၏အစီးအပွား၏။ တထေဝ (ပဏိဓာနာနုရူပမေဝ)၊
ထိုသို့ အလိုရှိတိုင်း, တောင့်တ–တိုင်းပင်လျှင်။ အဘိနိပ္ဖန္နတ္တာ၊ ပြီးစီးသည်
၏အဖြစ်ကြောင့်။ ဣစ္ဆိတတ္ထနိဋ္ဌတ္တိသညိတော၊ အလိုရှိအပ်သော အကျိုး
စီးပွား၏ ပြီးဒိးခြင်း–ဟု မှတ်ဆိုအပ်သော။ ကာမော၊ ကာမ–ဘုန်းတော်
သည်။ အတ္ထိ၊ ရှိပေ၏။ သဗ္ဗလောကဂရုဘာဝပ္ပတ္တိဟေတုဘူတော၊ အလုံး
စုံသောသောက၏ အလေးအမြတ်ပြုအပ်သော ဆရာမြတ်အဖြစ်သို့ရောက်ခြင်း
၏ အကြောင်းဖြစ်၍ဖြစ်သော။ သမ္မာဝါယာမသင်္ခါတော၊ သမ္မာဝါယာမ
ဟုဆိုအပ်သော။ ပယတ္တော စ၊ သမ္မပ္ပဓာန်လုံ့လ–ပယတ္တသည်လည်း။ အတ္ထိ၊
ရှိပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဣမေဟိ ဘဂေဟိ၊ ဤခြောက်ပါးသော
ဘုန်းတော်တို့နှင့်။ ယုတ္တတ္တာပိ၊ ယှဉ်စေတော်မူသည်၏ အဖြစ်ကြောင့်လည်း။
အဿ၊ ဤမြတ်စွာဘုရားအား။ ဘဂါ၊ ဘဂ–မည်သော ခြောက်ပါးသော
ဘုန်းတော်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ ဣမိနာ အတ္ထေန၊ ဤသို့သော
အနက်ကြောင့်။ ဘဂဝါတိ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ပန၊ ထိုမှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ ကုသလာဒီဟိ ဘေဒေဟိ၊
ကုသိုလ်အစရှိကုန်သော အပြားတို့ဖြင့်။ သဗ္ဗဓမ္မေ ဝါ၊ အလုံးစုံသောတရား
တို့ကိုလည်းကောင်း။ ခန္ဓာယတနဓာတုသစ္စဣန္ဒြိယပဋိစ္စသမုပ္ပါဒါဒီဟိ၊
ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်–အစရှိ ကုန်သော
အပြားတို့ဖြင့်။ ကုသလာဒိဓမ္မေ ဝါ၊ ကုသိုလ်အစရှိကုန်သော တရားတို့ကို
လည်းကောင်း။ ပီဠနသင်္ခတသန္တာပဝိပရိဏာမဋ္ဌေန၊ နှိပ်စက်ခြင်းသဘော-
ပီဠနဋ္ဌ, ပေါင်းစုပြုပြင်အပ်သောသဘော–သင်္ခတဋ္ဌ, ပူလောင်စေတတ်သော
သဘော သန္တာပဋ္ဌ, ပြောင်းလဲဖောက်ပြန်ခြင်းသဘော–ဝိပရိဏာမဋ္ဌအားဖြင့်။

ဝိသုဒ္ဓိ၊ ၃–၄

ဒုက္ခံ အရိယသစ္စံ ဝါ၊ ဒုက္ခ-အရိယသစ္စာကိုလည်းကောင်း။ အာယူဟနနိဒါန-သံယောဂပလိဗောဓဋ္ဌေန၊ ဆင်းရဲဖြစ်ပွားရန်အားထုတ်ခြင်းသဘော-အာယူဟနဋ္ဌ, ဆင်းရဲခြင်း၏ အကြောင်းသဘော-နိဒါနဋ္ဌ, သံသရာ ဆင်းရဲနှင့် ယှဉ်စေခြင်းသဘော-သံယောဂဋ္ဌ, မဂ်ကိုမရအောင် နှောင့်ယှက် တားမြစ်ခြင်းသဘော-ပလိဗောဓဋ္ဌအားဖြင့်။ သမုဒယံ အရိယသစ္စံ၊ သမုဒယ-အရိယသစ္စာကိုလည်းကောင်း။ နိဿရဏဝိဝေကာသင်္ခတအမတဋ္ဌေန၊ ထွက်မြောက်ခြင်းသဘော-နိဿရဏဋ္ဌ, သင်္ခါရတို့မှကင်းဆိတ်ခြင်း သဘော-ဝိဝေကဋ္ဌ, မပြုအပ်သောသဘော-အသင်္ခတဋ္ဌ, မသေမပျက်ခြင်းသဘော-အမတဋ္ဌအားဖြင့်။ နိရောဓံ အရိယသစ္စံ၊ နိရောဓ-အရိယသစ္စာကိုလည်းကောင်း။ နိယျာနိကဟေတုဒဿနာဓိပတေယျဋ္ဌေန၊ ဝဋ်ဆင်းရဲမှ ထွက်မြောက် သွားခြင်း သဘော-နိယျာနဋ္ဌ, နိဗ္ဗာန်သို့ရောက်ကြောင်း သဘော-ဟေတုဋ္ဌ, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသဘော- ဒဿနဋ္ဌ, အကြီးအမှူးဖြစ်ခြင်းသဘော-အဓိပတေယျဋ္ဌအားဖြင့်။ မဂ္ဂံ အရိယသစ္စံ၊ မဂ္ဂ-အရိယသစ္စာကိုလည်းကောင်း။ (ဤနေရာ၌ အရိယသစ္စာ-ပုဒ်ကို နောက်ပုဒ်များ၌ အသီးအသီး ယှဉ်ပါ။) ဝိဘတ္တဝါ၊ဝေဖန်တော်မူလေပြီ။ ဝိဘဇိတွာ ဝိဝရိတွာ ဒေသိတဝါ၊ ဝေဖန်၍ ဖွင့်လှစ်၍ ဟောကြားတော်မူလေပြီ။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့အဓိပ္ပာယ် စကားကျဆိုလို၏။တသ္မာ၊ ထိုကြောင့်။ ဝိဘတ္တဝါတိ ဝတ္တဗ္ဗေ၊ ဝိဘတ္တဝါ-ဟု ဆိုသင့်သော်လည်း။ ဝါ၊ ဆိုလိုရာ၌လည်း။ ဘဂဝါတိ၊ ဘဂဝါ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ပန၊ ထို့မှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ သေ သော၊ ထိုမြတ်စွာ ဘုရားသည်။ ဒိဗ္ဗဗြဟ္မအရိယ ဝိဟာရေ စ၊ ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ,အရိယ-ဝိဟာရ-တို့ကိုလည်းကောင်း။ ကာယစိတ္တဥပဓိဝိဝေကေ စ၊ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက-တို့ကိုလည်းကောင်း။ သုညတပ္ပဏိဟိတာနိမိတ္တ-ဝိမောက္ခေ စ၊ သုညတဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ, အနိမိတ္တဝိမောက္ခတို့ကို လည်းကောင်း။ အညေ စ၊ ဆိုအပ်ပြီးသည်မှတပါး လောကီအဘိညာဉ်လည်း ဖြစ်ကုန်သော။ လောကိယ လောကုတ္တရေ၊ လောကီ-လောကုတ္တရာ ဖြစ်ကုန် သော။ ဥတ္တရိမနုဿဓမ္မေ၊ ဥတ္တရိမနုဿဓမ္မ-ခေါ် လောကီအဘိညာဉ်စသော တရားထူးတို့ကိုလည်းကောင်း။ ဘဇိ၊ ချဉ်းကပ်တော်မူခဲ့လေပြီ။ သေဝိ၊ မှီဝဲ တော်မူခဲ့လေပြီ။ ဗဟုလံ အကာသိ၊ အကြိမ်များစွာနှလုံးသွင်း လေ့လာတော် မူခဲ့လေပြီ။ တသ္မာ၊ ထို့ ကြောင့်။ ဘတ္တဝါဘိ ဝတ္တဗ္ဗေ၊ ဘတ္တဝါ ဟုဆိုသင့် ရာ၌။ ဝါ၊ ဘတ္တဝါ-ဟုဆိုသင့်သော်လည်း။ ဘဂဝါတိ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ပန၊ အဖို့တပါးကား။ တီသု ဘဝေသု၊ သုံးပါးကုန်သော ကာမ, ရူပ, အရူပ ဘဝတို့၌။ တဏှာသင်္ခါတံ ဂမနံ၊ တဏှာဟုဆိုအပ်သော သွားခြင်းကို။ အနေန၊ ဤမြတ်စွာဘုရားသည်။ ဝန္တံ၊ ထွေးအန်စွန့်ပယ်တော်မူအပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဘဝေသု ဝန္တဂမနောတိ ဝတ္တဗ္ဗေ၊ ဘဝေသု ဝန္တ-ဂမနော ဟု ဆိုသင့်ရာ၌။ ဝါ၊ ဆိုသင့်သော်လည်း။ ဘဝသဒ္ဒတော ဘကာရဥ္စ၊ ဘဝသဒ္ဒါမှ ဘ အက္ခရာကို လည်းကောင်း။ ဂမနသဒ္ဒတော ဂကာရဥ္စ၊ ဂမနသဒ္ဒါမှ ဂ-အက္ခရာကို လည်းကောင်း။ ဝန္တသဒ္ဒတော ဝကာရဥ္စ၊ ဝန္တသဒ္ဒါမှ ဝ—အ ရာကိုလည်းကောင်း။ အာဒါယ၊ ယူ၍။ ဒီဃံ ကတွာ၊ ဝ—မှ အ—ကို အာဒီဃပြု၍။ ဘဂဝါတိ၊ ဘဂဝ ါ-ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။ လောကေ၊ လောက၌။ မေဟနဿ၊ လျှို့ဝှက်အပ်သော။ ဝါ၊ ရေဟောင်း စွန့်ကြောင်းဖြစ်သော။ ခဿ၊ အရပ်၌။ ဝါ၊ ကိုယ်အင်္ဂါအထူး၏။ မာလာ၊ ဖုံးလွှမ်းစရာ ပန်းကုံးတည်း။ ဣတိ၊ ဤသို့သော ဝစနတ္ထကြောင့်။ ဝတ္တဗ္ဗေ၊ မေဟနခမာလာ—ဟု ဆိုသင့်ရာ၌။ မေခလာတိ၊ မေခလာ-ဟု။ ဝါ၊ ခါးကြိုးတန်ဆာဟု။ ဝုစ္စတိ ယထာ၊ ခေါ်ဆိုအပ်သကဲ့သို့ပင်တည်း။ (၁၀)

၁၄၅။ ဧဝံ၊ ဤသို့ ပြဆိုခဲ့သည့်အတိုင်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣမိနာ စ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း။ ဣမိနာ စ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံ-မည်တော်မူပါပေ၏။ ပ။ ဣမိနာ စ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း။ ဣမိနာ စ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါမည်တော်မူပါပေ၏။ ဣတိ၊ ဤသို့။ ဗုဒ္ဓဂုဏေ၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်သော။ တဿ၊ ထိုယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဂပရိယုဋ္ဌိတံ၊ ရာဂ လွှမ်းမိုး နှိပ်စက်ခံရသော။ စိတ္တံ၊ စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့ပြီ။ ဒေါသပရိယုဋ္ဌိတံ၊ ဒေါသ လွှမ်းမိုးနှိပ်စက်ခံရသော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်တော့ပြီ။ (၂၀၆) မောဟပရိယုဋ္ဌိတံ၊ မောဟ လွှမ်းမိုး နှိပ်စက်ခံရသော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်တော့ပြီ။ တသ္မိံ သမယေ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ တထာဂတံ အာရဗ္ဘ၊ မြတ်စွာဘုရား၏ဂုဏ်တော်ကို အာရုံပြုလျက်။ ဥဇုဂတမေဝ ဟောတိ။ ဖြောင့်မတ်နေသည်သာတည်း။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ရာဂါဒိပရိယုဋ္ဌာနာဘာဝေန၊ ရာဂ—စသည်တို့၏ လွှမ်းမိုးနှိပ်စက်ခြင်း မရှိသောကြောင့်။ ဝိက္ခမ္ဘိတနီဝရဏဿ၊ ခွာအင်ပြီးသော နီဝရဏရှိသော။ (အဿ-မှာစပ်ပါ။) ကမ္မဋ္ဌာနာဘိမုခတာယ၊

ကမ္မဋ္ဌာန်းသို့ရှေးရှုသည်၏ အဖြစ်ဖြင့်။ ဥဇုဂတစိတ္တဿ၊ ဖြောင့်မတ်သောစိတ်ရှိသော။ အဿ၊ ထိုယောဂီအား၊ ဗုဒ္ဓဂုဏပေါဏာ၊ မြတ်စွာဘုရား၏ဂုဏ်တော်များသို့ ညွတ်ကုန်–ကိုင်းရှိုင်းကုန်သော။ ဝိတက္ကဝိစာရာ၊ ကြံမှု–ဝိတက်, ဆင်ခြင်မှု–ဝိစာရတို့သည်။ ပဝတ္တန္တိ၊ မပြတ်ဖြစ်ကုန်၏။ ဗုဒ္ဓဂုဏေ၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို။ အနုဝိတက္ကယတော၊ အဖန်တလဲလဲ ကြံစည်နေသော။ အနုဝိစာရယတော၊ ဖန်တလဲလဲ သုံးသပ်ဆင်ခြင်နေသော။ အဿ၊ ထိုယောဂီအား။ ပီတိ၊ နှစ်သိမ့်ဝမ်းမြောက်မှု–ပီတိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ပီတိမနဿ၊ ပီတိဖြင့် ဝမ်းမြောက်သောစိတ်ရှိသော ယောဂီအား။ ပီတိပဒဋ္ဌာနာယ၊ ပီတိလျှင် နီးစွာသောအကြောင်းရှိသော။ ပဿဒ္ဓိယာ၊ ငြိမ်းအေးမှု–ပဿဒ္ဓိဖြင့်။ ကာယစိတ္တဒရထာ၊ ကိုယ်စိတ်၏ပူပန်ခြင်းတို့သည်။ ပဋိပ္ပဿမ္ဘန္တိ၊ ငြိမ်းကုန်၏။ ပဿဒ္ဓဒရထဿ၊ ပူပန်မှုငြိမ်းသော ယောဂီအား။ ကာယိကမ္ပိ သုခံ၊ ကိုယ်ချမ်းသာသည်လည်းကောင်း။ စေတသိကမ္ပိ သုခံ၊ စိတ်ချမ်းသာသည်လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ သုခိနော၊ ကိုယ်စိတ်ချမ်းသာနှင့်ပြည့်စုံသော ယောဂီအား။ ဝါ၊ ယောဂီ၏။ စိတ္တံ၊ စိတ်သည်။ ဗုဒ္ဓဂုဏာရမ္မဏံ ဟုတွာ၊ ဘုရားဂုဏ်လျှင် အာရုံရှိသည်ဖြစ်၍ ဝါ၊ ဘုရားဂုဏ်ကိုသာ အာရုံပြုလျက်။ သမာဓိယတိ၊ ကောင်းစွာတည်ကြည်၏။ ဣတိ အနုက္ကမေန၊ ဤသို့သောအစဉ်ဖြင့်။ ဧကက္ခဏေ၊ တစ်ခုသော ခဏ၌။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ ပန၊ ဆက်ဦးအံ့။ ဗုဒ္ဓဂုဏာနံ၊ ဘုရားဂုဏ်တော်တို့၏။ ဂမ္ဘီရတာယ ဝါ၊ နက်နဲသည်၏ အဖြစ်ကြောင့် လည်းကောင်း။ နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ၊ အထူးထူးအပြားပြား များစွာသော ဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်ခြင်းဖြင့် သက်ဝင်လေးမြတ် ဆုံးဖြတ်ယုံကြည်ခြင်းကြောင့် လည်းကောင်း။ အပ္ပနံ အပ္ပတွာ၊ အပ္ပနာဈာန်သို့ မရောက်မူ၍။ ဥပစာရမတ္တမေဝ၊ ဥပစာရမျှသာလျှင် ဖြစ်သော။ (ဤပုဒ်ဆဋ္ဌမူ၌ ဥပစာရပ္ပတ္တမေဝ-ဟု ရှိသည်။ ပြည်နိဿယ၌ ဥပစာရမတ္တမေဝ-ဟု ရှိသည်။ ပြည်မူအတိုင်း သင့်သည်။) ဈာနံ၊ ဈာန်သည်။ ဟောတိ၊ ဖြစ်၏။ တဒေတံ တံ ဧတံ ဈာနံ၊ ဥပစာရသို့ရောက်သော ဤ ဈာန်သည်။ ဗုဒ္ဓဂုဏာနုဿရဏဝသေန၊ ဘုရားဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သောကြောင့်။ ဗုဒ္ဓါနုဿတိစ္စေဝ သင်္ချံ၊ ဗုဒ္ဓါနုဿတိ-ဟူ၍သာလျှင် ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပေ၏။

ပန၊ အကျိုးတရားကို ဆိုဦးအံ့။ ဣမဉ္စ ဗုဒ္ဓါနုဿတိံ၊ ဤ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သော ရဟန်းသည်။ သတ္ထရိ၊

ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၌။ သဂါရဝေါ ဟောတိ၊ ရိုသေခြင်း ရှိပေ၏၊ သပ္ပတိဿော ဟောတိ၊ တုပ်ဝပ်ခြင်းရှိပေ၏။ သဒ္ဓါဝေပုလ္လဉ္စ၊ သဒ္ဓါ၏ ပြန့်ပြောခြင်းကို လည်းကောင်း။ သတိဝေပုလ္လဉ္စ၊ သတိ၏ ပြန့်ပြောခြင်းကို လည်းကောင်း။ ပညာဝေပုလ္လဉ္စ၊ ပညာ၏ ပြန့်ပြောခြင်းကို လည်းကောင်း။ ပုညဝေပုလ္လဉ္စ၊ ကောင်းမှု၏ ပြန့်ပြောခြင်းကို လည်းကောင်း။ အဓိဂစ္ဆတိ၊ ရပေ–ရောက်ပေ၏။ ပီတိပါမောဇ္ဇဗဟုလော ဟောတိ၊ နှစ်သိမ့်ဝမ်းမြောက်မှု–ပီတိ, ပါမောဇ္ဇ ပြင်းခြင်း များပေ၏။ ဘယဘေရဝသဟော၊ ကြောက်ဖွယ်ဘေးငယ် ဘေးကြီးကို သည်းခံနိုင်ပေ၏။ ဒုက္ခာဓိဝါသနသမတ္ထော၊ ဆင်းရဲဒုက္ခတို့ကို သည်းခံခြင်းငှာ စွမ်းနိုင်ပေ၏။ သတ္ထာရာ၊ မြတ်စွာဘုရားနှင့်။ သံဝါသသညံ၊ အတူတကွနေရသည်–ဟူသော အမှတ်သညာကို။ ပဋိလဘတိ၊ ရပေ၏။ ဗုဒ္ဓဂုဏာနုဿတိယာ၊ မြတ်စွာဘုရားဂုဏ်တော်ကို အဖန်ဖန်အောက်မေ့သော သတိ၏။ အဇ္ဈာဝုတ္ထံ၊ ကိန်းအောင်းရာဖြစ်သော။ အဿ၊ ထိုယောဂီ၏။ သရီရမ္ပိ၊ ကိုယ်သည်လည်း။ စေတိယဃရံ ဣဝ၊ စေတီအိမ်ကဲ့သို့။ ဝါ၊ ဘုရားကျောင်းကဲ့သို့။ ပူဇာရဟံ ဟောတိ၊ ပူဇော်ထိုက်ပေ၏။ အဿ၊ ထိုယောဂီ၏။ (လိုက်ပေး။) စိတ္တံ၊ စိတ်သည်။ ဗုဒ္ဓဘူမိယံ၊ ဗုဒ္ဓဘူမိ၌။ ဝါ၊ ဘုရားအဖြစ်၌။ နမတိ၊ ညွတ်၏။ စ၊ ထိုမှတပါး။ ဝီတိက္ကမိတဗ္ဗဝတ္ထုသမာယောဂေ၊ ကျူးလွန်စရာဝတ္ထုအမှုနှင့် တွေ့လတ်သော်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ သမ္မုခါ ပဿတော ဝိယ၊ မျက်မှောက်၌ တွေ့မြင်နေရသကဲ့သို့။ ဝါ၊ မျက်မှောက်ထင်ထင် တွေ့မြင်နေရသကဲ့သို့။ ဟိရောတ္တပ္ပံ၊ ရှက်ကြောက်မှုသည်။ အဿ၊ ထိုယောဂီအား။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်၏။ ဥတ္တရိ၊ အထက်ဖြစ်သော မဂ်, ဖိုလ်တရားထူးကို။ အပ္ပဋိဝိဇ္ဈန္တော ပန၊ ထိုးထွင်း၍ မသိငြားသော်လည်း။ သုဂတိပရာယနော ဟောတိ၊ သုဂတိလျှင် လားရာရှိပေ၏။

တသ္မာ၊ ထိုသို့ များစွာသောအကျိုး ရှိသည်၏ အဖြစ်ကြောင့်။ သုမေဓသော၊ ကောင်းသော အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်။ ဧဝံ မဟာနုဘာဝါယ၊ ဤဆိုခဲ့ပြီးသောအတိုင်း ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသော။ ဗုဒ္ဓါနုဿတိယာ၊ ဗုဒ္ဓါနုဿတိ–၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့။ အနုယောဂံ၊ အားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ မုချမသွေ ပြုသင့်ပေသတည်း။ ဣတိ၊ ဤသည်ကား တိုက်တွန်းစကားပေတည်း။

ဣတိ၊ ဤဆိုခဲ့ပြီးသောစကားသည်။ တာဝ၊ ရှေးဦးစွာ။ ဗုဒ္ဓါနုဿတိယံ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကား အမြွက်ပေတည်း။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပြီး၏။

## ၂—ဓမ္မာနုဿတိပွားပုံပြဆိုချက်

၁၄၆။ ဓမ္မာနုဿတိံ၊ ဓမ္မာနုဿတိကို။ ဘာဝေတုကာမေနာပိ၊ ပွားစေခြင်းငှာအလိုရှိသော ယောဂီသည်လည်း။ ရဟောဂတေန၊ ဆိတ်ကွယ်ရာသို့ ကပ်ရောက်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ–အာရုံမှ ဖဲခွါ၍ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍။ "ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သွာက္ခာတော ဓမ္မော၊ ကောင်းစွာဟောတော်မူအပ်သော တရားတော်သည်။ သန္ဒိဋ္ဌိကော၊ မိမိကိုယ်ကိုင်ပင် တွေ့မြင်အပ် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတည်း။ အကာလိကော၊ အခါအခွင့် မဆိုင်းလင့်ပဲ အသင့်လင်ငင်း ချက်ချင်းအကျိုးပေတတ်သော တရားတော်မြတ်ပါပေတည်း။ ဧဟိပဿိကော၊ လာပါ, ကြည့်လှည့်ပါဟု ဖိတ်ခေါ်ထိုက်သော တရားတော်မြတ်ပါပေတည်း။ ဩပနေယျိကော၊ ကိုယ်ထဲ-စိတ်ထဲရောက်အောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတည်း။ ဝိညူဟိ၊ တရားမြင်သိ ပညာရှိတို့သည်သာလျှင်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ကိုယ့်တရားနှင့်ကိုယ် အသီးအသီးခံစားရသော တရားတော်မြတ်ပါပေတည်း။ ဣတိ ဧဝံ၊ ဤသို့လျှင်။ ပရိယတ္တိဓမ္မဿ စေဝ၊ ဒေသနာတော်တည်းဟူသော ပရိယတ်တရားတော်၏လည်းကောင်း။ နဝဝိဓဿ၊ ကိုးပါးအပြားရှိသော။ လောကုတ္တရဓမ္မဿ စ၊ လောကုတ္တရာ တရား၏လည်းကောင်း။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့ကို။ အနုဿရိတဗ္ဗာ၊ အဖန်တလဲလဲ အောက်မေ့ အပ်ကုန်၏။

၁၄၇။ ဟိ၊ မှန်၏။ သွာက္ခာတောတိ ဣမသ္မိံ ပဒေ၊ သွာက္ခာတော ဟူသော ဤပုဒ်၌။ ပရိယတ္တိဓမ္မောပိ၊ ပရိယတ်တရားတော်သည်လည်း။ သင်္ဂဟံ၊ သိမ်းယူအပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတရေသု၊ ဤမှတပါးသော ငါးပုဒ်တို့၌ကား။ လောကုတ္တရဓမ္မောဝ၊ လောကုတ္တရာ တရားသည်သာလျှင်။ သင်္ဂဟံ ဂစ္ဆတိ၊ သိမ်းယူအပ်သည်၏အဖြစ်သို့ ရောက်၏။ တတ္ထ၊ ထို ပရိယတ္တိဓမ္မ, လောကုတ္တရာဓမ္မ—နှစ်ပါးတို့တွင်။ ပရိယတ္တိဓမ္မော၊ ပရိယတ်တရားတော်သည်။ (၂၀၇) အာဒိမဇ္ဈပရိယောသာနကလျာဏတ္တာ

စ၊ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းသည်၏အဖြစ်ကြောင့်လည်း ကောင်း။ သာတ္ထသဗျဉ္ဇနကေဝလပရိပုဏ္ဏ ပရိသုဒ္ဓဗြဟ္မစရိယပ္ပကာသနတ္တာ စ၊ ကောင်းမြတ်သောအနက်နှင့် ပြည့်စုံသည်၏အဖြစ်, ကောင်းမြတ်သော သဒ္ဒါနှင့် ပြည့်စုံသည်၏အဖြစ်; အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင်စင်ကြယ်သော သာသနဗြဟ္မစရိယအကျင့်မြတ်ကို ပြတတ်သည်၏ အဖြစ်ကြောင့်လည်း ကောင်း။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သော တရားမည်ပေ၏။ ဟိ၊ မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ယံ ဧကဂါထမ္ပိ၊ အကြင် ဂါထာတစ်ပုဒ်ကို။ ဒေသေတိ၊ ဟောတော်မူပေ၏။ သာ ဂါထာ၊ ထို တစ်ခုသောဂါထာသည်။ ဓမ္မဿ၊ အဆုံးအမ တရားတော်၏။ သာမန္တဘဒ္ဒကတ္တာ၊ ထက်ဝန်းကျင်အဖို့တို့ဖြင့် ကောင်းခြင်းကြောင့်။ ပဌမပါဒေန၊ ပထမ ပိုဒ်ဖြင့်။ အာဒိကလျာဏာ၊ အစ၌ကောင်းပေ၏။ ဒုတိယတတိယပါဒေဟိ၊ ဒုတိယ တတိယပါဒတို့ဖြင့်။ မဇ္ဈေကလျာဏာ၊ အလယ်၌ကောင်းပေ၏။ ပစ္ဆိမပါဒေန၊ နောက်ဆုံးအပိုဒ်ဖြင့်။ ပရိယောသာနကလျာဏာ၊ အဆုံး၌ကောင်းပေ၏။ ဧကာနုသန္ဓိကံ သုတ္တံ၊ အဆက်အစပ်–အနုသန္ဓေ တစ်ခုသာရှိသော သုတ်သည်။ နိဒါနေန၊ အခြေခံနိဒါန်းဖြင့်။ အာဒိကလျာဏံ၊ အစ၌ ကောင်းပေ၏။ နိဂမနေန၊ နိဂုံးချုပ် စကားဖြင့်။ ပရိယောသာန-ကလျာဏံ၊ အဆုံး၌ကောင်းပေ၏။ သေသေန၊ ကြွင်းသော အလယ်ပိုင်းဖြင့်။ မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းပေ၏။ နာနာနုသန္ဓိကံ သုတ္တံ၊ အနုသန္ဓေများစွာရှိသော သုတ်သည်။ ပဌမာနုသန္ဓိနာ၊ ပထမ အနုသန္ဓေဖြင့်။ အာဒိကလျာဏံ၊ အစ၌ကောင်းပေ၏။ ပစ္ဆိမေန၊ နောက်ဆုံး အနုသန္ဓေဖြင့်။ ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းပေ၏။ သေသေဟိ၊ ကြွင်းသော အလယ်ပိုင်း အနုသန္ဓေတို့ဖြင့်။ မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းပေ၏။ အပိစ၊ တနည်းသော်ကား။ သနိဒါနသဥပ္ပတ္တိကတ္တာ၊ နိဒါန်းနှင့်တကွ, အကြောင်းအတ္ထုပ္ပတ္တိနှင့်တကွ ဖြစ်သောကြောင့်။ အာဒိကလျာဏံ၊ အစ၌ ကောင်းပေ၏။ ဝေနေယျာနံ၊ ဝေနေယျတို့အား။ အနုရူပတော စ၊ လျော်ခြင်းကြောင့်လည်းကောင်း။ အတ္ထဿ၊ အနက်၏။ အဝိပရီတတာယ စ၊ မဖောက်ပြန်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဟေတုဒါဟရဏယုတ္တတော စ၊ ဟိတ်,ဥဒါဟရဏ်တို့နှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း။ မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းပေ၏။ သောတူနံ၊ ကြားနာသူတို့အား။ သဒ္ဓါပဋိလာဘ-ဇနနေန စ၊ သဒ္ဓါတရားရခြင်းကို ဖြစ်စေခြင်းဖြင့်လည်းကောင်း။ နိဂမနေန စ၊ နိဂုံးဖြင့်လည်းကောင်း။ ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းပေ၏။

သကလောပိ၊ အလုံးစုံလည်းဖြစ်သော။ သာသနဓမ္မော၊ အဆုံးအမ တရားတော်သည်။ အတ္တနော၊ မိမိ၏။ အတ္တဘူတေန၊ အနက်ဖြစ်၍ဖြစ်သော။ သီလေန၊ သီလဖြင့်။ အတ္တနော အတ္တဘူတေန၊ မိမိ၏အနက် ဖြစ်သော သီလဖြင့်။ အာဒိကလျာဏော၊ အစ၌ကောင်းပေ၏။ သမထဝိပဿနာ-မဂ္ဂဖလေဟိ၊ သမထ, ဝိပဿနာ, မဂ်, ဖိုလ်တို့ဖြင့်။ မဇ္ဈေကလျာဏော၊ အလယ်၌ကောင်းပေ၏။ နိဗ္ဗာနေန၊ နိဗ္ဗာန်ဖြင့်။ ပရိယောသာနကလျာဏော၊ အဆုံး၌ကောင်းပေ၏။ ဝါ၊ တနည်းကား။ သီလသမာဓိဟိ၊ သီလ, သမာဓိ တို့ဖြင့်။ အာဒိကလျာဏော၊ အစ၌ကောင်းပေ၏။ ဝိပဿနာမဂ္ဂေဟိ၊ ဝိပဿနာ, မဂ်တို့ဖြင့်။ မဇ္ဈေကလျာဏော၊ အလယ်၌ကောင်းပေ၏။ ဖလနိဗ္ဗာနေဟိ၊ ဖိုလ်, နိဗ္ဗာန်တို့ဖြင့်။ ပရိယောသာနကလျာဏော၊ အဆုံး၌ကောင်းပေ၏။ ဝါ၊ တနည်းကား။ ဗုဒ္ဓသုဗောဓိတာယ၊ မြတ်စွာဘုရား၏ ကောင်းစွာ သိတော်မူခြင်း အားဖြင့်။ အာဒိကလျာဏော၊ အစ၌ကောင်းပေ၏။ ဓမ္မသုဓမ္မတာယ၊ တရား တော်၏ကောင်းမွန်မှန်ကန်သောတရားဖြစ်သဖြင့်။ မဇ္ဈေကလျာဏော၊ အလယ်၌ ကောင်းပေ၏။ သံဃသုပ္ပဋိပတ္တိယာ၊ သံဃာတော်၏ ကောင်းစွာကျင့်ခြင်း ဖြင့်။ ပရိယောသာနကလျာဏော၊ အဆုံး၌ကောင်းပေ၏။ ဝါ၊ တနည်း ကား။ တံ သုတွာ၊ ထိုတရားတော်ကို နာကြားပြီးလျှင်။ တထတ္တာယ၊ ထိုတရားတော်၌ ညွှန်ပြသည့်အတိုင်း အကျိုးဖြစ်ပွားခြင်းငှာ။ ပဋိပန္နေန၊ ကျင့်သောပုဂ္ဂိုလ်သည်။ အဓိဂန္တဗ္ဗာယ၊ ရအပ်သော။ အဘိသမ္ဗောဓိယာ၊ သမ္မာသမ္ဗောဓိဉာဏ်ဖြင့်။ အာဒိကလျာဏော၊ အစ၌ကောင်းပေ၏။ ပစ္စေက-ဗောဓိယာ၊ ပစ္စေကဗောဓိဉာဏ်ဖြင့်။ မဇ္ဈေကလျာဏော၊ အလယ်၌ကောင်း ပေ၏။ သာဝကဗောဓိယာ၊ သာဝကဗောဓိဉာဏ်ဖြင့်။ ပရိယောသာနကလျာ-ဏော၊ အဆုံး၌ကောင်းပေ၏။

ဝ၊ ထိုမှတပါး။ သုယျမာနော၊ ကြားနာဆဲဖြစ်သော။ သော—သော ဓမ္မော၊ ထိုတရားတော်သည်၊ သုယျမာနော၊ ကြားနာစဉ်ပင်။ နီဝရဏဝိက္ခမ္ဘန-တော၊ နီဝရဏတို့ကို ကွာစေတတ်သောကြောင့်။ သဝနေနပိ၊ ကြားနာခြင်းဖြင့် လည်း။ကလျာဏမေဝ၊ ကောင်းသည်ကိုသာလျှင်။ အာဝဟတိ၊ ဆောင်တတ် ပေ၏။ဣတိ—တသ္မာ၊ ထို့ကြောင့်။ အာဒိကလျာဏော၊ အစ၌ကောင်းပေ၏။ ပဋိပဇ္ဇိယမာနော၊ ကျင့်အပ်ဆဲလည်း။ ဝါ၊ ကျင့်ပြန်လျှင်လည်း။ သမထ—ဝိပဿနာသုခါဝဟနတော၊ သမထချမ်းသာ, ဝိပဿနာချမ်းသာကို ဆောင် ပေတတ်သောကြောင့်။ ပဋိပတ္တိယာပိ၊ အကျင့်ပဋိပတ်ဖြင့်လည်း။ ကလျာဏံ အာဝဟတိ၊ ကောင်းသည်ကို ဆောင်တတ်ပေ၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။

မဇ္ဈေကလျာဏော၊ အလယ်၌ကောင်းပေ၏။ တထာပဋိပန္နော စ၊ ထိုသို့ကျင့်ပြီးသော သူသည်လည်း။ ပဋိပတ္တိဖလေ၊ အကျင့်ပဋိပတ်၏ အကျိုးသည်။ နိဂ္ဂဟေ၊ ပြီးလတ်သော်။ ပဋိပတ္တိဖလေ နိဋ္ဌိတေ၊ အကျင့်ပဋိပတ်၏အကျိုး ပြီးလတ်သော်။ တာဒိဘာဝါဝဟနတော၊ အကောင်းနှင့်အဆိုးကို အတူပြု၍ ရှုနိုင်သော တာဒိပုဂ္ဂိုလ်အဖြစ်ကို ဆောင်တတ်သောကြောင့်။ ပဋိပတ္တိ-ဖလေနပိ ပဋိပတ်၏အကျိုးဖြင့်လည်း။ ဣလျာဏံ အာဝဟတိ၊ ကောင်းသည့်ကို ဆောင်တတ်ပေ၏။ ဣတိ—တသ္မာ ထို့ကြောင့်။ ပရိယောသာန-ကလျာဏော၊ အဆုံး၌ကောင်းပေ၏။ ဣတိ ဧဝံ၊ ဤသို့။ အာဒိမဇ္ဈပရိ-ယောသာနကလျာဏတ္တာ၊ အစ, အလယ်, အဆုံး—သုံးပါးလုံး ကောင်းသည်၏ အဖြစ်ကြောင့်။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သောတရား မည်ပါပေ၏။

ပန၊ ထိုမှတပါး။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဓမ္မံ ဒေသေန္တော၊ တရားတော်ကို ဟောတော်မူသည်ရှိသော်။ ယံ သာသနဗြဟ္မ-စရိယဥ္စ၊ အကြင် သာသနဗြဟ္မစရိယ—ခေါ်သော အကျင့်မြတ်ကို လည်းကောင်း။ ယံ မဂ္ဂဗြဟ္မစရိယဥ္စ၊ အကြင် မဂ္ဂဗြဟ္မစရိယ-ခေါ်သော အကျင့်မြတ်ကို လည်းကောင်း။ ပကာသေတိ၊ ပြတော်မူပေ၏။ နာနာနယေဟိ၊ အမျိုးမျိုးသော နည်းတို့ဖြင့်။ ဒီပေတိ၊ ပြတော်မူပေ၏။ တံ၊ ထိုနှစ်ပါးသော အကျင့်မြတ်သည်။ ယထာနုရူပံ၊ ထိုက်သည်အားလျော်စွာ။ အတ္ထ-သမ္ပတ္တိယာ၊ အနက်၏ ပြည့်စုံခြင်းကြောင့်။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသည် မည်ပေ၏။ ဗျဉ္ဇနသမ္ပတ္တိယာ၊ သဒ္ဒါ၏ ပြည့်စုံခြင်းကြောင့်။ ဝါ၊ ပြည့်စုံကောင်းမြတ်သော သဒ္ဒါရှိသောကြောင့်။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသည် မည်ပေ၏။ သင်္ကာသန ပကာသန ဝိဝရဏ ဝိဘဇန ဥတ္တာနီကရဏ ပညတ္တိ အတ္ထ ပဒသမာယောဂတော၊ အကျဉ်းအားဖြင့် ပြအပ်သော—သင်္ကာသန, ရှေးဦးစွာပြအပ်သော—ပကာသန, အကျယ်အားဖြင့် ပြအပ်သော—ဝိဝရဏ, တဖန်ဝေဖန်အပ်သော–ဝိဘဇန, ဖွင့်ပြပြီးကို ပေါ်လွင်အောင်ပြုခြင်း ဥတ္တာနီ-ကရဏ, ဝေဖန်ပြီးသည်ကို အပြားအားဖြင့် သိစေခြင်း—ပညတ္တိ ဟူသော အနက်ပုဒ်တို့နှင့် ယှဉ်ခြင်းကြောင့်။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသည် မည်၏။ အက္ခရပဒဗျဉ္ဇနာကာရနိရုတ္တိ နိဒ္ဒေသသမ္ပတ္တိယာ၊ အက္ခရာ, ပုဒ်, ဝါကျ, ဆိုအပ်ပြီးသော ဝါကျကို အပြားအားဖြင့် ဝေဖန်ပြခြင်း ဟူသော အာကာရ, သဒ္ဒါနက်ကို ထုတ်ပြခြင်း ဟူသော နိရုတ္တိ, အကြွင်းမဲ့အကျယ်ပြခြင်း-ဟူသော နိဒ္ဒေသတို့၏ ပြည့်စုံခြင်းကြောင့်။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသည် မည်၏။

အတ္ထဂမ္ဘီရတာပဋိဝေဓဂမ္ဘီရတာဟိ၊ အနက်၏ နက်နဲခြင်း, ပဋိဝေဓ-အသိဉာဏ်၏ နက်နဲသည်၏အဖြစ်ကြောင့်။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသည် မည်၏။ (၂၀၈)ဓမ္မဂမ္ဘီရတာ ဒေသနာဂမ္ဘီရတာဟိ၊ တရားဓမ္မ၏ နက်နဲသည်၏အဖြစ်, ဟောအပ်သော ဒေသနာတော်၏ နက်နဲသည်၏ အဖြစ်တို့ကြောင့်။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့် ပြည့်စုံသည်မည်၏။ ပဏ္ဍိတဝေဒနီယတော၊ ပညာရှိတို့သာ သိနိုင်ကောင်းသောကြောင့်။ ပရိက္ခက (သပရိက္ခက) ဇနပ္ပသာဒကံ၊ စူးစမ်းဆင်ခြင်တတ်သော ပညာရှိပုဂ္ဂိုလ်အပေါင်းကို ကြည်ညိုစေတတ်ပေ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသည် မည်၏။ သဒ္ဓေယျတော၊ ယုံကြည်အပ် ယုံကြည်ထိုက်သောကြောင့်။ လောကိယဇနေ ပသာဒကံ၊ လောက၌ အတွင်းဝင်ကာမျှဖြစ်သော သာမန်လူအပေါင်းကို ကြည်ညိုစေတတ်ပေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသည် မည်၏။ ဂမ္ဘီရာဓိပ္ပာယတော၊ နက်နဲသော အဓိပ္ပာယ်ရှိသောကြောင့်။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသည် မည်၏။ ဥတ္တာနပဒတော၊ ပေါ်လွင်ထင်ရှားသော ပုဒ်-အနက်ရှိသောကြောင့်။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသည် မည်၏။ ဥပနေတဗ္ဗဿ အဘာဝတော၊ ဖြည့်စွက်ထည့်သွင်းဖွယ် မရှိသောကြောင့်။ သကလပရိပုဏ္ဏဘာဝေန၊ အလုံးစုံ အကြွင်းမဲ့ပြည့်စုံသောအားဖြင့်။ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံ အကြွင်းမဲ့ပြည့်စုံပေ၏။ အပနေတဗ္ဗဿ အဘာဝတော၊ နုတ်ပယ်စရာမရှိခြင်းကြောင့်။ နိဒ္ဒေါသဘာဝေန၊ အပြစ်ကင်းသည်၏ အဖြစ်ဖြင့်။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင် စင်ကြယ်ပေ၏။

အပိစ၊တနည်းသော်ကား။ပဋိပတ္တိယာ၊သီလ-စသော အကျင့်ပဋိပတ်ဖြင့်။ အဓိဂမဗျတ္တိတော၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရခြင်း၏ ထင်ရှားခြင်းကြောင့်။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသည် မည်၏။ ပရိယတ္တိယာ၊ တရားတော်ကို သင်ယူခြင်းဖြင့်။အာဂမဗျတ္တိတော၊ ခိုင်လုံသောအာဂုံသုတ၏ ထင်ရှားခြင်းကြောင့်။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသည် မည်၏။ သီလာဒိပဉ္စဓမ္မက္ခန္ဓယုတ္တတော၊ သီလ-အစရှိသော ငါးပါးသော ဂုဏ်ကျေးဇူးတရားအစုနှင့် ယှဉ်ခြင်းကြောင့်။ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံ အကြွင်းမဲ့ပြည့်စုံပေ၏။ နိရုပက္ကိလေသတော စ၊ ညစ်ညူးကြောင်း ဥပက္ကိလေသတို့၏ မရှိခြင်းကြောင့်။ နိတ္ထရဏတ္ထာယ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းငှာ။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်လည်းကောင်း။ လောကာမိသနိရပေက္ခတော စ၊ လောကအာမိသကို မငဲ့ခြင်းကြောင့်လည်းကောင်း။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင် စင်ကြယ်ပေ၏။ ဣတိ ဧဝံ၊ ဤသို့။ သာတ္ထ သဗျဉ္ဇန ကေဝလပရိပုဏ္ဏ ပရိသုဒ္ဓ ဗြဟ္မစရိယ ပကာ-

သနတော၊ အနက်နှင့်ပြည့်စုံခြင်း, သဒ္ဒါနှင့်ပြည့်စုံခြင်း, အလုံးစုံအကြွင်းမဲ့ ပြည့်စုံ၍ ထက်ဝန်းကျင်စင်ကြယ်သော ဗြဟ္မစရိယခေါ် မြတ်သောအကျင့်ကို ပြခြင်းကြောင့်။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သောတရား မည်ပါ ပေ၏။

ဝါ၊ တနည်းကား။ အတ္ထဝိပလ္လာသာဘာဝတော၊ အနက်၏ ဖောက်ပြန် မှားယွင်းခြင်း မရှိသည်၏အဖြစ်ကြောင့်။ သု ||၊ ကောင်းမွန်စွာ။ အက္ခာတော၊ ဟောတော်မူအပ်ပေ၏။ ဣတိ–ဘသ္မာ၊ ထို့ကြောင့်။ သွာက္ခာတော၊ ကောင်း စွာဟောတော်မူအပ်သောတရား မည်ပါပေ၏။ ဟိ၊ ဥပမာဆောင် ထင်အောင် ပြအံ့။ အညတိတ္ထိယာနံ၊ သာသနာတော်မှတပါးသော အယူရှိကြကုန်သော တိတ္ထိဆရာတို့၏။ ဓမ္မဿ အတ္ထော၊ ဟောအပ်သောတရား၏ အနက်သည်။ ဝိပလ္လာသံ၊ ဖောက်ပြန်မှားယွင်းခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ တေသံ ဓမ္မေ၊ ထို တိတ္ထိဆရာတို့၏ တရား၌။ (ယည့်ပေး။) အန္တရာယိကာတိ၊ အန္တရာယ် ပြုတတ်ကုန်၏ဟု။ ဝုတ္တာဓမ္မာနံ၊ ဟောထားသောတရားတို့၏။ အန္တရာယိကတ္တာ- ဘာဝတော၊ အန္တရာယ်ပြုတတ်သောသဘော မရှိသောကြောင့်လည်းကောင်း။ နိယျာနိကာတိ၊ သံသရာမှ ထုတ်ဆောင်တတ်ကုန်၏ဟူ၍။ ဝုတ္တဓမ္မာနံ၊ သူတို့ ဟောအပ်သော ယဇ်ပူဇော်ခြင်း–အစရှိသော တရားတို့သည်။ နိယျာနိကတ္တာ- ဘာဝတော၊ သံသရာမှ မထုတ်ဆောင်တတ်သောကြောင့် လည်းကောင်း။ ဝိပလ္လာသံ အာပဇ္ဇတိ၊ ဖောက်ပြန်မှားယွင်းခြင်းသို့ ရောက်၏။ တေန အတ္ထဿ ဝိပလ္လာသာပဇ္ဇနေန၊ ထိုသို့ သူတို့ဟောအပ်သောတရား၏အနက်သည် မမှန် ကန်, ဖောက်ပြန်မှားယွင်းသောကြောင့်။ တေ၊ ထိုတိတ္ထိတို့သည်။ ဒုရက္ခာတ- ဓမ္မာယေဝ၊ မကောင်းသဖြင့် ဟောအပ်သော တရားသာလျှင် ရှိကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဘဂဝတော၊ မြတ်စွာ ဘုရား၏။ ဓမ္မဿ အတ္ထော၊ တရားတော်၏ အနက်သည်။ ဝိပလ္လာသံ၊ ဖောက်ပြန်မှားယွင်းခြင်းသို့။ န အာပဇ္ဇတိ၊ မရောက်ပေ။ ဣမေ ဓမ္မာ၊ ကမ္မန္တရာယ်အစရှိသော ဤတရားတို့သည်။ အန္တရာယိကာ၊ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ကို ပြုတတ်ကုန်၏။ ဣမေ ဓမ္မာ၊ ဤအရိယ–မဂ်တရားတို့သည်။ နိယျာနိကာ၊ သံသရာဝဋ်မှ ထုတ်ဆောင်တတ်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ဝုတ္တဓမ္မာနံ၊ ဟောတော်မူအပ်သော တရားတို့၏။ တထာဘာဝါနတိက္ကမန- တော၊ ထိုသို့ အန္တရာယ်ပြုခြင်း, သံသရာမှ ထုတ်ဆောင်ခြင်းကို မလွန်သော ကြောင့်။ ဝိပလ္လာသံ န အာပဇ္ဇတိ၊ ဖောက်ပြန်မှားယွင်းခြင်းသို့ မရောက်ပေ။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း ကောင်းစွာဟောအပ်သောကြောင့်။ တာဝ၊ ရှေးဦးစွာ။ ပရိယတ္တိဓမ္မော၊ ပရိယတ်တရားတော်ကို။ ဝါ ပရိယတ္တိတရား

တော်သည်။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။ ဝါ၊ ကောင်းစွာဟောကြားတော်မူအပ်သော တရားမည်ပါပေ၏။

ပန၊ အဖို့တပါးကား။ နိဗ္ဗာနာနုရူပါယ၊ နိဗ္ဗာန်နှင့်လျော်သော။ ပဋိပတ္တိယာ၊ အကျင့်ပဋိပတ်ကို။ အက္ခာတတ္တာ ဟောတော်မူခြင်းကြောင့် လည်းကောင်း။ ပဋိပဒါနုရူပဿ၊ အကျင့်ပဋိပတ်နှင့်လျော်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ အက္ခာတတ္တာ စ ဟောတော်မူခြင်းကြောင့်, ဟောတော်မူအပ်သောကြောင့် လည်းကောင်း။ လောကုတ္တရဓမ္မော၊ လောကုတ္တရာတရားသည်။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သောတရား မည်ပေ၏။ ယထာဟ၊ မြတ်စွာဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်း။ "တေန ဘဂဝတာ၊ ထိုမြတ်စွာ ရားသည်။ နိဗ္ဗာနဂါမိနီ ပဋိပဒါ၊ နိဗ္ဗာန်သို့ဆိုက်ရောက်ကြောင်းဖြစ်သော အကျင့်ကို။ သာဝကာနံ၊ တပည့်သာဝကတို့အား။ သုပညတ္တာ၊ ကောင်းစွာ ပညတ် ဟောကြားတော်မူအပ်ပေ၏။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ ပဋိပဒါ စ၊ အကျင့်သည်လည်းကောင်း။ သံသန္ဒတိ၊ နှီးနှော ညီညွတ်ပေ၏။ သေယျထာပိ နာမ၊ ဥပမာပည်သည်ကား။ ဂင်္ဂေါဒကံ၊ ဂင်္ဂါမြစ်ရေသည်။ ယမုနောဒကေန၊ ယမုနာမြစ်ရေနှင့်။ သံသန္ဒတိ ယထာ၊ နှီးနှောသကဲ့သို့။ သမေတိ ယထာ၊ ညီမျှသကဲ့သို့။ ဧဝမေဝ ၊ ဤအတူပင်လျှင်။ တေန ဘဂဝတာ၊ ထို မြတ်စွာဘုရားသည်။ နိဗ္ဗာနဂါမိနီပဋိပဒါ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်းဖြစ်သောအကျင့်ကို။ သာဝကာနံ၊ တပည့်သာဝကတို့အား။ သုပညတ္တာ၊ ကောင်းစွာပညတ် ဟောကြားတော်မူအပ်ပေ၏။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ ပဋိပဒါ စ၊ အကျင့်သည်လည်းကောင်း။ သံသန္ဒတိ၊ နှီးနှောညီညွတ်ပေ၏။ သမေတိ၊ ညီမျှပေ၏။" ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ စ၊ ထိုမှတပါး။ ဧတ္ထ၊ ဤလောကုတ္တရာတရားတို့တွင်။ အရိယမဂ္ဂေါ၊ အရိယမဂ်သည်။ အန္တဒွယံ၊ သဿတနှင့်ဥစ္ဆေဒ, ကာမသုခနှင့်အတ္တကိလမထ—ဟူသော အဖို့နှစ်ပါး, အစွန်းနှစ်ပါးသို့။ အနုပဂမ္မ၊ မကပ်ရောက်မူ၍။ မဇ္ဈိမာ ပဋိပဒါ-ဘူတော ၊ အလယ်လမ်းဖြစ်၍ဖြစ်သော။ "မဇ္ဈိမာပဋိပဒါ" တိ၊ အလယ်လမ်း အကျင့်ဟူ၍။ အက္ခာတတ္တာ၊ ဟောအပ်သောကြောင့်။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သောတရား မည်ပေ၏။ သာမညဖလာနိ၊ သာမညဖိုလ်တို့သည်။ ပဋိပဿဒ္ဓကိလေသာနေဝ၊ ကိလေသာတို့ကို တဖန် ငြိမ်းစေတတ်သည်တို့ကို သာလျှင်။ "ပဋိပဿဒ္ဓကိလေသာနီတိ၊ ကိလေသာတို့ကို တဖန်ငြိမ်းစေတတ်ကုန်၏ ဟူ၍။ အက္ခာတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ သွာက္ခာတာနိ၊ ကောင်းစွာဟောအပ်သော တရားတို့ မည်ကုန်၏။ သဿတာမတ

တာဏ လေဏာဒိသဘာဝမေဝ၊ မြဲသောသဘော, သေခြင်းကင်းသော သဘော, စောင့်ရှောက်တတ်သောသဘော, ပုန်းအောင်းရာဟူသောသဘော အစရှိသော သဘောရှိသည်ဖြစ်၍သာလျှင် ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သဿတာဒိသဘာဝဝသေန၊ သဿတ စသော သဘောရှိသည်၏ အစွမ်းအားဖြင့်။ အက္ခာတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သွာက္ခာတံ၊ ကောင်းစွာဟောအပ်သောတရား မည်၏။ ဣတိ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ လောကုတ္တရဓမ္မောပိ၊ လောကုတ္တရာတရားသည်လည်း။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သောတရား မည်ပါပေ၏။ (၁)

(၂၀၉) ၁၄၈။ ပန၊ ထိုမှတပါး။ သန္ဒိဋ္ဌိကောတိ ဧတ္ထ၊ သန္ဒိဋ္ဌိကော ဟူသော ဤစကားရပ်၌။ တာဝ၊ ရှေးဦးစွာ။ အရိယပုဂ္ဂလေန၊ အရိယ ပုဂ္ဂိုလ်သည်။ အတ္တနော သန္တာနေ၊ မိမိ၏သန္တာန်၌။ ရာဂါဒီနံ၊ ရာဂ စသည်တို့၏။ အဘာဝံ၊ မရှိခြင်းကို။ ရာဂါဒီနံ အဘာဝံ၊ ရာဂ အစရှိသည် တို့၏ မရှိခြင်းကို။ ကာရေန္တေန၊ ပြုသည်ဖြစ်၍။ အရိယမဂ္ဂေါ၊ အရိယမဂ်ကို။ သာမံ ဒဋ္ဌဗ္ဗော၊ ကိုယ်တိုင်တွေ့မြင်အပ်ပေ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်တွေ့မြင်ရသောတရား မည်ပေ၏။ ယထာဟ၊ မြတ်စွာဘုရား အဘယ်သို့ဟောတော်မူသနည်း-ဟူမူကား။ "ဗြာဟ္မဏ၊ ပုဏ္ဏား။ ခေါ၊ စင်စစ်။ ရာဂရတ္တော၊ တပ်မက်သောသူသည်။ ရာဂေန၊ ရာဂ-သည်။ အဘိဘူတော၊ လွှမ်းမိုး နှိပ်စက်အပ်သည်ဖြစ်၍။ ပရိယာဒိဏ္ဏစိတ္တော၊ အလုံးစုံ ထက်ဝန်းကျင် သိမ်းကျုံးအပ်သောစိတ် ရှိသည်ဖြစ်၍။ အတ္တဗျာဗာဓာယပိ၊ မိမိကိုယ်ကို နှိပ်စက်ခြင်းငှာလည်း။ စေတေတိ၊ ကြံစည်အားထုတ်၏။ ပရဗျာဗာဓာယပိ၊ သူတပါးကို နှိပ်စက်ခြင်းငှာလည်း။ စေတေတိ၊ ကြံစည် အားထုတ်၏။ ဥဘယဗျာဗာဓာယပိ၊ မိမိသူတပါး နှစ်ဦးလုံးကို နှိပ်စက်ခြင်း ငှာလည်း။ စေတေတိ။ ကြံစည်အားထုတ်၏။ စေတသိကံ၊ စိတ်ထဲ၌ဖြစ် သော။ ဒုက္ခံ၊ ဆင်းရဲကိုလည်းကောင်း။ ဒေါမနဿံ၊ နှလုံးမသာသာခြင်းကို လည်းကောင်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ ရာဂေ၊ တပ်မက်မှု ရာဂကို။ ပဟီနေ၊ ပယ်လိုက်သည်ရှိသော်။ အတ္တဗျာဗာဓာယ၊ မိမိကိုယ်ကို နှိပ်စက်ခြင်း ငှာလည်း။ နေဝ စေတေတိ၊ မကြံစည် အားမထုတ်တော့သည်သာလျှင် တည်း။ ပရဗျာဗာဓာယပိ၊ သူတပါးကိုနှိပ်စက်ခြင်းငှာလည်း။ န စေတေတိ၊ မကြံစည် အားမထုတ်တော့သည်သာလျှင်တည်း။ ဥဘယဗျာဗာဓာယပိ၊ မိမိ သူတပါး နှစ်ဦးလုံးကို နှိပ်စက်ခြင်းငှာလည်း။ န စေတေတိ၊ မကြံစည်

အားမဘုတ်တော့သည် သာလျှင်တည်း။ စေတသိကံ၊ စိတ်ဆဲ၌ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲကိုလည်းကောင်း။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းကိုလည်းကောင်း။ န ပဋိသံဝေဒေတိ၊ မခံစားရတော့ပေ။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧဝမ္ပိ၊ ဤသို့လည်း။ ဓမ္မော၊ တရားသည်။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်တွေ့မြင်ရသည် မည်သည်။ ဟောတိ၊ ဖြစ်၏။" ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

အပိစ၊ တနည်းသော်ကား။ နဝဝိဓောပိ၊ ကိုးပါးအပြားရှိသည်လည်း ဖြစ်သော။ လောကုတ္တရဓမ္မော၊ လောကုတ္တရာတရားကို။ ဝါ၊ လောကုတ္တရာ တရားသည်။ ယေန ယေန အရိယသာဝကေန၊ အကြင် အကြင် ဘုရားတပည့် သားသည်။ အဓိဂတော၊ ရအပ် သိအပ်သည်။ ဟောတိ၊ ဖြစ်၏။ တေန တေန-အရိယသာဝကေန၊ ထိုထို ဘုရားတပည့်သားသည်။ ပရသဒ္ဓါယ၊ သူတပါးကိုယုံသဖြင့်။ ဂန္တဗ္ဗတံ ဉာတဗ္ဗတံ၊ သိအပ် မှတ်သူအပ်သောအဖြစ် ကို။ ဟိတွာ၊ ပယ်စွန့်၍။ ပစ္စဝေက္ခဏေန၊ ဆင်ခြင်ဉာဏ်ဖြင့်။ သယံ ဒဋ္ဌဗ္ဗော၊ ကိုယ်တိုင်တွေ့မြင်ရသော တရားမည်ပေ၏။ ဣတိ-ဘသ္မာ၊ ထို့ကြောင့်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက-မည်၏။ အထ ဝါ၊ တနည်းကား။ ပသတ္ထာ၊ ချီးမွမ်း အပ်သော။ ဒိဋ္ဌိ၊ ဉာဏ်အမြင်တည်း။ သန္ဒိဋ္ဌိ၊ ချီးမွမ်းအပ်သော ဉာဏ် အမြင်။ တနည်း-ပသတ္ထာ၊ ချီးမွမ်းအပ်သော။ ဒိဋ္ဌိ၊ ဉာဏ်အမြင်သည်။ သန္ဒိဋ္ဌိ၊ သန္ဒိဋ္ဌိ-မည်၏။ သန္ဒိဋ္ဌိယာ၊ ချီးမွမ်းအပ်သော သန္ဒိဋ္ဌိမည်သော ဉာဏ် အမြင်ဖြင့်။ ဇယတိ၊ အောင်နိုင်တတ်၏။ ဣတိ-ဘသ္မာ၊ ထို့ကြောင့်။ သန္ဒိဋ္ဌိ-ကော၊ သန္ဒိဋ္ဌိက-မည်၏။ တထာ-တံ ဝစနံ၊ ထိုစကားသည်။ ဟိ၊ မှန်၏။ ဧတ္ထ၊ ဤ လောကုတ္တရာ တရားတို့တွင်။ အရိယမဂ္ဂေါ၊ အရိယမဂ်သည်။ သမ္ပယုတ္တာယ၊ မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော။ သန္ဒိဋ္ဌိယာ၊ သန္ဒိဋ္ဌိမည် သော မဂ်ဉာဏ်အမြင်ဖြင့်။ ကိလေသေ၊ ကိလေသာတို့ကို။ ဇယတိ၊ အောင် နိုင်တတ်၏။ အရိယဖလံ၊ အရိယဖိုလ်သည်။ ကာရဏဘူတာယ၊ အကြောင်း ဖြစ်၍ဖြစ်သော။ သမ္ပယုတ္တာယ၊ မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်သော။ သန္ဒိဋ္ဌိ-ယာ၊ သန္ဒိဋ္ဌိ-မည်သော မဂ်ဉာဏ်အမြင်ဖြင့်၊ ကိလေသေ၊ ကိလေသာတို့ကို။ ဇယတိ၊ အောင်နိုင်တတ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဝိသယိဘူတာယ၊ မိမိကို အာရုံပြုသည်ဖြစ်သော။ သန္ဒိဋ္ဌိယာ၊ သန္ဒိဋ္ဌိမည်သော မဂ်ဉာဏ်အမြင်ဖြင့်။ ကိလေသေ၊ ကိလေသာတို့ကို။ ဇယတိ၊ အောင်နိုင်တတ်၏။ တသ္မာ၊ ထို့ ကြောင့်။ ရထေန၊ ရထားဖြင့်။ ဇယတိ၊ အောင်နိုင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ရထိကော၊ စစ်သည်သူရဲသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ နဝဝိဓောပိ၊ ကိုးပါးအပြားရှိသည်လည်း ဖြစ်သော။

လောကုတ္တရဓမ္မာ၊ လောကုတ္တရာတရားသည်။ သန္ဒိဋ္ဌိယာ၊ သန္ဒိဋ္ဌိမည်သော မဂ်ဉာဏ်ဖြင့်။ ဇယတိ၊ အောင်နိုင်တတ်၏။ ဣတိ-ဘသ္မာ၊ ထို့ကြောင့်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက-မည်ပေ၏။

အထ ဝါ၊ တနည်းသော်ကား။ ဒဿနံ၊ မြင်ခြင်းကို။ ဒိဋ္ဌန္တိ၊ ဒိဋ္ဌ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒိဋ္ဌမေဝ၊ ဒိဋ္ဌ သည်ပင်လျှင်။ သန္ဒိဋ္ဌံ၊ သန္ဒိဋ္ဌ—မည်၏။ ဒဿနံ၊ မြင်ခြင်းပင်တည်း။ ဣတိ—အယံ၊ ဤသည်ကား။ အတ္ထော၊ အနက် အဓိပ္ပာယ်ပေတည်း။ သန္ဒိဋ္ဌံ၊ မြင်ခြင်းကို။ အရဟတိ၊ ထိုက်၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်၏။ ဟိ၊ မှန်၏။ လော—ကုတ္တရဓမ္မော၊ လောကုတ္တရာတရားသည်။ ဘာဝနာဘိသမယဝသေန၊ ပွားစေခြင်းဟူသော တွေ့ခြင်း, သိခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ သစ္ဆိ—ကိရိယာဘိသမယဝသေန စ၊ မျက်မှောက်ပြုခြင်း ဟူသော တွေ့ခြင်း, သိခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ ဒိဿမာနောယေဝ၊ မြင်အပ်သော်သာလျှင်။ ဝဋ္ဋဘယံ၊ ဝဋ်ဆင်းရဲဘေးကို။ နိဝတ္တေတိ၊ ဆုတ်နစ်စေတတ်၏၊ ကင်းစေတတ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝတ္ထံ၊ အဝတ်ကို။ အရဟတိ၊ ထိုက်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝတ္ထိကော၊ ဝတ္ထိက—မည်သည်။ ဝါ၊ အဝတ်ကိုဝတ်သောသူသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သန္ဒိဋ္ဌံ၊ မြင်ခြင်းကို။ အရဟတိ၊ ထိုက်၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ ဝါ၊ မြင်ထိုက်သောကြောင့်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက—မည်၏။ (၂)

၁၄၉။ အတ္တနော ဖလဒါနံ၊ မိမိ၏ အကျိုးပေးခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ အဿ၊ ဤတရားအား။ ကာလော၊ မျှော်လင့်အပ်သော အကျိုးပေးရာကာလသည်။ နတ္ထိ၊ မရှိ။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုတရားသည်။ အကာလော၊ အကာလ-မည်၏။ အကာလောယေဝ၊ အကာလ သဒ္ဒါသည်သာလျှင်။ အကာလိကော၊ အကာလိက-မည်၏။ ပဉ္စာဟံ သတ္တာဟာဒိဘေဒံ ကာလံ၊ ငါးရက်,ခုနစ်ရက်-စသည် အပြားရှိသော ကာလကို။ ခေပေတွာ၊ ကုန်လွန်စေ၍။ ဖလံ၊ အကျိုးကို။ န ဒေတိ၊ ပေးသည် မဟုတ်။ ပန၊ စင်စစ်သော်ကား။ အတ္တနော၊ မိမိ၏။ ပဝတ္တိသမနန္တရမေဝ၊ ဖြစ်ပြီးသည်၏ အခြားမဲ့၌ပင်လျှင်။ ဖလဒေါ၊ အကျိုးကိုပေးတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ—ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ အထ ဝါ၊ တနည်းသော်ကား။ အဿ၊ ဤတရားအား။ အတ္တနော၊ မိမိ၏။ ဖလဒါနေ၊ အကျိုးပေးခြင်း၌။ ပကဋ္ဌော၊ ဝေးသော။ ပတ္တော၊ ရောက်သော။ ကာလော၊ ကာလသည်။ အတ္ထိ၊ ရှိ၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။

ကာလိကော၊ ကာလိက—မည်၏။ သော၊ ထိုကာလိက—ဟူသည်။ ကော၊ အဘယ်နည်း။ လောကိယော၊ လောကီဖြစ်သော။ ကုသလဓမ္မော၊ ကုသိုလ်တရားပေတည်း။ တနည်း–လောကိယော ကုသလဓမ္မော၊ လောကီတရားပေတည်း။ အယံ ပန၊ ဤ လောကုတ္တရာတရားသည်ကား။ သမနန္တရဖလတ္တာ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးတတ်သောကြောင့်။ ကာလိကော၊ အကျိုးပေးရာ ဝေးသောကာလသည်။ န၊ မဟုတ်။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ အကာလိ–ကော၊ အကာလိက-မည်၏။ ဝါ-အကာလိကော၊ အကျိုးပေးရန် ငံ့လင့်သောကာလ မရှိသောတရား။ ဣဒံ၊ ဤဂုဏ်ပုဒ်ကို။ မဂ္ဂမေဝ၊ မဂ်တရားကို သာလျှင်။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ (၃)

၁၅၀။ "ဟေိ၊ လာငမ်းပါ၊ လာခဲ့ပါ။ ဣမံ ဓမ္မံ၊ ဤတရားကို။ ပဿ၊ ရှုကြည့်စမ်းပါ။" ဣတိ ဧဝံ၊ ဤသို့၊ ပဝတ္တံ၊ ဖြစ်သော။ ဧဟိပဿဝိဓိံ၊ လာငမ်းပါ, ရှုကြည့်ငမ်းပါ-ဟု ဖိတ်မန်ခြင်း အစီအရင်ကို။ အရဟတိ၊ ထိုက်ပေ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဧဟိပဿိကော၊ ဧဟိပဿိက မည်ပေ၏။ သော–ဧသော၊ ဤတရားသည်။ တံ ဝိဓိံ၊ ထိုဖိတ်မန်ခြင်း အစီအရင်ကို။ ကသ္မာ၊ အဘယ်ကြောင့်။ အရဟတိ၊ ထိုက်သနည်း?။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ (ထည့်။) ဝိဇ္ဇမာနတ္တာ စ၊ တင်ရှားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပရိသုဒ္ဓတ္တာ စ၊ ထက်ဝန်းကျင်စင်ကြယ်သည်၏ အဖြစ်ကြောင်းလည်းကောင်း။ ( ၁၀) အရဟတိ၊ ထိုက်ပေ၏။ ဟိ၊ မှန်၏။ ရိတ္တမုဋ္ဌိယံ၊ အချီးနှီးသောလက်ဆုပ်၌။ ဟိရညံ ဝါ၊ ငွေသည်လည်းကောင်း။ သုဝဏ္ဏံ ဝါ၊ ရွှေသည်လည်းကောင်း။ အတ္ထီတိ၊ ရှိ၏ ဟူ၍။ ဝတွာပိ၊ ဆိုပြီး၍သော်လည်း။ "ဧဟိ၊ လာစမ်းပါ၊ လာခဲ့ပါ၊ ဣမံ၊ ဤအရာဝတ္ထုကို။ ပဿ၊ ကြည့်စမ်းပါ။" ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ပေ။ ကသ္မာ၊ အဘယ်ကြောင့်နည်း?။ အဝိဇ္ဇမာနတ္တာ၊ ထင်ရှားမရှိသောကြောင့်ပေတည်း။ စ၊ ဆက်ဦးအံ့။ ဝိဇ္ဇာနမ္ပိ၊ တင်ရှားရှိပင် ရှိသော်လည်း။ ဂူထံ ဝါ၊ ကျင်ကြီးကိုလည်းကောင်း။ မုတ္တံ ဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ မနုညဘာဝပ္ပကာသနေန၊ နှစ်သက်ဖွယ်၏အဖြစ်ကို ပြသဖြင့်။ ဝါ၊ ပြသောအားဖြင့်။ စိတ္တသမ္ပဟံသနတ္ထံ၊ စိတ်ရွှင်လန်းစေခြင်းငှာ။ "ဧဟိ ပဿ ဣမံ" ဣတိ၊ ဤကျင်ကြီးနှင့်ကျင်ငယ်ကို လာကြည့်စမ်းပါဟု။ ဝတ္တုံ၊ ဆိုခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ပေ။ အပိစ၊ စင်စစ်သော်ကား။ ဣမံ၊ ဤ ကျင်ကြီးကျင်ငယ်ကို။ (ထည့်။) တိဏေဟိ ဝါ၊ မြက်တို့ဖြင့်သော်လည်းကောင်း။ ပဏ္ဏေဟိ ဝါ၊ သစ်ရွက်တို့ဖြင့်သော်လည်းကောင်း။ ပဋိစ္ဆာဒေတဗ္ဗမေဝ၊ ဖုံး

လွှမ်းအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း?။ အပရိသုဒ္ဓတ္တာ၊ မစင်ကြယ်သောကြောင့်ပေတည်း။ နဝဝိဓောပိ၊ ကိုးပါး အပြားရှိသည်လည်းဖြစ်သော။ အယံ ပန လောကုတ္တရဓမ္မော၊ ဤလောကုတ္တရာ တရားသည်ကား။ သဘာဝတော၊ အထည်ကိုယ် သဘောအားဖြင့်ပင်လျှင်။ ဝိဇ္ဇမာနော၊ ထင်ရှားရှိသည်ဖြစ်၍။ ဝိဂတဝလာဟကေ အာကာသေ၊ တိမ်တိုက် ကင်းသောကောင်းကင်၌။ သမ္ပုဏ္ဏစန္ဒမဏ္ဍလံ ဝိယ စ၊ ထက်ဝန်းကျင်ပြည့်စုံ သော လဝန်းကဲ့သို့ လည်းကောင်း။ ပဏ္ဍုကမ္ဗလေ၊ ဝါဖျော့သော သက္ကလတ် ပေါ်၌။ နိက္ခိတ္တဇာတိမဏိ ဝိယ စ၊ ချထားအပ်သော ပဒ္မြားစစ်ကဲ့သို့ လည်း ကောင်း။ ပရိသုဒ္ဓေါ၊ ထက်ဝန်းကျင် စင်ကြယ်ပေ၏။ တသ္မာ ဝိဇ္ဇမာနတ္တာ စ၊ ထိုသို့ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။ တသ္မာ ပရိသုဒ္ဓတ္တာ စ၊ ထိုသို့ ထက်ဝန်းကျင် စင်ကြယ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ ဧဟိပဿဝိဓိံ၊ လာပါ ရှုလှည့်ပါဟူသော အစီအရင်ကို။ အရဟတိ၊ ထိုက် ပေ၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ ဧဟိပဿိကော၊ ဧဟိပဿိက–မည် ပေ၏။ (၄)

၁၅၁။ ဥပဒနေတဗ္ဗော၊ ကပ်၍ဆောင်ခြင်းကို ထိုက်၏။ ဣတိ–တသ္မာ၊ ထိုသို့ ကပ်၍ဆောင်ထိုက်သောကြောင့်။ ဩပနေယျိကော၊ ဩပနေယျိက မည်၏။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤ ဩပနေယျိက ဟူသောပုဒ်၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ပေတည်း။ ဥပနယနံ၊ ကပ်၍ ဆောင်ခြင်း။ ဥပနယော၊ ကပ်၍ဆောင်ခြင်း။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် တောက်လောင်သော။ စေလံ ဝါ၊ အဝတ်ကိုလည်းကောင်း။ သီသံ ဝါ၊ ဦးခေါင်းကိုလည်းကောင်း။ အဇ္ဈုပေက္ခိတွာပိ၊ လျစ်လျူရှု၍သော်လည်း။ ဘာဝနာဝသေန၊ ရှုမှတ်ပွားများသော ဘာဝနာ၏အစွမ်းအားဖြင့်။ အတ္တနော စိတ္တေ၊ မိမိ၏စိတ်၌။ ဥပနယနံ၊ ကပ်၍ဆောင်ခြင်းကို။ အရဟတိ၊ ထိုက်ပေ ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဩပနယိကော၊ ဩပနယိက–မည်၏။ ဩပနယိကောဝ၊ ဩပနယိက–သည်ပင်လျှင်။ ဩပနေယျိကော၊ ဩပနေယျိက မည်၏။ ဣဒံ၊ ဤအနက်သည်။ သင်္ခတေ၊ သင်္ခတဖြစ်သော။ လောကုတ္တရဓမ္မေ၊ လောကုတ္တရာတရား၌။ ယုဇ္ဇတိ၊ သင့်၏။ အသင်္ခတေ ပန၊ အသင်္ခတဖြစ် သော နိဗ္ဗာန်လောကုတ္တရာတရား၌ကား။ အတ္တနော၊ မိမိ၏။ စိတ္တေန၊ စိတ်ဖြင့်။ ဥပနယနံ၊ ဆောင်ခြင်းကို။ တနည်း–အတ္တနော စိတ္တေန ဥပနယနံ၊ မိမိ၏စိတ် ဖြင့် ကပ်၍ဆောင်ခြင်းကို။ အရဟတိ၊ ထိုက်ပေ၏။ ဣတိ–တသ္မာ၊ ထို့ ကြောင့်။ ဩပနေယျိကော၊ ဩပနေယျိက–မည်၏။ သစ္ဆိကိရိယာဝသေန၊

မျက်မှောက်ပြုခြင်း၏ အစွမ်းအားဖြင့်။ အလ္လီယနံ-ဖုသနံ၊ ကပ်ခြင်း, တွေ့ထိခြင်းကို။ အရဟတိ၊ ထိုက်ပေ၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်ပေတည်း။

အထ ဝါ၊ တနည်းကား။ အရိယမဂ္ဂေါ၊ အရိယမဂ်သည်။ အရိယပုဂ္ဂလံ၊ အရိယပုဂ္ဂိုလ်ကို။ (ထည့်။) နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဥပနေဘိ၊ ဆောင်တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ အရိယမဂ္ဂေါ၊ အရိယ-မဂ်သည်။ ဥပနေယျော၊ ဥပနေယျ-မည်၏။ ဖလနိဗ္ဗာနဓမ္မော၊ ဖိုလ်နှင့်နိဗ္ဗာန်တရားသည်။ သစ္ဆိကာတဗ္ဗတံ၊ မျက်မှောက်ပြုအပ်သည်၏ အဖြစ်သို့။ ဥပနေတဗ္ဗော၊ ဆောင်အပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဖလနိဗ္ဗာနဓမ္မော၊ ဖိုလ်နှင့် နိဗ္ဗာန်တရားသည်။ ဥပနေယျော၊ ဥပနေယျ-မည်၏။ ဥပနေယျော ဧဝ၊ ဥပနေယျသည်ပင် လျှင်။ ဩပနေယျိကော၊ ဩပနေယျိက-မည်၏။ (၅)

၁၅၂။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဟူသည်ကား။ ဥဂ္ဃဋိတညူအာဒီဟိ၊ ဥဂ္ဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်-ဟု ဆိုအပ်ကုန်သော။ သဗ္ဗေဟိပိ ဝိညူဟိ၊ တရားမြင်သိကြသည့် ပညာရှိအားလုံးတို့သည်လည်း။ "မေ၊ ငါသည်။ မဂ္ဂေါ၊ မဂ်ကို။ ဘာဝိတော၊ ပွားစေအပ်ပြီ။ ဖလံ၊ ဖိုလ်ကို။ အဓိဂတံ၊ ရပြီ။ နိရောဓော၊ ချုပ်ရာနိဗ္ဗာန်ကို။ သစ္ဆိကတော၊ မျက်မှောက်ပြုအပ်ပြီ။" ဣတိ၊ ဤသို့။ အတ္တနိ အတ္တနိ၊ မိမိမိမိ၌။ ဝေဒိတဗ္ဗော၊ သိအပ်,ရအပ်, ခံစားအပ်သော တရားပေတည်း။ ဟိ၊ မှန်၏။ ဝါ၊ ဗျတိရိက်ကိုဆိုဦးအံ့။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ် ဆရာသည်။ ဘာဝိတေန မဂ္ဂေန၊ ပွားစေအပ်သောမဂ်ဖြင့်။ သဒ္ဓိဝိဟာရိကဿ၊ အတူနေတပည့်၏။ သန္တာနေ၊ သန္တာန်၌။ (ထည့်။) ကိလေသာ၊ ကိလေသာတို့ကို။ န ပဟီယန္တိ၊ မပယ်အပ်ကုန်။ ဝါ၊ မပယ်နိုင်ကုန်။ သော၊ ထို အတူနေတပည့်သည်။ တဿ၊ ထိုမိမိဆရာ၏။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်ဖြင့်။ န ဖာသု ဝိဟရတိ၊ ချမ်းသာစွာ မနေနိုင်ပေ။ တေန၊ ထို မိမိ၏ ဥပဇ္ဈာယ်ဆရာသည်။ သစ္ဆိကတံ နိဗ္ဗာနံ၊ မျက်မှောက်ပြုထားသော နိဗ္ဗာန်ကို။ န သစ္ဆိကရောတိ၊ မျက်မှောက်မပြုနိုင်ပေ။ တသ္မာ၊ ထို့ကြောင့်။ ဧသ-ဧသော ဓမ္မော၊ ဤလောကုတ္တရာတရားကို။ ပရဿ သီသေ၊ သူတပါး၏ ဦးခေါင်း၌။ အာဘရဏံ ဝိယ၊ ဆင်ထားသော အဆင်တန်ဆာကဲ့သို့။ န ဒဋ္ဌဗ္ဗော၊ မြင်အပ်သည်မဟုတ်ပေ။ ပန၊ စင်စစ်သော်ကား။ အတ္တနော၊ တရားသိမြင်သော မိမိ၏။ စိတ္တေယေဝ၊ စိတ်၌သာလျှင်။ ဒဋ္ဌဗ္ဗော၊ တွေ့မြင်ရသော တရားပေတည်း။ ဝိညူဟိ၊ တရားသိသူ ပညာရှိတို့သည်။ အနုဘဝိ-

တဒတ္ထာ၊ ခံစားအပ်, ခံစားရသော တရားပေတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ- ဝုတ္တော ဟောတိ၊ ဆိုလိုပေ၏။ သေ-သေသော ဓမ္မာ၊ ဤ လောကုတ္တရာ တရားသည်။ ဗာလာနံ၊ ဗာလပုထုဇဉ်တို့၏။ အဝိသယော၊ အရာကား မဟုတ်ပေ။ (၆)

(၂၁၁) အပိစ၊ တနည်းကား။ အယံ ဓမ္မော၊ ဤတရားတော်သည်။ သွာက္ခာတော၊ ကောင်းစွာ ဟောအပ်သော တရားတော် မည်ပါပေ၏။ ကသ္မာ၊ အဘယ်ကြောင့်။ အယံ ဓမ္မော၊ ဤတရားတော်သည်။ သွာက္ခာ- တော၊ ကောင်းစွာဟောအပ်သော တရားတော် မည်ပါသနည်း။ (နောက်က လိုက်ပါ။) သန္ဒိဋ္ဌိကတ္တာ၊ ရာဂ-စသည်တို့၏ မရှိခြင်း, ကင်းခြင်းကိုပြုလျက် ကိုယ်တိုင်ပင် တွေ့မြင်ရသောတရား ဖြစ်သောကြောင့်။ ဝါ၊ သူတပါးကိုပုံ၍ ယုံရသည်မဟုတ်ပဲ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ ကိုယ်တိုင်ပင် တွေ့မြင်ရ သော တရား ဖြစ်သောကြောင့်။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သော တရား မည်ပါပေ၏။ အယံ ဓမ္မော၊ ဤတရားသည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်တော်မူပါပေ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ အကာလိကတ္တာ၊ အခါအခွင့်မဆိုင်းလင့်ပဲ အသင့်လက်ငင်း ချက်ချင်း အကျိုးပေးတတ်သော တရား ဖြစ်သောကြောင့် ပေတည်း။ ဓသ-သေသော၊ ဤတရားတော်သည်။ အကာလိကော၊ အကာလိက-မည်ပါပေ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဧဟိပဿိကတ္တာ၊ လာပါ, ရှုလှည့်ပါဟု ဖိတ်မန်ခြင်း အစီအရင်ကို ထိုက် သောတရား ဖြစ်သောကြောင့် ပေတည်း။ ယော စ ဓမ္မော၊ အကြင်တရား သည်။ ဧဟိပဿိကော၊ ဧဟိပဿိက မည်ပေ၏။ သော နာမ၊ ထို ဧဟိပဿိက- မည်သောတရားသည်ကား။ ဩပနေယျိကော၊ စိတ်ထဲ၌ကပ်၍ ဆောင်ထိုက် သော ဩပနေယျိက—တရား ဖြစ်ပါပေသတည်း။ ဣတိ၊ ဤတွင်စကားတစ်ရပ် အပြီးသတ်သတည်း။

၁၅၃။ ငေ်၊ ဤသို့ခဲ့သည့်အတိုင်း။ သွာက္ခာတတာဒိဘေဒေ၊ ကောင်း စွာဟောအပ်သည်၏အဖြစ် စသည်အပြား ရှိကုန်သော။ ဓမ္မဂုဏေ၊ တရား တော်၏ ဂုဏ်တော်တို့ကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင် သော။ တဿ၊ ထိုယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဂပရိ- ယုဋ္ဌိတံ စိတ္တံ၊ ရာဂဖြင့် လွှမ်းမိုးနှိပ်စက် ခံရသော စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့ချေ။ ဒေါသပရိယုဋ္ဌိတံ စိတ္တံ၊ ဒေါသလွှမ်းမိုး နှိပ်စက်ခံရသော စိတ်သည်။ န ဟောတိ၊ မဖြစ်တော့ချေ။ မောဟပရိယုဋ္ဌိတံ စိတ္တံ၊ မောဟ လွှမ်းမိုး နှိပ်စက်ခံရသော စိတ်သည်။ န ဟောတိ၊ မဖြစ်တော့ချေ။ တသ္မိံ

သမယေ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ ဓမ္မံ အာရဗ္ဘ၊ တရားတော်ကို အာရုံပြုလျက်။ ဥဇုဂတမေဝ၊ ဖြောင့်မတ်နေသည်သာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ ဣတိ၊ ဤသို့။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်ပင်လျှင်။ ဝိက္ခမ္ဘိတနီဝရဏဿ၊ နီဝရဏကွာပြီးသော ယောဂီအား။ ဧကက္ခဏေ၊ တစ်ခုသောခဏ၌။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ထိုသို့ဖြစ်ကုန်သော်လည်း။ ဓမ္မဂုဏာနံ တရားဂုဏ်တော်တို့၏။ ဂမ္ဘီရတာယ ဝါ၊ နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း။ နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ၊ အထူးထူးအပြားပြား များစွာသောဂုဏ်တော်တို့ကို အောက်မေ့ခြင်းငှာ နှလုံးသွင်း ညွတ်ကိုင်းခြင်းကြောင့် လည်းကောင်း။ အပ္ပနံ အပ္ပတ္တာ၊ အပ္ပနာသို့မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ၊ ဥပစာသို့သာလျှင် ရောက်သော။ ဈာနံ ဟောတိ၊ ဈာန်သည် ဖြစ်လေ၏။ တဒေတံ–တံ ဧတံ ဈာနံ၊ ထိုသို့ ဥပစာသို့ရောက်သော ဤဈာန်သည်။ ဓမ္မဂုဏာနုဿရဏဝသေန၊ တရားဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သောကြောင့်။ ဓမ္မာနုဿတိစ္စေဝ သင်္ချံ၊ ဓမ္မာနုဿတိဟူ၍ သာလျှင် ရေတွက်ခေါ်ဆိုခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပေ၏။

ပန။ ဆက်ဦးအံ့။ ဣမဉ္စ ဓမ္မာနုဿတိံ၊ ဤ ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သောရဟန်းသည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဩပနေယျိကဿ ဓမ္မဿ၊ ဩပနေယျိက–ဂုဏ်တော်နှင့်ပြည့်စုံသော တရားတော်ကို။ ဒေသေတာရံ၊ ဟောတော်မူတတ်သော။ ဣမိနာပိ အင်္ဂေန သမန္နာဂတံ၊ ဤ ဩပနေယျိက – တရား တည်းဟူသော အင်္ဂါနှင့်လည်း ပြည့်စုံသော။ သတ္ထာရံ၊ ဆရာအရှင်မြတ်ကို။ အတီတံသေ၊ အတိတ်အဖို့၌။ နေဝ သမနုပဿာမိ၊ မမြင်ပေ။ ဧတရဟိ၊ ယခု ပစ္စုပ္ပန်၌လည်း။ တေန ဘဂဝတာ၊ ထိုမြတ်စွာဘုရားကို။ အညတြ ထပေတွာ၊ ထား၍။ န သမနု-ပဿာမိ၊ မမြင်ပေ။ ဣတိ ဧဝံ၊ ဤသို့။ ဓမ္မဂုဏဒဿနေနေဝ၊ တရားတော်ဂုဏ်ကို မြင်ခြင်းဖြင့်ပင်လျှင်။ သတ္ထရိ၊ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၌။ သဂါရဝေါ ဟောတိ၊ ရိုသေခြင်းရှိပေ၏။ သပ္ပတိဿော ဟောတိ၊ တုပ်ဝပ်ခြင်းရှိပေ၏။ ဓမ္မေ၊ တရားတော်၌။ ဂရုစိတ္တီကာရော၊ ရိုသေလေးစားခြင်း ရှိသည်ဖြစ်၍။ သဒ္ဓါဒိဝေပုလ္လံ၊ သဒ္ဓါစသည်တို့၏ပြန့်ပြောခြင်းသို့။ အဓိဂစ္ဆတိ၊ ရောက်၏။ သဒ္ဓါဒိဝေပုလ္လံ၊ သဒ္ဓါစသည်တို့၏ပြန့်ပြောခြင်းကို။ အဓိဂစ္ဆတိ၊ ရ၏။ ပီတိပါမောဇ္ဇဗဟုလော ဟောတိ၊ နှစ်သိမ့်ဝမ်းမြောက်မှု များစွာဖြစ်ခြင်းရှိပေ၏။ ဘယဘေရဝသဟော၊ ကြောက်ဖွယ် ဘေးငယ်–

ဘေးကြီးကို သည်းခံနိုင်ပေ၏။ ဒုက္ခာဓိဝါသနသမတ္ထော၊ ဆင်းရဲဒုက္ခတို့ကို သည်းခံခြင်းငှာ စွမ်းနိုင်ပေ၏။ ဓမ္မေန သံဝါသသညံ၊ တရားတော်နှင့် အတူတကွ နေရသည်ဟူသော အမှတ်သညာကို။ ပဋိလဘတိ၊ ရပေ၏။ ဓမ္မ-ဂုဏာနုဿတိယာ၊ တရားဂုဏ်တော်တို့ကို။ ပုနပ္ပုန်တလဲလဲ အောက်မေ့မှု ဓမ္မာနုဿတိ၏။ ဝါ၊ အောက်မေ့မှု ဓမ္မာနုဿတိသည်။ အဇ္ဈာဝုတ္ထဥ္စ၊ ကိန်း အောင်းရာလည်းဖြစ်သော။ အဿ၊ ထိုယောဂီ၏။ သရီရမ္ပိ၊ ကိုယ်သည် လည်း။ စေတိယဃရံ ဝိယ၊ စေတီအိမ်ကဲ့သို့။ ဝါ၊ ပိဋကတ်တိုက်ကဲ့သို့။ ပူဇာရဟံ ဟောတိ၊ ပူဇော်ထိုက်ပါပေ၏။ အနုတ္တရဓမ္မာဓိဂမာယ၊ အမြတ် ဆုံးဖြစ်သော အရဟတ္တဖိုလ်တရားသို့ရောက်ခြင်းငှာ။ စိတ္တံ နမတိ၊ စိတ်ညွတ် ၏။ စ၊ ထိုမှတပါး။ ဝီတိက္ကမိတဗ္ဗဝတ္ထုသမာယောဂေ၊ လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့လတ်သော်။ ဓမ္မသုဓမ္မတံ၊ တရားတော်၏ ကောင်းမြတ်သော တရားတော်၏ အဖြစ်ကို။ သမနုဿရတော၊ ကောင်းစွာ တဖန်အောက်မေ့ မိသည်။ ဝါ၊ အမှတ်ရသည်ဖြစ်၍။ အဿ၊ ထိုယောဂီအား။ ဟိရောတ္တပ္ပံ၊ ရှက်မှု-ကြောက်မှု ဟိရောတ္တပ္ပသည်။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်၏။ ဥတ္တရိ၊ အထက်မဂ်ဖိုလ်တရားကို။ အပ္ပဋိဝိဇ္ဈန္တော ပန၊ ထိုးထွင်း၍မသိငြား-မရငြား သော်လည်း။ သုဂတိပရာယနော ဟောတိ၊ သုဂတိလျှင်သွားရာ-ရောက်ရာ ရှိပေ၏။

တသ္မာ၊ ထို့ကြောင့်။ ဝါ၊ ထိုသို့များစွာသော အကျိုးရှိသည်၏ အဖြစ်ကြောင့်။ သုမေဓသော၊ ကောင်းသောအမြော်အမြင် ဉာဏ် ပညာနှင့်ပြည့်စုံသော ယောဂီသည်။ ဧဝံ၊ ဤဆိုခဲ့သည့် အတိုင်း။ မဟာနုဘာဝါယ၊ ကြီးမားသောအာနုဘော်နှင့် ပြည့်စုံသော။ ဓမ္မာ-နုဿတိယာ၊ ဓမ္မာနုဿတိ၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့ မလျော့အားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ ပြုသင့်လှ ပါပေသတည်း။ ဝါ၊ ပြုကြလေကုန်။ ဣတိ၊ ဤကား တိုက်တွန်း စကားပေတည်း။

ဣဒံ၊ ဤဆိုခဲ့ပြီးသော စကားရပ်သည်။ ဓမ္မာနုဿတိယံ၊ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက်ပေတည်း။

ဓမ္မာနုဿတိကမ္မဋ္ဌာန်းပြီး၏။

## ၃—သံဃာနုဿတိပွားပုံပြဆိုချက်

၁၅၄။ သံဃာနုဿတိ ဘာဝေတုကာမေနာပိ၊ သံဃာနုဿတိကို ပွားစေခြင်းငှာ အလိုရှိသော ယောဂီသည်လည်း။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ကပ်ရောက်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ—အာရုံမှဖဲခွာ၍ ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍။ "ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားအပေါင်း သံဃာတော်သည်။ သုပ္ပဋိပန္နော၊ ကောင်းစွာ ကျင့်ကြံတော်မူပါပေ၏။ ဘဂဝတော မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားအပေါင်း သံဃာတော်သည်။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မှန်စွာ ကျင့်ကြံတော်မူတတ်ပါပေ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားအပေါင်း သံဃာတော်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အလို့ငှာ ကျင့်ကြံတော်မူတတ်ပါပေ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားအပေါင်း သံဃာတော်သည်။ သာမီစိပ္ပဋိပန္နော၊ သူများကပြုသည့်ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်တော်မူတတ်ပါပေ၏။ စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ-ယာနိ ပုရိသယုဂါနိ၊ အကြင် ယောကျ်ားတို့၏ အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ပုရိသပုဂ္ဂလာ၊ ထိုလေးပါးစုံဖြစ်သော ယောကျ်ားမြတ်တို့သည်ကား။ အဋ္ဌ၊ ရှစ်ယောက်တို့ပေတည်း။ (၂၁၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ-ဧသော သာဝကသံဃော၊ ဤ တပည့်သား သံဃာတော်အပေါင်းသည်။ အာဟုနေယျော၊ အဝေးမှဆောင်ယူ၍ ပူဇော်ခြင်းကို ခံတော်မူထိုက်ပါပေ၏။ ပါဟုနေယျော၊ ဧည့်သည်တို့အား ရည်မှတ်၍ထားသော ပစ္စည်းအထူးကိုခံယူရန် ထိုက်တန်တော်မူပါပေ၏။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံယူတော်မူထိုက်ပါပေ၏။အဉ္ဇလိကရဏီယော၊လက်အုပ်ချီမိုး၍ ရှိခိုးထိုက်ပါပေ၏။ လောကဿ၊ သတ္တဝါအပေါင်း-လူအပေါင်းတည်းဟူသော လောက၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုအမျိုးမျိုးကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပါပေ၏။" ဣတိ ဧဝံ၊ ဤသို့လျှင်။ အရိယသံဃဂုဏာ၊ အရိယာသံဃာတော်၏ ဂုဏ်တို့ကို။ အနုဿရိတဗ္ဗာ၊ အဖန်တလဲလဲ အောက်မေ့ထိုက်ကုန်၏။

၁၅၅။ တတ္ထ၊ ထိုစကားရပ်၌။ သုပဋိပန္နောတိ၊ သုပ္ပဋိပန္န-ဟူသည်ကား။ သုဋ္ဌု၊ ကောင်းမွန်စွာ။ ပဋိပန္နော၊ ကျင့်ပေ၏။ သုဋ္ဌု ပဋိပန္နော၊ ကောင်းစွာကျင့်တော်မူပါပေ၏။သမ္မာပဋိပဒံ၊မှန်ကန်သောအကျင့်ကို။အနိဝတ္တိပဋိပဒံ၊ မဆုတ်နစ်သောအကျင့်ကို။ အနုလောမပဋိပဒံ၊ လျော်သောအကျင့်ကို။

အပစ္စနီကပဋိပဒံ၊ မဆန့်ကျင်သောအကျင့်ကို။ အမ္မာနုဓမ္မပဋိပဒံ၊ လောကုတ္တရာ တရားအား လျော်သောအကျင့်ကို။ ပဋိပန္နော၊ ကျင့်တော်မူပါပေ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော ဟောတိ၊ ဆိုလိုသောအနက်အဓိပ္ပာယ်တည်း။ ဘဂဝ-တော၊ မြတ်စွာဘုရား၏။ ဩဝါဒါနုသာသနိံ ဩဝါဒ အဆုံးအမကို။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏန္တိ၊ နာခံတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သာဝကာ၊ သာဝက-မည်ကုန်၏။ သာဝကာနံ၊ တပည့်သားတို့၏။ သံဃော၊ အပေါင်း တည်း။ သာဝကသံဃော၊ တပည့်သားသာဝကတို့၏ အပေါင်း။ သီလဒိဋ္ဌိ-သာမညတာယ၊ သီလချင်း ညာဏ်အမြင်ချင်း တူညီကြသည်၏အဖြစ်ဖြင့်။ သံဃာတဘာဝံ၊ ပေါင်းအပ်သည်၏ အဖြစ်သို့။ အာပန္နော၊ ရောက်သော။ သာဝကသမူဟော၊ တပည့်အပေါင်းတည်း။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ပန၊ ဆက်ဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ သာ သမ္မာပဋိပဒါ၊ ထို မှန်ကန်သောအကျင့်ကို။ ဥဇုကာ၊ နွားကျင်ငယ် ရေးကဲ့သို့ မကောက်သည်ဖြစ်၍။ အကုဋိလာ၊ လ-ရေးကဲ့သို့ မကောက်သည် ဖြစ်၍။ အဇိမှာ၊ ထွန်ကိုင်းကဲ့သို့ မကောက်သည်ဖြစ်၍။ ဥဇု၊ ဖြောင့်မတ်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ အရိယော၊ စင်ကြယ်သော။ ဉာယော၊ နိဗ္ဗာန်ကို သိကြောင်းပေတည်း။ ဣတိပိ၊ ဤသို့လည်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ အနုစ္ဆဝိကတ္တာ၊ ဝင့်ဆင်းရဲမှထွက်မြောက်ရန် လျော်သောကြောင့်။ သာမီစီတိပိ၊ လျော်သော အကျင့်ဟူ၍လည်း။ သင်္ခံ ဂတာ၊ ရေတွက်ခြင်းသို့ရောက်ပေ၏။ တသ္မာ၊ ထို့ ကြောင့်။ တမ္ပဋိပန္နော၊ ထိုမှန်ကန်သောအကျင့်ကို ကျင့်သော။ အရိယ-သံဃော၊ အရိယာသံဃာကို။ ဥဇုပ္ပဋိပန္နောတိပိ၊ ဖြောင့်မတ်သောအကျင့်ကို ကျင့်သည်ဟူ၍ လည်းကောင်း။ ဉာယပ္ပဋိပန္နောတိပိ၊ နိဗ္ဗာန်သိကြောင်းအကျင့် ကို ကျင့်သည်ဟူ၍ လည်းကောင်း။ သာမီစိပ္ပဋိပန္နောတိပိ၊ သူများကပြုသည့် ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် လျော်သောအကျင့်ကို ကျင့်သည်ဟူ၍ လည်းကောင်း။ ဝုတ္တော၊ ဆိုအပ်ပါပေ၏။

စ၊ ဆက်ဦးအံ့။ တွေ၊ ဤအရိယာသံဃာတို့တွင်။ ယေ အရိယာ၊ အကြင် အရိယာတို့သည်။ မဂ္ဂဋ္ဌာ၊ မဂ်၌တည်ကုန်၏။ တေ အရိယာ၊ ထိုအရိယာတို့ သည်။ သမ္မာပဋိပတ္တိသမင်္ဂိတာယ၊ မှန်ကန်သော အကျင့်နှင့် ပြည့်စုံသော ကြောင့်။ သုပ္ပဋိပန္နာ၊ ကောင်းစွာကျင့်ဆဲ မည်ကုန်၏။ ယေ အရိယာ၊ အကြင်အရိယာတို့သည်။ ဖလဋ္ဌာ၊ ဖိုလ်၌တည်ကုန်၏။ တေ အရိယာ၊ ထို အရိယာတို့သည်။ သမ္မာပဋိပဒါယ၊ မှန်ကန်သောအကျင့်ဖြင့်။ အဓိဂန္တဗ္ဗဿ၊ သိအပ်-ရအပ်သော တရားထူးကို။ အဓိဂတတ္တာ၊ သိပြီး ရပြီး ဖြစ်သော

ကြောင့်။ အတီတံ ပဋိပဒံ သန္ဓာယ၊ လွန်ခဲ့သောအကျင့်ကို ရည်၍။ သုပ္ပဋိ–
ပန္နာတိ၊ ကောင်းစွာကျင့်ပြီး မည်ကုန်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

အပိစ၊ တနည်းသော်ကား။ သွာက္ခာတေ၊ ကောင်းစွာဟောအပ်သော။ ဓမ္မဝိနယေ၊ တရားဝိနည်းဟူသော သာသနာတော်၌။ ယထာနုသိဋ္ဌံ၊ ဆုံးမ ညွှန်ကြားတော်မူသည့် အတိုင်း။ ပဋိပန္နတ္တာပိ၊ ကျင့်သောကြောင့်လည်း။ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်သည် မည်ပေ၏။ အပဏ္ဏကပဋိပဒံ၊ မချွတ် မယွင်း ဧကန် ကိန်းသေဖြစ်သော အကျင့်ကို။ ပဋိပန္နတ္တာပိ၊ ကျင့်သော ကြောင့်လည်း။ သုပ္ပဋိပန္နော၊ သုပ္ပဋိပန္န–မည်ပေ၏။ ဝါ၊ ကောင်းသော အကျင့်ကို ကျင့်သည် မည်ပါပေ၏။ (၁)

အန္တဒွယံ၊ အဖို့အစွန်းနှစ်ပါးသို့။ အနုပဂမ္မ၊ မကပ်ရောက်မူ၍။ မဇ္ဈိမာယ ပဋိပဒါယ၊ အလယ်လမ်းအကျင့်ဖြင့်။ ပဋိပန္နတ္တာ၊ ကျင့်သောကြောင့်လည်း ကောင်း။ ကာယဝစီမနောဝင်္ကကုဋိလဇိမှဒေါသပဟာနာယ၊ ကိုယ်, နှုတ်, စိတ်တို့၏ သုံးမျိုးသော ကောက်ခြင်းဟူသော အပြစ်ကိုပယ်ခြင်းငှာ။ ပဋိ–ပန္နတ္တာ စ၊ ကျင့်သောကြောင့် လည်းကောင်း။ ဥဇုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္န မည်ပေ၏။ ဝါ၊ ဖြောင့်မတ်စွာကျင့်သည် မည်ပါပေ၏။ (ဤနေရာ၌ ဥဇုပ္ပဋိ–ပန္နတ္တာ–ပုဒ် ပိုအံ့ထင်သည်။) (၂)

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဉာယော၊ ဉာယ ဟု၊ ဝုစ္စတိ၊ ဆိုအပ်၏။ တဒတ္ထာယ၊ ဉာယ–ဟူသော နိဗ္ဗာန်အကျိုးငှာ။ ပဋိပန္နတ္တာ၊ ကျင့်သောကြောင့်။ ဉာယပ္ပဋိပန္နော၊ ဉာယပ္ပဋိပန္န–မည်ပေ၏။ ဝါ၊ နိဗ္ဗာန်အကျိုးငှာ ကျင့်သည် မည်ပါပေ၏။ (၃)

ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ပဋိပန္နာ၊ ကျင့်ကုန်သည်ရှိသော်။ သာမီစိပ္ပဋိပန္နာဟုတ္ထ၊ ထိုက်တန်ပါးတို့ပြုအပ်သော ရှိခိုးကြိုဆိုခြင်း, လက်အုပ် ချီခြင်း, နေရာခင်းပြီး စသော ရိုသေမှုကိုထိုက်တန်ကုန်သည်။ ဟောန္တိ၊ ဖြစ် ကုန်၏။ တထာ၊ ထိုသို့ထိုက်တန်သော အခြင်းအရာအားဖြင့်။ ပဋိပန္နတ္တာ၊ ကျင့်သောကြောင့်။ သာမီစိပ္ပဋိပန္နော၊ သာမီစိပ္ပဋိပန္န–မည်တော်မူပါပေ၏။ ဝါ၊ သူတပါးတို့ပြုအပ်သော ရှိခိုးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, နေရာ ခင်းခြင်း–စသော ရိုသေမှုကိုထိုက်တန်အောင် ကျင့်ကြတော်မူပါပေ၏။ (၄)

၁၅၉။ ယဒိဒန္တိ၊ ယဒိဒ–ဟူသည်ကား။ ယာနိ ဣမာနိ၊ အကြင် ဤသို့ သဘောရှိကုန်သော။(ဤ၌ ယဒိဒံ–ကို ယံ–ဣဒံ–ပုဒ်ဖြတ်၍ ယံ–ကို ယာနိ–ဟု ဖွင့်ပြသည်၊ ဣဒံ–ကို ဣမာနိ–ဟု ဖွင့်ပြသည်။) စတ္တာရိ ပုရိသယုဂါနိ၊

စတ္တာရိ ပုရိသယုဂါနိ-ဟူသည်ကား။ ယုဂဝသေန၊ အစုံ၏အစွမ်းအားဖြင့်။ ပဌမမဂ္ဂဋ္ဌော၊ မထမမဂ်၌တည်သော သောတာပန်ပုဂ္ဂိုလ်လည်းကောင်း။ ဖလဋ္ဌော၊ သောတာပတ္တိဖိုလ်၌တည်သော ပုဂ္ဂိုလ်လည်းကောင်း။ ဣတိ ဣဒံ ဒွယံ၊ ဤပုဂ္ဂိုလ်နှစ်ဦးသည်။ ဧကံ၊ တစ်ခုသော၊ တစုံသော။ ယုဂဠံ၊ အစုံ ပေတည်း။ ဧကံ ယုဂဠံ၊ တစ်စုံပေတည်း။ ဣတိ၊ ဤသို့။ ဧဝံ၊ ဤသို့သော အပြားအားဖြင့်။ စတ္တာရိ ပုရိသယုဂဠာနိ၊ လေးခုကုန်သော ယောကျ်ားအစုံ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။အဋ္ဌ ပုရိသပုဂ္ဂလာတိ၊အဋ္ဌ ပုရိသပုဂ္ဂလ-ဟူသည် ကား။ပုရိသပုဂ္ဂလဝသေန၊ ယောကျ်ားပုဂ္ဂိုလ်အသီးအသီး၏ အစွမ်းအားဖြင့်။ ဧကော ပဌမမဂ္ဂဋ္ဌော၊ ပထမမဂ်၌တည်သော သောတာပန်ပုဂ္ဂိုလ်တစ်ယောက် လည်းကောင်း။ ဖလဋ္ဌော၊ သောတာပတ္တိဖိုလ်၌တည်သော ပုဂ္ဂိုလ်လည်း ကောင်း။ဣတိ ဣမိနာ နယေန၊ ဤသို့သောနည်းဖြင့်။ အဋ္ဌေဝ ပုရိသပုဂ္ဂလာ၊ ယောကျ်ားပုဂ္ဂိုလ်ရှစ်ယောက်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စ၊ ဆက်ဦးအံ့။ဧတ္ထ၊ ဤအရာ၌။ပုရိသောတိ ဝါ၊ယောကျ်ားဟူ၍လည်းကောင်း။ ပုဂ္ဂလောတိ ဝါ၊ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း။ဣတိ၊ဤသို့။ ဝုတ္တာနိ၊ ဟောအပ်ကုန်သော။(ထည့်။) ဧတာနိ ပဒါနိ၊ ဤပုဒ်တို့သည်။ ဧကတ္ထာနိ၊ အနက်တူ ကုန်၏။ ပန၊ ထိုသို့ပင်ဖြစ်သော်လည်း။ ဝေနေယျဝသေန၊ ဝေနေယျတို့၏ အစွမ်းအားဖြင့်၊ အလိုအားဖြင့်။ ဧတံ၊ ဤ ပုရိသပုဂ္ဂလ ဟူသောစကားကို။ ဝါ၊ ယောကျ်ား, ပုဂ္ဂိုလ်-ဟူသောစကားကို။ ဝုတ္တံ၊ ဆိုအပ်ပေ၏။ ဧသ ဘဂဝတော သာဝကသံဃောတိ၊ ဧသ ဘဂဝတော သာဝကသံဃော-ဟူသည် ကား။ (၂၁၃) ယုဂဝသေန၊ အစုံ၏အစွမ်းအားဖြင့်။ ယာနိမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင်သို့သော လေးခုကုန်သော ဤယောကျ်ားအစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ (ထည့်။)ပါဋိက္ကေတော၊ အသီးအသီးအားဖြင့်။ အဋ္ဌ ပုရိသ—ပုဂ္ဂလာ၊ ရှစ်ယောက်ကုန်သော ယောကျ်ားပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ (ထည့်။) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ—ဧသော သာဝကသံဃော၊ လေးစုံ ရှစ်ယောက်သော ဤတပည့်သားအပေါင်း သံဃာတော်သည်။ အာဟုနေယျာတိအာဒီသု၊ အာဟုနေယျ-စသည်တို့၌။ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်။) အာနေတွာ၊ ဆောင်ယူခဲ့၍။ ဟုနိတဗ္ဗံ၊ ပူဇော်အပ်၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ အာဟုနံ၊ အာဟုန—မည်၏။ ဒူရတောပိ၊အဝေးမှသော်လည်း။ အာနေတွာ၊ဆောင်ယူခဲ့၍။ သီလဝန္တေသု၊ သီလရှိသောပုဂ္ဂိုလ်တို့၌။ ဒါတဗ္ဗံ၊ပေးလှူအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဧတံ၊ အာဟုနံ—ဟူသော ဤအမည်သည်။ စတုန္နံ ပစ္စယာနံ၊ လှူဖွယ်ပစ္စည်းလေးပါးတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။ တံ

အာဟုနံ၊ ထို အဝေးမှသော်လည်း ဆောင်ယူ၍ ပေးလှူပူဇော်မှုကို။ ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှာ။ ယုတ္တော၊ ထိုက်တန်ပါပေ၏။ ကသ္မာ၊ အဘယ်ကြောင့်။ ယုတ္တော၊ ထိုက်တန်သနည်း။ (ပုစ္ဆာပုတ်မေး။) တသာ အာဟုနဿ၊ ထိုအဝေးမှသော်လည်း ဆောင်ယူ၍ လှူအပ်သော ပစ္စည်းလေးပါး၏။ မဟပ္ဖလကရဏတော၊ အကျိုးကြီးအောင် ပြုတတ်သောကြောင့်။ ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှာ။ ယုတ္တော၊ ထိုက်တန်ပါပေ၏။ (ပြန်စပ်။) ဣတိ–တသ္မာ၊ ထို့ကြောင့်။ အာဟုနေယျော၊ အာဟုနေယျ–မည်ပါပေ၏။ ဝါ၊ အဝေးမှသော်လည်း ဆောင်ယူ၍ လှူအပ်သောပစ္စည်းလေးပါးကို ခံယူခြင်းငှာ ထိုက်တော်မူပါပေ၏။ အထ ဝါ၊ တနည်းကား။ ဒူရတောပိ အာဂန္တွာ၊ အဝေးမှသော်သည်း လာ၍။ သဗ္ဗသာပတေယျမ္ပိ၊ အလုံးစုံသော ဥစ္စာနှစ်ကို သော်လည်း။ ဧတ္ထ၊ ဤ အရိယာသံဃာတော်၌။ ဟုနိတဗ္ဗံ၊ ပေးလှူပူဇော် ထိုက်၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ သော၊ ထို အရိယာသံဃာတော်သည်။ အာဟဝနီယော၊ အာဟဝနီယ–မည်ပေ၏။ ဝါ၊ တနည်းကား။ သက္ကာဒီနမ္ပိ၊ သိကြားမင်း စသည်တို့၏သော်လည်း။ အာဟဝနံ၊ ပူဇော်ခြင်းကို။ အရဟတိ၊ ထိုက်ပေ၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ အာဟဝနီယော၊ အာဟဝနီယ–မည်ပေ၏။ စ၊ ဆက်ဦးအံ့။ ဗြာဟ္မဏာနံ၊ ဗြာဟ္မဏလူမျိုးတို့၏။ အာဟဝနီယော နာမ၊ အာဟဝနီယ–မည်သော။ ယော စာယံ အဂ္ဂိ+ယော စ အယံ အဂ္ဂိ၊ အကြင် ပူဇော်အပ်သော မီးသည်။ အတ္ထိ၊ ရှိ၏။ ယတ္ထ၊ အကြင်မီး၌။ ဟုတံ၊ ပူဇော်အပ်သော နို့, နို့ဓမ်း, ထောပတ်, ဆီဦး စသည်သည်။ မဟပ္ဖလံ၊ အကျိုးရှိ၏။ ဣတိ အယံ၊ ဤသို့သော။ တေသံ၊ ထိုဗြာဟ္မဏတို့၏။ လဒ္ဓိ၊ အယူသည်။ ဟောတိ၊ ဖြစ်၏။ တနည်း–တေသံ၊ ထိုဗြာဟ္မဏတို့၏။ ဣတိ အယံ လဒ္ဓိ၊ ဤသို့သောအယူသည်။ ဟောတိ၊ ဖြစ်၏။ ဟုတဿ၊ ပူဇော်ခြင်း၏။ မဟပ္ဖလတာယ၊ အကျိုးကြီးမြတ်သည်၏ အဖြစ်ကြောင့်။ အာဟဝနီယော၊ ပူဇော်ထိုက်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝါ၊ ဖြစ်ပါမူ။ သံဃောဝ၊ သံဃာသည်သာလျှင်။ အာဟဝနီယော၊ အာဟဝနီယ–မည်ရာ၏။ ဟိ၊ မှန်ပေ၏။ သံဃေ၊ သံဃာ၌။ ဝါ၊ သံဃာအား။ ဟုတံ၊ ပူဇော်ခြင်းသည်။ မဟပ္ဖလံ၊ အကျိုးကြီးပေ၏။ ယထာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်း။ –

“ယော စ ဇန္တု၊ အကြင်ပုဂ္ဂိုလ်သည်။ ဝနေ၊ တော၌။ ဝဿသတံ၊ အနှစ်တစ်ရာကာလပတ်လုံး။ အဂ္ဂိံ၊ မီးကို။ ပရိစရေ၊ လုပ်ကျွေး ပူဇော်ရာ၏။ ယော စ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဘာဝိတတ္တာနံ၊

ပွားစေအပ်ပြီးသော စိတ်ရှိသော အရိယာပုဂ္ဂိုလ်တို့အား။ ကေစ္စိ၊ တစ်ကြိမ်သာလျှင်လည်းကောင်း။ မုဟုတ္တမပိ၊ တမုဟုတ်,တခဏမျှသော်လည်း။ ပူဇေယျ၊ ပူဇော်ရာ၏။ ဝဿသတံ၊ အနှစ်တစ်ရာကာလပတ်လုံး။ ယံ ဟုတံ၊ အကြင် မီးကိုလုပ်ကျွေးသော အမှုသည်။ အတ္ထိ၊ ရှိ၏။ (ထည့်။) တတော၊ ထိုမီးကိုလုပ်ကျွေးသော အလှူထက်။ သာယေဝ ပူဇနာ၊ ထိုအရိယာအား တစ်ကြိမ်တစ်ခါ ခဏဘာမျှ ပူဇော်ရခြင်းကသာလျှင်။ သေယျော၊ ချီးမွမ်း သင့်အပ် မြင့်မြတ်လှပါပေတကား။"

ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

နိကာယန္တရေ၊ သဗ္ဗတ္ထိကဝါဒီဂိုဏ်းဟူသော နိကာယ်တပါး၌။ တဒေတံ အာဟဝနီယောတိပဒံ၊ ထိုအာဟဝနီယ-ပုဒ်သည်။ ဣဓ၊ ဤမဟာဝိဟာရဝါသီဂိုဏ်း၌။ အာဟုနေယျောတိ ဣမိနာ ပဒေန၊ အာဟုနေယျ-ဟူသောပုဒ်နှင့်။ အတ္ထတော၊ အနက်အားဖြင့်။ ဧကံ၊ တူပေ၏။ ဗျဉ္ဇနတော ပန၊ သဒ္ဒါအားဖြင့် မူကား။ ဧတ္ထ၊ ဤအာဟဝနီယ-နှင့် အာဟုနေယျ-ပုဒ်တို့၌။ ကိဉ္စိမတ္တမေဝ၊ စိုးစဉ်းမျှသာ၊ အနည်းငယ်မျှသာ။ နာနံ၊ ထူးပေ၏။ ဣတိ-ဣမိနာကာရေန၊ ဤအကြောင်းကြောင့်။ အာဟုနေယျော၊ အာဟုနေယျ မည်ပေ၏။ (၅)

ပန၊ ထိုမှတပါး။ ပါဟုနေယျောဘိ ဧတ္ထ၊ ပါဟုနေယျော-ဟူသော ဤပုဒ်၌။ ဒိသာဝိဒိသတော၊ အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာတို့မှ။ အာဂတာနံ၊ ရောက်လာကုန်သော။ ပိယမနာပါနံ၊ ချစ်ခင်, မြတ်နိုးအပ်ကုန်သော။ ဉာတိမိတ္တာနံ အတ္ထာယ၊ ဆွေမျိုး, မိတ်ဆွေတို့၏ အကျိုးငှာ။ သက္ကာရေန၊ အရိုအသေအားဖြင့်။ ပဋိယတ္တံ၊ အထူးပြုပြင် စီရင်အပ်သော။ အာဂန္တုကဒါနံ၊ ဧည့်သည်တို့အား ရည်၍ထားသော ပစ္စည်းကို။ ဝါ၊ ဧည့်ခံဖွယ် ပစ္စည်းကို။ ပါဟုနံ၊ ပါဟုန-ဟူ။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။ တမ္ပိ၊ ထိုဧည့်ခံကျွေးမွေးဖွယ် ပစ္စည်းကိုလည်း။ တထာရူပေ၊ ထိုဆိုခဲ့သည့် ဂုဏ်ထူးရှိကုန်သော။ တေ ပါဟုနကေ၊ ထို ဆွေမျိုး, မိတ်ဆွေ-ဧည့်သည်ကောင်းတို့ကို။ ဌပေတွာ၊ အလွတ်ထား၍။ သံဃဿဝ၊ သံဃာအားသာလျှင်။ ဒါတုံ၊ လှူခြင်းငှာ။ ယုတ္တံ၊ သင့်လျော်ပေ၏။ သံဃော၀၊ သံဃာသည်လည်း။ တံ၊ ထို ဧည့်ခံဖွယ်ဖြစ်သော ပစ္စည်းကို။ ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှာ။ ယုတ္တော၊ သင့်လျော် ထိုက်တန်ပါပေ၏။ ဟိ၊ မှန်၏။ သံဃသဒိသော၊ သံဃာနှင့် အလားတူသော။ ပါဟုနကော၊ ဧည့်သည်ကောင်းမည်သည်။ နတ္ထိ၊ မရှိပေ။ တထာ-တံ ဝစနံ၊ ထိုစကားကို။ ဟိ၊ ထင်စွာပြပေအံ့။ သော-ဧသော၊ ဤ

သံဃာတော်ကို။ ကေ့ဒ္ဒန္တရေ စ၊ ဘုရားနှစ်ဆူတို့၏ အကြားကာလကို။
ဝီတိဝတ္တေ၊ လွန်သည်ရှိသော်။ ဝါ၊ လွန်သောကာလ၌လည်း။ ဒိဿတိ၊
တွေ့မြင်ရပေ၏။ (ကဒါစိ၊ ရံခါ။ အသင်္ချေယျေပိ၊ ကမ္ဘာပေါင်း အသင်္ချေ
သည်လည်း။ ဝီတိဝတ္တေ၊ လွန်သောအခါ၌လည်းကောင်း။ ဒိဿတိ၊ တွေ့မြင်
ရပေ၏။ (စ-သဒ္ဒါဖြင့်ပြသည်။) အဗ္ဗောကိ[illegible]၊ ဆန့်ကျင်ဘက်တို့နှင့် ရော
ယှက်ခြင်း မရှိသည်ဖြစ်၍။ ပိယမနာပတ္တကရေဟိ၊ ချစ်မြတ်နိုးအပ်သည်၏
အဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ သီလ စသော ဂုဏ်ကျေးဇူးတို့နှင့်လည်း။
သမန္နာဂတော၊ ပြည့်စုံပေ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝံ၊ ဤ
ဆိုခဲ့သည့်အတိုင်း။ အဿ၊ ထိုသံဃာအား။ ပါဟုနံ၊ ဧည့်ခံ ကျွေးမွေးဖွယ်ကို။
ဒါတုံ၊ ပေးလှူရန်။ ယုတ္တံ၊ သင့်ပေ၏။ ပါဟုနံ၊ ဧည့်ခံ ကျွေးမွေးဖွယ်ကို။
သံဃော၊ ဤသံဃာသည်။ (လိုက်။) ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှာ။ ယုတ္တော၊
သင့်ပေ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝါ၊ ထိုသို့ ခံယူရန်သင့်သော
ကြောင့်။ ပါဟုနေယျော၊ ပါဟုနေယျ-မည်ပေ၏။ ပန၊ ဝါဒအထူးကို
ပြဦးအံ့။ ယေသံ၊ အကြင် သဗ္ဗတ္ထိကဝါဒီဂိုဏ်းသားတို့၏။ ဝါဒေ၊ အယူ
ဝါဒ၌။ (ထည့်။) ပါဟဝနီယောတိ၊ ပါဟဝနီယ-မည်သော။ ပါဠိ၊
ပါဠိသည်။ အတ္ထိ၊ ရှိ၏။ (ထည့်။) တေသံ၊ ထိုဂိုဏ်းသားတို့၏။ ဝါဒေ၊
အယူဝါဒ၌။ (ထည့်။) ယသ္မာ၊ အကြင်ကြောင့်။ သံဃော၊ သံဃာသည်။
ပုဗ္ဗကာရံ၊ လက်ဦးပူဇော်ခြင်းကို။ အရဟတိ၊ ထိုက်ပေ၏။ တသ္မာ၊ ထို့ကြောင့်။
သဗ္ဗပဌမံ၊ အလုံးစုံတို့၏ ရှေးဦးစွာ။ အာနေတွာ၊ ဆောင်ယူ၍။ ဧတ္ထ၊ ဤ
သံဃာတော်၌။ ဟုနိတဗ္ဗံ၊ ပေးလှူပူဇော်အပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။
ပါဟဝနိယော၊ ပါဟဝနီယ မည်၏။ ဝါ၊ တနည်းကား။ သဗ္ဗပ္ပကာရေန၊
ခပ်သိမ်းသော အပြားအားဖြင့်။ အာဟဝနံ၊ ဆောင်ယူ၍ ပူဇော်အပ်သော
ဝတ္ထုကို။ ဝါ၊ ဆောင်ယူလာ၍ ပူဇော်ခြင်းကို။ အရဟတိ၊ ထိုက်တန်၏။
ဣတိ-တသ္မာ ထို့ကြောင့်။ ပါဟဝနီယော၊ ပါဟဝနီယ-မည်၏။ သွာယံ-
သော အယံ ပါဟဝနီယသဒ္ဒေါ၊ ထို ပါဟဝနီယ-ဟုဆိုအပ်သော ဤသဒ္ဒါ
ကို။ ဣဓ၊ ဤ မဟာဝိဟာရဝါသီတို့၏ဝါဒ၌။ တေနေဝ အတ္ထေန၊ ထိုဆိုအပ်
ခဲ့သော အနက်ကြောင့်ပင်လျှင်။ ပရိယာယေန၊ ပရိယာယ်အဖြစ်ဖြင့်။ (ထည့်။)
ပါဟုနေယျောတိ၊ ပါဟုနေယျ-ဟု။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ (၆)

ပန၊ ထိုမှတပါး။ ပရလောကံ သဒ္ဒဟိတွာ၊ တမလွန်လောကကို ယုံကြည်
၍။ ဒါတဗ္ဗဒါနံ၊ လှူအပ်သောဝတ္ထုကို။ ဒက္ခိဏာတိ၊ ဒက္ခိဏာ ဟူ၍။ ဝုစ္စတိ၊
ဆိုအပ်ပေ၏။ တံ ဒက္ခိဏံ၊ ဒက္ခိဏာ-မည်သော ထိုအလှူဝတ္ထုကို။ အရဟတိ၊

ထိုက်တန်၏။ ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင်ကြောင့်။ နံ ဒက္ခိဏံ၊ ထို အလှူကို။ မဟပ္ဖလကရဏတာယ၊ အကျိုးကြီးအောင် ပြုတတ်သည်၏ အဖြစ်ဖြင့်။ ဝိသောဓေတိ၊ စင်ကြယ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ မည်ပေ၏။ (၇)

(၂၁၄) သဗ္ဗလောကေန၊ အလုံးစုံသော လောကသည်။ ဥဘော ဟတ္ထေ၊ နှစ်ဘက်သော လက်တို့ကို။ သိရသ္မိံ ပတိဋ္ဌာပေတွာ၊ ဦးခေါင်းထက်၌ တည်စေ၍။ ကယိရမာနံ၊ ပြုအပ်သော။ အဉ္ဇလိကမ္မံ၊ လက်အုပ်ချီခြင်းအမှုကို။ အရဟတိ၊ ထိုက်ပေ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိကရဏီယ—မည်ပါပေ၏။ (၈)

အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဟူသည်ကား။ သဗ္ဗလောကဿ၊ အလုံးစုံသော သတ္တလောက၏။ အသဒိသံ၊ အတူမရှိသော။ ပုညဝိရူဟနဋ္ဌာနံ၊ ကောင်းမှုတို့၏ ဖြစ်ပွားစည်ပင်ရာ ဌာနပေတည်း။ ဟိ၊ ဥပမာဖြင့် ထင်စွာပြအံ့။ ရညော ဝါ၊ မင်း၏သော်လည်းကောင်း။ အမစ္စဿ ဝါ၊ အမတ်၏ သော်လည်းကောင်း။ သာလီနံ ဝါ၊ သလေးစပါးတို့၏ လည်းကောင်း။ ယဝါနံ ဝါ၊ မုယော—ဂျုံတို့၏ လည်းကောင်း။ ဝိရူဟနဋ္ဌာနံ၊ ဖြစ်ပွား စည်ပင်ရာ ဌာနကို။ ရညော၊ မင်း၏။ သာလိခေတ္တန္တိ၊ သလေးစပါးခင်း-လယ်ဟူ၍ လည်းကောင်း။ ရညော၊ မင်း၏။ ယဝခေတ္တန္တိ၊ ဂျုံခင်း—ယာဟူ၍ လည်းကောင်း။ (အမစ္စဿ၊ အမတ်၏။ သာလိခေတ္တန္တိ၊ သလေးစပါးခင်း-လယ်ဟူ၍ လည်းကောင်း။ အမစ္စဿ၊ အမတ်၏။ ယဝခေတ္တန္တိ၊ ဂျုံခင်း ယာဟူ၍ လည်းကောင်း။) ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ သံဃော၊ သံဃာတော်သည်။ သဗ္ဗလောကဿ၊ အလုံးစုံသော သတ္တလောက၏။ ပုညာနံ၊ ကောင်းမှုတို့၏။ ဝိရူဟနဋ္ဌာနံ၊ ဖြစ်ပွားစည်ပင်ရာ ဌာနပေတည်း။ ဟိ၊ မှန်၏။ သံဃံ နိဿာယ၊ သံဃာတော်ကိုမှီ၍။ လောကဿ၊ လောက၏။ နာနပ္ပကာရဟိတသုခသံဝတ္တနိကာနိ ပုညာနိ၊ အထူးထူးအပြားပြားသော စီးပွားချမ်းသာကို ဖြစ်စေတတ်ကုန်သော ကောင်းမှုတို့သည်။ ဝိရူဟန္တိ၊ ဖြစ်ပွား စည်ပင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သံဃော၊ သံဃာတော်သည်။ လောကဿ၊ လောက၏။ အနုတ္တရံ၊ အကောင်းဆုံး အမြတ်ဆုံးဖြစ်သော။ ပုညက္ခေတ္တံ၊ ကောင်းမှုတို့၏ ဖြစ်ပွား စည်ပင်ရာ လယ်ယာမြေကောင်း မည်ပါပေ၏။ (၉)

၁၅၇။ ဇင်၊ ဤဆိုခဲ့သည့်အတိုင်း။ သုပ္ပဋိပန္နတာဒိဘေဒေ၊ ကောင်းစွာ ကျင့်ကြံတတ်သည်၏အဖြစ်-စသည်အပြား ရှိကုန်သော။ သံဃာဂုဏေ၊ သံဃာ့ဂုဏ်တော်တို့ကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်နေသော ယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဂပရိယုဋ္ဌိတံ စိတ္တံ၊ ရာဂ-သည် လွှမ်းမိုးနှိပ်စက်ခံရသော စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့သည် သာတည်း။ ဒေါသပရိယုဋ္ဌိတံ စိတ္တံ၊ ဒေါသ-သည် လွှမ်းမိုးနှိပ်စက်ခံရသော စိတ်သည်။ န ဟောတိ၊ မဖြစ်တော့သည်သာတည်း။ မောဟပရိယုဋ္ဌိတံ စိတ္တံ၊ မောဟ-သည် လွှမ်းမိုးနှိပ်စက်ခံရသော စိတ်သည်။ န ဟောတိ၊ မဖြစ်တော့သည် သာတည်း။ တသ္မိံ သမယေ၊ ထိုအခါ၌။ အဿ စိတ္တံ၊ ထို ယောဂီ၏ စိတ်သည်။ သံဃံ အာရဗ္ဘ၊ သံဃာတော်၏ဂုဏ်တော်ကို အာရုံပြု လျက်။ ဥဇုဂတမေဝ၊ ဖြောင့်မတ်နေသည်သာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ ဥဇုဂတမေဝ ဟောတိ၊ ဖြောင့်မတ်နေသည်သာလျှင် ဖြစ်ပေ၏။ ဣတိ-အာဒိနာ ပုရိမနယေနေဝ၊ ဤသို့အစရှိသော ရှေးနည်းဖြင့်ပင်လျှင်။ ဝိက္ခမ္ဘိတ နီ-ဝရဏဿ၊ နီဝရဏကင်းကွာပြီးသော ယောဂီအား။ ဧကက္ခဏေ၊ တစ်ခုသော ခဏ၌။ ဈာနင်္ဂါနိ ဥပ္ပဇ္ဇန္တိ၊ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်လာကုန်၏။ ပန၊ ထိုသို့ ဖြစ်သော်လည်း။ သံဃဂုဏာနံ၊ သံဃာ့ဂုဏ်တော်တို့၏။ ဂမ္ဘီရတာယ ဝါ၊ နက်နဲ သည်၏ အဖြစ်ကြောင့်လည်းကောင်း။ နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တ-တာယ ဝါ၊ အထူးထူးအပြားပြား များစွာသောဂုဏ်တို့ကို အောင့်မေ့ခြင်းငှာ နှလုံးသွင်း ညွတ်ကိုင်းခြင်းကြောင့်လည်းကောင်း။ အပ္ပနံ အပ္ပတွာ၊ အပ္ပနာ သို့မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ ဈာနံ၊ ဥပစာရသို့သာလျှင်ရောက်သော ဈာန်သည်။ ဟောတိ၊ ဖြစ်၏။ တဒေတံ-ဘံ ဇတံ ဈာနံ၊ ထိုဥပစာသို့ရောက် သော ဈာန်သည်။ သံဃဂုဏာနုဿရဏဝသေန၊ သံဃာ့ဂုဏ်တော်တို့ကို အဖန် တလဲလဲ အောက်မေ့သည်၏အစွမ်းအားဖြင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သောကြောင့်။ သံဃာနုဿတိစ္စေဝ သင်္ခံ၊ သံဃာနုဿတိ-ဟူ၍သာလျှင် ရေတွက်ခေါ်ဆိုအပ် ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။

ပန၊ ဆက်ဦးအံ့။ ဝါ၊ အကျိုးထူးကိုပြပေအံ့။ ဣမဉ္စ သံဃာနုဿတိံ၊ ဤသံဃာနုဿတိကမ္မဋ္ဌာန်းကို၊ အနုယုတ္တော ဘိက္ခု၊ အားထုတ်သောရဟန်း သည်။ သံဃေ၊ သံဃာတော်၌။ သဂါရဝေါ ဟောတိ၊ ရိုသေခြင်းရှိပေ၏။ သပ္ပတိဿော ဟောတိ၊ တုပ်ဝပ်ခြင်းရှိပေ၏။ သဒ္ဓါဓိမောက္ခံ အဓိဂစ္ဆတိ၊ သဒ္ဓါ-စသည်တို့၏ ပြန့်ပြောခြင်းသို့။ ဝါ၊ ပြန့်ပြောခြင်းကို ရောက်ပေ၏။ ဝါ၊ ရပေ၏။ ပီတိပါမောဇ္ဇဗဟုလော ဟောတိ၊ နှစ်သိမ့်ဝမ်းမြောက်မှု

ဖြစ်ခြင်းများပေ၏။ ဘယဘေရဝသဟော၊ ကြောက်ဖွယ်သော ဘေးငယ် ဘေးကြီးကို သည်းခံနိုင်ပေ၏။ ဒုက္ခာဝိဝါသနသမတ္ထော၊ ဆင်းရဲဒုက္ခတို့ကို သည်းခံခြင်းငှာ စွမ်းနိုင်ပေ၏။ သံဃေန သံဝါသသညံ၊ သံဃာတော်နှင့် အတူ တကွနေရသည်ဟူသော အမှတ်သညာကို။ ပဋိလဘတိ၊ ရပေ၏။ သံဃဂုဏာနု- ဿတိယာ၊ သံဃာ့ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့မှု-သံဃာနုဿတိ ၏။ အဇ္ဈာဝုတ္ထံ၊ ကိန်းအောင်းရာဖြစ်သော။ အဿ သရီရံ၊ ထိုယောဂီ၏ ကိုယ်သည်။ သန္နိပတိတသံဃံ၊ အညီအညွတ်စည်းဝေးအပ်သော သံဃာရှိ သော။ ဝါ၊ သံဃာတော်စည်းဝေးလျက်ရှိသော။ ဥပေါသထာဂါရံ ဣဝ၊ ဥပုသ်အိမ်ကဲ့သို့။ ပူဇာရဟံ ဟောတိ၊ ပူဇော်ထိုက်ပါပေ၏။ သံဃာဂုဏာ- ဓိဂမာယ၊ သံဃာ့ဂုဏ်တော်တို့ကို ရခြင်းငှာ။ စိတ္တံ နမတိ၊ စိတ်ညွတ်၏။ ၎၊ ထိုမှတပါး။ ဝီတိက္ကမိတဗ္ဗဝတ္ထုသမာယောဂေ၊ လွန်ကျူးအပ်သော။ ဝါ၊ လွန်ကျူးစရာဝတ္ထုနှင့် တွေ့လတ်သော်။ သံဃံ၊ သံဃာတော်ကို။ သမ္မုခါ ပဿတော ဝိယ၊ မျက်မှောက်၌ တွေ့မြင်နေရသကဲ့သို့။ အဿ၊ ထိုယောဂီအား။ ဟိရောတ္တပ္ပံ၊ ရှက်ကြောက်မှုသည်။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်၏။ ဥတ္တရိ အပ္ပဋိ- ဝိဇ္ဈန္တော ပန၊ အထက်မဂ်ဖိုလ်တရားအထူးကို ထိုးထွင်း၍မသိငြား-မရငြား သော်လည်း။ သုဂတိပရာယနော ဟောတိ၊ သုဂတိပင်လျှင် လားရာရှိပေ၏။

တသ္မာ၊ ထိုသို့ များစွာသော အကျိုး ရှိခြင်းကြောင့်။ သုမေဓ- သော၊ ကောင်း သော အမြော်အမြင် ဉာဏ်ပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ မဟာနုဘာဝါယ၊ ကြီးမား သော အာနုဘော်နှင့်ပြည့်စုံသော။ သံဃာနုဿတိယာ၊ သံဃာနု- ဿတိ၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ အားထုတ် ခြင်းကို။ ဟဝေ၊ စင်စစ် မုချ။ ကယိရာထ-ကရေယျ၊ ပြုသင့်လှပေ သတည်း။ ဣတိ၊ ဤသည်ကားဥယျောဇဉ်ပေတည်း။

ဣဒံ၊ ဤယခုပြဆိုခဲ့သောစကားသည်။ သံဃာနုဿတိယံ၊ သံဃာနုဿတိ ကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက်ပေတည်း။

သံဃာနုဿတိကမ္မဋ္ဌာန်းပြီး၏။

## ၄—သီလာနုဿတိပွားပုံပြဆိုချက်

(၂၁၅) ၁၂၈။ သီလာနုဿတိံ ဘာဝေတုကာမေန၊ သီလာနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေခြင်းငှာအလိုရှိသော ယောဂီသည်။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ကပ်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ—အာရုံမှ ဖဲခွာ၍ ကမ္မဋ္ဌာန်း

အာရုံ၌ ကောင်းစွာကပ်၍ငြိသည်ဖြစ်၍။ "မေ၊ ငါ၏။ သီလာနိ၊ သီလတို့သည်။ အဟော ဝတ၊ ဪ... ကောင်းလေစွ။ အခဏ္ဍာနိ၊ မကျိုးကုန်။ တနည်း—အဟော ဝတ အခဏ္ဍာနိ၊ ဪ... မကျိုးပဲ ရှိပါပေကုန်စွ။ အဟော ဝတ အစ္ဆိဒ္ဒါနိ၊ ဪ... မပေါက်ပဲ ရှိပါပေကုန်စွ။ အဟော ဝတ အသဗလာနိ၊ ဪ-မကြောင်မကျားပဲ ရှိပါပေကုန်စွ။ အဟော ဝတ အကမ္မာသာနိ၊ ဪ.. အပြောက် အစွန်း အကွက် အထင် မရှိပါပေကုန်စွ။ အဟော ဝတ ဘုဇိဿာနိ၊ ဪ.. တဏှာ၏ ကျွန်အဖြစ်မှ တော်လှန်ပါပေကုန်စွ။ အဟော ဝတ ဝိညုပ္ပသတ္ထာနိ၊ ဪ.. ပညာရှိတို့ ချီးမွမ်းထိုက်ပါပေကုန်စွ။ အဟော ဝတ အပရာမဋ္ဌာနိ၊ ဪ တဏှာ, ဒိဋ္ဌိတို့က မသုံးသပ် မကိုင်ဘွယ်နိုင်ပဲ ရှိပါပေကုန်စွ။ အဟော ဝတ သမာဓိသံဝတ္တနိကာနိ၊ ဪ... သမာဓိကို ဖြစ်စေနိုင်ပါပေကုန်စွ။" ဣတိ၊ ဤသို့။ ဧဝံ၊ ဤပုံဤနည်းအားဖြင့်။ အခဏ္ဍာဒိဂုဏဝသေန၊ မကျိုးသည်၏အဖြစ် အစရှိသော ဂုဏ်တို့၏အစွမ်းအားဖြင့်။ အတ္တနော သီလာနိ၊ မိမိ၏ သီလတို့ကို။ အနုဿရိတဗ္ဗာနိ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ကုန်၏။ တာနိ စ၊ ထိုသီလတို့ကိုလည်း။ ဂဟဋ္ဌေန၊ လူဝတ်ကြောင်သည်။ ဂဟဋ္ဌသီလာနိ၊ လူ၏သီလတို့ကို။ အနုဿရိတဗ္ဗာနိ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ကုန်၏။ ပဗ္ဗဇိတေန၊ ရှင်ရဟန်းသည်။ ပဗ္ဗဇိတသီလာနိ၊ ရှင်ရဟန်း သီလတို့ကို။ အနုဿရိတဗ္ဗာနိ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ကုန်၏။

ဂဟဋ္ဌသီလာနိ ဝါ၊ လူ၏သီလတို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဂဟဋ္ဌသီလာနိ ဝါ ဟောန္တု၊ လူ၏သီလတို့ဖြစ်စေ။ ပဗ္ဗဇိတသီလာနိ ဝါ၊ ရဟန်း၏ သီလတို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ ပဗ္ဗဇိတသီလာနိ ဝါ ဟောန္တု၊ ရှင်ရဟန်း၏ သီလတို့ဖြစ်စေ။ ယေသံ၊ အကြင်သိက္ခာပုဒ် သီလတို့၏။ အာဒိမှိ ဝါ၊ အစ၌သော်လည်းကောင်း။ အန္တေ ဝါ၊ အဆုံး၌ သော်လည်းကောင်း။ ဧကမ္ပိ၊ သီလသိက္ခာပုဒ် တစ်ခုမျှသော်လည်း။ န ဘိန္နံ၊ မပျက်ပြားအံ့။ တာနိ၊ ထိုသီလတို့သည်။ ပရိယန္တေ၊ အစွန်အနား၌။ ဆိန္နသာဋကော ဝိယ၊ စုတ်ပြတ်သော ပုဆိုးကဲ့သို့။ န ခဏ္ဍာနိ၊ မကျိုး မပျက်ကြကုန်။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ အခဏ္ဍာနိ၊ မကျိုးမပျက်သည် မည်ကုန်၏။ ယေသံ၊ အကြင်သိက္ခာပုဒ် သီလတို့၏။ ဝေမဇ္ဈေ၊ အလယ်၌။ ဧကမ္ပိ၊ သီလသိက္ခာပုဒ် တစ်ခုမျှသော်လည်း။ န ဘိန္နံ၊ မပျက်ပြားအံ့။ တာနိ၊ ထိုသီလတို့သည်။ မဇ္ဈေ၊ အလယ်၌။ ဝိနိဝိဒ္ဓသာဋကော ဝိယ၊

ပေါက်သောပုဆိုးကဲ့သို့။ န ဆိဒ္ဒါနိ၊ မပေါက်ကြကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အစ္ဆိဒ္ဒါနိ၊ မပေါက်ကြသည် မည်ကုန်၏။ ယေသံ၊ အကြင် သိက္ခာပုဒ် သီလတို့တွင်။ ဒွေ ဝါ၊ သိက္ခာပုဒ် နှစ်ခုတို့သည် လည်းကောင်း။ ဝါ၊ သိက္ခာပုဒ် နှစ်ခုတို့ဖြစ်စေ။ တီဏိ ဝါ၊ သိက္ခာပုဒ်သုံးခုတို့သည် လည်းကောင်း။ ဝါ၊ သိက္ခာပုဒ်သုံးခုတို့ဖြစ်စေ။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ န ဘိန္နာနိ တဆက်တည်း မပျက်ကြကုန်ပြီးအံ့။ တာနိ၊ ထိုသီလတို့သည်။ ကာဠရတ္တာဒီနံ၊ အမည်း, အနီ–စသည်တို့တွင်။ အညတရသရီရဝဏ္ဏာ၊ တပါး ပါးသော အဆင်းရှိသော။ ဂါဝီ၊ နွားမသည်။ ပိဋ္ဌိယာ ဝါ၊ ကျောက် ကုန်း၌သော် လည်းကောင်း ဝါ၊ ကျောက်ကုန်း၌ဖြစ်စေ။ ကုစ္ဆိယာ ဝါ၊ ဝမ်းဗိုက်၌သော် လည်းကောင်း။ ဝါ၊ ဝမ်းဗိုက်၌ဖြစ်စေ။ ဥဋ္ဌိတေန၊ ဖြစ် ပေါ်သော။ ဒီဃဝဋ္ဋာဒိသဏ္ဌာနေန၊ အရှည်, အဝိုင်း–စသည် ပုံသဏ္ဌာန်ရှိ သော။ ဝိသဘာဂဝဏ္ဏေန၊ မတူကွဲပြားသော အဆင်းဖြင့်။ န သဗလာနိ၊ မကြောင်မကျားကုန်။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ အသဗလာနိ၊ မကြောင် မကျားသည် မည်ကုန်၏။ ယာနိ၊ အကြင်သိက္ခာပုဒ် သီလတို့သည်။ အန္တ– ရန္တရာ၊ အကြားအကြား၌။ န ဘိန္နာနိ၊ မပျက်ကုန်ပြီးအံ့။ တာနိ၊ ထိုသီလ တို့သည်။ ဝိသဘာဂဗိန္ဒုဝိစိတြာ၊ အဆင်ကွဲ အပြောက်အစက်တို့ဖြင့် ဆန်း ကြယ်သော။ ဂါဝီ ဝိယ၊ နွားမကဲ့သို့။ န ကမ္မာသာနိ၊ အပြောက်အပြောက် မရှိကြကုန်။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ အကမ္မာသာနိ၊ အပြောက်အပြောက် မရှိကြကုန်သည် မည်ကုန်၏။ ဝါ၊ တနည်းကား။ အဝိသေသေန၊ သာမည အားဖြင့်။ သဗ္ဗာနိပိ၊ အလုံးစုံသော သီလတို့သည်လည်း။ သတ္တဝိဓေန၊ ခုနစ်ပါးသော။ မေထုနသံယောဂေန စ၊ မေထုန် ငယ် နှင့် ယှဉ်ခြင်းသည် လည်းကောင်း။ ကောဓုပနာဟာဒီဟိ စ၊ ကောဓ, ဥပနာဟ-အစရှိကုန် သော။ ပါပဓမ္မေဟိ စ၊ ယုတ်မာ သော တရား တို့ သည် လည်းကောင်း။ အနုပဟတတ္တာ၊ မနှိပ်စက်အပ် မဖျက်ဆီးအပ်သောကြောင့်။ အခဏ္ဍာနိ၊ မကျိုးသည်မည်ကုန်၏။ အစ္ဆိဒ္ဒါနိ၊ မပေါက်သည်မည်ကုန်၏။ အသဗလာနိ၊ မကြောင်မကျားသည်မည်ကုန်၏။ အကမ္မာသာနိ၊ မပြောက်သည်မည်ကုန်၏။ တာနိယေဝ၊ ထို မကျိုး, မပေါက်, မကြောင်မကျား, မပြောက်သော–သီလ တို့သည် ပင်လျှင်။ တဏှာဒါသဗျတော၊ တဏှာ၏ကျွန်အဖြစ်မှ၊ မောစေတွာ၊ လွတ်စေ၍။ ဘုဇိဿဘာဝကရဏေန၊ တော်လှန်သည်၏ အဖြစ် ကို ပြု ခြင်း ကြောင့်။ ဝါ၊ လွတ်လပ်သည်၏ အဖြစ် ကို ပြု ခြင်း ကြောင့်။ ဘုဇိဿာနိ၊ တော်လှန်သည်မည်ကုန်၏။ ဝါ၊ လွတ် လပ် သည် မည် ကုန် ၏။ ဗုဒ္ဓါဒီဟိ ဝိညူဟိ၊ ဘုရားအစရှိသော ပညာရှိတို့သည်။ ပသတ္ထတ္တာ၊ ချီးမွမ်းအပ်သည်၏

အဖြစ်ကြောင့်။ ဝိညူပသတ္ထာနိ၊ ပညာရှိတို့ ချီးမွမ်းအပ်သည် မည်ကုန်၏။ တဏှာဒိဋ္ဌိဟိ၊ တဏှာနှင့် ဒိဋ္ဌိတို့သည်။ အပရာမဋ္ဌတာယ၊ မသုံးသပ်အပ်သည်၏အဖြစ်ကြောင့်။ ဝါ၊ တနည်းကား။ ကေနစိ၊ တစုံတယောက်သောသူသည်။ အယံ၊ ဤသည်ကား။ တေ၊ သင်၏။ သီလေသု၊ သီလတို့၌။ ဒေါသောတိ၊ အပြစ်တည်း–ဟု။ ဧဝံ၊ ဤသို့။ ပရာမဋ္ဌုံ၊ သုံးသပ် စွပ်စွဲခြင်းငှာ။ အသက္ကုဏေယျတာယ၊ မစွမ်းနိုင်ကောင်းသည်၏ အဖြစ်ကြောင့်။ အပရာမဋ္ဌာနိ၊ မသုံးသပ်အပ်သည်မည်ကုန်၏။ ဥပစာရသမာဓိံ ဝါ၊ ဥပစာရသမာဓိကို လည်းကောင်း။ အပ္ပနာသမာဓိံ ဝါ၊ အပ္ပနာသမာဓိကိုလည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်စေကုန်၏။ အထ ဝါ ပန၊ တနည်းအားဖြင့်သော်ကား။ မဂ္ဂသမာဓိဥ္စ၊ မဂ်သမာဓိကိုသော်လည်းကောင်း။ ဖလသမာဓိဥ္စာပိ၊ ဖိုလ်သမာဓိကိုသော်လည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်စေကုန်၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ သမာဓိသံဝတ္တနိကာနိ၊ သမာဓိကို ဖြစ်စေတတ်သည်မည်ကုန်၏။

၁၅၉။ ဧဝံ၊ ဤသို့ပြခဲ့သည့်အတိုင်း။ အခဏ္ဍတာဒိဂုဏဝသေန၊ မကျိုးသည်၏အဖြစ် အစရှိသောဂုဏ်တို့၏ အစွမ်းအားဖြင့်။ အတ္တနော သီလာနိ၊ မိမိ၏ သီလတို့ကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်နေသော။ အဿ၊ ထိုယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဂပရိယုဋ္ဌိတံ စိတ္တံ၊ ရာဂ–သည် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့သည်သာတည်း။ ဒေါသပရိယုဋ္ဌိတံ စိတ္တံ န ဟောတိ၊ ဒေါသလွှမ်းမိုး နှိပ်စက်အပ်သောစိတ် မဖြစ်။ မောဟပရိယုဋ္ဌိတံ စိတ္တံ န ဟောတိ၊ မောဟလွှမ်းမိုးနှိပ်စက်အပ်သောစိတ် မဖြစ်။ တသ္မိံ သမယေ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ သီလံ အာရဗ္ဘ၊ သီလ၏ဂုဏ်ကျေးဇူးကို အာရုံပြုလျက်။ ဥဇုဂတမေဝ ဟောတိ၊ ဖြောင့်မတ်နေသည်သာလျှင် ဖြစ်ပေ၏။ ဣတိ–ဣမိနာ ပုရိမနယေနေဝ၊ ဤသို့အစရှိသော ရှေးနည်းဖြင့်ပင်လျှင်။ ဝိက္ခမ္ဘိတနီဝရဏဿ၊ နီဝရဏကင်းကွာပြီးသော ယောဂီအား။ ဧကက္ခဏေ၊ တစ်ခုသော ခဏ၌။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ပန၊ ထိုသို့ ဈာန်အင်္ဂါများ ဖြစ်သော်ငြားလည်း။ သီလဂုဏာနံ၊ သီလဂုဏ်တို့၏။ ဂမ္ဘီရတာယ ဝါ၊ နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း။ နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ၊ အထူးထူးအပြားပြား များစွာသောဂုဏ်တို့ကို အောက်မေ့ခြင်းငှာ နှလုံးသွင်း ညွတ်ကိုင်းခြင်းကြောင့် လည်းကောင်း။ အပ္ပနံ အပ္ပတွာ၊ အပ္ပနာသို့ မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ၊ ဥပစာသို့သာလျှင် ရောက်သော။ ဈာနံ ဟောတိ၊ ဈာန်သည်ဖြစ်၏။ (၂၁၆)။ တဒေတံ–တံ

ဇေတံ ဈာနံ၊ ထိုသို့ ဥပစာသို့ရောက်သော ဤဈာန်သည်။ သီလဂုဏာနုဿရဏ-
ဝသေန၊ သီလ၏ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့သည်၏အစွမ်းအားဖြင့်။
ဥပ္ပန္နတ္တာ၊ ဖြစ်သောကြောင့်။ သီလာနုဿတိစ္စေဝ သင်္ခံ ဂစ္ဆတိ၊ သီလာ
နုဿတိ—ဟူ၍သာလျှင် ရေတွက် ခေါ်ဆိုခြင်းသို့ ရောက်ပေ၏။

ပန၊ အကျိုးသော်ကား။ ဣမဉ္စ သီလာနုဿတိံ၊ ဤ သီလာနုဿတိ
ကမ္မဋ္ဌာန်းကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သောရဟန်းသည်။ သိက္ခာယ
သဂါရဝေါ ဟောတိ၊ သီလသိက္ခာ၌ ရိုသေခြင်းရှိပေ၏။ သဘာဂဝုတ္တိ၊
သဘောတူသော အသက်မွေးခြင်းရှိပေ၏။ ပဋိသန္ထာရေ၊ ပြုသင့်ပြုထိုက်သော
ပဋိသန္ထာရ၌။ အပ္ပမတ္တော၊ မမေ့မလျော့ပေ။ အတ္တာနုဝါဒါဒိဘယဝိရဟိတော၊
မိမိကိုယ်ကို မိမိကိုယ်တိုင် စွပ်စွဲခြင်း-စသော ဘေးတို့မှ ကင်းလွတ်ပေ၏။
အဏုမတ္တေသု ဝဇ္ဇေသု၊ အဏုမြူမျှသေးငယ်သော အပြစ်တို့၌သော်လည်း။
ဘယဒဿာဝီ၊ ကြောက်ဖွယ်-ဘေးဟု ရှုမြင်လေ့ရှိပေ၏။ သဒ္ဓါဒိဝေပုလ္လံ
အဓိဂစ္ဆတိ၊ သဒ္ဓါစသည်တို့၏ ပြန့်ပြောခြင်းသို့ ရောက်ပေ၏။ ဝါ၊ သဒ္ဓါ
စသည်တို့၏ ပြန့်ပြောခြင်းကို ရပေ၏။ ပီတိပါမောဇ္ဇဗဟုလော ဟောတိ၊
နှစ်သက်ဝမ်းမြောက်မှု ဖြစ်ခြင်းများပေ၏။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ပန၊
အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍ မသိငြား မရငြားသော်လည်း။
သုဂတိ-ပရာယနော ဟောတိ၊ သုဂတိလျှင် လားရာရှိပေ၏။

တသ္မာ၊ ထိုသို့များစွာသောအကျိုးရှိခြင်းကြောင့်။ သုမေဓသော၊
ကောင်းသော အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်။
ဧဝံ၊ ဤသို့ဆိုခဲ့သည့်အတိုင်း။ မဟာနုဘာဝါယ၊ ကြီးမားသော အနု
ဘော်နှင့် ပြည့်စုံသော။ သီလာနုဿတိယာ၊ သီလာနုဿတိ၌။ သဒါ၊
အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ အားထုတ်ခြင်းကို။ ဟဝေ၊
စင်စစ်မုချ။ ကယိရာထ ကရေယျ၊ ပြုသင့်လှပေသတည်း။ ဣတိ၊
ဤသည်ကား ဥဒယျာဇဉ်ပေတည်း။

ဣဒံ၊ ဤယခုပြဆိုခဲ့ပြီးသော စကားသည်။ သီလာနုဿတိယံ၊ သီလာ
နုဿတိကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက်
ပေတည်း။

သီလာနုဿတိကမ္မဋ္ဌာန်းပြီး၏။

## ၅—စာဂါနုဿတိ ပွားပုံပြဆိုချက်

၁၆၀။ ပန၊ ထို့မှတပါး။ စာဂါနုဿတိံ ဘာဝေတုကာမေန၊ စာဂါနုဿတိကို ပွားစေခြင်းငှာ အလိုရှိသော ယောဂီသည်။ ပကတိယာ၊ ပကတိပင်ကိုသဘောအားဖြင့်။ စာဂါဓိမုတ္တေန၊ စွန့်ကြဲပေးကမ်းခြင်း၌ စိတ်ညွတ်ကိုင်းခြင်းရှိသည်ဖြစ်၍။ နိစ္စပ္ပဝတ္တဒါနသံဝိဘာဂေန၊ အမြဲတမ်းဖြစ်သောလှူဖွယ်ကိုလှူခြင်း, ခွဲခြမ်းပေးကမ်းခြင်းရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ အထဝါ ပန၊ တနည်းသော်ကား။ ဘာဝနံ အာရဘန္တေန၊ စာဂါနုဿတိဘာဝနာကို အားထုတ်လိုသောပုဂ္ဂိုလ်သည်။ ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဒါနံ ပဘုတိ (အဇ္ဇ ဒိဝသံ အာဒိံ ကတွာ)၊ ယနေ့ကို အစပြု၍။ ပဋိဂ္ဂါဟကေ သတိ၊ တောင်းခံသူရှိလတ်သော်။ အန္တမသော၊ အောက်ထစ်ဆုံးအားဖြင့်။ ကောလောပမတ္တမ္ပိ၊ တစ်လုတ်မျှသော်လည်း။ ဒါနံ အဒတွာ၊ ပေးလှူဖွယ်ကို မပေးမလှူမူ၍။ န ဘုဉ္ဇိဿာမိတိ၊ မစားအံ့—ဟု။ သမာဒါနံ ကတွာ၊ ပေးလှူရန် ဆောက်တည်ခြင်းကိုပြု၍။ တံဒိဝသံ ထိုစာဂါနုဿတိကို ပွားစေမည့်နေ့၌။ ဂုဏဝိသိဋ္ဌေသု၊ သီလအစရှိသော ဂုဏ်ထူးရှိကုန်သော။ ပဋိဂ္ဂါဟကေသု၊ အလှူခံပုဂ္ဂိုလ်တို့၌။ ယထာသတ္တိ၊ စွမ်းနိုင်သလောက်။ ယထာဗလံ၊ အင်အားရှိသလောက်။ ဒါနံ ဒတွာ၊ လှူဖွယ်ကို ပေးလှူပြီးလျှင်။ တတ္ထ၊ ထိုအလှူ၌။ နိမိတ္တံ ဂဏှိတွာ၊ နိမိတ်ကိုယူ၍။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ–အာရုံမှ ဖဲခွါခဲ့၍ ကမ္မဋ္ဌာန်းအာရုံ၌သာ ကပ်ငြိသောစိတ်ရှိသည်ဖြစ်၍။ "မေ၊ ငါ့အား။ လာဘာ ဝတ၊ အရတော်လေစွတကား...။ မေ၊ ငါသည်။ သုလဒ္ဓံ ဝတ၊ ကောင်းစွာရခြင်း ဖြစ်ပေစွ။ ဝါ၊ အရတော်လေစွ။ယော အဟံ၊အကြင် ငါသည်၊ မစ္ဆေရမလပရိယုဋ္ဌိတာယ၊ ဝန်တိုမှုအညစ်သည် လွှမ်းမိုးနှိပ်စက်နေသော။ ပဇာယ၊ သတ္တဝါအပေါင်း၌။ ဝိဂတမလမစ္ဆေရေန စေတသာ၊ အညစ်အကြေးနှင့် ဝန်တိုမှုကင်းသော စိတ်ဖြင့်။ ဝိဟရာမိ၊ နေရပေ၏။ မုတ္တစာဂေါ၊ လွတ်လွတ် စွန့်ကြဲ–ပေးလှူခြင်းရှိသည်ဖြစ်၍။ (ဝိဟရာမိ—မှာ စပ်လေ။) ပယတပါဏိ၊ စင်ကြယ်သော လက်ရှိသည်ဖြစ်၍။ ဝေါဿဂ္ဂရတော၊ စွန့်လွှတ်ခြင်း၌ ပျော်မွေ့လျက်။ ယာစယောဂေါ၊ တောင်းခံရန် သင့်လျော်သူဖြစ်လျက်။ ဒါနသံဝိဘာဂ-ရတော၊ ပေးလှူခြင်းနှင့် ခွဲခြမ်းပေးကမ်းခြင်း၌ ပျော်မွေ့လျက်။ ဝိဟရာမိ၊ နေရပေ၏။" ဣတိ ဧဝံ၊ ဤသို့။ ဝိဂတမလမစ္ဆေရတာဒိဂုဏဝသေန၊ အညစ်အကြေးနှင့် ဝန်တိုမှုကင်းခြင်းစသော ဂုဏ်တို့၏ အစွမ်းအားဖြင့်။ အတ္တနော စာဂေါ၊ မိမိ၏ စွန့်ကြဲပေးကမ်းခြင်းကို။ အနုဿရိတဗ္ဗော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။

တတ္ထ၊ ထိုစကားရပ်တွင်။ လာဘာ ဝတ မေတိ၊ လာဘာ ဝတ မေ-ဟူသည်ကား။ ဝတ၊ စင်စစ်။ မယှံ၊ ငါ၏။ လာဘာ၊ ရမည့်လာဘ်လာဘတို့ပေတည်း။ "ခေါ ပန၊ စင်စစ်။ အာယုံ၊ အသက်ကို။ ဒတွာ၊ ပေးလှူသောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်၌မူလည်းဖြစ်သော။ မာနုသဿ ဝါ၊ လူ၌မူလည်းဖြစ်သော။ အာယုဿ၊ အသက်၏။ ဘာဂီ၊ အဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။" ဣတိ စ၊ ဤသို့လည်းကောင်း။ "ဒဒံ၊ ပေးလှူသောသူကို။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်ပေ၏။ နံ၊ ထိုအလှူရှင်ကို။ ဗဟူ၊ များစွာသော သူတော်ကောင်းတို့သည်။ ဘဇန္တိ၊ ဆည်းကပ်ကုန်၏။" ဣတိ စ၊ ဤသို့ လည်းကောင်း။ "ဒဒမာနော၊ ပေးလှူသောသူကို။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်ပေ၏။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မံ၊ ထုံးတမ်းစဉ်လာ ကျင့်ဝတ်ကို။ အနုက္ကမံ၊ သက်ရောက်ပေ၏။" ဣတိ စ၊ ဤသို့ လည်းကောင်း။ ဧဝမာဒိဟိ နယေဟိ၊ ဤသို့ အစရှိသော နည်းတို့ဖြင့်။ ယေ ဣမေ လာဘာ၊ အကြင်လာဘ်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒါယကဿ လာဘာ။ ပေးလှူသောသူ၏ ရသင့်ရထိုက်သော အကျိုးတို့ကို။ သံဝဏ္ဏိတာ၊ ချီးမွမ်းအပ်ကုန်၏။ တေ၊ ထို လာဘ်လာဘ အကျိုးတို့သည်။ မယှံ၊ ငါ့အား။ အဝဿံ၊ မချွတ်ဧကန် အမှန်အားဖြင့်။ ဘာဂိနော၊ အဖို့ရှိကုန်၏။ ဝါ ရရမည့် အကျိုးများ ပေတည်း။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ ဆိုလိုသော အဓိပ္ပာယ်ပေတည်း။ သုလဒ္ဓံ ဝတ မေတိ၊ သုလဒ္ဓံ ဝတ မေ-ဟူသည်ကား။ မယာ၊ ငါသည်။ ယံ ဣဒံ သာသနံ ဝါ၊ ဤဘုရားသာသနာတော်ကို လည်းကောင်း။ ယံ ဣဒံ မနုဿတ္တံ ဝါ၊ အကြင်လူအဖြစ်ကို လည်းကောင်း။ လဒ္ဓံ၊ ရပေ၏။ တံ၊ ထိုသာသနာတော်နှင့် လူ့အဖြစ်ကို။ ဝတ၊ စင်စစ် ဧကန်။ သုလဒ္ဓံ၊ ကောင်းစွာရအပ်ပေစွ။ (၂၁၉)။ ကသ္မာ၊ အဘယ်ကြောင့်နည်း?။ ယောအဟံ၊ အကြင်ငါသည်။ မစ္ဆေရမလပရိယုဋ္ဌိတာယ ပဇာယ၊ ဝန်တိုမှု အညစ်အကြေးသည် လွှမ်းမိုးနှိပ်စက်အပ်သော သတ္တဝါအပေါင်း၌ ။ပ။ ဒါန-သံဝိဘာဂရတော၊ ပေးလှူခြင်းနှင့် ခွဲဝေပေးကမ်းခြင်း၌ မွေ့လျော်လျက် နေရပါပေ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ လာဘာ၊ အရတော်လေစွတကား။

တတ္ထ၊ ထိုစကားရပ်၌။ မစ္ဆေရမလပရိယုဋ္ဌိတာယာတိ၊ မစ္ဆေရမလပရိ-ယုဋ္ဌိတာယ-ဟူသည်ကား။ မစ္ဆေရမလေန၊ ဝန်တိုမှု အညစ်အကြေးသည်။ အဘိဘူတာယ၊ လွှမ်းမိုးနှိပ်စက်အပ်သော။ ပဇာယာတိ၊ ပဇာယ-ဟူသည်ကား။ ပဇာယနဝသေန၊ ကံအားလျော်စွာ ဖြစ်သည်၏ အစွမ်းအားဖြင့်။ သတ္တာ၊ သတ္တဝါတို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။

အတ္တနော၊ မိမိ၏။ သမ္ပတ္တိနံ၊ စည်းစိမ်ချမ်းသာတို့၏။ ပရသာဓာရဏဘာဝံ၊ သူတပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကို။ အသဟနလက္ခဏော၊ သည်းမခံနိုင်ခြင်း လက္ခဏာရှိသော။ စိတ္တဿ၊ စိတ်၏။ ပဘဿရဘာဝဒူသကာနံ၊ တောက်ပခြင်းကို ဖျက်ဆီးတတ်ကုန်သော။ ကဏှဓမ္မာနံ၊ အမည်းအညစ်တရားတို့တွင်။ အညတရေန မစ္ဆေရမလေန၊ တစ်ပါးအပါအဝင်ဖြစ်သော ဝန်တိုမှု အညစ်အကြေးသည်။ အဘိဘူတေသု သတ္တေသု၊ လွှမ်းမိုးနှိပ်စက်အပ်ကုန်သော သတ္တဝါတို့တွင်။ ဣတိ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤအရာ၌။ အတ္ထော၊ ဆိုလိုသော အနက်ပေတည်း။ ဝိဂတမလမစ္ဆေရေနာတိ။ ဝိဂတမလမစ္ဆေရေန-ဟူသည်ကား။ အညေသမ္ပိ၊ ဝန်တိုမှုမှတပါးကုန်သော။ ရာဂဒေါသာဒိမလာနဉ္စေဝ၊ ရာဂ, ဒေါသ အစရှိကုန်သော အညစ်အကြေးတို့၏ လည်းကောင်း။ မစ္ဆေရဿ စ၊ ဝန်တိုမှု၏ လည်းကောင်း။ ဝိဂတတ္တာ၊ ကင်းသည်၏ အဖြစ်ကြောင့်။ ဝိဂတမလမစ္ဆေရေန၊ ကင်းသောအညစ်အကြေးနှင့် ဝန်မတိုသော။ ဝါ၊ အညစ်အကြေးများနှင့်ဝန်တိုမှုကင်းသော။ စေတသာ ဝိဟရာမီတိ၊ စေတသာ ဝိဟရာမိ ဟူသည်ကား။ ယထာဝုတ္တပ္ပကာရစိတ္တော ဟုတွာ၊ ဆိုအပ်ပြီးသောအပြားရှိသော စိတ်ရှိသည်ဖြစ်၍။ ဝါ၊ စိတ်ရှိလျက်။ ဝသာမိ၊ နေရပေ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ ပန၊ ထူးသည်ကိုဆိုဦးအံ့။ သုတ္တေသု၊ အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ် မဟာနာမ—သုတ် အစရှိသော သုတ်ပါဠိတို့၌။ သောတာပန္နဿ သတော၊ သောတာပန်ဖြစ်သော လူပုဂ္ဂိုလ်၏။ နိဿယဝိဟာရံ၊ မှီရာဖြစ်သောနေခြင်းကို။ ပုစ္ဆတော၊ မေးလျှောက်သော။ မဟာနာမသက္ကဿ၊ မဟာနာမ်မင်းအား။ နိဿယဝိဟာရဝသေန၊ မှီရာဖြစ်သော နေခြင်း၏အစွမ်းအားဖြင့်။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သောတရား ဖြစ်သောကြောင့်။ ဝါ၊ ဖြေကြားတော်မူသောတရား ဖြစ်သောကြောင့်။ အဂါရံ အဇ္ဈာဝသာမီတိ၊ အဂါရံ အဇ္ဈာဝသာမိဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ တတ္ထ၊ ထိုစကားရပ်၌။ အဘိဘဝိတွာ၊ လွှမ်းမိုးအုပ်ချုပ်လျက်။ ဝသာမိ၊ နေရပေ၏။ ဣတိ—အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။

မုတ္တစာဂေါတိ၊ မုတ္တစာဂေါ-ဟူသည်ကား။ ဝိဿဋ္ဌစာဂေါ၊ မငဲ့မကွက် စွန့်ကြဲပေးကမ်းခြင်း ရှိသည်ဖြစ်၍။ ပယတပါဏီတိ၊ ပယတပါဏိ-ဟူသည်ကား။ ပရိသုဒ္ဓဟတ္ထော၊ ထက်ဝန်းကျင်စင်ကြယ်သော လက်ရှိသည်ဖြစ်၍။ ဒေယျဓမ္မံ၊ လှူဖွယ်ဝတ္ထုကို။ သဟတ္ထာ၊ မိမိလက်ဖြင့်။ သက္ကစ္စံ၊ ရိုသေစွာ။ ဒါတုံ၊ ပေးလှူရန်ငှာ။ သဒါ၊ အခါခပ်သိမ်း။ ဓောတဟတ္ထောယေဝ၊ ဆေး

ထားသောလက် ရှိသည်သာလျှင်။ ဣတိ၊ ဤသို့။ ဝုတ္တံ—ဝုတ္တော၊ ဆိုလိုသည်။ ဟောဘိ၊ ဖြစ်ပေ၏။ ဝေါဿဂ္ဂရတော၊ ဝေါဿဂ္ဂရတော-ဟူသည်ကား။ ဝေါဿဇ္ဇနံ၊ စွန့်ကြဲခြင်းသည်။ ဝေါဿဂ္ဂေါ၊ ဝေါဿဂ္ဂမည်၏။ ပရိစ္စာဂေါ၊ စွန့်ကြဲခြင်း။ ဣတိ—အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ တသ္မိံ ဝေါဿဂ္ဂေ၊ ထို စွန့်လွှတ် ပေးကမ်းခြင်း၌။ သတတာဘိယောဂဝသေန၊ အမြဲ ကြောင့်ကြစိုက်သည်၏ အစွမ်းအားဖြင့်။ ရတော၊ မွေ့လျော်သည်တည်း။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ ဝေါဿဂ္ဂရတော၊ ဝေါဿဂ္ဂရတ မည်၏။ ယာစယောဂေါတိ၊ ယာစယောဂေါ—ဟူသည်ကား။ ယံ ယံ ဒေယျဓမ္မံ၊ အကြင် အကြင် လှူဒါန်းဖွယ်ကို။ ပရေ၊ တပါးသောသူတို့သည်။ ယာစန္တိ၊ တောင်းကုန်၏။ တဿ တဿ၊ ထိုထို တောင်းတိုင်း တောင်းတိုင်းသော လှူဖွယ်ဝတ္ထုကို။ ဒါနတော၊ ပေးခြင်းကြောင့်။ ယာစနယောဂေါ၊ တောင်းခြင်းငှာ သင့်လျော်လျောက်ပတ်သည်ဖြစ်၍။ ဣတိ—အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ ယာဇယောဂေါတိပိ၊ ယာဇယောဂေါ-ဟူ၍လည်း။ ပါဌော၊ ပါဌ်ကွဲရှိသေး၏။ ယဇနသင်္ခါတေန၊ ယဇန—ဟုဆိုအပ်သော။ ယာဇေန၊ ပေးလှူပူဇော်ခြင်းနှင့်။ ယုတ္တော၊ ယှဉ်လျက်ရှိ၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ ဒါနသံဝိဘာဂရတောတိ၊ ဒါနသံဝိဘာဂရတော ဟူသည်ကား။ ဒါနေ စ၊ ပေးလှူနေကျ ပေးလှူခြင်း၌လည်းကောင်း။ သံဝိဘာဂေ စ၊ ခွဲခြမ်းဝေဖန်၍ ပေးကမ်းခြင်း၌လည်းကောင်း။ ရတော၊ မွေ့လျော်၏။ ဟိ၊ မှန်၏။ အဟံ၊ ငါသည်။ ဒါနဉ္စ၊ လှူမြဲသောလှူဖွယ်ဝတ္ထုကိုလည်း။ ဒဒမိ၊ ပေးလှူရပေ၏။ အတ္တနာ ပရိဘုဉ္ဇိတဗ္ဗတော၊ မိမိသုံးဆောင်ဖွယ်ထဲမှလည်း။ သံဝိဘာဂံ၊ ခွဲခြမ်း ဝေဖန်၍ ပေးကမ်းခြင်းကိုလည်း။ ကရောမိ၊ ပြုရပေ၏။ ဧတ္ထေဝ စ ဥဘယေ၊ ပေးလှူခြင်း, ဝေဖန်၍ပေးကမ်းခြင်း-ဟူသော ဤနှစ်ပါး၌သာလျှင်။ ရတော၊ ပျော်မွေ့နေရသည်။ အသ္မိ၊ ဖြစ်ပေ၏။ ဣတိ ဧဝံ၊ ဤသို့။ အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။

၁၆၁။ ဧဝံ၊ ဤယခုပြဆိုခဲ့ပြီးသည့်အတိုင်း။ ဝိဂတမလမစ္ဆေရတာဒိဂုဏဝသေန၊ အညစ်အကြေးများနှင့် ဝန်တိုမှုကင်းခြင်းအစရှိသော ဂုဏ်တို့၏ အစွမ်းအားဖြင့်။ အတ္တနောစာဂံ၊ မိမိ၏ စွန့်ကြဲပေးလှူခြင်းကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်နေသော။ တဿ၊ ထို ယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဂပရိယုဋ္ဌိတံ စိတ္တံ၊ ရာဂ လွှမ်း

မိုး နှိပ်စက်အပ်သောစိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့သည်သာတည်း။ ဒေါသပရိယုဋ္ဌိတံ စိတ္တံ၊ ဒေါသ-လွှမ်းမိုး နှိပ်စက်ခံရသောစိတ်သည်။ န ဟောတိ၊ မဖြစ်သည်သာတည်း။ မောဟပရိယုဋ္ဌိတံ စိတ္တံ၊ မောဟ-လွှမ်းမိုး နှိပ်စက်ခံရသောစိတ်သည်။ န ဟောတိ၊ မဖြစ်တော့သည်သာတည်း။ တသ္မိံ သမယေ၊ ထိုအခါ၌။ အဿ စိတ္တံ၊ ထိုယောဂီ၏ စိတ်သည်။ စာဂံ အာရဗ္ဘ၊ စွန့်ကြဲ ပေးကမ်းခြင်း၏ဂုဏ်ကို အာရုံပြုလျက်။ ဥဇုဂတမေဝ ဟောတိ၊ ဖြောင့်မတ်နေသည်သာလျှင်ဖြစ်ပေ၏။ ဣတိအာဒိနာ၊ ဤသို့အစရှိသော။ ပုရိမနယေနေ ၊ ရှေးနည်းဖြင့်ပင်လျှင်။ ဝိက္ခမ္ဘိတနီဝရဏဿ၊ နီဝရဏကင်းကွာပြီးသော ယောဂီအား။ ဧကက္ခဏေ၊ တစ်ခုတည်းသော ခဏ၌။ ဈာနင်္ဂါနိ ဥပ္ပဇ္ဇန္တိ၊ ဈာန်အင်္ဂါတို့ ဖြစ်ပေါ်ကြကုန်၏။ ပန၊ ထိုသို့ ဈာန်အင်္ဂါများဖြစ်ပေါ်ကြသော်ငြားလည်း။ စာဂဂုဏာနံ၊ စာဂဂုဏ်တို့၏။ ဂမ္ဘီရတာယ ဝါ၊ နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း။ နာနပ္ပကာရစာဂဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ၊ အထူးထူးအပြားပြားများစွာသော စာဂ-ဂုဏ်တို့ကို အောက်မေ့ခြင်းငှာ ရှုလုံးသွင်းညွတ်ကိုင်းခြင်းကြောင့် လည်းကောင်း။ အပ္ပနံ အပ္ပတွာ၊ အပ္ပနာဈာန်သို့ မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ ဈာနံ၊ ဥပစာသို့သာလျှင် ရောက်သော ဈာန်သည်။ ဟောတိ၊ ဖြစ်ပေ၏။ တဒေတံ-တံ ဧတံ ဈာနံ၊ ထိုသို့ ဥပစာသို့ ရောက်သော ဤဈာန်သည်။ စာဂဂုဏာနုဿရဏဝသေန၊ စာဂ-ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သောကြောင့်။ စာဂါနုဿတိစ္စေဝ သင်္ခံ၊ စာဂါနုဿတိဟူ၍သာလျှင် ရေတွက်ခေါ်ဆိုအပ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပေ၏။

(၂၁၈) ပန၊ အကျိုးထူးသော်ကား။ ဣမဉ္စ စာဂါနုဿတိံ၊ ဤ စာဂါနုဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သောရဟန်းသည်။ ဘိယျောသော၊ အလွန်အကျုံးဖြစ်သော။ ဝါ၊ ကြီးကျယ်သော။ မတ္တာယ၊ အတိုင်းအရှည် ပမာဏဖြင့်။ ဝါ– ဘိယျောသော မတ္တာယ၊ အတိုင်းထက်အလွန်။ စာဂါဓိမုတ္တော ဟောတိ၊ စွန့်ကြဲ ပေးလှူခြင်း၌ ညွတ်သောစိတ်ရှိပေ၏။ အလောဘဇ္ဈာသယော၊ လောဘကင်းခြင်း၌ လိုလားခြင်းရှိပေ၏။ မေတ္တာယ၊ မေတ္တာဘာဝနာအား။ အနုလောမကာရီ၊ အလျော်ကိုပြုလေ့ရှိ၏။ ဝိသာရဒေါ၊ ရှုံ့ရှားခြင်းကင်းလျက် ရဲရင့်ပေ၏။ ပီတိပါမောဇ္ဇဗဟုလော၊ နှစ်သိမ့် ဝမ်းမြောက်မှုဖြစ်ခြင်း များပေ၏။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ပန၊ အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍ မသိငြား-မရငြားသော်လည်း။ သုဂတိပရာယနော ဟောတိ၊ သုဂတိသို့လျှင် လားရာရှိပေ၏။

တသ္မာ၊ ထိုသို့ များစွာသော အကျိုး ရှိ ခြင်း ကြောင့်။ သုမေဓ-သော၊ ကောင်းသော အနမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ မဟာနုဘာဝါယ၊ ကြီးမားသောအာနုဘော်နှင့် ပြည့်စုံသော။ စာဂါနုဿတိယာ၊ စာဂါနုဿတိ၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ အားထုတ်ခြင်းကို။ ကယိရာထ-ကရေယျ၊ ပြုသင့်လှပေသတည်း။ ဣတိ၊ ဤသည်ကား ဥယျောဇဉ်ပေတည်း။

ဣဒံ၊ ဤယခုပြဆိုခဲ့ပြီးသော စကားသည်။ စာဂါနုဿတိယံ၊ စာဂါနုဿတိကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက် ပေတည်း။

စာဂါနုဿတိကမ္မဋ္ဌာန်းပြီး၏။

---

## ၆ ဒေဝတာနုဿတိ ပွား ပုံပြဆိုချက်

၁၆၂။ ဒေဝတာနုဿတိံ ဘာဝေတုကာမေန၊ ဒေဝတာနုဿတိကို ပွားစေခြင်းငှာ အလိုရှိသောယောဂီသည်။ အရိယမဂ္ဂဝသေန၊ အရိယမဂ်၏ အစွမ်းအားဖြင့်။ သမုဒါဂတေဟိ၊ ကောင်းစွာပြီးစီး ဖြစ်ပေါ်ကုန်သော။ သဒ္ဓါဒီဟိ ဂုဏေဟိ၊ သဒ္ဓါ အစရှိသော ဂုဏ်တို့နှင့်။ သမန္နာဂတေန ဘဝိ-တဗ္ဗံ၊ ပြည့်စုံသည် ဖြစ်ရာ၏။ တတော၊ ထိုသို့ပြည့်စုံပြီးသည်မှ နောက်၌။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ ကပ်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ-အာရုံမှ ဖဲခွာကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည် ဖြစ်၍။ “စာတုမဟာရာဇိကာ ဒေဝါ၊ စာတုမဟာရာဇ်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာဝတိံသာ ဒေဝါ၊ တာဝတိံသာနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ယာမာ ဒေဝါ၊ ယာမာနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တုသိတာ ဒေဝါ၊ တုသိတာနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ နိမ္မာနရတိနော ဒေဝါ၊ နိမ္မာနရတိနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ပရနိမ္မိတဝသဝတ္တိနော ဒေဝါ၊ ပရနိမ္မိတဝသဝတ္တိနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဗြဟ္မကာယိကာ ဒေဝါ၊ ပဌမစျာန်ဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့သည်။ သန္တိ၊ ရှိကုန်၏။ တတုတ္တရိ ဒေဝါ၊ ထိုမှအထက်ဖြစ်သော ဒုတိယစျာန်ဘုံ စသည်၌ဖြစ်ကုန်သော ဗြဟ္မာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ယထာရူပါယ သဒ္ဓါယ၊ အကြင်သို့သဘောရှိသော သဒ္ဓါနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြ၍။ ဝါ၊ ပြည့်စုံကြသောကြောင့်။ တနည်း-

ယထာရူပါယ သဒ္ဓါယ၊ အကြင်သို့ သဘောရှိသော သဒ္ဓါနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ဣတော စုတာ၊ ဤလူ့ပြည်မှ စုတေကြပြီးလျှင်။ တတ္ထ ဥပ္ပန္နာ၊ ထိုနတ်ဘုံ၌ ဖြစ်ကြကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပါ သဒ္ဓါ၊ ထိုသို့ သဘောရှိသော သဒ္ဓါသည်။ သံဝိဇ္ဇတိ၊ ရှိပေ၏။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ယထာရူပေန သီလေန၊ အကြင်သို့ သဘောရှိသော သီလနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြ၍။ ဝါ၊ ပြည့်စုံကြသောကြောင့်။ တနည်း- ယထာရူပေန သီလေန၊ အကြင်သို့ သဘောရှိသော သီလနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ဣတော စုတာ၊ ဤလူ့ပြည်မှ စုတေကြပြီးလျှင်။ တတ္ထ ဥပ္ပန္နာ၊ ထိုနတ်ဘုံ၌ ဖြစ်ကြကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပံ သီလံ၊ ထိုသို့ သဘောရှိသော သီလသည်။ သံဝိဇ္ဇတိ၊ ရှိပေ၏။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ယထာရူပေန သုတေန၊ အကြင်သို့ သဘောရှိသော သုတနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြ၍။ ဝါ၊ ပြည့်စုံကြသောကြောင့်။ တနည်း- ယထာရူပေန သုတေန၊ အကြင်သို့ သဘောရှိသော သုတနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ဣတော စုတာ၊ ဤလူ့ပြည်မှ စုတေကြပြီးလျှင်။ တတ္ထ ဥပ္ပန္နာ၊ ထိုနတ်ဘုံ၌ ဖြစ်ကြကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပံ သုတံ၊ ထိုသို့ သဘောရှိသော သုတသည်။ သံဝိဇ္ဇတိ၊ ရှိပေ၏။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ယထာရူပေန စာဂေန၊ အကြင်သို့ သဘောရှိသော စာဂနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြ၍။ ဝါ၊ ပြည့်စုံကြသောကြောင့်။ တနည်း- ယထာရူပေန စာဂေန၊ အကြင်သို့ သဘောရှိသော စာဂနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ဣတော စုတာ၊ ဤလူ့ပြည်မှ စုတေကြပြီးလျှင်။ တတ္ထ ဥပ္ပန္နာ၊ ထိုနတ်ဘုံ၌ ဖြစ်ကြကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပေါ စာဂေါ၊ ထိုသို့ သဘောရှိသော စာဂသည်။ သံဝိဇ္ဇတိ၊ ရှိပေ၏။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ယထာရူပါယ ပညာယ၊ အကြင်သို့သဘောရှိသော ပညာနှင့်။ သမန္နာဂတာ၊ ပြည့်စုံကြ၍။ ဝါ၊ ပြည့်စုံကြသောကြောင့်။ တနည်း- ယထာရူပါယ ပညာယ၊ အကြင်သို့ သဘောရှိသော ပညာနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ ဣတော စုတာ၊ ဤလူ့ပြည်မှ စုတေကြပြီးလျှင်။ တတ္ထ ဥပ္ပန္နာ၊ ထိုနတ်ဘုံ၌ ဖြစ်ကြကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပါ ပညာ၊ ထိုသို့သဘောရှိသော ပညာသည်။ သံဝိဇ္ဇတိ၊ ရှိပေ၏။" ဣတိ ဧဝံ၊ ဤသို့။ ဒေဝတာ၊ နတ်တို့ကို။ သက္ခိဋ္ဌာနေ ဌပေတွာ၊ သက်သေအရာထား၍။ အတ္တနော သဒ္ဓါဒိဂုဏာ၊

မိမိ၏ သဒ္ဓါအစရှိသော ဂုဏ်တို့ကို။ အနုဿရိတဗ္ဗာ၊ အဖန်ဖန်လဲလဲ အောက်မေ့ ဆင်ခြင်အပ်ကုန်၏။

ပန၊ ဆက်၍ဆိုဦးအံ့။ သုတ္တေ အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ် မဟာနာမ-သုတ်၌။ "မဟာနာမ၊ မဟာနာမ်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ အရိယသာဝကော၊ အရိယသာဝကသည်။ အတ္တနော စ၊ မိမိ၏လည်းကောင်း။ တာသဉ္စ၊ ထိုနတ်တို့၏လည်းကောင်း။ သဒ္ဓဉ္စ၊ သဒ္ဓါကိုလည်းကောင်း။ သီလဉ္စ၊ သီလကိုလည်းကောင်း။ သုတဉ္စ၊ သုတကိုလည်းကောင်း။ စာဂဉ္စ၊ စာဂကိုလည်းကောင်း။ ပညဉ္စ၊ ပညာကိုလည်းကောင်း။ အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ အဿ၊ ထိုအရိယာသာဝက၏သန္တာန်၌။ ရာဂပရိယုဋ္ဌိတံ စိတ္တံ၊ ရာဂ လွှမ်းမိုး နှိပ်စက်အပ်သော စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့ပြီ။ မဖြစ်တော့သည်သာတည်း။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပေ၏။ ကိဉ္စာပိ ဝုတ္တံ၊ အကယ်၍ကား ဟောတော်မူအပ်၏။ အထခေါ၊ ထိုသို့ဟောတော်မူအပ်သော်လည်း။ သက္ခိဋ္ဌာနေ၊ သက်သေအရာ၌။ ဌပေတဗ္ဗဒေဝတာနံ၊ ထားအပ်သော နတ်တို့၏။ တံ၊ ထို သဒ္ဓါအစရှိသောဂုဏ်ကို။ အတ္တနော သဒ္ဓါဒီဟိ၊ မိမိ၏သဒ္ဓါ-အစရှိသော ဂုဏ်တို့နှင့်။ သမာနဂုဏဒီပနတ္ထံ၊ ဂုဏ်တူမျှသည်ဟု ပြခြင်းအကျိုးငှာ။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မှန်၏။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဒေဝတာ၊ နတ်တို့ကို။ သက္ခိဋ္ဌာနေ ဌပေတွာ၊ သက်သေအရာ၌ ထား၍။ အတ္တနော ဂုဏေ၊ မိမိ၏ ဂုဏ်တို့ကို။ အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့၏။ ဣတိ၊ ဤသို့။ ဒဠှံ ကတွာ၊ မြဲမြံစွာပြု၍။ ဝါ၊ အခိုင်အမာပြု၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

၁၆၃။ တသ္မာ၊ ထို့ကြောင့်။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ ဒေဝတာနံ ဂုဏေ၊ နတ်တို့၏ ဂုဏ်တို့ကို။ အနုဿရိတွာ၊ အောက်မေ့ပြီးလျှင်။ အပရဘာဂေ၊ နောက်အဖို့၌။ အတ္တနော သံဝိဇ္ဇမာနေ သဒ္ဓါဒိဂုဏေ၊ မိမိ၏ ထင်ရှားရှိသော သဒ္ဓါ-အစရှိသော ဂုဏ်တို့ကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်နေသော။ အဿ၊ ထိုယောဂီအား။ တသ္မိံ (၂၁၈) သမယေ၊ ထိုအခါ၌။ ရာဂပရိယုဋ္ဌိတံ စိတ္တံ၊ ရာဂ-လွှမ်းမိုး နှိပ်စက်အပ်သော စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့သည်သာတည်း။ ဒေါသပရိယုဋ္ဌိတံ စိတ္တံ၊ ဒေါသ လွှမ်းမိုး နှိပ်စက်အပ်သော စိတ်သည်။ န ဟောတိ၊ မဖြစ်တော့သည်သာတည်း။ မောဟပရိယုဋ္ဌိတံ စိတ္တံ၊ မောဟ လွှမ်းမိုးနှိပ်စက်အပ်သော စိတ်သည်။ န ဟောတိ၊ မဖြစ်တော့သည်သာတည်း။ တသ္မိံ သမယေ၊ ထိုအခါ၌။ အဿ

စိတ္တံ၊ထိုယောဂီ၏ စိတ်သည်။ဒေဝတာ အာရဗ္ဘ၊နတ်တို့၏ဂုဏ်နှင့်တူသော မိမိ၏
သဒ္ဓါ–အစရှိသော ဂုဏ်များကို အာရုံပြုလျက်။ ဥဇုဂတမေဝ ဟောတိ၊ ဖြောင့်
မတ်နေသည်သာလျှင်ဖြစ်ပေ၏။ ..တိ၊ဤသို့။ပုရိမနယေနေဝ၊ရှေးနည်းအတိုင်း
ပင်လျှင်။ ဝိက္ခမ္ဘိတနီဝရဏဿ၊ နီဝရဏကင်း ..ပြီးသော ယောဂီအား။
ကေကွဏော၊ တစ်ခုသော ခဏ၌။ ဈာနင်္ဂါနိ ဥပ္ပဇ္ဇန္တိ၊ဈာန်အင်္ဂါတို့သည်ဖြစ်ပေါ်
ကုန်၏။ပန၊ ထိုသို့ပင် ဈာန်အင်္ဂါတို့ ဖြစ်ပေါ်ကုန်ငြားသော်လည်း။ သဒ္ဓါဒိ–
ဂုဏာနံ ဂမ္ဘီရတာယ ဝါ၊သဒ္ဓါ အစရှိသောဂုဏ်တို့၏နက်နဲသည်၏အဖြစ်ကြောင့်
လည်းကောင်း။ နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ၊ အထူးထူး
အပြားပြား များစွာသောဂုဏ်တို့ကို အောက်မေ့ခြင်းငှာ နှလုံးသွင်း သက်ဝင်
ကြည်လင်ဆုံးဖြတ်ခြင်းကြောင့် လည်းကောင်း။ အပ္ပနံ အပ္ပတွာ၊ အပ္ပနာဈာန်
သို့ မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ ဈာနံ ဟောတိ၊ဥပစာရသို့သာလျှင် ရောက်
သောဈာန်သည် ဖြစ်လေ၏။ တဒေတံ–တံ ဧတံ ဈာန်၊ ထိုသို့ ဥပစာသို့ရောက်
သော ဤဈာန်သည်။ ဒေဝတာနံ၊ နတ်တို့၏။ ဂုဏသဒိသသဒ္ဓါဒိဂုဏာ
နုဿရဏဝသေန၊ ဂုဏ်နှင့်တူသော မိမိ၏ သဒ္ဓါ–အစရှိသောဂုဏ်တို့ကို အဖန်
တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သောကြောင့်။
ဒေဝတာနုဿတိစ္စေဝ သင်္ချံ ဂစ္ဆတိ၊ ဒေဝတာနုဿတိ ဟူ၍သာလျှင်ရေတွက်
ခေါ်ဆိုအပ်ခြင်းသို့ ရောက်ပေ၏။

ပန၊ အကျိုးသော်ကား။ ဣမဉ္စ ဒေဝတာနုဿတိံ၊ ဤဒေဝတာနုဿတိ
ကမ္မဋ္ဌာန်းကိုလည်း။ အနုယုတ္တော ဘိက္ခု၊ အား ထုတ် သော ရဟန်း သည်။
ဒေဝတာနံ ပိယော ဟောတိ မနာပေါ၊ နတ်တို့၏ ချစ်ခင်ကြည်ညိုအပ်သည်,
မြတ်နိုးအပ်သည် ဖြစ်ပေ၏။ ဘိယျောသော မတ္တာယ၊ အတိုင်းထက်
အလွန်။ သဒ္ဓါဒိဝေပုလ္လံ၊ သဒ္ဓါ–စသည်တို့၏ ပြန့်ပြောခြင်းသို့။ အဓိဂစ္ဆတိ၊
ရောက်ရပေ၏။ တနည်း–သဒ္ဓါဒိဝေပုလ္လံ အဓိဂစ္ဆတိ၊ သဒ္ဓါ–စသည်တို့၏
ပြန့်ပြောခြင်းကို ရပေ၏။ ပီတိပါမောဇ္ဇဗဟုလော၊ နှစ်သိမ့် ဝမ်းမြောက်မှု
ဖြစ်ခြင်းများသည်ဖြစ်၍။ ဝိဟရတိ၊ နေရပေ၏။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ပန၊
အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍ မသိငြား–မရငြားသော်လည်း။
သုဂတိ-ပရာယနော ဟောတိ၊ သုဂတိလျှင် လားရာရှိပေ၏။

တသ္မာ၊ ထို့ကြောင့်။ သုမေဓသော ကောင်းသော အမြော်
အမြင် ဉာဏ်ပညာနှင့်ပြည့်စုံသော ယောဂီသည်။ ဧဝံ၊ ဤဆိုခဲ့သည့်
အတိုင်း။ မဟာနုဘာဝါယ၊ ကြီးမားသော အာနုဘော်နှင့် ပြည့်စုံ
သော။ ဒေဝတာနုဿတိယာ၊ ဒေဝတာနုဿတိ၌။ သဒါ၊ အခါ

ခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ခြင်းကို။ ဟဝေ၊ စင်စစ် မုချ။ ကယိရာထ—ကရေယျ၊ ပြုသင့်ပါပေသတည်း။ ဣတိ၊ ဤကား ဥယျောဇဥ်ပေတည်း။

ဣဒံ၊ ဤ ယခု ပြ ဆို ခဲ့ ပြီး သော စကားသည်။ ဒေဝတာနုဿတိယံ၊ ဒေဝတာနုဿတိကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကား အမြွက်ပေတည်း။

## ပိုး ပြွမ်း ပြ ဆို ချက်

၁၁၄။ ပန၊ အဖို့တပါးကား။ ဧဘာသံ၊ ဤခြောက်ပါးသော အနုဿတိတို့တွင်။ ဝိတ္ထာရဒေသနာယံ၊ အကျယ်ဖြစ်သော ဒေသနာတော်၌။ "ယသ္မိံ သမယေ၊ ထိုအခါ၌။ အဿ စိတ္တံ၊ ထိုယောဂီ၏ စိတ်သည်။ တထာဂတံ အာရဗ္ဘ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြုလျက်။ ဥဇုဂတမေဝ ဟောတိ၊ ဖြောင့်မတ်နေသည်သာလျှင် ဖြစ်ပေ၏။" ဣတိ အာဒီနိ၊ ဤသို့အစရှိသော စကားတို့ကို။ ဝတွာ၊ ဟောကြားတော်မူပြီးလျှင်။ "မဟာနာမ၊ မဟာနာမ်။ ဥဇုဂတစိတ္တော၊ ဖြောင့်မတ်သော စိတ်ရှိသော။ အရိယသာဝကော၊ အရိယ သာဝကသည်။ အတ္ထဝေဒံ၊ အတ္ထဝေဒကို။ လဘာ်၊ ရပေ၏။ ဓမ္မဝေဒံ၊ ဓမ္မဝေဒကို။ လဘတိ၊ ရပေ၏။ ဓမ္မူပသံဟိတံ၊ တရားဓမ္မနှင့်စပ်သော ပါမောဇ္ဇကို။ လဘတိ၊ ရပေ၏။ပမုဒိတဿ၊ ဝမ်းမြောက်သော အရိယသာဝက အား။ ပီတိ၊ ပီတိသည်။ ဇာယတိ၊ ဖြစ်ပေါ်ပေ၏။" ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ တတ္ထ၊ ထိုစကား၌။ ဣတိပိ သော ဘဂဝါတိ အာဒီနံ၊ ဣတိပိ သော ဘဂဝါ" ဤသို့အစရှိသော ပုဒ်တို့၏။ အတ္ထံ နိဿာယ၊ အနက်ကိုမှီ၍။ ဥပ္ပန္နံ၊ ဖြစ်သော။ တုဋ္ဌိံ၊ နှစ်သိမ့်ခြင်းကို။ သန္ဓာယ၊ ရည်၍။ အတ္ထဝေဒံ၊ အတ္ထဝေဒကို။ လဘတိ၊ ရပေ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ပါဠိံ နိဿာယ၊ ဒေသနာပါဠိကိုမှီ၍။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ တုဋ္ဌိံ၊ နှစ်သိမ့်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဓမ္မဝေဒံ၊ ဓမ္မဝေဒကို။ လဘတိ၊ ရပေ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဥဘယ—ဝသေန၊ အနက်—ပါဠိ နှစ်မျိုးလုံး၏ အစွမ်းအားဖြင့်။ ဓမ္မူပသံဟိတံ၊ တရားဓမ္မနှင့် စပ်သော။ ပါမောဇ္ဇံ ဝမ်းမြောက်မှု—ပါမောဇ္ဇကို။ လဘတိ၊ ရပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်ပေ၏။

ဒေဝတာနုဿတိယံ၊ ဒေဝတာနုဿတိအရာ၌။ ဒေဝတာ အာရဗ္ဘ၊ နတ်တို့၏ ဂုဏ်များကို အာရုံပြုလျက်။ ဣတိ၊ ဤသို့ ယံ ဝစနံ၊ အကြင်စကား

ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ တံ၊ ထိုစကားကို။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ ဒေဝတာ အာရဗ္ဘ၊ နတ်တို့၏ဂုဏ်ကို အာရုံပြု၍။ ပဝတ္တစိတ္တဝသေန၊ ဖြစ်သောစိတ်၏ အစွမ်းအားဖြင့်။ ဝါ၊ တနည်းကား။ ဒေဝတာဂုဏသဒိသေ၊ နတ်တို့၏ဂုဏ်နှင့် တူကုန်သော။ ဒေဝတာဘာဝနိပ္ဖာဒကေ၊ နတ်အဖြစ်ကို ပြီးစေတတ်ကုန်သော။ ဂုဏေ၊ ဂုဏ်တို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တစိတ္တဝသေန၊ ဖြစ်သောစိတ်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

(၂၂၀) ၁၆၅။ ပန၊ ဆက်၍ပြောဦးအံ့။ ဣမာ ဆ အနုဿတိယော၊ ဤခြောက်ပါးသော အနုဿတိတို့သည်။ အရိယသာဝကာနညေဝ၊ အရိယသာဝကတို့အား သာလျှင်။ ဣဇ္ဈန္တိ၊ ပြီးစီးပြည့်စုံကုန်၏။ ဟိ၊ မှန်၏။ တေသံ၊ ထိုအရိယသာဝကတို့အား။ ဗုဒ္ဓဓမ္မသံဃဂုဏာ၊ ဘုရား, တရား, သံဃာ့ဂုဏ်တို့သည်။ ပါကဋာ ဟောန္တိ၊ ထင်ရှားကုန်၏။ စ၊ ထိုမှတပါး။ တေ၊ ထိုအရိယသာဝကတို့သည်။ အခဏ္ဍာဒိဂုဏေဟိ၊ မကျိုးခြင်းအစရှိသော ဂုဏ်တို့နှင့် ပြည့်စုံ ုန်သော။ သီလေဟိ၊ သီလတို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ ဝိဂတမလမစ္ဆေရေန၊ အညစ်အကြေးများနှင့် ဝန်တိုမှုကင်းသော။ စာဂေန၊ စွန့်ကြဲ ပေးလှူခြင်းနှင့်လည်း။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ မဟာနုဘာဝါနံ ဒေဝတာနံ၊ အာနုဘော်ကြီးသော နတ်တို့၏။ ဂုဏသဒိသေဟိ၊ ဂုဏ်နှင့်တူကုန်သော။ သဒ္ဓါဒိဂုဏေဟိ၊ သဒ္ဓါ–အစရှိသော ဂုဏ်တို့နှင့်လည်း။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ စ၊ ထိုမှတပါး။ မဟာနာမသုတ္တေ၊ မဟာနာမ–သုတ်၌ သောတာပန္နဿ၊ သောတာပန်၏။ နိဿယဝိဟာရံ၊ မှီရာဖြစ်သော နေခြင်းကို။ ပုဋ္ဌေန၊ မေးအပ်သော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သောတာပန္နဿ၊ သောတာပန်၏။ နိဿယဝိဟာရဒဿနတ္ထမေဝ၊ မှီရာဖြစ်သော နေခြင်းကို ပြခြင်းအကျိုးငှာသာလျှင်။ ဧတာ၊ ဤခြောက်ပါးသော အနုဿတိတို့ကို။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏။

ဂေဓသုတ္တေပိ၊ ဂေဓ သုတ်၌လည်း။ "ဣဓ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယသာဝကသည်။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟံ၊ အရဟံ မည်တော်မူပေ၏။ပ။ ဘဂဝါ၊ ဘဂဝါ–မည်တော်မူပေ၏။ ဣတိ၊ ဤသို့။ တထာဂတံ၊ မြတ်စွာဘုရားကို။ အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၏။ပ။ ယသ္မိံ သမယေ၊ ထိုအခါ၌။ အဿ စိတ္တံ၊ ထိုအရိယသာဝက၏ စိတ်သည်။

ဥဇုဂတမေဝ ဟောတိ၊ ဖြောင့်မတ်နေသည်သာ ဖြစ်ပေ၏။ ဂေဝမှာ၊ မက်မောဖွယ် ဂေဓ-မှု။ နိက္ခန္တံ၊ ထွက်မြောက်ပေ၏။ မုတ္တံ၊ လွတ်မြောက်ပေ၏။ ဝုဋ္ဌိတံ၊ ထမြောက်ပေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဂေဓောတိ ဧတံ၊ ဂေဓ-ဟူသော ဤအမည်သည်။ ပဉ္စန္နံ ကာမဂုဏာနံ၊ ငါးပါးသော ကာမဂုဏ်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤဘုရားဂုဏ်အောက်မေ့ခြင်းကိုလည်း။ အာရမ္မဏံ ကရိတွာ၊ အာရုံပြု၍။ ဧဝံ၊ ဤသို့။ ဝါ၊ ဤနည်းဖြင့်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ သတ္တာ၊ အချို့သော သတ္တဝါတို့သည်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကြပေကုန်၏။” ဣတိ၊ ဤသို့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အရိယသာဝကဿ၊ အရိယသာဝကာ၏။ အနုဿတိဝသေန၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ခြင်း၏ အစွမ်းအားဖြင့်။ စိတ္တံ ဝိသောဓေတွာ၊ စိတ်ကို စင်ကြယ်စေ၍။ ဥတ္တရိ၊ အထက်၌။ ပရမတ္ထဝိသုဒ္ဓိ-အဓိဂမတ္ထာယ၊ အမြတ်ဆုံးဖြစ်သော စင်ကြယ်ခြင်းကို ရခြင်းအကျိုးငှာ။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏။

အာယသ္မတာ မဟာကစ္စာနေန၊ မဟာကစ္စည်း မထေရ်သည်။ ဒေသိတော၊ ဟောတော်မူအပ်သော။ သမ္ဗာဓောကာသသုတ္တေပိ၊ သမ္ဗာဓောကာသ-သုတ်၌လည်း။ “အာဝုသော ငါ့ရှင်တို့။ အစ္ဆရိယံ၊ အံ့ဖွယ်ကောင်းပေစွ။ အာဝုသော၊ ငါ့ရှင်တို့။ အဗ္ဘုတံ၊ မဖြစ်စဖူး အဖြစ်ထူးပေစွ။ ဇာနတာ၊ သိတော်မူသော။ ပဿတာ၊ မြင်တော်မူသော။ အရဟတာ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေန၊ မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်သော။ တေန ဘဂဝတာ၊ ထိုမြတ်စွာဘုရားသည်။ သမ္ဗာဓေ၊ ကျဉ်းကျပ်သောလူ့ဘောင်၌။ ဩကာသာဓိဂမော၊ လောကုတ္တရာတရားကိုရခြင်းငှာ ထိုက်သောအခွင့်ကို။ ယာဝ—အဝိဒံသယေန၊ အလွန်အကဲအားဖြင့်။ အနု-ဗုဒ္ဓေါ၊ လျော်စွာသိတော်မူပေပြီ။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတို့၏ စင်ကြယ်ခြင်းအကျိုးငှာ။ ယဒိဒံ-ယာနိ ဣမာနိ ဆ အနုဿတိဋ္ဌာနာနိ၊ ဤခြောက်ပါးသော အနုဿတိဋ္ဌာနတို့သည်။ သန္တိ၊ ရှိကုန်၏။ ဆ၊ ခြောက်ပါးတို့သည်။ ကတမာနိ၊ အဘယ်တို့နည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယသာဝကသည်။ တထာဂတံ၊ မြတ်စွာဘုရားတို့။ အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၏ ။ပ။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ သတ္တာ၊ အချို့သော သတ္တဝါတို့သည်။ ဝိသုဒ္ဓိဓမ္မာ၊ စင်ကြယ်သောသဘော ရှိကြကုန်သည်။ ဘဝန္တိ၊ ဖြစ်လေကုန်၏။” ဣတိ ဧဝံ၊ ဤသို့။ ဧဝံ၊ ဤအတိုင်း။

အရိယသာဝကဿေဝ၊ အရိယသာဝက၏သာလျှင်။ ပရမတ္ထဝိသုဒ္ဓိဓမ္မတာယ၊ မြတ်သောစင်ကြယ်ခြင်းသဘော ရှိသည်၏အဖြစ် အလို့ငှာ။ ဩကာသာဓိဂမ-ဝသေန၊ အနုဿတိခြောက်ပါးဟူသောအခွင့်ကို ရခြင်း၏အစွမ်းအားဖြင့်။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏။

ဥပေါသထသုတ္တေပိ၊ ဥပေါသထ-သုတ်၌လည်း။ "ဝိသာခေ၊ ဝိသာခါ။ အရိယူပေါသထော၊ အရိယာတို့၏ ဥပုသ်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ ဝိသာခေ၊ ဝိသာခါ။ ဥပက္ကိလိဋ္ဌဿ စိတ္တဿ၊ ညစ်နွမ်းသော စိတ်ကို။ ဥပက္ကမေန၊ လုံ့လပြုခြင်းဖြင့်။ ပရိယောဒပနာ ဟောတိ၊ ထက်ဝန်းကျင် ငင်ကြယ်စေခြင်း ဖြစ်ပေ၏။ ဝိသာခေ၊ ဝိသာခါ။ ဥပက္ကိလိဋ္ဌဿ စိတ္တဿ၊ ညစ်နွမ်းသောစိတ်ကို။ ကထဉ္စ ဥပက္ကမေန၊ အဘယ်သို့ လုံ့လပြုခြင်းဖြင့်။ ပရိယောဒပနာ ဟောတိ၊ စင်ကြယ်ခြင်းဖြစ်စေသနည်း။ ဝိသာခေ၊ ဝိသာခါ။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယသာဝကသည်။ တထာဂတံ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို။ အနုဿရတိ၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၏။" ဣတိ ဧဝံ၊ ဤသို့စသောနည်းဖြင့်။ ဥပေါသထံ ဥပဝသတော၊ ဥပုသ်ကိုကျင့်သုံးသော။ အရိယသာဝကဿေဝ၊ အရိယသာဝက၏ သာလျှင်။ စိတ္တဝိသောဓနကမ္မဋ္ဌာနဝသေန၊ စိတ်ကိုငင်ကြယ်စေတတ်သည့် ကမ္မဋ္ဌာန်း၏အလိုအားဖြင့်။ ဥပေါသထဿ၊ ဥပုသ်၏။ မဟပ္ဖလ-ဘာဝဒဿနတ္ထံ၊ ဥပုသ်၏ အကျိုးကြီးသည်၏အဖြစ်ကို ပြခြင်းငှာ။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏၊

ဧကာဒသနိပါတေပိ၊ အင်္ဂုတ္တရ ဧကာဒသနိပါတ်၌လည်း။ "မဟာနာမ၊ မဟာနာမ်။ ခေါ၊ ငင်စစ်။ သဒ္ဓေါ၊ ယုံကြည်မှု-သဒ္ဓါရှိသောသူသည်။ အာရာဓကော ဟောတိ အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏။ အဿဒ္ဓေါ၊ ယုံကြည်မှု-သဒ္ဓါမရှိသော သူသည်။ အာရာဓကော၊ အရဟတ္တဖိုလ်ကို ပြီးစေနိုင်သည်။ နော ဟောတိ၊ မဖြစ်နိုင်။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုံ့လရှိသောသူသည်။ ဥပဋ္ဌိတဿတိ၊ ထင်သောသတိရှိသောသူသည်။သမာဟိတော၊ စိတ်တည်ကြည်သောသူသည်။ (၂၂၁) မဟာနာမ၊ မဟာနာမ်။ ပညဝါ၊ ပညာရှိသောသူသည်။ အာရာဓကော ဟောတိ၊ အရဟတ္တဖိုလ်ကိုပြီးစေနိုင်၏။ ဒုပ္ပညော၊ ပညာမရှိသောသူသည်။ အာရာဓကော၊ အရဟတ္တဖိုလ်ကို ပြီးစေနိုင်သည်။ နော ဟောတိ၊ မဖြစ်။ မဟာနာမ၊ မဟာနာမ်။ တွံ၊ သင်သည်။ ဣမေသု ပဉ္စသု ဓမ္မေသု၊ ဤငါးပါးသောတရားတို့၌။ ပတိဋ္ဌာယ၊ တည်၍။ ဥတ္တရိ၊ အလွန်။ ဆ ဓမ္မေ၊ ခြောက်ပါးသောတရားတို့ကို။ ဘာဝေယျာသိ၊

ပွားစေလော့။ မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤသာသနာတော်၌။ တွံ၊ သင်သည်။ တထာဂတံ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို။ အနုဿရေယျာသိ၊ အဖန်တလဲလဲ အောက်မေ့လေလော့။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟံ၊ အရဟံ-မည်တော်မူပါပေ၏။” ဣတိ ဧဝံ၊ ဤသို့အစရှိသည်ဖြင့်။အရိယသာဝကဿေဝ၊ အရိယသာဝက၏သာလျှင်။ “ဘန္တေ၊ အရှင်ဘုရား၊ နာနာဝိဟာရေန၊ အမျိုးမျိုးသော နေခြင်းဖြင့်။ ဝိဟရတံ-ဝိဟရန္တာနံ၊ နေကြကုန်သော။ တေသံ နော၊ ထိုအကျွန်ုပ်တို့၏။ ကေန ဝိဟာရေန၊ အဘယ်နေခြင်းမျိုးဖြင့်။ ဝိဟရိ-တဗ္ဗံ အဿ၊ နေသင့်ပါသနည်း အရှင်ဘုရား။” ဣတိ၊ ဤသို့။ ပုစ္ဆတော၊ မေးလျှောက်သော မဟာနာမ်မင်းအား။ ဝိဟာရဒဿနတ္ထံ၊ နေပုံနည်းကို ပြခြင်းငှာ။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏။

၁၆၆။ ဧဝံ သန္တေပိ၊ ဤသို့ပင် ဟောတော်မူအပ်သော်လည်း။ ပရိသုဒ္ဓ-သီလာဒိဂုဏသမန္နာဂတေန၊ စင်ကြယ်သော သီလ-စသောဂုဏ်တို့နှင့် ပြည့်စုံသော။ ပုထုဇ္ဇနေနာပိ၊ ပုထုဇဉ်သည်လည်း။ မနသိ ကာတဗ္ဗာ၊ နှလုံးသွင်းအပ်ပေကုန်၏။ ဟိ၊ မှန်ပေ၏။ အနုဿဝဝသေနာပိ၊ တဆင့်ကြား၏ အစွမ်းအားဖြင့်လည်း။ ဗုဒ္ဓါဒီနံ၊ မြတ်စွာဘုရား စသည်တို့၏။ ဂုဏေ၊ ဂုဏ်တော်တို့ကို။ အနုဿရတော၊ အောက်မေ့ဆင်ခြင်သောသူအား။ စိတ္တံ၊ စိတ်သည်။ ပသီဒတိယေဝ၊ ကြည်လင်တတ်သည်သာလျှင်တည်း။ ယဿ စိတ္တပသာဒဿ၊ အကြင်စိတ်ကြည်လင်ခြင်း၏။ အာနုဘာဝေန၊ အစွမ်းအာနုဘော်ဖြင့်။ နီဝရဏာနိ ဝိက္ခမ္ဘေတွာ၊ နီဝရဏတို့ကို ကင်းကွာစေပြီးလျှင်။ ဥဠာရပါမောဇ္ဇော၊ အားကြီးသော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ ဝိပဿနံ အာရဘိတွာ၊ ဝိပဿနာကို အားထုတ်ပြီးလျှင်။ ကဋအန္ဓကာရဝါသီ-ဖုဿဒေဝတ္ထေရော ဝိယ၊ ကဋအန္ဓအရပ်၌နေသော ဖုဿဒေဝ-မထေရ်ကဲ့သို့။ အရဟတ္တံယေဝ သစ္ဆိကရေယျ၊ အရဟတ္တဖိုလ်ကိုသာလျှင် မျက်မှောက်ပြုနိုင်သည်သာလျှင်တည်း။

ကိရ၊ တဆင့်စကား ကြားရသည်မှာ။ သော အာယသ္မာ၊ ထို အရှင်ဖုဿဒေဝ-မထေရ်သည်။ မာရေန နိမ္မိတံ ဗုဒ္ဓရူပံ၊ မာရ်နတ်သည် ဖန်ဆင်းပြအပ်သော မြတ်စွာဘုရား၏ ရုပ်ပုံတော်ကို။ ဒိသွာ၊ ဖူးမြင်ရ၍။ “သရာဂ-ဒေါသမောဟော၊ ရာဂ, ဒေါသ, မောဟနှင့်တကွ ဖြစ်သော။ ဝါ၊ ရာဂ, ဒေါသ, မောဟ-မကင်းသေးသော။ အယံ မာရော၊ ဤမာရ်နတ်သည်။ ဧဝံ၊ ဤသို့။ တာဝ သောဘတိ၊ တင့်တယ်တုံသေး၏။ သဗ္ဗသော၊ ဝါသနာ

နှင့် ကွ အချင်းခပ်သိမ်းအားဖြင့်။ ဝီတရာဂ ဒေါသ မောဟော၊ ရာဂ, ဒေါသ, မောဟ–ကင်းတော်မူပြီးသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကထံ၊ အဘယ်သို့လျှင်။ ဝါ၊ အဘယ်ကြောင့်။ န သောဘတိ နုံ ခေါ၊ မတင့်တယ်ပဲ ရှိတုံအံ့နည်း။" တနည်း–သော အာယသ္မာ၊ ထို အရှင်ဖုဿဒေဝ မထေရ်သည်။ မာရေန နိမ္မိတံ ဗုဒ္ဓရူပံ၊ မာရ်နတ်သည် ဖန်ဆင်းပြအပ်သော မြတ်စွာဘုရား၏ ရုပ်ပုံတော်ကို။ ဒိသွာ၊ ဖူးမြင်ရ၍။ ဝါ၊ ဖူးမြင်ရသောကြောင့်။ "အယံ မာရော၊ ဤမာရ်နတ်သည်။သရာဂဒေါသမောဟော၊ ရာဂ, ဒေါသ, မောဟ–ရှိနေပါလျက်။ ဧဝံ၊ ဤသို့ကဲ့သို့။ သောဘတိ၊ တင့်တယ်ပါပေသေး၏။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ကထံ၊ အဘယ့်ကြောင့်။ န သောဘတိ နု ခေါ၊ မတင့်တယ်ပဲ ရှိတုံအံ့နည်း။ သော၊ ထိုမြတ်စွာဘုရားသည်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ဝီတရာဂ–ဒေါသမောဟော၊ ရာဂ, ဒေါသ, မောဟ–ကင်းတော်မူပါပေ၏။" ဣတိ၊ ဤသို့။ ဗုဒ္ဓါရမ္မဏံ ပီတိံ၊ မြတ်စွာဘုရားလျှင် အာရုံရှိသော ပီတိကို။ ပဋိ–လဘိတွာ၊ ရပြီးလျှင်။ ဝိပဿနံ ဝဍ္ဎေတွာ၊ ဝိပဿနာကိုပွားစေ၍။ အရဟတ္တံ ပါပုဏိ၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသတတ်။ ဣတိ၊ ဤတွင်ပြီးသတည်း။

ဣတိ အယံ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်း
အပေါင်းတို့၏
နှစ်သိမ့်ဝမ်းမြောက်ခြင်းငှာ။ ကတေ၊ ရေးသားစီရင်အပ်သော။
ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်း၌။ သမာဓိဘာဝနာဓိကာရေ၊
သမာဓိဘာဝနာအရာ၌။ ဆ အနုဿတိ နိဒ္ဒေသော နာမ၊
အနုဿတိခြောက်ပါးကို အကျယ်ပြဆိုချက်
ဆ အနုဿတိနိဒ္ဒေသမည်သော။
သတ္တမော၊ ခုနစ်ခုမြောက်
ဖြစ်သော။ ပရိစ္ဆေဒေါ၊
အပိုင်းအခန်း
ပေတည်း။

# ၈-အနုသာသတိကမ္မဋ္ဌာနနိဒ္ဒေသ

## မရဏာနုဿတိ ပွားပုံပြဆိုချက်

(၂၂၂) ၁၆၇။ ဣဒါနိ၊ ယခုအခါ၌။ ဣတော၊ ဤဒေဝတာနုဿတိမှ။ အနန္တရာယ၊ အခြားမဲ့ဖြစ်သော။ မရဏာနုဿတိယာ၊ မရဏာနုဿတိ၏။ ဘာဝနာ-နိဒ္ဒေသော၊ ပွားစေပုံကို အကျယ်ပြခြင်းသည်။ အနုပ္ပတ္တော၊ အစဉ်ကျရောက်ပေပြီ။ တတ္ထ၊ ထိုမရဏာနုဿတိ၌။ မရဏန္တိ၊ မရဏံ-ဟူသည်ကား။ ဝါ၊ သေခြင်းဟူသည်ကား။ ဧကဘဝပရိယာပန္နဿ၊ တစ်ခုသောဘဝ၌ အကျုံးဝင်သော။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ ဥပစ္ဆေဒေါ၊ ပြတ်စဲသွားခြင်းပေတည်း။ ပန၊ ဆက်ဦးအံ့။ အရဟန္တာနံ၊ ရဟန္တာတို့၏။ ဝဋ္ဋဒုက္ခသမုစ္ဆေဒသင်္ခါတံ၊ ဝဋ်ဆင်းရဲ၏ အကြွင်းမဲ့ပြတ်စဲခြင်း ဟုဆိုအပ်သော။ ယံ တံ သမုစ္ဆေဒမရဏံ၊ အကြင် သမုစ္ဆေဒ—မရဏသည်လည်းကောင်း။ သင်္ခါရာနံ၊ ရုပ်နာမ်သင်္ခါရတို့၏။ ခဏဘင်္ဂသင်္ခါတံ၊ ခဏဘင်ဟုဆိုအပ်သော။ ယံ တံ ခဏိကမရဏံ၊ အကြင် ခဏိက—မရဏသည်လည်းကောင်း။ ရုက္ခော၊ သစ်ပင်သည်။ မတော၊ သေ၏။ လောဟံ၊ သံသည်။ ဝါ၊ ကြေးသည်။ မတံ၊ သေ၏။ ဣတိအာဒီသု၊ ဤသို့စသည်တို့၌။ ယံ တံ သမ္မုတိမရဏဉ္စ၊ အကြင် သမ္မုတိမရဏသည်လည်းကောင်း။ အတ္ထိ၊ ရှိပေ၏။ တံ ထိုသုံးမျိုးသော သေခြင်းကို။ ဣဓ၊ ဤ မရဏာနုဿတိအရာ၌။ န အဓိပ္ပေတံ၊ အလိုမရှိအပ်ပေ။

စ၊ ဆက်ဦးအံ့။ ယမ္ပိ တံ မရဏံ၊ အကြင်သေခြင်းကိုလည်း။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ တံ၊ ထိုသေခြင်းသည်။ ကာလမရဏံ၊ သေချိန်ကျ၍သေခြင်းလည်းကောင်း။ အကာလမရဏံ၊ သေချိန်မကျမီသေခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ ဟောတိ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ကာလမရဏံ ကာလမရဏသည်။ ဝါ၊ သေချိန်ကျ၍ သေခြင်းသည်။ ပုညက္ခ-ယေန ဝါ၊ ကောင်းမှု၏ကုန်ခြင်းကြောင့်လည်းကောင်း။ အာယုက္ခယေန ဝါ၊ အသက်တမ်း၏ကုန်ခြင်းကြောင့်လည်းကောင်း။ ဥဘယက္ခယေန ဝါ၊ ထိုနှစ်ပါးလုံး၏ကုန်ခြင်းကြောင့်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ အကာလမရဏံ၊ အကာလမရဏသည်။ ဝါ၊ သေချိန်မကျမီသေခြင်းသည်။ ကမ္မုပစ္ဆေဒကကမ္မ-ဝသေန။ မူလကံကိုဖြတ်တတ်သော ဥပစ္ဆေဒကကံ၏ အစွမ်းအားဖြင့်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုသေခြင်းတို့တွင်။ အာယုသန္တာနဇနကပစ္စယသမ္ပတ္တိယာ၊ အသက်, ရုပ်အစဉ်ကိုဖြစ်စေတတ်ကုန်သော အာဟာရအစရှိသော အထောက်အပံ့

အကြောင်းတို့၏ ပြန့်စုံခြင်းသည်။ ဝိဇ္ဇမာနာယပိ၊ ရှိပါသော်လည်း။ ကေဝလံ၊ သက်သက်။ ပဋိသန္ဓိဇနကဿ၊ ပဋိသန္ဓေကိုဖြစ်စေတတ်သော။ ကမ္မဿ၊ မူလ ကံ၏။ ဝိပက္ကဝိပါကတ္တာ၊ အစွမ်းရှိသမျှ အကျိုးပေးပြီးဖြစ်သောကြောင့်။ ယံ မရဏံ၊ အကြင်သေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ မရဏံ၊ ဤသေခြင်းသည်။ ပုညက္ခယေန မရဏံ နာမ၊ ကောင်းမှု၏ကုန်ခြင်းကြောင့် သေခြင်းမည်၏။ ဂတိကာလာဟာရာဒိသမ္ပတ္တိယာ၊ ဂတိ၏ကောင်းမြတ်ပြည့်စုံခြင်း, ကာလ၏ကောင်းမြတ်ပြည့်စုံခြင်း, အစာ၏ကောင်းမြတ်ပြည့်စုံခြင်း၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အဇ္ဇတနကာလပုရိသာနံ၊ ယခုကာလလူတို့၏။ ဝဿသတမတ္တပရိမာဏဿ၊ အနှစ်တစ်ရာမျှ အတိုင်းအရှည်ရှိသော။ အာယု–နော၊ အသက်တမ်း၏။ ခယဝသေန၊ ကုန်ခြင်း၏အစွမ်းအားဖြင့်။ တနည်း–အာယုနော ခယဝသေန၊ အသက်တမ်းကုန်သည်၏ အစွမ်းအားဖြင့်။ မရဏံ၊ သေခြင်းသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ အာယု–နော၊ အသက်၏။ ခယဝသေန၊ ကုန်သည်၏အစွမ်းအားဖြင့်။ ယံ မရဏံ၊ အကြင်သေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ မရဏံ၊ ဤသေခြင်းသည်။ အာယုက္ခယေန မရဏံ နာမ၊ အသက်တမ်းကုန်ခြင်းကြောင့် သေခြင်းမည်၏။ ပန၊ တဖိုတပါးကား။ ဒူသီမာရကလာဗုရာဇာဒီနံ၊ ဒူသီမာရ်နတ်, ကလာဗုမင်း စသည်တို့၏။ မရဏံ ဝိယ၊ သေခြင်းကဲ့သို့။ တင်္ခဏေဝ၊ ထိုခဏ၌ပင်လျှင်။ ဌာနာစာဝနသမတ္ထေန၊ တည်ရာမှရွေ့လျောစေခြင်းငှာစွမ်းနိုင်သော။ ကမ္မုနာ၊ ကံသည်။ ဥပစ္ဆိန္နသန္တာနာနံ၊ ဖြတ်အပ်သော ရုပ်နာမ်အစဉ်သန္တာန်ရှိသောသူတို့၏။ ယံ မရဏံ ဝါ၊ အကြင်သေခြင်းသည် လည်းကောင်း။ ပုရိမကမ္မဝသေန၊ ရှေးဘဝကပြုခဲ့သော ပါဏာတိပါတ-ကံ၏ အစွမ်းအားဖြင့်။ သတ္ထာဟရဏာ–ဒီဟိ ဓားကိုဆောင်ထည့်ခြင်း အစရှိကုန်သော။ ဥပက္ကမေဟိ၊ မိမိပယောဂ, သူတပါးပယောဂတို့ဖြင့်။ ဝါ၊ လုပ်ကြံမှုတို့ဖြင့်။ ဝါ၊ လုပ်ကြံမှုတို့ကြောင့်။ ဥပစ္ဆိဇ္ဇမာနသန္တာနာနံ၊ ရုပ်နာမ်အစဉ်ပြတ်ခဲ့သောသူတို့၏။ ယံ မရဏံ ဝါ၊ အကြင်သေခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣဒံ မရဏံ၊ ဤ သေခြင်းသည်။ အကာလမရဏံ နာမ၊ အခါမဟုတ်ပဲ သေခြင်းမည်၏။ တံ သဗ္ဗံ၊ ထို ကာလမရဏ, အကာလမရဏ–ဟူသော သေခြင်းအလုံးစုံကိုလည်း။ ဝုတ္တပ္ပကာရေန၊ ဆိုခဲ့ပြီးသော အပြားရှိသော။ ဇီဝိတိန္ဒြိယုပစ္ဆေဒေန သင်္ဂဟိတံ၊ ဇီဝိတိန္ဒြေပြတ်စဲခြင်း—မရဏဖြင့် သိမ်းယူအပ်၏။ ဣတိ—ဘသ္မာ၊ ထို့ကြောင့်။ ဇီဝိတိန္ဒြိယုပစ္ဆေဒသင်္ခါတဿ၊ ဇီဝိတိန္ဒြေပြတ်စဲခြင်းဟုဆိုအပ်သော။ မရဏဿ၊ သေခြင်းကို။ သရဏံ၊ အောက်မေ့ခြင်းသည်။ မရဏဿတိ၊ မရဏဿတိ မည်၏။

၁၆၈။ တံ၊ ထိုမရဏဿတိကို။ ဘာဝေတုကာမေန၊ ပွားစေခြင်းငှာ အလိုရှိသောယောဂီသည်။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ အာရုံများမှ ဖဲ့ခွာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍။ "မရဏံ ဘဝိဿတိ၊ သေခြင်းသည်ဖြစ်လတ္တံ့၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ ဝါ၊ ဇီဝိတိန္ဒြေသည်ပြတ်လတ္တံ့" ဟုရှုသော်လည်းကောင်း။ "မရဏံ မရဏ"န္တိ ဝါ၊ သေခြင်း သေခြင်းဟုရှုသော်လည်းကောင်း။ ယောနိသော၊ နည်းလမ်းမှန်စွာ။ မနသိကာရော၊ နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။ အယောနိသော၊ နည်းလမ်းမှားယွင်းစွာ။ မနသိကာရော၊ နှလုံးသွင်းခြင်းကို။ ပဝတ္တယတော၊ ဖြစ်စေသောသူအား။ ဣဋ္ဌဇနမရဏာနုဿရဏေ၊ လိုလားချစ်ခင်သူ၏သေခြင်းကို အောက်မေ့ရာ၌။ သောကော ဥပ္ပဇ္ဇတိ၊ စိုးရိမ်ပူဆွေးမှု-သောကသည် ဖြစ်တတ်၏။ ဝိဇာတမာတုယာ၊ မွေးဖွားသောမိခင်၏။ ဝါ၊ မွေးသမိခင်၏။ ပိယပုတ္တမရဏာနုဿရဏေ၊ သားချစ်ကလေး၏ သေခြင်းကို အောက်မေ့ရာ၌။ သောကော ဥပ္ပဇ္ဇတိ ဝိယ၊ စိုးရိမ်မှုဖြစ်သကဲ့သို့ ပင်တည်း။ အနိဋ္ဌဇနမရဏာနုဿရဏေ၊ မလိုလားသော မုန်းသူ၏သေခြင်းကို အောက်မေ့ရာ၌။ ပါမောဇ္ဇံ ဥပ္ပဇ္ဇတိ၊ ဝမ်းမြောက်ခြင်းဖြစ်တတ်၏။ ဝေရီနံ၊ ရန်သူတို့၏။ ဝေရိမရဏာနုဿရဏေ၊ ရန်သူ၏သေခြင်းကို အောက်မေ့ရာ၌။ ပါမောဇ္ဇံ ဥပ္ပဇ္ဇတိ ဝိယ၊ ဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့တည်း။ မဇ္ဈတ္တဇန-မရဏာနုဿရဏေ၊ မချစ်မမုန်း အလယ်အလတ်ဖြစ်သူ၏သေခြင်းကို အောက်မေ့ရာ၌။ သံဝေဂေါ၊ ထိတ်လန့်မှု-သံဝေဂသည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်တတ်ပေ။ ဆဝဒါဟကဿ၊ သူသေကောင်ဖုတ်သော သုဘရာဇာ၏။ မတ-ကဠေဝရဒဿနေ၊ သူသေကောင်ကို မြင်ရာ၌။ သံဝေဂေါ၊ ထိတ်လန့်ခြင်းသည်။ န ဥပ္ပဇ္ဇတိ ဝိယ၊ မဖြစ်သကဲ့သို့တည်း။ အတ္တနော မရဏာနုဿရဏေ၊ မိမိ၏ သေခြင်းကို အောက်မေ့ရာ၌။ သန္တာသော၊ ထိတ်လန့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥက္ခိတ္တာသိကံ၊ ခုတ်သတ်ရန် ဓားမိုးလျက်ရှိသော။ ဝဓကံ၊ သူသတ်သမားကို။ ဒိသွာ၊ မြင်၍။ ဝါ-ဝဓကံ ဒိသွာ၊ သူသတ်သမားကိုမြင်သော ကြောင့်။ (၂၂၃) ဘီရုကဇာတိကဿ၊ ကြောက်လန့်တတ်သော သဘော ရှိသောသူအား။ သန္တာသော၊ ကြောက်လန့်ခြင်းသည်။ ဥပ္ပဇ္ဇတိ ဝိယ၊ ဖြစ်သကဲ့သို့ပင်တည်း။ တဒေတံ သဗ္ဗမ္ပိ၊ စိုးရိမ်မှု, ဝမ်းမြောက်မှု ဖြစ်ခြင်းစသော ထိုအလုံးစုံသည်။ သတိသံဝေဂဉာဏဝိရဟတော၊ အမှတ်ရမှု-သတိ, ထိတ်လန့်မှု သံဝေဂနှင့် ဆင်ခြင်ဉာဏ် ကင်းသောကြောင့်။ ဝါ၊ ဆင်ခြင်ဉာဏ်ကင်းသော သူအား။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ တတ္ထ အရညသုသာနာဒီသု၊ ထိုထို တောအရပ်, သုသာန်—စသည်တို့၌။

ဟတမတသတ္တေ၊ အသတ်ခံရသူ, အလိုလိုသေသူတို့ကို။ ဩလောကေတွာ၊ ကြည့်ရှုပြီးလျှင်။ ဒိဋ္ဌပုဗ္ဗသမ္ပတ္တိနံ၊ ရှေး၌က မြင်ဖူးသော စည်းစိမ်ချမ်းသာရှိကုန်သော။ မတာနံ သတ္တာနံ၊ သေကြလေကုန်သော သတ္တဝါတို့၏၊ ပုဂ္ဂိုလ်တို့၏။ မရဏံ အာဝဇ္ဇေတွာ၊ သေခြင်းသဘောကို ဆင်ခြင်ပြီးလျှင်။ သတိံ စ၊ အမှတ်ရမှု-သတိကို လည်းကောင်း။ သံဝေဂဥ္စ၊ ထိတ်လန့်မှု-သံဝေဂကို လည်းကောင်း။ ဉာဏဥ္စ၊ ဆင်ခြင်မှု-သမ္ပဇဉ်ဉာဏ်ကို လည်းကောင်း။ ယောဇေတွာ၊ ယှဉ်စေ၍။ ဝါ ဖြစ်စေ၍။ "မရဏံ ဘဝိဿတိ" တိ အာဒိနာ နယေန၊ "သေရခြင်းသည် ဖြစ်လတ္တံ့" ဟု အစရှိသောနည်းဖြင့်။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်ပေ၏။ ဟိ၊ သင့်ပေစွ။ ဧဝံ ပဝတ္တေန္တော၊ ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းခြင်းကို ဖြစ်စေသော သူသည်။ ယောနိသော ပဝတ္တေတိ၊ သင့်သောအကြောင်း အားဖြင့် ဖြစ်စေသည်မည်၏။ ဝါ၊ မှန်ကန်သောအားဖြင့် ဖြစ်စေသည်မည်၏။ ဥပါယေန၊ အကြောင်းမှန် နည်းလမ်းမှန်ဖြင့်။ ပဝတ္တေတိ၊ ဖြစ်စေသည်မည်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသော အနက်ပေတည်း။ ဟိ၊ မှန်ပေ၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်းပင်။ ပဝတ္တယတောယေဝ၊ ဖြစ်စေစဉ်ပင်လျှင်။ ဝါ၊ ဖြစ်စေသည်သာ ဖြစ်သော။ ဧကစ္စဿ၊ အချို့သောယောဂီအား။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။ မရဏာရမ္မဏာ၊ သေခြင်းလျှင်အာရုံရှိသော။ သတိ၊ အမှတ်ရမှု သတိသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ဥပစာရပ္ပတ္တမေဝ၊ ဥပစာသို့ ရောက်သည်သာလျှင် ဖြစ်သော။ ကမ္မဋ္ဌာနံ ဟောတိ၊ ကမ္မဋ္ဌာန်းဖြစ်ပေ၏။

၁၆၉။ ယဿ ပန၊ အကြင်ယောဂီအား။ ဧတ္တာဝတာ၊ ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းရုံမျှဖြင့်။ န ဟောတိ၊ မဖြစ်သေး။ တေန၊ ထိုယောဂီသည်။ ဝဓကပစ္စုပဋ္ဌာနတော၊ သူသတ်သမားကဲ့သို့ ရှေးရှုကပ်လျက် တည်သောအားဖြင့် လည်းကောင်း။ သမ္ပတ္တိဝိပတ္တိတော၊ ပြည့်စုံခြင်း, ပျက်စီးခြင်းအားဖြင့် လည်းကောင်း။ ဥပသံဟရဏတော၊ သူတပါးတို့၏ သေခြင်းကို အနီးသို့ဆောင်သောအားဖြင့် လည်းကောင်း။ ကာယဗဟုသာဓာရဏတော၊ ကိုယ်၏ သတ္တဝါအများတို့နှင့် ဆက်ဆံသောအားဖြင့် လည်းကောင်း။ အာယုဒုဗ္ဗလတော၊ အသက်၏ အားနည်းသောအားဖြင့် လည်းကောင်း။ အနိမိတ္တတော၊ သေခြင်း၏ အမှတ်နိမိတ် မရှိသောအားဖြင့် လည်းကောင်း။ အဒ္ဓါနပရိစ္ဆေဒတော၊ အသက်တမ်း၏ အပိုင်းအခြားအားဖြင့် လည်းကောင်း။ ခဏပရိတ္တတော၊ ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် လည်းကောင်း။ ဣတိ၊

ဤသို့။ ဣမေဟိ အင်္ဂေဟိ စတုဟိ ဤဂုဏ်ငါးပါးသော အခြင်းအရာတို့ဖြင့်။ မဃဒေဝ အနုသာသိတဗ္ဗံ၊ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင် အပ်ပေ၏။

တတ္ထ၊ ထိုရှစ်မျိုးတို့တွင်။ ဝဓကပစ္စုပဋ္ဌာနတောတိ—ဝဓကပစ္စု– ပဋ္ဌာနတော—ဟူသော စကားရပ်၌။ ဝိဘင်္ဂေ အကျယ်ကို။ ဧဝံ ဒီ— တဗ္ဗော၊ ဤသို့သိအပ်ပေ၏။ (ထည့်။) ဝဓကဿ၊ သူသတ်သမား၏ ပစ္စု– ပဋ္ဌာနံ ဝိယ၊ ရှေးရှု အနီး၌ ရပ်နေခြင်းကဲ့သို့၊ ပစ္စုပဋ္ဌာနတော၊ သေခြင်း၏ ရှေးရှု ကပ်လျက်တည်နေခြင်း အားဖြင့်။ အနုဿရိတဗ္ဗံ၊ အောက်မေ့ဆင်ခြင် ပ်၏။ ဟိ၊ ချဲ့ဦးအံ့။ ဝဓကော သူသတ်သမားသည်။ "ဣမဿ သီသံ ဆိန္ဒိဿာမိ" တိ၊ ဤသူ၏ ဦးခေါင်းကိုဖြတ်အံ့ဟု။ အသိံ ဂဟေတွာ၊ သံလျက်ကို ဆွဲကိုင်လျက်။ ဝါ၊ စွဲကိုင်ပြီးလျှင်။ ဂီဝါယ၊ အသတ်ခံရမည့်သူ၏ လည်ပင်း၌။ ဝါ၊ လည်ပင်းဆီသို့။ စာရယမာနော၊ သံလျက်ကို ခုတ်သတ်မည့် ဟန်,ခုတ်သတ်မည့်အသွင်ဖြင့် သွားစေလျက်။ ပစ္စုပဋ္ဌိတော ဝ၊ ရှေးရှု အနီး၌ ရပ်တည်သည်သာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ မရဏမ္ပိ၊ သေခြင်းသည်လည်း။ ပစ္စုပဋ္ဌိတမေဝါတိ၊ ရှေးရှု ကပ်လျက် တည်သည်သာ တည်းဟု။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား?။ ဇာတိယာ သဟ၊ ဇာတိနှင့်အတူ တကွ။ အာဂတော စ၊ လာခဲ့သောကြောင့်လည်းကောင်း။ ဇီဝိတဟရဏတော စ၊ အသက်ကို ဆောင်သွားတတ်, သေစေတတ်သောကြောင့်လည်းကောင်း။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။ (ပြန်စပ်။) ဟိ၊ ထို စကားကို ဥပမာဆောင် ထင်ရှားအောင်ပြအံ့။ အဟိစ္ဆတ္တကမကုဠံ၊ မှိုအုံသည်။ မတ္ထကေန၊ ဦးထိပ်ဖြင့်။ ဝါ၊ ထိပ်ဖျားဖြင့်။ ပံသုံ ဂဟေတွာဝ၊ မြေမှုန့်ကိုယူ လျက်သာလျှင်။ ဥဂ္ဂစ္ဆတိ ယထာ၊ ပေါက်လာသကဲ့သို့။ ဧဝံ၊ ဤအတူပင်။ သတ္တာ၊ သတ္တဝါတို့သည်။ ဇရာမရဏံ ဂဟေတွာဝ၊ အိုခြင်း, သေခြင်း–ကို ယူဆောင်လျက်သာလျှင်။ နိဗ္ဗတ္တန္တိ၊ ဘဝ အသစ် ဖြစ်လာကုန်၏။ တထာ–တံ ဝစနံ၊ ထိုစကားသည်။ ဟိ-သစ္စံ၊ မှန်ပေ၏။ နေသံ သတ္တာနံ၊ ထိုသတ္တဝါတို့၏။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ဥပ္ပါဒါနန္တရမေဝ၊ ဥပါဒ်ခဏ၏အခြားမဲ့၌ ပင်လျှင်။ ဇရံ ပတ္တွာ၊ ဌီဟုဆိုအပ်သော အိုခြင်းသို့ရောက်ပြီးလျှင်။ ပဗ္ဗတ– သိခရတော၊ တောင်ထွတ်မှ။ ပတိတသိလာ ဝိယ၊ ကျလာသော ကျောက်တုံး ကဲ့သို့။ သမ္ပယုတ္တက္ခန္ဓေဟိ သဒ္ဓိံ၊ ယှဉ်ဘက်ခန္ဓာတို့နှင့် အတူတကွ။ ဘိဇ္ဇတိ၊ ပျက်စီး၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တာဝ၊ ရှေးဦးစွာ။ ခဏိကမရဏံ၊ စိတ် ၏ခဏ, ရုပ်၏ခဏနှင့်ဆိုင်သော သေခြင်းသည်။ ဇာတိယာ သဟ၊ ဇာတိနှင့်

အတုတကူ။ အာဂတံ၊ လာခဲ့ပေ၏။ ပန၊ ဆက်ဦးအံ့။ ဇာတဿ၊ ဖြစ်ပြီးသော သတ္တဝါအား။ ဝါ၊ သတ္တဝါသည်။ အဝဿံ မရဏံတော၊ မချွတ်ကေန် သေရသောကြောင့်။ ဣဓ၊ ဤ မရဏာနုဿတိအရာ၌။ အဝိပ္ပေတံ မရဏမ္ပိ၊ အလိုရှိအပ်သော ဇီဝိတိန္ဒြေ၏ပြတ်စဲခြင်းဟူသော သေခြင်းသည်လည်း။ ဇာတိယာ သဟ၊ ဇာတိနှင့် အတူတကွပင်။ အာဂတံ၊ လာခဲ့ပေ၏။ တသ္မာ၊ ထို့ကြောင့်။ သေ–ဧသော သတ္တော၊ ဤသတ္တဝါသည်။ ဇာတကာလတော ပဋ္ဌာယ၊ ပဋိသန္ဓေအားဖြင့် ဖြစ်သောကာလမှ စ၍။ ယထာ နာမ၊ ဥပမာ မည်သည်ကား။ ဝါ၊ ဥပမာဖြင့်ပြရလျှင်။ ဥဋ္ဌိတော သူရိတော၊ ထွက်ပြီးသော နေသည်။ အတ္ထာဘိမုခေါ၊ ဝင်ခြင်းသို့ ရှေးရှုလျက်။ ဂစ္ဆတေဝ၊ သွားသည် သာလျှင်တည်း။ ဂတဂတဋ္ဌာနတော၊ ရောက်ရာရောက်ရာအရပ်မှ။ ဤ–သကမ္ပိ၊ အနည်းငယ်မျှသော်လည်း နိဝတ္တတိ ယထာ၊ ပြန်၍ဆုတ်ခြင်း မရှိသကဲ့သို့လည်းကောင်း။ ဝါ၊ တနည်းသော်ကား။ ပဗ္ဗတေယျာ၊ တောင်မှ လာသော။ သီဃသောတာ၊ လျင်သောအယဉ်ရှိသော။ ဟာရဟာရိနီ၊ ကျ လာသော မြက်သစ်ရွက်စသည်ကို အလွန်လျင်မြန်စွာ ဆောင်တတ်သော။ နဒီ၊ မြစ်သည်။ သန္ဒတေဝ ယထာ၊ ရှေ့သို့သာလျှင် စီးသွားသကဲ့သို့လည်း ကောင်း။ ဝတ္တတေဝ ယထာ၊ လိမ့်ဆင်းသွားသကဲ့သို့လည်းကောင်း။ ဤ–သကမ္ပိ၊ အနည်းငယ်မျှသော်လည်း။ န နိဝတ္တတိ ယထာ၊ နောက်သို့မပြန်သကဲ့သို့လည်းကောင်း။ တနည်း– သီဃသောတာ၊ လျင်သောအယဉ်ရှိသော။ ဟာရဟာရိနီ၊ ကျလာသော မြက်သစ်ရွက်စသည်ကို အလွန်လျင်မြန်စွာ ဆောင် တတ်သော။ ပဗ္ဗတေယျာ နဒီ၊ တောင်ကျချောင်းသည်။ သန္ဒတေဝ ယထာ၊ ရှေ့သို့သာလျှင် စီးသွားသကဲ့သို့လည်းကောင်း။ ဝတ္တတေဝ ယထာ၊ လိမ့်ဆင်း သွားသကဲ့သို့လည်းကောင်း။ ဤသကမ္ပိ န နိဝတ္တတိ ယထာ၊ အနည်းငယ်မျှ သော်လည်း နောက်သို့မပြန်သကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူပင်။ ဤ သကံ အနိဝတ္တမာနော၊ အနည်းငယ်မျှသော်လည်း မပြန်မဆုတ်မူ၍။ မရဏာ ဘိမုခေါဝ၊ သေခြင်းသို့ ရှေးရှုလျက်သာလျှင်။ ယာတိ၊ သွားနေ၏။ တေန၊ ထို့ကြောင့်။ ဝုတ္တံ၊ အောက်ပါဂါထာကို မိန့်ဆိုအပ်ပေသတည်း။–

"မာဏဝေါ၊ သတ္တဝါသည်။ ယမေကရတ္တိံ၊ အကြင် တစ်ခု သောညဉ့်၌။ ဝါ၊ တစ်ခုသောအချိန်၌။ ပဌမံ၊ ရှေးဦးစွာ။ ဂဗ္ဘေ၊ အမိဝမ်း၌။ ဝသတိ၊ ပဋိသန္ဓေတည်လျက်နေ၏။ သော မာဏဝေါ၊ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ၊ သေခြင်းဆီသို့ ချီတက်လျက်သာ လျှင်။ယာတိ၊သွားနေ၏။ဧဝံ၊ဤသို့။ (ထည့်။) ဂစ္ဆံ – ဂစ္ဆန္တော၊တသွား

တည်းသွားနေသော။ သ-သော မာဏဝေါ၊ ကိုယ်တွာဝါသည်။ ဤ-
သကမ္ဘိ၊ တခဏမျှသော်လည်း။ (ထည့်။) န နိဝတ္တတိ၊ မပြန်မဆုတ်
ချေ။” ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်ပေ၏။ (ပြန်စပ်။)

စ၊ ဆက်ဦးအံ့။ ဧဝံ ဂစ္ဆတော၊ ဤသို့ တသွားတည်းသွားနေသော။
အဿ၊ ထိုသတ္တဝါအား။ ဂိမှာဘိတတ္တာနံ၊ နွေရာသီအပူရှိန်ဖြင့် မချွန်
ပူလောင်အပ်ကုန်သော။ ကုန္ဒဒီနံ၊ မြစ်ငယ်—ချောင်းငယ်တို့၏။ ခယော ဝိယ၊
ကုန်ခမ်းခြင်းကဲ့သို့ လည်းကောင်း။ အာပေါရသာနုဂတဗန္ဓနာနံ၊ အညာငုံး
သို့ အစဉ်လျောက်သောရေ၏ ရသဓာတ်ဖြင့် စွတ်စိုကုန်သော။ ဒုမပ္ဖလာနံ၊
သစ်သီးတို့၏။ ပါတော၊ နံနက်စောစော၌။ ပတနံ ဝိယ၊ ကြွေကျခြင်းကဲ့သို့
လည်းကောင်း။ မုဂ္ဂရာဘိတာဠိတာနံ၊ ဆောက်ပုတ်, တုတ်ဖြင့်ရိုက်အပ်ကုန်
သော။ (၂၂၄) မတ္တိကဘာဇနာနံ၊ မြေအိုး-မြေခွက်တို့၏။ ဘေဒေါ ဝိယ၊
ကွဲပျက်ခြင်းကဲ့သို့ လည်းကောင်း။ သူရိယရသ္မိသမ္ဖုဋ္ဌာနံ၊ နေရောင်ဖြင့် တွေ့ထိ
ခံရကုန်သော။ ဥဿာဝဗိန္ဒူနံ၊ နှင်းပေါက်တို့၏။ ဝိဒ္ဓံသနံ ဝိယ စ၊ ပျက်စီး
ပျောက်ကွယ်ခြင်းကဲ့သို့ လည်းကောင်း။ မရဏမေဝ၊ သေခြင်းသည်သာလျှင်။
အာသန္နံ ဟောတိ၊ သာ၍သာ၍ နီးကပ်လျက်ရှိချေ၏။ တေန၊ ထို့ကြောင့်။
အာဟ၊ အောက်ပါဂါထာတို့ကို မိန့်ဆိုကြကုန်၏။-

“အဟောရတ္တာ၊ နေ့ညဉ့်တို့သည်။ အစ္စယန္တိ၊ ကုန်လွန်သွားကုန်
၏။ ဇီဝိတံ၊ အသက်သည်။ ဥပရုဇ္ဈတိ၊ ချုပ်လျက်ရှိ၏။ ကုန္နဒီနံ၊
မြင်ငယ်—ချောင်းမြောင်းတို့၏။ ဩဒကံ၊ ရေသည်။ ခီယတိ ဣဝ၊
ကုန်သွားသကဲ့သို့။ မစ္စာနံ၊ သတ္တဝါတို့၏။ အာယု၊ အသက်သည်။
ခီယတိ၊ ကုန်သွားလျက်ရှိ၏။

‘ပက္ကာနံ ဖလာနံ၊ မှည့်ကုန်သော သစ်သီးတို့၏။ ပါတော၊
နံနက်ငေး၌။ ပပတတော၊ ကြွေကျမည်မှ။ ဘယံ၊ ကြောက်ဖွယ်ဘေး
သည်။ ဇာယတေ ဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ဇာတာန-
မစ္စာနံ၊ ပဋိသန္ဓေအားဖြင့် ဖြစ်လာပြီးကုန်သော သတ္တဝါတို့အား။
မရဏတော၊ သေခြင်းမှ။ ဝါ၊ သေရမည်မှ။ ဘယံ၊ ကြောက်ဖွယ်
ဘေးသည်။ နိစ္စံ ဇာယတေ၊ အမြဲဖြစ်နေချေ၏။

ကုမ္ဘကာရဿ၊ အိုးထိမ်းသည်၏။ ဝါ၊ အိုးထိမ်းသည်သည်။
ကတံ၊ ပြုလုပ်အပ်ပြီးသော။ ခုဒ္ဒကဉ္စ၊ ငယ်သည်လည်းဖြစ်သော။
မဟန္တဉ္စ၊ ကြီးသည်လည်းဖြစ်သော။ ယံ၊ အကြင် အိုး—ခွက်သည်။

ပက္ကံ၊ ကျက်၏။ ယဋ္ဌ၊ အကြင် အိုး—ခွက်သည်လည်း။ အာမကံ၊ စိမ်း၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ ဘာဇနံ၊ ထို အိုး—ခွက်သည်။ ဘေဒနပရိယန္တံ၊ ပျက်စီးခြင်းလျှင် အဆုံးရှိသည်။ ယထာ၊ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ မရဏပရိယန္တံ၊ သေခြင်းလျှပ် အဆုံးရှိချေ၏။'

သူရိယုဂ္ဂမနံ၊ နေထွက်ခြင်းကို။ ပတိ၊ စွဲ၍။ ဝါ၊ သူရိယုဂ္ဂမနံ ပတိ-သူရိယုဂ္ဂမနေ နေထွက်ခြင်းကြောင့်။ တိဏဂ္ဂမှိ၊ မြက်ဖျားဌ်။ ဥဿာဝေါ၊ နှင်းပေါက်သည်။ ဝိဒ္ဓံသတိ ဣဝ၊ ပျက်စီးသွေ့ခြောက် လွင့်ပျောက်သွားသကဲ့သို့။ ဧဝံ၊ ဤအတူ။ မနုဿာနံ၊ လူတို့၏။ အာယု၊ အသက်သည်။ န စိရဋ္ဌိတိကံ၊ ကြာ မြင့် စွာ တည် နေ ခြင်း မရှိပေ။ တသ္မာ၊ ထို့ကြောင့်။ အမ္မ၊ မိခင်။ မံ၊ အကျွန်ုပ်ကို။ ပဗ္ဗဇာယ၊ ရဟန်းပြုခြင်းမှ။ မာ နိဝါရယ၊ မတားမြစ်ပါလင့်မိခင်။" ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဥက္ခိတ္တာသိကော၊ သန်လျက်ချိန်မိုးနေသော။ ဝဓကော၊ သူသတ်သမားသည်။ ပစ္စုပဋ္ဌိတော ဝိယ၊ အနီး၌ ရှေးရှု တည်နေသကဲ့သို့။ ဇာတိယာ သဟ၊ ဇာတိနှင့်အတူတကွ။ အာဂတံ၊ ပါလာခဲ့သော။ တံ မရဏံ၊ ဤသေခြင်းသဘောသည်။ ဂီဝါယ၊ လည်ပင်း၌။ ဝါ၊ လည်ပင်းဆီသို့။ အသိံ၊ သန်လျက်ကို။ စာရယမာနော၊ သွားစေသော။ သော ဝဓကော ဝိယ၊ ထိုသူသတ်သမားကဲ့သို့ပင်။ ဇီဝိတံ၊ အသက်ကို။ ဟရတိယေဝ၊ ဆောင်သွားတတ်သည် သာလျှင်တည်း။ ဝါ၊ သေစေ တတ်သည် သာလျှင်တည်း။ အဟရိတွာ၊ မဆောင်ပဲ။ ဝါ၊ မသေစေပဲ။ န နိဝတ္တတိ၊ ဆုတ်နစ်သည်ဟူ၍ မရှိပေ။ တသ္မာ သဟ ဇာတိယာ အာဂတော စ၊ ထိုသို့ ဇာတိနှင့်အတူတကွ လာခဲ့သောကြောင့် လည်းကောင်း။ တသ္မာ ဇီဝိတဟရဏတော စ၊ ထိုသို့ အသက်ကိုဆောင်သွားတတ်—သေစေတတ်သော ကြောင့် လည်းကောင်း။ (ဤနေရာ၌ တသ္မာ-ကို သီးခြားမပေးရ၊ သူ၏ ဟိတ်ပါဋ္ဌ်နှင့် တပါတည်း ပေးရသည်။) ဥက္ခိတ္တာသိကော ဝဓကော ဝိယ၊ ချိမိုးထားသည့် သန်လျက်ရှိသော သူသတ်သမားကဲ့သို့။ မရဏမ္ပိ၊ သေခြင်းသည်လည်း။ ပစ္စုပဋ္ဌိတမေဝ၊ ရှေးရှုကပ်လျက် တည်နေသည်သာ တည်း။ ဣတိ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝဓကပစ္စုပဋ္ဌာနတော၊ သူသတ် သမားကဲ့သို့ ရှေးရှု ကပ်လျက်တည်သောအားဖြင့်။ မရဏံ၊ သေခြင်းကို။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။ (၁)

၁၇၀။ သမ္ပတ္တိဝိပတ္တိတောတိ–ဧတ္ထ၊ သမ္ပတ္တိဝိပတ္တိတော-ဟူသော ဤပုဒ်၌။ ဝိဂ္ဂဟရော၊ အကျယ်ကို။ ဧဝံ ဝေဒိတဗ္ဗာ၊ ဤဆိုလတ္တံ့သော နည်းအတိုင်း သိရမည်။ ဣဓ၊ ဤလောက၌။ သမ္ပတ္တိ နာမ၊ ပြည့်စုံခြင်း မည်သည်မှာ။ ယာဝ၊ အကြင်မျှလောက်။ နံ၊ ထိုပြည့်စုံခြင်းကို။ ဝိပတ္တိ၊ ပျက်စီးခြင်းသည်။ ဝါ၊ ပျက်စီးခြင်းက။ နာဘိဘဝတိ၊ မလွှမ်းမိုး မနှိပ်စက်နိုင်သေး။ တာဝဒေဝ၊ ထိုမျှလောက်သာလျှင်။ သောဘတိ၊ တင့်တယ်ကောင်းမြတ်၏။ ယာ သမ္ပတ္တိ၊ အကြင်ပြည့်စုံခြင်းသည်။ ဝိပတ္တိံ၊ ပျက်စီးခြင်းကို။ အတိက္ကမ္မ၊ ကျော်လွန်၍။ တိဋ္ဌေယျ၊ တည်ရာ၏။ သာ သမ္ပတ္တိ နာမ၊ ထိုပြည့်စုံခြင်းမည်သည်။ န စ အတ္ထိ၊ မရှိသည်သာတည်း။ တထာဟိ-တတော ဧဝ၊ ထို့ကြောင့်ပင်လျှင်။—

"သုခီ၊ နတ်စည်းစိမ်နှင့်တူသော စည်းစိမ်များနှင့် အစိုးရခြင်းအလွန်အကဲ ချမ်းသာနှင့် ပြည့်စုံသော။ (သုခီ-ပုဒ်၌ ဤ-ပစ္စည်းအတိသယအနက်ကို ဟော၏။ ထို့ကြောင့် အလွန်အကဲ ချမ်းသာနှင့် ပြည့်စုံသော ဟု အနက်ပြန်သည်။) ဖသောကော၊ အသောကမင်းသည်။ သကလံ မေဒိနိံ၊ ဇမ္ဗူဒိပ်ခွင် မြေပြင်အလုံးကို။ ဝါ၊ ဇမ္ဗူဒိပ်ခေါ် အိန္ဒိယ တစ်ပြည်ထောင်လုံးကို။ ဘုတွာ၊ အုပ်စိုးသုံးဆောင်ပျက်။ ကောဋိသတံ၊ ကုဋေတစ်ရာသော ဥစ္စာကို။ ဒတွာ၊ ပေးလှူပြီးလျှင်။ အန္တေ၊ နောက်ဆုံးကာလ၌။ အဍ္ဎာမလကမတ္တဿ၊ ဆီးဖြူသီးတစ်ခြမ်းမျှကိုသာ။ ဣဿရတံ၊ အစိုးရသောအဖြစ်သို့။ ဂတော၊ ရောက်ရရှာလေ၏။

အသောကော၊ မစိုးရိမ်ဟူသော အမည်ရှိတော်မူသော။ သောပိ ရာဇာ၊ ထိုကေရာဇ်မင်း သော်မှလည်း။ ပုညပ္ပံ ခယံ အာဂတော၊ ကောင်းမှုကုန်ခြင်းသို့ ရောက်လတ်သော်။ တေနေဝ ဒေဟာဗန္ဓေန၊ ထိုကိုယ်ခန္ဓာဖြင့်ပင်လျှင်။ မရဏာဘိမုခေါ၊ သေခြင်းသို့ ရှေးရှုလျက်။ သောကံ၊ စိုးရိမ်ပူဆွေးခြင်းသို့။ အာဂတော၊ ရောက်ရှာလေပြီ။" ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

(၂၂၅) အပိစ၊ တနည်းသော်ကား။ သဗ္ဗံ အာရောဂျ၊ အလုံးစုံသော အနာကင်းခြင်း, ကျန်းမာခြင်းသည်။ ဗျာဓိပရိယောသာနံ၊ မကျန်းမမာဖျားနာခြင်းလျှင် အဆုံးရှိ၏။ သဗ္ဗံ ယောဗ္ဗနံ၊ အလုံးစုံသော ပျိုမြစ်နုနယ်အရွယ်ကောင်းခြင်းသည်။ ဇရာပရိယောသာနံ၊ အိုခြင်းလျှင် အဆုံးရှိ၏။ သဗ္ဗံ ဇီဝိတံ၊ အလုံးစုံသော အသက်ရှင်ခြင်းသည်။ မရဏပရိယောသာနံ၊ အမြဲမနေ

သေရခြင်းလျှင် အသုံးရှိ၏။ သဗ္ဗာဝယေ၀၊ အလုံးစုံသောလျှင်ဖြစ်သော။ လောကသန္နိဝါသေ၊ သတ္တဝါအပေါင်းကို။ ဇာတိယာ၊ ဘဝအသစ်ဖြစ်ခြင်းသည်။ ဝါ၊ ဘဝအသစ်ဖြစ်ခြင်းက။ အနုဂတေ၊ အစဉ်လိုက်အပ်၏။ ဇရာယ၊ အိုခြင်းသည်။ ဝါ၊ အိုခြင်းက။ အနုသဋ္ဌေ၊ ပူးဝင်ပျံ့နှံ့လျက်ရှိ၏။ ဗျာဓိနာ၊ နာခြင်းသည်။ ဝါ၊ နာခြင်းက။ အဘိဘူတေ၊ လွှမ်းမိုးနှိပ်စက်အပ်၏။ မရဏေန၊ သေခြင်းသည်။ ဝါ၊ သေခြင်းက။ အဗ္ဗာဟတေ၊ ပြင်းစွာပုတ်ခတ် ရိုက်သတ်လျက်ရှိ၏။ တေန၊ ထို့ကြောင့်။ အာဟ၊ မိန့်ဆို၏။-

"နဘံ အာဟစ္စ၊ မိုးကောင်းကင်ကို ထိခိုက်လျက်။ ဝိပုလာ၊ မြင့်မားကြီးကျယ်ကုန်သော။ သေလာ၊ ကျောက်အတိ ပြီးကုန်သော။ ပဗ္ဗတာ၊ တောင်ကြီးတို့သည်။ သေလာ ပဗ္ဗတာ၊ ကျောက်တောင်ကြီးတို့သည်။ သမန္တာ၊ ပတ်ဝန်းကျင်မှ။ ဝါ၊ ပတ်ဝန်းကျင်တွင်။ စတုဒ္ဒိသာ၊ အရပ်လေးမျက်နှာမှ။ နိပ္ပေါထေန္တာ၊ မှုန့်မှုန့်ညက်ညက် ကြိတ်ချေကုန်လျက်။ အနုပရိယေယျုံ ယထာပိ၊ အစဉ်အတိုင်း လိမ့်၍ လိမ့်၍ လာကုန်သကဲ့သို့။-

ဧဝံ၊ ဤအတူပင်လျှင်။ ဇရာ စ၊ အိုခြင်းသည်လည်းကောင်း။ မစ္စု စ၊ သေခြင်းသည်လည်းကောင်း။ ခတ္တိယေ၊ မင်းမျိုးဖြစ်ကုန်သော။ ဗြာဟ္မဏေ၊ ပုဏ္ဏားမျိုးဖြစ်ကုန်သော။ ဝေဿ၊ သူကြွယ်မျိုးဖြစ်ကုန်သော။ သုဒ္ဒေ၊ သူဆင်းရဲမျိုးဖြစ်ကုန်သော။ စဏ္ဍာလပုက္ကုသေ၊ ဒွန်းစဏ္ဍား, ပန်းမှိုက်သွန်မျိုးဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့ကို။ အဘိဝတ္တန္တိ၊ လွှမ်းမိုး နှိပ်စက်ကုန်၏။ ကိဉ္စိ၊ တစုံတယောက်ကိုမျှ။ န ပရိဝဇ္ဇေတိ၊ မရှောင်ကြဉ်။ သဗ္ဗမေဝ၊ အားလုံးကိုပင်။ အဘိမဒ္ဒတိ၊ ဖိနှိပ် ချေပစ်၏။

တနည်း-ဧဝံ၊ ဤအတူပင်လျှင်။ ဇရာ စ၊ အိုခြင်းသည်လည်းကောင်း။ မစ္စု စ၊ သေခြင်းသည်လည်းကောင်း။ ခတ္တိယေ စ၊ မင်းတို့ကိုလည်းကောင်း။ ဗြာဟ္မဏေ စ၊ ပုဏ္ဏားတို့ကိုလည်းကောင်း။ ဝေဿ စ၊ သူကြွယ်တို့ကိုလည်းကောင်း။ သုဒ္ဒေ စ၊ သူဆင်းရဲတို့ကိုလည်းကောင်း။ စဏ္ဍာလပုက္ကုသေ စ၊ ဒွန်းစဏ္ဍား, ပန်းမှိုက်သွန်တို့ကိုလည်းကောင်း။ ပါဏိနော၊ သတ္တဝါအားလုံးတို့ကို။ အဘိဝတ္တန္တိ၊ လွှမ်းမိုးနှိပ်စက်ကုန်၏။ ကိဉ္စိ၊ တစုံတယောက်ကိုမျှ။ န ပရိဝဇ္ဇေတိ၊ မရှောင်ကြဉ်။ သဗ္ဗမေဝ၊ အားလုံးကိုပင်လျှင်။ အဘိမဒ္ဒတိ၊ ဖိနှိပ် ချေပစ်၏။

တတ္ထ၊ ထို အိုခြင်း, သေခြင်းတို့က နှိပ်စက်ရာ၌။ ဟတ္ထိနံ၊ ဆင်စီး သူရဲတို့၏။ ဝါ၊ ဆင်တပ်တို့၏။ ဘူမိ၊ အောင်မြေသည်။ န အတ္ထိ၊ မရှိ။ ရထာနံ၊ ရထားစီးသူရဲတို့၏။ ဝါ၊ မြင်းတပ်, ရထားတပ်တို့၏။ ဘူမိ၊ အောင်မြေသည်။ န အတ္ထိ၊ မရှိ။ ပတ္တိယာ၊ ခြေလျင်တပ်၏။ ဘူမိ၊ အောင်မြေသည်။ န အတ္ထိ၊ မရှိ။ မန္တယုဒ္ဓေန စာပိ၊ တိုင်ပင် ဉာဏ်ကိုမှီ၍စစ်ထိုးခြင်းဖြင့်သော်လည်းကောင်း။ ဓနေန ဝါ၊ ဥစ္စာတံစိုး လက်ဆောင်ထိုးခြင်းဖြင့်သော်လည်းကောင်း။ ဇေတုံ၊ အောင်နိုင် ခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ချေ။"

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဇီဝိတသမ္ပတ္တိယာ၊ အသက်ရှင်ခြင်းဟူသော ပြည့်စုံခြင်း၏။ မရဏဝိပတ္တိပရိယောသာနတံ၊ သေခြင်းဟူသော ပျက်စီးခြင်း လျှင် အဆုံးရှိသည်၏အဖြစ်ကို။ ဝဝတ္ထပေန္တေန၊ ပိုင်းခြားမှတ်သားသည်ဖြစ် ၍။ သမ္ပတ္တိဝိပတ္တိတော၊ ပြည့်စုံခြင်း, ပျက်စီးခြင်းအားဖြင့်။ မရဏံ၊ သေခြင်း ကို။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။ (၂)

၁၇၁။ ဥပသံဟရဏတောတိ ဧတ္ထ၊ ဥပသံဟရဏတော-ဟူသော ဤ ပါဌ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤဆိုလတ္တံ့သောနည်း ဖြင့် သိအပ်၏။ ပရေဟိ သဒ္ဓိံ၊ သေလေကုန်သော သူတပါးတို့နှင့်အတူ တကွ။ အတ္တနော မရဏဿ၊ မိမိ၏သေခြင်းကို။ ဥပသံဟရဏတော၊ အနီး သို့ ဆောင်သောအားဖြင့်။ တတ္ထ၊ ထိုသို့ အနီးသို့ဆောင်သောအားဖြင့် အောက်မေ့ရာ၌။ ယသမဟတ္တတော၊ အခြံအရံ များခြင်းအားဖြင့်လည်း ကောင်း။ ပုညမဟတ္တတော၊ ဘုန်းကံ ကြီးမားခြင်းအားဖြင့်လည်းကောင်း။ ထာမမဟတ္တတော၊ ခွန်အား ကြီးမားသောအားဖြင့် လည်းကောင်း။ ဣဒ္ဓိ- မဟတ္တတော၊ တန်ခိုး ကြီးခြင်းအားဖြင့်လည်းကောင်း။ ပညာမဟတ္တတော၊ ပညာ ကြီးခြင်းအားဖြင့်လည်းကောင်း။ ပစ္စေကဗုဒ္ဓတော ပစ္စေကဗုဒ္ဓါအား ဖြင့်လည်းကောင်း။ သမ္မာသမ္ဗုဒ္ဓတော၊ သမ္မာသမ္ဗုဒ္ဓ-အားဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တာဟာကာရေဟိ၊ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဥပသံဟရဏတော၊ အနီးသို့ဆောင်သောအားဖြင့်။ မရဏံ၊ သေခြင်းကို။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။ ကထံ၊ အဘယ်သို့လျှင်။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်သနည်း?။ ဣဒံ မရဏံ နာမ၊ ဤသေခြင်းမည်သည်။ မဟာယသာနံ၊ များသော အကျော်အစောရှိကုန် သော။ မဟာပရိဝါရာနံ၊ များစွာသော အခြံအရံရှိကုန်သော။ သမ္ပန္နဓနဝါ- ဟာနံ၊ များစွာသော စည်းစိမ်ဥစ္စာ-ယာဉ်ရထား ရှိကုန်သော။ မဟာသမ္မတ-

မန္ဒာတု မဟာသုဒဿနဒဠှနေမိနိမိပ္ပဘုတီနမ္ပိ၊ မဟာသမ္မတမင်း, မန္ဓာတ်မင်း, မဟာသုဒဿနမင်း, ဒဠှနေမိမင်း, နိမိမင်း–စသော မင်းတို့၏သော်လည်း။ ဥပရိ၊ အထက်၌။ ဝါ၊ အပေါ်၌။ နိရာသင်္ကမေဝ၊ ရွံ့ရှားခြင်းမရှိပဲ။ ပတိတံ၊ ကျရောက်တုံသေး၏။ မယ္ဟံ ပန ဥပရိ၊ ငါ့ပေါ်၌ကား။ ကိမင်္ဂ-ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်၊ အဘယ်အတွက်ကြောင့်။ န ပတိဿတိ၊ မကျရောက်ပဲ ရှိချေအံ့နည်း။

မဟာယသာ၊ များသောအခြံအရံ စည်းစိမ်ရှိကုန်သော။ ရာဇဝရာ၊ မင်းမြတ်ဖြစ်ကုန်သော။ မဟာသမ္မတအာဒယော၊ မဟာသမ္မတ–မင်း အစရှိကုန်သော။ တေပိ၊ ထိုမင်းတို့သည်လည်း။ မစ္စုဝသံ၊ သေမင်းနိုင်ငံသို့။ ပတ္တာ၊ ရောက်ရကုန်သေး၏။ မာဒိ–သေသု၊ ငါကဲ့သို့သောသူ သာမန်တို့၌။ ကာ ကထာဝ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

တနည်း—မဟာသမ္မတအာဒယော၊ မဟာသမ္မတ–မင်း အစရှိကုန်သော။ ရာဇဝရာ၊ မင်းမြတ်တို့သည်။ မဟာယသာ၊ များသောအခြံအရံ ရှိကြပေကုန်၏။ တေပိ ရာဇာ၊ ထိုမင်းမြတ်တို့သော်မှလည်း။ မစ္စုဝသံ၊ သေမင်း၏အလိုသို့။ ပတ္တာ၊ ရောက်ကြရ, လိုက်ကြရကုန်သေး၏။ မာဒိသေသု၊ ငါသို့သော သာမန်ပုဂ္ဂိုလ်တို့၌။ ကာ ကထာဝ၊ အဘယ်ဆိုဖွယ် ရှိချေအံ့နည်း။ ဣတိ၊ ဤသို့။—

ဧဝံ၊ ဤဆိုခဲ့သည်အတိုင်း။ တာဝ၊ ရှေးဦးစွာ။ ယသမဟတ္တတော၊ အခြံအရံများသောအားဖြင့်။ မရဏံ၊ သေခြင်းကို။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ၏။ (၃ · က)

ပုညမဟတ္တတော၊ ဘုန်းကံကြီးမားသောအားဖြင့်။ ကထံ၊ အဘယ်သို့။ အနုဿရိတဗ္ဗံ၊ အောက်မေ့ဆင်ခြင်အပ်သနည်း? ဟူမူ။

ဇောတိကော၊ ဇောတိက-သဌေးကြီးလည်းကောင်း။ ဇဋိလော၊ ဇဋိလ-သဌေးကြီးလည်းကောင်း။ ဥဂ္ဂေါ၊ ဥဂ္ဂ–သဌေးကြီးလည်းကောင်း။ မေဏ္ဍကော၊ မေဏ္ဍက သဌေးကြီးလည်းကောင်း။ အထ၊ ထိုမှတပါး။ ပုဏ္ဏကော၊ ပုဏ္ဏက သဌေးကြီးလည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်။) ဧတေ စ၊ ဤပုဂ္ဂိုလ်တို့သည်လည်းကောင်း။ အညေ၊ ဆိုအပ်ပြီးသည်မှ တပါးကုန်သော။ လောကေ၊ လောက၌။ မဟာပုညာတိ ဝိဿုတာ၊ ဘုန်းကံကြီးမားသော သူတို့ဟူ၍ ကျော်စောကုန်သော။ ယေ စ၊ အကြင်သူတို့သည် လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံ

ကုန်သော သူတို့သည်။ မရဏံ၊ သေခြင်းသို့။ အာပန္နာ၊ ရောက်ကြရကုန်ပြီ။ မာဒိသေသု၊ ငါသို့သောသူ့သာမန်ပုဂ္ဂိုလ်တို့၌။ ကာ ကထာဝ၊ အဘယ်မှာ ဆိုဖွယ်ရာရှိချေအံ့နည်း။ ဣတိ၊ ဤသို့။—

ဇဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပုညမဟတ္တတော၊ ဘုန်းကံကြီးမားသော အားဖြင့်။ မရဏံ၊ သေခြင်းကို။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ၏။ (၃-ခ)

(၂၂၆) ထာမမဟတ္တတော၊ ခွန်အား ကြီးမားသော အားဖြင့်။ ကထံ အနုဿရိတဗ္ဗံ၊ အဘယ်သို့ အောက်မေ့ဆင်ခြင်အပ်သနည်း?ဟူမူ။

ဝါသုဒေဝေါ၊ နောင်တော် ဝါသုဒေဝ-မင်းသည်လည်းကောင်း။ ဗလဒေဝေါ၊ ညီတော် ဗလဒေဝ-မင်းသည် လည်းကောင်း။ ဘီမ-သေနော၊ ဘီမသေန-မင်းသည် လည်းကောင်း။ ယုဓိဋ္ဌိလော၊ ယုဓိဋ္ဌိလ—မင်းသည် လည်းကောင်း။ စာနုရောယော၊ စာနုရောယ အမည်ရှိသော။ မဟာမလ္လော၊ လက်ပမ်းသည်ကြီးသည် လည်းကောင်း။ အန္တကဿ၊ သေမင်း၏။ ဝသံ ဂတော၊ အလိုနိုင်ငံသို့ လိုက်ကြရလေပြီ။ (ဤဂါထာပါ ဝါသုဒေဝ-မင်းနှင့် ဗလဒေဝ—ညီနောင် နှစ်ပါးတို့ကို သိထားဖို့လိုသည်။ ဤမင်းနှစ်ပါးသည် ဒေဝဂဗ္ဘာ၏ သားတစ်ကျိပ်တို့တွင် ပထမနှင့် ဒုတိယ ညီနောင်နှစ်ပါး ဖြစ်ကြသည်။ သူတို့နှစ်ဦးတွင် ဗလဒေဝ-က ပြလတ္တံ့သော စာနုရ-မည်သော လက်ဝှေ့လက်ပမ်းသည် ချန်ပီယံကို သတ်ကြောင်း ဒသနိပါတ် ဃဋပဏ္ဍိတ ဇာတ် အဋ္ဌကထာ၌ ပြထားသည်။ ရင်းပြင် ဘီမသေန ဟူသော အမည်သည် ဘီမသေန ဇာတ်၌ ကြောက်တတ်သော ယက္ကန်းသည် တစ်ဦး၏ အမည်ဖြစ်သည်။ ထိုသူကား မင်းမဟုတ်၊ အားကြီးသူ လူစွမ်းကောင်းလည်းမဟုတ်ပေ။ကုဏာလ ဇာတ်၌ အဇ္ဇုန,နကုလ, ဘီမသေန, ယုဓိဋ္ဌိလ, သဟဒေဝ ဟူသော ပဏ္ဍုမင်း၏ သားတော် ငါးယောက် လာရှိ၏။ ထိုငါးယောက်လုံးကိုပင် တက္ကသိုလ်မှ ပညာသင်ပြီး၍ ပြန်လာကြစဉ်မှာ ဗာရာဏသီမင်း၏ သမီးတော် တဏှာဒေဝီက လင်အဖြစ်ဖြင့် ရွေးကောက်သဖြင့် မယားတစ်ယောက်တည်း၏ လင်ငါးယောက် ဖြစ်ကြလေသည်။ နောက်ကာလ၌ တဏှာဒေဝီ၏ ယုတ်မာမှုကြောင့် သံဝေဂ ရပြီးလျှင် ငါးယောက်လုံးပင် တောထွက်၍ ရသေ့ပြုကြကာ ကသိုဏ်းပရိကံကိုပြုကြ၍ ကံအားလျော်စွာ ဘဝတပါးသို့ လားကြကြောင်း ဤမျှကိုသာ တွေ့ရ၏။ ခွန်အား

ကြီးသူ လူစွမ်းကောင်းများ အဖြစ်ကိုကား မတွေ့ရပေ။ မဟာဘာရတ—ကျမ်း၌မူ ပဏ္ဍုမင်း ဗြဟ္မစရိယအဓိဋ္ဌာန် ပြုပြီးသည့်နောက်၌ သူ၏မိဖုရား ကုန္တီ၏တောင်းပန်ချက်ကြောင့် ဓမ္မနတ်ကိုစွဲ၍ ယုဓိဋ္ဌိလ—မင်းသားကို လည်းကောင်း။ သိကြားနတ်မင်းကိုစွဲ၍ အဇ္ဇုန—မင်းသားကိုလည်းကောင်း၊ လေနတ်ကိုစွဲ၍ ဘီမသေန—ကို လည်းကောင်း။ ကုန္တီက ဖွားမြင်သည်ဟူ၍ လည်းကောင်း၊ ပဏ္ဍု၏ ဒုတိယမိဖုရား မာဒြီ (မဒ္ဒီ)က အသွိနတ်နှစ်ဦးကိုစွဲ၍ နကုလနှင့်သဟဒေဝ—ဟူသော မင်းသားနှစ်ယောက်ကို အမြွာဖွားမြင်သည်ဟူ၍ လည်းကောင်း၊ ထိုမင်းသား ငါးဦးလုံးကိုပင် ပဏ္ဍု၏ မိဖုရားများမှ မွေးဖွားသောကြောင့် ပဏ္ဍုမင်း၏ သားတော်များဟု ခေါ်သည်ဟူ၍ လည်းကောင်း၊ ထိုမင်းသားငါးယောက်လုံးပင် ခွန်အားကြီးသော လူစွမ်းကောင်းကြီးများဖြစ်ကြ၍ ဒြုပဒမင်း၏ သမီးတော် တဏှာ၏ ကြင်ရာတော်များဖြစ်ကြသည် ဟူ၍လည်းကောင်း ပြဆိုထားသည်ကို တွေ့ရ၏။ ထိုငါးဦးတို့တွင် ဘီမ သည် အလွန်အားကြီးသော လူစွမ်းကောင်းကြီးဖြစ်ကြောင်းကိုလည်း တွေ့ရ၏။ ထို ဘီမ-ကိုပင် ဤ၌ ဘီမ ဟု ဆိုလေသလောဟု စဉ်စားဖွယ်ရှိ၏။ အထူးမှတ်ရန်မှာ မဟာဘာရတ—ကျမ်း၌ ပြဆိုထားသောတဏှာသည် ကုဏာလ—ဇာတ်မှာပါသော တဏှာကဲ့သို့ ယုတ်မာသူမဟုတ်ပေ။ မင်းသားငါးယောက်တို့တွင် အဇ္ဇုန ကိုသာ ကြင်ရာဖက်အဖြစ်ဖြင့် ရွေးချယ်သည်။ အဇ္ဇုန—က အမျိုးထုံးစံအရဟုဆိုကာ ညီနောင်ငါးယောက်လုံးပိုင်အဖြစ်ဖြင့် အသိအမှတ်ပြုသောကြောင့် မင်းသားငါးယောက်လုံး၏ ကြင်ရာဖြစ်လေသည်။

ကုဏာလ ဇာတ်မှာ ယုဓိဋ္ဌိလ—ကား မင်းလည်းမဟုတ်၊ လူစွမ်းကောင်းအဖြစ်လည်း မထင်ရှားပေ။ မဟာဘာရတ-ကျမ်းလာ ယုဓိဋ္ဌိရ—ကား ဟတ္ထိပုရမြို့၌ နန်းစံသော ဘကြီးတော် ဓတရဋ္ဌ—မင်းနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်၍ ဣန္ဒပတ္တမြို့၌ နန်းစံသောမင်းလည်း ဖြစ်၏။ လူစွမ်းကောင်းအဖြစ်လည်း ထင်ရှားပေ၏။ ဓမ္မနတ်၏ သားဖြစ်ကြောင်းကိုလည်း ဋီကာ၌ဖွင့်ပြထား၏။

စာနုရ—ကား လက်ဝှေ့လက်ပမ်းသည် ချမ်ပီယံဖြစ်သည်။ ၎င်းကို ဗလဒေဝက သတ်လိုက်ကြောင်း ဋီကာ၌ပြဆို၏။ ၎င်းသည် ဃဋပဏ္ဍိတ—ဇာတ်မှယူ၍ ပြဆိုခြင်းပင်ဖြစ်သည်။ ဝါသုဒေဝ-စသော ညီနောင်လူစွမ်းကောင်းတို့သည်လည်း နောက်ဆုံး၌ အချင်းချင်း

သတ်၍လည်းကောင်း၊ ဂုန်သူကသတ်၍လည်းကောင်း သေဆုံးပျက်စီးကြရကြောင်း ဿဥပဏ္ဏိတ—ဇာတ်၌ပြဆိုထားသည်။)

ဝံ၊ ဤသို့။ ထာမ ဗလူပေတာ ဣတိ၊ စွမ်းရည်သတ္တိ ခွန်အားနှင့်ပြည့်စုံကြသည် ဟူ၍။ လောကမှိ၊လောက၌။ ဝိဿုတာ၊ကျော်စောကုန်သော။ တေပိ၊ ဝါသုဒေဝ-အစရှိသော ဤသူတို့သော်မှလည်း။ မရဏံ ယာတာ၊ သေခြင်းသို့ရောက်ကြရတုံသေး၏။ မာဒိသေသု၊ ငါသို့သော သာမန်ပုဂ္ဂိုလ်တို့၌။ ကာ ကထာ၀၊ အဘယ်မှာဆိုဖွယ်ရာရှိချေအံ့နည်း။ ဣတိ၊ ဤသို့လည်းကောင်း။

ဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ထာမမဟတ္တတော၊ ခွန်အားကြီးခြင်းအားဖြင့်။ အနုဿရိတဗ္ဗံ၊ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေ၏။ (၃-ဂ)

ဣဒ္ဓိမဟတ္တတော၊ တန်ခိုးကြီးမားခြင်းအားဖြင့်။ ကထံ အနုဿရိ-တဗ္ဗံ၊ အဘယ်သို့ အောက်မေ့ဆင်ခြင်အပ်သနည်း? ဟူမူ။

ဣဒ္ဓိမတံ၊ တန်ခိုးကြီးမားသောသူတို့တွင်။ ဝါ၊ တန်ခိုးကြီးမားသောသူတို့ထက်။ သေဋ္ဌော၊ အမြတ်ဆုံးဖြစ်တော်မူထသော။ ဒုတိ-ယော၊ ဒုတိယမြောက်ဖြစ်တော်မူသော။ ယော အဂ္ဂသာဝကော၊ အဂ္ဂသာဝကဖြစ်တော်မူသော အကြင် အရှင်မဟာမောဂ္ဂလာန် မထေရ်သည်။ ဝေဇယန္တံ၊ သိကြားမင်း၏စံရာ ဝေဇယန္တာပြာသာဒ်ကို။ ပါဒင်္ဂုဋ္ဌကမတ္တေန၊ ခြေမတော်မျှဖြင့်။ အကမ္ပယိ၊ တုန်လှုပ်စေခဲ့၏။

သောပိ၊ ထိုမျှလောက် တန်ခိုးကြီးမားသော အရှင်မဟာမောဂ္ဂလာန်-မထေရ်သော်မှလည်း။ သီဟမုခံ၊ ခြင်္သေ့၏ခံတွင်းသို့။ ပဝိဋ္ဌော၊ ဝင်ရသော။ မိဂေါ ဝိယ၊ သမင်ကဲ့သို့။ ဃောရံ၊ ကြမ်းကြုတ်စွာသော။ မစ္စုမုခံ၊ သေမင်း၏ ခံတွင်းသို့။ ဣဒ္ဓိဟိသဟ၊ တန်ခိုးတော်များနှင့်တကွ။ ပဝိဋ္ဌော၊ ဝင်ရတုံသေး၏။ မာဒိသေသု၊ ငါကဲ့သို့သော သာမန်ပုဂ္ဂိုလ်တို့၌။ ကာ ကထာ၀၊ အဘယ်မှာ ဆိုဖွယ်ရှိချေအံ့နည်း။ ဣတိ၊ ဤသို့လည်းကောင်း။

ဝံ၊ဤဆိုခဲ့သည့်အတိုင်း။ ဣဒ္ဓိမဟတ္တတော၊ တန်ခိုးကြီးခြင်းအားဖြင့်။ အနုဿရိတဗ္ဗံ၊ သေခြင်းကို အဖန်ဖန် ဆင်ခြင် အောက်မေ့အပ်ပေ၏။ (၃-ဃ)

ပညာမဟတ္တတော၊ ပညာကြီးခြင်းအားဖြင့်။ ကထံ အနုဿရိတဗ္ဗံ၊ အဘယ်သို့အောက်မေ့ ဆင်ခြင်အပ်သနည်း? ဟူမူကား။-

လောကနာထံ ဌပေတွာန၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားကို ဖယ်ထား၍။ အညေ၊ မြတ်စွာဘုရားမှ တပါးကုန်သော။ ယေ စ ပါဏိနော၊ အကြင် သတ္တဝါတို့သည်လည်း။ အတ္ထိ သန္တိ၊ ရှိကြကုန်၏။ အညေသံ၊ ဘုရားမှ တပါးကုန်သော။ တေသံ၊ ထိုသတ္တဝါတို့၏။ ပညာ၊ အသိဉာဏ် ပညာတို့သည်။ သာရိပုတ္တဿ၊ လက်ယာတော်ရံ ပညာခေါင်ထိ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏။ ပညာယ၊ ဉာဏ်ပညာတော်၏။ သောဠသိံ၊ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ကိုမျှ။ ဝါ၊ ၂၅၆-စိတ် တစ်စိတ်ကိုမျှ။ နာဂ္ဃန္တိ၊ မမီနိုင်ကုန်။

ဇဝံ၊ ဤသို့။ မဟာပညော၊ ဉာဏ်ပညာကြီးတော်မူသော။ ပဌမော အဂ္ဂသာဝကော နာမ၊ ပဌမ အဂ္ဂသာဝက-ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သော်မှလည်း။ မရဏာဿ ဝသံ ပတ္တော၊ သေမင်း၏ အလိုနိုင်ငံသို့ ရောက်ရတုံသေး၏။ မာဒိသေသု၊ ငါကဲ့သို့သော သာမန်ပုဂ္ဂိုလ်တို့၌။ ကာ ကထာဝ၊ အဘယ်မှာ ဆိုဖွယ်ရှိချေအံ့နည်း။ ဣတိ၊ ဤသို့လည်းကောင်း။

ဇဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပညာမဟတ္တတော၊ ပညာကြီးခြင်းအားဖြင့်။ အနုဿရိတဗ္ဗံ၊ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ၏။ (၃–င)

(သောဠသိံ ကလံ-၌ ကလ–သဒ္ဒါက ၁၆–စိတ်မှ တစ်စိတ်ကို ဟောကြားသော်လည်း သောဠသိံပုဒ်နှင့် အရတူဟုယူလျှင် ၁၆–စိတ်မှ တစ်စိတ်သာယူရ၏။ ထိုအနက်ကို ပထမပြန်ဆိုချက်ဖြင့်ပြသည်။ ဒုတိယပြန်ဆိုချက်ဖြင့်မူကား–သောဠသိံ- အရ ၁၆–စိတ်မှ တစ်စိတ်ကို ကလ–အရ ၁၆–စိတ်ပြု၍ တစ်စိတ်ဟူသောအနက်ကိုပြသည်။ ထို့ကြောင့် ၁၆–ခု × ၁၆–လီ = ၂၅၆–စိတ်မှ တစ်စိတ်ဟူသော အနက်ကို ရသည်။)

ပစ္စေကဗုဒ္ဓတော၊ ပစ္စေကဗုဒ္ဓါအားဖြင့်။ အထံ အနုဿရိတဗ္ဗံ၊ အဘယ်သို့ အောက်မေ့ ဆင်ခြင်အပ်သနည်း? ဟူမူ။–အတ္တနော ဉာဏဝီရိယဝသေန၊ မိမိ၏ ဉာဏ်နှင့်ဝီရိယ၏ အစွမ်းအားဖြင့်။ သဗ္ဗကိလေသသတ္တုနိမ္မထနံ ကတွာ၊ အလုံးစုံသောရန်သူတို့ကို ချေမှုန်း ပယ်ဖျောက်တော်မူကြလျက်။ ပစ္စေကဗောဓိံ ပတ္တာ၊ ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော်မူကြကုန်သော။ ခဂ္ဂဝိသာဏကပ္ပါ၊ ဟာစ်ပါးတည်းသာ နေလေ့ရှိကြသဖြင့် တစ်ချောင်းတည်းသာ

ပေါက်သည့် ကြံ့ချီနှင့်တူတော်မူကြကုန်သော။ သယမ္ဘူနော၊ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ သစ္စာကိုသိတော်မူကြသဖြင့် သယမ္ဘူမည်တော်မူကြကုန်သော။ ယေပိ တေ ပစ္စေကဗုဒ္ဓါ၊ အကြင် ပစ္စေကဗုဒ္ဓါတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တေပိ၊ ထို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သော်မှလည်း။ မရဏတော၊ သေခြင်းမှ။ န မုတ္တာ၊ မလွတ်ကြကုန်။ အဟံ ပန၊ ငါသည်ကား။ ကုတော မုစ္စိဿာမိ၊ အဘယ်မှာ လွတ်ချေအံ့နည်း။ ဣတိ၊ ဤသို့လည်းကောင်း။

တံ တံ နိမိတ္တံ အာဂမ္မ၊ (လက်ကောက်နှစ်ခုတို့၏ အချင်းချင်းထိခိုက်ခြင်း အစရှိသော) ထိုထို အကြောင်းနိမိတ်ကို စွဲမှီကုန်၍။ ဝိမံသန္တာ၊ စူးစမ်းဆင်ခြင်ကုန်လျက်။ ယေ မဟေသယော၊ အကြင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်။ သယမ္ဘူဉာဏတေဇေန၊ အလိုလိုဖြစ်သော သယမ္ဘူဉာဏ်စွမ်းအားဖြင့်။ အာသဝက္ခယံ ပတ္တာ၊ အာသဝေါကုန်ခမ်းခြင်းသို့ ရောက်တော်မူကြလေကုန်၏။

ဧကစရိယနိဝါသေန၊ တစ်ပါးတည်းသာ ကျင့်လေ့ နေလေ့ရှိခြင်းကြောင့်။ ခဂ္ဂသိင်္ဂသမူပမာ၊ တစ်ချောင်းတည်းသာပေါက်သည့် ကြံ့ချီနှင့်တူတော်မူကြကုန်သော။ တေပိ၊ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သော်မှ။ မစ္စု၊ သေခြင်းကို။ နာတိဂတာ၊ မကျော်လွန်နိုင်ကြလေကုန်။ မာဒိသေသု၊ ငါသို့သော သာမန်ပုဂ္ဂိုလ်တို့၌။ ကာ ကထာဝ၊ အဘယ်မှာ ဆိုဖွယ်ရှိချေအံ့နည်း။ ဣတိ၊ ဤသို့လည်းကောင်း။

(၂၂၄) ဇဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပစ္စေကဗုဒ္ဓတော၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဖြစ်ပုံအားဖြင့်။ အနုဿရိတဗ္ဗံ၊ တဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေ၏။ (၃-စ)

သမ္မာသမ္ဗုဒ္ဓတော၊ သမ္မာသမ္ဗုဒ္ဓ ဘုရားအားဖြင့်။ ကထံ အနုဿရိတဗ္ဗံ၊ အဘယ်သို့ အောက်မေ့ ဆင်ခြင်အပ်သနည်း? ဟူမူ။ ယောပိ သော ဘဂဝါ၊ ဘုန်းတော်ကြီးသော အကြင်မြတ်စွာဘုရားသည်။ အသီတိအနုဗျဉ္ဇနပဋိမဏ္ဍိတဒွတ္တိံသမဟာပုရိသလက္ခဏဝိစိတြရူပကာယော၊ ရှစ်ဆယ်သောလက္ခဏာငယ်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာကြီးတို့ဖြင့် ဆန်းကြယ်သောရူပကာယတော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ သဗ္ဗာကာရပရိသုဒ္ဓသီလက္ခန္ဓာဒိဂုဏရတနသမိဒ္ဓဓမ္မကာယော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထက်ဝန်းကျင်စင်ကြယ်ကုန်သော သီလ-အစရှိကုန်သော ဂုဏ် ရတနာတို့ဖြင့်ပြီးသော တရားကိုယ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

ယသမဟတ္တပုညမဟတ္တထာမမဟာဘ္ဘက္ကဒ္ဓိမဟတ္တပညာမဟတ္တာနံ၊ အခြံအရံများသူ၏အဖြစ်, ဘုန်းကံကြီးသူ၏အဖြစ်, ခွန်အားကြီးသူ၏အဖြစ်, တန်ခိုးကြီးသူ၏အဖြစ်, ပညာကြီးသူ၏အဖြစ်တို့၏။ တနည်း-အခြံအရံများခြင်း, ဘုန်းကံကြီးမားခြင်း, ခွန်အားကြီးမားခြင်း, တန်ခိုးကြီးမားခြင်း, ပညာကြီးမားခြင်းတို့၏။ ပါရံ ဂတော၊ ခေါင်ထိပ် တဘက်ကမ်းသို့ ရောက်တော်မူ၏။ အသမော၊ တစုံတယောက်သောသူနှင့် တူတော်မမူ။ အသမသမော၊ ရှေးဘုရား, နောင်ပွင့်မည့်ဘုရားတို့နှင့်သာ တူတော်မူ၏။ အပ္ပဋိပုဂ္ဂလော၊ ပြိုင်ဘက် တူသူမရှိပေ။ အရဟံ၊ ကိလေသာတို့မှ စင်ကြယ်တော်မူပါပေ၏။ သမ္မာသမ္ဗုဒ္ဓေါ၊ မှန်စွာ ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူပါပေ၏။ သောပိ၊ ထိုသို့သော ဘုရားရှင်သော်မှလည်း။ သလိလဝုဋ္ဌိနိပါတေန၊ ရေအယဉ် မိုးသည်းထန်စွာကျခြင်းကြောင့်။ မဟာအဂ္ဂိက္ခန္ဓော ဝိယ၊ ငြိမ်းလေသော မီးပုံကြီးကဲ့သို့။ မရဏဝုဋ္ဌိနိပါတေန၊ သေခြင်းတည်းဟူသော မိုး၏ကျခြင်းကြောင့်။ ဌာနသော၊ တခဏချင်းပင်။ ဝူပသန္တော၊ ငြိမ်းတော်မူလေ၏။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ မဟာနုဘာဝဿ နာမ၊ ကြီးမားသော အာနုဘော်ရှိတော်မူသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဝသံ၊ အလိုနိုင်ငံသို့။ ယံ ဧတံ မရဏံ၊ အကြင်သေခြင်းသည်။ ဘယေန၊ ကြောက်သဖြင့်လည်း။ န အာဂတံ၊ မလိုက်။ လဇ္ဇာယ၊ ရှက်သဖြင့်လည်း၊ န အာဂတံ၊ မလိုက်။

နိလ္လဇ္ဇံ၊ အရှက်မရှိသော။ ဝီတသာရဇ္ဇံ၊ ကြောက်ရွံ့ခြင်းကင်းသော။ သဗ္ဗသတ္တာဘိမဒ္ဒနံ၊ သတ္တဝါအားလုံးကို ချေမှုန်းသတ်ဖြတ်သော။ တယိဒံ-မရဏံ၊ ထိုသို့သော သေခြင်းသည်။ မာဒိသံ သတ္တံ၊ ငါသို့သော သတ္တဝါကို။ ကထံ နာဘိဘဝိဿတိ၊ အဘယ့်ကြောင့် မလွှမ်းမိုး မနှိပ်စက်ပဲ ရှိတုံအံ့နည်း။ ဣတိ၊ ဤသို့လည်းကောင်း။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သမ္မာသမ္ဗုဒ္ဓတော၊ သမ္မာသမ္ဗုဒ္ဓအားဖြင့်။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ၏။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ယသမဟတ္တာဒိသမ္ပန္နေဟိ၊ အခြံအရံ, စည်းစိမ်-ဥစ္စာ များသည်၏အဖြစ် အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်သော။ ပရေဟိ သဒ္ဓိံ၊ အခြားသောပုဂ္ဂိုလ်တို့နှင့် တကွ။ မရဏသာမညတာယ၊ သေခြင်းဟူသော တူညီခြင်းရှိသည်၏ အဖြစ်ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပသံဟရိတွာ၊ သေခြင်းသို့ ကပ်ဆောင်၍။ တေသံ သတ္တဝိသေ—

သာနံ၊ ထိုပုဂ္ဂိုလ်ထူးတို့၏။ မရဏံ ဝိယ၊ သေခြင်းကဲ့သို့။ မယှမ္ပိ မရဏံ၊ ငါ၏ သေခြင်းသည်လည်း။ ဘဝိဿတိတိ၊ ဖြစ်လတ္တံ့-ဟု။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်သော။ တဿ၊ ထိုယောဂီအား။ ဥပ-စာရပ္ပတ္တံ၊ ဥပစာရသို့ရောက်သော။ ကမ္မဋ္ဌာနံ ဟောတိ၊ ကမ္မဋ္ဌာန်းသည် ဖြစ်၏။ ဣတိ၊ ဤသို့ဖြစ်၍။ ဧဝံ၊ ဤသို့ဆိုခဲ့သည့်အတိုင်း။ ဥပသံဟာရဏတော၊ အနီးသို့ ဆောင်သောအားဖြင့်။ မရဏံ အနုဿရိတဗ္ဗံ၊ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေ၏။ (၃)

၁၇၂။ ကာယဗဟုသာဓာရဏတောတိ-ဒ္ဓ၊ ကာယဗဟုသာဓာရဏ တော–ဟူသော ဤပါဠိ၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။ အယံ ကာယော၊ ဤကိုယ်သည်။ ဗဟု-သာဓာရဏော၊ များစွာသော သတ္တဝါတို့နှင့် ဆက်ဆံ၏။ တာဝ၊ ရှေးဦးစွာ ပြဆိုပေအံ့။ အသီတိယာ ကိမိကုလာနံ၊ ရှစ်ဆယ်သော ပိုးမျိုးတို့နှင့်။ သာဓာရဏော၊ ဆက်ဆံ၏။ တတ္ထ၊ ထိုပိုးတို့တွင်။ ဆဝိနိဿိတာ ပါဏာ၊ အရေပါးကိုမှီ၍ နေကုန်သော ပိုးတို့သည်။ ဆဝိံ ခါဒန္တိ၊ အရေပါးကို စားကုန်၏။ စမ္မနိဿိတာ ပါဏာ၊ အရေထူကိုမှီ၍ နေကုန်သော ပိုးတို့သည်။ စမ္မံ ခါဒန္တိ၊ အရေထူကို စားကုန်၏။ မံသနိဿိတာ ပါဏာ၊ အသားကိုမှီ၍ နေကုန်သော ပိုးတို့သည်။ မံသံ ခါဒန္တိ၊ အသားကို စားကုန်၏။ နှာရု-နိဿိတာ ပါဏာ၊ အကြောကိုမှီ၍ နေကုန်သော ပိုးတို့သည်။ နှာရုံ ခါဒန္တိ၊ အကြောကို စားကုန်၏။ အဋ္ဌိနိဿိတာ ပါဏာ၊ အရိုးကိုမှီ၍ နေကုန်သော ပိုးတို့သည်။ အဋ္ဌိံ ခါဒန္တိ၊ အရိုးကို စားကုန်၏။ မိဉ္ဇနိဿိတာ ပါဏာ၊ ခြင်ဆီကိုမှီ၍ နေကုန်သော ပိုးတို့သည်။ မိဉ္ဇံ ခါဒန္တိ၊ ခြင်ဆီကို စားကုန်၏။ (ပုဒ်တိုင်း ပါဏာ-သဒ္ဒါ ယှဉ်ပါ။) တတ္ထေဝ၊ ထိုထို မိမိတို့၏နေရာ အရေ ပါး-စသည်တို့၌သာလျှင်။ ဇာယန္တိ၊ ပေါက်ဖွားကြကုန်၏။ ဇီယန္တိ၊ အိုကြကုန်၏။ မီယန္တိ၊ သေကြကုန်၏။ ဥစ္စာရပဿာဝံ ကရောန္တိ၊ ကျင်ကြီး-ကျင်ငယ် စွန့်ကြကုန်၏။ ကာယောဝ၊ ဤကိုယ်သည်ပင်။ နေသံ၊ ထိုပိုးတို့၏။ သူတိဃရဉ္စ၊ သားဖွားခမ်းလည်း ဖြစ်၏။ ဂိလာနသာလာ စ၊ သူနာရုံလည်း ဖြစ်၏။ သုသာနဉ္စ၊ သုသာန်လည်းဖြစ်၏။ ဝစ္စကုဋိ စ၊ ကျင်ကြီးအိမ်လည်း ဖြစ်၏။ ပဿာဝဒေါဏိကာ စ၊ ကျင်ငယ်ခွက်လည်း ဖြစ်၏။ သွာယံ-သော အယံ ကာယော၊ ဤကိုယ်သည်။ တေသမ္ပိ ကိမိကုလာနံ၊ ထိုပိုးမျိုးတို့၏လည်း။ ပကောပေန၊ ပျက်စီးခြင်းကြောင့်။ မရဏံ နိဂစ္ဆတိ၊ သေခြင်းသို့ ရောက်တတ် ၏။ စ၊ ထိုမှတပါး။ အသီတိယာ ကိမိကုလာနံ၊ ရှစ်ဆယ်သော ပိုးမျိုးတို့

နှင့်။ သာခာရဏော ယထာ၊ ဆက်ဆံသကဲ့သို့။ ဧဝံ၊ ထို့အတူပင်။ အဇ္ဈတ္တိကာနံယေဝ၊ ကိုယ်တွင်း၌သာလျှင် ဖြစ်ကုန်သော။ အနေကသဘာနံ ရောဂါနဥ္စ၊ အရာမက များစွာသော သေစေနိုင်သည့် ရောဂါတို့နှင့်လည်း။ သာခာရဏော၊ ဆက်ဆံ၏။ မရဏဿ ပစ္စယာနံ၊ သေခြင်း၏ အကြောင်း ဖြစ်ကုန်သော။ ဗာဟိရာနံ၊ အပြင်ပဖြစ်ကုန်သော။ အဟိဝိစ္ဆိကာဒီနဥ္စ၊ မြွေ ကင်း စသည်တို့နှင့်လည်း။ သာခာရဏော၊ ဆက်ဆံ၏။ (သာခာရဏ—ပုဒ်အယုဉ် သဘာယောဂ—အနက်ပေး။)

ဟိ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ စတုမဟာပထေ၊ လမ်းလေးခွဆုံ၌။ ဌပိတေ လက္ခမှို၊ ထားအပ်သော ပစ်ကွင်း—မှတ်တိုင်၌။ သဗ္ဗဒိသာဟိ၊ အလုံးစုံသော အရပ်လေးမျက်နှာတို့မှ။ အာဂတာ၊ လာကုန်သော။ သရသတ္တိတောမရပါသာဏာဒယော၊ မြား, လှံ, ခက်ရင်း, ကျောက်စသည်တို့သည်။ နိပတန္တိ ယထာ၊ ကျရောက် ထိမှန်ကုန်သကဲ့သို့၊ ဧဝံ၊ ထို့အတူပင်။ ကာယေပိ၊ ရုပ်ကိုယ်၌လည်း။ သဗ္ဗုပဒ္ဒဝါ အလုံးစုံသော ဥပဒ္ဒဝါ-ဘေးရန်တို့သည်။ (၂၂၈) နိပတန္တိ၊ ကျရောက်ကုန်၏။ သွာယံ-သော အယံ ကာယော၊ ဤရုပ်ကိုယ်သည်။ တေသံ ဥပဒ္ဒဝါနံ၊ထိုဥပဒ္ဒဝေါတို့၏။ နိပါတနေနပိ၊ ကျရောက်ခြင်းကြောင့်လည်း။ (ပိ-သဒ္ဒါ ရွှေ့ထိုင်။) မရဏံ နိဂစ္ဆတိယေဝ၊ သေခြင်းသို့ ကျရောက်တတ်သည်သာတည်း။ တေန၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဒိဝသေ နိက္ခန္တေ၊ နေ့ကုန်လွန်လတ်သော်။ ဝါ၊ နေ့ကုန်လွန်ရှိ။ ရတ္တိယာ ပဋိဟိတာယ၊ ညဉ့်အချိန်ရောက်လာလတ်သော်။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ ဆင်ခြင်၏။ မေ၊ ငါ့အား။ မရဏဿ ပစ္စယာ၊ သေခြင်း၏ အကြောင်းတို့သည်၊ ဗဟုကာ ခေါ၊ များလှကုန်သည်သာတည်း၊ အဟိ ဝါ၊ မြွေသည်မူလည်း။ မံ ဍံသေယျ၊ ငါ့ကို ကိုက်လေရာ၏။ ဝိစ္ဆိကော ဝါ၊ ကင်းမြီးကောက်သည်မူလည်း။ မံ ဍံသေယျ၊ ငါ့ကို ကိုက်လေရာ၏။ သတပဒီ ဝါ၊ ကင်းခြေများသည်မူလည်း။ မံ ဍံသေယျ၊ ငါ့ကို ကိုက်လေရာ၏။ တေန၊ ထို မြွေ စသည် ကိုက်ခြင်းကြောင့်။ မေ၊ ငါ့အား။ ကာလကိရိယာ၊ သေခြင်းသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုသေခြင်းသည်။ မေ၊ ငါ့အား။ အန္တရာယော၊ တရားနှလုံးသွင်းမှု၏ အန္တရာယ်သည်။ အဿ၊ ဖြစ်လေရာ၏။ အဟံ၊ ငါသည်။ (ထည့်။) ဥပက္ခလိတွာ ဝါ၊ ချော်၍မူလည်း။ ပပတေယျံ၊ လဲကျရာ၏။ မေ၊ ငါသည်။ ဘုတ္တံ၊ စားအပ်ပြီးသော။ ဘတ္တံ ဝါ၊ ဆွမ်းသည်မူလည်း။ ဗျာပဇ္ဇေယျ၊

ဖောက်ပြန်ရာ၏။ မေ ပိတ္တံ ဝါ၊ ငါ၏ သည်းခြေသည်မူလည်း။ ကုပ္ပေယျ၊ ပျက်လေရာ၏။ မေ သေမှံ ဝါ၊ ငါ၏ သလိပ်သည်မူလည်း။ ကုပ္ပေယျ၊ ပျက်လေရာ၏။ မေ၊ ငါ၏။ သတ္ထကာ ဝါ ဝါတာ၊ ဓားနှင့်တူသော လေတို့သည်လည်း။ ကုပ္ပေယျုံ၊ ပျက်ကုန်ရာ၏။ တေန၊ ထို ဖြေချော်ခြင်း စသောအကြောင်းကြောင့်။ မေ ငါ့အား။ ကာလံ ကိရိယာ၊ သေခြင်းသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုသေခြင်းသည်။ မေ၊ ငါ့အား။ အန္တရာယော၊ တရားနှလုံးသွင်းမှု အန္တရာယ်သည်။ အဿ၊ ဖြစ်ရာ၏။” ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူလေ၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကာယဗဟုသာဓာရဏတော၊ ရုပ်ကိုယ်၏ သတ္တဝါအများတို့နှင့် ဆက်ဆံသောအားဖြင့်။ မရဏံ အနုဿရိတဗ္ဗံ၊ သေခြင်းကိုအဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ၏။ (၄)

၁၇၃။ အာယုဒုဗ္ဗလတောတိ ဧတ္ထ၊ အာယုဒုဗ္ဗလတော-ဟူသော ဤပါဌ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။ တေံ အာယု နာမ၊ ဤအသက်မည်သည်ကား။ အဗလံ၊ အားမရှိ။ ဒုဗ္ဗလံ၊ အားနည်း၏။ တထာ-တံ ဂစနံ၊ ထိုစကားသည်။ ဟိ၊ မှန်ပေ၏။ သတ္တာနံ ဇီဝိတံ၊ သတ္တဝါတို့၏ အသက်သည်။ အဿာသပဿာသူပနိဗဒ္ဓဉ္စေဝ၊ ထွက်သက် ဝင်သက်နှင့်လည်း စပ်၏။ ဣရိယာပထူပနိဗဒ္ဓဉ္စ၊ ဣရိယာပုထ်တို့ နှင့်လည်း စပ်၏။ သီတုဏှူပနိဗဒ္ဓဉ္စ၊ အအေး, အပူနှင့်လည်း စပ်၏။ မဟာဘူတူပနိဗဒ္ဓဉ္စ၊ မဟာဘုတ်တို့နှင့်လည်း စပ်၏။ အာဟာရူပနိဗဒ္ဓဉ္စ၊ အာဟာရ နှင့်လည်း စပ်၏။ တဒေတံ—တံ ဧတံ အာယု၊ ထို ထွက်သက်-ဝင်သက် စသည်တို့နှင့်စပ်သော ဤအသက်သည်။ အဿာသပဿာသာနံ၊ ထွက်သက် ဝင်သက်တို့၏။ သမဝုတ္တိတံ လဘမာနမေဝ၊ အညီအမျှဖြစ်ခြင်းကို ရသော်သာ လျှင်။ ပဝတ္တတိ၊ မပြတ်ဆက်၍ ဖြစ်နိုင်၏။ ပန၊ ထိုသို့မဟုတ်။ ဗဟိနိက္ခန္တနာသိကဝါတေ၊ အပြင်သို့ထွက်သော နှာခေါင်းလေသည်။ အန္တော အပဝိသန္တေ ဝါ၊ အတွင်းသို့ မဝင်လတ်သော်လည်းကောင်း။ ပဝိဋ္ဌေ၊ ဝင်ပြီးသော လေသည်။ အနိက္ခမန္တေ ဝါ၊ မထွက်လတ်သော်လည်းကောင်း။ သတ္တော၊ သတ္တဝါသည်။ (ထည့်။) မတော နာမ ဟောတိ၊ သူသေမည်သည် ဖြစ်လေတော့၏။ စတုန္နံ ဣရိယာပထာနမ္ပိ၊ လေးပါးသော ဣရိယာပုထ်တို့၏လည်း။ သမဝုတ္တိတံ လဘမာနမေဝ၊ အညီအမျှဖြစ်ခြင်းကို ရသော်သာလျှင်။ ပဝတ္တတိ၊ မပြတ်ဆက်၍ ဖြစ်နိုင်၏။ ပန၊ ဗျတိရိက်ကိုဆိုဦးအံ့။ အညတရညတရဿ၊ တပါးပါးသော ဣရိယာပုထ်၏။ အဓိမတ္တတာယ၊ အလွန်ရပ်ခြင်း, အလွန်ထိုင်ခြင်း စသည်ဖြင့် လွန်ကဲခြင်းကြောင့်။ အာယုသင်္ခါရာ၊ အာယုသင်္ခါရ ခေါ်

အသက်ဆိုင်ရာရုပ်နာမ်တို့သည်။ ဥပတ္ထမ္ဘန္တိ၊ ပြတ်စဲသွားကုန်၏။ သီတုဏှာနမ္ပိ၊ အအေးနှင့်အပူတို့၏လည်း။ သမဝုတ္တိတံလဘမာနမေဝ၊ အညီအမျှဖြစ်ခြင်းကို ရသော်သာလျှင်။ ဝါ၊ ရမှသာလျှင်။ ပဝတ္တတိ၊ မပြတ်ဆက်၍ ဖြစ်နိုင်၏။ ပန၊ ဆက်ဦးအံ့။ အတိသီတေန ဝါ၊ အလွန်အေးခြင်းသည်လည်းကောင်း။ ဝါ၊ အလွန်အေးခြင်းက ဖြစ်စေ။ အတိဥဏှေန ဝါ၊ အလွန်ပူခြင်းသည်လည်း ကောင်း။ ဝါ၊ အလွန်ပူခြင်းက ဖြစ်စေ။ အဘိဘူတဿ၊ လွှမ်းမိုးနှိပ်စက်ခံရသောသူအား။ အာယု၊ အသက်သည်။(ထည့်။) ဝိပဇ္ဇတိ၊ ဖောက်ပြန် ပျက်စီးတတ်၏။ မဟာဘူတာနမ္ပိ၊ မဟာဘုတ်တို့၏လည်း။ သမဝုတ္တိတံ လဘမာန-မေဝ၊ အညီအမျှဖြစ်ခြင်းကို ရသော်သာလျှင်။ ဝါ၊ ရမှသာလျှင်။ ပဝတ္တတိ၊ မပြတ်ဆက်၍ ဖြစ်နိုင်၏။ ပန၊ ဆက်ဦးအံ့။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏ သော်လည်းကောင်း။ အာပေါဓာတုအာဒီနံ၊ အာပေါဓာတ် စသည်တို့တွင်။ အညတရဿ ဝါ၊ တပါးပါး၏သော်လည်းကောင်း။ပကောပေန၊ ပျက်ခြင်းကြောင့်။ ဗလသမ္ပန္နော ပုဂ္ဂလောပိ၊ ခွန်အားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သော်လည်း။ (ပိ ရှေ့ထိုင်။) ပတ္ထဒ္ဓကာယော ဝါ၊ ခက်မာသောကိုယ်ရှိသည် ဖြစ်၍သော်လည်းကောင်း။ အတိသာရာဒိဝသေန၊ ဝမ်းသွန်သော အနာ-စသည်၏အစွမ်းအားဖြင့်။ကိလိန္နပူတိကာယော ဝါ၊စိုစွတ်လျက် ပုပ်သောကိုယ် ရှိသည်ဖြစ်၍သော်လည်းကောင်း။ မဟာဍာဟပရေတော ဝါ၊ ပြင်းစွာပူလောင်ခြင်းက နှိပ်စက်အပ်သည်ဖြစ်၍သော်လည်းကောင်း။ သမ္ဘိဇ္ဇမာနသန္ဓိဗန္ဓနော ဟုတွာ ဝါ၊ အစပ်အဖွဲ့များပြတ်သည် ဖြစ်၍သော်လည်းကောင်း။ ဇီဝိတက္ခယံ ပါပုဏာတိ၊ အသက်ကုန်ခြင်းသို့ ရောက်တတ်ပေ၏။ ကဗဠီကာရာဟာရမ္ပိ၊ အလုပ်အလွေးပြုအပ်သော အာဟာရကိုလည်း။ ယုတ္တကာလေ၊ သင့်လျော်သော ကာလ၌။ လဘန္တဿေဝ၊ ရသောသူအားသာလျှင်။ ဇီဝိတံ ပဝတ္တတိ၊ အသက်သည် မပြတ်ဆက်၍ ဖြစ်လေ၏။ အာဟာရံ အလဘမာနဿ၊ အာဟာရကို မရသောသူအားမူ။ ဝါ၊ အာဟာရကို မလျှင်မူကား။ ပရိက္ခယံ ဂစ္ဆတိ၊ အသက်ကုန်ခြင်းသို့ ရောက်တတ်၏။ ဣတိ ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း။ အာယုဒုဗ္ဗလတော၊ အသက်၏ အားနည်းသောအားဖြင့်။ မရဏံ အနုဿရိတဗ္ဗံ။ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ၏။

၁၇၄။ အနိမိတ္တတောတိ၊ အနိမိတ္တတော-ဟူသည်ကား။ အနိမိတ္တတော-တိ ဧတ္ထ၊ အနိမိတ္တတော-ဟူသော ဤပါဌ်၌။ ဝိဘာဂရော၊ အကျယ်ကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။ (ဤလိုလည်း ပေးနေကျ အတိုင်း ပေးနိုင်ပါ၏။) အဝဝတ္တာနတော၊ အသက်ရှင်ရာကာလ-စသည်

အပိုင်းအခြား အမှတ်နိမိတ် မရှိသောအားဖြင့်။ ပရိစ္ဆေဒါဘာဝတော၊ အပိုင်းအခြား မရှိသောအားဖြင့်။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ ဟိ၊ မှန်၏။ သတ္တာနံ၊ သတ္တဝါတို့အား။—

ဇီဝိတဥ္စ၊ အသက်ကိုလည်းကောင်း။ ဝါ၊ အသက်ရှင်နေမည့် ကာလအပိုင်းအခြားကိုလည်းကောင်း။ ဗျာဓိ စ၊ သေခါနီး၌ ခံစားရမည့် အနာရောဂါကိုလည်းကောင်း။ ကာလော စ၊ သေရမည့် နှစ်, လ, ရက်, နေ့, အချိန်ကာလကိုလည်းကောင်း။ ဒေဟနိက္ခေပနံ၊ သေပြီးနောက် ကိုယ်ကောင် အလောင်းကို ပစ်ချရမည့်အရပ်ကိုလည်းကောင်း။ ဂတိ၊ လားရမည့် ဂတိကိုလည်းကောင်း။ ဧတေ ပဉ္စ၊ ဤငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ သတ္တလောက၌။ အနိမိတ္တာ၊ သိကြောင်းနိမိတ် အရိပ်လက္ခဏာ တစုံတရာမျှ မရှိကြသည်ဖြစ်၍။ န နာယရေ၊ အတတ်သေချာ မှန်စွာတိတိ မသိအပ်—မသိနိုင်ကုန်။

(၂၁၉) တတ္ထ၊ ထိုငါးပါးတို့တွင်။ တာဝ၊ ရှေးဦးစွာ။ ဇီဝိတံ၊ အသက်သည်။ "ဧတ္တကမေဝ၊ ဤမျှသာလျှင်။ ဇီဝိတဗ္ဗံ၊ အသက်ရှင်သင့်၏၊ရှင်နိုင်၏။ ဣတော ပရံ၊ ဤမှနောက်၌။ န ဇီဝိတဗ္ဗံ၊ မရှင်သင့်၊ မရှင်နိုင်။" ဣတိ၊ ဤသို့။ ဝဝတ္ထာနာဘာဝတော၊ အပိုင်းအခြား မရှိခြင်းကြောင့်။ အနိမိတ္တံ၊ သိနိုင်ကြောင်း အမှတ်နိမိတ် မရှိပေ။ ဟိ၊ မှန်ပေ၏။ သတ္တာ၊ သတ္တဝါတို့သည်။ ကလလကာလေပိ၊ ကလလရေကြည် ကာလ၌လည်း။ မရန္တိ၊ သေကုန်၏။ အဗ္ဗုဒကာလေပိ၊ အမြှုပ်ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ ပေသိကာလေပိ၊ သားတစ်ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ ဃနကာလေပိ၊ တခဲနက်ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ မာသိကကာလေပိ၊ တစ်လအတွင်း ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ ဒွေမာသကာလေပိ၊ နှစ်လအတွင်း ကာလ၌လည်း။ သတ္တာ၊ သတ္တဝါသည်။ မရန္တိ၊ သေကုန်၏။ တေမာသကာလေပိ၊ သုံးလအတွင်း ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ စတုမာသကာလေပိ၊ လေးလအတွင်း ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ ပဉ္စမာသကာလေပိ၊ ငါးလအတွင်း ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ ဒသမာသကာလေပိ၊ ဆယ်လအတွင်း ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊သေကုန်၏။ (ဤနေရာ၌ ကာလေပိ ပုဒ်ကို အသီးအသီး ပုဒ်တိုင်းယှဉ်၍ ပေးလေ။) ကုစ္ဆိတော၊ ဝမ်းမှ။

နိက္ခန္တသမယေပိ၊ ထွက်သောကာလ၌လည်း။ တနည်း—ကုစ္ဆိတော နိက္ခန္တ-သမယေပိ၊ မွေးဖွားပြီးသော ကာလ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ မဂ္ဂန္တိ၊ သေကုန်၏။ (လိုက်ပေး။) တတော ပရံ၊ ထိုမှနောက်၌။ ဝဿသတဿ အန္တောပိ၊ အနှစ်တစ်ရာ၏ အတွင်း၌လည်းကောင်း။ ဗဟိပိ၊ အပဖြစ်သော ရာကျော်ကာလ၌လည်းကောင်း။ မရန္တိယေဝ၊ သေကုန်သည်သာတည်း။ ဗျာဓိပိ၊ အနာရောဂါသည်လည်း။ "ဣမိနာ ဝ ဗျာဓိနာ၊ ဤအနာဖြင့်သာ လျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကုန်၏။ အညေန၊ အခြား အနာဖြင့်။ န မရန္တိ၊ မသေကုန်။" ဣတိ၊ ဤသို့။ ဝဝတ္ထာနာဘာဝတော၊ အပိုင်းအခြား မရှိခြင်းကြောင့်။ အနိမိတ္တော၊ သိနိုင်ကြောင်း အမှတ်နိမိတ် မရှိပေ။ ဟိ၊ မှန်၏။ သတ္တာ၊ သတ္တဝါတို့သည်။ စက္ခုရောဂါနပိ၊ မျက်စိ ရောဂါဖြင့်လည်း။ မရန္တိ၊ သေကုန်၏။ သောတရောဂါဒီနံ၊ နားရောဂါ-စသည်တို့တွင်။ အညတရေနာပိ၊ တစ်မျိုးမျိုးဖြင့်လည်း။ မရန္တိ၊ သေကုန်၏။ (ပြန်စပ်။) ကာလောပိ၊ သေရမည့်ကာလသည်လည်း။ "ဣမသ္မိံယေဝ ကာလေ၊ နံနက်ပိုင်း-စသော ဤကာလ၌သာလျှင်။ မရိတဗ္ဗံ၊ သေသင့်သည်၊ သေနိုင်သည်။ အညသ္မိံ ကာလေ၊ အခြားကာလ၌။ န မရိတဗ္ဗံ၊ မသေသင့်၊ မသေနိုင်။" ဣတိ၊ ဤသို့။ ဝဝတ္ထာနာဘာဝတော၊ အပိုင်းအခြား မရှိခြင်းကြောင့်။ အနိမိတ္တော၊ သိနိုင်မည့်အမှတ်နိမိတ် မရှိပေ။ ဟိ၊ မှန်၏။ သတ္တာ၊ သတ္တဝါတို့သည်။ ပုဗ္ဗဏှေပိ၊ နံနက်ပိုင်း၌လည်း။ မရန္တိ၊ သေကုန်၏။ မဇ္ဈန္ဟိကာဒီနံ၊ နေ့လည်ပိုင်း စသည်တို့တွင်။ အညတရသ္မိံပိ၊ တပါးပါး၌လည်း။ မရန္တိ၊ သေကုန်၏။ (ပြန်စပ်။) ဒေဟနိက္ခေပနမ္ပိ၊ ကိုယ်ကောင်ကို ပစ်ချရာအရပ်သည် လည်း။ "မိယမာနာနံ၊ သေကုန်သောသူတို့၏။ ဝါ၊ သေသူတို့၏။ ဒေဟေန၊ ကိုယ်ကောင်သည်။ ဣဓေဝ၊ ဤအရပ်သာလျှင်။ ပတိတဗ္ဗံ၊ ကျရာ၏။ အညတြ၊ အခြားအရပ်၌။ န ပတိတဗ္ဗံ၊ မကျရာ။" ဣတိ၊ ဤသို့ ဝါ၊ ဤဆိုခဲ့သည့် အတိုင်း။ ဝဝတ္ထာနာဘာဝတော၊ အပိုင်းအခြား မရှိသောကြောင့်။ အနိ-မိတ္တံ၊ သိနိုင်ကြောင်း အမှတ်နိမိတ် မရှိပေ။ အန္တောဂါမေ ဇာတာနံ၊ ရွာ၏ အတွင်း၌ မွေးသောသူတို့၏။ အတ္တဘာဝေါ၊ ကိုယ်သည်။ ဗဟိဂါမေပိ၊ ရွာ၏အပြင်ပ၌လည်း။ ပတတိ၊ ကျတတ်၏။ ဗဟိဂါမေ ဇာတာနမ္ပိ၊ ရွာ၏ အပြင်ပ၌ မွေးသောသူတို့၏လည်း။ အတ္တဘာဝေါ၊ ကိုယ်သည်။ (လိုက်။) အန္တောဂါမေ၊ ရွာ၏အတွင်း၌။ ပတတိ၊ ကျတတ်၏။ (လိုက်။) တထာ၊ ထို့အတူ။ ထလဇာနံ၊ ကုန်း၌မွေးသောသူတို့၏။ ကာယော၊ ကိုယ်သည်။ (လိုက်။) ဇလေ၊ ရေ၌။ ပတတိ၊ ကျတတ်၏။ (လိုက်။) ဇလဇာနံ၊ ရေ၌ မွေးသောသူတို့၏။ ကာယော၊ ကိုယ်သည်။ ထလေ၊ ကုန်း၌။ ပတတိ၊ ကျတတ်

၏။ ဣတိ၊ ဤသို့။ အနေကပ္ပကာရတော၊ များသောအပြား အားဖြင့်။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏။ ဂါထာပိ၊ လားရာ တိသည်လည်း။ "ဣတော၊ ဤလူ့ပြည်မှ။ စုတောနု၊ စုတေသောသူသည်။ ဣမ၊ ဤလူ့ပြည်၌။ နိဗ္ဗတ္တ-တဗ္ဗံ၊ ဖြစ်ရာ၏။" ဣတိ ဧဝံ၊ ဤသို့ဆိုခဲ့သောအတိုင်း။ ဝဝတ္ထာနဘာ-ဝတော၊ အပိုင်းအခြား မရှိခြင်းကြောင့်။ အနိမိတ္တာ၊ သိနိုင်ကြောင်း အမှတ်နိမိတ် မရှိပေ။ ဟိ၊ မှန်ပေ၏။ ဒေဝလောကတော စုတာ၊ နတ်ပြည်မှ စုတေကုန်သောသူတို့သည်။ မနုဿေသုပိ၊ လူ့ပြည်တို့၌လည်း။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ မနုဿလောကတော စုတာ၊ လူ့ပြည်မှ စုတေကုန်သော သူတို့သည်။ ဒေဝလောကာဒီနမ္ပိ၊ နတ်ပြည်-စသည်တို့တွင်လည်း။ ယတ္ထ ကတ္ထစိ၊ အမှတ်မထား တပါးပါးသော အရပ်၌လည်း။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ယန္တယုတ္တဂေါဏော ဝိယ၊ ဆုံလည်စက်၌ ကထားသော နွားကဲ့သို့။ ဂတိပဉ္စကေ၊ ဂတိငါးပါးအပေါင်း၌။ (ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်၊ ဤငါးပါးသည်ပင် ဂတိငါးပါးမည်၏။) လောကော၊ သတ္တဝါအပေါင်းဟူသော လောကသည်။ သမ္ပရိဝတ္တတိ၊ အပြန်ပြန်လည်လျက် ရှိ၏။ ဣတိ-အယံ၊ ဤသည်ကား။ ဝိတ္ထာရော၊ အကျယ်ပေတည်း။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနိမိတ္တတော၊ အမှတ်နိမိတ် မရှိသောအားဖြင့်။ မရဏံ အနုဿရိတဗ္ဗံ၊ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေ၏။ (၆)

၁၇၂။ အဒ္ဓါနပရိစ္ဆေဒတောတိ-တွေ၊ အဒ္ဓါနပရိစ္ဆေဒတော—ဟူသော ဤပါဌ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။ တေရဟိ၊ ယခုအခါ၌။ မနုဿာနံ၊ လူတို့၏။ ဇီဝိတဿ၊ အသက်ရှင်ခြင်း၏။ အဒ္ဓါ နာမ၊ အခွန့်ကာလမည်သည်။ ပရိတ္တော၊ တိုတောင်းလှ၏။ ယော၊ အကြင်သူသည်။ စိရံ ဇီဝတိ၊ ရှည်စွာ အသက်ရှင်၏။ သော၊ ထိုသူသည်။ ဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝတိ၊ အသက်ရှင်၏။ ဘိယျော၊ အနှစ်တစ်ရာထက် ပိုလွန်၍။ အပ္ပံ ဝါ၊ အနည်းငယ်သော်လည်း။ ဇီဝတိ၊ အသက်ရှင်၏။ တေန၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။-"ဘိက္ခဝေ၊ ရဟန်းတို့။ မနုဿာနံ၊ လူတို့၏။ ဣဒံ အာယု၊ ဤအသက်သည်။ အပ္ပံ၊ နည်းစွ၊ တိုတောင်းစွ။ သမ္ပရာယော၊ နောင်တမလွန် လောကသို့။ ဂမနီယော၊ မကြာမီပင် သွားရချေမည်။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ ပြုသင့်၏။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရိတဗ္ဗံ၊ ကျင့်သင့်၏။ ဇာတဿ၊ ဘဝအသစ် ဖြစ်ပြီးသောသူ၏။ အမရဏံ၊ မသေခြင်း

မည်သည်။ နတ္ထိ၊ မရှိချေ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ဝိရံ ဇီဝတိ၊ မြင့်စွာ အသက်ရှင်နေ၏။ သော၊ ထိုသူသည်။ ဝဿသတံ၊ အနှစ်တစ်ရာထက်။ ဘိယျော၊ ပိုလွန်၍။ အပ္ပံ ဝါ၊ အနည်းငယ်သော်လည်း။ ဇီဝတိ၊ အသက်ရှင်၏။" ဣတိ၊ ဤသို့။ ဘဂဝါ၊ ဟောတော်မူ၏။

ဣဒါနိ၊ အနှစ်တစ်ရာမျှ အသက်တမ်းရှိ ယခုအခါ၌။ မနုဿာနံ၊ လူတို့၏။ အာယု၊ အသက်သည်။ အပ္ပံ၊ နည်းလှ တိုတောင်းလှချေ၏။ သုပေါရိသော၊ ကောင်းသော အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ နံ၊ တိုတောင်းလှသော ထိုလူ့အသက်ကို။ ဟိဠေယျ၊ တိုလေစွဟု ကဲ့ရဲ့ရှုတ်ချရာ၏။ အာဒိတ္တသီသော ဝ၊ ဦးခေါင်းကို မီးစွဲလောင်နေသော သူကဲ့သို့။ ဝါ၊ ထိုခေါင်းကို မီးလောင်နေသောသူသည် ထိုမီးကိုသာ ငြိမ်းသတ်ရန် လျင်စွာအားထုတ်သကဲ့သို့။ စရေယျ၊ သိက္ခာသုံးပါး အကျင့်တရားကို မနားလျင်စွာ ကျင့်သုံးရာ၏။ မစ္စုနော၊ သေခြင်း၏။ အနာဂမော၊ မလာခြင်း မည်သည်။ ဝါ၊ မလာမည့် အချိန်ကာလမည်သည်။ နတ္ထိ၊ မရှိသည် သာတည်း။

အပရမ္ပိ၊ တပါးလည်းဖြစ်သော စကားကို။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား။ အရကော နာမ၊ အရက-မည်သော။ သတ္ထာ၊ ဂိုဏ်းဆရာကြီးသည်။ အဟောသိတိ၊ ရှိဘူးပြီ"ဟု။ အာဟ၊ ဟောတော်မူ၏။ သတ္တဟိ ဥပမာဟိ၊ ဥပမာ ခုနစ်မျိုးတို့ဖြင့်။ အလင်္ကတံ၊ တန်ဆာဆင်အပ်သော။ သဗ္ဗမ္ပိ သုတ္တံ၊ အလုံးစုံသော သုတ်ကိုလည်း။ ဝိတ္ထာရေတဗ္ဗံ၊ အကျယ်ချဲ့၍ သိအပ်ပေ၏။

အပရမ္ပိ၊ တပါးသော စကားကိုလည်း။-"ဘိက္ခဝေ၊ ရဟန်းတို့။ ယော စ အယံ ဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ဧဝံ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ အဟံ၊ ငါသည်။ ရတ္တိံ ဒိဝံ၊ တစ်ညဉ့်-တစ်နေ့မျှ။ ဇီဝေယျံ၊ အသက်ရှင်နေရမူ။ ဝတ၊ စင်စစ်။ အဟော၊ ကောင်းလေစွ။ ဘဂဝတော သာသနံ၊ ဘုရားအဆုံးအမ—တော်ကို။ မနသိကရေယျံ၊ နှလုံးသွင်းရပါမူ။ မေ၊ ငါသည်။ ဝတ စင်စစ်။ ဗဟုံ၊ များစွာ။ ကတံ၊ ပြုကျင့်ရသည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော စာယံ ဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ဧဝံ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိ

ကို။ (၂၃၀) ဘာဝေတိ၊ ပွားစေ၏။ အဟံ၊ ငါသည်။ ဒိဝသံ၊ တစ်နေ့ပတ်လုံး၊ တစ်နေ့မျှ။ ဇီဝေယျံ၊ အသက်ရှင်နေမူ။ ဝဘာ၊ စင်စစ်။ အဟော၊ ကောင်းလေစွ။ ဘဂဝတော သာသနံ၊ ဘုရား အဆုံးအမတော်ကို။ မနသိကရေယျံ၊ နှလုံးသွင်းရမူ။ မေ၊ ငါသည်။ ဝတ၊ စင်စစ်။ ဗဟုံ၊ များစွာ။ ကတံ၊ ပြုကျင့်ရသည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော စ အယံ ဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ဧဝံ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ အဟံ၊ ငါသည်။ ယဒန္တရံ၊ အကြင်ခဏ၌။ ဧကံ ပိဏ္ဍပါတံ၊ ဆွမ်းတစ်နပ်စာကို။ ဘုဥ္ဇာမိ၊ စားရ၏။ တဒန္တရံ၊ ထိုမျှလောက် ဆွမ်းတစ်နပ်စာ အချိန်အတွင်း၌။ ဇီဝေယျံ၊ အသက်ရှင်နေရပါမူကား။ ဝတ၊ စင်စစ်။ အဟော၊ ကောင်းလေစွ။ ဘဂဝတော သာသနံ၊ ဘုရားအဆုံးအမတော်ကို။ မနသိကရေယျံ၊ နှလုံးသွင်းရပါမူ။ မေ၊ ငါသည်။ ဝတ၊ စင်စစ်။ ဗဟုံ၊ များစွာ။ ကတံ၊ ပြုကျင့်ရသည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော စ အယံ ဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ဧဝံ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ အဟံ၊ ငါသည်။ ယဒန္တရံ၊ အကြင်ခဏ၌။ စတ္တာရော ပဉ္စ အာလောပေ၊ ဆွမ်း လေးငါးလုတ်တို့ကို။ သင်္ခါဒိတွာ၊ ဝါး၍။ အဇ္ဈောဟရာမိ၊ မျိုလိုက်အံ့။ တဒန္တရံ၊ ထို ဆွမ်းလေးငါးလုတ်တို့ကို ဝါးမျိုးခိုက်အတွင်း၌။ ဇီဝေယျံ၊ အသက်ရှင်၍ နေရပါမူ။ ဝတ၊ စင်စစ်။ အဟော၊ ကောင်းလေစွ။ (တဒန္တရံ၊ ထိုကာလအတွင်း၌။) ဘဂဝတော သာသနံ၊ ဘုရားအဆုံးအမတော်ကို။ မနသိကရေယျံ၊ နှလုံးသွင်းရပါမူ။ မေ၊ ငါသည်။ ဝတ၊ စင်စစ်။ ဗဟုံ၊ များစွာ။ ကတံ၊ ပြုကျင့်ရသည်။ အဿဘဝေယျ၊ ဖြစ်လေရာ၏။ ဣတိ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့ကို။ ပမတ္တာ၊ မေ့လျော့ကြလျက်။ ဝိဟရန္တိ၊ နေကြကုန်၏။ အာသဝါနံ ခယာယ၊ အာသဝေါတို့၏ ကုန်ခြင်းငှာ။ မရဏဿတိံ၊ မရဏဿတိကို။ ဒန္ဓံ၊ နုံ့နှေးစွာ။ ဘာဝေန္တိ၊ ပွားစေကြကုန်၏-ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော စ ခေါ အယံ ဘိက္ခု၊ အကြင်ရဟန်းသည်ကား။ အဟံ၊ ငါသည်။ ယဒန္တရံ၊ အကြင်ခဏ၌။ ဧကံ အာလောပံ၊ ဆွမ်းတစ်လုတ်ကို။ သင်္ခါဒိတွာ၊ ဝါးမျို၍။ အဇ္ဈောဟရာမိ၊ မျိုအံ့။ တဒန္တရံ၊ ထို ဆွမ်းတစ်လုတ်ကို ဝါးမျိုခိုက်အတွင်း၌။ ဇီဝေယျံ၊ အသက်ရှင်၍ နေရပါမူ။ ဝတ၊ စင်စစ်။ အဟော၊ ကောင်းလေစွ။

(တဒန္တရံ၊ ထိုကာလအတွင်း၌။) ဘဂဝတော သာသနံ၊ ဘုရား အဆုံးအမ တော်ကို။ မနသိကရေယျံ၊ နှလုံးသွင်းရပါမူ။ မေ၊ ငါသည်။ ဗဟုံ ကတံ၊ များစွာကျင့်ရသည်။ ဝတ၊ စင်စစ်၊ အသ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော စ အယံ ဘိက္ခု၊ အကြင်ရဟန်းသည်။ "အဿသိတွာ၊ ရှုသွင်းပြီး၍။ ပဿသာမိ၊ ရှိုက်ထုတ်၏။ ပဿသိတွာ ဝါ၊ ရှိုက်ထုတ်ပြီး၍။ အဿသာမိ၊ ရှုသွင်း၏။ တဒန္တရံ၊ ထိုအတွင်း၌။ အဟံ၊ ငါသည်။ ဇီဝေယျံ၊ အသက်ရှင်နေရပါမူ။ ဝတ၊ စင်စစ်။ အဟော၊ ကောင်းလေစွ။ တဒန္တရံ၊ ထိုအခိုက်၌။ ဘဂဝတော သာသနံ၊ ဘုရားအဆုံးအမတော်ကို။ မနသိကရေယျံ၊ နှလုံးသွင်းရပါမူ။ မေ၊ ငါသည်။ ဗဟုံ ကတံ၊ ဘုရားအဆုံးအမတော်ကို များစွာကျင့်ရသည်။ ဝတ၊ စင်စစ်။ အသ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ မရဏဿတိံ၊ မရဏဿတိကို။ ဘာဝေတိ၊ ပွားစေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့ကို။ အပ္ပမတ္တာ၊ မမေ့မလျော့ကြပဲ၊ ဝိဟရန္တိ၊ နေကြကုန်၏။ အာသဝါနံ ခယာယ၊ အာသဝေါတို့၏ ကုန်ခြင်းငှာ။ မရဏဿတိံ၊ မရဏဿတိကို။ တိက္ခံ၊ ထက်မြက်စွာ။ ဘာဝေန္တိ၊ ပွားစေကြကုန်၏–ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။" ဣတိ - အယံ၊ ဤသည်ကား ဘုရားစကားတော်ပေတည်း။ ဧဝံ၊ ဤသို့လျှင်။ ဇီဝိတဿ၊ အသက်၏။ အဒ္ဓါ၊ အခွန့်ကာလသည်။ တနည်း–ဇီဝိတဿ အဒ္ဓါ၊ အသက်၏ရှင်ရာ အခွန့်ကာလသည်။ စတုပဉ္စာလောပသခါဒနမတ္တံ၊ ဆွမ်း လေးငါးလုတ်စား ခိုက် ဝါးခိုက် ကာလ၌ပင်။ အဝိဿာသိယော၊ အားမြှမ်းမဝင်အပ်ကောင်း၍။ ဝါ၊ စိတ်မချရအောင်။ ပရိတ္တော၊ တိုတောင်းလှချေ၏။ ဣတိ ဧဝံ၊ ဤသို့။ အဒ္ဓါနပရိစ္ဆေဒတော၊ အသက်တမ်း၏ အပိုင်းအခြားအားဖြင့်။ မရဏံ အနုဿရိတဗ္ဗံ၊ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ ၏။ (၇)

၁၇၆။ ခဏပရိတ္တတောတိ–ဧတ္ထ၊ ခဏပရိတ္တတော–ဟူသော ဤပါဌ်၌။ ဟိ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတက္ခဏော၊ အသက်ရှင်ဆဲ ခဏသည်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ အတိပရိတ္တော။ အလွန်ပင် တိုတောင်း၏။ ကေဝလံ၊ စိတ္တသ္သပဝတ္တိမတ္တောယေဝ၊ စိတ်တစ်ချက်၏ ဖြစ်ခိုက်မျှသာလျှင် ရှိချေ၏။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ရထစက္ကံ၊ ရထားဘီးသည်။ ပဝတ္တမာနမ္ပိ၊ လိမ့်နေစဉ်–သွားနေစဉ်လည်း။ ဧကေနေဝ နေမိပ္ပဒေသေန၊ အကွပ်တံကူ၏

တစိတ်ဖြင့်သာလျှင်။ ပဝတ္တတိ၊ လိမ့်၏—သွား၏။ တိဋ္ဌမာနမ္ပိ၊ ရပ်နေစဉ် လည်း။ ဧကေနေဝ၊ အကွပ်တံကူ၏ တစိတ်ဖြင့်သာလျှင်။ တိဋ္ဌတိ၊ ရပ်တည်နေ၏၊ ဧဝမေဝ၊ ဤအတူပင်။ သတ္တာနံ ဇီဝိတံ၊ သတ္တဝါတို့၏ အသက်သည်။ ဧကစိတ္တက္ခဏိကံ၊ တစ်ခုသောစိတ်၏ ခဏနှင့်ယှဉ်၏။ တသ္မိံ စိတ္တေ၊ ထိုစိတ်သည်။ နိရုဒ္ဓမတ္တေ၊ ချုပ်သည်ရှိသော်။ တနည်း-တသ္မိံ စိတ္တေ နိရုဒ္ဓမတ္တေ၊ ထိုစိတ် ချုပ်ခါမျှပင်။ သတ္တော၊ သတ္တဝါသည်။ နိရုဒ္ဓေါတိ၊ ချုပ်သည်၊သေသည်ဟူ။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ယထာဟ၊ မြတ်စွာဘုရား ဘယ်သို့ ဟောကြားသနည်းဟူမူ။ – ''အတီတေ စိတ္တက္ခဏေ၊ လွန်ပြီးသော အတိတ်စိတ်၏ ခဏ၌။ဇီဝိတ္ထ၊ရှင်ခဲ့လေပြီ။န ဇီဝတိ၊ ရှင်ဆဲမဟုတ်။န ဇီဝိဿတိ၊ ရှင်လတ္တံ့ မဟုတ်။ အနာဂတေ စိတ္တက္ခဏေ၊ မလာသေးသောအနာဂတ်စိတ် ခဏ၌။ န ဇီဝိတ္ထ၊ ရှင်ပြီး မဟုတ်။ န ဇီဝတိ၊ ရှင်ဆဲ မဟုတ်။ ဇီဝိဿတိ၊ ရှင်လတ္တံ့ ပေတည်း။ ပစ္စုပ္ပန္နေ စိတ္တက္ခဏေ၊ အကြောင်းကိုစွဲ၍ ဖြစ်ဆဲ—ပစ္စုပ္ပန် စိတ်၏ ခဏ၌။န ဇီဝိတ္ထ၊ရှင်ပြီး မဟုတ်။ ဇီဝတိ၊ရှင်ဆဲပေတည်း။ န ဇီဝိဿတိ၊ ရှင်လတ္တံ့ မဟုတ်။

ဇီဝိတဉ္စ၊ အသက်သည်လည်းကောင်း။ အတ္တဘာဝေါ စ၊ အတ္တဘော ကိုယ်ဟုခေါ်သော နာမ်ရုပ်အပေါင်းသည်လည်းကောင်း။ သုခဒုက္ခာ စ၊ ချမ်းသာနှင့် ဆင်းရဲတို့သည်လည်းကောင်း။ ကေဝလာ၊ အတ္တနှင့်လည်းကောင်း မြဲသည်၏အဖြစ်နှင့်လည်းကောင်း မရောမယှက် သက်သက်သီးခြား သဘောတရားတို့ပေတည်း။ ဧကစိတ္တသမာယုတ္တာ၊ တစ်ခုတစ်ခုသောစိတ်နှင့် ယှဉ်လျက်-ပြိုင်လျက် ဖြစ်ကုန်၏။ ခဏော၊ ထိုအသက်စသည်တို့၏ ခဏသည်။လဟု သော၊ လျင်မြန်စွာ။ ဝတ္တတေ၊ ဖြစ်၏။ လဟု သော ဝတ္တတေ၊ တိုတောင်း လျင်မြန်စွာ ဖြစ်၏။

မရန္တဿ၊ သေဆဲပုဂ္ဂိုလ်၏။ နိရုဒ္ဓါ၊ ချုပ်လေကုန်သော။ ယေ ခန္ဓာ၊ အကြင် ခန္ဓာတို့သည်လည်းကောင်း။ ဣဓ၊ ဤလောက၌။ တိဋ္ဌမာနဿ၊ တည်ဆဲပုဂ္ဂိုလ်၏။ နိရုဒ္ဓါ၊ ချုပ်လေကုန်သော။ ယေ ခန္ဓာ၊ အကြင် ခန္ဓာတို့သည်လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေ ခန္ဓာ၊ ထိုချုပ်လေကုန် သော ခန္ဓာနှစ်ပါးတို့သည်။ သဒိသာ၊ ချုပ်ခြင်း-ပျက်ခြင်းအားဖြင့် တူကြလေကုန်၏။ ဂတာ၊ ချုပ်-ပျက်သွားပြီးတို့သည်။ အပ္ပဋိသန္ဓိကာ၊ ပြန်၍စပ်ခြင်း-ပေါ်လာခြင်း မရှိကြပဲ။ ဂတာ၊ လုံးဝပျောက်ကွယ် သွားလေကုန်၏။ (ဋီကာကိုကြည့်။)

(၂၃၁) အနိဗ္ဗတ္တေန၊ မဖြစ်သေးသော စိတ်ဖြင့်။ န ဇာတော၊ ဖြစ်သည်—ရှင်သည် မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲစိတ်ဖြင့်သာ။ ဇီဝတိ၊ အသက်ရှင်၏။ စိတ္တဘင်္ဂါ၊ ထို ဖြစ်ဆဲစိတ်၏ ပျက်ခြင်းကြောင့်။ လောကော။ သတ္တဝါဟူသော လောကသည်။ မတော၊ သေသည် မည်၏။ ဧဝံ သန္တေပိ၊ ဤသို့ ဖြစ်သော်လည်း။ ပညတ္တိ၊ တိဿ–ရှင် နေသည် ဤသို့အစရှိသော သန္တာနပညတ်သည်။ ပရမတ္ထိယာ၊ ရှင်ဆဲ စိတ်ကိုရည်သောကြောင့် အမှန် ပရမတ္ထသဘော ဖြစ်ပေ၏။” (ဋီကာကိုကြည့်။)

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ခဏပရိတ္တတော၊ ရှင်ဆဲခဏ၏ တို တောင်းသောအားဖြင့်။ မရဏံ အနုဿရိတဗ္ဗံ၊ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေ၏။(ဂ)

၁၇၇။ ဣတိ၊ ဤသို့။ ဣမေသံ အဋ္ဌန္နံ အာကာရာနံ၊ ဤရှစ်ပါးသော အခြင်းအရာတို့တွင်။ အညတရညတရေန၊ တပါးပါးသော အခြင်းအရာအား ဖြင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အနုဿရတောပိ၊ အောက်မေ့ ဆင်ခြင်သော ယောဂီအားလည်း။ မနသိကာရဝသေန၊ အဖန်ဖန်နှလုံးသွင်းခြင်း၏ အစွမ်း အားဖြင့်။ စိတ္တံ၊စိတ်သည်။အာသေဝနံ လဘတိ၊ အထုံကိုရ၏။ မရဏာရမ္မဏာ၊ သေခြင်းလျှင် အာရုံရှိသော။ သတိ၊ အမှတ်ရမှု–သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ပန၊ သို့သော်လည်း။ အာရမ္မဏဿ၊ သေခြင်းဟူသော အာရုံ၏။ သဘာဝဓမ္မတ္တာ စ၊ သဘောတရား ဖြစ်ခြင်းကြောင့် လည်းကောင်း။ သံဝေဇနီယတ္တာ စ၊ ထိတ်လန့်ဖွယ် ဖြစ်ခြင်းကြောင့် လည်းကောင်း။ အပ္ပနံ အပ္ပတွာ၊ အပ္ပနာသို့ မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ ဈာနံ၊ ဥပစာရဈာန်သို့သာလျှင် ရောက် သော ဈာန်သည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ဆက်၍ရှင်းပြဦးအံ့။ လော– ကုတ္တရဈာနဉ္စ၊ လောကုတ္တရာဈာန်သည် လည်းကောင်း။ ဒုတိယစတုတ္ထာနိ စ အာရုပ္ပဈာနာနိ၊ ဒုတိယ, စတုတ္ထ–အာရုပ္ပဈာန်တို့သည် လည်းကောင်း။ သဘာဝဓမ္မေပိ၊ သဘောတရား အာရုံ၌သော်လည်း။ ဘာဝနာဝိသေသေန၊ ဘာဝနာအထူးဖြင့်။ အပ္ပနံ ပါပုဏန္တိ၊ အပ္ပနာသို့ ရောက်ကုန်၏။ ဟိ၊ ချဲ့ဦး အံ့။ လောကုတ္တရံ၊ လောကုတ္တရာဈာန်သည်။ ဝိသုဒ္ဓိဘာဝနာနုက္ကမဝသေန၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဘာဝနာ အစဉ်၏ အစွမ်းအားဖြင့်။ အပ္ပနံ ပါပု– ဏာတိ၊ အပ္ပနာသို့ ရောက်ပေ၏။ အာရုပ္ပံ၊ အာရုပ္ပဈာန်သည်။ အာရမ္မဏာ–

တိက္ကမဘာဝနာ ဝသေန၊ အာရုံကိုကျော်လွန်သော ဘာဝနာ၏ အစွမ်းအား ဖြင့်။ အပ္ပနံ ပါပုဏာတိ၊ အပ္ပနာသို့ ရောက်ပေ၏။ ဟိ၊ မှန်ပေ၏။ အပ္ပနာ– ပတ္တသေဝ၊ ထိုအာရုပ္ပဈာန်မှ အပ္ပနာသို့ ရောက်ပြီးသာလျှင် ဖြစ်သော။ ဈာနဿ၊ ဈာန်၏။ အာရမ္မဏသမတိက္ကမနမတ္တံ၊ အာရုံကို ကျော်လွန်ခြင်းမျှကို သာလျှင်။ တတ္ထ၊ ထိုအာရုပ္ပဈာန်၌။ ကတ္တဗ္ဗံ၊ ပြုဖွယ်ကိစ္စသည်။ ဟောတိ၊ ဖြစ်၏။ ဣဓ ပန၊ ဤ မရဏာဿတိဘာဝနာ၌ကား။ တဒုဘယမ္ပိ၊ ဝိသုဒ္ဓိဘာဝနာ အစဉ်နှင့် အာရုံကိုကျော်လွန်ခြင်း ဟူသော ထိုနှစ်ပါးလုံးပင်။ နတ္ထိ၊ မရှိပေ။ တသ္မာ၊ ထို့ကြောင့်။ ဥပစာရပ္ပတ္တမေဝ ဈာနံ၊ ဥပစာရသို့သာလျှင် ရောက်သော ဈာန်သည်။ ဟောတိ၊ ဖြစ်ပေ၏။ တဒေတံ-တံ ဧတံ ဈာနံ၊ ထိုသို့ ဥပစာရသို့ ရောက်သော ဤဈာန်သည်။ မရဏဿတိဗလေန ဥပ္ပန္နတ္တာ၊ မရဏဿတိ၏ အားအစွမ်းဖြင့် ဖြစ်သောကြောင့်။ မရဏဿတိစ္စေဝ သင်္ခံ၊ မရဏဿတိ ဟူ၍သာလျှင် ရေတွက်ခေါ်ဆိုအပ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပေ၏။

ပန၊ အကျိုးအာနိသင်ကို ပြဦးအံ့။ ဣမဉ္စ မရဏဿတိံ၊ ဤ မရဏာ နုဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သော ရဟန်းသည်။ သတတံ၊ အမြဲတမ်း။ အပ္ပမတ္တော ဟောတိ၊ မမေ့မလျော့လျက် ရှိပေ၏။ သဗ္ဗဘဝေသု၊ အလုံးစုံသော ဘဝတို့၌။ အနဘိရတိသညံ၊ မပျော်မမွေ့ ငြီးငွေ့သော အမှတ်သညာကို။ ပဋိလဘတိ၊ ရ၏။ ဇီဝိတနိကန္တိံ၊ အသက်၌ နှစ်သက်တွယ်တာခြင်းကို။ ဇဟာတိ၊ စွန့်၏။ ပါပဂရဟီ ဟောတိ၊ မကောင်း မှုကို ကဲ့ရဲ့လေ့ရှိ၏။ အသန္နိဓိဗဟုလော၊ သိုမှီးသိမ်းဆည်းခြင်း မများမူ၍။ ပရိက္ခာရေသု၊ ပရိက္ခရာတို့၌။ ဝိဂတမလမစ္ဆေရော၊ တပ်မက်မှု – အညစ် အကြေးနှင့် ဝန်တိုခြင်းကင်းပေ၏။ အဿ၊ ထိုရဟန်းအား။ အနိစ္စသညာ စ၊ အနိစ္စသညာသည်လည်း။ ပရိစယံ ဂစ္ဆတိ၊ လေ့လာအပ်ခြင်းသို့ ရောက် ပေ၏။ တဒနုသာရေနေဝ၊ ထို အနိစ္စသညာကို အစဉ်လိုက်သောအားဖြင့် သာလျှင်။ ဒုက္ခသညာ စ၊ ဒုက္ခသညာသည် လည်းကောင်း။ အနတ္တသညာ စ၊ အနတ္တသညာသည် လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်ပေ၏။ အဘာဝိတ– မရဏာ သတ္တာ၊ မရဏဿတိကို မပွားများစေဖူးသော သတ္တဝါတို့သည်။ မရဏသမယေ၊ သေခါနီးကာလ၌။ ဝါဠမိဂယက္ခသပ္ပစောရဝဓကာဘိဘူတာ ဝိယ၊ သားရဲ, ဘီလူး, မြွေ, ဒမြ, သူသတ်သမားတို့၏ ရုတ်တရက် အနှိပ် အစက်ခံရသော သူတို့ကဲ့သို့။ ဘယံ၊ ကြောက်ခြင်းသို့။ သန္တာသံ၊ ထိတ်လန့် ခြင်းသို့။ သမ္မောဟံ၊ တွေဝေခြင်းသို့။ အာဂစ္ဆန္တိ ယထာ၊ ရောက်ကုန်သကဲ့ သို့။ ဧဝံ၊ ထို့အတူ။ အနာပဇ္ဇိတွာ၊ ဤရဟန်းသည် ကြောက်ခြင်း—စသည်

ဝိသုဒ္ဓိ၊ ၃–၉

သို့ မရောက်မူ၍။ အဘာယော၊ ကြောက်ခြင်းကင်းလျက်။ အသမ္မူဠ္ဌော၊ မတွေဝေပဲ။ ကာလံ ကရောတိ၊ စုတေရ၏။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ သစေ န အာရာဓေတိ၊ အကယ်၍ မပြီးစေနိုင်သည် ဖြစ်အံ့။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်ကာလ၌။ သုဂတိပရာယနော ဟောတိ၊ သုဂတိလျှင် လားရာရှိပေ၏။

တသ္မာ၊ ထိုသို့ များစွာသော အကျိုးရှိခြင်းကြောင့်။ သုမေဓ-သော၊ ကောင်းသောအမြော်အမြင် ဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ မဟာနုဘာဝ ါယ၊ ကြီးမားသော အာနုဘော်နှင့်ပြည့်စုံသော။ မရဏဿဘိ:ယာ၊ မရဏဿတိ၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ အားထုတ်ခြင်းကို။ ဟုဝေ၊ စင်စစ်-မုချ။ ကယိရာထ၊ပြုသင့်လှပေသတည်း။ ဣတိ-အယံ၊ ဤသည် ကား ဥယျောဇဉ်ပေတည်း။

ဣဒံ၊ ဤယခုဆိုခဲ့သောစကားသည်။ မရဏဿတိယံ၊ မရဏဿတိ ကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက်ပေ တည်း။

မရဏဿတိကမ္မဋ္ဌာန်းပြီး၏။

---

**ကာယဂတာသတိပွားပုံပြဆိုချက်**

(၂၃၂) ၁၇၈။ ဣဒါနိ၊ ယခုအခါ၌။ ဗုဒ္ဓုပ္ပါဒါ၊ ဘုရားပွင့်တော်မူရာ ကာလမှ။ အညတြ-အညသ္မိံ ကာလေ၊ တပါးသော ကာလ၌။ အပ္ပ-ဝတ္တပုဗ္ဗံ၊ မဖြစ်စဖူးသော။ သဗ္ဗတိတ္ထိယာနံ၊ အလုံးစုံသော တိတ္ထိတို့၏။ အဝိသယဘူတံ' အရာမဟုတ်သည် ဖြစ်၍ဖြစ်သော။ တေသု တေသု သုတ္တ-န္တေသု၊ ထိုထိုသို့သော သုတ္တန်တို့၌။ “ဘိက္ခဝေ၊ ရဟန်းတို့။ ဧကဓမ္မော၊ တစ်ခုသော တရားတို့။ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ မဟတော သံဝေဂါယ၊ ကာယ၏ သဘောမှန်ကိုသိရ၍ အကြီးအကျယ် ထိတ်လန့်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ မဟတော အတ္ထာယ၊ မျက်မှောက်အကျိုး အစရှိသော များစွာသော အကျိုးအလို့ငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ မဟာတော ယောဂက္ခေမာယ၊ ကြီး မားမြင့်မြတ်သော ယောဂတို့၏ ကုန်ခြင်းအလို့ငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ မဟတော သတိသမ္ပဇညာယ၊ ကြီးကျယ်မြင့်မြတ်သော သတိနှင့် သမ္ပဇဉ်

ပွားရန်အလို့ငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ ဉာဏဒဿနပဋိလာဘာယ၊ ဝိပဿနာ ဉာဏ်အမြင်ကို ရရန်အလို့ငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊ မျက်မှောက်ဘဝ ချမ်းသာစွာနေခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ၊ ဝိဇ္ဇာသုံးပါး, လွတ်မြောက်ရန်နိဗ္ဗာန်, အရိယဖိုလ်တို့ကို မျက်မှောက်ပြုရန်အလို့ငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ ကေဓမ္မော၊ တစ်ခုသောတရားမည်သည်။ ကတမော၊ အဘယ်နည်း။ ကာယဂတာသတိ၊ ကာယဂတာသတိ—ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ရကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိကို။ န ပရိဘုဉ္ဇန္တိ၊ မသုံးဆောင်ကုန်။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ န ပရိဘုဉ္ဇန္တိ၊ မသုံးဆောင်ရကုန်။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေသံ၊ အကြင်သူတို့အား။ ဝါ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိကို။ ပရိဘုတ္တာ၊ သုံးဆောင်အပ်ပြီ။ တေသံ၊ ထိုသူတို့အား။ ဝါ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ပရိဘုတ္တံ၊ သုံးဆောင်အပ်ပြီ။ အပရိဘုတ္တံ၊ မသုံးဆောင်အပ်သေး။ ပရိဟီနံ၊ ဆုံးရှုံး၏။ အပရိဟီနံ၊ မဆုံးရှုံး။ ဝိရဒ္ဓံ၊ ချွတ်ယွင်းစေ၏။ အဝိရဒ္ဓံ၊ မချွတ်ယွင်းစေ။ ယေသံ၊ အကြင်သူတို့အား။ ဝါ၊ အကြင်သူတို့သည်။ ကာယဂတာသတိ၊ ကာယဂတာသတိကို။ အာရဒ္ဓါ၊ အားထုတ်အပ်ပြီ။ ဝါ၊ ပြီးစေအပ်၏။ တေသံ၊ ထိုသူတို့အား။ ဝါ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ အာရဒ္ဓံ၊ ပြီးစေအပ်ပြီ။" ဧဝံ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနေကေဟိ အာကာရေဟိ၊ များစွာသော အခြင်းအရာတို့ဖြင့်။ ပသံသိတွာ၊ ချီးကျူးတော်မူပြီးလျှင်။ "ဘိက္ခဝေ၊ ရဟန်းတို့။ ကထံ ဘာဝိတာ၊ အဘယ်သို့ ပွားစေလျှင်။ ကထံ ဗဟုလီကတာ၊ အဘယ်သို့ အကြိမ်များစွာ လေ့လာလျှင်။ ကာယဂတာသတိ၊ ကာယဂတာသတိသည်။ မဟပ္ဖလာ၊ များသောအကျိုး ရှိသနည်း။ မဟာနိသံသာ၊ များသောအာနိသင်ရှိသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊ တောသို့ကပ်ရောက်၍ဖြစ်စေ။" ဣတိအာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ အာနာပါနပဗ္ဗံ၊ အာနာပါန—ပိုင်း လည်းကောင်း ။ပ။ပဋိက္ကူလမနသိကာရပဗ္ဗံ၊ ပဋိက္ကူလမနသိကာရ ပိုင်း လည်းကောင်း။ ဓာတုမနသိကာရပဗ္ဗံ၊ ဓာတုမနသိကာရ-ပိုင်းလည်းကောင်း။ နဝသိဝထိကပဗ္ဗာနိ၊ နဝသိဝထိက-ပိုင်းတို့ လည်းကောင်း။ ဝါ၊ ကိုးခုသော သိဝထိက ပိုင်းတို့ လည်း

ကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ စုဒ္ဒသန္နံ ပဗ္ဗာနံ ဝသေန၊ ဤ တစ်ဆယ့်လေးပိုင်းတို့၏ အစွမ်းအားဖြင့်။ ကာယဂတာသတိကမ္မဋ္ဌာနံ၊ ကာယဂတာသတိကမ္မဋ္ဌာန်းကို။ နိဒ္ဒိဋ္ဌံ၊ ညွှန်ကြားဟောပြတော်မူခဲ့ပေ၏။ တဿ၊ ထိုကာယဂတာသတိ ကမ္မဋ္ဌာန်း၏။ ဘာဝနာနိဒ္ဒေသော၊ ပွားများစေပုံ အကျယ်ပြရန်အခန်းသည်။ အနုပ္ပတ္တော၊ အစဉ်ရောက်လာလတ်ပေပြီ။

တတ္ထ၊ ထိုကာယဂတာသတိ ကမ္မဋ္ဌာန်း၌။ ဝါ၊ တစ်ဆယ့်လေးပိုင်းတို့တွင်။ ဣရိယာပထပဗ္ဗံ၊ ဣရိယာပထ-ပိုင်း လည်းကောင်း။ စတုသမ္ပဇညပဗ္ဗံ၊ စတုသမ္ပဇည-ပိုင်း လည်းကောင်း။ ဓာတုမနသိကာရပဗ္ဗံ၊ ဓာတုမနသိကာရ-ပိုင်း လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ တီဏိ၊ ဤသုံးပိုင်းတို့ကို။ ဝိပဿနာ-ဝသေန၊ ဝိပဿနာ၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ နဝသိဝထိကပဗ္ဗာနိ၊ ကိုးခုသော သိဝထိက-ပိုင်းတို့ကို။ ဝိပဿနာဉာဏေသု-ယေဝ၊ဝိပဿနာဉာဏ်တို့တွင်ပင်လျှင်။ အာဒီနဝါနုပဿနာဝသေန၊အာဒီနဝါနုပဿနာ၏ အစွမ်းအားဖြင့်။ ယသ္မာ၊ အကြင်ကြောင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤသိဝထိက-ပိုင်းတို့တွင်။ ဥဒ္ဓုမာတကာဒီသု၊ ဥဒ္ဓုမာတက-စသည်တို့၌။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာသည်။ ဣဇ္ဈေယျ၊ ပြီးစီးပြည့်စုံနိုင်ပေ၏။ သာ၊ ထို သမာဓိဘာဝနာကို။ အသုဘနိဒ္ဒေသေ၊ အသုဘနိဒ္ဒေသ၌။ ပကာသိတာယေဝ၊ ပြပြီးခဲ့သည်သာလျှင် ဖြစ်ပေ၏။ ပန၊ ထိုမှတပါး။ ဧတ္ထ၊ ထို တစ်ဆယ့်လေးပိုင်းတို့တွင်။ အာနာပါနပဗ္ဗဉ္စ၊ အာနာပါန-ပိုင်းလည်းကောင်း။ ပဋိက္ကူလမနသိကာရ-ပဗ္ဗဉ္စ၊ ပဋိက္ကူလမနသိကာရ-ပိုင်းလည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်။) ဣမာနေဝ ဒွေ၊ ဤနှစ်ပိုင်းတို့ကိုသာလျှင်။ သမာဓိဝသေန၊ သမာဓိ၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တေသု၊ ထိုနှစ်ပိုင်းတို့တွင်။ အာနာပါနပဗ္ဗံ၊ အာနာပါန-ပိုင်းသည်။ အာနာပါနဿတိဝသေန၊ အာနာပါနဿတိ၏ အစွမ်းအားဖြင့်။ ဝိသုံ ကမ္မဋ္ဌာနံယေဝ၊ အသီးအခြား ကမ္မဋ္ဌာန်းသာလျှင် ဖြစ်ပေ၏။ ပန၊ ထိုမှတပါး။ "ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စပရံ၊ တဖန်ရှုပုံ တမျိုးကား။ ဘိက္ခု၊ ရဟန်းသည်။ ပါဒတလာ၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်၌။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်၌။ တစပရိယန္တံ၊ အရေလျှင် အဆုံးအပိုင်းအခြားရှိသော။ နာနာ-ပကာရဿ၊ အမျိုးမျိုးသော။ အသုစိနော ပူရံ၊ မစင်မကြယ် စက်ဆုပ်ဖွယ်နှင့် ပြည့်နေသော။ ဣမမေဝ ကာယံ၊ ဤရုပ်ကိုယ်ကိုပင်လျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌။ ကေသာ၊ ဆံပင်တို့သည်။

အတ္ထိ-သန္တိ၊ ရှိကြကုန်၏။ လောမာ၊ အမွေးတို့သည်။ အတ္ထိ-သန္တိ၊ ရှိကြကုန်၏။ပ။ မုတ္တံ၊ ကျင်ငယ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ ဧဝံ၊ ဤသို့။ မတ္ထလုင်္ဂံ၊ ဦးနှောက်ကို။ အဋ္ဌိမိဉ္ဇေန၊ ရိုးတွင်းခြင်ဆီဖြင့်။ သင်္ဂဟေတွာ၊ သိမ်းယူ၍။ ပဋိက္ကူလမနသိကာရဝသေန၊ စက်ဆုပ်ဖွယ်နှလုံးသွင်းပုံ၏ အစွမ်းအားဖြင့်။ ယံ ဧတံ ဒွတ္တိံသာကာရကမ္မဋ္ဌာနံ၊ အကြင်ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို။ ဒေသိတံ၊ ဟောတော်မူအပ်၏။ ဣဒံ၊ ဤဒွတ္တိံသာကာရ-ကမ္မဋ္ဌာန်းကို။ ဣဓ၊ ဤအရာ၌။ ကာယဂတာသတီတိ၊ ကာယဂတာသတိ—ဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်ပေ၏။

(၂၃၃) ၁၇၉။ တတ္ထ၊ ထို ကာယဂတာသတိ-ကမ္မဋ္ဌာန်း၌။ အယံ၊ ဤ ယခုဆိုမည့် စကားသည်။ ပါဠိဝဏ္ဏနာပုဗ္ဗင်္ဂမော၊ ပါဠိအဖွင့်ကို ရှေ့သွားပြုသော။ ဘာဝနာနိဒ္ဒေသော၊ ပွားစေပုံကို အကျယ်ပြခြင်းပေတည်း။ ဣမမေဝ ကာယန္တိ၊ ဣမမေဝ ကာယံ ဟူသည်ကား။ စတုမဟာဘူတိတံ၊ မဟာဘုတ်လေးပါးကို မှီသော။ ဣမံ ပူတိကာယံ၊ ဤ အပုပ်ကောင် ရုပ်ကိုယ်ကို။ ဥဒ္ဓံ ပါဒတလာတိ၊ ဥဒ္ဓံ ပါဒတလာ-ဟူသည်ကား။ ပါဒတလတော၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်၌။ အဓော ကေသမတ္ထကာတိ၊ အဓော ကေသမတ္ထကာ—ဟူသည်ကား။ ကေသဂ္ဂတော၊ ဆံဖျားမှ။ ဟေဋ္ဌာ၊ အောက်၌။ တစပရိယန္တန္တိ၊ တစပရိယန္တံ—ဟူသည်ကား။ တိရိယံ၊ ဖီလာ-ဘေးပတ်ဝန်းကျင်၌။ တစပရိစ္ဆိန္နံ၊ အရေဖြင့်ပိုင်းခြားလျက်ရှိသော။ ပူရံ နာနပ္ပကာ-ရဿ အသုစိနော ပစ္စဝေက္ခတီတိ၊ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စ-ဝေက္ခတိ-ဟူသည်ကား။အယံ ကာယော၊ ဤကိုယ်သည်။နာနပ္ပကာရကေသာဒိအသုစိဘရိတော၊ အမျိုးမျိုးသော ဆံပင်-အစရှိသော မစင်မကြယ် စက်ဆုပ်ဖွယ်ဖြင့် ပြည့်လျက်ရှိ၏။ ဣတိ၊ ဤသို့။ ပဿတိ၊ ရှု၏။ ကထံ ပဿတိ၊ အဘယ်သို့ရှုသနည်း?ဟူမူ။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ။ပ။ မုတ္တန္တိ၊ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ။ပ။ မုတ္တံ—ဟူ၍။ ပဿတိ၊ ရှု၏။ (ရှုပုံကို ပါဠိသက်သက်သာထားသည်၊ မြန်မာပြန် မရေးတော့ပြီ။)

တတ္ထ၊ ထိုရှုပုံကိုပြသော ပါဠ်၌။ အတ္ထီတိ-ပဒဿ၊ အတ္ထိ—ဟူသောပုဒ်၏။ သံဝိဇ္ဇန္တီ-တိ အတ္ထော၊ ရှိကုန်၏ဟူသော အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်။) (နောက်ပုဒ်များကို လွယ်လွယ်ပင် မြန်မာပြန်အံ့။) ဣမသ္မိန္တိ၊ ဣမသ္မိံ—ဟူသည်ကား။ ယွာယံ ယော အယံ ကာယော၊ အကြင်ကိုယ်ကို။ ပါဒတလာ ဥဒ္ဓံ၊ ခြေဖဝါးမှ အထက်၌။ ကေသမတ္ထကာ အဓော၊ ဆံဖျားမှ အောက်၌။ တစပရိယန္တော်တိ၊ အရေလျှင် အဆုံးအပိုင်းအခြားရှိသည်

ဟူ၍ လည်းကောင်း။ နာနပ္ပကာရဿ၊ အမျိုးမျိုးသော။ အသုစိနော၊ မစင်မကြယ် စက်ဆုပ်ဖွယ်ဖြင့်။ ပူရောတိ၊ ပြည့်နေသည် ဟူ၍ လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ တသ္မိံ၊ ထိုကိုယ်၌။ ကာယေတိ၊ ကာယေ—ဟူသည်ကား။ သရီရေ၊ ကိုယ်၌။ (ဤနေရာ၌ သံဝဏ္ဏေတဗ္ဗဖြစ်သော ကာယေ-ဟူသောပုဒ်နှင့် သံဝဏ္ဏနာမူသော သရီရေ—ဟူသောပုဒ်မှာ ပါဠိဝေါဟာရသာကွဲသော်လည်း မြန်မာဝေါဟာရမှာ အဘူတူပင် ဖြစ်နေသည်။) ဟိ၊ မှန်ပေ၏။ သရီရံ၊ ကိုယ်ကောင်ကို။ အသုစိသဥ္စယတော၊ စက်ဆုပ်ဖွယ်အပေါင်းအစုဖြစ်သောကြောင့် လည်းကောင်း။ ကုစ္ဆိတာနံ၊ စက်ဆုပ်ဖွယ်ဖြစ်ကုန်သော။ ကေသာဒီနဥ္စ၊ ဆံပင် စသည်တို့၏ လည်းကောင်း။ စက္ခုရောဂါဒီနံ၊ မျက်စိရောဂါ—အစရှိကုန်သော။ ရောဂသတာနဥ္စ၊ အရာမက များစွာသော ရောဂါတို့၏ လည်းကောင်း။ အာယဘူတတော၊ ဖြစ်ရာဖြစ်သောကြောင့် လည်းကောင်း။ ကာယောတိ၊ ကာယ-ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။ ကေသာ လောမာတိ၊ ကေသာ လောမာ ဟူသည်ကား။ ကေသာဒယော၊ ဆံပင် အစရှိကုန်သော။ ဒွတ္တိံသာကာရာ၊ ဤ သုံးဆယ့်နှစ်ပါးသော အခြင်းအရာအဖို့အစုတို့သည်။ သန္တိ၊ ရှိကုန်၏။ (ထည့်။) တတ္ထ၊ ထို အတ္ထိ ဣမသ္မိံ ကာယေ—အစရှိသော ပါဌ်၌။ ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ ကေသာ၊ ဆံပင်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ လောမာ၊ အမွေးတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ သမ္ဗန္ဓော၊ စပ်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။

ဟိ၊ ချဲ့၍ဆိုဦးအံ့။ ပါဒတလာ ပဋ္ဌာယ ခြေဖဝါးအပြင်မှ စ၍။ ဥပရိ၊ အထက်၌။ ကေသမတ္ထကာ ပဋ္ဌာယ၊ ဆံဖျားမှစ၍။ ဟေဋ္ဌာ၊ အောက်၌။ တစတော ပဋ္ဌာယ၊ အရေပါးမှ စ၍။ ပရိတော၊ ဖီလာ ပတ်ဝန်းကျင်၌။ ဉာတိ ဧတ္တကေ ဗျာမမတ္တေ၊ ညှိမျှအတိုင်းအရှည်ရှိသော တစ်လံမျှလောက်သော။ ဣမသ္မိံ ကဠေဝရေ၊ ဤကိုယ်ထဲ၌။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝိစိနန္တောပိ၊ စူးစမ်း ရှာဖွေသော်လည်း။ ကောစိ၊ တစုံတယောက်သောသူသည်။ ကိဉ္စိ၊ တစုံတခုသော။ မုတ္တံ ဝါ၊ ပုလဲကိုသော်လည်းကောင်း။ မဏိံ ဝါ၊ ပတ္တမြားကိုသော်လည်းကောင်း။ ဝေဠုရိယံ ဝါ၊ ကျောက်ချက်ရွဲကိုသော်လည်းကောင်း။ အဂရုံ ဝါ၊ အကျော်ကိုသော်လည်းကောင်း။ ကုင်္ကုမံ ဝါ၊ ကုင်္ကုမံကိုသော်လည်းကောင်း။ ကပ္ပူရံ ဝါ၊ ပရုပ်ကိုသော်လည်းကောင်း။ ဝါသစုဏ္ဏာဒိံ ဝါ၊ အခိုးအထုံ, အမှုန့်—စသည်ကိုသော်လည်းကောင်း။ အဏုမတ္တမ္ပိ၊ အဏုမြူမျှသော်လည်း။ သုစိဘာဝံ၊

စင်ကြယ်သောသဘောကို။ န ပဿတိ၊ မတွေ့မမြင်ရချေ။ အထ ခေါ၊ စင်စစ်သော်ကား။ ပရမဂ္ဂုဏ္ဏဇောဂုစ္ဆံ၊ အလွန်မကောင်းနံ့ရှိ၍ စက်ဆုပ်ဖွယ်သော။ အသိရိကဒဿနံ၊ ကျက်သရေမဲ့သော မြင်ကောင်းရှိသော။ နာနပ္ပကာရံ၊ အမျိုးမျိုးသော။ ကေသာလောမာဒိဘေဒံ၊ ဆံပင်, အမွေး–စသည် အပြားရှိသော။ အသုစိံ ယေဝ၊ မစင်မကြယ် စက်ဆုပ်ဖွယ်ကိုသာလျှင်။ ပဿတိ၊ တွေ့မြင်ရ၏။ တေန၊ ထို့ကြောင့်။ ''အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ ။ပ။ မုတ္တ'' န္တိ၊ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ ။ပ။ မုတ္တံ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤ ကာယဂတာသတိကမ္မဋ္ဌာန်းပါဠိ၌။ ပဒသမ္ဗန္ဓတော၊ ရှေ့နောက်ပုဒ်တို့၏ စပ်ပုံအားဖြင့်။ ဝဏ္ဏနာ၊ ဖွင့်ပြချက်ပေတည်း။

၁၁၀။ ပန၊ ပွားစေရာသော အစီအရင်ကို ဆိုဦးအံ့။ ဣမံ ကမ္မဋ္ဌာနံ၊ ဤ ကာယဂတာသတိ–ကမ္မဋ္ဌာန်းကို။ ဘာဝေတုကာမေန၊ ပွားစေခြင်းငှာ အလိုရှိသော။ အာဒိကမ္မိကေန၊ အားထုတ်သစ်စဖြစ်သော။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ၊ မိတ်ဆွေကောင်းဆရာသို့ချဉ်းကပ်၍။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းကို။ ဂဟေတဗ္ဗံ၊ သင်ယူအပ်ပေ၏။ အဿ၊ ထိုသင်ယူသော တပည့်အား။ ကမ္မဋ္ဌာနံ ကထေန္တေန၊ ကမ္မဋ္ဌာန်းကို ဟောကြားသင်ပြသော။ တေနာပိ၊ ထိုကမ္မဋ္ဌာန်းဆရာသည်လည်း။ သတ္တဓာ၊ ခုနစ်ပါးအပြားအားဖြင့်။ ဥဂ္ဂဟကောသလ္လံ၊ ဥဂ္ဂဟကောသလ္လ–ခေါ် သင်ယူမှု၌ ကျွမ်းကျင်ကြောင်း အစီအရင်ကိုလည်းကောင်း။ (ဋီကာကို နှလုံးသွင်းကြည့်။) ဒသဓာ၊ ဆယ်ပါး အပြားအားဖြင့်။ မနသိကာရကောသလ္လံ၊ မနသိကာရကောသလ္လ-ခေါ် နှလုံးသွင်းမှု၌ ကျွမ်းကျင်ကြောင်း အစီအရင်ကိုလည်းကောင်း။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဝစသာ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ဝဏ္ဏတော၊ အဆင်းအားဖြင့်လည်းကောင်း။ သဏ္ဌာနတော၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း။ ဒိသတော၊ အရပ်မျက်နှာ အားဖြင့်လည်းကောင်း။ ဩကာသတော၊ တည်ရာအားဖြင့်လည်းကောင်း။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ သတ္တဓာ၊ ခုနစ်ပါးအပြားအာဖြင့်။ ဥဂ္ဂဟကောသလ္လံ၊ ဥဂ္ဂဟကောသလ္လ–ကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်ပေ၏။

ဟိ၊ ပြောကြားပုံကား။ ဣမသ္မိံ ပဋိက္ကူလမနသိကာရ ကမ္မဋ္ဌာနေ၊ ဤ ပဋိက္ကူလမနသိကာရ–ကမ္မဋ္ဌာန်း၌။ ယော၊ အကြင်ယောဂီရဟန်းသည်။ တိပိဋက-

ကောပိ ဟောတိ၊ ပိဋကတ်သုံးပုံဆောင်ပင် ဖြစ်ငြားသော်လည်း။ (ပိ-သဒ္ဒါ ဂရဟာ—အနက်ဟော။) တေနာပိ၊ ထိုယောဂီသည်လည်း။ မနသိကာရ-ကာလေ၊ နှလုံးသွင်းသော ကာလ၌။ ပဌမံ၊ ရှေးဦးစွာ။ ဝါစာယ၊ နှုတ်ဖြင့်။ သဇ္ဈာယော၊ ရွတ်ဆိုခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဟိ အကျိုး သော်ကား။ ဧကစ္စဿ၊ အချို့ပုဂ္ဂိုလ်အား။ သဇ္ဈာယံ ကရောန္တဿေဝ၊ ရွတ်ဆိုနေဥပင်လျှင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ပါကဋံ ဟောတိ၊ ထင်ရှားဖြစ်ပေါ်တတ်၏။ မလယဝါသိ မဟာဒေဝတ္ထေရဿ သန္တိကေ၊ မလယ အရပ်၌ သီတင်းသုံးလေ့ရှိသော မဟာဒေဝ—မထေရ်၏ အထံ၌။ ဥဂ္ဂဟိတ—ကမ္မဋ္ဌာနာနံ၊ ကမ္မဋ္ဌာန်းယူကြကုန်သော။ ဒွိန္နံ ထေရာနံ၊ မထေရ်နှစ်ပါးတို့ အား။ ပါကဋံ ဝိယ၊ ထင်ရှားပေါ်သကဲ့သို့ ပင်တည်း။ (၂၃၄) ကိရ၊ တဆင့်စကား ကြားဖူးသည်ကား။ ထေရော၊ မဟာဒေဝ—မထေရ်သည်။ တေဟိ၊ ထိုနှစ်ဦးသော မထေရ်တို့သည်။ ကမ္မဋ္ဌာနံ ယာစိတော၊ ကမ္မဋ္ဌာန်း တောင်းအပ်သည် ဖြစ်၍။ စတ္တာရော မာသေ၊ လေးလတို့ပတ်လုံး။ ဣမံ-ဧဝ၊ ဤပါဠိကိုပင်။ သဇ္ဈာယံ ကရောထာတိ၊ ရွတ်ဆိုကြလေ—ဟု။ ဒွတ္တိံ-သာကာရပါဠိံ၊ ဒွတ္တိံသာကာရ-ပါဠိကို။ အဒါသိ၊ ပေးလိုက်၏။ တေ ထေရာ၊ ထိုမထေရ်တို့သည်။ နေသံ၊ ထိုနှစ်ဦးသော မထေရ်တို့သည်။ ဝါ၊ ထိုနှစ်ဦးသော မထေရ်တို့အား။ ဒွေ တဃော နိကာယာ၊ နှစ်ခေါင် သုံး ခေါင်သော နိကာယ်တို့သည်။ ပဂုဏာ၊ နှုတ်တက် ကျေပွန်ကြကုန်သည်။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်၏။ တနည်း-ကိဉ္စာပိ ပဂုဏာ ဟောန္တိ၊ အကယ်၍ နှုတ်တက် ကျေပွန်နေကြကုန်၏။ ပန၊ ထိုသို့ပင် နှုတ်တက် ကျေပွန် နေကြကုန်သော်လည်း။ ပဒက္ခိဏဂ္ဂါဟိတာယ၊ ရိုသေလေးမြတ်စွာ နာယူသေ့ ရှိကြသောကြောင့်။ ဒွတ္တိံသာကာရံ၊ ဒွတ္တိံသာကာရ—ကို။ စတ္တာရော မာသေ၊ လေးလတို့ပတ်လုံး။ သဇ္ဈာယန္တာဝ၊ ရွတ်ဆိုကြစဉ်ပင်။ သောတာပန္နာ အဟေ-သုံ၊ သောတာပန် ဖြစ်ကြလေကုန်၏။ (ဋီကာကိုကြည့်။) တသ္မာ၊ ထို့ကြောင့်။ ကမ္မဋ္ဌာနံ ကထေန္တေန၊ ကမ္မဋ္ဌာန်းကို ဟောကြားညွှန်ပြသော။ အာစရိ-ယေန၊ ဆရာသည်။ "ဝါစာယ၊ နှုတ်ဖြင့်။ သဇ္ဈာယံ၊ ရွတ်ဆိုခြင်းကို။ ပဌမံ တာဝ၊ ရှေးဦးစွာ။ ကရောဟိတိ၊ ပြုနေပါ"ဟု။ အန္တေဝါသိကော၊ တပည့်ကို။ ဝတ္တဗ္ဗော၊ ပြောကြားအပ်ပေ၏။

သဇ္ဈာယံ၊ ရွတ်ဆိုခြင်းကို။ ကရောန္တေန စ၊ ပြုသော ယောဂီသည်လည်း။ တစပဉ္စကာဒီနိ၊ အရေလျှင် ငါးခုမြောက်ရှိသော တစပဉ္စက-အပိုင်း စသည် တို့ကို။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ အနုလောမပဋိလောမဝသေန၊ အနုလုံ

ပဋိလုံတို့၏ အစွမ်းအားဖြင့်။ သဇ္ဈာယော ကာတဗ္ဗော၊ ရွတ်ဆိုခြင်းကို ပြုအပ်၏။ ဟိ၊ ချဲ့ရဦးအံ့။ “ကေသာ လောမာ နခါ ဒန္တာ တစော”တိ၊ ဆံပင်, အမွေး, ခြေသည်း-လက်သည်း, သွား, အရေ”ဟု။ ဝတွာ၊ အစဉ်လိုက် အနုလုံအားဖြင့် ရွတ်ဆိုပြီးလျှင်။ ပုန၊ တဖန်။ ပဋိလောမတော၊ အပြန် ပဋိလုံအားဖြင့်။ “တစော ဒန္တာ နခါ လောမာ ကေသာ”တိ၊ အရေ, သွား, လက်သည်း—ခြေသည်း, အမွေး, ဆံပင်”ဟု။ ဝတ္တဗ္ဗံ၊ ရွတ်ဆိုအပ်၏။

တဒနန္တရံ၊ ထို၏အခြားမဲ့၌။ ဝက္ကပဉ္စကေ၊ အညှိလျှင် ငါးခုမြောက်ရှိသော ဝက္ကပဉ္စက-အပိုင်း၌။ “မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကန္တိ ဝတွာ၊ အသား, အကြော, အရိုး,ရိုးတွင်းခြင်ဆီ, အညှို”ဟု ရွတ်ဆိုပြီးလျှင်။ ပုန၊ တဖန်။ ပဋိလောမတော၊ အပြန် ပဋိလုံအားဖြင့်။ “ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ, တစော ဒန္တာ နခါ လောမာ ကေသာ”တိ၊ အညှို, ရိုးတွင်းခြင်းဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း—ခြေသည်း, အမွေး, ဆံပင်” ဟု။ ဝတ္တဗ္ဗံ၊ ရွတ်ဆိုအပ်ပေ၏။

တတော၊ ထို့နောင်မှ။ ပပ္ဖါသပဉ္စကေ၊ အဆုတ်လျှင် ငါးခုမြောက်ရှိသော ပပ္ဖါသပဉ္စက—အပိုင်း၌။ “ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသန္တိ ဝတွာ၊ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်” ဟု ရွတ်ဆိုပြီးလျှင်။ ပုန၊ တဖန်။ ပဋိလောမတော၊ ပဋိလောမ အားဖြင့်။ “ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ, ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ, တစော ဒန္တာ နခါ လောမာ ကေသာတိ ဝတ္တဗ္ဗံ၊ အဆုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး၊ အညှို, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း, ခြေသည်း, အမွေး, ဆံပင်” ဟု ရွတ်ဆိုအပ်၏။

တတော၊ ထို့နောင်မှ။ မတ္ထလုင်္ဂပဉ္စကေ၊ ဦးနှောက်လျှင် ငါးခုမြောက်ရှိသော မတ္ထလုင်္ဂပဉ္စက ပိုင်း၌။ “အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂန္တိ ဝတွာ၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်” ဟု ရွတ်ဆိုပြီးလျှင်။ ပုန၊ တဖန်။ ပဋိလောမတော၊ ပဋိလုံအားဖြင့်။ “မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ, ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ, ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ, တစော ဒန္တာ နခါ လောမာ ကေသာတိ ဝတ္တဗ္ဗံ၊ ဦးနှောက်,အစာဟောင်း,အစာသစ်, အူသိမ်, အူမ၊ အဆုတ်,အဖျဉ်း,အမြှေး, အသည်း, နှလုံး၊ အညှို, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း—ခြေသည်း, အမွေး, ဆံပင်” ဟု ရွတ်ဆိုအပ်၏။

တတော၊ ထို့နောင်မှ။ မေဒဆက္ကေ၊ အသီလျှင် ခြောက်ခုမြောက်ရှိသော မေဒဆက္က-ပိုင်း၌။ "ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါတိ ဝတွာ၊ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ" ဟု ရွတ်ပြီးလျှင်။ ပုန၊ တဖန်။ ပဋိလောမတော၊ ပဋိလောမ-အားဖြင့်။ "မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ, မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ, ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ, ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ, တစော ဒန္တာ နခါ လောမာ ကေသာတိ ဝတွာ၊ အဆီခဲ, ချွေး, သွေး, ပြည်, သလိပ်, သည်းခြေ၊ ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ၊ အဆုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး၊ အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း-ခြေသည်း, အမွေး, ဆံပင်" ဟု ရွတ်ဆိုအပ်၏။

တတော၊ ထို့နောင်မှ။ မုတ္တဆက္ကေ၊ ကျင်ငယ်လျှင် ခြောက်ခုမြောက်ရှိသော မုတ္တဆက္က-အပိုင်း၌။ "အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ ဝတွာ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်" ဟု ရွတ်ဆိုပြီးလျှင်။ ပုန၊ တဖန်။ ပဋိလောမတော၊ ပဋိလောမ အားဖြင့်။ "မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု, မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ, မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ, ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ, ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ, တစော ဒန္တာ နခါ လောမာ ကေသာတိ ဝတွာ၊ ကျင်ငယ်, အစေး, တံတွေး, နှပ်၊ ဆီကြည်, မျက်ရည်၊ အဆီခဲ, ချွေး, သွေး, ပြည်, သလိပ်, သည်းခြေ၊ ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ၊ အဆုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး၊ အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား, အရေ, သွား, လက်သည်း-ခြေသည်း, အမွေး, ဆံပင်" ဟု ရွတ်ဆိုအပ်၏။

(၂၃၅) ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကာလသတံ ကာလသဟဿံ ကာလ-သတသဟဿမ္ပိ၊ အကြိမ်တစ်ရာ, အကြိမ်တထောင်, အကြိမ်တသိန်းသော်လည်း။ ဝါစာယ၊ နှုတ်ဖြင့်။ သဇ္ဈာယော ကာတဗ္ဗော၊ ရွတ်ဆိုခြင်းကို ပြုအပ်၏။ ဟိ၊ အကျိုးသော်ကား။ ဝစသာ သဇ္ဈာယေန၊ နှုတ်ဖြင့် ရွတ်ဆိုခြင်းကြောင့်။ ကမ္မဋ္ဌာနတန္တိ၊ ကမ္မဋ္ဌာန်းအစဉ်သည်။ ပဂုဏာ ဟောတိ၊ ကျေပွန်၏။ စိတ္တံ၊ စိတ်သည်။ ဣတော စိတော စ၊ ထိုမှ ဤမှလည်း။ ဝါ၊ ထိုထိုဤဤ အရပ်သို့လည်း။ န ဝိဓာဝတိ၊ မပြေးသွားတော့ပေ။ ကောဋ္ဌာသာ၊ ဆံပင်-စသော ကောဋ္ဌာသတို့သည်။ ပါကဋာ ဟောန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ဟတ္ထသင်္ခလိကာ

ဝိယ စ၊ လက်ချောင်းများ အစဉ်ကဲ့သို့လည်းကောင်း။ ဝတိပါဒပန္တိ ဝိယ စ၊ ဝင်းထရံခြေ အစဉ်ကဲ့သို့လည်းကောင်း။ ခါယန္တိ။ ထင်ပေါ်ကုန်၏။ (၁)

(နှုတ်ဖြင့်ရွတ်ဆိုရမည်ဟူရာ၌–"အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှိ။ အညှိ, ရိုးတွင်းခြင်းဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း - ခြေသည်း, အမွေး, ဆံပင်" ဟု ဤနည်းဖြင့် ဝက္ကပဉ္စက စသည်တို့၌ အနုလုံအားဖြင့် ရွတ်ဆိုပုံကို ပြဆိုပြီးလျှင် ပဋိလုံအားဖြင့် ရွတ်ဆိုပုံကို ရှေးဖြစ်သော ပဉ္စက, ဆက္ကတို့နှင့် တပေါင်းတည်းဆက်စပ်လျက် ပြဆိုထားလေသည်။ ထိုပြဆိုချက်ကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ (အနုလုံကို ငါးရက်၊ ပဋိလုံကိုငါးရက်၊ အနုလုံ ပဋိလုံပေါင်းလျက် ငါးရက်–ဤသို့အားဖြင့်) ရှေးပဉ္စက, ဆက္ကတို့နှင့်မရောပဲ အသီးအခြား ငါးရက် × သုံးလီ = ဆယ့်ငါး ရက်၊ ဤသို့အားဖြင့် (ပဉ္စက, ဆက္က တစ်ခုတစ်ခု၌) ငါးရက် × ခြောက်လီ = ရက်သုံးဆယ်ရွတ်ပုံကို ပြဆိုထားသည်။ ထိုရွတ်ဆိုပုံတွင် အစငါးရက်ရွတ်ဆိုပုံနှင့် အဆုံးငါးရက်ရွတ်ဆိုပုံကို ပြသည်၏အစွမ်းအားဖြင့် (ဤဝိသုဒ္ဓိမဂ်၌) ဆိုထားသည် ဟု မှတ်အပ်၏။ တနည်းအားဖြင့်မူကား - ဤဝိသုဒ္ဓိမဂ်၌ပြဆိုထားသော ရွတ်ဆိုပုံသည်လည်း ရွတ်ဆိုပုံနည်းတစ်ပါးဖြစ်သည်–ဟု သိအပ်ပေသည်။— (ဋီကာ။) သမ္မောဟဝိနောဒနီ၌ပြသည့်ရွတ်ဆိုပုံ တစပဉ္စက၌ အနုလုံငါးရက်၊ ပဋိလုံငါးရက်၊ အနုလုံပဋိလုံငါးရက်၊ ပေါင်း = ဆယ့်ငါးရက်။ ထို့အတူ ပင် ဝက္ကပဉ္စက၌သည်း အသီးအခြား ဆယ့်ငါးရက်၊ ရှေးပဉ္စကနှင့်ပေါင်း၍ "ဆံပင်, အမွေး, ခြေသည်း— လက်သည်း, သွား, အရေ၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှိ" ဤသို့ အနုလုံဆယ့်ငါးရက်။ "အညှိ - ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း, ခြေသည်း, အမွေး, ဆံပင်" ဤသို့ ပဋိလုံ ဆယ့်ငါးရက်။ "ဆံပင်... အညှိ၊ အညှိ...ဆံပင်" ဤသို့ အနုလုံ-ပဋိလုံ ငါးရက်။ ပေါင်း = ရှေးနှင့် အရော ဆယ့်ငါးရက်ဖြစ်သည်။ သို့ဖြစ်၍ ဝက္ကပဉ္စက၌ ငါးရက် × ခြောက်လီ = ရက်သုံးဆယ်ဖြစ်သည်။ ထို့အတူပင် ပပ္ဖါသပဉ္စက၌ ရက်သုံးဆယ်၊ မေဒဆက္က၌ ရက်သုံးဆယ်၊ မုတ္တပဉ္စက၌ ရက်သုံးဆယ်၊ တစပဉ္စက၌ ဆယ့်ငါးရက်နှင့်ပေါင်း လျှင်=ရက်ပေါင်းတစ်ရာ့ခြောက်ဆယ့်ငါးရက်၊ လ အားဖြင့် ငါးလခွဲရှိသည်။ ၎င်းသည် အခွဲနှင့်တကွ ခြောက်လဖြစ်သောကြောင့် ဆမာသသဇ္ဈာယ = ၆-လ ရွတ်ပုံဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌-မိန့်ဆိုထားလေသည်။)

ပန၊ အဖို့တပါးကား။ ဝစသာ၊ နှုတ်ဖြင့်။ သဇ္ဈာယော၊ ရွတ်ဆိုခြင်းကို။ ကာတဗ္ဗော ယထာ၊ ပြုအပ်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ မနသာပိ၊

စိတ်ဖြင့်လည်း။ သဇ္ဈာယော ကာတဗ္ဗော၊ ရွတ်ဆိုခြင်း၊ နှုတ်လုံးသွင်းခြင်းပြုအပ်၏။ ဟိ၊ အကျိုးကား။ ဝစသာ သဇ္ဈာယော၊ နှုတ်ဖြင့် ရွတ်ဆိုခြင်းသည်။ မနသာ သဇ္ဈာယဿ၊ စိတ်ဖြင့်ရွတ်ဆိုခြင်း၊ နှုတ်လုံးသွင်းခြင်းအား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုပေ၏။ (မနသာ သဇ္ဈာယော— စိတ်ဖြင့်ရွတ်ဆိုခြင်း၊ နှုတ်လုံးသွင်းခြင်းကို မိန့်ဆိုသည်။ တနည်းအားဖြင့် သမ္ဗဒေဝ၊ကောင်းစွာသာလျှင်။ ဈာယော၊ ရှုခြင်းတည်း။ ဣတိ၊ ထို့ကြောင့်။ သဇ္ဈာယော၊ သဇ္ဈာယ-မည်၏။ စိန္တနာ-ကြံခြင်း၊ ရှုခြင်း—ဟု အနက်ရ၏။ ဋီကာ ဒုတိယအဖွင့် အလိုအားဖြင့်—မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယော—ဟူရာ၌ သဇ္ဈာယပုဒ်သည် သံ+အဇ္ဈာယ—ဟု ဖြစ်လာသည်မဟုတ်။ သံ+ဈာယ-ဟု ဖြစ်လာသည်။ ထို့ကြောင့် ထိုသဇ္ဈာယောပုဒ်ကို ရှုခြင်း၊ ကြံခြင်း-ဟု အနက်ပြန်ရမည်ဟု ဆိုလို၏။) မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယော၊ နှုတ်လုံးသွင်းခြင်း၊ ရှုခြင်း၊ ရွတ်ဆိုခြင်းသည်။ လက္ခဏပဋိဝေဓဿ၊ အသုဘလက္ခဏာ ထိုးထွင်းသိခြင်း၊ သဘောပေါက်ခြင်းအား။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုပေ၏။ (၂)

ဝဏ္ဏတောတိ၊ ဝဏ္ဏတော-ဟူသည်ကား။ ကေသာဒီနံ၊ ဆံပင်စသည်တို့၏။ ဝဏ္ဏော၊ အဆင်းကို။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြားမှတ်သားအပ်၏။(၃)

သဏ္ဌာနတောတိ၊ သဏ္ဌာနတော-ဟူသည်ကား။ တေသညေဝ၊ ထိုဆံပင်စသည်တို့၏ပင်။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်ကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ (၄)

ဒိသတောတိ၊ ဒိသတော-ဟူသည်ကား။ ဟိ၊ ချဲ့အံ့။ ဝါ၊ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ နာဘိတော ဥဒ္ဓံ၊ ချက်မှအထက်ပိုင်းသည်။ ဥပရိမဒိသာ၊ အထက်အရပ်မျက်နှာ မည်၏။ အဓော၊ အောက်ပိုင်းသည်။ ဟေဋ္ဌိမဒိသာ၊ အောက်အရပ် မျက်နှာမည်၏။ တသ္မာ၊ ထို့ကြောင့်။ "အယံ ကောဋ္ဌာသော၊ ဤကောဋ္ဌာသသည်။ ဣမိဿာ နာမ ဒိသာယ၊ ဤမည်သော အရပ်မျက်နှာ၌။ တိဋ္ဌတိ၊ တည်၏။" ဣတိ၊ ဤသို့။ ဒိသာ၊ အရပ်မျက်နှာကို။ ဝဝတ္ထပေတဗ္ဗာ၊ ပိုင်းခြားမှတ်သားအပ်၏။ (၅)

ဩကာသတောတိ၊ ဩကာသတော-ဟူသည်ကား။ "အယံ ကောဋ္ဌာသော၊ ဤကောဋ္ဌာသသည်။ ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သော အရပ်၌။ တိဋ္ဌတိ၊ တည်၏။ ဣတိ ဧဝံ၊ ဤသို့။ တဿ တဿ ဩကာသော၊ ထိုထိုကောဋ္ဌာသ၏ တည်ရာအရပ်ကို။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြားမှတ်သားအပ်၏။ (၆)

ပရိစ္ဆေဒတောတိ၊ ပရိစ္ဆေဒတော–ဟူသည်ကား။ ပရိစ္ဆေဒါ၊ အပိုင်းအခြားတို့သည်။ သဘာဂပရိစ္ဆေဒေါ၊ မိမိ၏အဖို့ဖြင့် ပိုင်းခြားခြင်း–သဘာဂပရိစ္ဆေဒ လည်းကောင်း။ ဝိသဘာဂ ပရိစ္ဆေဒေါ၊ အခြားအဖို့ဖြင့် ပိုင်းခြားခြင်း–ဝိသဘာဂပရိစ္ဆေဒ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးရှိကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ "အယံ ကောဋ္ဌာသော၊ ဤကောဋ္ဌာသကို။ ဟေဋ္ဌာ စ၊ အောက်၌ လည်းကောင်း။ ဥပရိ စ၊ အထက်၌ လည်းကောင်း။ တိရိယဉ္စ၊ ဖီလာပတ်ဝန်းကျင် လည်းကောင်း။ ဣမိနာ နာမ၊ ဤမည်သောအရပ်ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားအပ်၏။" ဣတိ ဧဝံ၊ ဤသို့။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ–ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ "ကေသာ၊ ဆံပင်တို့သည်။ န လောမာ၊ အမွေးမဟုတ်ကုန်။" ဣတိ ဧဝံ၊ ဤသို့။ အမိဿကတာဝသေန၊ မရောနှောသည်၏အဖြစ် အစွမ်းအားဖြင့်။ ဝိသဘာဂပရိစ္ဆေဒေါ၊ ဝိသဘာဂပရိစ္ဆေဒ–ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (၇)

ပန၊ ဆက်ဦးအံ့။ ဧဝံ၊ ဤယခုပြဆိုခဲ့သည့်အတိုင်း။ သတ္တဓာ၊ ခုနစ်ပါးအပြားအားဖြင့်။ ဥဂ္ဂဟကောသလ္လံ၊ ဥဂ္ဂဟကောသလ္လကို။ အာစိက္ခန္တေန၊ ပြောကြားသော ဆရာသည်။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤ ကာယဂတာသတိကမ္မဋ္ဌာန်းကို။ အသုကသ္မိံ သုတ္တေ၊ ဤမည်သောသုတ်၌။ ပဋိက္ကူလဝသေန၊ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်။ ကထိတံ၊ ဟောထားအပ်၏။ အသုကသ္မိံ၊ ဤမည်သောသုတ်၌။ ဓာတုဝသေန၊ ဓာတ်၏အစွမ်းအားဖြင့်။ ကထိတံ၊ ဟောထားအပ်၏။ (ပြန်စပ်။) ဣတိ ဉတွာ၊ ဤသို့ သိနားလည်၍။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဟိ၊ ချဲ့၍ပြဦးအံ့။ ဣဒံ၊ ဤ ကာယဂတာသတိကမ္မဋ္ဌာန်းကို။ မဟာသတိပဋ္ဌာနေ၊ မဟာသတိပဋ္ဌာန–သုတ်၌။ ပဋိက္ကူလဝသေနေဝ၊ ပဋိက္ကူလ၏ အစွမ်းအားဖြင့်သာလျှင်။ ကထိတံ၊ ဟောထားအပ်ပေ၏။ မဟာဟတ္ထိပဒေါပမ မဟာရာဟုလောဝါဒ ဓာတုဝိဘင်္ဂေသု၊ မဟာဟတ္ထိပဒေါပမ–သုတ်, မဟာရာဟုလောဝါဒ–သုတ်, အဘိဓမ္မာ ဓာတုဝိဘင်းနှင့် ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂ–သုတ်တို့၌။ ဓာတုဝသေန၊ ဓာတ်၏အစွမ်းအားဖြင့်။ ကထိတံ၊ ဟောထားအပ်ပေ၏။ ကာယဂတာသတိသုတ္တေ ပန၊ ဥပရိပဏ္ဏာသ ကာယဂတာသတိ–သုတ်၌ကား။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ တံ သန္ဓာယ၊ ထိုပုဂ္ဂိုလ်ကို ရည်၍။ (ဤ၌ ဆံပင်စသည်ကိုရှုရာ၌ မည်းသောအဆင်းထင်လျှင် နီလကသိုဏ်း ပဋိက္ကူလနိမိတ်ထင်၍ ရူပဈာန်လေးပါးကို ရ၏။ အရိုးကိုရှုရာ၌ ဖြူသော အဆင်းထင်လျှင် ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်ထင်၍ ရူပဈာန်လေး

ပါးကို ရ၏။ ဤသို့သောပုဂ္ဂိုလ်ကိုရည်၍ ထိုသုတ်၌ ချာန်လေးပါးရပုံကို ပြထားသည်။) စတ္တာရိ ဈာနာနိ၊ ဈာန်လေးပါးတို့ကို။ ဝိဘတ္တာနိ၊ ဝေဖန် ဟောကြားတော်မူအပ်ကုန်၏။ တတ္ထ၊ ထိုစကားရပ်တွင်။ ဓာတုဝသေန ကထိတံ၊ ဓာတ်၏အစွမ်းအားဖြင့် ဟောကြားအပ်သော ကမ္မဋ္ဌာန်းသည်။ ဝိပဿနာ ကမ္မဋ္ဌာနံ ဟောတိ၊ ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်ပေ၏။ ပဋိက္ကူလဝသေန ကထိတံ၊ ပဋိက္ကူလ၏အစွမ်းအားဖြင့် ဟောကြားအပ်သော ကမ္မဋ္ဌာန်းသည်။ သမထကမ္မဋ္ဌာနံ၊ သမထကမ္မဋ္ဌာန်းပေတည်း။ တဒေတံ-တံ ဧတံ၊ ထို ကာယဂတာ သတိသုတ်၌လာသော ဤဒွတ္တိံသာကာရကမ္မဋ္ဌာန်းသည်။ ဣဓ၊ ဤကာယဂတာ သတိအရာ၌။ (ဤဝိသုဒ္ဓိမဂ်မှာ ပြထားသော ကာယဂတာသတိအရာ၌-ဟု ဆိုလိုသည်။ ဋီကာ၌ကား ပဋိက္ကူလမနသိကာရပိုင်း၌-ဟု ဖွင့်ပြထားသည်။) သမထကမ္မဋ္ဌာနမေဝ၊ သမထကမ္မဋ္ဌာန်းသည်သာလျှင်တည်း။ ဣတိ၊ ဤတွင် ဥဂ္ဂဟကောသလ္လ ပြောကြားပုံပြီး၏။

(၂၃၆) ၁ဂ၁။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သတ္တဓာ၊ ခုနစ်ပါး အပြား အားဖြင့်။ ဥဂ္ဂဟကောသလ္လံ အာစိက္ခိတွာ၊ ဥဂ္ဂဟကောသလ္လကို ပြောကြား ပြီးလျှင်။ အနုပုဗ္ဗတော၊ အံပင်, အမွေး-အစရှိသောအားဖြင့်လည်းကောင်း။ နာတိသီဃတော၊ မမြန်လွန်းသောအားဖြင့် လည်းကောင်း။ နာတိသဏိကတော၊ မနှေးလွန်းသောအားဖြင့် လည်းကောင်း။ ဝိက္ခေပပဋိဗာဟနတော၊ ပျံ့လွင့်ခြင်းကို မြစ်သောအားဖြင့် လည်းကောင်း။ ပဏ္ဏတ္တိသမတိက္ကမနတော၊ အံပင် အစရှိသောအမည်ပညတ်ကို ကျော်လွန်သောအားဖြင့် လည်းကောင်း။ အနုပုဗ္ဗမုဉ္စနတော၊ အစဉ်အတိုင်းမထင်သည်ကို လွှတ်သောအားဖြင့် လည်း ကောင်း။ အပ္ပနာတော၊ အပ္ပနာအားဖြင့်လည်းကောင်း။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ တယော စ သုတ္တန္တာ၊ သုံးပါးကုန်သော သုတ္တန်တို့လည်း ကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ဒသဓာ၊ ဆယ်ပါးအပြားအားဖြင့်။ မနသိ- ကာရကောသလ္လံ၊ မနသိကာရကောသလ္လကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ် ၏။ တတ္ထ၊ ထိုဆယ်ပါးတို့တွင်။ အနုပုဗ္ဗတောတိ၊ အနုပုဗ္ဗတော—ဟူသည် ကား။ အနုပုဗ္ဗတောတိ—ပဒဿ၊ အနုပုဗ္ဗတော-ဟူသောပုဒ်၏။ ဟိ၊ အကျယ် ကား။ ဣဒံ၊ ဤ ကာယဂတာသတိကမ္မဋ္ဌာန်းကို။ အာရဘန္တေန၊ အားထုတ် သော ယောဂီသည်။ သဇ္ဈာယကရဏတော ပဋ္ဌာယ၊ ရွတ်ဆိုခြင်းကိုပြုသည်မှ စ၍။ အနုပဋိပါဋိယာ၊ အံပင်, အမွေး-အစရှိသော အစဉ်ဖြင့်။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ဧကန္တရိကာယ၊ တစ်ခုကျော်အားဖြင့်။ န မနသိကာတဗ္ဗံ၊ နှလုံးမသွင်းအပ်။ ဟိ၊ အပြစ်ကိုပြဦးအံ့။ ဧကန္တရိကာယ၊ တစ်ခုကျော်အားဖြင့်။

မနသိကရောန္တော၊ နှလုံးသွင်းလျှင်။ ယထာ နာပ၊ ဥပမာမည်သည်ကား။ အကုသလော ပုရိသော၊ မလိမ္မာသော ယောကျ်ားသည်။ ဒွင်္ဂိုသပဒံ၊ သုံးဆယ့်နှစ်ထစ်ရှိသော။ နိဿေဏိံ၊ လှေကားကို။ ကေန္ဒ္ရိကာယ၊ တစ်ဆစ် ကျော်အားဖြင့်။ အာရောဟန္တော၊ တက်လျှင်။ ကိလန္တကာယော၊ ကိုယ် ပင်ပန်းသည်ဖြစ်၍။ ပတတိ ယထာ၊ လိမ့်ကျသကဲ့သို့ လည်းကောင်း။ အာရော- ဟနံ၊ တက်မှုကိစ္စကို။ န သမ္ပာဒေတိ ယထာ၊ မပြီးစေနိုင်သကဲ့သို့လည်းကောင်း။ ဧဝမေဝ၊ ထိုအတူပင်လျှင်။ ဘာဝနာသမ္ပတ္တိဝသေန၊ ဘာဝနာပြည့်စုံသည်၏ အစွမ်းအားဖြင့်။ အဓိဂန္တဗ္ဗဿ အဿာဒဿ၊ ရသင့်ရထိုက်သော သာယာဖွယ် ကို။ အနဓိဂမာ၊ မရခြင်းကြောင့်။ ကိလန္တစိတ္တော၊ စိတ်ပင်ပန်းသည်ဖြစ်၍။ ပတတိ၊ ဘာဝနာအလုပ်မှ ကျတတ်၏။ ဘာဝနံ၊ ဘာဝနာအလုပ်ကို။ န သမ္ပာဒေတိ၊ မပြီးစေနိုင်ပဲ ရှိတတ်၏။

အနုပုဗ္ဗတော၊ အစဉ်အတိုင်းအားဖြင့်။ မနသိကရောန္တေနာပိ၊ နှလုံးသွင်း သော ယောဂီသည်လည်း။ နာတိသီဃတော၊ မမြန်လွန်းသောအားဖြင့်။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ဟိ၊ အပြစ်ကိုပြဦးအံ့။ အတိသီဃတော၊ မြန်လွန်းသောအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ယထာ နာမ၊ ဥပမာမည်သည်ကား။ တိယောဇနမဂ္ဂံ၊ သုံးယူဇနာခရီး ကို။ ပဋိပဇ္ဇိတွာ၊ သွား၍။ ဝါ၊ သွားလျှင်။ ဩက္ကမနဝိဿဇ္ဇနံ၊ သွားသင့် မသွားသင့်သော အရပ်ကို။ အသလ္လက္ခေတွာ၊ မမှတ်မူ၍။ သီဃေန ဇဝေန၊ လျင်သော အဟုန်ဖြင့်။ သတက္ခတ္တုမ္ပိ၊ အကြိမ်တစ်ရာတိုင်အောင်လည်း။ ဂမနာဂမနံ၊ သွားခြင်း—ပြန်ခြင်းကို။ ကရောတော၊ ပြုသော။ ပုရိသဿ၊ ယောကျ်ားအား။ အဒ္ဓါနံ၊ ခရီးကား။ ပရိက္ခယံ၊ ကုန်ဆုံးခြင်းသို့။ ကိဉ္စာပိ ဂစ္ဆတိ၊ ရောက်ကား ရောက်ပေ၏။ အထ ခေါ၊ စင်စစ်သော်ကား။ ပုစ္ဆိတွာဝ၊ သွားတိုင်းသွားတိုင်း မေး၍သာလျှင်။ ဂန္တဗ္ဗံ၊ သွားအပ်သည်, သွားသင့် သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်လျှင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ပရိယောသာနံ၊ အဆုံးသို့။ ကိဉ္စာပိ ကေဝလံ ပါပုဏာတိ၊ ရောက်ရုံမျှသက်သက် ရောက်ပေ၏။ ပန၊ ထိုသို့ ရောက်သော် လည်း။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ အဝိဘူတံ ဟောတိ၊ မထင်ရှား။ ဝါ၊ ထင်ရှားသည်ကား မဟုတ်ပေ။ ဝိသေသံ၊ တရားထူးကို။ န အာဝဟတိ၊ မဆောင်နိုင်။ တသ္မာ၊ ထို့ကြောင့်။ နာတိသီဃတော၊ မမြန်လွန်းသောအား ဖြင့်။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

နာတိသီဃတော၊ မမြန်လွန်းသောအားဖြင့်။ မနသိကာတဗ္ဗံ ယထာ၊ နှလုံးသွင်းအပ်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ နာတိသဏိကတောပိ၊ မနှေးလွန်းသော

အားဖြင့်လည်း။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်ပေ၏။ ဟိ၊ အပြစ်သော်ကား။ အတိသဏိကတော၊ နေးလွန်းသောအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ယထာ နာမ၊ ဥပမာမည်သည်ကား။ တိယောဇနမဂ္ဂံ၊ သုံးယူဇနာရှိသော ခရီးကို။ တဒဟေဝ၊ ထိုနေ့ချင်းပင်လျှင်။ ဂန္တုကာမဿ ပုရိသဿ၊ ရောက်အောင်သွားလိုသောသူအား။ အန္တရာမဂ္ဂေ၊ လမ်းခရီးတွင်။ ဝါ၊ လမ်းခုလတ်တွင်။ ရုက္ခပဗ္ဗတတဋ္ဌာကာဒီသု၊ သစ်ပင်, တောင်, ဆည်, ကန်—စသည်တို့၌။ ဝိလမ္ဗမာနဿ၊ ဖင့်နွဲ့နေပါမူ။ မဂ္ဂေါ၊ ခရီးသည်။ ပရိက္ခယံ န ဂစ္ဆတိ၊ ပြီးဆုံးခြင်းသို့ မရောက်ပေ။ ဒွိဟတီဟေန၊ နှစ်ရက်, သုံးရက်ဖြင့်။ ပရိယောသာပေတဗ္ဗော ဟောတိ၊ ပြီးဆုံးစေရသကဲ့သို့။ ဧဝမေဝ၊ ထိုအတူပင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ပရိယောသာနံ န ဂစ္ဆတိ၊ အပြီးအဆုံးသို့ မရောက်ပဲ ရှိတတ်ပေ၏။ ဝိသေသာဓိဂမဿ၊ တရားထူးကိုရခြင်း၏။ ပစ္စယော န ဟောတိ၊ အကြောင်းအထောက်အပံ့ မဖြစ်ပဲရှိတတ်ပေ၏။

ဝိက္ခေပပဋိဗာဟနတောတိ၊ ဝိက္ခေပပဋိဗာဟနတော-ဟူသည်ကား။ ကမ္မ-ဋ္ဌာနံ ဝိဿဇ္ဇေတွာ၊ ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍။ ဗဟိဒ္ဓါ ပုထုတ္တာရမ္မဏေ၊ အပြင်ပဖြစ်သော အမျိုးမျိုးသော အာရုံ၌။ စေတသော ဝိက္ခေပေါ၊ စိတ်၏ ပျံ့လွင့်ခြင်းကို။ ပဋိဗာဟိတဗ္ဗော၊ တားမြစ်အပ်၏။ ဟိ၊ အပြစ်သော်ကား။ ယထာ နာမ၊ ဥပမာအားဖြင့်ကား။ အပ္ပဋိဗာဟတော၊ မတားမြစ်သောသူအား။ ဧကပဒိကံ၊ ခြေတစ်ဖဝါးစာ နင်းလောက်သော။ ပပါတ-မဂ္ဂံ၊ ကမ်းပါးပြတ်လမ်းကို။ ပဋိပန္နဿ ပုရိသဿ၊ သွားသောယောကျ်ား အား။ အက္ကမနပဒံ၊ နင်းသောခြေကို။ ဝါ၊ ခြေနင်းချရာအရပ်ကို။ ဝါ၊ ခြေနင်းကွက်ကို။ အသလ္လက္ခေတွာ၊ ကောင်းစွာ မမှတ်မူ၍။ ဣတော စိတော စ၊ ထိုမှ ဤမှလည်း။ ဝိလောကယတော၊ မျှော်ကြည့်သတ်သော်။ ဝါ၊ ဣတော စိတော စ ဝိလောကယတော၊ ထိုမှဤမှ မျှော်ကြည့်လတ်သော်။ ပဒဝါရော၊ ခြေလှမ်းအကြိမ်သည်။ ဝိရုဇ္ဈတိ၊ ချွတ်ယွင်းတတ်၏။ ဝါ-ပဒဝါရော ဝိရုဇ္ဈတိ၊ ခြေလှမ်းမှားတတ်၏။ တတော၊ ထို့ကြောင့်။ သတ-ပေါရိသေ ပပါတေ၊ အသူတရာနက်သော ကမ်းပါးပြတ်၌။ ပတိတဗ္ဗံ ဟောတိ ယထာ၊ ကျသွားရာသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ ဗဟိဒ္ဓါ၊ အပြင်ပ-အာရုံ၌။ ဝိက္ခေပေ သတိ၊ ပျံ့လွင့်လတ်သော်။ ကမ္မဋ္ဌာနံ ပရိဟာ-ယတိ၊ ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်၏။ ပရိဓံသတိ၊ ပျောက်ပျက်၏။ တသ္မာ၊ ထို့ကြောင့်။ ဝိက္ခေပပဋိဗာဟနတော၊ ပျံ့လွင့်ခြင်းကို မြစ်သောအားဖြင့်။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

(၂၃၇) ပဋ္ဋိကူလမနသိကာရဝိဘင်္ဂ။ ပဋိက္ကူလမနသိကာရ-ဟူသည်ကား။ ကေသာလောမာတိ အာဒိကာ၊ ဆံပင်, မွေးညင်း-အစရှိသော။ ယာ အယံ ပဏ္ဏတ္တိ၊ အကြင် လောကဝေါဟာရ-ပညတ်သည်။ အတ္ထိ၊ ရှိ၏။ တံ အတိက္ကမိတွာ၊ ထိုအမည်ပညတ်ကို ကျော်လွန်၍။ ပဋိက္ကူလန္တိ၊ စက်ဆုပ်ဖွယ်ဟု။ စိတ္တံ ဌပေတဗ္ဗံ၊ စိတ်ကို ထားအပ်၏။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ဥဒကဒုလ္လဘကာလေ၊ ရေ ရခဲသောအရပ်၌။ မနုဿာ၊ လူတို့သည်။ အရညေ၊ တောထဲ၌၊ ဥဒပါနံ ဒိသွာ၊ ရေတွင်းကိုတွေ့ရ၍။ တတ္ထ၊ ထိုအရပ်၌။ တာလပဏ္ဏာဒိကံ၊ ထန်းရွက်အစ ရှိသော။ ကိဉ္စိဒေဝ သညာဏံ၊ တစုံတခုသော အမှတ်အသားကို။ ဗန္ဓိတွာ၊ ဖွဲ့ချည်၍။ တေန သညာဏေန၊ ထိုအမှတ်အသားဖြင့်။ အာဂန္တွာ၊ လာကြ၍။ ဝါ၊ လာကြပြီးလျှင်။ နှာယန္တိ စေဝ၊ ရေလည်း ချိုးကြကုန်၏။ ပိဝန္တိ စ၊ သောက်လည်း သောက်ကြကုန်၏။ ယဒါ ပန၊ အကြင်အခါ၌ကား။ နေသံ မနုဿာနံ၊ ထိုလူတို့အား။ အဘိဏှသဉ္စာရေန၊ မပြတ်လှည့်လည် သွားလာခြင်းကြောင့်။ ဝါ၊ မကြာခဏ သွားခြင်းကြောင့်။ အာဂတာဂတပဒံ၊ လာသောခြေရာ-သွားသောခြေရာသည်။ ဝါ၊ အသွားအပြန် ခြေရာသည်။ ပါကဋံ ဟောတိ၊ ထင်ရှားလေ၏။ တဒါ၊ ထိုအခါ၌။ သညာဏေန၊ ထိုအမှတ်အသားဖြင့်။ ကိစ္စံ၊ ပြုဖွယ်ကိစ္စသည်။ န ဟောတိ၊ မရှိတော့ပြီ။ ဣစ္ဆိတိစ္ဆိတက္ခဏေ၊ အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏ၌။ ဂန္တွာ၊ သွားကြ၍၊ သွားကြပြီးလျှင်။ နှာယန္တိ စေဝ ယထာ၊ ချိုးလည်း ချိုးကြကုန်သကဲ့သို့ လည်းကောင်း။ ပိဝန္တိ စ ယထာ၊ သောက်လည်း သောက်ကြကုန်သကဲ့သို့ လည်းကောင်း။ ဧဝမေဝ၊ ထို့အတူ ပင်လျှင်။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ ကေသာလောမာတိပဏ္ဏတ္တိဝသေန၊ ဆံပင်, အမွေး—အစရှိသော အမည်ပညတ်အစွမ်းအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ပဋိက္ကူလဘာဝေါ၊ စက်ဆုပ်ဖွယ်အဖြစ်သည်။ ယဒါ၊ အကြင်အခါ၌။ ပါကဋော ဟောတိ၊ ထင်ရှား၏။ အထ၊ ထိုအခါ၌။ ကေသာလောမာတိပဏ္ဏတ္တိံ၊ ဆံပင်, အမွေး အစရှိသော အမည်ပညတ်ကို။ သမတိက္ကမိတွာ၊ ကျော်လွန်၍။ ပဋိက္ကူလဘာဝေယေဝ၊ စက်ဆုပ်ဖွယ်အဖြစ်၌သာလျှင်။ စိတ္တံ ဌပေတဗ္ဗံ၊ စိတ်ကိုထားအပ်ပေ၏။

အနုပုဗ္ဗမုဉ္စနတောတိ၊ အနုပုဗ္ဗမုဉ္စနတော-ဟူသည်ကား။ ယော ယော ကောဋ္ဌာသော၊ အကြင်အကြင် ကောဋ္ဌာသသည်။ န ဥပဋ္ဌာတိ၊ မထင်။ တံ တံ မုဉ္စန္တေန၊ ထိုထို မထင်သော ကောဋ္ဌာသကိုလွှတ်သဖြင့်။ အနုပုဗ္ဗမုဉ္စနတော၊ အစဉ်အတိုင်း မထင်သည်ကို လွှတ်သောအားဖြင့်။ မနသိကာတဗ္ဗံ၊

နှလုံးသွင်းအပ်၏။ ဟိ၊ ခဲ့ရှုပြဦးအံ့။ အာဒိကမ္မိကဿ၊ အားထုတ်ခါစ ယောဂီအား။ ကေသာတိမနသိကရောတော၊ ဆံပင်–ဟု နှလုံးသွင်းလျှင်။ မန–သိကာရော၊ နှလုံးသွင်းမှုသည်။ ဂန္တွာ၊ နှုတ်တိုက်ရနေသည့်အတိုင်း သွား၍။ မုတ္တန္တိ ဣမံ ပရိယောသာနကောဋ္ဌာသမေဝ၊ ကျင်ငယ်–ဟူသော ဤအဆုံးကောဋ္ဌာသသို့သာလျှင်။ အာဟစ္စ၊ ဆိုက်၍။ တိဋ္ဌတိ၊ တည်၏။ မုတ္တန္တိ စ မနသိကရောတော၊ ကျင်ငယ်–ဟု နှလုံးသွင်းပြန်လျှင်လည်း။ မနသိကာရော၊ နှလုံးသွင်းမှုသည်။ ဂန္တွာ၊ ပဋိလုံအားဖြင့် သွား၍။ ကေသာတိ ဣမံ အာဒိကောဋ္ဌာသမေဝ၊ ဆံပင် ဟူသော ဤကောဋ္ဌာသသို့သာလျှင်။ အာဟစ္စ တိဋ္ဌတိ၊ ဆိုက်ရောက်၍တည်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီအား။ မနသိကရောတော မနသိကရောတော၊ နှလုံးသွင်းစဉ်, နှလုံးသွင်းစဉ်။ ဝါ၊ နှလုံးသွင်းတိုင်း, နှလုံးသွင်းတိုင်း။ ကေစိ ကောဋ္ဌာသာ၊ အချို့သော ကောဋ္ဌာသတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ကေစိ၊ အချို့သော ကောဋ္ဌာသတို့သည်။ န ဥပဋ္ဌဟန္တိ၊ မထင်ကုန်။ တေန၊ ထိုယောဂီသည်။ ယေ ယေ၊ အကြင် အကြင် ကောဋ္ဌာသတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ တေသု တေသု၊ ထိုထို ကောဋ္ဌာသတို့၌သာလျှင်။ ယာဝ၊ အကြင်မျှလောက်။ ဒွီသု၊ နှစ်ခုသော ကောဋ္ဌာသတို့သည်။ ဥပဋ္ဌိတေသု၊ ထင်ကုန်လတ်သော်။ တေသမ္ပိ၊ ထိုထင်သော ကောဋ္ဌာသတို့တွင်လည်း။ ဧကော၊ တစ်ခုသော ကောဋ္ဌာသသည်။ သုဋ္ဌုတရံ ဥပဋ္ဌဟတိ၊ သာလွန်၍ထင်၏။ တာဝ၊ ထိုမျှလောက်။ ကမ္မံ၊ နှလုံးသွင်းမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဧဝံ ဥပဋ္ဌိတံ၊ ဤသို့ သာလွန်၍ထင်သော။ တမေဝ၊ ထို တစ်ခုသော ကောဋ္ဌာသကိုသာလျှင်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ မနသိကရောန္တဿ၊ နှလုံးသွင်းသည်ဖြစ်၍။ ဝါ၊ နှလုံးသွင်းသော ယောဂီသည်။ အပ္ပနာ ဥပ္ပါဒေတဗ္ဗာ၊ အပ္ပနာကို ဖြစ်စေအပ်ပေ၏။

တတြ၊ ထိုသို့ နှလုံးသွင်းရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဥပမာ၊ ဥပမာပေတည်း။ ဟိ၊ ခဲ့ရှုပြဦးအံ့။ ဒွတ္တိံသတာလကေ၊ ထန်း သုံးဆယ့်နှစ်ပင်ရှိသော။ တာလဝနေ၊ ထန်းတော၌။ ဝသန္တံ မက္ကဋံ၊ နေသောမျောက်ကို။ ဂဟေတုကာမော လုဒ္ဒေါ၊ ဖမ်းယူလိုသော မုဆိုးသည်။ အာဒိမှိ ဌိတ–တာလဿ၊ အစ၌ တည်သောထန်းပင်၏။ ပဏ္ဏံ၊ အရွက်ကို။ သရေန ဝိဇ္ဈိတွာ၊ မြားဖြင့်ပစ်၍။ ဥက္ကုဋ္ဌိံ ကရေယျ၊ ဟစ်အော် ချောက်လှန့်ခြင်းကို ပြုရာ၏။ အထ၊ ထိုအခါ၌။ သော မက္ကဋော၊ ထိုမျောက်သည်။ ပဋိ–ပါဋိယာ၊ အစဉ်အတိုင်း။ တသ္မိံ တသ္မိံ တာလေ၊ ထိုထို ထန်းပင်သို့။ ပတိတွာ၊ ခုန်လွှား၍။ ပရိယန္တတာလမေဝ၊ အစွန်ဆုံး ထန်းပင်သို့သာလျှင်။

ဂစ္ဆေယျ၊ ရောက်လေရာ၏။ တတ္ထပိ၊ ထိုထန်းပင်၌လည်း။ ဂန္တွာ၊ သွား၍။ လုဒ္ဒေန၊ မုဆိုးသည်။ တဒထ၊ ထိုအတူပင်။ ကဲ့တော၊ မြားဖြင့်ပစ်၍ အော်ဟစ်ခေါ်ချောက်လှန့်ခြင်းကို ပြုလျှင်။ ဝါ၊ ပြုသည်ရှိသော်။ ပုန၊ တဖန်။ တေနေဝ နယေန၊ ထိုနည်းဖြင့်ပင်လျှင်။ အာဒိတာလံ၊ အစ ထန်းပင်သို့။ အာဂစ္ဆေယျ၊ ပြန်လာရာ၏။ သော၊ ထိုမျောက်သည်။ ဧဝံ၊ ဤနည်းဖြင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပရိပါဋိယမာနော၊ အစွမ်းကုန် ခုန်သွားစေအပ်သည် ရှိသော်။ ဥက္ကုဋ္ဌုက္ကုဋ္ဌိဋ္ဌာနေယေဝ၊ ဟစ်အော်ရာ ဟစ်အော်ရာအရပ်၌သာလျှင်။ ဥဋ္ဌဟိတွာ၊ ထ၍။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဝါ၊ အစဉ်အတိုင်း။ ကေသိံ တာလေ၊ တစ်ခုသော ထန်းပင်၌။ ဝါ၊ တစ်ခုသော ထန်းပင်သို့၊ နိပတိတွာ၊ ခုန်လွှား၍။ တဿ ဝေမဇ္ဈေ၊ ထိုထန်းပင်၏ အလယ်၌။ မကုဋ္ဌတာလပဏ္ဏသူစိံ၊ ထန်းရွက်ဖူးတံကို။ ဒဠှံ ဂဟေတွာ၊ မြဲစွာကိုင်လျက်။ ဝိဇ္ဈိယမာနောပိ၊ မြားပြင့်ပစ်အပ်သော်လည်း။ န ဥဋ္ဌဟေယျ ယထာ၊ မထပဲ ရှိလေရာသကဲ့သို့၊ ဧဝံ၊ ဤအတူ။ ဣဒံ သမ္ပဒံ၊ ဤဥပမာ၏ ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်ပေ၏။

တတြ၊ ထိုဥပမာ၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ သြပမ္မသံသန္ဒနံ၊ ဥပမာနှင့် ဥပမေယျ နှီးနှောခြင်းပေတည်း။ ဟိ၊ ထင်ရှားအောင် ပြအံ့။ တာလဝနေ၊ ထန်းတော၌။ ဒွတ္တိံသတာလာ ယထာ။ သုံးဆယ့်နှစ်ပင်သော ထန်းပင်တို့ကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌။ ဒွတ္တိံသကောဋ္ဌာသာ၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ မက္ကဋော ဝိယ၊ မျောက်ကဲ့သို့။ စိတ္တံ၊ စိတ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ လုဒ္ဒေါ ဝိယ၊ မုဆိုးကဲ့သို့။ ယောဂါဝစရော၊ ယောဂီကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဒွတ္တိံသတာလဝနေ၊ သုံးဆယ့်နှစ်ပင်ရှိသော ထန်းတော၌။ မက္ကဋဿ၊ မျောက်၏။ နိဝါသော ဝိယ၊ နေခြင်းကဲ့သို့။ (၂၃၈) ဒွတ္တိံသကောဋ္ဌာသကေ ကာယေ၊ သုံးဆယ့်နှစ်ကောဋ္ဌာသရှိသော ကိုယ်၌။ အာရမ္မဏဝသေန၊ အာရုံပြုသော အလိုအားဖြင့်။ ယောဂိနော၊ ယောဂီ၏။ စိတ္တဿ အနုသဉ္စရဏံ၊ စိတ်အဖန်ဖန်ဖြစ်ခြင်း, ကျက်စားနေခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ လုဒ္ဒေန၊ မုဆိုးသည်။ အာဒိမှိ ဌိတတာလဿ၊ အစ၌တည်သော ထန်းပင်၏။ ပဏ္ဏံ၊ အရွက်ကို။ သရေန ဝိဇ္ဈိတွာ၊ မြားဖြင့်ပစ်၍။ ဥက္ကုဋ္ဌိယာ၊ ဟစ်အော် ကြွေးကြော်ခြင်းကို။ ဝါ၊ ဟစ်အော် ချောက်လှန့်ခြင်းကို။ ကတာယ၊ ပြုအပ်သော်။ ဥက္ကုဋ္ဌိယာ ကတာယ၊ ဟစ်အော် ချောက်လှန့်သော်။ မက္ကဋဿ၊ မျောက်၏။ တသ္မိံ တသ္မိံ တာလေ ပတိတွာ၊ ထိုထိုထန်းပင်သို့

နှလုံးသွင်းအပ်၏။ ဟိ၊ ချဲ့ရှုပြဦးအံ့။ အာဒိကမ္မိကဿ၊ အားထုတ်ခါစ ယော
ဂီအား။ ကေသာတိမနသိကရောတော၊ ဆံပင်-ဟု နှလုံးသွင်းလျှင်။ မန-
သိကာရော၊ နှလုံးသွင်းမှုသည်။ ဂန္တွာ၊ နှုတ်တိုက်ရနေသည့်အတိုင်း သွား၍။
မုတ္တန္တိ ဣမံ ပရိယောသာနကောဋ္ဌာသမေဝ၊ ကျင်ငယ်-ဟူသော ဤအဆုံး
ကောဋ္ဌာသသို့သာလျှင်။ အာဟစ္စ၊ ဆိုက်၍။ တိဋ္ဌတိ၊ တည်၏။ မုတ္တန္တိ စ
မနသိကရောတော၊ ကျင်ငယ်-ဟု နှလုံးသွင်းပြန်လျှင်လည်း။ မနသိကာရော၊
နှလုံးသွင်းမှုသည်။ ဂန္တွာ၊ ပဋိလုံအားဖြင့် သွား၍။ ကေသာတိ ဣမံ
အာဒိကောဋ္ဌာသမေဝ၊ ဆံပင် ဟူသော ဤကောဋ္ဌာသသို့သာလျှင်။ အာဟစ္စ
တိဋ္ဌတိ၊ ဆိုက်ရောက်၍တည်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီအား။
မနသိကရောတော မနသိကရောတော၊ နှလုံးသွင်းစဉ်, နှလုံးသွင်းစဉ်။ ဝါ၊
နှလုံးသွင်းတိုင်း, နှလုံးသွင်းတိုင်း။ ကေစိ ကောဋ္ဌာသာ၊ အချို့သော
ကောဋ္ဌာသတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ကေစိ၊ အချို့သော ကောဋ္ဌာသ
တို့သည်။ န ဥပဋ္ဌဟန္တိ၊ မထင်ကုန်။ တေန၊ ထိုယောဂီသည်။ ယေ ယေ၊
အကြင် အကြင် ကောဋ္ဌာသတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ တေသု တေသု၊
ထိုထို ကောဋ္ဌာသတို့၌သာလျှင်။ ယာဝ၊ အကြင်မျှလောက်။ ဒွီသု၊ နှစ်ခု
သော ကောဋ္ဌာသတို့သည်။ ဥပဋ္ဌိတေသု၊ ထင်ကုန်လတ်သော်။ တေသမ္ပိ၊
ထိုထင်သော ကောဋ္ဌာသတို့တွင်လည်း။ ဧကော၊ တစ်ခုသော ကောဋ္ဌာသ
သည်။ သုဋ္ဌုတရံ ဥပဋ္ဌဟတိ၊ သာလွန်၍ထင်၏။ တာဝ၊ ထိုမျှလောက်။
ကမ္မံ၊ နှလုံးသွင်းမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဧဝံ ဥပဋ္ဌိတံ၊ ဤသို့ သာလွန်
၍ထင်သော။ တမေဝ၊ ထို တစ်ခုသော ကောဋ္ဌာသကိုသာလျှင်။ ပုနပ္ပုနံ၊
အဖန်တလဲလဲ။ မနသိကရောန္တေန၊ နှလုံးသွင်းသည်ဖြစ်၍။ ဝါ၊ နှလုံးသွင်း
သော ယောဂီသည်။ အပ္ပနာ ဥပ္ပါဒေတဗ္ဗာ၊ အပ္ပနာကို ဖြစ်စေအပ်ပေ၏။

တတြ၊ ထိုသို့ နှလုံးသွင်းရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဥပမာ၊
ဥပမာပေတည်း။ ဟိ၊ ချဲ့၍ပြဦးအံ့။ ဒွတ္တိံသတာလကေ၊ ထန်း သုံးဆယ့်နှစ်
ပင်ရှိသော။ တာလဝနေ၊ ထန်းတော၌။ ဝသန္တံ မက္ကဋံ၊ နေသောမျောက်
ကို။ ဂဟေတုကာမော လုဒ္ဒေါ၊ ဖမ်းယူလိုသော မုဆိုးသည်။ အာဒိမှိ ဌိတ-
တာလဿ၊ အစ၌ တည်သောထန်းပင်၏။ ပဏ္ဏံ၊ အရွက်ကို။ သရေန
ဝိဇ္ဈိတွာ၊ မြားဖြင့်ပစ်၍။ ဥက္ကုဋ္ဌိံ ကရေယျ၊ ဟစ်အော် ချောက်လှန့်ခြင်း
ကို ပြုရာ၏။ အထ၊ ထိုအခါ၌။ သော မက္ကဋော၊ ထိုမျောက်သည်။ ပဋိ-
ပါဋိယာ၊ အစဉ်အတိုင်း။ တသ္မိံ တသ္မိံ တာလေ၊ ထိုထို ထန်းပင်သို့။
ပတိတွာ၊ ခုန်လွှား၍။ ပရိယန္တတာလမေဝ၊ အစွန်ဆုံး ထန်းပင်သို့သာလျှင်။

ဂစ္ဆေယျ၊ ရောက်လေရာ၏။ တတ္ထပိ၊ ထိုထန်းပင်၌လည်း။ ဂန္တွာ၊ သွား၍။ လုဒ္ဒေန၊ မုဆိုးသည်။ တဒေဝ၊ ထိုအတူပင်။ ကတေ၊ မြားဖြင့်ပစ်၍ အော်ဟစ်ချောက်လှန့်ခြင်းကို ပြုလျှင်။ ဝါ၊ ပြုသည်ရှိသော်။ ပုန၊ တဖန်။ တေနေဝ နယေန၊ ထိုနည်းဖြင့်ပင်လျှင်။ အာဒိတာလံ၊ အစ ထန်းပင်သို့။ အာဂစ္ဆေယျ၊ ပြန်လာရာ၏။ သော၊ ထိုမျောက်သည်။ ဧဝံ၊ ဤနည်းဖြင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပရိပါဠိယမာနော၊ အစွမ်းကုန် ခုန်သွားစေအပ်သည် ရှိသော်။ ဥက္ကုဋ္ဌုက္ကုဋ္ဌိဋ္ဌာနေယေဝ၊ ဟစ်အော်ရာ ဟစ်အော်ရာအရပ်၌ သာလျှင်။ ဥဋ္ဌဟိတွာ၊ ထ၍။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဝါ၊ အစဉ် အတိုင်း။ ဧကသ္မိံ တာလေ၊ တစ်ခုသော ထန်းပင်၌။ ဝါ၊ တစ်ခုသော ထန်းပင်သို့၊ နိပတိတွာ၊ ခုန်လွှား၍။ တဿ ဝေမဇ္ဈေ၊ ထိုထန်းပင်၏ အလယ် ၌။ မကုဋ္ဌတာလပဏ္ဏသူစိံ၊ ထန်းရွက်ဖူးတံကို။ ဒဠှံ ဂဟေတွာ၊ မြဲစွာကိုင် လျက်။ ဝိဇ္ဈိယမာနောပိ၊ မြားပြင့်ပစ်အပ်သော်လည်း။ န ဥဋ္ဌဟေယျ ယထာ၊ မထပဲ ရှိလေရာသကဲ့သို့၊ ဧဝံ၊ ဤအတူ။ ဣဒံ သမ္ပဒံ၊ ဤဥပမာ၏ ပြည့်စုံခြင်း ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်ပေ၏။

တတြ၊ ထိုရှဉ်ဥပမာ၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဩပမ္မသံသန္ဒနံ၊ ဥပမာနှင့် ဥပမေယျ နှီးနှောခြင်းပေတည်း။ ဟိ၊ ထင်ရှားအောင် ပြအံ့။ တာလဝနေ၊ ထန်းတော၌။ ဒွတ္တိံသတာလာ ယထာ။ သုံးဆယ့်နှစ်ပင်သော ထန်းပင်တို့ကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌။ ဒွတ္တိံသ- ကောဋ္ဌာသာ၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန် ၏။ မက္ကဋော ဝိယ၊ မျောက်ကဲ့သို့။ စိတ္တံ၊ စိတ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ လုဒ္ဒေါ ဝိယ၊ မုဆိုးကဲ့သို့။ ယောဂါဝစရော၊ ယောဂီကို။ ဒဋ္ဌဗ္ဗော၊မှတ်အပ် ၏။ ဒွတ္တိံသတာလဝနေ၊ သုံးဆယ့်နှစ်ပင်ရှိသော ထန်းတော၌။ မက္ကဋဿ၊ မျောက်၏။ နိဝါသော ဝိယ၊ နေခြင်းကဲ့သို့။ (၂၃၇) ဒွတ္တိံသကောဋ္ဌာသကေ ကာယေ၊ သုံးဆယ့်နှစ်ကောဋ္ဌာသရှိသော ကိုယ်၌။ အာရမ္မဏဝသေန၊ အာရုံ ပြုသော အလိုအားဖြင့်။ ယောဂိနော၊ ယောဂီ၏။ စိတ္တဿ အနုသဉ္စရဏံ၊ စိတ် အဖန်ဖန်ဖြစ်ခြင်း, ကျက်စားနေခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ လုဒ္ဒေန၊ မုဆိုးသည်။ အာဒိမှိ ဌိတတာလဿ၊ အစ၌တည်သော ထန်းပင်၏။ ပဏ္ဏံ၊ အရွက်ကို။ သရေန ဝိဇ္ဈိတွာ၊ မြားဖြင့်ပစ်၍။ ဥက္ကုဋ္ဌိယာ၊ ဟစ်အော် ကြွေးကြော်ခြင်းကို။ ဝါ၊ ဟစ်အော် ချောက်လှန့်ခြင်းကို။ ကတာယ၊ ပြုအပ်သော်။ ဥက္ကုဋ္ဌိယာ ကတာယ၊ ဟစ်အော် ချောက်လှန့်သော်။ မက္ကဋဿ၊ မျောက်၏။ တသ္မိံ တသ္မိံ တာလေ ပတိတွာ၊ ထိုထိုထန်းပင်သို့

ခုန်လွှား၍။ ပရိယန္တတာလဂမနံ ဝိယ၊ အဆုံးစွန်သောထန်းပင်သို့ ရောက်ခြင်းကဲ့သို့။ ယောဂိနော၊ ယောဂီ၏။ ဝါ၊ ယောဂီသည်။ ကေသာတိ၊ ဆံပင်-ဟု။ မနသိကာရေ အာရဒ္ဓေ၊ နှလုံးသွင်းလိုက်သည်ရှိသော်။ ဝါ၊ နှလုံးသွင်းလိုက်လျှင်။ ပဋိပါဋိယာ ဂန္တွာ၊ အစဉ်အတိုင်း သွား၍။ ပရိယောသာနကောဋ္ဌာသေယေဝ၊ အဆုံးဖြစ်သော ကောဋ္ဌာသ၌သာလျှင်။ စိတ္တဿ၊ စိတ်၏။ သဏ္ဌာနံ၊ တည်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပုနပစ္စာဂမနေပိ၊ တဖန်ပြန်လာလျှင်လည်း။ ဧသေဝ နယော၊ ဤနည်းအတူပင်တည်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပရိပါတိယမာနဿ၊ အစွမ်းကုန် ခုန်သွားစေအပ်သော။ (မက္ကဋဿ-မှာ စပ်ပါ။) ဝါ၊ အစွမ်းကုန် ခုန်သွားစေအပ်သည်ရှိသော်။ ဥက္ကုဋ္ဌုက္ကုဋ္ဌဋ္ဌာနေ၊ ဟစ်အော်ရာ ဟစ်အော်ရာ အရပ်၌သာလျှင်။ မက္ကဋဿ ဥဋ္ဌာနံ ဝိယ၊ မျောက်၏ ထခြင်းကဲ့သို့။ ပုနပ္ပုနံ မနသိကရောတော၊ အဖန်ဖန် နှလုံးသွင်းသော ယောဂီအား။ ကေသုစိ ကေသုစိ ဥပဋ္ဌိတေသု၊ အချို့အချို့သော ကောဋ္ဌာသတို့သာ ထင်ကုန်လတ်သော်။ အနုပဋ္ဌဟန္တေ ဝိဿဇ္ဇေတွာ၊ မထင်သော ကောဋ္ဌာသတို့ကို စွန့်လွှတ်၍။ ဥပဋ္ဌိတေသု၊ ထင်သော ကောဋ္ဌာသတို့၌သာ။ ပရိကမ္မဘာဝနံ၊ အားထုတ်စ ဘာဝနာဟူသော ပရိကံကိုပြုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဝါကျ၌ အနက်မြန်မာပြန်ရာဝယ် အစပ်ကိုသတိပြုပါ။) အနုက္ကမေန၊ အစဉ်အားဖြင့်။ ကေသုံ တာဒလ၊ တစ်ခုသော ထန်းပင်၌။ ဝါ၊ တစ်ခုသော ထန်းပင်သို့။ နိပတိတွာ၊ ခုန်သွား၍။ တဿ မဇ္ဈေ၊ ထိုထန်းပင်၏ အလယ်၌။ မကုဋ္ဌတာလပဏ္ဏသူစိံ၊ ထန်းရွက်ဖူးတံကို။ ဒဠှံ ဂဟေတွာ၊ မြဲစွာကိုင်လျက်။ ဝိဒ္ဓိယမာနဿပိ၊ မြားဖြင့်ပစ်အပ်သော်လည်း။ အနုဋ္ဌာနံ ဝိယ၊ မထခြင်းကဲ့သို့။ အဝသာနေ၊ နောက်ဆုံး၌။ ဒွီသု၊ နှစ်ပါးကုန်သော။ ဥပဋ္ဌိတေသု၊ ထင်သောကောဋ္ဌာသတို့တွင်။ တနည်း—ဥပဋ္ဌိတေသု၊ ထင်ကုန်သော။ ဒွီသု ကောဋ္ဌာသေသု၊ နှစ်ပါးသော ကောဋ္ဌာသတို့တွင်။ ဝါ၊ ဒွီသု ဥပဋ္ဌိတေသု၊ ကောဋ္ဌာသနှစ်ခုတို့ ထင်ကြကုန်ရာတွင်။ ယော ကောဋ္ဌာ-သော၊ အကြင်ကောဋ္ဌာသသည်။ သုဋ္ဌုတရံ၊ လွန်စွာ။ ဥပဋ္ဌာတိ၊ ထင်၏။ တမေဝ၊ သာ၍ထင်သော ထိုကောဋ္ဌာသကိုသာလျှင်။ ပုနပ္ပုနံ မနသိကရိတွာ၊ အဖန်တလဲလဲ နှလုံးသွင်း၍။ အပ္ပနာယ၊ အပ္ပနာစျာန်ကို။ ဥပ္ပါဒနံ၊ ဖြစ်စေခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အပရာပိ၊ တခြားလည်းဖြစ်သော။ ဥပမာ၊ ဥပမာကား။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ဒွတ္တိံသတာလံ ဂါမံ၊ သုံးဆယ့်နှစ်အိမ်ရှိသော ရွာကို။ ဥပနိဿာယ၊ မှီ၍။ ဝသန္တော၊ နေသော။ ပိဏ္ဍပါတိကော ဘိက္ခု၊ ဆွမ်းခံ

ရဟာန်းသည်။ ပဌမဂေဟေယေ၀၊ ပထမအိမ်၌ပင်လျှင်။ ဒွေ ဘိက္ခာ လဘိတွာ၊ နှစ်အိမ်စာဆွမ်းကို ရလျှင်။ ၀ါ၊ ရ၍။ ပရတော၊ နောက်၌။ ဧကံ၊ တစ်အိမ်ကို။ ၀ါ၊ တစ်အိမ်မှဆွမ်းကို။ ပိသာဒေ့ဝ်ယျ၊ စွန့်လွှတ်ရာ၏။ ပုနဒိ၀သေ၊ တဖန် နောက်တစ်နေ့၌။ တိဿော၊ တစ်အိမ်တည်းမှ သုံးအိမ်စာဆွမ်းတို့ကို။ လဘိတွာ၊ ရလျှင်။ ပရတော၊ နောက်၌။ ဒွေ၊ နှစ်အိမ်မှ ဆွမ်းတို့ကို။ ဝိဿ-ဇ္ဇေယျ၊ စွန့်လွှတ်ရာ၏။ တတိယဒိ၀သေ၊ တတိယနေ့၌။ ၀ါ၊ သုံးရက်မြောက်နေ့၌။ အာဒိမှိယေ၀၊ အစအိမ်၌ပင်လျှင်။ ပတ္တပူရံ လဘိတွာ၊ သပိတ်ပြည့်အောင် ရလျှင်။ အာသနသာလံ ဂန္တွာ၊ ဆွမ်းစားဇရပ်သို့သွား၍။ ပရိဘုဉ္ဇေယျ ယထာ၊ ဘုဉ်းပေးရာသကဲ့သို့။ ဧဝံ၊ ထို့အတူ။ ဣဒံ သမ္ပဒံ၊ ဤဥပမာနှင့် ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်သားအပ်၏။ ဟိ၊ ဥပမာနှင့် ဥပမေယျနှီးနှောပုံကို ချဲ့၍ပြအံ့။ ဒွတ္တိံသကုလဂါမော ဝိယ၊ သုံးဆယ့်နှစ်အိမ်ရှိသောရွာကဲ့သို့။ ဒွတ္တိံသာကာရော၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ပိဏ္ဍပါတိကော ဝိယ၊ ဆွမ်းခံရဟန်းကဲ့သို့။ ယောဂါ-ဝစရော၊ ယောဂီကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တံ ဂါမံ ဥပနိဿာယ၊ ထိုရွာကို မှီလျက်။ တဿ ၀ါသော ဝိယ၊ ထိုရဟန်း၏ နေခြင်းကဲ့သို့။ ဒွတ္တိံ-သာကာရေ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ၌။ ယောဂိနော၊ ယောဂီ၏။ ပရိကမ္မကရဏံ၊ ပရိကံပြုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပဌမဂေဟေ၊ ပထမအိမ်၌။ ဒွေ ဘိက္ခာ လဘိတွာ၊ နှစ်အိမ်စာဆွမ်းကို ရ၍။ ပရတော၊ နောက်၌။ ဧကိဿာ ဘိက္ခာယ၊ တစ်အိမ်စာဆွမ်းကို။ ဝိဿဇ္ဇနံ ဝိယ၊ စွန့်ခြင်းကဲ့သို့လည်းကောင်း။ ဒုတိယဒိ၀သေ၊ ဒုတိယနေ့၌။ တိဿော လဘိတွာ၊ သုံးအိမ်စာဆွမ်းကို ရ၍။ ပရတော၊ နောက်၌။ ဒွိန္နံ ဘိက္ခာနံ၊ နှစ်အိမ်မှဆွမ်းတို့ကို။ ဝိဿဇ္ဇနံ ဝိယ စ၊ စွန့်ခြင်းကဲ့သို့လည်းကောင်း။ မနသိကရောတော မနသိကရောတော၊ နှလုံးသွင်းစဉ် နှလုံးသွင်းစဉ်။ ၀ါ၊ နှလုံးသွင်းသောယောဂီ၏။ အနုပဋ္ဌဟန္တေ၊ မထင်သော ကောဋ္ဌာသတို့ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ဥပဋ္ဌိတေသု၊ ထင်သော ကောဋ္ဌာသတို့တွင်။ ယာဝ၊ အကြင်မျှလောက်။ ကောဋ္ဌာသဒွယေ၊ ကောဋ္ဌာသနှစ်ခု၌။ ပရိကမ္မကရဏံ၊ ပရိကံပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ဥပဋ္ဌိတေသု၊ ထင်သောကောဋ္ဌာသတို့၌။ ပရိကမ္မံ၊ ပရိကံကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တတိယဒိ၀သေ၊ တတိယနေ့၌။ အာဒိမှိယေ၀၊ အစအိမ်၌ ပင်လျှင်။ ပတ္တပူရံ လဘိတွာ၊ သပိတ်ပြည့်အောင် ရ၍။ အာသနသာလာယံ နိသီဒိတွာ၊ ဆွမ်းစားဇရပ်သို့သွားပြီးလျှင် ထိုဇရပ်၌ထိုင်၍။ ပရိဘောဂေါ ဝိယ၊ ဘုဉ်းပေးခြင်းကဲ့သို့။ ဒွီသု၊ နှစ်ခုသော ကောဋ္ဌာသတို့တွင်။ ယော ကောဋ္ဌာသော၊ အကြင်ကောဋ္ဌာသသည်။ သုဋ္ဌုတရံ ဥပဋ္ဌာတိ၊ သာလွန်၍

ထင်ရှား၏။ တမေဝ၊ ထင်ရှားသော ထိုကောဋ္ဌာသကိုသာလျှင်။ ပုနပ္ပုနံ မနသိကရိတွာ၊ အဖန်တလဲလဲ နှလုံးသွင်း၍။ အပ္ပနာယ၊ အပ္ပနာဈာန်ကို။ ဥပ္ပါဒနံ၊ ဖြစ်စေခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အပ္ပနာတောတိ၊ အပ္ပနာတော-ဟူသည်ကား။ အပ္ပနာကောဋ္ဌာသတော၊ အပ္ပနာ၏ဖြစ်ရာ ကောဋ္ဌာသအားဖြင့်။ ဝါ၊ ကောဋ္ဌာသတိုင်း ကောဋ္ဌာသ. တိုင်း အပ္ပနာဖြစ်သော အားဖြင့်။ ကေသာဒီသု၊ ဆံပင်စသည်တို့တွင်။ ဧကေကသ္မိံ ကောဋ္ဌာသေ၊ တစ်ခုခုသော ကောဋ္ဌာသ၌။ အပ္ပနာ ဟောတီတိ၊ အပ္ပနာဖြစ်သည်ဟု။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤအပ္ပနာအရာ၌။ အဓိပ္ပာယော၊ ဆိုလိုရင်းပေတည်း။

တယော စ သုတ္တန္တာတိ-ဧတ္ထ၊ တယော စ သုတ္တန္တာ ဟူသော စကားရပ်၌။ အဓိစိတ္တံ၊ အဓိစိတ္တ-သုတ် လည်းကောင်း။ သီတိဘာဝေါ၊ သီတိဘာဝ သုတ် လည်းကောင်း။ ဗောဇ္ဈင်္ဂကောသလ္လံ၊ ဗောဇ္ဈင်္ဂကောသလ္လ-သုတ် လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ တယော သုတ္တန္တာ၊ ဤသုံးပါးသော သုတ္တန်တို့ကို။ ဝီရိယသမာဓိယောဇနတ္ထံ၊ ဝီရိယနှင့်သမာဓိကို ယှဉ်ခြင်းအကျိုးငှာ။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤ တယော စ သုတ္တန္တာ—ဟူသော အရာ၌။ အဓိပ္ပာယော၊ ဆိုလိုရင်းပေတည်း။ တတ္ထ၊ ထိုတွင်။—

(၂၃၉) "ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ လွန်ကဲထူးမြတ်သော သမထ, ဝိပဿနာစိတ်ကို။ (အဓိ-လွန်ကဲထူးမြတ်သော + စိတ္တ-သမထ, ဝိပဿနာစိတ်။) အနုယုတ္တေန ဘိက္ခုနာ၊ အားထုတ်သော ရဟန်းသည်။ တီဏိ နိမိတ္တာနိ၊ သုံးပါးသော နိမိတ်တို့ကို။ ကာလေန ကာလံ၊ သင့်လျော်သောအခါ၌၊ ဝါ၊ ရံဖန်ရံခါ။ မနသိကာတဗ္ဗာနိ၊ နှလုံးသွင်းအပ်ကုန်၏။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ သမာဓိနိမိတ္တံ၊ သမာဓိနိမိတ်ကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ပဂ္ဂဟနိမိတ္တံ၊ ဝီရိယဟူသော ပဂ္ဂဟ နိမိတ်ကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ဥပေက္ခာနိမိတ္တံ၊ ဥပေက္ခာနိမိတ်ကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ လွန်ကဲထူးမြတ်သော သမထ, ဝိပဿနာစိတ်ကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သော ရဟန်းသည်။ ဧကန္တံ၊ စင်စစ်။ ဝါ၊ တသမတ်တည်း။ သမာဓိ—

နိမိတ္တညေဝ၊ သမာဓိနိမိတ်ကိုသာလျှင်။ သစေ မနသိကရေယျ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ တံ စိတ္တံ၊ ထိုဘာဝနာစိတ်သည်။ ကောသဇ္ဇာယ၊ ပျင်းရိခြင်းငှာ။ ဌာနံ၊ ဖြစ်ရာသော အကြောင်းသည်။ သံဝတ္တေယျ၊ ဖြစ်ပေရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ လွန်ကဲထူးမြတ်သော သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သော ရဟန်းသည်။ ကေန္တံ၊ စင်စစ်။ ဝါ၊ တသမတ်တည်း။ ပဂ္ဂဟနိမိတ္တညေဝ၊ ပဂ္ဂဟနိမိတ်ကိုသာလျှင်။ သစေ မနသိကရေယျ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ တံ စိတ္တံ၊ ထိုဘာဝနာစိတ်သည်။ ဥဒ္ဓစ္စာယ၊ ပျံ့လွင့်ခြင်းငှာ။ ဌာနံ၊ ဖြစ်ရာသော အကြောင်းသည်။ သံဝတ္တေယျ၊ ဖြစ်ပေရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ လွန်ကဲထူးမြတ်သော သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သော ရဟန်းသည်။ ကေန္တံ၊ စင်စစ်။ ဝါ၊ တသမတ်တည်း။ ဥပေက္ခာနိမိတ္တညေဝ၊ ဥပေက္ခာနိမိတ်ကိုသာလျှင်။ သစေ မနသိကရေယျ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ တံ စိတ္တံ၊ ထိုဘာဝနာစိတ်သည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ခြင်းငှာ။ ဝါ၊ ကုန်ရန်အတွက်။ သမ္မာ၊ ကောင်းစွာ။ န သမာဓိယေယျ၊ မတည်ကြည်ရာ။ ဌာနံ၊ မတည်ကြည်ရာသော အကြောင်းသည်။ သံဝတ္တေယျ၊ ဖြစ်ပေရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စ၊ ထိုသို့ မဟုတ်မူ၍။ ခေါ၊ စင်စစ်။ ယတော၊ အကြင်ကြောင့်။ အဓိစိတ္တံ အနုယုတ္တော၊ ထူးကဲလွန်မြတ်သော သမထ ဝိပဿနာစိတ်ကို အားထုတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ သမာဓိနိမိတ္တံ၊ သမာဓိနိမိတ်ကို။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ပဂ္ဂဟနိမိတ္တံ၊ ပဂ္ဂဟနိမိတ်ကို။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ဥပေက္ခာနိမိတ္တံ၊ ဥပေက္ခာနိမိတ်ကို။ မနသိကရောတိ၊ နှလုံးသွင်း၏။ (တတော၊ ထို့ကြောင့်။) တံ စိတ္တံ၊ ထိုဘာဝနာစိတ်သည်။ မုဒုဥ္စ၊ နူးညံ့သည်လည်းကောင်း။ ကမ္မညဉ္စ၊ အမှုဌ်ခံသည်လည်းကောင်း။ ပဘဿရဉ္စ၊ အညစ်အကြေးကင်းလျက် တောက်ပသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ န စ ပဘင်္ဂု၊ ပျက်စီးခြင်းလည်း မရှိပေ။ (ပဘဿရံ-ဟူသည်မှာ ညစ်ငြူး ကြောင်း ဥပက္ကိလေသကင်းသဖြင့် ထက်ဝန်းကျင်စင်ကြယ်၏၊ ထက်ဝန်းကျင်ဖြူစင်၏။ ဤကား တောက်ပ၏ ဟူသောစကား၏ အနက်။ န စ ပဘင်္ဂု—ဟူသည်မှာ ဘာဝနာအမှုဌ် ခန့်ကျန်းသန်စွမ်းသည်၏ အဖြစ်သို့ ရောက်သဖြင့် ချတ်ယွင်းပျက်ကွက်ခြင်းလည်း မရှိ။ ဥပမာ-

ကောင်းစွာ စင်ကြယ်စေပြီးသော ရွှေစင်ရွှေကောင်သည် အလိုရှိသော အဆင်တန်ဆာ ပြုလုပ်ရန် ခံ့သကဲ့သို့တည်း။–ဋီကာ။) အာသဝါနံ ခယာယ၊ အာသဝေါတရားတို့ ကုန်ရန်အတွက်။ သမ္မာ၊ ကောင်းစွာ။ သမာဓိယတိ၊ တည်ကြည်ပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်ဆရာသည် လည်းကောင်း။ ဝါ၊ ရွှေပန်းထိမ်ဆရာဖြစ်စေ။ သုဝဏ္ဏကာရန္တေဝါသီ ဝါ၊ ရွှေပန်းထိမ်တပည့်သည်လည်းကောင်း။ ဝါ၊ ရွှေပန်းထိမ်တပည့်ဖြစ်စေ။ ဥက္ကံ၊ မိုက်ခွက်ကို။ ဝါ၊ လုံကို။ ဗန္ဓတိ၊ ဖွဲ့ရာ ပြုလုပ်ရာ၏။ ဥက္ကံ ဗန္ဓိတွာ၊ ထိုမိုက်ခွက်— လုံကို ပြုလုပ်ပြီးလျှင်။ ဥက္ကာမုခံ၊ မိုက်ခွက်အဝကို။ အာလိမ္ပေတိ၊ လောင်စေရာ၏။ ဥက္ကာမုခံ အာလိမ္ပေတွာ၊ မိုက်ခွက်အဝကိုလောင်စေပြီးလျှင်။ သဏ္ဍာသေန၊ ညှပ်ဖြင့်။ ဇာတရူပံ ဂဟေတွာ၊ ရွှေကိုယူ၍။ ဥက္ကာမုခေ၊ မိုက်ခွက်အဝ၌။ ပက္ခိပိတွာ၊ ထည့်ပြီးလျှင်။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ အဘိဓမတိ။ မီးဖြင့်မှုတ်၏။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ဥဒကေန၊ ရေဖြင့်။ ပရိပ္ဖေါသေတိ၊ ဖျန်း၏။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်ဆရာသည် လည်းကောင်း။ ဝါ၊ ရွှေပန်းထိမ်ဆရာဖြစ်စေ။ သုဝဏ္ဏကာရန္တေဝါသီ ဝါ၊ ရွှေပန်းထိမ်တပည့်သည်လည်းကောင်း။ ဝါ၊ ရွှေပန်းထိမ်တပည့်ဖြစ်စေ။ တံ ဇာတရူပံ၊ ထိုရွှေကို။ ကေဝလံ၊ စင်စစ်။ ဝါ၊ တသမတ်တည်း။ သစေ အဘိဓမေယျ၊ အကယ်၍ မှုတ်နေငြားအံ့။ တံ ဇာတရူပံ၊ ထိုရွှေကို။ ဍဟေယျ၊ အရည်ပျော်အောင် လောင်ရာ၏။ ဌေသာ၊ ထိုအရည်ပျော်အောင် လောင်ခြင်း၏။ (ထည့်။) ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်ဆရာသည်လည်းကောင်း။ သုဝဏ္ဏကာရန္တေဝါသီ ဝါ၊ ရွှေပန်းထိမ်တပည့်သည်လည်းကောင်း။ တံ ဇာတရူပံ၊ ထိုရွှေကို။ ကေဝလံ၊ စင်စစ်။ ဥဒကေန၊ ရေဖြင့်။ သစေ ပရိပ္ဖေါသေယျ၊ အကယ်၍ ဖျန်းနေငြားအံ့။ တနည်း—ဥဒကေန သစေ ပရိပ္ဖေါသေယျ၊ အကယ်၍ ရေဖြင့်ဖျန်းနေငြားအံ့။ တံ ဇာတရူပံ၊ ထိုရွှေသည်။ နိဗ္ဗာယေယျ၊ အေးလေရာ၏။ ဌေသာ၊ ထိုအေးခြင်း၏။ (ထည့်။) ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်ဆရာသည်လည်းကောင်း။ သုဝဏ္ဏကာရန္တေ-

ဝါသိ ဝါ၊ ရွှေပန်းထိမ်တပည့်သည်လည်းကောင်း။ တံ ဇာတရူပံ၊ ထိုရွှေကို။ ကေန္တံ၊ စင်စစ်။ ဝါ၊ တသမတ်တည်း။ သစေ အဇ္ဈု- ပေက္ခေယျ၊ အကယ်၍ လျစ်လျူရှုနေငြားအံ့။ တံ ဇာတရူပံ၊ ထိုရွှေသည်။ သမ္မာ ပရိပါကံ၊ ကောင်းစွာ ရင့်ကျက်ခြင်းသို့။ န ဂစ္ဆေယျ၊ မရောက်ရာ။ တေသ၊ ထိုမရင့်ကျက်ခြင်း၏။ (ယည့်။) ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝါ၊ စင်စစ် သော်ကား။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်ဆရာသည်လည်း ကောင်း။ သုဝဏ္ဏကာရန္တေဝါသိ ဝါ၊ ရွှေပန်းထိမ်တပည့်သည် လည်းကောင်း။ တံ ဇာတရူပံ၊ ထိုရွှေကို။ ကာလေန ကာလံ၊ ရံဖန် ရံခါ။ အဘိဓမတိ၊ မီးဖြင့်မှုတ်၏။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ဥဒကေန ပရိပ္ဖေါသေတိ၊ ရေဖြင့် ဖျန်း၏။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ တတော၊ ထို့ကြောင့်။ (ထည့်။) တံ ဇာတရူပံ၊ ထိုရွှေသည်။ မုဒုဉ္စ၊ နူးလည်းနူးညံ့ပေ၏။ ကမ္မညဉ္စ၊ အမှု၌လည်း ခံ့ပေ၏။ ပဘဿရဉ္စ၊ အညစ်အကြေးကင်း လျက် သန့်ရှင်းတောက်ပလည်း တောက်ပပေ၏။န စ ပဘင်္ဂု၊ ချွတ်ယွင်း ပျက်စီးခြင်းလည်း မရှိပေ။ ကမ္မာယ၊ လက်စွပ်, လက်ကောက် စသော အထူးထူးသောအမှုအလို့ငှာ။ သမ္မာ ဥပေတိ၊ ကောင်းစွာ ရောက်ပေ၏။ ယဿာ ယဿာ စ ပိဠန္ဓနဝိကတိယာ၊ အကြင်အကြင် တန်ဆာအထူးဖြင့်။ အာကင်္ခတိ၊ အလိုရှိ၏။ ပဋ္ဋိကာယ၊ သင်းကျစ် ပြားဖြင့်။ ယဒိ အာကင်္ခတိ၊ အကယ်၍ အလိုရှိအံ့။ ကုဏ္ဍလာယ၊ နားတောင်းဖြင့်။ ယဒိ အာကင်္ခတိ၊ အကယ်၍ အလိုရှိအံ့။ (၂၄၀) ဂီဝေယျာယ၊ လည်ဆွဲတန်ဆာဖြင့်။ ယဒိ အာကင်္ခတိ၊ အကယ်၍ အလိုရှိအံ့။ သုဝဏ္ဏမာလာယ၊ ရွှေပန်းကုံးဖြင့်။ ယဒိ အာကင်္ခတိ၊ အကယ်၍ အလိုရှိအံ့။ တံ ပိဠန္ဓနဝိကတိသင်္ခါတံ၊ ထိုတန်ဆာအထူး ဟုဆိုအပ်သော။ အတ္ထဉ္စ၊ အလိုရှိသမျှ အကျိုးသည်လည်း။ အဿ သုဝဏ္ဏကာရဿ၊ ထိုရွှေပန်းထိမ်သည်အား။ အနုဘောတိ သာဓေတိ၊ ပြီးစေနိုင်ပါပေ၏။ တနည်း—အဿ သုဝဏ္ဏကာရဿ၊ ထိုရွှေ၏။ တဉ္စ အတ္ထံ၊ ထိုအလိုရှိသမျှ အဆင်တန်ဆာဟူသော အကျိုးကိုလည်း။ အနုဘောတိ၊ ခံစားရပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝ မေဝ၊ ထို့အတူပင်။ အဓိစိတ္တံ အနု- ယုတ္တေန၊ လွန်ကဲထူးမြတ်သော သမထ, ဝိပဿနာစိတ်ကို အားထုတ် သော ရဟန်းသည်။ပ။ အာသဝါနံ ခယာယ၊ အာသဝေါတရားတို့

ကုန်ခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ သမာဓိယတိ၊ တည်ကြည်၏။ အဘိညာ သစ္ဆိကရဏီယဿ၊ ဣဒ္ဓိဝိဓ စသော ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော။ ယဿ ယဿ ဓမ္မဿ၊ အကြင်အကြင် တရားကို။ အဘိညာ သစ္ဆိကိရိယာယ၊ ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုရန်အလို့ငှာ။ စိတ္တံ၊ စိတ်ကို။ အဘိနိန္နာမေတိ၊ ရှေးရှုညွတ်စေ၏။ သတိ သတိ အာယတနေ၊ ထိုထို ပုဗ္ဗဟေတု—စသော အကြောင်း ရှိလတ်သော်။ တတြ တတြေဝ၊ ထိုထို မျက်မှောက်ပြုထိုက်သော တရား၌သာလျှင်။ သက္ခိဘဗ္ဗတံ ပါပုဏာတိ၊ မျက်မြင်ကိုယ်တိုင် တွေ့ရှိ သောသူအဖြစ်သို့ ရောက်လေ၏။" ဣတိ၊ ဤသို့။—

ဣဒံ သုတ္တံ၊ ဤသုတ်ကို။ အဓိစိတ္တန္တိ၊ အဓိစိတ္တသုတ်ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်ပေ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ ဆဟိ ဓမ္မေဟိ၊ ခြောက်ပါးသော တရားတို့နှင့်။ သမန္နာဂတော ဘိက္ခု၊ ပြည့်စုံသောရဟန်းသည်။ အနုတ္တရံ၊ အတုမရှိသော။ ဝါ၊ အမြတ်ဆုံးဖြစ်သော။ သီတိဘာဝံ၊ အေးချမ်းရာဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုရန်အလို့ငှာ။ ဘဗ္ဗော၊ ထိုက်ပေ၏။ ကတမေဟိ၊ အဘယ်မည်ကုန်သော။ ဆဟိ ဓမ္မေဟိ၊ ခြောက်ပါးသောတရားတို့နှင့်။ သမန္နာဂတော ဘိက္ခု၊ ပြည့်စုံသော ရဟန်းသည်။ အနုတ္တရံ၊ အတုမရှိသော။ ဝါ၊ မြတ်သော။ သီတိဘာဝံ၊ အေးချမ်းရာဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုရန်အလို့ငှာ။ ဘဗ္ဗော၊ ထိုက်သနည်း။ (အပြည့်စုံဖော်၍မေး။) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဟေတဗ္ဗံ၊ နှိပ်သင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဏှာတိ၊ နှိပ်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဟေတဗ္ဗံ၊ ချီးပင့်သင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးပင့်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ သမ္ပဟံသိတဗ္ဗံ၊ ရွှင်စေသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ သမ္ပဟံသေတိ၊ ရွှင်စေ၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခိတဗ္ဗံ၊ လျစ်လျူရှုသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ပဏီတာဓိမုတ္တိကော စ၊ မြတ်သော

မဂ်—ဖိုလ်၌ နှလုံးသွင်း ဥဿုတ်ကိုင်း၏။ နိဗ္ဗာနာဘိရကော၊ နိဗ္ဗာန်၌ မွေ့လျော်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤ ခြောက်ပါးသော တရားတို့နှင့်။ သမန္နာဂတော ဘိက္ခု၊ ပြည့်စုံသော ရဟန်းသည်။ အနုတ္တရံ၊ အတုမရှိသော။ ဝါ၊ မြတ်သော။ သီတိဘာဝံ၊ အေးချမ်းရာဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုခြင်းငှာ။ ဘဗ္ဗော၊ ထိုက်ပေ၏။" ဣတိ၊ ဤသို့။—

ဣဒံ သုတ္တံ၊ ဤသုတ်ကို။ အနုတ္တရံ သီတိဘာဝေါတိ အနုတ္တရံ သီတိဘာဝ-သုတ်ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်ပေ၏။

ပန၊ အဖို့ဘပါးကိုဆိုအံ့။ ဗောဇ္ဈင်္ဂကောသလ္လံ၊ ဗောဇ္ဈင်္ဂကောသလ္လ သုတ်ကို။ "ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်ဆုတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ အကာလော၊ သင့်လျော်သောအခါမဟုတ်ပေ။" ဣတိ၊ ဤသို့။ အာဂ္ဂနာ—ကောသလ္လကထာယံ၊ အပ္ပနာကောသလ္လကထာ၌။ ဒဿိတာမေဝ၊ ပြခဲ့ပြီးပင် ဖြစ်၏။

ဣတိ၊ ယခုပြဆိုခဲ့သည့်အတိုင်း။ သတ္တဝိဓံ၊ ခုနစ်ပါးအပြားရှိသော။ ဣဒံ ဥဂ္ဂဟကောသလ္လံ၊ ဤဥဂ္ဂဟကောသလ္လကို။ သုဂ္ဂဟိတံ ကတွာ၊ ကောင်းစွာမှတ်ယူပြီးလျှင်။ ဒသဝိဓံ၊ ဆယ်ပါးအပြားရှိသော။ ဣဒဥ္စ မနသိကာရကောသလ္လံ၊ ဤမနသိကာရကောသလ္လကို။ သုဋ္ဌု ဝဝတ္ထပေတွာ၊ ကောင်းစွာပိုင်းခြား မှတ်သား၍။ တေန ယောဂိနာ၊ ထိုယောဂီသည်။ ဥဘယကောသလ္လဝသေန၊ နှစ်ပါးသောကောသလ္လတို့၏ အစွမ်းအားဖြင့်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ သာဓုကံ၊ ကောင်းစွာ။ ဥဂ္ဂဟေတဗ္ဗံ၊ သင်ယူအပ်ပေ၏။ စ၊ ဆက်ဦးအံ့။ အဿ၊ ထိုယောဂီအား။ အာစရိယေန သဒ္ဓိံ၊ ကမ္မဋ္ဌာန်းဆရာနှင့်အတူ။ ဧကဝိဟာ-ရေယေဝ၊ တစ်ကျောင်းတည်း၌ပင်။ ဖာသု၊ ချမ်းသာသည်။ ဝါ၊ အဆင်ပြေသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံ၊ ဤ ယခုပြဆိုခဲ့သော အတိုင်း။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အကထာပေတွာ၊ မဟောစေမူ၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ သုဋ္ဌု ဝဝတ္ထပေတွာ၊ ကောင်းစွာပိုင်းခြား မှတ်သား၍။ ကမ္မဋ္ဌာနံ အနုယုဉ္ဇန္တေန၊ ကမ္မဋ္ဌာန်းကို အားထုတ်လျက်။ ဝါ၊ အဖန်တလဲလဲ အားထုတ်သည်ဖြစ်၍။ ဝိသေသံ၊ ဘာဝနာ၏ ရှေ့နောက်ထူးခြားခြင်းကို။ လဘိတွာ၊ ရပြီးလတ်သော်။ ဥပရူပရိ၊ အထက်အထက်၌။ ဝါ၊ တိုးတက်၍ တိုးတက်၍။ ကထာပေတဗ္ဗံ၊ ဟောကြားစေအပ်၏။ အညတ္ထ၊

အခြားအရပ်, အခြားကျောင်း၌။ ဝသိတုကာမေန၊ နေလိုသော ယောဂီသည်။ ယထာဝုတ္တေန ဝိဓိနာ၊ ပြဆိုခဲ့ပြီးသော အစီအရင်ဖြင့်။ ဝိဘာဂရတော၊ အကျယ်အားဖြင့်။ ကထာပေတွာ၊ ဟောကြားစေပြီးလျှင်။ ဝါ၊ ဝိတ္ထာရေ-တော ကထာပေတွာ၊ အကျယ်ဟောကြား စေပြီးလျှင်။ ပုနပ္ပုနံ၊ အဖန် တလဲလဲ။ ပရိဝတ္တေတွာ၊ ပြန်လှန်၍။ သဗ္ဗံ၊ အလုံးစုံသော။ ကမ္မဋ္ဌာနံ၊ အထုံးအဖွဲ့ ခက်ဆစ်ဌာနကို။ ဆိန္ဒိတွာ၊ ဖြတ်ပယ် ရှင်းလင်းပြီးလျှင်။ ပထဝီ-ကသိဏနိဒ္ဒေသေ၊ ပထဝီကသိဏနိဒ္ဒေသ၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ အနနုရူပံ သေနာသနံ ပဟာယ၊ မလျော်သောကျောင်းကို ပယ်၍။ (၂၄၁) အနုရူပေ ဝိဟာရေ၊ လျော်သောကျောင်း၌။ ဝသ-န္တေန၊ နေလျက်။ ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ ကတွာ၊ ပလိဗောဓငယ်များကို ဖြတ်၍။ ပဋိက္ကူလမနသိကာရေ၊ စက်ဆုပ်ဖွယ် ဟု နှလုံးသွင်းရသော ကာယဂတာသတိကမ္မဋ္ဌာန်း၌။ ပရိကမ္မံ၊ စ၍ အားထုတ်ခြင်းဟူသော ပရိကံကို။ ကာတဗ္ဗံ၊ ပြုအပ်ပေ၏။

ပန၊ ဆက်ဦးအံ့။ ကရောန္တေန၊ ပရိကံကိုပြုသော ယောဂီသည်။ ကေသေ-သု၊ ဆံပင်တို့၌။ တာဝ၊ ရှေးဦးစွာ။ နိမိတ္တံ၊ အသုဘထင်ကြောင်း နိမိတ်ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ကထံ ဂဟေတဗ္ဗံ၊ အဘယ်သို့ ယူအပ်သနည်း?ဟူမူ။ ဧကံ ဝါ ကေသံ၊ တစ်ခုသော ဆံပင်ကိုလည်းကောင်း။ ဒွေ ဝါ ကေသေ၊ နှစ်ခုသော ဆံပင်တို့ကို လည်းကောင်း။ တနည်း-ဧကံ ဝါ ကေသံ ဒွေ ဝါ ကေသေ၊ တစ်ခုနှစ်ခုသော ဆံပင်တို့ကို။ လုဉ္စိတွာ၊ နှုတ်ယူပြီးလျှင်။ ဟတ္ထ-တလေ ဌပေတွာ၊ လက်ဝါးပြင်၌ တင်ထား၍။ ဝဏ္ဏော၊ အဆင်းကို။ တာဝ၊ ရှေးဦးစွာ။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြား မှတ်သားအပ်ပေ၏။ ဆိန္န-ဋ္ဌာနေပိ၊ ခေါင်းရိတ်ရာအရပ်၌လည်း။ ကေသေ ဩလောကေတုံ၊ ဆံပင်တို့ကို ကြည့်ရှုရန်အလို့ငှာ။ ဝဋ္ဋတိ၊ သင့်ပေ၏။ ဥဒကပတ္တေ ဝါ၊ ရေခွက်၌သော် လည်းကောင်း။ ယာဂုပတ္တေ ဝါ၊ ယာဂုခွက်၌သော် လည်းကောင်း။ ဩ-လောကေတုမ္ပိ၊ ကြည့်ရှုရန်လည်း။ ဝဋ္ဋတိယေဝ၊ သင့်သည်သာတည်း။ ကာဠက ကာလေ၊ မည်းနက်စဉ်ကာလ၌။ ဒိသွာ၊ ကြည့်ရှု၍။ ကာဠကာတိ၊ မည်းနက်ကုန်၏ဟု။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ သေတကာလေ၊ ဆံဖြူသောကာလ၌။ သေတာတိ၊ ဖြူကုန်၏ဟု။ မနသိကာတဗ္ဗာ၊ နှလုံးသွင်း အပ်ကုန်၏။ မိဿကကာလေ ပန၊ အမည်း-အဖြူရောသော ကာလ၌။ ဥဿဒ-ဝသေန၊ များရာ၏ အစွမ်းအားဖြင့်။ မနသိကာတဗ္ဗာ ဟောန္တိ၊ နှလုံးသွင်း အပ်ကုန်၏။ စ၊ ဆက်ဦးအံ့။ ကေသေသု၊ ဆံပင်တို့၌။ ဒိသွာ၊ ကြည့်၍။

နိမိတ္တံ၊ နိမိတ်ကို။ ဂဟေတဗ္ဗံ ယထာ၊ ယူအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သကလေပိ တစပဉ္စကေ၊ အလုံးစုံသော တစပဉ္စကၥ၌သည်း။ဒိသွာဝ၊ ကြည့်ရှုသာလျှင်။ နိမိတ္တံ ဂဟေတဗ္ဗံ၊ နိမိတ်ကို ယူအပ်ပေ၏။

## ကောဋ္ဌာသတို့ကို ပိုင်းခြားပုံ ပြဆိုချက်

၁၈၂။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ နိမိတ္တံ ဂဟေတွာ၊ နိမိတ်ကို ယူပြီးလျှင်။ သဗ္ဗကောဋ္ဌာသေ၊ အလုံးစုံသော ကောဋ္ဌာသတို့ကို။ ဝဏ္ဏသဏ္ဌာန–ဒိသောကာသပရိစ္ဆေဒဝသေန၊ အဆင်း, သဏ္ဌာန်, အရပ်မျက်နှာ, တည်ရာ, အပိုင်းအခြား—တို့၏ အစွမ်းအားဖြင့်။ ဝဝတ္ထပေတွာ၊ ပိုင်းခြား ဆုံးဖြတ်ပြီးလျှင်။ ဝဏ္ဏသဏ္ဌာနဂန္ဓအာသယောကာသဝသေန၊ အဆင်း, သဏ္ဌာန်, အနံ့, မှီရာအကြောင်း, တည်ရာ—တို့၏ အစွမ်းအားဖြင့်။ ပဉ္စဓာ၊ ငါးပါးအပြားအားဖြင့်။ ပဋိက္ကူလတော၊ စက်ဆုပ်ဖွယ်ရှိသည်၏ အဖြစ်ကို။ ဝဝတ္ထပေ-တဗ္ဗာ၊ ပိုင်းခြား မှတ်သားအပ်၏။

တတြ၊ ထိုသို့ မှတ်သားရာ၌။အယံ၊ယာဉ်ဆိုမည့်စကားသည်။ သဗ္ဗကောဋ္ဌာ-သေသု၊ အလုံးစုံသော ကောဋ္ဌာသတို့၌။ အနုပုဗ္ဗကထာ၊ အစဉ်အတိုင်းပြဆိုသော စကားပေတည်း။ တာဝ၊ ရှေးဦးစွာ။ ကေသာ၊ ဆံပင်တို့သည်။ ပကတိဝဏ္ဏေန၊ ပကတိအဆင်းအားဖြင့်။ ကာဠကာ၊ မည်းနက်ကုန်၏။ အဒ္ဒါရိဋ္ဌကဝဏ္ဏာ၊ ပုတီးနက်သီး အဆင်းရှိကုန်၏။ သဏ္ဌာနတော၊ ပုံသဏ္ဌာန်အားဖြင့်။ ဒီဃဝဋ္ဋလိကာ၊ ရှည်၍ လုံးကုန်၏။ တုလာဒဏ္ဍသဏ္ဌာနာ၊ ချိန်ခွင်တံ သဏ္ဌာန် ရှိကုန်၏။ ဒိသတော၊ အရပ်မျက်နှာအားဖြင့်။ ဥပရိမဒိသာယ၊ အထက်အရပ်မျက်နှာ၌။ ဇာတာ၊ ဖြစ်ကုန်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဥဘောသု ပဿေသု၊ နံပါးနှစ်ဘက်တို့၌။ ကဏ္ဏစူဠိကာဟိ၊ နားပန်းစွန်းတို့ဖြင့်။ ပုရတော၊ ရှေ့ဘက်၌။ နလာဋန္တေန၊ နဖူးပြင် အဆုံးဖြင့်။ ပစ္ဆတော၊ နောက်ဘက်၌။ ဂလဝါဋကေန၊ လည်ကုတ်တွင်းဖြင့်။ ပရိစ္ဆိန္နာ၊ ဆံပင်တို့ကို ပိုင်းခြားလျက်ရှိကုန်၏။ သီသကဋာဟဝေဌနံ၊ ဦးခေါင်းခွံကို ရစ်ပတ်လျက်ရှိသော။ အလ္လစမ္မံ၊ စိုသော အရေသည်။ ကေသာနံ၊ ဆံပင်တို့၏။ ဩကာသော၊ တည်ရာပေတည်း။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ကေသာ၊ တစ်ခုစီ တစ်ခုစီသော ဆံပင်တို့ကို။ သီသဝေဌနစမ္မေ၊ ဦးခေါင်းကိုရစ်ပတ်လျက်ရှိသော အရေ၌။ ဝီဟဂ္ဂမတ္တံ ပဝိသိတွာ၊ စပါးလုံးအဖျားမျှ ဝင်၍။ ပတိဋ္ဌိတေန၊ တည်သော။ ဟေဋ္ဌာ၊အောက်ဘက်၌။ အတ္တနော မူလတလေန၊ မိမိ၏ အမြစ်အပြင်ဖြင့်။ ဥပရိ၊ အထက်ဘက်၌။ အာကာသေန၊

ဟင်းလင်းအပြင်ဖြင့်။ တိရိယံ၊ ဖီလာ ပတ်ဝန်းကျင်၌။ အညမညေန၊ ဆံပင်
အချင်း ငင်းဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိကုန်၏။ ဒွေ ကေသာ၊ နှစ်ခု
သော ဆံပင်တို့သည်။ ဧကတော၊ တပေါင်းတည်း။ နတ္ထိ၊ တည်ကြသည်ဟု
မရှိကုန်။ ဣတိ အယံ၊ ဤသည်ကား။ သဘာဂပရိစ္ဆေဒေါ၊ မိမိအဖို့ဖြင့် ပိုင်း
ခြားခြင်း—သဘာဂပရိစ္ဆေဒ ပေတည်း။ ကေသာ၊ ဆံပင်တို့သည်။ န လော-
မာ၊ အမွေးမဟုတ်ကုန်။ လောမာ၊ အမွေးတို့သည်။ န ကေသာ၊ ဆံပင်
မဟုတ်ကုန်။ ဧဝံ ဝါ၊ ဤပုံညီနည်းဖြင့်။ အဝသေသေဟိ တိံသ ကော-
ဋ္ဌာသေဟိ၊ ကြွင်းသော သုံးဆယ့်တစ်ပါးသော ကောဋ္ဌာသတို့နှင့်။
အမိဿိကတာ ကေသာ နာမ၊ မရောနှောပဲ ကွဲပြားကုန်သော ဆံပင်တို့မည်
သည်။ ပါဋိယေက္ကာ၊ အသီးအခြားဖြစ်သော။ ဧကကောဋ္ဌာသော၊ တစ်ခု
သော ကောဋ္ဌာသ-အဖို့အစုပေတည်း။ ဣတိ အယံ၊ ဤသည်ကား။ ဝိသဘာဂ-
ပရိစ္ဆေဒေါ၊ မိမိအဖို့မဟုတ်သော အခြားအဖို့ဖြင့် ပိုင်းခြားခြင်း ဝိသဘာဂ
ပရိစ္ဆေဒ ပေတည်း။ ဣဒံ၊ ဤသည်ကား။ ကေသာနံ၊ ဆံပင်တို့ကို။ ဝဏ္ဏာဒိဝသေန၊
အဆင်းစသည်အားဖြင့်။ ဝဝတ္ထာပနံ၊ ပိုင်းခြား ဆုံးဖြတ်ခြင်းပေတည်း။

၁၈၃။ ဣဒံ ပန၊ ဤ ယခုဆိုမည့်စကားသည်။ နေသံ၊ ထို ဆံပင်တို့ကို။
ဝဏ္ဏာဒိဝသေန၊ အဆင်း—စသည်တို့၏ အစွမ်းအားဖြင့်။ ပဉ္စဓာ၊ ငါးပါး
အပြားအားဖြင့်။ ပဋိက္ကူလတော၊ စက်ဆုပ်ဖွယ်အားဖြင့်။ ဝဝတ္ထာပနံ၊
ပိုင်းခြား မှတ်သားခြင်းပေတည်း။ ဧတေ ကေသာ နာမ၊ ဤ ဆံပင်တို့
မည်သည်ကား။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်လည်း။ ပဋိက္ကူလာ၊ စက်ဆုပ်
ဖွယ်ရှိကုန်၏။ သဏ္ဌာနတောပိ၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း။ ဂန္ဓတောပိ၊
အနံ့အားဖြင့် လည်းကောင်း။ အာသယတောပိ၊ မှီရာအကြောင်းအားဖြင့်
လည်းကောင်း။ ဩကာသတောပိ၊ တည်ရာ အား ဖြင့် လည်း ကောင်း။
ပဋိက္ကူလာ၊ စက်ဆုပ်ဖွယ်ရှိကုန်၏။

(၂၄၂) ဟိ၊ ခွဲချဲ၍ပြောဆိုဦးအံ့။ မနုညေပိ၊ နှစ်သက်ဖွယ်ကောင်းပြား
သော်လည်း။ ယာဂုပတ္တေ ဝါ၊ ယာဂုခွက်၌သော်လည်းကောင်း။ ဘတ္တပတ္တေ
ဝါ၊ ထမင်းခွန်းကန် ခွက်၌သော်လည်းကောင်း။ ကေသဝဏ္ဏံ၊ ဆံပင်အဆင်း
ရှိသော။ ကိဉ္စိ ဒိသွာ၊ တစုံတခုကို မြင်ရလျှင်။ ဣဒံ၊ ဤစားဖွယ်သည်။
ကေသမိဿကံ၊ ဆံပင်နှင့် ရောနေသည်။ နံ၊ ထိုအရာကို။ ဟရထာတိ၊ ယူသွား
ကြ—ဟု။ ဝတွာ၊ ပြောဆိုကြလျက်။ (ထည့်။) ဇိဂုစ္ဆန္တိ၊ စက်ဆုပ်ကြကုန်၏။
ဧဝံ၊ ဤသို့။ ကေသာ၊ ဆံပင်တို့သည်။ ဝဏ္ဏတော၊ အဆင်းအား ဖြင့်။
ပဋိက္ကူလာ၊ စက်ဆုပ်ဖွယ်ရှိကုန်၏။ ရတ္တိံ၊ ညဉ့်အခါ၌။ ဘုဉ္ဇန္တာပိ၊ စားနေ

သောသူတို့သည်လည်း။ ကောသာသဏ္ဌာနံ၊ ဆံပင်၏ အသွင်ရှိသော။ အက္ကဝ ါကံ ဝါ၊ မရိုးမျှင်ကိုသော်လည်းကောင်း။ မကစိဝါကံ ဝါ၊ သင်ပန်းမျှင်ကိုသော် လည်းကောင်း။ ဆုပိတ္ဝာပိ၊ ထိမိ-စမ်းမိ၍သော်လည်းကောင်း။ တဒေဝ၊ ထိုအတူပင်။ ဇိဂုစ္ဆန္တိ၊ စက်ဆုပ်တတ်ကုန်၏။ ဧဝံ၊ ဤသို့။ သဏ္ဌာနတော၊ ပုံသဏ္ဌာန်အားဖြင့်။ ပဋိက္ကူလာ၊ စက်ဆုပ်ဖွယ်ရှိကုန်၏။

တေလမက္ခနပုပ္ဖဓူမာဒိသင်္ခါရဝိရဟိတာနဥ္စ၊ ဆီလိမ်းခြင်း, ပန်းအမွှေး အသုံးသည်တို့ဖြင့် ပြုပြင်ခြင်းမှ ကင်းကုန်သော။ ကေသာနံ ဂန္ဓော၊ ဆံပင် တို့၏အနံ့သည်။ ပရမဇေဂုစ္ဆော ဟောတိ၊ အလွန်စက်ဆုပ်ဖွယ်ကောင်း၏။ တတော၊ထိုဆိုအပ်ပြီးသော စက်ဆုပ်ဖွယ်ထက်။ အဂ္ဂိမှိ၊ မီး၌။ ပက္ခိတ္တာနံ၊ ထည့်အပ်ကုန်သော။ ကေသာနံ၊ ဆံပင်တို့၏။ ဂန္ဓော၊ အနံ့သည်။ ဇေဂုစ္ဆတရော၊ သာလွန်၍ စက်ဆုပ်ဖွယ်ကောင်း၏။ တနည်း - အဂ္ဂိမှိ၊ မီး၌။ ပက္ခိတ္တာနံ၊ ထည့်အပ် ကုန်သော။ ကေသာနံ၊ ဆံပင်တို့၏။ ဂန္ဓော၊ အနံ့သည်။ တတော၊ ထို့ထက်သာ ၍။ ဇေဂုစ္ဆတရော၊ စက်ဆုပ်ဖွယ်ကောင်း၏။ ဟိ၊ မှန်ပေ၏။ ကေသာ၊ ဆံပင်တို့ သည်။ ဝဏ္ဏ သဏ္ဌာနတော၊ အဆင်းသဏ္ဌာန်အားဖြင့်။ အပ္ပဋိက္ကူလာပိ၊ စက် ဆုပ်ဖွယ်မရှိသော်လည်း။ သိယုံ၊ ဖြစ်နိုင်ကုန်ရာသေး၏။ ဂန္ဓေန ပန၊ အနံ့အား ဖြင့်မူကား။ ပဋိက္ကူလာယေဝ၊ စက်ဆုပ်ဖွယ် ရှိကြကုန်သည်ချည်းသာတည်း။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ဒဟရဿ ကုမာရဿ၊ နို့စို့အရွယ် ကလေးသူငယ်၏။ ဝစ္စံ၊ မစင်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ဟလိဒ္ဒိ- ဝဏ္ဏံ၊ နနွင်းအဆင်းရှိ၏။ သဏ္ဌာနတောပိ၊ သဏ္ဌာန်အားဖြင့်လည်း။ ဟလိဒ္ဒိ- ပိဏ္ဍသဏ္ဌာနံ၊ နနွင်းခဲသဏ္ဌာန်ရှိ။ စ၊ ထိုမှတပါး။ သင်္ကာရဋ္ဌာနေ၊ အမှိုက်ပုံ ၌။ ဆဍ္ဍိတံ၊ စွန့်ပစ်ထားအပ်သော။ ဥဒ္ဓုမာတကကာဠသုနခသရီရံ၊ ခွေးနက် ၏ ဖူးဖူးရောင်နေသော ကိုယ်ကောင်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ တာလပက္ကဝဏ္ဏံ၊ ထန်းသီးမှည့်အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အား ဖြင့်။ ဝဋ္ဋေတွာ၊ လုံး၍။ ဝိဿဋ္ဌမုဒိင်္ဂသဏ္ဌာနံ၊ ချောညက်သော မရိုးစည် သဏ္ဌာန်ရှိ၏။ အဿ၊ ထိုခွေးနက်၏။ ဒါဌာပိ၊ အစွယ်တို့သည်လည်း။ သုမန- မကုဠသဒိသာ၊ မြတ်လေးပန်းငုံနှင့်တူကုန်၏။ ဣတိ—ဘသမ္ဘာ၊ ထို့ကြောင့်။ ဥဘယမ္ပိ၊ သူငယ်၏မစင်နှင့် ခွေးကောင်ပုပ်ဟူသော ထိုနှစ်ခုလုံးပင်။ ဝဏ္ဏ- သဏ္ဌာနတော၊ အဆင်းနှင့် သဏ္ဌာန်အာ ဖြင့်။ အပ္ပဋိက္ကူလံ၊ စက်ဆုပ်ဖွယ် မဟုတ်သည်။ သိယာ၊ ဖြစ်နိုင်သေး၏။ ဂန္ဓေန ပန၊ အနံ့အားဖြင့်မူကား။ ပဋိက္ကူလမေဝ၊ စက်ဆုပ်ဖွယ် စင်စစ်သည်သာလျှင်။ ဟောတိ ယထာ၊ ဖြစ် သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ကေသာပိ၊ ဆံပင်တို့သည်လည်း။ ဝဏ္ဏသဏ္ဌာန-

တော၊ အဆင်းနှင့် သဏ္ဌာန်အားဖြင့်။ အပ္ပဋိက္ကူလာ၊ စက်ဆုပ်ဖွယ် မရှိကုန်သော်လည်း။ ဂန္ဓေန ပန၊ အနံ့အားဖြင့်မူကား။ ပဋိက္ကူလာယေဝ၊ စက်ဆုပ်ဖွယ် ရှိကုန်သည်သာတည်း။

ပန၊ အဖွိုတပါးကား။ အသုစိဋ္ဌာနေ၊ မသန့်သော ရွာအနီးအရပ်၌။ ဂါမနိဿန္ဒေန၊ ရွာ၏ အညစ်အကြေး အကျိုးဆက်ဖြင့်။ ဇာတာနိ၊ ပေါက်ကုန်သော။ သူပေယျပဏ္ဏာနိ၊ ဟင်းရွက်တို့သည်။ နာဂရိကမနုဿာနံ၊ မြို့သူ မြို့သား လူတို့အား။ ဇေဂုစ္ဆာနိ၊ စက်ဆုပ်ဖွယ် ဖြစ်ကုန်၍။ အပရိဘောဂါနိ၊ မသုံးဆောင်ကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ၊ ထိုအတူပင်။ ကေသာပိ၊ ဆံပင်တို့သည်လည်း။ ပုဗ္ဗလောဟိတမုတ္တကရီသပိတ္တသေမှာဒိနိဿန္ဒေန၊ ပြည်, သွေး, ကျင်ငယ်, ကျင်ကြီး, သည်းခြေ, သလိပ်-စသည်တို့၏ အကျိုးဆက်ဖြင့်။ ဇာတတ္တာ၊ ဖြစ်ကြသောကြောင့်။ ဇေဂုစ္ဆာ၊ စက်ဆုပ်ဖွယ်တို့ပင်တည်း။ ဣဒံ၊ ဤသည်ကား။ နေသံ၊ ထိုဆံပင်တို့၏။ အာသယတော၊ မှီရာအကြောင်းအားဖြင့်။ ပဋိက္ကူလံ၊ စက်ဆုပ်ဖွယ်ကောင်းခြင်းပေတည်း။

စ၊ ထိုမှတပါး။ ဣမေ ကေသာ နာမ၊ ဤ ဆံပင်တို့မည်သည်မှာ။ ဂူထရာသိမှိ၊ မစင်ပုံ၌။ ဥဋ္ဌိတကဏ္ဏိကံ ဝိယ၊ ပေါက်သောမှိုကဲ့သို့။ ဧကတိံသကောဋ္ဌာသရာသိမှိ၊ သုံးဆယ့်တစ်ပါးသော ကောဋ္ဌာသ အစု၌။ ဇာတာ၊ ဖြစ်ကုန်၏။ တေ၊ ထိုဆံပင်တို့သည်။ သုသာနသင်္ကာရဋ္ဌာနာဒီသု၊ သုသာန်, အမှိုက်ပုံ-စသည်တို့၌။ ဇာတသာကံ ဝိယ၊ ပေါက်သော ဟင်းရွက်ကဲ့သို့လည်းကောင်း။ ပရိက္ခာဒီသု၊ မသန့်သော ကျုံး-စသည်တို့၌။ ဇာတကမလကုဝလယာဒိပုပ္ဖံ ဝိယ စ၊ ပေါက်သော ကြာနီ, ကြာညို စသော ပန်းကဲ့သို့လည်းကောင်း။ အသုစိဋ္ဌာနေ၊ မသန့်သော ကိုယ်အရပ်၌။ ဇာတတ္တာ၊ ဖြစ်ကြသောကြောင့်။ ပရမဇေဂုစ္ဆာ၊ အလွန်ပင် စက်ဆုပ်ဖွယ် ကောင်းကုန်၏။ ဣတိ ဣဒံ၊ ဤသည်ကား။ နေသံ၊ ထိုဆံပင်တို့၏။ ဩကာသတော၊ တည်ရာအရပ်အားဖြင့်။ ပဋိက္ကူလံ၊ စက်ဆုပ်ဖွယ်ကောင်းခြင်းပေတည်း။

စ၊ ထိုမှတပါး။ ကေသာနံ၊ ဆံပင်တို့၏။ ပဉ္စဓာ၊ ငါးပါးအပြားအားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်၏ အဖြစ်ကို။ ဝဝတ္ထပေတဗ္ဗာ ယထာ၊ ပိုင်းခြား မှတ်သားအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သဗ္ဗကောဋ္ဌာသာနံ၊ ကြွင်းသော ကောဋ္ဌာသအားလုံးတို့၏။ ဝဏ္ဏသဏ္ဌာနဂန္ဓာသယောကာသဝသေန၊ အဆင်း, သဏ္ဌာန်, အနံ့, မှီရာအကြောင်း, တည်ရာတို့၏ အစွမ်းအားဖြင့်။ ပဉ္စဓာ၊ ငါးပါးအပြားအားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ကောင်းသည်

၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ပန၊ ထိုမှတပါး၊ ဝဏ္ဏသဏ္ဌာန-ဒိသောကာသပရိစ္ဆေဒဝသေန၊ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းအားဖြင့်။ သဗ္ဗေပိ၊ ကြွင်းသော ကောဋ္ဌာသ အားလုံးတို့ကိုလည်း။ ဝိသုံ ဝိသုံ၊ အသီး အသီး။ ဝဝတ္ထပေတဗ္ဗာ၊ ပိုင်းခြား မှတ်သားအပ်ကုန်၏။

၁၇၄။ တတ္ထ၊ ထို ကြွင်းသော ကော်ဋ္ဌာသတို့တွင်။ တာဝ၊ ရှေးဦးစွာ။ လောမာ၊ အမွေးတို့သည်။ ပကတိဝဏ္ဏတော၊ ပကတိအဆင်းအားဖြင့်။ ကေသာ ဝိယ၊ ဆံပင်တို့ကဲ့သို့။ အသမ္ဘိန္နကာဠကာ၊ အခြားအဆင်းနှင့် မရော မယှက် အမည်းသက်သက်တို့သည်။ န ဟောန္တိ၊ မဟုတ်ကုန်။ ပန၊ စင်စစ် သော်ကား။ ကာဠပိင်္ဂလာ၊ မည်း-ကြောင်သော အဆင်းရှိကုန်၏။ သဏ္ဌာန-တော၊ သဏ္ဌာန်အားဖြင့်။ ဩနတဂ္ဂါ၊ အောက်သို့ညွတ်သော အဖျားရှိကုန်၏။ တာလမူလသဏ္ဌာနာ၊ ထန်းပင်၏ အမြစ်သဏ္ဌာန် ရှိကုန်၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု ဒိသာသု၊ အထက်, အောက် နှစ်ပါးသောအရပ်တို့၌။ ဇာတာ၊ ဖြစ်ကုန်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ကေသာနံ၊ ဆံပင်တို့၏။ ပတိဋ္ဌိတောကာသဉ္စ၊ တည်ရာအရပ်ကိုလည်းကောင်း။ ဟတ္ထပါဒ-တလာနိ စ၊ လက်ဖဝါး, ခြေဖဝါးအပြင်တို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ ယေဘုယျေန၊ များသောအားဖြင့်။ အဝသေသသရီရဝေဌနစမ္မေ၊ ကြွင်းသောကိုယ်ကို ရစ်ပတ်လျက်ရှိသော အရေ၌။ ဇာတာ၊ ဖြစ်ကုန်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ သရီရဝေဌနစမ္မေ၊ ကိုယ်ကိုရစ်ပတ်လျက်ရှိသော အရေ၌။ လိခါမတ္တံ၊ လိခါမြုံမျှ။ (ပြည်။) ဝါ၊ တစ်လက်မခန့်မျှ။ (၂၄၃) (ပကတိမျက်စိဖြင့် မမြင်နိုင်သော အလွန်သေးငယ်သော မြူမှုန့်ကို ပရမာဏုမြူဟုခေါ်သည်။ ပရမာဏုမြူ ၃၆—ခု အပေါင်းမျှရှိသော မြူကို အဏုမြူခေါ်သည်။ အိမ်နံရံအပေါက်အကြားမှ တိုးဝင်လာသော နေရောင်ထဲ၌ ယင်းအဏုမြူကို တွေ့မြင်နိုင်သည်။ ထိုအဏုမြူ ၃၆-ခုပေါင်းမျှရှိသောမြူကို တဇ္ဇာရီမြူခေါ်သည်။ ၎င်းမှာ လှည်းလမ်းစသည်တို့၌ ကောင်းကင်သို့လွင့်တက်နေသော မြူမှုန်ဖြစ်သည်။ ထိုတဇ္ဇာရီမြူ ၃၆-ခုအပေါင်းမျှဖြစ်သောမြူကို ရထရေဏုမြူခေါ်သည်။ ၎င်းမှာ လှည်းလမ်း, မြင်းရထားလမ်း-စသည်တို့၌ မြေတွင်ပင်တည်လျက်ရှိနေသော မြူမှုန်ဖြစ်သည်။ ထိုရထရေဏုမြူ ၃၆-ခုအပေါင်းမျှရှိသောမြူကို လိက္ခာမြူ ခေါ်သည်။ကညစ်ချေး ကညစ်စာမြူဟူ၍လည်း ဆိုကြ၏။ ထိုလိက္ခာမြူခန့်မျှ အရေထဲ၌ ငင်လျက် တည်နေသည်—ဟု ဆိုလို၏။)ပဝိသိတွာ။ ဝင်၍၊ ဝင်လျက်။ ပတိဋ္ဌိတေန၊ တည်သော။ ဟေဋ္ဌာ၊ အောက်ဘက်၌။ အတ္တနော မူလတလေန၊ မိမိအမြစ်ပြင်ဖြင့်။ ဥပရိ၊

အထက်ဘက်၌။ အာကာသေန၊ ဟင်းလင်းပြင်အရပ်ဖြင့်။ တိရိယံ၊ ဖီလာပတ်ဝန်းကျင်၌။ အညမညေန၊ အချင်းချင်းဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိ၏။ ဒွေ လောမာ၊ အမွေးနှစ်ပင်တို့သည်။ ကေတော၊ တပေါင်းတည်း။ နတ္ထိ၊ မရှိကုန်။ အယံ၊ ဤသည်ကား။ နေသံ၊ ထိုအမွေးတို့၏။ သဘာဂ ပရိစ္ဆေဒေါ၊ ပိုင်းခြားခြင်းဟူသော သဘာဂပရိစ္ဆေဒ–ပေတည်း။ ဝိသဘာဂ ပရိစ္ဆေဒေါ ပန၊ မိမိအဖို့မဟုတ်သော အခြားအဖို့ဖြင့် ပိုင်းခြားခြင်းဟူသော ဝိသဘာဂပရိစ္ဆေဒ–သည်ကား။- ကေသသဒိသော ယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၈၅။ နခါတိ၊ လက်သည်း, ခြေသည်း-ဟူသည်ကား။ ဝီသတိယာ နခပတ္တာနံ၊ နှစ်ဆယ်သော လက်သည်းခွံ, ခြေသည်းခွံတို့၏။ နာမံ၊ အမည်ပေတည်း။ တေ သဗ္ဗေပိ၊ ထိုနှစ်ဆယ်သော လက်သည်းခွံ, ခြေသည်းခွံ အားလုံးတို့သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတာ၊ ဖြူကုန်၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ မစ္ဆသကလိကသဏ္ဌာနာ၊ ငါး၏ အကြေးသဏ္ဌာန်ရှိကုန်၏။ ဒိသတော၊ အရပ်အားဖြင့်။ ပါဒနခါ၊ ခြေသည်းတို့သည်။ ဟေဋ္ဌိမ–ဒိသာယ၊ အောက်အရပ်၌။ ဟတ္ထနခါ၊ လက်သည်းတို့သည်။ ဥပရိမဒိသာယ၊ အထက်အရပ်၌။ ဇာတာ၊ ဤသို့သောအားဖြင့်။ ဒွိသု ဒိသာသု၊ နှစ်ပါးသော အရပ်တို့၌။ ဇာတာ၊ ဖြစ်ကုန်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ အင်္ဂုလီနံ၊ လက်ချောင်း, ခြေချောင်းတို့၏။ အဂ္ဂပိဋ္ဌေသု၊ အဖျားအပေါ်ဘက်တို့၌။ ပတိဋ္ဌိတာ၊ တည်ကုန်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဒွီသု ဒိသာသု၊ အထက်, အောက် နှစ်ပါးသောအရပ်တို့၌။ အင်္ဂုလိကောဋိ-မံသေဟိ၊ လက်ချောင်းခြေချောင်းတို့၏ အစွန်းအသားတို့ဖြင့်။ အန္တော၊ အတွင်းဘက်၌။ အင်္ဂုလိပိဋ္ဌိမံသေန၊ လက်ချောင်းခြေချောင်းတို့၏ အမိုးဘက်အသားဖြင့်။ ဗဟိ စေဝ၊ အပြင်၌လည်းကောင်း။ အဂ္ဂေ စ၊ အဖျား၌လည်းကောင်း။ အာကာသေန၊ ဟင်းလင်းပြင်အရပ်ဖြင့်။ တိရိယံ၊ ဖီလာပတ်ဝန်းကျင်၌။ အညမညေန၊ အချင်းချင်းဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိ၏။ ဒွေ နခါ၊ လက်သည်းခွံ, ခြေသည်းခွံ–နှစ်ခုတို့သည်။ ကေတော နတ္ထိ၊ တပေါင်းတည်းမရှိကုန်။ အယံ၊ ဤသည်ကား။ နေသံ၊ ထိုလက်သည်း, ခြေသည်းတို့၏။ သဘာဂပရိစ္ဆေဒေါ၊ ပိုင်းခြားခြင်းဟူသော သဘာဂ ပရိစ္ဆေဒ–ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ မိမိအဖို့မဟုတ်သော အခြားအဖို့ဖြင့် ပိုင်းခြားခြင်းဟူသော ဝိသဘာဂပရိစ္ဆေဒ–သည်ကား။ ကေသသဒိ–သောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၇၆။ ဒန္တာတိ၊ သွားများဟူသည်ကား။ ပရိပုဏ္ဏဒန္တဿ၊ သွားပြည့်စုံသောသူအား။ ဒွတ္တိံသ ဒန္တဋ္ဌိကာနိ၊ သုံးဆယ့်နှစ်ချောင်းသော သွားရိုးတို့ ပေတည်း။ တေပိ၊ ထိုသွားရိုးတို့သည်လည်း။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတာ၊ ဖြူကုန်၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ အနေကသဏ္ဌာနာ၊ များသောသဏ္ဌာန် ရှိကုန်၏။ ဟိ၊ မှန်ပေ၏။ ဝါ၊ ထင်ရှားအောင်ပြအံ့။ တေသံ၊ ထိုသွားတို့တွင်။ တာဝ၊ ရှေးဦးစွာ။ ဟေဋ္ဌိမာယ ဒန္တပါဠိယာ၊ အောက်သွားအစဉ်၏။ မဇ္ဈေ၊ အလယ်၌။ စတ္တာရော ဒန္တာ၊ သွားလေးချောင်းတို့သည်။ မတ္တိကာပိဏ္ဍေ၊ ရွှံ့မြေစိုင်၌။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဌပိတအလာဗုဗီဇသဏ္ဌာနာ၊ စိုက်ထားသော ဗူးစေ့သဏ္ဌာန်ရှိကုန်၏။ တေသံ၊ ထိုလေးချောင်းသော သွားတို့၏။ ဥဘောသု ပဿေသု၊ နံပါးနှစ်ဘက်တို့၌။ ဧကေကော၊ တစ်ချောင်းတစ်ချောင်းသည်။ ဧကမူလကော၊ အမြစ်တစ်ခုစီ ရှိ၏။ ဧကကောဋိကော၊ အဖျားချွန် အစွန်းတစ်ခုစီရှိ၏။ မလ္လိကမကုဋ္ဌ–သဏ္ဌာနော၊ စပယ်ငုံသဏ္ဌာန်ရှိ၏။ တတော၊ ထိုအစွယ်မှ။ ဧကေကော၊ တစ်ချောင်းတစ်ချောင်းသည်။ ဒွိမူလကော၊ အမြစ် နှစ်ခုစီ ရှိ၏။ ဒွိကောဋိ–ကော၊ အစွန်း နှစ်ခုစီ ရှိ၏။ ယာနကဥပတ္ထမ္ဘိနိသဏ္ဌာနော၊ လှည်းထောက်ခွသဏ္ဌာန်ရှိ၏။ တတော၊ ထိုသွားတို့၏ နံပါး၌။ ဒွေ ဒွေ၊ နှစ်ချောင်းနှစ်ချောင်းတို့သည်။ တိမူလာ၊ အမြစ်သုံးခုစီ ရှိကုန်၏။ တိကောဋိကာ၊ အစွန်းသုံးခုစီ ရှိကုန်၏။ တတော၊ ထိုသွားတို့၏ နံပါး၌။ ဒွေ ဒွေ၊ နှစ်ချောင်းနှစ်ချောင်းတို့သည်။ စတုမူလကာ၊ အမြစ်လေးခုစီ ရှိကုန်၏။ စတုကောဋိကာ၊ အစွန်းလေးခုစီ ရှိကုန်၏။ ဧတ္ထ၊ ဤသို့။ အနေကသဏ္ဌာနာ၊ ပုံသဏ္ဌာန် အမျိုးမျိုးရှိကုန်၏။ ဥပရိမပါဠိယာပိ၊ အထက်သွားအစဉ်၌လည်း။ ဧသေဝ နယော၊ ဤနည်းအတူပင်တည်း။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမ–ဒိသာယ၊ အထက်အရပ်၌။ ဇာတာ၊ ဖြစ်ကုန်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဒွိသုဟနုကဋ္ဌိကေသု၊ အထက်–အောက် မေးရိုးနှစ်ခုတို့၌။ ပတိ–ဋ္ဌိတာ၊ တည်ကုန်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဟေဋ္ဌာဟနုက–ဋ္ဌိကေ၊ အောက်ဘက်–အရင်းဘက်၌ မေးရိုး၌တည်သော။ အတ္တနော၊ မိမိ၏။ မူလတလေန၊ အမြစ်အပြင်ဖြင့်။ ဥပရိ၊ အထက်အဖျား၌။ အာကာသေန၊ ဟင်းလင်းအရပ်ဖြင့်။ တိရိယံ၊ ဖီလာနံပါး၌။ အညမညေန၊ အချင်းချင်းဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိ၏။ ဒွေ ဒန္တာ၊ သွားနှစ်ချောင်းတို့သည်။ ဧကတော နတ္ထိ၊ တစ်ပေါင်းတည်း မရှိကြကုန်။ အယံ၊ ဤသည်ကား။ နေသံ၊ ထိုသွားတို့၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ–ပေတည်း။ ဝိသဘာဂ–

ပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၈၇။ တစောတိ၊ တစော-ဟူသည်ကား။ သကလသရီရံ ဝေဌေတွာ၊ တကိုယ်လုံးကို ရစ်ပတ် လွှမ်းခြုံလျက်။ ဌိတစမ္မံ၊ တည်သော အရေထူပေတည်း။ တဿ ဥပရိ၊ ထိုအရေထူ၏ အထက်၌။ ကာဠသာမပီတာဒိဝဏ္ဏာ၊ အမည်း, အညို, အဝါ စသည် အဆင်းရှိသော။ ယာ၊ အကြင် အရေပါးသည်။ သကလသရီရတောပိ၊ တကိုယ်လုံးမှလည်း။ သင်္ကဍ္ဎိယမာနာ၊ ခွာ၍စုအပ်သည်ရှိသော်။ ဝါ၊ ခွာ၍လုံးအပ်သည်ရှိသော်။ ဗဒရဋ္ဌိမတ္တာ၊ ဆီးစေ့မျှရှိသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုအရေပါးသည်။ (ထည့်။) ဆဝိ နာမ၊ အရေပါးမည်၏။ ပန၊ ဆက်ဦးအံ့။ တစော၊ အရေထူသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။သေတော ယေဝ၊ဖြူသည်သာတည်း။အဿ၊ ထိုအရေထူ၏။သော စ သေတဘာဝေါ၊ထိုဖြူသည်၏အဖြစ်သည်။ အဂ္ဂိဇာလာဘိဃာတပဟာရဏပ္ပဟာ-ရာဒီဟိ။ မီးလောင်ခြင်း, လက်နက်ဖြင့် ပုတ်ခတ်ခြင်း—စသည်တို့ကြောင့်။ ဆဝိယာ၊ အရေပါးသည်။ ဝိဒ္ဓံသိတာယ၊ ပွန်းပဲ့ပျက်စီးသွားသည်ရှိသော်။ ဝါ၊ ပွန်းပဲ့ပျက်စီးသွားသောအခါ၌။ ပါကဋော ဟောတိ၊ ထင်ရှားပေ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ သရီရသဏ္ဌာနောဝ၊ ကိုယ်၏ သဏ္ဌာန်ရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ အယံ၊ ဤသည်ကား။ဧတ္ထ၊ ဤအရာ၌။ သင်္ခေပေါ၊ အကျဉ်းပေတည်း။

(၂၄၄) ဝိတ္ထာရတော ပန၊ အကျယ်အားဖြင့်မူကား။ ပါဒင်္ဂုလိတ္တစော၊ ခြေခြောင်းအရေသည်။ ကောသကာရကကောသသဏ္ဌာနော၊ အအိမ်ကိုပြုလုပ်တတ်သော ပိုး၏ ပိုးချည်သဏ္ဌာန်ရှိ၏။ ပိဋ္ဌိပါဒတ္တစော၊ ခြေဖမိုးရေသည်။ ပုဋဗန္ဓဉပါဟနသဏ္ဌာနော၊ ဘွတ်ဖိနပ်၏ အမိုးဖုံး သဏ္ဌာန်ရှိ၏။ ဇင်္ဃတ္တစော၊ ခြေသလုံးရေသည်။ ဘတ္တပုဋကတာလပဏ္ဏသဏ္ဌာနော၊ ထမင်းထုပ်သည့် ထန်းရွက်သဏ္ဌာန်ရှိ၏။ ဦရုတ္တစော၊ပေါင်ရေသည်။တဏ္ဍုလဘရိတဒီဃတ္ထဝိက-သဏ္ဌာနော၊ ဆန်တို့ဖြင့်ပြည့်နေသော ဆန်အိတ်ရှည်သဏ္ဌာန်ရှိ၏။ အာနိ-သဒတ္တစော၊ တင်ပါးရေသည်။ ဥဒကပူရိတပဋပရိဿာဝနသဏ္ဌာနော၊ ရေဖြင့်ပြည့်နေသော အဝတ်ရေစစ်သဏ္ဌာန်ရှိ၏။ ပိဋ္ဌိတ္တစော၊ ကျောက်ကုန်းရေသည်။ ဖလကောနဒ္ဓစမ္မသဏ္ဌာနော၊ ပျဉ်ချပ်၌ကြက်ထားသော သားရေ သဏ္ဌာန်ရှိ၏။ ကုစ္ဆိတ္တစော၊ ဝမ်းဗိုက်ရေသည်။ ဝီဏာဒေါဏိကောနဒ္ဓစမ္မ-သဏ္ဌာနော၊ စောင်းခွက်၌ကြက်ထားသော သားရေသဏ္ဌာန်ရှိ၏။ ဥရတ္တစော၊ ရင်ဘတ်ရေသည်။ ယေဘုယျေန၊ အများအားဖြင့်။ စတုရဿသဏ္ဌာနော၊

လေးထောင့်သဏ္ဌာန်ရှိ၏။ ဥဘယဗာဟုတ္တစော၊ နှစ်ခုသော လက်မောင်းတို့၏ အရေသည်။ တူဏိရောနဒ္ဓစမ္မသဏ္ဌာနော၊ မြားထည့်စရာတောင့်၌ ကြက်ထားသောသားရေသဏ္ဌာန်ရှိ၏။ ပိဋ္ဌိဟတ္ထတ္တစော၊ လက်ဖမိုးရေသည်။ ခုရကောသ-သဏ္ဌာနော၊ သင်ဓုန်းအိမ်သဏ္ဌာန်ရှိ၏။ ဝါ၊ တနည်းကား။ ဖဏကတ္ထဝိကသဏ္ဌာနော၊ ခေါင်းဖြီးသည့် ဖီးအိပ်သဏ္ဌာန်ရှိ၏။ ဟတ္ထင်္ဂုလိတ္တစော၊ လက်ချောင်းရေသည်။ ကုဉ္စိကာကောသကသဏ္ဌာနော၊ သံကောက်အိမ်သဏ္ဌာန်ရှိ၏။ ဂီဝတ္တစော၊ လည်ရေသည်။ ဂလကဉ္စုကသဏ္ဌာနော၊ လည်ပတ်သဏ္ဌာန်ရှိ၏၊ လည်စွပ်သင်တိုင်းသဏ္ဌာန်ရှိ၏။ မုခတ္တစော၊ မျက်နှာရေသည်။ ဆိဒ္ဒါဝဆိဒ္ဒေါ၊ ခံတွင်း,နှာခေါင်း, မျက်စိပေါက်တို့ဖြင့် အပေါက်အပေါက်ရှိသည်ဖြစ်၍။ ကီဋကုလာဝကသဏ္ဌာနော၊ ပိုးအိမ်သဏ္ဌာန်ရှိ၏။ ဝါ၊ စာပေါင်းသိုက်သဏ္ဌာန်ရှိ၏။ သီသတ္တစော၊ ဦးခေါင်းရေသည်။ ပတ္တတ္ထဝိကသဏ္ဌာနော၊ သပိတ်အိတ်သဏ္ဌာန်ရှိ၏။ ဣတိ—အယံ၊ ဤသည်ကား။ ဝိတ္ထာရော။ အကျယ်ပေတည်း။

စ၊ ဆက်ဦးအံ့။ တစပရိဂ္ဂဏှကေန၊ အရေကိုသိမ်းဆည်းသော။ ယောဂါဝစရေန၊ ယောဂီသည်။ ဥတ္တရောဋ္ဌတော ပဋ္ဌာယ၊ အထက်နှုတ်ခမ်းမှ စ၍။ ဥပရိမုခံ၊ အထက်ပိုင်းမျက်နှာသို့။ ဉာဏံ ပေသေတွာ၊ ဉာဏ်ကိုသွားစေလျက်။ ပဌမံ တာဝ၊ ရှေးဦးစွာ။ မုခံ ပရိယောနန္ဓိတွာ၊ မျက်နှာကို မြှေးယှက်လျက်။ ဌိတစမ္မံ၊ တည်သောအရေကို။ ဝဝတ္ထပေဘဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ တတော၊ ထို့နောင်မှ။ နလာဋဋ္ဌိစမ္မံ၊ နဖူးရေကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ (ပြန်စပ်။) တဒတော၊ ထို့နောင်။ ထဝိကာယ၊ အိတ်၌။ ပက္ခိတ္တပတ္တဿ စ၊ ထည့်ထားအပ်သော သပိတ်၏လည်းကောင်း။ ထဝိကာယ စ၊ သပိတ်အိတ်၏လည်းကောင်း။ အန္တရေန၊ အကြားဖြင့်။ ဟတ္ထံ၊ လက်ကို။ ပဝေသေန္တေန ဣဝ စ၊ သွင်းဘိသကဲ့သို့။ သီသဋ္ဌိကဿ စ၊ ခေါင်းရိုး၏လည်းကောင်း။ သီသစမ္မဿ စ၊ ခေါင်းရေ၏လည်းကောင်း။ အန္တရေန၊ အကြားဖြင့်။ ဉာဏံ ပေသေတွာ၊ ဉာဏ်ကိုသွားစေ၍။ အဋ္ဌိကေန သဒ္ဓိံ၊ အရိုးနှင့်တကွ။ စမ္မဿ၊ အရေ၏။ ကောဗဒ္ဓဘာဝံ၊ တစပ်တည်းအဖြစ်ကို။ ဝိယောဇေန္တေန၊ ခွဲခွါလျက်။ သီသစမ္မံ၊ ခေါင်းရေကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ တတော၊ ထို့နောင်။ ခန္ဓစမ္မံ၊ ပခုံးရေကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ (ပြန်စပ်။) တတော၊ ထို့နောင်မှ။ အနုလောမေန စ၊ အနုလုံအားဖြင့်လည်းကောင်း။ ပဋိလောမေန စ၊ ပဋိလုံအားဖြင့်လည်းကောင်း။ ဒက္ခိဏဟတ္ထစမ္မံ၊ လက်ယာလက်အရေကို။ ဝဝတ္ထပေတဗ္ဗံ။၊ ပိုင်းခြားမှတ်သားအပ်၏။ (ပြန်စပ်။) အထ၊ ထို့နောင်မှ။

တောဒနေ ပ နယေန၊ ထိုနည်းဖြင့်သာလျှင်။ ဝါမဟတ္ထစမ္မံ၊ လက်ဝဲလက်အရေကို။ ဝဝဋ္ဋေပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ တတော၊ ထို့နောင်မှ။ ပိဋ္ဌိစမ္မံ၊ ကျောက်ကုန်းရေကို။ ဝဝတ္ထ ပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ တံ ဝဝတ္ထပေတွာ၊ ထိုကျောက်ကုန်းရေကို မှတ်သားပြီးလျှင်။ အနုလောမေန စ၊ အနုလုံအားဖြင့်လည်းကောင်း။ ပဋိလောမေန စ၊ ပဋိလုံအားဖြင့် လည်းကောင်း။ ဒက္ခိဏပါဒစမ္မံ၊ လက်ယာခြေ အရေကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ (ပြန်စပ်။) အထ၊ထို့နောင်မှ။ ဘောနေ ဝ နယေန၊ ထိုနည်းဖြင့်ပင်လျှင်။ ဝါမပါဒစမ္မံ၊ လက်ဝဲခြေ အရေကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။(ပြန်စပ်။) တတော၊ ထို့နောင်မှ။ အနုက္ကမေနေ ဝ၊ အစဉ်အတိုင်းပင်လျှင်။ ဝတ္ထိဥဒရဟဒယဂီဝစမ္မာနိ၊ သိုအိမ်ရေ, ဝမ်းရေ, ရင်ရေ, လည်ရေတို့ကို။ ဝဝတ္ထပေတဗ္ဗာနိ၊ ပိုင်းခြားမှတ်သားအပ်ကုန်၏။ အထ၊ ထိုမှနောက်၌။ ဂီဝစမ္မာနန္တရံ၊လည်ရေ၏အခြားမဲ့၌။ ဟေဋ္ဌိမဟနုစမ္မံ ဝဝတ္ထပေတွာ၊ အောက်မေးရေကို ပိုင်းခြားမှတ်သားပြီးလျှင်။ အဓရောဋ္ဌပရိယောသာနံ၊ အောက်နှုတ်ခမ်းအဆုံးသို့။ ပါပေတွာ၊ ရောက်စေ၍။ နိဋ္ဌပေတဗ္ဗံ၊ ပြီးဆုံးစေအပ်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဩဠာရိကောဠာရိကံ၊ ရှုန့်ရင်း, ရှုန့်ရင်းသော အရေကို။ ပရိဂ္ဂဏှန္တဿ၊ သိမ်းဆည်းသော ယောဂီအား။ သုခုမမ္ပိ၊ သိမ်မွေ့သော အရေသည်လည်း။ ပါကဋံ ဟောတိ၊ ထင်ရှား၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု ဒိသာသု၊ အထက်—အောက် နှစ်ပါးသော အရပ်တို့၌။ ဇာတော၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ သကလ-သရီရံ၊ တစ်ကိုယ်လုံးကို။ ပရိယောနန္ဓိတွာ၊ မြှေးယှက်ရစ်ပတ်လျက်။ ဌိတော၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဟေဋ္ဌာပတိဋ္ဌိတတလေန၊ အောက်ဘက် အတွင်းဘက်၌ တည်ရာအရပ်၏အဖြစ်ဖြင့်။ ဥပရိ၊ အထက်ဘက် အပြင်ဘက်၌။ အာကာသေန၊ ဟင်းလင်းအရပ်ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုအရေ၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၈၈။ မံသန္တိ၊ အသားဟူသည်ကား။ နဝ မံသပေသိသတာနိ၊ ကိုးရာသော သားစာစ်တို့ပေတည်း။ တံ သဗ္ဗမ္ပိ၊ ထိုအလုံးစုံသည်လည်း။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ရတ္တံ၊ နီ၏။ ကိံသုကပုပ္ဖသဒိသံ၊ ပေါက်ပန်းနှင့် တူ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ဇင်္ဃပိဏ္ဍိကမံသံ၊ ခြေသလုံးကြွက်သားသည်။ တာလပဏ္ဏပုဋဘတ္တသဏ္ဌာနံ၊ ထန်းရွက်ဖြင့် ထုပ်အပ်သော ထမင်းထုပ်သဏ္ဌာန်

ရှိ၏။ ဥရိမံသံ၊ ပေါင်သားသည်။ နိသဒပေါတသဏ္ဍာနံ၊ ဆေးကြိတ်ကျောက်သား–ကျောက်လုံးသဏ္ဍာန်ရှိ၏။ အာနိသဒမံသံ၊ တင်ပါးသားသည်။ ဥဒ္ဓနကောဋိသဏ္ဍာနံ၊ ခုံလောက်ငွန်းသဏ္ဍာန်ရှိ၏။ ပိဋ္ဌိမံသံ၊ ကျောက်ကုန်းသားသည်။ တာလဂုဠပဋလသဏ္ဍာနံ၊ ထန်းလျက်ပြားသဏ္ဍာန်ရှိ၏။ (တာလဂုဠပဋလ–ထန်းလျက်ပြားမည်သည်မှာ ချက်ပြီးသောထန်းသီးရည်ကို ထန်းရွက်–ဖျာ—စသည်တို့၌ လိမ်းကျံ၍ ခြောက်စေပြီးလျှင် ထုတ်၍ ခွါယူအပ်သော အပြားပင်တည်း။—ဋီကာအလို။ ကာယာနုပဿနာကျမ်း၌ကား ကျောက်ကုန်းဝဲ–ယာ အသားမြှောင်သည် မပွင့်မကွဲသေးသော ထန်းနို့အိမ်သဏ္ဍာန်, မပွင့်မကွဲသေးသော ကွမ်းသီးဖူးသဏ္ဍာန်ရှိသည်–ဟူ၍ ဆိုသည်။) ဖာသုကဒွယမံသံ၊ နံပါးနှစ်ဘက်၏အသားသည်။ ကောဋ္ဌလိကာယ၊ စပါးကျီ၏။ ကုစ္ဆိယံ၊ ဝမ်းဗိုက်နံရံ၌။ တနုမတ္တိကာလေပသဏ္ဍာနံ၊ ပါးပါးလိမ်းကျံထားသော မြေညက်သဏ္ဍာန်ရှိ၏။ ထနမံသံ၊ သားမြတ်သားသည်။ ဝဋ္ဋေတွာ၊ လုံးစေပြီးလျှင်။ အဝက္ခိတ္တမတ္တိကာပိဏ္ဍသဏ္ဍာနံ၊ ပစ်ချအပ်သော ရွှံ့မြေညက်စိုင်သဏ္ဍာန်ရှိ၏။ (၂၄၅) ဗာဟုဒွယမံသံ၊ လက်မောင်း (လက်ရုံး) နှစ်ဘက် အသားသည်။ ဒွိဂုဏံ ကတွာ၊ နှစ်ကောင်ထပ်၍။ ဌပိတနိစ္စမ္မမဟာမူသိကသဏ္ဍာနံ၊ ထားအပ်သော အရေမရှိသည့်ကြွက်ကောင်ကြီး သဏ္ဍာန်ရှိ၏။ ဝေ၊ ဤဆိုခဲ့သည့်အတိုင်း။ ဩဠာရိကောဠာရိကံ၊ ရုန့်ရင်း, ရုန့်ရင်းသော အသားကို။ ပရိဂ္ဂဏှန္တဿ၊ သိမ်းဆည်းသောယောဂီအား။ သုခုမမ္ပိ ပါကဋံ ဟောတိ၊ သိမ်မွေ့သောအသားသည်လည်း ထင်ရှား၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု ဒိသာသု၊ အထက်—အောက် နှစ်ပါးသောအရပ်တို့၌။ ဇာတံ၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဝီသာဓိကာနိ၊ နှစ်ဆယ် အလွန်—အပိုရှိကုန်သော။ တီဏိ အဋ္ဌိသတာနိ၊ သုံးရာသော အရိုးတို့ကို။ တနည်း–ဝီသာဓိကာနိ တီဏိအဋ္ဌိသတာနိ၊ သုံးရာနှစ်ဆယ်သော အရိုးတို့ကို။ အနုလိမ္ပိတွာ၊ တွယ်ကပ် လိမ်းကျံလျက်။ ဌိတံ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဟေဋ္ဌာ၊ အောက်ဘက်–အတွင်းဘက်၌။ အဋ္ဌိသင်္ဃာတေ၊ အချင်းချင်း ဆက်စပ်လျက်တည်သောအရိုး၌။ ပတိဋ္ဌိတတလေန၊ တည်ရာအပြင်ဖြင့်။ ဥပရိ၊ အထက်ဘက်—အပြင်ဘက်၌။ တစေန၊ အရေဖြင့်။ တိရိယံ၊ ဖီလာ–ပတ်ဝန်းကျင်၌။ အညမညေန၊ အချင်းချင်းဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုအသား၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂ-ပရိစ္ဆေဒ-ပေတည်း၊ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၀၉။ နှာရုတိ၊ အကြော-ဟူသည်ကား။ နဝ နှာရုသတာနိ၊ ကိုးရာသော အကြောတို့ပေတည်း။ သဗ္ဗေပိ နှာရူ၊ အကြောအားလုံးတို့သည်လည်း။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတာ၊ ဖြူကုန်၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ နာနာသဏ္ဌာနာ၊ အမျိုးမျိုးသောသဏ္ဌာန်ရှိကုန်၏။ ဟိ၊ ခဲ့ရှုပြဦးအံ့။ ဧတေသု၊ ဤအကြော ကိုးရာတို့တွင်။ ဂီဝါယ၊ လည်၏။ ဥပရိမဘာဂတော ပဋ္ဌာယ၊ ရှေ့အဖို့မှ စ၍။ သရီရံ ဝိနန္ဓမာနာ၊ ကိုယ်ကိုဖွဲ့ယှက်ကုန်လျက်။ ပဉ္စ မဟာနှာရူ၊ အကြောမ-ကြီး ငါးခုတို့သည်။ ပုရိမပဿေန၊ ရှေ့ဘက်ဖြင့်။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ ပဉ္စ၊ ငါးခုတို့သည်။ ပစ္ဆိမ—ပဿေန၊ နောက်ဘက်ဖြင့်။ ပဉ္စ၊ ငါးခုတို့သည်။ ဒက္ခိဏပဿေန၊ လက်ယာနံပါးဖြင့်။ ပဉ္စ၊ ငါးခုတို့သည်။ ဝါမပဿေန၊ လက်ဝဲနံပါးဖြင့်။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ (ပြန်ပေ။) ဒက္ခိဏဟတ္ထံ၊ လက်ယာလက်ကို။ ဝိနန္ဓမာနာပိ၊ ဖွဲ့ယှက်ကုန်လျက်လည်း။ ဟတ္ထဿ ပုရိမပဿေန၊ လက်၏ ရှေ့ဘက်ဖြင့်။ ပဉ္စ၊ ငါးခုသော အကြောတို့သည်။ ပစ္ဆိမပဿေန၊ နောက်ဘက်ဖြင့်။ ပဉ္စ၊ ငါးခုသော အကြောတို့သည်။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ ဝါမဟတ္ထံ၊ လက်ဝဲလက်ကို။ ဝိနန္ဓမာနာ၊ ဖွဲ့ယှက်အပ်ကုန်သော အကြောတို့သည်။ တထာ၊ ထို့အတူ ရှေ့-နောက် ငါးခုစီ။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ ဒက္ခိဏပါဒံ၊ လက်ယာခြေကို။ ဝိနန္ဓမာနာပိ၊ ဖွဲ့ယှက်သည်လည်းဖြစ်ကုန်သော။ ပဉ္စ၊ ငါးခုသော အကြောတို့သည်။ ပါဒဿ၊ ခြေ၏။ ပုရိမပဿေန၊ ရှေ့ဘက်ဖြင့်။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ ပစ္ဆိမပဿေန၊ နောက်ဘက်ဖြင့်။ ပဉ္စ၊ ငါးခုသော အကြောတို့သည်။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ ဝါမပါဒံ၊ လက်ဝဲခြေကို။ ဝိနန္ဓမာနာပိ၊ ဖွဲ့ယှက်ကုန်သော အကြောတို့သည်လည်း။ တထာ၊ ထို့အတူ ရှေ့ဘက်ငါးခု, နောက်ဘက်ငါးခုစီ။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ သရီရဓာရကာ နာမ၊ ကိုယ်ကိုဆောင်တတ်သော အကြော မည်ကုန်သော။ သဋ္ဌိ မဟာနှာရူ၊ ခြောက်ဆယ်သော အကြောမ-ကြီးတို့သည်။ ကာယံ ဝိနန္ဓမာနာ၊ ကိုယ်ကို ဖွဲ့ယှက်ကုန်လျက်။ ဩတိဏ္ဏာ၊ သက်ဆင်းကုန်၏။ ယေ၊ အကြင် ခြောက်ဆယ်သော အကြောမ-ကြီးတို့ကို။ ကဏ္ဍရာတိပိ၊ ကဏ္ဍရာ-ဟူ၍လည်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တေ သဗ္ဗေပိ၊ ထို အကြောမကြီး အားလုံးတို့သည်လည်း။ ကန္ဒလမကုဋသဏ္ဌာနာ၊ ပဒိုင်းခတ္တာငုံ သဏ္ဌာန်ရှိကုန်၏။ အညေ ပန၊ အခြားသော အကြောတို့သည်ကား။ တံ တံ ပဒေသံ၊ ထို ထို အရပ်ကို။ အဇ္ဈောတ္ထရိတွာ၊ လွှမ်းမိုးလျက်။ ဝါ၊ ဖုံးဖြန့်ယှက်လျက်။ ဌိတာ၊ တည်ကုန်၏။ တတော သုခုမတရာ၊ ထို့အောက် သိမ်မွေ့သော အကြောတို့သည်။ သုတ္တရဇ္ဇုကသဏ္ဌာနာ၊ ချည်ကြိုးသဏ္ဌာန် ရှိကုန်၏။ (ဤ

အနက် လက်ရှိ ဝိသုဒ္ဓိမဂ်ဒေတ်ပင်း ဖြစ်သည်။ ယောမင်းကြီး ဦးဖိုးလှိုင်ရေး သားသော ကာယာနုပဿနာကျမ်း၌ကား ခုဒ္ဒကပါဌအဋ္ဌကထာမှ သုကဍ— ဝါဂုရဇ္ဇုသဏ္ဌာနာ—ဟူသောပါဌ်အရ ဝက်ထောင်သော ပိုက်ကြိုးသဏ္ဌာန် ရှိကုန်၏—ဟုဆိုပြီးလျှင် ဝိသုဒ္ဓိမဂ်၌ ရှိနေသောပါဌ်ကို ပါဌ်ပျက်—ဟု ဆို၏။) တစေတာ၊ ထို့အောက်။ သုခုမတာရော၊ သိမ်မွေ့ကုန်သော။ အညေ၊ အခြား အကြောတို့သည်။ ပူတိလတာ သဏ္ဌာနာ၊ သင်သမန်နွယ်သဏ္ဌာန် ရှိကုန်၏။ (ကာယာနုပဿနာကျမ်း၌ ပူတိလတာ—ကို ကလိန်ဖြူနွယ် ဟုအနက်ပြန်သည်။) တတော၊ ထို့အောက်။ သုခုမတရော၊ သိမ်မွေ့ကုန်သော။ အညေ၊ အခြား အကြောတို့သည်။ မဟာဝီဏာတန္တိသဏ္ဌာနာ၊ စောင်းကြိုးကြီးသဏ္ဌာန် ရှိကုန် ၏။ (ကာယာနုပဿနာကျမ်း၌ကား ဝီဏာ—ပုဒ်ကို တယော—ဟု အနက်ပြန်၍ တယော-ကြိုးကြီး သဏ္ဌာန်ရှိကုန်၏-ဟု ဆိုသည်။) အညေ၊ အခြား အကြောတို့သည်။ ထူလသုတ္တကသဏ္ဌာနာ၊ အပ်ချည်ကြိုးကြမ်း သဏ္ဌာန်ရှိ ကုန်၏။ ဟတ္ထပါဒပိဋ္ဌိသု၊ လက်ဖမိုး—ခြေဖမိုးတို့၌။ နှာရူ၊ အကြောတို့သည်။ သကုဏပါဒသဏ္ဌာနာ၊ ငှက်ခြေသဏ္ဌာန် ရှိကုန်၏။ သီသေ၊ ဦးခေါင်း၌။ နှာရူ၊ အကြောတို့သည်။ ဒါရကာနံ၊ သူငယ်တို့၏။ သီသဇာလကသဏ္ဌာနာ၊ ခေါင်းစွပ်ဇာသဏ္ဌာန် ရှိကုန်၏။ ပိဋ္ဌိယံ၊ ကျောက်ကုန်း၌။ နှာရူ၊ အကြော တို့သည်။ အာတပေ၊ နေပူထဲ၌။ ပသာရိတအလ္လဇာလသဏ္ဌာနာ၊ ဖြန့်ထား သော ပိုက်စိုသဏ္ဌာန်ရှိကုန်၏။ အဝသေသာ၊ ဆိုခဲ့ပြီးသည်တို့မှ ကြွင်းကုန် သော။ တံ တံ အင်္ဂပစ္စင်္ဂါနုဂတာ၊ ထိုထို အင်္ဂါကြီး ငယ်သို့ အစဉ်လျောက် ကုန်သော။ နှာရူ၊ အကြောတို့သည်။ သရီရေ၊ ကိုယ်၌။ ပဋိမုက္ကဇာလကဉ္စုက- သဏ္ဌာနာ၊ ဝတ်ထားသော ဇာအင်္ကျီသဏ္ဌာန် ရှိကုန်၏။ ဒိသတော၊ အရပ် အားဖြင့်။ ဒွိသု ဒိသာသု၊ အထက်—အောက် နှစ်ပါးသောအရပ်တို့၌။ ဇာတာ၊ ဖြစ်ကုန်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ သကလသရီရေ၊ တကိုယ် လုံး၌။ အဋ္ဌီနိ အာဗန္ဓိတွာ၊ အရိုးတို့ကို ဖွဲ့ယှက်လျက်။ ဌိတာ၊ တည်ကုန်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဟေဋ္ဌာ၊ အောက်ဘက်၌။ တိဏ္ဏံ အဋ္ဌိသတာနံ၊ သုံးရာသော အရိုးတို့၏။ ဥပရိ၊ အထက်၌။ ပတိဋ္ဌိတတလေဟိ၊ တည်ရာအရပ်အပြင်တို့ဖြင့်။ ဥပရိ၊ အထက်ဘက်၌။ မံသစမ္မာနိ၊ အသားနှင့် အရေတို့ကို။ အာဟစ္စ၊ ထိဆိုက်၍။ ဌိတပ္ပဒေသေဟိ၊ တည်ရာအရပ်တို့ဖြင့်။ တိရိယံ၊ ဖီလာ-ပတ်ဝန်းကျင်၌။ အညမညေန၊ အချင်းချင်းဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိကုန်၏။ အယံ၊ဤသည်ကား။ နေသံ၊ ထိုအကြောတို့၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ—ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ

ပန၊ ဝိသဘာဂပရိဝဇ္ဇေဒ—သည်ကား။ ကေသသဒိသော ယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၉၀။ အဋ္ဌိတိ၊ အရိုး—ဟူသည်ကား။ ဒွတ္တိံသဒန္တဋ္ဌိနိ ဌပေတွာ၊ သုံးဆယ့်နှစ်ချောင်းသော သွားရိုးတို့ကို ချန်ထား၍။ အဝသေသာနိ၊ ကြွင်းကုန်သော။ စတုသဋ္ဌိဟတ္ထဋ္ဌိနိ၊ ခြောက်ဆယ့်လေးချောင်းသော လက်ရိုးတို့လည်းကောင်း။ စတုသဋ္ဌိ ပါဒဋ္ဌိနိ၊ ခြောက်ဆ ့်လေးချောင်းသော ခြေရိုးတို့လည်းကောင်း။ မံသနိဿိတာနိ၊ အသားကိုမှီကုန်သော။ စတုသဋ္ဌိ မုဒုအဋ္ဌိနိ၊ ခြောက်ဆယ့်လေး ချောင်းသော အရိုးနုတို့လည်းကောင်း။ ဒွေ ပဏှိကဋ္ဌိနိ၊ ဖနောင့်ရိုးနှစ်ခုတို့ လည်းကောင်း။ ဧကေကသ္မိံ ပါဒေ၊ ခြေ တစ်ဘက် တစ်ဘက်၌။ ဒွေ ဒွေ ဂေါပ္ဖကဋ္ဌိနိ၊ ဖမျက်ရိုး နှစ်ခု နှစ်ခုစီတို့လည်းကောင်း။ ဒွေ ဇင်္ဃဋ္ဌိနိ၊ မြင်း ခေါင်းရိုးနှစ်ခုတို့လည်းကောင်း။ ဧကံ ဇဏ္ဏုကဋ္ဌိ၊ ဒူးဆစ်ရိုး တစ်ခုစီလည်း ကောင်း။ ဧကံ ဦရုဋ္ဌိ၊ ပေါင်ရိုးတစ်ခုစီလည်းကောင်း။ ဒွေ ကဋိဋ္ဌိနိ၊ တင်ပါးရိုး နှစ်ခုစီတို့လည်းကောင်း။ အဋ္ဌာရသ ပိဋ္ဌိကဏ္ဋကဋ္ဌိနိ၊ ကျောက်ဆူးရိုး တစ်ဆယ့် ရှစ်ခုတို့လည်းကောင်း။ စတုဝီသတိ ဖာသုကဋ္ဌိနိ၊ နံရိုး နှစ်ဆယ့်လေးခုတို့လည်း ကောင်း။ စုဒ္ဒသ (၁၄) ဥရဋ္ဌိနိ၊ ရင်ရိုး တစ်ဆယ့်လေးခုတို့လည်းကောင်း။ ဧကံ ဟဒယဋ္ဌိ၊ နှလုံးရိုးတစ်ခုလည်းကောင်း။ ဒွေ အက္ခကဋ္ဌိနိ၊ ညှပ်ရိုးနှစ်ခုတို့ လည်းကောင်း။ ဒွေ ကောဋ္ဌဋ္ဌိနိ၊ လက်ပြင်ရိုးနှစ်ခုတို့လည်းကောင်း။ ဒွေ ဗာဟုဋ္ဌိနိ၊ လက်မောင်းရိုးနှစ်ခုတို့လည်းကောင်း။ ဒွေ ဒွေ အဂ္ဂဗာဟုဋ္ဌိနိ၊ လက် ဖျံရိုး နှစ်ခုစီတို့လည်းကောင်း။ သတ္တ ဂီဝဋ္ဌိနိ၊ လည်ရိုး ခုနစ်ခုတို့လည်းကောင်း။ ဒွေ ဟနုကဋ္ဌိနိ၊ မေးရိုးနှစ်ခုတို့လည်းကောင်း။ ဧကံ နာသိကဋ္ဌိ၊ နှာခေါင်းရိုး တစ်ခုလည်းကောင်း။ ဒွေ အက္ခိဋ္ဌိနိ၊ မျက်ကွင်းရိုး နှစ်ခုတို့လည်းကောင်း။ ဒွေ ကဏ္ဏဋ္ဌိနိ၊ နားရိုးနှစ်ခုတို့လည်းကောင်း။ ဧကံ နလာဋဋ္ဌိ၊ နဖူးရိုးတစ်ခု လည် ကောင်း။ ဧကံ မုဒ္ဓဋ္ဌိ၊ ဦးထိပ်ရိုးတစ်ခုလည်းကောင်း။ နဝ သီသ— ကပါလဋ္ဌိနိ၊ ဦးခေါင်းခွံရိုး ကိုးခုတို့လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့သော အားဖြင့်။ တိမတ္တာနိ အဋ္ဌိသတာနိ၊ သုံးရာမျှသော အရိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ သဗ္ဗာနိပိ၊ ထိုအားလုံးတို့သည်လည်း။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတာနိ၊ ဖြူကုန်၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ နာနာသဏ္ဌာနာနိ၊ အမျိုးမျိုးသော သဏ္ဌာန်ရှိကုန်၏။

ဤ(၁၉၀) အပိုဒ်ကို အစဉ်အလာအတိုင်း ဝိသေသန—ဝိသေသျ ခွဲခြား၍ အနက်ပေးပြန်ဦးအံ့။—

၁၉၀။ အဋ္ဌိတိ၊ အရိုး—ဟူသည်ကား။ ဒွတ္တိံသ ဒန္တဋ္ဌိနိ၊ သုံးဆယ့်နှစ်ချောင်း သော သွားရိုးတို့ကို။ ဌပေတွာ၊ ချန်ထား၍။ အဝသေသာနိ၊ ကြွင်းကုန်

သော။ စတုသဋ္ဌိ၊ ခြောက်ဆယ့်လေးချောင်းကုန်သော။ ပာဏ္ဍင္ဂိနိ၊ လက်ရိုးတို့လည်းကောင်း။ စတုသဋ္ဌိ၊ ခြောက်ဆယ့်လေးချောင်းကုန်သော။ ပါဒဋ္ဌိနိ၊ ခြေရိုးတို့လည်းကောင်း။ စတုသဋ္ဌိ၊ ခြောက်ဆယ့်လေးချောင်းကုန်သော။ မံသနိဿိတာနိ၊ အသားကိုမှီကုန်သော။ မုဒုအဋ္ဌိနိ၊ နုသောအရိုးတို့လည်းကောင်း။ ဒွေ၊ နှစ်ချောင်းကုန်သော။ ပဏှိကဋ္ဌိနိ၊ ဖနောင့်ရိုးတို့လည်းကောင်း။ ဧကေကသ္မိံ၊ တစ်ဘက် တစ်ဘက်သော။ ပါဒေ၊ ခြေ၌။ ဒွေ ဒွေ၊ နှစ်ခု နှစ်ခုစီကုန်သော။ ဂေါပ္ဖကဋ္ဌိနိ၊ ဖမျက်ရိုးတို့လည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ ဇင်္ဃဋ္ဌိနိ၊ မြင်းခေါင်းရိုးတို့လည်းကောင်း။ ဧကံ၊ တစ်ခုသော။ ဇဏ္ဏုကဋ္ဌိ၊ ပုဆစ်ရိုးလည်းကောင်း။ ဧကံ၊ တစ်ခုသော။ ဦရုဋ္ဌိ၊ပေါင်ရိုးလည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ ကဋိဋ္ဌိနိ၊ ခါးရိုးတို့လည်းကောင်း။ အဋ္ဌာရသ၊ တစ်ဆယ့်ရှစ်ခုကုန်သော။ ပိဋ္ဌိကဏ္ဍကဋ္ဌိနိ၊ ကျောက်ဆူးရိုးတို့လည်းကောင်း။ စတုဝီသတိ၊ နှစ်ဆယ့်လေးခုကုန်သော။ ဖာသုကဋ္ဌိနိ၊ နံရိုးတို့လည်းကောင်း။ စုဒ္ဒသ၊ တစ်ဆယ့်လေးခုကုန်သော။ ( ၂၄, ၆ ) ဥရဋ္ဌိနိ၊ ရင်ရိုးတို့လည်းကောင်း။ ဧကံ၊ တစ်ခုသော။ ဟဒယဋ္ဌိ၊ နှလုံးရိုးလည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ အက္ခကဋ္ဌိနိ၊ ညှပ်ရိုးတို့လည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ ကောဋ္ဌဋ္ဌိနိ၊ လက်ပြင်ရိုးတို့လည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ ဗာဟဋ္ဌိနိ၊ လက်ရုံးရိုးတို့လည်းကောင်း။ ဒွေ ဒွေ၊ နှစ်ခု နှစ်ခုကုန်သော။ အဂ္ဂဗာဟဋ္ဌိနိ၊ လက်ဖျံရိုးတို့လည်းကောင်း။ သတ္တ၊ ခုနစ်ခုကုန်သော။ ဂီဝဋ္ဌိနိ၊ လည်ရိုးတို့လည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ ဟနုကဋ္ဌိနိ၊ မေးရိုးတို့လည်းကောင်း။ ဧကံ၊ တစ်ခုသော။ နာသိကဋ္ဌိ၊ နှာခေါင်းရိုးလည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ အက္ခိဋ္ဌိနိ၊ မျက်ကွင်းရိုးတို့လည်းကောင်း။ ဒွေ၊ နှစ်ခုကုန်သော။ ကဏ္ဏဋ္ဌိနိ၊ နားရိုးတို့လည်းကောင်း။ ဧကံ၊ တစ်ခုသော။ နလာဋဋ္ဌိ၊ နဖူးရိုးလည်းကောင်း။ ဧကံ၊ တစ်ခုသော။ မုဒ္ဓဋ္ဌိ၊ ဦးခေါင်းရိုးလည်းကောင်း။ နဝ၊ ကိုးခုကုန်သော။ သီသကပါလဋ္ဌိနိ၊ ဦးခေါင်းခွံရိုးတို့လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့သောအားဖြင့်။ တိမတ္တာနိ အဋ္ဌိသတာနိ၊ သုံးရာအတိုင်းအရှည်ရှိသော အရိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ သဗ္ဗာနိပိ၊ ထိုအားလုံးတို့သည်လည်း။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတာနိ၊ ဖြူကုန်၏။ သဏ္ဌာနတော သဏ္ဌာန်အားဖြင့်။ နာနာသဏ္ဌာနာနိ၊ အမျိုးမျိုးသောသဏ္ဌာန်ရှိကုန်၏။

ဟိ၊ ချဲ့၍ပြဦးအံ့။ တဗ္ဗ၊ထို ကိုးရာသောအရိုးတို့တွင်။ အဂ္ဂပါဒင်္ဂုလိအဋ္ဌိနိ၊ ခြေချောင်းအဖျားဆစ်ရိုးတို့သည်။ ကတကဗီဇသဏ္ဌာနာနိ၊ ခပေါင်းစေ့

သဏ္ဌာန်ရှိကုန်၏။ တာဒိသာ ရေနိ၊ ထိုအရိုးတို့၏ အခြားမဲ့ဖြစ်ကုန်သော။ မဇ္ဈပဋ္ဌိနိ၊ အလယ်ဆစ်ရိုးတို့သည်။ ပနသဋ္ဌိသဏ္ဌာနာနိ၊ ပိန္နဲစေ့သဏ္ဌာန်ရှိကုန်၏။ မူလပဗ္ဗဋ္ဌိနိ၊ အရင်းဆစ်ရိုးတို့သည်။ ပဏဝသဏ္ဌာနာနိ၊ ထင်းစည်သဏ္ဌာန်ရှိကုန်၏။ ပိဋ္ဌိပါဒဋ္ဌိနိ၊ ခြေဖမိုးရိုးတို့သည်။ ကောဋ္ဋိတကန္ဒလကန္ဒ-ရာသိသဏ္ဌာနာနိ၊ ထုပြားထားသော ပဒိုင်းခတ္တာပင်၏ အကြောစုသဏ္ဌာန်ရှိကုန်၏။ ပဏှိကဋ္ဌိ၊ ဖနောင့်ရိုးသည်။ ကေဋ္ဌတာလဖလဗီဇသဏ္ဌာန်၊ တစေ့သာရှိသော ထန်းသီးစေ့သဏ္ဌာန်ရှိ၏။ ဂေါပ္ဖကဋ္ဌိနိ၊ ဖမျက်ရိုးတို့သည်။ ဗဒ္ဓကီဠာဂေါဠကသဏ္ဌာနာနိ၊ ကြိုးဖြင့်ဖွဲ့ချည်ထားသော ကစားစရာ ဂေါ်လီလုံးသဏ္ဌာန်ရှိကုန်၏။ ဇင်္ဃဋ္ဌိနံ၊ မြင်းခေါင်းရိုးတို့၏။ ဂေါပ္ဖကဋ္ဌိသု၊ ဖမျက်ရိုးတို့၌။ ပတိဋ္ဌိတဋ္ဌာနံ၊ တည်ရာအရပ်သည်။ အပနီတတစသိန္ဒိကဋ္ဌိရသဏ္ဌာနံ၊ အခွံနွှင်ထားသော စွန့်ပလွံ့ဖူညွှာငုံ သဏ္ဌာန်ရှိ၏။ ခုဒ္ဒကဇင်္ဃဋ္ဌိကံ၊ ခြေသလုံးရိုးငယ်သည်။ ဓနုကဒဏ္ဍသဏ္ဌာနံ၊ ကစားစရာ လေးငယ်၏ ကိုင်းသဏ္ဌာန်ရှိ၏။ မဟန္တံ၊ ခြေသလုံးရိုး အကြီးသည်။ မိလာတသပ္ပပိဋ္ဌိသဏ္ဌာနံ၊ ညှိုးပိန်နေသော မြွေ၏ကျောက်ကုန်းသဏ္ဌာန်ရှိ၏။ ဇဏ္ဏုကဋ္ဌိ၊ ဒူးဆစ်ရိုးသည်။ ကေနစိ၊ ဘဘက်မှ။ ပရိက္ခီဏဖေဏကသဏ္ဌာနံ၊ ပဲ့သော ရေမြှုပ်သဏ္ဌာန်ရှိ၏။ တတ္ထ၊ ထိုဒူးဆစ်ရိုး၌။ ဇင်္ဃဋ္ဌိကဿ၊ ခြေသလုံးရိုး၏။ ပတိဋ္ဌိတဋ္ဌာနံ၊ တည်ရာအရပ်သည်။ အတိခိဏဂေါသိင်္ဂသဏ္ဌာနံ၊ အဖျားမထက်သည့် နွားချိုသဏ္ဌာန်ရှိ၏။ ဦရုဋ္ဌိ၊ ပေါင်ရိုးသည်။ ဒုတ္တစ္ဆိတဝါသိပရသုဒဏ္ဍသဏ္ဌာနံ၊ မကောင်းသဖြင့်ခွေထားသော ပဲခွပ်ရိုး, ပုဆိန်ရိုးသဏ္ဌာန်ရှိ၏။ ကဋိဋ္ဌိမှိ၊ တင်ပါးရိုး၌။ တဿ၊ ထိုပေါင်ရိုး၏။ ပတိဋ္ဌိတဋ္ဌာနံ၊ တည်ရာအရပ်သည်။ အင်္ဂစ္ဆိန္နမဟာပုန္နာဂဖလသဏ္ဌာနံ၊ အဖျားပိုင်းပြတ်နေသော ပုန်းညက်သီးကြီးသဏ္ဌာန်ရှိ၏။

ဒွေပိ ကဋိဋ္ဌိနိ၊ တင်ပါးရိုးနှစ်ခုတို့သည်လည်း။ ကောဗဒ္ဓါနိ ဟုတွာ၊ တပေါင်းတည်း တစပ်တည်း ဖြစ်ကုန်လတ်သော်။ကုမ္ဘကာရိကဥက္ခနသဏ္ဌာနာ-နိ၊ အိုးထိန်းသည်တို့လုပ်ထားသော ခုံလောက် (ဖိုခနောက်) သဏ္ဌာန်ရှိကုန်၏။ ပါဋိယေက္ကံ၊ အသီးအခြားဖြစ်နေလျှင်။ ဝါ၊ တစ်ခုစီကွဲနေလျှင်။ ကမ္မာရကူဋယောတ္တကသဏ္ဌာနာနိ၊ ပန်းပဲတို့၏ သံကိုက်သဏ္ဌာန်ရှိကုန်၏။ ကောဋိယံ ဌိတံ၊ အစွန်း၌တည်သော။ အာနိသဒဋ္ဌိ၊ တင်ပါးရိုးသည်။ အဓော-မုခံ ကတွာ၊ အောက်သို့ ရှေးရှုပြု၍။ ဝါ၊ တွဲလျားဆွဲ၍။ ဂဟိတသပ္ပဖဏ-သဏ္ဌာနံ၊ ကိုင်အပ်သောမြွေ၏ ပါးပျဉ်းသဏ္ဌာန်ရှိ၏။ သတ္တဋ္ဌသုဌာနေသု၊ ခုနစ်ခု, ရှစ်ခုသော ဌာနတို့၌။ ဆိဒ္ဒါဝဆိဒ္ဒံ၊ အပေါက်အပေါက်ရှိ၏။

ပိဋ္ဌိကာဘူကဋ္ဌိနိ၊ ကျောက်ဆူးရိုးတို့သည်။ အဗ္ဘန္တရတော၊ အတွင်းဘက်မှ။ ဥပရူပရိ၊ အဆင့်ဆင့်။ ဌပိတသိသာဃဋ္ဋဝေဌကသဏ္ဌာနာနိ၊ ထပ်လျက်တင်ထားအပ်သော ခဲပြားခွေတို့၏ သဏ္ဌာန်ရှိကုန်၏။ ဗာဟိရတော၊ အပြင်ဘက်မှ။ ဝဋ္ဋနာဝဠိသဏ္ဌာနာနိ၊ ဗိန်းလုံးအစဉ်။ ဝါ၊ ဗိန်းလုံးအဆင့်ဆင့် သဏ္ဌာန်ရှိကုန်၏။ တေသံ၊ ထိုကျောက်ဆူးရိုးတို့၏။ အန္တရန္တရာ၊ အကြားကြား၌။ ကကစဒန္တသဒိသာ၊ လွှသွားနှင့်တူကုန်သော။ ဒွေ တယော ကဏ္ဋကာ၊ နှစ်ခု သုံးခုသော ဆူးနှင့်တူသော အရိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုဝီသတိယာ ဖာသုကဋ္ဌီသု၊ နှစ်ဆယ့်လေးခုသော နံရိုးတို့တွင်။ အပရိပုဏ္ဏာနိ၊ မပြည့်သော နံရိုးတို့သည်။ အရိပုဏ္ဏအသိသဏ္ဌာနာနိ၊ မပြည့်သော သံလျက် သဏ္ဌာန်ရှိကုန်၏။ ပရိပုဏ္ဏာနိ၊ ပြည့်သောနံရိုးတို့သည်။ ပရိပုဏ္ဏအသိသဏ္ဌာနာနိ၊ ပြည့်သောသံလျက် သဏ္ဌာန်ရှိကုန်၏။ သဗ္ဗာနိပိ၊ နံရိုးအားလုံးတို့သည်လည်း။ ဩဒါတကုက္ကုဋဿ၊ ကြက်ဖြူ၏။ ပသာရိတပက္ခ—သဏ္ဌာနာနိ၊ ဖြန့်ထားသော အတောင်သဏ္ဌာန်ရှိကုန်၏။ စုဒ္ဒသ ဥရဋ္ဌိနိ၊ တစ်ဆယ့်လေးခုသော ရင်ရိုးတို့သည်။ ဇိဏ္ဏသန္ဒမာနိကပဉ္ဇရသဏ္ဌာနာနိ၊ အိုမင်းပျက်စီးနေသော သန်လျင်းချိုင့်သဏ္ဌာန်ရှိကုန်၏။ ဟဒယဋ္ဌိ၊ ရင်ညွန့်ရိုးသည်။ ဒဗ္ဗိဖဏသဏ္ဌာနံ၊ ယောက်မရွက်သဏ္ဌာန်ရှိ၏။

အက္ခကဋ္ဌိနိ၊ ညှပ်ရိုးနှစ်ခုတို့သည်။ ခုဒ္ဒကလောဟဝါသိဒဏ္ဍသဏ္ဌာနာနိ၊ သံပဲခွပ်ငယ်၏ အရိုးသဏ္ဌာန်ရှိကုန်၏။ ကောဋ္ဌဋ္ဌိနိ၊ လက်ပြင်ရိုးနှစ်ခုတို့သည်။ ဧကတော၊ တဘက်မှ။ ပရိက္ခီဏသိဟဠကုဒ္ဒါလသဏ္ဌာနာနိ၊ ကုန်းနေသော သိဟိုဠ်ပေါက်ဘူးသဏ္ဌာန်ရှိကုန်၏။ ဗာဟဋ္ဌိနိ၊ လက်မောင်းရိုးနှစ်ခုတို့သည်။ အာဒါသဒဏ္ဍကသဏ္ဌာနာနိ၊ ကြေးမုံရိုးသဏ္ဌာန်ရှိကုန်၏။ အဂ္ဂဗာဟဋ္ဌိနိ၊ လက်ဖျံရိုးနှစ်ခုတို့သည်။ ယမကတာလကန္ဒသဏ္ဌာနာနိ၊ အစုံတွဲလျက်ရှိသော ထန်းဖူး, ထန်းညှောင့်, ထန်းမြစ်သဏ္ဌာန်ရှိကုန်၏။ မဏိဗန္ဓဋ္ဌိနိ၊ လက်ကောက်ဝတ်ရိုးတို့သည်။ ဧကတော၊ တဘက်မှ။ အလ္လီယာပေတွာ၊ တွယ်ကပ်စေလျက်။ ဌပိတသီသကပဋ္ဋဝေဌကသဏ္ဌာနာနိ၊ ထားအပ်သော ခဲပြားရစ်ခွေ သဏ္ဌာန်ရှိကုန်၏။ ပိဋ္ဌိဟတ္ထဋ္ဌိနိ၊ လက်ဖမိုးရိုးတို့သည်။ ကောဋ္ဌိတကန္ဒုလ (၂၄၇)ကန္ဒ—ရာသိသဏ္ဌာနာနိ၊ ထုပြားထားသော ပင်ဆိုးခတ္တာပင်၏ အကြောစုသဏ္ဌာန်ရှိကုန်၏။ ဟတ္ထင်္ဂုလီသု၊ လက်ချောင်းရိုးတို့တွင်။ မူလပဗ္ဗဋ္ဌိနိ၊ အရင်းဆစ်အရိုးတို့သည်။ ပဏဝသဏ္ဌာနာနိ၊ ထက်စည်သဏ္ဌာန်ရှိကုန်၏။ မဇ္ဈပဗ္ဗဋ္ဌိနိ၊ အလယ်ဆစ်အရိုးတို့သည်။ အပရိပုဏ္ဏပနသဋ္ဌိသဏ္ဌာနာနိ၊ မပြည့်သော ပိန္နဲစေ့သဏ္ဌာန်ရှိကုန်၏။ အဂ္ဂပဗ္ဗဋ္ဌိနိ၊ အဖျားဆစ်အရိုးတို့သည်။ ကတကဗီဇသဏ္ဌာနာနိ၊ ခပေါင်းစေ့သဏ္ဌာန်ရှိကုန်၏။

သတ္တ ဂီဝဋ္ဌိနိ၊ ခုနစ်ခုသော လည်ရိုးတို့သည်၊ ဒဏ္ဍေန၊ ဘုတ်ဘံ (လှံတံ) ဖြင့်။ ဝိဇ္ဈိတွာ၊ ထိုးလျှို၍။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ ဝါ၊ အစဉ်အတိုင်း။ ဌပိတဝံသကဠိရစက္ကလကသဏ္ဌာနာနိ၊ ဆင့်ထား အပ်သော ဝါးမျစ် ကွင်းဝိုင်းများ သဏ္ဌာန်ရှိကုန်၏။ ဟေဋ္ဌိမဟနုကဋ္ဌိ၊ အောက်မေးရိုးသည်။ ကမ္မာရာနံ၊ ပန်းပဲသမားတို့၏။ အယောကူဋယောတ္တကသဏ္ဌာနံ၊ သံကိုက်သဏ္ဌာန် ရှိ၏။ ဥပရိမံ၊ အထက်မေးရိုးသည်။ အဝလေခနသတ္ထကသဏ္ဌာနံ၊ ကြံခွံနွာသော ဓားမောက်သဏ္ဌာန်ရှိ၏။ အက္ခိကူပနာသကူပဋ္ဌီနိ၊ မျက်တွင်း, နှာတွင်း ရိုးတို့သည်။ အပနီတမိဉ္ဇတရုဏတာလဋ္ဌိသဏ္ဌာနာနိ၊ အဆံအနှစ်ကို ထုတ် ထားသည့် နုသောထန်းစေ့ သဏ္ဌာန်ရှိကုန်၏။ နလာဋဋ္ဌိ၊ နဖူးရိုးသည်။ အဓောမုခဌပိတသင်္ခထာလကကပါလသဏ္ဌာနံ၊ မှောက်ထားသော ခရုသင်း ခွက်ကွဲခြမ်း သဏ္ဌာန်ရှိ၏။ ကဏ္ဏစူဠိကဋ္ဌီနိ၊ နားထင်ရိုးတို့သည်။ နှာပိတခုရကောသသဏ္ဌာနာနိ၊ ဆတ္တာသည်တို့၏ သင်ဓုန်းခါးအိမ် သဏ္ဌာန်ရှိကုန်၏။ နလာဋကဏ္ဏစူဠိကာနံ၊ နဖူးရိုး, နားထင်ရိုးတို့၏။ ဥပရိ၊ အထက်၌။ ပဋ္ဋ-ဗန္ဓနောကာသေ၊ သင်းကျစ်ဖွဲ့ရာအရပ်၌၊ အဋ္ဌိ၊ အရိုးသည်။ သင်္ကုဋိတဃဋပုဏ္ဏ-ပဋလခဏ္ဍသဏ္ဌာနံ၊ အတွန့်အတွန့်ရှိ၍ ထောပတ်ဖြင့်ပြည့်သော အဝတ်ပိုင်း သဏ္ဌာန်ရှိ၏။ မုဒ္ဓဋ္ဌိ၊ ဦးထိပ်ရိုးသည်။ မုခစ္ဆိန္နဝက်နာဠိကေရသဏ္ဌာနံ၊ မျက်နှာဝကို ဖြတ်ထားသော ကောက်သော အုန်းမှုတ်သဏ္ဌာန်ရှိ၏။ သီသဋ္ဌီနိ၊ နောက်ဘက်ဦးခေါင်းရိုး တို့သည်။ သိဗ္ဗေတွာ၊ ချုပ်စပ်၍။ ဌပိတဇဇ္ဇရ-လာဗုကဋာဟသဏ္ဌာနာနိ၊ ထားအပ်သော ကွဲအက်သော ဗူးအုံသဏ္ဌာန် ရှိကုန်၏။

ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု ဒိသာသု၊ အထက်, အောက် နှစ်ပါး သောအရပ်တို့၌။ ဇာတာနိ၊ ဖြစ်ကုန်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ အဝိသေသေန၊ သာမညအားဖြင့်။ သကလသရီရေ၊ တကိုယ်လုံး၌။ ဌိတာနိ၊ တည်ကုန်၏။ ပန၊ အထူးကိုပြဆိုဦးအံ့။ ဧတ္ထ၊ ဤအရိုးတို့တွင်။ သီသဋ္ဌီနိ၊ ဦးခေါင်းရိုးတို့သည်။ ဂီဝဋ္ဌိသု၊ လည်ရိုးတို့၌။ ပတိဋ္ဌိတာနိ၊ တည်ကုန်၏။ ဂီဝဋ္ဌီနိ၊ လည်ရိုးတို့သည်။ ပိဋ္ဌိကဏ္ဋကဋ္ဌိသု၊ ကျောက်ဆူးရိုးတို့၌။ ပတိဋ္ဌိ-တာနိ၊ တည်ကုန်၏။ (ပြန်စပ်။) ပိဋ္ဌိကဏ္ဋကဋ္ဌီနိ၊ ကျောက်ဆူးရိုးတို့သည်။ ကဋိဋ္ဌိသု၊ တင်ပါးရိုးတို့၌။ ပတိဋ္ဌိတာနိ၊ တည်ကုန်၏။ (ပြန်စပ်။) ကဋိဋ္ဌီနိ၊ တင်ပါးရိုးတို့သည်။ ဦရုဋ္ဌိသု၊ ပေါင်ရိုးတို့၌။ ဦရုဋ္ဌီနိ၊ ပေါင်းရိုးတို့သည်။ ဇဏ္ဏုကဋ္ဌိသု၊ ဒူးဆစ်ရိုးတို့၌။ ဇဏ္ဏုကဋ္ဌီနိ၊ ဒူးဆစ်ရိုးတို့သည်။ ဇင်္ဃဋ္ဌိသု၊ ခြေသလုံးရိုးတို့၌။ ဇင်္ဃဋ္ဌီနိ၊ ခြေသလုံးရိုးတို့သည်။ ဂေါပ္ဖကဋ္ဌိသု၊ ဖမျက်ရိုး

တို့၌။ ဝေါဟ္ပကဋ္ဌိနိ၊ ဖျက်ရိုးတိုသည်။ ပိဋ္ဌိပါဒဋ္ဌိသု၊ ခြေဖမိုးရိုးတို့၌။ ပတိ–ဋ္ဌိတာနိ၊ တည်ကုန်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ အဗ္ဘန္တရာ၊ အတွင်းဘက်၌။ အဋ္ဌိမိဉ္ဇေန၊ ရိုးတွင်းခြင်ဆီဖြင့်။ ဥပရိတော၊ အထက်ဘက် အပြင်ဘက်၌။ မံသေန၊ အသားဖြင့်။ အဂ္ဂေ စ၊ အဖျားဘက်၌လည်းကောင်း။ မူလေ စ၊ အရင်းဘက်၌ လည်းကောင်း။ အညမညေန၊ အချင်းချင်းအားဖြင့်။ ပရိစ္ဆိန္နာနိ၊ ပိုင်းခြားလျက် ရှိကုန်၏။ အယံ၊ ဤသည်ကား။ နေသံ၊ ထိုအရိုးတို့၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ–ပေတည်း။ ဝိသဘာဂပရိစ္ဆေ–ဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ–သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၉၁။ အဋ္ဌိမိဉ္ဇန္တိ၊ အဋ္ဌိမိဉ္ဇံ ဟူသည်ကား။ ဝါ၊ ရိုးတွင်းခြင်ဆီသည်ကား။ တေသံ တေသံ အဋ္ဌီနံ၊ ထိုထိုအရိုးတို့၏။ အဗ္ဘန္တရဂတံ၊ အတွင်း၌ တည်သော။ မိဉ္ဇံ၊ ခြင်ဆီပေတည်း။ တံ၊ ထိုခြင်ဆီသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတံ၊ ဖြူ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ မဟန္တ မဟန္တာနံ အဋ္ဌီနံ၊ ကြီးကုန် ကြီးကုန်သော အရိုးတို့၏။ အဗ္ဘန္တရဂတံ၊ အတွင်း၌တည်သော ခြင်ဆီသည်။ ဝေဠုနာဠိယံ၊ ဝါးကျည်တောက်၌။ ပက္ခိတ္တ–သေဒိတမဟာဝေတ္တဂ္ဂသဏ္ဌာနံ၊ ထည့်၍ပြုပ်ထားသော ကြိမ်ညွန့်ကြီးသဏ္ဌာန် ရှိ၏။ ခုဒ္ဒါနုခုဒ္ဒကာနံ၊ ငယ်ကုန် အလွန်ငယ်ကုန်သော အရိုးတို့၏။ အဗ္ဘန္တရ–ဂတံ၊ အတွင်း၌တည်သော ခြင်ဆီသည်။ ဝေဠုယဋ္ဌိပဗ္ဗေသု၊ ငယ်သောဝါး ဆစ်တို့၌။ ပက္ခိတ္တသေဒိတတနုဝေတ္တဂ္ဂသဏ္ဌာနံ၊ ထည့်၍ပြုပ်ထားသော ကြိမ်ညွန့်နုသဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွီသု ဒိသာသု၊ နှစ်ပါးသော အရပ်တို့၌။ ဇာတံ၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ အဋ္ဌီနံ အဗ္ဘန္တရေ၊ အရိုးတို့၏အတွင်း၌။ ပတိဋ္ဌိတံ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်း အခြားအားဖြင့်။ အဋ္ဌီနံ၊ အရိုးတို့၏။ အဗ္ဘန္တရေဟိ၊ အတွင်းဘက် အပြင် တို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုခြင် ဆီ၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ ပေတည်း။ ဝိသဘာဂပရိစ္ဆေ–ဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ–သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့ နှင့် တူသည်သာတည်း။

၁၉၂။ ဝက္ကန္တိ၊ ဝက္ကံ–ဟူသည်ကား။ ဝါ၊ အညှိဟူသည်ကား။ ဧကဗန္ဓနာ၊ အညှာတစ်ခုတည်း၌ ဖွဲ့အပ်ကုန်သော ဒွေ မံသပိဏ္ဍိကာ၊ အသားစိုင်နှစ်ခုတို့ ပေတည်း။ တံ၊ ထိုအညှိသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ မန္ဒရတ္တံ၊ စဉ်းငယ်နီသော။ ပါဠိဘဒ္ဒကဋ္ဌိဝဏ္ဏံ၊ ပင်လယ်ကသစ် အဆင်းရှိ၏။ သဏ္ဌာန–

တော၊ သဏ္ဌာန်အားဖြင့်။ ဒါရုကာနံ၊ သူငယ်တို့၏။ ယမကကိုဋ္ဌာဂေါဋ္ဌက-
သဏ္ဌာနံ၊ ကစားရောအစုံဖွဲ့ထားသော ဂေါလီလုံးနှစ်ခု သဏ္ဌာန်ရှိ၏။ ဝါ၊
တနည်းသော်ကား။ ကေဝဏ္ဏပဋ္ဋိဗဒ္ဓအမ္ဗဖလဒွယသဏ္ဌာနံ၊ အညှာတစ်ခုတည်း၌
ဖွဲ့တွယ်နေသော သရက်သီးနှစ်လုံးတွဲ သဏ္ဌာန်ရှိ၏။ဒိသတော၊ အရပ်အားဖြင့်။
ဥပရိမာယ ဒိသာယ၊ အထက်အရပ်၌။ ဇာတံ၊ဖြစ်၏။ ဩကာသတော၊တည်ရာ
အားဖြင့်။ ဂလဝါဋကာ၊ လည်မျိုမှ။ နိက္ခန္တေန ကေမူလေန၊ ထွက်သော
တစ်ခုတည်း သော အညှာရင်းဖြင့်။ ထောကံ ဂန္တွာ၊ အတန်ငယ်ဆင်းသွားပြီး
လျှင်။ (၂၄၈)ဒွိဓာ ဘိန္နေန၊နှစ်ဖြာကွဲသော။ထူလနှာရုနာ၊ အကြောကြီးဖြင့်။
ဝိနိဗဒ္ဓံ ဟုတွာ၊ ဖွဲ့တွယ်လျက်။ ဟဒယမံသံ၊ နှလုံးသားကို။ ပရိက္ခိပိတွာ၊
ခြံရံ၍။ ဝါ၊ ဝန်းရံ၍။ ဌိတံ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။
ဝက္ကံ၊ အညှိကို။ ဝက္ကဘာဂေန၊ အညှိအဖို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။
အယံ၊ ဤသည်ကား။ အသာ၊ ထိုအညှို၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂ
ပရိစ္ဆေဒ—ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်
ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာလျှင်တည်း။

၁၈၃။ ဟဒယန္တိ၊ နှလုံး-ဟူသည်ကား။ ဟဒယမံသံ၊ နှလုံးသားပေ
တည်း။ တံ၊ ထိုနှလုံးသားသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ရတ္တပဒုမ-
ပတ္တပိဋ္ဌိဝဏ္ဏံ၊ ပဒုမ္မာကြာနီပွင့်ဖတ်၏ ကျောဘက်အဆင်းရှိ၏။ သဏ္ဌာနတော၊
သဏ္ဌာန်အားဖြင့်။ ဗာဟိရပတ္တာနိ အပနေတွာ၊ ပြင်ပ အပွင့်ဖတ်တို့ကို
ခွာပစ်၍။ အဓောမုခံ ဌပိတပဒုမမကုဠသဏ္ဌာနံ၊ စောက်ထိုးဆွဲထားသော
ပဒုမ္မာကြာငုံ သဏ္ဌာန်ရှိ၏။ ဗဟိ၊ အပ၌။ မဋ္ဌံ၊ ပြေပြစ် ချောညက်၏။
အန္တော၊ အတွင်း၌။ ကောသာတကီဖလဿ၊ သပွတ်ခါးသီး၏။ အဗ္ဘန္တရ-
သဒိသံ၊ အတွင်းသားနှင့်တူ၏။ ပညဝန္တာနံ၊ ပညာရှိသောသူတို့အား။
ထောကံ ဝိကသိတံ၊ အနည်းငယ်ပွင့်၏။ မန္ဒပညာနံ၊ ပညာနုံ့သောသူတို့အား။
မကုဠိတမေဝ၊ ငုံလျက်သာလျှင်ရှိ၏။ စ၊ ဆက်ဦးအံ့။ အဿ၊ ထိုနှလုံးသား၏။
အန္တော၊ အတွင်း၌။ ပုန္နာဂဋ္ဌိပတိဋ္ဌာနမတ္တော၊ ပုန်းညက်စေ့၏ တည်ရာမျှ
သော။ အာဝါဋကော ဟောတိ၊ တွင်းငယ်သည်ရှိ၏။ ယတ္ထ၊ အကြင်တွင်း
ငယ်၌။ အဍ္ဎပသတမတ္တံ၊ လက်ဆုန်းဝက်ခန့်မျှသော။ (လက်နှစ်ခုယှက်၍
ခံယူရာ၌ လက်ခုပ်—ဟုခေါ်သည်။ လက်တစ်ဘက်ဖြင့် ခံယူရာ၌ လက်ဆုန်း-
ဟုခေါ်သည်။ ယင်းလက်ဆုန်း၏ ထက်ဝက်ကို လက်ဆုန်းဝက်-ဟုခေါ်သည်။)
လောဟိတံ၊ သွေးသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ယံ နိဿာယ၊
အကြင်သွေးကိုမှီ၍။မနောဓာတု စ၊ မနောဓာတ်သည်လည်းကောင်း။ မနော-

ဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တတိ၊ ဖြစ်ကုန်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ တံ တေ လောဟိတံ၊ ထိုသွေးသည်။ ရာဂစရိတဿ၊ ရာဂအားကြီးသောသူအား။ ရတ္တံ၊ နီသည်။ ဟောတိ၊ ဖြစ်၏။ ဒေါသစရိတဿ၊ ဒေါသအားကြီးသောသူအား။ ကာဠကံ၊ မည်း၏။ (နက်၏။) မောဟစရိတဿ၊ မောဟအားကြီးသောသူအား။ မံသဓောဝနဥဒကသဒိသံ၊ အသားဆေးရည်နှင့်တူ၏။ ဝိတက္ကစရိတဿ၊ ဝိတက်အားကြီးသောသူအား။ ကုလတ္ထယူသဝဏ္ဏံ၊ ပဲပိစပ်ပြုတ်ရည် အဆင်းရှိ၏။ သဒ္ဓါစရိတဿ၊ သဒ္ဓါအားကြီးသောသူအား။ ကဏိကာရပုပ္ဖဝဏ္ဏံ၊ မဟာလှေကားပွင့် အဆင်းရှိ၏။ ပညာစရိတဿ၊ ပညာအားကြီးသူအား။ အစ္ဆံ၊ ကြည်၏။ ဝါ၊ ကြည်သော။ ဝိပ္ပသန္နံ၊ အထူးကြည်လင်၏။ ဝါ အထူးကြည်လင်သော။ အနာဝိလံ၊ နောက်ကျုခြင်းမရှိ။ ဝါ၊ နောက်ကျုခြင်းမရှိသော။ ပဏ္ဍရံ၊ ဖြူစင်၏။ ဝါ၊ ဖြူစင်သော။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်စင်ကြယ်၏။ နိဒ္ဓေါတဇာတိမဏိ ဝိယ၊ ကောင်းစွာသွေးထားအပ်သော ပဒ္မြားစစ်ကဲ့သို့။ ဇုတိမန္တံ၊ အရောင်တောက်လျက်။ ခါယတိ၊ ထင်၏။ တံနည်း-ဇုတိမန္တံ ခါယတိ၊ အရောင်တောက်လျက် ထင်၏။ ဒိသာတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်၌။ ဇာတံ၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဒွိန္နံ ထနာနံ၊ သားမြတ်နှစ်ခုတို့၏။ မဇ္ဈေ၊ အလယ်ဖြစ်သော။ သရီရဗ္ဘန္တရေ၊ ကိုယ်၏အတွင်း၌။ ပတိဋ္ဌိတံ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဟဒယံ၊ နှလုံးသည်။ ဟဒယဘာဂေန၊ နှလုံးအဖို့အားဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုနှလုံး၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ—ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသော ယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၉၄။ ယကနန္တိ၊ ယကနံ-ဟူသည်ကား။ ပါ၊ အသည်းဟူသည်ကား။ ယမကမံသပဋလံ၊ အစုံသော အသားလွှာပေတည်း။ တံ၊ ထိုအသည်းသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ရတ္တံ၊ နီရောင်ရှိ၏။ ပဏ္ဍုကဓာတုကံ၊ ဖျော့တော့သော သဘောရှိ၏။ နာတိရတ္တံ၊ မနီလွန်း။ ဝါ၊ နီလွန်းသည်ကား မဟုတ်၊ ကုမုဒဿ၊ ကုမုဒြာကြာ၏။ ပတ္တပိဋ္ဌိဝဏ္ဏံ၊ ပွင့်ချပ်၏ ကျောဘက် အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ မူလေ၊ အရင်း၌။ ဧကံ၊ တစ်ခုသော။ အဂ္ဂေ၊ အဖျား၌။ ယမကံ၊ အစုံဖြစ်သော။ ကောဝိဠာရပတ္တ— သဏ္ဌာနံ ပင်လယ်ကသစ်ရွက်သဏ္ဌာန်ရှိ၏။ တဉ္စ၊ ထိုအသည်းသည်လည်း။ ဒန္ဓာနံ၊ ပညာနုံ့သောသူတို့အား။ ဧကမေဝ၊ တစ်ခုတည်းသာလျှင်။ ဟုတွာ၊

ဝိသုဒ္ဓိ၊ ၃-၁၂

ဖြစ်၍။(ထည့်။) မဟန္တံ ဟောတိ၊ ကြီး၏။ ပညဝန္တာနံ၊ ပညာရှိသောသူတို့အား။ ဒွေ ဝါ၊ နှစ်ခုတို့သည်လည်းကောင်း။ တိဏိ ဝါ၊ သုံးခုတို့သည်လည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ (ထည့်။) ခုဒ္ဒကာနိ၊ ငယ်ကုန်၏။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်၌။ ဇာတံ၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဒွိန္နံ ထနာနံ၊ နှစ်ခုသော သားမြတ်တို့၏။ အဗ္ဘန္တရေ၊ အတွင်း၌။ ဒက္ခိဏပဿံ နိဿာယ၊ လက်ယာနံပါးကို မှီ၍။ ဌိတံ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ယကနံ၊ အသည်းသည်။ ယကနဘာဂေန၊ အသည်းအဖို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုအသည်း၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၈၅။ ကိလောမကန္တိ၊ ကိလောမကံ—ဟူသည်ကား။ ဝါ၊ အမြှေးဟူသည်ကား။ ပရိစ္ဆန္နာပရိစ္ဆန္နဘေဒတော၊ ဖုံးလွှမ်းတတ်သောအမြှေး, မဖုံးလွှမ်းတတ်သောအမြှေးတို့၏ အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသော။ ပရိယောနဟနမံသံ၊ မြှေးယှက်တတ်သော အသားလွှာပေတည်း။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်သာဖြစ်သော။ တံ၊ ထိုအမြှေးသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတံ၊ ဖြူ၏။ ဒုကူလပိလောတိကဝဏ္ဏံ၊ ဘဲ့ဖြူပုဆိုးကြမ်းနှင့် တူသောအဆင်းရှိ၏။ (ဒုကူလပိလောတိက ဘဲ့ဖြူပုဆိုးကြမ်းဟူသည်မှာ "ဒုကူလ-ကား .. စိန်ရတီချိန်သော ဘိသ္မာ (ဘီစွာ) စေ့ငုံကပ်သည့် နှမ်းကြပ်ပင်က လျှော်ကိုရက်သည့်အဝတ်ဖြစ်သည်။ ပိလောတိက - သဒ္ဒါသည် ကြမ်းသောအဝတ်ကို ဟောသည်။ ထို့ကြောင့် တံငါသားမွေးရာ၌ ဒုကူလ မည်သော လျှော်ရက်ပုဆိုးကြမ်းနှင့် ခံသောကြောင့် ဒုကူလ—မည်ကြောင်း သုဝဏ္ဏသာမ-ဇာတ်၌ ဆိုသည်။)သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။အတ္တနော၊ မိမိ၏။ ဩကာသသဏ္ဌာနံ၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ပဋိစ္ဆန္နကိလောမကံ၊ ဖုံးလွှမ်းတတ်သော အမြှေးသည်။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်၌။ ဇာတံ၊ ဖြစ်၏။ ဣတရံ၊ အခြားအမြှေးသည်။ ဒွီသု ဒိသာသု၊ နှစ်ပါးသော အရပ်တို့၌။ ဇာတံ၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ (၂၄၉) ပဋိစ္ဆန္နကိလောမကံ၊ ဖုံးလွှမ်းတတ်သော အမြှေးသည်။ ဟဒယဉ္စ၊ နှလုံးကိုလည်းကောင်း။ ဝက္ကဉ္စ၊ အညှိကိုလည်းကောင်း။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်းလျက်။ ဌိတံ၊ တည်၏။ အပ္ပဋိစ္ဆန္နကိလောမကံ၊ မဖုံးလွှမ်းတတ်သော အမြှေးသည်။ သကလသရီရေ၊ တကိုယ်လုံး၌။ စမ္မဿ၊

အရေ၏။ ဟေဋ္ဌတော၊ အောက်မှ။ မံသံ၊ အသားကို။ ပရိယောနဒ္ဓိတွာ၊ မြေး၍ ကပ်လျက်။ ဌိတံ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဟေဋ္ဌာ၊ အောက်ဘက်၌။ မံသေန၊ အသားဖြင့်။ ဥပရိ၊ အထက်၌။ စမ္မေန၊ အရေဖြင့်။ တိရိယံ၊ ဖီလာ-ပတ်ဝန်းကျင်၌။ ကိလောမကဘာဂေန၊ အမြှေး အဖုံးဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ ဘာသ၊ ထို အမြှေး၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ—ပေတည်း။ ဝိသဘာဂ-ပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၉၆။ ပိဟကန္တိ၊ ပိဟကံ-ဟူသည်ကား။ ဝါ၊ အဖျဉ်း-ဟူသည်ကား။ ဥဒရပဋလမံသံ၊ လျှာသဏ္ဌာန်ရှိသော ဝမ်း၏အထက်စောင်၌တည်သော အသားဘိုးပေတည်း။ ဝါ၊ အစာသစ်အိမ်၏အထက်စောင်၌တည်သော သရက် ရွက်ဝေါ် ဝပ်းလျှာအသားတုံးပေတည်း။ တံ၊ ထိုအဖျဉ်းသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ နီလံ၊ ညို၏။ နိဂ္ဂုဏ္ဍိပုပ္ဖဝဏ္ဏံ၊ ကြောင်ပန်းပွင့်အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ သတ္တင်္ဂုလပ္ပမာဏံ၊ လက်ခုနစ်သစ် ပမာဏ ရှိ၏။ အဗန္ဓနံ၊ အဖွဲ့အညှာမရှိ။ ကာဠဝစ္ဆကဇိဝှာသဏ္ဌာနံ၊ နွားနက်ငယ်၏ လျှာသဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်၊ ဥပရိမာယ ဒိသာယ၊ အထက် အရပ်၌။ ဇာတံ၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဟဒယဿ၊ နှလုံး၏။ ဝါမပဿေ၊ လက်ဝဲဘက်၌။ ဥဒရပဋလဿ၊ အစာသစ်အိမ်လွှာ၏။ မတ္ထကပဿံ၊ အထက်ဘက်ကို။ နိဿာယ၊ မှီ၍။ ဌိတံ၊ တည်၏။ ယသ္မိံ၊ အကြင်အဖျဉ်းကို။ ပဟာရဏပ္ပဟာရေန၊ လက်နက်ဖြင့်ထိုးခုတ်-ပုတ်ခြင်းကြောင့်။ ဗဟိနိက္ခန္တေ၊ အပြင်သို့ထွက်လတ်သော်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတက္ခယော ဟောတိ၊ အသက်ကုန်ခြင်း ဖြစ်ပေ၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအား ဖြင့်။ ပိဟကဘာဂေန၊ အမြှေးအဖုံးဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား၊ အဿ၊ ထိုအဖျဉ်း၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့်တူသည်သာတည်း။

၁၉၇။ ပပ္ဖါသန္တိ၊ ပပ္ဖါသံ-ဟူသည်ကား။ ဝါ၊ အဆုတ်-ဟူသည်ကား။ ဒွတ္တိံသမံသခဏ္ဍပ္ပဘေဒံ၊ အသားပိုင်း နှစ်ခု—သုံးခု အပြားရှိသော။ (ဤနေရာ၌ လက်ရှိမြန်မာမူမှာ "ဒွတ္တိံသမံသခဏ္ဍပ္ပဘေဒံ-ဟုရှိသည့်အတိုင်း သုံးဆယ့် နှစ်ပါးသော အသားပိုင်း အပြားရှိသော"ဟု ပြန်ထားသည်။ သီဟိုဠ်မူပါဠိမှာ "ဒွတ္တိမံသခဏ္ဍပ္ပဘေဒံ—ဟု ပါရှိသည့်အတိုင်း အသားပိုင်းနှစ်ခု,

သုံးခုအပြားရှိသော'' ဟု ပြန်ဆိုလိုက်သည်။) ပဗ္ဗါသမံသံ၊ အဆုတ်ဟူသော အသားပေတည်း။ တံ၊ ထိုအဆုတ်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ရတ္တံ၊ နီ၏။ နာတိပက္ကဥဒုမ္ဗရဖလဝဏ္ဏံ၊ မမှည့်လွန်းသေးသော ရေသဖန်းသီးအဆင်း ရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဝိသမစ္ဆိန္နဗဟလပူဝခဏ္ဍသဏ္ဌာနံ၊ မညီမညွတ်ဖြတ်ထားသော ထူသောမုန့်ပိုင်းသဏ္ဌာန်ရှိ၏။ အဗ္ဘန္တရေ၊ အတွင်းဘက်၌။အသိတပီတာနံ၊ စားအပ်,သောက်အပ်သော အာဟာရတို့၏။ အဘာဝေ၊ မရှိခြင်းကြောင့်။ တနည်း-အသိတပီတာနံ အဘာဝေ၊ စားသောက်ထားသောအစာမရှိသောအခါ၌။ ဥဂ္ဂတေန ကမ္မဇတေဇုသ္မာနာ၊ တက်သော ကမ္မဇတေဇောဓာတ် အပူငွေ့ဖြင့်။ အဗ္ဘာဟတတ္တာ၊ ပူလောင် နှိပ်စက်သော ကြောင့်။ သံခါဒိတပလာလပိဏ္ဍမိဝ၊ ညက်စွာဝါးထားသော ကောက်ရိုး ထွေးကဲ့သို့ပင်။ နိရသံ၊ အရသာမရှိ။ နိရောဇံ၊ အဆီဩဇာမရှိ။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ ဇာတံ၊ အထက်အရပ်၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ သရီရဗ္ဘန္တရေ၊ ကိုယ်၏အတွင်း၌။ ထနာနံ အန္တရေ၊ သားမြတ်နှစ်ခုတို့၏ အကြား၌။ ဟဒယဉ္စ၊ နှလုံးကိုလည်းကောင်း။ ယကနဉ္စ၊ အသည်းကိုလည်းကောင်း။ဥပရိဆာဒေတွာ၊အထက်မှဖုံးအုပ်လျက်။ ဩလမ္ဗန္တံ၊ တွဲလဲဆွဲလျက်။ ဌိတံ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြား အားဖြင့်။ ပဗ္ဗါသဘာဂေန၊ အဆုတ်အဖို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုအဆုတ်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂ ပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည် ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၁၉၇။ အန္တန္တိ၊ အန္တံ-ဟူသည်ကား။ ဝါ၊ အူမ-ဟူသည်ကား။ ပုရိသဿ၊ ယောကျ်ားအား။ ဒွတ္တိံသဟတ္ထာ၊ သုံးဆယ့်နှစ်တောင်ရှိသော။ ဣတ္ထိယာ၊ မိန်းမအား။ အဋ္ဌဝီသတိဟတ္ထာ၊ နှစ်ဆယ့်ရှစ်တောင် ရှိသော။ ဧကဝီသတိယာ၊နှစ်ဆယ့်တစ်တောင် ရှိသော။ ဌာနေသု၊ နေရာတို့၌။ဧကဝီသတိယာ ဌာနေသု၊ နှစ်ဆယ့်တစ်တောင်ရှိသော နေရာတို့၌။ ဩဘဂ္ဂါ၊ အောက်သို့ ခွေ၍ တည်သော။ ဝါ၊ တွန့်လျက် ခွေလျက်။ အန္တဝဋ္ဋိ၊ အူမ-ခွေပေတည်း။ တဒေတံ-တံ ဧတံ အန္တဝဋ္ဋိ၊ ထိုသို့သော ဤအူမ-ခွေသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတံ၊ ဖြူ၏။ သက္ခရသုဓာဝဏ္ဏံ၊ ကျောက်ဖြူမှုန့် အင်္ဂတေအဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ လောဟိတဒေါဏိယံ၊ နီသော ဆိုးရည်ကျင်း၌။ အာဘုဇိတွာ ဌပိတသီသစ္ဆိန္နသပ္ပသဏ္ဌာနံ၊ ခွေ၍ထည့်ထားသော ခေါင်းဖြတ်ထားသည့် မြွေသဏ္ဌာန်ရှိ၏။ ဒိသတော၊

အရပ်အားဖြင့်။ ဒွိသု ဒိသာသု ဇာတံ၊ နှစ်ပါးသော အရပ်တို့၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဥပရိ၊ အထက်၌။ ဂလဝါဋကေ စ၊ လည်မျို၌ လည်းကောင်း။ ဟေဋ္ဌာ၊ အောက်၌။ ကရီသမဂ္ဂေ စ၊ ကျင်ကြီးလမ်း၌ လည်းကောင်း။ ဝါ၊ ဝစ္စမဂ်၌ လည်းကောင်း။ ဝိနိဗန္ဓတ္တာ၊ ဖွဲ့စပ်လျက်ရှိသောကြောင့်။ ဂလဝါဋကကရီသမဂ္ဂပရိယန္တေ၊ လည်မျိုအစ ဝစ္စမဂ်အဆုံးရှိသော။ သရီရဗ္ဘန္တရေ၊ ကိုယ်၏အတွင်း၌။ ဌိတံ၊ တည်ရှိ၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ အန္တဘာဂေန၊ အူမ-ဟူသောအဖို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုအူမ—၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၂၀) ၁၉၉။ အန္တဂုဏန္တိ၊ အန္တဂုဏံ-ဟူသည်ကား။ ဝါ၊ အူသိမ် ဟူသည်ကား။ အန္တဘောဂဋ္ဌာနေသု၊ အူမ-ခွေ အရပ်တို့၌။ ဗန္ဓနံ၊ ဖွဲ့တွယ်တတ်သော အူသိမ်တည်း။ တံ၊ ထိုအူသိမ်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတံ၊ ဖြူ၏။ ဒကသီတလိကမူလဝဏ္ဏံ၊ ကြာသိမ်မြစ် အဆင်းရှိ၏။ ဝါ၊ ရေ၌နစ်နေသော မှော်မြစ်အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဒကသီတလိကမူလသဏ္ဌာနမေဝ၊ ကြာသိမ်မြစ်, မှော်မြစ်သဏ္ဌာန်ပင် ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု ဒိသာသု၊ နှစ်ပါးသောအရပ်တို့၌။ ဇာတံ၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ကုဒ္ဒါလဖရသုကမ္မာဒီနိ၊ ပေါက်တူး ပေါက်ခြင်း, ပုဆိန်ပေါက်ခြင်းအမှု—စသည်တို့ကို။ ကရောန္တာနံ၊ ပြုလုပ်သောသူတို့၏။ အန္တဘောဂေ။ အူခွေတို့ကို။ အဂ္ဂဠန္တေ၊ လျှောမကျ သည်တို့ကို။ ကတွာ၊ ပြု၍။ (ယည့်။-ကေတော အာဗန္ဓိတွာ-၌ စပ်)။ ယန္တာ-ကဍ္ဍနကာလေ၊ ယန္တရားစက်ကို ဆွဲငင်သောအခါ၌။ ယန္တသုတ္တကံ၊ ယန္တရား စက်ကြိုးသည်။ ယန္တဖလကာနိ၊ ယန္တရားပျဉ်ချပ်တို့ကို။ အဂ္ဂဠန္တေ၊ လျှော မကျအောင်။ အာဗန္ဓတိ ဣဝ၊ ဖွဲ့တွယ်ထားသကဲ့သို့။ ကေတော အာဗန္ဓိတွာ၊ တပေါင်းတည်း ဖွဲ့တွယ်လျက်။ ပါဒပုဉ္ဆနရဇ္ဇုမဏ္ဍလကဿ၊ ခြေသုတ်ကြိုး ဝန်း၏။ အန္တရာ၊ အကြား၌။ သံသိဗ္ဗိတွာ၊ ချုပ်စပ်လျက်။ ဌိတရဇ္ဇုကာ ဝိယ၊ တည်သော ကြိုးငယ်ကဲ့သို့။ ကေဝီသတိယာ အန္တဘောဂါနံ၊ နှစ်ဆယ့် တစ်ခုသော အူမ—ခွေတို့၏။ အန္တရာ ဌိတံ၊ အကြား၌ တည်၏။ ပရိစ္ဆေဒ-တော၊ အပိုင်းအခြားအားဖြင့်။ အန္တဂုဏဘာဂေန၊ အူသိမ်အဖို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ဤအူမ—၏။ သဘာဂ-

ပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသော ယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၁၀။ ဥဒရိယန္တိ၊ ဥဒရိယံ ဟူသည်ကား။ ဝါ၊ အစာသစ်ဟူသည်ကား။ ဥဒရေ၊ ဝမ်း၌။ ဘဝံ၊ ဖြစ်သော။ အသိတပီတခါယိတသာယိတံ၊ စားအပ်၊ သောက်အပ်၊ ခဲအပ်၊ လျက်အပ်သော အစာသစ်ပေတည်း။ တံ၊ ထို အစာသစ်ကို။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ အဇ္ဈောဟဋာဟာရဝဏ္ဏံ၊ စားမျိုလားသည့် အစာအဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ပရိဿာဝနေ၊ အဝတ်ရေစစ်၌။ ဝါ၊ ပဝ ရေစစ်၌။ သိထိလဗဒ္ဓတဏ္ဍုလသဏ္ဌာနံ၊ လျော့လျော့ထုပ်လားသော ဆန်များသဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ ဇာတံ၊ အထက်အရပ်၌ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဥဒရေ ဌိတံ၊ အစာသစ်အိမ်ဟူသော ဝမ်း၌တည်၏။

ဥဒရံ နာမ၊ အစာသစ်အိမ်-မည်သည်မှာ။ ဥဘတော နိပ္ပီဠိယမာနဿ၊ နှစ်ဘက်မှကိုင်၍ ညှစ်အပ်သော။ အလ္လသာဋကဿ၊ စိုသောအဝတ်ပုဆိုး၏။ မဇ္ဈေ၊ အလယ်၌။ သဥ္ဇာတဖောဋကသဒိသံ၊ ဖြစ်သော လေပူဖောင်းနှင့်တူသော။ အန္တပဋလံ၊ အူမ-လွှာပေတည်း။ တနည်း-အလ္လသာဋကဿ၊ စိုသော အဝတ်ပုဆိုးကို။ ဥဘတော နိပ္ပီဠိယမာနဿ၊ နှစ်ဘက်မှကိုင်၍ ညှစ်အပ်လျှင်။ မဇ္ဈေ သဥ္ဇာတဖောဋကသဒိသံ၊ အလယ်၌ဖြစ်သော လေပူဖောင်းနှင့်တူသော။ အန္တပဋလံ၊ အူမ-လွှာပေတည်း။ ဗဟိ၊ အပြင်ပ၌။ မဋ္ဌံ၊ ချောညက်၏။ အန္တော၊ အတွင်း၌ကား။ မံသကသမ္ဗုပလိဝေဌနကိလိဋ္ဌပါဝါရကပုပ္ဖကသဒိသံ၊ အသားမှိုက်-အသားပုပ်ကို ရစ်ပတ်ထားသော ညစ်နွမ်းသောတဘက်၏ အမြိတ်အဆာနှင့်တူ၏။ ကုထိတပနသတစဿ၊ ပုပ်ရိသော ပိန္နဲသီးခွံ၏။ အဗ္ဘန္တရသဒိသန္တိပိ၊ အတွင်းသားနှင့်တူ၏ဟူ၍လည်း။ ဝတ္တုံ ဝဋ္ဋတိ၊ ဆိုသင့်ပေ၏။ ယတ္ထ၊ အကြင် အစာသစ်အိမ်၌။ တက္ကောဋကာ၊ တက္ကောဋက-ပိုးမျိုးတို့ လည်းကောင်း။ ဂဏ္ဍုပ္ပါဒကာ၊ ဂဏ္ဍုပ္ပါဒက-ပိုးမျိုးတို့လည်းကောင်း။ တာလဟီရကာ၊ တာလဟီရက-ပိုးမျိုးတို့ လည်းကောင်း။ သူစိမုခကာ၊ သူစိမုခက-ပိုးမျိုးတို့လည်းကောင်း။ ပဋတန္တသုတ္တကာ၊ ပဋတန္တသုတ္တက-ပိုးမျိုးတို့လည်းကောင်း။ ဣစ္စေဝမာဒိ၊ ဤသို့အစရှိကုန်သော။ ဒွတ္တိံသကုလပ္ပဘေဒါ၊ သုံးဆယ့်နှစ်ပါး အမျိုးအားဖြင့် ပြားကုန်သော။ ကိမယော၊ ပိုးတို့သည်။ အာကုလဗျာကုလာ ဟုတွာ၊ အထွေးထွေး အယှက်ယှက် တိုးဝှေ့ကြလျက်။ ဝါ၊ ပျပ်ယှက်ခတ်လျက်။ သဏ္ဍသဏ္ဍစာရိနော ဟုတွာ၊ အစုလိုက် အပြုံလိုက်။ နိဝသန္တိ၊ သွားလာ ကျက်စား

ယျက် နေကုန်၏။ ယေ၊ အကြင် ပိုးတို့သည်။ ပါနဘောဇနာဒိမှိ၊ အဖျော်,
ဘောဇဉ် စသည်သည်။ အဇ္ဈောဟဋေ၊ မျိုအပ်သော်။ ဝါ၊ မရှိသောအခါ
၌။ ဥလ္လိင်္ဂိတွာ၊ ဂုန်တက်ကုန်၍။ ဝိရဝန္တာ၊ အသူးထူးအပြားပြား မြည်
တမ်းကုန်လျက်။ ဟဒယမံသံ၊ နှလုံးသားကို။ အဘိဟနန္တိ၊ တိုက်ခိုက်ထိပါး
ကုန်၏။ ပါနဘောဇနာဒိအဇ္ဈောဟရဏဝေလာယဉ္စ၊ အဖျော်, ဘောဇဉ်ကို
စားမျိုသော အခါ၌လည်း။ ဥဒ္ဓံမုခါ ဟုတွာ၊ မော့သောပါးစပ်ရှိကုန်လျက်။
ပဌမဇ္ဈောဟဋေ၊ ရှေးဦးစွာ မျိုအပ်ကုန်သော။ ဒွေ တယော အာလောပေ၊
နှစ်လုတ် သုံးလုတ်သော အစာတို့ကို။ တုရိတတုရိတာ၊ လျင်စွာ လျင်စွာ။ ဝါ၊
ဆောလျင်စွာ။ ဝိလုမ္ပန္တိ၊ လုယက် စားသောက်ကြကုန်၏။ ယံ ဥဒရံ၊ အကြင်
အစာသစ်အိမ်သည်။ ယေသံ ကိမီနံ၊ ထိုပိုးတို့၏။ သူတိဃရံ၊ သားဖွားရာအိမ်
လည်းဖြစ်၏။ ဝါ၊ မီးနေအိမ်လည်းဖြစ်၏။ ဝစ္စကုဋိ စ၊ ကျင်ကြီးအိမ်လည်း
ဖြစ်၏။ ဂိလာနသာလာ စ၊ သူနာဂုံလည်းဖြစ်၏။ သုသာနဉ္စ ဟောတိ၊
သုသာန်လည်းဖြစ်၏။ ယတ္ထ၊ အကြင် အစာသစ်အိမ်၌။ သေယျထာပိ နာမ၊
ဥပမာမည်သည်ကား။ စဏ္ဍာလဂါမဒွါရေ၊ ဒွန်းဇဏ္ဍာလရွာ တံခါး၌။ စန္ဒ-
နိကာယ၊ ရေပုပ်အိုင်၌။ နိဒါဃသမယေ၊ နွေအခါ၌။ ထုလဖုသိတကေ၊
ကြီးသောမိုးပေါက်ရှိသော။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာလတ်သော်။
ဥဒကေန၊ မိုးရေဖြင့်။ ဝုယှမာနံ၊ မျောပါလာသော။ မုတ္တ ကရိသ စမ္မ အဋ္ဌိ
နှာရု ခဠ ဆိင်္ဃာဏိကာ လောဟိတပ္ပဘုတိ နာနာကုဏပဇာတံ၊ ကျင်ငယ်,
ကျင်ကြီး, အရေပိုင်း, အရိုးပိုင်း, အကြောပိုင်း, တံတွေး, နှပ်,သွေး—အစရှိ
သော အမျိုးမျိုးသော အပုပ်, အရုံ—အရွံ အပေါင်းသည်။ နိပတိတွာ၊
ကျရောက်ပြီးလျှင်။ ကဒ္ဒမောဒကာလုဠိတံ၊ ရွှံ့ပုပ်ရေဖြင့်ရောယှက် နှောက်
နှက်အပ်သော။ ဒွိဟတီဟစ္စယေန၊ နှစ်ရက်—သုံးရက် လွန်သဖြင့်။ သဉ္ဇာတ-
ကိမိကုလံ၊ ပေါက်ဖွားသောပိုးမျိုးရှိသည်။ သူရိယာတပသန္တာပဝေဂကုထိတံ၊
နေပူရောင်၏ အပူရှိန်ဖြင့်လည်း ကျိုက်ကျိုက်ဆူလျက်။ ဥပရိ၊ အထက်၌။
ဖေဏပုပ္ဖုဠကေ မုဉ္စန္တံ၊ အမြှုပ်တစီစီထလျက်။ အဘိနီလဝဏ္ဏံ၊ ညိုပုပ်သော
အဆင်းရှိသည်ဖြစ်၍။ ပရမဒုဂ္ဂန္ဓဇေဂုစ္ဆံ၊ အလွန် မကောင်း သော အနံ့ဖြင့်
စက်ဆုပ်ဖွယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥပဂန္တုံ၊ ချဉ်းကပ်ခြင်းငှာ။ နေဝ
အရဟရူပံ၊ မထိုက်သောသဘောရှိသည်၏ အဖြစ်သို့လည်းကောင်း။ ဒဋ္ဌုံ၊
ကြည့်ရှုခြင်းငှာ။ န အရဟရူပံ၊ မထိုက်သည်၏ အဖြစ်သို့လည်းကောင်း။
အာပဇ္ဇိတွာ တိဋ္ဌတိ၊ ရောက်လျက်တည်၏။ (၂၁) ဃာယိတုံ ဝါ၊
နမ်းရှုရန်အလို့ငှာလည်းကောင်း။ သာယိတုံ ဝါ၊ လျက်ရန်အလို့ငှာလည်း
ကောင်း။ ပဂေဝ၊ ရှေးဦးစွာ ဆောဆောသာလျှင်။ န အရဟတိ သေယျ-

တာပိ၊ မထိုက်သကဲ့သို့။ ဝေမေဝ၊ ဤအတူပင်။ နာနပ္ပကာရံ၊ အမျိုးမျိုးသော။ ပါကာဘောဇနာဒိ၊ သောက်ဖွယ်, စားဖွယ်—စသည်သည်။ ဒန္တမုသလသဉ္စုဏ္ဏိတံ၊ သွားတည်းဟူသော ကျည်ပွေ့ဖြင့် တောင်းထု-ကြိတ်ချေအပ်သည်။ ဇိဝှာဟတ္ထပရိဝတ္တိတခေဠလာလာပလိဗုဒ္ဓံ၊ လျှာတည်းဟူသောလက်ဖြင့် မွှေနှောက်လျက် တံတွေး, သွားရည်တို့ဖြင့် မြေးယှက်—လူးလည်းအပ်သော။ တံခဏဝိဂတဝဏ္ဏဂန္ဓရသာဒိသမ္ပဒံ၊ ထိုခဏ၌ပင် ကင်းသော အဆင်း, အနံ့, အရသာ—အစရှိသည်တို့နှင့် ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ တန္တဝါယခလိသုဝါနဝမထုသဒိသံ၊ ယက်ကန်းသည်တို့၏ ချည်စာကစ်ဖတ်, ခွေးအံဖတ်တို့နှင့် တူ၍။ ဥဒရေ၊ အစာသစ်အိမ်၌။ (ထည့်။) နိပတိတွာ၊ ကျ၍။ ဝါ၊ ကျပြီးလျှင်။ ပိတ္တသေမှဝါတပလိဝေဌိတံ ဟုတွာ၊ သည်းခြေ, သလိပ်, လေ—တို့ဖြင့် ဖုံးအုပ် ရစ်ပတ်အပ်သည်ဖြစ်၍ ဥဒရဂ္ဂိသန္တာပဝေဂကုထိတံ၊ ဝမ်းမီးအငွေ့ဖြင့် ကျိုက်ကျိုက်ဆူလျက်။ (တိဋ္ဌတိ မှာ လှမ်းစပ်။) ကိမိကုလာကုလံ၊ ပိုးမျိုးသုံးဆယ့်နှစ်ပါးတို့ဖြင့်လည်း ရှုပ်သွက်ခတ်လျက်။ (တိဋ္ဌတိမှာပင် စပ်။) ဥပရူပရိ၊ အထက်အထက်၌။ ဝါ၊ နောက်နောက်ကာလ၌။ ဖေဏပုဗ္ဗုဠကာနိ၊ အမြှုပ်ပိပေါင်း အပွက်တို့ကို။ မုဥ္စန္တံ၊ လွှတ်လျက်။ ဝါ၊ ထစေလျက်။ ပရမကသမ္ဗုဒုဂ္ဂန္ဓဇေဂုစ္ဆဘာဝံ အာပဇ္ဇိတွာ၊ အလွန်ပုပ်ရိနံဝေ၍ စက်ဆုပ်ဖွယ်ကောင်းလှသည့်အနေသို့ ရောက်လျက်။ ဝါ၊ အလွန်မစင်ကြွယ်၍ မကောင်းသောအနံ့ရှိသည့် စက်ဆုပ်ဖွယ်၏အဖြစ်သို့ ရောက်လျက်။ တိဋ္ဌတိ၊ တည်၏။ (ဤနေရာ၌ ကသမ္ဗု သဒ္ဒါကို ပြည်နိဿယ၌ ယောက်သွားပုပ်-ဟု ပြန်ဆိုထား၏။ အံ ဋီ—၂၊ ၈၀–၌ ကသမ္ဗုဇာတော-ပုဒ်မှ ကသမ္ဗုကို ကသမ္ဗု ဝုစ္စတိ တိန္တကုဏပသင်္ခံ ဥဒကံ၊ ဣမသ္မိံ စ သာသနေ ဒုဿီလော နာမ ဇိဂုစ္ဆနီယတ္တာ တိန္တကုဏပဥဒကသဒိသော-ဟု ဖွင့်ဆိုထား၏။ ထိုအလိုအားဖြင့် ကသမ္ဗု-သဒ္ဒါသည် သူသေကောင်ပုပ်ရည်—ကို ဟောသည်ဟု ယူအပ်၏။ သို့သော်—ဤအဖွင့်လည်း ပရမ ပုဒ်နှင့်စပ်ရန် မလျော်လှသေး၊ ပါဠိအင်္ဂလိပ်အဘိဓာန်ကြီး၌ မစင်ကြွယ်သောအနက်ကိုလည်း ပြထား၏။ ထို့ကြောင့် ပရမကသမ္ဗုဒုဂ္ဂန္ဓဇေဂုစ္ဆဘာဝံ၊ အလွန်မစင်ကြွယ်၍ မကောင်းသော အနံ့ရှိသည့် စက်ဆုပ်ဖွယ်၏အဖြစ်သို့—ဟူ၍ ပြန်သင့်၏။—ဘာ - သံ—သော။) ယံ၊ အကြင်အစာသစ်အိမ်အကြောင်းကို။ သုတွာပိ၊ ကြားရုံမျှဖြင့်လည်း။ ဝါ၊ ကြားရုံမျှသာကြောင့်လည်း။ ပါနဘောဇနာဒိသု၊ စားဖွယ်, သောက်ဖွယ် စသည်တို့၌။ အမနုညတာ၊ မနှစ်သက် မမြိန်ရှက်ဖွယ်၏ အဖြစ်သည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ပညာစက္ခုနာ၊ ပညာမျက်စိဖြင့်။ အဝလောကေတွာ၊ မြင်ရပါမူကား။ ပဂေဝ၊ ဆိုဖွယ်ပင် မရှိတော့ပြီ။ စ၊ ထို့ပြင်လည်း။

ယတ္ထ၊ အကြင်အစာအိမ်၌။ ပသိတံ၊ ကျလာသော။ ပါနဘောဇနာဒိ၊ အဖျော်, ဘောဇဉ်-စသည်သည်၊ ပဉ္စဓာ ဝိဝေကံ ငါးပုံ ခွဲခြမ်းခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ကေ ဘာဂံ၊ တစ်ပုံကို။ ပါဏကာ မါဒ္တိ၊ ပိုးတို့သည် စား ကြကုန်၏။ ကေ ဘာဂံ၊ တစ်ပုံကို။ ဥဒရဂ္ဂိ ဈာပေတိ၊ ဝမ်းမီးက လောင်၏။ ကော ဘာဂေါ, တစ်ပုံသည်။ ဝါ၊ တစ်ပုံက။ မုတ္တံ ဟောတိ၊ ကျင်ငယ်ဖြစ် လေ၏။ ကော ဘာဂေါ၊ တစ်ပုံသည်။ ဝါ၊ တစ်ပုံက။ ကရီသံ ဟောတိ၊ ကျင်ကြီးဖြစ်သွားလေ၏။ ကော ဘာဂေါ၊ တစ်ပုံသည်။ ဝါ၊ တစ်ပုံက။ ရသဘာဝံ အာပဇ္ဇိတွာ၊ ရသဓာတ်ဖြစ်ပြီးလျှင်။ သောဏိတမံသာဒီနိ၊ အသွေး, အသား-စသည်တို့ကို။ ဥပဗြူဟယတိ၊ ဖြစ်ပွားစေ၏။

ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဥဒရပဋလေန စေဝ၊ အစာသစ် အသားလွှာဖြင့်လည်းကောင်း။ ဥဒရိယဘာဂေန စ၊ အစာသစ်အဖို့ဖြင့်လည်း ကောင်း။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်ကုန်ရှိပေ၏။ အယံ၊ ဤသည်ကား။ အယံ၊ ထိုအစာသစ်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ ပေတည်း။ ဝိသ-ဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသော ယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၀၁။ ကရီသန္တိ၊ ကရီသံ—ဟူသည်ကား။ ဝါ၊ အစာဟောင်း—ဟူသည် ကား။ ဝစ္စံ၊ ကျင်ကြီးပေတည်း။ တံ၊ ထိုကျင်ကြီးသည်။ ဝဏ္ဏတော၊ အဆင်း အားဖြင့်။ အဇ္ဈောဟဋဟာရဝဏ္ဏမေဝ၊ စားမျိုလိုက်သော အစာ၏အဆင်း ရှိသည်သာလျှင်။ ယေဘုယျေန ဟောတိ၊ များသောအားဖြင့် ဖြစ်တတ်၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနံ၊ တည်ရာအရပ်၏ သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဟေဋ္ဌိမာယ ဒိသာယ ဇာတံ၊ အောက်အရပ်၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ပက္ကာသယေ ဌိတံ၊ အစာဟောင်းအိမ်၌ တည်၏။ ပက္ကာသယော နာမ၊ အစာဟောင်းအိမ် မည်သည်ကား။ ဟေဋ္ဌာနာဘိ-ပိဋ္ဌိကဏ္ဋကမူလာနံ၊ ချက်အဖို့အားဖြင့် ချက်၏ အောက်, နောက်အဖို့အားဖြင့် အောက်ဆုံးဖြစ်သော ကျောက်ဆူးရိုးတို့၏။ အန္တရေ၊ အလယ်၌။ အန္တာဝသာနေ၊ အူမ၏ အဆုံး၌။ ဥဗ္ဗေဓေန၊ အစောက် အားဖြင့်။ အဋ္ဌင်္ဂုလမတ္တော၊ ရှစ်လက်သစ်မျှရှိသော။ ဝေဠုနာဠိကသဒိသော၊ ဝါးကျည်အခေါင်းနှင့်တူသော အရပ်ပေတည်း။ ယတ္ထ၊ အကြင်အစာသစ်အိမ် ၌။ သေယျထာပိ နာမ၊ ဥပမာသော်ကား။ ဥပရိ ဘူမိဘာဂေ၊ မြင့်မောက်ရာ မြေအဖို့၌။ ပတိတံ ဝဿောဒကံ၊ ကျသောမိုးရေသည်။ ဩဂဠိတွာ၊ လျှောကျ

မီးဆင်း၍။ ဟေဋ္ဌာဘာဂံ ပူရေတွာ၊ နိမ့်သောမြေ အဖို့ကို ပြည့်စေလျက်။ တိဋ္ဌတိ သေယျထာပိ၊ တည်စေသကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ အာမာ-သယေ၊ အာစာသစ်အိမ်၌။ ပတိတံ ကျလာသမျှသော။ ယံကိဉ္စိ ပါနဘောဇနာ-ဒိကံ၊ တစ်စုံတစ်ခုသော အဖျော်, ဘောဇဉ် စသည်ကို။ ဥဒရဂ္ဂိနာ၊ ဝမ်းမီး သည်။ ဖေဏုဒ္ဒေဟကံ၊ အမြှုပ်ထလေလျက်။ တနည်း-ဥဒရဂ္ဂိနာ ဖေဏုဒ္ဒေဟကံ၊ ဝမ်းမီးကအမြှုပ်ထစေလျက်။ ပက္ကံ ပက္ကံ၊ ချက်ပြီးတိုင်း, ချက်ပြီးတိုင်း။ နိသဒါယ၊ ဆေးကြိတ်ကျောက်လုံးဖြင့်။ ပိသိတံ ဣဝ၊ ကြိတ်ချေလိုက်သကဲ့ သို့။ သဏှဘာဝံ အာပဇ္ဇိတွာ၊ ကြေညက်သော သဘောသို့ ရောက်ပြီးလျှင်။ အန္တဗိလေန၊ အူပေါက်ပြင်းဖြင့်။ ဩရောဟိတွာ ဩရောဟိတွာ၊ လျောကျကာ လျောကျ ကာ။ ဩမဒ္ဒိတွာ၊ ပိသိပ်၍။ ဝေဠုပဗ္ဗေ၊ ဝါးကျည်တောက်၌။ ပက္ခိပမာန-ပဏ္ဍုမတ္တိကာ ဝိယ၊ ထည့်သွင်းသော ဝါ ဖျော့ ... မြေညက်ကဲ့သို့။ သန္နိစိတံ ဟုတွာ တိဋ္ဌတိ၊ စုဝေးလျက် တည်လေ၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအား ဖြင့်။ ပက္ကာသယပဋလေန စေဝ၊ အစာဟောင်းအိမ် အလွှာဖြင့် လည်း ကောင်း။ ကရီသဘာဂေန စ၊ ကျင်ကြီးအဖို့ဖြင့် လည်းကောင်း။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ... သည်ကား။ အဿ၊ ထိုအစာဟောင်း၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၀၂။ မတ္ထလုင်္ဂံ၊ မတ္ထလုင်-ဟူသည်ကား။ ဝါ၊ ဦးနှောက်-ဟူသည် ကား။ သီသကဋာဟဗ္ဘန္တရေ၊ ဦးခေါင်းခွံအတွင်း၌။ ဌိတမိဉ္ဇရာသိ၊ တည် သော ခြင်ဆီအစုပေတည်း။ တံ၊ ထိုဦးနှောက်သည်။ ဝဏ္ဏတော၊ အဆင်း အားဖြင့်။ သေတံ၊ ဖြူ၏။ အဟိစ္ဆတ္တကပိဏ္ဍဝဏ္ဏံ၊ မှိုအစိုင်အခဲ အဆင်းရှိ ၏။ ဒဓိဘာဝံ အသမ္ပတ္တံ၊ နို့ဓမ်းအဖြစ်သို့ မရောက်သေးသော ဒုဋ္ဌခီရဝဏ္ဏ-န္တိပိ၊ ပျက်သောနို့ရည်အဆင်းရှိ၏ ဟူ၍လည်း။ ဝတ္တုံ ဝဋ္ဋတိ၊ ဆိုသင့်ပေ ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနံ၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ ဇာတံ၊ အထက်အရပ်၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ သီသကဋာဟ ဗ္ဘန္တရေ၊ ဦးခေါင်းခွံ၏ အတွင်း၌။ စတ္တာရော သိဗ္ဗိနိမဂ္ဂေ နိဿာယ၊ လေး ခုသော ချုပ်စပ်ကြောင်းတို့ကို မှီ၍။ သမောဓာနေတွာ၊ ပေါင်းစပ်လျက်။ ဌပိတာ၊ ထားအပ်ကုန်သော။ စတ္တာရော ပိဋ္ဌပိဏ္ဍာ ဝိယ၊ လေးခုသော မုန့်ညက် စိုင်တို့ကဲ့သို့။ သမောဓာနေတွာ တိဋ္ဌတိ၊ ပေါင်းစပ်လျက် တည်၏။ ပရိစ္ဆေဒတော၊

အပိုင်းအခြားအားဖြင့်။ သီသကဋာဟာဿ၊ ဦးခေါင်းခွံ၏။ အဋ္ဌ ကပါလဘေဒသဟိတေဝ၊ အတွင်းဘက် အပြင်ဟိုဖြင့် လည်းကောင်း။ ပတ္တသုဂ်ဘာဂေန စ၊ ဦးနှောက်အဖို့ဖြင့် လည်းကောင်း။ (၂၅၂) ပရိစ္ဆိန္နံ၊ ပိုင်းခြားမှတ်၍။ အယံ၊ ဤသည်ကား။ အဿ၊ ထိုဦးနှောက်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂ ပရိစ္ဆေဒ—ပေတည်း။ ဝိသဘာဂ ပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ—ဟည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၀၃။ ပိတ္တန္တိ၊ ပိတ္တံ—ဟူသည်ကား။ ဝါ၊ သည်းခြေ ဟူသည်ကား။ ဗဒ္ဓပိတ္တဉ္စ၊ ဗဒ္ဓ—သည်းခြေခေါ် ဖွဲ့အပ်သောသည်းခြေ လည်းကောင်း။ အဗဒ္ဓပိတ္တဉ္စ၊ အဗဒ္ဓ—သည်းခြေခေါ် မဖွဲ့အပ်သောသည်းခြေ လည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်။) ဒွေ ပိတ္တာနိ၊ နှစ်ပါးသော သည်းခြေတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ထည့်။) တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဗဒ္ဓပိတ္တံ၊ ဗဒ္ဓ—သည်းခြေသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ဗဟလမဓုကတေလဝဏ္ဏံ၊ ပြစ်ခဲ့သော သစ်မည်စည်ဆီ အဆင်းရှိ၏။ အဗဒ္ဓပိတ္တံ၊ အဗဒ္ဓ သည်းခြေသည်။ မိလာတအာကုလိပုပ္ဖဝဏ္ဏံ၊ ညှိုးသော တောင်ကျည်းပန်း အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဥဘယမ္ပိ၊ နှစ်မျိုးလုံးပင်။ ဩကာသ—သဏ္ဌာနံ၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဗဒ္ဓပိတ္တံ၊ ဗဒ္ဓ-သည်းခြေသည်။ ဥပရိမာယ ဒိသာယ ဇာတံ၊ အထက်အရပ်၌ဖြစ်၏။ ဣတရံ၊ ဗဒ္ဓ-သည်းခြေမှတပါးသော အဗဒ္ဓ—သည်းခြေသည်။ ဒွီသု ဒိသာသု ဇာတံ၊ နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ အဗဒ္ဓပိတ္တံ၊ အဗဒ္ဓ-သည်းခြေသည်။ ကေသလောမဒန္တနခါနံ၊ ဆံပင်, အမွေး, သွား, လက်သည်း-ခြေသည်းတို့၏။ မံသဝိနိမုတ္တဋ္ဌာနဉ္စ၊ အသားမှလွတ်နေသော အရပ်ကို လည်းကောင်း။ ထဒ္ဓသုက္ခစမ္မဉ္စ၊ မာ—ခြောက်နေသောအရေကို လည်းကောင်း။ ဌပေတွာ၊ ချန်ထား၍။ အဝသေသသရီရံ၊ ဟကိုယ်လုံးကို။ (ဗျာပေတွာ ဌိတံ-မှာ စပ်။) တေလဗိန္ဒု၊ ဆီပေါက်သည်။ ဥဒကံ—ဥဒကေ၊ ရေ၌။ (သတ္တမီ၌ ပဌမာဝိဘတ် သက်သည်။) ဗျာပေတွာ ဌိတံ ဣဝ၊ ပျံ့၍တည် သကဲ့သို့။ ဌိတံ၊ တည်၏။(ဤဝ ါကျ သတိပြုလေ။)ယမှိ၊ အကြင်ဗဒ္ဓ-သည်းခြေ သည်။ ကုပိတေ၊ ပျက်သည်ရှိသော်။ ဝါ၊ ပျက်လျှင်။ အက္ခီနိ၊ မျက်စိတို့သည်။ ပီတကာနိ ဟောန္တိ၊ ဝါကုန်၏။ ဘမန္တိ၊ မူးကုန်၏။ ဂတ္တံ ကမ္ပတိ၊ ကိုယ်တုန် လှုပ်၏။ ကဏ္ဍူယတိ၊ ယားယံ၏။ ဗဒ္ဓပိတ္တံ၊ ဗဒ္ဓ သည်းခြေသည်။ ဟဒယ—ပပ္ဖါသာနံ၊ နှလုံးနှင့် အဆုတ်တို့၏။ အန္တရေ၊ အလယ်အကြား၌။ ယကနမံသံ နိဿာယ၊ အသည်းအသားကိုမှီ၍။ ပတိဋ္ဌိတေ၊ မှီသော။ မဟာကောသာ-

တကိ်ကောသကဲသဒိသေ၊ သပ္ပက်သီးကြီးအိမ်နှင့်တူသော။ ပိတ္တကောသကေ၊ သည်းခြေအိမ်၌။ ဌိတံ၊ တည်၏။ ယမ္ပိ ကုပိတေ၊ အကြင် ဗဒ္ဓ-သည်းခြေ ပျက်လတ်သော်။ ဝါ၊ ပျက်လျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ ဥမ္မတ္တကာ ဟောန္တိ၊ ရူးကုန်၏။ ဝိပလ္လတ္ထစိတ္တာ၊ ဖောက်ပြန်သောစိတ် ရှိကုန်သည်ဖြစ်၍။ ဟိရောတ္တပ္ပံ ဆဍ္ဍေတွာ၊ အရှက်အကြောက်ကို စွန့်လျက်။ အကာတဗ္ဗံ ကရောန္တိ၊ မပြုသင့်သည်ကို ပြုကုန်၏။ အဘာသိတဗ္ဗံ ဘာသန္တိ၊ မပြောသင့်သည်ကို ပြောကုန်၏။ အစိန္တိတဗ္ဗံ စိန္တေန္တိ၊ မကြံသင့်သည်ကို ကြံကုန်၏။ ပရိဗဒ္ဓဒေတော၊ အပိုင်းအခြားအားဖြင့်။ ပိတ္တဘာဂေန၊ သည်းခြေအဖို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုသည်းခြေ၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၀၄။ သေမှန္တိ၊ သေမှ-ဟူသည်ကား။ ဝါ၊ သလိပ်-ဟူသည်ကား။ သရီ-ရဋ္ဌကေ၊ ကိုယ်၏အတွင်း၌။ ဧကပတ္ထပူရပ္ပမာဏံ၊ တစ်ကွမ်းစား-တစ်စလယ် ပြည့် ပမာဏရှိသော။ သေမှံ၊ သလိပ်ပေတည်း။ တံ၊ ထိုသလိပ်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတံ၊ ဖြူ၏။ နာဂဗလာပဏ္ဏရသဝဏ္ဏံ၊ ရွှေစဉ်တိုင်းရွက်။ ဝါ၊ ဝက်ချေးပန်းရွက်ရည် အဆင်းရှိ၏။ (ဤ၌ရွှေစဉ်တိုင်းရွက် မြန်မာပြည်၌မရှိ-ဟု ကာယာနုပဿနာကျမ်း၌ ဆို၏။) သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနံ၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ ဇာတံ၊ အထက်အရပ်၌ ဖြစ်၏။ ဩကာသ-တော၊ တည်ရာအားဖြင့်။ ဥဒရပဋလေ ဌိတံ၊ အစာသစ်အိမ်ဟူသော ဝမ်းလွှာအူခေါင်း၌ တည်၏။ ယံ၊ အကြင်သလိပ်သည်။ ပါနဘောဇနာဒိ-အဇ္ဈောဟရဏကာလေ၊ စား, သောက်ဖွယ်-စသည်ကို မျိုသောခဏ၌။ ဥဒကေ ပဏ္ဏကံ၊ ရေ၌။ သေဝါလပဏကံ၊ ရေမှော် ရေညှိသည်။ ကဋ္ဌေ ဝါ၊ သစ်သည်လည်းကောင်း။ ကထလေ ဝါ၊ ခဲသည်လည်းကောင်း။ ပတန္တေ၊ ကျသည်ရှိသော်။ ဆိဇ္ဇိတွာ၊ ပြတ်၍။ ဒွိဓာ ဟုတွာ၊ နှစ်ခြမ်းဖြစ်လျက်။ ဝါ၊ နှစ်ခြမ်းဖြစ်ပြီးနောက်။ ပုန အဇ္ဈောတ္ထရိတွာ တိဋ္ဌတိ သေယျထာပိ၊ တဖန်ပြန်၍ ရေကိုဖုံးလွှမ်းလျက် တည်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ ပါနဘောဇနာဒိမှိ၊ စားဖွယ်, သောက်ဖွယ်-စသည် သည်။ နိပတန္တေ၊ ကျလာသည်ရှိသော်။ ဝါ၊ ကျလာသောအခါ။ ဆိဇ္ဇိတွာ၊ ပြတ်ပြီး၍။ ဒွိဓာ ဟုတွာ၊ နှစ်ခြမ်းဖြစ်လျက်။ ပုန အဇ္ဈောတ္ထရိတွာ တိဋ္ဌတိ၊ တဖန်ပြန်၍ အစာသစ်အိမ်ကို ဖုံး၏။ ယမှိ စ၊ အကြင်သလိပ်သည်လည်း။

မန္ဒိဘူတေ၊ နုံ့သည်ဖြစ်၍ ဖြစ်လတ်သော်။ တနည်း—ယမ္ပိ စ မန္ဒိဘူတေ၊ ယင်းသလိပ် နည်းလတ်သော်။ ဝါ၊ နည်းလျှင်။ ပက္ကဂဏ္ဍော ဝိယ၊ ပြည်မှည့်သောအနာကဲ့သို့လည်းကောင်း။ ပူတိကုက္ကုဋဏ္ဍမိဝ စ၊ ကြက်ဥပုပ်ကဲ့သို့လည်းကောင်း။ ဥဒရံ၊ ဝမ်းဗိုက် အစာသစ်အိမ်သည်။ ပရမဇေဂုစ္ဆံ၊ အလွန်စက်ဆုပ်ဖွယ်ရှိ၏။ ကုဏပဂန္ဓံ ဟောတိ၊ ပုပ်သောအနံ့ရှိ၏။ စ၊ ဆက်ဦး အံ့။ တတော၊ ထိုအစာသစ်အိမ်မှ။ ဥဂ္ဂတေန ဂန္ဓေန၊ တက်လာသောအနံ့ဖြင့်။ ဥဒ္ဒေကောပိ၊အဆန်လေသည်လည်းကောင်း။ ဝါ၊ ကြို့သောလေသည်လည်းကောင်း။မုခမ္ပိ၊ ခံတွင်းသည်လည်းကောင်း။ ဒုဂ္ဂန္ဓံ၊ မကောင်းသောအနံ့ရှိ၏။ ပူတိကုဏပသဒိသံ ဟောတိ၊ပုပ်သောသူသေကောင်အနံ့နှင့်တူ၏။ သော စ ပုရိသော၊ထိုသို့သောဒယောကျ်ားသည်လည်း။"အပေဟိ၊ ဖယ်ပါ။ တုံ၊သင်သည်။ (ထည့်။) ဒုဂ္ဂန္ဓံ ဝါယသီတိ၊ မကောင်းသော အပုပ်နံ့ထွက်၏"ဟူ၍။ ဝတ္တဗ္ဗတံ အာပဇ္ဇတိ၊ အဆိုခံရသည့်အဖြစ်သို့ ရောက်၏။ စ၊ ထိုမှတပါး။ ယံ၊ အကြင်သလိပ်သည်။ ဝဍ္ဎိတွာ၊ ပွားများ၍။ ဗဟလတ္တံ အာပန္နံ၊ ထူထပ်သည်၏ အဖြစ်သို့ ရောက်သည်ရှိသော်။ ဝစ္စကုဋိယံ၊ ကျင်ကြီးတွင်း၌။ ပိဓာနဖလကံ ဣဝ၊ အဖုံးပျဉ်ချပ်ကဲ့သို့။ ဥဒရပဋလသာ၊ အစာသစ်အိမ်၏။ အဗ္ဘန္တရေယေဝ၊ အတွင်း၌သာလျှင်။ ကုဏပဂန္ဓံ၊ အပုပ်နံ့ကို။ သန္နိရုမ္ဘိတွာ တိဋ္ဌတိ၊ ပိတ်ဆို့လျက် တည်၏။ တနည်း - ကုဏပဂန္ဓံ၊ အပုပ်နံ့ကို။ ဥဒရပဋလသာ၊ အစာအိမ်၏။အဗ္ဘန္တရေယေဝ၊ အတွင်း၌သာလျှင်။ သန္နိရုမ္ဘိတွာ တိဋ္ဌတိ၊ ပိတ်ဆို့လျက်တည်၏။ (ဤဝါကျ နှစ်နည်းအနက်ပေးထားရာ စာစပ်ကို သတိပြုပါ။) ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ သေမှဘာဂေန၊ သလိပ်အဖို့ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုသလိပ်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ—ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ - သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၅၃) ၂၀၅။ ပုဗ္ဗောတိ၊ ပြည်—ဟူသည်ကား။ ပူတိလောဟိတဝသေန၊ပုပ်သောသွေး၏ အစွမ်းအားဖြင့်။ပဝတ္တပုဗ္ဗံ၊ဖြစ်သောပြည်ပေတည်း။ တံ၊ထိုပြည်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ပဏ္ဍုပလာသဝဏ္ဏော၊ ဖျော့တော့သော ဖက်ရွက်ရော်အဆင်းရှိ၏။ ပန၊ အထူးကိုဆိုဦးအံ့။ မတသရီရေ၊ သူသေကောင်၌။ ပူတိဗဟလာစာမဝဏ္ဏော ဟောတိ၊ ပြစ်ခဲ့သောထမင်းရည် အပုပ်အသိုး အဆင်းရှိ၏။သဏ္ဌာနတော၊သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနော၊ တည်ရာအရပ်၏ သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု

ဒွိသာသု ဟောတိ၊ နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။ ပန၊ အဘူးကိုဆိုဦးအံ့။ ဩကာသတော၊ တည်ရာအားဖြင့်။ ယတ္ထ၊ အကြင်ကိုယ်အရပ်၌။ သောပုဗ္ဗော၊ ထိုပြည်သည်။ သန္နိစိတော၊ ပေါင်းစုသည်ဖြစ်၍။ တိဋ္ဌတိ၊ တည်ရာ၏။ ပုဗ္ဗံ၊ ပြည်၏။ သော-ဘာဒိသော၊ ထိုသို့သဘောရှိသော။ နိဗဒ္ဓေါ၊ မြဲသော။ ဩကာသော နာမ၊ တည်ရာမည်သည်။ နတ္ထိ၊ မရှိပေ။ ခါဏုကဏ္ဍကပဟရဏဂ္ဂိဇာလာဒီဟိ၊ သစ်ငုတ်, ဆူး, လက်နက်, မီးလျှံ-စသည်တို့ဖြင့်။ အဘိဟတေ၊ ထိခိုက်မိသော။ ဝါ၊ ထိခိုက်ခံရသော။ ယတြ ယတြ သရီရပ္ပဒေသေ၊ အကြင်အကြင်ကိုယ်အရပ်၌။ လောဟိတံ၊ သွေးသည်။ သဏ္ဌဟိတွာ ပစ္စတိ၊ စုဝေးလျက် ရင့်ကျက်၏။ ဂဏ္ဍပိဠကာဒယော ဝါ၊ အိုင်အနာ, အဖုလုံး-စသည်တို့သည်မူလည်း။ ယတြ ယတြ သရီရပ္ပဒေသေ၊ အကြင် အကြင်ကိုယ်အရပ်၌။ (လိုက်ပေး။) ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ တတြ တတြ၊ ထိုထိုအရပ်၌။ ပုဗ္ဗော၊ ပြည်သည်။ (လိုက်ပေး။) တိဋ္ဌတိ၊ တည်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ပုဗ္ဗဘာဂေန၊ ပြည်အဖို့ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုပြည်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောဧဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၀၆။ လောဟိတန္တိ၊ သွေး-ဟူသည်ကား။ သန္နိစိတလောဟိတဥ္စ၊ စုဝေးတည်နေသော သန္နိစိတ-သွေးသည် လည်းကောင်း။ သံသရဏလောဟိတဥ္စ၊ သွားနေသော သံသရဏ-သွေးသည်လည်းကောင်း၊ ဣတိ၊ ဤသို့။ (ထည့်။) လောဟိတာနိ၊ သွေးတို့သည်။ ဒွေ၊ နှစ်မျိုးနှစ်စားရှိကုန်၏။ တတ္ထ၊ ထိုနှစ်မျိုးသော သွေးတို့တွင်။ သန္နိစိတလောဟိတံ၊ သန္နိစိတ-သွေးသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ နိပက္ကဗဟလလာခါရသဝဏ္ဏံ၊ ချက်ထားပြီးသော ပြစ်ချွဲသော ချိပ်ရည်အဆင်းရှိ၏။ သံသရဏလောဟိတံ၊ သံသရဏ-သွေးသည်။ အစ္ဆလာခါရသဝဏ္ဏံ၊ ကြည်လင်သော ချိပ်ရည်အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဥဘယမ္ပိ၊ နှစ်ပါးလုံးပင်။ ဩကာသသဏ္ဌာနံ၊ တည်ရာအရပ်၏ သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ သန္နိစိတလောဟိတံ၊ သန္နိစိတ သွေးသည်။ ဥပရိမကာယေ ဇာတံ၊ ဖြစ်၏။ ဣတရံ၊ သံသရဏ-သွေးသည်။ ဒွိသု ဒိသာသု ဇာတံ၊ နှစ်ပါးသောအရပ်တို့၌ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ သံသရဏလောဟိတံ၊ သံသရဏ-သွေးသည်။ ကေသ-လောမဒန္တနခါနံ၊ ဆံပင်, အမွေး, သွား, လက်သည်း-ခြေသည်း တို့၏။ မံသဝိနိမုတ္တဋ္ဌာနဥ္စ၊ အသားမှလွတ်နေသော အရပ်ကိုလည်းကောင်း။

ထဒ္ဒသုက္ခစမ္မဥ္စ၊ ဟ—ခြောက်နေသော အရေကိုလည်းကောင်း။ ဌပေတွာ၊ ချန်ထား၍။ သဗ္ဗံ ဥပါဒိန္နကသရီရံ၊ အလုံးစုံသော ဥပါဒိန္နကကိုယ်ကို။ ဓနိဗဒ္ဓလာနုသာရေန၊ မနီမည်သော သွေးကြောကွန်ရက်ကို အစဉ်လျောက်သဖြင့်။ ဖရိတွာ ဌိတံ၊ ပျံ့နှံ့လျက် တည်၏။ သန္ဒိစိတလောဟိတံ၊ သန္ဒိစိတ—သွေးသည်။ ယကနဋ္ဌာနဿ၊ အသည်းတည်ရာ အရပ်၏။ ဟေဋ္ဌာဘာဂံ ပူရေ-တွာ၊ အောက်အဖို့ကို ပြည့်စေလျက်။ ကေပဏ္ဏမတ္တံ၊ တစ်ကွမ်းစားမျှရှိ၍။ ဟဒယဝက္ကပပ္ပါသာနံ၊ နှလုံး, အညို, အဆုတ်တို့၏၊ ဥပရိ၊ အထက်၌။ထောကံ ထောကံ ပဂ္ဃရန္တံ၊အနည်းငယ်အနည်းငယ်ယိုလျက်။ ဝက္ကဟဒယယကနပပ္ပါသေ၊ အညို, နှလုံး, အသည်း, အဆုတ်တို့ကို။ တေမယမာနံ၊ ဝိုစွတ်စေလျက်။ ဌိတံ၊ တည်၏။ ဟိ၊ မှန်ပေ၏။ တသ္မိံ၊ ထို သန္ဒိစိတ-သွေးသည်။ ဝက္က-ဟဒယာဒိနိ၊ အညို, နှလုံး—စသည်တို့ကို။ အတေမေန္တေ၊ မဝိုစွတ်စေသည်ရှိသော်၊ ဝါ၊ မစိုစွတ်စေပါမူ။ သတ္တာ၊ သတ္တဝါတို့သည်။ ပိပါသိတာ ဟောန္တိ၊ ရေဆာကုန်၏၊ ဝါ၊ ရေသိပ်ကုန်၏။ ဝါ၊ ရေငတ်ကုန်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ လောဟိတဘာဂေန၊ သွေး၏အဖို့အားဖြင့်။ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုသွေး၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့်တူသည်သာတည်း။

၂၀၇။ သေဒေါတိ၊ ချွေး ဟူသည်ကား။ လောမကူပါဒိဟိ၊ အမွေးတွင်း—စသည်တို့မှ။ ပဂ္ဃရဏကအာပေါဓာတု၊ ယိုထွက်သော အာပေါဓာတ်ပေတည်း။ သော၊ ထိုချွေးသည်။ ဝဏ္ဏတော အဆင်းအားဖြင့်။ ဝိပ္ပသန္န-တိလတေလဝဏ္ဏော၊ကြည်လင်သောနှမ်းဆီအဆင်းရှိ၏။သဏ္ဌာနတော၊သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနော၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု ဒိသာသု ဇာတော၊ နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ယတ္ထ၊ အကြင်အရပ်၌။ သော သေဒေါ၊ ထိုချွေးသည်။ လောဟိတံ ဝိယ၊ သွေးကဲ့သို့။ သဒါ၊ အခါခပ်သိမ်း။ တိဋ္ဌေယျ၊ တည်ရာ၏။ သော တာဒိသော၊ ထိုသို့သဘောရှိသော။ နိဗဒ္ဓေါ၊ မြဲသော။ ဩကာသော၊ ချွေး၏။ ဩကာသော နာမ၊ တည်ရာမည်သည်။ နတ္ထိ၊ မရှိပေ။ ယဒါ ပန၊ အကြင်အခါ၌ကား။ အဂ္ဂိသန္တာပ သူရိယသန္တာပ ဥတုဝိကာရ-ဒီဟိ၊ မီးပူ,နေပူ,ဥတုဖောက်ပြန်ခြင်း-စသည်တို့ကြောင့်။ သရီရံ၊ ကိုယ်သည်။ သန္တပတိ၊ ပူ၏။ တဒါ၊ ထိုအခါ၌။ ဥဒကတော၊ ရေမှ။ အဗ္ဗူဠှမတ္တဝိသမစ္ဆိန္န-

ဘိသမုဋ္ဌာလကုမုဒနာဋ္ဌကလာပေါ ဝိယ၊ နုတ်ပြီးခါမျှဖြစ်သော မညှိမညွတ်ဖြစ်ထားသော ကြာစွယ်ကြာရင်း, ကုမုဒြာကြာရိုး, ကြာစည်းကဲ့သို့။ သဗ္ဗကေသလောမကူပဝိဝရေဟိ အလုံးစုံသော ဆံတွင်း, အမွေးတွင်းအပေါက်အကြားတို့မှ။ သေဒေါ၊ ချွေးသည်။ ပဃ္ဃရတိ၊ ယိုထွက်၏။ တသ္မာ၊ ထို့ကြောင့်။ တဿ သဏ္ဌာနမ္ပိ၊ ထိုချွေး၏သဏ္ဌာန်ကိုလည်း။ ကေသလောမကူပဝိဝရာနံ၊ ဆံတွင်း, အမွေးတွင်း, အပေါက်အကြားတို့၏။ ဝသေနေဝ၊ အစွမ်းဖြင့်ပင်လျှင်။ (၉၀-သဒ္ဒါရှေ့ထိုင်။) ဝေဒိတဗ္ဗံ၊ သိအပ်၏။ စ၊ ဆက်ဦးအံ့။ သေဒပရိဂ္ဂဟကေန ယောဂိနာ၊ ချွေးကိုသိမ်းဆည်းသော ယောဂီသည်။ ကေသလောမကူပဝိဝရေ ပူရေတွာ၊ ဆံတွင်း, အမွေးတွင်း, အပေါက်အကြားတို့ကို ပြည့်စေလျက်။ ဌိတဝသေနေဝ၊ တည်သည်၏ အစွမ်းအားဖြင့်သာလျှင်။ သေဒေါ မနသိကာတဗ္ဗော၊ ချွေးကိုနှလုံးသွင်းအပ်၏။ (၂၅၄) ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ သေဒဘာဂေန၊ ချွေး၏အဖို့ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုချွေး၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ—သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့်တူသည်သာတည်း။

မေဒေါတိ၊ အဆီခဲဟူသည်ကား။ ထိနသိနေဟော၊ ခဲသော အဆီပေတည်း။ သော၊ ထိုအဆီခဲသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ဖာလိတဟလိဒ္ဒိဝဏ္ဏော၊ ခြမ်းအပ်သော နနွင်းသားအဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ထူလသရီရဿ၊ ကိုယ်ကာယ ဆူဖြိုးသောသူအား။ စမ္မမံသန္တရေ၊ အရေနှင့်အသားတို့၏ အကြား၌။ ဌပိတဟလိဒ္ဒိဝဏ္ဏဒုကူလပိလောတိကသဏ္ဌာနော ဟောတိ၊ နနွင်းရောင် ဘွဲ့ဖြူပုဆိုးကြမ်းကို ထည့်ထားသကဲ့သို့ သဏ္ဌာန်ရှိ၏။ ကိသသရီရဿ၊ ကိုယ်ကာယ ပိန်သောသူအား။ ဇင်္ဃမံသံ၊ သလုံးသားလည်းကောင်း။ ဥရုမံသံ၊ ပေါင်သား လည်းကောင်း။ ပိဋ္ဌိကဏ္ဋကနိဿိတံ၊ ကျောက်ဆူးရိုးကို မှီသော။ ပိဋ္ဌိမံသံ၊ ကျောက်ကုန်းသား လည်းကောင်း။ ဥဒရဝဋ္ဋိမံသံ၊ ဝမ်းပျဉ်းသား လည်းကောင်း။ ဣတိ၊ ဤသို့။ ဧတာနိ နိဿာယ၊ ဤအသားတို့ကို မှီ၍။ ဒိဂုဏတိဂုဏံ ကတွာ၊ နှစ်ထပ်—သုံးထပ် ပြု၍။ ဌပိတဟလိဒ္ဒိဝဏ္ဏဒုကူလပိလောတိကသဏ္ဌာနော၊ ထားအပ်သော နနွင်းရောင် ဘွဲ့ဖြူပုဆိုးကြမ်း သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွီသု ဒိသာသု၊ နှစ်ပါးသော အရပ်တို့၌။ ဇာတော၊ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ထူလဿ၊ ဝသောသူအား။ သကလသရီရံ ဖရိတွာ၊ တကိုယ်လုံးကို ပြန့်လျက်။ ကိသဿ၊ ပိန်သောသူအား။ ဇင်္ဃမံသာဒီနိ

နိဿာယ၊ သလုံးသားစသည်တို့ကို မှီ၍။ ဌိတော၊ တည်၏။ ယံ၊ အကြင် အသီကို။ သိနေဟာသခ်ံ ဂတမ္ပိ၊ အဆီအစေး-ဟု ခေါ်ခြင်းသို့ ရောက်သော် လည်း။ ပရမဇေဂုစ္ဆတ္တာ၊ အလွန်စက်ဆုပ်ဖွယ် ရှိခြင်းကြောင့်။ မုဒ္ဓနိ၊ ဦး ခေါင်း၌။ တေလတ္တာယ၊ ဆီအကျိုးငှာ။ တနည်း မုဒ္ဓနိ တေလတ္တာယ၊ ခေါင်း လိမ်းဆီ အကျိုးငှာ။ နေဝ ဂဏှန္တိ၊ မယူကုန်။ နာသတေလာဒိနံ၊ နှာခေါင်း (ရှု)ဆီစသည်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ န ဂဏှန္တိ၊ မယူကုန်။ ပရိစ္ဆေဒ- တော၊ အပိုင်းအခြားအားဖြင့်။ ဟေဋ္ဌာ၊ အောက်ဘက်၌။ မံသေန၊ အသားဖြင့်။ ဥပရိ၊ အထက်၌။ စမ္မေန၊ အရေဖြင့်။ တိရိယံ၊ ဖီလာ—ပတ်ဝန်းကျင်၌။ မေဒဘာဂေန၊ အဆီအဖို့ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားသျက်ရှိ၏။ အယံ၊ ဤ သည်ကား။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂ- ပရိစ္ဆေဒေါ ပန၊ ဝိသဘာဂ ပရိစ္ဆေဒ—သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၀ဂ။ အဿုတိ၊ မျက်ရည်ဟူသည်ကား။ အက္ခီဟိ၊ မျက်စိတို့မှ။ ပဃ္ဃရ- ဏကအာပေါဓာတု၊ ယိုထွက်သော အာပေါဓာတ်ပေတည်း။ တံ၊ ထိုမျက် ရည်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ဝိပ္ပသန္နတိလတေလဝဏ္ဏံ၊ ကြည်သော နှမ်းဆီအဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနံ၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ ဇာတံ၊ အထက်အရပ်၌ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ အက္ခိ- ကူပကေသု ဌိတံ၊ မျက်တွင်းတို့၌ တည်၏။ စ၊ သို့သော်လည်း။ တံ၊ ဤမျက် ရည်သည်။ ပိတ္တကောသကေ၊ သည်းခြေအိမ်၌။ ပိတ္တံ ဣဝ၊ သည်းခြေကဲ့သို့။ အက္ခိကူပကေသု၊ မျက်တွင်းတို့၌။ သဒါ၊ အခါခပ်သိမ်း။ သန္နိစိတံ၊ စုဝေး လျက်။ တိဋ္ဌတိ၊ တည်သည်ကား။ န၊ မဟုတ်ပေ။ ပန၊ စင်စစ်သော်ကား။ ယဒါ၊ အကြင်အခါ၌။ သတ္တာ၊ သတ္တဝါတို့သည်။ သောမနဿ ဇာတာ၊ ရွှင်လန်း ဝမ်းမြောက်ကုန်လျက်။ မဟာဟသိတံ၊ သည်းစွာရယ်ရွှင်ခြင်းကို။ ဟသန္တိ၊ ရယ်ရွှင်ကုန်၏။ တနည်း-မဟာဟသိတံ ဟသန္တိ၊ သည်းစွာ ရယ်ရွှင်ကုန် ၏။ ဒေါမနဿ ဇာတာ၊ နှလုံးမသာကုန်လျက်။ ရောဒန္တိ၊ ငိုကြွေးကုန်၏။ ပရိဒေဝန္တိ၊ မြည်တမ်းကုန်၏။ တထာရူပံ၊ ထိုသို့သဘောရှိသော။ ဝိသမာ- ဟာရံ ဝါ၊ မလျော်သော အစာကိုမူလည်း။ အာဟာရေန္တိ၊ စားသုံးမိကုန် ၏။ ယဒါ စ၊ အကြင်အခါ၌လည်း။ နေသံ၊ ထိုသတ္တဝါတို့၏။ အက္ခီနိ၊ မျက်စိတို့ကို။ ဓူမရဇပံသုကာဒီဟိ၊ မီးခိုး, မြူ, ဖုံမှုန့်-စသည်တို့သည်၊ တိုက။ အဘိဟနန္တိ၊ ထိပါးနှိပ်စက်ကုန်၏။ တဒါ၊ ထိုအခါ၌။ ဧတေဟိ သော-

မနသာဒေါ မနသာ ဝိသဘာဂေါဟာရဥတုဟိ၊ ဤဆိုခဲ့သော ဝမ်းမြောက်ခြင်း, ဝမ်းနည်းခြင်း, မသင့်လျော်သောအစာ–ဥတုတို့ကြောင့်။ အဿု၊ မျက်ရည်သည်။ (ထည့်ပါ။) သမုဋ္ဌဟိတွာ၊ ဖြစ်ပေါ်လာပြီးလျှင်။ အက္ခိကူပကေ ပူရေတွာ၊ မျက်တွင်းတို့ကို ပြည့်စေလျက်။ တိဋ္ဌတိ ဝါ၊ တည်မူလည်း တည်၏။ ပဂ္ဃရတိ ဝါ၊ ယိုထွက်မူလည်း ယိုထွက်၏။ စ၊ ဆက်ဦးအံ့။ အဿုပရိဂ္ဂဏှကေန ယောဂိနာ၊ မျက်ရည်ကို သိမ်းဆည်းသော ယောဂီသည်။ အက္ခိကူပကေ ပူရေတွာ၊ မျက်တွင်းတို့ကို ပြည့်စေလျက်။ ဋ္ဌိတဝသေန ၊ တည်သည်၏ အစွမ်းဖြင့် သာလျှင်။ ပရိဂ္ဂဏှိတဗ္ဗံ၊ သိမ်းဆည်းအပ်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ အဿုဘာဂေန၊ မျက်ရည်အဖို့အားဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿု၊ ထိုမျက်ရည်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ–ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၀၉။ ဝသာတိ၊ ဆီကြည်-ဟူသည်ကား။ ဝိလီနသိနေဟော၊ မခဲမူ၍ ကြေနေသော ဆီပေတည်း။ သာ၊ ထိုဆီကြည်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ နာဠိကေရတေလဝဏ္ဏော၊ အုန်းဆီအဆင်းရှိ၏။ အာစာမေ၊ ထမင်းချိုး၌။ ဝါ၊ ထမင်းရည်၌။ အာသိတ္တတေလဝဏ္ဏာတိပိ၊ သွန်းလောင်းထားသော အဆင်းရှိသည်ဟူ၍လည်း။ ဝတ္တုံ ဝဋ္ဋတိ၊ ဆိုသင့်ပေ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ နှာနကာလေ၊ ရေချိုးသောအခါ၌။ ပသန္နဥဒကဿ၊ ကြည်သောရေ၏။ ဥပရိ၊ အထက်၌။ ပရိဗ္ဗမန္တသိနေဟဗိန္ဒုဝိသဋ္ဌသဏ္ဌာနာ၊ လည်နေသော ဆီပေါက်၏ ပျံ့ဟန်သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွီသု ဒိသာသု ဇာတာ၊ နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ယေဘုယျေန၊ များသောအားဖြင့်။ ဟတ္ထတလဟတ္ထပိဋ္ဌိ ပါဒတလပါဒပိဋ္ဌိ နာသပုဋ္ဌ နလာဋ အံသကူဋ္ဌေသု၊ လက်ဖဝါး အပြင်-လက်ဖမိုး, ခြေဖဝါးအပြင်–ခြေဖမိုး, နှာခေါင်းဖူ, နဖူး, ပခုံးစွန်းတို့၌။ ဋ္ဌိတာ၊ တည်၏။ စ၊ ဆက်ဦးအံ့။ သော၊ ဤဆိုကြည်သည်။ တေသု ဩကာသေသု၊ ဤဆိုခဲ့သောအရပ်တို့၌။ သဒါ၊ အခါခပ်သိမ်း။ ဝိလီနာဝ ဟုတွာ၊ ကြေသည် ပျော်သည်သာလျှင် ဖြစ်လျက်။ န တိဋ္ဌတိ၊ တည်နေသည် မဟုတ်ပေ။ ပန၊ စင်စစ်သော်ကား။ ယဒါ၊ အကြင်အခါ၌။ အဂ္ဂိသန္တာပ-သူရိယသန္တာပဥတုဝိသဘာဂဓာတုဝိသဘာဂေဟိ၊ မီးပူ, နေပူ, ဥတု၏ထူးခြားဖောက်ပြန်ခြင်း, သွေး လေ-စသော ဓာတ်တို့၏ ထူးခြားဖောက်ပြန်ခြင်းတို့ ကြောင့်။ တေ ပဒေသာ၊ ထိုဆိုခဲ့ပြီးသော အစိတ်အပိုင်းအရပ်တို့သည်။ (၂၅၅)

ဥဿွာ ဇာတာ ဟောန္တိ၊ ဖြစ်သောအငွေ့ရှိကုန်၏။ ဝါ၊ ပူကုန်၏။ တဒါ၊ ထိုအခါ၌။ နှာနကာလေ၊ ရေချိုးသောအခါ၌။ ဝါ၊ ရေချိုးစဉ်၌။ ပသန္န–ဥဒကူပရိ၊ ကြည်သောရေပေါ်၌။ သိနေဟဗိန္ဒု၊ အဆီပေါက်သည်။ ဝိသဋ္ဌော ဝိယ၊ ပျံ့နှံ့သွားခြင်းကဲ့သို့။ တတ္ထ–ဟတ္ထတလာဒိပဒေသေသု၊ ထိုလက်ဖဝါးပြင်စသည်တို့၌။ ဝဏ္ဏတော စိတော စ၊ ထိုမှ ဤမှ။ သဥ္ဇရတိ၊ ရွေ့ရှား၏။ ပရိစ္ဆေဒ-တော၊ အပိုင်းအခြားအားဖြင့်။ ဝသာဘာဂေန၊ ဆီကြည်အဖို့ဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ (အကြွင်းတူပြီ။)

၂၁၀။ ခေဠောတိ၊ တံတွေး ဟူသည်ကား။ အဇ္ဈောမုဒေ၊ ခံတွင်းထဲ၌။ ဖေဏမိဿာ၊ အမြှုပ်နှင့်ရောသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ သော၊ ထိုတံတွေးသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ သေတော၊ ဖြူ၏။ ဖေဏဝဏ္ဏော၊ အမြှုပ်နှင့်တူသော အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနော၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဖေဏ-သဏ္ဌာနောတိပိ၊ ရေမြှုပ်သဏ္ဌာန်ရှိ၏ ဟူ၍လည်း။ ဝတ္တုံ ဝဋ္ဋတိ၊ ဆိုသင့်ပေ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ ဇာတော၊ အထက်အရပ်၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဥဘောဟိ ကပေါလ–ပဿေဟိ၊ နှစ်ဘက်သော ပါးစောင်တို့မှ။ ဩရုယှ၊ သက်ဆင်း၍။ ဇိဝှါယ ဌိတော၊ လျှာ၌တည်၏။ စ၊ ဆက်ပါဦးအံ့။ သော-သော၊ ဤတံတွေးသည်။ တ္ထေ၊ ဤဆိုခဲ့သော ပါးစောင်,လျှာတို့၌။ သဒါ၊ အခါခပ်သိမ်း။ သန္နိစိတော ဟုတွာ၊ စုဝေးလျက်။ တိဋ္ဌတိ၊ တည်နေသည်ကား။ န၊ မဟုတ်။ တနည်း–သန္နိစိတော ဟုတွာ၊ စုဝေးလျက်။ န တိဋ္ဌတိ၊ တည်သည်ကား မဟုတ်ပေ။ ပန၊ စင်စစ်သော်ကား။ ယဒါ၊ အကြင်အခါ၌။ သတ္တာ၊ သတ္တဝါတို့သည်။ တထာရူပံ အာဟာရံ၊ တံတွေးဖြစ်ဖွယ် ထိုသို့သဘောရှိသော အစာအာဟာရကို။ ပဿန္တိ ဝါ၊ မြင်မူလည်း မြင်ကုန်၏။ သရန္တိ ဝါ၊ အမှတ်ရမူလည်း အမှတ်ရကုန်၏။ ဥဏှတိတ္တကဋုကလောဏမ္ဗိလာနံ ဝါ၊ အပူ, အခါး, အစပ်, အဖန်, အချဉ် တို့တွင်။ ကိဉ္စိ၊ တစုံတခုကိုမူလည်း။ မုခေ ဌပေန္တိ၊ ခံတွင်း၌ ထည့်ကုန်၏။ ဝါ၊ တနည်းအားဖြင့်။ ယဒါ၊ အကြင်အခါ၌။ နေသံ၊ ထို သတ္တဝါတို့၏။ ဟဒယံ၊ နှလုံးသားသည်။ အာဂိလာယတိ၊ မကျန်းမမာ နာ၏။ ကိသ္မိဉ္စိ ဒေဝ ဝါ၊ တစုံတရာ၌ မူလည်း။ ဇိဂုစ္ဆာ ဥပ္ပဇ္ဇတိ၊ စက်ဆုပ်ခြင်းဖြစ်၏။ တဒါ၊ ထိုအခါ၌။ ခေဠော ဥပ္ပဇ္ဇိတွာ၊ တံတွေးဖြစ်ပေါ်ပြီးလျှင်။ ဥဘောဟိ ကပေါလပဿေဟိ၊ နှစ်ဘက်သော ပါးစောင်တို့မှ။ ဩ–ရူယှ၊ သက်ဆင်း၍။ ဇိဝှါယ သဏ္ဌာတိ၊ လျှာ၌တည်ပေ၏။ စ၊ အထူးမှတ်

ဖွယ်ကား။ သေ-ဒသော ခေဠော၊ ဤတံတွေးသည်။ အဂ္ဂဇိဝှါယ၊ လျှာဖျား ၌။ တနုကော၊ ပါးပါး ကြဲကြဲရှိသည်။ ဟောတိ၊ ဖြစ်၏။ မူလဇိဝှာယ၊ လျှာရင်း၌။ ဗဟလော၊ ပြစ်ချွဲ၏။ စ၊ ထိုမှတပါး။ မုခေ ပက္ခိတံ၊ ခံတွင်း၌ ထည့်လိုက်သော။ ပုထုကံ ဝါ၊ မုန့်ဆန်းကိုဖြစ်စေ။ တဏ္ဍုလံ ဝါ၊ ဆန်ကိုဖြစ် စေ။ အညံ ဝါ ကိဉ္စိ ခါဒနီယံ၊ အခြား ခဲဖွယ်တစုံတခုကိုဖြစ်စေ။ (တေမေတုံ သမတ္ထော ဟောတိ-မှာ စပ်ပါ။) နဒီပုလိနေ၊ သဲသောင်ပြင်၌။ ခတ-ကူပကသလိလံ ဝိယ၊ လက်ယက်တွင်းကဲ့သို့။ ပရိက္ခယံ အဂစ္ဆန္တော ဝိယ၊ ကုန် ခြင်းသို့ မရောက်သကဲ့သို့သာလျှင်။ ဝါ၊ မရောက်မူ၍သာလျှင်။ တေမေတုံ သမတ္ထော ဟောတိ၊ စိုစွတ်စေခြင်းငှာ စွမ်းနိုင်ပေ၏။ ပရိစ္ဆေဒတော၊ အပိုင်း အခြားအားဖြင့်။ ခေဠဘာဂေန၊ တံတွေးအဖို့ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြား လျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုတံတွေး၏။ သဘာဂပရိစ္ဆေ-ဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂ ပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောယေဝ၊ ဆံပင်တို့နှင့်တူသည်သာတည်း။

၂၁၁။ သိင်္ဃာဏိကာတိ၊ နှပ်-ဟူသည်ကား။ မတ္ထလုင်္ဂတော၊ ဦးနှောက် မှ။ ပဂ္ဃရဏကအသုစိ၊ ယိုထွက်ကျသော မစင်ကြယ်သော အရာပေတည်း။ သာ၊ ထိုနှပ်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ တရုဏတာလဋ္ဌိမိဉ္ဇဝဏ္ဏာ၊ နုသော ထန်းသီးဆန် အဆင်းရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဩ—ကာသသဏ္ဌာနာ၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဥပရိမာယ ဒိသာယ ဇာတာ၊ အထက်အရပ်၌ ဖြစ်၏။ ဩကာသတော၊ တည်ရာ အားဖြင့်။ နာသပုဋ္ဌေ ပူရေတွာ၊ နှာခေါင်းဖုတ်တို့ကို ပြည့်စေလျက်။ ဌိတာ၊ တည် ၏။ စ၊ ဆက်၍ပြောဦးအံ့။ သာ၊ ဤနှပ်သည်။ ဧတ္ထ၊ ဤနှာခေါင်းဖုတ်၌။ သဒါ၊ အခါခပ်သိမ်း။ သန္နိစိတာ ဟုတွာ တိဋ္ဌတိ၊ စုဝေးလျက် တည်နေသည် ကား။ န၊ မဟုတ်ပေ။ အထ ခေါ၊ စင်စစ်သော်ကား။ ယထာ နာမ၊ ဥပမာ သော်ကား။ ဝါ၊ ဥပမာအားဖြင့်ပြရလျှင်။ ပုရိသော၊ လူတစ်ယောက်သည်။ (ပုရိသော-ပုဒ်ကို ဤကဲ့သို့ လူတစ်ယောက်ဟု ပြန်ရာ၌ ဧကဝစန=ဧကဝုစ် ကိန်းဟော ဧကော-ဟူသောပုဒ် မပါသော်လည်း ပုဒ်ရင်းကပင် ဧကဝုစ် ဖြစ်သောကြောင့် ဤကဲ့သို့ ပြန်ဆိုနိုင်ပေသည်။) ပဒုမိနိပတ္တေ၊ ပဒုမ္မာကြာ ဖက်၌။ ဒဓိံ ဗန္ဓိတွာ၊ နို့ဓမ်းကို ထုပ်ပြီးလျှင်။ ဟေဋ္ဌာ၊ အောက်ဘက်၌။ ကဏ္ဋကေန ဝိဇ္ဈေယျ၊ ဆူးဖြင့် ထိုးဖောက်ရာ၏။ အထ၊ ထိုအခါ၌။ အနေန ဆိဒ္ဒေန၊ ထိုအပေါက်ဖြင့်။ ဒဓိမုတ္တံ၊ နို့ဓမ်းရည်ကြည်သည်။ (ဒဓိနော ဝိဿန္ဒနအစ္ဆရသော ဒဓိမုတ္တံ၊—ဋီကာ။) ဂဠိတွာ၊ လျှော၍။ ဗဟိ ပတေယျ

ယထာ၊ အပြင်ဘက် အောက်ဘက်သို့ ကျရာသကဲ့သို့။ ဝေမေဝ၊ ဤအတူ ပင်လျှင်။ ယဒါ၊ အကြင်အခါ၌။ သတ္တာ၊ သတ္တဝါတို့သည်။ ရောဒန္တိ၊ ငိုကုန်၏။ ဝိသဘာဂါဟာရဥတုဝသေန ဝါ၊ ထူးခြားဖောက်ပြန်သော အစာ, ဥတုတို့၏ အစွမ်းဖြင့်လည်း။ သဥ္စာတဓာတုခေါဘာ ဟောန္တိ၊ ဖြစ်သော ဓာတ်ခြောက်ခြားခြင်း ရှိကုန်သည်မူလည်း ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ အန္တော သီသတော၊ ဦးခေါင်းအတွင်းမှ။ ပူတိသေမှာဘာဝံ အာပန္နံ၊ သလိပ်ပုပ်အဖြစ်သို့ ရောက်သော။ မတ္ထလုင်္ဂံ၊ ဦးနှောက်သည်။ ဂဠိတွာ၊ လျှောကျပြီးလျှင်။ တာလုမတ္ထကဝိဝရေန၊ အာခေါင်ထိပ်မှ အပေါက်အကြား ဖြင့်။ ဩတရိတွာ၊ သက်ဆင်း၍။ နာသပုဋေ ပူရေတွာ၊ နှာခေါင်းဖူတို့ကို ပြည့်စေလျက်။ တိဋ္ဌတိ ဝါ၊ တည်မူလည်း တည်၏။ ပဂ္ဃရတိ ဝါ၊ ယိုထွက်မူလည်း ယိုထွက်၏။ စ၊ ဆက်၍ဆိုဦးအံ့။ သိဃာဏိကာ ပရိဂ္ဂဏှကေန ယောဂိနာ၊ နှပ်ကိုသိမ်းဆည်းသော ယောဂီသည်။ နာသပုဋေ ပူရေတွာ၊ နှာခေါင်းဖူတို့ကို ပြည့်စေလျက်။ ဌိတဝသေနေဝ၊ တည်သည်၏ အစွမ်းအားဖြင့်သာလျှင်။ ပရိဂ္ဂဏှိတဗ္ဗာ၊ သိမ်းဆည်းအပ်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ သိဃာဏိကာဘာဂေန၊ နှပ်အဖို့ဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿာ၊ ထိုနှပ်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-ပေတည်း။ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၅၆) ၂၁၂။ လသိကာတိ၊ အစေး—ဟူသည်ကား။ သရီရသန္ဓီနံ၊ ကိုယ်ထဲ၌ အရိုးဆက်တို့၏။ အဗ္ဘန္တရေ၊ အကြား၌။ ပိစ္ဆိလကုဏပံ၊ ကျိချွဲသော အစေးပုပ်ပေတည်း။ သာ၊ ထိုအစေးသည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ကဏိကာရနိယျာသဝဏ္ဏာ၊ မဟာလှေခါးပင်၏ အစေးနှင့်တူသော အဆင်း ရှိ၏။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဩကာသသဏ္ဌာနာ၊ တည်ရာအရပ် သဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဒွိသု ဒိသာသု ဇာတာ၊ နှစ်ပါး သောအရပ်တို့၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ အဋ္ဌိသန္ဓီနံ၊ အရိုး ဆက်တို့၏။ အဗ္ဘဉ္ဇနကိစ္စံ သာဓယမာနာ၊ နယ်ဆီကိစ္စကို ပြီးစေလျက်။ အသီတိသတသန္ဓီနံ အဗ္ဘန္တရေ၊ တစ်ရာ့ရှစ်ဆယ်သော အရိုးဆက်တို့၏ အကြား ၌။ ဌိတာ၊ တည်၏။ စ၊ အထူးကိုပြဆိုဦးအံ့။ ယဿ၊ အကြင်သူအား။ သော လသိကာ၊ ဤအစေးသည်။ မန္ဒာ ဟောတိ၊ နည်းပါး၏။ တဿ၊ ထို အစေး နည်းသောသူ၏။ ဝါ၊ ထို အစေးနည်းသောသူအား။ ဥဋ္ဌဟန္တဿ၊ ထစဉ်။ နိသီဒန္တဿ၊ ထိုင်စဉ်။ အဘိက္ကမန္တဿ၊ သွားစဉ်။ ပဋိက္ကမန္တဿ၊ ဆုတ်စဉ်။

သမိဒ္ဓန္တသာ၊ ကွေးစဉ်။ ပသာရေန္တဿ၊ ဆန့်စဉ်။ အဋ္ဌိကာနိ၊ အရိုးတို့သည်။ ကဋ္ဋကဋ္ဋာယန္တိ၊ ခဋ္ဋခဋ္ဋ ဂုတ်ဂုတ်-မြည်ကုန်၏။ (တနည်း ပေးဦးအံ့။) ဥဋ္ဌဟန္တဿ၊ ထသော။ နိသီဒန္တဿ၊ ထိုင်သော။ အဘိက္ကမန္တဿ၊ ရှေ့သို့တက်သော။ ပဋိက္ကမန္တဿ နောက်သို့ဆုတ်သော။ သမိဉ္ဇန္တဿ၊ ကွေးသော။ ပသာရေန္တဿ၊ ဆန့်သော။ တဿ၊ ထို အစေးနည်းသောသူအား။ ဝါ၊ ထိုအစေးနည်းသောသူ၏။ အဋ္ဌိကာနိ၊ အရိုးတို့သည်။ ကဋ္ဋကဋ္ဋာယန္တိ၊ ခဋ္ဋခဋ္ဋ-ဂုတ်ဂုတ်-မြည်ကုန်၏။ (ဤသို့လည်းပေး။) အစ္ဆရာသဒ္ဒံ၊ လက်ဖျစ်သံကို။ ကရောန္တော ဝိယ၊ ပြုသကဲ့သို့။ သဉ္စရတိ၊ လှည့်လည် သွားလာတတ်၏။ ကေဝယောဇနဒွိယောဇနမတ္တံ၊ တစ်ယူဇနာ နှစ်ယူဇနာခန့်မျှသော၊ အဒ္ဓါနံ တဿ၊ ခရီးသွားလတ်သော်။ ဝါ၊ ခရီးသွား မိလျှင်။ ဝါယောဓာတု ကုပ္ပတိ၊ ဝါယောဓာတ် ပျက်တတ်၏။ ဂတ္တာနိ၊ ကိုယ်တို့ သည်။ ဒုက္ခန္တိ၊ ဆင်းရဲပင်ပန်းကုန်၏။ ပန၊ ထိုမှတပါး။ ယဿ၊ အကြင်သူ အား။ ဗဟုကာ ဟောန္တိ၊ များကုန်၏။ တဿ၊ ထို အစေးများသောသူ အား။ ဥဋ္ဌာနနိသဇ္ဇာဒီသု၊ ထခြင်း, ထိုင်ခြင်း-စသည်ကို ပြုသောအခါတို့၌။ အဋ္ဌိနိ၊ အရိုးတို့သည်။ န ကဋ္ဋကဋ္ဋာယန္တိ၊ ခဋ္ဋခဋ္ဋ-ဂုတ်ဂုတ်-မမြည်ကုန်။ ဒီဃံ အဒ္ဓါနံ၊ ရှည်ဝေးသောခရီးကို။ ဂတဿ ပိ၊ သွားသော်လည်း။ ဝါယော-ဓာတု၊ ဝါယောဓာတ်သည်။ န ကုပ္ပတိ၊ မပျက်။ ဂတ္တာနိ၊ ကိုယ်အင်္ဂါတို့ သည်။ န ဒုက္ခန္တိ၊ မဆင်းရဲ မပင်ပန်းကုန်။ ပရိစ္ဆေဒတော၊ အပိုင်းအခြား အားဖြင့်။ လသိကာဘာဂေန၊ အစေးအဖို့ဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားလျက်ရှိ ၏။ အယံ၊ ဤသည်ကား။ အဿာ၊ ထိုအစေး၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂပရိစ္ဆေဒ-တည်း။ ဝိသဘာဂပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ-သည်ကား။ ကေသသဒိသောဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၁၃။ မုတ္တန္တိ၊ ကျင်ငယ်-ဟူသည်ကား။ မုတ္တံရသံ၊ ကျင်ငယ်ရည်-ဆီး ရည်ပေတည်း။ တံ၊ ထိုကျင်ငယ်သည်။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ မာသခါရောဒကဝဏ္ဏံ၊ ပဲကြီး ပြာရည် အဆင်းရှိ၏။ (ဤအနက်သည် မာသ-ခါရ-ပုဒ်၏ အနက်ဖြစ်သည်။ ဋီကာ၌ကား "အမြစ်နှင့်တကွ ပဲကြီးပင်ကို မီးရှို့၍ ပြာကိုစစ်ပြီးယူသောအရည်သည် မာသခါရ-မည်၏"ဟု ဖွင့်ပြထား ၏။) သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ အဓောမုခဋ္ဌပိတ ဥဒကကုမ္ဘ အဗ္ဘန္တရဂတ ဥဒကသဏ္ဌာနံ၊ မှောက်ထားသည့် ရေအိုးအတွင်း၌ရှိသော ရေသဏ္ဌာန်ရှိ၏။ ဒိသတော၊ အရပ်အားဖြင့်။ ဟေဋ္ဌိမာယ ဒိသာယ ဇာတံ၊ အောက်အရပ်၌ ဖြစ်၏။ ဩကာသတော၊ တည်ရာအားဖြင့်။ ဝတ္ထိဿ၊ ဆီး အိမ် စည်ဖောင်း၏။ အဗ္ဘန္တရေ ဌိတံ၊ အတွင်း၌တည်၏။ ဝတ္ထိ ပုဋော၊ အဝတ်

ပုဆိုး ဖုံးလွှမ်းအပ်သော ဆီးပုံးအရပ်ကို။ ဝတ္ထိ နာမ၊ ဆီးအိမ်မည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တနည်း–ဝတ္ထိ နာမ၊ ဆီးအိမ်မည်သည်ကို။ ဝတ္ထိပုဋ္ဌော၊ အဝတ်ပုဆိုး ဖုံးလွှမ်းအပ်သော ဆီးပုံးအရပ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ယတ္ထ၊ အကြင်စည်ပေါင်း၌။ သေယျထာပိ၊ ဥပမာအားဖြင့်။ စန္ဒနိကာယ၊ တန်စီးတွင်း၌။ (တန်စီးတွင်း–ဟူသည်မှာ ပန်းကန်ခွက်ယောက် ဆေးကြောရေနှင့် ကိုယ်ဝန်အညစ်အကြေး စသည်တို့ကိုစွန့်သွန်ရာဌာနသည် စန္ဒနိကာ–တန်စီးတွင်းခေါ်သည်။–ဋီကာ။) ပက္ခိတ္တော၊ ထည့်အပ်သော။ အမုခေ၊ အဝမရှိသော။ ဝ ါ၊ ရေဝင်ပေါက်မရှိသော။ ယဝန ဃဋ္ဋေ၊ ယဝန–ခေါ်သော ရေစစ်အိုး၌။ (ဆင္ဃမူ၌ ရဝန ဃဋ္ဋေ–ဟု မူမှန်ယူ၍ ယဝနဃဋ္ဋေ(သီ) ဟု အောက်ခြေ၌ပြထား၏။) စန္ဒနိကာရသော၊ တန်စီးရေသည်။ ပဝိသတိ သေယျထာပိ၊ ဝင်သကဲ့သို့။ အဿ၊ ထိုတန်စီးရေ၏။ ပဝိသနမဂ္ဂေါ၊ ဝင်ရာလမ်းပေါက်သည်။ န ပညာယတိ သေယျထာပိ၊ မထင်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ သရီရတော၊ ကိုယ်မှ။ မုတ္တံ၊ ကျင်ငယ်သည်။ ပဝိသတိ၊ ဝင်၏။ အဿ၊ ထိုကျင်ငယ်၏။ ပဝိသနမဂ္ဂေါ၊ ဝင်ရာလမ်းပေါက်ကား။ န ပညာယတိ၊ မထင်ပေ။ နိက္ခမနမဂ္ဂေါ ပန၊ ထွက်ပေါက်လမ်းသည်ကား။ ပါကဋော ဟောတိ၊ ထင်ရှားပေ၏။ စ၊ ဆက်ဦးအံ့။ ယမှိ၊ အကြင်စည်ပေါင်းသည်။ မုတ္တဿ၊ ကျင်ငယ်ဖြင့်။ ဘရိတေ၊ ပြည့်လတ်သော်။ တနည်း–မုတ္တဿ ဘရိတေ၊ ကျင်ငယ်ဖြင့် ပြည့်လတ်သော်။ ပဿာဝံ ကရောမာတိ၊ ကျယ်ငယ်စွန့်မည်–ဟု။ သတ္တာနံ၊ သတ္တဝါတို့၏။ အာယူဟနံ ဟောတိ၊ အားထုတ်ခြင်း ဖြစ်ပေ၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဝတ္ထိအဗ္ဘန္တရေန စေဝ၊ ဆီးအိမ်စည်ပေါင်း၏ အတွင်းအရပ်ဖြင့်လည်းကောင်း။ မုတ္တဘာဂေန စ၊ ကျင်ငယ်အဖို့ဖြင့်လည်းကောင်း။ ပရိစ္ဆိန္နံ၊ ပိုင်းခြားလျက်ရှိ၏။ အယံ၊ ဤသည်ကား။ အဿ၊ ထိုကျင်ငယ်၏။ သဘာဂပရိစ္ဆေဒေါ၊ သဘာဂ ပရိစ္ဆေဒ–ပေတည်း။ ဝိသဘာဂ–ပရိစ္ဆေဒေါ ပန၊ ဝိသဘာဂပရိစ္ဆေဒ–သည်ကား။ ကေသသဒိသောဝ၊ ဆံပင်တို့နှင့် တူသည်သာတည်း။

၂၁၄။ ဟိ၊ နိဂုံးအုပ်၍ အချုပ်ကိုဆိုဦးအံ့။ ဧဝံ၊ ဤ ယခုဆိုပြခဲ့သည့် အတိုင်း။ ကေသာဒိကေ၊ ဆံပင် အစရှိကုန်သော။ ကောဋ္ဌာသေ၊ သုံးဆယ့် နှစ်ပါးသော ကောဋ္ဌာသတို့ကို။ ဝဏ္ဏသဏ္ဌာနဒိသောကာသပရိစ္ဆေဒဝသေန၊ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းအားဖြင့်။ ဝဝတ္ထပေတွာ၊ ပိုင်းခြား ဆုံးဖြတ်ပြီး၍။ ဝ ါ၊ ပိုင်းခြား ဆုံးဖြတ်ပြီးလျှင်။ အနုပုဗ္ဗတော နာတိသီဃတောတိအာဒိနာ နယေန၊ အစဉ်အတိုင်း ရွတ်ဆို–

နှုတ်လုံးသွင်းခြင်း, မမြန်လွန်းသောအားဖြင့် ရွတ်ဆို–နှုတ်လုံးသွင်းခြင်း အစရှိသောနည်းဖြင့်။ ဝဏ္ဏသဏ္ဌာနဒိသောကာသပရိစ္ဆေဒေန၊ အဆင်း, သဏ္ဌာန်, အရပ်, မှီရာ, အကြောင်း, တည်ရာတို့၏ အပိုင်းအခြားဖြင့်။ ပဉ္စဓာ၊ ငါးပါး အပြားအားဖြင့်။ ပဋိက္ကူလာ ပဋိက္ကူလာတိ၊ စက်ဆုပ်ရွံရှာဖွယ်, စက်ဆုပ်ရွံရှာဖွယ်–ဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ပဏ္ဏတ္တိသမတိက္ကမာဝသာနေ၊ အမည်ပညတ်ကို လွန်မြောက်သည်၏ အဆုံး၌။ သေယျထာပိ၊ ဥပမာအားဖြင့် ပြရလျှင်။ စက္ခုမတော ပုရိသဿ၊ မျက်စိကောင်းသော ယောကျ်ားအား။ ဒွတ္တိံသဝဏ္ဏာနံ ကုသုမာနံ၊ အဆင်းအရောင် သုံးဆယ့်နှစ်မျိုးရှိကုန်သော ပန်းတို့၏။ ဧကသုတ္တကဂန္ထိတံ မာလံ၊ တစ်ခုတည်းသော ချည်ဖြင့် သီကုံးထားသော ပန်းကုံးကို။ ဩလောကေန္တဿ၊ ကြည့်ရှုနေစဉ်။ သဗ္ဗပုပ္ဖါနိ၊ ပန်းအားလုံးတို့သည်။ အပုဗ္ဗာပရိယံ ဝိယ၊ မရှေးမနှောင်း တပြိုင်နက်ကဲ့သို့။ ပါကဋာနိ ဟောန္တိ သေယျထာပိ၊ ထင်ရှား ပေါ်နေကုန်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ အတ္ထိ ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌။ ကေသာ၊ ဆံပင်တို့သည်။ အတ္ထိ–သန္တိ၊ ရှိကြကုန်၏။ ဣတိ–ဣမိနာ အာကာရေန၊ ဤသို့သော အခြင်းအရာအားဖြင့်။ ဣမံ ကာယံ၊ ဤကိုယ်ကို။ ဩလောကေန္တဿ၊ ဉာဏ်ဖြင့်ကြည့်ရှုနေစဉ်။ သဗ္ဗေ တေ (၂၅၇) ဓမ္မာ၊ ထိုအလုံးစုံသော ကောဋ္ဌာသတရားတို့သည်။ အပုဗ္ဗာပရိယာဝ၊ မရှေးမနှောင်း တပြိုင်နက်ကဲ့သို့။ ပါကဋာ ဟောန္တိ၊ ထင်ရှား ပေါ်လာကုန်၏။ တေန၊ ထို့ကြောင့်။ မနသိကာရကောသလ္လကထာယံ၊ မနသိကာရကိုပြဆိုသော စကား၌။ "ဟိ၊ ချဲ့ဦးအံ့။ အာဒိကမ္မိကဿ၊ အားထုတ်ခါစ ယောဂီအား။ ကေသာတိ မနသိကရောတော၊ ဆံပင်–ဟု နှလုံးသွင်းလျှင်။ မနသိကာရော၊ နှလုံးသွင်းမှုသည်။ ဂန္တွာ၊ နှုတ်တက်ရနေသည့်အတိုင်း သွား၍။ မုတ္တန္တိ ဣမံ ပရိယောသာနကောဋ္ဌာသမေဝ၊ ကျင်ငယ်–ဟူသော အဆုံးကောဋ္ဌာသသို့သာလျှင်။ အာဟစ္စ၊ ဆိုက်၍။ တိဋ္ဌတိ၊ တည်၏။" ဣတိ၊ ဤသို့။ မယာ၊ အဋ္ဌကထာဆရာ ငါသည်။ ဝုတ္တံ၊ အနုပုဗ္ဗမုဉ္စနတော–ပါဌ်၏အဖွင့်၌ ဆိုအပ်ခဲ့ပေသတည်း။

ပန၊ ဆက်ဦးအံ့။ သစေ၊ အကယ်၍။ ဗဟိဒ္ဓါပိ၊ အပြင်ပ သူတပါးသန္တာန်၌လည်း။ မနသိကာရံ၊ နှလုံးသွင်းမှုကို။ ဥပသံဟရတိ၊ (ငါ့သန္တာန်၌ ကောဋ္ဌာသသည် စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ ထို့အတူ သူတပါးသန္တာန်၌ ကောဋ္ဌာသသည်လည်း စက်ဆုပ်ဖွယ်ပင်-ဟု) ပုံတူပြု၍ ဆောင်ငြားအံ့။ အထ၊ ထိုသို့ဆောင်လျှင်။ အဿ ယောဂိနော၊ ထိုယောဂီအား။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သဗ္ဗကောဋ္ဌာသေသု၊ ကောဋ္ဌာသ အားလုံးတို့သည်။ ပါကဋေ–

ဘူတေသု၊ ထင်သောအခါတို့၌။ ဝါ၊ ထင်ကြလတ်သော်။ အာဟိဏ္ဍန္တာ၊ လှည့်လည် သွားလာနေကြကုန်သော။ မနုဿတိရစ္ဆာနာဒယော၊ လူ, တိရစ္ဆာန်—စသည်တို့သည်။ သတ္တာကာရံ ဝိဇဟိတွာ၊ သတ္တဝါ၏အခြင်းအရာကို စွန့်ကုန်၍။ ကောဋ္ဌာသရာသိဝသေနေဝ၊ စက်ဆုပ်ဖွယ် ကောဋ္ဌာသအစုအပုံ၏ အနေအားဖြင့်သာလျှင်။ ဥပဋ္ဌဟန္တိ၊ ထင်ပေါ်ကုန်၏။ ဟေဟိ စ၊ ထို လူ, တိရစ္ဆာန်—စသည်တို့သည်။ အဇ္ဈောဟရိယမာနံ၊ စားမျိုအပ်သော။ ပါန—ဘောဇနာဒိ စ၊ အဖျော်, ဘောဇဉ်-စသည်သည်လည်း။ ကောဋ္ဌာသရာသိမှိ၊ စက်ဆုပ်ဖွယ် ကောဋ္ဌာသ အစုအပုံထဲ၌။ ပက္ခိပမာနံ ဣဝ၊ ထည့်အပ်သကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်ပေါ်လာ၏။

အထ၊ ထိုအခါ၌။ အနုပုဗ္ဗမုဉ္စနာဒိဝသေန၊ အစဉ်ကိုစွန့်ခြင်း စသည်၏ အစွမ်းအားဖြင့်။ ပဋိက္ကူလာ ပဋိက္ကူလာတိ၊ စက်ဆုပ်ဖွယ် စက်ဆုပ်ဖွယ်ဟူ၍။ ပုနပ္ပုနံ မနသိကရောတော၊ အဖန်တလဲလဲ နှလုံးသွင်းသော။ အဿ၊ ထိုယောဂီအား။ အနုက္ကမေန၊ အစဉ်အတိုင်း တိုးတက်သောအားဖြင့်။ အပ္ပနာ ဥပ္ပဇ္ဇတိ၊ အပ္ပနာသည် ဖြစ်ပေါ်၏။ တတ္ထ၊ ထိုသို့ဖြစ်ရာ၌။ ကေသာ—ဒီနံ၊ ဆံပင် စသည်တို့၏။ ဝဏ္ဏသဏ္ဌာနဒိသောကာသပရိစ္ဆေဒဝသေန၊ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ အပိုင်းအခြားတို့၏ အစွမ်းအားဖြင့်။ ဥပဋ္ဌာနံ၊ ထင်ခြင်းသည်။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ပေတည်း။ သဗ္ဗာကာရ—တော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပဋိက္ကူလဝသေန၊ စက်ဆုပ်ဖွယ်၏ အစွမ်းဖြင့်။ ဥပဋ္ဌာနံ၊ စက်ဆုပ်ဖွယ်ဟု ထင်ခြင်းသည်။ ပဋိဘာဂ—နိမိတ္တံ၊ ပဋိဘာဂ-နိမိတ်ပေတည်း။ တံ၊ ထိုပဋိဘာဂနိမိတ်ကို။ ဝါ၊ ထိုပဋိဘာဂ-နိမိတ်လျှင် အာရုံရှိသော နှလုံးသွင်းမှုကို။ အာသေဝတော၊ အထပ်ထပ် မှီဝဲလျက်။ ဘာဝယတော၊ ပွားစေသော ယောဂီအား။ ဝုတ္တနယေန၊ ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်။ အသုဘကမ္မဋ္ဌာနေသု ဝိယ၊ အသုဘကမ္မဋ္ဌာန်းတို့၌ကဲ့သို့။ ပဌမဇ္ဈာနဝသေနေဝ၊ ပဌမဈာန်အစွမ်းအားဖြင့်သာလျှင်။ အပ္ပနာ ဥပ္ပဇ္ဇတိ၊ အပ္ပနာသည် ဖြစ်ပေါ်၏။

သာ၊ ထိုအပ္ပနာသည်။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဧကောဝ ကောဋ္ဌာ—သော၊ ကောဋ္ဌာသ တစ်ခုတည်းသာလျှင်။ ပါကဋော ဟောတိ၊ ထင်ရှား၏။ ဝါ၊ တနည်းကား။ ဧကသ္မိံ ကောဋ္ဌာသေ၊တစ်ခုတည်းသော ကောဋ္ဌာသ၌။ အပ္ပနံ ပတွာ၊ အပ္ပနာသို့ ရောက်ပြီးလျှင်။ ပုန၊ တဖန်။ အညသ္မိံ၊ တပါးသော ကောဋ္ဌာသ၌။ ယောဂံ န ကရောတိ၊ အားထုတ်ခြင်းကို မပြုတော့ပေ။ တဿ၊ ထိုသို့သော ပုဂ္ဂိုလ်နှစ်ဦးအား။ ကောဝ ဥပ္ပဇ္ဇတိ၊ အပ္ပနာ

တစ်ပါးသာလျှင် ဖြစ်၏။ ယဿ ပန၊ အကြင်ပုဂ္ဂိုလ်အားမူကား။ အနေကေ ကောဋ္ဌာသာ၊ များစွာကုန်သော ကောဋ္ဌာသတို့သည်။ ပါကဋာ ဟောန္တိ၊ ထင်ကုန်၏။ ဝါ၊ တနည်းကား။ ဝါ၊ ထိုသို့ မဟုတ်လျှင်။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ (ထည့်။) ကေသ္မိံ၊ တစ်ခုသော ကောဋ္ဌာသ၌။ ဈာနံ ပတွာ၊ ဈာန်သို့ ရောက်ပြီးလျှင်။ ပုန၊ တဖန်။ အညသ္မိံ၊ အခြားသော ကောဋ္ဌာသ ၌လည်း။ ယောဂံ ကရောတိ၊ အားထုတ်ခြင်းကို ပြု၏။ တဿ၊ ထိုသို့သော ပုဂ္ဂိုလ်နှစ်ဦးအား။ ကောဋ္ဌာသဂဏနာယ၊ ထင်သော (သို့မဟုတ်) နှလုံးသွင်း သော ကောဋ္ဌာသ အရေအတွက်အားဖြင့်။ ပဌမဇ္ဈာနာနိ၊ ပဌမဈာန်တို့သည်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ မလ္လကတ္ထေရဿ၊ မလ္လက-ထေရ်အား။ ပဌမဇ္ဈာနာနိ၊ ပဌမဈာန်တို့သည်။ နိဗ္ဗတ္တန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့တည်း။

ကိရ၊ တဆင့်စကား ကြားရဖူးသည်ကား။ သော အာယသ္မာ၊ ထို မလ္လက ထေရ် အရှင်သည်။ ဒီဃဘာဏက အဘယတ္ထေရံ၊ ဒီဃနိကာယ်ဆောင် အဘယ ထေရ်ကို။ ဟတ္ထေ ဂဟေတွာ၊ လက်၌ကိုင်၍။ "အာဝုသော အဘယ၊ ငါ့ရှင် အဘယ။ တာဝ၊ ရှေးဦးစွာ။ ဣမံ ပဉှံ၊ ဤပြဿနာကို။ ဥဂ္ဂဏှာဟီတိ၊ မှတ်ယူပါ ဦး"ဟု။ ဝတွာ၊ ဆိုပြီးလျှင်။ "မလ္လကတ္ထေရော၊ မလ္လက ထေရ်သည်။ ဒွတ္တိံသ-ကောဋ္ဌာသေသု၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌။ ဒွတ္တိံသာယ ပဌ-မဇ္ဈာနာနံ၊ သုံးဆယ့်နှစ်ပါးသော ပဌမဈာန်တို့ကို။ လာဘီ၊ ရသည်။ သစေ၊ အကယ်၍။ ရတ္တိံ၊ ညဉ့်၌။ ဧကံ၊ ဈာန်တစ်ပါးကို။ ဒိဝါ၊ နေ့၌။ ဧကံ၊ ဈာန် တစ်ပါးကို။ သမာပဇ္ဇတိ၊ ဝင်စားငြားအံ့။ အတိရေကဒ္ဓမာသေန၊ လ-ဝက်, လ-ခွဲ ကို လွန်သဖြင့်။ ဝါ၊ လ ဝက်, လ-ခွဲကျော်ဖြင့်။ ပုန သမ္ပဇ္ဇတိ၊ တဖန်ပြန်၍ ဝင်စားရ၏။ သစေ၊ အကယ်၍။ ဒေဝသိကံ၊ နေ့တိုင်း-နေ့စဉ်။ ဧကံ၊ ဈာန် တစ်ပါးကိုသာ။ သမာပဇ္ဇတိ၊ ဝင်စားပါမူကား။ အတိရေကမာသေန၊ တစ်လ ကျော်ဖြင့်။ ပုနသမ္ပဇ္ဇတီတိ၊ တဖန်ပြန်၍ဝင်စားရသည်"ဟု။ အာဟ၊ ဆိုသတတ်။

ဧ၊ ဆက်ဦးအံ့။ ဧဝံ၊ ဤ ဆိုခဲ့သည့်အတိုင်း။ ပဌမဇ္ဈာနဝသေန၊ ပဌမ ဈာန်၏ အစွမ်းအားဖြင့်။ ဣဇ္ဈမာနမ္ပိ၊ ပြီးစီးငြားသော်လည်း။ ဧတံ ကမ္မ-ဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းကို။ ဝဏ္ဏသဏ္ဌာနာဒိသု၊ အဆင်း, သဏ္ဌာန်-စသည်တို့၌။ သတိဗလေန၊ သတိ၏ အားစွမ်းဖြင့်။ ဣဇ္ဈနတော၊ ပြီးစီးသောကြောင့်။ ကာယဂတာသတီတိ၊ ကာယဂတာသတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ဧ၊ အကျိုးကိုဆိုဦးအံ့။ ဣမံ ကာယဂတာသတိံ အနုယုတ္တော ဘိက္ခု၊ ဤ ကာယဂတာသတိကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည်။ အရတိရတိ-

သဘောဟာ၊ ကမ္မဋ္ဌာန်းကျောင်း, ဘာဝနာတို့၌ မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ နံ၊ ထိုရဟန်းကို။ အရတိ၊ ထို မပျော်မွေ့ခြင်းနှင့်ပျော်မွေ့ခြင်းသည်။ န စ သဟတိ၊ မနှိပ်စက်လည်း မနှိပ်စက်နိုင်ပေ။ ဥပ္ပန္နံ၊ဖြစ်ပေါ်လာသော။ အရတိံ၊ မပျော်မွေ့ခြင်းနှင့်ပျော်မွေ့ခြင်းကို။ အဘိဘုယျ အဘိဘုယျ၊ နှိမ်နင်း၍ နှိမ်နင်း၍။ ဝိဟရတိ၊ နေနိုင်ပေ၏။ ဘယဘေရဝသဘောဟာ၊ ဘေးငယ် ဘေးကြီးကို သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်ပေ၏။ နံ၊ ထိုရဟန်းကို။ ဘယဘေရဝံ၊ ဘေးငယ် ဘေးကြီးသည်။ န သဟတိ၊ မနှိပ်စက်နိုင်ပေ။ ဥပ္ပန္နံ ဘယဘေရဝံ၊ ဖြစ်ပေါ်လာသော ဘေးငယ်-ဘေးကြီးကို။ အဘိဘုယျ အဘိဘုယျ၊ နှိမ်နင်း၍ နှိမ်နင်း၍။ ဝိဟရတိ၊ နေနိုင်ပေ၏။ သီတဿ၊ အအေးကို။ ခမော ဟောတိ၊ သည်းခံနိုင်ပေ၏။ (၂၀) ဥဏှဿ၊ အပူကို။ (ဥပရိပဏ္ဏာသ၊ နံပါတ် (၁၃၉) မှယူ၍ ပေးလျှာလ ဖော်ထားသည်။) ဇိဃစ္ဆာယ၊ အစာဆာခြင်းကို။ပိပါသာယ၊ ရေဆာခြင်းကို။ ဍံသ မကသ ဝါတာတပ သရီသ ပဿမ္ဘာနံ၊ မှက်, ခြင်, လေ, နေပူ, မြွေ, ကင်းတို့၏ ကိုက်ခဲထိပါးခြင်း အတွေ့တို့ကို။ ခမော ဟောတိ၊ သည်းခံနိုင်ပေ၏။ ဒုရုတ္တာနံ၊ မကောင်းသဖြင့် ပြောဆိုကုန်သော။ ဒုရာဂတာနံ၊ မကောင်းသဖြင့် ရောက်လာကုန်သော။ ဝစနပထာနံ၊ စကားဆိုးတို့ကို။ ခမော ဟောတိ၊ သည်းခံနိုင်ပေ၏။ သာရီရိကာနံ၊ ကိုယ်ထဲ၌ ဖြစ်ပေါ်လာ ကုန်သော။ တိဗ္ဗာနံ၊ ပြင်းထန်ကုန်သော။ခရာနံ၊ ကြမ်းတမ်း ကုန်သော။ ကဋုကာနံ၊ မခံသာကုန်သော။ အသာတာနံ၊ သာယာဖွယ် ကင်းကုန်သော။အမနာပါနံ၊ မနှစ်မြို့ဖွယ် ဖြစ်ကုန်သော။ ပါဏဟရာနံ၊ သေစေနိုင်လောက်ကုန်သော။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်သော။ ဒုက္ခာနံ ဝေဒနာနံ၊ ဆင်းရဲသောဝေဒနာတို့ကို။ အဓိဝါသကဇာတိကော ဟောဘ်၊ သည်း ခံနိုင်သော သဘောရှိပေ၏။ ကေသာဒိနံ၊ ဆံပင်—စသည်တို့၏။ ဝဏ္ဏာဒိနိဿယ၊ အညို,အဝါ, အနီ, အဖြူဟူသော အဆင်းအထူးကို မှီ၍။ စတုန္နံ ဈာနာနံ၊ ဈာန်လေးပါးတို့ကို။ လာဘီ ဟောတိ၊ ရနိုင်ပေ၏။ ဆ အဘိညာ၊ အဘိညာဉ်ခြောက်မျိုးတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိနိုင်ပေ၏။

တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနေကာနိသံသံ၊ များပြားသော အကျိုး အာနိသင်နှင့် ပြည့်စုံသော။ ဣမံ ကာယဂတာသတိံ၊ ဤကာယဂတာသတိကမ္မဋ္ဌာန်းကို။ အပ္ပမတ္တော၊ မမေ့မလျော့ပဲ။ ဟဝေ၊ စင်စစ် မှန်စွာ။ အနုယုဉ္ဇေထ၊အားထုတ်ရာသတည်း။

ဣဒံ၊ ဤဆိုငဲ့ပြီးသောစကားသည်။ ကာယဂတာသတိယံ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက်ပေတည်း။

## အာနာပါနဿတိပွားပုံပြဆိုချက်

၂၁၅။ ဣဒါနိ၊ ယခုအခါ၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ (ပသံ-သိတွာ နိဒ္ဒေသေ—တိုင်အောင် လှမ်းစပ်ပါ။) "ဘိက္ခဝေ၊ ရဟန်းတို့။ အယမ္ပိ ခေါ အာနာပါနဿတိသမာဓိ၊ ဤ အာနာပါနဿတိသမာဓိသည်လည်း။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ သန္တော စေဝ၊ ငြိမ်သက်သည်သာလျှင် ဖြစ်ပေ၏။ ပဏီတော စ၊ မွန်မြတ်သည်သာလျှင် ဖြစ်ပေ၏။ အသေစနကော စ၊ သွန်းထည့်အပ်သည်လည်း မရှိပေ။ သုခေါ စ ဝိဟာရော၊ ချမ်းသာသောနေခြင်းလည်း ဖြစ်ပေ၏။ ဥပ္ပန္နုပ္ပန္နေ၊ ပေါ်လာကုန် ပေါ်လာကုန်သော။ ပါပကေ အကုသလေ စ၊ ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကိုလည်း။ ဌာနသော၊ တခဏချင်းပင်။ အန္တရဓာပေတိ၊ ကွယ်ပျောက်စေနိုင်ပေ၏။ ဝူပသမေတိ၊ ငြိမ်းစေနိုင်ပေ၏။ ဣတိ ဝေံ၊ ဤသို့။ ပသံသိတွာ၊ ချီးမွမ်းတော်မူပြီးလျှင်။—

"ဘိက္ခဝေ၊ ရဟန်းတို့။ အနာပါနဿတိသမာဓိ၊ အာနာပါန-ဿတိသမာဓိသည်။ ကထံ ဘာဝိတော၊ အဘယ်သို့ ပွားစေအပ်သည်ရှိသော်။ ကထံ ဗဟုလီကတော၊ အဘယ်သို့ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ သန္တော စေဝ၊ ငြိမ်သက်သည်သာလျှင် ဖြစ်သနည်း။ ပဏီတော စ၊ မွန်မြတ်သည်သာလျှင် ဖြစ်သနည်း။ အသေစနကော စ၊ သွန်းလောင်းအပ်သည်လည်း မရှိသနည်း။ သုခေါ စ ဝိဟာရော၊ ချမ်းသာသော နေခြင်းလည်း ဖြစ်သနည်း။ ဥပ္ပန္နုပ္ပန္နေ၊ ပေါ်လာကုန် ပေါ်လာကုန်သော။ ပါပကေ အကုသလေ စ၊ ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကိုလည်း။ ဌာနသော၊ တခဏချင်းပင်။ အန္တရဓာပေတိ၊ ကွယ်ပျောက်စေနိုင်သနည်း။ ဝူပသမေတိ၊ ငြိမ်းစေနိုင်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊ တောသို့ကပ်ရောက်၍မူလည်းဖြစ်စေ။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ကပ်ရောက်၍မူလည်းဖြစ်စေ။ သုညာဂါရဂတော ဝါ၊ လူသူဆိတ်သောကျောင်းသို့ ကပ်ရောက်၍မူလည်းဖြစ်စေ။ ပလ္လင်္ကံ အာဘုဇိတွာ၊ ထက်ဝယ်

ဖွဲ့ခွေလျက်။ ဥဇုံ ကာယံ ပဏိဓာယ၊ ကိုယ်ကို ဖြောင့်စွာထားလျက်။
ပရိမုခံ၊ ကမ္မဋ္ဌာန်းဆီသို့ ရှေးရှု။ သတိံ ဥပဋ္ဌပေတွာ၊ သတိကိုဖြစ်
စေလျက်။ နိသီဒတိ၊ ထိုင်နေ၏။ သော၊ ထိုင်နေပြီးသော ထိုရဟန်း
သည်။ သတောဝ၊ အမှတ်ရလျက်သာလျှင်။ အဿသတိ၊ ဝင်သက်ရှူ
၏။ သတောဝ၊ အမှတ်ရလျက်သာလျှင်။ ပဿသတိ၊ ထွက်သက်ရှူ၏။
ဒီဃံ ဝါ အဿသန္တော၊ ရှည်စွာ ရှူသွင်းလျှင်လည်း။ ဒီဃံ အဿသာ-
မီတိ၊ ရှည်စွာရှူသွင်းသည်ဟု။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။
ဒီဃံ ဝါ ပဿသန္တော၊ ရှည်စွာရှူထုတ်လျှင်လည်း။ ဒီဃံ ပဿသာ-
မီတိ၊ ရှည်စွာရှူထုတ်၏ဟု။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ အဿသန္တော၊
ထိုစွာရှူသွင်းလျှင်လည်း။ ရဿံ အဿသာမီတိ၊ ထိုစွာရှူသွင်းသည်ဟု။
ပဇာနာတိ၊ သိ၏။ ရဿံ ဝါ ပဿသန္တော၊ ထိုစွာရှူထုက်လျှင်လည်း။
ရဿံ ပဿသာမီတိ၊ တိုစွာရှူထုတ်သည်ဟု။ ပဇာနာတိ၊ သိ၏။
သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်အပေါင်းကိုသိလျက်။
အဿသိဿာမီတိ၊ ရှူသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ သဗ္ဗကာယပဋိ-
သံဝေဒီ၊ အလုံးစုံသော ထွက်သက်အပေါင်းကိုသိလျက်။ ပဿသိဿာ-
မီတိ၊ ရှူထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ကာယသင်္ခါရံ ပဿမ္ဘယံ၊
ကာယသင်္ခါရကို ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှူသွင်းအံ့ဟု။
သိက္ခတိ၊ လေ့ကျင့်၏။ ကာယသင်္ခါရံ ပဿမ္ဘယံ၊ ကာယသင်္ခါရကို
ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်
၏။ ပီတိပဋိသံဝေဒီ၊ ပီတိကိုသိလျက်။ အဿသိဿာမီတိ၊ ရှူသွင်း
အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ပီတိပဋိသံဝေဒီ၊ ပီတိကိုသိလျက်။
ပဿသိဿာမီတိ၊ ရှူထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ သုခပဋိသံဝေဒီ၊
သုခကိုသိလျက်။ အဿသိဿာမီတိ၊ ရှူသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်
၏။ သုခပဋိသံဝေဒီ၊ သုခကိုသိလျက်။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့ဟု။
သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တသင်္ခါရပဋိသံဝေဒီ၊ စိတ္တသင်္ခါရကိုသိလျက်။
အဿသိဿာမီတိ၊ ရှူသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တသင်္ခါရံ၊
စိတ္တသင်္ခါရကိုသိလျက်။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့ဟု။ သိက္ခတိ၊
လေ့ကျင့်၏။ စိတ္တသင်္ခါရံ ပဿမ္ဘယံ၊ စိတ္တသင်္ခါရကို ငြိမ်းစေလျက်။
အဿသိဿာမီတိ၊ ရှူသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ပဿမ္ဘယံ စိတ္တ-
သင်္ခါရံ၊ စိတ္တသင်္ခါရကို ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့ဟု။
သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တပဋိသံဝေဒီ၊ စိတ်ကိုသိလျက်။ အဿ-
သိဿာမီတိ၊ ရှူသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တပဋိသံဝေဒီ၊

စိတ်ကိုသိလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တံ အဘိပ္ပမောဒယံ၊ စိတ်ကို ဝမ်းမြောက်စေလျက်၊ အဿသိဿာမီတိ၊ ရှုသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တံ အဘိပ္ပမောဒယံ၊ စိတ်ကို ဝမ်းမြောက်စေလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တံ သမာဒဟံ၊ စိတ်ကို ကောင်းစွာထားလျက်။ အဿသိဿာမီတိ၊ ရှုသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တံ သမာဒဟံ၊ စိတ်ကို ကောင်းစွာထားလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တံ ဝိမောစယံ၊ စိတ်ကို လွတ်စေလျက်။ အဿသိဿာမီတိ၊ ရှုသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ စိတ္တံ ဝိမောစယံ၊ စိတ်ကို လွတ်စေလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ (၂၂၃) အနိစ္စာနုပဿီ၊ မမြဲဟုရှုလျက်။ အဿသိဿာမီတိ၊ ရှုသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ အနိစ္စာနုပဿီ၊ မမြဲဟုရှုလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ဝိရာဂါနုပဿီ၊ ကိလေသာပျက်ပြယ်ခြင်းကို ရှုလျက်။ အဿသိဿာမီတိ၊ ရှုသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ဝိရာဂါနုပဿီ၊ ကိလေသာပျက်ပြယ်ခြင်းကို ရှုလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ နိရောဓာနုပဿီ၊ ကိလေသာချုပ်ခြင်းကို ရှုလျက်။ အဿသိဿာမီတိ၊ ရှုသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ နိရောဓာနုပဿီ၊ ကိလေသာချုပ်ခြင်းကို ရှုလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ပဋိနိဿဂ္ဂါနုပဿီ၊ ကိလေသာတို့မှ လွတ်မြောက်ခြင်းကို တဖန်ရှုလျက်။ အဿသိဿာမီတိ၊ ရှုသွင်းအံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ပဋိနိဿဂ္ဂါနုပဿီ၊ ကိလေသာတို့မှ လွတ်မြောက်ခြင်းကို တဖန်ရှုလျက်။ ပဿသိဿာမီတိ၊ ရှုထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။" (သံယုတ်ပါဠိတော် မဟာဝဂ္ဂသံယုတ်၊ နံပါတ်—၂၇၉။ ဝိနည်း ပါရာဇိကဏ်၊ နံပါတ် ၈၈-တို့မှ ထုတ်ပြထားသည်။ အပြည့်အစုံ မြန်မာပြန်ထားသည်။)

ဣတိ ဧဝံ ဣတိသို့။ သောဠသဝတ္ထုကံ၊ တစ်ဆယ့်ခြောက်ပါးသော တည်ရာဌာနရှိသော။ ယံ တံ အာနာပါနဿတိ ကမ္မဋ္ဌာနံ၊ အကြင် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို။ နိဒ္ဒိဋ္ဌံ၊ ဟောကြား ညွှန်ပြတော်မူအပ်ပေပြီ။ တဿ၊ ထို အာနာပါနဿတိ ကမ္မဋ္ဌာန်း၏။ ဝါ၊ ထိုအာနာပါနဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝနာနယော၊ ပွားရာသော နည်းသည်။ ဝါ၊ ပွားစေပုံ နည်းသည်။

အနုပ္ပတ္တော၊ အစဉ်ရောက်လေပြီ။ ပန၊ ထိုသို့ အစဉ်အားဖြင့် ရောက်သော်လည်း။ သော–ဘာဝနာ နယော၊ ထိုပွားစေပုံ နည်းသည်။ ပါဠိဝဏ္ဏနာ-နုသာရေနေဝ၊ ပါဠိအဖွင့်သို့ အစဉ်လျှောက်သဖြင့်သာလျှင်။ ဝုစ္စမာနေ၊ ဖွင့်ဆိုအပ်သည်ရှိသော်။ သဗ္ဗာကာရပရိပူရော ဟောတိ၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့် ပြည့်စုံနိုင်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ အယံ၊ ဤယခုဆိုမည့်စကားရပ်သည်။ တွေ၊ ဤအာနာပါနဿတိ ကမ္မဋ္ဌာန်း၌။ ပါဠိဝဏ္ဏနာပုဗ္ဗင်္ဂမော၊ ပါဠိကိုဖွင့်ခြင်းလျှင် ရှေ့သွားရှိသော။ နိဒ္ဒေသော၊ အကျယ်ဖွင့်ပြချက်ပေတည်း။

၂၁၆။ ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနဿတိသမာဓိ၊ အာနာပါနဿတိသမာဓိသည်။ ကထံ ဘာဝိတော၊ အဘယ်သို့ ပွားစေအပ်သည်ရှိသော်။ (ကထံ ဗဟုလီကတော၊ အဘယ်သို့ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ သန္တော စေဝ၊ ငြိမ်သက်သည်သာလျှင် ဖြစ်သနည်း။ ပဏီတော စ၊ မွန်မြတ်သည်သာလျှင် ဖြစ်သနည်း။–ထည့်စပ်ပါ။) ဣတိ တွေ၊ ဤသို့သော စကားရပ်၌။ တာဝ၊ ရှေးဦးစွာ။ ကထန္တိ၊ အဘယ်သို့နည်း ဟူသောစကားသည်။ အာနာပါနဿတိသမာဓိဘာဝနံ၊ အာနာပါနဿတိသမာဓိ ဘာ ဝ နာ ကို။ နာနပ္ပကာရတော၊ အမျိုးမျိုးသော အပြားအားဖြင့်။ ဝိတ္ထာရေတုကမျတာ-ပုစ္ဆာ၊ ချဲ့ပြရန်အလိုရှိသဖြင့် မေးသောစကားပေတည်း။ ဘာဝိတော စ ဘိက္ခဝေ အာနာပါနဿတိသမာဓီတိ ဣဒံ၊ ဘာဝိတော စ ဘိက္ခဝေ အာနာပါနဿတိသမာဓိ–ဟူသော ဤစကားသည်။ နာနပ္ပကာရတော၊ အမျိုးမျိုးသော အပြားအားဖြင့်။ ဝိတ္ထာရေတုကမျတာယ၊ ချဲ့ပြရန်အလိုရှိသဖြင့်။ ပုစ္ဆိတဓမ္မနိဒ္ဒေသနံ၊ မေးထားသောစကားကို ဖော်ပြထားသော စကားပေတည်း။ ကထံ ဗဟုလီကတော ။ပ။ ဝူပသမေတီတိ တွေ၊ ကထံ ဗဟုလီကတော ။ပ။ ဝူပသမေတိ–ဟူသော ဤစကား၌လည်း။ သော ဧဝ နယော၊ ဤနည်းပင်တည်း။ တတ္ထ၊ ထိုစကားရပ်၌။ ဘာဝိတောတိ၊ ဘာဝိတော–ဟူသည်ကား။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သည်။ ဝါ၊ တနည်းကား။ ဝဍ္ဎိတော၊ ပွားစေအပ်သည်။ အာနာပါနဿတိသမာဓီတိ၊ အာနာပါနဿတိသမာဓိ–ဟူသည်ကား။ အာနာပါနပရိဂ္ဂါဟိကာယ၊ ဝင်လေ-ထွက်လေကို သိမ်းဆည်းသော။ သတိယာ သဒ္ဓိံ၊ သတိနှင့်အတူတကွ။ သမ္ပယုတ္တော သမာဓိ၊ ယှဉ်သောသမာဓိပေတည်း။ ဝါ၊ တနည်းကား။ အာနာပါနဿတိယံ၊ ဝင်လေ-ထွက်လေကို သိမ်းဆည်းသော သတိကြောင့်။ ပဝတ္တော၊ ဖြစ်သော။ (ထည့်။) သမာဓိ၊ သမာဓိသည်။ အာနာပါနဿတိသမာဓိ၊ အာနာပါနဿတိ

သမာဒိ—မည်၏။ ငဟုလိကတောတိ၊ ဗဟုလီကတော-ဟူသည်ကား။ ပုနပ္ပုနံ ကတော၊ အဖန်ဖန်ပြုအပ်သည်။ သဒ္ဓော စေဝ ပဏ္ဍိတော စာတိ၊ သဒ္ဓော စေဝ ပဏ္ဍိတော စ-ဟူသည်ကား။ သဒ္ဓော စေဝ၊ ငြိမ်သက်သည်သာလျှင် ဖြစ်၏။ ပဏ္ဍိတော စေဝ၊ မွန်မြတ်သည်သာလျှင်လည်းဖြစ်၏။ ဥဘယတ္ထ၊ နှစ်ပုဒ်လုံးတို့၌။ ဧဝသဒ္ဒေန၊ ဧဝသဒ္ဒါဖြင့်။ ဝါ၊ သာလျှင်-ဟူသော စကားဖြင့်။ နိယမော၊ ကိန်းသေ သတ်မှတ်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကိံ၊ အဘယ်သို့လျှင်။ ဝုတ္တံ—ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်သနည်း?။ အသုဘကမ္မဋ္ဌာနံ၊ အသုဘကမ္မဋ္ဌာန်းသည်။ ကေဝလံ ပဋိဝေဓဝသေန၊ ထိုးထွင်း၍ သိခြင်း၏ အစွမ်းသက်သက်အားဖြင့် သာလျှင်။ သန္တဥ္စ၊ ငြိမ်သက်သည် လည်းကောင်း။ ပဏ္ဍိတဥ္စ၊ မွန်မြတ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်ပေ၏။ (ထည့်။) ပန၊ ထိုသို့ဖြစ်သော်လည်း။ ဩဠာရိကာရမ္မဏတ္တာ စ၊ ရုန့်ရင်းသော အာရုံရှိခြင်းကြောင့်လည်းကောင်း။ ပဋိက္ကူလာရမ္မဏတ္တာ စ၊ စက်ဆုပ်ဖွယ် အာရုံရှိခြင်းကြောင့် လည်းကောင်း။ အာရမ္မဏဝသေန၊ အာရုံ၏ အစွမ်းအားဖြင့်။ သန္တံ၊ ငြိမ်သက်သည်။ နေဝ ဟောတိ ယထာ၊ မဖြစ်သကဲ့သို့။ ပဏီတံ၊ မွန်မြတ်သည်။ န ဟောတိ ယထာ မဖြစ်သကဲ့သို့။ တနည်း—နေဝ သန္တံ ယထာ၊ မငြိမ်သက်သည်သာလျှင် ဖြစ်သကဲ့သို့။ န ပဏီတံ ယထာ၊ မမွန်မြတ်သည်သာလျှင်ဖြစ်သကဲ့သို့။ အယံ အာနာပါနဿတိသမာဓိ၊ ဤအာနာပါနဿတိသမာဓိ ကမ္မဋ္ဌာန်းသည်ကား။ ဧဝံ၊ ထိုကဲ့သို့။ အသန္တော ဝါ၊ မငြိမ်သက်သည်သော် လည်းကောင်း။ အပဏီတော ဝါ၊ မမွန်မြတ်သည်သော် လည်းကောင်း။ ကေနစိ ပရိယာယေန၊ ဝ စုံတခုသော အကြောင်းကြောင့်။ န ဟောတိ၊ မဖြစ်ပေ။ အထ ခေါ၊ စင်စစ်သော်ကား။ အာရမ္မဏသန္တတာ—ယပိ၊ အာရုံ၏ ငြိမ်သက်ခြင်းကြောင့်လည်း။ သန္တော၊ ငြိမ်သက်ပေ၏။ ဝူပသန္တော၊ အထူးငြိမ်သက်ပေ၏။ နိဗ္ဗုတော၊ ငြိမ်းအေးပေ၏။ ပဋိဝေဓ—သင်္ခါတအင်္ဂသန္တတာယပိ၊ ပဋိဝေဓ—ဟုဆိုအပ်သော ဈာန်အင်္ဂါ၏ ငြိမ်သက်ခြင်းကြောင့်လည်း။ (သန္တော၊ ငြိမ်သက်ပေ၏။ ဝူပသန္တော၊ အထူးငြိမ်သက်ပေ၏။ နိဗ္ဗုတော၊ အထူးငြိမ်းပေ၏။—ပြန်စပ်။) အာရမ္မဏပဏီတတာယပိ၊ အာရုံ၏ မွန်မြတ်ခြင်းကြောင့်လည်း။ ပဏီတော၊ မွန်မြတ်ပေ၏။ အတိတ္တိကရော၊ မရောင့်ရဲနိုင်အောင် ကောင်းသည်ကို ပြုတတ်ပေ၏။ အင်္ဂပဏီတ-တာယပိ၊ ဈာန်အင်္ဂါ၏ မွန်မြတ်ခြင်းကြောင့်လည်း။ ပဏီတော၊ မွန်မြတ်ပေ၏။ အတိတ္တိကရော၊ မရောင့်ရဲနိုင်အောင် ကောင်းသည်ကို ပြုတတ်ပေ၏။ (ပြန်စပ်။) တေန၊ ထိုကြောင့်။ "သန္တော စေဝ ပဏီတော စာ"တိ၊ သန္တော စေဝ ပဏီတော စ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

အသေစနကော စ သုခေါ စ ဝိဟာရောတိ ဧတ္ထ၊ အသေစနကော စ သုခေါ စ ဝိဟာရော–ဟူသော ဤစကားရပ်၌။ အဿ၊ ထိုအာနာပါန- ဿတိ သမာဓိအား။ (သန္တပဏီတဘာဝါဝဟ၊ ငြိမ်သက်ခြင်း, မွန်မြတ် ခြင်းကို ဖြစ်စေတတ်သော။ ကိဉ္စိ၊ တစုံတခုသော။–ထည့်ပါ။) သေစနံ၊ သွန်းလောင်း ထည့်စွက်အပ်သော အကြောင်းတစုံတခုမျှသည်။ န- နတ္ထိ၊ မရှိပေ။ (နနတ္ထိ–ဟု မ ိ့ရ၊ န–ကိုပင် နတ္ထိ–ဟု ဖွင့်ခြင်းဖြစ်၏။) ဣတိ တသ္မာ၊ ထို့ကြောင့်။ အသေစနကော၊ အသေစနက–မည်၏။ အနာ– သိတ္တကော၊ သွန်းလောင်းထည့်ပေးအပ်သော အကြောင်းတပါးမရှိ။အဗ္ဗော– ကိဏ္ဏော၊ အကူအညီ အခြားတပါးနှင့် မရောပြွမ်းသော။ ပါဋိယေက္ကော၊ အသီးအခြား တစ်ခုတည်းသော။အာဝေဏိကော၊ သီးခြားဖြစ်သော သမာဓိ။ ဧတ္ထ၊ ဤ အာနာပါနဿတိသမာဓိ ကမ္မဋ္ဌာန်း၌။ ပရိကမ္မေန ဝါ၊ ရှုစရာ အာရုံကို ကြိုတင်၍ ပြုရခြင်းသည်လည်း။ နတ္ထိ၊ မရှိပေ။ (–ဋီကာအလို။) ပရိကမ္မေန ဝါ၊ ပရိကံဖြင့်သော် လည်းကောင်း–ဟုပေး။ (ဆင္ခမှုအရဖြစ်သည်။) ဥပစာရေန ဝါ၊ ဥပစာရ–ဖြင့်မူလည်း။ သန္တတာ၊ ငြိမ်သက်သည်၏ အဖြစ် သည်။ နတ္ထိ၊ မရှိ။ (ဋီကာမှာ သေချာစွာကြည့်လေ။) အာဒိသမန္နာဟာရတော ပဘုတိ၊ အစ အဦး နှလုံးသွင်းသည်မှ စ၍။ အတ္တနော သဘာဝေနေဝ၊ မိမိ၏ သဘောအားဖြင့်ပင်လျှင်။သန္တော စ၊ ငြိမ်သက်သည် လည်းကောင်း။ ပဏီတော စ၊ မွန်မြတ်သည် လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အသေစနကော–ပုဒ်၏ အနက်ပေတည်း။ ကေစိ ပန၊ အချို့ဆရာတို့သည်ကား။ အသေစနကောတိ၊ အသေစနကော–ဟူသည်မှာ။ အနာသိတ္တကော၊ သွန်းလောင်း ထည့်စွက်အပ်သော အကြောင်းမရှိသော။ ဩဇဝန္တော၊ ဩဇာရှိသော။ (၂၆၀) သဘာဝေနေဝ၊ ပင်ကိုသဘောအား ဖြင့်ပင်လျှင်။ မဓုရော၊ ချိုမြိန် ကောင်းမွန်၏။ ဝါ၊ ချိုမြိန် ကောင်းမွန်သော သမာဓိ။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဖွင့်ဆိုကြကုန်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အသေစနကော စ၊ သွန်းလောင်း ထည့်စွက်အပ်သော ပရိကမ္မ–စသော အကြောင်းတပါး မရှိသော။ အယံ၊ ဤ အာနာပါနဿတိ သမာဓိသည်။ အပ္ပိတပ္ပိတက္ခဏေ၊ ဝင်စားတိုင်း ဝင်စားတိုင်းသော ခဏ၌။ ကာယိက– စေတသိကသုခပ္ပဋိလာဘာယ သံဝတ္တနတော၊ ကိုယ်ချမ်းသာ, စိတ်ချမ်းသာ ကို ရခြင်းငှာ ဖြစ်သောကြောင့်။ သုခေါ စ ဝိဟာရော၊ ချမ်းသာသော နေခြင်းလည်း ဖြစ်ပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။ ဥပ္ပန္နုပ္ပန္နေတိ၊ ဥပ္ပန္နုပ္ပန္နေ–ဟူသည်ကား။ အဝိက္ခမ္ဘိတေ အဝိက္ခမ္ဘိတေ၊ မခွါအပ် ကုန်သေး မခွါအပ်ကုန်သေးကုန်သော။ ပါပကေတိ၊ ပါပကေ–ဟူသည်ကား။

လာမကော၊ ယုတ်ညံ့ကုန်သော။ အကုသလေ ဓမ္မေတိ၊ အကုသလေ ဓမ္မေ-ဟူသည်ကား။ အကောသလ္လသမ္ဘူတေ ဓမ္မေ၊ မလိမ္မာကြောင်း, မိုက်မဲကြောင်း အဝိဇ္ဇာကြောင့်ဖြစ်ကုန်သော တရားတို့ကို။ ဌာနသော အန္တရဓာပေတီတိ၊ ဌာနသော အန္တရဓာပေတိ-ဟူသည်ကား။ ခဏေနေဝ၊ တခဏချင်းဖြင့်ပင် လျှင်။ အန္တရဓာပေတိ၊ ကွယ်စေ၏။ ဝိက္ခမ္ဘေတိ၊ ကွာစေ၏။ ဝူပသမေတီတိ၊ ဝူပသမေတိ—မှူသည်ကား။ သုဋ္ဌု ဥပသမေတိ၊ ကောင်းစွာ ငြိမ်းစေ၏။ ဝါ၊ တနည်းကား။ နိဗ္ဗေဓဘာဂိယတ္တာ၊ ကိလေသာကို ဖောက်ခွဲခြင်းအဖို့ရှိသောကြောင့်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဝါ၊ အစဉ်အတိုင်း။ အရိယမဂ္ဂ—ဝုဍ္ဎိပ္ပတ္တော၊ အရိယမဂ်ဟူသော ကြီးပွားခြင်းသို့ ရောက်လတ်သော်။သမုစ္ဆိန္ဒတိ၊ အကြွင်းမဲ့ပယ်ဖြတ်တတ်၏။ ပဋိပ္ပဿမ္ဘေတိ၊ တဖန် ငြိမ်းစေတတ်၏။ ဣတိ၊ ဤသို့။ဝုတ္တံ—ဝုတ္တော ဟောတိ၊ ဆိုလိုပေ၏။

အယံ ပန၊ ဤဆိုလတ္တံ့သော စကားသည်ကား။ ဧတ္ထ၊ ဤအရာ၌။ သင်္ခေပတ္ထော၊ အကျဉ်းချုပ်ဖြစ်သော အနက်ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ကေန ပကာရေန၊ အဘယ် အပြားအားဖြင့်။ ကေန အာကာရေန၊ အဘယ်အခြင်းအရာဖြင့်။ ကေန ဝိဓိနာ၊ အဘယ် အစီအရင်ဖြင့်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဝါ၊ ပွားစေအပ်လျှင်။ ကေန ပကာရေန၊ အဘယ် အပြားအားဖြင့်။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ ဝါ၊ အကြိမ်များစွာ ပြုအပ်လျှင်။ အာနာပါနဿတိသမာဓိ၊ အာနာပါနဿတိသမာဓိသည်။ သန္တော စေဝ၊ ငြိမ်သက်သည်သာလျှင် ဖြစ်သနည်း။ပ။ ဝူပသမေတိ၊ ငြိမ်းစေသနည်း။ ဣတိ အယံ၊ ဤသည်ကား။ သင်္ခေပတ္ထော၊ အကျဉ်းချုပ် အနက်ပေတည်း။

၂၁၇။ ဣဒါနိ၊ ယခုအခါ၌။ တမတ္တံ ဝိတ္ထာရေန္တော၊ ထိုအနက်ကို ချဲ့ပြလိုသည်ဖြစ်၍။ "ဣခ ဘိက္ခဝေ" တိအာဒိံ၊ ဣဓ ဘိက္ခဝေ-အစရှိသော စကားကို။ အာဟ၊ မိန့်တော်မူလေ၏။ တတ္ထ၊ ထိုစကားတော်၌။ ဣဓ ဘိက္ခဝေ ဘိက္ခူတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု-ဟူသည်ကား။ ဘိက္ခဝေ၊ ရဟန်းတို့ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဟိ၊ မှန်၏။ ဧတ္ထ၊ ဤစကားတော်၌။ အယံ ဣဓသဒ္ဒေါ၊ ဣဓ—ဟူသော ဤသဒ္ဒါသည်။ သဗ္ဗပ္ပကာရအာနာပါနဿတိသမာဓိနိဗ္ဗတ္တကဿ၊ခပ်သိမ်းသောအပြားအားဖြင့် အာနာပါနဿတိသမာဓိကို ဖြစ်တတ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ သန္နိဿယ-ဘူတသာသနပရိဒီပနော၊ မှီရာဖြစ်သော သာသနာကိုလည်း ပြ၏။ အညသာ-

သနဿ၊ အခြားသာသနာ၏။ သဗ္ဗပ္ပကာရအာနာပါနဿတိသမာဓိနိဗ္ဗတ္တကဿ၊
အနာပါနဿတိသမာဓိကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် ဖြစ်စေတတ်
သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ (–နောက်ကပြန်လိုက်။) တထာဘာဝပဋိသေဓ–
နော စ၊ တည်ရာဟူသော ထိုအဖြစ်ကိုလည်း ပယ်မြစ်၏။ ဟိ၊ မှန်၏။
"ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဝ၊ ဤသာသနာတော်၌သာလျှင်။ ပဌမော
သမဏော၊ ကိလေသာငြိမ်းသော သောတာပန်ရဟန်းကို။ လဗ္ဘတိ။ ရအပ်
၏ ။ပ။ ပရပ္ပဝါဒါ၊ ငါ၏တရား–ဝိနည်းမှ အခြားတပါးသော ဘာသာ,
အယူဝါဒကိုသည်။ အညေဟိ၊ မိမိတို့ ဝန်ခံသည့်အတိုင်း သိကုန်
သော။ သမဏေဟိ၊ ကိလေသာငြိမ်းသော သမဏ––ရဟန်းတို့မှ။ သုညာ၊
ကင်းဆိတ်ကြကုန်၏။" ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို၊ ဘဂဝတာ၊
မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ တေန၊ ထို့ကြောင့်။
"ဣမသ္မိံ သာသနေ ဘိက္ခု တိ၊ ဣမသ္မိံ သာသနေဘိက္ခု" ဟူ၍။ မယာ၊
ငါ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ ဖွင့်ဆိုအပ်ပေ၏။

အရညဂတော ဝါ ။ပ။ သုညာဂါရဂတော ဝါတိဣဒံ ဝစနံ၊ အရည–
ဂတော ဝါ ။ပ။ သုညာဂါရဂတော ဝါ-ဟူသောစကားသည်။ အဿ၊
ထိုယောဂီ၏။ အာနာပါနဿတိသမာဓိဘာဝနာနုရူပသေနာသနပရိဂ္ဂဟပရိ–
ဒီပနံ၊ အာနာပါနဿတိသမာဓိဘာဝနာအား လျော်သောကျောင်းကို သိမ်း
ဆည်းခြင်းကိုပြသော စကားတည်း။ ဟိ၊ ချဲ့၍ပြဦးအံ့။ ဣမဿ ဘိက္ခုနော၊
ဤယောဂီရဟန်း၏။ စိတ္တံ၊ စိတ်သည်။ ရူပါဒိသု အာရမ္မဏေသု၊ အဆင်း
အစရှိသော အာရုံတို့၌။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ အနု–
ဝိသဋံ၊ အစဉ်မပြတ် ပြေးသွား၏။ အာနာပါနဿတိသမာဓိအာရမ္မဏံ၊ အာ
နာပါနဿတိသမာဓိ၏ အာရုံသို့။ အဘိရုဟိတုံ၊ တက်ခြင်းငှာ။ န ဣစ္ဆတိ၊
အလိုမရှိ။ ကူဋဂေါဏယုတ္တရထော၊ ကောက်ကျစ်သောနွား ကထားသည့်
ရထားသည်။ ဥပ္ပထမေဝ၊ လမ်းမဟုတ်ရာသို့သာလျှင်။ ဓာဝတိ ဝိယ၊ ပြေး
သွားသကဲ့သို့။ ဥပ္ပထမေဝ၊ လမ်းမှန်မဟုတ်ရာသို့သာလျှင်။ ဓာဝတိ၊ ပြေး
သွား၏။ တသ္မာ၊ ထို့ကြောင့်။ သေယျထာပိ နာမ၊ ဥပမာမည်သည်ကား။
ဝါ၊ ဥပမာဖြင့် ပြရလျှင်။ ကူဋဓေနုယာ၊ ကောက်ကျစ်သော မိခင်နွားမ
၏။ ခီရံ၊ နို့ရည်ကို။ သဗ္ဗံ ပိဝိတွာ၊ အကုန်သောက်စို့၍။ ဝဍ္ဎိတံ၊ ကြီးပြင်း
လာသော။ ကူဋဝစ္ဆံ၊ ကောက်ကျစ်သော နွားငယ်ကို။ ဒမေတုကာမော၊ ဆုံးမ
လိုသော။ ဂေါပေါ၊ နွားကျောင်းသမား–နွားကျောင်းသားသည်။ ဓေနု–
တော၊ မိခင်နွားမ မှ။ အပနေတွာ၊ ခွဲခွာ၍။ ဧကမန္တေ၊ တစ်ခုသောအရပ်

၌။ မဟန္တံ ထမ္ဘံ၊ ကြီးစွာသောတိုင်ကို။ နိခဏိတွာ၊ စိုက်ထူ၍။ တတ္ထ၊ ထိုတိုင်၌။ ယောတ္တေန၊ ကြိုးဖြင့်။ ဗန္ဓေယျ၊ ဖွဲ့ချည်ထားရာ၏။ အထ၊ ထို အခါ၌။ အဿ၊ ထိုနွားကျောင်းသမား၏။ သော ဝစ္ဆော၊ ထိုနွားငယ်သည်။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ ဝိပ္ဖန္ဒိတွာ၊ ရုန်းကန်လှုပ်ရှား လျက်။ ပလာယိတုံ အသက္ကောန္တော၊ ထွက်ပြေးရန် မစွမ်းနိုင်၍။ တမေဝ ထမ္ဘံ၊ ထိုတိုင်ကိုသာလျှင်။ ဥပနိသီဒေယျ ဝါ၊ မှီ၍မူလည်း နေရာ၏။ ဥပ-နိပဇ္ဇေယျ ဝါ၊ မှီ၍မူလည်း အိပ်ရာ၏။ ဧဝမေဝ၊ ထို့အတူပင်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ရူပါရမ္မဏာဒိရသပါနဝဍ္ဎိတံ၊ ရူပါရုံ စသည် တို့ကို စွဲ၍ဖြစ်သော သုခဝေဒနာဟူသော အရသာကို သောက်သုံးခြင်းဖြင့် ကြီးပွားလာသော။ ဒုဋ္ဌစိတ္တံ၊ ပျက်ချော်နေသည့် စိတ်ကို။ ဒမေတုကာမေန၊ ဆုံးမလိုသော။ ဣမိနာ ဘိက္ခုနာ၊ ဤယောဂီရဟန်းသည်လည်း။ ရူပါဒိ-အာရမ္မဏတော၊ ရူပါရုံ-အစရှိသောအာရုံများမှ။ အပနေတွာ၊ ဖယ်ခွါ၍။ အရညံ ဝါ၊ တောသို့ဖြစ်စေ၊ ရုက္ခ-မူလံ ဝါ၊ သစ်ပင်ရင်းသို့ ဖြစ်စေ။ သုညာဂါရံ ဝါ၊ လူသူဆိတ်ရာ ကျောင်းသို့ဖြစ်စေ။ ပဝေသေတွာ၊ သွင်းထား ပြီးလျှင်။ တတ္ထ၊ ထိုအရပ်ဝယ်။ အဿာသ-ပဿာသထမ္ဘေ၊ ဝင်လေ-ထွက်လေဟူသော တိုင်၌။ သတိယောတ္တေန၊ သတိတည်းဟူသော ကြိုးဖြင့်။ ဗန္ဓိတဗ္ဗံ၊ ဖွဲ့ချည်ထားအပ်၏။ ဧဝံ၊ ဤသို့ ဖွဲ့ချည်ထားအပ်သည်ရှိသော်။ အဿ၊ ထိုယောဂီရဟန်း၏။ တံ စိတ္တံ၊ ထိုစိတ်သည်။ ဣတော စိတော စ၊ ထိုမှ ဤမှလည်း။ ဝိပ္ဖန္ဒိတွာပိ၊ ရုန်းကန် လှုပ်ရှားနေငြားသော်လည်း။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဝါ၊ ရှေးအခါက။ အာစိဏ္ဏာရမ္မဏံ၊ လေ့ကျက်နေကျ အာရုံ ကို။ အလဘမာနံ၊ မရသည်ဖြစ်၍။ ဝါ၊ မရသဖြင့်။ သတိယောတ္တံ ဆိန္ဒိ-တွာ၊ သတိတည်းဟူသောကြိုးကိုဖြတ်၍။ (၂၆၁) ပလာယိတုံ၊ ထွက်ပြေး ခြင်းငှာ။ ဝါ၊ ထွက်ပြေးရန်။ အသက္ကောန္တံ၊ မစွမ်းနိုင်သည်ဖြစ်၍။ ဝါ၊ မစွမ်းနိုင်သောကြောင့်။ တမေဝါရမ္မဏံ၊ ထို ဝင်လေ-ထွက်လေဟူသော အာရုံ ကိုသာလျှင်။ ဥပစာရပ္ပနာဝသေန၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ တို့၏ အစွမ်းအားဖြင့်။ ဥပနိသီဒတိ စေဝ၊ မှီ၍လည်း နေ၏။ ဥပနိပဇ္ဇတိ စ၊ မှီ၍လည်း အိပ်၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။—

> "ဝစ္ဆံ၊ စဉ်းလဲကောက်ကျစ်သော နွားငယ်ကို။ ဒမံ-ဒမန္တော၊ ဆုံးမလိုသော။ နရော၊ လူသည်။ ထမ္ဘေ၊ တိုင်၌။ နိဗန္ဓေယျ ယထာ၊ ဖွဲ့ချည်ထားရာသကဲ့သို့။ ဧဝံ၊ ထို့အတူ။ ဣဓ၊ ဤသာသနာတော်၌။ သကံ စိတ္တံ၊ မိမိစိတ်ကို။ ဒမံ-ဒမန္တော၊ ဆုံးမလိုသော။ ဘိက္ခု၊

ယောဂီရဟန်းသည်။ အာရမ္မဏေ၊ ကမ္မဋ္ဌာန်းအာရုံ၌။ သတိယာ၊ သတိဖြင့်။ ဒဠှံ၊ မြဲမြံစွာ။ ဗန္ဓေယျ၊ ဖွဲ့ချည်ထားရာ၏။” ဣတိ၊ ဤသို့။ အာဟု၊ ဆိုကြကုန်၏။

ဧဝံ၊ ဤ ယခုပြဆိုခဲ့သည့်အတိုင်း။ အဿ၊ ထိုယောဂီရဟန်း၏။ ဧတံ သေနာသနံ၊ တောစသော ဤကျောင်းသည်။ ဘာဝနာနုရူပံ ဟောတိ၊ ဘာဝနာအား သင့်လျော်ပေ၏။ တေန၊ ထို့ကြောင့်။ “ဣဒံ၊ ဤစကားသည်။ အဿ၊ ထိုယောဂီရဟန်း၏။ အာနာပါနဿတိသမာဓိဘာဝနာနုရူပသေနာ—သနပရိဂ္ဂဟပရိဒီပနန္တိ၊ အာနာပါနဿတိသမာဓိဘာဝနာအားလျော်သော ကျောင်း, အိပ်ရာနေရာကို သိမ်းဆည်းယူပုံကိုပြသော စကားပေတည်း” ဟု။ မယာ၊ ငါအဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုခဲ့ပေသတည်း။

အထ ဝါ၊တနည်းသော်ကား။ယသ္မာ၊အကြင်ကြောင့်။ ကမ္မဋ္ဌာနပ္ပဘေဒေ၊ လေးဆယ်သော ကမ္မဋ္ဌာန်းအပြားထဲတွင်။ မုဒ္ဓဘူတံ၊ ဦးထိပ်သဖွယ်ဖြစ်ပေ၏။ သဗ္ဗညုဗုဒ္ဓပစ္စေကဗုဒ္ဓဗုဒ္ဓသာဝကာနံ၊ အလုံးစုံသောဘုရား, အချို့ပစ္စေကဗုဒ္ဓါ, အချို့သောတပည့်သာဝကတို့၏။ ဝိသေသာဓိဂမဒိဋ္ဌဓမ္မသုခဝိဟာရပဒဋ္ဌာနံ၊ မဂ်—ဖိုလ်တရားထူးကို ရခြင်း, မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း၏ နီးစွာသောအကြောင်း ဖြစ်၍ဖြစ်သော။ ဣဒံ အာနာပါနဿတိကမ္မဋ္ဌာနံ၊ ဤ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ ဣတ္ထိပုရိသဟတ္ထိအဿာဒိသဒ္ဒသမာကုလံ၊ မိန်းမ, ယောကျ်ား, ဆင်, မြင်း—စသည်တို့၏ အသံဖြင့်ပြွမ်းသော။ ဂါမန္တံ အပရိစ္စဇိတွာ၊ ရွာနီးကျောင်းကို မစွန့်မူ၍။ ဝါ၊ မစွန့်ပဲ။ ဘာဝေတုံ၊ ပွားစေခြင်းငှာ။ န သုကရံ၊ မလွယ်ကူပေ။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဧျာနဿ၊ ဈာန်၏။ သဒ္ဒကဏ္ဋကတ္တာ၊ အသံဟူသော ဖျက်ဆီးကြောင်း—ဆူးရှိသောကြောင့်ပေတည်း။ တနည်း– ကသ္မာ၊ အဘယ်ကြောင့်။ ဣတ္ထိပုရိသဟတ္ထိအဿာဒိသဒ္ဒသမာကုလံ၊ မိန်းမ, ယောကျ်ား, ဆင်, မြင်း စသည်တို့၏ အသံဖြင့်ပြွမ်းသော။ ဂါမန္တံ အပရိစ္စဇိတွာ၊ ရွာနီးကျောင်းကို မစွန့်မူ၍။ ဝါ၊ မစွန့်ပဲ။ ဘာဝေတုံ၊ ပွားစေခြင်းငှာ။ န သုကရံ၊ မလွယ် သနည်း။ ဣတိ အယံ၊ ဤသည်း။ ပုစ္ဆာ၊ အမေးတည်း။ (နောက်ဝါကျကို ပုစ္ဆာဝါကျပြု၍ မေးသည်။) ဈာနဿ၊ ဈာန်၏။ သဒ္ဒကဏ္ဋကတ္တာ၊ အသံ ဟူသော ဖျက်ဆီးကြောင်းဆူးငြောင့် ရှိသောကြောင့်။ ဣတ္ထိပုရိသဟတ္ထိ—အဿာဒိသဒ္ဒသမာကုလံ၊ မိန်းမ, ယောကျ်ား, ဆင်, မြင်း–စသည်တို့၏ အသံဖြင့်ပြွမ်းသော။ ဂါမန္တံ အပရိစ္စဇိတွာ၊ ရွာနီးကျောင်းကို မစွန့်မူ၍။

ဝါ၊ ရှာနိုးကျောင်းကို မစွန့်ပဲ။ ဘာဝေတုံ၊ ပွားစေခြင်းငှာ။ န သက္ကာရံ၊ မလွယ်ကူပေ။ ဣတိ အယံ၊ ဤသည်ကား။ ဝိဿဇ္ဇနာ၊ အဖြေပေတည်း။ (ဤကဲ့သို့ အပြည့်အစုံ ပုစ္ဆာဝါကျ, ဝိသဇ္ဇနာဝါကျထုတ်၍ ပေးလေ။ အဓိပ္ပာယ်ပေါ်လွင်၏။) ပန၊ စင်စစ်သော်ကား။ ယောဂါဝစရေန၊ ယောဂီ ရဟန်းသည်။ အဂါမကော၊ ရွာမရှိသော။ ဝါ၊ ရွာနှင့်ဝေးသော။ အရညော၊ တောအရပ်၌။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤ အာနာပါနကမ္မဋ္ဌာန်းကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း ရှုမှတ်လျက်။ အာနာပါနစတုတ္ထဈာနံ၊ အာနာပါနလျှင်အာရုံ ရှိသော စတုတ္ထဈာန်ကို။ ဝါ၊ အာနာပါနလျှင်အာရုံရှိသော ဈာန်လေးပါး အပေါင်းကို။ (ဤ ဝါ-အနက်ကား စတုက္ကဈာနံ-ဟုပါဠိရှိလျှင် ပေးသော အနက် ဖြစ်သည်။ ဈာန်လေးပါးထဲက ဈာန်တစ်ပါး မျှကိုရလျှင်ပင် ၎င်းကို ပါဒကပြု၍ အရဟတ္တဖိုလ်သို့ရောက်အောင် ဝိပဿနာရှုနိုင်သောကြောင့် စတုက္ကဈာန်-ဟုရှိလျှင် သာ၍သင့်အံ့ထင်သည်။) နိဗ္ဗတ္တေတွာ၊ ဖြစ်စေပြီးလျှင်။ ဝါ၊ ဖြစ်စေပြီး၍။ တဒေဝ ပါဒကံ ကတွာ၊ ထိုဈာန်ကိုပင် အခြေခံပြု၍။ သင်္ခါရေ သမ္မသိတွာ၊ သင်္ခါရတို့ကို သုံးသပ်လျက်။ အဂ္ဂဖလံ အရဟတ္တံ၊ အမြတ်ဆုံး ဖြစ်သော အရဟတ္တဖိုလ်သို့။ သမ္ပာပုဏိတုံ၊ ရောက်ဖို့ရာ။ သုကရံ၊ လွယ်ကူ ပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဿ၊ ထို ယောဂီရဟန်းအား။ အနုရူပသေနာသနံ၊ လျော်သောကျောင်းကို။ ဒဿေ- န္တော၊ ပြတော်မူလိုသည် ဖြစ်၍။ ဝါ၊ ပြတော်မူလိုသောကြောင့်။ "အရည- ဂတောဝါတိအာဒိံ၊ တောသို့ ကပ်ရောက်၍ဖြစ်စေ" ဤသို့ အစရှိသော စကားကို။ အာဟ၊ မိန့်တော်မူပေ၏။

ဟိ၊ မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝတ္ထုဝိဇ္ဇာစရိယော ဝိယ၊ မြေကြန့်တတ်သော ဆရာနှင့် တူတော်မူပေ၏။ ဝတ္ထုဝိဇ္ဇာစရိယော၊ မြေကြန် တတ်သော ဆရာသည်။ နဂရဘူမိံ ပဿိတွာ၊ မြို့ရာမြေကို ကြည့်ရှုပြီးလျှင်။ သုဋ္ဌု ဥပပရိက္ခိတွာ၊ ကောင်းစွာ ဉာဏ်စမ်းဆင်ခြင်၍။ "ဧတ္ထ၊ ဤအရပ်၌။ နဂရံ မာပေထာတိ၊ မြို့ကို တည်ထောင်ကြလော့" ဟု။ ဥပဒိသတိ၊ ညွှန်ပြ ပေ၏။ သောတ္ထိနာ စ၊ ချမ်းသာစွာလျှင်။ နဂရေ နိဋ္ဌိတေ၊ မြို့ပြီးလတ် သော်။ ရာဇကုလတော၊ မင်း၏အိမ်တော်မှ။ မဟာသက္ကာရံ၊ ကြီးစွာသော ပူဇော်သက္ကာရကို။ လဘတိ ယထာ၊ ရသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ သော၊ မြေကြန်ဆရာနှင့် တူတော်မူသော ထိုမြတ်စွာဘုရားသည်။ (ဤ သော- ပုဒ်ကား ဝါကျအစ၌ရှိသော ပုဒ်ဖြစ်သည်။ အဓိပ္ပာယ်ပေါ်လွင်စေရန် ဤ နေရာသို့ ရွှေ့ထိုင်၍ မြန်မာပြန်သည်။) ယောဂါဝစရဿ၊ ယောဂီရဟန်း

အား။ အနုရူပသေနာသနံ၊ သင့်လျော်သော ကျောင်းကို။ ဥပပရိက္ခိတွာ၊ စူးစမ်းဆင်ခြင်တော်မူ၍။ "တွေ၊ တော ဖြစ်ရှိသော ဤအရပ်၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ အနုယုဥ္ဇတဗ္ဗန္တိ၊ အားထုတ်အပ်၏၊ အားထုတ်ရမည်"ဟု။ ဥပ-ဒိသကို၊ ညွှန်ပြတော်မူ၏။ တတော၊ ထို့နောင်မှ။ တတ္ထ၊ ထိုအရပ်၌။ ကမ္မဋ္ဌာနံ အနုယုဉ္ဇန္တော၊ ယောဂီနာ၊ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည်။ ကမေန၊ သမာဓိ ဝိပဿနာ အမှ်ယမဂ် အစဉ်အားဖြင့်။ အရဟတ္တေ ပတ္တေ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးလတ်သော်။ "သော ဘဂဝါ၊ ငါတို့ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဝတ-ကေန္တေန၊ အမှန်စင်စစ်။ သမ္မာသမ္ဗုဒ္ဓေါ ဝတာတိ၊ မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်သိတော်မူသော ဘုရားရှင်ပါတကား"ဟု။ မဟန္တံ သက္ကာရံ၊ ကြီးစွာသော ပူဇော်သက္ကာရကို။ လဘတိ၊ ရတော်မူပေ၏။

ပန၊ အဖွင့်တပါးကား။ အယံ ဘိက္ခု၊ ဤယောဂီရဟန်းကို။ ဒီပိသဒိ-သောတိ၊ ကျားသစ်နှင့်တူသည် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဟိ၊ ချဲ့ဦးအံ့။ မဟာဒီပိရာဇာ၊ တောမင်းဖြစ်သော ကျားသစ်ကြီးသည်။ အရညေ၊ တော ထဲ၌။ တိဏဂဟနံ ဝါ၊ မြက်တောရှုပ်ကို လည်းကောင်း။ ဝနဂဟနံ ဝါ၊ သစ်တောရှုပ်ကို လည်းကောင်း။ ပဗ္ဗတဂဟနံ ဝါ နိဿာယ၊ တောင်ရှုပ်ကို လည်းကောင်း အမှီပြုလျက်။ နိလီယိတွာ၊ ပုန်းအောင်း၍။ ဝနမဟိံသ-ဂေါကဏ္ဏသူကရာဒယော မိဂေ၊ တောကျွဲ, စိုင်, ဝက်-အစရှိကုန်သော သားကောင်တို့ကို။ ဂဏှာတိ ယထာ၊ ဖမ်းယူသကဲ့သို့။ ဧဝမေဝ၊ ထို့အတူ ပင်။ အရညာဒီသု၊ တောအစရှိသော အရပ်တို့၌။ ကမ္မဋ္ဌာနံ အနုယုဉ္ဇန္တော၊ ကမ္မဋ္ဌာန်းကို အားထုတ်သော။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ ယထာက္က-မေန၊ အစဉ်အတိုင်း။ သောတာပတ္တိ သကဒါဂါမိ အနာဂါမိ အရဟတ္တမဂ္ဂေ စေဝ၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့ကို လည်းကောင်း။ အရိယဖလဥ္စ၊ အရိယဖိုလ်ကိုလည်းကောင်း။ ဂဏှာတိ၊ ယူ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။-

(၂၆၂) ဒီပိကော နာမ၊ ကျားသစ်မည်သည်ကား။နိလီယိတွာ၊ ပုန်းအောင်းလျက်။ မိဂေ၊ သားကောင်တို့ကို။ ဂဏှာတိ ယထာ၊ ဖမ်းယူသကဲ့သို့။ တထေဝ၊ ထို့အတူပင်။ ယုတ္တယောဂေါ၊ အား ထုတ်သည့်လုံ့လနှင့် ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာရှုလေ့ရှိ

သော။ အယံ ဗုဒ္ဓပုတ္တော၊ ဤဘုရားသားတော်သည်။ အရည့် ပဝိ-
သိတ္ဝာန၊ တောသို့ ဝင်၍။ ဥတ္တမံ ဖလံ၊ မြတ်သော အရိယဖိုလ်ကို။
ဂဏှာတိ၊ ယူပေ၏။”ဣတိ၊ ဤသို့။ အာဟ၊ ဆိုကုန်ပြီ။

တေန၊ ထိုကြောင့်။ အဿ၊ ထိုဒဿဂိရဟန်း၏။ ပရက္ကမဗ္ဗဝယော‌ဂ-
ဘူမိ၊ ဘာဝနာအားထုတ်မှုအဟုန်အင်္ဂမ်းအား သင့်လျော်သော အောင်မြေ
ဖြစ်သော။ အရညသေနာသနံ၊ တောကျောင်းကို။ ဒဿာမန္တော၊ ပြတော်
မူလိုသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ “အရညဂတော ဝါတိအာဒိံ၊
တောအရပ်သို့ ကပ်၍ဖြစ်စေ” အစရှိသော စကားကို။ အာဟ၊ မိန့်တော်
မူလေ၏။

၂၁၈။ တတ္ထ၊ ထိုစကားရပ်၌။ အရညဂတောတိ၊ အရညဂတော—ဟူ
သည်ကား။ “အရညန္တိ အရည့် နာမ၊ တောမည်သည်မှာ။ (ဤနေရာ၌ အရည့်
နာမ-ဟူသော အောက်ခြေ စကားက ပိုကောင်းအံ့ထင်၏။) ဣန္ဒခီလာ၊
တံခါးခုံမှ။ နိက္ခမိတ္ဝာ၊ ထွက်၍။ ဗဟိ၊ အပြင်၌။ သဗ္ဗံ၊ အလုံးစုံသော။
ဧတံ၊ ဤအရပ်သည်။ အရညံ၊ တောမည်၏။” ဣတိ စ၊ ဤသို့လည်း
ကောင်း။ “ပဉ္စဓနုသတိကံ၊ လေးတာဖြင့် တာငါးရာဝေးကွာသော။သေ-
နာသနံ၊ ကျောင်းသည်။ ပစ္ဆိမံ၊ အောက်ထစ်ဆုံး။ အာရညကံ နာမ၊ တော
ကျောင်းမည်၏။ ပစ္ဆိမံ၊ အောက်ထစ်ဆုံး။ ပဉ္စဓနုသတိကံ၊ ကုလလေးတာ
အပြန်ငါးရာရှိသော ကျောင်းတည်း။” ဣတိ စ၊ ဤသို့လည်းကောင်း။ ဧဝံ၊
ဤသို့။ ဝုတ္တလက္ခဏေသု အရညေသု၊ ပြဆိုအပ်ပြီးသော လက္ခဏာရှိသော
တောတို့တွင်။ ပဝိဝေကသုခံ၊ ဆိတ်ငြိမ်ချမ်းသာရှိသော။ ယံကိဉ္စိ အရညံ၊
တစုံတခုသော တောသို့။ ဂတော၊ ကပ်ရောက်သည်ဖြစ်၍။ ရုက္ခမူလဂတောတိ၊
ရုက္ခမူလဂတော-ဟူသည်ကား။ ရုက္ခသမီပံ၊ သစ်ပင်၏ အနီး-သစ်ပင်အောက်
သို့။ ဂတော၊ ကပ်ရောက်သည်ဖြစ်၍။ သုညာဂါရဂတောတိ၊ သုညာဂါရ-
ဂတော-ဟူသည်ကား။ သုညံ၊ ဆိတ်ငြိမ်သော။ ဝိဝိတ္တောကာသံ၊ လူသူကင်း
သော အရပ်သို့။ ဂတော၊ ကပ်ရောက်သည်ဖြစ်၍။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤ
အရာ၌။ အရညဉ္စ၊ တောအရပ်ကိုလည်းကောင်း။ ရုက္ခမူလဉ္စ၊ သစ်ပင်ရင်းကို
လည်းကောင်း။ ဌပေတွာ၊ ချန်ထားပြီးလျှင်။ အဝသေသသတ္တဝိဓသေနာသန-
ဂတောပိ၊ ကြွင်းသော ခုနစ်ပါးအပြားရှိသော ကျောင်းသို့ကပ်ရောက်သည်
ကိုလည်း။ သုညာဂါရဂတောတိ၊ လူသူဆိတ်သော ကျောင်းသို့ ကပ်ရောက်
သည်ဟု။ ဝတ္တုံ ဝဋ္ဋတိ၊ ဆိုသင့်ပေ၏။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အဿ၊ ထိုယောဂီရဟန်းအား။ ဥဘတော့ယာနိုကူလဋ္ဌ၊ ဥတုသုံးပါးနှင့် လျော်သည်လည်းဖြစ်သော။ ဓာတုစရိယာနုကူလဋ္ဌ၊ သလိပ်-စသော ဓာတ်သုံးပါး, မောဟ-စသော စရိုက်သုံးပါးနှင့်လျော်သည်လည်းဖြစ်သော။ အာနာပါနဿတိဘာဝနာနုရူပံ၊ အာနာပါနဿတိဘာဝနာအား လျော်သော။ သေနာသနံ ဥပဒိသိတွာ၊ တော-အစရှိသော ကျောင်းကို ညွှန်ပြပြီးလျှင်။ အလီနာနုဒ္ဓစ္စပက္ခိကံ၊ မတွန့်လှုပ်ခြင်း, မပျံ့လွင့်ခြင်း အဖို့ရှိသော။ သန္တံ ဣရိယာပထံ၊ ငြိမ်သက်သော ဣရိယာပုထ်ကို။ ဥပဒိသန္တော၊ ညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည်။ ဝါ၊ ညွှန်ပြတော်မူလိုသောကြောင့်။ နိသီဒတီတိ ပဒံ၊ နိသီဒတိ-ဟူသော ပုဒ်ကို။ အာဟ၊ မိန့်တော်မူပေ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီအား။ နိသဇ္ဇာယ၊ ထိုင်ခြင်း ဣရိယာပုထ်၏။ ဒဠှဘာဝဉ္စ၊ ခိုင်မြဲခြင်းကို လည်းကောင်း။ အဿာသပဿာသာနံ၊ ဝင်လေ-ထွက်လေတို့ကို။ ပဝတ္တနသုခတံ၊ ဖြစ်စေရန် ချမ်းသာ လွယ်ကူခြင်းကိုလည်းကောင်း။ အာရမ္မဏပရိဂ္ဂဟူပါယဉ္စ၊ အာရုံသိမ်းဆည်းကြောင်း နည်းကိုလည်းကောင်း။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ပလ္လင်္ကံ အာဘုဇိတွာတိအာဒိံ၊ပလ္လင်္ကံ အာဘုဇိတွာ-ဤသို့အစရှိသော စကားကို။ အာဟ၊ မိန့်တော်မူ၏။ တတ္ထ၊ ထိုစကားရပ်၌။ ပလ္လင်္ကန္တိ၊ ပလ္လင်္ကံ-ဟူသည်ကား။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဦရုဗဒ္ဓါသနံ၊ ပေါင်တို့ကို ဖွဲ့ယှက်၍ ထိုင်ခြင်းပေတည်း။ အာဘုဇိတွာတိ၊ အာဘုဇိတွာ-ဟူသည်ကား။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဥဇုံ ကာယံ ပဏိဓာယာတိ၊ ဥဇုံ ကာယံ ပဏိဓာယ-ဟူသည်ကား။ ဥပရိမသရီရံ၊ အထက်ပိုင်းကိုယ်ကို။ ဥဇုကံ ဌပေတွာ၊ ဖြောင့်မတ်စွာထား၍။အဋ္ဌာရသပိဋ္ဌိကဏ္ဍကေ၊ တစ်ဆယ့်ရှစ်ခုသော ကျောက်ဆူးရိုးတို့ကို။ ကောဋိယာ၊ တစ်ခုသော အစွန်းဖြင့်။ ကောဋိံ၊တစ်ခုသော အစွန်းကို။ ပဋိပါဒေတွာ၊ထိစေ၍။ ပါ၊ကောဋိယာ ကောဋိံ ပဋိပါဒေတွာ၊အစွန်းအချင်းချင်း တည့်တည့် မတ်မတ်ဖြစ်စေ၍။ ဟိ၊ အကျိုးသော်ကား။ဧဝံ နိသိန္နဿ၊ ဤသို့။ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထား၍ ထိုင်နေသော ယောဂီရဟန်းအား။ စမ္မမံသနှာရူနိ၊ အရေ, အသား, အကြောတို့သည်။ န ပဏမန္တိ၊ မညွတ်ကုန်၊ မကိုင်းကုန်။ အထ၊ ထိုသို့ မဟုတ်ပါပဲ။ အဿ၊ ထိုယောဂီရဟန်းအား။ တေသံ၊ ထို အရေ, အသား, အကြောတို့၏။ ပဏာမပစ္စယာ၊ ညွတ်ကိုင်းခြင်းကြောင့်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း၌။ ပဝတ္တာ၊ ဖြစ်ပေါ်ကုန်သော။ (ထည့်။) ယာ ဝေဒနာ၊အကြင် ဝေဒနာတို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ပေါ်လာကုန်၏။ တာ၊ ထို ဝေဒနာတို့သည်။ န ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်မလာကုန်။ တာသု (ဝေဒနာသု) အနုပ္ပဇ္ဇမာနာသု၊ ထိုဝေဒနာတို့ မဖြစ်ပေါ်ကုန်လတ်သော်။

စိတ္တံ၊ စိတ်သည်။ ကေဂ္ဂံ ဟောတိ၊ တစ်အာရုံတည်းရှိလျက် တည်ကြည်၏။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ န ပရိပတတိ၊ မကျပေ။ ဝုဍ္ဎိံ၊ ကြီးပွားခြင်းသို့။ ဖာတိံ၊ ပြန့်ပြောခြင်းသို့။ ဥပဂစ္ဆတိ၊ ရောက်၏။ ပရိမုခံ သတိံ ဥပဋ္ဌပေတွာတိ၊ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ-ဟူသည်ကား။ ကမ္မဋ္ဌာနာဘိမုခံ၊ ကမ္မဋ္ဌာန်းအာရုံဆီသို့ရှေးရှု။ သတိံ ဌပယိတွာ၊ သတိကိုထား၍။ ဝါ၊ သတိကိုဖြစ်စေ၍။ အထဝါ၊ တနည်းကား။ ပရီတိ၊ ပရိ—သဒ္ဒါသည်။ပရိဂ္ဂဟဋ္ဌော၊ သိမ်းဆည်းခြင်းအနက်ရှိ၏။ မုခံတိ၊ မုခံ-သဒ္ဒါသည်။ နိယျာနဋ္ဌော၊ ထွက်သွားခြင်းအနက်ရှိ၏။ သတီတိ၊ သတိ-သဒ္ဒါသည်။ ဥပဋ္ဌာနဋ္ဌော၊ ထင်ခြင်းအနက်ရှိ၏။ တေန၊ ထို့ကြောင့်။ "ပရိမုခံ သတိန္တိ၊ ပရိမုခံ သတိံ" ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဧဝံ၊ ဤသို့။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်၌။ ဝုတ္တနယေနပိ၊ ဟောထားသော နည်းဖြင့်လည်း။ ဧတ္ထ၊ ဤအရာ၌။ အတ္ထော ဒဋ္ဌဗ္ဗော၊ အနက်ကို မှတ်အပ်ပေ၏။ တတြ၊ ထို ပဋိသမ္ဘိဒါမဂ် အဖွင့်၌။ အယံ၊ ဤသည်ကား။ သင်္ခေပေါ၊ အကျဉ်းချုပ် အနက်ပေတည်း။ ပရိဂ္ဂဟိတနိယျာနံ သတိံ ကတွာ၊ ထက်ဝန်းကျင် ယူအပ် သိအပ်သဖြင့် ဆန့်ကျင်ဘက်မှ ထွက်သွားလွတ်မြောက်သော သတိကိုပြု၍။ ဣတိ-အယံ၊ ဤသည်ကား။ သင်္ခေပေါ၊ အကျဉ်းချုပ်ပေတည်း။

(၂၆၃) ၂၁၉။ သော သတောဝ အဿသတိ သတော ပဿသတီတိ၊ သော သတောဝ အဿသတိ သတော ပဿသတိ—ဟူသည်ကား။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဧဝံ နိသီဒိတွာ၊ ဤဆိုခဲ့သည့်အတိုင်း ထိုင်ပြီးလျှင်။ ဧဝဉ္စ သတိံ ဥပဋ္ဌပေတွာ၊ ဤဆိုခဲ့သည့်အတိုင်း သတိကို ဖြစ်စေပြီးလျှင်။ တံ သတိံ အဝိဇဟန္တော၊ ထိုသတိကိုမစွန့်မူ၍။ သတော ဧဝ၊ အမှတ်ရလျက်သာလျှင်။ အဿသတိ၊ ဝင်သက်ရှူ၏။ သတော ဧဝ၊ အမှတ်ရလျက်သာလျှင်။ ပဿသတိ၊ ထွက်သက်ရှူ၏။ သတော၊ အမှတ်ရလျက်။ ကာရီ ဟောတိ၊ ပြုလေ့ရှိ၏။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ဆိုလို၏။ ဣဒါနိ၊ ယခုအခါ၌။ ယေဟိ အာကာရေဟိ၊ အကြင်အခြင်းအရာတို့ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ် ရလျက် ပြုလေ့ရှိ၏။ တေ အာကာရေ၊ ထိုအခြင်းအရာတို့ကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ဒီဃံ ဝါ အဿသန္တောတိအာဒိံ၊ ဒီဃံ ဝါ အဿသန္တော ဤသို့ အစရှိသော စကားကို။ အာဟ၊ ဟောတော်မူပေ၏။ ဟိ၊ မှန်ပေ၏။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌။ "သော သတောဝ အဿသတိ သတော ပဿသတိ" တိ ဧတဿေဝ၊ သော သတောဝ အဿသတိ သတော ပဿသတိ-ဟူသော ဤအကျဉ်းစကား၏ ပင်လျှင်။ ဝိဘင်္ဂေ၊ အကျယ်

ဝေဖန်ချက်ဝိဘင်း၌။ တတ်၊ ဤအောက်ပါစကားရပ်ကို။ ထေပေနေ၊ အရှင်သာရိပုတ္တရာ ထေရ်သည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

"ဗာတ္တိံသာယ အကာရေဟိ၊ သုံးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်။ သတော၊ အမှတ်ရသည်ဖြစ်၍။ ဝါ၊ အမှတ်ရလျက်။ ကာရီ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဟနည်း-သတော ကာရီ ဟောတိ၊ အမှတ်ရလျက်ပြုလေ့ရှိ၏။

ဒီဃံ အဿာသဝသေန၊ ရှည်စွာသော ဝင်လေ၏အစွမ်းအားဖြင့်။ (ဝိဘတ္တိအလောပ။) တနည်း - ဒီဃံ၊ ရှည်စွာ-ဟူ။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ (ထည့်။) အဿာသဝသေန၊ ဟောတော်မူအပ်သော ဝင်လေ၏အစွမ်းအားဖြင့်။ (ဝုတ္တ-ပုဒ် ကျေ။) စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှုဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက်ပြုလေ့ရှိ၏။(၁)

ဒီဃံ ပဿာသဝသေန၊ ရှည်စွာ-ဟု ဟောထားသော ထွက်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှုဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။(၂)

ရဿံ အဿာသဝသေန၊ တိုစွာ-ဟု ဟောထားသော ဝင်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။

တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။(၃)

ရဿံ ပဿာသဝသေန၊ တိုစွာ–ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန။ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက်ပြုလေ့ရှိ၏။(၄)

သဗ္ဗကာယပဋိသံဝေဒီ အဿာသဝသေန၊ အလုံးစုံသော ဝင်လေ အပေါင်းကို သိလျက်–ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ် ရလျက် ပြုလေ့ရှိ၏။ (၅)

သဗ္ဗကာယပဋိသံဝေဒီ ပဿာသဝသေန၊ အလုံးစုံသော ထွက်လေ အပေါင်းကိုသိလျက်-ဟု ဟောထားသော ထွက်လေ၏ အစွမ်းအား ဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို လည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၆)

ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသဝသေန၊ ကာယသင်္ခါရကို ငြိမ်းစေလျက်–ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။

စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာ-နတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၇)

ပဿမ္ဘယံ ကာယသင်္ခါရံ ပဿာသဝသေန၊ ကာယသင်္ခါရကို ငြိမ်းစေလျက်-ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာ-နတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၈)

ပီတိပဋိသံဝေဒီ အဿာသဝသေန၊ ပီတိကိုသိလျက်-ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို လည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိ-ယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၉)

ပီတိပဋိသံဝေဒီ ပဿာသဝသေန၊ ပီတိကိုသိလျက် ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို လည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၀)

သုခပဋိသံဝေဒီ အဿာသဝသေန၊ သုခကိုသိလျက်-ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏

မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိသည်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၁)

သုခပဋိသံဝေဒီ ပဿာသဝသေန၊ သုခကိုသိလျက်–ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထို အမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၂)

စိတ္တသင်္ခါရပဋိသံဝေဒီ အဿာသဝသေန၊ စိတ္တသင်္ခါရကိုသိလျက် ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏။ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူ အား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ် ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၃)

စိတ္တသင်္ခါရပဋိသံဝေဒီ ပဿာသဝသေန၊ စိတ္တသင်္ခါရကိုသိလျက် ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၄)

ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿာသဝသေန၊ စိတ္တသင်္ခါရကိုငြိမ်းစေလျက် ဟု ဟောထားသောဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်းရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊

စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၅)

ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿာသဝသေန၊ စိတ္တသင်္ခါရကိုငြိမ်းစေလျက်-ဟု ဟောထားသော ထွက်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၆)

စိတ္တပဋိသံဝေဒီ အဿာသဝသေန၊ စိတ်ကိုသိလျက်—ဟု ဟောထားသော ဝင်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။စိတ္တဿ အဝိက္ခေပံ၊စိတ်၏မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက်ပြုလေ့ရှိ၏။ (၁၇)

စိတ္တပဋိသံဝေဒီ ပဿာသဝသေန၊ စိတ်ကိုသိလျက်—ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၈)

အဘိပ္ပမောဒယံ စိတ္တံ အဿာသဝသေန၊ စိတ်ကို ဝမ်းမြောက်စေလျက်—ဟုဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ

ကေဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှုဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၁၉)

အဘိပ္ပမောဒယံ စိတ္တံ ပဿာသဝသေန၊ စိတ်ကို ဝမ်းမြောက်စေလျက်-ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ကေဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှုဉာဏ်ဖြင့်။ သတောကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၀)

သမာဒဟံ စိတ္တံ အဿာသဝသေန၊ စိတ်ကိုကောင်းစွာထားလျက်ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ကေဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို လည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှုသတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှုဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက်ပြုလေ့ရှိ၏။ (၂၁)

သမာဒဟံ စိတ္တံ ပဿာသဝသေန၊ စိတ်ကိုကောင်းစွာထားလျက်-ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ကေဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၂)

ဝိမောစယံ စိတ္တံ အဿာသဝသေန၊ စိတ်ကိုလွတ်စေလျက်-ဟု ဟောထားသော ဝင်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ကေဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊

စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူ အား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၃)

ဝိမောစယံ စိတ္တံ ပဿာသဝသေန၊ စိတ်ကိုလွတ်စေလျက်-ဟု ဟောထားသော ထွက်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကိုလည်းကောင်း။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကိုလည်းကောင်း။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၄)

အနိစ္စာနုပဿီ အဿာသဝသေန၊ မမြဲဟုရှုလျက်-ဟု ဟောထားသော ဝင်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၅)

အနိစ္စာနုပဿီ ပဿာသဝသေန၊ မမြဲဟုရှုလျက်—ဟု ဟောထားသော ထွက်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၆)

ဝိရာဂါနုပဿီ အဿာသဝသေန၊ ဝိရာဂကိုရှုလျက်—ဟု ဟောထားသော ဝင်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်

ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဉပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၇)

ဝိရာဂါနုပဿီ ပဿာသဝသေန၊ ဝိရာဂကိုရှုလျက်-ဟု ဟောထားသော ထွက်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဉပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၈)

နိရောဓာနုပဿီ အဿာသဝသေန၊ နိရောဓကိုရှုလျက်-ဟု ဟောထားသော ဝင်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဉပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၂၉)

နိရောဓာနုပဿီ ပဿာသဝသေန၊ နိရောဓကို ရှုလျက်—ဟု ဟောထားသော ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဉပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၃၀)

ပဋိနိဿဂ္ဂါနုပဿီ အဿာသဝသေန၊ ပဋိနိဿဂ္ဂကိုရှုလျက်—ဟု ဟောထားသော ဝင်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏

မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ (၃၁)

ပဋိနိဿဂ္ဂါနုပဿီ ပဿာသဝသေန၊ ပဋိနိဿဂ္ဂကိုရှုလျက်–ဟု ဟောထားသော ထွက်လေ၏အစွမ်းအားဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိခြင်းကို။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ အမှတ်ရမှု သတိထင်၏။ တာယ သတိယာ၊ ထိုအမှတ်ရမှု သတိဖြင့်။ တေန ဉာဏေန၊ ထိုသိမှု ဉာဏ်ဖြင့်။ သတော ကာရီ ဟောတိ၊ အမှတ်ရလျက် ပြုလေ့ရှိ၏။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ဤစကားရပ်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ (၃၂)

[ဗာတ္တိံသာယ–ဟူသောစကားအရ–

ဒီဃ၊ ရဿ၊ သဗ္ဗကာယပဋိသံဝေဒီ၊ ပဿမ္ဘယံ ကာယသင်္ခါရံ။ (ပဌမစတုက္က။)

ပီတိပဋိသံဝေဒီ၊ သုခပဋိသံဝေဒီ၊ စိတ္တသင်္ခါရပဋိသံဝေဒီ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ။ (ဒုတိယစတုက္က။)

စိတ္တပဋိသံဝေဒီ၊ အဘိပ္ပမောဒယံ စိတ္တံ၊ သမာဒဟံ စိတ္တံ၊ ဝိမောစယံ စိတ္တံ။ (တတိယစတုက္က။)

အနိစ္စာနုပဿီ၊ ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိသင်္ခါနုပဿီ။ (စတုတ္ထစတုက္က။)

စတုက္ကလေးလီ ၄ × ၄ = ၁၆။ သောဠသဝတ္ထုက ဖြစ်၏။ ယင်းကိုပင် အဿာသ + ပဿာသနှစ်ပါးနှင့်မြှောက်၊ ၁၆ × ၂ = ၃၂။ ဗာတ္တိံသာကာရ ဖြစ်သည်။ ပဋိသမ္ဘိဒါမဂ်ပ ဋ္ဌကထာ ပေယျာလကိုဖော်၍ ထူးရာပုဒ်များကို မြန်မာပြန်၍ တူသောပုဒ်များကို မြန်မာမပြန်ပဲ ချန်ထားသည်၊ ဖော်၍ပေး ကြလေ။]

တတ္ထ၊ ထို ဒီဃံ ဝါ အဿသန္တော–အစရှိသော စကားရပ်၌။ ဒီဃံ ဝါ အဿသန္တောတိ၊ ဒီဃံ ဝါ အဿသန္တော-ဟူသည်ကား။ ဒီဃံ ဝါ၊ ရှည်သည် လည်းဖြစ်သော။ အဿာသံ၊ ဝင်လေကို။ ပဝတ္တယန္တော၊ ဖြစ်စေလတ်သော်။ အဿာသောတိ၊ အဿာသ–ဟူသည်ကား။ ဗဟိ နိက္ခမနဝါတော၊ အပြင်သို့

ထွက်သောလေတည်း။ ပဿာသောတိ၊ ပဿာသော—ဟူသည်ကား။ အန္တော ပဝိသနဝါတော၊ အတွင်းသို့ဝင်သောလေတည်း။ ဣတိ၊ ဤသို့။ ဝိနယ-ဋ္ဌကထာယံ၊ ဝိနည်းအဋ္ဌကထာ၌။ ဝုတ္တံ၊ ဖွင့်ဆိုအပ်၏။ ပန၊ ဝါဒအထူးကိုဆိုဦးအံ့။ သုတ္တန္တဋ္ဌကထာသု၊ သုတ္တန်အဋ္ဌကထာတို့၌။ ဥပ္ပဋိပါဋိယာ၊ အစဉ်ပြန်သောအားဖြင့်။ ဝါ၊ အဿာသ-ဝင်လေ၊ ပဿာသ—ထွက်လေ-ဟု အစဉ်ပြန်သောအားဖြင့်။ အာဂတံ၊ လာ၏။ ဝါ၊ ဖွင့်ပြထား၏။ တတ္ထ၊ ထိုထွက်လေ—ဝင်လေနှစ်မျိုးတို့တွင်။ သဗ္ဗေသမ္ပိ ဂဗ္ဘသေယျကသတ္တာနံ၊ အမိဝမ်းတွင်း၌ ကိန်းအောင်း၍ ဖွားမြင်သောသတ္တဝါ အားလုံးတို့၏လည်း။ မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခမနကာလေ၊ ထွက်သောအခါ၌။ ပဌမံ၊ ရှေးဦးစွာ။ အဗ္ဘန္တရ-ဝါတော၊အတွင်းလေသည်။ ဗဟိ နိက္ခမတိ၊အပြင်သို့ထွက်၏။ ပစ္ဆာ၊ နောက်မှ။ ဗာဟိရဝါတော၊ အပြင်က လေသည်။ သုခုမရဇံ ဂဟေတွာ၊ သိမ်မွေ့သောမြူမှုန်ကို ယူလျက်။ အဗ္ဘန္တရံ ပဝိသန္တော၊ အတွင်းသို့ဝင်လျက်။ တာလုံ အာဟစ္စ၊ အာစောက်ကို ထိဆိုက်၍။ နိဗ္ဗာယတိ၊ ငြိမ်း၏။ ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ အဿာသပဿာသာ၊ထွက်လေ-ဝင်လေတို့ကို။ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ပန၊ အဖွိုတပါးကား။ တေသံ၊ ထိုထွက်လေ—ဝင်လေတို့၏။ ယာ ဒီဃ-ရဿတာ၊ အကြင်ရှည်သည်၏အဖြစ်, တိုသည်၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ သာ ဒီဃရဿတာ၊ ထို ရှည်သည်၏အဖြစ်, တိုသည်၏အဖြစ်ကို။ အဒ္ဓါန-ဝသေန၊ လာလအခုန့်၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ဩကာသဒ္ဒါနံ ဖရိတွာ၊ တည်ရာဟူသော အခွန့်ကို ပျံ့လျက်။ ဌိတံ၊ တည်သော။ ဥဒကံ ဝါ၊ ရေကိုလည်းကောင်း။ ဝါ၊ ရေကိုဖြစ်စေ။ ဝါလုကာ ဝါ၊ သဲကိုလည်းကောင်း။ ဝါ၊ သဲကိုဖြစ်စေ။ "ဒီဃံ ဥဒကံ၊ ရှည်သောရေ။ ဒီဃာ ဝါလုကာ၊ ရှည်သောသဲ။ ရဿံ ဥဒကံ၊ တိုသောရေ။ ရဿာ ဝါလုကာ၊ တိုသောသဲ။" ဣတိ၊ ဤသို့။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ အဿာသပဿာသာ၊ ဝင်လေ—ထွက်လေတို့သည်။ စုဏ္ဏဝိစုဏ္ဏာပိ၊ အမှုန့်မှုန့် အသေးအမွှားကလေးများဖြစ်ကြသော်လည်း။ဟတ္ထိသရီရေ စ၊ဆင်ကိုယ်ထဲ၌လည်းကောင်း။အဟိသရီရေ စ၊ မြွေကိုယ်ထဲ၌လည်းကောင်း။ တေသံ၊ ထို ဆင်နှင့်မြွေတို့၏။ အတ္တဘာဝ-သင်္ခါတံ၊ ကိုယ်ဟုဆိုအပ်သော။ ဒီဃံ အဒ္ဓါနံ၊ ရှည်သောအခွန့်အရပ်ကို။ သဏိကံ ပူရေတွာ၊ ဖြည်းဖြည်း ပြည့်စေလျက်။ သဏိကမေဝ နိက္ခမန္တိ၊ ဖြည်းဖြည်းပင်လျှင် ထွက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဒီဃာတိ ဝုစ္စန္တိ၊

ရှည်ကြသည်–ဟူ၍ ဆိုအပ်ကုန်၏။ သုနခသသာဒီနံ၊ ခွေးနှင့် ယုန်စသည်တို့၏။ အတ္တဘာဝသင်္ခါတံ၊ ကိုယ်ဟုဆိုအပ်သော။ ရဿံ အဒ္ဓါနံ၊ ထိုသော အခွန့်အရပ်ကို။ ဿီဿံ ပူရေတွာ၊ လျှင်စွာပြည့်စေ၍။ သိဃံမေဝ နိက္ခမန္တိ၊ လျှင်စွာပင်လျှင် ထွက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ရဿာတိ ဝုစ္စန္တိ၊ တိုကြသည်–ဟူ၍ ဆိုအပ်ကုန်၏။ မနုဿေသု ပန၊ လူတို့၌ကား။ ကေစိ၊ အချို့သောလူတို့သည်။ ဟတ္ထိအဿာဒယော ဝိယ၊ ဆင်, မြင်းစသည်တို့ကဲ့သို့။ ကာလဒ္ဓါနဝသေန၊ ရှည်သောကာလ, အခွန့်၏ အစွမ်းအားဖြင့်။ ဒီဃံအဿ-သန္တိ စ၊ ရှည်စွာလည်း ရှူသွင်းကုန်၏။ ဒီဃံ ပဿသန္တိ စ၊ ရှည်စွာလည်း ရှူထုတ်ကုန်၏။ ကေစိ၊ အချို့သောလူတို့သည်။ သုနခသသာဒယော ဝိယ၊ ခွေး, ယုန် စသည်တို့ကဲ့သို့။ ကာလဒ္ဓါနဝသေန၊ ရှည်သောကာလ, အခွန့်၏ အစွမ်းအားဖြင့်။ (လိုက်ပေး။) ရဿံ အဿသန္တိ စ၊ တိုစွာလည်း ရှူသွင်းကုန်၏။ (အဿသန္တိ စ-ပုဒ် လိုက်ပေး။) ရဿံ ပဿသန္တိ စ၊ တိုစွာလည်း ရှူထုတ်ကုန်၏။(နောက်ပုဒ်လိုက်ပေး။) တသ္မာ၊ ထို့ကြောင့်။ တေသံ။ ထိုလူတို့၏။ ကာလဝသေန၊ ကာလ၏ အစွမ်းအားဖြင့်။ (၂၆၄) ဒီဃမဒ္ဓါနံ၊ ရှည်စွာသော ကာလပတ်လုံး။ နိက္ခမန္တာ စ၊ ထွက်သည်လည်း ဖြစ်ကုန်သော။ ပဝိသန္တာ စ၊ ဝင်သည်လည်းဖြစ်ကုန်သော။ တေ၊ ထို ရှူလေ—ရှိုက်လေတို့ကို။ "ဒီဃာတိ၊ ရှည်သည်" ဟူ၍လည်းကောင်း။ (ဣတိ-သဒ္ဒါ ကျေနေသည်။ သို့မဟုတ်–ရှေ့ပုဒ်က ခေါ်စပ်။) ဣတ္တရမဒ္ဓါနံ၊ တိုသော အခွန့်ကာလ ပတ်လုံး။ နိက္ခမန္တာ စ၊ ထွက်သည်လည်း ဖြစ်ကုန်သော။ ပဝိသန္တာ စ၊ ဝင်သည်လည်းဖြစ်ကုန်သော။ တေ၊ ထို ရှူလေ- ရှိုက်လေတို့ကို။ (တေ- ပုဒ် လိုက်ပေး။) "ရဿာတိ၊ တိုသည်"ဟူ၍လည်းကောင်း။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

တတြ၊ ထိုစကားရပ်၌။ အယံ ဘိက္ခု၊ ဤယောဂီရဟန်းသည်။ နဝဟိ အာကာရေဟိ၊ ကိုးပါးသော အခြင်းအရာတို့ဖြင့်။ ဒီဃံ အဿသန္တော စ၊ ရှည်စွာ ရှူသွင်းလျက်လည်းကောင်း။ ပဿသန္တော စ၊ ရှူထုတ်လျက် လည်းကောင်း။ ဒီဃံ အဿသာမိ, ပဿသာမိတိ၊ ရှည်စွာရှူသွင်းသည်, ရှူထုတ်သည်"ဟု။ ပဇာနာတိ၊ သိ၏။ ဧဝံ ပဇာနတော၊ ဤသို့သိသော။အဿ၊ ထိုယောဂီအား။ ဧကေန အာကာရေန၊ တစ်ပါးပါးသော အခြင်းအရာအားဖြင့်။ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဘာဝနာသည်။ သမ္ပဇ္ဇတီတိ၊ ပြည့်စုံ၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ ယထာဟ၊ ဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား။တနည်း– ယထာ ကို

ဝစနံ၊ အဘယ်သို့သော စကားကို။ အာဟ၊ ဟောတော်မူပါသနည်း။ ပဋိ-
သမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌။ အာဟ၊ အောက်ပါအတိုင်း ဟော
တော်မူပါပေ၏။ (အာကာရကို ဖော်မနေတော့ပါ။)

ကထံ၊ အဘယ်သို့လျှင်။ ဒီဃံ အဿသန္တော၊ ရှည်စွာရှူသွင်းလျှင်။
ဒီဃံအဿသာမီတိ၊ ရှည်စွာရှူသွင်းသည်ဟု။ ပဇာနာတိ၊ သိသနည်း။
ဒီဃံ ပဿသန္တော၊ ရှည်စွာရှူထုတ်လျှင်။ ဒီဃံ ပဿသာမီတိ၊ ရှည်စွာ
ရှူထုတ်သည်ဟု။ ပဇာနာတိ၊ သိသနည်း။ ဒီဃံ အဿာသံ၊ ရှည်သော
ဝင်လေကို။ အဒ္ဓါနသင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။ အဿ-
သတိ၊ ရှူသွင်း၏။ ဒီဃံ ပဿာသံ၊ ရှည်သောထွက် လေကို။ အဒ္ဓါန-
သင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။ ပဿသတိ၊ ရှူထုတ်၏။
ဒီဃံ အဿာသပဿာသံ၊ ရှည်သော ဝင်လေ-ထွက်လေကို။ အဒ္ဓါန-
သင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။ အဿသတိပိ၊ ရှူ၍လည်း
သွင်း၏။ ပဿသတိပိ၊ ရှူ၍လည်းထုတ်၏။ ဒီဃံ အဿာသပဿာသံ၊
ရှည်သော ဝင်လေ-ထွက်လေကို။ အဒ္ဓါနသင်္ခါတေ၊ အရှည်ဟုဆိုအပ်
သော ကာလ၌။ အဿသတောပိ၊ ရှူသွင်းစဉ်လည်း။ ပဿသတောပိ၊
ရှူထုတ်စဉ်လည်း။ ဆန္ဒော၊ တိုး၍အားထုတ်လိုသောဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊
ဖြစ်ပေါ်လာ၏။ ဆန္ဒဝသေန၊ ဆန္ဒ၏အစွမ်းအားဖြင့်။ တတော
သုခုမတရံ၊ ထိုထက်သာ၍သိမ်မွေ့သော။ ဒီဃံ အဿာသံ၊ ရှည်သော
ဝင်လေကို။ အဒ္ဓါနသင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။
အဿသတိ၊ ရှူသွင်း၏။ ဆန္ဒဝသေန၊ ဆန္ဒ၏အစွမ်းအားဖြင့်။ တတော
သုခုမတရံ၊ ထိုထက်သာ၍ သိမ်မွေ့သော။ ဒီဃံ ပဿာသံ၊ ရှည်စွာ
သော ထွက်လေကို။ပ။ ဒီဃံ အဿာသပဿာသံ၊ ရှည်စွာသော ဝင်လေ
ထွက်လေကို။ အဒ္ဓါနသင်္ခါတေ၊ အရှည်ဟုဆိုအပ်သောကာလ၌။အဿ-
သတိပိ၊ရှူ၍လည်းသွင်း၏။ ပဿသတိပိ၊ ရှူ၍လည်း ထုတ်၏။ ဆန္ဒ-
ဝသေန၊ ဆန္ဒ၏အစွမ်းအားဖြင့်။ တတော သုခုမတရံ၊ ထိုထက်သာ၍
သိမ်မွေ့သော။ ဒီဃံ အဿာသပဿာသံ၊ရှည်သော ဝင်လေ-ထွက်လေ
ကို။ အဒ္ဓါနသင်္ခါတေ၊ အရှည်-ဟု ဆိုအပ်သော ကာလ၌။အဿသ-
တောပိ၊ရှူသွင်းစဉ်လည်း။ပဿသတောပိ၊ ရှူထုတ်စဉ်လည်း။ပါမောဇ္ဇံ
ဥပ္ပဇ္ဇတိ၊ ပါမောဇ္ဇသည်၊ ပါ၊ ပါမော ဟု ဆိုအပ်သော နုသောပီတိ
သည်ဖြစ်ပေါ်၏။ပါမောဇ္ဇဝသေန၊ ပါမောဇ္ဇဟုဆိုအပ်သော နုသော
ပီတိ၏ အစွမ်းအားဖြင့်။ တတော သုခုမတရံ၊ ထိုထက်သာ၍ သိမ်

မွေ့သော။ ဒီဃံ အဿာသံ၊ ရှည်သောဝင်လေကို။ အဒ္ဓါနသင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။ အဿသတိ၊ ရှူသွင်း၏။ ပါမောဇ္ဇ- ဝသေန၊ ပါမောဇ္ဇ-ဟု ဆိုအပ်သော နှသောပီတိ၏ အစွမ်းအားဖြင့်။ တတော သုခုမတရံ၊ ထိုထက်သာ၍ သိမ်မွေ့သော။ ဒီဃံ ပဿာသံ၊ ရှည်သောထွက်လေကို။ပ။ ဒီဃံ အဿာသပဿာသံ၊ ရှည်သော ဝင်လေ ထွက်လေကို။ အဒ္ဓါနသင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။ အဿသတိပိ၊ ရှူ၍လည်းသွင်း၏။ ပဿသတိပိ၊ ရှူ၍လည်းထုတ်၏။ ပါမောဇ္ဇဝသေန၊ ပါမောဇ္ဇ-ဟုဆိုအပ်သော နှသောပီတိ၏ အစွမ်း အားဖြင့်။ တတော သုခုမတရံ၊ ထိုထက်သာလွန်၍ သိမ်မွေ့သော။ ဒီဃံ အဿာသပဿာသံ၊ ရှည်သော ဝင်လေ-ထွက်လေကို။ အဒ္ဓါန- သင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။ အဿသတောပိ၊ ရှူသွင်းစဉ် လည်း။ ပဿသတောပိ၊ ရှူထုတ်စဉ်လည်း။ ဒီဃံ အဿာသပဿာသာ၊ ရှည်စွာ-ဟု ဟောထားသော ပကတိဝင်လေ ထွက်လေမှ။ စိတ္တံ၊ ဘာဝနာစိတ်သည်။ ဝိဝဋ္ဋတိ၊ နစ်၏။ (ငြိကာမှာ သေချာစွာကြည့်။) ဥပေက္ခာ၊ လျစ်လျူရှုမှု-ဥပေက္ခာသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ဣမေဟိ နဝဟိ အာကာရေဟိ၊ ဤကိုးပါးသော အခြင်းအရာတို့ဖြင့်။ ဒီဃံ အဿာသပဿာသာ၊ ရှည်စွာ-ဟု ဟောထားသော ဝင်လေ ထွက်လေတို့သည်။ ကာယော၊ ကာယ-ပေတည်း။ ဥပဋ္ဌာနံ၊ ထင်ခြင်း, အမှတ်ရခြင်းသည်။ သတိ၊ သတိပေတည်း။ အနုပဿနာ၊ ရှုခြင်းသည်။ ဉာဏံ၊ ဉာဏ်ပေတည်း။ ကာယော၊ ကာယသည်။ ဥပဋ္ဌာနံ၊ သတိ၏တည်ရာ ဖြစ်သောကြောင့် ဥပဋ္ဌာန-သာ မည်ပေ၏။ နော သတိ၊ အမှတ်ရမှု မဟုတ်သောကြောင့် သတိကား မမည်ပေ။ သတိ၊ သတိသည်ကား။ ဥပဋ္ဌာနဉ္စေဝ၊ ထင်တတ်, အမှတ်ရတတ်သောကြောင့် ဥပဋ္ဌာန-လည်း မည်၏။ သတိ စ၊ သတိလည်းမည်၏။ တာယ သတိတာ၊ ထိုသတိ ဖြင့်။ တေန ဉာဏေန၊ ထိုဉာဏ်ဖြင့်။ တံ ကာယံ၊ ထို ဝင်လေ-ထွက် လေအပေါင်း ကာယကို။ အနုပဿတိ၊ အဖန်ဖန်ရှု၏။ တေန၊ ထို့ ကြောင့်။ ကာယေ၊ ကာယ၌။ ကာယာနုပဿနာသတိပဋ္ဌာန ဘာ- ဝနာတိ၊ ကာယကိုရှုသော သတိပဋ္ဌာန်ဘာဝနာ-ဟု ဆိုအပ်ပေ၏။” ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူပေ၏။

(၂၆၅) ရဿပဒေပိ၊ တိုစွာ-ဟူသော ပုဒ်၌လည်း။ ဧသ နယော၊ ဤ နည်းပင်တည်း။ အယံ ပန၊ ဤသည်ကား။ ဝိသေသော၊ အထူးပေတည်း။

ဌေ၊ ဤပြခဲ့သော ဝါရ၌။ "ဒီဃံ အဿာသံ၊ ရှည်သောဝင်လေကို။ အဒ္ဓါနံ-သင်္ခါတေ၊ အရှည်ဟုဆိုအပ်သော ကာလ၌။" ဣတိ၊ ဤသို့။ ဝုတ္တံ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဓ၊ ဤအတို့ဝါရ၌။ "ရဿံ အဿာသံ၊ တိုသော ဝင်လေကို။ ဣတ္တရသင်္ခါတေ၊ အတိုဟုဆိုအပ်သော ကာလ၌။ အဿသတီတိ၊ ရှူသွင်း၏"ဟု။ အာဂတံ၊ လာ၏။ တသ္မာ၊ ထို့ကြောင့်။ ရဿဝသေန၊ အတို၏အစွမ်းအားဖြင့်။ ယာဝ၊ အကြင်မျှလောက်။ "တေန ဝုစ္စတိ ကာယေ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ"တိ၊ တေန ဝုစ္စတိ ကာယေ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ" ဟူသောစကားသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ယောဇေတဗ္ဗံ၊ ယှဉ်စေအပ်၏။

ဧဝံ၊ ယခုပြဆိုခဲ့သည့်အတိုင်း။ အဒ္ဓါနဝသေန၊ ရှည်သောအခွန့်၏ အစွမ်းအားဖြင့် လည်းကောင်း။ ဣတ္တရဝသေန စ၊ ထိုသောကာလ၏ အစွမ်းအားဖြင့် လည်းကောင်း။ ဣမေဟိ အာကာရေဟိ၊ ဤကိုးပါးသော အခြင်းအရာတို့ဖြင့်။ အဿာသပဿာသေ၊ ဝင်လေ—ထွက်လေတို့ကို။ ပဇာနန္တော၊ သိသော။ အယံ၊ ဤယောဂီကို။ ဒီဃံ ဝါ အဿသန္တော၊ ရှည်စွာ ရှူသွင်းလျှင်လည်း။ ဒီဃံ အဿာသာမီတိ၊ ရှည်စွာ ရှူသွင်းသည်-ဟု။ ပဇာနာတိ၊ သိ၏ ။ပ။ ရဿံ ဝါ ပဿသန္တော၊ ထိုစွာ ရှူထုတ်လျှင်လည်း။ ရဿံ ပဿာသာမီတိ၊ ထိုစွာ ရှူထုတ်သည်—ဟု။ ပဇာနာတိ၊ သိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧဝံ ပဇာနတော၊ ဤဆိုခဲ့သည့်အတိုင်း သိသော။ (အဿ-ပုဒ်ကို ဂါထာမှ ဘိက္ခုနော ပုဒ်နှင့် စပ်ပေးပါ။)

> အဿ ဘိက္ခုနော၊ ထိုရဟန်း၏။ ဒီဃော စ၊ ရှည်သည်လည်းဖြစ်သော။ ရဿော စ၊ တိုသည်လည်းဖြစ်သော။ အဿာသော စ၊ ထွက်လေလည်းကောင်း။ တာဒိသော၊ ထိုသို့ ဒီဃ, ရဿ သဘောရှိသော။ ပဿာသောပိ၊ ဝင်လေလည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်။) စတ္တာရော ဝဏ္ဏာ၊ လေးမျိုးသော လေတို့သည်။ နာသိကဂ္ဂေဝ၊ နှာသီးဖျားဦး၌မှုလည်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ (ဤဂါထာ စတုတ္ထပါဒ နာသိကဂ္ဂေဝ-၌ ဂါထာဖြစ်၍ ဝါ-ကို ဝ—ဟု ရဿ ပြုထားသည်။)

၂၂၀။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိ ။ပ။ ပဿသိဿာမီတိ သိက္ခတီတိ၊ သဗ္ဗကာယပဋိသံဝေဒီ ။ပ။ သိက္ခတိ—ဟူသော စကားရပ်၌။ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်။) သကလဿ

အဿာသကာယဿ၊ အလုံးစုံသော ဝင်လေအပေါင်း၏။ အာဒိမဇ္ဈပရိယောသာနံ၊ အစ, အလယ်, အဆုံးကို။ ဝိဒိတံ ကရောန္တော၊ သိအောင် ပြုလျက်။ ပါကဋံ ကရောန္တော၊ ထင်ရှားအောင် ပြုလျက်။ အဿသိဿာမီတိ၊ ရှူသွင်းအံ့ ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ သကလဿ ပဿာသကာယဿ၊ အလုံးစုံသော ထွက်လေအပေါင်း၏။ အာဒိမဇ္ဈပရိယောသာနံ၊ အစ, အလယ်, အဆုံးကို။ ဝိဒိတံ ကရောန္တော၊ သိအောင် ပြုလျက်။ ပါကဋံ ကရောန္တော၊ ထင်ရှားအောင်ပြုလျက်။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့—ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ဧဝံ ဝိဒိတံ ကရောန္တော၊ ဤသို့ သိအောင်ပြုလျက်။ ဧဝံ ပါကဋံ ကရောန္တော၊ ဤသို့ ထင်ရှားအောင်ပြုလျက်။ ဉာဏသမ္ပယုတ္တစိတ္တေန၊ ဉာဏ်နှင့်ယှဉ်သော စိတ်ဖြင့်။ အဿသတိ စေဝ၊ ရှူရှိုက်လည်းသွင်း၏။ ပဿသတိ စ၊ ရှူရှိုက်လည်း ထုတ်၏။ တသ္မာ၊ ထို့ကြောင့်။ "အဿသိဿာမီတိ ပဿသိဿာမီတိ၊ ရှူသွင်းအံ့, ရှူထုတ်အံ့" ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဟိ၊ မှန်ပေ၏။ ဧကဿ ဘိက္ခုနော၊ တစ်ပါးသော ရဟန်းအား။ စုဏ္ဏဝိစုဏ္ဏဝိသဋေ၊ များစွာသော ကလာပ်ပေါင်းဖြစ်၍ အမှုန်အမွှား ရုပ်အပေါင်းဖြင့်ပြန့်သော။ အဿာသကာယေ ဝါ၊ ဝင်လေအပေါင်း၌လည်းကောင်း။ ပဿာသကာယေ ဝါ၊ ထွက်လေအပေါင်း၌ လည်းကောင်း။ အာဒိ၊ အစသည်။ ပါကဋော ဟောတိ၊ ထင်ရှား၏။ တနည်း—အာဒိ ပါကဋော ဟောတိ၊ အစသာ ထင်ရှား၏။ မဇ္ဈပရိယောသာနံ၊ အလယ်နှင့် အဆုံးသည်။ န ပါကဋော ဟောတိ၊ မထင်ရှားပေ။ သော၊ ထိုရဟန်းသည်။ အာဒိမေဝ၊ အစကိုသာလျှင်။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်း ရှုမှတ်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ မဇ္ဈပရိယောသာနေ၊ အလယ်နှင့် အဆုံး၌။ ကိလမတိ၊ ပင်ပန်း၏။ ဧကဿ၊ တစ်ဦးသော ရဟန်းအား။ မဇ္ဈံ ပါကဋံ ဟောတိ၊ အလယ်သာ ထင်ရှား၏။ အာဒိပရိယောသာနံ၊ အစနှင့် အဆုံးသည်။ န ပါကဋံ ဟောတိ၊ မထင်ရှားပေ။ ဧကဿ၊ ရဟန်းတစ်ပါးအား။ ပရိယောသာနံ၊ အဆုံးသည်။ ပါကဋံ ဟောတိ၊ ထင်ရှား၏။ အာဒိမဇ္ဈံ၊ အစနှင့် အလယ်သည်။ န ပါကဋံ ဟောတိ၊ မထင်ရှားပေ။ သော၊ ထိုရဟန်းသည်။ ပရိယောသာနံယေဝ၊ အဆုံးကိုသာလျှင်။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်း ရှုမှတ်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ အာဒိမဇ္ဈေ၊ အစနှင့် အလယ်၌။ ကိလမတိ၊ ပင်ပန်း၏။ ဧကဿ၊ ရဟန်းတစ်ပါးအား။ သဗ္ဗမ္ပိ၊ အလုံးစုံပင်လျှင်။ ပါကဋံ ဟောတိ၊ ထင်ရှား၏။ သော၊ ထို ရဟန်းသည်။ သဗ္ဗမ္ပိ၊ အလုံးစုံကို ပင်လျှင်။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်း ရှုမှတ်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ကတ္ထစိ၊ တစုံတရာ၌မျှ။ န ကိလမတိ၊ မပင်ပန်း။ တာဒိသေန၊ ထိုသို့

သော ပုဂ္ဂိုလ်သည်။ ဘာဝိတဗ္ဗံ၊ ဖြစ်သင့်၏။ ဣတိ၊ ဤသို့။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ဝါ၊ ပြတော်မူလိုသောကြောင့်။ "သင်္ဃကာယပဋ္ဌိ-သံဝေဒီ အဿသိဿာမီတိ ။ပ။ ပဿသိဿာမီတိ သိက္ခတီ"တိ၊ သဗ္ဗကာယပဋိ-သံဝေဒီ။ပ။ သိက္ခတိ"ဟူ၍။ အာဟ၊ ဟောတော်မူလေ၏။

(၂၁၆) တတ္ထ၊ ထိုစကား၌။ သိက္ခတီတိ၊ သိက္ခတိ-ဟူသည်ကား။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ ဃဋတိ၊ အားထုတ်၏။ ဝါ၊ တနည်းသော်ကား။ ဝါယမတိ၊ လုံ့လပြု၏။ ဝါ၊ တနည်းသော်ကား။ တထာ-ဘူတဿ၊ ထိုသို့ ထွက်လေ ဝင်လေအပေါင်း၏ အစ, အလယ်, အဆုံးကို သိအောင်ရှုနေခြင်း သဘောရှိသော ရဟန်း၏။ ယော သံဝရော၊ အကြင် သတိသံဝရ, ဝီရိယသံဝရသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသံဝရသည်။ တွေ၊ ဤသုံးပါးသော သိက္ခာတို့တွင်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာ ပေတည်း။ တထာဘူတဿ၊ ထိုသို့သဘောရှိသော ရဟန်း၏။ ယော သမာဓိ၊ အကြင် စိတ်ကို ကောင်းစွာထားခြင်း။ ဝါ၊ စိတ်တည်ကြည်ခြင်း ဟူသော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသမာဓိသည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာ ပေတည်း။ တထာဘူတဿ၊ ထိုသို့ သဘောရှိသော ရဟန်း၏။ ယာ ပညာ၊ အကြင်ပညာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤပညာသည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာ ပေတည်း။ ဣတိ၊ ဤသို့အားဖြင့်။ ဣမာ တိဿော သိက္ခာယော၊ သုံးပါးသော ဤသိက္ခာတို့ကို။ တသ္မိံ အာ-ရမ္မဏေ၊ ထို ဝင်လေ ထွက်လေ အာရုံ၌။ တာယ သတိယာ၊ ထိုသတိဖြင့်။ တေန မနသိကာရေန၊ ထို နှလုံးသွင်းခြင်းဖြင့်။ သိက္ခတိ၊ လေ့ကျင့်၏။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားစေ၏။ ဗဟုလီကရောတိ၊ အကြိမ်များစွာ ပြု၏။ ဣတိ ဧဝံ၊ ဤသို့။ အတ္ထော၊ အနက်ကို။ တွေ၊ ဤ သိက္ခတိ-ဟူသောပုဒ်၌။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

တတ္ထ၊ ထို တစ်ဆယ့်ခြောက်ပါးသော ဘာဝနာနည်းတို့တွင်။ ယသ္မာ၊ အကြင်ကြောင့်။ ပုရိမနယေ၊ ရှေ့နည်းနှစ်ပါး၌။ ကေဝလံ အဿသိတဗ္ဗံ၊ သက်သက် ရှူသွင်းအပ်သည်သာလျှင်။ ကေဝလံ ပဿသိတဗ္ဗမေဝ၊ သက်သက် ရှူထုတ်အပ်သည်သာလျှင် ဖြစ်ပေ၏။ (ကေဝလံ-ပုဒ် နောက်ပုဒ်မှာလည်း ယှဉ်ပေး။) အညံ၊ အခြားတပါးသော။ ကိဉ္စိ၊ ပြုဖွယ် တစုံတခုမျှကို။ န ကာ-တဗ္ဗံ၊ မပြုအပ်ပေ။ ပန၊ အထူးကိုဆိုဦးအံ့။ ဣတော ပဋ္ဌာယ၊ ဤတတိယ နည်းမှ စ၍။ ဉာဏုပ္ပါဒနာဒီသု၊ ဉာဏ်ကိုဖြစ်စေခြင်း စသည်တို့၌။ ယောဂေါ၊

အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်ပေ၏။ ဟသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုအာရုံ-အတိုနှင့်စပ်၍ ဟောထားသော ပထမ, ဒုတိယ နည်းနှစ်ပါး၌။ အဿသာမိတိ၊ ရှူသွင်းသည်-ဟု။ ပဇာနာတိ၊ သိ၏။ ပဿသာမိတိ၊ ရှူထုတ်သည်-ဟု။ ပဇာနာတိစေ့ဝ၊ သိ၏-ဟူ၍သာလျှင်။ ဝဋ္ဋမာနကာလဝသေန၊ ပစ္စုပ္ပန်ကာလ၏ အစွမ်းအားဖြင့်။ ပါဠိံ ဝတွာ၊ ပါဠိကို ဟောတော်မူပြီးလျှင်။ ဝါ၊ ဒေသနာအစဉ်ကို ဟောတော်မူပြီးလျှင်။ ဣဓတော ပဋ္ဌာယ၊ ဤ တတိယနည်းမှ စ၍။ ကတ္တဗ္ဗဿ၊ ပြုသင့်ပြုထိုက်သော။ ဉာဏုပ္ပာဒနာဒိနော၊ ဉာဏ်ကိုဖြစ်စေခြင်း အစရှိသော။ အာကာရဿ၊ အခြင်းအရာကို။ ဒဿနတ္ထံ၊ ပြခြင်းငှာ။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ အာဒိနာ နယေန၊ အလုံးစုံသော ဝင်လေအပေါင်းကိုသိလျက် ရှူသွင်းအံ့-ဟု ဤသို့အစရှိသော နည်းဖြင့်။ အနာဂတဝစနဝသေန၊ အနာဂတ်ကာလဟော ဝိဘတ်၏အစွမ်းအားဖြင့်။ ပါဠိ၊ ဒေသနာတော်အစဉ်ကို။ အာရောပိတာတိ၊ တင်ထားတော်မူသည် ဟု။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ။ပ။ ပဿသိဿာမီတိ သိက္ခတီတိ-တွေ၊ ပဿမ္ဘယံ။ပ။ သိက္ခတိ-ဟူသော ဤစကားရပ်၌။ အယံ၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်။) ဩဠာရိကံ၊ ရုန့်ရင်းသော။ ကာယသင်္ခါရံ၊ ဝင်လေ-ထွက်လေဟူသော ကာယသင်္ခါရကို။ ပဿမ္ဘေန္တော၊ ငြိမ်းစေလျက်။ ပဋိပဿမ္ဘေန္တော၊ တဖန်ငြိမ်းစေလျက်။ နိရောဓေန္တော၊ ချုပ်စေလျက်။ ဝူပသမေန္တော၊ အထူးသဖြင့် ငြိမ်းစေလျက်။ အဿသိဿာမိ ပဿသိဿာမီတိ၊ ရှူသွင်းအံ့-ရှူထုတ်အံ့ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ တတြ၊ ထိုစကားရပ်၌။ ဩဠာရိကသုခုမတာ စ၊ ရုန့်ရင်း, သိမ်မွေ့ခြင်း ကိုလည်းကောင်း။ ပဿဒ္ဓိ စ၊ ငြိမ်းခြင်းကိုလည်းကောင်း။ ဧဝံ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဟိ၊ ချဲ့၍ပြပါဦးအံ့။ ဣမဿ ဘိက္ခုနော၊ ဤရဟန်း၏ သန္တာန်၌။ အပရိဂ္ဂဟိတကာလေ၊ ဝင်လေ-ထွက်လေတို့ကို မသိမ်းဆည်းမိကာလဖြစ်သော။ ပုဗ္ဗေ၊ ရှေးအခါ၌။ ကာယော စ၊ ကိုယ်သည် လည်းကောင်း။ စိတ္တဉ္စ၊ စိတ်သည်လည်းကောင်း။ သဒရထာ၊ ပူပန်ခြင်းရှိ ကုန်လျက်။ ဩဠာရိကာ ဟောန္တိ၊ ရုန့်ရင်းကုန်၏။ ကာယစိတ္တာနံ၊ ကိုယ်နှင့် စိတ်တို့၏။ ဩဠာရိကတ္တေ၊ ရုန့်ရင်းသည်၏ အဖြစ်သည်။ အဝူပသန္တေ၊ မငြိမ်းသေးသည်ရှိသော်။ ဝါ၊ မငြိမ်းသေးလျှင်။ အဿာသပဿာသာပိ၊ ဝင်လေ-ထွက်လေတို့သည်လည်း။ ဩဠာရိကာ ဟောန္တိ၊ ရုန့်ရင်းကုန်၏။ ဗလဝတရာ ဟုတွာ၊ အထူးသဖြင့် အားကြီးကုန်သည်ဖြစ်၍။ ပဝတ္တန္တိ၊

မပြတ်ဖြစ်ကုန်၏။ နာသိကာ၊ နှာခေါင်းသည်။ နပ္ပဟောတိ၊ မဆံ့ပေ။
ဝါ–နာသိကာ နပ္ပဟောတိ၊ နှာခေါင်းပေါက် မဆံ့ပဲရှိတတ်၏။ မုခေန၊
ခံတွင်းဖြင့်။ အဿသန္တောပိ၊ ရှူသွင်းလျက်သော်လည်းကောင်း။ ပဿသန္တောပိ၊
ရှူထုတ်လျက်သော်လည်းကောင်း။ တိဋ္ဌတိ၊ တည်လေ၏။ ယဒါ ပန၊
အကြင်အခါ၌ကား။ အဿ၊ ထိုရဟန်း၏။ ကာယောပိ၊ ကိုယ်သည်လည်း
ကောင်း။ စိတ္တမ္ပိ၊ စိတ်သည်လည်းကောင်း။ ပရိဂ္ဂဟိတာ ဟောန္တိ၊ သိမ်းဆည်း
အပ်ပြီး ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ တေ၊ ထို ကိုယ်နှင့်စိတ်တို့သည်။
သန္တာ ဟောန္တိ၊ ငြိမ်သက်ကုန်၏။ ဝူပသန္တာ၊ အထူးငြိမ်သက်ကုန်၏။ တေသု၊
ထိုကိုယ်နှင့်စိတ်တို့သည်။ ဝူပသန္တေသု၊ ငြိမ်သက်ကုန်လတ်သော်။ အဿာသ-
ပဿာသာ၊ ဝင်လေ–ထွက်လေတို့သည်။ သုခုမာ ဟုတွာ၊ သိမ်မွေ့စွာ ဖြစ်
ကုန်လျက်။ ပဝတ္တန္တိ၊ ဝင်ကုန်–ထွက်ကုန်၏။ "အတ္ထိ နု ခေါ၊ ဝင်လေ–ထွက်
လေ ရှိလေသလော။ နတ္ထိ နု ခေါ၊ မရှိလေသလော။" ဣတိ၊ ဤသို့။
ဝိစေတဗ္ဗတာကာရပ္ပတ္တော၊ စူးစမ်းဆင်ခြင်အပ်သည့် အဖြစ်တည်းဟူသော
အခြင်းအရာသို့ရောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သေယျထာပိ၊ ဥပမာအားဖြင့်ကား။ ဓာဝိတွာ၊ ပြေးပြီး၍။ ပဗ္ဗတာ၊
တောင်မှ။ ဩရောဟိတွာ ဝါ၊ ဆင်းလာပြီး၍သော်လည်းကောင်း။ မဟာ–
ဘာရံ၊ ဝန်ထုပ်ကြီးကို။ သီသတော ဩရောပေတွာ ဝါ၊ ခေါင်း
ပေါ်မှ ချပြီး၍သော်လည်းကောင်း။ ဌိတဿ ပုရိသဿ၊ ရပ်တည်နေသော
ယောကျ်ားအား။ ဩဠာရိကာ အဿာသပဿာသာ၊ ရုန့်ရင်းကုန်သော ဝင်
လေ·တွက်လေတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နာသိကာ၊ နှာခေါင်းပေါက်
သည်။ နပ္ပဟောတိ၊ မဆံ့ပဲရှိလေ၏။ မုခေန၊ ခံတွင်းဖြင့်။ အဿသန္တောပိ၊
ရှူသွင်းလျက်လည်းကောင်း။ ပဿသန္တောပိ၊ ရှူထုတ်လျက် လည်းကောင်း။
တိဋ္ဌတိ၊ တည်၏။ ယဒါ ပန၊ အကြင်အခါ၌မူကား။ သော-ဧသော ပုရိသော၊
ထိုယောကျ်ားသည်။ တံ ပရိဿမံ၊ ထိုမောပန်းခြင်းကို။ ဝိနောဒေတွာ၊ပယ်
ဖျောက်ပြီးနောက်။ နှာတွာ စ၊ ရေချိုး၍လည်းကောင်း။ ပိဝိတွာ စ၊ ရေ
သောက်၍လည်းကောင်း။အလ္လသာဋကံ၊ စိုသောအဝတ်ကို။ ဟဒယေ ကတွာ၊
ရင်၌တင်ထား၍။ သီတာယ ဆာယာယ၊ အေးမြသော အရိပ်၌။ နိပန္နော
ဟောန္တိ၊ လျောင်းနေ၏။ အထ၊ ထိုအခါ၌။ အဿ ပုရိသဿ၊ ထိုယောကျ်ား
၏။ (၂၆၇) တေ အဿာသ ပဿာသာ၊ ထို ဝင်လေ-ထွက်လေတို့သည်။
သုခုမာ ဟောန္တိ၊ သိမ်မွေ့ကုန်၏။ "အတ္ထိ နု ခေါ၊ ရှိလေသလော၊ နတ္ထိ
နု ခေါ၊ မရှိလေသလော။" ဣကို၊ ဤသို့။ ဝိစေတဗ္ဗတာကာရပ္ပတ္တာ၊

စူးစမ်းဆင်ခြင်အပ်သည့် အခြင်းအရာသို့ ရောက်ကုန်သည်။ ဟောန္တိ ယာကာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ ဣမဿ ဘိက္ခုနော၊ ဤယောဂီရဟန်း၏။ အပရိဂ္ဂဟိတကာလေ၊ ဝင်လေ-ထွက်လေတို့ကိုမသိမ်းဆည်းသေးမီကာလဖြစ်သော။ ပုဗ္ဗေ၊ ရှေးအခါ၌။ ကာယော စ၊ ကိုယ်သည် လည်းကောင်း။ စိတ္တဉ္စ၊ စိတ်သည်လည်းကောင်း။ သဒရထာ၊ ပူပန်ခြင်းရှိကုန်လျက်။ ဩဠာရိကာ ဟောန္တိ၊ ရုန့်ရင်းကုန်၏။ ကာယစိတ္တာနံ၊ ကိုယ်နှင့်စိတ်တို့၏။ ဩဠာရိကတ္တေ၊ ရုန့်ရင်းသည်၏အဖြစ်သည်။ အဝူပသန္တေ၊ မငြိမ်းသေးသည်ရှိသော်။ ဝါ၊ မငြိမ်းသေးလျှင်။ အဿာသပဿာသာပိ၊ ဝင်လေ-ထွက်လေတို့သည်လည်း။ ဩဠာရိကာ ဟောန္တိ၊ ရုန့်ရင်းကုန်၏။ ဗလဝတရာ ဟုတွာ၊ အထူးသဖြင့် အားကြီးကုန်သည်ဖြစ်၍။ ပဝတ္တန္တိ၊ မပြတ်ဖြစ်ကုန်၏၊ နာသိကာ၊ နှာခေါင်းသည်။ နပ္ပဟောတိ၊ မဆံ့ပေ။ နာသိကာ နပ္ပ-ဟောန္တိ၊ နှာခေါင်းပေါက် မဆံ့ပဲ ရှိတတ်၏။ မုခေန၊ ခံတွင်းဖြင့်။ အဿ-သန္တောပိ၊ ရှူသွင်းလျက်သော်လည်းကောင်း။ ပဿသန္တောပိ၊ ရှူထုတ်လျက်သော်လည်းကောင်း။ တိဋ္ဌတိ၊ တည်လေ၏။ ယဒါ ပန၊ အကြင်အခါ၌မူကား။ အဿ ဘိက္ခုနော၊ ထိုရဟန်း၏။ ကာယောပိ၊ ကိုယ်သည်လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်သည်လည်းကောင်း။ ပရိဂ္ဂဟိတာ ဟောတိ၊ သိမ်းဆည်းအပ်ပြီးဖြစ်၏။ တဒါ၊ ထိုအခါ၌။ တေ၊ ထိုကိုယ်နှင့်စိတ်တို့သည်။ သန္တာ ဟောန္တိ၊ ငြိမ်သက်ကုန်၍။ ဝူပသန္တာ၊ အထူးငြိမ်သက်ကုန်၏။ တေသု၊ ထိုကိုယ်နှင့်စိတ်တို့သည်။ ဝူပသန္တေသု၊ ငြိမ်သက်ကုန်လတ်သော်။ အဿာသ-ပဿာသာ၊ ဝင်လေ-ထွက်လေ တို့သည်။ သုခုမာ ဟုတွာ၊ သိမ်မွေ့စွာဖြစ်ကုန်လျက်။ ပဝတ္တန္တိ၊ ဝင်ကုန်-ထွက်ကုန်၏။ "အတ္ထိ နု ခေါ၊ ရှိလေသလော။ နတ္ထိ နု ခေါ၊ မရှိလေသလော။" ဣတိ၊ ဤသို့။ ဝိစေတဗ္ဗတာ-ကာရပ္ပတ္တာ၊ စူးစမ်းဆင်ခြင်သည့် အဖြစ်တည်းဟူသော အခြင်းအရာသို့ရောက်ကုန်၏။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း။ တထာဟိ-တတော ဧဝ၊ ထို့ကြောင့်ပင်လျှင်။ အဿ၊ ထိုယောဂီရဟန်းအား။ အပရိဂ္ဂဟိတကာလေ၊ ဝင်လေ-ထွက်လေတို့ကို မသိမ်းဆည်းသေးမီ ကာလဖြစ်သော။ ပုဗ္ဗေ၊ ရှေးကာလ၌။ "ဩဠာရိကောဠာရိကေ၊ ရုန့်ရင်းကုန် ရုန့်ရင်းကုန်သော။ ကာယသင်္ခါရေ၊ ကာယသင်္ခါရတို့ကို။ ပဿမ္ဘေမိတိ၊ ငြိမ်းစေမည်" ဟု။ အာဘောဂသမန္နာဟာရမနသိကာရပစ္စဝေက္ခဏာ၊ ရည်ရွယ်ခြင်း, ကြံစည်ခြင်း, နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းသည်။ နတ္ထိ၊ မရှိသေးပေ။ ပရိ-ဂ္ဂဟိတကာလေ ပန၊ သိမ်းဆည်းသောကာလ၌ကား။ အတ္ထိ၊ ရှိ၏။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုယောဂီ၏။ အပရိဂ္ဂဟိတကာလတော၊ မသိမ်းဆည်း

သေးမိ ကာလထက်။ ပရိဂ္ဂဟိတကာလေ၊ သိမ်းဆည်းသော ကာလ၌။ ကာယသင်္ခါရော၊ ကာယသင်္ခါရသည်။ သုခုမော ဟောတိ၊ သိမ်မွေ့ပေ၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။—

"ကာယေ စ၊ ကိုယ်သည်လည်းကောင်း။ စိတ္တေ စ၊ စိတ်သည်လည်းကောင်း။ သာရဒ္ဓေ၊ ပူပန်ခြင်းရှိလတ်သော်။ အဓိမတ္တံ၊ လွန်ကဲသော။ ကာယသင်္ခါရော၊ ဝင်လေ-ထွက်လေသည်။ ပဝတ္တတိ၊ ဖြစ်၏။ ကာယမှိ စ၊ ကိုယ်သည်လည်းကောင်း။ စိတ္တေ စ၊ စိတ်သည်လည်းကောင်း။ (လိုက်ပေး။) အသာရဒ္ဓမှိ၊ ပူပန်ခြင်း မရှိလတ်သော်။ သုခုမံ၊ သိမ်မွေ့သော ဝင်လေ-ထွက်လေသည်။ သမ္ပဝတ္တတိ၊ ကောင်းစွာဖြစ်၏။" ဣတိ၊ ဤသို့။ အာဟု၊ ဆိုကြကုန်၏။

၂၂၁။ ပရိဂ္ဂဟေပိ၊ သိမ်းဆည်းသောအခါ၌လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ ပဌမဈာနူပစာရေ၊ ပဌမဈာန်၏ ဥပစာ၌။ သုခုမော၊ သိမ်မွေ့၏။ တသ္မိံပိ၊ ထိုပဌမဈာန်၏ ဥပစာ၌လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ ပဌမဈာနေ၊ ပဌမဈာန်၌။ သုခုမော၊ သိမ်မွေ့၏။ ပဌမဈာနေ စ၊ ပဌမဈာန်၌လည်းကောင်း။ ဒုတိယဈာနူပစာရေ စ၊ ဒုတိယဈာန်၏ ဥပစာ၌လည်းကောင်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ ဒုတိယဈာနေ၊ ဒုတိယဈာန်၌။ သုခုမော၊ သိမ်မွေ့၏။ ဒုတိယဈာနေ စ၊ ဒုတိယဈာန်၌လည်းကောင်း။ တတိယဈာနူပစာရေ စ၊ တတိယဈာန်၏ ဥပစာ၌လည်းကောင်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ တတိယဈာနေ၊ တတိယဈာန်၌။ သုခုမော၊ သိမ်မွေ့၏။ တတိယဈာနေ စ၊ တတိယဈာန်၌လည်းကောင်း။ စတုတ္ထဈာနူပစာရေ စ၊ စတုတ္ထဈာန်၏ ဥပစာ၌လည်းကောင်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ စတုတ္ထဈာနေ၊ စတုတ္ထဈာန်၌။ အတိသုခုမော၊ အလွန်သိမ်မွေ့၏။ အပ္ပဝတ္တိမေဝ၊ မဖြစ်ခြင်း မရှိခြင်းသို့သာလျှင်။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့မှတ်အပ်ပေ၏။ ဣဒံ၊ ဤသည်ကား။ တာဝ၊ ရှေးဦးစွာ။ ဒီဃဘာဏက သံယုတ္တဘာဏကာနံ၊ ဒီဃနိကာယ်ဆောင်, သံယုတ္တနိကာယ်ဆောင် ဆရာတို့၏။ မတံ၊ အလိုပေတည်း။

မဇ္ဈိမဘာဏကာ ပန၊ မဇ္ဈိမနိကာယ်ဆောင် ဆရာတို့သည်ကား။ ပဌမဈာနေ၊ ပဌမဈာန်၌။ ဩဠာရိကော၊ ရုန့်ရင်း၏။ ဒုတိယဈာနူပစာရေ၊ ဒုတိယဈာန်၏ ဥပစာ၌။ သုခုမော၊ သိမ်မွေ့၏။ ဣတိ ဧဝံ၊ ဤသို့လျှင်။ ဟေဋ္ဌိမဟေဋ္ဌိမဈာနတော၊ အောက်အောက်ဈာန်ထက်။ ဥပရူပရိဈာနူပစာရေပိ၊ အထက်

ဒ္ဒ. ကက်ချာန်၏ ဥပစာဠ်လည်း။ သုခမတရံ၊ သာ၍သိမ်မွေ့သည်၏ အဖြစ်ကို။ ဂုစ္ဆန္တိ၊ အလိုရှိကုန်၏။ ပန၊ သို့သော်လည်း။ သဗ္ဗေသညေ၀ မတောနု၊ နိကာယ်ဆောင်ဆရာအားလုံးတို့၏ပင် အလိုအားဖြင့်။ အပရိဂ္ဂဟိတကာလေ၊ မသိမ်းဆည်းသေးမီ ကာလ၌။ ပဝတ္တကာယသင်္ခါရော၊ ဖြစ်သော ကာယသင်္ခါရသည်။ ပရိဂ္ဂဟိတကာလေ၊ သိမ်းဆည်းသောကာလ၌။ ပဋိပ္ပဿမ္ဘတိ၊ ငြိမ်း၏။ ပရိဂ္ဂဟိတကာလေ၊ သိမ်းဆည်းဆဲကာလ၌။ ပဝတ္တကာယသင်္ခါရော၊ ဖြစ်သော ကာယသင်္ခါရသည်။ ပဌမဇ္ဈာနုပစာရေ၊ ပဌမဈာန်၏ ဥပစာ၌။ ။ပ။ စတုတ္ထဇ္ဈာနုပစာရေ၊ စတုတ္ထဈာန်၏ ဥပစာ၌။ ပဝတ္တကာယသင်္ခါရော၊ ဖြစ်သော ကာယသင်္ခါရသည်။ စတုတ္ထဇ္ဈာနေ၊ စတုတ္ထဈာန်၌။ ပဋိပ္ပဿမ္ဘတိ၊ ငြိမ်း၏။ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ တာဝ၊ ရှေးဦးစွာ။ သမထေ၊ သမထ အရာ၌။ နယော၊ သိကြောင်းနည်းပေတည်း။

ဝိပဿနာယံ ပန၊ ဝိပဿနာအရာ၌ကား။ အပရိဂ္ဂဟေ၊ မသိမ်းဆည်းမီ ကာလ၌။ ပဝတ္တော ကာယသင်္ခါရော၊ ဖြစ်သော ကာယသင်္ခါရသည်။ ဩဠာရိကော၊ ရုန့်ရင်း၏။ မဟာဘူတပရိဂ္ဂဟေ၊ မဟာဘုတ်တို့ကို သိမ်းဆည်းသောအခါ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထိုမဟာဘုတ်တို့ကို သိမ်းဆည်းရာ၌ဖြစ်သော ကာယသင်္ခါရသည်လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ ဥပါဒါရူပပရိဂ္ဂဟေ၊ ဥပါဒါရုပ်တို့ကို သိမ်းဆည်းသောအခါ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထိုဥပါဒါရုပ်တို့ကို သိမ်းဆည်းရာ၌ ဖြစ်သော ကာယသင်္ခါရသည်လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ သကလရူပပရိဂ္ဂဟေ၊ ရုပ်အားလုံးကို သိမ်းဆည်းသောအခါ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထိုရုပ်အားလုံးကို သိမ်းဆည်းသောအခါ၌ ဖြစ်သော ကာယသင်္ခါရသည်လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ အရူပပရိဂ္ဂဟေ၊ နာမ်တို့ကို သိမ်းဆည်းသောအခါ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထိုနာမ်တို့ကို သိမ်းဆည်းသောအခါ၌ ဖြစ်သော ကာယသင်္ခါရသည်လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ ရူပါရူပပရိဂ္ဂဟေ၊ ရုပ်, နာမ်-နှစ်ပါးလုံးကို သိမ်းဆည်းသောအခါ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထို ရုပ်, နာမ်—နှစ်ပါးလုံးကို သိမ်းဆည်းသော အခါ၌ ဖြစ်သော ကာယသင်္ခါရသည်လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းကို သိမ်းဆည်းသောအခါ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထို အကြောင်းကို သိမ်းဆည်းသောအခါ၌ ဖြစ်သော ကာယသင်္ခါရသည်လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ သပ္ပစ္စယ-နာမရူပပရိဂ္ဂဟေ၊ အကြောင်းနှင့်တကွ နာမ်ရုပ်ကို သိမ်းဆည်းသော

အခါ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထိုအကြောင်းနှင့်တကွ နာမ်ရုပ်ကို သိမ်းဆည်းသောအခါ၌ ဖြစ်သော ကာယသင်္ခါရသည်လည်း။ ဩဠာရိကော၊ ရုန့်ရင်းသေး၏။ လက္ခဏာရမ္မဏိကဝိပဿနာယ အနိစ္စ, ဒုက္ခ, အနတ္တ-လက္ခဏာကို သိမြင်သော ဝိပဿနာ၌။ သုခုမော၊ သိမ်မွေ့၏။ သောပိ၊ ထို အနိစ္စ, ဒုက္ခ, အနတ္တ-လက္ခဏာကို သိမြင်သောအခါ၌ဖြစ်သော ကာယသင်္ခါရ သည်လည်း။ ဒုဗ္ဗလဝိပဿနာယ၊ အားနည်းသော ဝိပဿနာ၌။ ဩဠာ-ရိကော၊ ရုန့်ရင်းသေး၏။ ဗလဝဝိပဿနာယ၊ အားကြီးသော ဝိပဿနာ၌။ သုခုမော၊ သိမ်မွေ့၏။ တတ္ထ၊ ထိုသို့ အဆင့်ဆင့် သိမ်မွေ့ရာ၌။ ပုဗ္ဗေ ဝုတ္တ-နယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်ပင်လျှင်။ (၂၆၈) ပစ္ဆိမေန ပစ္ဆိမေန၊ နောက် နောက် သိမ်မွေ့သော ကာယသင်္ခါရဖြင့်။ ပုရိမဿ ပုရိမဿ၊ ရှေးရှေး ရုန့်ရင်းသော ကာယသင်္ခါရ၏။ ပဋိပ္ပဿဒ္ဓိ၊ ငြိမ်းခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ် ၏။ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤစကားရပ်၌။ ဩဠာရိကသုခုမတာ စ ရုန့်ရင်းသည် ၏အဖြစ်, သိမ်မွေ့သည်၏အဖြစ်ကို လည်းကောင်း။ ပဿဒ္ဓိ စ၊ ငြိမ်းခြင်းကို လည်းကောင်း။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။

ပဋိသမ္ဘိဒါယံ ပန၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ကား။ အဿ၊ ထို ပဿမ္ဘယံ ကာယသင်္ခါရံ-ဟူသော ပုဒ်၏။ စောဒနာ သောဓနာဟိ သဒ္ဓိံ၊ စောဒနာ-သောဓနာတို့နှင့် တကွ။ ဝါ၊ အပြစ်ပြလျက် မေးခြင်းဟူသော စောဒနာ, ဖြေရှင်းသုတ်သင်ခြင်းဟူသော သောဓနာတို့နှင့်တကွ။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့်။ ဝုတ္တော၊ မိန့်ဆိုထားပေ၏။-

"ကထံ၊ အဘယ်ကဲ့သို့။ ကာယသင်္ခါရံ၊ ကာယသင်္ခါရကို။ ပဿ-မ္ဘယံ ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမိ၊ ရှူသွင်းအံ့-ဟု။ပ။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့-ဟု။ သိက္ခတိ၊ လေ့ကျင့် သနည်း။ ကာယသင်္ခါရာ၊ ကာယသင်္ခါရတို့ ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဒီဃံ အဿာသပဿာသာ၊ ရှည်သော ဝင်လေ-ထွက်လေတို့သည်။ ကာယိကာ၊ ကိုယ်၌ဖြစ်ကုန်၏။ ဧတေ ဓမ္မာ၊ ဤ ဝင်လေ-ထွက်လေ တရားတို့သည်။ ကာယပဋိဗဒ္ဓါ ကိုယ်နှင့်စပ်၍ ဖြစ်ကြသောကြောင့်။ ကာယသင်္ခါရာ၊ ကာယသင်္ခါရ မည်ကုန်၏။ တေ ကာယသင်္ခါရေ၊ ထိုကာယသင်္ခါရတို့ကို။ ပဿမ္ဘေန္တော၊ ငြိမ်း စေလျက်။ နိရောဓေန္တော၊ ချုပ်စေလျက်။ ဝူပသမေန္တော၊ အထူး သဖြင့် ငြိမ်းစေလျက်။ သိက္ခတိ၊ လေ့ကျင့်၏ ။ပ။ ယထာရူပေဟိ

ကာယသင်္ခါရေဟိ၊ အကြင်သို့သော ဝင်လေ—ထွက်လေ ကာယသင်္ခါရတို့ကြောင့်။ ကာယဿ၊ ကိုယ်၏။ အာနမနာ၊ ရှေ့သို့ညွတ်ခြင်းသည်။ ဝိနမနာ၊ ဘေးသို့ညွတ်ခြင်းသည်။ သန္နမနာ။ ထက်ဝန်းကျင်ညွတ်ခြင်းသည်။ ပဏာမနာ၊ နောက်သို့ညွတ်ခြင်းသည်။ ဣဉ္ဇနာ၊ တုန်ခြင်းသည်။ ဖန္ဒနာ၊ လှုပ်ခြင်းသည်။ စလနာ၊ ရွေ့ရှားခြင်းသည်။ ကမ္ပနာ၊ တုန်လှုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (တထာရူပံ၊ ထိုသို့ သဘောရှိသော။ ဩဠာရိကံ၊ ရုန့်ရင်းသော။—ဤနှစ်ပုဒ်ထည့်ပါ။) ကာယသင်္ခါရံ၊ ကာယသင်္ခါရကို။ ပဿမ္ဘယံ—ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှူသွင်းအံ့-ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ကာယသင်္ခါရံ၊ ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့—ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ယထာရူပေဟိ ကာယသင်္ခါရေဟိ၊ အကြင်သို့သောကာယသင်္ခါရတို့ကြောင့်။ ကာယဿ၊ ကိုယ်၏။ အာနမနာ၊ ရှေ့သို့ညွတ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ဝိနမနာ၊ ဘေးသို့ညွတ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ သန္နမနာ၊ ထက်ဝန်းကျင်ညွတ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ပဏာမနာ၊ နောက်သို့ညွတ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ အနိဉ္ဇနာ၊ မတုန်သည်။ ဟောတိ၊ ဖြစ်၏။ အဖန္ဒနာ၊ မလှုပ်သည်။ ဟောတိ၊ ဖြစ်၏။ အစလနာ မရွေ့ရှားသည်။ ဟောတိ၊ ဖြစ်၏။ အကမ္ပနာ၊ မတုန်လှုပ်သည်။ ဟောတိ၊ ဖြစ်၏။ သန္တံ၊ ငြိမ်သက်သော။ သုခုမံ၊ သိမ်မွေ့သော။ ကာယသင်္ခါရံ၊ ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှူသွင်းအံ့-ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့—ဟု။ သိက္ခတိ၊ လေ့ကျင့်၏။

ဣတိ-ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကာယသင်္ခါရံ၊ အလွန်နုအလွန်သိမ်မွေ့သော ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှူသွင်းအံ့—ဟု။ ကိရ—ယဒိ သိက္ခတိ၊ လေ့ကျင့်ငြားအံ့။ ကာယသင်္ခါရံ၊ အလွန်နုအလွန်သိမ်မွေ့သော ကာယသင်္ခါရကို။ ပဿမ္ဘယံ—ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့—ဟူ၍။ ကိရ—ယဒိ သိက္ခတိ၊ လေ့ကျင့်ငြားအံ့။ ဧဝံ သန္တေ၊ ထိုသို့ဖြစ်လျှင်။ ဝါတူပလဒ္ဓိယာ၊ ဝင်လေ—ထွက်လေကို ရသောစိတ်ကို။ ပဘာဝနာ စ၊ ပွားစေခြင်းသည်လည်း။ န ဟောတိ၊ မဖြစ်။ အဿာသပဿာသာနံ၊ ဝင်လေ-ထွက်လေတို့ကို။ ပဘာဝနာ စ၊

ပွားစေခြင်းသည်လည်း။ န ဟောတိ၊ မဖြစ်။ အာနာပါနဿတိယာ၊ ဝင်လေ–ထွက်လေတို့ကို အမှတ်ရမှု အာနာပါနဿတိကို။ ဘာဝနာ စ၊ ပွားစေခြင်းသည်လည်း။ န ဟောတိ၊ မဖြစ်။ အာနာပါနဿတိ-သမာဓိဿ စ၊ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို။ ဘာဝနာ စ၊ ပွားစေခြင်းသည်လည်း။ န ဟောတိ၊ မဖြစ်။ တံ သမာပတ္တိံ၊ ထိုဆိုခဲ့ပြီးသော အာနာပါနသမာပတ်ကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ န စေဝ သမာပဇ္ဇန္တိပိ၊ ဝင်စားနိုင်သည်လည်း မဖြစ်ကုန်ရာ။ န စ ဝုဋ္ဌဟန္တိပိ၊ ထိုသမာပတ်မှ ထကုန်သည်လည်း မဖြစ်ကုန်ရာ။ ဣတိ–အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာပေတည်း။

ဣတိ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကာယသင်္ခါရံ၊ အလွန်အလွန် သိမ်မွေ့သော ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှူသွင်းအံ့–ဟု။ ပဿသိဿာမီတိ၊ ရှူထုတ်အံ့–ဟု။ ကိရ သိက္ခတိ၊ ကယ်၍ လေ့ကျင့်ပြုအံ့။ ဧဝံ သန္တေ၊ ထိုသို့ဖြစ်လျှင်။ ဝါတူပလဒ္ဓိယာ၊ ဝင်လေ-ထွက်လေကို ရသောစိတ်ကို။ ပဘာဝနာ စ၊ ပွားစေခြင်းသည်လည်း။ ဟောတိ၊ ဖြစ်ပေ၏။ အဿာသပဿာသာနံ၊ ဝင်လေ–ထွက်လေတို့ကို။ ပဘာဝနာ စ၊ ပွားစေခြင်းသည်လည်း။ ဟောတိ၊ဖြစ်ပေ၏။ အာနာပါနဿတိယာ၊ ဝင်လေ–ထွက်လေကို သတိရမှု အာနာပါနဿတိကို။ ဘာဝနာ စ၊ ပွားစေခြင်းသည်လည်း။ ဟောတိ၊ ဖြစ်ပေ၏။ အာနာပါန-ဿတိသမာဓိဿ၊ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို။ ဘာဝနာ စ၊ ပွားစေခြင်းသည်လည်း။ ဟောတိ၊ ဖြစ်ပေ၏။ တံ သမာ-ပတ္တိံ၊ ထိုဆိုခဲ့ပြီးသော အာနာပါနသမာပတ်ကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သမာပဇ္ဇန္တိပိ စ၊ ဝင်စားလည်း ဝင်စားနိုင်ကုန်၏။ ဝုဋ္ဌဟန္တိပိ စ၊ ထိုသမာပတ်မှ ထလည်း ထကုန်၏။ ယထာ ဝုတ္တ-ဝိဓာနံ၊ အကြင် ဆိုအပ်ပြီးသော အစီအရင်ကို။ ကထံ ဝိယ၊ အဘယ်ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်ယူအပ်ပါသနည်း?။

ကံသေ၊ ကြေးခွက်ကို။ အာကောဋိတေ၊ တီးခေါက်လိုက်သည်ရှိသော်။ ပဌမံ၊ ရှေးဦးစွာ။ ဩဠာရိကာ သဒ္ဒါ၊ ပြင်းထန်သော အသံတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဩဠာရိကာနံ သဒ္ဒါနံ၊ ရုန့်ရင်းပြင်းထန်သော အသံတို့၏။ နိမိတ္တံ၊ နိမိတ်ကို။ သုဂ္ဂဟိတတ္တာ၊ ကောင်း

ဍွာ ယူအပ်သည်၏ အပြစ်ကြောင့်။ သုမနသိကတတ္တာ၊ ကောင်းစွာ
နှလုံးသွင်းအပ်သည်၏ အပြစ်ကြောင့်။ သူပဓာရိတတ္တာ၊ ကောင်းစွာ
မှတ်သားအပ်ပြီး သည်၏ အပြစ်ကြောင့်။ ဩဠာရိကေ သဒ္ဒေ၊ ရှန့်ရင်း
ပြင်းထန်သော အသံသည်။ နိရုဒ္ဓေပိ၊ ချုပ်သွားသော်လည်း။
အထ ပစ္ဆာ၊ ထို့နောင်မှ။ (၂၆၉) သုခုမကာ သဒ္ဒါ၊ သိမ်မွေ့
သော အသံတို့သည်။ ပဝတ္တန္တိ၊ မပြတ်ဖြစ်ကုန်၏။ သုခုမကာနံ
သဒ္ဒါနံ၊ သိမ်မွေ့သော အသံတို့၏။ နိမိတ္တံ၊ နိမိတ်ကို။ သုဂ္ဂဟိတတ္တာ၊
ကောင်းစွာ ယူထားအပ်သည်၏အပြစ်ကြောင့်။ သုမနသိကတတ္တာ၊
ကောင်းစွာ နှလုံးသွင်းအပ်သည်၏ အပြစ်ကြောင့်။ သူပဓာရိတတ္တာ၊
ကောင်းစွာမှတ်သားအပ်ပြီးသည်၏ အပြစ်ကြောင့်။ သုခုမကေ သဒ္ဒေ၊
သိမ်မွေ့သော အသံသည်။ နိရုဒ္ဓေပိ၊ ချုပ်သော်လည်း။ အထ ပစ္ဆာ၊
ထို့နောင်မှ။ သုခုမသဒ္ဒနိမိတ္တာရမ္မဏတာပိ၊ သိမ်မွေ့သောအသံဟူသော
နိမိတ်လျှင် အာရုံရှိသည်၏ အပြစ်ဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။
ပဝတ္တတိ ယထာ၊ မပြတ်ဖြစ်နေသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။
ပဌမံ၊ ရှေးဦးစွာ။ ဩဠာရိကာ အဿာသပဿာသာ၊ ရှန့်ရင်းသော
ဝင်လေ—ထွက်လေတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဩဠာရိကာနံ
အဿာသပဿာသာနံ၊ ရှန့်ရင်းသော ဝင်လေ—ထွက်လေတို့၏။
နိမိတ္တံ၊ နိမိတ်ကို။ သုဂ္ဂဟိတတ္တာ၊ ကောင်းစွာ ယူထားအပ်သည်၏
အပြစ်ကြောင့်။ သုမနသိကတတ္တာ၊ ကောင်းစွာ နှလုံးသွင်းအပ်သည်
၏ အပြစ်ကြောင့်။ သူပဓာရိတတ္တာ၊ ကောင်းစွာမှတ်သားအပ်ပြီး
သည်၏ အပြစ်ကြောင့်။ ဩဠာရိကေ အဿာသပဿာသေ၊ ရှန့်ရင်း
သော ဝင်လေ-ထွက်လေသည်။ နိရုဒ္ဓေပိ၊ ချုပ်သွားသော်လည်း။
အထ ပစ္ဆာ၊ ထို့နောင်မှ။ သုခုမကာ အဿာသပဿာသာ၊ သိမ်မွေ့
သော ဝင်လေ-ထွက်လေတို့သည်။ ပဝတ္တန္တိ၊ မပြတ်ဖြစ်ကုန်၏။ သုခု-
မကာနံ အဿာသပဿာသ နံ၊ သိမ်မွေ့သော ဝင်လေ-ထွက်လေတို့၏။
နိမိတ္တံ၊ နိမိတ်ကို။ သုဂ္ဂဟိတတ္တာ၊ ကောင်းစွာ ယူအပ်သည်၏ အပြစ်
ကြောင့်။ သုမနသိကတတ္တာ' ကောင်းစွာ နှလုံးသွင်း အပ်သည်၏
အပြစ်ကြောင့်။ သူပဓာရိတတ္တာ၊ကောင်းစွာ မှတ်သားအပ် ပြီးသည်၏
အပြစ်ကြောင့်။ သုခုမကေ အဿာသပဿာသေ၊ သိမ်မွေ့သော ဝင်
လေ-ထွက်လေသည်။ နိရုဒ္ဓေပိ၊ ချုပ်သွားသော်လည်း။ အထ ပစ္ဆာ၊
ထိုမှနောက်၌။ သုခုမအဿာသပဿာသနိမိတ္တာရမ္မဏတာပိ၊ သိမ်မွေ့
သော ဝင်လေ ထွက်လေ နိမိတ်လျှင် အာရုံရှိသည်၏ အပြစ်ဖြင့်

လည်း။ စိတ္တံ၊ စိတ်သည်။ ဝိဓက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်ပေ။

ဧဝံ သန္တေ၊ ဤသို့ဖြစ်သော်။ ဝါတူပလဒ္ဓိယာ၊ ဝင်လေ—ထွက်လေကိုရသော စိတ်ကို။ ပဘာဝနာ စ ဟောတိ၊ ပွားစေခြင်းသည် လည်း ဖြစ်ပေ၏။ အဿာသပဿာသာနံ၊ ဝင်လေ-ထွက်လေတို့ကို။ ပဘာဝနာ စ ဟောတိ၊ ပွားစေခြင်းသည်လည်း ဖြစ်ပေ၏။အာနာပါနဿတိယာ၊ ဝင်လေ—ထွက်လေကို အမှတ်ရမှု အာနာပါနဿတိကို။ ပဘာဝနာ စ ဟောတိ၊ပွားစေခြင်း သည်လည်း ဖြစ်ပေ၏။ အာနာပါနဿတိသမာဓိဿ။ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို။ ပဘာဝနာ စ ဟောတိ၊ ပွားစေခြင်းသည်လည်း ဖြစ်ပေ၏။ တံ သမာပတ္တိံ၊ ထိုဆိုခဲ့ပြီးသော အာနာပါန-သမာပတ်ကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သမာပဇ္ဇန္တိပိ၊ ဝင်စားလည်းဝင်စားကုန်၏။ဝုဋ္ဌဟန္တိပိ၊ ထိုသမာပတ်မှ ထလည်း ထကုန်၏။ ကာယသင်္ခါရံ၊ အလွန် အလွန် သိမ်မွေ့သော ကာယသင်္ခါရကို။ ပဿမ္ဘယံ၊ငြိမ်းစေလျက်။ အဿာသပဿာသာ၊ ဝင်လေ-ထွက်လေတို့သည်။ ကာယော၊ ကာယ ပေတည်း။ ဥပဋ္ဌာနံ၊ ထင်ခြင်း, အမှတ်ရခြင်းသည်။ သတိ၊ သတိ-ပေတည်း။ အနုပဿနာ၊ ရှုခြင်းသည်။ ဉာဏံ၊ ဉာဏ်ပေတည်း။ ကာယော၊ ကာယသည်။ ဥပဋ္ဌာနံ၊ ထင်ခြင်း, အမှတ်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နော သတိ၊ သတိကား မဟုတ်ပေ၊ သတိကား မဖြစ်ပေ။ သတိ၊ သတိသည်ကား။ ဥပဋ္ဌာနဉ္စေဝ၊ ထင်ခြင်း,အမှတ်ရခြင်းလည်း မည်၏။ သတိ စ၊ သတိလည်းမည်၏။ တာယ သတိ-ယာ၊ ထိုသတိဖြင့်။ တေန ဉာဏေန၊ ထိုဉာဏ်ဖြင့်၊ တံ ကာယံ၊ ထို ဝင်လေ-ထွက်လေအပေါင်း ကာယကို။ အနုပဿတိ၊ အဖန်ဖန်ရှု၏။ တေန၊ထို့ကြောင့်။ ကာယေ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ-တိ၊ ကာယေ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ" ဟူ၍။ ဝုစ္စတိ။ ဆိုအပ်ပေ၏။

အယံ၊ ဤ ယခုဆိုအပ်ခဲ့သော စကားသည်။ ဧတ္ထ၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌။ တာဝ၊ ရှေးဦးစွာ။ ကာယာနုပဿနာဝသေန၊ ကာယာနုပဿနာ အလိုအားဖြင့်။ ဝုတ္တဿ၊ ဟောတော်မူအပ်သော။ ပဌမစတုက္ကဿ၊ ပထမ စတုက္က၏။ အနုပုဗ္ဗပဒဝဏ္ဏနာ၊ အစဉ်အတိုင်း ပုဒ်တို့ကို ဖွင့်ပြခြင်း ပေတည်း။

၂၂၂။ ပန၊ ဆက်ဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ ဓေတ္ထ၊ ပြဆိုခဲ့ပြီးသော တစ်ဆယ့်ခြောက်ပါးသော တည်ရာရှိသော ထိုဒေသနာတော်၌။ ဣဒမေဝ စတုက္ကံ၊ ဤပဌမစတုက္ကကိုသာလျှင်။ အာဒိကမ္မိကဿ၊ အားထုတ်ခါစ ပုဂ္ဂိုလ်၏။ ကမ္မဋ္ဌာနဝသေန၊ ကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဣတရာနိ တီဏိ စတုက္ကာနိ ပန၊ အခြားသော စတုက္က သုံးခုတို့ကိုမူကား။ ဓေတ္ထ၊ ဤပဌမစတုက္က၌။ ပတ္တဇ္ဈာနဿ၊ ဈာန်ရပြီးသော ပုဂ္ဂိုလ်၏။ ဝေဒနာစိတ္တဓမ္မာနုပဿနာဝသေန၊ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာတို့ အလိုအားဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဣဒံ ကမ္မဋ္ဌာနံ ဘာဝေတွာ၊ ဤ အာနာပါနကမ္မဋ္ဌာန်းကို ပွားစေပြီးလျှင်။ အာနာပါနစတုတ္ထဇ္ဈာနပဒဋ္ဌာနာယ အာနာပါနစတုတ္ထဈာန်လျှင် နီးစွာသောအကြောင်းရှိသော။ ဝိပဿနာယ၊ ဝိပဿနာဖြင့်။ သဟပဋိသမ္ဘိဒါ ပဋိသမ္ဘိဒါဉာဏ်တို့နှင့် တကွ။ အရဟတ္တံ ပါပုဏိတုကာမေန၊ အရဟတ္တဖိုလ်သို့ ရောက်လိုသော။ အာဒိကမ္မိကေန ကုလပုတ္တေန၊ အားထုတ်ခါစ အမျိုးကောင်းသားသည်။ ပုဗ္ဗေ ဝုတ္တနယေနေဝ၊ ရှေးဆိုပြီးသော နည်းဖြင့်ပင်လျှင်။ သီလပရိသောဓနာဒီနိ၊ သီလကိုစင်ကြယ်စေခြင်း အရှိကုန်သော။ သဗ္ဗကိစ္စာနိ ကတွာ၊ အလုံးစုံသောကိစ္စတို့ကို ပြုပြီးလျှင်။ ဝုတ္တပ္ပကာရဿ၊ ဆိုအပ်ပြီးသောဂုဏ် အပြားရှိသော။ အာစရိယဿ သန္တိကေ၊ ဆရာ၏ အထံ၌။ ပဉ္စသန္ဓိကံ၊ ငါးပုံရှိသော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဥဂ္ဂဟေတဗ္ဗံ၊ သင်ယူအပ်ပေ၏။

(၂၃၀) တတြ၊ ထိုစကားရပ်၌။ သန္ဓယော၊ အဆစ်အပိုင်းတို့ကို။ ဥဂ္ဂဟော၊ သင်ယူခြင်းလည်းကောင်း။ ပရိပုစ္ဆာ၊ မေးမြန်းခြင်းလည်းကောင်း။ ဥပဋ္ဌာနံ၊ ထင်ခြင်းလည်းကောင်း။ အပ္ပနာ၊ အပြီးအဆုံးရောက်ခြင်းလည်းကောင်း။ လက္ခဏံ၊ မှတ်သားခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့ပေတည်း။ တတ္ထ၊ ထိုပါးငါးတို့တွင်။ ဥဂ္ဂဟော နာမ၊ သင်ယူခြင်းမည်သည်မှာ။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်းအားထုတ်ပုံကို။ ဥဂ္ဂဏှနံ၊ နှုတ်တက် သင်ယူခြင်းပေတည်း။ ပရိပုစ္ဆာ နာမ၊ မေးမြန်းခြင်း ဟူသည်မှာ။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်း၏ အနက်အဓိပ္ပာယ်ကို။ ပရိပုစ္ဆနာ၊ မေးမြန်းခြင်း ပေတည်း။ ဥပဋ္ဌာနံ နာမ၊ ထင်ခြင်း မည်သည်ကား။ ကမ္မဋ္ဌာနဿ၊ ၏။ ဥပဋ္ဌာနံ၊ ထင်ခြင်းတည်း။ အပ္ပနာ နာမ၊ အပြီးအဆုံးရောက်ခြင်း မည်သည်မှာ။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်းဘာဝနာ၏။ အပ္ပနာ၊ အပြီးအဆုံးသို့ရောက်ခြင်း, ဈာန်ရခြင်း ပေတည်း။ လက္ခဏံ နာမ၊ မှတ်သားခြင်း မည်သည်မှာ။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်းကို။

လက္ခဏံ၊ ဤသို့သောလက္ခဏာရှိ၏။ ''ဝေဝံ လက္ခဏာမိဒံ ကမ္မဋ္ဌာန''န္တိ၊—ဟူ၍။ ကမ္မဋ္ဌာနသဘာဝူပဓာရဏံ၊ ကမ္မဋ္ဌာန်း၏သဘောကို မှတ်သားခြင်းတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ—ဝုတ္တော ဟောတိ၊ ဆိုလိုပေ၏။

ဝေဝံ၊ ဤသို့။ ပဉ္စသန္ဓိကံ ကမ္မဋ္ဌာနံ၊ ငါးပိုင်း ငါးပုံရှိသော ကမ္မဋ္ဌာန်းကို။ ဥဂ္ဂဏှန္တော၊ သင်ယူလိုသော သူသည်။ အတ္တနာပိ၊ မိမိကိုယ်တိုင်လည်း။ န ကိလမတိ၊ မပင်ပန်း။ အာစရိယမ္ပိ၊ ဆရာကိုလည်း။ န ဝိဟေသေတိ၊ မပင်ပန်းစေ။ တသ္မာ၊ ထို့ကြောင့်။ ထောကံ ဥဒ္ဒိသာပေတွာ၊ အနည်းငယ် ရွတ်ပြစေပြီးလျှင်။ ဗဟုကာလံ သဇ္ဈာယိတွာ၊ များစွာသောကာလပတ်လုံး ပြန်ဆိုရွတ်ဆို၍။ ဝေဝံ၊ ဤနည်းဖြင့်။ ပဉ္စသန္ဓိကံ ကမ္မဋ္ဌာနံ၊ ငါးပိုင်း ငါးပုံရှိသော ကမ္မဋ္ဌာန်းကို။ ဥဂ္ဂဟေတွာ၊ နှုတ်တတ် သင်ယူပြီးနောက်။ အာစရိယဿ သန္တိကေ ဝါ၊ ဆရာ၏အထံ၌ ဖြစ်စေ။ အညတြ ဝါ၊ အခြားအရပ်၌ ဖြစ်စေ။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တပ္ပကာရေ သေနာသနေ၊ ပြဆိုခဲ့ပြီးသော အင်္ဂါအပြားရှိသော ကျောင်း၌။ ဝသန္တေန၊ နေလျက်။ ဥပစ္ဆိန္နခုဒ္ဒကပလိဗောဓေန၊ ပလိဗောဓ—အငယ်များကို ဖြတ်ပယ်ပြီးလျှင်။ ကတဘတ္တကိစ္စေန၊ ဆွမ်းစားပြီးသည်ဖြစ်၍။ ဘတ္တသမ္မဒံ၊ ဆွမ်းဆီယစ်ခြင်းကို။ ပဋိဝိနောဒေတွာ၊ ပယ်ဖျောက်၍။ သုခနိသိန္နေန၊ ချမ်းသာစွာ ထိုင်နေလျက်။ ရတနတ္တယ—ဂုဏာနုဿရဏေန၊ ရတနာသုံးပါး၏ဂုဏ်ကို အောက်မေ့ ဆင်ခြင်ခြင်းဖြင့်။ စိတ္တံ သမ္ပဟံသေတွာ၊ စိတ်ကို ရွှင်လန်းစေပြီးလျှင်။ အာစရိယုဂ္ဂဟတော၊ ဆရာ့ထံမှသင်ယူခဲ့သော ကမ္မဋ္ဌာန်းအစီအရင်မှ။ ဧကပဒမ္ပိ၊ တစ်ပုဒ်မျှကိုသော်လည်း။ အသမ္မုယှန္တေန၊ မတွေဝေပဲ။ ဣဒံ အာနာပါနဿတိကမ္မဋ္ဌာနံ၊ ဤ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်ပေ၏။ တတြ၊ ထိုသို့နှလုံးသွင်းရာ၌။ အယံ၊ ဤဆိုလတ္တံ့သောစကားသည်။ မနသိကာရဝိဓိ၊ နှလုံးသွင်းပုံအစီရင်ပေတည်း။ –

၂၂၃။ ဂဏနာ၊ ရေတွက်ခြင်း။ အနုဗန္ဓနာ၊ အစဉ်လိုက်ခြင်း။ ဖုသနာ၊ ထိပ္ပါးခြင်း။ ဌပနာ၊ ထားခြင်း။ သလ္လက္ခဏာ၊ ကောင်းစွာ မှတ်ခြင်း။ ဝိဝဋ္ဋနာ၊ နစ်ခြင်း။ ပါရိသုဒ္ဓိ၊ ထက်ဝန်းကျင် စင်ကြယ်ခြင်း။ တေသဉ္စ၊ ထို ဝိဝဋ္ဋနာ—မည်သောမဂ်, ပါရိသုဒ္ဓိ—မည်သော ဖိုလ်တို့ကိုလည်း။ ပဋိပဿနာ၊ အသီးသီးရှုခြင်းတည်း။

တတ္ထ၊ ထိုဂါထာ၌။ ဂဏနာတိ၊ ဂဏနာ ဟူသည်ကား။ ဂဏနာ—ယေဝ၊ ရေတွက်ခြင်းပင်တည်း။ အနုဗန္ဓနာတိ၊ အနုဗန္ဓနာ—ဟူသည်ကား။ အနုဝဟနာ၊ အစဉ်လိုက်၍ အမှတ်သတိကို ဆောင်ခြင်းပေတည်း။ ဖုသနာတိ၊

ဖုသနာ–ဟူသည်ကား။ ဖုဋ္ဌဋ္ဌာနံ၊ ထိရာဌာနပေတည်း။ ဌပနာတိ၊ ဌပနာ–ဟူသည်ကား။ အပ္ပနာ၊ ချာန်သို့ရောက်ခြင်း ပေတည်း။ သလ္လက္ခဏာတိ၊ သလ္လက္ခဏာ–ဟူသည်ကား။ ဝိပဿနာ၊ ဝိပဿနာပေတည်း။ ဝိဝဋ္ဋနာတိ၊ ဝိဝဋ္ဋနာ ဟူသည်ကား။ မဂ္ဂေါ၊ မဂ်ပေတည်း။ ပါရိသုဒ္ဓိတိ၊ ပါရိသုဒ္ဓိ–ဟူသည်ကား။ ဖလံ ဖိုလ်ပေတည်း။ တေသဉ္စ ပဋိပဿနာတိ၊ တေသဉ္စ ပဋိပဿနာ–ဟူသည်ကား။ ပစ္စဝေက္ခဏာ၊ ဖိုလ်တို့ကို ပြန်လည်ဆင်ခြင်မှုပေတည်း။

တတ္ထ၊ ထို ဂဏနာ စသည်တို့တွင်။ အာဒိကမ္မိကေန၊ အားထုတ်ခါစဖြစ်သော။ ကုလပုတ္တေန၊ ဤအမျိုးသားသည်။ ပဌမံ၊ ရှေးဦးစွာ။ ဂဏနာယ၊ ရေတွက်ခြင်းဖြင့်။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ဂဏေန္တေန စ၊ ရေတွက်သောသူသည်လည်း။ ပဉ္စန္နံ ဟေဋ္ဌာ၊ ငါးခုတို့၏ အောက်၌။ န ဌပေတဗ္ဗံ၊ မထားရာ။ ဒသန္နံ ဥပရိ၊ ဆယ်ခုတို့၏ အထက်သို့။ န နေတဗ္ဗံ၊ မဆောင်ရာ။ အန္တရာ၊ အကြား၌။ ခဏ္ဍံ၊ ကျိုးပြတ်ခြင်းကို။ န ဒဿေတဗ္ဗံ၊ မပြရာ။ ဟိ၊ အပြစ်သော်ကား။ ပဉ္စန္နံ ဟေဋ္ဌာ၊ ငါးခုတို့၏ အောက်၌။ ဌပေန္တဿ၊ ထားလျှင်။ ဝါ၊ ထားသောယောဂီ၏။ သမ္ဗာဓေ၊ ကျဉ်းမြောင်းသော။ ဩကာသေ၊ အရေအတွက်ဟူသော အရာ၌။ စိတ္တုပ္ပါဒေါ၊ စိတ်၏ဖြစ်ခြင်းသည်။ ဝိပ္ဖန္ဒတိ၊ တုန်လှုပ်၏။ သမ္ဗာဓေ ဝဇေ၊ ကျဉ်းမြောင်းသော နွားခြံထဲ၌။ သန္နိရုဒ္ဓဂေါဂဏော ဝိယ၊ ပိတ်လှောင်ထားသော နွားအပေါင်းကဲ့သို့ ပင်တည်း။ ဒသန္နမ္ပိ ဥပရိ၊ ဆယ်ခုတို့၏ အထက်၌။ နေန္တဿ၊ ဆောင်လျှင်။ ဝါ၊ ဆောင်သောယောဂီ၏။ စိတ္တုပ္ပါဒေါ၊ စိတ်၏ဖြစ်ခြင်းသည်။ ဂဏနနိဿိတကော၊ ရေတွက်ခြင်းကိုသာလျှင် မှီလျက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အန္တရာ၊ အကြား၌။ ခဏ္ဍံ၊ ကျိုးခြင်း–ပြတ်ခြင်းကို။ ဒဿေန္တဿ၊ ပြလျှင်။ ဝါ၊ ပြသောယောဂီ၏။ "မေ၊ ငါ၏။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ သိခါပတ္တံ နု ခေါ၊ အထွတ်အထိပ်သို့ ရောက်လေသလော။ နော၊ မရောက်လေသလော။" ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်သည်။ ဝိကမ္ပတိ၊ တုန်လှုပ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတေ ဒေါသေ၊ ထိုအပြစ်တို့ကို။ ဝဇ္ဇေတွာ၊ ရှောင်ကြဉ်၍။ ဂဏေတဗ္ဗံ၊ ရေတွက်အပ်၏။

စ၊ ဆက်၍ပြောဦးအံ့။ ဂဏေန္တေန၊ ရေတွက်သော ယောဂီသည်။ ပဌမံ၊ ရှေးဦးစွာ။ ဓညမာပကဂဏနာယ၊ စပါးခြင်သူ၏ ရေတွက်ခြင်းမျိုးဖြစ်သော။ ဒန္ဓဂဏနာယ၊ နှေးနှေး ရေတွက်ခြင်းဖြင့်။ ဂဏေတဗ္ဗံ၊ ရေတွက်

အပ်၏။ ဟိ၊ ခဲ့ရှုပြဦးအံ့။ ဓညမာပကော၊ စပါးခြင်သောသူသည်။ နာဠိံ ပူရေတွာ၊ တင်းတောင်းကို ပြည့်စေပြီးလျှင်၊ "ဧကံ"န္တိ ဝတွာ၊ တစ်တင်း ဟု ဆို၍။ ဩကိရတိ၊ လောင်း၏။ ပုန ပူရေန္တော၊ တဖန် တင်းတောင်းကို ပြည့်စေသည်ရှိသော်။ ကိဉ္စိ ကစဝရံ ဒိသွာ၊ တစုံတခုသော အမှိုက်ကို မြင်၍။ တံ ဆဍ္ဍေန္တော၊ အမှိုက်ကို ပယ်သုတ်ပစ်သော်လည်း။ "ဧကံ ဧက"န္တိ၊ တစ်တင်း တစ်တင်း-ဟု။ ဝဒတိ၊ ဆိုနေ၏။ ဒွေ ဒွေတိ အာဒီသု၊ နှစ်တင်း နှစ်တင်း စသည်တို့၌လည်း။ ဧသ နယော၊ ဤနည်းပင်တည်း။ ဧဝမေဝ၊ ထို့အတူ ပင်။ ဣမိနာပိ၊ ဤယောဂီသည်လည်း။ အဿာသပဿာသေသု၊ ဝင်လေ-ထွက်လေတို့တွင်။ ယော၊ အကြင်လေသည်။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။ (၂၇၁) တံ ဂဟေတွာ၊ ထိုလေကို ယူ၍။ "ဧကံ ဧက"န္တိ အာဒိံ ကတွာ၊ တစ် တစ် မှ စ၍။ ယာဝ "ဒသ ဒသာ" တိ ပဝတ္တမာနံ ပဝတ္တမာနံ၊ ဖြစ်ဆယ် ဖြစ်ဆယ်-တိုင် အောင် ဖြစ်တိုင်းဖြစ်တိုင်းသော ဝင်လေထွက်လေကို။ ဥပလက္ခေတွာ စ၊ မှတ်လျက်သာလျှင်။ ဂဏေတဗ္ဗံ၊ ရေတွက်အပ်၏။ ဧဝံ၊ ဤသို့။ ဂဏယတော၊ ရေတွက်နေသော။ တဿ၊ ထိုယောဂီအား။ နိက္ခမန္တာ စ၊ ထွက်သည်လည်း ဖြစ်ကုန်သော။ ပဝိသန္တာ စ၊ ဝင်သည်လည်းဖြစ်ကုန်သော။ အဿာသ- ပဿာသာ၊ ဝင်လေ-ထွက်လေတို့သည်။ ပါကဋာ ဟောန္တိ၊ ထင်ရှားကုန်၏။

(ဤနေရာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဝယ် နိက္ခမန္တာ စ ပဝိသန္တာ စ—ဟုရှိနေ ရာ ရှိတိုင်းမြန်မာပြန်လျှင် "ထွက်ကုန် ဝင်ကုန်သော" ဟုဖြစ်သည်။ ဤ၌ကား ရှေ့၌ပြခဲ့သည့်အတိုင်း အဿာသ-ကိုဝင်လေဟု ပြန်သောကြောင့် ထိုနှင့်ညီစေ ရန် ဝင်ကုန်ထွက်ကုန်သော ဟု မြန်မာပြန်ထားသည်။ အဿာသပဿာသ ပုဒ်အဖွင့်ကို ဝင်လေ ထွက်လေ-ဟု ပြန်သင့်ကြောင်း(သာကေကို) ဝ ပိုဒ် နံပါတ်(၂၂၄) ၌ ရှုရလေကုန်။—ဤပြဆိုထားအပ်သည်း။)

အထ၊ ထိုအခါ၌။ ဓညမာပကဂဏနံ၊ စပါးခြင်သူ၏ ရေတွက်ခြင်းမျိုး ဖြစ်သော။ ဒန္ဓဂဏနံ၊ နှေးနှေး ရေတွက်ခြင်းကို။ ပဟာယ၊ ပယ်၍။ ဂေါပါလက- ဂဏနာယ၊ နွားကျောင်းသား၏ ရေတွက်ခြင်းမျိုးဖြစ်သော။ သီဃ- ဂဏနာယ၊ လျင်လျင်မြန်မြန် ရေတွက်ခြင်းဖြင့်။ အနေန၊ ဤယောဂီသည်။ ဂဏေတဗ္ဗံ၊ ရေတွက်အပ်၏။ ဟိ၊ ခဲ့ပြဦးအံ့။ ဆေကော ဂေါပါလကော၊ ကျွမ်းကျင်လိမ္မာသော နွားကျောင်းသားသည်။ သက္ခရာဒယော၊ ကျောက် စရစ် စသည်တို့ကို။ ဥစ္ဆင်္ဂေန ဂဟေတွာ၊ ခါးပိုက်ဖြင့် ယူ၍။ ရဇ္ဇုဒဏ္ဍ- ဟတ္ထော၊ ကြိုးနှင့်ဝါးရင်းတုတ်ကို လက်နှင့်ကိုင်လျက်။ ပါတောဝ၊ နံ

နက်စေ၁စေ၁ကပင်။ ဝဇံ ဂန္တ္ဝာ၊ ခြံသို့သွား၍။ ဂါဝေါ၊ နွားတို့ကို။ ဥပ္ပါယံ ပဟာရိတွာ၊ ကျောက်ကုန်း၌ ပုတ်ခတ်လျက်။ ပလိဃတ္ထမ္ဘမတ္ထကေ၊ တံခါး တိုင်ထိပ်၌။ နိသိန္နော၊ ထိုင်လျက်။ ဒွါရပ္ပတ္တံ ဒွါရပ္ပတ္တံယေဝ၊ တံခါးဝသို့ ရောက်လာတိုင်း ရောက်လာတိုင်းသော။ ဂါဝိံ ဧဝ၊ နွားကိုသာလျှင်။ သက္ခရံ ခိပိတွာ၊ ကြောက်စရစ်ဖြင့် ပစ်ခတ်၍။ ဧကာ ဒွေတိ၊ တစ်, နှစ်-စသည်ဖြင့်။ ဂဏေတိ၊ ရေတွက်၏။ သမ္ဗာဓေ ဩကာသေ၊ ကျဉ်းမြောင်းသော အရပ်၌။ တိယာမရတ္တိံ၊ ညဉ့်သုံးယံပတ်လုံး။ ဒုက္ခံ ဝုတ္ထဂေါဂဏော၊ ဆင်းရဲစွာနေရ သော နွားအပေါင်းသည်။ နိက္ခမန္တော နိက္ခမန္တော၊ ထွက်လာ ထွက်လာ လတ်သည်ရှိသော်။ အညမညံ၊ အချင်းချင်း။ ဥပနိဃံသန္တော၊ တိုးဝှေ့ ပွတ်တိုက်လျက်။ ဝေဂေန ဝေဂေန၊ လျင်စွာ လျင်စွာ။ ပုဉ္ဇပုဉ္ဇော ဟုတွာ နိက္ခမတိ၊ အစုလိုက် အစုလိုက် ထွက်၏။ သော၊ ထိုနွားကျောင်းသမားသည်။ "တီဏိ စတ္တာရိ ပဉ္စ ဒသာ"တိ၊ (၃၊ ၄၊ ၅၊ ၁၀) စသည်ဖြင့်။ ဂဏေတိ-ယေဝ၊ ရေတွက်သည်သာလျှင်တည်း။ ဧဝံ၊ ထို့အတူပင်လျှင်။ ဣမဿာပိ၊ ဤယောဂီရဟန်းအားလည်း။ ပုရိမနယေန၊ ရှေး၌ပြခဲ့သော အနေနည်းဖြင့်။ ဂဏယတော၊ ရေတွက်နေစဉ်။ အဿာသပဿာသာ၊ ဝင်လေ—ထွက်လေတို့ သည်။ ပါကဋာ ဟုတွာ၊ ထင်ရှားကုန်လျက်။ သီဃံ သီဃံ၊ လျင်စွာလျင်စွာ။ ပုနပ္ပုနံ၊ အဖန်ဖန်။ သဉ္စရန္တိ၊ ဝင်ကုန် ထွက်ကုန်၏။ တတော၊ ထိုအခါ၌။ အနေန၊ ဤယောဂီသည်။ "ပုနပ္ပုနံ သဉ္စရန္တီ" တိ ဉတွာ၊ အဖန်ဖန် ဝင်ကုန် ထွက်ကုန်သည်-ဟု သိလျက်။ အန္တော စ၊ အတွင်း၌လည်းကောင်း။ ဗဟိ စ၊ အပြင်ပ၌လည်းကောင်း။ အဂဟေတွာ၊ မယူမူ၍။ ဒွါရပ္ပတ္တံ ဒွါရပ္ပတ္တံယေဝ၊ နှာသီးဝသို့ ရောက်လာတိုင်း ရောက်လာတိုင်းသော ဝင်လေ-ထွက်လေတို့ကို သာလျှင်။ ဂဟေတွာ၊ ယူလျက်။ "ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ၊ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်။ ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ သတ္တ၊ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်။ ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ သတ္တ အဋ္ဌ၊ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်,။ ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ သတ္တ အဋ္ဌ နဝ၊ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်, ကိုး,။ ဧကော ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ သတ္တ အဋ္ဌ နဝ ဒသာ"တိ၊ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်, ကိုး, တစ်ဆယ်-ဟူ၍။ သီဃံ သီဃံ ဂဏေတဗ္ဗမေဝ၊ လျင်စွာလျင်စွာ ရေတွက်အပ်သည်သာလျှင်တည်း။ (ဤနေရာ၌ ရေတွက်ပုံ အလွန်ခက်သည်။ ပြည်နိဿယနှင့် ပရမတ္ထသရူပဒီပနီကျမ်းတို့တွင်ကြည့်ရှုလေ ဦး။) ဟိ၊ မှန်ပေ၏။ ဂဏနပဋိဗဒ္ဓေ ကမ္မဋ္ဌာနေ၊ ရေတွက်ခြင်းနှင့် စပ်သော

ကမ္မဋ္ဌာန်း၌။ ဂဏနဗလေနေ၀၊ ရေတွက်ခြင်း၏အစွမ်းဖြင့်ပင်လျှင်။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ ဟောတိ၊တစ်ခုတည်းသောအာရုံရှိလျက် တည်ကြည်ပေ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ စဏ္ဍသောတေ၊ ရေစီးသန်သော ရေအယဉ်၌။ အရိတ္တုပတ္ထမ္ဘနဝသေန၊ ထိုး၀ါးအကူအညီ၏ အစွမ်းအားဖြင့်။ နာ၀ါဋ္ဌပနမိ၀၊ လှေ၏ရပ်တည်ခြင်းကဲ့သို့ပင်တည်း။

ဧဝံ၊ ဤသို့။ သီဃံ သီဃံ ဂဏယတော၊ လျင်စွာလျင်စွာရေတွက်နေသော။ တဿ၊ ထိုယောဂီအား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းအာရုံသည်။ နိရန္တရံ ပဝတ္တံ ဝိယ၊ အပြတ်အခြားမရှိပဲ တည်သကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။ အထ၊ ထိုအခါ၌။ နိရန္တရံ ပဝတ္တတီတိ ဉတွာ၊ အရပ်အခြားမရှိပဲ မပြတ်ဖြစ်နေသည်ဟု သိပြီးလျှင်။ အန္တော စ ဝါတံ၊ အတွင်းသို့ဝင်သွားသော လေကိုလည်းကောင်း။ ဗဟိ စ ဝါတံ၊ အပြင်သို့ထွက်သွားသောလေကိုလည်းကောင်း။ အပရိဂ္ဂဟေတွာ၊ နှလုံးမသွင်းမူ၍။ ပုရိမနယေနေ၀၊ ရှေးနည်းဖြင့်ပင်လျှင်၊ ဝေဂေန ဝေဂေန၊ လျင်စွာ လျင်စွာ၊ ဂဏေတဗ္ဗံ၊ ရေတွက်အပ်၏။ ဟိ၊ မှန်ပေ၏။ အန္တောပဝိသနဝါတေန သဒ္ဓိံ၊ အတွင်းသို့ဝင်သော လေနှင့်အတူ။ စိတ္တံ ပဝေသယတော၊ စိတ်ကို ငင်စေလျှင်။ ဝါ၊ ဝင်စေသော ယောဂီအား။ အဗ္ဘန္တရံ၊ ကိုယ်တွင်းအရပ်သည်။ ဝါတဗ္ဘာဟတံ ဝိယ၊ လေဖြင့်ခတ်အပ်သကဲ့သို့လည်းကောင်း။ မေဒပူရိတံ ဝိယ၊ အဆီဖြင့်ပြည့်နေသကဲ့သို့လည်းကောင်း။ ဟောတိ၊ ဖြစ်တတ်၏။ ဗဟိ နိက္ခမနဝါတေန သဒ္ဓိံ၊ အပြင်သို့ထွက်သွားသော လေနှင့်အတူ။ စိတ္တံ နီဟရတော၊ စိတ်ကိုထုတ်ဆောင်လျှင်။ ဝါ၊ ထုတ်ဆောင်သော ယောဂီအား။ ဗဟိဒ္ဓါ၊ အပြင်ပ၌။ ပုထုတ္တာရမ္မဏေ၊ အထူးထူးသောအာရုံ၌။ စိတ္တံ၊ စိတ်သည်။ ဝိက္ခိပတိ၊ ပျံ့လွင့်တတ်၏။ ပန၊ စင်စစ်သော်ကား။ ဖုဋ္ဌဖုဋ္ဌောကာသေ၊ ထိရာထိရာအရပ်၌သာလျှင်။ သတိံ ဌပေတွာ၊ သတိကိုထား၍။ ဘာဝေန္တဿေဝ၊ ပွားစေသူအားသာလျှင်။ ဘာဝနာ၊ ဘာဝနာသည်။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ တေန၊ ထို့ကြောင့်။ "အန္တော စ ဝါတံ၊ အတွင်းသို့ ဝင်သွားသော လေကို လည်းကောင်း။ ဗဟိ စ ဝါတံ၊ အပြင်သို့ထွက်သွားသောလေကို လည်းကောင်း။ အပရိဂ္ဂဟေတွာ၊ မသွင်း မသိမ်းဆည်းမူ၍။ ပုရိမနယေနေ၀၊ ရှေးနည်းဖြင့်ပင်လျှင်။ ဝေဂေန ဝေဂေန၊ လျင်စွာလျင်စွာ။ ဂဏေတဗ္ဗံ၊ရေတွက်အပ်၏။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုခဲ့ပြီ။

ကီဝစိရံ၊ အဘယ်မျှလောက်ကြာအောင်။ တံ၊ ဤဝင်လေ ထွက်လေ။ ကို။ ဂဏေတဗ္ဗံ၊ ရေတွက်အပ်ပါသနည်း?။ ဂဏနာယ ဝိနာ၊ ရေတွက်ခြင်း

နှင့် ကင်း၍။ အဿာသပဿာသာရမ္မဏော၊ ဝင်လေ-ထွက်လေ အာရုံ၌။ သတိ၊ သတိသည်။ ယာဝ သန္တိဋ္ဌတိ၊ ကောင်းစွာတည်သည့်တိုင်အောင်။ ဂဏေတဗ္ဗံ၊ ရေတွက်အပ်၏။ ဟိ၊ မှန်၏။ ဂဏနာ၊ ရေတွက်ခြင်းသည်။ ဗဟိ-ဝိသဋဝိတက္ကဝိစ္ဆေဒံ၊ အပြင်ပ၌ပျံ့သွားနေသောဝိတက်၏ပြတ်စဲခြင်းကို။ ကတွာ၊ ပြု၍။ အဿာသပဿာသာရမ္မဏော၊ ဝင်လေ-ထွက်လေ အာရုံ၌။ သတိ-သဏ္ဌာပနတ္ထံယေဝ၊ သတိကိုကောင်းစွာတည်စေခြင်း အကျိုးငှာသာလျှင်။ ဟောတိ၊ ဖြစ်၏။

(၂၇၂) ၂၂၄။ ဧဝံ၊ ဤသို့ဆိုခဲ့သည့်အတိုင်း။ ဂဏနာယ၊ ရေတွက်ခြင်း—ဂဏနာနည်းဖြင့်။ မနသိ ကတွာ၊ နှလုံးသွင်းပြီးလျှင်။ အနုဗန္ဓနာယ၊ အစဉ်လိုက်ခြင်း—အနုဗန္ဓနာနည်းဖြင့်။ မနသိ ကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ အနုဗန္ဓနာ နာမ၊ အစဉ်လိုက်ခြင်း—အနုဗန္ဓနာ မည်သည်ကား။ ဂဏနံ ပဋိ-သံဟရိတွာ၊ ရေတွက်ခြင်းကို ရုပ်သိမ်း၍။ အဿာသပဿာသာနံ၊ ဝင်လေ ထွက်လေတို့ကို။ နိရန္တရံ၊ အခြားအပြတ်မရှိပဲ။ သတိယာ၊ အမှတ်သတိဖြင့်။ အနုဂမနံ၊ အစဉ်လိုက်ခြင်းပေတည်း။ တဉ္စ ခေါ၊ ထို အစဉ်လိုက်ခြင်းသည်လည်း။ အာဒိမဇ္ဈပရိယောသာနာနုဂမနဝသေန၊ အစ, အလယ်, အဆုံးတို့ကို အစဉ်လိုက်သည်၏ အစွမ်းအားဖြင့်။ (အနုဂမနံ၊ အစဉ်လိုက်ခြင်းမျိုးသည်။—ထည့်။) န၊ မဟုတ်ပေ။ ဟိ၊ ချဲ့၍ပြဦးအံ့။ ဗဟိနိက္ခမနဝါတဿ၊ အပြင်သို့ထွက်သော လေ၏။ အာဒိ၊ အစကား။ နာဘိ၊ ချက်ပေတည်း။ မဇ္ဈံ၊ အလယ်ကား။ ဟဒယံ၊ ရင်ချိုင့်အရပ်ပေတည်း။ ပရိယောသာနံ၊ အဆုံးကား။ နာသိကဂ္ဂံ၊ နှာသီးဖျားပေတည်း။ အဗ္ဘန္တရပဝိသနဝါတဿ၊ အတွင်းသို့ဝင်သော လေ၏။ အာဒိ၊ အစကား။ နာသိကဂ္ဂံ၊ နှာသီးဖျားပေတည်း။ မဇ္ဈံ၊ အလယ်ကား။ ဟဒယံ၊ ရင်ချိုင့်အရပ်ပေတည်း။ ပရိယောသာနံ၊ အဆုံးကား။ နာဘိ၊ ချက်ပေတည်း။ တဉ္စ၊ ထို အစ, အလယ်, အဆုံး—ကို။ အနု-ဂစ္ဆတော၊ အစဉ်လိုက်သော။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပဂတံ၊ ပျံ့လွင့်ခြင်းသို့ရောက်လျှက်။ သာရဒ္ဒါယ စေဝ၊ ပူပန် ပင်ပန်းခြင်းငှာ လည်းကောင်း။ ဣဉ္ဇနာယ စ၊ ကမ္မဋ္ဌာန်းနှလုံးသွင်းမှု လှုပ်ရှားခြင်းငှာ လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ယထာဟ၊ ဘုရား ဘယ်ကဲ့သို့ဟောသနည်း ဟူမူကား—

> "အဿာသာဒိမဇ္ဈပရိယောသာနံ၊ ဝင်လေ၏ အစ, အလယ်, အဆုံးကို။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ်လိုက်သော ပုဂ္ဂိုလ်အား။ အဇ္ဈတ္တံ ဝိက္ခေပဂတေန စိတ္တေန၊ အတွင်း၌ ပျံ့လွင့်

ခြင်းသို့ရောက်သော စိတ်ဖြင့်။ ကာယောပိ၊ ကိုယ်သည်လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်သည် လည်းကောင်း။ သာရဒ္ဓါ စ ဟောန္တိ၊ ပူပန် ပင်ပန်းမှုနှင့် တကွဖြစ်ကုန်၏။ ဣဉ္ဇိတာ စ၊ တုန်လည်း တုန်ကုန်၏။ ဖန္ဒိတာ စ၊ လှုပ်လည်း လှုပ်ကုန်၏။ ပဿာသာဒိမဇ္ဈပရိယောသာနံ၊ ထွက်လေ၏ အစ, အလယ်, အဆုံး ကို။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆတော၊ လိုက်သောယောဂီအား။ ဗဟိဒ္ဓါ၊ အပြင်ပ၌။ ဝိက္ခေပဂတေန စိတ္တေန၊ ပျံ့လွင့်ခြင်းသို့ရောက်သော စိတ်ဖြင့်။ ကာယောပိ၊ ကိုယ်သည်လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်သည် လည်းကောင်း။ သာရဒ္ဓါ စ ဟောန္တိ၊ ပူမှုနှင့် တကွဖြစ်ကုန်၏။ ဣဉ္ဇိတာ စ ဟောန္တိ၊ တုန်လည်း တုန်ကုန်၏။ ဖန္ဒိတာ စ၊ လှုပ်လည်း လှုပ်ကုန်၏။" ဣတိ–အယံ၊ ဤသည်ကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်တည်း။

တသ္မာ၊ ထို့ကြောင့်။ အနုဗန္ဓနာယ၊ အနုဗန္ဓနာနည်းဖြင့်။ မနသိကရောန္တေန၊ နှလုံးသွင်း ရှုမှတ်သော ယောဂီသည်။ အာဒိမဇ္ဈပရိယောသာနဝသေန၊ ဝင်လေ–ထွက်လေတို့၏ အစ, အလယ်, အဆုံး–တို့၏ အစွမ်းအားဖြင့်။ န မနသိ ကာတဗ္ဗံ၊ အစဉ်လိုက်၍ နှလုံးမသွင်းအပ်ပေ။ အပိ စ ခေါ၊ စင်စစ်သော်ကား။ ဖုသနာဝသေန စ၊ ထိရာ၏အစွမ်းအားဖြင့် လည်းကောင်း။ ဌပနာဝသေန စ၊ စိတ်ကိုထားခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ဟိ၊ မှန်ပေ၏။ ဂဏနာနုဗန္ဓနာဝသေန၊ ဂဏနာနည်း အနုဗန္ဓနာနည်းတို့၏ အစွမ်းအားဖြင့်။ ဝိသုံ၊ အသီးအခြား။ မနသိကာရော နတ္ထိ ဝိယ၊ နှလုံးသွင်းခြင်း မရှိသကဲ့သို့။ ဖုသနာဌပနာဝသေန၊ ဖုသနာ, ဌပနာတို့၏ အစွမ်းအားဖြင့်။ ဝိသုံ၊ အသီးအခြား။ မနသိ ကာရော၊ နှလုံးသွင်းခြင်းသည်။ နတ္ထိ၊ မရှိပေ။ ပန၊ စင်စစ်အားဖြင့်မူကား။ ဖုဋ္ဌဖုဋ္ဌဋ္ဌာနေ ယေဝ၊ ထိရာ ထိရာ ဌာန၌သာလျှင်။ ဂဏေန္တော၊ ရေတွက်နေလျှင်။ ဂဏနာယ စ၊ ဂဏနာဖြင့်လည်းကောင်း။ ဖုသနာယ စ၊ ဖုသနာဖြင့်လည်းကောင်း။ မနသိ ကရောတိ၊ နှလုံးသွင်းနေ၏။ တတ္ထေဝ၊ ထို ထိရာဌာန၌ပင်လျှင်။ ဂဏနံ၊ ရေတွက်ခြင်းကို။ ပဋိသံဟရိတွာ၊ ရုတ်သိမ်း၍။ တေ၊ ထို ဝင်လေ–ထွက်လေတို့ကို။ သတိယာ၊ သတိဖြင့်။ အနုဗန္ဓန္တော၊ အစဉ်လိုက်နေလျှင်လည်းကောင်း။ အပ္ပနာဝသေန စ၊ အပ္ပနာ၏ အစွမ်းအားဖြင့်လည်း။ စိတ္တံ၊ စိတ်ကို။ ဌပေန္တော စ၊ ထားလျှင်သော်လည်းကောင်း။ အနုဗန္ဓနာယ စ၊ အနုဗန္ဓနာဖြင့်လည်းကောင်း။ ဖုသနာယ စ၊ ဖုသနာဖြင့်လည်းကောင်း။ ဌပနာယ စ၊ ဌပနာဖြင့်လည်းကောင်း။ မနသိ ကရောတိ၊ နှလုံးသွင်း၏။ ဣတိ၊ သို့။ ဝုစ္စတိ၊ ဆိုအပ်ပေ

၏။ သွာယံ—သော အယံ အတ္တော၊ ထိုဆိုခဲ့သော ဤအနက်ကို။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ဝုတ္တပင်္ဂုဠဒေါဝါရိကူပမာဟိ၊ ပြဆိုထားသော သူဆွံ့ဥပမာ, တံခါးစောင့် ဥပမာတို့ဖြင့် လည်းကောင်း။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်၌။ ဝုတ္တကကစူပမာယ စ၊ ဆိုထားသော လွှ-ဥပမာဖြင့်လည်းကောင်း။ ဒေ့ဒိ-တဗ္ဗော၊ သိအပ်၏။

၂၂၅။ တတြ၊ ထိုဥပမာတို့တွင်။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ပင်္ဂုဠူပမာ၊ သူဆွံ့ ဥပမာပေတည်း။-ပင်္ဂုဠော၊ သူဆွံ့သည်။ ဒေါလာယ၊ ပုခက်ဖြင့်။ ကီဠတံ မာတာ ပုတ္တာနံ၊ ကစားနေကြသော သားအမိတို့၏။ ဒေါလံ ခိပိတွာ၊ ပုခက်ကို လွှဲလျက်။ တဿေဝ ဒေါလာထမ္ဘမူလေ၊ ထိုပုခက် တိုင်အနီး၌ ငါ။ နိသိ န္နော၊ ထိုင်နေလျှင်။ ကမေန အာဂစ္ဆန္တဿ စ၊ အစဉ် အတိုင်း လာသည်လည်းဖြစ်သော။ ကမေန ဂစ္ဆန္တဿ စ၊ အစဉ်အတိုင်း သွားသည်လည်းဖြစ်သော။ ဒေါလာဖလကဿ၊ ပုခက်ပျဉ်ချပ်၏။ ဥဘော ကောဋိယော စ၊ နှစ်ဘက်အစွန်းတို့ကိုလည်းကောင်း။ မဇ္ဈဉ္စ၊ အလယ်ကို လည်းကောင်း။ ပဿတိ၊ မြင်၏။ ဥဘောကောဋိမဇ္ဈာနံ၊ နှစ်ဘက်အစွန်းနှင့် အလယ်တို့ကို။ ဒဿနတ္ထံ၊ မြင်ခြင်းအကျိုးငှာ။ ဝါ၊ မြင်အောင်။ န စ ဗျာဝဋော ဟောတိ၊ ကြောင့်ကြ မစိုက်ရသကဲ့သို့ ဖြစ်၏။ ဧဝမေဝ၊ ဤ အတူသာလျှင်။ အယံ ဘိက္ခု၊ ဤ ယောဂီရဟန်းသည်။ သတိဝသေန၊ သတိ၏ အစွမ်းအားဖြင့်။ ဥပနိဗန္ဓနထမ္ဘမူလေ၊ ချည်တိုင်အနီး၌။ ဝါ၊ ဝင်လေ—ထွက် လေ၏ ထိခိုက်ရာ နှာသီးဖျား,အထက်နှုတ်ခမ်း၌။ ဌတွာ၊ တည်၍။ အဿာသ-ပဿာသဒေါလံ၊ ဝင်လေ ထွက်လေဟူသော ပုခက်ကို။ ခိပိတွာ၊ ပစ်လွှဲ လျက်။ တတ္ထေဝ နိမိတ္တေ၊ ထို နှာသီးဖျားနှင့် အထက်နှုတ်ခမ်းဟူသော နိမိတ်၌ပင်လျှင်။ သတိယာ၊ သတိဖြင့်။ နိသီဒန္တော၊ ထိုင်နေလတ်သော်။ ကမေန၊ အစဉ်အတိုင်း။ အာဂစ္ဆန္တာနဉ္စ၊ လာသည်လည်းဖြစ်ကုန်သော။ ဂစ္ဆန္တာနဉ္စ၊ သွားသည်လည်းဖြစ်ကုန်သော။ အဿာသပဿာသာနံ၊ ဝင်လေ ထွက်လေတို့၏။ ဖုဋ္ဌဋ္ဌာနေ၊ ထိရာအရပ်၌။ အာဒိမဇ္ဈပရိယောသာနံ၊ အစ, အလယ်, အဆုံးကို။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆန္တော စ၊ အစဉ်လိုက် သည်ဖြစ်၍လည်းကောင်း။ တတ္ထ၊ ထိုအရပ်၌။ စိတ္တံ ဌပေန္တော စ၊ စိတ်ကို ထားသည်ဖြစ်၍လည်းကောင်း။ ပဿတိ၊ ရှုမြင်၏။ တေသံ၊ ထို အစ, အလယ်, အဆုံးတို့ကို။ ဒဿနတ္ထံ၊ ရှုမြင်ခြင်းအကျိုးငှာ။ ဝါ၊ ရှုမြင်နိုင်အောင်။ ဗျာဝဋော၊ ကြောင့်ကြ စိုက်ရသည်။ န ဟောတိ၊ မဖြစ်ပေ။ တနည်း—န စ ဗျာဝဋော ဟောတိ၊ ကြောင့်ကြ မစိုက်ရပေ။ အယံ၊ ဤသည်ကား။ ပင်္ဂုဠူပမာ၊ သူဆွံ့ ဥပမာပေတည်း။

(၂၇၃) ၂၂၆။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဒေါ ၁ ါရိကူပမာ၊ တံခါးစောင့် ဥပမာပေတည်း။—ဒေါဝါရိကော၊ တံခါးစောင့်သည်။ နဂရဿ အဗ္ဘန္တရ စ၊ မြို့၏အတွင်း၌လည်းကောင်း။ နဂရဿ ဗဟိ စ၊ မြို့၏အပြင်၌လည်းကောင်း။ ပုရိသေ၊ လူတို့ကို။ “ကော တွံ၊ သင်ကား မည်သူနည်း။ ကုတော ဝါ အာဂတော၊ ဘယ်မှ လာခဲ့သနည်း။ ကုဟိံ ဝါ ဂစ္ဆသိ၊ ဘယ်သို့ သွားမည်နည်း။ တေ၊ သင်၏။ ဟတ္ထေ၊ လက်၌။ ကိံ ဝါ၊ အဘယ်ပစ္စည်းနည်း။” ဣတိ အာဒိနာ၊ ဤသို့စသည်ဖြင့်။ န ဝီမံသတိ၊ မစူးစမ်းပေ။ ဟိ၊ မှန်ပေ၏။ တေ၊ ထို မြို့တွင်း မြို့ပြင်၌ လူတို့သည်။ တဿ၊ ထိုတံခါးစောင့်၏။ န ဘာရာ၊ တာဝန်မဟုတ်ပေ။ ပန၊ စင်စစ်သော်ကား။ ဒွါရပ္ပတ္တံ ဒွါရပ္ပတ္တံယေဝ၊ တံခါးပေါက် တံခါးပေါက်သို့ ရောက်လာသော လူကိုသာလျှင်။ ဝီမံသတိ သေဿ္တာထာပိ၊ စူးစမ်းသကဲ့သို့။ ဧဝမေဝ၊ ထို့အတူ ပင်။ အန္တောပဝိဋ္ဌဝါတာ စ၊ အတွင်းသို့ဝင်သွားသော လေတို့သည်လည်းကောင်း။ ဗဟိနိက္ခန္တဝါတာ စ၊ အပြင်သို့ထွက်သွားသော လေတို့သည် လည်းကောင်း။ ဣမဿ ဘိက္ခုနော၊ ဤ ယောဂီရဟန်း၏။ န ဘာရာ ဟောန္တိ၊ တာဝန်မဟုတ်ကုန်။ ဒွါရပ္ပတ္တာ ဒွါရပ္ပတ္တာယေဝ၊ နှာသီးဝသို့ နှာသီး ဝသို့ ရောက်လာတိုင်း ရောက်လာတိုင်းသော ဝင်လေ—ထွက်လေတို့သည် သာလျှင်။ ဘာရာ၊ ပြုရန်တာဝန်များ ဖြစ်ကြပေ၏။ ဣတိ-အယံ၊ ဤသည် ကား။ ဒေါဝါရိကူပမာ၊ တံခါးစောင့် ဥပမာပေ တည်း။

၂၂၇။ ကကစူပမာ ပန၊ လွှ-ဥပမာကိုကား။ အာဒိတော ပဋ္ဌာယ၊ အစမှ စ၍။ ဧဝံ၊ ဤသို့ ပြဆိုမည့်အတိုင်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဟိ၊ မှန်ပေ၏။ ဧတံ၊ ဤ အောက်ပါစကားကို။ ထေရေန၊ အရှင်သာရိပုတ္တရာ မထေရ်သည်။ ဝုတ္တံ၊ ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူအပ်၏။—

“ဒ္ဒိမိတ္တဥ္စ၊ သတိဖြင့် စိတ်ကိုဖွဲ့ချည်ရာ နှာသီးဖျားနှင့် အထက် နှုတ်ခမ်းဟူသော နိမိတ်သည်လည်းကောင်း။ (နိမိတ္တန္တိ ဥပနိဗန္ဓနံ စိတ္တံ—ဟူသော မဟာဋီကာအရ စိတ်ကိုဖွဲ့ချည်ကြောင်းဖြစ်သော ကြောင့် သတိကို ဥပနိဗန္ဓနာ—ဟု ဆို၏။ ထိုသတိ၏ ရှူ-ရှိုက်လေတို့ကို မှတ်ကြောင်းဖြစ်သောကြောင့် ရှူ—ရှိုက်လေတို့၏ ထိခိုက်ရာ နှာသီး ဖျားနှင့် အထက်နှုတ်ခမ်းကို ဥပနိဗန္ဓနာနိမိတ်—ဟု မဟာဋီကာအဖွင့် အရ ပြန်ဆိုသည်။)အဿာသပဿာသာ စ၊ ဝင်လေ-ထွက်လေတို့သည် လည်းကောင်း။ ဧကစိတ္တဿ၊ တစ်ခုတည်းသောစိတ်၏။အနာရမ္မဏာ၊

အာရုံမဟုတ်ပေ။ တယော ဓမ္မာ၊ နိမိတ်, ဝင်လေ, ထွက်လေ ဟူသော သုံးပါးသောတရားတို့ကို။ အဇာနတော၊ မသိသောပုဂ္ဂိုလ်အား။ ဘာဝနာ၊ အာနာပါနဿတိ သမာဓိဘာဝနာကို။ န ဥပလဗ္ဘတိ၊ မရနိုင်သည် မဟုတ်လော။

နိမိတ္တဉ္စ၊ နိမိတ်သည်လည်းကောင်း။ အဿာသပဿာသာ စ၊ ဝင်လေ-ထွက်လေတို့သည်လည်းကောင်း။ ဧကစိတ္တဿ၊ တစ်ခုတည်းသောစိတ်၏။ အနာရမ္မဏာ၊ အာရုံမဟုတ်ပေ။ စ၊ သို့သော်လည်း။ တယော ဓမ္မေ၊ သုံးပါးသောတရားတို့ကို။ ဇာနတော၊ သိသောသူအား။ ဘာဝနာ၊ အာနာပါနဿတိ သမာဓိဘာဝနာကို။ ဥပလဗ္ဘတိ၊ ရနိုင်ပေ၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။''—

ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသောတရားတို့သည်။ ဧကစိတ္တဿ၊ တစ်ခုတည်းသောစိတ်၏။ အာရမ္မဏာ၊ အာရုံတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ စ၊ ထိုသို့ဖြစ်ပါလျက်။ ကထံ၊ အဘယ်သို့လျှင်။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသောတရားတို့ကို။ အဝိဒိတာ၊ မသိအပ်သည်။ န၊ မဟုတ်ပဲ။ ဝိဒိတာ ဟောန္တိ၊ သိအပ်ပါကုန်သနည်း။ စိတ္တဉ္စ၊ စိတ်သည်လည်း။ ကထံ၊ အဘယ်သို့လျှင်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်ပါသနည်း။ ပဓာနဉ္စ၊ အားထုတ်မှု-လုံ့လသည်လည်း။ ကထံ ပညာယတိ၊ အဘယ်သို့ ထင်ပါသနည်း။ ပယောဂဉ္စ၊ ယှဉ်စေခြင်း, ပြုလုပ်ခြင်း—ကိစ္စကိုလည်း။ ကထံ သာဓေတိ၊ အဘယ်သို့ ပြီးစေပါသနည်း။ ဝိသေသံ၊ အထူး-ဝိသေသကိုလည်း။ ကထံ အဓိဂစ္ဆတိ၊ အဘယ်သို့ ရပါသနည်း?။—

သေယျထာပိ၊ ဥပမာသော်ကား။ သမေ ဘူမိဘာဂေ၊ ညီသောမြေအပြင်၌။ နိက္ခိတ္တော၊ ချထားအပ်သော။ ရုက္ခော၊ သစ်တုံးတစ်ခုသည်။ အတ္ထိ၊ ရှိ၏။ တမေနံ၊ ထိုသစ်တုံးကို။ ပုရိသော၊ ယောကျ်ားသည်။ ကကစေန ဆိန္ဒေယျ၊ လှဖြင့် ဖြတ်ရာ၏။ ရုက္ခေ၊ သစ်တုံး၌။ ဖုဋ္ဌကကစဒန္တာနံ ဝသေန၊ ထိခိုက်သော လွှသွားတို့၏ အစွမ်းအားဖြင့်။ ပုရိသဿ သတိ၊ ထိုယောကျ်ား၏ သတိသည်။ ဥပဋ္ဌိတာ ဟောတိ၊ ထင်၏။ အာဂတေ ဝါ၊ လာသည်လည်း ဖြစ်ကုန်သော။ ဂတေ ဝါ၊ သွားသည်လည်း ဖြစ်ကုန်သော။ တန်ည်း- အာဂတေ ဝါ ဂတေ ဝါ၊ လာကုန် သွားကုန်သော။ ကကစဒန္တေ၊ လွှသွားတို့ကိုလည်း။ န မနသိကရောတိ၊ နှလုံးမသွင်းပေ။ အာဂတာ ဝါ၊ လာသည်လည်း

ဖြစ်ကုန်သော။ ဂတာ ဝါ၊ သွားသည်လည်းဖြစ်ကုန်သော။ တနည်း– အာဂတာ ဝါ ဂတာ ဝါ၊ လာကုန်သွားကုန်သော။ ကကစဒန္တာ၊ လွှသွားတို့ကို။ အဝိဒိတာ၊ မသိအပ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပဓာနဉ္စ၊ လွှတိုက်မှုလုံ့လသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဉ္စ သာဓေတိ၊ သစ်တုံးကိုဖြတ်မှု-ပယောဂကိုလည်း ပြီး၏။ ဝိသေသံ၊ နှစ်ပိုင်း,သုံးပိုင်း စသည်ဖြတ်ခြင်းဟူသော အထူးကိုလည်း။အဓိဂစ္ဆတိ၊ ရ၏။

သမေ ဘူမိဘာဂေ၊ ညီညွတ်သော မြေအပြင်၌။ နိက္ခိတ္တော၊ ချထားသော။ ရုက္ခော ယထာ၊ သစ်တုံးကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ဥပနိဗန္ဓနာနိမိတ္တံ၊ သတိဖြင့်ဖွဲ့ချည်ရာ နိမိတ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တကစဒန္တာ ယထာ၊ လွှသွားတို့ကဲ့သို့။ ဧဝံ၊ ဤအတူပင်။ အဿာသ-ပဿာသာ၊ ဝင်လေ ထွက်လေတို့ကို။ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ရုက္ခေ၊ သစ်တုံး၌။ဖုဋ္ဌကကစဒန္တာနံ ဝသေန၊တိုက်ထိသော လွှသွားတို့၏အစွမ်းအားဖြင့်။ ပုရိသဿ၊ ယောကျ်ား၏။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ ဟောတိ ယထာ၊ ထင်သကဲ့သို့ လည်းကောင်း။ အာဂတေ ဝါ ဂတေ ဝါ၊ လာကုန်သွားကုန်သော။ ကကစဒန္တေ၊ လွှသွားတို့ကို။ န မနသိ ကရောတိ ယထာ၊နှလုံးမသွင်းသကဲ့သို့လည်းကောင်း။ အာဂတာ ဝါ ဂတာ ဝါ၊ လာကုန် သွားကုန်သော။ ကကစဒန္တာ၊ လွှသွားတို့ကို။ အဝိဒိတာ၊မသိအပ်ကုန်သည်။ န ဟောန္တိ၊မဖြစ်ကုန်။ ပဓာနဉ္စ၊လွှတိုက်မှုလုံ့လသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဉ္စ သာဓေတိ၊ သစ်တုံးကိုဖြတ်မှု–ပယောဂကိုလည်း ပြီးစေ၏။ ဝိသေသံ၊ နှစ်ပိုင်း,သုံးပိုင်း စသည် ဖြတ်ခြင်းဟူသော အထူး ဝိသေသကို။ အဓိဂစ္ဆတိ ယထာ၊ ရသကဲ့သို့ လည်းကောင်း။ ဧဝမေဝ၊ ဤအတူပင်။ ဘိက္ခု၊ ရဟန်းသည်။ နာသိကဂ္ဂေ ဝါ၊ နှာသီးဖျား၌ဖြစ်စေ။ မုခနိမိတ္တေ ဝါ၊ မုခနိမိတ်ခေါ်သော အထက်နှုတ်ခမ်း၌ဖြစ်စေ။ သတိဥပဋ္ဌပေတွာ၊ သတိကို ထင်စေ ဖြစ်စေလျက်။ နိသိန္နော ဟောတိ၊ ထိုင်နေ၏။ အာဂတေ ဝါ ဂတေ ဝါ၊ လာကုန် သွားကုန်သော။ အဿာသ-ပဿာသေ၊ ဝင်လေ-ထွက်လေတို့ကို။ န မနသိ ကရောတိ၊ နှလုံး မသွင်း။ စ၊ သို့သော်လည်း။ အာဂတာ ဝါ ဂတာ ဝါ၊ လာကုန် သွားကုန်သော။ အဿာသပဿာသာ၊ ဝင်လေ ထွက်လေတို့ကို။ (၂၇၄) အဝိဒိတာ၊ မသိအပ်ကုန်သည်လည်း။ န ဟောန္တိ၊ မဖြစ်ကုန်။ တနည်း—အဝိဒိတာ န ဟောန္တိ၊ မသိအပ်ကုန်သည်လည်း

မဟုတ်ကုန်၊ သိအပ်ကုန်၏။ ပဓာနဉ္စ ပညာယတိ၊ အားထုတ်မှု လုံ့လသည်လည်း ထင်၏။ ပယောဂဉ္စ သာဓေတိ၊ ယှဉ်စေခြင်း ကိစ္စကိုသည်း ပြီးစေ၏။ ဝိသေသံ အဓိဂစ္ဆတိ၊ အထူး—ဝိသေသကို လည်း ရ၏။

ပဓာနန္တိ ပဒဿ၊ ၏။ အတ္ထော၊ ကို။ ဇော၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ ပဓာနံ၊ အားထုတ်မှု—လုံ့လဟူသည်။ ကတမံ၊ နည်း?။ အာရဒ္ဓ-ဝီရိယဿ၊ အားထုတ်သောလုံ့လရှိသော ယောဂီ၏။ ကာယောပိ၊ ကိုယ်သည်လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်သည်လည်းကောင်း။ ကမ္မနိယံ ဟောတိ၊ ဘာဝနာပွားစေရန် ခံ့ကျန်း သန့်စွမ်းပေ၏။ ဣဒံ၊ ဤ ခံ့ကျန်း သန့်စွမ်းကြောင်းဖြစ်သော လုံ့လသည်။ ပဓာနံ၊ အားထုတ်မှု—ပဓာန ပေတည်း။ ပယောဂေါ၊ ယှဉ်စေခြင်း—ကိစ္စပယောဂ ဟူသည်။ ကတမော၊ အဘယ်နည်း?။ အာရဒ္ဓဝီရိယဿ၊ အားထုတ်သော လုံ့လရှိသော ယောဂီ၏(သန္တာန်၌)။ ဥပက္ကိလေသာ၊ စိတ်၏ညစ်ညူး ကြောင်း နီဝရဏတို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ ဝိတက္ကာ၊ မိစ္ဆာဝိတက်တို့သည်။ ဝူပသမန္တိ၊ ငြိမ်းကုန်၏။ အယံ၊ ဤ နီဝရဏ, မိစ္ဆာဝိတက်တို့ ကင်းငြိမ်းကြောင်းဖြစ်သော ရှုမှတ်–အားထုတ်ခြင်း သည်။ ပယောဂေါ၊ ယှဉ်စေခြင်း—ကိစ္စပယောဂ ပေတည်း။ ဝိသေသော၊ အထူး ဝိသေသ ဟူသည်။ ကတမော၊ အဘယ်နည်း?။ အာရဒ္ဓဝီရိယဿ၊အားထုတ်သော-လုံ့လရှိသောယောဂီ၏(သန္တာန်၌)။ သံယောဇနာ၊ သံယောဇဉ်တို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ တနည်း—သံယောဇနာ ပဟီယန္တိ၊ သံယောဇဉ်တို့သည် ကင်းကုန်၏။ အနုသယာ၊ နုသယ ကိလေသာတို့သည်။ ဗျန္တိ ဟောန္တိ၊ အစွမ်းအစမျှ မကျန်မကြွင်း ကင်းကုန်၏။ အယံ၊ ဤသံယောဇဉ်နှင့် ကိလေသာတို့ ၏ ကင်းခြင်းသည်။ဝိသေသော၊ အထူး–ဝိသေသ ပေတည်း။ ဧဝံ၊ ဤ ဆိုခဲ့သည့်အတိုင်း။ ဣမေ တယော ဓမ္မာ၊ ဤ သုံးပါးသောတရားတို့ သည်။ ဧကစိတ္တဿ၊ တစ်ခုတည်းသော စိတ်၏။ အာရမ္မဏာ န ဟောန္တိ၊ အာရုံမဟုတ်ကြကုန်။ စ၊ သို့သော်သည်း။ ဣမေ တယော ဓမ္မာ၊ ဤ သုံးပါးသောတရားတို့ကို။ အဝိဒိတာ၊ မသိအပ်ကုန်သည်။ န ဟောန္တိ၊မဖြစ်ကုန်။တနည်း အဝိဒိတာ န ဟောန္တိ၊ မသိအပ်ကုန်သည် မဟုတ်၊ သိအပ်ကုန်၏။ စိတ္တဉ္စ၊ စိတ်သည်လည်း။ ဝိက္ခေပံ၊ ပျံ့လွင့် ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်ပေ။ ပဓာနဉ္စ၊ အားထုတ်မှု–လုံ့လသည်

လည်း။ ပညာယတိ၊ ထင်ပေ၏။ ပယောဂဥ္စ၊ ယှဉ်စေခြင်း-ကိစ္စကို လည်း။ သာဓေတိ၊ ပြီးစေ၏။ ဝိသေသံ၊ အထူး-ဝိသေသကိုလည်း။ အဓိဂစ္ဆတိ၊ ရပေ၏။

အာနာပါနဿတိ၊ အာနာပါနဿတိကို။ ယထာ၊ အကြင်အခြင်း အရာအားဖြင့်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော် မူအပ်၏။ (တထာ၊ ထိုဟောတော်မူသည့်အတိုင်း။—ထည့်။) ယဿ၊ အကြင်ရဟန်းသည်။ အနုပုဗ္ဗံ၊ အစဉ်အတိုင်း။ ပရိစိတာ၊ လေ့လာအပ်၏။ သုဘာဝိတာ၊ ကောင်းစွာ ပွားစေအပ်၏။ ပရိပုဏ္ဏာ၊ အချင်းခပ်သိမ်း ပြည့်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အဗ္ဘာ မုတ္တော၊ တိမ်တိုက်မှ လွတ်သော။ စန္ဒိမာ ဣဝ၊ လ-ကဲ့သို့။ ဣမံ လောကံ၊ ဤလောကကို။ ပဘာသေတိ၊ ထွန်းလင်းစေနိုင်၏။"

အယံ၊ ဤသည်ကား။ ကကစူပမာ၊ လွှ-ဥပမာပေတည်း။ ဣဓ ပန၊ ဤ လွှ-ဥပမာ၌ကား။ အဿ၊ ထိုယောဂီရဟန်း၏။ အာဂတာဂတဝသေန၊ လာ သောလေ သွားသောလေတို့၏ အလိုအားဖြင့်။ အမနသိကာရမတ္တမေဝ၊ နှလုံး မသွင်းခြင်းမျှသည်သာလျှင်။ ပယောဇနံ၊ အကျိုးပေတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

၂၂၈။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤအာနာပါနကမ္မဋ္ဌာန်းကို။ မနသိကရောတော၊ နှလုံးသွင်းသော။ ကဿစိ၊ အချို့ပုဂ္ဂိုလ်အား။ န စိရေနေဝ၊ မကြာမီပင် လျှင်။ နိမိတ္တဥ္စ ဥပ္ပဇ္ဇတိ၊ ပဋိဘာဂနိမိတ်သည်လည်း ဖြစ်ပေါ်၏။ အဝသေသ- ဈာနင်္ဂပဋိမဏ္ဍိတာ၊ ကြွင်းသောဈာန်အင်္ဂါတို့ဖြင့် တန်ဆာဆင်အပ်သော။ အပ္ပနာသင်္ခါတာ ဌပနာ စ၊ အပ္ပနာ-ခေါ်သော စိတ်ကိုထားတတ်သော သမာဓိသည်လည်း။ သမ္ပဇ္ဇတိ၊ ပြီးစီး ပြည့်စုံ၏။ ကဿစိ ပန၊ အချို့သော ပုဂ္ဂိုလ်မှာမူကား။ ဂဏနာဝသေန၊ ရေတွက်ခြင်း၏ အစွမ်းအားဖြင့်။ မနသိ- ကာရတော ဧဝ (ဧဝ-ရှေ့ထိုင်) ပဘုတိ၊ နှလုံးသွင်းသောကာလမှ စ၍ပင် လျှင်။ အနုက္ကမတော၊ အစဉ်အတိုင်း။ ဩဠာရိကအဿာသပဿာသ— နိရောဓဝသေန၊ ရုန့်ရင်းသော ငင်လေ-ဘက်လေတို့ ချုပ်သည်၏အစွမ်း အားဖြင့်။ ကာယဒရထေ ဝူပသန္တေ၊ ကိုယ်၏ ပူပန်-ပင်ပန်းခြင်း ငြိမ်းလတ် သော်။ ကာယောပိ၊ ကိုယ်သည် လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်သည် လည်း ကောင်း။ လဟုကံ ဟောတိ၊ ပေါ့ပါး လျင်မြန်၏။ တနည်း-ကာယောပိ လဟုကံ ဟောတိ၊ ကိုယ်လည်း ပေါ့ပါး၏။ စိတ္တမ္ပိ လဟုကံ ဟောတိ၊ စိတ်

လည်း ပေါ်ပါး၏။ သရီရံ၊ ကိုယ်သည်။ အာကာသေ၊ ကောင်းကင်၌။ လဃ်နာကာရပ္ပတ္တံ ဝိယ၊ ပေါ့ပျံတက်သောအခြေအနေ ရောက်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ယထာ၊ ဥပမာသော်ကား။ သာရဒ္ဓကာယဿ၊ ကိုယ်၏ပူပန်ခြင်းရှိသော သူသည်။ မဇ္ဈေ ဝါ၊ ညောင်စောင်း၌ လည်းကောင်း။ ပီဌေ ဝါ၊ အင်းပျဉ်၌ လည်းကောင်း။ နိသီဒတော၊ ထိုင်နေလျှင်။ မဉ္စပီဌံ၊ ညောင်စောင်း, အင်းပျဉ်သည်။ ဩနမတိ၊ ညွတ်ကျ၏။ ဝိကူဇတိ၊ ကျိတ်ကျိတ် အသံမြည်၏။ ပစ္စတ္ထရဏံ၊ အိပ်ရာခင်းသည်။ ဝလိံ ဂဏှာတိ၊ တွန့်သွား၏။ အသာရဒ္ဓကာယဿ ပန၊ ကိုယ် ပူပန်ခြင်းကင်းသော သူသည်ကား။ နိသီဒတော၊ ထိုင်နေလျှင်ကား။ မဉ္စပီဌံ၊ ညောင်စောင်း, အင်းပျဉ်သည်။ နေဝ ဩနမတိ၊ ညွတ်မကျ။ န ဝိကူဇတိ၊ အသံမမြည်။ ပစ္စတ္ထရဏံ၊ အိပ်ရာခင်းသည်။ န ဝလိံ ဂဏှာတိ၊ မတွန့်။ မဉ္စ ပီဌံ၊ ညောင်စောင်း အင်းပျဉ်သည်။ တူလပိစုပူရိတံ ဝိယ ဟောတိ၊ မှို့ဂွမ်းတို့ဖြင့် ပြည့်နေသကဲ့သို့ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း?ဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ အသာရဒ္ဓါ၊ ပူပန်-ပင်ပန်းခြင်း မရှိသော။ ကာယော၊ ကိုယ်သည်။ လဟုကော ဟောတိ၊ ပေါ့ပါး၏။ ဧဝမေဝ၊ ထို့အတူပင်လျှင်။ ဂဏနာဝသေန၊ ရေတွက်ခြင်း၏ အစွမ်းအားဖြင့်။ မနသိကာရကာလတော ပဘုတိ၊ နှလုံးသွင်းသော ကာလမှ စ၍။ အနုက္ကမတော၊ အစဉ်အတိုင်း။ ဩဠာရိကအဿာသ-ပဿာသနိရောဓဝသေန၊ ရုန့်ရင်းသော ဝင်လေ-ထွက်လေတို့ ချုပ်သည်၏ အစွမ်းအားဖြင့်။ ကာယဒရထေ ဝူပသန္တေ၊ ကိုယ်၏ပင်ပန်းခြင်း ငြိမ်းလတ်သော်။ ကာယောပိ လဟုကော ဟောတိ၊ ကိုယ်လည်း ပေါ့၏။ စိတ္တမ္ပိ လဟုကံ ဟောတိ၊ စိတ်လည်း ပေါ့၏။ သရီရံ၊ ကိုယ်သည်။ အာကာသေ၊ ကောင်း ကင်၌။ ဝါ၊ ကောင်းကင်သို့။ လဃ်နာကာရပ္ပတ္တံ ဝိယ ဟောတိ၊ ပေါ့ပျံတက်နေသော အခြင်းအရာသို့ ရောက်သကဲ့သို့ဖြစ်၏။

(၂၇၅) တဿ၊ ထိုယောဂီအား။ ဝါ၊ ၏။ ဩဠာရိကေ၊ ရုန့်ရင်းသော။ အဿာသပဿာသေ နိရုဒ္ဓေ၊ ဝင်လေ-ထွက်လေ ချုပ်သွားသည်ရှိသော်။ ဝါ၊ ဝင်လေ-ထွက်လေ ချုပ်သွားလျှင်။ သုခုမအဿာသပဿာသ-နိမိတ္တာရမ္မဏံ စိတ္တံ၊ သိမ်မွေ့သော ဝင်လေ ထွက်လေ နိမိတ်လျှင် အာရုံရှိသော စိတ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ တသ္မိမ္ပိ နိရုဒ္ဓေ၊ ထိုသိမ်မွေ့သော ဝင်လေ ထွက်လေ ချုပ်သွားသည်ရှိသော်။ ဝါ၊ ချုပ်သွားပြန်လျှင်လည်း။ အပရာပရံ၊ အဆင့်ဆင့်။ တတော သုခုမတရံ သုခုမတရံ၊ ထို့ထက် သာ၍သာ၍ သိမ်မွေ့သော။ နိမိတ္တာရမ္မဏံ၊ ဝင်လေ-ထွက်လေ နိမိတ်လျှင် အာရုံရှိသော။

စိတ္တံ၊ စိတ်သည်။ ပဝတ္တတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ကထံ၊ အဘယ်သို့နည်း-ဟူမူ။ ပုရိသော၊ လူတစ်ယောက်သည်။ မဟတိယာ လောဟသလာကာယ၊ ကြီးမားသော သံချောင်းဖြင့်။ ကံသထာလံ၊ ကြေးခွက်,ကြေးလင်ဗန်းကို။ အာကောဋ္ဋေယျ၊ တီးခေါက်ရာ၏။ ဧကပ္ပဟာရေန၊ တီးခေါက်သည်နှင့် တပြိုင်နက်။ မဟာသဒ္ဒေါ ဥပ္ပဇ္ဇေယျ ကြီးမားသောအသံ ဖြစ်ပေါ်လာရာ၏။ တဿ၊ ထိုလူ့အား။ ဝါ၊ ထိုလူ့မှာ။ ဩဠာရိကသဒ္ဒါရမ္မဏံ စိတ္တံ၊ ရုန့်ရင်းသောအသံလျှင် အာရုံရှိသော စိတ်သည်။ ပဝတ္တေယျ၊ ဖြစ်ရာ၏။ ဩဠာရိကေ သဒ္ဒေ၊ ရုန့်ရင်းသော အသံသည်။ နိရုဒ္ဓေ၊ ချုပ်သွားလျှင်။ အထပစ္ဆာ၊ ထို့နောင်မှ။ သုခုမသဒ္ဒနိမိတ္တာရမ္မဏံ၊ သိမ်မွေ့သော အသံနိမိတ်လျှင် အာရုံရှိသော စိတ်သည်။ ပဝတ္တေယျ၊ ဖြစ်ရာ၏။ တသ္မိမ္ပိ နိရုဒ္ဓေ၊ ထိုသိမ်မွေ့သောအသံ ချုပ်သွားပြန်လျှင်လည်း။ အပရာပရံ၊ အဆင့်ဆင့်။ တတော သုခုမတရံ သုခုမတရံ၊ ထို့ထက် သာ၍သာ၍ သိမ်မွေ့သော။ သဒ္ဒနိမိတ္တာရမ္မဏံ၊ အသံနိမိတ်လျှင် အာရုံရှိသော စိတ်သည်။ ပဝတ္တတေဝ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ပဝတ္တေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ စ၊ မှန်ပေ၏။ ဝုတ္တံ၊ ဟောထားအပ်သော။ ဧတံ၊ ဤဆိုလတ္တံ့သောစကားသည်။ အတ္ထိ၊ ရှိပေ၏။ "သေယျထာပိ၊ ဥပမာသော်ကား။ ကံသေ အာကောဋ္ဋိတေ၊ ကြေးခွက်ကို တီးခေါက်လိုက်လျှင်။" ဣတိ၊ ဤသို့သော။ ဝိတ္ထာရော၊ အကျယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၂၂၉။ ဟိ၊ အထူးကိုဆိုဦးအံ့။ အညာနိ ကမ္မဋ္ဌာနာနိ၊ အခြား ကံမ္မဋ္ဌာန်းတို့သည်။ ဥပရူပရိ၊ နောက်နောက် ကာလ၌။ ဝိဘူတာနိ ဟောန္တိ ယထာ၊ ထင်ရှားကုန်သကဲ့သို့။ ဣဒံ၊ ဤကမ္မဋ္ဌာန်းသည်။ တထာ၊ ထို့အတူ။ န၊ မဟုတ်ပေ။ ပန၊ စင်စစ်သော်ကား။ ဣဒံ၊ ဤကမ္မဋ္ဌာန်းသည်။ ဥပရူပရိ ဘာဝေန္တဿ၊ နောက်နောက်ကာလ၌ ပွားစေသောသူအား။ သုခုမတ္တံ၊ သိမ်မွေ့သောအဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ဥပဋ္ဌာနမ္ပိ၊ ထင်ခြင်းသို့သော်လည်း။ န ဥပဂစ္ဆတိ၊ မရောက်ပဲရှိတတ်၏။ ပန၊ ထိုသို့မရောက်သော်လည်း။ ဧဝံ၊ ဤသို့။ တသ္မိံ၊ ထို အာနာပါနကမ္မဋ္ဌာန်းသည်။ အနုပဋ္ဌဟန္တေ၊ မထင်ပဲရှိနေလျှင်။ တေန ဘိက္ခုနာ၊ ထိုယောဂီရဟန်းသည်။ ဥဋ္ဌာယာသနာ၊ နေရာမှထ၍။ စမ္မခဏ္ဍံ ပပ္ဖောဋ္ဋေတွာ၊ သားရေပိုင်းအခင်းကို ခါ၍။ န ဂန္တဗ္ဗံ၊ မသွားအပ်သေး။ ကိံ ကာတဗ္ဗံ၊ အဘယ်သို့ပြုသင့်သနည်း?။ "အာစရိယံ ပုစ္ဆိဿာမိတိ ဝါ၊ ဆရာကိုမေးအံ့"ဟူ၍သော်လည်းကောင်း။ "နဋ္ဌံ ဒါနိ မေ ကမ္မဋ္ဌာနန္တိ ဝါ၊ ယခုအခါ ငါ၏ကမ္မဋ္ဌာန်း ပျောက်သွားပြီ" ဟူ၍လည်း

ကောင်း။ မနသိကရိတွာ၊ နှလုံးသွင်း၍။ န ဝုဋ္ဌာတဗ္ဗံ၊ မထအပ်သေး။ ဟိ၊ အကြောင်းသော်ကား။ ဝါ၊ ဟိ–ယသ္မာ၊ အကြင့်ကြောင့်။ ဣရိယာပထံ ဝိကောပေတွာ၊ ဣရိယာပုထ်ကို ဖျက်၍။ ဂစ္ဆတော၊ ထသွားသောရဟန်း အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ နဝနဝမေဝ ဟောတိ၊ အသစ်အသစ် သာလျှင် ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ယထာနိသိန္နေဝ၊ ထိုင်မြဲ ထိုင်လျက် သာလျှင်။ ဒေသတော၊ ကောတ်အားဖြင့် တိုက်ထိနေကျအရပ်မှ။ အာဟရိတဗ္ဗံ၊ ဆောင်အပ်၏။

တတြ၊ ထိုသို့ဆောင်ရာ၌။ အယံ၊ ယခုဆိုမည့်စကားသည်။ အာဟရဏူပါယော၊ ဆောင်ကြောင်းဖြစ်သော နည်းပေတည်း။ ဟိ၊ ချဲ့ဦးအံ့။ တေန ဘိက္ခုနာ၊ ထိုယောဂီရဟန်းသည်။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်း၏။ အနုပဋ္ဌာနဘာဝံ၊ မထင်သည်၏အဖြစ်ကို။ ဉတွာ၊ သိ၍။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခိတဗ္ဗံ၊ဆင်ခြင်အပ်၏။ ဣမေ အဿာသပဿာသာ နာမ၊ ဤ အသက်ရှူလေရှိုက်လေတို့သည်။ ကတ္ထ အတ္ထိ၊ အဘယ်အရပ်၌ ရှိကြသနည်း။ ကတ္ထ နတ္ထိ၊ အဘယ်အရပ်၌ မရှိကြသနည်း။ ကဿ ဝါ အတ္ထိ၊ အဘယ်ပုဂ္ဂိုလ်အား ရှိကြ သနည်း။ ကဿ ဝါ နတ္ထိ၊ အဘယ်ပုဂ္ဂိုလ်အား မရှိကြသနည်း။ ဣတိ၊ ဤ သို့။ ပဋိသဉ္စိက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ အထ၊ ထိုအခါ၌။ ဧဝံ ပဋိသဉ္စိက္ခတာ၊ ဤသို့ ဆင်ခြင်လိုက်လျှင်။ ဣမေ၊ ဤ ရှူလေ–ရှိုက်လေတို့သည်။ အန္တောမာတုကုစ္ဆိယံ နတ္ထိ၊ အမိဝမ်းတွင်း ပဋိသန္ဓေနေစဉ်၌ မရှိ။ ဥဒကေ နိမုဂ္ဂါနံ နတ္ထိ၊ ရေထဲ၌ နစ်မြုပ်နေသူတို့အား မရှိ။ အသညီဘူတာနံ၊ မေ့မြော နေသူတို့အား။ တထာ၊ ထို့အတူ။ နတ္ထိ၊ မရှိ။ မတာနံ၊ သေသူတို့အား။ နတ္ထိ၊ မရှိ။ စတုတ္ထဇ္ဈာနသမာပန္နာနံ၊ စတုတ္ထစျာန် ဝင်စားနေသူတို့အား။ နတ္ထိ၊ မရှိ။ ရူပါရူပဘဝသမင်္ဂီနံ၊ ရူပဘဝ, အရူပဘဝတို့၌ ရောက်နေသူတို့ အား။ နတ္ထိ၊ မရှိ။ နိရောဓသမာပန္နာနံ နတ္ထီတိ ဉတွာ၊ နိရောဓသမာပတ်သို့ ရောက်နေသောသူတို့အား မရှိ–ဟု သိပြီးလျှင်။ အတ္တနာဝ၊ မိမိကိုယ်တိုင်ပင်။ အတ္တာ၊ မိမိကိုယ်ကို။ ဧဝံ ပဋိစောဒေတဗ္ဗော၊ ဤသို့စောဒနာအပ်၏။ "ပဏ္ဍိတ၊ ပညာရှိ။ (တွံ၊ သင်သည်။–ထည့်။) နေဝ မာတုကုစ္ဆိဂတော နနု၊ အမိဝမ်း၌ ပဋိသန္ဓေနေသူမဟုတ်သည် မဟုတ်တုံလော။ န ဥဒကေ နိမုဂ္ဂေါ နနု၊ ရေထဲ ၌နစ်မြုပ်နေသူမဟုတ်သည် မဟုတ်တုံလော။ န အသညီဘူတော နနု၊ မေ့မြော နေသူမဟုတ်သည် မဟုတ်တုံလော။န မတော နနု၊သေသူမဟုတ်သည် မဟုတ်တုံ လော။ န စတုတ္ထဇ္ဈာနသမာပန္နော နနု၊ စတုတ္ထစျာန် ဝင်စားနေသူမဟုတ် သည် မဟုတ်တုံလော။ န ရူပါရူပဘဝသမင်္ဂီ နနု၊ ရူပဘဝ, အရူပဘဝရောက်

နေသူမဟုတ်သည် မဟုတ်တုံလော။န နိရောဓသမာပန္နော နနု၊နိရောဓသမာပတ် ဝင်ရောက်နေသူမဟုတ်သည် မဟုတ်တုံလော။ (နနု-ပုဒ်တိုင်းယှဉ်။) တေ၊ သင့်အား။ အဿာသပဿာသာ၊ ရှူလေ-ရှိုက်လေတို့သည်။ အတ္ထိယေဝ၊ ရှိကြသည်သာတည်း။ ပန၊ ထိုသို့ရှိသော်လည်း။ မန္ဒပညတာယ၊ ပညာနုံ့သော ကြောင့်။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်းရှုမှတ်ရန်။ န သက္ကောသိ၊ မစွမ်းနိုင်ပဲ ရှိချေ၏။" ဣတိ ပဋိစောဒေတဗ္ဗော၊ ဤသို့ စောဒနာအပ်၏။ အထ၊ ထို့နောင် မှ။ အနေန၊ ဤယောဂီရဟန်းသည်။ ပကတိဖုဋ္ဌဝသေန၊ ပကတိအားဖြင့် တိုက်ထိနေကျအရပ်၏ အစွမ်းအားဖြင့်။ စိတ္တံ ဌပေတွာ၊ စိတ်ကိုထားလျက်။ မနသိကာရော၊ နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဣမေ အဿာသပဿာသာ၊ ဤ ရှူလေ-ရှိုက်လေ တို့သည်။ ဒီဃနာသိကဿ၊ နှာတံရှည်သောသူအား။ နာသာပုဋံ ဃဋ္ဋေန္တာ၊ နှာခေါင်းဖုကို တိုက်ခိုက်ကုန်လျက်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ရဿနာသိကဿ၊ နှာတံတိုသောသူအား။ ဥတ္တရောဋ္ဌံ ဃဋ္ဋေန္တာ၊ အထက်နှုတ်ခမ်းကို တိုက်ခိုက် ကုန်လျက်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အနေန၊ ဤယောဂီ ရဟန်းသည်။ ဣမံ နာမ ဌာနံ၊ ဤမည်သောအရပ်ကို။ ဃဋ္ဋေန္တီတိ၊ တိုက်ခိုက် ကုန်၏-ဟု။ နိမိတ္တံ ဌပေတဗ္ဗံ၊ နိမိတ်ကို ထားအပ်၏။ ဟိ၊ မှန်ပေ၏။ ဣမမေဝ အတ္ထဝသံ ပဋိစ္စ၊ ဤသို့သော ဖြစ်တတ်ပုံအကြောင်းထူးကိုပင် စွဲ၍။ ဘဂ- ဝတာ၊ မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်။ မုဋ္ဌဿတိဿ၊ သတိမရှိသူအား။ ဝါ၊ သတိမေ့သူအား။ အသမ္ပဇာနဿ၊ ဆင်ခြင်ဉာဏ် မရှိသူအား။ အာနာပါနဿတိဘာဝနံ၊ အာနာပါနဿတိ ဘာဝနာကို။ န ဝဒါမိ၊ ဟောတော်မမူ။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော် မူအပ်၏။

(၂၃၆) ၂၃၀။ ဟိ၊ ဆက်၍ဆိုဦးအံ့။ ယံကိဉ္စိ ကမ္မဋ္ဌာနံ၊ အမှတ်မရှိ တစုံတခုသော ကမ္မဋ္ဌာန်းသည်။ ဝါ၊ မည်သည့်ကမ္မဋ္ဌာန်းမဆို။ သတဿ၊ သတိရှိသူအားလည်းကောင်း။ သမ္ပဇာနဿေဝ၊ ဆင်ခြင်ဉာဏ်ရှိသူအားသာ လျှင် လည်းကောင်း။ ကိဉ္စာပိ သမ္ပဇ္ဇတိ၊ အကယ်၍ကား ပြည့်စုံ၏။ ပန၊ ထိုသို့ပြည့်စုံသော်လည်း။ ဣတော အညံ၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်းမှ အခြားကမ္မဋ္ဌာန်းသည်။ ဝါ၊ အခြားကမ္မဋ္ဌာန်းကို။ မနသိကရောန္တဿ၊ နှလုံး သွင်းသောသူအား။ ပါကဋံ ဟောတိ၊ ထင်ရှားပေ၏။ ဣဒံ ပန အာနာပါန- ဿတိကမ္မဋ္ဌာနံ၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား။ ဂရုကံ၊ ဝန်လေး

၏။ ဂရုကဘာဝန်၊ ဝန်လေးသော ဘာဝနာပေတည်း။ ဝါ၊ ပွားစေရန် ဝန်လေးလှပေ၏။ ဗုဒ္ဓပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားသားတော် ဖြစ်ကြကုန်သော။ မဟာပုရိသာနံယေဝ၊ ယောကျ်ားမြတ်တို့၏သာလျှင်။ မနသိကာရဘူမိဘူတံ၊ နှလုံးသွင်းရာဌာန ဖြစ်ပေ၏။ န စေဝ ဣတ္တရံ၊ သေးနုတ်သိမ်ငယ်သည်လည်း မဟုတ်ပေ။ န စ ဣတ္တရသတ္တသမာသေဝိတံ၊ သေးနုတ် သိမ်ငယ်သောပုဂ္ဂိုလ်တို့ မှီဝဲနိုင်ကောင်းသည်လည်းမဟုတ်ပေ။ ယထာ ယထာ၊ အကြင်အကြင် အခြင်းအရာအားဖြင့်။ မနသိကရီယတိ၊ နှလုံးသွင်း၏။ တထာ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ သန္တဉ္စေဝ ဟောဘ်၊ ငြိမ်လည်း ငြိမ်သက်၏။ သုခုမဉ္စ ဟောတိ၊ သိမ်မွေ့လည်း သိမ်မွေ့၏။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌။ ဗလဝတီ၊ အားကောင်းသော။ သတိ စ၊ သတိကိုလည်းကောင်း။ ပညာ စ၊ ပညာကိုလည်းကောင်း။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်ပေ၏။

ဟိ၊ ဥပမာဆောင်၍ ပြဦးအံ့။ မဋ္ဌသာဋကဿ၊ ပါးလွှာချောညက်သော ပုဆိုးကို။ တုန္နကရဏကာလေ၊ ချုပ်သောကာလ၌။ သူစိပိ၊ အပ်ကိုလည်း။ သုခုမာ။ သိမ်မွေ့သည်ကို။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏။ သူစိပါသဝေဓနမ္ပိ၊ အပ်နဖားတွင်းသော စူးကိုလည်း။ တတော သုခုမတရံ၊ ထိုအပ်ထက် သာ၍ သိမ်မွေ့သည်ကို။ ဣစ္ဆိတဗ္ဗံ ယထာ၊ အလိုရှိအပ်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူသာလျှင်။ မဋ္ဌသာဋကသဒိသဿ၊ ပါးလွှာချောညက်သည့် ပုဆိုးနှင့်တူသော။ ဣမဿ ကမ္မဋ္ဌာနဿ၊ ဤ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ ဘာဝနာကာလေ၊ ပွားသောကာလ၌။ သူစိပဋိဘာဂါ သတိပိ၊ အပ်နှင့်တူသော သတိကိုလည်း။ ဗလဝတီ ဣစ္ဆိတဗ္ဗာ၊ အားကောင်းသည်ကို အလိုရှိအပ်၏။ သူစိပါသဝေဓနပဋိဘာဂါ၊ အပ်နဖားထွင်းသောစူးနှင့် တူသော။ တံသမ္ပယုတ္တာ၊ ထိုသတိနှင့်ယှဉ်သော။ ပညာပိ၊ ပညာကိုလည်း။ ဗလဝတီ ဣစ္ဆိတဗ္ဗာ၊ အားကောင်းသည်ကို အလိုရှိအပ်၏။ စ ပန၊ ထိုမှတပါး။ တာဟိ သတိပညာဟိ၊ ထိုသတိပညာတို့နှင့်။ သမန္နာဂတေန ဘိက္ခုနာ၊ ပြည့်စုံသော ရဟန်းသည်လည်း။ တေ အဿာသပဿာသာ၊ ထို အသက်ရှူလေ-ရှိုက်လေတို့ကို။ ပကတိဖုဋ္ဌောကာသာ၊ ထိနေကျဖြစ်သော နှာသီးဖျားနှင့် အထက်နှုတ်ခမ်းအရပ်မှ တပါးသောအရပ်ကို။ အညတြ၊ ကြဉ်၍။ န ပရိယေသိတဗ္ဗာ၊ မရှာမှီးအပ်ပေ။

ပန၊ ဥပမာအားဖြင့် ပြဦးအံ့။ ကဿကော၊ လယ်သမားသည်။ ကသိံ ကသိတွာ၊ လယ်ထွန်ခြင်းကိုပြုပြီးလျှင်။ ဗလိဗဒ္ဒေ မုဉ္စိတွာ၊ နွားတို့ကို လွှတ် လိုက်ပြီးလျှင်။ ဂေါစရမုခေ ကတွာ၊ စားကျက်ဆီသို့ ရှေးရှုမောင်းလိုက်၍။ ဆာယာယ နိသိန္နော၊ အရိပ်၌ ထိုင်နေလျက်။ ဝိဿမေယျ၊ အပန်းဖြေနေရာ ၏။ အထ၊ ထိုသို့အပန်းဖြေနေစဉ်။ အဿ၊ ထိုလယ်သမား၏။ တေ ဗလိဗဒ္ဒါ၊ ထိုနွားတို့သည်။ ဝေဂေန၊ လျင်စွာ၊ အဋဝိံ ပဝိသေယျုံ၊ တောထဲသို့ ဝင် သွားလေကုန်ရာ၏။ ယော ကဿကော၊ အကြင်လယ်သမားသည်။ဆေကော ဟောတိ၊ ကျွမ်းကျင်လိမ္မာ၏။ သော၊ ထိုကျွမ်းကျင်လိမ္မာသော လယ်သမား သည်။ ပုန၊ တဖန်။ တေ ဂဟေတွာ၊ ထိုနွားတို့ကို ဖမ်းယူ၍။ ယောဇေတု- ကာမော၊ ထွန်ခြင်းအမှု၌ ယှဉ်စေလို၍။ တနည်း-ပုန၊တဖန်။ တေ ဂဟေတွာ၊ ထိုနွားတို့ကို ဖမ်းယူ၍။ ယောဇေတုကာမော၊ ထွန်ခြင်းအမှု၌ ယှဉ်စေလို သော။ သော ကဿကော၊ သည်။ တေသံ၊ ထိုနွားတို့၏။ အနုပဒံ ဂန္တွာ၊ ခြေရာအစဉ်အတိုင်းလိုက်၍။ န အဋဝိံ အာဟိဏ္ဍတိ၊ တောထဲ၌ မလှည့် လည်ပေ။ အထ ခေါ၊ စင်စစ်သော်ကား။ ရသ္မိံ ဥ၊ ကြိုးကိုလည်းကောင်း။ ပတောဒဥ္စ၊ နှင်တံကိုလည်းကောင်း။ ဂဟေတွာ၊ ယူ၍။ တေသံ၊ ထိုနွားတို့ ၏။ နိပါတနတိတ္ထံ၊ သွားရောက်နေကျ ရေဆိပ်သို့သာလျှင်။ ဥဇုကမေဝ ဂန္တွာ၊ ဖြောင့်ဖြောင့်သွား၍။ နိသီဒတိ ဝါ၊ ထိုင်မူလည်းထိုင်နေ၏။ နိပဇ္ဇတိ ဝါ၊ လျောင်း၍မူလည်း နေ၏။ အထ၊ ထိုသို့နေစဉ်။ တေ ဂေါဏေ၊ ထိုနွားတို့ကို။ ဒိဝသဘာဂံ၊ တစ်နေ့ပတ်လုံး။ စရိတွာ၊ ကျက်စားပြီးလျှင်။ နိပါတနတိတ္ထံ၊ သွားရောက်နေကျ ရေဆိပ်သို့။ ဩတရိတွာ၊ သက်ဆင်းကြ၍။ နှာတွာ စ၊ ရေချိုးကြ၍လည်းကောင်း။ ပိဝိတွာ စ၊ ရေသောက်ကြ၍လည်း ကောင်း။ ပစ္စုတ္တရိတွာ၊ ပြန်တက်၍။ ဌိတေ ဒိသွာ၊ တည်နေကြသည်ကို တွေ့မြင်၍။ ရသ္မိယာ ဗန္ဓိတွာ၊ ကြိုးဖြင့် ဖွဲ့ချည်ပြီးလျှင်။ ပတောဒေန ဝိဇ္ဈန္တော၊ နှင်တံဖြင့် ထိုးလျက်။ ဝါ ။ ထိုးကာ။ အာနေတွာ၊ ဆောင်ယူခဲ့ ၍။ ယောဇေတွာ၊ ထွန်၌ က-ပြီးလျှင်။ ပုန၊ တဖန်။ ကမ္မံ ကရောတိ ယထာ၊ လယ်ထွန်မှုကို ပြုသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်လျှင်။ တေန ဘိက္ခုနာ၊ ထိုယောဂီရဟန်းသည်။ တေ အဿာသပဿာသာ၊ ထို ရှုလေ-ရှိုက်လေတို့ကို။ ပကတိဖုဋ္ဌောကာသာ၊ ထိနေကျဖြစ်သော နှာသီးဖျားနှင့် အထက်နှုတ်ခမ်း အရပ်မှ တပါးသောအရပ်ကို။ အညတြ၊ ကြဉ်ထား၍။ န ပရိယေသိတဗ္ဗာ၊ မရှာမှီးအပ်ပေ။ ပန၊ စင်စစ်သော်ကား။ သတိရသ္မိံ စ၊ သတိတည်းဟူသော ကြိုးကိုလည်းကောင်း။ ပညာပတောဒဥ္စ၊ ပညာတည်းဟူသော နှင်တံကိုလည်း ကောင်း။ ဂဟေတွာ၊ ယူ၍။ ပကတိဖုဋ္ဌောကာသေ၊ ၌။ စိတ္တံ ဌပေတွာ၊

စိတ်ကိုထားလျက်။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဟိ၊ အကျိုးကား။ ဧဝံ မနသိကရောတော၊ ဤသို့ နှလုံးသွင်းနေလျှင်။ ဝါ၊ ဤသို့နှလုံးသွင်းနေသော။ အဿ၊ ထိုယောဂီရဟန်းအား။ န စိရဿေဝ၊ မကြာမီသာလျှင်။ တေ၊ ထို ရှူလေ-ရှိုက်လေတို့သည်။ နိပါတနတိတ္ထေ၊ သွားရောက်နေကျ ရေဆိပ်၌။ ဂေါဏာ ဝိယ၊ နွားတို့ကဲ့သို့။ ဥပဋ္ဌဟန္တိ၊ ထင်ပေါ်ကုန်၏။ တတော၊ ထိုအခါ၌။ အနေန၊ ထိုရဟန်းသည်။ သတိရသ္မိယာ ဗန္ဓိတွာ၊ သတိတည်းဟူသောကြိုးဖြင့် ဖွဲ့ချည်၍။ တသ္မိံယေဝ ဌာနေ၊ ထို ထိုရာဌာန၌ပင်လျှင်။ ယောဇေတွာ၊ ယှဉ်စေ၍။ ပညာပတောဒေန၊ ပညာတည်းဟူသော နှင်တံဖြင့်။ ဝိဇ္ဈန္တေန၊ ထိုးသဖြင့်။ ဝါ၊ ထိုးလျက်။ ပုနပ္ပုနံ၊ အဖန်ဖန်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ အနုယုဉ္ဇိတဗ္ဗံ၊ အားထုတ်အပ်ပေသတည်း။

၂၃၁။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနုယုဉ္ဇတော၊ အားထုတ်သော။ ဟဿ၊ ထိုယောဂီအား။ န စိရဿေဝ၊ မကြာမြင့်မီပင်။ နိမိတ္တံ ဥပဋ္ဌာတိ၊ ဥဂ္ဂဟနိမိတ်—ပဋိဘာဂနိမိတ်သည် ထင်၏။ (နိမိတ္တံ-ဟူသောပုဒ်အရ နိမိတ်ဟူသည်ကား ဥဂ္ဂဟနိမိတ်, ပရိဘာဂနိမိတ် နှစ်မျိုးလုံးကို တပေါင်းတည်း ဆိုထားသည်။ —ဋီ-၁၊ ၃၃၄) တံ-ဧတံ နိမိတ္တံ၊ ထိုသို့ထင်ပေါ်သော ဤ ဥဂ္ဂဟနိမိတ်—ပဋိဘာ နိမိတ်သည်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော ပုဂ္ဂိုလ်တို့အား။ ဧကသဒိသံ၊ တစ်ထပ်တည်း တူသည်။ န ဟောတိ၊ မဖြစ်ပေ။ အပိစ ခေါ၊ စင်စစ်သော်ကား။ ကဿစိ၊ အချို့သော ယောဂီရဟန်းအား။ သုခသမ္ဖဿံ ဥပ္ပါဒယမာနော၊ ချမ်းသာသောအတွေ့ကို ဖြစ်စေလျက်။ တူလပိစု ဝိယ စ၊ လဲမှို့ကဲ့သို့ လည်းကောင်း။ ကပ္ပါသပိစု ဝိယ စ၊ ဝါဂွမ်းကဲ့သို့ လည်းကောင်း။ ဝါတဓာရာ ဝိယ စ၊ လေအယဉ်ကဲ့သို့ လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်၏။ ဣတိ၊ ဤသို့။ ဧကစ္စေ၊ အချို့သောဆရာတို့သည်။ ဝါ၊ အချို့သောဆရာတို့က။ အာဟု၊ ဆိုကြ၏။

(၂၃၃) အယံ ပန၊ ယခုဆိုမည့်စကားသည်ကား။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ဝိနိစ္ဆယော၊ ပြဆိုထားသော အဆုံးအဖြတ်ပေတည်း။ ဣဒံ နိမိတ္တံ၊ ဤအာနာပါန နိမိတ်သည်။ ကဿစိ၊ အချို့ပုဂ္ဂိုလ်အား။ တာရကရူပံ ဝိယ စ၊ ကြယ်ရောင်ကဲ့သို့ လည်းကောင်း။ မဏိဂုဠိကာ ဝိယ စ၊ ကျောက်နီပုတီးလုံးကဲ့သို့ လည်းကောင်း။ မုတ္တာဂုဠိကာ ဝိယ စ၊ ပုလဲပုတီးလုံးကဲ့သို့ လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်၏။ ကဿစိ၊ အချို့ပုဂ္ဂိုလ်အား။ ခရသမ္ဖဿံ ဟုတွာ၊ ကြမ်းသောအတွေ့ရှိလျက်။ ကပ္ပါသဋ္ဌိ ဝိယ စ၊ ဝါရိုးကဲ့သို့

လည်းကောင်း။ ဒါရုသာရသူစိ ဝိယ စ၊ သစ်သားနှစ် တံကျင်ကဲ့သို့ လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်၏။ တနည်း–ကဿစိ၊ အား။ ကပ္ပါသဋ္ဌိ ဝိယ စ၊ ဝါရိုးကဲ့သို့ လည်းကောင်း။ ဒါရုသာရသူစိ ဝိယ စ၊ သစ်သားနှစ် တံကျင်ကဲ့သို့ လည်းကောင်း။ ခရသမ္ဖဿံ ဟုတ္ဝာ၊ လျက်။ ဥပဋ္ဌာတိ၊ ၏။ ကဿစိ၊ အချို့သောပုဂ္ဂိုလ်အား။ ဒီဃပါမင်္ဂသုတ္တံ ဝိယ စ၊ ရှည်သော ဆောက်လုံးကြိုးကဲ့သို့ လည်းကောင်း။ ဝါ၊ စလွယ်ကြိုးကဲ့သို့ လည်းကောင်း။ ကုသုမဒါမံ ဝိယ စ၊ ပန်းဆိုင်းကဲ့သို့ လည်းကောင်း။ ဓူမသိခါ ဝိယ စ၊ မီးခိုးညွန့်ကဲ့သို့ လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်၏။ ကဿစိ၊ အချို့သောပုဂ္ဂိုလ်အား။ ဝိတ္ထတံ၊ ကြယ်ပြန့်သော။ မက္ကဋကသုတ္တံ ဝိယ စ၊ ပင့်ကူချည်မြှင်အိမ်ကဲ့သို့ လည်းကောင်း။ ဝလာဟကပဋလံ ဝိယ စ၊ တိမ်လွှာကဲ့သို့ လည်းကောင်း။ ပဒုမပုပ္ဖံ ဝိယ စ၊ ပဒုမ္မာကြာပွင့်ကဲ့သို့ လည်းကောင်း။ ရထစက္ကံ ဝိယ စ၊ ရထားဘီးကဲ့သို့ လည်းကောင်း။ စန္ဒမဏ္ဍလံ ဝိယ စ၊ လ ဝန်းကဲ့သို့လည်းကောင်း။ သူရိယမဏ္ဍလံ ဝိယ စ၊ နေဝန်းကဲ့သို့ လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်၏။ တဉ္စ ေတံ ကမ္မဋ္ဌာနံ၊ ထိုသို့ထင်သော ဤကမ္မဋ္ဌာန်းသည်။ သမ္ဗဟုလေသု ဘိက္ခူသု၊ များစွာသော ရဟန်းတို့သည်။ သုတ္တန္တံ သဇ္ဈာယိတွာ၊ သုတ္တန်ပါဠိကို သရဇ္ဈာယ်လျက်။ နိသိန္နေသု၊ ထိုင်နေကြကုန်သည်ရှိသော်။ တနည်း- သုတ္တန္တံ သဇ္ဈာယိတွာ၊ တစ်ခုသောသုတ်ကို ရွတ်ဆိုလျက်။ နိသိန္နေသု၊ ထိုင်နေကုန်သော။ သမ္ဗဟုလေသု ဘိက္ခူသု၊ များစွာသော ရဟန်းတို့တွင်။ ဧကေန ဘိက္ခုနာ၊ တစ်ပါးသော ရဟန်းသည်။ ဝါ၊ တစ်ပါးသော ရဟန်းက။ "တုမှာကံ၊ အရှင်တို့အား။ ဣဒံ သုတ္တံ၊ ဤသုတ်သည်။ ကီဒိသံ ဟုတွာ ဥပဋ္ဌာတိ၊ အဘယ်သို့သဘောရှိလျက် ထင်ပါသနည်း။" ဣတိ၊ ဤသို့။ ဝုတ္တေ၊ မေးလတ်သော်။ ဧကော၊ တစ်ပါးက။ "မယှံ၊ ငါ့အား။ ဝါ၊ ငါ့မှာ။ မဟတီ၊ ကြီးစွာသော။ ပဗ္ဗတေယျာ နဒီ ဝိယ ဟုတွာ၊ တောင်ကျချောင်းကဲ့သို့ ဖြစ်လျက်။ ဥပဋ္ဌာတိ၊ ထင်၏။" ဣတိ အာဟ၊ ဤသို့ ပြောဆို၏။ အပရော၊ အခြားသော ရဟန်းတစ်ပါးက။ "မယှံ ငါ့အား။ ဝါ၊ ငါ့မှာ။ ဧကာ ဝနရာဇိ ဝိယ၊ တစ်ခုသော တောရေးကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်၏။" အညော၊ အခြားသော ရဟန်းတစ်ပါးက။ "မယှံ၊ ငါ့အား။ ဝါ၊ ငါ့မှာ။ သီတစ္ဆာယော၊ အေးသောအရိပ်ရှိသော။ သာခါသမ္ပန္နော၊ အကိုင်းအခက်တို့နှင့် ပြည့်စုံသော။ ဖလဘာရဘရိတရုက္ခော၊ အသီးဝန်ဖြင့် ညွတ်ကျလျက်ရှိသော။ ဧကော ဝိယ၊ သစ်ပင်တစ်ပင်ကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်၏။" ဣတိ အာဟ ဤသို့ပြောဆို၏။ ဟိ၊ အထူးထူး အပြားပြား ထင်ခြင်း၏အကြောင်းကို ဆိုဦးအံ့။ တံ ဧကမေဝ သုတ္တံ၊ ထို တစ်သုတ်တည်း

သည်ပင်လျှင်။ တေသံ၊ ထိုဂုဟန်းတို့အား။ သညာနာနတာယ၊ အမှတ်သညာချင်း မတူပဲကွဲပြားခြင်းကြောင့်။ နာနတော ဥပဋ္ဌာတိ ဝိယ၊ ကွဲပြားသော အားဖြင့် ထင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းသည်လည်း။ ဧကမေဝ၊ တစ်ခုတည်းသာ ဖြစ်ပါလျက်။ သညာနာနတာယ၊ အမှတ်သညာချင်းမတူပဲ ကွဲပြားခြင်းကြောင့်။ နာနတော ဥပဋ္ဌာတိ၊ ကွဲပြားသော အားဖြင့် ထင်၏။ ဟိ၊ မှန်ပေ၏။ တေံ၊ ဤကမ္မဋ္ဌာန်းအာရုံ နိမိတ်သည်။ သညဇံ၊ မှန်းဆချွဲသော ဘာဝနာသညာကြောင့် ဖြစ်ပေ၏။ သညာနိဒါနံ၊ ဘာဝနာသညာလျှင် အကြောင်းရှိပေ၏။ သညာပဘဝံ၊ ဘာဝနာသညာလျှင် အမွန်အစရှိပေ၏။ တသ္မာ၊ ထို့ကြောင့်။ သညာနာနတာယ၊ အမှတ်သညာချင်း မတူပဲ ကွဲပြားခြင်းကြောင့်၊ နာနတော ဥပဋ္ဌာတိ၊ ကွဲပြားသောအားဖြင့် ထင်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဧတ္ထ စ၊ ဝင်လေ, ထွက်လေ, နိမိတ်–ဟူသော ဤသုံးပါးတို့တွင်လည်း။ အဿာသာရမ္မဏံ၊ ဝင်လေကိုအာရုံပြုသော။ စိတ္တံ စိတ်သည်။ အညမေဝ၊ အခြားသာတည်း။ ပဿာသာရမ္မဏံ၊ ထွက်လေကိုအာရုံပြုသော စိတ်သည်။ အညံ၊ အခြားသာတည်း။ နိမိတ္တာရမ္မဏံ၊ နိမိတ်ကိုအာရုံပြုသော စိတ်သည်။ အညံ၊ အခြားသာတည်း။ ဟိ၊ ဗျတိရိတ်ကို ဆိုဦးအံ့။ ဝါ၊ဆန့်ကျင်ဘက်ကို ဆိုဦးအံ့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝါ၊ အကြင်ပုဂ္ဂိုလ်မှာ။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသော တရားတို့သည်။ နတ္ထိ၊ ကမ္မဋ္ဌာန်းအာရုံအဖြစ်ဖြင့် မရှိကုန်ငြားအံ့။ တဿ ကမ္မဋ္ဌာနံ၊ ထိုပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းသည်။ နေဝ အပ္ပနံ ပါပုဏာတိ၊ အပ္ပနာသို့ မရောက်နိုင်သည် သာတည်း။ န ဥပစာရံ ပါပုဏာတိ၊ ဥပစာသို့လည်း မရောက်နိုင်သည်သာတည်း။ ယဿ ပန၊ အကြင်ပုဂ္ဂိုလ်မှာမူကား။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသော တရားတို့သည်။ အတ္ထိ–သန္တိ၊ ရှိကုန်၏။ တဿေဝ ကမ္မဋ္ဌာနံ၊ ထိုပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းသည်သာလျှင်။ ဥပစာရဉ္စ ပါပုဏာတိ၊ ဥပစာသို့လည်း ရောက်၏။ အပ္ပနဉ္စ ပါပုဏာတိ၊ အပ္ပနာသို့လည်း ရောက်၏။ ဟိ၊ မှန်ပေ၏။ တေံ၊ ဤ အောက်ပါစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။—

"နိမိတ္တံ၊ နိမိတ်သည်လည်းကောင်း။ အဿာသပဿာသာ၊ ဝင်လေထွက်လေတို့သည် လည်းကောင်း။ ဧကစိတ္တဿ၊ တစ်ခုတည်းသော စိတ်၏။ အနာရမ္မဏံ၊ အာရုံမဟုတ်ပေ။ တယော ဓမ္မေ၊ သုံးပါးသော တရားတို့ကို။ အဇာနတော၊ မသိသောသူအား။ ဝါ၊ မသိသောသူမှာ။ ဘာဝနာ၊ အာနာပါနဿတိသမာဓိဘာဝနာကို။ န ဥပလဗ္ဘတိ၊ မရနိုင်သည် မဟုတ်ပါလော။

နိမိတ္တံ၊ နိမိတ်သည်လည်းကောင်း။ အဿာသပဿာသာ၊ ဝင်လေ-ထွက်လေတို့သည် လည်းကောင်း။ ဧကစိတ္တဿ၊ တစ်ခုတည်းသော စိတ်၏။ အနာရမ္မဏာ၊ အာရုံမဟုတ်ကုန်။ တယော ဓမ္မေ၊ သုံးပါးသော တရားတို့ကို။ ဇာနတော ဝ၊ သိသောသူအားသာလျှင်။ ဘာဝ-နာ၊ အာနာပါနဿတိသမာဓိဘာဝနာကို။ ဥပလဗ္ဘတိ၊ ရနိုင်၏။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

၂၃၂။ ပန၊ ဆက်၍ဆိုဦးအံ့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ နိမိတ္တေ ဥပ-ဋ္ဌိတေ၊ နိမိတ်ထင်သည်ရှိသော်။ တေန၊ ဘိက္ခုနာ၊ ထိုရဟန်းသည်။ အာစရိယဿ သန္တိကံ ဂန္တွာ၊ ဆရာ့ထံသွား၍။ "ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ တပည့်တော်အား။ ဝါ၊ တပည့်တော်မှာ။ ဧဝရူပံ နာမ ဥပဋ္ဌာတီတိ၊ ဤသို့ သဘောရှိသောအာရုံထင်နေပါသည်"ဟု ။အာရောစေတဗ္ဗံ၊ ပြောကြားအပ်၏။ အာစရိယေန ပန၊ ဆရာသည်ကား။တော၊ ထိုအာရုံသည်။ နိမိတ္တန္တိ ဝါ၊ နိမိတ်ဖြစ်သည်ဟူ၍လည်းကောင်း။န ဝါ နိမိတ္တန္တိ၊နိမိတ်မဟုတ်ဟူ၍ လည်းကောင်း။ န ဝတ္တဗ္ဗံ၊မပြောဆိုအပ်။"အာဝုသော၊ ငါ့ရှင်။ ဧဝံ ဟောတိတိ၊ဤသို့ဖြစ်တတ်ပါသည်"ဟု။ဝတ္ဝာ၊ ပြောဆိုပြီးလျှင်။ ပုနပ္ပုနံ၊အဖန်တလဲလဲ။ မနသိကရော-ဟီတိ၊နှလုံးသွင်းပါလော့-ဟု။ ဝတ္တဗ္ဗော၊ ပြောဆိုအပ်၏။ ဟိ၊မှန်၏။နိမိတ္တန္တိ-ဝုတ္တေ၊နိမိတ်ဖြစ်သည် ဟု ပြောဆိုလျှင်။ ဝေါသာနံ အာပဇ္ဇေယျ၊ အဆုံးသတ်ခြင်း, ရပ်နားခြင်းသို့ ရောက်လေရာ၏။ န နိမိတ္တန္တိ ဝုတ္တေ၊ နိမိတ်မဟုတ်—ဟု ပြောဆိုလျှင်။ နိရာသော၊ မျှော်လင့်ခြင်းကင်းသည်ဖြစ်၍။ ဝိသီဒေယျ၊ စိတ်ပင်ပန်းခြင်း, ဆုတ်နစ်ခြင်းသို့ ရောက်လေရာ၏။ တသ္မာ၊ ထို့ကြောင့်။ တဒုဘယမ္ပိ၊ ထိုနှစ်မျိုးလုံးကိုပင်။ အဝတွာ၊ မပြောမူ၍။ ဝါ၊ တဒုဘယမ္ပိ အဝတွာ၊ ထိုနှစ်မျိုးလုံးကိုပင် မပြောမူ၍။ မနသိကာရေယေဝ နှလုံးသွင်း ခြင်း၌သာလျှင်။ နိယောဇေတဗ္ဗော၊ တိုက်တွန်းအပ်ပေ၏။ ဣတိ ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ဒီဃဘာဏကာ၊ ဒီဃနိကာယ်ဆောင် ဆရာတို့သည်။ အာဟု၊ ဆိုကြကုန်၏။

မဇ္ဈိမဘာဏကာ ပန၊ မဇ္ဈိမနိကာယ်ဆောင် ဆရာတို့သည်ကား။ ဝါ၊ မဇ္ဈိမနိကာယ်ဆောင် ဆရာတို့က။ "အာဝုသော၊ ငါ့ရှင်။ ဣဒံ၊ သင်ပြောသော ဤအာရုံသည်။ နိမိတ္တံ၊ နိမိတ်ပင်တည်း။ သပ္ပုရိသ၊ သူတော်ကောင်း။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ပုနပ္ပုနံ မနသိကရောဟီတိ၊ အဖန်တလဲလဲ နှလုံး သွင်းပါလေ—ဟု၊ ဝတ္တဗ္ဗော၊ ပြောဆိုအပ်၏။" ဣတိ၊ ဤသို့။ အာဟု၊

မိန့်ဆိုကြ၏။ အထ၊ ထိုအခါ၌။ အနေန၊ ဤယောဂီရဟန်းသည်။ နိမိတ္တေယေဝ၊ ပဋိဘာဂနိမိတ်၌သာလျှင်။ စိတ္တံ၊ စိတ်ကို။ (၂၇၈) ဌပေတဗ္ဗံ၊ ထားအပ်၏။ ဧဝံ၊ ယခုပြဆိုခဲ့သည့်အတိုင်း။ ဣတော ပဘုတိ၊ ဤနိမိတ်ထင်သည်မှ စ၍။ အဿ၊ ထိုရဟန်း၏။ အယံ ဘာဝနာ၊ ဤဘာဝနာသည်။ ဌပနာဝသေန ဟောတိ၊ ဌပနာ၏အစွမ်းအားဖြင့် ဖြစ်ပေ၏။ ဟိ၊ မှန်၏။ ပေါရာဏာ၊ ရှေးဆရာတို့သည်။—

"နိမိတ္တေ ဌပယံ စိတ္တံ ။ပ။ သကံ စိတ္တံ နိဗန္ဓတီ"တိ ဧတံ၊ နိမိတ္တေ ဌပယံ စိတ္တံ ။ပ။ သကံ စိတ္တံ နိဗန္ဓတိ—ဟူသော ဤဂါထာကို။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

"ဓီရော၊ ပညာရှိယောဂီသည်။ အဿာသပဿာသေ၊ ဝင်လေ—ထွက်လေ၌။ နာနာကာရံ၊ အထူးထူးသော အခြင်းအရာကို။ ဝိဘာဝယံ-ဝိဘာဝယန္တော၊ ရှေးအဖို့၌ ထင်ရှားပေါ်စေလျက်။ ဝါ၊ နောက်အဖို့၌ ကွယ်ပျောက်စေလျက်။ (ဤဒုတိယအနက်သည် ဋီကာဆရာ၏ ပထမဖွင့်ပြသော အနက်ဖြစ်သည်။ ပဋိဘာဂနိမိတ်ထင်သည်မှစ၍ ထိုပဋိဘာဂနိမိတ်ကိုသာ အာရုံပြုနေသဖြင့် ဝင်လေရှည်—တို, ထွက်လေရှည်—တို အခြင်းအရာတို့သည် ကွယ်ပျောက်သွားကြသည်။ ထိုသို့ကွယ်ပျောက်သွားစေသည်ကိုပင် ဝိဘာဝေန္တော အန္တရဓာပေန္တော၊ ကွယ်ပျောက်စေသည်—ဟု ဖွင့်ပြထားသည်။ ပထမအနက်သည်ကား ဋီကာ၌ အခြား ဆရာ တို့၏ အလိုရ ဖွင့်ပြသောအနက်ဖြစ်သည်။) နိမိတ္တေ၊ ပဋိဘာဂနိမိတ်၌။ စိတ္တံ ဌပယံ—ဌပယန္တော၊ စိတ်ကိုထားလျက်။ သကံ စိတ္တံ၊ မိမိစိတ်ကို။ နိဗန္ဓတိ၊ ဖွဲ့ချည်၏။"

တဿ၊ ထိုယောဂီအား။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ နိမိတ္တုပဋ္ဌာနတော ပဘုတိ၊ ပဋိဘာဂနိမိတ်ထင်သည်မှ စ၍။ နီဝရဏာနိ၊ နီဝရဏတို့ကို။ ဝိက္ခမ္ဘိတာနေဝ ဟောန္တိ၊ ပယ်ခွာအပ်ပြီးသာလျှင် ဖြစ်ကုန်၏။ ကိလေသာ၊ ကိလေသာတို့သည်။ သန္နိသိန္နာဝ၊ ငြိမ်ဝပ်လျက်သာလျှင် ရှိကုန်၏။ သတိ၊ သတိသည်။ ဥပဋ္ဌိတာယေဝ၊ ထင်လျက်ပင်ရှိ၏။ စိတ္တံ၊ စိတ်သည်။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိဖြင့်။ သမာဟိတမေဝ၊ ကောင်းစွာထားအပ်သည် ဖြစ်၍ တည်ကြည်သည်သာတည်း။ အထ၊ ထိုအခါ၌။ အနေန၊ ဤယောဂီသည်။ တံ နိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကို။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ နေဝ မနသိကာတဗ္ဗံ၊ နှလုံးမသွင်းအပ်။ လက္ခဏတော၊ တောင့်ခြင်း–လှုပ်ခြင်း

စသော သဘာဝလက္ခဏာ, မမြဲခြင်းစသော သာမညလက္ခဏာအားဖြင့်။ န ပစ္စဝေက္ခိတဗ္ဗံ၊ မဆင်ခြင်အပ်။ အပိစ ခေါ၊ စင်စစ်သော်ကား။ ခတ္တိယ-မဟာသာလာ၊ မင်းမျိုးဖြစ်သော မိဖုရားကြီးသည်။ စက္ကဝတ္တိဂဗ္ဘော ဝိယ စ၊ စကြာဝတေးမင်းလောင်းကိုယ်ဝန်ကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း။ ကဿကေန၊ လယ်သမားသည်၊ သာလိယဝဂဗ္ဘော ဝိယ စ၊ သလေး,ဂျုံတို့၏ အဖုံးလုံးကို စောင့်ရှောက်သကဲ့သို့လည်းကောင်း။ အာဝါသာဒီနိ၊ ကျောင်း-အစရှိကုန်သော။သတ္တအသပ္ပါယာနိ ဝဇ္ဇေတွာ၊ အသပ္ပါယ ခုနစ်ပါးတို့ကို ကြဉ်၍။ တာနေဝ သတ္တ သပ္ပါယာနိ၊ ထို သပ္ပါယ ခုနစ်မျိုးတို့ကို။ သေဝန္တေန၊ မှီဝဲလျက်။ သာဓုကံ ရက္ခိတဗ္ဗံ၊ ကောင်းစွာ စောင့်ရှောက်အပ်ပေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုနိမိတ်ကို။ ဧဝံ ရက္ခိတွာ၊ ဤဆိုခဲ့သည့်အတိုင်း စောင့်ရှောက်လျက်။ ပုနပ္ပုနံ မနသိကာရဝသေန၊ အဖန်ဖန်နှလုံးသွင်းသည်၏ အစွမ်းအားဖြင့်။ ဝုဒ္ဓိံ ဝိရုဠှိံ ဂမယိတွာ၊ ကြီးပွား-စည်ပင်ခြင်းသို့ ရောက်စေလိုသဖြင့်။ ဒသဝိဓံ အပ္ပနာကောသလ္လံ၊ ဆယ်ပါး အပြားရှိသော အပ္ပနာကောသလ္လကို။ သမ္ပာဒေတဗ္ဗံ၊ ပြည့်စုံစေအပ်၏။ ဝီရိယသမတာ၊ ဝီရိယ၏ သမာဓိနှင့်ညီမျှခြင်းကို။ ယောဇေတဗ္ဗာ၊ ယှဉ်စေအပ်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဃဋေန္တဿ၊ ကြိုးစားအားထုတ်နေသော။ တဿ၊ ထိုယောဂီအား။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်းအရာ၌။ ဝုတ္တာနုက္က-မေနေဝ၊ ဆိုခဲ့သော အစဉ်ဖြင့်ပင်လျှင်။ တသ္မိံ နိမိတ္တေ၊ ထိုပဋိဘာဂနိမိတ်၌။ စတုက္ကပဉ္စကဈာနာနိ၊ လေးပါး—ငါးပါးသော ဈာန်တို့သည်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ပေါ်ကုန်၏။

၂၃၃။ ပန၊ ဝိပဿနာရှုပုံကို ပြဦးအံ့။ ဧဝံ၊ ဤယခုပြဆိုခဲ့သည့်အတိုင်း။ ဧတ္ထ၊ ဤအာနာပါနကမ္မဋ္ဌာန်း၌။ နိဗ္ဗတ္တစတုက္ကပဉ္စကဈာနော ဘိက္ခု၊ ဈာန်လေးပါး—ငါးပါးကို ရပြီးဖြစ်သော ရဟန်းသည်။ သလ္လက္ခဏာ ဝိဝဋ္ဋနာဝသေန၊ သလ္လက္ခဏာ, ဝိဝဋ္ဋနာတို့၏ အစွမ်းဖြင့်။ ကမ္မဋ္ဌာနံ ဝဍ္ဎေတွာ၊ ကမ္မဋ္ဌာန်းကို ပွားစေ၍။ ပါရိသုဒ္ဓိံ ပတ္တုကာမော၊ ပါရိသုဒ္ဓိမည်သော ဖိုလ်သို့ရောက်လိုလျှင်။ တဒေဝဈာနံ၊ ထိုရပြီးဈာန်ကိုပင်လျှင်။ ပဉ္စဟာကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ ဝသိပ္ပတ္တံ၊ ဝသီဘော်သို့ ရောက်သည်ကို။ ပဂုဏံ၊ လေ့လာသည်ကို။ ကတွာ၊ ပြု၍။ တနည်း-ဝသိပ္ပတ္တံ ပဂုဏံ ကတွာ၊ နိုင်နင် အောင်လေ့လာပြီးလျှင်။ နာမရူပံ ဝဝတ္ထပေတွာ၊ နာမ်ရုပ်ကို ပိုင်းခြား၍။ ဝိပဿနံ ပဋ္ဌပေတိ၊ ဝိပဿနာကို ဖြစ်စေရာ၏။ ကထံ-ဝိပဿနံ ပဋ္ဌပေတိ၊ အဘယ်သို့ ဝိပဿနာကို ဖြစ်စေသနည်း?ဟူမူ။ ဟိ၊ အဖြေကား။ သော၊ ထိုယောဂီ

ရဟန်းသည်။ သမာပတ္တိတော ဝုဋ္ဌာယ၊ ဈာန်ကိုဝင်စားပြီးလျှင် ထိုဈာန်သမာပတ်မှ ထ၍။ ကရဇကာယော စ၊ ရုပ်ကိုယ်သည် လည်းကောင်း။ စိတ္တဥ္စ၊ စိတ်သည် လည်းကောင်း။ အဿာသပဿာသာနံ၊ ရှူလေ ရှိုက်လေ တို့၏။ သမုဒယာတိ၊ ဖြစ်ကြောင်း ဟူ၍။ ပဿတိ၊ ရှုမြင်၏။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ကမ္မာရဂဂ္ဂရိယာ၊ ပန်းပဲတို့၏ ဖားဖိုသည်။ ဓမမာနာယ၊ လေကိုမှုတ်လတ်သော်။ ဘသ္တဥ္စ၊ ဖားဖိုသားရေအိတ်ကို လည်းကောင်း။ ပုရိသဿ၊ ပန်းပဲသမား၏။ တဇ္ဇံ၊ ထိုဖားဖိုသားရေအိတ်အား လျော်သော။ ဝါယာမဥ္စ၊ လုံ့လကို လည်းကောင်း။ ပဋိစ္စ၊ စွဲမှီ၍။ ဝါတော သဉ္စရတိ ယထာ၊ လေသည် ဝင်ချည်-ထွက်ချည် မပြတ်သွားနေသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်လျှင်။ ကာယဥ္စ စိတ္တဥ္စ ပဋိစ္စ၊ ရုပ်ကိုလည်းကောင်း, စိတ်ကိုလည်းကောင်း စွဲမှီ၍။ အဿာသပဿာသာ၊ အသက်ရှူလေ-ရှိုက်လေ တို့သည်။ သဉ္စရန္တိ၊ မပြတ် သွားနေကုန်၏။ ဣတိ၊ ဤသည်ပင် ဥပမာအပြီး တည်း။ တတော၊ ထို့နောင်မှ။ အဿာသပဿာသေ စ၊ ဝင်လေ-ထွက်လေ တို့ကို လည်းကောင်း။ ကာယဥ္စ၊ ရုပ်ကိုယ်ကို လည်းကောင်း။ ရူပန္တိ၊ ရုပ်ဟူ၍ လည်းကောင်း။ စိတ္တဥ္စ၊ စိတ်ကိုလည်းကောင်း။ တံသမ္ပယုတ္တဓမ္မေ စ၊ ထိုစိတ် နှင့်ယှဉ်ဖက် စေတသိက်တို့ကို လည်းကောင်း။ အရူပန္တိ၊ ရုပ်မဟုတ်သည့် နာမ် ဟူ၍ လည်းကောင်း။ ဝဝတ္ထပေတိ၊ ပိုင်းခြား ဆုံးဖြတ်၏။ အယံ၊ ဤသည် ကား။ ဧတ္ထ၊ ဤအရာ၌။ သင်္ခေပေါ၊ အကျဉ်းပေတည်း။ ဝိတ္ထာရတော ပန၊ အကျယ်အားဖြင့်ကား။ နာမရူပဝဝတ္ထာနံ၊ နာမ်ရုပ်ကို ပိုင်းခြား-ဆုံးဖြတ် ပုံသည်။ ပရတော အာဝိဘဝိဿတိ၊ နောက် ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၌ ထင်ရှားပါ လိမ့်မည်။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ နာမရူပံ ဝဝတ္ထပေတွာ၊ နာမ်ရုပ်ကို ပိုင်းခြား ပြီးလျှင်။ တဿ ပစ္စယံ၊ ထို နာမ်ရုပ်၏ အကြောင်းကို။ ပရိယေသတိ၊ ရှာ၏။ ပရိယေသန္တော၊ ရှာလတ်သော်။ စ၊ ပရိယေသန္တော စ၊ ရှာသောပုဂ္ဂိုလ် သည်လည်း။ နံ ဒိသွာ၊ ထိုအကြောင်းကို မြင်၍။ တီသုပိ အဒ္ဓါသု၊ သုံးပါး သော အနှန့်ကာလတို့၌လည်း။ နာမရူပဿ၊ နာမ်ရုပ်၏။ ပဝတ္တိံ အာရဗ္ဘ၊ ဖြစ်ခြင်းကို အကြောင်းပြု၍။ ကင်္ခံ ဝိတရတိ၊ ယုံမှားကို လွန်မြောက်၏။ ဝိတိဏ္ဏကင်္ခေါ၊ ယုံမှားကို လွန်မြောက်ပြီးသော ယောဂီရဟန်းသည်။ ဝါ၊ ယုံမှားကို လွန်မြောက်ပြီးလတ်သော်။ ကလာပသမ္မသနဝသေန၊ အပေါင်း လိုက် သုံးသပ်သော ကလာပသမ္မသန၏ အစွမ်းဖြင့်။ တိလက္ခဏံ အာရောပေ- တွာ၊ လက္ခဏာသုံးပါးကို တင်ပြီးလျှင်။ ဥဒယဗ္ဗယာနုပဿနာယ ပုဗ္ဗဘာဂေ၊

ဥဒယဗ္ဗယဉာဏ်၏ ရှေးအဖို့၌။ ဥပ္ပန္နေ၊ ဖြစ်ကုန်သော။ ဩဘာသာဒယော၊ အလင်းရောင် အစရှိကုန်သော။ ဒသ ဝိပဿနုပက္ကိလေသေ၊ ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသ ဆယ်ပါးတို့ကို။ (၂၇၉) ပဟာယ၊ ပယ်၍။ ဥပက္ကိလေသဝိမုတ္တံ၊ ဥပက္ကိလေသ-မှလွတ်သော။ ပဋိပဒါဉာဏံ၊ပဋိပဒါဉာဏ်ကို။ မဂ္ဂေါတိ ဝဝတ္ထပေတွာ၊ လမ်းမှန်ဟု ပိုင်းခြား-ဆုံးဖြတ်ပြီးလျှင်။ ဥဒယံပဟာယ၊ ဖြစ်ခြင်းကို ပယ်၍။ ဘင်္ဂါနုပဿနံ ပတွာ၊ ပျက်ခြင်းကိုသာရှုသော ဘင်ဉာဏ်သို့ရောက်၍။ ဘင်္ဂါနုပဿနေန၊ အပျက်ကိုသာရှုခြင်းဖြင့်။ နိရန္တရံ၊ အပြတ်-အခြားမရှိပဲ။ ဝယတော၊ပျက်သောအားဖြင့်။ ဥပဋ္ဌိတေသု သဗ္ဗသင်္ခါ-ရေသု၊ ထင်ကုန်သော အလုံးစုံသောသင်္ခါရတို့၌။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့လျက်။ ဝိရဇ္ဇန္တော၊ တပ်မက်ကင်းလျက်။ ဝိမုစ္စန္တော၊ လွတ်မြောက်လျက်။ ယထာက္ကမေန၊ အစဉ်အတိုင်းအားဖြင့်။ ဝါ၊ အစဉ်အတိုင်း။ စတ္တာရော အရိယမဂ္ဂေပါပုဏိတွာ၊လေးပါးသော အရိယမဂ်တို့သို့ရောက်ပြီးလျှင်။ အရဟတ္တဖလေပတိဋ္ဌာယ၊ အရဟတ္တဖိုလ်၌ တည်၍။ ဧကူနဝီသတိဘေဒဿ၊ တစ်ခုယုတ်နှစ်ဆယ် အပြားရှိသော။ ဝါ၊ တစ်ဆယ့်ကိုးပါး အပြားရှိသော။ ပစ္စဝေက္ခဏာဉာဏဿပရိယန္တံ၊ ပစ္စဝေက္ခဏာဉာဏ်၏ အဆုံးသို့။ ပတ္တော၊ ရောက်သော ယောဂီရဟန်းသည်။ သဒေဝကဿ လောကဿ၊ နတ်နှင့်တကွသော လောက၏။ အဂ္ဂဒက္ခိဏေယျော ဟောတိ၊ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် ဖြစ်ပေတော့၏။

တ္တောဝတာ စ၊ ဤမျှသော စကားအစဉ်ဖြင့်လည်း။ အဿ၊ အာနာပါနကမ္မဋ္ဌာန်းကိုအားထုတ်သော ဤယောဂီရဟန်း၏။ ဂဏနံ အာဒိံ ကတွာ၊ ရေတွက်ခြင်း (ဂဏနာနည်း) ကို အစပြု၍။ ဝိပဿနာပရိယောသာနာ၊ ဝိပဿနာအဆုံးရှိသော။ အာနာပါနဿတိသမာဓိဘာဝနာ၊ အာနာပါနဿတိသမာဓိဘာဝနာသည်။ သမတ္တာ ဟောတိ၊ ပြည့်စုံပြီးဆုံးပေပြီ။ ဣတိ အယံ၊ ဤသည်ကား။ သဗ္ဗာကာရတော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပဌမစတုက္ကဝဏ္ဏနာ၊ ပဌမစတုက္က၏ အဖွင့်ပေတည်း။

၂၃၄။ ပန၊ အဖို့တပါးကား။ ဣတရေသု တီသု စတုက္ကေသု၊ ဤမှ တပါး အခြားသော စတုက္ကသုံးခုတို့၌။ ယသ္မာ၊ အကြင်ကြောင့်။ ဝိသုံ ကမ္မဋ္ဌာနဘာဝနာနယော နာမ၊ အသီးအခြားကမ္မဋ္ဌာန်းကို ပွားစေပုံ ဘာဝနာနည်းမည်သည်။ နတ္ထိ၊ မရှိချေ။ တသ္မာ၊ ထို့ကြောင့်။ အနုပဒဝဏ္ဏနာ-နယေနေဝ၊ ပုဒ်စဉ်အတိုင်းဖွင့်သော နည်းဖြင့်ပင်လျှင်။ တေသံ၊ ထိုသုံးပါးသော စတုက္ကတို့၏။ အတ္တော၊ အနက်ကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤသို့ ဆိုလတ္တံ့အတိုင်း သိအပ်၏။

ပီတိပဋိသံဝေဒီတိ၊ ပီတိပဋိသံဝေဒီ–ဟူသည်ကား။ ပီတိံ ပဋိသံဝိဒိတံ ကရောန္တော၊ ပီတိကို သိအောင်ပြုလျက်။ ပါကဋံ ကရောန္တော၊ ထင်ရှား အောင်ပြုလျက်။ အဿသိဿာမိ ပဿသိဿာမီတိ၊ ရှူသွင်းအံ့–ရှူထုတ်အံ့ ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ တတ္ထ၊ ထိုပုဒ်၌။ ပီတိ ပဋိသံဝိဒိတာ၊ ပီတိကို သိခြင်းသည်။ အာရမ္မဏတော စ၊ အာရုံအားဖြင့်လည်းကောင်း။ အသမ္မောဟ– တော စ၊ မတွေဝေသောအားဖြင့်လည်းကောင်း။ (ဋီကာ၊ ဤသို့။–ထည့်။) ဒွီဟာကာရေဟိ၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဟောတိ၊ ဖြစ်၏။

ပီတိ၊ ပီတိကို။ အာရမ္မဏတော၊ အာရုံအားဖြင့်။ ကထံ၊ အဘယ်သို့လျှင်။ ပဋိသံဝိဒိတာ ဟောတိ၊ သိသနည်း?။ သပ္ပီတိကေ ဒွေ ဈာနေ၊ ပီတိရှိသော ပထမ–ဒုတိယ ဈာန်နှစ်ပါးတို့ကို။ သမာပဇ္ဇတိ၊ ဝင်စား၏။ တဿ၊ ထိုယောဂီ ရဟန်းအား။ သမာပတ္တိက္ခဏေ၊ ဈာန်ကိုဝင်စားခိုက်၌။ ဈာနပဋိလာဘေန၊ ဈာန်ကို ရခြင်း ရောက်ခြင်းကြောင့်။ အာရမ္မဏတော၊ ပဋိဘာဂနိမိတ် အာရုံ အလိုအားဖြင့်။ ပီတိ၊ ပီတိကို။ ပဋိသံဝိဒိတာ ဟောတိ၊ သိအပ်ပေ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း–ဟူမူကား။ အာရမ္မဏဿ၊ ပဋိဘာဂနိမိတ် အာရုံကို။ ပဋိသံဝိဒိတတ္တာ၊ ပီတိရှိသော ဈာန်ဖြင့် သိခြင်းကြောင့်ပေတည်း။ အသမ္မောဟ– တော၊ မတွေဝေသောအားဖြင့်။ ကထံ၊ အဘယ်သို့သိသနည်း?။ သပ္ပီတိကေ ဒွေ ဈာနေ၊ ပီတိရှိသော ပထမ–ဒုတိယ ဈာန်နှစ်ပါးတို့ကို။ သမာပဇ္ဇိတွာ၊ ဝင်စားပြီးလျှင်။ ဝုဋ္ဌာယ၊ ထ၍။ ဈာနသမ္ပယုတ္တံ ပီတိံ၊ ဈာန်နှင့်ယှဉ်သော ပီတိကို။ ခယတော ကုန်သွားသည်–ဟု။ ဝယတော၊ ပျက်သွားသည်–ဟု။ သမ္မသတိ၊ သုံးသပ်၏။ တဿ၊ ထိုယောဂီရဟန်းအား။ ဝိပဿနက္ခဏေ၊ ဝိပဿနာ ရှုခိုက်၌။ လက္ခဏပဋိဝေဓေန၊ ပီတိ၏သဘာဝ လက္ခဏာ, သာမညလက္ခဏာကို သိခြင်းကြောင့်။ ပီတိ၊ ပီတိကို။ အသမ္မောဟတော၊ မတွေဝေသောအားဖြင့်။ ပဋိသံဝိဒိတာ ဟောတိ၊ သိအပ်၏။ ဟိ၊ မှန်ပေ၏။ ပဋိသမ္ဘိဒါယံ၊ ပဋိ သမ္ဘိဒါမဂ် ပါဠိတော်၌။ (ထေရေန၊ အရှင်သာရိပုတ္တရာ မထေရ်သည်။–ထည့်။) တေ၊ ဤဆိုလတ္တံ့သော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။—

“ဒီဃံ၊ ရှည်စွာ။ အဿာသဝသေန၊ ဝင်လေ၏ အစွမ်းအား ဖြင့်။ စိတ္တဿ ဧကဂ္ဂတံ၊ စိတ်၏ တစ်အာရုံတည်း ရှိလျက်။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောသူအား။ သတိ ဥပဋ္ဌိတာ ဟောတိ၊ သတိထင်၏။ တာယ သတိယာ၊ ထိုသတိ ဖြင့်။ တေန ဉာဏေန၊ ထိုဉာဏ်ဖြင့်။ သာ ပီတိ၊ ထိုပီတိကို။ ပဋိ–

သံဝိဒိတာ ဟောတိ၊ သိခြင်း ဖြစ်ပေ၏။ ဗီဿံ ပဿာသဝသေန၊ ရှည်စွာ-ဟု ဟောထားသော ထွက်လေ၏အစွမ်းဖြင့်။ ရဿံ အဿာသ-ဝသေန၊ တိုစွာ ဟု ဟောထားသော ဝင်လေ၏အစွမ်းဖြင့်။ ရဿံ ပဿာသဝသေန၊ တိုစွာ-ဟု ဟောထားသော ထွက်လေ၏အစွမ်းအားဖြင့်။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော အသက်ရှူလေ အပေါင်းကို သိလျက်။ အဿာသပဿာသဝသေန၊ ဝင်လေ ထွက်လေ၏ အစွမ်းအားဖြင့်။ ပဿမ္ဘယံ ကာယသင်္ခါရံ၊ ကာယသင်္ခါရကို ငြိမ်းစေလျက်။ အဿာသပဿာသဝသေန၊ ဝင်လေ-ထွက်လေ၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တစ်အာရုံတည်း ရှိလျက်။ စိတ္တဿ အဝိက္ခေပံ၊ စိတ်၏ မပျံ့လွင့်ခြင်းကို။ ပဇာနတော၊ သိသောယောဂီအား။ (၂၈၀) သတိ ဥပဋ္ဌိတာ ဟောတိ၊ သတိသည် ထင်လေ၏။ တာယ သတိယာ၊ ထိုသတိဖြင့်။ တေန ဉာဏေန၊ ထို ဉာဏ်ဖြင့်။ သာ ပီတိ၊ ထိုပီတိကို။ ပဋိသံဝိဒိတာ ဟောတိ၊ သိခြင်း ဖြစ်ပေ၏။ အာဝဇ္ဇတော၊ နှလုံးသွင်းသောသူအား။ သာ ပီတိ၊ ထိုပီတိကို။ ပဋိသံဝိဒိတာ ဟောတိ၊ သိခြင်းဖြစ်ပေ၏။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ ပစ္စဝေက္ခတော၊ ပြန်လှည့်၍ ဆင်ခြင်သောသူအား။ စိတ္တံ အဓိဋ္ဌဟတော၊ စိတ်ကို ဆောက်တည်သောသူအား။ သဒ္ဓါယ အဓိမုစ္စတော၊ သဒ္ဓါဖြင့် ယုံကြည်သောသူအား။ ဝီရိယံ ပဂ္ဂဏှတော၊ ဝီရိယကို အားပေးသော သူအား။ သတိံ ဥပဋ္ဌာပယတော၊ သတိကို ထင်စေသောသူအား။ စိတ္တံ သမာဒဟတော၊ စိတ်ကို ကောင်းစွာထားသောသူအား။ ပညာယ ပဇာနတော၊ ပညာဖြင့် သိသောသူအား။ အဘိညေယျံ ပဇာနတော၊ အဘိညေယျတရားကို ထူးသောဉာဏ်ဖြင့် သိသောသူအား။ ပရိ-ညေယျံ ပဇာနတော၊ ပရိညေယျတရားကို ပိုင်းခြား၍သိသောသူအား။ ပဟာတဗ္ဗံ ပဇာနတော၊ ပဟာတဗ္ဗတရားကို ပိုင်းခြား၍ သိသောသူအား။ ဘာဝေတဗ္ဗံ ပဇာနတော၊ ဘာဝေတဗ္ဗတရားကို ပိုင်းခြား၍ သိသောသူအား။ (ပဇာနတော-ပုဒ်ကို ပုဒ်တိုင်းယှဉ်ပါ။) သစ္ဆိကာ-တဗ္ဗံ သစ္ဆိကရောတော၊ သစ္ဆိကာတဗ္ဗတရားကို မျက်မှောက်ပြုသော သူအား။ သာ ပီတိ၊ ထိုပီတိကို။ ပဋိသံဝိဒိတာ ဟောတိ၊ သိခြင်း ဖြစ်ပေ၏။ ဧဝံ၊ ဤသို့လျှင်။ သာ ပီတိ၊ ထိုပီတိကို။ ပဋိသံဝိဒိတာ ဟောတိ၊ သိခြင်းဖြစ်ပေ၏။” ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဧတေနေဝ နယေန၊ ဤနည်းဖြင့်ပင်လျှင်။ အဝသေသ ပဒါနိပိ၊ (သုခပဋိသံဝေဒီ စိတ္တသင်္ခါရပဋိသံဝေဒီ ဟူသော) ကြွင်းသောပုဒ်တို့ကို လည်း။ အတ္ထတော၊ အနက်အားဖြင့်။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ပန၊ အထူးကား၊ ဣဒံ၊ ဤဆိုမည့်စကားရပ်သည်။ ဧတ္ထ၊ ဤပုဒ်တို့၌။ ဝိသေသမတ္တံ၊ အထူးမျှဖြစ်သော စကားပေတည်း။ တိဏ္ဏံ ဈာနာနံ ဝသေန၊ ပဌမ-ဒုတိယ-တတိယ ဈာန်သုံးပါးတို့၏အစွမ်းအားဖြင့်။ သုခပဋိသံဝေဒိတာ၊ သုခကိုသိခြင်းကိုလည်းကောင်း။ စတုန္နမ္ပိ ဝသေန၊ ဈာန်လေးပါးတို့၏ အစွမ်းအားဖြင့်လည်း။ စိတ္တသင်္ခါရပဋိသံဝေဒိတာ၊ စိတ္တသင်္ခါရကို သိခြင်းကိုလည်းကောင်း။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ စိတ္တသင်္ခါရောတိ-စိတ္တသင်္ခါရော နာမ၊ စိတ္တသင်္ခါရ-မည်သည်မှာ။ ဝေဒနာဒယော၊ ဝေဒနာ,သညာ-ဟူကုန်သော။ ဒွေ ခန္ဓာ၊ ခန္ဓာနှစ်ပါးတို့ပေတည်း။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ (သုခပဋိသံဝေဒီ, စိတ္တသင်္ခါရပဋိသံဝေဒီ ဟူသော) ဤနှစ်ပုဒ်တို့တွင်။ သုခပဋိသံဝေဒီပဒေ၊ သုခ-ပဋိသံဝေဒီဟူသောပုဒ်၌။ ဝိပဿနာဘူမိဒဿနတ္ထံ၊ ဝိပဿနာ၏ဖြစ်ရာဘုံ(ဝါ-ဝိပဿနာရှုအပ်သောတရား)ကို ပြခြင်းငှာ။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်၌။ “သုခန္တိ၊ သုခ-ဟူသည်။ ကာယိကဉ္စ သုခံ၊ ကိုယ်ချမ်းသာလည်းကောင်း။ စေတသိကဉ္စ သုခံ၊ စိတ်ချမ်းသာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ သုခါနိ၊ ချမ်းသာနှစ်မျိုးတို့တည်း။” ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ပဿမ္ဘယံ စိတ္တသင်္ခါရန္တိ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ-ဟူသည်ကား။ ဩဠာရိကံ ဩဠာရိကံ စိတ္တသင်္ခါရံ၊ ရုန့်ရင်း ရုန့်ရင်းသော စိတ္တသင်္ခါရကို။ ပဿမ္ဘေန္တော၊ ငြိမ်းစေလျက်။ နိရောဓေန္တော၊ ချုပ်စေလျက်။ ဣတိ-အယံ၊ ဤသည်ပင်။ အတ္ထော၊ ပဿမ္ဘေန္တော-ဟူသောပုဒ်၏ ဆိုလိုရင်း အနက် အဓိပ္ပာယ်ပေတည်း။ သော၊ ထိုငြိမ်းစေပုံကို။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ကာယသင်္ခါရေ၊ ကာယသင်္ခါရ အရာ၌။ ဝုတ္တနယေနေဝ၊ ပြဆိုခဲ့သော နည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အပိစ၊ တနည်းသော်ကား။ ဧတ္ထ၊ ဤလေးပုဒ်တို့တွင်။ ပီတိပဒေ၊ ပီတိပုဒ်၌။ ပီတိသီသေန၊ ပီတိကို ခေါင်းတပ်သဖြင့်။ ဝါ၊ ခေါင်းတပ်၍။ ဝေဒနာ၊ ဝေဒနာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ သုခပဒေ၊ သုခ ဟူသောပုဒ်၌။ သရူပေနေဝ၊ သရုပ်အားဖြင့်ပင်လျှင်။ ဝေဒနာ၊ ဝေဒနာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဒွီသု စိတ္တသင်္ခါရပဒေသု၊ စိတ္တသင်္ခါရကိုသိလျက်, စိတ္တသင်္ခါရကိုငြိမ်းစေလျက်-ဟူသော နှစ်ပုဒ်တို့၌။ “သညာ စ၊ သညာလည်းကောင်း။ ဝေဒနာ စ၊ ဝေဒနာလည်းကောင်း။ ဧတေ ဓမ္မာ၊ ဤတရားတို့သည်။ စေတသိကာ၊

စိတ်၌ယှဉ်ကုန်လျက်။ စိတ္တပဋိဗဒ္ဓါ၊ စိတ်နှင့်စပ်ကုန်သည်ဖြစ်၍။ စိတ္တသင်္ခါရာ၊ စိတ်က ပြုပြင်အပ်သော သင်္ခါရမည်ကုန်၏။” ဣတိ ဝစနတော၊ ဤသို့ ဟောတော်မူသောကြောင့်။သညာသမ္ပယုတ္တာ၊ သညာနှင့်ယှဉ်သော။ ဝေဒနာ၊ ဝေဒနာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဣတိ ဧဝံ၊ ဤသို့။ ဣဒံ စတုက္ကံ၊ ဤဒုတိယ စတုက္ကကို။ ဝေဒနာနုပဿနာနယေန၊ ဝေဒနာနုပဿနာနည်းဖြင့်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ။ သိအပ်၏။

၂၃၅။ တတိယစတုက္ကေပိ၊ တတိယ–စတုက္က၌လည်း။ စတုန္နံ ဈာနာနံ ဝသေန၊ လေးပါးသောဈာန်တို့၏ အစွမ်းအားဖြင့်။ စိတ္တပဋိသံဝေဒိတာ၊ စိတ်ကိုသိခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ အဘိပ္ပမောဒယံ စိတ္တန္တိ၊ စိတ်ကို ဝမ်းမြောက်စေလျက်–ဟူသည်ကား။ စိတ္တံ မောဒေန္တော၊ စိတ်ကိုဝမ်းမြောက်စေလျက်။ ပမောဒေန္တော၊ အလွန်ဝမ်းမြောက်စေလျက်။ ဟာသေန္တော၊ ရွှင်စေလျက်။ ပဟာသေန္တော၊ အလွန်ရွှင်စေလျက်။ အဿသိဿာမိ၊ ရှူသွင်းအံ့။ ပဿသိဿာမိတိ၊ ရှူထုတ်အံ့-ဟု။ သိက္ခတိ၊ လေ့ကျင့်၏။ တတ္ထ၊ ထိုအရာ၌။ သမာဓိဝသေန စ၊ သမာဓိ၏အစွမ်းအားဖြင့်လည်းကောင်း။ ဝိပဿနာဝသေန စ၊ ဝိပဿနာ၏ အစွမ်းအားဖြင့်လည်းကောင်း။ဒွိဟာကာရေဟိ–ဒွိဟိ အာကာရေဟိ၊ နှစ်ပါးသောအခြင်းအရာတို့ဖြင့်။ အဘိပ္ပမောဒေါ ဟောတိ၊ အလွန်ဝမ်းမြောက်စေခြင်းဖြစ်၏။

သမာဓိဝသေန၊ သမာဓိ၏ အစွမ်းအားဖြင့်။ ကထံ၊ အဘယ်သို့ ဝမ်းမြောက်စေသနည်း?။ သပ္ပီတိကေ၊ ပီတိရှိကုန်သော။ ဒွေ ဈာနေ၊ ဈာန်နှစ်ပါးတို့ကို။ သမာပဇ္ဇတိ၊ ဝင်စား၏။ သော၊ထိုပုဂ္ဂိုလ်သည်။ သမာပတ္တိက္ခဏေ၊ ဈာန်ဝင်စားခိုက်၌။ သမ္ပယုတ္တပီတိယာ၊ ယှဉ်ဖက်ဖြစ်သော ပီတိဖြင့်။ စိတ္တံ အာမောဒေတိ၊ စိတ်ကို ဝမ်းမြောက်စေ၏။ စိတ္တံ ပမောဒေတိ၊ စိတ်ကို အလွန်ဝမ်းမြောက်စေ၏။ (စိတ္တံ ကို နောက်ပုဒ်၌ ယှဉ်ပေးပါ။) ဝိပဿနာ–ဝသေန၊ဝိပဿနာ၏ အစွမ်းဖြင့်။ ကထံ၊ အဘယ်သို့ဝမ်းမြောက်စေသနည်း?။ သပ္ပီတိကေ၊ ပီတိရှိကုန်သော။ ဒွေ ဈာနေ၊ ဈာန်နှစ်ပါးတို့ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ ဝုဋ္ဌာယ၊ ထ၍။ ဈာနသမ္ပယုတ္တပီတိံ၊ ဈာန်နှင့်ယှဉ်သောပီတိကို၊ ခယတော သမ္မသတိ၊ ကုန်သွားသည်–ဟု သုံးသပ်၏။ ဝယတော သမ္မသတိ၊ ပျက်သွားသည်–ဟု သုံးသပ်၏။ (သမ္မသတိ-ကို ပုဒ်တိုင်းယှဉ်ပါ။) ဧဝံ၊ ဤသို့လျှင်။ ဝိပဿနက္ခဏေ၊ ဝိပဿနာ၏ ခဏ၌။ ဈာနသမ္ပယုတ္တံ ပီတိံ၊ ဈာန်နှင့်ယှဉ်သော ပီတိကို။ အာရမ္မဏံ ကတွာ၊ အာရုံပြုလျက်။ စိတ္တံ

အာဓမောဒေတိ၊ စိတ်ကို ဝမ်းမြောက်စေ၏။စိတ္တံ ပမောဒေတိ၊ စိတ်ကို အလွန် ဝမ်းမြောက်စေ၏။ (စိတ္တ—ကို နောက်ပုဒ်နှင့် ယှဉ်ပေးပါ။) (၂၇၁) ဧဝံ ပဋိပန္နော၊ ဤသို့ကျင့်သော ပုဂ္ဂိုလ်ကို။ "အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမိ ပဿသိဿာမိတိ သိက္ခတိတိ၊ စိတ်ကိုဝမ်းမြောက်စေလျက်ရှုသွင်းအံ့၊ ရှုထုတ် အံ့-ဟုလေ့ကျင့်သည်" ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သမာဒဟံ စိတ္တန္တိ၊ စိတ်ကိုကောင်းစွာထားလျက် ဟူသည်ကား။ ပဌမ— ဈာနာဒိဝသေန၊ပဌမဈာန်စသည်၏အစွမ်းအားဖြင့်။စိတ္တံ၊စိတ်ကို။အာရမ္မဏေ၊ အာရုံ၌။ သမံ အာဒဟန္တော။ အညီအညွတ် ထားလျက်။ သမံ ဌပေန္တော၊ အညီအညွတ် ကောင်းစွာ ထားလျက်။ (ပရိယာယ်အနက်တူ ဖွင့်သည်။) ဝါ ပန၊ တနည်းသော်ကား။ တာနိ ဈာနာနိ သမာပဇ္ဇိတွာ၊ ထိုဈာန်တို့ကို ဝင်စားပြီးလျှင်။ ဝုဋ္ဌာယ၊ ထိုဈာန်မှ ထ၍။ ဈာနသမ္ပယုတ္တံ စိတ္တံ၊ ဈာန်နှင့် ယှဉ်သော စိတ်ကို။ ခယတော၊ကုန်သွားသည်ဟု။ ဝယတော၊ ပျက်သွားသည် ဟု။ သမ္မသတော၊ ရှုမြင်သောသူအား။ ဝိပဿနာက္ခဏေ၊ ဝိပဿနာရှုခိုက်၌။ လက္ခဏပဋိဝေဓေန၊ အနိစ္စ အစရှိသောလက္ခဏာကို သိသဖြင့်။ ခဏိကစိတ္တေ— ကဂ္ဂတာ၊ ခဏိကစိတ္တေကဂ္ဂတာ—မည်သော ခဏိကသမာဓိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (ခဏိကစိတ္တေကဂ္ဂတာ - ဟူသည်မှာ ရှုမှတ်ခိုက်ခဏမျှသာ တည်ခြင်းရှိ သော သမာဓိပေတည်။ ထိုသမာဓိကို ယူသင့်ယူထိုက်သည် မှန်ပေ၏။ ထိုခဏိကသမာဓိသည်လည်း အာရုံ၌ အပြတ်အခြားမရှိပဲ တစ်မျိုးတည်းသော တည်ကြည်ပုံအခြင်းအရာအားဖြင့်မပြတ်ဖြစ်သတ်သော်ဆန့်ကျင်ဘက်ကအလွှမ်း အမိုး မခံရသည်ဖြစ်၍ အပ္ပနာဈာန်သို့ ရောက်နေသကဲ့သို့ပင် စိတ်ကိုမလှုပ်ရှား အောင် ထားနိုင်ပေ၏။ထို့ကြောင့် "ဤသို့ဖြစ်သော ခဏိကသမာဓိ၏ အစွမ်း ဖြင့်လည်း စိတ်ကို အာရုံ၌အညီအညွတ်ထားသောပုဂ္ဂိုလ်ကို-ဆိုအပ်ပေသည်။" ဤဝိသုဒ္ဓိမဂ်၌ မိန့်ဆိုပေသည်- (ဋီကာ)။ ဤအဋ္ဌကထာ-ဋီကာတို့နှင့်အညီ ခဏိကသမာဓိဖြင့် စိတ်ကိုကောင်းစွာထားနိုင်ကြောင်းကို ပြည့်စုံစွာအားထုတ်၍ ဤ ခဏိကသမာဓိကို ကိုယ်တိုင်တွေ့ရသောပုဂ္ဂိုလ်တိုင်း ကောင်းစွာသဘော ပေါက်နိုင်ပေ၏။) ဧဝံ ဥပ္ပန္နာယ၊ ဤသို့ဖြစ်သော။ ခဏိကစိတ္တေကဂ္ဂတာယ ဝသေနပိ၊ခဏိကသမာဓိ၏ အစွမ်းအားဖြင့်လည်း။စိတ္တံ၊ စိတ်ကို။ အာရမ္မဏေ၊ အာရုံ၌။ သမံ အာဒဟန္တော၊ အညီအညွတ်ထားလျက်။ သမံ ဌပေန္တော၊ အညီအညွတ်ကောင်းစွာထားလျက်။ "သမာဒဟံ စိတ္တံ အဿသိဿာမိ ပဿသိဿာမိတိ သိက္ခတီ"တိ၊ စိတ်ကိုကောင်းစွာထားလျက် ရှုသွင်းအံ့- ရှုထုတ်အံ့ဟု လေ့ကျက်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ဝိမောစယံ စိတ္တန္တိ၊ စိတ်ကိုလွှတ်စေလျက်—ဟူသည်ကား။ ပဌမဇ္ဈာနေန၊ ပဌမဈာန်ဖြင့်။ နီဝရဏေဟိ၊ နီဝရဏတို့မှ။ စိတ္တံ မောစေန္တော၊ စိတ်ကို လွှတ်စေလျက်။ဝိမောစေန္တော၊အထူးသဖြင့်လွှတ်စေလျက်။ ဒုတိယေန၊ဒုတိယ ဈာန်ဖြင့်။ ဝိတက္ကဝိစာရေဟိ၊ ဝိတက်,ဝိစာရတို့မှ။ တတိယေန၊ တတိယဈာန် ဖြင့်။ ပီတိယာ၊ ပီတိမှ။ စတုတ္ထေန၊ စတုတ္ထဈာန်ဖြင့်။ သုခဒုက္ခေဟိ၊ သုခဒုက္ခတို့မှ။ စိတ္တံ မောစေန္တော၊ စိတ်ကိုလွှတ်စေလျက်။ ဝိမောစေန္တော၊ အထူးသဖြင့် လွှတ်စေလျက်။ ဝါ ပန၊ တနည်းသော်ကား။ တာနိ ဈာ— နာနိ၊ ထိုဈာန်တို့ကို။ သမာပဇ္ဇိတွာ၊ ဝင်စားပြီးလျှင်။ ဝုဋ္ဌာယ၊ ထ၍။ ဈာနသမ္ပယုတ္တံ၊ ဈာန်နှင့် ယှဉ်သော စိတ္တံ၊ စိတ်ကို။ ခယတော၊ ကုန်သွား သည်ဟု။ ဝယတော၊ ပျက်သွားသည်ဟု။ သမ္မသတိ၊ သုံးသပ်၏။ သော၊ ထိုရှုမှတ်သောသူသည်။ ဝိပဿနာက္ခဏေ၊ ဝိပဿနာရှုခိုက်၌။ အနိစ္စာနုပဿ· နာယ၊ အနိစ္စာနုပဿနာဖြင့်။ နိစ္စသညာတော၊ နိစ္စသညာမှ။ စိတ္တံ မော— စေန္တော၊ စိတ်ကိုလွှတ်စေလျက်။ ဒုက္ခာနုပဿနာယ၊ ဒုက္ခာနုပဿနာဖြင့်။ သုခသညာတော၊ သုခသညာမှ။ အနတ္တာနုပဿနာယ၊ အနတ္တာနုပဿနာ ဖြင့်။ အတ္တသညာတော၊ အတ္တသညာမှ။ နိဗ္ဗိဒါနုပဿနာယ၊ နိဗ္ဗိဒါနုပဿနာ ဖြင့်။ နန္ဒိတော၊ နှစ်သက် ပျော်မွေ့ခြင်းမှ။ ဝိရာဂါနုပဿနာယ၊ ဝိရာဂါ နုပဿနာဖြင့်။ ရာဂတော၊ တပ်မက်ခြင်းမှ။ နိရောဓာနုပဿနာယ၊ နိရောဓာ နုပဿနာဖြင့်။ သမုဒယတော၊ ဖြစ်ပွားစေခြင်းမှ။ ပဋိနိဿဂ္ဂါနုပဿနာယ၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့်။ အာဒါနတော၊ စွဲယူခြင်းမှ။ စိတ္တံ မော— စေန္တော၊ စိတ်ကိုလွှတ်စေလျက်။ အဿသတိ စေဝ၊ ရှူ၍လည်း သွင်း၏။ ပဿသတိ စ၊ ရှူ၍လည်းထုတ်၏။ တေန၊ ထို့ကြောင့်။ "ဝိမောစယံ စိတ္တံ အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတီ"တိ၊ စိတ်ကိုအထူးသဖြင့် လွှတ် စေလျက် ရှူသွင်းအံ့–ရှူထုတ်အံ့ဟု လေ့ကျင့်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ ၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဣဒံ စတုက္ကံ၊ ဤ တတိယ စတုက္ကကို။စိတ္တာ- နုပဿနာဝသေန ဘာသိတန္တိ၊ စိတ္တာနုပဿနာ၏အစွမ်းဖြင့် ဟောအပ်၏ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၂၃၆။ စတုတ္ထစတုက္ကေ ပန၊ စတုတ္ထစတုက္က—၌ကား။ အနိစ္စာနုပဿီတိ· ဧတ္ထ၊ အနိစ္စာနုပဿီ-ဟူသော ဤပုဒ်၌။ တာဝ၊ ရှေးဦးစွာ။ အနိစ္စံ၊ မမြဲ သည်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အနိစ္စတာ၊ မမြဲသည်၏ အဖြစ်ဟူသော အနိစ္စလက္ခဏာကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ အနိစ္စာနုပဿနာ၊ အနိစ္စာနု ပဿနာကို။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ အနိစ္စာနုပဿီ၊ မမြဲ—ဟု ရှုမြင်သူ ကို။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။

တတ္ထ၊ ထိုစကားရပ်တွင်။ အနိစ္စန္တိ-အနိစ္စံ နာမ၊ မမြဲမည်သည်ကား။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့ပေတည်း။ ကသ္မာ၊ အဘယ့်ကြောင့် မမြဲသနည်း?ဟူမူ။ ဥပ္ပါဒဝယဋ္ဌိတ္တာဘာဝါ၊ ဖြစ်ခြင်း, ပျက်ခြင်း, တမျိုးတမည်ဖြစ်ခြင်း သဘောရှိသောကြောင့် ပေတည်း။ (ဖြစ်ခြင်းဥပါဒ်သဘောရှိခြင်း, ပျက်ခြင်း ဘင်သဘောရှိခြင်း, ထိုဥပါဒ်ဘင်တို့မှတပါး တမျိုးတမည်ဖြစ်ခြင်း ဌီသဘောရှိခြင်းကြောင့်ဟု ဆိုလို၏။ ထိုတွင် တမျိုးတမည်ဖြစ်ခြင်းဆိုသည်မှာ ဥပါဒ်, ဘင်တို့နှင့်မတူပဲ အခိုက်အတန့်မျှ တည်လျက် ရင့်ခြင်းသဘောပေတည်း။ ၎င်းကို ဌီ-ဟု ခေါ်သည်။ ထို့ကြောင့် တိုတိုနှင့်ရှင်းရှင်း ပြန်ရလျှင် ဥပါဒ်, ဌီ, ဘင်ရှိခြင်းကြောင့်။ ဝါ၊ ဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်းရှိခြင်းကြောင့်-ဟူ၍ ပြန်ဆိုနိုင်၏။ ထိုအကြောင်းအကျယ်ကို ဋီကာ၌ ရှုလေ။) အနိစ္စတာတိ၊ အနိစ္စတာ-ဟူသည်ကား။ တေသံယေဝ၊ ထိုခန္ဓာငါးပါးတို့၏ပင်လျှင်။ ဥပ္ပါဒဝယဋ္ဌတ္တံ၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် တမျိုးတမည် ဖြစ်ခြင်းဟူသော ရင့်ခြင်းပေတည်း။ ဝါ၊ ဥပါဒ်, ဌီ, ဘင်ပေတည်း။ ဝါ၊ တနည်းကား။ ဟုတွာ အဘာဝေါ၊ မူလကမရှိသေးပဲ ဖြစ်ပေါ်လာပြီး၍ မရှိခြင်း, ပျောက်ကွယ်သွားခြင်းပေတည်း။ နိဗ္ဗတ္တာနံ၊ ဖြစ်ပေါ်လာပြီးသော တရားတို့၏။ တေနေဝါကာရေန၊ ထိုရှိနေသော အခြင်းအရာအားဖြင့်။ အဋ္ဌတွာ၊ မတည်မူ၍။ ခဏဘင်္ဂေန၊ ခဏဘင်အားဖြင့်။ ဘေဒေါတိ၊ ပျက်ခြင်းပင်ဟူ၍။ အတ္ထော၊ ဆိုလိုသောအနက်တည်း။ အနိစ္စာနုပဿနာတိ၊ အနိစ္စာနုပဿနာ-ဟူသည်မှာ။ တဿာ အနိစ္စတာယ ဝသေန၊ ထို ဖြစ်, တည်, ပျက် ဟူသော အနိစ္စလက္ခဏာ၏ အစွမ်းအားဖြင့်။ ရူပါဒီသု၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့၌။ အနိစ္စန္တိ၊ မမြဲဟု။ အနုပဿနာ၊ ရှုမြင်ခြင်းပေတည်း။ အနိစ္စာနုပဿီတိ၊ မမြဲ-ဟု ရှုသူမှာ။ တာယ အနုပဿနာယ၊ ထို မမြဲ-ဟု ရှုသောဉာဏ်အမြင်နှင့်။ သမန္နာဂတော၊ ပြည့်စုံသူပေတည်း။ တသ္မာ၊ ထို့ကြောင့်။ ဧဝံ ဘူတော၊ ဤသို့မမြဲဟုရှုမြင်သည်ဖြစ်၍။ (၂၇၂) အဿသန္တော စ၊ ရှူသွင်းလျက်။ ပဿသန္တော စ၊ ရှူထုတ်လျက်ရှိသော သူကိုလည်း။ ဣဓ၊ ဤအရာ၌။ "အနိစ္စာနုပဿီ အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတိ"တိ၊ မမြဲ-ဟု ရှုမှတ်သည်ဖြစ်၍ ရှူသွင်းအံ့ ရှူထုတ်အံ့ဟု လေ့ကျင့်သည်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။

ဝိရာဂါနုပဿီတိ ဧတ္ထ ပန၊ ဝိရာဂါနုပဿီ-ဟူသော ဤပုဒ်၌ကား။ ဝိရာဂေါ၊ ပျက်ပြယ်ခြင်းတို့သည်။ ခယဝိရာဂေါ စ၊ ကုန်ခြင်း-ဟူသော ပျက်ပြယ်ခြင်း လည်းကောင်း။ အစ္စန္တဝိရာဂေါ စ၊ အဆုံးကိုလွန်သော ပျက်

ပြုယ်ခြင်း လည်းကောင်း။ ဝါ၊ စင်စစ် ပျက်ပြုယ်ခြင်း လည်းကောင်း။ (ဣတိ၊ ဤသို့။—ထည့်။)ဒွေ၊ နှစ်ပါးအပြားရှိကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ခယဝိရာဂေါတိ၊ ခယဝိရာဂေါ-ဟူသည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ခဏဘင်္ဂေါ၊ ခဏဘင်သည်။ ခယဝိရာဂေါတိ-ခယဝိရာဂေါ နာမ၊ ခယဝိရာ -မည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အစ္စန္တဝိရာဂေါတိ—အစ္စန္တဝိရာဂေါ နာမ၊ အစ္စန္တဝိရာဂ မည်၏။ တဒုဘယဒဿနဝသေန၊ ထိုဝိရာဂနှစ်ပါးကို မြင်သည်၏အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ဝိပဿနာ စ၊ ဝိပဿနာသည် လည်းကောင်း။ မဂ္ဂေါ စ၊ မဂ်သည်လည်းကောင်း။ ဝိရာဂါနုပဿနာတိ—ဝိရာဂါနုပဿနာ နာမ၊ ဝိရာဂါနုပဿနာ - မည်၏။ (ဤအရာ၌ ဝိပဿနာသည် ခယဝိရာဂကိုမြင်၏။ အရိယမဂ်သည် အစ္စန္တဝိရာဂ (နိဗ္ဗာန်) ကိုမြင်၏ဟု ခွဲခြားရှုမှတ်လေ။) ဒုဝိဓာယ၊ နှစ်ပါးအပြားရှိသော။ တာယ အနုပဿနာယပိ၊ ထိုအနုပဿနာနှင့်လည်း။ သမန္နာဂတော ဟုတွာ၊ ပြည့်စုံလျက်။ အဿသန္တော စ၊ ရှူသွင်းသောသူကို လည်းကောင်း။ ပဿသန္တော စ၊ ရှူထုတ်သောသူကို လည်းကောင်း။ "ဝိရာဂါနုပဿီ အဿသိဿာမိ ပဿသိဿာမိတိ သိက္ခတိ" တိ၊ ဝိရာဂကိုရှုလျက် ရှူသွင်းအံ့-ရှူထုတ်အံ့ဟု လေ့ကျင့်သည်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။ နိရောဓာနုပဿီပဒေပိ၊ နိရောဓာနုပဿီ—ပုဒ်၌လည်း။ ဧသေဝ-နယော၊ ဤနည်းပင်တည်း။

ပဋိနိဿဂ္ဂါနုပဿီတိ ဧတ္ထာပိ၊ ပဋိနိဿဂ္ဂါနုပဿီ-ဟူသော ဤပုဒ်၌လည်း။ ပဋိနိဿဂ္ဂါ၊ လွတ်ခြင်းတို့သည်။ ပရိစ္စာဂပဋိနိဿဂ္ဂေါ စ၊ စွန့်လွှတ်ခြင်းဟူသော ပရိစ္စာဂပဋိနိဿဂ္ဂ-လည်းကောင်း။ ပက္ခန္ဒနပဋိဿဂ္ဂေါ စ၊ ပြေးဝင်ခြင်း, စေလွှတ်ခြင်း—ဟူသော ပက္ခန္ဒနပဋိနိဿဂ္ဂ—လည်းကောင်း။(ဣတိ၊ ဤသို့။ -ထည့်။) ဒွေ၊ နှစ်ပါးအပြားရှိကုန်၏။ ပဋိနိဿဂ္ဂေါဧဝ၊ စွန့်လွှတ်ခြင်း, စေလွှတ်ခြင်းသည်ပင်လျှင်။ အနုပဿနာ၊ အနုပဿနာ-ပေတည်း။ ပဋိ-နိဿဂ္ဂါနုပဿနာ၊ ပဋိနိဂ္ဂါနုပဿနာ-မည်၏။ ဧတံ၊ ဤအမည်သည်။ ဝိပဿနာမဂ္ဂါနံ၊ ဝိပဿနာနှင့် အရိယမဂ်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဟိ၊ ခွဲ၍ပြဦးအံ့။ ဝိပဿနာ၊ ဝိပဿနာသည်။ ခန္ဓာဘိသင်္ခါရေဟိ သဒ္ဓိံ၊ ဖြစ်ကိုက်သော အကျိုးခန္ဓာ, ဖြစ်စေတတ်သော ကုသိုလ်ကံ-အကုသိုလ်ကံ ဟူသော အဘိသင်္ခါရတို့နှင့် တကွ။ ကိလေသေ၊ ကိလေသာတို့ကို။ တဒင်္ဂ-ဝသေန၊ တဒင်္ဂ—အလိုအားဖြင့်။ ပရိစ္စဇတိ၊ စွန့်ပယ်တတ်၏။ သင်္ခတဒေါသ-ဒဿနေန စ၊ သင်္ခတတရားတို့၏ အပြစ်ကိုမြင်သောကြောင့်။ တဗ္ဗိပရီတေ

နိဗ္ဗာနေ၊ ထိုမှပြောင်းပြန်ဖြစ်သော။ ဝါ၊ သခ်ိတတရားတို့၏ ငင်းရာဖြစ်သော နိဗ္ဗာန်၌။ တန္နိန္နတာယ၊ ထိုနိဗ္ဗာန်၌ ညွတ်ကိုင်းသည်၏အလိုအားဖြင့်။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ပရိစ္စာဂပဋိနိဿဂ္ဂေါ စေဝ၊ ပရိစ္စာဂပဋိနိဿဂ္ဂ-ဟူ၍လည်းကောင်း ။ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိ စ၊ ပက္ခန္ဒနပဋိနိဿဂ္ဂ-ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ မဂ္ဂေါ၊ အရိယမဂ်သည်။ ခန္ဓာဘိသင်္ခါရေဟိ သဒ္ဓိံ၊ ဖြစ်ထိုက်သော အကျိုးခန္ဓာ, ဖြစ်စေတတ်သော ကုသိုလ်ကံ—အကုသိုလ်ကံဟူသော အဘိသင်္ခါရတို့နှင့် တကွ။ ကိလေသေ၊ ကိလေသာတို့ကို။ သမုစ္ဆေဒဝသေန၊ သမုစ္ဆေဒ-အလိုအားဖြင့်။ ပရိစ္စဇတိ၊ စွန့်ပယ်တတ်၏။ စ၊ ထိုမှတပါး။ အာရမ္မဏကရဏေန၊ အာရုံပြုသောအားဖြင့်။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ ပရိစ္စာဂပဋိနိဿဂ္ဂေါ စေဝ၊ ပရိစ္စာဂပဋိနိဿဂ္ဂ-ဟူ၍လည်းကောင်း။ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိ စ၊ ပက္ခန္ဒနပဋိနိဿဂ္ဂ-ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ပန၊ အဖွင့်တပါးကား။ ဥဘယမ္ပိ၊ ဝိပဿနာနှင့်မဂ်ဉာဏ် နှစ်ပါးသည်လည်း။ ပုရိမပုရိမဉာဏာနံ၊ ရှေးရှေးဉာဏ်တို့၏။ အနုအနုပဿန-တော၊ နောက်နောက်၌ ရှုတတ်သောကြောင့်။ အနုပဿနာတိ၊ အနုပဿနာ ဟူ၍။ (အနုအနုပဿနတော-၌ အနုအနု၊ နောက်နောက်၌။—ဤသို့ပေးမှ မဂ္ဂဉာဏမ္ပိ ဟိ ဂေါတြဘုဉာဏဿ အနုပစ္ဆာ နိဗ္ဗာနဒဿနတော အနုပဿနာတိ ဝုစ္စတိ—ဟူသောဋီကာနှင့် လျော်မည်။) ဝုစ္စတိ၊ဆိုအပ်ပေ၏။ ဒုဝိဓာယပိ၊နှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ တာယ ပဋိနိဿဂ္ဂါနုပဿနာယ၊ ထိုပဋိ—နိဿဂ္ဂါနုပဿနာနှင့်။ သမန္နာဂတော ဟုတွာ၊ ပြည့်စုံလျက်။ အဿသန္တော စ၊ ရှူသွင်းသောသူကိုလည်းကောင်း။ ပဿသန္တော စ၊ ရှူထုတ်သောသူကိုလည်းကောင်း။ "ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတိ"တိ၊ ပဋိနိဿဂ္ဂကိုရှုလျက် ရှူသွင်းအံ့—ရှူထုတ်အံ့ဟု လေ့ကျင့်သည်ဟူ၍။ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။

ဣဒံ စတုတ္ထစတုက္ကံ၊ ဤ စတုတ္ထစတုက္ကကို။ သုဒ္ဓဝိပဿနာဝသေနေဝ၊ ဝိပဿနာသက်သက်၏ အစွမ်းအားဖြင့်သာလျှင်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ပုရိမာနိ ပန တီဏိ၊ ရှေးစတုက္က သုံးပါးတို့ကိုမူကား။ သမထဝိပဿနာ-ဝသေန၊ သမထ, ဝိပဿနာတို့၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ စတုန္နံ စတုက္ကာနံ ဝသေန၊ လေးပါးသောစတုက္ကတို့၏ အစွမ်းအစားဖြင့်။ သောဠသဝတ္ထုကာယ၊ တစ်ဆယ့်ခြောက်ပါးသော တည်ရာဌာနရှိသော။ အာနာပါနသတိယာ၊ အာနာပါနသတိ၏ ။

ဘာဝနာ၊ ပွားခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ ဇဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သောဠသဝတ္ထုကသေန၊ တစ်ဆယ့်ခြောက်ပါးသော တည်ရာ၏အစွမ်းဖြင့်။ အယံ အာနာပါနဿတိ၊ ဤအာနာပါနဿတိသည်။ မဟပ္ဖလာ၊ များသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာနိသံသာ၊ များသောအာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။

၂၃၇။ တတြ၊ ထိုစကားရပ်၌။ အဿ၊ ထိုအာနာပါနဿတိ၏။ "ဘိက္ခဝေ၊ ရဟန်းတို့။ အယမ္ပိ အာနာပါနဿတိသမာဓိ၊ ဤ အာနာပါန-ဿတိသမာဓိသည်လည်း။ ဘာဝိတော၊ ပွားစေအပ်လျှင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုအပ်လျှင်။ သန္တော စေဝ၊ ငြိမ်သက်သည်သာလျှင်လည်း ဖြစ်၏။ ပဏီတော စ၊ မွန်မြတ်သည်သာလျှင်လည်း ဖြစ်ပေ၏။"လတိအာဒိ-ဝစနတော၊ ဤသို့စသည်ကို ဟောတော်မူသောကြောင့်။ သန္တဘာဝါဒိ-ဝသေနာပိ၊ ငြိမ်သက်သည်၏အဖြစ် စသည်၏အစွမ်းအားဖြင့်လည်းကောင်း။ ဝိတက္ကုပစ္ဆေဒသမတ္ထတာယပိ၊ မိစ္ဆာဝိတက်တို့ကိုပယ်ဖျက်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ဖြင့် လည်းကောင်း။ မဟာနိသံသတာ၊ များစွာသော အာနိသင်ရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ ဟိ၊ မှန်ပေ၏။ အယံ၊ ဤ အာနာပါနဿတိသည်။ သန္တပဏီတအသေစနကသုခဝိဟာရတ္တာ၊ ငြိမ်သက်သည်၏အဖြစ်, မွန်မြတ်သည်၏အဖြစ်,မသွန်းထည့်အပ်သည်၏အဖြစ်, ချမ်းသာသောနေခြင်း၏အဖြစ်ကြောင့်။ သမာဓိအန္တရာယကရာနံ ဝိတက္ကာနံ ဝသေန၊ သမာဓိ၏အန္တရာယ်ကို ပြုတတ်ကုန်သော မိစ္ဆာဝိတက်တို့၏ အစွမ်းအားဖြင့်။ ဣတော စိတော စ၊ ထိုထိုအာရုံသို့။ စိတ္တဿ ဝိဓာဝနံ ဝိစ္ဆိန္ဒိတွာ၊ စိတ်၏ပြေးသွားခြင်းကို ပယ်ဖျောက်၍။ (၂၈၃) စိတ္တံ၊ စိတ်ကို။ အာနာပါနာရမ္မဏာ-ဘိမုခမေဝ၊ ဝင်လေ-ထွက်လေဟူသော အာရုံဆီသို့သာလျှင် ရှေးရှုဖြစ်နေအောင်။ကရောတိ၊ ပြုတတ်ပေ၏။ တေနေဝ၊ ထို့ကြောင့်ပင်လျှင်။ "အာနာ-ပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယာ"တိ။ မိစ္ဆာဝိတက်တို့ကို ပယ်ခြင်းငှာ အာနာပါနဿတိကို ပွားစေအပ်၏-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

စ၊ ထို့မှတပါး။ ဝိဇ္ဇာဝိမုတ္တိပါရိပူရိယာ၊ ဝိဇ္ဇာဝိမုတ္တိ ထက်ဝန်းကျင်ပြည့်စုံခြင်း၏။ မူလဘာဝေနာပိ။အခြေခံ အကြောင်းရင်း အဖြစ်ဖြင့်လည်း။အဿာ၊ ထို အာနာပါနဿတိ၏။ မဟာနိသံသတာ၊များသောအာနိသင် ရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ ဟိ၊ မှန်ပေ၏။ ဇတံ၊ ဤဆိုလတ္တံ့သော စကားကို။ဘဂဝတာ၊မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ရဟန်းတို့။ အာနာပါနဿတိ၊

အာနာပါနဿတိသည်။ ဝါ၊ ကို။ ဘာဝိတာ၊ ပွားစေလျှင်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုလျှင်။ စတ္တာရော သတိပဋ္ဌာနေ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို။ ပရိပူရေတိ၊ ထက်ဝန်းကျင် ပြည့်စေ၏။ စတ္တာရော သတိ-ပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန်တို့သည်။ ဘာဝိတာ၊ ပွားစေလျှင်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုလျှင်။ သတ္တဗောဇ္ဈင်္ဂေ၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို။ ပရိပူရေန္တိ၊ ထက်ဝန်းကျင် ပြည့်စေကုန်၏။ သတ္တ ဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့သည်၊ ဘာဝိတာ၊ ပွားစေအပ်လျှင်။ ဗဟုလီ-ကတာ၊ အကြိမ်များစွာ ပြုလျှင်။ ဝိဇ္ဇာဝိမုတ္တိ၊ ဝိဇ္ဇာမည်သော မဂ်နှင့် ဝိမုတ္တိ မည်သောဖိုလ်ကို။ ပရိပူရေန္တိ၊ ထက်ဝန်းကျင် ပြည့်စေကုန်၏။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

အပိစ၊ တနည်းအားဖြင့်မူကား။ စရိမကာနံ၊ နောက်ဆုံး၌ ဖြစ်ကုန်သော။ အဿာသပဿာသာနံ၊ ဝင်လေ-ထွက်လေတို့ကို။ ဝိဒိတဘာဝပကာသနတောပိ၊ သိအပ်သည်၏အဖြစ်ကို ပြုခြင်းဖြင့်လည်း။ အဿ၊ ထိုအာနာပါနဿတိ၏။ မဟာနိသံသတာ၊ များသောအာနိသင် ရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ ဟိ၊ ထိုစကားမှန်၏။ တေံ၊ ဤ အောက်ပါစကားကို။ ဘာဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။—"ရာဟုလ၊ ချစ်သားရာဟုလာ။ အာနာပါနဿတိယာ၊ အာနာပါနဿတိကို။ ဧဝံ ဘာဝိ-တာယ၊ ဤဆိုခဲ့သည့်အတိုင်း ပွားစေထားလျှင်။ ဧဝံ ဗဟုလီကတာယ၊ ဤ ဆိုခဲ့သည့်အတိုင်း အကြိမ်များစွာ ပြုထားလျှင်။ ယေပိ တေ အဿာသ-ပဿာသာ၊ အကြင် ဝင်လေ-ထွက်လေတို့သည်။ စရိမကာ၊ စုတေခါနီး နောက်ဆုံးကာလ၌ ဖြစ်ကုန်၏။ တေပိ၊ ထိုနောက်ဆုံး ဝင်လေ-ထွက်လေ တို့သည်လည်း။ ဝိဒိတာဝ၊ သိအပ်ကုန်လျက်သာ။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ အဝိဒိတာ၊ မသိအပ်ကုန်ပဲ။ နော နိရုဇ္ဈန္တိ၊ မချုပ်ကုန်။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

၂၃၈။ တတ္ထ၊ ထိုစကားရပ်၌။ နိရောဓဝသေန၊ ချုပ်သည်၏ အစွမ်းအားဖြင့်။ စရိမကာ၊ နောက်ဆုံးဖြစ်သော အသက်ရှုလေတို့သည်။ ဘဝ-စရိမကာ၊ ဘဝအလိုအားဖြင့် နောက်ဆုံးအသက်ရှုလေ လည်းကောင်း။ ဈာနစရိမကာ၊ ဈာန်အလိုအားဖြင့် နောက်ဆုံးအသက်ရှုလေ လည်းကောင်း။ စုတိစရိမကာ၊ စုတိအလိုအားဖြင့် နောက်ဆုံးအသက်ရှုလေ လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးအပြားရှိကုန်၏။

ဟိ၊ ခဲ့ဆိုဦးအံ့။ ဘဝေသု၊ ဘဝသုံးပါးတို့တွင်။ ကာမဘဝေ၊ ကာမဘဝ၌။ အဿာသပဿာသာ၊ အသက်ရှူလေ-ရှိုက်လေတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ရူပါရူပဘဝေသု၊ ရူပဘဝ, အရူပဘဝတို့၌။ နပ္ပဝတ္တန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထို နောက်ဆုံး ကာမဘဝ၌ ဖြစ်ကုန်သော အသက်ရှူလေ-ရှိုက်လေတို့သည်။ ဘဝစရိမကာ၊ ဘဝအလိုအားဖြင့် နောက်ဆုံး အသက်ရှူလေ-ရှိုက်လေတို့ မည်ကုန်၏။ ဈာနေသု၊ ဈာန်တို့တွင်။ ပုရိမေ ဈာနတ္တယေ၊ ရှေ့ဈာန်သုံးပါး အပေါင်း၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ စတုတ္ထေ၊စတုတ္ထဈာန်၌။ နပ္ပဝတ္တန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ တေ၊ စတုတ္ထဈာန်၏ ရှေးအဖို့တွင် ဝင်စားသော အောက်ဈာန်၌ ဖြစ်ကုန်သော ထို အသက်ရှူလေ-ရှိုက်လေတို့သည်။ ဈာနစရိမကာ၊ ဈာန်အလိုအားဖြင့် နောက်ဆုံး အသက်ရှူလေ-ရှိုက်လေတို့ မည်ကုန်၏။ ပန၊ ထိုမှတပါး။ ယေ၊ အကြင်အသက်ရှူလေ-ရှိုက်လေတို့သည်။ စုတိစိတ္တဿ ပုရတော၊ စုတိစိတ်ရှေ့၌။ သောဠသမေန စိတ္တေန သဒ္ဓိံ၊ ၁၆-ခုမြောက် စိတ်နှင့်အတူတကွ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကြပြီးလျှင်။ စုတိစိတ္တေန သဟ၊ စုတိစိတ်နှင့်တကွ။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဣမေ၊ ဤအသက်ရှူလေ-ရှိုက်လေတို့သည်။ စုတိစရိမကာ နာမ၊ စုတိအလိုအားဖြင့် နောက်ဆုံး အသက်ရှူလေ ရှိုက်လေတို့ မည်ကုန်၏။ ဣမေ၊ ဤ စုတိစရိမက အသက်ရှူလေ-ရှိုက်လေတို့ကို။ ဣဓ၊ ဤအရာ၌။ ''စရိမကာ''တိ၊ နောက်ဆုံး၌ဖြစ်သော အသက်ရှူလေ-ရှိုက်တို့ဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။

ဣမံ ကမ္မဋ္ဌာနံ၊ဤ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တဿ ဘိက္ခုနော၊ အားထုတ်သော ရဟန်းအား။ အာနာပါနာရမ္မဏဿ၊ အသက်ရှူလေ-ရှိုက်လေအာရုံကို။ သုဋ္ဌု ပရိဂ္ဂဟိတတ္တာ၊ ကောင်းစွာသိမ်းဆည်းပြီးဖြစ်သောကြောင့်။ စုတိစိတ္တဿ ပုရတော၊ စုတိစိတ်၏ ရှေ့အဖို့၌။ သောဠသမဿ စိတ္တဿ၊ ၁၆-ခုမြောက်စိတ်၏။ ဥပ္ပါဒက္ခဏေ၊ ဖြစ်ဆဲခဏ၌။ ဥပ္ပါဒံ အာဝဇ္ဇယတော၊ ဖြစ်ခြင်းဥပါဒ်ကို ဆင်ခြင်လျက်။ နေသံ၊ ထိုအသက်ရှူလေ-ရှိုက်လေတို့၏။ ဥပ္ပါဒေါပိ၊ ဥပါဒ်သည်လည်း။ ပါကဋော ဟောတိ ကိရ၊ ထင်ရှားဖြစ်သတတ်။ ဌိတိံ အာဝဇ္ဇယတော၊တည်ခြင်း-ဌီကိုဆင်ခြင်လျှင်။ နေသံ ဌိတိပိ၊ ထို အသက်ရှူလေ-ရှိုက်လေတို့၏ ဌီသည်လည်း။ ပါကဋာ ဟောတိ ကိရ၊ ထင်ရှားသတတ်။ ဘင်္ဂံ အာဝဇ္ဇယတော၊ ပျက်ခြင်း-ဘင်ကို ဆင်ခြင်လျှင်။ နေသံ ဘင်္ဂေါ၊ ထို အသက်ရှူလေ-ရှိုက်လေတို့၏ ဘင်သည်လည်း။ ပါကဋော ဟောတိ ကိရ၊ ထင်ရှားသတတ်။

ဟိ၊ မှန်၏။ ဣတော အညံ ကမ္မဋ္ဌာနံ၊ ဤ အာနာပါနကမ္မဋ္ဌာန်းမှ တပါးသော ကမ္မဋ္ဌာန်းကို။ ဘာဝေတွာ၊ ပွားစေ၍။ အရဟတ္တံ ပတ္တာသု ဘိက္ခူနော။ အရဟတ္တဖိုလ်သို့ရောက်သော ရဟန်းအား။ အာယုအန္တရံ၊ အသက်၏ အဆုံး–အပိုင်းအခြားကို။ ပရိစ္ဆိန္ဒိ ဝါ ဟောတိ၊ ပိုင်းဖြတ်နိုင်သည်လည်း ရှိ၏။ အပရိစ္ဆိန္ဒံ ဝါ ဟောတိ၊ မပိုင်းဖြတ်နိုင်သည်လည်း ရှိ၏။ သောဠသဝတ္ထုကံ၊ ၁၆–ပါးသောဝတ္ထုရှိသော။ ဣဒံ ပန အာနာပါနသတိံ ဘာဝေတွာ၊ ဤအာနာပါနသတိကို ပွါးစေ၍။ အရဟတ္တံ ပတ္တဿ၊ အရဟတ္တဖိုလ်သို့ရောက်သော ရဟန်း၏။ အာယုအန္တရံ၊ အသက်အပိုင်းအခြားကို။ ပရိစ္ဆိန္နမေဝ ဟောတိ၊ ပိုင်းဖြတ်နိုင်သည်သာလျှင် ဖြစ်၏။ သော၊ ထိုသို့သော ရဟန်းသည်။ "ဒါနိ၊ ယခုအခါ၌။ မေ အာယုသင်္ခါရာ၊ ငါ၏အာယုသင်္ခါရတို့သည်။ ဧတ္တကံ ပဝတ္တိဿန္တိ၊ ဤမျှလောက်သာ ဖြစ်ကုန်လတ္တံ့။ (၂၀၄) ဣတော ပရံ၊ ဤမှနောက်၌။ န ပဝတ္တိဿန္တိ"တိ၊ မဖြစ်ကုန်လတ္တံ့-ဟု။ ဉတွာ၊ သိပြီးလျှင်။ အတ္တနော ဓမ္မတာယ ဧဝ၊ မိမိ၏ သဘော အလိုအားဖြင့်သာလျှင်။ သရီရပဋိဇဂ္ဂန နိဝါသနပါရုပနာဒီနိ၊ ကိုယ်ကိုသုတ်သင်ခြင်း, သင်းပိုင်ဝတ်ခြင်း, ကောသိကိုရုံခြင်း–အစရှိကုန်သော။ သဗ္ဗကိစ္စာနိ ကတွာ၊ အလုံးစုံသောကိစ္စတို့ကို ပြုပြီး၍။ အက္ခီနိ နိမီလေတိ၊ မျက်စိတို့ကို မှိတ်လေတော့၏။ (ကော ဝိယ၊ အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်း ဟူမူ။–ထည့်။) ကောဋပဗ္ဗတဝိဟာရဝါသီ တိဿတ္ထေရော ဝိယ စ၊ ကောဋတောင်ကျောင်းတိုက်၌နေလေ့ရှိသော တိဿမထေရ်ကဲ့သို့လည်းကောင်း။ မဟာကရဉ္ဇိယဝိဟာရဝါသီမဟာတိဿတ္ထေရော ဝိယ စ၊ မဟာကရဉ္ဇိယကျောင်းတိုက်၌ နေလေ့ရှိသော မဟာတိဿမထေရ်ကဲ့သို့လည်းကောင်း။ ဒေဝပုတ္တမဟာရဋ္ဌေ၊ ဒေဝပုတ္တမည်သော တိုင်းကြီး၌။ ပိဏ္ဍပါတိကတိဿတ္ထေရော ဝိယ စ၊ ပိဏ္ဍပါတ်ခုတင်ဆောင် တိဿမထေရ်ကဲ့သို့လည်းကောင်း။ စိတ္တလပဗ္ဗတဝိဟာရဝါသိနော၊ စိတ္တလတောင်ကျောင်းတိုက်၌ နေလေ့ရှိကြကုန်သော။ ဒွေဘာတိကတ္ထေရာ ဝိယ စ၊ နှစ်ပါးကုန်သောညီနောင်တို့ကဲ့သို့ လည်းကောင်းတည်း။

တတြ၊ ထိုစကားရပ်တွင်။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဧကဝတ္ထုပရိဒီပနံ၊ တစ်ခုသောဝတ္ထုကို ပြသောစကားပေတည်း။ ဒွေဘာတိကတ္ထေရာနံ၊ ညီနောင်နှစ်ပါးတို့တွင်။ ဧကော၊ တစ်ပါးသော မထေရ်သည်။ ပုဏ္ဏမုပေါသထဒိဝသေ၊ လပြည့်နေ့၌။ ပါတိမောက္ခံ ဩသာရေတွာ၊ ပါတိမောက်ကို ပြီးဆုံးစေပြီးလျှင်။ ဝါ၊ ပါတိမောက်ပြပြီးလျှင်။ ဘိက္ခုသံဃပရိဝုတော၊ ရဟန်းအပေါင်း ခြံရံလျက်။ အတ္တနော ဝသနဋ္ဌာနံ ဂန္တွာ၊ မိမိ၏

နေရပ်သို့ သွားရှ်။ စင်္ကမေ ဌိတော၊ စင်္ကြံ၌ရပ်လျက်။ စန္ဒာလောကံ ဩလော-ကေတွာ၊ လရောင်ကိုကြည့်ပြီးလျှင်။ အတ္တနော အာယုသင်္ခါရေ၊ မိမိ၏ အာယုသင်္ခါရတို့ကို။ ဥပမာရေတွာ၊ စူးစမ်းဆင်ခြင်ပြီးနောက်။ "တုမှေဟိ၊ သင်တို့သည်။ ကထံ၊ အဘယ်သို့နေလျက်။ ပရိနိဗ္ဗာယန္တာ ဘိက္ခူ၊ ပရိနိဗ္ဗာန် စံကြသော ရဟန်းတို့ကို။ ဒိဋ္ဌပုဗ္ဗာ၊ မြင်ဖူးကြသနည်း။" ဣတိ၊ ဤသို့။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ အာဟ၊ မေးလေ၏။ တတြ၊ ထိုရဟန်းတို့တွင်။ ကေစိ၊ အချို့သောရဟန်းတို့သည်။ ဝါ၊ အချို့သောရဟန်းတို့က။ "အာသနေ နိသိန္နကာဝ၊ နေရာ၌ ထိုင်ကုန်လျက်သာလျှင်။ ပရိနိဗ္ဗာယန္တာ၊ ပရိနိဗ္ဗာန်စံကြသည်ကို။ အမှေဟိ၊ တပည့်တော်တို့သည်။ ဒိဋ္ဌပုဗ္ဗာ၊ မြင်ဖူးပါကုန်၏။" ဣတိ၊ ဤသို့။ အာဟံသု၊ လျှောက်ကုန်၏။ ကေစိ၊ အချို့က။ "အာကာသေ၊ ကောင်းကင်၌။ ပလ္လင်္ကံ အာဘုဇိတွာ၊ ထက်ဝယ်ဖွဲ့ကာ၊ နိသိန္နကာ၊ ထိုင်နေကုန်လျက်။ ပရိနိဗ္ဗာယန္တာ၊ ပရိနိဗ္ဗာန်စံကြသည်ကို။ အမှေဟိ၊ တပည့်တော်တို့သည်။ ဒိဋ္ဌပုဗ္ဗာ၊ မြင်ဖူးပါကုန်၏။" ဣတိ၊ ဤသို့။ အာဟံသု၊ လျှောက်ကြကုန်၏။ ထေရော၊ ရဟန္တာမထေရ်သည်။ "ဒါနိ၊ ယခု။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့အား။ စင်္ကမန္တမေဝ၊ စင်္ကြံသွားလျက်သာလျှင်။ ပရိနိဗ္ဗာယမာနံ၊ ပရိနိဗ္ဗာန်စံသည်ကို။ ဒဿေဿာမိ" ဣတိ၊ ပြပေအံ့-ဟု။ အာဟ၊ မိန့်ဆို၏။ တတော၊ ထိုသို့ဆိုပြီးနောက်။ စင်္ကမေ၊ စင်္ကြံ၌။ လေခံ ကတွာ၊ အရေးအကြောင်းကိုပြုပြီးလျှင်။ "အဟံ၊ ငါသည်။ ဣတော စင်္ကမကောဋိတော၊ ဤဘက် စင်္ကြံအစွန်းမှ။ ပရကောဋိံ ဂန္တွာ၊ ဟိုဘက်အစွန်းသို့ သွားပြီးလျှင်။ နိဝတ္တမာနော၊ ပြန်လာသောအခါ။ ဣမံ လေခံ ပတွာဝ၊ ဤအရေးအကြောင်းသို့ ရောက်၍သာလျှင်။ ပရိနိဗ္ဗာယိဿာမိ" ဣတိ၊ ပရိနိဗ္ဗာန် စံပြီ-ဟု။ ဝတွာ၊ မိန့်ဆို၍။ စင်္ကမံ ဩရုယှ၊ စင်္ကြံသို့တက်၍။ ပရဘာဂံ ဂန္တွာ၊ တဘက်အဖို့သို့သွားပြီးလျှင်။ နိဝတ္တမာနော၊ ပြန်လာလတ်သော်။ ဧကေန ပါဒေန၊ ခြေတဘက်ဖြင့်။ လေခံ၊ အရေးအကြောင်းကို။ အက္ကန္တ-က္ခဏေယေဝ၊ နင်းမိသောခဏ၌ပင်လျှင်။ ပရိနိဗ္ဗာယိ ကိရ၊ ပရိနိဗ္ဗာန်စံတော်မူသတတ်။

တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသော ပညာရှိသည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနေကာ-နိသံသံ၊ များပြားသော အာနိသင်နှင့်ပြည့်စုံသော။ အာနာပါနဿတိံ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို။ သဒါ၊ နေ့ရောညဥ့်ပါ အခါခပ်သိမ်း။ အပ္ပမတ္တော၊ မမေ့မလျော့ပဲ။ ဟာဝေ၊ စင်စစ်-မှန်စွာ။ အနုယုဉ္ဇေထ၊

အားထုတ်ရာတော့သတည်း။ ဣတိ—အယံ၊ ဤသည်ကား ဥယျောဇဉ် ပေတည်း။

ဣဒံ၊ ဤယခုဆိုခဲ့ပြီးသော စကားသည်။ အာနာပါနဿတိယံ၊ အာနာပါနဿတိကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက်ပေတည်း။

အာနာပါနဿတိကမ္မဋ္ဌာန်းပြီး၏။

---

ဥပသမာနုဿတိပွားပုံပြဆိုချက်

၂၃၉။ ပန၊ ထိုမှတပါး။ အာနာပါနဿတိယာ အနန္တရံ၊ အာနာပါ-နဿတိ၏ အခြားမဲ့၌။ ဥဒ္ဒိဋ္ဌံ ဥပသမာနုဿတိံ၊ အကျဉ်းပြခဲ့သော ဥပသမာနုဿတိကို။ ဘာဝေတုကာမေန၊ ပွားစေခြင်းငှာအလိုရှိသော ယောဂီသည်။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ ပဋိသလ္လီနေန၊ အပြင်ပ အာရုံများမှခွဲခွါကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍။-"ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခတာ ဓမ္မာ ဝါ၊ ပြုအပ်သော သင်္ခတတရားတို့ဖြစ်စေ။ အသင်္ခတာ ဓမ္မာ ဝါ၊ မပြုအပ်သော အသင်္ခတတရားတို့ဖြစ်စေ။ ယာဝတာ ဓမ္မာ၊ အကြင်မျှလောက်သော တရားတို့သည်။ (သန္တိ၊ ရှိကုန်၏။—ထည့်။) တေသံ ဓမ္မာနံ၊ ထို ရှိသမျှတရားတို့တွင်။ ဝိရာဂေါ၊ ကိလေသာတို့၏ ပျက်ပြယ်ရာ ဝိရာဂ-တရားကို။ အဂ္ဂံ-အဂ္ဂေါ၊ အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဆိုအပ်ပေ၏။ ယဒိဒံ-ယော အယံ အသင်္ခတဓမ္မော၊ အကြင် အသင်္ခတ တရားသည်။ မဒနိမ္မဒနော၊ ယစ်မူးမှုတို့၏ အယစ်အမူးပြေရာ ကင်းရာဖြစ်သောကြောင့် မဒနိမ္မဒန-လည်း မည်၏။ ပိပါသဝိနယော၊ ဆာလောင်မှုဟူသမျှတို့၏ ကင်းပျောက်ရာဖြစ်သောကြောင့်ပိပါသဝိနယ-လည်းမည်၏။အာလယသမုဂ္ဃါတော၊ တွယ်တာရာနှင့် တွယ်တာမှုဟူသမျှတို့ကို နုတ်ပယ်ရာဖြစ်သောကြောင့် အာလယသမုဂ္ဃါတ—လည်းမည်၏။ ဝဋ္ဋုပစ္ဆေဒေါ၊ ဝဋ်၏ပြတ်ရာဖြစ်သောကြောင့် ဝဋ္ဋုပစ္ဆေဒ—လည်းမည်၏။ တဏှက္ခယော၊ တဏှာ၏ကုန်ရာဖြစ်သောကြောင့် တဏှက္ခယလည်းမည်၏။ ဝိရာဂေါ၊ ကိလေသာတို့၏ ပျက်ပြယ်ရာဖြစ်သောကြောင့် ဝိရာဂ-လည်းမည်၏။ နိရောဓော၊ ဆင်းရဲတို့၏ ချုပ်ရာဖြစ်သောကြောင့် နိရောဓလည်းမည်၏။ နိဗ္ဗာနံ၊ ဝါန-မည်သော တဏှာမှ ထွက်မြောက်သောကြောင့် နိဗ္ဗာန်လည်းမည်၏။ ဣတိ ဇေံ၊ ဤသို့ ဟောတော်မူသည့်အတိုင်း။ သဗ္ဗဒုက္ခူပသမသင်္ခါတဿ၊ အလုံးစုံသော ဆင်းရဲတို့၏ ငြိမ်းရာ

ဟုဆိုအပ်သော။ နိဗ္ဗာနဿ ဂုဏာ၊ နိဗ္ဗာန်၏ ဂုဏ်တို့ကို။ အနုဿရိတဗ္ဗာ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ကုန်၏။

တတ္ထ၊ ထို ယာဝတာ-အစရှိသော စကားရပ်၌။ ယာဝတာတိ၊ ယာဝတာ-ဟူသည်ကား။ယတ္တကာ၊ အကြွင်မျှလောက်ကုန်သော။ ဓမ္မာတိ၊ ဓမ္မာ-ဟူသည်ကား။ သင်္ခတာဝါ၊ သင်္ခတတရားတို့သည်။ သင်္ခတာ ဝါ အသင်္ခတာ ဝါတိ၊ သင်္ခတာ ဝါ အသင်္ခတာ ဝါ-ဟူသည်ကား။ ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ သင်္ဂမ္မ သမာဂမ္မ၊ ပေါင်းစုံ ညီညွတ်ကုန်၍။ ကတာ ဝါ၊ ပြုအပ်သည်မူလည်းဖြစ်ကုန်သော။ အကတာ ဝါ၊ မပြုအပ်သည်လည်းဖြစ်ကုန်သော။ တေသံ ဓမ္မာနံ၊ ထိုတရားတို့တွင်။ ဝိရာဂေါ၊ ဝိရာဂ-ကို။ (၂၀၅) အဂ္ဂံ-အဂ္ဂေါ၊ အမြတ်ဟူ၍။ အက္ခာယတီတိ၊ ဆိုအပ်ပေ၏-ဟူသည်ကား။ တေသံ သင်္ခတာသင်္ခတဓမ္မာနံ၊ ထိုသင်္ခတ, အသင်္ခတ-တရားတို့တွင်။ ဝိရာဂေါ၊ဝိရာဂ-ကို။ အဂ္ဂံ-အဂ္ဂေါ သေဋ္ဌော ဥတ္တမောတိ၊ အထူးသဖြင့်ချီးမွမ်းအပ်သည့် အမြတ်ဟူ၍။ အက္ခာယတိ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုစကားရပ်၌။ ဝိရာဂေါတိ၊ ဝိရာဂ-ဟူသည်မှာ။ ရာဂါဘာဝမတ္တမေဝ၊ ရာဂ-၏ မရှိခြင်းမျှကို သာလျှင်။ န ဝုစ္စတိ၊ ဆိုလိုသည်မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ ယဒိဒံ-ယော အယံ၊ အကြင်တရားသည်။ မဒနိမ္မဒနော၊ မဒနိမ္မဒန-လည်းမည်၏ ။ပ။နိဗ္ဗာနန္တိ၊ နိဗ္ဗာန်လည်းမည်၏-ဟု။ယော သော အသင်္ခတဓမ္မော၊ အကြင် အသင်္ခတ-တရားသည်။ မဒနိမ္မဒနောတိအာဒီနိ နာမာနိ၊ မဒနိမ္မဒန-စသောအမည်တို့ကို။ လဘတိ၊ ရ၏။ သော၊ ထို အသင်္ခတ-တရားကို။ ဝိရာဂေါတိ၊ ဝိရာဂ-ဟူ၍။ ပစ္စေတဗ္ဗော၊ ယုံကြည်အပ်၏။ ဟိ၊ မှန်ပေ၏။ ယသ္မာ၊ အကြင်ကြောင့်။ သော၊ ထို အသင်္ခတ-တရားသည်။ တံ အာဂမ္မ၊ ထို အရိယမဂ်ဖြင့်ရောက်၍။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ မာနမဒ-ပုရိသမဒါဒယော၊ မာန်တက်လျက်ယစ်ခြင်း, ယောကျ်ားဟုယစ်ခြင်း အစရှိကုန်သော။ မဒါ၊ယစ်ခြင်းတို့သည်။ အမဒါ ဟောန္တိ၊ အယစ်အမူး ကင်းကုန်၏။ မဒါ ဝိနဿန္တိ၊ အယစ်အမူး ပျက်စီးကုန်၏။ တသ္မာ၊ ထိုကြောင့်။ မဒနိမ္မဒနောတိ၊ မဒနိမ္မ ဒန-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ စ၊ ထို့မှတပါး။ ယသ္မာ၊ အကြင်ကြောင့်။တံ အာဂမ္မ၊ ထို အသင်္ခတ-တရားသို့ရောက်၍။သဗ္ဗာပိ ကာမပိပါသာ၊ အလုံးစုံသော ကာမအာရုံဆာလောင်မှု ပိပါသသည်။ ဝါ၊ ကာမအာရုံဆာလောင်မှု-အစရှိသော အလုံးစုံသော ဆာလောင်မှုသည်။(ဋင်းသုတ်ရင်းအဖွင့် အဋ္ဌကထာ၊ ဣတိဝုတ်အဋ္ဌကထာ (၂၇၂) တို့နှင့် အညီပင်တည်း။) ဝိနယံ အဗ္ဘတ္ထံ ယာတိ၊ ကင်းခြင်းချုပ်ခြင်းသို့ရောက်၏။ တသ္မာ၊

ထို့ကြောင့်။ ပိပါသဝိနယောတိ၊ ပိပါသဝိနယ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ အဖို့တပါးကား။ ယသ္မာ၊ အကြင်ကြောင့်။ တံ အာဂမ္မ၊ ထို အသင်္ခတသို့ရောက်၍။ ပဉ္စ ကာမဂုဏာလယာ၊ ငါးပါးသော ကာမဂုဏ်ဟူသော တွယ်တာရာတို့သည်။ ဝါ၊ ကာမဂုဏ်၌ တွယ်တာမှု အစရှိကုန်သော တွယ်တာမှုဟူသမျှတို့သည်။ သမုဂ္ဃါတံ ဂစ္ဆန္တိ၊ အကြွင်းမဲ့ နုတ်ပယ်အပ်သည်၏အဖြစ်သို့ ရောက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အာလယသမုဂ္ဃါတောတိ၊ အာလယသမုဂ္ဃါတ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ စ၊ ထိုမှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ တံ အာဂမ္မ၊ ထိုအသင်္ခတသို့ရောက်၍။ တေဘူမကံ ဝဋ္ဋံ၊ ဘုံသုံးပါး၌ အကျင်းဝင်သော ဝဋ္ဋသုံးပါးသည်။ ဥပစ္ဆိဇ္ဇတိ၊ ပြတ်စဲ၏။ တသ္မာ၊ ထို့ကြောင့်။ ဝဋ္ဋုပစ္ဆေဒေါတိ၊ ဝဋ္ဋုပစ္ဆေဒ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ပန၊ ထိုမှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ တံ အာဂမ္မ၊ ထိုအသင်္ခတသို့ ရောက်၍။ တဏှာ၊ တဏှာသည်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ခယံ ဂစ္ဆတိ စ၊ ကုန်ခြင်းသို့လည်းရောက်၏။ ဝိရဇ္ဇတိ စ၊ ပျက်လည်းပျက်ပြယ်၏။ နိရုဇ္ဈတိ စ၊ ချုပ်လည်းချုပ်၏။ တသ္မာ၊ ထို့ကြောင့်။ တဏှက္ခယော ဝိရာဂေါ နိရောဓောတိ၊ တဏှက္ခယ, ဝိရာဂ, နိရောဓ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ပန၊ အဖို့တပါးကား။ ယသ္မာ၊ အကြင်ကြောင့်။ သေ-သော အသင်္ခတဓမ္မော၊ ဤ အသင်္ခတ တရားသည်။ စတဿော ယောနိယော စ၊ ယောနိလေးပါးတို့ကိုလည်းကောင်း။ ပဉ္စ ဂတိယော စ၊ ဂတိငါးပါးတို့ကိုလည်းကောင်း။ သတ္တ ဝိညာဏဋ္ဌိတိယော စ၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါးတို့ကိုလည်းကောင်း။ နဝ သတ္တာဝါသေ စ၊ သတ္တာဝါသ ကိုးပါးတို့ကိုလည်းကောင်း။ အပရာပရဘာဝါယ၊ တစ်ပါးပြီးတစ်ပါး အဆက်ဆက်ဖြစ်ရန်။ ဝါ၊ အဆင့်ဆင့်ဖြစ်ရန်။ ဝိနနတော၊ ဖွဲ့တတ်သောကြောင့်လည်းကောင်း။ အာဗန္ဓနတော၊ ချည်နှောင်တတ်သောကြောင့် လည်းကောင်း။ သံသိဗ္ဗနတော၊ ချုပ်စပ်တတ်သောကြောင့် လည်းကောင်း။ ဝါနန္တိ လဒ္ဓဝေါဟာရာယ၊ ဝါန-ဟူ၍ ရအပ်သော အမည်ရှိသော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တော၊ ထွက်မြောက်၏။ နိဿဋော၊ ကျွတ်လွတ်၏၊ ဝိသံယုတ္တော၊ ကင်းရှင်း၏။ တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသည်ကား ပုဒ်တို့၏အဖွင့်တည်း။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ မဒနိမ္မဒနတာဒီနံ၊ မူးယစ်မှုတို့၏ပြေရာ အယစ်အမူးကင်းရာဖြစ်ခြင်း—အစရှိကုန်သော။ ဧတေသံ ဂုဏာနံ ဝသေန၊ ဤဂုဏ်တို့၏ အလိုအားဖြင့်။ နိဗ္ဗာနသင်္ခါတော၊ နိဗ္ဗာန်ဟုဆိုအပ်သော။ ဥပသမော၊

ငြိမ်းခြင်းကို။ အနုဿရိတဗ္ဗော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပေ၏။ ဝါ ပန၊ ထိုမှတပါး။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ အသင်္ခတဉ္စ၊ မပြုအပ်သော အသင်္ခတ-တရားကိုလည်း။ဒေသေဿာမိ၊ ဟောပေအံ့။ သစ္စဉ္စ၊ အစစ်အမှန်တရားကို လည်းကောင်း။ ပါရဉ္စ၊ သံသရာ၏ဟိုဘက်ကမ်းတရားကို လည်းကောင်း။ သုဒုဒ္ဒသဉ္စ၊ အလွန်မြင်နိုင်ခဲသောတရားကို လည်းကောင်း။ အဇရဉ္စ၊ အိုခြင်းကင်းသောတရားကို လည်းကောင်း။ ဓုဝဉ္စ၊ ခိုင်မြဲသောတရားကို လည်းကောင်း။ နိပ္ပပဉ္စဉ္စ၊ နှယ်ချဲ့မှု ဖင့်နွဲ့မှုကင်းသောတရားကို လည်းကောင်း။ အမတဉ္စ၊ သေခြင်းကင်းသော အမြိုက်တရားကို လည်းကောင်း။ သိဝဉ္စ၊ ငြိမ်းအေးသောတရားကို လည်းကောင်း။ ခေမဉ္စ၊ ဘေးကင်းသောတရားကို လည်းကောင်း။ အဗ္ဘုတဉ္စ၊ မဖြစ်စဖူး အလွန်ထူးသောတရားကို လည်းကောင်း။ အနီတိကဉ္စ၊ အကျိုးမဲ့ ဘေးရန်ကင်းသောတရားကို လည်းကောင်း။ အဗျာဗဇ္ဈဉ္စ၊ ဆင်းရဲကင်းသောတရားကို လည်းကောင်း။ ဝိသုဒ္ဓိဉ္စ၊ အထူးသဖြင့်စင်ကြယ်သောတရားကို လည်းကောင်း။ ဒီပဉ္စ၊ ရေလယ်မှာထွန်းသည့် ကျွန်းကုန်းပမာ မှီခိုရာတရားကို လည်းကောင်း။ တာဏဉ္စ၊ ဆင်းရဲဟူသမျှမှ ကာကွယ်စောင့်ရှောက်တတ်သောတရားကို လည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ လေဏဉ္စ၊ ဆင်းရဲဟူသမျှမှ လုံခြုံအောင် ပုန်းအောင်းရာတရားကို လည်းကောင်း။ ဒေသေဿာမိ၊ ဟောပေအံ့။" ဣတိအာဒိသု သုတ္တေသု၊ ဤသို့အစရှိသော သုတ်တို့၌။ ယေ အညေပိ ဥပသမဂုဏာ၊ အကြင် အခြားတပါးကုန်သော ဥပသမ-ဂုဏ်တို့ကိုလည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တေသမ္ပိ ဝသေန၊ ထိုသုတ်တို့အလိုအားဖြင့်လည်း။ အနုဿရိတဗ္ဗောယေဝ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်သည်သာတည်း။

ဇေ၊ ဤဆိုခဲ့သည့်အတိုင်း။ မဒနိမ္မဒနတာဒိဂုဏဝသေန၊ ယစ်မူးမှုတို့၏။ အယစ်အမူးပြေရာ ကင်းရာဖြစ်ခြင်း အစရှိကုန်သောဂုဏ်တို့၏ အလိုအားဖြင့်။ ဥပသမံ အနုဿရတော၊ ငြိမ်းအေး သောနိဗ္ဗာန်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်နေသော။ တဿ၊ ထိုယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဂပရိယုဋ္ဌိတံ-ရာဂပရိယုဋ္ဌိတံ စိတ္တံ၊ ရာဂလွှမ်းမိုးနှိပ်စက်ခံရသော စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်တော့သည်သာ။ ဒေါသပရိယုဋ္ဌိတံ စိတ္တံ၊ ဒေါသလွှမ်းမိုးနှိပ်စက်ခံရသောစိတ်သည်။ န ဟောတိ၊ မဖြစ်တော့သည်သာ။ မောဟပရိယုဋ္ဌိတံ စိတ္တံ၊ မောဟလွှမ်းမိုး နှိပ်စက်ခံရသောစိတ်သည်။ န ဟောတိ၊ မဖြစ်တော့သည်သာ။ တသ္မိံ သမယေ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီ၏။

စိတ္တံ၊ စိတ်သည်။ ဥပသမံ အာရဗ္ဘ၊ နိဗ္ဗာန်၏ ငြိမ်းအေးခြင်းဂုဏ်ကို အာရုံပြုလျက်။ ဥဇုဂတမေဝ–ဥဇုဂတမေဝ ဟောတိ၊ ဖြောင့်မတ်နေသည်သာလျှင် ဖြစ်ပေ၏။ ပ္လာတိ ဗုဒ္ဓါနုဿတိအာဒီသု၊ ဤသို့စသည်ဖြင့် ဗုဒ္ဓါနုဿတိ–စသည်တို့၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင်။ ဝိက္ခမ္ဘိတနိဝရဏဿ၊ နီဝရဏကင်းကွာပြီးသော ယောဂီအား။ ဧကက္ခဏေ၊ တစ်ခုသောခဏ၌။ ဈာနင်္ဂါနိ ဥပ္ပ ဇ္ဇန္တိ၊ ဈာန်အင်္ဂါတို့ ဖြစ်ကုန်၏။ ပန၊ သို့သော်လည်း။ ဥပသမဂုဏာနံ ဂမ္ဘီရတာယ ဝါ၊ နိဗ္ဗာန်၏ဂုဏ်တို့၏ နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း။ နာနပ္ပကာရဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ၊ များစွာသောဂုဏ်တို့ကို အောက်မေ့ခြင်းဌာ နှလုံးသွင်း ညွတ်ကိုင်းခြင်းကြောင့်လည်းကောင်း။ အပ္ပနံ အပ္ပတွာ၊ အပ္ပနာဈာန်သို့ မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ ဈာနံ၊ ဥပစာရသို့ရောက်သော ဈာန်သည်။ (၂၀၆) ဟောတိ၊ ဖြစ်ပေ၏။ တံ ဧတံ ဈာနံ၊ ထိုသို့ ဥပစာရသို့ရောက်သော ဤဈာန်သည်။ ဥပသမဂုဏာနုဿရဏဝသေန၊ ဥပသမ–မည်သော နိဗ္ဗာန်၏ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့သည်၏အစွမ်းဖြင့်။ (ပဝတ္တတ္တာ၊ ဖြစ်သောကြောင့်။) ဥပသမာနုဿတိစ္စေဝ သင်္ချံ ဂစ္ဆတိ၊ ဥပသမာနုဿတိ ဟူ၍သာလျှင် ရေတွက် ခေါ်ဆိုခြင်းသို့ ရောက်ပေသတည်း။

စ၊ ဆက်၍ ရှင်းလင်းဦးအံ့။ ဒေယမ္ပိ၊ ဤ ဥပသမာနုဿတိသည်လည်း။ ဆ အနုဿတိယော ဝိယ၊ ဗုဒ္ဓါနုဿတိ–အစရှိသော ၆–ပါးသောအနုဿတိတို့ကဲ့သို့။ အရိယသာဝကဿေဝ ဣဇ္ဈတိ၊ အရိယသာဝကအားသာလျှင် ပြည့်စုံပေ၏။ ဧဝံ သန္တေပိ၊ ဤသို့ဖြစ်ငြားသော်လည်း။ ဥပသမဂရုကေန၊ ငြိမ်းအေးသောနိဗ္ဗာန်ကို အလေးပြုသော။ ပုထုဇ္ဇနေနာပိ၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်လည်း။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်, နှလုံးသွင်းသင့်, နှလုံးသွင်းကောင်းပေ၏။ ဟိ၊ မှန်ပေ၏။ သုတဝသေနာပိ၊ ကြားနာရသော သုတ၏ အစွမ်းအားဖြင့်လည်း။ ဥပသမေ၊ ငြိမ်းအေးသော နိဗ္ဗာန်၌။ စိတ္တံ ပသီဒတိ၊ စိတ်သည် ကြည်လင်တတ်, ကြည်ညိုတတ်ပေ၏။ ပန၊ အကျိုးသော်ကား။ ဣမံ ဥပသမာနုဿတိံ၊ ဤ ဥပသမာနုဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော ဘိက္ခု၊ အလေးဂရုပြုသော ပုထုဇဉ်ပုဂ္ဂိုလ်ရဟန်းသည်လည်း။ သုခံ သုပတိ၊ ချမ်းသာစွာ အိပ်ရ၏။ သုခံ ပဋိဗုဇ္ဈတိ၊ ချမ်းသာစွာ နိုးရ၏။ သန္တိန္ဒြိယော ဟောတိ၊ ငြိမ်သက်သော ဣန္ဒြေရှိ၏။ သန္တမာနသော ဟောတိ၊ ငြိမ်သက်သော နှလုံးရှိ၏။ ဟိရောတ္တပ္ပသမန္နာဂတော၊ ဟိရီ–ဩတ္တပ္ပနှင့် ပြည့်စုံပေ၏။ ပါသာဒိကော၊ ကြည်ညိုဖွယ်ကို ဆောင်၏။ ပဏီတာဓိမုတ္တိကော၊

မြတ်သောနိမိတ်၌ ညွတ်ကိုင်းသဖြင့် မွန်မြတ်သော နှလုံးသွင်းခြင်းရှိ၏။ သမြဟ္မစာရီနံ၊ သီတင်းသုံးဖော်တို့၏။ ဝါ၊ သီတင်းသုံးဖော်တို့က။ ဂရု စ၊ အလေးပြုအပ်သူလည်း ဖြစ်၏။ ဘာဝနီယော စ၊ မေတ္တာပွားအပ်သူလည်း ဖြစ်ပေ၏။ ဥတ္တရိ၊ အထက်၌။ အပ္ပဋိဝိဇ္ဈန္တော ပန၊ မဂ်, ဖိုလ်-တရားထူးကို မသိဗြား-မရောက်ဗြားသော်လည်း။ သုဂတိပရာယနော ဟောတိ၊ သုဂတိသာ လျှင် လားရာ—ရောက်ရာရှိ၏။

တသ္မာ၊ ထိုသို့ ချမ်းသာစွာအိပ်ရခြင်းမှစ၍ သုဂတိလျှင်လားရာ ရှိသည့်တိုင်အောင် များစွာသောအကျိုးရှိခြင်းကြောင့်။ ဝိစက္ခဏော၊ အမြော်အမြင် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤ ဆိုခဲ့သည့်အတိုင်း။ အနေကာနိသံသံ၊ များသောအာနိသင်ရှိသော။ အရိယေ၊ မြတ်သော။ ဝါ၊ အရိယာတို့၏ ဥစ္စာဖြစ်သော။ ဥပသမေ၊ ငြိမ်းအေးသော နိဗ္ဗာန်၌။ သတိံ၊ အောက်မေ့မှု—သတိကို။ အပ္ပ—မတ္တော၊ မမေ့မလျော့ဘဲ။ ဟဝေ၊ စင်စစ် မုန်စွာ။ ဘာဝယေထ၊ ပွားစေရာတော့သတည်း။

ဣတိ ဣဒံ၊ ဤဆိုခဲ့သောစကားသည်။ ဥပသမာနုဿတိယံ၊ ဥပသမာ - နုဿတိကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာမုခံ၊ အကျယ်ပြဆိုသော စကားအမြွက်ပေ ပေတည်း။

(ဥပသမာနုဿတိကမ္မဋ္ဌာန်း ပြီး၏။)

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊သူတော်ကောင်း
အပေါင်းတို့၏နှစ်သိမ့်ဝမ်းမြောက်ခြင်းငှာ။ကတေ ဝိသုဒ္ဓိမဂ္ဂေ၊ပြုစီရင်အပ်သော
ဝိသုဒ္ဓိမဂ်ကျမ်း ဝယ်။ သမာဓိဘာဝနာဓိကာရေ၊ သမာဓိဘာဝနာအရာ၌။
အနုဿတိ ကမ္မဋ္ဌာနနိဒ္ဒေသော နာမ၊
အနုဿတိကမ္မဋ္ဌာန်းကို အကျယ်ပြဆိုချက်မည်သော။
အဋ္ဌမော ပရိစ္ဆေဒေါ၊ ရှစ်ခုစ်မြောက်သော အပိုင်းအခန်းပေတည်း။

# ၉-ဗြဟ္မဝိဟာရနိဒ္ဒေသ
# (ဗြဟ္မဝိဟာရကို ကျယ်ပြဆိုချက်)

## မေတ္တာဘာဝနာကထာ

## (မေတ္တာပွားပုံ ဖွင့်)

(၂၇၇) ၂၄၀။ ပန၊ ထိုမှတပါး။ အနုဿတိကမ္မဋ္ဌာနာနန္တရံ၊ အနုဿတိကမ္မဋ္ဌာန်း၏ အခြားမဲ့၌။ ဥဒ္ဒိဋ္ဌေသု၊ အကျဉ်းခေါင်းစဉ်အားဖြင့် ပြအပ်ကုန်ပြီးသော။ မေတ္တာ၊မေတ္တာလည်းကောင်း။ ကရုဏာ၊ ကရုဏာလည်းကောင်း။ မုဒိတာ၊ မုဒိတာလည်းကောင်း။ ဥပေက္ခာ၊ ဥပေက္ခာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသု စတူသု ဗြဟ္မဝိဟာရေသု၊ ဤလေးပါးသော ဗြဟ္မဝိဟာရတို့တွင်။ မေတ္တံ ဘာဝေတုကာမေန၊ မေတ္တာကိုပွား စေခြင်းငှာ အလိုရှိသော။ အာဒိကမ္မိကေန ယောဂါဝစရေန၊ အားထုတ်ကာစ ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ဥပစ္ဆိန္နပလိဗောဓေန၊ ပလိဗောဓတို့ကို ဖြတ်ပြီးသဖြင့်။ ဝါ၊ ဖြတ်ပြီးလျှင်။ ဂဟိတကမ္မဋ္ဌာနေန၊ ဆရာ့ထံမှ ကမ္မဋ္ဌာန်းသင်ယူခဲ့ပြီးလျှင်။ ဘတ္တကိစ္စံ ကတွာ၊ ဆွမ်းစားခြင်းကိစ္စ ပြုပြီး၍။ ဝါ ပြုပြီးသောအခါ။ ဘတ္တသမ္မဒံ ပဋိဝိနောဒေတွာ၊ ဆွမ်းဆီယစ်ခြင်းကို ပယ်ဖျောက်၍။ ဝိဝိတ္တေ ပဒေသေ၊ ဆိတ်ငြိမ်သော အရပ်ဝယ်။ သုပညတ္တေ အာသနေ၊ ကောင်းစွာခင်းလားအပ်သော နေရာ၌။ သုခနိသိန္နေန၊ နေသာသည့်အလျောက် ချမ်းသာစွာ ထိုင်နေလျက်။ အာဒိတော တာဝ၊ ဘာဝနာမပွားမီ ရှေးဦးစွာ။ ဒေါသေ၊ အပြစ်ဒေါသ၌။ အာဒီနဝေါ စ၊ အပြစ်ကိုလည်းကောင်း။ခန္တိယံ၊ သည်းခံခြင်း၌။ အာနိသံသော စ၊ အကျိုး-အာနိသင်ကိုလည်းကောင်း။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်ပေ၏။

ကသ္မာ၊ အဘယ့်ကြောင့်နည်း? ဟူမူ။ ဟိ၊ ချဲ့ဦးအံ့။ ဣမာယ ဘာဝနာယ၊ ဤ မေတ္တာဘာဝနာဖြင့်။ ဒေါသော၊ ဒေါသ-ကို။ ပြဟာတဗ္ဗော၊ ပယ်အပ်၏။ ခန္တိ၊ သည်းခံခြင်းဂုဏ်ကို။ အဓိဂန္တဗ္ဗာ၊ ရယူအပ်၏။ စ၊ သို့သော်လည်း။ အဒိဋ္ဌာဒီနဝံ၊ အပြစ်မမြင်ရသေးသော။ ကိဉ္စိ၊ တစုံတခုသော တရားကို။ ပဟာတုံ န သက္ကာ၊ ပယ်ရန်လည်း မစွမ်းနိုင်။ ဝါ၊ တနည်းကား။ အဝိဒိတာနိသံသံ၊ အကျိုးအာနိသင်ကို မသိရသေးသော။ ကိဉ္စိ၊ တစုံတခုသောတရားကို။ (ကိဉ္စိ—လိုက်။) အဓိဂန္တုံ န သက္ကာ၊ ရယူရန်လည်း

မစွမ်းနိုင်။ တသ္မာ၊ ထို့ကြောင့်ပေတည်း။ "အာဝုသော၊ ငါ့ရှင် ပရိဗိုဇ်။ ဒုဋ္ဌော၊ ဒေါသဖြင့် ဖျက်အပ်သည်ဖြစ်၍။ ဒေါသေန အဘိဘူတော၊ ဒေါသက လွှမ်းမိုးလျက်။ ပရိယာဒိန္နစိတ္တော၊ စိတ်အားလုံးကို ကုန်ဆောင်သွားသောသူသည်။ ပါဏမ္ပိ၊ သတ္တဝါကိုလည်း။ ဟနတိ၊ သတ်၏" ဣတိ-အာဒိနံ ဝသေန၊ ဤသို့အစရှိသော သုတ်တို့၏အစွမ်းအားဖြင့်။ ဒေါသော၊ အပြစ်၌။ အာဒီနဝေါ၊ အပြစ်ကို။ ဒဋ္ဌဗ္ဗော၊ ရှုအပ်၏။

"တိတိက္ခာ၊ ချုပ်တည်းခြင်းဟူသော။ ခန္တီ၊ သည်းခံခြင်းသည်။ ဝါ၊ လွန်လွန်ကျူးကျူး အထူးသည်းခံခြင်းဟူသော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ တပေါ၊ အမြတ်ဆုံး အကျင့်ပေတည်း။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရမံ၊ အမြတ်ဆုံးဟူ၍။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏။"

"ခန္တိဗလံ၊ သည်းခံခြင်းဟူသော ခွန်အားရှိသော။ ဗလာနီကံ၊ သည်းခံခြင်း ခွန်အားဟူသော စစ်တပ်ရှိသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ အဟံ၊ ငါသည်။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူမြတ်ဟူ၍။ ဗြူမိ၊ ဆိုပေ၏။"

"ခန္တျာ၊ သည်းခံခြင်းထက်။ ဘိယျော ဥတ္တရိ၊ သာလွန်သော။ အဝဿယော၊ ကိုးကွယ်ရာသည်။ (အဝဿယော-သည့်။) န ဝိဇ္ဇတိ၊ မရှိချေ။" ဣတိအာဒိနံ ဝသေန၊ ဤသို့အစရှိကုန်သော သုတ်တို့၏ အစွမ်းအားဖြင့်။ ခန္တိယံ၊ သည်းခံခြင်း၌။ အာနိသံသော၊ အကျိုးအာနိသင်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အထ၊ ထို့နောင်မှ။ ဝေါ၊ ဤဆိုခဲ့သည့်အတိုင်း။ ဒိဋ္ဌာဒီနဝတော၊ မြင်ပြီးသည့် အပြစ်ရှိသော။ ဒေါသတော၊ ဒေါသမှ။ စိတ္တံ ဝိဝေစနတ္ထာယ စ၊ စိတ်ကို ခွဲခွာခြင်းအကျိုးငှာ လည်းကောင်း။ ဝိဒိတာနိသံသာယ၊ သိအပ်သော အကျိုး-အာနိသင်ရှိသော။ ခန္တိယာ၊ သည်းခံခြင်းနှင့်။ သံယောဇနတ္ထာယ စ၊ ယှဉ်စေခြင်းအကျိုးငှာ လည်းကောင်း။ မေတ္တာဘာဝနာ အာရဘိတဗ္ဗာ။ မေတ္တာဘာဝနာကို အားထုတ်အပ်၏။ အာရဘန္တေန စ၊ အားထုတ်သောသူသည်လည်း။ အာဒိတောဝ၊ ရှေးဦးကပင်လျှင်။ "ဣမေသု ပုဂ္ဂလေသု၊ ဤပုဂ္ဂိုလ်တို့၌။ မေတ္တာ၊ မေတ္တာကို။ ပဌမံ၊ ရှေးဦးစွာ။ န ဘာဝေတဗ္ဗာ၊ မပွားစေအပ်။ ဣမေသု၊ ဤပုဂ္ဂိုလ်တို့၌။ နေဝ ဘာဝေ-တဗ္ဗာ၊ လုံးဝ မပွားစေအပ်။" ဣတိ၊ ဤသို့။ ပုဂ္ဂလဒောသော၊ ဘာဝနာကို ပျက်စေတတ်သော ပုဂ္ဂိုလ်ကို။ ဇာနိတဗ္ဗော၊ သိအပ်၏။

ဟိ၊ ချဲ့ဦးအံ့။ အယံ မေတ္တာ၊ ဤမေတ္တာကို။ အပ္ပိယပုဂ္ဂလေ၊ မချစ်အပ်သော မုန်းအပ်သော ပုဂ္ဂိုလ်၌လည်းကောင်း။ အတိပ္ပိယသဟာယကေ၊ အလွန်ချစ်အပ်သော ပုဂ္ဂိုလ်၌ လည်းကောင်း။ မဇ္ဈတ္တေ၊ မချစ်-မမုန်း အလယ်အလတ်ပုဂ္ဂိုလ်၌ လည်းကောင်း။ ဝေရိပုဂ္ဂလေ၊ ရန်သူပုဂ္ဂိုလ်၌လည်းကောင်း။ ဣတိ၊ ဤသို့လျှင်။ ဣမေသု စတူသု၊ ဤလေးဦးသော ပုဂ္ဂိုလ်တို့၌။ ပဌမံ န ဘာဝေတဗ္ဗာ၊ ရှေးဦးစွာ မပွားအပ်ပေ။ လိင်္ဂဝိသဘာဂေ၊ လိင်အသွင်ကွဲပြားသော ပုဂ္ဂိုလ်၌။ ဩဓိသော၊ သီးသန့် အပိုင်းအခြားအားဖြင့်။ န ဘာဝေတဗ္ဗာ၊ မပွားအပ်ပေ။ ကာလကတေ၊ သေလေသောသူ၌။ န ဘာဝေတဗ္ဗာဝ၊ လုံးဝ မပွားစေအပ်သည်သာတည်း။ အပ္ပိယာဒီသု၊ မချစ်အပ်သော-မုန်းသောပုဂ္ဂိုလ် စသည်တို့၌။ ပဌမံ၊ ရှေးဦးစွာ။ ကိံကာရဏာ၊ အဘယ့်ကြောင့်။ န ဘာဝေတဗ္ဗာ၊ မပွားစေအပ်သနည်း?ဟူမူ။ ဟိ၊ ချဲ့ဦးအံ့။ အပ္ပိယံ၊ မချစ်အပ်သော မုန်းသောသူကို။ ပိယဋ္ဌာနေ ဌပေန္တော၊ ချစ်အပ်သူအရာ၌ ထားလျှင်။ ကိလမတိ၊ ငင်ပန်း၏။ အတိပ္ပိယသဟာယကံ၊ အလွန်ချစ်အပ်သော သူငယ်ချင်းကို။ မဇ္ဈတ္တဋ္ဌာနေ ဌပေန္တော၊ အလယ်အလတ်အရာ၌ ထားလျှင်။ ကိလမတိ၊ ပင်ပန်း၏။ စ၊ မှန်ပေ၏။ အဿ၊ ထို အလွန်ချစ်အပ်သောသူအား။ အပ္ပမတ္တကေပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ ဒုက္ခေ ဥပ္ပန္နေ၊ ဆင်းရဲဖြစ်လတ်သော်။ ဝါ၊ ဆင်းရဲဖြစ်သည်ကို သိရလတ်သော်။ အာရောဒနာကာရပ္ပတ္တော ဝိယ ဟောတိ၊ ငိုမည့်အခြင်းအရာသို့ ရောက်သကဲ့သို့ ဖြစ်တတ်၏။ (၂၀၀)မဇ္ဈတ္တံ၊အလယ်အလတ်ပုဂ္ဂိုလ်ကို။ ဂရုဋ္ဌာနေ ဌပေန္တော စ၊ အလေးပြုအပ်သူအရာ၌ ထားသော်လည်းကောင်း။ပိယဋ္ဌာနေ ဌပေန္တော စ၊ ချစ်အပ်သူအရာ၌ ထားသော်လည်းကောင်း။ ကိလမတိ၊ ပင်ပန်း၏။ ဝေရိ-မနုဿရတော၊ ရန်သူကို အောက်မေ့ ဆင်ခြင်မိသောသူအား။ ကောဓော ဥပ္ပဇ္ဇတိ၊ အမျက်ထွက်ခြင်း ဖြစ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ အပ္ပိယာဒီသု၊ မုန်းအပ်သောပုဂ္ဂိုလ် စသည်တို့၌။ ပဌမံ န ဘာဝေတဗ္ဗာ၊ မေတ္တာကို ရှေးဦးစွာ မပွားစေအပ်။

ပန၊လက်ဦးမပွားစေအပ်သည်မှတပါး ဩဓိသအားဖြင့် မပွားစေအပ်သည်ကို ဆိုဦးအံ့။ လိင်္ဂဝိသဘာဂေ၊ လိင်အသွင်ကွဲပြားသော ပုဂ္ဂိုလ်၌။ တမေဝ အာရဗ္ဘ၊ ထိုသူတစ်ဦးတည်းကိုသာလျှင် အာရုံပြု၍။ဩဓိသော ဘာဝေန္တဿ၊ သီးသန့် အပိုင်းအခြားအားဖြင့်။ ဝါ၊ သီးသန့် ပိုင်းခြား၍ မေတ္တာကိုပွားစေသောသူအား။ ရာဂေါ ဥပ္ပဇ္ဇတိ၊ တပ်စွဲမှု-ရာဂဖြစ်တတ်၏။ ကိရ၊ ကြားဖူးသည်ကား။ အညတရော အမစ္စပုတ္တော၊အမတ်၏သားဖြစ်သော လူတစ်ယောက် ၊

သည်။ "ဘန္တေ၊ အရှင်ဘုရား။ ကဿ၊ အဘယ်ပုဂ္ဂိုလ်အား။ မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်ပါသနည်း။" ဣတိ၊ ဤသို့။ ကုလူပကတ္ထေရ်၊ ဆွမ်းခံလာနေကျဖြစ်သော မထေရ်ကို။ ပုစ္ဆိ ကိရ၊ မေးလျှောက်သတတ်။ ထေရော၊ မထေရ်သည်။ "ပိယပုဂ္ဂလေ၊ချစ်သည့်ပုဂ္ဂိုလ်၌။ မေတ္တာဘာဝေတဗ္ဗာ၊ မေတ္တာကို ပွားစေအပ်၏။" ဣတိ၊ ဤသို့။ အာဟ၊ ပြောကြားလေ၏။ တဿ၊ ထိုအမတ်၏သားသည်။ အတ္တနော ဘရိယာ၊ မိမိ၏မယားကို။ ပိယာ ဟောတိ၊ ချစ်၏။ သော၊ ထိုအမတ်၏သားသည်။ တဿာ၊ ထို အချစ်ကြီးချစ်သော မယား၌။ မေတ္တံ ဘာဝေန္တော၊ မေတ္တာကိုပွားစေလတ်သော်။ သဗ္ဗရတ္တိံ၊ တစ်ညဉ့်ပတ်လုံး။ ဘိတ္တိယုဒ္ဓံ၊ (ဘူ၏မယားရှိရာအရပ်သို့သွားရန်)နံရံဖြင့် တိုးဝှေ့တိုက်ခိုက်ခြင်းကို။အကာသိ ကိရ၊ပြုသတတ်။ (နံရံဖြင့်တိုက်ခိုက်ခြင်းကိုပြုလေသည်—ဟူသည်ကား ထို အမတ်၏သားသည် ဥပုသ်သီလကိုဆောက်တည်ပြီးလျှင် တံခါးပိတ်ထားသောတိုက်ခန်းဝယ် အိပ်ရာအင်းပျဉ်၌ထိုင်လျက် မေတ္တာကိုပွားစေလတ်သော် မေတ္တာကိုရှေ့သွားပြုသဖြင့် ဖြစ်ပေါ်လာသောရာဂ—က ဉာဏ်အမြင်ကန်းအောင် ပြုလိုက်သောကြောင့် မယားထံသို့သွားလိုလတ်သော် တံခါးပေါက်ကိုမမှတ်နိုင်သဖြင့် နံရံကိုဖောက်ခွဲ၍သော်လည်း သွားလိုသောကြောင့် နံရံကိုတိုက်ခိုက် ပုတ်ခတ်လေသည်။ ထို့ကြောင့် မေတ္တာပွားမှုကို ရှေ့သွားပြုသဖြင့် ရာဂ-က လှည့်စားတတ်ပေသည်ဟု နေတ္တိအဋ္ဌကထာ ပိဋကေ—နှာ (၉၀)၌ ဖွင့်သည်။—ဋီ။) တသ္မာ၊ ထို့ကြောင့်။ လိင်္ဂဝိသဘာဂေ၊ လိင်အသွင်ကွဲပြားသောပုဂ္ဂိုလ်၌။ ဩဓိသော၊ သီးသန့်အားဖြင့်။ န ဘာဝေတဗ္ဗာ၊ မေတ္တာကိုမပွားစေအပ်။

ပန၊ အဖို့တပါးကား။ ကာလကတေ၊ သေလေသောသူ၌။ ဘာဝေန္တော၊ ပွားစေလျှင်။ အပ္ပနံ၊ အပ္ပနာသို့။ နေဝ ပါပုဏာတိ၊ မရောက်သည်သာ။ ဥပစာရံ၊ ဥပစာသို့သော်လည်း။ န ပါပုဏာတိ၊ မရောက်။ အညတရော ဒဟရဘိက္ခု၊ ရဟန်းငယ် တစ်ပါးသည်။ အာစရိယံ အာရဗ္ဘ၊ ဆရာကိုအာရုံပြု၍။ မေတ္တံ အာရဘိ၊ မေတ္တာကိုအားထုတ်၏။ တဿ၊ ထိုရဟန်းငယ်အား။ မေတ္တာ၊ မေတ္တာသည်။ နပ္ပဝတ္တတိ၊ မဖြစ်ပဲရှိ၏။ သော၊ ထိုရဟန်းငယ်သည်။ မဟာထေရဿ သန္တိကံ၊ မဟာထေရ်ကြီး၏ အထံသို့။ ဂန္တွာ၊ သွား၍။ "ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ မေတ္တာဈာနသမာပတ္တိ၊ မေတ္တာဈာန်သမာပတ်သည်။ ပဂုဏာဝ၊ ကျေပွန်လျက်သာ ရှိပါ၏။ စ၊ သို့သော်လည်း။ နံ သမာပဇ္ဇိတုံ၊ ထိုသမာပတ်ကို ဝင်စားခြင်းငှာ။ န သက္ကောမိ၊ မတတ်နိုင်ပါ။ ကာရဏံ၊ အကြောင်းကား။ ကိံ နု ခေါ၊

အဘယ့်ကြောင့်ပါနည်း။” ဟူ၍ ဤသို့။ အာဟ၊ မေးလျှောက်၏။ ဧဝံ၊ ဤသို့။ မဟာထေရော၊ မထေရ်ကြီးသည်။ ဝါ၊ မထေရ်ကြီးက။ “ အာဝုသော၊ ငါ့ရှင်။ နိပိတ္တံ ဂဝေသာဟိ၊ အာရုံနိမိတ်ဖြစ်သူကို ရှာကြည့်ပါလေ။” ဟူ၍၊ ဤသို့။ အာဟ၊ မိန့်ဆိုလိုက်လေ၏။ သော၊ ထိုရဟန်းငယ်သည်။ ဂဝေသန္တော၊ ရှာကြည့်လတ်သော်။ အာစရိယဿ မတာဘာဝံ ဉတွာ၊ ဆရာ၏ ကွယ်လွန်သည်၏အဖြစ်ကို သိရ၍။ အညံ အာရဗ္ဗ၊ အခြားပုဂ္ဂိုလ်ကို အာရုံပြုလျက်။ မေတ္တာယန္တော၊ မေတ္တာကို ပွားစေလတ်သော်။ သမာပတ္တိံ အပ္ပေသိ ကိရ၊ သမာပတ်သို့ ရောက်လေသတတ်။ တသ္မာ၊ ထို့ကြောင့်။ ကာလကတော၊ သေသောသူ၌။ န ဘာဝေတဗ္ဗာ၊ မပွားအပ်သည်သာတည်း။

၂၄၁။ ပန၊ ပွါးစေသင့်သည်ကား။ သဗ္ဗာဒ္ဓမ်၊ အလုံးစုံသောသူတို့၏ ရှေးဦးစွာ။ “အဟံ သုခိတော ဟောမိ၊ ငါချမ်းသာရပါစေ။ နိဒ္ဒုက္ခော ဟောမိ၊ ဆင်းရဲကင်းရပါစေ။” ဟူ၍ ဝါ၊ ဤသို့သော်လည်းကောင်း။ “အဝေရော ဟောမိ၊ ငါရန်ကင်းသည် ဖြစ်ရပါလို၏။ ဝါ၊ ရန်ကင်းပါစေ။ အဗျာပဇ္ဇော ဟောမိ၊ စိတ်ဆင်းရဲကင်းသည် ဖြစ်ရပါလို၏။ ဝါ၊ စိတ်ဆင်းရဲ ကင်းရပါစေ။ အနီဃော ဟောမိ၊ ကိုယ်ဆင်းရဲကင်းသည် ဖြစ်ရပါလို၏။ ဝါ၊ ကိုယ်ဆင်းရဲ ကင်းရပါစေ။ သုခီ အတ္တာနံ ပရိဟရာမိ၊ ချမ်းသာနှင့်ပြည့်စုံသည်ဖြစ်၍။ ဝါ၊ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်ရပါစေ” ဟူ၍။ ဣတိ ဝါ၊ ဤသို့ လည်းကောင်း။ ဧဝံ ပုနပ္ပုနံ၊ ဤပုံဤနည်းဖြင့် အဖန်တလဲလဲ၊ အတ္တနိယေဝ ဘာဝေတဗ္ဗာ၊ မိမိ၌သာလျှင် ပွားစေအပ်၏။

ဧဝံ သန္တေ၊ ဤသို့ဖြစ်ပါမူ။ ဝါ၊ ဤသို့ဖြစ်လျှင်။ ဝိဘင်္ဂေ၊ အဘိဓမ္မာပိဋကတ် ဝိဘင်းပါဠိတော်၌။—

“ကထဉ္စ၊ ရဟန်းသည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ မေတ္တာသဟဂတေန စေတသာ၊ မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့်။ ဧကံ ဒိသံ ဖရိတွာ၊ တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍။ ဝိဟရတိ၊ နေသနည်း။ သေယျထာပိ နာမ၊ ဥပမာဖြင့်ပြရလျှင်။ ပိယံ မနာပံ၊ ချစ်အပ်, မြတ်နိုးအပ်သော။ ဧကံ ပုဂ္ဂလံ ဒိသွာ၊ ပုဂ္ဂိုလ် တစ်ယောက်ကို မြင်၍။ မေတ္တာယေယျ သေယျထာပိ၊ မေတ္တာပွားရာသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ သဗ္ဗေ သတ္တေ၊ အလုံးစုံသော သတ္တဝါတို့ကို။ မေတ္တာယ ဖရတိ၊ မေတ္တာဖြင့် ဖြန့်၏။” ဟူ၍၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

"ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်၌။—

"အနောဓိသောဖရဏာ၊ အပိုင်းအခြား အကန့်အသတ်မရှိသော အားဖြင့် ဖြန့်သော။ မေတ္တာ စေတောဝိမုတ္တိ၊ မေတ္တာ စေတော ဝိမုတ္တိကို။ ကတမေဟိ ပဉ္စဟိ အာကာရေဟိ၊ အဘယ်ငါးပါးသော အခြင်းအရာတို့ဖြင့်။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်သနည်း။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ ဟောန္တု၊ ရန်ကင်း ကြပါစေ။ အဗျာပဇ္ဇာ ဟောန္တု၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ အနီဃာ ဟောန္တု၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရှက်ဆောင်နိုင်ကြပါစေ။ သဗ္ဗေ ပါဏာ၊ အလုံးစုံသော အသက်ရှူသူတို့သည်။ (။ပ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရှက်ဆောင်နိုင်ကြပါ စေ။) သဗ္ဗေ ဘူတာ၊ အလုံးစုံသော ကိုယ်ထင်ရှားရှိသူတို့သည်။ (။ပ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရှက်ဆောင်နိုင်ကြပါစေ။) သဗ္ဗေ ပုဂ္ဂလာ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့ သည် (။ပ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိ ကိုယ်ကို ရှက်ဆောင်နိုင်ကြပါစေ။) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ အလုံးစုံသော အတ္တဘော၌ အတွင်းဝင်သူတို့သည်။ အဝေရာ ဟောန္တု၊ ရန်ကင်းကြပါစေ။ အဗျာပဇ္ဇာ ဟောန္တု၊ စိတ်ဆင်းရဲ ကင်းကြပါ စေ။ အနီဃာ ဟောန္တု၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရှက်ဆောင်နိုင်ကြပါ စေ။" ဣတိအာဒိ၊ ဤသို့အစရှိသော။—

ယဉ္စ ဝစနံ၊ အကြင်စကားကိုလည်း။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

မေတ္တသုတ္တေ၊ မေတ္တသုတ်၌။—

(၂၈၉) "သဗ္ဗ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ သုခိ-နော ဝါ၊ ချမ်းသာနှင့် ပြည့်စုံကုန်သည် လည်းကောင်း။ ခေမိနော ဝါ၊ အေးငြိမ်းကုန်သည် လည်းကောင်း။ ဟောန္တု၊ ဖြစ်ကြပါစေ။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ် စိတ် ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေ။" ဣတိ အာဒိ၊ ဤသို့အစရှိသော။—

ယဉ္စ ဝစနံ၊ အကြင်စကားကိုလည်း။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ တံ၊ ထိုစကားသုံးရပ်သည်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်ပါသလော။ ဟိ ယသ္မာ၊ သင့်စွ။ ဘတ္တ၊ ထိုပါဠိတော်သုံးရပ်တို့တွင်။ အတ္တနိ၊ မိမိ၌။ ဘာဝနာ၊ မေတ္တာပွား

စေခြင်းကို။ န ဝုတ္တာ၊ မ...ည် ...ပါကား။ ကုသိ၊ ...။ စေ-ပုဒ္ဓလ္လယျ၊ အကယ်၍ မ ပြောအံ့။ ...၊ ထိုစကားသုံးရပ်သည်လည်း။ န ဝိဉ္ဈတိ၊ မဆန့်ကျင်ပါ။ ...၊ အဘယ့်ကြောင့်နည်း?ဟူမူ။ ဟိ၊ မှန်၏။ တံ၊ ထိုစကားသုံးရပ်ကို။ အပ္ပနာဝ...န၊ ...ကိုဆောင်တတ်သော ဘာဝနာအလိုအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဣဒံ၊ ဤဝိသုဒ္ဓိမဂ်၌ ပြသော မိမိ၌ မေ...ပွားခြင်းစကားကို။ ...ဘာဝဂ ...၊ သက်သေအဖြစ် အလိုအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဝါ၊ ဆိုယားခြင်းဖြစ်ပေ၏။

ဟိ၊ မှန်၏။ "အဟံ သုခိတော ဟောမိ၊ ငါသည် ချမ်းသာသလို၏။" ဣတိ-အာဒိနာ န ယေန၊ ဤသို့အစရှိသော နည်းဖြင့်။ အတ္တနိ၊ မိမိ၌။ မေတ္တံ၊ မေတ္တာကို။ ဝဿသတံ ဝါ၊ အနှစ်တစ်ရာပတ်လုံး သော်လည်းကောင်း။ ဝဿသဟဿံ ဝါ၊ အနှစ်တထောင်ပတ်လုံး သော်လည်းကောင်း။ သစေပိ ဘာဝေတိ၊ အကယ်၍ ပွားစေအံ့။ အဿ၊ ထိုပုဂ္ဂိုလ်အား။ အပ္ပနံ၊ အပ္ပနာသည်။ နေဝ ဥပ္ပဇ္ဇတိ၊ မဖြစ်သည်သာဘည်း၊ ပန၊ ...စစ်သော်ကား။ "အဟံ သုခိတော ဟောမိ"တိ၊ ငါသည်ချမ်းသာသလို၏ ဟူ၍။ ဘာဝယတော၊ ပွားစေသောသူအား။ အဟံ၊ ငါသည်။ ဒုက္ခပဋိက္ကူလော၊ ဆင်းရဲကို စက်ဆုပ်လျက်။ သုခကာမော ယထာ၊ ချမ်းသာကို အလိုရှိသကဲ့သို့ လည်းကောင်း။ ဇီဝိတုကာမော၊ အသက်ရှင်လိုလျက်။ အမရိတုကာမော စ ယထာ၊ မသေလိုသကဲ့သို့ လည်းကောင်း။ အညေပိ သတ္တာ၊ အခြားသတ္တဝါတို့သည် လည်း။ ဧဝံ ဣတိ၊ ဤအတူပင် ဟူ၍။ အတ္တာနံ သက္ခိံ ကတွာ၊ မိမိကိုယ်ကို သက်သေပြု၍။ ဝါ၊ ကိုယ်ချင်းစာ၍။ အညသတ္တေသု၊ အခြားသတ္တဝါတို့၌။ ဟိတသုခကာမတာ၊ စီးပွားချမ်းသာကို လိုလားသည်၏ အဖြစ်သည်။ ဥပ္ပ-ဇ္ဇတိ၊ ဖြစ်ပေါ်ပေ၏။

"သဗ္ဗာ ဒိသာ၊ အလုံးစုံသော အရပ်မျက်နှာများသို့။ စေတသာ၊ စိတ်ဖြင့်။ အနုပရိဂမ္မ၊ ရှာဖွေသောအားဖြင့် လှည့်လည်၍။ ဝါ၊ လှည့်လည်၍ ရှာဖွေကြည့်လတ်သော်။ အတ္တနာ၊ မိမိထက်၊ ပိယ-တရံ၊ သာ၍ချစ်အပ်သောသူကို။ ကွစိ၊ တစုံတခုသောအရပ်၌မျှ။ နေဝ-အဇ္ဈဂါ၊ မရနိုင်ရာ။ ဝါ၊ မတွေ့မမြင်ရလေရာ။

ပရေသံ၊ မိမိမှတပါး အခြားသူတို့၏။ ဝါ၊ အခြားသူတို့သည် လည်း။ ပုထု အတ္တာ၊ အသီးသီးသော သူတို့ကိုယ်ကို။ ဧဝံ၊ ဤအတူ ပင်။ ပိယော၊ချစ်အပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တကာမော၊

မိမိကိုယ်ကို ချစ်နိုင်သောသူသည်။ ဝါ၊ မိမိ၏စီးပွားချမ်းသာကိုအလို ရှိသောသူသည်။ ပရံ၊ သူတပါးကို။ န ဟိံသေ န ဟိံသေယျ၊ ကိုယ် ချင်းစာကာ သနားညှာလျက် ပင်ပန်းစေကွက် မညှဉ်းဆဲရာ။'' ဣတိ၊ ဤသို့။ (ဂါထာနက်။)–

ဝဒတာ–ဝဒန္တေန၊ ဟောတော်မူအပ်သော။ ဘဂဝတာပိ၊ မြတ်စွာဘုရား သည်လည်း။ အယံ နယော၊ ဤနည်းကို။ ဒဿိတော၊ ပြတော်မူအပ်၏။

၂၄၂။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗသတ္တေ၊ သတ္တဝါတို့၊ သက်သေအဖြစ်၌ ထား ခြင်းအကျိုးငှာ။ ပဌမံ၊ ရှေးဦးစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ မေတ္တာယ ဖရိတွာ၊ မေတ္တာဖြင့်ဖြန့်ပြီးလျှင်။ တဒနန္တရံ၊ ထိုမှအခြားမဲ့၌။ သုခပ္ပဝတ္တ– နတ္ထံ၊ မေတ္တာပွားရန် လွယ်ကူစေခြင်းအကျိုးငှာ။ အ ... ၊ ... ယောဂင်း။ ပိယော၊ ချစ်အပ်သော။ မနာပေါ၊ မြတ်နိုးအပ်သော။ ဂရု၊ အလေးပြု အပ်သော။ ဘာဝနီယော၊ မေတ္တာပွားထိုက်သော။ တနည်းကား–မနာပေါ၊ နှလုံးကိုပွားစေတတ်သော။ ဂရု၊ ကျေးဇူးကြီးတန်ခိုး အလေးပြုအပ်သော။ ဘာဝနီယော–သမ္ဘာဝေတဗ္ဗော၊ ချီးမွမ်းအပ်သော။ အာစရိယော ဝါ၊ ဆရာ မူလည်းဖြစ်သော။ အာစရိယမတ္တော ဝါ၊ ဆရာနှင့် တူမျှသူလည်းဖြစ်သော။ ဥပဇ္ဈာယော ဝါ၊ ဥပဇ္ဈာယ်လည်းဖြစ်သော။ ဥပဇ္ဈာယမတ္တော ဝါ၊ ဥပဇ္ဈာယ် နှင့် တူမျှသူလည်းဖြစ်သော။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ပိယမနာပတ္တကာရဏာနိ၊ ချစ်အပ်သူ မြတ်နိုးအပ်သူ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ ဒါနပိယဝစနာဒီနိ စ၊ ပေးကမ်းမှု ချစ်ဖွယ်စကားကိုပြောဆိုမှု–စသည်တို့ကိုလည်းကောင်း။ ဂရု– ဘာဝနီယတ္တကာရဏာနိ၊ အလေးပြုအပ်သူ မေတ္တာပွားအပ်သူ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ သီလသုတာဒီနိ စ၊ သီလ သုတ–စသည်တို့ကို လည်းကောင်း။ အနုဿရိတွာ အောက်မေ့အောက်မေ့၍ ''ဧသ–ဧသော သပ္ပုရိသော၊ ဤသူတော်ကောင်းသည်။ သုခီ ဟောတု၊ ချမ်းသာနှင့်ပြည့် စုံပါစေ။ နိဒ္ဒုက္ခော ဟောတု၊ ဆင်းရဲကင်းပါစေ။''ဣတိ အာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ မေတ္တာ ဘာဝေတဗ္ဗာ၊ မေတ္တာကိုပွားစေအပ်၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဧဝရူပေ ပုဂ္ဂလေ၊ ဤသို့သော ပုဂ္ဂိုလ်၌မူ။ အပ္ပ– နာ၊ အပ္ပနာသည်။ ကာမံ သမ္ပဇ္ဇတု၊ ပြီးပြည့်စုံနိုင်ပါစေ။ ပန၊ ထိုသို့ ပြီးပြည့်စုံ နိုင်သော်လည်း။ ဣတိနာ ဘိက္ခုနာ၊ ဤ ယောဂီရဟန်းသည်။ တာဝတ– ကေနေဝ၊ ထိုမျှဖြင့်သာလျှင်။ တုဋ္ဌိံ အနာပဇ္ဇိတွာ၊ ရောင့်ရဲခြင်းသို့ မရောက်

မူ၍။ သီမာသမ္ဘေဒံ ကတ္တုကာမေန၊ သီမာသမ္ဘေဒ—ခေါ် နယ်ပယ်ပျက်ခြင်းကို ပြုလိုသဖြင့်။ ဝါ၊ ပြုလိုလျှင်။ တဒနန္တရံ၊ ထိုမှအခြားမဲ့၌။ အတိပ္ပိယ—သဟာယကေ၊ အလွန်ချစ်အပ်သော သူငယ်ချင်း၌ လည်းကောင်း။ အတိပ္ပိယ—သဟာယကတော အလွန်ချစ်အပ်သော သူငယ်ချင်းထက်။ မဇ္ဈတ္တေ၊ အလယ်အလတ် ပုဂ္ဂိုလ်၌လည်းကောင်း။ မဇ္ဈတ္တတော၊ အလယ်အလတ်ပုဂ္ဂိုလ်ထက်။ ဝေရီပုဂ္ဂလေ၊ ရန်သူဖြစ်သောပုဂ္ဂိုလ်၌။ မေတ္တာဘာဝေတဗ္ဗာ၊ မေတ္တာကို ပွားစေအပ်၏။ ဘာဝေန္တေန စ၊ ပွားစေသဖြင့်လည်း။ ဧကေက သ္မိံ ကောဋ္ဌာသေ၊ တစ်ပါးတစ်ပါးသော အဖို့၌။ စိတ္တံ၊ စိတ်ကို။ မုဒုံ ကတွာ၊ နူးညံ့အောင်ပြု၍။ ကမ္မနိယံ ကတွာ၊ ခံ့ကျန်း သန့်စွမ်းအောင် ပြု၍။ တဒနန္တရေ တဒနန္တရေ၊ ထိုထိုအဖို့မှ အခြားမဲ့ အခြားမဲ့၌။ ဥပသံဟရိတဗ္ဗံ၊ မေတ္တာစိတ်ကို ပို့ဆောင်အပ်၏။ ဝါ၊ ပွားစေအပ်၏။

(၂၉၀) ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝါ၊ အကြင်ပုဂ္ဂိုလ်မှာ။ ဝေရီ—ပုဂ္ဂလော၊ ရန်သူပုဂ္ဂိုလ်သည်။ နတ္ထိ ဝါ၊ မရှိသည်မှုလည်း ဖြစ်၏။ မဟာ—ပုရိသဇာတိကတ္တာ ဝါ၊ ယောကျာ်းမြတ်တို့၏ သဘောရှိသောကြောင့်။ အနတ္ထံ၊ အကျိုးမဲ့ကို။ ကရောန္တေပိ၊ ပြုသောသူ၌သည်းကောင်း။ ပရေ၊ ရန်သူ၌။ ဝေရိသညာဝ၊ ရန်သူ—ဟု အမှတ်ထားခြင်းသည်ပင်လျှင်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဝါ၊ မရှိ။ တေန၊ ထိုသို့သောပုဂ္ဂိုလ်သည်။ "မေ မေတ္တစိတ္တံ၊ ငါ၏ မေတ္တာစိတ်သည်၊ မဇ္ဈတ္တေ၊ အလယ်အလတ်ပုဂ္ဂိုလ်၌။ ကမ္မနိယံ ဇာတံ၊ ခံ့ကျန်းစွာ ဖြစ်သည်။ ဣဒါနိ၊ ယခုအခါ၌။ နံ၊ ထိုမေတ္တာစိတ်ကို။ ဝေရိမှိ၊ ရန်သူ၌။ ဝါ၊ ရန်သူ့ထံသို့။ ဥပသံဟရာမိတိ၊ ပို့ဆောင်အံ့" ဟု။ ဗျာပါ—ရောဝ၊ ကြောင့်ကြစိုက်ခြင်းကိုပင်လျှင်။ န ကာတဗ္ဗော၊ မပြုအပ်တော့ပြီ။ ပန၊ ဆက်ဦးအံ့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပုဂ္ဂိုလ်ကို။ သန္ဓာယ၊ ရည်၍။ "မဇ္ဈတ္တတော၊ အလယ်အလတ်ပုဂ္ဂိုလ်ထက်။ ဝေရိပုဂ္ဂလေ၊ ရန်သူဖြစ်သောပုဂ္ဂိုလ်၌။ မေတ္တာ ဘာဝေတဗ္ဗာ၊ မေတ္တာကိုပွားစေအပ်၏။" ဣဒံ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

၂၄၃။ ပန၊ ဆက်ဦးအံ့။ ဝေရိမှိ၊ ရန်သူပုဂ္ဂိုလ်၌။ စိတ္တံ ဥပသံဟရတော၊ မေတ္တာစိတ်ကို ဆောင်ပို့သော။ အဿ၊ ထိုယောဂီအား။ တေန၊ ထိုရန်သူသည်။ ဝါ၊ ထိုရန်သူက။ ကတာပရာဓာနုဿရဏေန၊ ပြုဖူးသောပြစ်မှားမှုကို အောက်မေ့ဆင်ခြင်မိသဖြင့်။ သစေ ပဋိဃံ ဥပ္ပဇ္ဇတိ၊ အကယ်၍ ဒေါသ ဖြစ်ငြားအံ့။ အထ၊ ထိုသို့ဖြစ်လျှင်။ အနေန၊ ထိုယောဂီသည်။ ပုရိမပုဂ္ဂလေသု၊ အလေးပြုအပ်သူအစရှိသော သုံးဦးသော ရှေးပုဂ္ဂိုလ်တို့တွင်။ ယတ္ထ ကတ္ထစိ၊

တစ်ဦးဦးသော ပုဂ္ဂိုလ်၌။ ပုနပ္ပုနံ၊ အဖန်တလဲလဲ၊ မေတ္တံ သမာပဇ္ဇိတွာ၊ မေတ္တာဈာန်ကိုဝင်စားပြီး လျှင်။ (မေတ္တံ သမာပဇ္ဇိတွာ-ဟု သာမညဆိုထားသော်လည်း အခြားမဲ့၌ သမာပဇ္ဇိတွာ၊ ဝင်စား၍-ဟု လည်းကောင်း၊ ဝုဋ္ဌဟိတွာ၊ ထ၍-ဟု လည်းကောင်း ဆိုထားသောကြောင့် မေတ္တာဈာန်ကိုသာဆိုလိုကြောင်း ဋီကာ၌ဖွင့်ပြထား၏။) ဝုဋ္ဌဟိတွာ၊ ထိုဈာန်မှထ၍။ တံ ပုဂ္ဂလံ၊ ထိုရန်သူပုဂ္ဂိုလ်ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ မေတ္တာယန္တေန၊ မေတ္တာပို့ခြင်းဖြင့်။ ပဋိဃံ ဝိနောဒေတဗ္ဗံ၊ အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။ ဧဝံ ဝါယမတော၊ ဤသို့အားထုတ်သော်လည်း။ (ပဋိဃံ၊ ပဋိဃသည်။ ဝါ၊ အမျက်ဒေါသသည်။—ထည့်။) သစေ န နိဗ္ဗာတိ၊ အကယ်၍ မငြိမ်းငြားအံ့။ အထ၊ ထိုသို့ မငြိမ်းသေးသည်ရှိသော်။—

ကကစူပမဩဝါဒ-အာဒီနံ၊ လွှဥပမာဖြင့်ပြအပ်သော အဆုံးအမ ဩဝါဒ-စသည်တို့ကို။ အနုဿရတော၊ အောက်မေ့၍ ဆင်ခြင်သော အားဖြင့်။ ပဋိဃဿ ပဟာနာယ၊ အမျက်ဒေါသကို ပယ်ခြင်းငှာ။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဃဋိတဗ္ဗံ၊ အားထုတ်အပ်၏။

တစ္စ၊ ထိုသို့အားထုတ်ခြင်းကိုလည်း။ ဣမိနာ အာကာရေန၊ ယခုပြမည့် အခြင်းအရာအားဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒန္တေနေဝ၊ ဆုံးမလျက်သာလျှင်။ ဃဋိတဗ္ဗံ၊ အားထုတ်အပ်၏။ "အမ္ဘော ကုဇ္ဈပုရိသ၊ အိုး-အမျက်ထွက်နေသော အချင်း....ယောကျ်ား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ နနု၊ အောက်ပါဩဝါဒ စကားများကို ဟောကြားခဲ့သည်မဟုတ်ပါလော။ ဟောကြားပုံမှာ—

'ဘိက္ခဝေ၊ ရဟန်းတို့။ ဩစရကာ၊ ယုတ်မာသည့်အကျင့် ရှိကုန်သော။ စောရာ၊ ခိုးသူ, ဒမြတို့သည်။' ဥဘတောဒဏ္ဍကေန၊ အစွန်းနှစ်ဘက်၌ အရိုးတတ်ထားသော။ ကကစေန၊ ငါးမန်းစွယ် လွှကြီးဖြင့်။ ဒေါင်လိင်နို၊ ခေါင်ကြီးငယ်တို့ကို။ ဩကန္တေယျုံ၊ တိုက်ဖြတ်ကုန်ရာ၏။ တတြာပိ၊ ထိုသို့တိုက်ဖြတ်ကြရာ၌သော်လည်း။ ယော၊ တိုက်ဖြတ်ခံရသော အကြင်သူသည်။ စေပိ မနောပဒေါသယျ၊ အကယ်၍ စိတ်ကိုပြစ်မှားစေငြားအံ့။ သော၊ ထိုသူသည်။ တေန၊ ထိုသို့ စိတ်ကိုပြစ်မှားစေခြင်းဖြင့်။ မေ၊ ငါဘုရား၏။ န သာသနကရော၊ အဆုံးအမကို လိုက်နာသူမမည်တော့ချေ။' ဣတိ စ၊ ဤသို့ လည်းကောင်း။

'ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ ပဋိကုဇ္ဈတိ၊ တုန့်ပြန်၍ အမျက်ထွက်၏။ တေန၊ ထိုသူသည်။ တသော၊ ထို တုန့်ပြန်၍ အမျက်လှကျခြင်းဖြင့် ပဌမ-က အမျက်ထွက်နေသော သူ့ထက်ပင်။ ပါပိယော၊ သာ၍ယုတ်မာသူ ဖြစ်သေ၏။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပ္ပဋိကုဇ္ဈန္တော၊ တုန့်ပြန်၍ အမျက်မထွက်ပဲ သည်းခံနိုင်သောသူသည်။ ဒုဇ္ဇယံ သင်္ဂါမံ၊ အောင်နိုင်ခဲသော စစ်ပွဲကို။ ဇေတိ အောင်နိုင်ပေ၏။

ယော၊ အကြင်သူသည်။ ပရံ၊ သူတပါးကို။ သကုပိတံ ဉတွာ၊ ပြင်းစွာအမျက်ထွက်နေကြောင်းကို သိပြီးလျှင်။ သတော၊ သတိပြု လျက်။ ဥပသမ္မတိ၊ အမျက်မထွက်ပဲ ငြိမ်းချမ်းစွာနေ၏။ သော၊ ထို သူသည်။ အတ္တနော စ၊ မိမိ၏လည်းကောင်း။ ပရဿ စ၊ သူတပါး ၏ လည်းကောင်း။ ဥဘိန္နံ၊ နှစ်ဦးသားလုံးတို့၏။ အတ္ထံ၊ အကျိုးကို။ စရတိ၊ ကျင့်သည်မည်၏။' ဣတိ စ၊ ဤသို့လည်းကောင်း။

'ဘိက္ခဝေ၊ ရဟန်းတို့။ သပတ္တကန္တာ၊ ရန်သူတို့အကြိုက် ဖြစ်ကုန် သော။ သပတ္တကရဏာ၊ ရန်သူတို့က ပြုထိုက်ကုန်သော။ ဣမေ သတ္တ ဓမ္မာ၊ ဤသဘောတရား ခုနစ်ပါးတို့သည်။ ကောဓနံ၊ အမျက် ထွက်သော။ ဣတ္ထိံ ဝါ၊ မိန်းမထံသို့ လည်းကောင်း။ ဝါ၊ မိန်းမ ထံသို့ ဖြစ်စေ။ ပုရိသံ ဝါ၊ ယောကျ်ားထံသို့ လည်းကောင်း။ ဝါ၊ ယောကျ်ားထံသို့ ဖြစ်စေ။ အာဂစ္ဆန္တိ၊ ရောက်လာကုန်၏။ ကတမေ သတ္တ၊ အဘယ်ခုနစ်ပါးတို့နည်း-ဟူမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ သပတ္တော၊ ရန်သူသည်။ သပတ္တဿ၊ ရန်သူအား။ အယံ၊ ဤသူသည်။ ဒုဗ္ဗဏ္ဏော၊ အဆင်းမလှ အရုပ်ဆိုးသည်။ အဿ၊ ဖြစ်ပါမူကား။ အဟော ဝတ၊ ဩော်-ကောင်းလေစွတကား။ ဣတိ ဝံ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။ တံ၊ ထိုသို့အလိုရှိခြင်းသည်။ ကိဿ— ဟေတု၊ အဘယ့်ကြောင့်နည်း-ဟူမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ သပတ္တော၊ ရန်သူသည်။ သပတ္တဿ၊ ရန်သူ၏။ ဝဏ္ဏဝတာယ၊ အဆင်းလှခြင်း၌။ ဝါ၊ အဆင်းလှခြင်းကို။ နန္ဒတိ၊ မနှစ်သက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကောဓနော၊ အမျက်ထွက်လေ့ရှိသော။ ကောဓာဘိဘူတော၊ ကောဓ သည် နှိပ်စက်အပ်သော။ ကောဓပရေတော၊ ကောဓသည် အစဉ် လိုက်အပ်သော။ သော ပုရိသပုဂ္ဂလော၊ ထိုယောကျ်ားဖြစ်သောပုဂ္ဂိုလ် သည်။ သုနှာတော၊ ကောင်းစွာရေချိုးပြီး၍။ သုဝိလိတ္တော၊ ကောင်းစွာလိမ်းကျံပြီးကာ။ ကပ္ပိတကေသမဿု၊ ဆံမုတ်ဆိတ်ကို ည—

ပြီး၍။ ဩဒါတဝတ္ထဝသနေ၊ ဖြူစင်သောအဝတ်ပုဆိုးကိုဝတ်သည်။ ကပ္ပိတကေသမဿုံ၊ ကေသမဿုကို ပြုပြင်ပြီးသော်ညစ်၏။ ဥပသင်္ကမိတွာ။ ပရိသတ် ပါ၊ ထိုသို့ဖြစ်သော် လည်း။ သော ပုရိသပုဂ္ဂလော၊ ထိုယောကျ်ားဖြစ်သော ပုဂ္ဂိုလ်သည်။ ဒုဋ္ဌဗ္ဗော၊ အဆင်းမလှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ (၂၉၁) ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမော၊ ရှေးဦးစွာသော။ သပတ္တကန္တော၊ ရန်သူတို့အကြိုက်ဖြစ်သော။ သပတ္တကရဏော၊ ရန်သူတို့က ပြုထိုက် သော။ အယံ ဓမ္မော၊ ဤတရားသည်။ ကောဓနံ၊ အမျက်ထွက်လေ့ ရှိသော။ ဣတ္ထိံ ဝါ၊ မိန်းမသို့လည်းကောင်း။ ပုရိသံ ဝါ၊ ယောကျ်ား သို့လည်းကောင်း။ အာဂစ္ဆတိ၊ ရောက်လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန၊ တဖန်။ အပရံ၊ အခြားသဘော တရားသည်ကား။ သပတ္တော၊ ရန်သူသည်။ သပတ္တဿ၊ ရန်သူအား။ အယံ၊ ဤသူသည်။ ဒုက္ခံ၊ ဆင်းရဲစွာ။ သယေယျ၊ အိပ်နေရပါမူ။ အဟောဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံ၊ ဤသူသည်။ ပစုရတ္ထော၊ များသောဥစ္စာရှိသည်။ န အဿ၊ မဖြစ်ပါမူကား။ အဟောဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံ၊ ဤသူသည်။ ဘောဂဝါ၊ စီးစိမ်ဥစ္စာရှိ သည်။ န အဿ၊ မဖြစ်ပါမူကား။ အဟောဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံ၊ ဤသူသည်။ ယသဝါ၊ အခြံအရံနှင့်ပြည့်စုံသည်။ န အဿ၊ မဖြစ်ပါမူကား။ အဟောဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။ အယံ၊ ဤသူသည်။ မိတ္တဝါ၊ မိတ်ဆွေနှင့်ပြည့်စုံသည်။ န အဿ၊ မဖြစ်ပါမူကား။ အဟော ဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုန၊ တဖန်၊ အပရံ၊ အခြားသော သဘောတရားသည် ကား။ သပတ္တော၊ ရန်သူသည်။ သပတ္တဿ၊ ရန်သူအား။ အယံ၊ ဤသူသည်။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ်ပျက်စီး၍။ ပရံ မရဏာ၊ သေသည်မှနောက်၌။ သုဂတိံ သဂ္ဂံ လောကံ၊ သုဂတိနတ်ပြည်သို့။ န ဥပပဇ္ဇေယျ၊ မရောက်ပါမူ။ အဟောဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ ဣစ္ဆတိ၊ အလိုရှိ၏။ တံ၊ ထိုသို့အလိုရှိခြင်းသည်။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သပတ္တော၊ ရန်သူသည်။ သပတ္တဿ၊ ရန်သူ၏။ သုဂတိဂမနေန၊ သုဂတိသို့ရောက် ခြင်းဖြင့်။ န နန္ဒတိ၊ မနှစ်သက်။ (တသ္မာ၊ ထို့ကြောင့်ပေတည်း။)

ဘိက္ခဝေ၊ ရဟန်းတို့။ ကောဓနော၊ အမျက်ထွက်သော။ ကောဓာဘိဘူတော၊ ကောဓသည်နှိပ်စက်အပ်သော။ ကောဓပရေ- တော၊ ကောဓသည်အစဉ်လိုက်အပ်သော။ အယံ ပုရိသပုဂ္ဂလော၊ ဤ ယောကျ်ားဖြစ်သောပုဂ္ဂိုလ်သည်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရတိ၊ ပြုကျင့်၏။ ဝါစာယ၊ နှုတ်ဖြင့်။ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရတိ၊ ပြုကျင့်၏။ သော၊ ထိုသူသည်။ ကောဓာ- ဘိဘူတော၊ ကောဓသည်နှိပ်စက်အပ်သည်ဖြစ်၍။ ကာယေန၊ ကိုယ် ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရိတွာ၊ ပြုကျင့်၍။ ကာယဿ ဘေဒါ၊ ကိုယ်ခန္ဓာ ပျက်စီး၍။ ပရံ မရဏာ၊ သေသည်မှ နောက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းသော ဂတိဖြစ်သော။ ဝိနိပါတံ၊ ဖရိုဖရဲပျက်စီး၍ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်၏။' (ဝိနိပါတ-ဟူသည် အပါယ်လေး ဘုံပင်တည်း။) ဣတိ စ၊ ဤသို့လည်းကောင်း။

'ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာသော်ကား။ ဥဘ- တော ပဒိတ္တံ၊ အစွန်းနှစ်ဘက်၌ မီးလောင်ထားသော။ မဇ္ဈေ ဂူထ- ဂတံ၊ အလယ်၌ မစင်လူးနေသော။ ဆဝါလာတံ၊ သူသေကောင် ဖုတ်သည့် ထင်းကုလားသည်။ ဝါ၊ တံစူးဝါးသည်။ ဂါမေ၊ ရွာ၌။ ကဋ္ဌတ္ထံ၊ သစ်သားဖြင့် ပြုဖွယ်ကိစ္စကို။ နေဝ ဖရတိ၊ မပြီးစေသည် သာတည်း။ အရညေ၊ တော၌။ကဋ္ဌတ္ထံ၊ သစ်သားဖြင့်ပြုဖွယ်ကိစ္စကို။ န ဖရတိ သေယျထာပိ၊ မပြီးစေသကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမံ ပုဂ္ဂလံ၊ ဤ ပုဂ္ဂိုလ်ကို။ တထူပမံ၊ ထို ထင်းကုလားနှင့် တူ၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူပေ၏။'ဣတိ၊ ဤသို့လည်းကောင်း။

ဒါနိ၊ ယခုအခါ၌။ ဝေံ ကုဇ္ဈန္တော၊ ဤသို့ အမျက် ထွက်နေသော။ သော တွံ၊ ထိုသင်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာသနကရော၊ အဆုံးအမ—ကို လိုက်နာသူသည်။ န စေဝ ဘဝိဿသိ၊မဖြစ်လတ္တံ့။ တနည်း ကား—ဒါနိ၊ ယခုအခါ၌။ သော တွံ၊ ထို သင်သည်။ ဝေံ ကုဇ္ဈန္တော၊ ဤသို့ အမျက်ထွက်နေလျှင်။ ဝါ၊ အမျက်ထွက်သောကြောင့်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာသနကရော၊ အဆုံးအမကိုလိုက်နာသူသည်။ န စေဝ ဘဝိဿသိ၊ မဖြစ်လတ္တံ့။ ပဋိကုဇ္ဈန္တော စ၊ တုံ့ပြန်၍ အမျက်ထွက်သော

ကြောင့်လည်း။ ကုဒ္ဓပုရိသတောပိ၊ ပထမ အမျက်ထွက်သောသူထက် သော်လည်း။ ပါပိယော ဟုတ္ဘာ၊ ယုတ်ညံ့သူဖြစ်၍။ ဒုဇ္ဇယံ သင်္ဂါမံ၊ အောင်နိုင်ခဲသော စစ်ပွဲကိုလည်း။ န ဇေယျသိ၊ မအောင်နိုင်လတ္တံ့။ သပတ္တကရဏေ စ ဓမ္မေ၊ ရန်သူကပြုထိုက်သော သဘောတရားတို့ကိုလည်း။ အတ္တာဝ၊ မိမိကိုယ်တိုင်ပင်။ အတ္တနော၊ မိမိအား။ ကရိဿသိ၊ ပြုရာရောက်လတ္တံ့။ ဆဝါလာတူပမော စ၊ ထင်းကုလားနှင့်တူသည်လည်း။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။"

၂၄၄။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဃဋ္ဋယတော၊ အမျက်ဒေါသကိုပယ်ရန်အားထုတ်လျက်။ ဝါယမတော၊ လုံ့လပြုနေသော။ တဿ၊ ထိုယောဂီအား။ တံ ပဋိဃံ၊ ထိုအမျက်ဒေါသသည်။ သစေ ဝူပသမ္မတိ၊ အကယ်၍ငြိမ်းငြားအံ့။ ဣစ္စေတံ ဣတိ ဇေတံ၊ ဤသို့ငြိမ်းခြင်းသည်။ ကုသလံ၊ ကောင်းလှပေ၏။ နော စေ ဝူပသမ္မတိ၊ အကယ်၍မငြိမ်းငြားအံ့။ ဝါ၊ အကယ်၍ မငြိမ်းပါမူ။ အထ၊ ထိုသို့မငြိမ်းခဲ့လျှင်။ တဿ ပုဂ္ဂလဿ၊ ထို ရန်သူဖြစ်သောပုဂ္ဂိုလ်၏။ ယော ယော ဓမ္မော၊ အကြင် အကြင် အမူအရာသဘောတရားသည်။ ဝူပသန္တော၊ ငြိမ်သက်သည်။ပရိသုဒ္ဓေါ၊ ထက်ဝန်းကျင်စင်ကြယ်သည်။ ဟောတိ၊ ဖြစ်ပေ၏။ အနုဿရိယမာနော၊ အောက်မေ့ဆင်ခြင်လျှင်။ပသာဒံ၊ ကြည်လင်ခြင်း, ကြည်ညိုခြင်းကို။ အာဝဟတိ၊ ဆောင်ငြားအံ့။ တံ တံ အနုဿရိတွာ ထိုထိုအမူအရာသဘောတရားကိုအဖန်တလဲလဲအောက်မေ့ဆင်ခြင်၍။ အာဃာတော၊ အမျက်ဒေါသကို။ ပဋိဝိနေတဗ္ဗော၊ ပယ်ဖျောက်အပ်၏။

ဟိ၊ ချဲ့၍ဆိုဦးအံ့။ ကေစ္စဿ၊ အချို့သောသူအား။ ဝါ၊ အချို့သောသူမှာ။ ကာယသမာစာရောဝ၊ ကိုယ်အမူအရာ အကျင့်သည်သာလျှင်။ ဥပသန္တော ဟောတိ၊ ငြိမ်သက် ငြိမ်းအေး၏။ ဗဟုံ ဝတ္တပဋိပတ္တိ၊ များစွာသော ဝတ်ကြီး·ဝတ်ငယ်ကို။ ကရောန္တဿ၊ ပြုသည်ဖြစ်၍။ ဝါ၊ ပြုသော။ အဿ၊ ထိုသူ၏။ ဥပသန္တဘာဝေါ စ၊ ကိုယ်အမူအရာ ငြိမ်သက် ငြိမ်းအေးသည်၏ အဖြစ်ကိုလည်း။ သဗ္ဗဇနေန၊ အလုံးစုံသော အတူနေပုဂ္ဂိုလ်အပေါင်းသည်။ ဝါ၊ အတူနေပုဂ္ဂိုလ်အပေါင်းက။ ဉာယတိ၊ သိအပ်ပေ၏။ ဝစီသမာစာရမနောသမာစာရာ ပန၊ နှုတ်အမူအကျင့်, စိတ်အမူအကျင့်တို့သည်ကား။ အဝူပသန္တာ ဟောန္တိ၊ မငြိမ်သက် မငြိမ်းအေးကုန်။ တဿ၊ ထိုသူ၏။ တေ အစိန္တေတွာ၊ ထို မငြိမ်သက် မငြိမ်းအေးသော နှုတ်, စိတ်–အမူအကျင့်တို့ကို မစဉ်းစားမူ၍။ ကာယသမာစာရဝူပသမောယေဝ၊ ကိုယ်

အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးခြင်းကိုသာလျှင်။ အနုသာရိတဗ္ဗော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။

(၂၉၂) ကေစ္စသာ၊ အချို့သောသူအား။ ဝစီသမာစာရောဝ၊ နှုတ်အမူအကျင့်သည်သာလျှင်။ ဥပသန္တော ဟောတိ၊ ငြိမ်သက် ငြိမ်းအေး၏။ စ၊ ဆက်ဦးအံ့။ အဿ၊ ထိုသူ၏။ ဥပသန္တဘာဝေါ၊ နှုတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးသည်၏ အဖြစ်ကို။ သဗ္ဗဇနေန၊ အလုံးစုံသော အတူနေပုဂ္ဂိုလ် အပေါင်းသည်။ ဝါ၊ အတူနေပုဂ္ဂိုလ်အပေါင်းက။ ဉာယတိ၊ သိအပ်ပေ၏။ ဟိ၊ သိရပုံကိုဆိုဦးအံ့။ သော၊ ထိုသူသည်။ ပကတိယာ စ၊ ပကတိပင်ကိုအားဖြင့်ပင်လျှင်။ ပဋိသန္ထာရကုသလော ဟောတိ၊ စေ့စပ်ပြောဆိုမှု—ပဋိသန္ထာရ၌ ကျွမ်းကျင်၏။ သခိလော ဟောတိ၊ အပြောအဆို ပြေပြစ်၏။ သုခသမ္ဘာသော ဟောတိ၊ နားချမ်းသာအောင် ပြောတတ်၏။ သမ္မောဒကော ဟောတိ၊ အညီအညွတ် ဝမ်းမြောက်အောင် ပြောဆိုတတ်၏။ ဥတ္တာန—မုခေါ ဟောတိ၊ မျက်မှောင်မကုပ် မျက်နှာမငုံ့ပဲ ပေါ်လွင်သောမျက်နှာရှိ၏။ ပုဗ္ဗဘာသီ ဟောတိ၊ ရှေးဦးစွာ နှုတ်ဆက်ပြောဆိုလေ့ရှိ၏။ (ဟောတိ—ပုဒ်တိုင်းယှဉ်။) မဓုရေန သရေန၊ ချိုသာသောအသံဖြင့်။ ဓမ္မံ ဩသာရေတိ၊ တရားကို ရွတ်ဆိုတတ်၏။ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ၊ ထက်ဝန်းကျင် ပြည့်စုံသော ပုဒ်—ဝါကျတို့ဖြင့်။ ဓမ္မကထံ ကထေတိ၊ တရားစကားကို ပြောဟောတတ်၏။ ပန၊ သို့သော်လည်း။ ကာယသမာစာရမနောသမာစာရာ၊ ကိုယ်အမူအကျင့်, စိတ်အမူအကျင့်တို့သည်။ အဝူပသန္တာ ဟောန္တိ၊ မငြိမ်သက် မငြိမ်းအေးကုန်။ တဿ၊ ထိုသူ၏။ တေ အစိန္တေတွာ၊ ထို မငြိမ်သက် မငြိမ်းအေးသော ကိုယ်, စိတ်—အမူအကျင့်တို့ကို မစဉ်းစားမူ၍။ ဝစီသမာစာရ—ဝူပသမောယေဝ၊ နှုတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်အေးခြင်းကိုသာလျှင်။ အနုဿရိတဗ္ဗော၊ အောက်မေ့အပ်၏။

ကေစ္စသာ၊ အချို့သောသူအား။ မနောသမာစာရောဝ၊ စိတ်အမူအကျင့်သည်သာလျှင်။ ဥပသန္တော ဟောတိ၊ ငြိမ်သက် ငြိမ်းအေး၏။ စ၊ ဆက်ဦးအံ့။ အဿ၊ ထိုသူ၏။ ဥပသန္တဘာဝေါ၊ စိတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးသည်၏ အဖြစ်သည်။ စေတိယဝန္ဒနာဒိသု၊ စေတီတော်ကို ရှိခိုးခြင်း စသည်တို့၌။ သဗ္ဗဇနဿ၊ အတူနေပုဂ္ဂိုလ် အားလုံးအား။ ပါကဋော ဟောတိ၊ ထင်ရှား၏။ ဟိ၊ ထင်ရှားပုံကား။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အဝူပသန္တစိတ္တော ဟောတိ၊ မငြိမ်သက် မငြိမ်းအေးသော စိတ်ရှိ၏။ သော၊

ထိုပုဂ္ဂိုလ်သည်။ စေတိယံ ဝါ၊ စေတီကို လည်းကောင်း။ ဝါ၊ စေတီကို ဖြစ်စေ။ ဗောဓိံ ဝါ၊ ဗောဓိပင်ကို လည်းကောင်း။ ဝါ၊ ဗောဓိပင်ကို ဖြစ်စေ။ ထေရေ ဝါ၊ မထေရ်ကြီးတို့ကို လည်းကောင်း။ ဝါ၊ မထေရ်ကြီး တို့ကိုဖြစ်စေ။ ဝန္ဒမာနော၊ ရှိခိုးသည်ရှိသော်။ န သက္ကစ္စံ ဝန္ဒတိ၊ ကောင်း မွန်ရိုသေစွာ ရှိမခိုး။ ဓမ္မဿဝနမဏ္ဍပေ၊ တရားနာရာမဏ္ဍပ်၌။ ဝိက္ခိတ္တစိတ္တော ဝါ၊ စိတ်ပျံ့လွင့်လျက်ရှိသော် လည်းကောင်း။ ပစလာယန္တော ဝါ၊ ငိုက် မျဉ်းလျက်သော် လည်းကောင်း။ နိသီဒတိ၊ ထိုင်နေ၏။ ဥပသန္တစိတ္တော ပန၊ စိတ်ငြိမ်သက် အေးချမ်းသောသူသည်ကား။ ဩကပ္ပေတွာ၊ သက်ဝင် ၍။ ဝန္ဒတိ၊ ရှိခိုး၏။ ဩဟိတသောတော၊ နားစိုက်လျက်။ အဋ္ဌိံ ကတွာ၊ တရားကို စီးပွားသဖွယ်ပြု၍။ ကာယေန ဝါ၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ ဝါ၊ နှုတ်ဖြင့်လည်းကောင်း။ စိတ္တပ္ပသာဒံ ကရောန္တော၊ စိတ်၏ ကြည်လင်ခြင်းကို ပြုလျက်။ ဓမ္မံ သုဏာတိ၊ တရားကို နာ၏။ ဣတိ၊ ဤသို့ သောနည်းဖြင့်။ ဧကစ္စဿ၊ အချို့သောသူအား။ မနောသမာစာရောဝ၊ စိတ်အမူအကျင့်သည် သာလျှင်။ ဥပသန္တော ဟောတိ၊ ငြိမ်သက် ငြိမ်းအေး၏။ ကာယဝစီသမာစာရာ၊ ကိုယ်, နှုတ်—အမူအကျင့်တို့သည်ကား။ အဝူပသန္တာ ဟောန္တိ၊ မငြိမ်သက် မငြိမ်းအေးကုန်။ တဿ၊ ထိုသူ၏။ တေ အစိန္တေတွာ၊ ထိုမငြိမ်သက် မငြိမ်းအေးသော ကိုယ်, နှုတ်—ဒ မူအကျင့်တို့ကို မစဉ်းစားမူ၍။ မနောသမာစာရဝူပသမောယေဝ၊ စိတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေး ခြင်းကိုသာလျှင်။ အနုဿရိတဗ္ဗော၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင် အပ်၏။

ပန၊ တနည်းသော်ကား။ ဧကစ္စဿ၊ အချို့သောသူအား။ ဣမေသု တီသု ဓမ္မေသု၊ ဤ သုံးပါးသော အကျင့်သဘောတို့တွင်။ ဧကောပိ၊ တစ်ခု မျှသော်လည်း။ အဝူပသန္တော ဟောတိ၊ မငြိမ်သက် မငြိမ်းအေးပေ။ တသ္မိံ ပုဂ္ဂလေ၊ ထိုပုဂ္ဂိုလ်၌။ (ကာရုညံ ဥပဋ္ဌပေတဗ္ဗံ—၌ စပ်။) "သေ-ဧသော၊ ဤသူသည်။ ဣဒါနိ၊ ယခုအခါ၌။ မနုဿလောကေ၊ လူ့ပြည်၌။ ဝါ၊ လူ့ပြည်ဝယ်။ ကိဉ္စာပိ ဧရတိ၊ အကယ်၍ သွားလာကျင်လည်နေရ၏။ အထ ခေါ၊ ထိုသို့ သွားလာနေရသော်သည်း။ ကတိပါဟဿ အစ္စယေန၊ ရက် အနည်းငယ် လွန်သောအခါ၌။ အဋ္ဌမဟာနိရယသောဠသဥဿဒနိရယပရိ— ပူရကော၊ ငရဲကြီးရှစ်ခု, ဥဿဒငရဲငယ် တစ်ဆယ့်ခြောက်ခုတို့ကို ပြည့်စေ လျက်။ ဘဝိဿတိ၊ ဖြစ်ရရှာလိမ့်မည်။ ဣတိ၊ ဤသို့ဆင်ခြင်လျက်။ ကာရုညံ ဥပဋ္ဌပေတဗ္ဗံ၊ သနားခြင်းကရုဏာကို ဖြစ်အပ်၏။ ဟိ၊ ဖြစ်စေသင့်သည်ကား

မှန်ပေ၏။ ကရုဏာမှ် ပဋိစ္စ၊ သနားခြင်းကရုဏာကို စွဲ၍လည်း။ အာဃာတော ဝူပသမ္မတိ၊ ရန်ငြိုးသည် ငြိမ်းတတ်ပေ၏။

ကေစ္စဿ၊ အချို့သောသူအား။ ဣမေပိ တယော ဓမ္မာ၊ ဤအကျင့်သဘောများ သုံးပါးတို့သည်ပင်။ ဝူပသန္တာ ဟောန္တိ၊ ငြိမ်သက် ငြိမ်းအေးကုန်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ယံ ယံ၊ အကြင် အကြင် အမူအကျင့်ကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တံ တံ၊ ထိုထို အလိုရှိရာ အမူအကျင့်ကို။ အနုဿရိတဗ္ဗံ၊ တဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။ ဟ်၊ မှန်ပေ၏။ တာဒိသေ ပုဂ္ဂလေ၊ ထိုသို့သော ပုဂ္ဂိုလ်၌။ မေတ္တာဘာဝနာ၊ မေတ္တာကို ပွားစေခြင်းသည်။ န ဒုက္ကရာ ဟောတိ၊ မခဲယဉ်းတော့ပေ။ ဣတိ၊ ထို့ကြောင့်။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်၏။

စ၊ ဆက်ဦးအံ့။ ဣမဿ အတ္ထဿ၊ ဤဆိုခဲ့သော အနက်ကို။ အာဝိဘာဝတ္ထံ၊ ထင်ရှား ပေါ်လွင်စေခြင်းငှာ။ ဝါ၊ ထင်ရှား ပေါ်လွင်စေရန်။ "အာဝုသော၊ ငါ့ရှင်တို့။ အာဃာတပဋိဝိနယာ၊ ရန်ငြိုးကို ပယ်ဖျောက်ကြောင်းတရားတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ပေတည်း။ ယတ္ထ၊ အကြင်ငါးပါးတို့၌။ ဘိက္ခုနော၊ ရဟန်းအား။ ဝါ၊ ရဟန်းမှာ။ ဥပ္ပန္နော အာဃာတော၊ ဖြစ်ပေါ်လာသည့် ရန်ငြိုးကို။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပဋိဝိနေဒတဗ္ဗော၊ ပယ်ဖျောက်အပ်၏။" ဣတိ၊ ဤသို့။ပဉ္စကနိပါတော၊ အင်္ဂုတ္တရပါဠိပဉ္စကနိပါတ်၌။ဣဒံ အာဃာတပဋိဝိနယသုတ္တံ၊ ဤ အာဃာတပဋိဝိနယ-သုတ်ကို။ဝိတ္ထာရေ-တဗ္ဗံ၊ ချဲ့အပ်၏။

၂၄၅။ ပန၊ဆက်ဦးအံ့။ ဧဝမ္ပိ ဝါယမတော၊ ဤသို့လုံ့လပြုသော်လည်း။ အဿ၊ ဤယောဂီအား။ အာဃာတော၊ ရန်ငြိုးသည်။ သစေ ဥပ္ပဇ္ဇတိယေဝ၊ ဖြစ်လျက်ပင် ရှိငြားအံ့။ အထ၊ ထိုသို့ဖြစ်လျှင်။ အနေန၊ ဤယောဂီသည်။ အတ္တာ၊ မိမိကိုယ်ကို။ ဧဝံ ဩဝဒိတဗ္ဗော၊ ဤသို့ဆုံးမအပ်၏။

( ၉၃) "ဝေရိနာ၊ ရန်သူသည်။ အတ္တနော ဝိသယေ၊ ဆင်းရဲစိမ့်သောငှာ တတ်နိုင်စကောင်းသော သင်၏ကိုယ်၌။ ဒုက္ခံ၊ ဆင်းရဲကို။ တေ၊ သင့်အား။ ယဒိ ကတံ၊ အကယ်၍ ပြုလာပေငြားအံ့။ (တွံ၊ သင်သည်။—ထည့်။) ကိံ၊ အဘယ့်ကြောင့်။ တဿ၊ ထိုရန်သူ၏။ အဝိသယေ၊ အရာမဟုတ်သော။ သစိတ္တေ၊ မိမိစိတ်၌။ ဒုက္ခံ၊ ဆင်းရဲကို။ ကတ္တုံ၊ ကိုယ်တိုင်ပင်ပြုခြင်းငှာ။ ဣစ္ဆသိ၊ အလိုရှိဘိသနည်း။

ဗဟုပကာရံ၊ များစွာ ကျေးဇူးရှိသော။ ရုဒမ္မုခံ၊ မျက်ရည်စီးယို ငိုကြွေးလျက်ရှိသော။ ဉာတိဝဂ္ဂံ၊ ဆွေမျိုးအပေါင်းကို။ ဟိတွာန၊ စွန့် စ်နိုင်ခဲ့သည် ဖြစ်ပါလျက်။ မဟာနတ္ထကရံ၊ များစွာသော အကျိုးမဲ့ကို ပြုတတ်သော။ ကောဓံ၊ အမျက်—ဒေါသဟူသော။ သပတ္တံ၊ ရန်သူကို။ ကိံ န ဇဟတိ၊ အဘယ့်ကြောင့် မစွန့်နိုင်ပါသနည်း။

(သပ္ပုရိသ၊ အို... သူတော်ကောင်း။ တွံ၊ သင်သည်။) ယာနိ သီလာနိ၊ အကြင်သီလတို့ကို။ ရက္ခသိ၊ စောင့်ရှောက်နေ၏။ တေသံ၊ ထိုသီလတို့၏။ မူလနိကန္တနံ၊ အမြစ်အရင်းဖြစ်သော ဟိရီ, ဩတ္တပ္ပ, ခန္တိ, မေတ္တာ, ကရုဏာတို့ကိုဖြတ်တတ်သော။ ကောဓံ၊ အမျက်ဒေါသကို။ ဥပဋ္ဌာလေသိ၊ အလိုလိုက်ထားဘိ၏။ တယာ သဒိသော၊ သင်နှင့်တူသော။ ဇဠော၊ သူမိုက်သည်။ ကော နာမ၊ အဘယ်မည်သောသူ ရှိအံ့နည်း။

(ပဏ္ဍိတ၊ ပညာရှိ။) ပရေန၊ သူတပါးသည်။ ဝါ၊ သူတပါးက။ မေ၊ ငါ့အား။ အနရိယံ ကမ္မံ၊ ယုတ်မာသော ပြစ်မှားမှုကို။ ကတံ၊ ပြုလေပြီ။ ဣတိ၊ ဤသို့။ ယော တွံ၊ အကြင်သင်သည်။ ကုဇ္ဈသိ၊ အမျက်ထွက်ဘိ၏။ သော တွံ၊ ထိုသင်သည်။ တာဒိသံယေဝ၊ သူတပါးကပြုသည့် ထိုပြစ်မှားမှုနှင့် အလားတူသည်သာလျှင်ဖြစ်သော။ ကမ္မံ၊ မကောင်းမှုကို။သယံ ကတ္တုံ၊ကိုယ်တိုင်ပြုရန်။ ကိံ နု၊အဘယ့်ကြောင့်။ ဣစ္ဆသိ၊ အလိုရှိဘိသနည်း။

(သပ္ပုရိသ၊ အို...သူတော်ကောင်း။) ပရော၊ ရန်သူဖြစ်သော သူတပါးသည်။ ဝါ၊ ရန်သူဖြစ်သော သူတပါးက။ တံ၊ သင့်ကို။ ဒေါသေတုကာမော၊ ဒေါသဖြစ်စေလိုသောကြောင့်။ အမနာပံ၊ မနှစ်မြို့ မခံချင်ဖွယ်အမှုကို။ ယဒိ ကရိ၊ အကယ်၍ ပြုသည်ဖြစ်ငြားအံ့။ တွံ၊ သင်ကိုယ်တိုင်သည်။ ဝါ၊ သင်ကိုယ်တိုင်က။ ဒေါသုပ္ပါဒေန၊ အမျက်ဒေါသကို ဖြစ်စေခြင်းဖြင့်။ တဿေဝ၊ထိုရန်သူ၏ပင်လျှင်။ ဗနောရထံ၊ စိတ်နှလုံးအလိုကို။ ပူရေသိ ကိံ၊ ပြည့်စေသည်မဟုတ်ပါလော။ တနည်း—ကိံ၊ အဘယ့်ကြောင့်။ ပူရေသိ၊ ပြည့်စေဘိသနည်း။

(သုခကာမ၊ ချမ်းသာကို လိုလားတောင့်တသည့် အို... သူတော်ကောင်း။) တွံ၊ သင်သည်။ ကုဒ္ဓေါ၊ အမျက်ထွက်သည်ဖြစ်၍။ တဿ၊

ပြစ်မှားဖူးသော ထိုရန်သူအား။ ဒုက္ခံ နာမ၊ ဆင်းရဲမည်သည်ကိုမူ။ ကာယဟသိ ဝါ၊ ပြုနိုင်သည်လည်း ရှိရာ၏။ န ဝါ ကာယဟသိ၊ မပြုနိုင်သည်လည်း ရှိရာ၏။ ပန၊ သို့သော်လည်း။ အတ္တာနံ၊ မိမိကိုယ်ကိုမူ။ ဣဒါနေဝ၊ယခုလက်ငင်းပင်လျှင်။ ကောဓဒုက္ခေန၊ အမျက်ဒေါသဟူသော ဆင်းရဲဖြင့်။ ဗာဓသိ၊ နှိပ်စက်နေချေပြီတကား။

(ပဏ္ဍိတ၊ပညာရှိ။) ဝေရိနော၊ ရန်သူတို့သည်။ ကောဓန္ဓာ၊အမျက်ဒေါသဖြင့်ဉာဏ်အမြင်ကန်းကြကုန်သည်ဖြစ်၍။ (ကောဓန္ဓာ-ဟု သီ—ဣ-မူအရ ပြန်ဆိုသည်။) အဟိတံ မဂ္ဂံ၊ အကျိုးမဲ့ လမ်းမှားသို့။ ယဒိ အာရူဠှာ၊ အကယ်၍ လိုက်သွားကြငြားအံ့။ တုဝမ္ပိ၊ သင်သည်လည်း။ ကုဇ္ဈန္တော၊ အမျက်ထွက်လျက်။ တေသံ ယေဝ၊ ထိုရန်သူတို့အားပင်လျှင်။ ကသ္မာ အနုသိက္ခသိ၊ အဘယ့်ကြောင့် အတုလိုက်၍ ပြုကျင့်ဘိသနည်း။

(ပဏ္ဍိတ၊ ပညာရှိ။) တဝ၊ သင်၏။ သတ္တုနာ၊ ရန်သူသည်။ ယံ ဒေါသံ နိဿာယ၊ အကြင်ဒေါသကို မှီ၍။ အပ္ပိယံ၊ မုန်းဖွယ်အမှုကို။ ကတံ၊ ပြုခဲ့လေပြီ။ တမေဝ ဒေါသံ၊ အကြောင်းရင်းဖြစ်သော ထိုဒေါသကိုသာလျှင်။ ဆိန္ဒဿု၊ ပယ်ဖြတ်ပါလော့။ အဋ္ဌာနေ၊ အရာမဟုတ်သော ထိုပုဂ္ဂိုလ်၌။ ကိံ ဝိဟညသိ၊ အဘယ့်ကြောင့် ပင်ပန်းနေဘိသနည်း။

စ၊ ထိုမှတပါး။ ခဏမ္ဘာနံ၊ ပရမတ်တရားတို့၏။ ခဏိကတ္တာ၊ တခဏမျှသာ၊ တည်ခြင်းကြောင့်။ ယေဟိ ခန္ဓေဟိ၊ရန်သူ၏သန္တာန်၌အကျုံးဝင်သော အကြင်ခန္ဓာတို့သည်။ ဝါ၊ တို့က။ တေ၊ သင့်အား။ အမနာပံ၊ မနှစ်မြို့ဖွယ်ကို။ ကတံ၊ ပြုခဲ့၏။ တေ၊ ထိုခန္ဓာတို့သည်။ နိရုဒ္ဓါ၊ ချုပ်သွားလေကုန်ပြီ။ ဒါနိ၊ ယခုအခါ၌။ ဣဓ၊ ဤရန်သူ၏သန္တာန်၌။ ကဿ၊ အဘယ်ခန္ဓာကို။ တွံ၊ သင်သည်။ ကုဇ္ဈသိ၊ အမျက်ထွက်နေသနည်း။

ယော၊ အကြင်သူသည်။ ယဿ၊ အကြင်သူအား။ ဒုက္ခံ၊ ဆင်းရဲကို။ ကရောတိ၊ ပြု၏။ တံ ဝိနာ၊ ဆင်းရဲအပြုခံ ထိုသူနှင့်ကင်း၍။ သော၊ ထိုဆင်းရဲပြုသောသူသည်။ ကဿ၊ အဘယ်သူအား။ ကရေ၊ ပြုနိုင်အံ့နည်း။ သယမ္ပိ၊ ဆင်းရဲအပြုခံ သင်ကိုယ်တိုင်လည်း။ ဒုက္ခ-ဟေတုတ္တံ၊ ဆင်းရဲပြုခြင်း၏ အကြောင်းပေတည်း။ ဣတိ ဝေံ၊ ဤသို့

ပြုသူ ခံသူနှစ်ဦးစလုံးပင် ဆင်းရဲပြုခြင်း၏အကြောင်းသည်။ (သဿာခနေ၊ ဖြစ်ပါလျက်။-ထည့်။) တဿ၊ ထိုဆင်းရဲပြုသူကိုသာ။ ကိံ၊ အဘယ့်ကြောင့်။ ကုဇ္ဈသိ၊ အမျက်ထွက်နေဘိသနည်း။" ဣတိ၊ ဤသို့။ အတ္တာ သြဝဒိတဗ္ဗော၊ မိမိကိုယ်ကို ဆုံးမအပ်ပေသတည်း။

၂၄၆။ ပန၊ ဆက်၍ဆိုဦးအံ့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အတ္တာနံ သြဝဒတောပိ၊ မိမိကိုယ်ကို ဆုံးမသော်လည်း။ အဿ၊ ဤယောဂီ၏။ ပဋိဃံ၊ အမျက်ဒေါသသည်။ သစေ နေဝ ဝူပသမ္မတိ၊ အကယ်၍ မငြိမ်းအေးသည် သာ ဖြစ်ငြားအံ့။ အထ၊ ထိုသို့ မငြိမ်းအေးလျှင်။ အနေန၊ ဤယောဂီသည်။ အတ္တနော စ၊ မိမိ၏လည်းကောင်း။ ပရဿ စ၊ သူတပါး၏လည်းကောင်း။ ကမ္မဿကတာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ တာဝ၊ ရှေးဦးစွာ။ အတ္တနော၊ မိမိ၏။ (ကမ္မဿကတာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကို။--လိုက်။) ဧဝံ ပစ္စဝေက္ခိတဗ္ဗာ၊ ဤသို့ဆင်ခြင်အပ်ပေ၏။ "အမ္ဘော၊ အချင်း ယောဂီ။ တွံ၊ သင်သည်။ တဿ ကုဒ္ဓေါ၊ ထိုသူအား အမျက်ထွက်နေခြင်းသည်။ ဝါ၊ အမျက်ထွက်နေခြင်းဖြင့်။ ကိံ ကရိဿသိ၊ အဘယ်ပြုမည်နည်း။ ဒေါသ--နိဒါနံ၊ ဒေါသလျှင်အကြောင်းရင်းရှိသော။ တဝေဝ ဧတံ ကမ္မံ၊ သင်ပြုမည့် ဤမကောင်းမှုသည်။ တဝေဝ အနတ္ထာယ၊ သင်သာလျှင် အကျိုးမဲ့အလို့ငှာ။ သံဝတ္တိဿတိ နနု၊ ဖြစ်မည်မဟုတ်ပါလော။ ဟိ၊ မှန်ပေ၏။ တွံ၊ သင်သည်။ ကမ္မဿကော၊ ကိုယ်တိုင်ပြုသည့်ကံသာ ကိုယ်ပိုင်ဥစ္စာရှိ၏။ ကမ္မဒါယာဒေါ၊ ကံ၏အမွေခံဖြစ်၏။ ကမ္မယောနိ၊ ကံသာလျှင် ဆင်းရဲရန်, ချမ်းသာရန် အကြောင်းရှိ၏။ ကမ္မဗန္ဓု၊ ကံသာလျှင် ဆွေမျိုးရှိ၏။ ကမ္မပဋိသရဏော၊ ကံသာလျှင် အားကိုးရာရှိ၏။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿသိ၊ ပြုငြားအံ့။ တဿ၊ ထိုကံ၏။ ဒါယာဒေါ ဘဝိဿသိ၊ အမွေခံဖြစ်လိမ့်မည်။ တေ၊ သင်၏။ ဣဒဉ္စ ကမ္မံ၊ ဤကံသည်လည်း။ (၂၉၄) သမ္မာသမ္ဗောဓိံ၊ သမ္မာ-သမ္ဗောဓိဉာဏ်ကို။ နေဝသာဓေတုံ သမတ္ထံ၊ မပြီးစေနိုင်။ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်း။ န သာဓေတုံ သမတ္ထံ၊ မပြီးစေနိုင်။ သာဝကဘူမိံ၊ သာဝကဗောဓိဉာဏ်ဟူသော သာဝကဘုံကိုလည်း။ န သာဓေတုံ သမတ္ထံ၊ မပြီး စေနိုင်။ ဗြဟ္မတ္တသက္ကတ္တစက္ကဝတ္တိပဒေသရာဇာဒိသမ္ပတ္တီနံ၊ ဗြဟ္မာအဖြစ်, သိကြားအဖြစ်, စကြဝတေးမင်း, ပဒေသရာဇ်မင်း-စသည်တို့၏ စည်းစိမ်တို့တွင်။ အညတရံ သမ္ပတ္တိံ၊ တပါးပါးသော စည်းစိမ်ကိုလည်း။ န သာဓေတုံ သမတ္ထံ၊ မပြီးစေနိုင်။ အထ ခေါ၊ စင်စစ်သော်ကား။ တေ၊ သင်၏။ ဣဒံ ကမ္မံ၊ ဤကံ

သည်။ သာသနတော စာဝေတွာ၊ သာသနာတော်မှ ရွေ့လျောစေ၍။ ငီဃာသာဒါ ဘာဝဿ စေဝ၊ စားကြွင်းစား စသည်၏အဖြစ်ကို လည်းကောင်း။ နေရယိကာဒိဒုက္ခဝိသေသာနဥ္စ၊ ငရဲဆင်းရဲ အစရှိသော ဆင်းရဲအထူးကိုလည်းကောင်း။ သံဝတ္တနိကံ၊ ဖြစ်စေနိုင်၏။ ဣဒံ ကရောန္တော၊ ဤအမျက်ဒေါသကို မငြိမ်းစေနိုင်သော။ သော တွံ၊ ထိုသင်သည်။ ဥဘောဟိ ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ ဝိတစ္စိတေ အင်္ဂါရေ ဝါ၊ မီးလျှံကင်းသော မီးကြိုးခဲတို့ကိုလည်းကောင်း။ ဂူထံ ဝါ ဟေတွာ ဝါ၊ မစင်ကိုကိုင်၍သော် လည်းကောင်း။ ပရံ ပဟရိတုကာမော၊ သူတပါးကို ပုတ်ခတ်လိုသော။ ပုရိသော ဝိယ၊ ယောကျ်ားကဲ့သို့။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ ဒဟာသိ စေဝ၊ ရှေးဦးစွာ လောင်စေ၏။ ဒုဂ္ဂန္ဓဥ္စ ကရောသိ၊ မကောင်းသောအနံ့ရှိ သည်လည်းကောင်း။ ဘဝိဿသိ၊ ဖြစ်လိမ့်မည်။"ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။

ဧဝံ၊ ဤသို့။ အတ္တနော၊ မိမိ၏။ ကမ္မဿကတံ ပစ္စဝေက္ခိတွာ၊ ကံသာလျှင် ဥစ္စာရှိသည်ကို ဆင်ခြင်ပြီး လျှင်။ ပရဿ၊ သူတပါး၏လည်း။(ကမ္မဿ ကတံ၊ ကံသာလျှင်ဥစ္စာရှိသည်၏အဖြစ်ကို။-လိုက်။) ဧဝံ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ "တဝ၊ သင်၏။ ဧသောပိ၊ ရန်သူဖြစ်သော ထိုသူသည်လည်း။ (တဝ၊ သင့်အား။-လိုက်။) ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ကိံ ကရိဿတိ၊ အဘယ်ကို ပြုလိမ့်မည်နည်း။ တေ၊ ထိုသူပြုသော ဤမကောင်းမှုသည်။ တေဿဝ၊ ထိုသူ၏သာလျှင်။ အနတ္ထာယ၊ အကျိုးမဲ့အလို့ငှာ။ သံဝတ္တိဿတိ နနု၊ ဖြစ်လတ္တံ့မဟုတ်ပါလော။ ဟိ၊ မှန်၏။ အယံ အာယသ္မာ၊ ဤအရှင်သည်။ ကမ္မဿကော၊ ကိုယ်တိုင်ပြုသည့်ကံသာ ကိုယ်ပိုင်ဥစ္စာရှိ၏။ ကမ္မဒါယာဒေါ၊ ကံ၏အမွေခံဖြစ်၏။ပ။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿတိ၊ ပြုပြောအံ့။ တဿ၊ ထိုကံ၏။ ဒါယာဒေါ ဘဝိဿတိ၊ အမွေခံဖြစ်ရလိမ့်မည်။ တေ၊ သင်၏။ ဣဒဥ္စ ကမ္မံ၊ ဤကံသည်လည်း။ သမ္မာသမ္ဗောဓိံ၊ သမ္မာသမ္ဗောဓိဉာဏ်ကို။ နေဝ သာဒေတုံ သမတ္ထံ၊ မပြီးစေနိုင်။ ပစ္စေကဗောဓိဉာဏံ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်း။ န သာဓေတုံ သမတ္ထံ၊ မပြီးစေနိုင်။ သာဝကဘူမိံ၊ သာဝကဗောဓိဉာဏ်ဟူသော သာဝကဘုံကိုလည်း။ န သာဓေတုံ သမတ္ထံ၊ မပြီးစေနိုင်။ ဗြဟ္မတ္တသက္ကတ္တစက္ကဝတ္တိပဒေသရာဇာဒိသမ္ပတ္တိနံ၊ ဗြဟ္မာအဖြစ်, သိကြားအဖြစ်, စကြဝတေးမင်း, ပဒေသရာဇ်မင်း-စသည်တို့၏ စည်းစိမ်တို့တွင်။ အညတရံ သမ္ပတ္တိံ၊ တပါးပါးသော စည်းစိမ်ကိုလည်း။ န သာဓေတုံ သမတ္ထံ၊ မပြီးစေနိုင်။ အထ ခေါ၊ စင်စစ်သော်ကား။ အဿ၊ ထိုသူအား။ ဣဒံ ကမ္မံ၊ ဤကံ

သည်။ သာသနတော စာဝေတွာ၊ သာသနာ်တော်မှ ရွေ့လျောစေ၍။ ဝိဃာသာဒ ါဒိဘာဝေဿ စေဝ၊ စားကြွင်းစား စသည်၏အဖြစ်ကို လည်းကောင်း။ နေရယိကာဒိ ႏုက္ခဝိသေသာနဥ္စ၊ ငရဲဆင်းရဲ အစရှိသော ဆင်းရဲအထူးတို့ကိုလည်းကောင်း။ သံဝတ္တနိကံ၊ ဖြစ်စေနိုင်၏။ ဣဒံ ကရောန္တော၊ ဤမကောင်းမှုကိုပြုသော။ သွာယံ—သော အယံ အာယသ္မာ၊ ထိုအရှင်သည်။ ပဋိဝ ါတေ ဌတွာ၊ လေကြော—လေအောက်အရပ်၌ တည်၍။ ပရံ၊ သူတပါးကို။ ရဇေန၊ မြူမှုန့်ဖြင့်။ ဩကိရိတုကာမော၊ ကျဲလိုသော။ ပုရိသော ဝိယ၊ ယောကျ်ားကဲ့သို့။ အတ္တာနံယေဝ၊ မိမိကိုယ်ကိုသာလျှင်။ ဩကိရတိ၊ ကျဲမိလေ၏။ ဟိ၊ မှန်ပေ၏။ ဧတံ၊ ဤအောက်ပ ါဂ ါထာကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူခဲ့ပေ၏။

'ယော၊ အကြင်သူသည်။ အပ္ပဒုဋ္ဌဿ၊ မည်သူ့ကိုမျှ မပြစ်မှားတတ်သော။ နရဿ၊ လူအား။ ဒုဿတိ၊ ပြစ်မှား၏။ သုဒ္ဓဿ၊ စင်ကြယ်သော။ အနင်္ဂဏဿ ပေါသဿ၊ ကိလေသာကင်းသော ပုဂ္ဂိုလ်အား။ ဒုဿကိ၊ ပြစ်မှား၏။ (ဒုဿတိ-လိုက်။) ပါပံ၊ ပြစ်မှားသော မကောင်းမှုကံသည်။ တမေဝ ဗာလံ၊ ထိုပြစ်မှားသူ လူမိုက်ထံသို့သာလျှင်။ ပစ္စေတိ-ပဋိဧတိ၊ မကောင်းကျိုးပေးသောအားဖြင့် တဖန်ပြန်လာ၏။ (ကိမိဝ၊ ဥပမာသော်ကား။—ထည့်။) ပဋိဝ ါတံ ခိတ္တော၊ လေညာသို့ပစ်လွှင့်လိုက်သော။ သုခုမော ရဇော ဣဝ၊ သိမ်မွေ့သောမြူမှုန့်သည် ပစ်လွှင့်လိုက်သူထံ ပြန်လာသကဲ့သို့ပေတည်း။' ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

၂၄၇။ ပန၊ ဆက်ဦးအံ့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကမ္မဿကတံ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ကို။ ပစ္စဝေက္ခတောပိ၊ ဆင်ခြင်သော်လည်း။ (ပိ-ရွေ့ထိုင်။) အဿ၊ ဤယောဂီ၏။ ဒေါသော၊ အမျက်ဒေါသည်သည်။ သစေ နေဝ ဝူပသမ္မတိ၊ အကယ်၍ မငြိမ်းသေးငြားအံ့။ အထ၊ ထိုသို့မငြိမ်းသေးလျှင်။ အနေန၊ ဤယောဂီသည်။ သတ္ထု၊ ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ပုဗ္ဗစရိယဂုဏာ၊ ရှေးဘဝတို့၌ကျင့်ခဲ့ဖူးသော ဂုဏ်ကျေးဇူးတော်တို့ကို။ အနုဿရိတဗ္ဗာ၊ အောက်မေ့ ဆင်ခြင်အပ်ကုန်၏။

တတြ၊ ထိုသို့ဆင်ခြင်ရာ၌။ အယံ၊ ဤဆိုလတ္တံ့သော စကားသည်။ ပစ္စဝေက္ခဏာနယော၊ ဆင်ခြင်ပုံ နည်းပေတည်း။—အမ္ဘော ပဗ္ဗဇိတ၊ အချင်း-ရဟန်း။ တေ၊ သင်၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။

သမ္မောဓော၊ သစ္စာလေးပါးတို့ကို သိတော်မူသည်မှ။ ပုဗ္ဗေဝ၊ ရှေး ဘဝများ
စွာကပင်လျှင်။ အနဘိသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးကို မသိသေးသော။
ဗောဓိသတ္တောပိ သမာနော၊ ဘုရားအလောင်းအလျာ ဖြစ်ပါလျက်သော်
လည်း။ စတ္တာရိ အသင်္ချေယျာနိ ကပ္ပသတသဟဿဥ္စ၊ လေးအသင်္ချေ ကမ္ဘာ
တသိန်းတို့ပတ်လုံး။ ပါရမိယော ပူရယမာနော၊ ပါရမီတို့ကို ဖြည့်ဆည်းပူး
တော်မူစဉ်။ တတ္ထ တတ္ထ၊ ထိုထိုဘဝ တို့၌။ ဝဓကေသု၊ ညှဉ်းဆဲ သတ်ဖြတ်
တတ်ကုန်သော။ ပစ္စတ္ထိကေသုပိ၊ ရန်သူ သူသတ်သမားတို့၌သော်လည်း။ စိတ္တံ
နပ္ပဒူသေသိ နနု၊ စိတ်ကို မပျက်စေပဲ သည်းခံခဲ့သည် မဟုတ်ပါလော။ ဣဒံ၊
ဤရန်သူတို့၌သော်လည်း မိမိစိတ်ကို မပျက်စေခြင်းသည်။ သေယျထာ ကထမံ၊
အဘယ်နည်း။ တာဝ၊ ရှေးဦးစွာ။ သီလဝဇာတကေ၊ သီလဝ—ဇာတ်၌။
အတ္တနော ဒေဝိယာ၊ မိမိ မိဖုရား၌။ ပဒုဋ္ဌေန၊ ပြစ်မှားသော။ ပါပအမစ္စေန၊
အမတ်ယုတ်သည်။အာနီတဿ ပဋိရညော၊ ခေါ်ဆောင်လာခဲ့သော ရန်သူမင်း
သည်။ (၂၉ ') တိယောဇနသတံ ရဇ္ဇံ၊ ယူဇနာသုံးရာရှိသော တိုင်းပြည်ကို။
ဂဏှန္တဿ၊ သိမ်းယူရန် အားထုတ်သော ထိုမင်းကို။ နိသေဓနတ္ထာယ၊
တားမြစ်ရန်အလို့ငှာ။ ဥဋ္ဌိတာနံ အမစ္စာနံ၊ ထကြွ—ထွက်ပေါ်လာကြကုန်
သော အမတ်တို့အား။ အာဝုဓမ္ပိ ဆုပိတုံ၊ လက်နက်ကို ထိခြင်းငှာသော်လည်း။
(သော၊ ထိုအလောင်းတော် သီလဝ-မင်းသည်။) န အဒါသိ၊ အခွင့်မပေး
ခဲ့ပေ။ ပုန၊ တဖန်။ အာမကသုသာနေ၊ သူသေကောင်တို့ကိုစွန့်ပစ်ရာ သုသာန်
၌။ ဘူမိံ၊ မြေကို။ ဂလပ္ပမာဏံ ခဏိတွာ၊ လည်ပင်းပမာဏမျှ တူး၍။
အမစ္စသဟဿေန သဒ္ဓိံ၊ အမတ်တထောင်နှင့် အတူတကွ။ နိခညမာနော–
နိခဏီယမာနော၊ မြှုပ်အပ်သည်ရှိသော်။ စိတ္တပဒေါသမတ္တမ္ပိ၊ စိတ်ဖြင့်
ပြစ်မှားခြင်းမျှကိုသော်လည်း။ အကတွာ၊ မပြုမူ၍။ ကုဏပခါဒနတ္ထံ၊ သုသေ
ကောင်တို့ကို စားဖို့ရန်။ အာဂတာနံ သိင်္ဂါလာနံ၊ လာကြကုန်သော မြေခွေး
တို့၏။ ပံသုဝိယူဟနံ နိဿာယ၊ မြေမှုန့်ယက်ထုတ်ခြင်းကို မှီ၍။ ပုရိသကာရံ
ကတွာ၊ ယောကျ်ားတို့ပြုအပ်သော အားထုတ်မှုကို ပြု၍။ ပဋိလဒ္ဓဇီဝိတော၊
တဖန်အသက်ရှင်ခြင်းကို ရသည်ဖြစ်၍။ ယက္ခာနုဘာဝေန၊ ဘီလူးတို့၏ တန်ခိုး–
အာနုဘော်ဖြင့်။ အတ္တနော သိရိဂဗ္ဘံ၊ မိမိ၏ကျက်သရေတိုက်ခန်းသို့။ ဩရုယှ၊
ဝင်ရောက်၍။ဝါ၊ ဝင်ရောက်ပြီးလျှင်။ သိရိသယနေ၊ ကျက်သရေရှိသော အိပ်ရာ
၌။ သယိတံ ပစ္စတ္ထိကံ၊ အိပ်နေသော ရန်သူမင်းကို။ ဒိသွာ၊ မြင်၍။ ကောပံ
အကတွာဝ၊ အမျက်ထွက်ခြင်းကို မပြုမူ၍သာလျှင်။ အညမညံ၊ အချင်းချင်း။
သပထံ ကတွာ၊ ကျိန်စာဆိုကြပြီးလျှင်။ တံ၊ ထိုရန်သူမင်းကို။ မိတ္တဋ္ဌာနေ၊
မိတ်ဆွေအရာ၌။ ဌပယိတွာ၊ ထား၍။—

"ဘောန္တော၊ အို...အချင်းတို့။ ပဏ္ဍိတော၊ ပညာရှိသော။ ပုရိသော၊ ယောကျ်ားသည်။ အာသီသေထေဝ အာသီသံ ကရေယျ၊ လိုလားအပ်သောအကျိုးကို တောင့်တ၍အားထုတ်ရာသည်သာတည်း။ န နိဗ္ဗိန္ဒေယျ၊ လုံ့လလျှော့မေ့ မငြီးငွေ့ရာ။ ဝေါ၊ သင်တို့၏။ (သာမိကော၊ အရှင်ဖြစ်သော။—ယည့်။) အဟံ၊ ငါသည်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ (ကာယဝိ၊ တင့်တယ်ယောက်သော သူအား။ ပိဋ္ဌံ၊ ညှဉ်းဆဲ နှိပ်စက်ခြင်းကို။ အကဘ္ဘ၊ မပြုပဲ။ ရဇ္ဇေ ပတိဋ္ဌိတံ၊ မင်းအဖြစ်၌တည်သော။-ထည့်။) အတ္တာနံ၊ မိမိကိုယ်ကို။ ဣစ္ဆံ၊ အလိုရှိပြီ။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ အဟံ၊ ငါသည်။ အဟု၊ ဖြစ်ပြီ။" ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဿာမိ၊ မြင်၏။

ခန္တိဝါဒီဇာတကေ၊ ခန္တိဝါဒီ—ဇာတ်၌။ ဒုမ္မေဓော၊ ပညာမဲ့သော။ ကာသိရညာ၊ ကလာဗုမည်သော ကာသိမင်းသည်။ "သမဏ၊ ရှင်ရဟန်း။ တွံ၊ သင်သည်။ ကိံ ဝါဒီ၊ အဘယ်ဝါဒ ရှိသနည်း။ ဝါ၊ အဘယ်ကို ဆိုလေ့ရှိသနည်း။" ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးအပ်သည်ရှိသော်။ "အဟံ၊ ငါသည်။ ခန္တိဝါဒီ နာမ၊ သည်းခံခြင်းကို ဆိုလေ့ရှိသောကြောင့် ခန္တိဝါဒီမည်၏။ ဣတိ ဝုတ္တေ၊ ဤသို့ဖြေသောအခါ၌။ (သော၊ ထိုကလာဗုမင်းသည်။—ထည့်။) သကဏ္ဋကာဟိ ကသာဟိ၊ သံဆူးတတ်ထားသော ကြိမ်တို့ဖြင့်။ တာဠေတွာ၊ ရိုက်နှက်စေပြီးလျှင်။ ဟတ္ထပါဒေသု ဆိန္ဒမာနေသု၊ လက်-ခြေတို့ကိုဖြတ်ငြားသော်လည်း။ကောပမတ္တမ္ပိ၊ အမျက်ထွက်ခြင်းမျှကိုသော်လည်း။ န အကာသိ၊ မပြုခဲ့ပေ။

မဟာလ္လကော၊ အသက်အရွယ်အားဖြင့် ကြီးရင့်သူသည်။ ပဗ္ဗဇိုပ်ပာတော၊ ရသေ့-ရဟန်းအဖြစ်သို့ ကပ်ရောက်သည်။ (ဟုတွာ၊ ဖြစ်၍။—ထည့်။ ဧဝံ၊ ဤသို့ အမျက်မထွက်မူ၍ သည်းခံခြင်းကို။ ယံ ကရေယျ၊ အကြင်ပြုရာ၏။ ဧတံ၊ ဤသို့ပြုခြင်းသည်။ အနစ္ဆရိယံ၊ မအံ့ဩလောက်သည်သာတည်း။ ပန၊ ထို့ထက် အံ့ဩစရာကောင်းသည်ကား။ စူဠဓမ္မပါလဇာတကေ၊ စူဠဓမ္မပါလ-ဇာတ်၌။ ဥတ္တာနသေယျကောပိ သမာနော၊ ပက်လက်အိပ်တတ်ကာမျှသူငယ်ဖြစ်သော်လည်း။—

"ပထဗျာ-ပထဝိယာ၊ နိုင်ငံတော်မြေ၏။ ဒါယာဒဿ၊ အမွေခံဖြစ်သော။ ဓမ္မပါလဿ၊ သားတော် ဓမ္မပါလ၏။ စန္ဒနရသာနုလိတ္တာ၊

စန္ဒကူးရည်ဖြင့် လိမ်းကျံအပ်ကုန်သော။ ဗာဟာ၊ လက်မောင်းတို့သည်။ ဆိဋ္ဌန္တိ၊ ပြတ်ကုန်ပါပြီ။ ဒေဝ၊ အရှင်မင်းကြီး။ မေ၊ ကျွန်တော်မ၏။ ပါဏာ၊ အသက်တို့သည်။ ရုဇ္ဈန္တိ၊ ချုပ်နေကြကုန်ယောင်တကား။"

ဣတိ ဧဝံ၊ ဤသို့။ မာတုယာ၊ မယ်တော်မိဖုရားကြီးသည်။ ဝိပ္ပလပ–မာနာယ၊ ငိုကြွေး မြည်တမ်းစဉ်။ ပိတရာ၊ ခမည်းတော်ဖြစ်သော။ မဟာပတာ–ပေန နာမ၊ မဟာပတာပ–မည်သော။ ရညာ၊ မင်းသည်။ ဝံသကဠီရေသုဝိယ၊ ဝါးမျှစ်တို့ကဲ့သို့။ စတူသု ဟတ္ထပါဒေသု၊ သူငယ်၏ လက်–ခြေ လေးခုတို့ကို။ ဆေဒါပိတေသု၊ ဖြတ်စေအပ်ကုန်သည် ရှိသော်။ တာဝတာပိ၊ ထိုမျှလောက် ညှဉ်းဆဲရုံမျှဖြင့်လည်း။ သန္တုဋ္ဌိံ အနာပဇ္ဇိတွာ၊ အားမရသေးသောကြောင့်။ အဿ၊ ထိုသူငယ်၏။ သီသံ ဆိန္ဒထာတိ၊ ဦးခေါင်းကို ဖြတ်လော့-ဟူ၍။ အာဏတ္တေ၊ အမိန့်ပေးသည်ရှိသော်။ "အမ္ဘော ဓမ္မပါလ၊ အမောင် ဓမ္မပါလ။ ဒါနိ၊ ယခုအခါ၌။ အယံ၊ ဤအခါသည်ကား။ တေ၊ သင်–အမောင်ဓမ္မပါလ၏။ စိတ္တပရိဂ္ဂဏှနကာလော၊ စိတ်ကိုချုပ်တည်း သိမ်းဆည်းရမည့် အခါပေတည်း။ ဣဒါနိ၊ ယခုအခါ၌။ သီသစ္ဆေဒါဏာပကေ ပိဘရိ၊ ဦးခေါင်းကိုဖြတ်ရန်အမိန့်ပေးသော ခမည်းတော်၌လည်းကောင်း။ သီသစ္ဆေဒကေ ပုရိသေ၊ ဦးခေါင်းကိုဖြတ်သော ယောကျ်ား၌လည်းကောင်း။ ပရိဒေဝမာနာယ မာတရိ၊ ငိုကြွေးမြည်တမ်းနေသော မယ်တော်၌ လည်းကောင်း။ အတ္တနိ စ၊ မိမိကိုယ်၌လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသု စတူသု၊ ဤလေးယောက်သောသူတို့၌။ သမစိတ္တော ဟောဟိတိ၊ အညီအမျှ စိတ်ကိုထားပါလော့"-ဟု။ ဒဠှံ သမာဒါနံ အဓိဋ္ဌာယ၊ မြဲမြံသော ဆောက်တည်ခြင်းကို အဓိဋ္ဌာန်ပြု၍။ ပဒုဋ္ဌာကာရမတ္တမ္ပိ၊ ပြစ်မှားသောအခြင်းအရာမျှကိုသော်လည်း။ န အကာသိ၊ မပြုခဲ့ပေ။

မနုဿဘူတော၊ လူဖြစ်သော ဓမ္မပါလ-မင်းသားငယ်သည်။ ဧဝံ၊ ဤသို့ သက်ဆုံးတိုင်လျက် အမျက်ချုပ်တည်း သည်းခံခြင်းကို။ ယံ အကာသိ၊ အကြင် ပြုခဲ့၏။ ဣဒဉ္စာပိ၊ ဤ ဓမ္မပါလ-သူငယ်၏ သည်းခံခြင်း သည်လည်း။ အနစ္ဆရိယမေဝ၊ မအံ့သြလောက်သေးသည်သာတည်း။ ပန၊ စင်စစ်သော်ကား။ တိရစ္ဆာနဘူတောပိ၊ တိရစ္ဆာန်ဖြစ်လျက်သော်လည်း။ ဆဒ္ဒန္တော နာမ၊ ဆဒ္ဒန်မည်သော။ ဝါရဏော ဟုတွာ၊ ဆင်ဖြစ်၍။ ဝါ၊ ဆင်ဖြစ်သောအခါ။ ဝိသပ္ပိတေန သလ္လေန၊ အဆိပ်လူးသောမြားဖြင့်။ နာဘိယံ၊ ချက်၌။ ဝိဒ္ဓေါပိ၊ ငူးဝင် ဖောက်ထွင်းသွားသော်လည်း။ တာဝ၊ ထိုမျှလောက်။ အနတ္ထ–

ကာရိမ္ပိ လုဒ္ဒကော၊ အကျိုးမဲ့ကိုပြုသော မုဆိုး၌။ စိတ္တံ၊ စိတ်ကို။ နပ္ပဒူသေသိ၊ မပျက်စေ။ တနည်း-စိတ္တံ စိတ္တေန၊ စိတ်ဖြင့်။ နပ္ပဒူသေသိ၊ မပြစ်မှား။ ယထာဟ၊ အဘယ်ကဲ့သို့ ဘုရားဟောသနည်း-ဟူမူကား။—

(၂၉၆) "ပုထုသလ္လေန၊ ကြီးစွာသော အဆိပ်လူးမြားဖြင့်။ သမပ္ပိတော၊ စူးဝင်လျက်ရှိသော။ နာဂေ၊ ဆဒ္ဒန်ဆင်မင်းသည်။ လုဒ္ဒကံ၊ မုဆိုးကို။ အဒုဋ္ဌစိတ္တော၊ ပြစ်မှားသော စိတ်မရှိမူ၍။ သမ္မ၊ အချင်းမုဆိုး။ ကိမတ္ထယံ၊ အဘယ်အကျိုးကို အလိုရှိသည်ဖြစ်၍။ မမံ၊ ငါ့ကို။ (ကွံ၊ သင်သည်။-ထည့်။) အဝဓိ၊ ပစ်သတ်ပါသနည်း။ ကိဿ ဝါ ဟေတု၊ အဘယ်သူ၏အကြောင်းကြောင့်မူလည်း။ အဝဓိ၊ သတ်ဘိသနည်း။ ကဿ ဝါ၊ အဘယ်သူ၏လည်း။ အယံ ပယောဂေါ၊ ဤစေခိုင်းခြင်း ပယောဂ-ပါနည်း။" ဣတိ၊ ဤသို့။ အဇ္ဈဘာသိ၊ မေးလေ၏။

ဧဝံ ဝတွာ စ၊ ဤသို့ မေးသောကြောင့်လည်း။ ဘဒန္တေ၊အရှင်ဆင်မင်း။ ကာသိရညော၊ ကာသိမင်း၏။ မဟေသိယာ၊ မိဖုရားကြီးသည်။ တဝ၊သင်၏။ ဒန္တာနံ အတ္ထာယ၊ အစွယ်တို့၏ အလို့ငှာ။ ဝါ၊ အစွယ်များအတွက်။ ပေသိတော၊ စေလွှတ်အပ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ ဝုတ္တေ၊ ဤသို့မုဆိုးက ပြောသောအခါ၌။ တဿာ၊ ထိုမိဖုရားကြီး၏။ မနောရထံ ပူရေန္တော၊ နှလုံးအလိုကိုပြည့်စေလျက်။ ဆဗ္ဗဏ္ဏရသ္မိနိစ္ဆရဏသမုဇ္ဇလိတစာရုသောဘော၊ အရောင်ခြောက်ပါးထွက်လျက် တောက်ပသဖြင့် နှစ်သက်စဖွယ် တင့်တယ်ကုန်သော။ အတ္တနော ဒန္တေ၊ မိမိအစွယ်တို့ကို။ဆေဘွာ၊ဖြတ်၍။အဒါသိ၊ ပေးသနားလိုက်၏။

မဟာကပိ ဟုတွာ၊ မျောက်မင်းဖြစ်၍။ အတ္တနာယေဝ၊ မိမိကိုယ်တိုင်ပင်လျှင်။ ပဗ္ဗတပပါတတော၊ တောင်ကမ်းပါးပြတ်ချောက်မှ။ ဥဒ္ဓရိတေန၊ ထုတ်ဆောင်ကယ်တင်ခဲ့သော။ပုရိသေန၊ ယောကျ်ားသည်။ ဘနည်း—မဟာကပိ ဟုတွာ၊ မျောက်မင်းဖြစ်၍။ပဗ္ဗတပပါတတော၊ တောင်ကမ်းပါးပြတ် ချောက်မှ။ အတ္တနာယေဝ၊ မိမိကိုယ်တိုင်ပင်။ ဥဒ္ဓရိတေန၊ ထုတ်ဆောင်ကယ်တင်ခဲ့သော။ ပုရိသေန၊ ယောကျ်ားသည်။—

"ဝနေ၊ တောထဲ၌။ အညေ၊ မျောက်မှတပါးကုန်သော။ မိဂါ၊ သားအပေါင်းတို့သည်။ မနုဿာနံ၊ လူတို့၏။ ဘက္ခာ၊ အစာတို့သည်။ ဟောန္တိ ယထေဝ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အယံ ဝါနရော၊ ဤမျောက်သည်။ မနုဿာနံ၊ လူတို့၏။ ဘက္ခော၊

အစာပေတည်း။ ဆာတော၊ ဆာလောင်နေသော ငါသည်။ ဣမံ ဝါနရံ၊ ဤမျောက်ကို။ ဝဓိတွာန၊ သတ်၍။ ယံနူန ခါဒေယျံ၊ စားရမူကား ကောင်းလေစွ။

အာဟိတော၀၊ အစာ၀သည်ဖြစ်၍သာလျှင်။ သမ္ဗလံ၊ ခရီးစာဖြစ်သော။ ဝါ၊ ရိက္ခာဖြစ်သော။ မံသံ အာဒါယ၊ အသားကိုယူ၍။ ဝါ၊ ဤမျောက်သားကို ခရီးရိက္ခာအဖြစ်ယူဆောင်၍။ ဂမိဿာမိ၊ သွားအံ့။ (ဣဒံ၊ ဤမျောက်သားသည်။- ထည့်။) မေ၊ ငါ၏။ ပါထေယျံ၊ ခရီးရိက္ခာသည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ (ဣမိနာ၊ ဤမျောက်သားဖြင့်။—ထည့်။) ကန္တာရံ၊ ခရီးခဲကို။ နိတ္ထရိဿာမိ၊ ကျော်လွန်ရပေလတ္တံ့။ တနည်း-ကန္တာရံ၊ ခရီးခဲမှ။ နိတ္ထရိဿာမိ၊ ထွက်မြောက်အံ့။

ဣတိ ဧဝံ၊ ဤသို့။ စိန္တေတွာ၊ ကြံပြီးလျှင်။ သိလံ ဥက္ခိပိတွာ၊ ကျောက်ကို ချီမ--၍။ မတ္ထကေ သမ္ပဒါလိတေ၊ ဦးခေါင်းကို ထုခွဲသည်ရှိသော်။ (အဿ မဟာကပိ၊ ဤ အလောင်းတော်မျောက်မင်းသည်။—ထည့်။) အဿုပုဏ္ဏေဟိ နေတ္တေဟိ၊ မျက်ရည်ပြည့်သော မျက်စိတို့ဖြင့်။ တံ ပုရိသံ၊ ထိုယောကျ်ားကို။ ဥဒိက္ခမာနော၊ ကြည့်ရှုလျက်။—

"ဘဒ္ဒန္တေ၊ အို.... အရှင်လူသား။ (တွံ၊ သင်သည်။—ထည့်။) မေ၊ ငါ၏။ အယျော၊ ဆွေ့သည်သည်။ အသိ၊ ဖြစ်၏။ တွံ၊ သင်သည်။ တောဒိသံ၊ ဤသို့သောအမှုကို။ ကရိ နာမ၊ ပြုရက်ဘိ၏။ တွံ၊ သင်သည်။ ဒီဃာဝု၊ ရှည်သောအသက်ရှိသည့် သိတတ်သောလူကြီး သည်။ အသိ နာမ၊ ဖြစ်ပေ၏။ တွံ၊ သင်သည်။ အညံ၊ ငါ့အား နှိပ်စက်မည့် အခြားရန်သူကို။ ဝါရေတုံ၊ တားမြစ်ရန်သာ။ အရဟသိ၊ ထိုက်ပေ၏။"

ဣတိ ဝတွာ၊ ဤသို့ပြောဆိုပြီးလျှင်။ တသ္မိံ ပုရိသေ၊ ထိုပြစ်မှားသော ယောကျ်ား၌။ စိတ္တံ အပ္ပဒူသေတွာ၊ စိတ်ကို မပြစ်မှားစေမူ၍။ အတ္တနော စ ဒုက္ခံ၊ မိမိ၏ ဆင်းရဲကိုလည်း။ အစိန္တေတွာ၊ မစဉ်းစားမူ၍။ တမေဝ ပုရိသံ၊ ထိုယောကျ်ားကိုပင်။ ခေမန္တဘူမိံ သမ္ပာပေသိ၊ ဘေးကင်းရာအရပ်သို့ ပို့ ဆောင်လိုက်လေ၏။

ဘူရိဒတ္တော နာမ၊ ဘူရိဒတ်အမည်ရှိသော။ နာဂရာဇာ ဟုတွာ၊ နဂါးမင်း ဖြစ်၍။ ဥပေါသထင်္ဂါနိ အဓိဋ္ဌာယ၊ ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ပြီးလျှင်။

ဝမ္မိကမုဒ္ဓနိ၊ တောင်ပို့ထိပ်၌။ သယမာနော၊ ခွေနေစဉ်။ ကုဋ္ဋာနက္ဂိသဒိ-
သေန၊ ကမ္ဘာပျက်မီးနှင့်တူသော။ ဩသဓေန၊ ဆေးဖြင့်။ သကလသရီရေ၊
တကိုယ်လုံး၌။ သိဉ္စိယမာနေပိ၊သွန်းဖြန်းသော်လည်း။ ပေဋ္ဌာယ ပက္ခိပိတွာ၊
ပချုပ်၌ထည့်၍။ သကလဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်ကျွန်းအလုံး၌။ ကီဠာပိယ-
မာနေပိ၊ အလမ္ပာယ်ပြကာ ကစားစေသော်လည်း။ တသ္မိံ ပြာဟ္မဏေ၊
ထိုအလမ္ပာယ်ဆရာ ပုဏ္ဏား၌။ မနောပဒေါသမတ္တမ္ပိ၊ စိတ်ဖြင့်ပြစ်မှားခြင်းမျှ
ကိုသော်လည်း။န အကာသိ၊ မပြုခဲ့ပေ။ ယထာ၊ အကြင်စကားတိုင်း။အာဟ၊
ဟောတော်မူ၏။-

"ပေဋ္ဌာယ၊ ပချုပ်၌။ ပက္ခိပန္တေပိ၊ ခြေဖြင့်နင်း၍ အတင်းထည့်
သော်လည်းကောင်း။ ပါဏိနာ၊ လက်ဖြင့်။ မဒ္ဒန္တေပိ၊ အားနည်း
အောင် နှိပ်နယ်သော်လည်းကောင်း။ မမ၊ ငါ၏။ သီလခဏ္ဍဘယာ၊
သီလကျိုးမည်စိုးသောကြောင့်။ အလမ္ပာနေ၊ အလမ္ပာယ်ပုဏ္ဏား၌။
န ကုပ္ပါမိ၊ အမျက်မထွက်ခဲ့ချေ။"ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်
မူ၏။

(၂၉၇) စမ္မေယျောပိ နာဂရာဇာ ဟုတွာ၊ စမ္မေယျ-နဂါးမင်း ဖြစ်စဉ်
ကလည်း။ အဟိတုဏ္ဍိကေန၊ အလမ္ပာယ်သမားသည်။ ဝိဟေဋ္ဌိယမာနောပိ၊
ညှဉ်းဆဲအပ်သော်လည်း။ (သော၊ ထိုဘုရားအလောင်းတော်သည်။-ထည့်။)
မနောပဒေါသမတ္တမ္ပိ၊ စိတ်ဖြင့်ပြစ်မှားခြင်းမျှကိုသော်လည်း။ န ဥပ္ပါဒေသိ၊
မဖြစ်စေခဲ့ပေ။ ယထာ၊ အကြင်စကားအတိုင်း။ အာဟ၊ ဟောတော်မူ၏။-

"တဒါပိ၊ ထို စမ္မေယျ-နဂါးမင်း ဖြစ်သောအခါ၌လည်း။
မေ့စာရီ၊ တရားကျင့်လျက်ရှိသော။ ဥပေါသထံ၊ ဥပုသ်ကို။ဥပဝုတ္ထံ၊
စောင့်သုံးနေသော။ (ဥပဝုတ္ထံ၌ နိဂ္ဂဟိတ်ကျေသည်။) မံ၊ ငါ့ကို။
အဟိတုဏ္ဍိကော၊ အလမ္ပာယ်သမားသည်။ ဂဟေတွာန၊ ဖမ်းယူ၍။
ရာဇဒွါရမှိ၊ မင်းအိမ်တံခါး၌။ ကီဠတိ၊ ကစားနေ၏။

နီလံ ဝါ၊ အညိုကိုသော်လည်းကောင်း။ ပီတံ ဝါ၊ အဝါကိုသော်
လည်းကောင်း။ လောဟိတံ ဝါ၊ အနီကိုသော်လည်းကောင်း။ ယံ
ဝဏ္ဏံ၊ အကြင်အဆင်းကို။ သော၊ ထိုအလမ္ပာယ်သမားသည်။စိန္တယတိ၊
ကြံစည်၏။ (အဟံ၊ ငါသည်။ -ထည့်။) တဿ ထိုအလမ္ပာယ်၏။
စိတ္တာနုဝတ္တန္တော၊ စိတ်သို့အစဉ်လိုက်လျက်။ စိန္တိတသန္နိဘော၊ သူကြံ
စည်အပ်သောအဆင်းရှိသည်။ ဟောမိ၊ ဖြစ်ပေ၏။

အဟံ၊ ငါသည်။ (တသ္မိံ ကာလေ၊ ထိုအခါ၌။–ထည့်) ထလံ၊ ကုန်းမြေကို။ ဥဒကံ ကရေယျံ၊ ရေဖြစ်အောင် ပြုနိုင်၏။ ဥဒကမ္ပိ၊ ရေကိုလည်း။ ထလံ ကရေ ထလံ ကရေယျံ၊ ကုန်းဖြစ်အောင် ပြုနိုင်၏။ (ဤဂါထာ ဒုတိယပါဒ၌ ကရေယျံ-ဟု ဆိုလိုလျက် အက္ခရာတစ်လုံး ပိုသဖြင့် ယျံ-အက္ခရာကျေနေသည်။) အဟံ၊ ငါသည်။ ယဒိ၊ အကယ်၍။ တဿ၊ ထိုအလမ္ဗာယ်သမားကို။ ကုပ္ပေယျံ၊ စိတ်ဆိုးအံ့။ ခဏေန၊ တခဏချင်းပင်လျှင်။ ဆာရိကံ ကရေ၊ ပြာဖြစ်အောင် ပြုနိုင်ရာ၏။

(အဟံ၊ ငါသည်။—ထည့်။) ယဒိ၊ အကယ်၍။ စိတ္တဝသီ၊ စိတ်အလိုသို့လိုက်သည်။ ဟေဿံ၊ ဖြစ်ငြားအံ့။ သီလတော၊ သီလမှ။ ပရိဟာယိဿာမိ၊ ဆုံးရှုံး ဆုတ်ယုတ်ရာအံ့။ သီလေန၊ သီလမှ။ ပရိဟီနဿ၊ ဆုံးရှုံးသောငါ့အား။ ဥတ္တမတ္ထော၊ ဘုရားအဖြစ်ဟူသော မြတ်သောအကျိုးသည်။ န သိဇ္ဈတိ၊ မပြီးစီးပဲရှိရာ၏။” ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

သင်္ခပါလနာဂရာဇာ ဟုတွာ၊ သင်္ခပါလ နဂါးမင်း ဖြစ်၍။ တိခိဏာဟိ သတ္တီဟိ၊ မြမြထက်ကုန်သော လှံမတို့ဖြင့်။ အဋ္ဌသု ဌာနေသု၊ ရှစ်ခုသော ဌာနတို့၌။ ဩဝိဇ္ဈိတွာ၊ ထိုးဖောက်ပြီးလျှင်။ ပဟာရမုခေဟိ၊ ထိုးဖောက်ရာ အပေါက်တို့ဖြင့်။ သကဏ္ဋကာ လတာယော၊ ဆူးရှိသော နွယ်တို့ကို။ ပဝေသေတွာ၊ လျှိုသွင်း၍။ နာသာယ၊ နှာခေါင်း၌။ ဒဠှံ၊ မြဲမြံစွာ။ ရဇ္ဇုံ ပဏ္ဍိပိတွာ၊ ကြိုးကိုတပ်၍။ သောဠသဟိ ဘောဇပုတ္တေဟိ၊ တစ်ဆယ့်ခြောက်ယောက်သော မုဆိုးသားတို့သည်။ ကာဇေန၊ ထမ်းပိုးဖြင့်။ အာဒါယ၊ ထမ်းယူလျက်။ ဝယှမာနော၊ ယူဆောင်ကြသာအခါ။ ဓရဏီတလေ၊ မြေအပြင်၌၊ ဃံသိယမာနသရီရော၊ ပွတ်တိုက်သော ကိုယ်ရှိသည်ဖြစ်၍။ မဟန္တံ ဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ ပစ္စနုဘောန္တော၊ ခံစားရသည်ရှိသော်။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ဩလောကိတမတ္တေနေဝ၊ ကြည့်လိုက်ရုံမျှဖြင့်ပင်လျှင်။ သဗ္ဗေ ဘောဇပုတ္တေ၊ အလုံးစုံသော မုဆိုးသားတို့ကို။ ဘသ္မံ ကာတုံ၊ ပြာဖြစ်အောင်ပြုခြင်းငှာ။ သမတ္ထောပိ သမာနော၊ စွမ်းနိုင်ငြားသော်လည်း။ စက္ခုံ ဥမ္မီလေတွာ၊ မျက်စိကိုဖွင့်၍။ ပဒုဋ္ဌာကာရမတ္တမ္ပိ၊ ပြစ်မှားသော အခြင်းအရာမျှကိုသော်လည်း။ န အကာသိ၊ မပြုခဲ့ပေ။ ယထာ၊ အကြင်စကားအတိုင်း။ အာဟ၊ ဟောတော်မူ၏။–

“အဋ္ဌာရ၊ လှည်းမှူး အာဠာရ။ စာတုဒ္ဒသိံ၊ တစ်ဆယ့်လေးရက်မြောက် နေ့ပတ်လုံး။ ပဉ္စဒသိံ၊ တစ်ဆယ့်ငါးရက်မြောက် နေ့ပတ်

လုံး။ (အဟံ၊ ငါသည်။—ထည့်။)ဥဇပေါသထံ၊ ဥပုသ်ကို။ နိစ္စံ ဥပါဝသာမိ၊ အမြဲကျင့်သုံး၏။ အထ၊ ထိုသို့ ဥပုသ်ကျင့်သုံးနေသော အခါ၌။ သောဏုသဘောဇပုတ္တာ၊ တစ်ဆယ့်ခြောက်ယောက်သော မုဆိုးသားတို့သည်။ ရဇ္ဇုံ စ၊ ကြိုးကိုလည်းကောင်း။ ဒဏ္ဍံ၊ မြဲမြံခိုင်ခံ့သော။ ပါသဉ္စ၊ ကျော့ကွင်းကိုလည်းကောင်း။ ဂဟေတွာန၊ ယူ၍။ အာဂမုံ၊ လာကြကုန်၏။

(အာဂန္တွာ၊ လာ၍။—ထည့်။) နာသံ၊ နှာခေါင်းကို။ ဘေတွာန၊ ဖောက်ထွင်း၍။ ရဇ္ဇုံ၊ နှာခေါင်း၌ သီထားသောကြိုးကို။ အတိကဿ၊ တင်းတင်းဆွဲ၍။ ဝါ၊ တင်းတင်းဆွဲငင်ကာ။ သမ္ပရိဂယှ၊ ကြိမ်, နွယ်-စသည်တို့ဖြင့် ထက်ဝန်းကျင်မှ ဆိုင်း၍။ လုဒ္ဒါ၊ မုဆိုးတို့သည်။ မံ၊ ငါ့ကို။ နယိံသု၊ ဆောင်သွားကြလေကုန်ပြီ။ အဟံ၊ ငါသည်။ ဥပေါသထံ၊ ဥပုသ်ကို။ အပ္ပဋိကောပယန္တော၊ မပျက်စီးစေလိုသောကြောင့်။ တောဒိသံ ဒုက္ခံ၊ဤသို့သော ဆင်းရဲကို။ တိတိက္ခိံ၊ သည်းခံခဲ့လေပြီ။” ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

(၂၉၈) စ၊ ဆက်ဦးအံ့။ ကေဝလံ၊ သက်သက်။ တောနေဝ အစ္ဆရိယာနိ၊ ဤဆိုခဲ့သော အံ့ဖွယ်တို့ကိုသာလျှင်။ န အကာသိ၊ ပြုဖူးသည်မဟုတ်ပေ။ မာတုပေါသကဇာတကာဒီသု၊ မာတုပေါသက—ဇာတ် အစရှိသည်တို့၌။ အညာနိပိ၊ အခြားတပါးလည်းဖြစ်ကုန်သော။ အနေကာနိ၊ များစွာကုန်သော။ အစ္ဆရိယာနိ၊ အံ့ဖွယ်တို့ကိုလည်း။ အကာသိ၊ ပြုခဲ့ဖူး လေပြီ။ ဣဒါနိ၊ အခုအခါ၌။ သဗ္ဗညုတံ ပတ္တံ၊ သဗ္ဗညုဘုရားအဖြစ်သို့ရောက်တော်မူပြီးသော။ သဒေဝလောကေ၊ နတ်နှင့်တကွသော လောက၌။ ကေနစိ၊တစုံတယောက်သောသူနှင့်မျှ။ အပ္ပဋိသမခန္တိဂုဏံ၊ မတူနိုင်သော ခန္တိဂုဏ်နှင့် ပြည့်စုံတော်မူသော။ တံ ဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို။ သတ္ထာရံ၊ ဆရာဟူ၍။ အပဒိသတော၊ ရည်ညွှန်းကိုးကွယ်နေသော။ တဿ တေ၊ ထို သင့်အား။ ပဋိဃစိတ္တံ၊ အမျက်ဒေါသစိတ်ကို။ ဥပ္ပါဒေတုံ နာမ၊ ဖြစ်စေခြင်း မည်သည်ကား။ အတိဝိယ အယုတ္တံ၊ အလွန်ပင် မသင့်။ အပ္ပဋိရူပံ၊ ဆရာ့သဘောနှင့် မတူခဲ့။ ဣတိ၊ ဤသို့။(သတ္ထု၊ ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ပုဗ္ဗစရိတဂုဏာ၊ ရှေးဘဝတို့၌ကျင့်ခဲ့သောဂုဏ်တို့ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်ကုန်၏။)

၂၄၇။ ပန၊ ဆက်ဦးအံ့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သတ္ထု၊ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ပုဗ္ဗစရိတဂုဏံ၊ ရှေးဘဝတို့၌

ကျင့်ခဲ့သောဂုဏ်ကို။ ပဋိဝေက္ခတောပိ၊ ဆင်ခြင်သော်လည်း။ ဒီဃရတ္တံ၊ ရှည်မြင့်စွာကာလပတ်လုံး။ ကိလေသာနံ၊ ကိလေသာတို့၏။ဒါသဗျံ၊ ကျွန်အဖြစ်သို့။ ဥပဂတဿ၊ ရောက်နေခဲ့သော။ အဿ၊ ဤယောဂီ၏။ တံပဋိဃံ၊ ထိုအမျက်ဒေါသသည်။ သစေ၊ အကယ်၍။ နေဝ ဝူပသမ္မတိ၊ မငြိမ်းသေးသည်သာ ဖြစ်ငြားအံ့။ အထ၊ ထိုသို့ဖြစ်လျှင်။ အနေန၊ ဤယောဂီသည်။ အနမတဂ္ဂိယာနိ၊ အနမတဂ္ဂိယ သုတ်တို့ကို။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။ ဟိ၊ မှန်ပေ၏။ တတြ၊ ထိုသုတ်တို့၌။—

"ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သတ္တဝါသည်။ န မာတာဘူတပုဗ္ဗော၊ အမိမဖြစ်ဖူး။ သော သတ္တော၊ ထို သတ္တဝါသည်။ န သုလဘရူပေါ၊ ရလွယ်သောသဘော မရှိပေ။ ယော၊ အကြင်သတ္တဝါသည်။ န ပိတာ ဘူတပုဗ္ဗော၊ အဖ မဖြစ်စဖူး။ သော သတ္တော ထိုသတ္တဝါသည်။ န သုလဘရူပေါ၊ ရလွယ်သောသဘော မရှိပေ။ ယော၊ အကြင်သတ္တဝါသည်။ န ဘာတာ ဘူတပုဗ္ဗော၊ ညီ–အစ်ကို မဖြစ်စဖူး။ သော သတ္တော၊ ထိုသတ္တဝါသည်။ န သုလဘ-ရူပေါ၊ ရလွယ်သော သဘောမရှိပေ။ ယော၊ အကြင်သတ္တဝါသည်။ န ဘဂိနီ ဘူတပုဗ္ဗော၊ ရှေး၌ အစ်မ–နှမ မဖြစ်စဖူး။ သော သတ္တော၊ ထိုသတ္တဝါသည်။ န သုလဘရူပေါ၊ ရလွယ်သော သဘော မရှိပေ။ ယော၊ အကြင်သတ္တဝါသည်။ န ပုတ္တော ဘူတပုဗ္ဗော၊ သား မဖြစ်စဖူး။ သော သတ္တော၊ ထိုသတ္တဝါသည်။ န သုလဘရူပေါ၊ ရလွယ်သောသဘော မရှိပေ။ ယော၊ အကြင်သတ္တဝါသည်။ န ဓီတာ ဘူတပုဗ္ဗာ၊ သမီး မဖြစ်ဖူး။ သော သတ္တော၊ ထိုသတ္တဝါသည်။ န သုလဘရူပေါ၊ ရလွယ်သောသဘော မရှိပေ။" (ဒ ပြည့်အစုံ ယောဇနာထားသည်။) ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

တသ္မာ၊ ထိုသို့ဟောတော်မူသောကြောင့်။ တသ္မိံ ပုဂ္ဂလေ၊ ထိုရန်သူပုဂ္ဂိုလ်၌။ ဧဝံ၊ ဤသို့။ စိတ္တံ ဥပ္ပါဒေတဗ္ဗံ၊ စိတ်ကို ဖြစ်စေအပ်၏။ "အယံ၊ ဤပုဂ္ဂိုလ်သည်။ အတီတေ၊ ရှေးအတိတ်ကာလ၌။ ဧမ မာတာ ဟုတွာ၊ ငါ၏ မိခင်ဖြစ်၍။ ဒသမာသေ၊ ဆယ်လပတ်လုံး။ ကုစ္ဆိယာ ပရိဟရိတွာ၊ ဝမ်းဖြင့်ဆောင်၍။ မုတ္တကရီသခေဠသိင်္ဃာဏိကာဒီနိ၊ ကျင်ငယ်, ကျင်ကြီး, တံတွေး, နှပ် စသည်တို့ကို။ ဟရိစန္ဒနံ ဝိယ၊ စန္ဒကူးနံ့သာကဲ့သို့။ အဇိဂုစ္ဆ-မာနာ၊ မရွံရှာဘဲ။ အပနေတွာ၊ ဖယ်ရှား၍။ ဝါ၊ သုတ်သင်၍။ ဥရေ၊ ရင်ခွင်

၌။ နစ္စာပေန္တိ၊ က–စေလျက်။ ဝါ၊ နိပဇ္ဇာပေန္တော၊ အိပ်စေလျက်။ အင်္ကေန၊ ကိုယ်လက်အင်္ဂါဖြင့်။ ပရိဟရမာနာ၊ ချီပိုး သယ်ဆောင်လျက်။ ပေါသေသိ ကိရ၊ မွေးမြူဖူးပေသတတ်။ ပိတာ ဟုတွာ၊ ငါ၏ အဖဖြစ်၍။ အဇပထ–သင်္ကုပထာဒီနိ၊ ဆိတ်တို့ဖြင့်သွားရသည့်လမ်း, ချွန်း–ချိတ်–ငုတ်–တံသင်းတို့ ဖြင့်သွားရသည့်လမ်း စသည်တို့ကို။ ဂန္တွာ၊ သွား၍။ ဝါဏိဇ္ဇံ၊ ရောင်းဝယ် ကုန်သွယ်မှုကို။ ပယောဇယမာနေန၊ ယှဉ်စေလျက် လည်းကောင်း။ မယှံ အတ္ထာယ၊ ငါ၏အကျိုးငှာ။ ဇီဝိတမ္ပိ ပရိစ္စဇိတွာ၊ အသက်ကိုသော်လည်း စွန့်၍။ ဥဘတောဗျူဠှေ၊ နှစ်ဘက်မှချီတက်သည့် စစ်သည်ရှိသော။ သင်္ဂါမေ၊ စစ်ပွဲ၌။ ပဝိသိတွာ၊ ဝင်ရောက်၍လည်းကောင်း။ နာဝါယ၊ သင်္ဘောဖြင့်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။ ပက္ခန္ဒိတွာ စ၊ ဝင်ရောက် ကူးသန်း၍လည်း ကောင်း။ အညာနိ ဒုက္ကရာနိ၊အခြားတပါး ပြုနိုင်ခဲသော အမှုတို့ကို။ ကရိတွာ စ၊ ပြု၍လည်းကောင်း။ 'ပုတ္တကေ၊ သားငယ်တို့ကို။ ပေါသေဿာမိ'တိ၊ မွေး ကျွေးအံ့–ဟု။ (စိန္တေတွာ၊ ကြံလျက်။–ထည့်) တေဟိ တေဟိ ဥပါယေဟိ၊ ထိုထို အကြောင်းဥပါယ်တို့ဖြင့်။ ဓနံ သံဟရိတွာ၊ ဥစ္စာကို စုဆောင်း၍။ မံ ပေါသေသိ ကိရ၊ ငါ့ကို မွေးမြူခဲ့ဖူးပေသတတ်။ ဘာတာ ဟုတွာပိ၊ ညီအစ်ကို ဖြစ်၍လည်းကောင်း။ ဘဂိနီ ဟုတွာပိ၊ အစ်မ, နှစ်မ ဖြစ်၍လည်းကောင်း။ ပုတ္တော ဟုတွာပိ၊ သားဖြစ်၍လည်းကောင်း။ ဓီတာ စ ဟုတွာပိ၊ သမီးဖြစ် ၍လည်းကောင်း။ ဣဒဉ္စိဒဉ္စ ဥပကာရံ၊ ဤမည်ဤမည်သော ကျေးဇူးပြုခြင်း အမှုကို။ အကာသိ ကိရ၊ ပြုခဲ့ဖူးပေသတတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တတြ၊ ထိုပုဂ္ဂိုလ်၌။ မေ မနံ၊ ငါ၏ စိတ်ကို။ ပဒုဿေတုံ၊ ပျက်စေရန်။ ဝါ၊ အမျက်ထွက်ရန်။ နပ္ပတိရူပံ၊ မသင့်မလျော်ပေ။'' ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏။

၂၄၉။ ပန၊ အဖို့တပါးကား။ ဧဝမ္ပိ၊ ဤသို့ စိတ်ကိုဖြစ်စေသော်လည်း။ စိတ္တံ၊ ဒေါသစိတ်ကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေရန်။ သစေ န သက္ကောတိယေဝ၊ မစွမ်းနိုင်သေးသည်သာ အကယ်၍ဖြစ်ငြားအံ့။ အထ၊ ထိုသို့ မဖြစ်သည်ရှိ သော်။ အနေန၊ ဤယောဂီသည်။ မေတ္တာနိသံသာ၊ မေတ္တာ၏အာနိသင်တို့ ကို။ ဧဝံ ပစ္စဝေက္ခိတဗ္ဗာ၊ ဤသို့ ဆင်ခြင်အပ်ကုန်၏။ ''အမ္ဘော ပဗ္ဗဇိတ၊ အချင်းရဟန်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ နနု၊ ဟောတော်မူ သည် မဟုတ်ပါလော။–

'ဘိက္ခဝေ၊ ရဟန်းတို့။ အာသေဝိတာယ၊ မှီဝဲအပ်သော။ ဘာဝိတာယ၊ ပွားစေအပ်သော။ ဗဟုလီကတာယ၊ အကြိမ်များစွာ

ပြုအပ်သော။ ယာနီကတာယ၊ က–ထားသည့်ယာဉ်ကဲ့သို့ ပြုအပ်သော။ ဝတ္ထုကတာယ၊ တည်ရာကဲ့သို့ ပြုအပ်သော။ အနုဋ္ဌိတာယ၊ မြဲမြံစွာတည်စေအပ်သော။ ပရိစိတာယ၊ နိုင်နင်းအောင် လေ့ကျင့်ပြီးသော။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်ထားသော။ မေတ္တာယ စေတောဝိမုတ္တိယာ၊ မေတ္တာစေတောဝိမုတ္တိ၏။ [မေတ္တာ–ဟု သာမညဆိုလျှင် ဈေးဒး ဖို့မေတ္တာကိုလည်း ယူအပ်ကြောင်း၊ စေတောဝိမုတ္တိ–ဟု ဆိုလျှင်ကား မေတ္တာဈာန်ကိုသာ ယူအပ်ကြောင်း (အံ–ဋ္ဌ၊ ပ–၃၆–၇–၃) ပြဆို၏။ စိတ်၏ နီဝရဏတို့မှ၊ အထူးအားဖြင့် ဗျာပါဒမှ လွတ်ကြောင်းဖြစ်သောကြောင့် မေတ္တာကိုပင် စေတောဝိမုတ္တိ–ဟု ဆိုသည်။] ကောဒသ ဒ ာနိသံသာ၊ တစ်ဆယ့်တစ်ပါးကုန်သော အာနိသင်တို့ကို။ (၂၉၉) ပါဠိကခံ ါ။ အလိုရှိအပ်ကုန်၏။ ကောဒသ၊ တစ်ဆယ့်တစ်ပါးတို့ ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ သုခံ သုပတိ၊ ချမ်းသာစွာ အိပ်ရ၏။ သုခံ ပဋိဗုဇ္ဈတိ၊ ချမ်းသာစွာ နိုးရ၏။ ပါပကံ သုပိနံ၊ ယုတ်ညံ့သောအိပ်မက်ဆိုးကို။ န ပဿတိ၊ မမြင်ရ။ မနုဿာနံ၊ လူတို့သည်။ ပိယော ဟောတိ၊ ချစ်အပ်၏။ အမနုဿာနံ၊ နတ်တို့သည်။ ပိယော ဟောတိ၊ ချစ်အပ်၏။ ဒေဝတာ ရက္ခန္တိ၊ နတ်တို့သည် စောင့်ရှောက်ကုန်၏။ အဿ၊ ထိုမေတ္တာပွားသော သူ၏ကိုယ်၌။ အဂ္ဂိ ဝါ၊ မီးသည်လည်းကောင်း။ ဝိသံ ဝါ၊ အဆိပ်သည်လည်းကောင်း။ သတ္ထံ ဝါ၊ လက်နက်သည်လည်းကောင်း။ န ကမတိ၊ မကျရောက်နိုင်။ တုဝဋံ၊ လျင်စွာ။ စိတ္တံ သမာဓိယတိ၊ စိတ်တည်ကြည်၏။ မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။ အသမ္မူဠှော၊ မတွေဝေပဲ။ ကာလံ ကရောတိ၊ သေရ၏။ ဥတ္တရိံ၊ အထက် မဂ်, ဖိုလ်တရားကို။ အပ္ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ မသိလတ်–မရောက်လတ်သော်လည်း။ ဗြဟ္မလောကူပဂေါ ဟောတိ၊ ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏။’ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ နနု၊ ဟောတော်မူအပ်သည် မဟုတ်ပါလော။

တံ၊ သင်သည်။ ဣဒံ စိတ္တံ၊ ဤစိတ်ကို။ သစေ န နိဗ္ဗာပေဿသိ၊ အကယ်၍ မငြိမ်းစေငြားအံ့။ ဣမေဟိ အာနိသံသေဟိ၊ ဤ မေတ္တာ၏အကျိုးအာနိသင်တို့မှ။ ပရိဗာဟိရော ဘဝိဿသိ၊ အပြင်အပ လက်လွတ်ကာ ဆုံးရှုံးရပေလိမ့်မည်။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်ကုန်၏။

၂၅၀။ ဧဝမ္ပိ၊ ဤသို့ဆင်ခြင်သော်လည်း။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ အသက္ကောန္တေန ပန၊ မစွမ်းနိုင်သေးသော ယောဂီသည်ကား။ ဓာတု–ဝိနိဗ္ဘောဂေါ၊ ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ကထံ–ကာတဗ္ဗော၊ အဘယ်သို့ ပြုအပ်သနည်း? ဟူမူ။ "အမ္ဘော ပဗ္ဗဇိတ၊ အချင်းရဟန်း။ တေသ၊ ထိုသူ့အား။ ကုဇ္ဈမာနော တွံ၊ အမျက်ထွက်သော သင်သည်။ ကဿ ကုဇ္ဈသိ၊ အဘယ်ကို အမျက်ထွက်သနည်း။ ကေသာနံ၊ ဆံတို့ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ဥဒါဟု၊ ထိုသို့ မဟုတ်။ လောမာနံ၊ အမွေးတို့ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ နခါနံ၊ ခြေသည်း–လက်သည်း တို့ကို။ပ။ဥဒါဟု၊ ထိုသို့မဟုတ်။ မုတ္တဿ၊ ကျင်ငယ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ အထဝါ ပန၊ တနည်းသော်ကား။ ကေသာဒီသု၊ ဆံပင်အစရှိသည်တို့၌။ ပထဝီဓာတုယာ၊ ပထဝီဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ အာပေါဓာတုယာ၊ အာပေါဓာတ်ကို။ တေဇောဓာတုယာ၊ တေဇောဓာတ်ကို။ ဝါယောဓာတုယာ၊ ဝါယောဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ဝါ၊ တနည်းသော်ကား။ ယေ ပဉ္စက္ခန္ဓေ၊ အကြင် ခန္ဓာငါးပါးတို့ကို။ ဥပါဒါယ၊ စွဲ၍။ ယာနိ ဒွါဒသာ–ယတနာနိ၊ အကြင် အာယတန ·တစ်ဆယ့်နှစ်ပါးတို့ကို။ ယာ အဋ္ဌာရသဓာတု–ယော၊ အကြင် ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကို။ ဥပါဒါယ၊ စွဲ၍။ အယံ အာယသ္မာ၊ ဤအရှင်ကို။, ဣတ္ထန္နာမော တိ၊ ဤအမည်ရှိသည်-ဟု။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ တေသု၊ ထိုခန္ဓာငါးပါး စသည်တို့တွင်။ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာကို။ သညာ၊ သညာက္ခန္ဓာကို။ သင်္ခါရဿ၊ သင်္ခါရက္ခန္ဓာကို။ ဝိညာဏ–က္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ဝါ၊ သို့မဟုတ်။ စက္ခာယတနဿ၊ စက္ခာယတနကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ရူပါယတနဿ၊ ရူပါယတနကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ပ။ မနာယတနဿ၊ မနာယတနကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ဓမ္မာယတ–နဿ၊ ဓမ္မာယတန-ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ဝါ၊ သို့မဟုတ်။ စက္ခုဓာတုယာ၊ စက္ခုဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ရူပ–ဓာတုယာ၊ ရူပဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ စက္ခုဝိညာဏ–ဓာတုယာ၊ စက္ခုဝိညာဏဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ပ။ မနောဓာတုယာ၊ မနောဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ ဓမ္မဓာ–တုယာ၊ ဓမ္မဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။ မနောဝိညာဏဓာတုယာ၊ မနောဝိညာဏဓာတ်ကို။ ကုဇ္ဈသိ ကိံ၊ အမျက်ထွက်သလော။" ဣတိ၊ ဤသို့။

ဓာတုဝိနိဗ္ဘောဂေ၊ ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို။ ကာတဗ္ဗော၊ ပြု
အပ်၏။ (ပြန်စပ်။) ဟိ၊ အကျိုးသော်ကား။ ဧဝံ၊ ဤသို့။ ဓာတုဝိနိဗ္ဘောဂံ၊ ဓာတ်
တို့ကိုအသီးအခြားခွဲခြားခြင်းကို။ ကရောတော-ကရောတဿ၊ ပြုသော။ (အဿ၊
ထိုယောဂီအား။) အာရဂ္ဂေ၊ အပ်နဖားထွင်းစူးဖျား၌။ သာသပဿ၊ မုံညင်း
စေ့၏။ ပတိဋ္ဌာနဋ္ဌာနံ၊ တည်ရာဌာနသည်။ န ဟောတိ ဣဝ၊ မရှိသကဲ့သို့လည်း
ကောင်း။ အာကာသေ၊ ဟင်းလင်းပြင်ကောင်းကင်၌။ စိတ္တကမ္မဿ၊ ပန်းချီ
ဆေးရေးအမှု၏။ ပတိဋ္ဌာနဋ္ဌာနံ၊ တည်ရာဌာနသည်။ န ဟောတိ၊ မရှိသကဲ့
သို့လည်းကောင်း။ ကောဓဿ၊ အမျက်ဒေါသ၏။ ပတိဋ္ဌာနဋ္ဌာနံ၊ တည်ရာ
အရပ်သည်။ န ဟောတိ၊ မဖြစ်။

၂၅၁။ ပန၊ ဆက်၍ပြဦးအံ့။ ဓာတုဝိနိဗ္ဘောဂံ ကာတုံ၊ ဓာတ်တို့ကို
အသီးအသီး ခွဲခြားခြင်းကိုပြုခြင်းငှာ။ အသက္ကောန္တေန၊ မစွမ်းနိုင်သောသူ
သည်။ ဒါနသံဝိဘာဂေါ၊ ပစ္စည်းကိုဝေဖန်ပေးကမ်းခြင်းကို။ (ဆင္ဍမူ၌ ဒါန-
သံဝိဘာဂေါ ဟုရှိရာ ဋီကာ၌ ဝိဘာဂေါတို့ အာမိသသံဝိဘာဂေါ-ဟူ၍သာ
ဖွင့်ရကား ဒါန-သဒ္ဒါ ပိုနေသည်။) ကာတဗ္ဗော၊ ပြုအပ်၏။ အတ္တနော
သန္တကံ၊ မိမိပိုင်ဥစ္စာကို။ ပရဿ ဒါတဗ္ဗံ၊ ရန်သူဖြစ်သော သူတပါးအား
ပေးအပ်၏။ ပရဿ သန္တကံ၊ သူတပါး၏ဥစ္စာကို။ အတ္တနာ ဂဟေတဗ္ဗံ၊ မိမိ
က လက်ခံယူအပ်၏။ ပန၊ ဆက်ဦးအံ့။ သစေ၊ အကယ်၍။ ပရော၊ ရန်သူ
ဖြစ်သော သူတပါးသည်။ ဘိန္နာဇီဝေါ၊ သီလပျက်နေသည်ဖြစ်၍။ ဝါ၊
သီလပျက်နေသောကြောင့်။ အပရိဘောဂါရဟပရိက္ခာရော ဟောတိ၊ သူ
တပါးပစ္စည်းကို မသုံးဆောင်ထိုက်သည် ဖြစ်ငြားအံ့။ အတ္တနော သန္တကမေဝ၊
မိမိ၏ ဥစ္စာပစ္စည်းကိုသာလျှင်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဧဝံ၊ ဤသို့။ ကရော-
တော၊ ပစ္စည်းအပေးအယူကိုပြုသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ တသ္မိံ ပုဂ္ဂ-
လေ၊ ထိုပုဂ္ဂိုလ်၌။ အာဃာတော၊ အာဃာတ-သည်။ ဧကန္တေနေဝ ဝူပ-
သမ္မတိ၊ ကေန်..င်လျှင်ငြိမ်း၏။ ဣတရဿ စ၊ ထိုရန်သူပုဂ္ဂိုလ်အားလည်း။
အတီတဇာတိတော ပဋ္ဌာယ၊ အတိတ်ဘဝမှ စ၍။ အနုဗန္ဓော၊ အစဉ်လိုက်
လာသော။၊ ကောဓောပိ၊ အမျက်ဒေါသပင် ဖြစ်သော်လည်း။ တခ်ဏာ-
ဧဝ၊ ထိုခဏ၌ပင်။ ဝူပသမ္မတိ၊ ငြိမ်း၏။ စိတ္တလပဗ္ဗတဝိဟာရေ၊ စိတ္တလ
တောင်ကျောင်းတိုက်၌။ တိက္ခတ္တုံ ဝုဋ္ဌာပိတသေနာသနေန၊ နေရာပေးစေ
ရန် သုံးကြိမ်တိုင်တိုင် အနှောက်အယှက်အပေးခံရသော။ ပိဏ္ဍပါတိကတ္ထေရေန၊
ပိဏ္ဍပါတိက-မထေရ်သည်။ (၃၀၀) “ဘန္တေ၊ အရှင်ဘုရား။ အယံ ပတ္တော၊
ဤသပိတ်သည်။ အဋ္ဌကဟာပဏဂ္ဃနကော၊ ရှစ်သပြာထိုက်တန်ပါ၏။ မမ၊

တပည့်တော်၏။ မဟာရာ ဥပါသိကာယ၊ မယ်တော် ဥပါသိကာမကြီးသည်။ ဒိန္နော၊ လှူထားအပ်သော။ ခမ္မိယလာဘော၊ တရားနှင့်အညီရသည့် လာဘ်ပစ္စည်းပါတည်း။ မဟာဥပါသိကာယ၊ ဥပါသိကာမ-ကြီးအား။ ပုညလာဘံ၊ ကောင်းမှုရခြင်းကို။ ကရောထ၊ ပြုတော်မူပါ။" ဣတိ ဝတွာ၊ ဤသို့ဆို၍။ ဒိန္နံ ပတ္တံ၊ လှူလိုက်သော သပိတ်ကို။ လဒ္ဓမဟာထေရဿ၊ ရသောမဟာထေရ်အား။ အာဃာတော၊ ရန်ငြိုးသည်။ ဝူပသမ္မတိ ဝိယ၊ ငြိမ်းသကဲ့သို့တည်း။ တေ ဒါနံ နာမ၊ ဤ ပေးကမ်းခြင်း မည်သည်။ ဧဝံ၊ ဤသို့ပင်။ မဟာနုဘာဝံ၊ ကြီးမားသော အာနုဘော်ရှိပေ၏။ စ၊ မှန်ပေ၏။ တေ၊ ဤဟောထားသော အောက်ပါစကားတော်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။—

"ဒါနံ၊ ပေးကမ်းခြင်းသည်။ အဒန္တဒမနံ၊ မယဉ်ကျေးသေးသောသူကို ယဉ်ကျေးစေတတ်၏။ ဒါနံ၊ ပေးကမ်းခြင်းသည်။ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံသောအကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ ပေးကမ်းခြင်းဖြင့် လည်းကောင်း။ ပိယဝါစာယ၊ ချစ်ဖွယ်စကားဖြင့်လည်းကောင်း။ (ဒါယကာ၊ ပေးသူ-ပြောသူတို့သည်။) ဥန္နမန္တိ စ၊ မျက်နှာပန်းပွင့်လျက် မြင့်တက်ကုန်၏။ (ပဋိဂ္ဂါဟကာ၊ ခံယူသူ—ကြားနာသူတို့သည်။) နမန္တိ စ၊ ပျော့ပျောင်းကြည်သာ ညွတ်လာတတ်ကုန်၏။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

၂၅၂။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝေရိပုဂ္ဂလေ၊ ရန်သူပုဂ္ဂိုလ်၌။ ဝူပသန္တပဋိဃဿ၊ အမျက်ဒေါသကို ငြိမ်းအေးပြီးသော။ တဿ၊ ထိုယောဂီအား။ ပိယာတိပ္ပိယသဟာယကမဇ္ဈတ္တေသု၊ ချစ်အပ်သောပုဂ္ဂိုလ်, အလွန်ချစ်အပ်သောသူငယ်ချင်းနှင့် အလယ်အလတ် ပုဂ္ဂိုလ်တို့၌။ မေတ္တာဝသေန၊ ချမ်းသာစေလိုသော မေတ္တာစိတ်အစွမ်းဖြင့်။ စိတ္တံ၊ စိတ်သည်။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ထို့အတူပင်။ တသ္မိံ၊ ထိုရန်သူပုဂ္ဂိုလ်၌လည်း။ မေတ္တာဝသေန၊ ချမ်းသာစေလိုသော မေတ္တာစိတ်အစွမ်းဖြင့်။ စိတ္တံ၊ စိတ်သည်။ ပဝတ္တတိ၊ မပြတ်ဖြစ်၏။ အထ၊ ထိုအခါ၌။ အနေန၊ ဤယောဂီသည်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ မေတ္တာယန္တေ၊ မေတ္တာပွားသည်ဖြစ်၍။ အတ္တနိ၊ မိမိ၌လည်းကောင်း။ ပိယပုဂ္ဂလေ၊ ချစ်အပ်သော ပိယပုဂ္ဂိုလ်၌လည်းကောင်း။ မဇ္ဈတ္တေ၊ အလယ်အလတ်-မဇ္ဈတ္တပုဂ္ဂိုလ်၌လည်းကောင်း။ ဝေရိပုဂ္ဂလေ၊ ရန်သူပုဂ္ဂိုလ်၌လည်းကောင်း။ ဣတိ၊ ဤသို့။ စတူသု ဇနေသု၊ လေးယောက်သော ပုဂ္ဂိုလ်တို့၌။ သမစိတ္တတံ၊ ညီမျှသောစိတ်ရှိသည်၏အဖြစ်ကို။ သမ္ပာဒေန္တေန၊ ပြီးစေသဖြင့်။ သီမာသမ္ဘေဒေါ၊ မိမိ-သူတပါး, ချစ်သူ-မုန်းသူ စသည်ဖြင့်

ကွဲပြားသောနယ်ပယ်၏ပျက်ခြင်း သီမာသမ္ဘေဒကို။ ကဟာမ္ဗော၊ ပြုအံ့ပ်၏။ ဣဒံ၊ ဤသည်ကား။ တဿ၊ ထို သီမာသမ္ဘေဒ၏။ လက္ခဏံ၊ လက္ခဏာပေ တည်း။ ဣမဿ္မိံ ပုဂ္ဂလေ၊ ဤပုဂ္ဂိုလ်သည်ကား။ ပိယမဇ္ဈတ္တဝေရိဟိ သဒ္ဓိံ၊ ချစ်အပ်သောပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်တို့နှင့် တကွ။ အတ္တစတုတ္ထော၊ မိမိလျှင် လေးယောက်မြောက် ရှိသော။ ဧကသ္မိံ ပဒေသေ၊ တစ်ခုသောအရပ်၌။ နိသိန္နော၊ နေလတ်သည်ရှိသော်။ စောရာ အာဂန္တွာ၊ သူခိုး–ဒမြတို့ လာကြ၍။ "ဘန္တေ၊ အရှင်ဘုရား။ အမှာကံ၊ အကျွန်ုပ်တို့ အား။ ဧကံ ဘိက္ခုံ၊ ရဟန်းတစ်ပါးကို။ ဒေထ၊ ပေးပါကုန်။" ဣတိ ဝတွာ၊ ဤသို့ပြောဆို၍။ "ကိံ ကာရဏာ၊ အဘယ်ကိစ္စ အတွက်နည်း။" ဣတိ ဝုတ္တေ၊ ဤသို့မေးလျှင်။ "တံ မာရေတွာ၊ ထိုရဟန်းကိုသတ်၍။ ဂလ-လောဟိတံ၊ လည်ချောင်းသွေးကို။ ဂဟေတွာ၊ ယူ၍။ ဝါ၊ ယူပြီးလျှင်။ ဗလိကရဏတ္ထာယ၊ ဗလိနတ်စာပူဇော်ခြင်းငှာ။ ဒေထ၊ ပေးကုန်သော့။" ဣတိ၊ ဤသို့။ သစေ ဝဒေယျုံ၊ အကယ်၍ ဆိုကုန်ရာ၏။ တတြ၊ ထိုသို့ဆိုရာ၌။ ဧသော ဘိက္ခုံ၊ ဤမည်သောရဟန်းသည်။ "အသုကံ ဝါ၊ ဤမည်သော ရဟန်းကိုသော်လည်းကောင်း။ အသုကံ ဝါ၊ ဤမည်သောရဟန်းကိုသော် လည်းကောင်း။ ဂဏှန္တု၊ ယူကြကုန်လော့။" ဣတိ၊ ဤသို့။ စေ စိန္တေယျ၊ အကယ်၍ ကြံစည်ငြားအံ့။ သီမာသမ္ဘေဒေါ၊ မိမိ–သူတပါး, ချစ်သူ–မုန်းသူ စသည်ဖြင့် ကွဲပြားသောနယ်ပယ်၏ ပျက်ခြင်း သီမာသမ္ဘေဒ ကို။ အကတောဝ ဟောတိ၊ ပြုခြင်းကိစ္စ မပြီးသေးသည်သာတည်း။ "မံ ဂဏှန္တု၊ ငါ့ကိုသာ ယူကြကုန်လော့။ ဣမေ တယော၊ ဤသုံးပါးတို့ကို။ မာ ဂဏှန္တု၊ မယူကြ ကုန်လင့်။" ဣတိ၊ ဤသို့။ သစေ ပိ စိန္တေယျ၊ အကယ်၍ကြံစည်ငြားအံ့။ သီမာသမ္ဘေဒေါ၊ သီမာသမ္ဘေဒကို။ အကတောဝ၊ ပြုခြင်းကိစ္စ မပြီးသေး သည်သာတည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်း? ဟူမူ။ ယဿ ယဿ၊ အကြင် အကြင်ပုဂ္ဂိုလ်ကို။ ဂဟဏံ၊ ယူခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တဿ တဿ၊ ထိုထိုပုဂ္ဂိုလ်၏။ အဟိတေသီ ဟောတိ၊ အကျိုးစီးပွားကိုအလိုမရှိ။ ဣတရေသံ ယေဝ၊ အခြားသူတို့၏သာလျှင်။ ဟိတေသီ ဟောတိ၊ အကျိုးစီးပွားကိုအလို ရှိ၏။

ပန၊ စင်စစ်သော်ကား။ ယဒါ၊ အကြင်အခါ၌။ စတုန္နံ ဇနာနံ၊ လေးဦး သောပုဂ္ဂိုလ်တို့၏။ အန္တရေ၊ အတွင်း၌၊ ဧကမ္ပိ၊ တစ်ဦးကိုသော်လည်း။ စောရာနံ၊ သူခိုး, ဒမြတို့အား။ ဒါတဗ္ဗံ၊ ပေးအပ်သည်ကို။ ဝါ၊ ပေးသင့် သည်ကို။ န ပဿတိ၊ မမြင်။ အတ္တနိ စ၊ မိမိ၌လည်းကောင်း။ တေသု စ တီသု ဇနေသု၊ ထိုသုံးဦးသော ပုဂ္ဂိုလ်တို့၌ လည်းကောင်း။ သမမေဝ စိတ္တံ၊

ချမ်းသာစေလိုသောအားဖြင့် အညီအမျှသာလျှင်ဖြစ်သောစိတ်ကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ သီမာသမ္ဘေဒေါ၊ သီမာသမ္ဘေဒကို။ ကတော ဟောတိ၊ ပြုအပ်ပြီး ဖြစ်လေတော့၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။ –

"အတ္တနိ စ၊ မိမိ၌လည်းကောင်း။ ဟိတမနေ စ၊ ချစ်အပ်သော သူနှင့် အလယ်အလတ်ပုဂ္ဂိုလ်၌လည်းကောင်း။ အဟိတေ စ၊ ရန်သူ၌ လည်းကောင်း။ (ဣတိ၊ ဤသို့။ – ထည့်။) စတုဗ္ဗိဓေ၊ လေးပါးအပြား ရှိသော ပုဂ္ဂိုလ်အပေါင်း၌။ နာနတ္တံ၊ မိမိ—သူတပါး, ချစ်သူ—မချစ်သူ စသည်ဖြင့် ထူးခြားခြင်းကို။ ယဒါ၊ အကြင်အခါ၌။ ပဿတိ၊ မြင်ရ သေး၏။ တဒါ၊ ထိုအခါ၌။ (သော၊ ထိုမေတ္တာပွားသူကို။ ကေဝလံ၊ သက်သက်။—ထည့်။) ပါဏိနံ၊ သတ္တဝါတို့၏။ ဝါ၊ သတ္တဝါတို့၌။ ဟိတစိတ္တောဝ၊ အစီးအပွား လိုလားသည့်စိတ်ရှိသူ ဟူ၍သာလျှင်။ ပါဏိနံ ဟိတစိတ္တောဝ၊ သတ္တဝါတို့၏ အစီးအပွားလိုလားသည့်စိတ်ရှိ သူ—ဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

မေတ္တာယ၊ မေတ္တာ၌။ နိကာမလာဘီတိ၊ လိုတိုင်းရသူ ဟူ၍လည်း ကောင်း။ ကုသလီတိ စ၊ ကျွမ်းကျင်သူ ဟူ၍လည်းကောင်း။ န ပဝုစ္စတိ၊ မဆိုအပ်ပေ။ ယဒါ၊ အကြင်အခါ၌မူ။ ဘိက္ခုနော၊ မေတ္တာပွားသော ရဟန်းအား။ စတဿော သီမာယော၊ မိမိကိုယ် စသော လေးပါးသော နယ်ပယ်တို့သည်။ သမ္ဘိန္နာ ဟောန္တိ၊ အသီး အခြား မကွဲပြားတော့ပဲ ပျက်လေကုန်၏။

သဒေဝကံ သဗ္ဗလောကံ၊ နတ်နှင့်တကွသော အလုံးစုံသော လူ အပေါင်းကို။ မေတ္တာယ၊ မေတ္တာဖြင့်။ သမံ ဖရတိ၊ အညီအမျှ ဖြန့် နိုင်၏။ ယဿ၊ ယင်းရဟန်းအား။ သီမာ၊ မိမိကိုယ်—စသော နယ်ပယ် အပိုင်းအခြားကို။ န ဉာယတိ၊ မသိရတော့ပေ။ (တဒါ၊ ထိုအခါ၌။ သော၊ ထိုရဟန်းသည်။ ထည့်။) ပုရိမေန၊ ပထမက ပြခဲ့သော ရှေး ပုဂ္ဂိုလ်ထက်။ မဟာဝိသေသော၊ ဘာဝနာဖြင့် ကြီးမြတ်—ထူးကဲလှ ပေ၏။" ဣတိ၊ ဤသို့ပင်တည်း။ ။

(၃၀၁) ၂၅၃။ ဧဝံ၊ ဤသို့။ သီမာသမ္ဘေဒသမကာလမေဝ၊ သီမာ သမ္ဘေဒ-ပြီးသည်နှင့်ညီမျှသော ကာလ၌ပင်လျှင်။ ဣမိနာ ဘိက္ခုနာ၊ ဤ မေတ္တာပွားသော ရဟန်းသည်။ နိမိတ္တဉ္စ၊ ပဋိဘာဂနိမိတ်ကိုလည်းကောင်း။

ဥပစာရဋ္ဌ၊ ဥပစာရကိုလည်းကောင်း။ လဒ္ဓံ ဟောတိ၊ ရပေ၏။ ပန၊ ဆက်ဦးအံ့။ သီမာသမ္ဘေဒေ၊ သီမာသမ္ဘေဒကို။ ကတေ၊ ပြုပြီးသောအခါ၌။ တမေဝ နိမိတ္တံ၊ ထိုသမာဓိနိမိတ်ကိုပင်လျှင်။ အာသေဝန္တော၊ မှီဝဲသည်ဖြစ်၍။ ဘာဝေန္တော၊ ပွားများသည်ဖြစ်၍။ ဗဟုလီကရောန္တော၊ အကြိမ်များစွာ ပြုလေ့ရှိသည်ဖြစ်၍။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်းအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ အပ္ပနံ၊ အပ္ပနာဈာန်သို့။ အပ္ပကသိရေနေဝ ပါပုဏာတိ၊ မဆင်းရဲ မပင်ပန်းပဲသာလျှင် ရောက်လေ၏။ ဝါ၊ ချမ်းသာ လွယ်ကူစွာ ရောက်လေ၏။

တ္တောဝတာ၊ ဤမျှသော ဘာဝနာအစဉ်ဖြင့်။ အနေန၊ ဤယောဂီသည်။ ပဉ္စင်္ဂဝိပ္ပဟီနံ၊ အင်္ဂါငါးပါးကိုပယ်၍။ ပဉ္စင်္ဂသမန္နာဂတံ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော။ တိဝိဓကလျာဏံ၊ ကောင်းခြင်းသုံးပါးရှိသော။ ဒသလက္ခဏသမ္ပန္နံ၊ လက္ခဏာဆယ်ပါးတို့နှင့် ပြည့်စုံသော။ မေတ္တာသဟဂတံ၊ မေတ္တာနှင့်တကွဖြစ်သော။ ပဌမဇ္ဈာနံ၊ ပဌမဈာန်ကို။ အဓိဂတံ ဟောတိ၊ ရပြီးဖြစ်ပေတော့၏။ စ၊ ဆက်ဦးအံ့။ တသ္မိံ၊ ထိုပဌမဈာန်ကို။ အဓိဂတေ၊ ရပြီးလျှင်။ တဒေဝ နိမိတ္တံ၊ ထိုသမာဓိ နိမိတ်ကိုပင်။ အာသေဝန္တော၊ မှီဝဲလျက်။ ဘာဝေန္တော၊ ပွားများလျက်။ ဗဟုလီကရောန္တော၊ အကြိမ်များစွာ ပြုလျက်။ အနုပုဗ္ဗေန၊ ဘာဝနာအစဉ်အားဖြင့်။ စတုက္ကနယေ၊ စတုက္ကနည်း၌။ ဒုတိယတတိယဇ္ဈာနာနိ၊ ဒုတိယ—တတိယဈာန်တို့ကိုလည်းကောင်း။ ပဉ္စကနယေ၊ ပဉ္စက—နည်း၌။ ဒုတိယတတိယစတုတ္ထဇ္ဈာနာနိ စ၊ ဒုတိယ—တတိယ—စတုတ္ထ—ဈာန်တို့သို့လည်းကောင်း။ ပါပုဏာတိ၊ ရောက်ပေ၏။

ဟိ၊ အကျိုးသော်ကား။ သော၊ သုံးပါး—လေးပါးသော မေတ္တာဈာန်တို့ကိုရပြီးသော ထိုယောဂီသည်။ ပဌမဇ္ဈာနာဒီနံ၊ ပဌမဈာန် စသည်တို့တွင်။ အညတရဝသေန၊ တပါးပါး၏ အစွမ်းဖြင့်။ မေတ္တာသဟဂတေန စေတသာ၊ မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့်။ ဧကံ ဒိသံ ဖရိတွာ ၊ တစ်ခုသောအရပ် မျက်နှာကို ဖြန့်၍။ ဝိဟရတိ၊ နေ၏။ တထာ၊ ထို့အတူ။ ဒုတိယံ ဒိသံ ဖရိတွာ ဝိဟရတိ၊ ဒုတိယအရပ်မျက်နှာကို ဖြန့်၍နေ၏။ တထာ၊ ထို့အတူ။ တတိယံ ဒိသံ ဖရိတွာ ဝိဟရတိ၊ တတိယအရပ်မျက်နှာကို ဖြန့်၍နေ၏။ တထာ၊ ထို့အတူ။ စတုတ္ထံ ဒိသံ ဖရိတွာ ဝိဟရတိ၊ စတုတ္ထအရပ်မျက်နှာကို ဖြန့်၍ နေ၏။ ဣတိ၊ ဤသို့သောနည်းဖြင့်။ ဥဒ္ဓံ၊ အထက် အရပ်မျက်နှာကိုလည်းကောင်း။ အဓော၊ အောက် အရပ်မျက်နှာကိုလည်းကောင်း။ တိရိယံ၊ ဖီလာ—ပတ်ဝန်းကျင် အထောင့်အရပ်မျက်နှာကိုလည်းကောင်း။ ဖရိတွာ

ဝိဟရတိ၊ ဖြန့်၍နေ၏။ သဗ္ဗဓိ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့၌။ သဗ္ဗတ္တတာယ၊ အလုံးစုံသော အရပ်မျက်နှာ၌။ သဗ္ဗာဝန္တံ လောကံ၊ အလုံးစုံသော သတ္တဝါရှိသော သတ္တလောကကို။ မေတ္တာသဟဂတေန၊ မေတ္တာနှင့် တကွဖြစ်သော။ ဝိပုလေန၊ ပြန့်ပြောသော။ မဟဂ္ဂတေန၊ မဟဂ္ဂုတ်ဖြစ်သော။ အပ္ပမာဏေန၊ အတိုင်းအရှည်မရှိသော။ အဝေရေန၊ ရန်မရှိသော။ အဗျာပဇ္ဇေန၊ ဆင်းရဲကင်းသော။ စေတသာ၊ စိတ်ဖြင့်။ ဖရိတွာ ဝိဟရတိ၊ ဖြန့်၍နေ၏။ ဟိ၊ မှန်ပေ၏။ အယံ ဝိကုဗ္ဗနာ၊ ဤသို့သော အမျိုးမျိုးအထွေထွေ ပြုခြင်းသည်။ ပဌမဇ္ဈာနာဒိဝသေန၊ ပဌမဈာန် အစရှိသည်တို့၏ အစွမ်းအားဖြင့်။ အပ္ပနာပ္ပတ္တစိတ္တဿေဝ၊ အပ္ပနာသို့ရောက်သော စိတ်ရှိသော ပုဂ္ဂိုလ်အားသာလျှင်။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။

၂၅၄။ စ၊ ဆက်၍ဖွင့်ပြဦးအံ့။ ဧတ္ထ၊ ဤ မေတ္တာသဟဂတေန - အစရှိသော ပါဌ်၌။ မေတ္တာသဟဂတေနာတိ၊ မေတ္တာသဟဂတေန—ဟူသည်ကား။ မေတ္တာယ သမန္နာဂတေန၊ မေတ္တာနှင့် ပြည့်စုံသော။ စေတသာတိ၊ စေတသာ—ဟူသည်ကား။ စိတ္တေန၊ စိတ်ဖြင့်။ ဧကံ ဒိသန္တိ၊ ဧကံ ဒိသံ—ဟူသည်ကား။ ဧကမေကိဿာ ဒိသာယ၊ တစ်ခုသော အရပ်မျက်နှာ၌။ ပဌမ-ပရိဂ္ဂဟိတံ၊ ရှေးဦးစွာ သိမ်းဆည်းအပ်သော။ သတ္တံ ဥပါဒါယ၊ သတ္တဝါ အပေါင်းကို အစွဲပြု၍။ ဧကဒိသာပရိယာပန္နသတ္တဖရဏဝသေန၊ တစ်ခုသော အရပ်မျက်နှာ၌ အကျုံးဝင်သော သတ္တဝါအပေါင်းကို မေတ္တာဖြန့်သည်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်သောစကားပေတည်း။ ဖရိတွာတိ၊ ဖရိတွာ—ဟူသည်ကား။ ဖုသိတွာ၊ စိတ်ဖြင့် တွေ့ထိ၍။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဝိဟရတီတိ၊ ဝိဟရတိ—ဟူသည်ကား။ ဗြဟ္မဝိဟာရာဓိဋ္ဌိတံ၊ မေတ္တာဈာန် ဟူသော ဗြဟ္မဝိဟာရက ထောက်ပံ့လျက် ခိုင်ခံ့စွာတည်စေအပ်သော။ ဣရိယာ-ပထဝိဟာရံ၊ ဣရိယာပုထ်ဖြင့် နေခြင်းကို။ ပဝတ္တေတိ၊ မပြတ်ဖြစ်စေ၏။ တထာ ဒုတိယန္တိ၊ တထာ ဒုတိယံ—ဟူသည်ကား။ ပုရတ္ထိမာဒီသု ဒိသာသု၊ အရှေ့အရပ်—အစရှိသော အရပ်မျက်နှာတို့တွင်။ ယံ ကိဉ္စိ၊ အမှတ်မရှိ တစ်ခုခုသော။ ဧကံ ဒိသံ ဖရိတွာ၊ တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍။ ဝိဟရတိ ယထာ၊ နေသကဲ့သို့။ တထေဝ၊ ထို့အတူပင်။ တဒနန္တရံ၊ ထို၏အခြားမဲ့၌။ ဒုတိယဉ္စ၊ ဒုတိယ အရပ်မျက်နှာကို လည်းကောင်း။ တတိယဉ္စ၊ တတိယ အရပ်မျက်နှာကို လည်းကောင်း။ စတုတ္ထဉ္စ၊ စတုတ္ထ အရပ်မျက်နှာကို လည်းကောင်း။ (ဖရိတွာ ဝိဟရတိ၊ ဖြန့်၍နေ၏။—လိုက်။) ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဣတိ ဥဒ္ဓန္တိ၊ ဣတိ ဥဒ္ဓံ—ဟူသည်ကား။

ဇေတေနေဝ နယေန၊ ဤဆိုခဲ့သော နည်းဖြင့်သာလျှင်။ ဥပရိမံ ဒိသံ၊ အထက် အရပ်မျက်နှာကို။ (ဖရိတွာ ဝိဟရတိ၊ ဖြန့်၍နေ၏။) ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ဆိုလို၏။ အဓော တိရိယန္တိ၊ အဓော တိရိယံ–ဟူသည်ကား။ အဓော· ဒိသမ္ပိ၊ အောက်အရပ်ကို လည်းကောင်း။ တိရိယံ ဒိသမ္ပိ၊ ဖီလာ-ပတ်ဝန်း ကျင် အရပ်ကို လည်းကောင်း။ ဧဝမေဝ၊ ဤအတူပင်။ (ဖရိတွာ ဝိဟရတိ၊ ဖြန့်၍နေ၏။) တတ္ထ စ၊ ထိုစကားရပ်၌လည်း။ အဓောတိ၊ အဓော–ဟူသည် ကား။ ဟေဋ္ဌာ၊ အောက်အရပ်၌။ တိရိယန္တိ၊ တိရိယံ–ဟူသည်ကား။ အနု- ဒိသာသု၊ အထောင့်အရပ်တို့၌။ ဧဝံ၊ ဤဆိုခဲ့သောနည်းဖြင့်။ သဗ္ဗဒိသာသု၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့၌။ အဿမဏ္ဍလေ၊ မြင်းဝင်း၌။ အဿံ၊ မြင်းကို။ သာရေတိပိ ဣဝ၊ စိုင်းနှင်သကဲ့သို့ လည်းကောင်း။ ပစ္စာသာရေ- တိပိ ဣဝ၊ ပြန်၍လည်း စိုင်းနှင်သကဲ့သို့ လည်းကောင်း။ မေတ္တာသဟဂတံ စိတ္တံ၊ မေတ္တာနှင့်တကွဖြစ်သော စိတ်ကို။ သာရေတိပိ၊ စိုင်းလည်း စိုင်းနှင်၏။ ပစ္စာသာရေတိပိ၊ ပြန်၍လည်း စိုင်းနှင်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုရင်းအနက်တည်း။ ဧတ္တာဝတာ၊ ဤဆိုခဲ့ပြီးသောစကားအစဉ်ဖြင့်။ ကေ- မေကံ ဒိသံ ပရိဂ္ဂဟေတွာ၊ တစ်ခုတစ်ခုသော အရပ်မျက်နှာကို သိမ်းဆည်း၍။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ၌ ဧကံ–ဟု တစ်ခုတည်းသာ ရှိသည်။ ကေမေကံ–ဟု အခြားနေရာများ၌ ရှိ၍ ဤသို့ အနက်ပေးသည်။) ဩဓိသော၊ အပိုင်းအခြား အားဖြင့်။ မေတ္တာဖရဏံ၊ မေတ္တာဖြန့်ပုံကို။ ဒဿိတံ၊ ပြအပ်ပေ၏။

သဗ္ဗဓိတိအာဒိ ပန၊ သဗ္ဗဓိ–အစရှိသောစကားကိုမူကား။ အနောဓိသော ဒဿနတ္ထံ အပိုင်းအခြားမရှိသောအားဖြင့် အနောဓိသမေတ္တာဖြန့်ပုံကို ပြခြင်း ငှာ။ ဝုတ္တံ၊ ဆိုအပ်ပေ၏။ တတ္ထ၊ ထိုစကား၌။ သဗ္ဗဓိတိ၊ သဗ္ဗဓိ–ဟူသည် ကား။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်မျက်နှာတို့၌။ သဗ္ဗတ္တတာယာတိ၊ သဗ္ဗတ္တတာယ–ဟူသည်ကား။ ဟီနမဇ္ဈိမုက္ကဋ္ဌမိတ္တသပတ္တမဇ္ဈတ္တာဒိပ္ပဘေဒေသု၊ အယုတ်, အလတ်, အမြတ်, မိတ်ဆွေ, ရန်သူ, အလယ်အလတ်-စသည်အပြား ရှိကုန်သော။ သဗ္ဗေသု၊ အလုံးစုံကုန်သော သတ္တဝါတို့၌။ (၃၀၂) အတ္တ- တာယ၊ မိမိကိုယ်၏အဖြစ်ဖြင့်။ ' အယံ၊ ဤသူသည်။ ပရသတ္တောတိ၊တပါး သော သတ္တဝါတည်း'' ဟု။ ဝိဘာဂံ အကတွာ၊ ခွဲခြားခြင်းကို မပြုမူ၍။ အတ္တသမတာယာတိ၊ မိမိနှင့် တူညီသည်၏ အဖြစ်ဟူ၍။ ဝုတ္တံ ဟောတိ၊ဆိုလို ၏။ အထ ဝါ၊ တနည်းကား။ သဗ္ဗတ္တတာယာတိ၊ သဗ္ဗတ္တတာယ–ဟူသော ပုဒ်ဖြင့်။ ဤသကမ္ပိ၊ အနည်းငယ်မျှသော်လည်း။ ဗဟိ အဝိက္ခိပမာနော၊ အပြင်သို့ မပျံ့လွင့်စေမူ၍။ သဗ္ဗေန စိတ္တဘာဂေန၊ အလုံးစုံသောစိတ်အဖို

ဖြင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏၊ သဗ္ဗာဝန္တန္တိ၊ သဗ္ဗာဝန္တံ–ဟူသည်ကား။ သဗ္ဗသတ္တဝန္တံ၊ အလုံးစုံသော သတ္တဝါရှိသော။ သဗ္ဗသတ္တယုတ္တံ၊ အလုံးစုံသော သတ္တဝါတို့နှင့်ယှဉ်သော။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ လောကန္တိ၊ လောကံ–ဟူသည်ကား။ သတ္တလောကံ၊ သတ္တလောကကို။ ပန၊ ဆက်၍ရှင်းပြဦးအံ့။ ဝိပုလေနာတိဧဝမာဒိပရိယာယဒဿနတော၊ ဝိပုလေန-ဤသို့အစရှိသော ပရိယာယ်ပုဒ်တို့ကိုပြခြင်းကြောင့်။ ဧတ္ထ၊ အပိုင်းအခြားမရှိသော မေတ္တာဖြန့်ပုံကိုပြသော ဤစကားရပ်၌။ မေတ္တာသဟဂတေနာတိပဒံ၊ မေတ္တာသဟဂတေန–ဟူသောပုဒ်ကို။ ပုန၊ တဖန်ထပ်၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဝါ၊ တနည်းသော်ကား။ ယသ္မာ၊ အကြင်ကြောင့်။ ဩဓိသော၊ အပိုင်းအခြားအားဖြင့်။ ဖရဏေ ဝိယ၊ မေတ္တာဖြန့်ပုံကို ပြရာ၌ကဲ့သို့။ ဧတ္ထ၊ ဤ အနောဓိသမေတ္တာဖြန့်ပုံကိုပြရာ၌။ တထာ–သဒ္ဒေါ ဝါ၊ တထာ– သဒ္ဒါကိုသော်လည်းကောင်း။ ဣတိ သဒ္ဒေါ ဝါ၊ ဣတိ–သဒ္ဒါကိုသော်လည်းကောင်း။ ပုန၊ တဖန်ထပ်၍။ န ဝုတ္တော၊ ဟောတော်မမူ။ တသ္မာ၊ ထိုကြောင့်။ မေတ္တာသဟဂတေန စေတသာတိ၊ မေတ္တာသဟဂတေန စေတသာ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူခဲ့ပေ၏။ ဝါ၊ တနည်းသော်ကား။ နိဂမဝသေန၊ နိဂုံးချုပ်သည့်အလိုအားဖြင့်။ ဧတံ၊ ဤ ဤစကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဝိပုလေနာတိ ဧတ္ထ၊ ဝိပုလေန–ဟူသော ဤပုဒ်၌။ ဖရဏဝသေန၊ ဖြန့်ခြင်း၏ အစွမ်းအားဖြင့်။ ဝိပုလတာ၊ ပြန့်ပြောသည်၏ အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ဘူမိဝသေန၊ ဘုံ၏အစွမ်းဖြင့်။ ဧတံ၊ ဤ မေတ္တာစျာန်သည်။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်မည်ပေ၏။ ပဂုဏဝသေန စ၊ လေ့လာကျေပွန်သည်၏ အစွမ်းအားဖြင့်သော်လည်းကောင်း။ အပ္ပမာဏသတ္တာရမ္မဏဝသေန စ၊ အတိုင်းအရှည် အပိုင်းအခြား မရှိသော သတ္တဝါတို့ကို အာရုံပြုသည်၏ အစွမ်းဖြင့်သော်လည်းကောင်း။ အပ္ပမာဏံ၊ အပ္ပမာဏ မည်ပေ၏။ ဗျာပါဒပစ္စတ္ထိကပ္ပဟာနေန၊ ဗျာပါဒ–ဒေါသ ဟူသောရန်သူကို ပယ်ခြင်းကြောင့်။ အဝေရံ၊ အဝေရ–မည်ပေ၏။ ဒေါမနဿပ္ပဟာန–တော၊ ဒေါမနဿကို ပယ်ခြင်းကြောင့်။ အဗျာပဇ္ဈံ၊ အဗျာပဇ္ဈ မည်ပေ၏။ နိဒ္ဒုက္ခံ၊ စိတ်ဆင်းရဲမရှိ။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ။ ဆိုလို၏။ အယံ၊ ဤဆိုခဲ့သော စကားသည်။ မေတ္တာသဟဂတေန စေတသာတိ အာဒိနာ–နယေန၊ မေတ္တာသဟဂတေန စေတသာ–ဤသို့အစရှိသောနည်းဖြင့်။ ဝုတ္တာ–ယ၊ ဟောထားအပ်သော။ ဝိကုဗ္ဗနာယ၊ အချိုးမျိုးအထွေထွေ ပြုခြင်း, မေတ္တာပွားခြင်း၏။ အတ္ထော၊ အနက်ပေတည်း။

၂၅၅။ စဆက်၍ရှင်းပြဦးအံ့။ အယံ၊ ဤ အမျိုးအမျိုး အထွေထွေ မေတ္တာပွားခြင်းသည်။ အပ္ပနာပ္ပတ္တ စိတ္တဿေဝ၊ အပ္ပနာသို့ရောက်သည့် စိတ်ရှိသည့် ပုဂ္ဂိုလ်အားသာလျှင်။ ဝိကုဗ္ဗနာ၊ အမျိုးမျိုး အထွေထွေ မေတ္တာပွားခြင်းသည်။ သမ္ပဇ္ဇတိ ယထာ၊ ပြီးစီးပြည့်စုံသကဲ့သို့။ တထာ၊ ထို့အတူ။ "ပဉ္စဟာကာရေဟိ၊ ငါးပါးသောအခြင်းအရာတို့ဖြင့်။ အနောဓိသော ဖရဏာ၊ အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်သော။ မေတ္တာ စေတောဝိမုတ္တိ၊ မေတ္တာစေတောဝိမုတ္တိသည်။ ဟောတိ၊ ဖြစ်၏။ သတ္တဟာကာရေဟိ၊ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဩဓိသောဖရဏာ၊ အပိုင်းအခြားအားဖြင့် ဖြန့်သော။ မေတ္တာ စေတောဝိမုတ္တိ၊ မေတ္တာစေတောဝိမုတ္တိသည်။ ဟောတိ၊ ဖြစ်၏။ ဒသဟာကာရေဟိ၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့်။ ဒိသာ-ဖရဏာ မေတ္တာ စေတောဝိမုတ္တိ၊ အရပ်မျက်နှာကိုဖြန့်သော မေတ္တာစေတောဝိမုတ္တိသည်။ ဟောတိ၊ ဖြစ်၏။" ဣတိ၊ ဤသို့။ ယမ္ပိ၊ အကြင် စကားကိုလည်း။ ဝုတ္တံ၊ ဆိုအပ်၏။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်၌။ တမ္ပိ၊ ထိုဟောထားသော အမျိုးမျိုးအထွေထွေ မေတ္တာပွားခြင်းသည်လည်း။ အပ္ပနာပ္ပတ္တ-စိတ္တဿေဝ၊ အပ္ပနာသို့ရောက်သော စိတ်ရှိသည့်ပုဂ္ဂိုလ်အားသာလျှင်။ သမ္ပဇ္ဇ-တိ၊ ပြီးစီးပြည့်စုံ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

စ၊ ဆက်ဦးအံ့။ တတ္ထ၊ ထိုပဋိသမ္ဘိဒါမဂ်၌။—

သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ အဗျာပဇ္ဇာ၊ စိတ်ဆင်းရဲ ကင်းကြပါစေ။ အနီဃာ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၁)

သဗ္ဗေ ပါဏာ၊ အလုံးစုံသော အသက်ရှူသူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ပ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၂)

သဗ္ဗေ ဘူတာ၊ အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ပ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၃)

သဗ္ဗေ ပုဂ္ဂလာ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၄)

သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ အလုံးစုံသော အတ္တဘော၌ အတွင်းဝင်သူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၅) ဣတိ၊ ဤသို့။ ဣမေဟိ ပဉ္စဟာဟာရေဟိ၊ ဤငါးပါးသော အခြင်းအရာတို့ဖြင့်။ အနောဓိသောဖရဏာ၊ အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်သော။ မေတ္တာ စေတောဝိမုတ္တိ၊ မေတ္တာစေတောဝိမုတ္တိကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

သဗ္ဗာ ဣတ္ထိယော၊ အလုံးစုံသော မိန်းမတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၁)

သဗ္ဗေ ပုရိသာ၊ အလုံးစုံသော ယောကျ်ားတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၂)

သဗ္ဗေ အရိယာ၊ အလုံးစုံသော အရိယာတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကိုရွက်ဆောင်နိုင်ကြပါစေ။ (၃)

သဗ္ဗေ အနရိယာ၊ အလုံးစုံသော ပုထုဇဉ်တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၄)

သဗ္ဗေ ဒေဝါ၊ အလုံးစုံသော နတ်တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၅)

သဗ္ဗေ မနုဿာ၊ အလုံးစုံသော လူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၆)

သဗ္ဗေ ဝိနိပါတိကာ၊ အလုံးစုံသော အပါယ်ဘုံသားတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၇) ဣတိ၊ ဤသို့။ ဣမေဟိ သတ္တဟာ–

ကာရေဟိ၊ ဤခုနစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဩဓိသောဖရဏာ၊ အပိုင်းအခြားရှိသောအားဖြင့် ဖြန့်သော။ မေတ္တာ စေတောဝိမုတ္တိ၊ မေတ္တာစေတောဝိမုတ္တိကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ပုရတ္ထိမာယ သာဒိယ၊ အရှေ့အရပ်မျက်နှာ၌—

သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ပ။အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၁)

ပစ္ဆိမာယ ဒိသာယ၊ အနောက်အရပ်မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ပ။အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၂)

ဥတ္တရာယ ဒိသာယ၊ မြောက်အရပ်မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ပ။အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၃)

ဒက္ခိဏာယ ဒိသာယ၊ တောင်အရပ်မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၄)

ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင် အရပ်မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရင်ကင်းကြပါစေ ။ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၅)

ပစ္ဆိမာယ အနုဒိသာယ၊ အနောက်မြောက် အရပ်မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၆)

(၃၀၃) ဥတ္တရာယ အနုဒိသာယ၊ အရှေ့မြောက် အရပ်မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည် ။ပ။ (၇)

ဒက္ခိဏာယ အနုဒိသာယ၊ အနောက်တောင် အရပ်မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည် ။ပ။ (၈)

ဟေဋ္ဌိမာယ ဒိသာယ၊ အောက်အရပ် မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည် ။ပ။ (၉)

ဝိသုဒ္ဓိ၊ ဒု–၂၂ [(က)

ဥပရိမာယ ဒိသာယ၊ အထက်အရပ် မျက်နှာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ အတ္တာနံ ပရိဟရန္တု၊ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (၁၀) (သတ္တဝါရ-၁)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်မျက်နှာ၌။ သဗ္ဗေ ပါဏာ၊ အလုံးစုံသော အသက်ရှူသူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ။ (၁)

ပစ္ဆိမာယ ဒိသာယ၊ အနောက်အရပ် မျက်နှာ၌ ။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာ၌။ သဗ္ဗေ ပါဏာ၊ အလုံးစုံသော အသက်ရှူသူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရွက်ဆောက်နိုင်ကြပါစေ။ (၁၀) (ပါဏဝါရ—၂)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ ဘူတာ၊ အလုံးစုံသော ထင်ရှားဖြစ်သူတို့သည် ။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာ၌။ သဗ္ဗေ ဘူတာ၊ အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ။ (၁၀) (ဘူတဝါရ—၃)

ပုရတ္ထိမာယ ဒိသာယ။ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ ပုဂ္ဂလာ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာ၌။ သဗ္ဗေ ပုဂ္ဂလာ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ ။ပ။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ။ (၁၀) (ပုဂ္ဂလဝါရ-၄)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ အလုံးစုံသော အတ္တဘော၌ အတွင်းဝင်သူတို့သည်။ ဥပရိမာယ ဒိသာယ၊ အထက်အရပ် မျက်နှာ၌။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ အလုံးစုံသော အတ္တဘော၌အတွင်းဝင်သူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ။ (၁၀) (အတ္တဘာဝပရိယာပန္နဝါရ-၅)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗာ ဣတ္ထိယော၊ အလုံးစုံသော မိန်းမတို့သည် ။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာ၌။ သဗ္ဗာ ဣတ္ထိယော၊ အလုံးစုံသော မိန်းမတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ။ (၁၀) (ဣတ္ထိယဝါရ—၆)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ ပုရိသာ၊ အလုံးစုံသော ယောကျ်ားတို့သည် ။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာ၌။ သဗ္ဗေ ပုရိသာ၊ အလုံးစုံသော ယောကျ်ားတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရှက်ဆောင်နိုင်ကြပါစေ။ (၁၀) (ပုရိသဝါရ-၇)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ အရိယာ၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည် ။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာ၌။ သဗ္ဗေ အရိယာ၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရှက်ဆောင်နိုင်ကြပါစေ။ (၁၀) (အရိယဝါရ-၈)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ အနရိယာ၊ အလုံးစုံသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ် မျက်နှာ၌။ သဗ္ဗေ အနရိယာ၊ အလုံးစုံသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရှက်ဆောင်နိုင်ကြပါစေ။ (၁၀) (အနရိယဝါရ-၉)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်မျက်နှာ၌။ သဗ္ဗေ ဒေဝါ၊ အလုံးစုံသော နတ်တို့သည်။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ် မျက်နှာ၌။ သဗ္ဗေ ဒေဝါ၊ အလုံးစုံသော နတ်တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရှက်ဆောင်နိုင်ကြပါစေ။ (၁၀) (ဒေဝါဝါရ-၁၀)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ မနုဿာ၊ အလုံးစုံသော လူတို့သည်။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်မျက်နှာ၌။ သဗ္ဗေ မနုဿာ၊ အလုံးစုံသော လူတို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ ။ပ။ ပရိဟရန္တု၊ ရှက်ဆောင်နိုင်ကြပါစေ။ (၁၀) (မနုဿဝါရ-၁၁)

ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ် မျက်နှာ၌။ သဗ္ဗေ ဝိနိပါတိကာ၊ အလုံးစုံသော အပါယ်ဘုံသားတို့သည် ။ပ။ ဥပရိမာယ ဒိသာယ၊ အထက်အရပ် မျက်နှာ၌။ သဗ္ဗေ ဝိနိပါတိကာ၊ အလုံးစုံသော အပါယ်ဘုံသား တို့သည်။ အဝေရာ၊ ရန်ကင်းကြပါစေ။ အဗျာပဇ္ဇာ၊ စိတ်ဆင်းရဲ ကင်းကြပါစေ။ အနီဃာ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ။ သုခီ အတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရှက်ဆောင်နိုင်ကြပါစေ။ (၁၀) (ဝိနိပါတိကာဝါရ-၁၂)-

ဣတိ၊ ဤသို့။ ဣမေဟိ ဒသဟာကာရေဟိ၊ ဤဆယ်ပါးသော အခြင်း
အရာတို့ဖြင့်။ ဒိသာဖရဏာ၊ အရပ်မျက်နှာကိုဖြန့်သော။ မေတ္တာ စေတော-
ဝိမုတ္တိ၊ မေတ္တာစေတောဝိမုတ္တိကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၂၅၆။ တတ္ထ၊ ထိုစကားရပ်၌။ သဗ္ဗေတိ ဧတံ၊ သဗ္ဗေ-ဟူသော ဤ
စကားသည်။ အနဝသေသပရိယာဒါနံ၊ အကြွင်းမဲ့ သိမ်းယူသော စကား
ပေတည်း။ သတ္တာတိ၊ သတ္တာ-ဟူသည်ကား။ ရူပါဒီသု ခန္ဓေသု၊ ရုပ်အစ
ရှိသော ခန္ဓာတို့၌။ ဆန္ဒရာဂေန၊ လိုချင်တပ်မက်သော ဆန္ဒရာဂဖြင့်။
သတ္တာ၊ ငြိကပ်ကြကုန်၏။ ဝိသတ္တာ၊ တွယ်တာတတ်ကြကုန်၏။ ဣတိ-တသ္မာ၊
ထို့ကြောင့်။ သတ္တာ၊ သတ္တဝါမည်ကုန်၏။ ဟိ၊ မှန်ပေ၏။ ဧတံ၊ ဤဆို
လတ္တံ့သောစကားတော်ကို။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟော
တော်မူအပ်၏။—

"ရာဓ၊ ရဟန်းအိုကြီး ရာဓ။ ရူပေ၊ ရုပ်၌။ ယော ဆန္ဒော၊
အကြင် လိုချင်ခြင်းသည်။ ယော ရာဂေါ၊ အကြင် တပ်မက်ခြင်း
သည်။ ယာ နန္ဒီ၊ အကြင် နှစ်သက်ခြင်းသည်။ ယာ တဏှာ၊
အကြင် ဆာလောင်ခြင်း တဏှာသည်။ အတ္ထိ၊ ရှိ၏။ တတြ၊ ထိုရုပ်
၌။ သတ္တော၊ တဏှာဖြင့် ကပ်ငြိတတ်၏။ တတြ၊ ထိုရုပ်၌။ ဝိသတ္တော၊
တွယ်တာတတ်၏။ တသ္မာ၊ ထိုကြောင့်။ သတ္တောတိ၊ သတ္တဝါဟူ၍။
ဝုစ္စတိ၊ ဆိုအပ်၏။ ဝေဒနာယ၊ ဝေဒနာ၌။ သညာယ၊ သညာ၌။
သင်္ခါရေသု၊ သင်္ခါရတို့၌။ ဝိညာဏေ၊ ဝိညာဉ်၌။ ယော ဆန္ဒော၊
အကြင် လိုချင်ခြင်းသည်။ ယော ရာဂေါ၊ အကြင် တပ်မက်ခြင်း
သည်။ ယာ နန္ဒီ၊ အကြင်နှစ်သက်ခြင်းသည်။ ယာ တဏှာ၊အကြင်
ဆာလောင်ခြင်းတဏှာသည်။အတ္ထိ၊ ရှိ၏။ တတြ၊ ထိုရုပ်၌။ သတ္တော၊
တဏှာဖြင့် ကပ်ငြိတတ်၏။ တတြ၊ ထိုရုပ်၌၊ ဝိသတ္တော၊တွယ်တာ
တတ်၏။ တသ္မာ၊ ထိုကြောင့်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ဝုစ္စတိ၊
ဆိုအပ်၏။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ပန၊ ဆက်၍ရှင်းဦးအံ့။ အယံ ဝေါဟာရော၊ ဤ သတ္တဝါဟူသော
ဝေါဟာရသည်။ ဝီတရာဂေသုပိ၊ တပ်မက်မှုကင်းသော ရဟန္တာတို့၌လည်း။
ရုဠှီသဒ္ဒေန၊ ဧတင်ရုဠှီ, အတွင်ရုဠှီ-သဒ္ဒါ အလိုအားဖြင့်။ ဝတ္တတိယေဝ၊ ဖြစ်
သည်သာလျှင်တည်း။ တာလဝဏ္ဍေဝေါဟာရော၊ ထန်းရွက်ယပ်ဟူသော ဝေါ

ဟာရသည်။ ဝိလီဝမနေယ၊ ဝါးဖြင့်ပြီးသော။ ဗီဇနိဝိသေသေပိ၊ ယပ်အထူး၌လည်း။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့ပင်တည်း။ အကုရစိန္တကာ ပန၊သဒ္ဒါဆရာတို့သည်ကား။ အတ္ထံ အဝိစာရေတွာ၊ အနက်ကို မစိစစ်မူ၍။ တော၊ ဤသတ္တဝါဟူသောအမည်ကို။ နာမမတ္တန္တိ၊ အမည်မျှသာ ဟူ၍။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ ယေပိ၊ အကြင် အနက်ကိုစိစစ်သော ဆရာတို့သည်ကား။ အတ္ထံ ဝိစာရေန္တိ၊ အနက်ကိုစိစစ်ကုန်၏။ တေ၊ ထိုအနက်ကို စိစစ်သော ဆရာတို့သည်။ သတ္တယောဂေန၊ သတ္တဂုဏ်နှင့်ယှဉ်ခြင်းကြောင့်။ သတ္တာတိ၊ သတ္တဝါ မည်ကုန်၏-ဟု။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။

ပါဏနတာယ၊ အသက်ရှူတတ်သောကြောင့်။ ပါဏာ၊ ပါဏ-မည်ကုန်၏။ အဿာသပဿာသာ ယတ္တဝုတ္တိတာယ၊ ထွက်သက်-ဝင်သက်နှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့်။ ဣတိ-အယံ၊ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဘူတတ္တာ၊ ထင်ရှားဖြစ်ခြင်းကြောင့်။ ဘူတာ၊ ဘူတ မည်ကုန်၏။ သံဘူတတ္တာ၊ ကောင်းစွာဖြစ်ခြင်းကြောင့်။ အဘိနိဗ္ဗတ္တတ္တာ၊ အသစ် ထင်ရှားဖြစ်ခြင်းကြောင့်။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ နိရယော၊ ငရဲကို။ ပုန္တိ၊ ပုံ-ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ တသ္မိံ၊ ထိုငရဲ၌။ ဝါ၊ငရဲသို့။ ဂလန္တိ၊ ကျရောက်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ပုဂ္ဂလာ၊ ပုဂ္ဂလ မည်ကုန်၏။ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ သရီရံ၊ ကိုယ်ကို။ ဝါ၊ တနည်းသော်ကား။ ခန္ဓပဉ္စကမေဝ၊ ခန္ဓာငါးပါးအပေါင်းကိုသာလျှင်။ အတ္တဘာဝေါ၊ အတ္တဘော-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သရီရံ၊ ကိုယ်ကို။ ဝါ၊ တနည်းသော်ကား။ ခန္ဓပဉ္စကမေဝ၊ ခန္ဓာငါးပါးအပေါင်းကိုသာလျှင်။ အတ္တဘာဝေါ၊ အတ္တဘော-ဟူ၍။ ကသ္မာ၊ အဘယ်ကြောင့်။ဝုစ္စတိ၊ဆိုအပ်ပါသနည်း။ ဣတိ-အယံ၊ ဤသည်ကား။ စောဒနာ၊စောဒနာခြင်းတည်း။ တံ ဥပါဒါယ၊ ထိုခန္ဓာငါးပါးအပေါင်းကို စွဲ၍။ ပညတ္တိမတ္တသမ္ဘဝတော၊ ပညတ်မျှဖြစ်သင့်သောကြောင့်။သရီရံ၊ ကိုယ်ကို။ ဝါ၊ တနည်းသော်ကား။ခန္ဓပဉ္စကမေဝ၊ ခန္ဓငါးပါးအပေါင်းကိုသာလျှင်။အတ္တဘာဝေါ၊ အတ္တဘော-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊အဖြေတည်း။ တသ္မိံ အတ္တဘာဝေ၊ထိုအတ္တဘော၌။ပရိယာပန္နာ၊ အတွင်းဝင်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ အတ္တဘာဝပရိယာပန္နာ၊ အတ္တဘာဝပရိယာပန္န-မည်ကုန်၏။ ပရိယာပန္နာတိ၊ ပရိယာပန္နာ-ဟူသည်ကား။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်ကုန်၏။ အန္တောဂဓာ၊ အတွင်းဝင်ကုန်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊အနက်တည်း။

ဝိသုဒ္ဓိ ၃-၂၂ (ခ)

(၃၀၄) စ၊ ဆက်၍ရှင်းပြဦးအံ့။ သတ္တာတိ ဝစနံ၊ သတ္တ-သဒ္ဒါကို။ ရုဠှီဝသေန။ ရုဠှီအစွမ်းအားဖြင့်။ အာရောပိတံ ယထာ၊ တင်အပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သေသာနိပိ၊ကြွင်းသော ပါဏ-စသော သဒ္ဒါတို့သည်လည်း။ ရုဠှီ-ဝသေန အာရောပေတွာ၊ ရုဠှီအစွမ်းအားဖြင့်တင်၍။ တာနိ သဗ္ဗာနိ၊ ဤ သဒ္ဒါအားလုံးတို့သည်လည်း။ သဗ္ဗသတ္တ-ဝေစနာနီတိ၊ သတ္တဝါအားလုံးကို ဟောသည့်ဝေဝုစ်-ပရိယာယ် စကားလုံးတို့ဖြစ်ကြကုန်၏ ဟူ၍။ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ စ၊ဆက်ဦးအံ့။ အညာနိပိ၊သတ္တ, ပါဏ-စသည်မှတပါး ဖြစ်ကုန်သော။ သဗ္ဗေ ဇန္တူ သဗ္ဗေ ဇီဝါတိအာဒီနိ၊သဗ္ဗေ ဇန္တူ, သဗ္ဗေ ဇီဝါ-ဤသို့ အစရှိကုန်သော။ သဗ္ဗသတ္တဝေဝစနာနိ၊ အလုံးစုံသော သတ္တဝါ၏ ဝေဝုစ်-ပရိယာယ် သဒ္ဒါတို့သည်။ ကာမံ အတ္ထိ၊ အကယ်၍ကား ရှိကုန်၏။ ပန၊ ထိုသို့ ရှိကုန်သော်လည်း။ ပါကဋဝသေန၊ ထင်ရှားသည်၏ အစွမ်းအားဖြင့်။ ဣမာနေဝ ပဉ္စ ဂဟေတွာ၊ ဤငါးပုဒ်တို့ကိုသာ ယူ၍။ "ပဉ္စဟာကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ အနောဓိသောဖရဏာ၊ အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်သော။ မေတ္တာ စေတောဝိမုတ္တီတိ၊ မေတ္တာစေတော-ဝိမုတ္တိ" ဟူ၍။ ဝုတ္တံ ၊ဆိုအပ်၏။

ပန၊ အထူးကိုဆိုဦးအံ့။ ယေ၊ အကြင်ဆရာတို့သည်။ သတ္တာ ပါဏာတိ အာဒီနံ၊ သတ္တ, ပါဏ—စသော သဒ္ဒါတို့၏။ ကေဝလံ၊ သက်သက်။ ဝစန-မတ္တတောဝ၊ သဒ္ဒါမျှဖြင့်သာလျှင်။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ န ဣစ္ဆေယျုံ၊ အလိုမရှိကုန်ရာ။ ဝါ၊ မယူလိုကုန်ရာ။ အထ ခေါ၊ စင်စစ်သော်ကား။ အတ္ထတောပိ၊ အနက်အားဖြင့်လည်း။ နာနတ္တမေဝ၊ ထူးခြားသည်၏ အဖြစ်ကိုသာလျှင်။ ဣစ္ဆေယျုံ၊ အလိုရှိကုန်ရာ၏။ တေသံ(မတေန)၊ ထို ဆရာတို့၏ အလိုအားဖြင့်။ အနောဓိသောဖရဏာ၊ အပိုင်းအခြားမရှိသော အားဖြင့် ဖြန့်ခြင်းသည်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ တသ္မာ၊ ထို့ကြောင့်။ တသာ အတ္ထံ၊ ထိုသို့ အနက်အရပါ ကွဲပြားသောအနက်ကို။ အဂဟေတွာ အယူမူ၍။ ဣမေသု ပဉ္စသု အကာရေသု၊ ဤငါးပါးသော အခြင်းအရာတို့ တွင်။ အညတရဝသေန၊ တပါးပါး၏ အစွမ်အားဖြင့်။ အနောဓိသော မေတ္တာ၊ အပိုင်းအခြားမရှိသောအားဖြင့် အနောဓိသမေတ္တာကို။ ဖရိတဗ္ဗာ၊ ဖြန့်အပ်ပေ၏။

၂၅၇။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤသို့ဖြန့်ရာ၌။ သဗ္ဗေ သတ္တာ၊ အလုံးစုံ သော သတ္တဝါတို့သည်။ အဝေရာ ဟောန္တုတိ၊ ရန်ကင်းကြပါစေကုန်

သတည်း ဟူ၍။ အယံ၊ ဤမေတ္တာဖြန့်ခြင်းသည်။ ကော၊ တစ်ခုသော။ အပ္ပနာ၊ အပ္ပနာပေတည်း။ အဗျာပဇ္ဈာ ဟောန္တုတိ၊ စိတ်ဆင်းရဲခြင်း ကင်းကြပါစေကုန်သတည်း—ဟူ၍။ အယံ၊ ဤမေတ္တာဖြန့်ခြင်းသည်။ ကော၊ တစ်ခုသော။ အပ္ပနာ၊ အပ္ပနာပေတည်း။ အနီဃာ ဟောန္တုတိ၊ ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေကုန်သတည်း-ဟူ၍။ အယံ၊ ဤမေတ္တာဖြန့်ခြင်းသည်။ ကော၊ တစ်ခုသော။ အပ္ပနာ၊ အပ္ပနာပေတည်း။ အနီဃာတိ၊ အနီဃာ-ဟူသည်ကား။ နိဒ္ဒုက္ခာ၊ ကိုယ်ဆင်းရဲ ကင်းကုန်သည်။ သုခီ အတ္တာနံ ပရိဟရန္တုတိ၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ပါစေကုန်သတည်း—ဟူ၍။ အယံ၊ ဤမေတ္တာဖြန့်ခြင်းသည်။ ကော၊ တစ်ခုသော။ အပ္ပနာ၊ အပ္ပနာပေတည်း။ တသ္မာ၊ ထို့ကြောင့်။ ဣမေသုပိ ပဒေသု၊ ဤ လေးပုဒ်တို့တွင်လည်း။ ယံ ယံ၊ အကြင်အကြင် ပုဒ်သည်။ ပါကဋံ ဟောတိ၊ ထင်ရှား၏။ တဿ တဿ ဝသေန၊ ထိုထို ထင်ရှားသောပုဒ်၏ အစွမ်းဖြင့်။ မေတ္တာ၊ မေတ္တာကို။ ဖရိတဗ္ဗာ၊ ဖြန့်အပ်၏။ ဣတိ၊ ဤဆိုခဲ့သည့်အတိုင်း။ ပဉ္စသု အာကာရေသု၊ ငါးပါးသော အခြင်းအရာတို့၌။ စတုန္နံ အပ္ပနာနံ ဝသေန၊ လေးပါး လေးပါးသော အပ္ပနာတို့၏အစွမ်းအားဖြင့်။ အနောဓိ-သောဖရဏေ၊ အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်ရာ၌။ ဝီသတိ အပ္ပနာ ဟောန္တိ၊ အပ္ပနာနှစ်ဆယ်တို့ ဖြစ်ကုန်၏။

ပန၊ အဖွင့်တပါးကား။ ဩဓိသောဖရဏေ၊ အပိုင်းအခြားရှိသောအား ဖြင့် ဖြန့်ရာ၌။ သတ္တသု အာကာရေသု၊ ခုနစ်ပါးသော အခြင်းအရာတို့၌။ စတုန္နံ ဝသေန၊ လေးပါး လေးပါးသော အပ္ပနာတို့၏ အစွမ်းဖြင့်။ အဋ္ဌဝီသတိ၊ အပ္ပနာနှစ်ဆယ့်ရှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စ၊ ဆက် ၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအပိုင်းအခြားအားဖြင့် ဖြန့်ရာ၌။ဣတ္ထိယော ပုရိသာတိ၊ မိန်းမတို့သည်, ယောကျ်ားတို့သည်-ဟူသော နှစ်ပုဒ်ကို။ လိင်္ဂဝသေန၊ လိင်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်ပေ၏။အရိယာ အနရိယာတိ၊ အရိယာတို့သည်, အရိယာမဟုတ်သူတို့သည်-ဟူသောဤနှစ်ပုဒ်ကို။ အရိယ ပုထုဇ္ဇနဝသေန၊ အရိယာနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အလိုအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဒေဝါ မနုဿာ ဝိနိပါတိကာတိ၊ နတ်တို့သည်, လူတို့သည်, ဝိနိပါတိက အပါယ်ဘုံ သူတို့သည်-ဟူသော ဤသုံးပုဒ်ကို။ ဥပပတ္တိဝသေန၊ ကပ်၍ဖြစ်ခြင်း ပဋိ-သန္ဓေ၏အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်ပေ၏။

ပန၊ တဖို့တပါးကား။ ဒိသာဖရဏာ၊ အရပ်မျက်နှာအားဖြင့် ဖြန့်ရာ၌။ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့မျက်နှာ အရပ်၌၊ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဣတိ အာဒိနာ နယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ဧကမေကိဿာ ဒိသာယ၊ တစ်ခုခုသော အရပ်မျက်နှာ၌။ ဝီသတိ ဝီသတိ ကတွာ၊ နှစ်ဆယ်—နှစ်ဆယ်-ပြု၍။ ဒွေသတာနိ၊ နှစ်ရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့မျက်နှာအရပ်၌။ သဗ္ဗာ ဣတ္ထိယော၊ အလုံးစုံသော မိန်းမတို့သည်။ ဣတိအာဒိနာ နယေန၊ ဤသို့ အစရှိသောနည်းဖြင့်။ ဧကမေကိဿာ ဒိသာယ၊ တစ်ခုခုသော အရပ်မျက်နှာ၌။ အဋ္ဌဝီသတိ အဋ္ဌဝီသတိ ကတွာ၊ နှစ်ဆယ့်ရှစ်-နှစ်ဆယ့်ရှစ်-တို့ကို ပြု၍။ အသီတိ ဒွေသတာနိ၊ နှစ်ရာရှစ်ဆယ် ဖြစ်ကုန်၏။ ဣတိ၊ ဤသို့အားဖြင့်။ အပ္ပနာ၊ အပ္ပနာတို့သည်။ စတ္တာရိ သတာနိ စ၊ လေးရာတို့သည်လည်းကောင်း။ အသီတိ စ၊ ရှစ်ဆယ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တနည်း-အပ္ပနာ၊ အပ္ပနာတို့သည်။ စတ္တာရိ သတာနိ အသီတိ စ၊ လေးရာရှစ်ဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့သောအပြားအားဖြင့်။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်၌။ ဝုတ္တာနိ၊ ဟောအပ်ကုန်သော။ သဗ္ဗာနိပိ၊ အပ္ပနာအားလုံးတို့သည်လည်း။ အဋ္ဌဝီသာဓိကာနိ၊ နှစ်ဆယ့်ရှစ်ပါး အလွန်ရှိကုန်သော။ ပဉ္စ အပ္ပနာသတာနိ၊ အပ္ပနာ ငါးရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်တည်း။

ဣတိ၊ ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ဧတာသု အပ္ပနာသု၊ ငါးရာနှစ်ဆယ်ရှစ်သွယ်သော အပ္ပနာတို့တွင်။ ယဿ ကဿစိ ဝသေန၊ အမှတ်မရှိ တပါးပါးသော အပ္ပနာ၏အစွမ်းအားဖြင့်။ မေတ္တံ စေတော ဝိမုတ္တိံ ဘာဝေတွာ၊ မေတ္တာ စေတော ဝိမုတ္တိကို ပွားစေ၍။ အယံ ယောဂါဝစရော၊ ဤယောဂါဝစရ—ယောဂီပုဂ္ဂိုလ်သည်။ "သုခံ သုပတိ"တိ အာဒိနာ နယေန၊ ချမ်းသာစွာအိပ်ရ၏-ဤသို့အစရှိသောနည်းဖြင့်။ ဝုတ္တေ၊ ဟောတော်မူအပ်ကုန်သော။ ဧကာဒသာနိသံသေ၊ တစ်ဆယ့်တစ်ပါးသောအကျိုးတို့ကို။ ပဋိလဘတိ၊ ရ၏။

(၃၀၅) ၂၅၀။ တတ္ထ၊ ထိုတစ်ဆယ့်တစ်ပါးသောအာနိသင် အကျိုးတို့တွင်။ သုခံ သုပတီတိ၊ သုခံ သုပတိ-ဟူသည်ကား။ သေသာ ဇနာ၊ မေတ္တာ စေတောဝိမုတ္တိ-ကို ရသူမှကြွင်းကုန်သော အခြားသောပုဂ္ဂိုလ်တို့သည်။ သမ္ပရိဝတ္တမာနာ၊ တပြောင်းပြန်ပြန် လူးလှိမ့်ကုန်လျက်။ ကာကစ္ဆမာနာ၊ ရှူရှိုက်သံ မြည်စေကုန်လျက်။ ဝါ၊ ဟောက်ကုန်လျက်။ ဒုက္ခံ သုပန္တိ ယထာ၊

ဆင်းရဲစွာ အိပ်ကုန်သကဲ့သို့။ ဒဝံ၊ ထို့အတူ။ အသုပိတ္ဝာ၊ ဆင်းရဲစွာ မအိပ်ရမူ၍။ သုခံ သုပတိ၊ ချမ်းသာစွာ အိပ်ရ၏။ နိဒ္ဒံ ဩက္ကန္တောပိ၊ အိပ်ပျော်ခြင်းသို့ ရောက်နေသော်လည်း။ သမာပတ္တိံ သမာပန္နော ဝိယ ဟောတိ၊ သမာပတ်ဝင်စားနေသကဲ့သို့ ဖြစ်ပေ၏။ (၁)

သုခံ ပဋိဗုဇ္ဈတီတိ၊ ချမ်းသာစွာ နိုးရ၏-ဟူသည်ကား။ အညေ၊ အခြားသောသူတို့သည်။ နိတ္ထုနန္တာ၊ ငြီးတွားကုန်လျက်။ ဝိဇမ္ဘန္တာ၊ ကိုယ်လက်တို့ကို ပစ်နွဲ့ကုန်လျက်။ သမ္ပရိဝတ္တန္တာ၊ လူးလိမ့်ကုန်လျက်။ ဒုက္ခံ ပဋိဗုဇ္ဈန္တိ ယထာ၊ ဆင်းရဲစွာ နိုးရကုန်သကဲ့သို့။ ဧဝံ၊ ထိုအတူ။ အပ္ပဋိဗုဇ္ဈိတွာ၊ ဆင်းရဲစွာ မနိုးမူ၍။ ဝိကသမာနံ ပဒုမံ ဣဝ၊ ပဒုမ္မာကြာပန်း ပွင့်လန်းသကဲ့သို့။ နိဗ္ဗိကာရံ သုခံ ပဋိဗုဇ္ဈတိ၊ ချမ်းသာစွာ နိုးရပေ၏။ (၂)

န ပါပကံ သုပိနံ ပဿတီတိ၊ ယုတ်ညံ့သော အိပ်မက်ဆိုးကို မမြင်ရ-ဟူသည်ကား။ သုပိနံ ပဿန္တောပိ၊ အိပ်မက်ကိုမြင်သော်လည်း။ ဘဒ္ဒကမေဝ၊ ကောင်းသည်သာဖြစ်သော။ သုပိနံ ပဿတိ၊ အိပ်မက်မြင်မက်၏။ စေတိယံ ဝန္ဒန္တော ဝိယ၊ စေတီတော်ကို ရှိခိုးနေသကဲ့သို့ လည်းကောင်း။ ပူဇံ ကရောန္တော ဝိယ၊ ပူဇော်ခြင်းကို ပြုနေသကဲ့သို့ လည်းကောင်း။ ဓမ္မံ သုဏန္တော ဝိယ၊ တရားကို နာနေသကဲ့သို့ လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ပန၊ ဥပမာသော်ကား။ အညေ၊ အခြားသူတို့သည်။ အတ္တာနံ၊ မိမိကို။ စောရေဟိ၊ ခိုးသူတို့သည်။ ဝါ၊ ခိုးသူတို့က။ သမ္ပရိဝါရိတံ ဝိယ စ၊ ဝိုင်းရံထားသကဲ့သို့ လည်းကောင်း။ ဝါဠေဟိ၊ ကျား-စသော သားရဲတို့သည်။ ဥပဒ္ဒုတံ ဝိယ စ၊ အနှိပ်အစက် ခံရသကဲ့သို့ လည်းကောင်း။ ပပါတေ၊ ကမ်းပါးပြတ်၌။ ပတန္တံ ဝိယ စ၊ ကျသွားသကဲ့သို့ လည်းကောင်း။ ပဿန္တိ ယထာ၊ မြင်မက်ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ပါပကံ သုပိနံ န ပဿတိ၊ ယုတ်ညံ့သော အိပ်မက်ကို မမြင်မက်ရပေ။ (၃)

မနုဿာနံ ပိယော ဟောတီတိ၊ လူတို့သည် ချစ်အပ်သည်-ဟူသည်ကား။ ဥရေ၊ ရင်၌။ အာမုတ္တမုတ္တာဟာရော ဝိယ စ၊ တွဲလဲကျနေသော ပုလဲသွယ်ကဲ့သို့ လည်းကောင်း။ သီသေ၊ ဦးခေါင်း၌။ ပိဠန္ဓမာလာ ဝိယ စ၊ ပန်ဆင်ထားသော ပန်းကုံးကဲ့သို့လည်းကောင်း။ မနုဿာနံ ပိယော ဟောတိ၊ လူတို့က ချစ်ခင်အပ်၏။ မနုဿာနံ မနာပေါ ဟောတိ၊ လူတို့က မြတ်နိုးအပ်၏။ (၄)

အမနုဿာနံ ပိယော ဟောတီတိ၊ နတ်တို့က ချစ်သည်—ဟူသည်ကား။ မနုဿာနံ၊ လူတို့၏၊ လူတို့သည်၊ လူတို့က။ ပိယော ဟောတိ ယထေဝ၊ ချစ်အပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အမနုဿာနမ္ပိ၊ နတ်တို့ကလည်း။ ပိယော ဟောတိ၊ ချစ်ခင်ပေ၏။ ဝိသာခတ္ထေရော ဝိယ၊ ဝိသာခ—မထေရ်ကဲ့သို့ ပေတည်း။

ကိရ၊ တဆင့်စကား ကြားရဖူးသည်ကား။ သော၊ ထို ဝိသာခ-မထေရ် သည်။ ပါဋလိပုတ္တေ၊ ပါဋလိပုတ်ပြည်၌။ ကုဋုမ္ဗိယော၊ သူကြွယ်တစ်ဦး သည်။ အဟောသိ ကိရ၊ ဖြစ်ဖူးသတဲ့။ သော၊ ထို ဝိသာခ-သူကြွယ်သည်။ တတ္ထေဝ ဝသမာနော၊ ထို ပါဋလိပုတ်ပြည်၌ နေစဉ်ပင်။ "တမ္ဗပဏ္ဏိဒီပေါ၊ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သည်။စေတိယမာလာလင်္ကတော ကိရ၊ စေတီတော် အစဉ်ဖြင့် တန်ဆာဆင်အပ်သတဲ့။ ကာသာဝပဇ္ဇောတော ကိရ၊ သင်္ကန်း ရောင်ဖြင့် တောက်ပသတတ်။ တတ္ထ၊ ဤသီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌။ ဣစ္ဆိ—တိစ္ဆိတဋ္ဌာနေယေဝ၊ အလိုရှိရာ အလိုရှိရာ အရပ်၌ပင်လျှင်။ နိသီဒိတုံ ဝါ၊ နေထိုင်ရန်အလို့ငှာလည်းကောင်း။ နိပဇ္ဇိတုံ ဝါ၊ အိပ်နေရန်အလို့ငှာလည်း ကောင်း။ သက္ကာ ကိရ၊ ဖြစ်နိုင်သတတ်။ ဥတုသပ္ပါယံ၊ လျောက်ပတ်သော ဥတုကိုလည်းကောင်း။ သေနာသနသပ္ပါယံ၊ လျောက်ပတ်သော ကျောင်းကို လည်းကောင်း။ ပုဂ္ဂလသပ္ပါယံ၊ ပုဂ္ဂလသပ္ပါယကိုလည်းကောင်း။ ဓမ္မဿဝန—သပ္ပါယံ၊ တရားနာခြင်းဟူသော သပ္ပါယကိုလည်းကောင်း။ ဣတိ၊ ဤသို့။ တတ္ထ၊ ဤသီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌။ သဗ္ဗံ၊ အလုံးစုံသော သပ္ပါယကို။ သုလဘံ၊ ရလွယ်၏။" ဣတိ၊ ဤသို့။ အဿောသိ ကိရ၊ ကြားဖူးသတတ်။

သော၊ ထို ဝိသာခ-သူကြွယ်သည်။ အတ္တနော ဘောဂက္ခန္ဓံ၊ မိမိ၏စည်း စိမ်ဥစ္စာကို။ ပုတ္တဒါရဿ နိယျာဒေတွာ၊ သားမယားအား အပ်နှင်းခဲ့ပြီး လျှင်။ ဒုဿန္တေ၊ ပုဆိုးအစွန်း၌။ ဗဒ္ဓေန ကေကဟာပဏေနေဝ၊ ထုပ်ဖွဲ့ ထားသော အသပြာတစ်ခုဖြင့်သာလျှင်။ ဃရာ နိက္ခမိတွာ၊ အိမ်မှထွက်ခဲ့၍။ သမုဒ္ဒတီရေ၊ ပင်လယ်ကမ်းခြေ သင်္ဘောဆိပ်၌။ နာဝံ ဥဒိက္ခမာနော၊သင်္ဘော ကို ငံ့လျက်။ ဧကမာသံ ဝသိ၊ တစ်လမျှ နေရ၏။ သော၊ ထို ဝိသာခ သူကြွယ်သည်။ ဝေါဟာရကုသလတာယ၊ ရောင်းဝယ်မှု၌ ကျွမ်းကျင်သော ကြောင့်။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ဘဏ္ဍံ ကိဏိတွာ၊ ပစ္စည်းကိုဝယ်ယူ ပြီးလျှင်။ အသုကသ္မိံ ဝိက္ကိဏန္တော၊ ထိုအရပ်၌ ရောင်းလျက်။ ဓမ္မိကာယ ဝဏိဇ္ဇာယ၊တရားနှင့်ယှဉ်သော ကုန်သွယ်ခြင်းဖြင့်။ တေနေဝ အန္တရမာသေန၊

ထို တစ်လအတွင်း၌ပင်လျှင်။ သဟဿံ အဘိသံဟရိ၊ ငွေတစ်ထောင် စုမိလေ၏။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ မဟာဝိဟာရံ အာဂန္တွာ၊ မဟာဝိဟာရ ကျောင်းတိုက်သို့ လာ၍။ ပဗ္ဗဇ္ဇံ ယာစိ၊ ရှင်ရဟန်းအဖြစ်ကို တောင်း၏။

(၃၀၆) သော၊ ထို ဝိသာခ—သူကြွယ်ကို။ ပဗ္ဗာဇနတ္ထာယ၊ ရှင်ရဟန်း ပြုပေးဖို့ရန်။ သီမံ နီတော၊ သိမ်သို့ခေါ်သွားသောအခါ။ ဩဝဋ္ဋိကန္တရေန၊ သူ၏ ခါးပိုက်ကြားမှ။ တံ သဟဿထဝိကံ၊ ထို ငွေတစ်ထောင်အိတ်သည်။ ဘူမိယံ၊ မြေ၌။ ဝါ၊ မြေသို့။ ပါတေသိ၊ ကျသွားလေ၏။ "ဧတံ၊ ဤအရာ ကား။ ကိန္တိ၊ အဘယ်နည်း"ဟု။ ဝုတ္တေ၊ မေးလတ်သည်ရှိသော်။ "ဘန္တေ၊ အရှင်ဘုရား။ ကဟာပဏသဟဿံ—တိ။ အသပြာငွေတထောင်ပါဘုရား"ဟု။ ဝတွာ၊ လျှောက်ထားသည်ရှိသော်။" ဥပါသက၊ ဥပါသကာ။ ပဗ္ဗဇိတ— ကာလတော ပဋ္ဌာယ၊ ရှင်ရဟန်းဖြစ်သောကာလမှ စ၍။ ဝိစာရေတုံ၊ စီမံရန်။ န သက္ကာ၊ မတတ်ကောင်း။ ဣဒါနေဝ၊ ယခုပင်လျှင်။ ဧတံ၊ ထိုငွေကို။ ဝိစာရေဟီ-ိ၊ စီမံပါလော့" ဟု။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ "ဝိသာခဿ၊ ဝိသာခ—၏။ ပဗ္ဗဇ္ဇဋ္ဌာနံ၊ ရှင်ရဟန်းပြုရာဌာနသို့။ အာဂတာ၊ လာကြကုန်သော သူတို့သည်။ ရိတ္တဟတ္ထာ၊ အချီးအနှီးသော လက်ရှိကာ။ မာ ဂမိံသုတိ၊ ပြန်မသွားကြပါစေလင့်" ဟု ဆိုလျက်။ မုဉ္စိတွာ၊ ငွေထုပ်ကို ဖြေ၍။ သီမာမာဠကေ၊ သိမ်တန်ဆောင်းဝန်း မြေအပြင်၌။ ဝိပ္ပကိရိတွာ၊ ဖြန့်ကြဲပြီးလျှင်။ ပဗ္ဗဇိတွာ ဥပသမ္ပန္နော၊ ရှင်ရဟန်းအဖြစ်သို့ ရောက်လေ၏။

သော၊ ထို ဝိသာခ-ရဟန်းသည်။ ပဉ္စဝဿော ဟုတွာ၊ ငါးဝါ-ရ၍။ ဒွေမာတိကာ၊ ဒွေမာတိကာကို။ ပဂုဏာ ကတွာ၊ ကျေပွန်အောင် လေ့လာ ပြီးလျှင်။ ပဝါရေတွာ၊ ပဝါရဏာပြုပြီး၍။ အတ္တနော သပ္ပါယံ၊ မိမိနှင့်လျော် သော။ ကမ္မဋ္ဌာနံ ဂဟေတွာ၊ ကမ္မဋ္ဌာန်းကို ယူပြီးလျှင်။ ဧကေကသ္မိံ ဝိဟာရေ၊ တစ်ခုတစ်ခုသော ကျောင်း၌။ စတ္တာရော မာသေ ကတွာ၊ လေးလတို့ကိုကန့်သတ်၍။ သမပ္ပဝတ္တဝါသံ ဝသမာနော၊ အညီအမျှဖြစ်သော နေခြင်းဖြင့် နေလျက်။ စရိ၊ လှည့်လည်နေလေ၏။ ဧဝံ စရမာနော၊ ဤသို့ လှည့်လှည်နေသော။—

ထေရော ဝိသာခေါ၊ ဝိသာခ—မထေရ်သည်။ အတ္တနော ဂုဏံ၊ မိမိဂုဏ်ကျေးဇူးကို။ သေန္တော၊ ရှာမှီးလျက်။ ဝနန္တရေ ဌိတော၊ တောကိုတောကြား၌ တည်လျက်။ ဂဇ္ဇမာနကော၊ ခြင်္သေ့ဟောက် သကဲ့သို့ ကြုံးဝါးကာ။ ဣမမတ္ထံ၊ ဤအကြောင်း အရာကို။ ဒးဘာ— သထ၊ မြွက်ဆိုလေ၏။

"ယာဝတာ၊ အကြင်မျှသောကာလမှ စ၍။ ဥပသမ္ပန္နော၊ ရဟန်း ဖြစ်ခဲ့၏။ ယာဝတာ၊ အကြင်မျှသောကာလဖြင့်။ ဣမ၊ ဤတော အလယ်သို့။ အာဂတော၊ ရောက်လာ၏။ ဧတ္ထန္တရေ၊ ဤကာလ အတွင်း၌။ ခလိတံ၊ ချွတ်ချော်သောအကျင့်မည်သည်။ နတ္ထိ၊ မရှိပေ။ မာရိသ၊ အရှင်ဝိသာခ။ တေ လာဘာ၊ သင့်အားထားသော ဂုဏ်ကျေးဇူး လာဘ်တို့သည်။ အဟော၊ ဩော်... ကြီးကျယ် မြင့်မြတ်ပါပေ ကုန်စွတကား။" ဣတိ၊ ဤသည်ပင်တည်း။

သော၊ ထို ဝိသာခ-မထေရ်သည်။ စိတ္တလပဗ္ဗတဝိဟာရံ၊ စိတ္တလ-တောင် ကျောင်းတိုက်သို့။ ဂစ္ဆန္တော၊ သွားလတ်သော်။ ဒွေဓာ ပထံ ပတွာ၊ လမ်း နှစ်ခွသို့ ရောက်လတ်၍။ "အယံ၊ ဤဘက်လမ်းသည်။ မဂ္ဂေါ နုခေါ၊ သွား သင့်သောလမ်းလေလော။ ဥဒါဟု၊ သို့မဟုတ်။ အယံ မဂ္ဂေါ နုခေါ၊ ဤဘက် လမ်းလေလော။" ဣတိ၊ ဤသို့။ စိန္တယန္တော၊ ကြံစည် စဉ်းစားလျက်။ အဋ္ဌာသိ၊ ရပ်နေ၏။ အထ၊ ထိုအခါ၌။ ပဗ္ဗတေ၊ တောင်၌။ အဓိဝတ္ထာ ဒေဝတာ၊ အုပ်စိုးနေသော နတ်သည်။ ဟတ္ထံ ပသာရေတွာ၊ လက်ကိုဆန့်တန်း၍။ "သော၊ ဤသည်ကား။ မဂ္ဂေါတိ၊ လမ်းပေတည်း" ဟု။ ဝတွာ၊ ပြောဆို လျက်။ အဿ၊ ထို ဝိသာခ-မထေရ်အား။ ဒဿေတိ၊ ညွှန်ပြလေ၏။ သော၊ ထို ဝိသာခ-မထေရ်သည်။ စိတ္တလပဗ္ဗတဝိဟာရံ ဂန္တွာ၊ စိတ္တလတောင် ကျောင်းတိုက်သို့ သွားရောက်၍။ တတ္ထ၊ ထိုကျောင်းတိုက်၌။ စတ္တာရော မာသေ ဝသိတွာ၊ လေးလပတ်လုံး နေပြီးလျှင်။ ပစ္စူသေ၊ မိုးသောက်ထ အခါ၌။ ဂမိဿာမီတိ၊ သွားတော့မည်ဟု။ စိန္တေတွာ၊ ကြံစည်လျက်။ ဝါ၊ ကြံစည်ကာ။ နိပဇ္ဇိ၊ လျောင်းစက်နေပေ၏။ စင်္ကမသီသေ၊ စင်္ကြံဦး၌။ မဏိလရုက္ခေ၊ မဏိလ-ခေါ် သပြေပင်၌။ တနည်း-စင်္ကမသီသေ မဏိလ- ရုက္ခေ၊ စင်္ကြံဦး မဏိလ-ခေါ် သပြေပင်၌။ အဓိဝတ္ထာ ဒေဝတာ၊ စိုးအုပ် နေသော ရုက္ခစိုးနတ်သည်။ သောပါနဖလကေ၊ လှေကားပျဉ်ချပ်၌။ နိသီဒိ- တွာ၊ ထိုင်လျက်။ ပရောဒိ၊ လှိုက်လှိုက်လဲလဲ ငို၍နေလေ၏။

"သော၊ ဤငိုနေသူကား။ ကော-တိ၊ အဘယ်သူနည်း" ဟု။ ထေရော၊ အရှင် ဝိသာခ မထေရ်သည်။ အာဟ၊ မေးလေ၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ မဏိလိယာ၊ မဏိလ-ခေါ် သပြေပင်စောင့်နတ်ပါ ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်၏။ ကိဿ၊ အဘယ်ကြောင့်။ ရောဒသီတိ၊ ငိုသနည်းဟု။ ပုစ္ဆိ၊ မေး၏။ တုမှာကံ ဂမနံ၊ အရှင်ဘုရားတို့၏

ကြွသွားမည်ကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ရောဒမိတိ။ ငိုပါသည်ဘုရား-ဟု။ အာဟ၊ လျှောက်ထား၏။ ဣဓ၊ ဤအရပ်၌။ မယိ ဝသန္တေ၊ ငါနေခြင်းကြောင့်။ တုမှာကံ၊ သင်တို့အား။ ကော ဂုဏော၊ အဘယ်သို့သော အကျိုးကျေးဇူး ရှိပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဓ၊ ဤအရပ်၌။ တုမှေသု ဝသန္တေသု၊ အရှင်ဘုရားတို့ နေထိုင်လျှင်။ အမနုဿာ၊ နတ်တို့သည်။ အညမညံ၊ အချင်းချင်း။ မေတ္တံ ပဋိလဘန္တိ၊ မေတ္တာကို ရကြပါကုန်၏-ဘုရား။ ဒါနိ၊ ယခုအခါ၌။ တုမှေသု ဂတေသု၊ အရှင်ဘုရားတို့ ကြွသွားလျှင်။ တေ၊ ထိုနတ်တို့သည်။ ကလဟံ ကရိဿန္တိ၊ ခိုက်ရန်ကိုပြုကြပါလိမ့်မည်။ ဒုဋ္ဌုလ္လမ္ပိ ကထယိဿန္တိ၊ ရုန့်ရင်းကြမ်းကြုတ်သော စကားကိုလည်း ပြောဆိုကြပါလိမ့်မည်" ဟု။ အာဟ၊ လျှောက်၏။ ထေရော၊ ဝိသာခ-မထေရ်သည်။ "ဣဓ၊ ဤအရပ်၌။ မယိ ဝသန္တေ၊ ငါနေလျှင်။ တုမှာကံ၊ သင်တို့အား။ ဖာသု ဝိဟာရော၊ ချမ်းသာစွာ နေရခြင်းသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ သုန္ဒရန္တိ၊ ကောင်းပြီ" ဟု။ ဝတွာ၊ ဆို၍။ အညေပိ စတ္တာရော မာသေ၊ နောက်ထပ် လေးလတို့ပတ်လုံး။ တတ္ထေဝ ဝသိတွာ၊ ထိုအရပ်၌ နေပြီးလျှင်။ ပုန၊ တဖန်။ တထေဝ၊ ရှေးနည်းအတူပင်။ ဂမနစိတ္တံ၊ သွားလိုသောစိတ်သည်။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဒေဝတာပိ၊ နတ်သည်လည်း။ ပုန၊ တဖန်။ တထေဝ၊ ရှေးနည်းအတူပင်။ ပရောဒိ၊ လိုက်လိုက်လှဲလှဲ ငိုနေပြန်လေ၏။ ဧတေနေဝုပါယေန၊ ဤနည်းဖြင့်ပင်လျှင်။ ထေရော၊ ဝိသာခ-မထေရ်သည်။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ ဝသိတွာ၊ နေ၍။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ ပရိနိဗ္ဗာယိ၊ ပရိ-နိဗ္ဗာန် စံလေ၏။ ဣတိ ဧဝံ၊ ဤသို့။ မေတ္တာဝိဟာရီ ဘိက္ခု၊ မေတ္တာဖြင့် နေလေ့ရှိသော ရဟန်းကို။ အမနုဿာနံ ပိယော ဟောတိ၊ နတ်တို့ကချစ်ပေ၏။ (၅)

ဒေဝတာ ရက္ခန္တီတိ၊ နတ်တို့က စောင့်ရှောက်ကြသည်-ဟူသည်ကား။ မာတာပိတရော၊ အမိအဖတို့သည်။ ပုတ္တံ၊ သားကို။ ရက္ခန္တိ ဣဝ၊ စောင့်ရှောက်ကုန်သကဲ့သို့။ ဒေဝတာ၊ နတ်တို့သည်။ ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏။ (၆)

(၃၀၇) နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတီတိ၊ မေတ္တာပွားသူ၏ကိုယ်၌ မီး, အဆိပ်, လက်နက်-မကျရောက်နိုင် ဟူသည်ကား။ မေတ္တာ-ဝိဟာရိဿ၊ မေတ္တာဖြင့်နေလေ့ရှိသောသူ၏။ ကာယေ၊ ကိုယ်၌။ ဥတ္တရာယ

ဥပါသိကာယ၊ ဥတ္တရာမည်သော ဥပါသိကာမ၏ကိုယ်၌။ အဂ္ဂိ၊ ဆီးမီးဟူသည်။ န ကမတိ ဝိယ၊ မဝင်သကဲ့သို့။ ဝါ၊မလောင်သကဲ့သို့။ အဂ္ဂိ ဝါ၊ မီးသည်လည်း။ န ကမတိ၊ မကျရောက် မလောင်ပေ။ သံယုတ္တဘာဏကစူဠသိဝ-ထေရဿ၊ သံယုတ်နိကာယ်ဆောင် စူဠသိဝမထေရ်၏။ ကာယေ ဏွဝ၊ ကိုယ်၌ကဲ့သို့။ ဝိသံ ဝါ၊ အဆိပ်သည်လည်း။ န ကမတိ၊ မကျရောက်နိုင်။ ဝါ၊ မသင့်နိုင်။ သံကိစ္စသာမဏေရဿ၊ သံကိစ္စသာမဏေ၏။ ကာယေ ဏွဝ၊ ကိုယ်၌ကဲ့သို့။ သတ္တံ ဝါ၊ ဓားလက်နက်သည်လည်း။ န ကမတိ၊ မကျရောက်နိုင်။ န ပဝိသတိ၊ မဝင်နိုင်။ အဿ၊ ထို မေတ္တာပွားသူ၏။ ကာယံ၊ ကိုယ်ကို။ န ဝိကောပေတိ၊ မဖျက်ဆီးနိုင်။ ဏွတိ၊ ဤသို့။ ဝုတ္တံ—ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ထွေ၊ ဤလက်နက်မစူးမဝင်ရာ၌။ ဓေနုဝတ္ထုမ္ပိ၊ သားငယ်ရှိသော မိခင်နွားမဝတ္ထုကိုလည်း။ ကထယန္တိ၊ ပြောဆိုကြကုန်၏။ ကော၊ တစ်ကောင်သော။ ဓေနု၊ မိခင်နွားမသည်။ ဝစ္ဆကဿ၊ သားငယ်နွားကလေးအား။ ခီရဓာရံ၊ နို့ရည်အယဉ်ကို။ မုဉ္စမာနာ၊ လွှတ်လျှက်။ ဝါ၊ နို့တိုက်လျှက်။ အဋ္ဌာသိ၊ ရပ်တည်နေလေ၏။ ဧကော လုဒ္ဒကော၊ မုဆိုးတစ်ယောက်သည်။ တံ၊ ထိုနွားမကို။ ဝိဇ္ဈိဿာမီတိ၊ ထိုးအံ့—ဟု။ ဟတ္ထေန၊ လက်ဖြင့်။ ဝါ၊ လက်ကို။ သမ္ပရိဝတ္တေတွာ၊ နောက်သို့ ပစ်လွှဲ၍။ ဒီဃဒဏ္ဍသတ္တိံ၊ အရိုးရှည်နှင့်လှံကို။ မုဉ္စိ၊ ပစ်လွှတ်လိုက်၏။ သာ၊ ထိုလှံသည်။ တဿာ သရီရံ၊ ထိုနွားမ၏ကိုယ်ကို။ အာဟစ္စ၊ ထိခိုက်၍။ တာလပဏ္ဏံ ဝိယ၊ ထန်းရွက်ကဲ့သို့။ ပဝဋ္ဋမာနာ ဂတာ ကိရ၊ ခွေလိမ်သွားသကဲ့သို့ ဖြစ်သတတ်။ (သာ၊ ထိုသို့ဖြစ်ခြင်းသည်။—ထည့်။) ဥပစာရဗလေန၊ ဥပစာရ—အစွမ်းကြောင့်လည်း။ နေဝ ဟောတိ၊ မဟုတ်။ အပ္ပနာဗလေန၊ အပ္ပနာအစွမ်းကြောင့်လည်း။ န၊ မဟုတ်။ ဝစ္ဆကေ၊ သားငယ်ဖြစ်သော နွားကလေး၌။ ဗလဝပ်ယစိတ္တတာယ၊ အားကြီးသော ချစ်ခင်စိတ်ရှိခြင်း ကြောင့်။ ကေဝလံ၊ သက်သက်။ ဟောတိ၊ ဖြစ်၏။ မေတ္တာ၊ မေတ္တာသည်။ ဧဝံ မဟာနုဘာဝါ၊ ဤသို့ပင် အာနုဘော်ရှိပေ၏။ (၇)

တုဝဋ္ဋံ စိတ္တံ သမာဓိယတိတိ၊ လျင်စွာ စိတ်တည်ကြည်၏-ဟူသည်ကား။ မေတ္တာဝိဟာရိနော၊ မေတ္တာဖြင့်နေလေ့ရှိသော ပုဂ္ဂိုလ်အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ တဿ၊ ထို တည်ကြည်ခြင်း၏။ ဒန္ဓာယိတတ္တံ၊ နှောင့်နှေးခြင်းမည်သည်။ နတ္ထိ၊ မရှိ။ (၈)

မုခဝဏ္ဏော ဝိပ္ပသီဒတီတိ၊ မျက်နှာအဆင်း ကြည်လင်၏—ဟူသည်ကား။ ဗန္ဓနာ၊ အညှာမှ။ ပဝုတ္တံ၊ ကျွေကျသော။ တာလပက္ကံ ဝိယ၊ ထန်းသီးမှည့်

ကဲ့သို့။ အသာ၊ ထိုမေတ္တာပွားသူ၏။ မုခံ၊ မျက်နှာသည်။ ဝိပ္ပသန္နဝဏ္ဏံ ဟောတိ၊ ကြည်လင်သော အဆင်းရှိပေ၏။ (၉)

အသမ္မူဠ္ဟော ကာလင်္ကရောတီတိ၊ မတွေဝေပဲ သေရ၏—ဟူသည်ကား။ မေတ္တာဝိဟာရိနော၊ မေတ္တာဖြင့် နေလေ့ရှိသောသူအား။ သမ္မောဟ မရဏံ နာမ၊ တွေဝေလျက် သေခြင်းမည်သည်။ နတ္ထိ၊ မရှိ။ နိဒ္ဒံ ဩက္ကမန္တော ဝိယ၊ အိပ်ပျော်သွားသကဲ့သို့ပင်။ အသမ္မူဠ္ဟောဝ၊ မတွေဝေပဲသာလျှင်။ ဝါ၊ တွေဝေခြင်းမရှိပဲသာလျှင်။ ကာလံ ကရောတိ၊ သေရ၏။ (၁၀)

ဥတ္တရိမပ္ပဋိဝိဇ္ဈန္တောတိ၊ အထက်မဂ်ဖိုလ်တရားကို ထိုးထွင်း၍ မသိလတ်-မရလတ်သော်-ဟူသည်ကား။ မေတ္တာသမာပတ္တိတော၊ မေတ္တာသမာပတ်မှ။ ဥတ္တရိံ အရဟတ္တံ၊ အထက်ဖြစ်သော အရဟတ္တဖိုလ်ကို။ အဓိဂန္တုံ၊ ရခြင်းငှာ။ အသက္ကောန္တော၊ မစွမ်းနိုင်လတ်သော်။ ဣတော စဝိတွာ၊ ဤလူ့ပြည်မှ စုတေ၍။ သုတ္တပ္ပဗုဒ္ဓေါ ဝိယ၊ အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့။ ဗြဟ္မလောကံ ဥပပဇ္ဇတိ၊ ဗြဟ္မာ့လောက၌ ဖြစ်ရလေ၏။ ဣတိ၊ ဤသည်လျှင် စကားတစ်ရပ် အပြီးသတ်၏။ (၁၁)

အယံ၊ ဤဆိုခဲ့ပြီးသော စကားသည်။ မေတ္တာဘာဝနာယံ၊ မေတ္တာ ဘာဝနာ၌။ ဝိတ္ထာရကထာ၊ အကျယ်ပြဆိုသော စကားပေတည်း။

## ၂—ကရုဏာပွားပုံအဖွင့်

၂၅၉။ ကရုဏံ ဘာဝေတုကာမေန၊ ကရုဏာကို ပွားစေလိုသော ပုဂ္ဂိုလ်သည်။ နိက္ကရုဏတာယ၊ သနားခြင်း–ကရုဏာ ကင်းမဲ့ခြင်း၌။ အာဒီနဝံ စ၊ အပြစ်ကို လည်းကောင်း။ ကရုဏာယ၊ သနားခြင်း–ကရုဏာ၌။ အာနိ-သံသံ စ၊ အကျိုး–အာနိသင်ကို လည်းကောင်း။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်ပြီးလျှင်။ ကရုဏာဘာဝနာ၊ ကရုဏာဘာဝနာကို။ အာရဘိတဗ္ဗာ၊ အားထုတ်အပ်၏။ တံ အာရဘန္တေန စ၊ ထို ကရုဏာဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်သည်လည်း။ ပဌမံ၊ ရှေးဦးစွာ။ ပိယပုဂ္ဂလာဒီသု၊ ချစ်အပ်သော ပုဂ္ဂိုလ်စသည်တို့၌။ န အာရဘိတဗ္ဗာ၊ အားမထုတ်အပ်သေး။ ဟိ၊ မှန်ပေ၏။ ပိယော၊ ချစ်အပ်သောသူသည်။ ပိယဋ္ဌာနေယေဝ၊ ချစ်အပ်သူအရာ၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။ အတိပ္ပိယသဟာယကော၊ အလွန်ချစ်အပ်သော သူငယ်ချင်းသည်။ အတိပ္ပိယသဟာယကဋ္ဌာနေယေဝ၊ အလွန်ချစ်အပ်သော သူငယ်ချင်းအရာ၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။ မဇ္ဈတ္တော၊ အလယ်အလတ်

ဖြစ်သူသည်။ မဇ္ဈတ္တဋ္ဌာနေယေဝ၊ အလယ်အလတ်အရာ၌ သာလျှင်။ တိဋ္ဌတိ၊ တည်၏။ အပ္ပိယော၊ မချစ်အပ်သောသူသည်။ အပ္ပိယဋ္ဌာနေယေဝ၊ မချစ်အပ်သောသူအရာ၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။ ဝေရီ၊ ရန်သူသည်။ ဝေရိဋ္ဌာနေယေဝ၊ ရန်သူအရာ၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။ လိင်္ဂဝိသဘာဂကာလကတာ၊ လိင်အသွင်ကွဲပြားသူ, သေလေသူတို့သည်။ အခေတ္တမေဝ၊ နယ်ပယ်မဟုတ်သည်သာလျှင်တည်း။

"ဘိက္ခု၊ ရဟန်းသည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ ကရုဏာသဟဂတေန စေတသာ၊ ကရုဏာနှင့်တကွဖြစ်သောစိတ်ဖြင့်။ ဧကံ ဒိသံ ဖရိတွာ၊ တစ်ခုသောအရပ်ကို ဖြန့်၍။ ဝိဟရတိ၊ နေသနည်း။ သေယျထာပိ နာမ၊ ဥပမာဖြင့်ပြရလျှင်။ ဒုဂ္ဂတံ၊ ဆင်းရဲ–ဒုက္ခရောက်နေသော။ ဒုရူပေတံ၊ မကောင်းဆိုးရွားသည့် အခြေအနေရှိသော။ ဧကံ ပုဂ္ဂလံ ဒိသွာ၊ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်ရလျှင်။ကရုဏာယေယျ သေယျထာပိ၊ သနားကရုဏာသက်ရာသကဲ့သို့။(၃၀၈) ဧဝမေဝ၊ ထို့အတူပင်၊ သဗ္ဗသတ္တေ၊ အလုံးစုံသော သတ္တဝါတို့ကို။ ကရုဏာယ၊ သနားခြင်း–ကရုဏာဖြင့်။ ဖရတိ၊ ဖြန့်၏။"ဣတိ၊ဤသို့။

ဝိဘင်္ဂေ၊ အဘိဓမ္မာ ဝိဘင်းပါဠိတော်၌။ ဝုတ္တတ္တာ၊ဟောထားသောကြောင့်။ သဗ္ဗပဌမံ၊ အလုံးစုံတို့၏ ရှေးဦးစွာ။ ကိဉ္စိဒေဝ၊ တစုံတယောက်သာလျှင်ဖြစ်သော။ ကရုဏာယိတဗ္ဗံ၊ ကရုဏာဖြစ်သင့်သော။ ဝိရူပံ၊ ဖောက်ပြန်သော အဆင်းရှိသော။ ပရမကိစ္ဆပ္ပတ္တံ၊ ¦အလွန်လျှင် ဆင်းရဲငြိုငြင်ခြင်းသို့ ရောက်သော။ ဒုဂ္ဂတံ၊ ဆင်းရဲသော။ ဒုရူပေတံ၊ မကောင်းသော သဘောရှိသော။ ဆိန္နာဟာရံ၊ အာဟာရပြတ်လျက်။ ကပဏပုရိသံ၊ အထီးကျန်သောယောကျ်ားသည်။ ကပါလံ၊ ဖုံးစားခွက်ကို။ ပုရတော ဌပေတွာ၊ ရှေ့၌ချထားလျက်။ အနာထသာလာယ၊ ခိုကိုးရာမဲ့သူတို့၏ နေရာဇရပ်၌။ နိသိန္နံ၊ ထိုင်နေသည်ကိုလည်းကောင်း။ ဟတ္ထပါဒေဟိ၊ နူနာစွဲကပ်သော လက်ခြေတို့မှ။ ပဂ္ဃရန္တကိမိဂဏံ၊ ပိုးလောက်များ ထွက်ကျလျက်။ အဋ္ဋဿရံ ကရောန္တံ၊ ငြီးတွားမြည်တမ်းသည်ကိုလည်းကောင်း။ ဒိသွာ၊ကြည့်ရှုရ–တွေ့မြင်ရပြီးလျှင်။ "အယံ သတ္တော၊ ဤသတ္တဝါသည်။ ကိစ္ဆံ အာပန္နော ဝတ၊ ဆင်းရဲခြင်းသို့ ရောက်နေရှာလေစွ။ ဣမမှာ ဒုက္ခာ၊ ဤဆင်းရဲမှ။ အပ္ပေဝနာမ မုစ္စေယျ၊ လွတ်ပါမူကား ကောင်းလေစွ။" ဣတိ၊ ဤသို့။ ကရုဏာ၊ သနားခြင်း—ကရုဏာကို။ ပဝတ္တေတဗ္ဗာ၊ ဖြစ်စေအပ်၏။ တံ အလဘန္တေန၊ ထိုသို့သောပုဂ္ဂိုလ်ကို

မတွေ့မြင်ရပါမူ။ သုခိတောပိ၊ ချမ်းသာနေသူပင် ဖြစ်သော်လည်း။ ပါပကာရီ ပုဂ္ဂလော၊ မကောင်းမှုပြုလေ့ရှိသောသူဖြစ်လျှင်။ ဝဏ္ဏေန ဥပမေတွာ၊ ထိုသို့ သောပုဂ္ဂိုလ်ကို အသတ်ခံရမည့်သူနှင့် ဥပမာပြု၍။ ကရုဏာယိတဗ္ဗော၊ သနား ခြင်း—ကရုဏာကို ဖြစ်စေအပ်၏။

ကထံ၊ အဘယ်သို့နည်း? ဟူမူ။ သဟ ဘဏ္ဍေန၊ ခိုးထုပ်ခိုးထယ်နှင့်တကွ။ ဂဟိတစောရံ၊ ဖမ်းမိလာသောခိုးသူကို။ "နံ၊ ဖမ်းမိလာသော ထိုခိုးသူကို။ ဝဓေထ၊ သတ်ကြကုန်လော့။" ဣတိ၊ ဤသို့။ (ပဟိတာယ၊ စေခိုင်းသော။ ထည့်။) ရညော အာဏာယ၊ မင်း၏ အမိန့်ဖြင့်။ ရာဇပုရိသာ၊ မင်းချင်း ယောကျ်ားတို့သည်။ ဗန္ဓိတွာ၊ လက်ပြန်ကြိုးစသည်ဖြင့် ချီနှောင်ကုန်၍။ စတုက္ကေ စတုက္ကေ၊ လမ်းလေးခွဆုံ လမ်းလေးခွဆုံအရပ်၌။ ပဟာရသတာနိ ဒေန္တာ၊ အချက်မပါပြီးတစ်ရာမက ရိုက်နှက်ကုန်လျက်။ အာဃာတနံ၊ သူသတ် ကုန်းသို့။ နေန္တိ၊ ဆောင်ကုန်၏။ တဿ၊ ထိုခိုးသူအား။ မနုဿာ၊ လူတို့သည်။ ခါဒနီယမ္ပိ၊ ခဲဖွယ်ကိုလည်းကောင်း။ ဘောဇနီယမ္ပိ၊ ဘောဇဉ်ကိုလည်းကောင်း။ မာလာဂန္ဓဝိလေပနတမ္ဗူလာနိပိ၊ ပန်း နံ့သာ နံ့သာပျောင်း ကွမ်းတို့ကိုလည်း ကောင်း။ ဒေန္တိ၊ ပေးကုန်၏။ သော၊ ထိုခိုးသူသည်။ တာနိ၊ ထိုခဲဖွယ်, ဘောဇဉ်တို့ကို။ ခါဒန္တော စေဝ၊ စားသောက်လျက်လည်းကောင်း။ ပရိ-ဘုဉ္ဇန္တော စ၊ သုံးဆောင်လျက်လည်းကောင်း။ သုခိတော ဝိယ၊ ချမ်းသာ သကဲ့သို့လည်းကောင်း။ ဘောဂသမပ္ပိတော ဝိယ၊ စည်းစိမ်နှင့် ပြည့်စုံသကဲ့သို့။ ကိဥ္စာပိ ဂစ္ဆတိ၊ သွားနေသော်လည်း။ အထ ခေါ၊ စင်စစ်သော်ကား။ တံ၊ ထိုသုသာန်သို့ ရှေးရှုဆောင်ယူအပ်သော ခိုးသူကို။ ကောစိ၊ တစုံတစ်ယောက် သောသူသည်။ "အယံ၊ ဤသူကား။ သုခိတော ဝတ၊ ချမ်းသာပေစွ တကား။ မဟာဘောဂေါ ဝတ၊ များသောအသုံးအဆောင် ရှိပေစွ တကား။" ဣတိ၊ ဤသို့ ။နေ်ဝမညတိ၊ မအောက်မေ့လည်သာလျှင်တည်း။ အညဒတ္ထု၊ စင်စစ်သော်ကား။ "အယံဝရာကော၊ ဤအကောင်ယုတ်သည်။ ဝါ၊ ဤခိုကိုးရာမဲ့သူသည်။ ဝါ၊ ဤကံနည်းသူသည်။ ဣဒါနိ၊ ယခုပင်လျှင်။ မရိဿတိ၊ သေလတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ အယံ၊ ဤသူသည်။ ယံ ယဒေဝ ပဒံ၊ အကြင် အကြင် ခြေကို။ နိက္ခိပတိ၊ ချလှမ်း၏။ တေန တေန၊ ထိုထိုခြေလှမ်း ဖြင့်။ မရဏဿ သန္တိကေ၊ သေခြင်း၏အနီး၌။ ဟောတိ၊ ဖြစ်၏။" ဣတိ၊ ဤသို့။ တံ၊ ထိုခိုးသူကို။ ဇနော၊ လူအပေါင်းသည်။ ကရုဏာယတိ ယထာ၊ သနားသကဲ့သို့။ ဧဝမေဝ၊ ထိုအတူပင်လျှင်။ ကရုဏာကမ္မဋ္ဌာနိကေန ဘိက္ခုနာ၊ ကရုဏာကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည်။ သုခိတောပိ၊ ချမ်းသာ

နေသူပင် ဖြစ်သော်လည်း။ ပုဂ္ဂလော၊ မကောင်းမှုပြုလေ့ရှိသော ပုဂ္ဂိုလ်ကို။ ''အယံ ဝရာကော၊ ဤအကောင်သည်။ ဣဒါနိ၊ ယခုအခါ၌။ သုခိတော၊ ချမ်းသာလျက်။ သုသဇ္ဇိတော၊ ကောင်းစွာဝတ်ဆင်လျက်။ ဘောဂေ၊ သုံးဆောင်ဖွယ် စည်းစိမ်တို့ကို။ ကိဉ္စာပိ ပရိဘုဉ္ဇတိ၊ အကယ်၍ သုံးဆောင်သည်ဖြစ်အံ့။ အထ ခေါ၊ စင်စစ်သော်ကား။ တီသု ဒွါရေသု၊ ဒွါရသုံးပါးတို့တွင်။ ဧကေနာပိ၊ တစ်ခုမျှပင်လျှင်။ ကတဿ ကလျာဏကမ္မဿ၊ ပြုအပ်သော ကောင်းမှုကံ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ ဣဒါနိ၊ ယခု မကြာမီပင်လျှင်။ အပါယေသု၊ အပါယ်ဘုံတို့၌။ အနပ္ပကံ ဒုက္ခံ၊ များစွာသော ဆင်းရဲကို လည်းကောင်း။ အနပ္ပကံ ဒေါမနဿံ၊ များစွာသော နှလုံးမသာယာခြင်းကို လည်းကောင်း။ ပဋိသံဝေဒိဿတိ၊ ခံစား-ခံစားရလတ္တံ့။'' ဣတိ ဧဝံ၊ ဤသို့။ ကရုဏာယိတဗ္ဗော၊ သနားခြင်း-ကရုဏာကို ဖြစ်စေအပ်၏။

ဧဝံ၊ ဤသို့။ တံ ပုဂ္ဂလံ၊ ထိုသနားထိုက်သော ပုဂ္ဂိုလ်ကို။ ကရုဏာယိတွာ၊ ကရုဏာပွားစေပြီး၍။ တတော ပရံ၊ ထိုမှနောက်၌။ ဧတေနေဝ ဥပါယေန၊ ဤနည်းဖြင့်ပင်လျှင်။ ပိယပုဂ္ဂလေ၊ ချစ်အပ်သော ပုဂ္ဂိုလ်၌။ ဝဍ္ဍေတဗ္ဗာ၊ ပွားစေထိုက်၏။ တတော၊ ထို့နောင်။ မဇ္ဈတ္တေ၊ အလယ်အလတ် ပုဂ္ဂိုလ်၌။ တတော၊ ထိုနောင်။ ဝေရိမှိ၊ ရန်သူ၌။ ဝဍ္ဍေတဗ္ဗာ၊ ပွားစေအပ်၏။ ဣတိ၊ ဤသို့။ အနုက္ကမေန၊ အစဉ်အတိုင်း။ ကရုဏာ၊ ကရုဏာကို။ ပဝတ္တေတဗ္ဗာ၊ ဖြစ်စေအပ်၏။ အဿ၊ ဤယောဂီအား။ ပုဗ္ဗေ ဝုတ္တနယေနေဝ၊ ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင်။ ဝေရိမှိ၊ ရန်သူ၌။ သစေ ပဋိဃံ ဥပ္ပဇ္ဇတိ၊ အကယ်၍ အမျက်ဒေါသဖြစ်ငြားအံ့။ တံ၊ ထိုအမျက်ဒေါသကို။ မေတ္တာယ၊ မေတ္တာအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့သောနည်းဖြင့်ပင်။ ဝူပသမေတဗ္ဗံ၊ ငြိမ်းစေအပ်၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ကရုဏာပွားအပ်သော ဤပုဂ္ဂိုလ်တို့တွင်။ ကတကုသလော၊ ပြုထားသောကောင်းမှု များစွာရှိသော။ ယောပိ၊ အကြင်သူပင်။ ဟောတိ၊ ဖြစ်ငြားအံ့။ တမ္ပိ၊ ထိုသူ့ကိုလည်း။ ဉာတိရောဂဘောဂဗျသနာဒီနံ၊ ဉာတိဗျသန, ရောဂဗျသန, ဘောဂဗျသန စသည်တို့တွင်။ အညတရေန ဗျသနေန၊ တပါးပါးသော ပျက်စီးခြင်း-ဗျသန နှင့်။ သမန္နာဂတံ ဒိသွာ ဝါ၊ တွေ့ကြုံနေရသည်ကို တွေ့မြင်ရ၍သော်လည်းကောင်း။ သုတွာ ဝါ၊ ကြားရ၍သော်လည်းကောင်း။ တေသံ အဘာဝေပိ၊ ထို ဗျသန-တို့နှင့် တွေ့ကြုံခြင်းမရှိငြားသော်လည်း။ ဝဋ္ဋဒုက္ခံ၊ ဝဋ်ဆင်းရဲကို။ အနတိက္ကန္တတ္တာ၊ မကျော်လွန်နိုင်သေးသောကြောင့်။ ''အယံ၊

ဤသူသည်။ ဒုက္ခိတော ၀၊ ဆင်းရဲရောက်လေစွတကား။" ဣတိ ဧဝံ၊ ဤသို့ ဆင်ခြင်လျက်။ သဗ္ဗထာပိ၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း။ ကရု–ဏာယိတွာ၊ ကရုဏာပွားစေပြီးလျှင်။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်။ အတ္တနိ၊ မိမိ၌လည်းကောင်း။ ပိယပုဂ္ဂလေ၊ ချစ်အပ်သောပုဂ္ဂိုလ်၌လည်းကောင်း။ မဇ္ဈတ္တေ၊ အလယ်အလတ်ပုဂ္ဂိုလ်၌လည်းကောင်း။ ဝေရိမှိ၊ ရန်သူ၌လည်းကောင်း။ ဣတိ၊ ဤသို့။ စတူသု ဇနေသု၊ လေးဦးသော ပုဂ္ဂိုလ်တို့၌။ သီမာသမ္ဘေဒံ၊ သီမာသမ္ဘေဒ–ကို။ (၃၀၉) ကတွာ၊ ပြုပြီးလျှင်။ တံ နိမိတ္တံ၊ ထိုနိမိတ်ကို။ အာသေဝန္တေန၊ မှီဝဲသဖြင့်လည်းကောင်း။ ဘာဝေ–န္တေန၊ ပွားများသဖြင့်လည်းကောင်း။ ဗဟုလီကရောန္တေန၊ အကြိမ်များစွာပြုသဖြင့်လည်းကောင်း။ မေတ္တာယ၊ မေတ္တာအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့သော နည်းဖြင့်ပင်လျှင်။ တိကစတုက္ကဇ္ဈာနဝသေန၊ စျာန်သုံးပါး–လေးပါးအပေါင်း၏ အစွမ်းအားဖြင့်။ အပ္ပနာ ဝဍ္ဎေတဗ္ဗာ၊ အပ္ပနာကိုပွားစေအပ်၏။

ပန၊ ဝါဒကွဲကို ဆိုဦးအံ့။ အင်္ဂုတ္တရဋ္ဌကထာယံ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ပဌမံ၊ ရှေးဦးစွာ။ ဝေရိပုဂ္ဂလော၊ ရန်သူပုဂ္ဂိုလ်ကို။ ကရုဏာယိတဗ္ဗော၊ ကရုဏာကို ပွားအပ်၏။ တသ္မိံ၊ ထိုရန်သူ၌။ စိတ္တံ မုဒုံ ကတွာ၊ စိတ်ကိုနူးညံ့အောင်ပြုပြီးလျှင်။ ဒုဂ္ဂတော၊ ဆင်းရဲ-ဒုက္ခရောက်နေသူကို။ ဝဍ္ဎေတဗ္ဗော၊ ပွားအပ်၏။ တတော၊ ထို့နောင်။ ပိယပုဂ္ဂလော၊ ချစ်အပ်သော ပုဂ္ဂိုလ်ကို။ ဝဍ္ဎေတဗ္ဗော၊ ပွားအပ်၏။ တတော၊ ထို့နောင်။ အတ္တာ၊ မိမိကိုယ်ကို။ ဝဍ္ဎေတဗ္ဗာ၊ ပွားအပ်၏။ ဣတိ၊ ဤသို့။ အယံ ကမော၊ ဤအစဉ်ကို။ ဝုတ္တော၊ ပြဆိုထားပေ၏။ သော၊ ထိုပြဆိုချက်သည်။ "ဒုဂ္ဂတံ၊ ဆင်းရဲဒုက္ခရောက်နေသော။ ဒုရူပေတံ၊ မကောင်းဆိုးရွားသည့် အခြေအနေရှိသောသူကို။" ဒိသွာ၊ တွေ့မြင်ရလျှင်။ ကရုဏာယိတဗ္ဗာ၀၊ သနားကရုဏာ သက်ရာသကဲ့သို့။ ဣတိ၊ ဤသို့လျှင်။ ပါဠိယာ၊ ဟောထားသော ပဲဘင်းပါဠိတော်နှင့်။ န သမေတိ၊ မညီ။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ ဤအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ ဘာဝနံ အာရဘိတွာ၊ ဘာဝနာကို အားထုတ်၍။ သီမာသမ္ဘေဒံ ကတွာ၊ သီမာသမ္ဘေဒ-ကို ပြုပြီးလျှင်။ အပ္ပနာ ဝဍ္ဎေ–တဗ္ဗာ၊ အပ္ပနာကို ပွားစေအပ်၏။ တတော ပရံ၊ ထိုမှနောက်၌။ "ပဉ္စဟိ အာကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ အနောဓိသောဖရဏာ၊ အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်ခြင်းလည်းကောင်း။ သတ္တဟိ အာကာ–ရေဟိ၊ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဩဓိသောဖရဏာ၊ အပိုင်းအခြားအားဖြင့် ဖြန့်ခြင်းလည်းကောင်း။ ဒသဟိ အာကာရေဟိ၊ ဆယ်ပါးသော

အခြင်းအရာတို့ဖြင့်။ ဒိသာဖရဏာ၊အရပ်မျက်နှာကို ဖြန့်ခြင်းလည်းကောင်း။”
ဣတိ၊ ဤသို့လျှင်။ အယံ ဝိကုဗ္ဗနာ၊ ဤအမျိုးမျိုးအထွေထွေ ကရုဏာပွား
ခြင်းကိုလည်းကောင်း။ “သုခံ သုပတိ”တိ အာဒယော၊ ချမ်းသာစွာအိပ်ရ၏
ဤသို့အစရှိသော။ အာနိသံသာ စ၊ အကျိုးတို့ကိုလည်းကောင်း။ မေတ္တာယံ၊
မေတ္တာအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်။ ဝေဒိတဗ္ဗာ၊
သိအပ်ကုန်၏။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်၏။

အယံ၊ ဤဆိုခဲ့ပြီးသော စကားသည်။ ကရုဏာဘာဝနာယ၊ ကရုဏာ
ဘာဝနာ၌။ ဝိတ္ထာရကထာ၊ အကျယ်ပြဆိုသောစကားပေတည်း။

## မုဒိတာပွားပုံအဖွင့်

၂၆၀။ မုဒိတာဘာဝနံ၊ မုဒိတာဘာဝနာကို။ အာရဘန္တေနာပိ၊ အား
ထုတ်သောပုဂ္ဂိုလ်သည်လည်း။ ပဌမံ၊ ရှေးဦးစွာ။ ပိယပုဂ္ဂလာဒီသု၊ ချစ်အပ်
သောပုဂ္ဂိုလ်စသည်တို့၌။ န အာရဘိတဗ္ဗာ၊ အားမထုတ်အပ်သေးပေ။ ဟိ၊
မှန်ပေ၏။ ပိယော၊ ချစ်အပ်သောသူသည်။ ပိယဘာဝမတ္တေနေဝ၊ချစ်အပ်သည်
၏ အဖြစ်မျှသာလျှင်။ မုဒိတာယ၊ မုဒိတာ၏။ ပဒဋ္ဌာနံ၊ နီးသောအကြောင်း
သည်။ န ဟောတိ၊ မဖြစ်ပေ။ မဇ္ဈတ္တဝေရိနော၊ အလယ်အလတ် ပုဂ္ဂိုလ်,
ရန်သူပုဂ္ဂိုလ်တို့သည်ကား။ ပဂေဝ၊ အဘယ်မှာဆိုဖွယ်ရှိအံ့နည်း။ လိင်္ဂဝိသ—
ဘာဂကာလကတာ၊ လိင်ကွဲသောသူ့,သေလေသောသူတို့သည်ကား။အခေတ္တ—
မေဝ၊ နယ်ပယ်မဟုတ်သည်သာတည်း။

ပန၊ အဖို့တပါးကား။ အတိပ္ပိယသဟာယကော၊ အလွန်ချစ်အပ်သော
သူငယ်ချင်းသည်။ ပဒဋ္ဌာနံ၊ မုဒိတာ၏ နီးသောအကြောင်းသည်။ သိယာ၊
ဖြစ်နိုင်ပေ၏။ ယော၊ အကြင် သူငယ်ချင်းသည်။ ဝါ၊ ကို။ အဋ္ဌကထာယံ၊
အဋ္ဌကထာ၌။ သောဏ္ဍသဟာယောတိ၊ သွမ်းဖျင်းဖက်, ပြောင်လှောင်ဖက်
နှင့်တူသော သူငယ်ချင်းဟူ၍၊ ဝုတ္တော၊ ဆိုထားပေ၏။ ဟိ၊ မှန်ပေ၏။ သော၊
ထို အလွန်ချစ်အပ်သော သူငယ်ချင်းသည်။ မုဒိတမုဒိတောဝ၊ အလွန်အလွန်
ဝမ်းမြောက်တတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ သော၊ ထိုသူသည်။
ပဌမံ ဟသိတွာ၊ ရှေးဦးစွာ ရယ်ရွှင်ပြီးလျှင်။ ပစ္ဆာ၊ နောက်မှ။ ကထေတိ၊
စကားပြောတတ်၏။ တသ္မာ၊ ထို့ကြောင့်။ သော ဝါ၊ ထိုအလွန်ချစ်အပ်
သော သူငယ်ချင်းကိုမူလည်း။ ပဌမံ မုဒိတာယ၊ ရှေးဦးစွာ မုဒိတာဖြင့်။

ဖရိတဗ္ဗော၊ ဖြန့်အပ်၏။ ဝါ၊ သို့မဟုတ်။ ပိယပုဂ္ဂလံ၊ ချစ်အပ်သောပုဂ္ဂိုလ်ကို
လည်းကောင်း။ သုခိတံ၊ ချမ်းသာနှင့်ပြည့်စုံခြင်းကိုလည်းကောင်း။ သဇ္ဇိတံ၊
ကောင်းစွာ ဝတ်စား–ပြုပြင်–ဆင်ယင်ခြင်းကိုလည်းကောင်း။ မောဒမာနံ
ဒိသွာ ဝါ၊ ဝမ်းမြောက်နေသည်ကို တွေ့မြင်၍သော်လည်းကောင်း။ မောဒမာနံ
သုတွာ ဝါ၊ ဝမ်းမြောက်နေသည်ကို ကြား၍သော်လည်းကောင်း။ "အယံ
သတ္တော၊ ဤပုဂ္ဂိုလ်သည်။ မောဒတိ ဝတ၊ ဝမ်းမြောက်ပေစွတကား။
အဟော သာဓု၊ ဩော်.... ကောင်းပါပေစွ။ အဟော သုဋ္ဌု" တိ၊ ဩော်....
ကောင်းပါပေစွ–ဟု။ မုဒိတာ၊ မုဒိတာကို။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေအပ်၏။
ဟိ၊ မှန်ပေ၏။ ဣမမေဝ အတ္ထဝသံ ပဋိစ္စ၊ ဤအကြောင်းအရာအထူးကိုပင်
စွဲ၍။ ဝိဘင်္ဂေ၊ အဘိဓမ္မာ ဝိဘင်းပါဠိတော်၌။ "ကထဉ္စ၊ ရဟန်းသည်။
ကထဉ္စ၊ အဘယ်သို့လျှင်။ မုဒိတာသဟဂတေန၊ မုဒိတာနှင့် တကွဖြစ်သော။
စေတသာ၊ စိတ်ဖြင့်။ ဧကံ ဒိသံ ဖရိတွာ၊ တစ်ခုသောအရပ်ကို ဖြန့်၍။
ဝိဟရတိ၊ နေသနည်း။ သေယျထာပိ နာမ၊ ဥပမာဖြင့် ပြရလျှင်။ ပိယံ၊
ချစ်အပ်သော။ မနာပံ၊ မြတ်နိုးအပ်သော။ ဧကံ ပုဂ္ဂလံ ဒိသွာ၊ ပုဂ္ဂိုလ်
တစ်ယောက်ကို တွေ့မြင်ရလျှင်။ မုဒိတော အဿ၊ ဝမ်းမြောက်ရသကဲ့သို့။
ဧဝမေဝ၊ ထို့အတူပင်။ သဗ္ဗသတ္တေ၊ အလုံးစုံသော သတ္တဝါတို့ကို။
မုဒိတာယ၊ ဝမ်းမြောက်ခြင်း မုဒိတာဖြင့်။ ဖရတိ၊ ဖြန့်၏။" ဣတိ၊ ဤသို့။
ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဿ၊ ဤယောဂီ၏။ သော သောဏ္ဍသဟာယော ဝါ၊ ထိုသွမ်းဖျင်း
ဖက်နှင့်တူသော သူငယ်ချင်းသည်သော်လည်းကောင်း။ ပိယပုဂ္ဂလော ဝါ၊
ချစ်အပ်သော ပုဂ္ဂိုလ်သည်သော်လည်းကောင်း။ အတီတေ၊ လွန်ခဲ့ပြီးသော
ရှေးကာလ၌။ သုခိတော အဟောသိ၊ ချမ်းသာနှင့် ပြည့်စုံခဲ့၏။ သမ္ပတိ
ပန၊ ယခုမူကား။ ဒုဂ္ဂတော၊ ဆင်းရဲ–ဒုက္ခရောက်နေသည်။ ဒုရူ-
ပေတော၊ မကောင်းဆိုးရွားသည့် အခြေအနေရှိသည်။ သစေပိ အဟောသိ၊
အကယ်၍ ဖြစ်စေကာမူ။ အတီတမေဝ၊ လွန်ခဲ့ပြီးသော ရှေးကာလ၌။
အဿ၊ ထိုသူ၏။ သုခိတဘာဝံ အနုဿရိတွာ၊ ချမ်းသာဖူးသည့် အဖြစ်ကို
သာလျှင် ပြန်လည်အောက်မေ့ ဆင်ခြင်၍။ "သော၊ ဤသူသည်။ အတီတေ၊
လွန်ခဲ့ပြီးသော ရှေးကာလ၌။ ဧဝံ မဟာဘောဂေါ၊ ဤသို့ များသော
စည်းစိမ်ရှိခဲ့သည်။ ဧဝံ မဟာပရိဝါရော၊ ဤသို့ များသောအခြွေအရံ ရှိခဲ့
သည်။ (ဟုတွာ၊ ဖြစ်၍။) နိစ္စပ္ပမုဒိတော အဟောသိ၊ အမြဲပင် ဝမ်းမြောက်

လျက် ရှိခဲ့ပေသည်။''ဣတိ၊ ဤသို့။ အဿ၊ ထိုသူ၏။ တမေဝ မုဒိတာကာရံ ဂဟေတွာ၊ ထိုဝမ်းမြောက်ခဲ့ပုံ အခြင်းအရာကိုသာယူ၍။ မုဒိတာ၊ ဝမ်းမြောက်ခြင်း-မုဒိတာကို။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေအပ်၏။ ''ဝါ ပန၊ တနည်းသော်ကား။ အနာဂတေ၊ နောင်အနာဂတ်ကာလ၌။ ပုန၊ တဖန်။ တံ သမ္ပတ္တိံ၊ ထိုစည်းစိမ်မျိုးကို။ (၃၁၀)လဘိတွာ၊ ရ၍။ ဟတ္ထိက္ခန္ဓအဿပိဋ္ဌိသုဝဏ္ဏသိဝိကာဒီဟိ၊ ဆင်ကျောက်ကုန်း,မြင်းကျောက်ကုန်း, ရွှေထမ်းစင်တို့ဖြင့်။ ဝိစရိဿတိ''တိ၊ လှည့်လည်ရပေလိမ့်မည်-ဟု။ အနာဂတမ္ပိ၊ နောင်အခါ၌ဖြစ်မည်ဖြစ်သော။ အဿ၊ ထိုသူ၏။ မုဒိတာကာရံ ဂဟေတွာ၊ ဝမ်းမြောက်ဖွယ် အခြင်းအရာကိုယူ၍မူလည်း။ မုဒိတာ၊ မုဒိတာကို။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေအပ်၏။

ဧဝံ၊ ဤသို့။ ပိယပုဂ္ဂလေ၊ ချစ်အပ်သော ပုဂ္ဂိုလ်၌။ မုဒိတံ ဥပ္ပါဒေတွာ၊ မုဒိတာကို ဖြစ်စေပြီးလျှင်။ အထ၊ ထို့နောင်။ မဇ္ဈတ္တေ၊ အလယ်အလတ်ပုဂ္ဂိုလ်၌။တတော၊ ထို့နောင်။ ဝေရိမှိ၊ ရန်သူ၌။ ဣတိ-ဣမိနာ အနုက္ကမေန၊ ဤအစဉ်ဖြင့်။ မုဒိတာ၊ မုဒိတာကို။ ပဝတ္တေတဗ္ဗာ၊ မပြတ် ဖြစ်စေအပ်၏။ အပ္ပနာ၊ အပ္ပနာကို။ ဝဍ္ဎေတဗ္ဗာ၊ ပွားစေအပ်၏။ အဿ၊ ထိုယောဂီအား။ ပုဗ္ဗေ ဝုတ္တ နယေနေဝ၊ ရှေး၌ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ ဝေရိမှိ၊ရန်သူ၌။ ပဋိဃံ၊ အမျက်ဒေါသသည်။ သစေ ဥပ္ပဇ္ဇတိ၊ အကယ်၍ဖြစ်ငြားအံ့။ တံ၊ ထိုသို့ဖြစ်ခြင်းကို။ မေတ္တာယံ၊မေတ္တာအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့သောနည်းဖြင့်ပင်လျှင်။ ဝူပသမေတွာ၊ ငြိမ်းစေ၍။ ''ဣမေသု စ တီသု၊ဤသုံးဦးတို့၌ လည်းကောင်း။ အတ္တနိ စ၊ မိမိ၌လည်းကောင်း။''ဣတိ၊ ဤသို့။ စတူသု ဇနေသု၊ လေးဦးတို့၌။သမစိတ္တတာယ၊ ညီမျှသောစိတ်ရှိသည်၏ အဖြစ်ဖြင့်။သီမာသမ္ဘေဒံ ကတွာ၊ သီမာသမ္ဘေဒ-ကို ပြုပြီးလျှင်။တံ နိမိတ္တံ၊ ထို သီမာသမ္ဘေဒ—၏ အစွမ်းဖြင့်ဖြစ်သော သမထနိမိတ်ကို။ အာသေဝန္တေန၊ မှီဝဲလျက်။ ဘာဝေန္တေန၊ ပွားများလျက်။ ဗဟုလီကရောန္တေန၊ အကြိမ်များစွာပြုလျက်။ မေတ္တာယံ၊ မေတ္တာအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့သောနည်းဖြင့်ပင်လျှင်။ တိကစတုက္ကဇ္ဈာနဝသေနေဝ၊ ဈာန်သုံးပါး-လေးပါး အပေါင်း၏ အစွမ်းအားဖြင့် သာလျှင်။ အပ္ပနာဝဍ္ဎေတဗ္ဗာ၊ အပ္ပနာကို ပွားစေအပ်၏။ တတော ပရံ၊ ထိုမှနောက်၌။ ''ပဉ္စဟိ အာကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ အနောဓိသောဖရဏာ၊ အပိုင်းအခြား မရှိသောအားဖြင့် ဖြန့်ခြင်းလည်းကောင်း။ သတ္တဟိ အာကာရေဟိ၊ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဩဓိသောဖရဏာ၊ အပိုင်းအခြားအားဖြင့် ဖြန့်ခြင်း လည်းကောင်း။ ဒသဟိ အာကာရေဟိ၊ဆယ်ပါးသော အခြင်းအရာတို့ဖြင့်။ ဒိသာဖရဏာ၊အရပ်မျက်နှာ

ကို ဖြန့်ခြင်းလည်းကောင်း။'' ဣတိ၊ ဤသို့။ အယံ ဝိကုဗ္ဗနာ၊ ဤ အမျိုးမျိုး အထွေထွေ မုဒိတာ ပွားခြင်းကို လည်းကောင်း။ ''သုခံ သုပတိ၊ ချမ်းသာစွာ အိပ်ရ၏။'' ဣတိအာဒယော အာနိသံသာ စ၊ ဤသို့အစရှိသော အာနိသင်- အကျိုးတို့ကိုလည်းကောင်း။ မေတ္တာယံ၊ မေတ္တာအရာ၌။ဝုတ္တနယေနေဝ၊ ဆိုခဲ့ ပြီးသော နည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိ၊ ဤတွင် စကား တစ်ရပ်အပြီးသတ်၏။

အယံ၊ ဆိုခဲ့ပြီးသော ဤစကားသည်။ မုဒိတာဘာဝနာယ၊ မုဒိတာ ဘာဝနာ၌။ ဝိတ္ထာရကထာ၊ အကျယ်ပြဆိုသော စကားပေတည်း။

## ဥပေက္ခာပွားပုံအဖွင့်

၂၆၁။ ဥပေက္ခာဘာဝနံ၊ ဥပေက္ခာဘာဝနာကို။ ဘာဝေတုကာမေန၊ ပွားစေလိုသော ပုဂ္ဂိုလ်သည်။ မေတ္တာဒီသု၊ မေတ္တာ-စသည်တို့၌။ ပဋိလဒ္ဓ- တိကစတုက္ကဇ္ဈာနေန၊ စျာန်သုံးပါး-လေးပါး အပေါင်းကို ရပြီးဖြစ်သဖြင့်။ ပဂုဏတတိယဇ္ဈာနာ ဝုဋ္ဌာယ၊ တတိယစျာန်မှ ထ၍။ ''သုခိတာ ဟောန္တု'' တိ အာဒိဝသေန၊ ချမ်းသာကြပါစေ-ဤသို့ အစရှိသည်၏ အစွမ်းအားဖြင့်။ သတ္တကေလာယန မနသိကာရ ယုတ္တတ္တာ၊ သတ္တဝါတို့၌ ယုယမြတ်နိုးသော နှလုံးသွင်းမှုနှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း။ ပဋိဃာနုနယသမီပစာရိတ္တာ စ၊ မုန်းခြင်း-ချစ်ခြင်း၏ အနီး၌ကျက်စားခြင်းကြောင့်လည်းကောင်း။ သော- မနဿယောဂေန၊ ရွှင်လန်း-ဝမ်းသာမှုနှင့်ယှဉ်သဖြင့်။ ဩဠာရိကတ္တာ စ၊ ရုန့် ရင်းခြင်းကြောင့်လည်းကောင်း။ ပုရိမာသု၊ ရှေးဘာဝနာသုံးပါးတို့၌။ အာ- ဒီနဝံ ဒိသွာ စ၊ အပြစ်ကို ရှုမြင်ပြီးလျှင်။ သန္တသဘာဝတ္တာ၊ ငြိမ်သက်သော သဘောရှိခြင်းကြောင့်။ ဥပေက္ခာယ၊ ဥပေက္ခာ၌။ အာနိသံသံ ဒိသွာ စ၊ အာနိ သင်ကိုလည်း ရှုမြင်ပြီးလျှင်။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အဿ၊ဤ ယောဂီအား။ ပကတိမဇ္ဈတ္တော၊ ပကတိ ပင်ကိုအားဖြင့် မချစ်-မမုန်း၊ အလယ် အလတ်ဖြစ်၏။ တံ၊ ထိုအလယ်-အလတ်ပုဂ္ဂိုလ်ကို။ အဇ္ဈုပေက္ခိတွာ၊ လျစ်လျူ ရှု၍။ ဥပေက္ခာ ဥပ္ပါဒေတဗ္ဗာ၊ဥပေက္ခာကို ဖြစ်စေအပ်၏။ တတော၊ ထို့နောင်။ ပိယပုဂ္ဂလာဒီသု၊ ချစ်အပ်သောပုဂ္ဂိုလ်-စသည်တို့၌။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေ အပ်၏။ ဟိ၊ မှန်ပေ၏။ တေံ၊ ဤဆိုလတ္တံ့သော စကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။ ''ဘိက္ခု၊ ရဟန်း။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဥပေက္ခာသဟဂတေနစေတသာ၊ ဥပေက္ခာနှင့် တကွဖြစ်

သော စိတ်ဖြင့်။ ကေ ဒိသံ ဖရိတွာ၊ တစ်ခုသောအရပ်ကို ဖြန့်၍။ ဝိဟရတိ၊ နေသနည်း။ သေယျထာပိ နာမ၊ဥပမာပြရလျှင် မူကား။နေဝ မနာပံ အမနာပံ၊ မချစ်-မမုန်းသော။ ကေ ပုဂ္ဂလံ ဒိသွာ၊ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရလျှင်။ ဥပေက္ခကော၊ လျစ်လျူရှုသည်။ အသာ သေယျထာပိ၊ ဖြစ်ရာသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ သဗ္ဗေ သတ္တေ၊ အလုံးစုံသော သတ္တဝါတို့ကို။ ဥပေက္ခာယ၊ လျစ်လျူရှုခြင်း—ဥပေက္ခာဖြင့်။ ဖရတိ၊ ဖြန့်၏။"ဣတိ ဧတံ ဝစနံ၊ ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

တသ္မာ၊ ထို့ကြောင့်။ ဝုတ္တနယေန၊ ဆိုခဲ့ပြီးသော နည်းဖြင့်။ မဇ္ဈတ္တ—ပုဂ္ဂလေ၊ အလယ်အလတ်ပုဂ္ဂိုလ်၌။ ဥပေက္ခံ ဥပ္ပါဒေတွာ၊ ဥပေက္ခာကို ဖြစ်စေပြီးလျှင်။ အထ၊ ထို့နောင်။ ပိယပုဂ္ဂလေ၊ ချစ်အပ်သောပုဂ္ဂိုလ်၌။တတော၊ ထို့နောင်။ သောဏ္ဍသဟာယကေ၊ သွမ်းဖျင်းဖက်နှင့်တူသော သူငယ်ချင်း၌။ တတော၊ ထို့နောင်။ ဝေရိမှိ၊ ရန်သူ၌။ ဥပ္ပါဒေတဗ္ဗာ၊ ဖြစ်စေအပ်၏။ ဣတိ ဧဝံ၊ ဤသို့လျှင်။"ဣမေသု စ တီသု၊ဤပုဂ္ဂိုလ်သုံးဦးတို့၌လည်းကောင်း။ အတ္တနိ စ၊ မိမိ၌လည်းကောင်း။" ဣတိ၊ ဤသို့။ သဗ္ဗတ္ထ၊ အလုံးစုံတို့၌။ မဇ္ဈတ္တဝသေန၊ အလယ်အလတ် လျစ်လျူရှုခြင်း၏ အစွမ်းအားဖြင့်။ သီမာ—သမ္ဘေဒံ ကတွာ၊ သီမာသမ္ဘေဒ—ကို ပြုပြီးလျှင်။ တံ နိမိတ္တံ၊ ထိုနိမိတ်ကို။ အာသေဝိတဗ္ဗံ၊ မှီဝဲအပ်၏။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ဗဟုလီကာတဗ္ဗံ၊ အကြိမ်များစွာ ပြုအပ်၏။ ဧဝံ ကရောတော၊ ဤသို့ပြုနေသော။ တဿ၊ ထို ယောဂီအား။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်းအရာ၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ စတုတ္ထဇ္ဈာနံ ဥပ္ပဇ္ဇတိ၊ စတုတ္ထစျာန် ဖြစ်ပေါ်လာ၏။

(၃၁၁) ပန၊ မေးခွန်းသွင်း၍ ရှင်းပြဦးအံ့။ ဧတံ၊ ဤ ဥပေက္ခာ စတုတ္ထစျာန်သည်။ ပထဝီကသိဏာဒီသု၊ ပထဝီကသိုဏ်း-စသည်တို့၌။ ဥပ္ပန္နတတိယဇ္ဈာနဿာပိ၊ တတိယစျာန်ကိုရသော ပုဂ္ဂိုလ်အားလည်း။ ဥပ္ပဇ္ဇတိ ကိံ၊ ဖြစ်ပါလေသလော?။ ဣတိ—အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ နုပ္ပဇ္ဇတိ၊ မဖြစ်ပေ။ ကသ္မာ၊ အဘယ့်ကြောင့်နည်း?။ အာရမ္မဏ ဝိသဘာဂတာယ၊ အာရုံ၏ သဘောမတူခြင်းကြောင့်ပေတည်း။ ပန၊ စင်စစ်သော်ကား။ အာရမ္မဏသဘာဂတာယ၊ အာရုံ၏ သဘောတူခြင်းကြောင့်။ မေတ္တာဒီသု၊ မေတ္တာ—စသည်တို့၌။ ဥပ္ပန္နတတိယဇ္ဈာနဿေဝ၊ ဖြစ်သော တတိယစျာန်ရှိသောသူအားသာလျှင်။ ဝါ၊ တတိယစျာန်ကိုရသော သူအားသာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်ပေ၏။ ဣတိ၊ ဤတွင်စကားတစ်ရပ်

ပြီး၏။ တဘော ပရံ၊ ထိုမှနောက်၌။ ဝိကုဗ္ဗနာ စ၊ အမျိုးမျိုးအထွေထွေ ဥပေက္ခာပွါးခြင်းကိုလည်းကောင်း။ အာနိသံသပဋိလာဘော စ၊ အာနိသင်-အကျိုးကို ရခြင်းကိုလည်းကောင်း။ မေတ္တာယံ၊ မေတ္တာအရာ၌။ ဝုတ္တ-နယေနေဝ၊ ဆိုခဲ့သောနည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်၏။

အယံ၊ ဆိုခဲ့သော ဤစကားသည်။ ဥပေက္ခာဘာဝနာယ၊ ဥပေက္ခာဘာဝနာ၌။ ဝိတ္ထာရကထာ၊ အကျယ်ပြဆိုသောစကားပေတည်း။

## ပြိုးပြွမ်းပြဆိုချက်

၂၆၂။ ဗြဟ္မုတ္တမေန၊ မြတ်သောဗြဟ္မာမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ကထိတေ၊ ဟောထားအပ်ကုန်သော။ ဣမေ ဗြဟ္မဝိဟာရေ၊ ဤ ဗြဟ္မဝိဟာရ-တို့ကို။ ဣတိ-ဣမိနာ၊ ဤဆိုခဲ့သည့် အတိုင်း။ ဝိဒိတွာ၊ သိပြီးလျှင်။ ဧတေသု၊ ဤ ဗြဟ္မဝိဟာရတို့၌။ အယံ ပကိဏ္ဏကကထာပိ၊ ဤ ပြိုးပြွမ်းပြဆိုချက်ကိုလည်း။ ဘိယျော၊ လွန်စွာ။ ဝါ၊ နောက်ထပ်။ ဝိညေယျာ၊ သိရာ၏။

ဟိ၊ ချဲ့ဦးအံ့။ ဧတာသု မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာသု၊ ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-တို့၌။ တာဝ၊ ရှေးဦးစွာ။ အတ္ထတော၊ အနက်အားဖြင့်။ (ဒဿိတံ၊ ပြအပ်၏။) မေဇ္ဇတိ၊ ချစ်တတ်၏။ ဣတိ-တသ္မာ ထို့ကြောင့်။ မေတ္တာ၊ မေတ္တာမည်၏။ သိနိယှတိ၊ ချစ်တတ်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်တည်း။ ဝါ၊ တနည်းကား။ မိတ္တေ၊ မိတ်ဆွေ၌။ ဘဝါ၊ ဖြစ်တတ်သည်တည်း။ ဝါ၊ ဖြစ်တတ်သောကြောင့်။ မေတ္တာ၊ မေတ္တာမည်၏။ ဝါ၊ တနည်းကား။ ဧသာ၊ ဤချမ်းသာစေလိုခြင်း သဘောသည်။ မိတ္တဿ၊ မိတ်ဆွေ၏ (သန္တာန်၌)။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ မေတ္တာ၊ မေတ္တာမည်၏။ ပရဒုက္ခေ၊ သူတပါးတို့၏ဆင်းရဲ (ကိုမြင်ရကြားရ) သည်။ သတိ၊ ရှိလတ်သော်။ သာဓူနံ ဟဒယကမ္ပနံ၊ သူတော်ကောင်းတို့၏ နှလုံးတုန်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ကရုဏာ၊ ကရုဏာမည်၏။ ဝါ၊ တနည်းကား။ ပရဒုက္ခံ၊ သူတပါး၏ ဆင်းရဲကို၊ ကိဏာတိ ဟိံသတိ၊ ညှဉ်းဆဲတတ်၏။ ဝိနာသေတိ၊ ပယ်ဖျောက်တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ကရုဏာ၊ ကရုဏာမည်၏။ ဝါ၊ တနည်းကား။ ဒုက္ခိတေသု၊ ဆင်းရဲ-ဒုက္ခ ရောက်နေသောသူတို့၌။ ဖရဏဝသေန၊ ဖြန့်သည်၏ အစွမ်းအားဖြင့်။

ကိရိယတိ ပသာရိယတိ၊ ဖြန့်စေအပ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ကရုဏာ၊ ကရုဏာမည်၏။ တံသမင်္ဂိနော၊ မုဒိတာနှင့်ပြည့်စုံသော သူတို့သည်။ တာယ၊ ထိုမုဒိတာဖြင့်။ မောဒန္တိ၊ ဝမ်းမြောက်ကုန်၏။ ဝါ၊ တနည်းကား။ သယံ မောဒတိ၊ ကိုယ်တိုင် ဝမ်းမြောက်တတ်၏။ ဝါ၊ တနည်းကား။ တံ၊ ထို မုဒိတာ ဟူသည်။ မောဒနမတ္တမေဝ၊ ဝမ်းမြောက်ခြင်း သဘောမျှသာ ဖြစ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ မုဒိတာ၊ မုဒိတာမည်၏။ "အဝေရာ ဟောန္တု" တိ အာဒိဗျာပါရပ္ပဟာနေန စ၊ ရန်ကင်းကြပါစေကုန်သတည်း-ဤသို့အစရှိသော ကြောင့်ကြ-ဗျာပါရကို ပယ်သောအားဖြင့်လည်းကောင်း။ မဇ္ဈတ္တ-ဘာဝူပဂမနေန စ၊ အလယ်အလတ်သဘောရှိခြင်းသို့ ရောက်သော အားဖြင့်လည်းကောင်း။ ဥပေက္ခတိ၊ လျစ်လျူရှုတတ်၏။ ဝါ၊ ဘက်မလိုက်ပဲ အညီအမျှ အသင့်အားဖြင့် ရှုတတ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာမည်၏။

၆၃။ လက္ခဏာဒိတော ပန၊ လက္ခဏာ-စသည်အားဖြင့်မူကား။ ဧတ္ထ၊ ဤ မေတ္တာ-စသည်တို့တွင်။ မေတ္တာ၊ မေတ္တာသည်။ ဟိတာကာရပ္ပဝတ္တိ-လက္ခဏာ၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ပြုကျင့်သောအခြင်းအရာ အားဖြင့် ချစ်ခြင်းလက္ခဏာရှိ၏။ ဟိတူပသံဟာရရသာ၊ သတ္တဝါတို့အား အကျိုးစီးပွားကို ဆောင်ပေးခြင်းကိစ္စ(ရသ) ရှိ၏။ အာဃာတဝိနယပစ္စုပဋ္ဌာနာ၊ ရန်ငြိုးအမျက် ဒေါသကို ပယ်ဖျောက်သည့်အနေအားဖြင့် ရှုဆင်ခြင်သူ၏ ဉာဏ်အားရှေးရှုထင်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ မနာပဘာဝဒဿနပဒဋ္ဌာနာ၊ နှစ်သက်-မြတ်နိုးဖွယ်အဖြစ်ကို ရှုခြင်းလျှင် နီးသောအကြောင်းရှိ၏။ ဧတိဿာ၊ ဤမေတ္တာ၏။ ဗျာပါဒူပသမော၊ ဗျာပါဒ-ဒေါသ၏ ဝေးကွာသောအားဖြင့် ငြိမ်းခြင်းသည်။ သမ္ပတ္တိ၊ ပြည့်စုံခြင်းပေတည်း။ သိနေဟသမ္ဘဝေါ၊ ခင်မင်တွယ်တာလျက် ချစ်ခြင်းသည်။ ဝိပတ္တိ၊ ပျက်စီးခြင်းပေတည်း။ ကရုဏာ၊ ကရုဏာသည်။ ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ၊ သူတပါးတို့၏ ဆင်းရဲကို ပယ်လိုသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ပရဒုက္ခာသဟန-ရသာ၊ သူတပါးတို့၏ ဆင်းရဲကို ပယ်လိုသဖြင့် သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။ အဝိဟိံသာပစ္စုပဋ္ဌာနာ၊ သတ္တဝါတို့ကို မညှဉ်းဆဲလိုသောအားဖြင့် ဉာဏ်အားရှေးရှုထင်၏။ ဒုက္ခာဘိဘူတာနံ၊ ဆင်းရဲ၏ အနှိပ်စက်ခံရသော သူတို့၏။ အနာထဘာဝဒဿနပဒဋ္ဌာနာ၊ အားကိုးရာမရှိခြင်းကို ရှုမြင်ခြင်းလျှင် နီးသောအကြောင်းရှိ၏။ ဝိဟိံသူပသမော၊ ညှဉ်းဆဲလိုသော-ဒေါသ၏ ငြိမ်းခြင်းသည်။ တဿာ၊ ထိုကရုဏာ၏။ သမ္ပတ္တိ၊ ပြည့်စုံခြင်း ပေတည်း။

သောကသမ္ဘဝေါ၊ စိုးရိမ်, ပူဆွေးမှု-သောကဖြစ်ခြင်းသည်။ ဝိပတ္တိ၊ ပျက်စီးခြင်းပေတည်း။ မုဒိတာ၊ မုဒိတာသည်။ ပမောဒနလက္ခဏာ၊ သူတပါးမှာ စည်းစိမ်ပြည့်စုံ ကိုလုံသည်ကို ဝမ်းမြောက်ခြင်းလက္ခဏာရှိ၏။ အနိဿာယန-ရသာ၊ ငြူစူမှု, မနာလိုမှု ကင်းခြင်းကိစ္စရှိ၏။ အရတိဝိဃာတပစ္စုပဋ္ဌာနာ၊ သူတပါးစည်းစိမ်၌ မမွေ့လျော်ခြင်းကို ပယ်ဖျောက်သောအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ သမ္ပတ္တိဒဿနပဒဋ္ဌာနာ၊ စည်းစိမ်ကို ရှုမြင်လိုခြင်းလျှင် နီးသောအကြောင်းရှိ၏။ အရတိဝူပသမော၊ ညှဉ်းဆဲလိုသော ဒေါသ၏ငြိမ်းခြင်းသည်။ တဿာ၊ ထိုကရုဏာ၏။ သမ္ပတ္တိ၊ ပြီးစီးပြည့်စုံခြင်းပေတည်း။ ပဟာသသမ္ဘဝေါ၊ စိုးရိမ်မှု-သောကဖြစ်ခြင်းသည်။ ဝိပတ္တိ၊ ပျက်စီးခြင်းပေတည်း။ ဥပေက္ခာ၊ ဥပေက္ခာသည်။ သတ္တေသု၊ သတ္တဝါတို့၌။ မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ၊ အလယ်၌တည်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ သတ္တေသု၊ သတ္တဝါတို့၌။ သမဘာဝ-ဒဿနရသာ၊ ညီမျှသည်၏အဖြစ်ကို ရှုခြင်းကိစ္စရှိ၏။ (သတ္တေသု၊ သတ္တဝါတို့၌။-လိုက်။) ပဋိဃာနုနယဝူပသမပစ္စုပဋ္ဌာနာ၊ မုန်းခြင်း, ချစ်ခြင်းတို့၏ ငြိမ်းခြင်းအနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။ "သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင်ဥစ္စာရှိကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။(၃၁၂) ကဿ ရုစိယာ၊ အဘယ်သူ၏ အလိုအားဖြင့်။ သုခိတာ ဝါ ဘဝိဿန္တိ၊ ချမ်းသာကုန်သည်မူလည်း ဖြစ်ကုန်အံ့နည်း။ ဒုက္ခတော ဝါ မုစ္စိဿန္တိ၊ ဆင်းရဲမှလည်း လွတ်ကုန်အံ့နည်း။ ပတ္တသမ္ပတ္တိတော ဝါ၊ ရောက်အပ်—ရအပ်ပြီးသော စည်းစိမ်မှမူလည်း။န ပရိဟာယိဿန္တိ၊မဆုတ်ယုတ်-မဆုံးရှုံးပဲ ရှိကုန်အံ့နည်း။" ဣတိ ဧဝံ၊ ဤသို့ ဆင်ခြင်လျက်။ ပဝတ္တကမ္မဿကတာဒဿနပဒဋ္ဌာနာ၊ ကံသာလျှင်ဥစ္စာရှိခြင်းကို ရှုမြင်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ပဋိ-ဃာနုနယဝူပသမော၊ သတ္တဝါတို့၌ မုန်းခြင်း, ချစ်ခြင်းတို့၏ ငြိမ်းခြင်းသည်။ တဿာ၊ ထိုဥပေက္ခာ၏။ သမ္ပတ္တိ၊ ပြည့်စုံ ပြီးစီးခြင်းပေတည်း။ ဂေဟသိ-တာယ၊ ဂေဟသိတ-ခေါ်သော ကာမဂုဏ်ကိုမှီသော။ အညာဏုပေက္ခာယ၊ အညာဏုပေက္ခာ၏။ ဝါ၊ ဉာဏ်ကင်းသော ဥပေက္ခာ၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ ဝိပတ္တိ၊ ပျက်စီးခြင်းပေတည်း။

၂၆၄။ ပန၊ ထိုမှတပါး။ ဝိပဿနာသုခဉ္စ၊ ဝိပဿနာ ချမ်းသာသည် လည်းကောင်း။ ဘဝသမ္ပတ္တိ စ၊ ပြည့်စုံ-ကောင်းမြတ်သော သုဂတိဘဝသည် လည်းကောင်း။ စတုန္နံ၊ လေးပါးကုန်သော။ ဧတေသံ ဗြဟ္မ-ဝိဟာရာနံ၊ ဤ ဗြဟ္မဝိဟာရတို့၏။ ဝါ၊ တို့နှင့်။ သာဓာရဏာပ္ပယောဇနံ၊

ဆက်ဆံသောအကျိုးပေတည်း။ ဗျာပါဒါဒိပဋိဃာတော၊ ဗျာပါဒ—စသည် တို့ကို ပယ်ခြင်း, ကင်းကွာခြင်းသည်။ အာဝေဏိကံ၊ မဆက်ဆံသော သီး သန့် အကျိုးပေတည်း။ ဟိ၊ ချဲ့ဦးအံ့။ ဧတ္ထ၊ ဤလေးပါးတို့တွင်။ မေတ္တာ၊ မေတ္တာသည်။ ဗျာပါဒဖဋိဃာတပစ္စယောဇနာ၊ ဗျာပါဒ–ဒေါသကင်းကွာခြင်း အကျိုးရှိပေ၏။ ဣတရာ၊ ကျန်သုံးပါးတို့သည်။ ဝိဟိံသာအရတိရာဂပဋိ— ဃာတပစ္စယောဇနာ၊ အစဉ်အတိုင်း ညှဉ်းဆဲလိုခြင်း, သူ့ချမ်းသာ၌ မမွေ့ လျော်ခြင်း, တပ်မက်ခြင်းတို့၏ ကင်းကွာခြင်း အကျိုးရှိကုန်၏။ စေတံ၊ ဤ ဆိုလတ္တံ့သော စကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ မိန့်တော် မူ၏။—

“အာဝုသော၊ ငါ့ရှင်။ ယဒိဒံ–ယာ အယံ မေတ္တာ စေတောဝိမုတ္တိ၊ အကြင် မေတ္တာစေတောဝိမုတ္တိသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ မေတ္တာ စေတော ဝိမုတ္တိသည်။ ဗျာပါဒဿ၊ ဗျာပါဒ၏။ နိဿရဏံ၊ ထွက်သွားကြောင်း ကင်း ကြောင်းပေတည်း။ အာဝုသော၊ ငါ့ရှင်။ ယဒိဒံ–ယာ အယံ ကရုဏာ စေတောဝိမုတ္တိ၊ အကြင် ကရုဏာ စေတောဝိမုတ္တိသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤကရုဏာ စေတောဝိမုတ္တိသည်။ ဝိဟေသာယ၊ ညှဉ်းဆဲလိုခြင်း၏။ နိဿ— ရဏံ၊ ထွက်သွားကြောင်း ကင်းကြောင်းပေတည်း။ အာဝုသော၊ ငါ့ရှင်။ ယဒိဒံ–ယာ အယံ မုဒိတာ စေတောဝိမုတ္တိ၊ အကြင် မုဒိတာ စေတောဝိမုတ္တိ သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ မုဒိတာ စေတောဝိမုတ္တိသည်။ အရတိယာ၊ သူ့စည်းစိမ်ချမ်းသာ၌ မမွေ့လျော်ခြင်း၏။ နိဿရဏံ၊ ထွက်သွားကြောင်း ကင်းကြောင်းပေတည်း။ အာဝုသော၊ ငါ့ရှင်။ ယဒိဒံ—ယာ အယံ ဥပေက္ခာ စေတောဝိမုတ္တိ၊ အကြင် ဥပေက္ခာ စေတောဝိမုတ္တိသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ ဥပေက္ခာ စေတောဝိမုတ္တိသည်။ ရာဂဿ၊ တပ်မက်ခြင်း၏။ နိဿရဏံ၊ ထွက်သွားကြောင်း ကင်းကြောင်းပေတည်း။” ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

၂၆၅။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤ ဗြဟ္မဝိဟာရလေးပါးတို့တွင်။ ဧကေ— ကဿ၊ တစ်ပါးပါးအား။ အာသန္နဒူရပစ္စတ္ထိကာ၊ အနီးရန်သူ, အဝေးရန်သူ တို့၏ အလိုအားဖြင့်။ ဒွေ ဒွေ ပစ္စတ္ထိကာ၊ နှစ်ပါး နှစ်ပါးစီသော ရန်သူ တို့သည်။ (သန္တိ၊ ရှိကုန်၏။–ထည့်။) ဟိ၊ ချဲ့ဦးအံ့။ ပုရိသဿ၊ ယောကျ်ား၏။ သမီပစာရော၊ အနီး၌ကျက်စားသော။ သပတ္တော ဝိယ၊ ရန်သူကဲ့သို့။ ရာဂေါ၊ ရာဂ–သည်။ ဂုဏဒဿနသဘာဂတာယ၊ ဂုဏ်ကိုရှုခြင်း

အာ ဖြင့် တူသောအဖို့ရှိခြင်းကြောင့်။ မေတ္တာဗြဟ္မဝိဟာရဿ၊ မေတ္တာဗြဟ္မဝိဟာရ၏။ အာသန္နပစ္စတ္ထိကော၊ အနီးကပ် ရန်သူပေတည်း။ သော၊ ထို ရာဂ-သည်။ လဟုံ ဩတာရံ၊ လျင်စွာဝင်ရောက်ခွင့်ကို။ လဘတိ၊ ရတတ်၏။ တသ္မာ၊ ထို့ကြောင့်။ တတော၊ ထိုအနီးကပ်ရန်သူဖြစ်သော ရာဂ-မှ။ မေတ္တာ၊ မေတ္တာကို။ သုဋ္ဌု ရက္ခိတဗ္ဗာ၊ ကောင်းစွာစောင့်ရှောက်အပ်၏။ပုရိ- သဿ၊လူတစ်ယောက်၏။ပဗ္ဗတာဒိဂဟနနိဿိတော၊ တောင်အစရှိသော ရှုပ်ရာ အရပ်ကိုမှီသော။ သပတ္တော ဝိယ၊ ရန်သူကဲ့သို့။ ဗျာပါဒေါ၊ ဗျာပါဒ-ဒေါသသည်။ သဘာဂဝိသဘာဂတာယ၊ တူသော အဖို့ရှိသော ရာဂနှင့် တူသော အဖို့မရှိခြင်းကြောင့်။ ဒူရပစ္စတ္ထိကော၊ ဝေးသောရန်သူပေတည်း။ တသ္မာ၊ ထို့ကြောင့်။ တတော၊ ထို ဝေးသောရန်သူဖြစ်သော ဗျာပါဒ မှ။ နိဗ္ဘယေန၊ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းသဖြင့်။ မေတ္တာယိတဗ္ဗံ၊ မေတ္တာကို ပွားစေအပ်၏။ မေတ္တာယိဿတိ စ နာမ၊ မေတ္တာကိုလည်း ပွားစေလတ္တံ့။ ကောပဉ္စ၊ အမျက်ထွက်ခြင်းကိုလည်း။ ကရိဿတိ နာမ၊ ပြုလတ္တံ့။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ထိုအကြောင်းသည်။ နတ္ထိ၊ မရှိ။

ကရုဏာဗြဟ္မဝိဟာရဿ၊ ကရုဏာဗြဟ္မဝိဟာရ၏။“ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ နှလုံးမွေ့လျော်ဖွယ် ဖြစ်ကုန်သော။ မနောရမာနံ၊ နှလုံးကို မွေ့လျော်စေတတ်ကုန်သော။ လောကာမိသပဋိသံယုတ္တာနံ၊ လူတို့၏ ကာမဂုဏ်နှင့် စပ်ဆိုင်ကုန်သော။ စက္ခုဝိညေယျာနံ၊ မျက်စိဖြင့်မြင်နိုင်ကုန်သော။ ရူပါနံ၊ အဆင်း-ရူပါရုံတို့ ကို။ အပ္ပဋိလာဘံ၊ မရခြင်းကို။ အပ္ပဋိလာဘတော၊ မရသောအားဖြင့်။ သမနုပဿတော၊ အဖန်ဖန် ရှုဆင်ခြင်သောသူအားလည်းကောင်း။ ပုဗ္ဗေ ဝါ၊ ရှေးအခါ၌လည်း။ ပဋိလဒ္ဓပုဗ္ဗံ၊ ရခဲ့ဖူး၍။အတီတံ၊ယခုအခါလွန်လေပြီးသော။ နိရုဒ္ဓံ၊ ယခုအခါချုပ်လေပြီးသော။ ဝိပရိဏတံ၊ ပျက်စီးဆုံးရှုံးလေပြီးသော အဆင်း-ရူပါရုံကို။ သမနုဿရတော၊ အဖန်ဖန်ရှုဆင်ခြင်သောသူအားလည်း ကောင်း။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ယံ ဒေါမနဿံ၊ အကြင်နှလုံးမသာ ယာခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသည်ကို။ ဂေဟသိတံ ဒေါမနဿန္တိ၊ ကာမဂုဏ်ကိုမှီသော နှလုံးမသာယာခြင်း” ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိအာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ အာဂတံ၊ လာသော။ ဂေဟသိတံ၊ ကာမဂုဏ်ကိုမှီသော။ ဒေါမနဿံ၊ နှလုံး မသာယာခြင်းသည်။ ဝိပတ္တိဒဿနသဘာဂတာယ၊ ပျက်စီးခြင်းကိုရှုသောအားဖြင့် တူသောအဖို့

ရှိခြင်းကြောင့်။ (ကရုဏာဗြဟ္မဝိဟာရဿ၊ ကရုဏာဗြဟ္မဝိဟာရ၏။)အာသန္န-ပစ္စတ္ထိကာ၊ နီးစွာသော ရန်သူပေတည်း။သဘာဂဝိသဘာဂတာယ၊ ကရုဏာ၏ သဘာဂ-ဖြစ်သော ဒေါမနဿနှင့် တူသောအဖို့မရှိခြင်းကြောင့်။ ဝါ၊ ကရုဏာ၏သဘောနှင့်မတူသောအဖို့ရှိခြင်း-သဘောမတူခြင်းကြောင့်။ ဝိဟိံသာ။ ညှဉ်းဆဲလိုခြင်း- ဝိဟိံသာသည်။ (၃၁၃) ဒူရပစ္စတ္ထိကာ၊ ဝေးသောရန်သူ ပေတည်း။ တသ္မာ၊ ထိုကြောင့်။ တတော၊ ထိုဝေးသောရန်သူ ဖြစ်သော ဝိဟိံသာမှ။ နိဗ္ဘယေန၊ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းလျက်။ ကရုဏာယိတဗ္ဗံ၊ ကရုဏာကို ပွားစေအပ်၏။ ကရုဏာဉ္စ နာမ၊ သနားခြင်း-ကရုဏာကိုလည်း။ ကရိဿတိ၊ ပြုလတ္တံ့။ ဝါ၊ ဖြစ်စေလတ္တံ့။ ပါဏိအာဒီဟိ စ၊ လက်-စသည် တို့ဖြင့်လည်း။ ဝိဟေဌိဿတိ၊ ညှဉ်းဆဲလတ္တံ့။ ဣတိ ဧတံ၊ ဤသည်လျှင်။ အဋ္ဌာနံ၊ အကြောင်းမရှိ။ ဝါ၊ အကြောင်းမဟုတ်။

"ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။မနာပါနံ၊ နှလုံးမွေ့လျော်ဖွယ် ဖြစ်ကုန်သော။ မနောရမာနံ၊ နှလုံးကို မွေ့လျော်စေတတ်ကုန်သော။ လောကာမိသပဋိသံယုတ္တာနံ၊ လူတို့၏ကာမဂုဏ်နှင့် စပ်ဆိုင်ကုန်သော။ စက္ခုဝိညေယျာနံ၊ မျက်စိဖြင့်မြင်နိုင်ကုန်သော။ ရူပါနံ၊ အဆင်း ရူပါရုံတို့ကို။ ပဋိလာဘံ၊ ရခြင်းကို။ ပဋိလာဘတော၊ ရသောအား ဖြင့်။ သမနုပဿတော၊ အဖန်ဖန် ရှုဆင်ခြင်သောသူအား လည်းကောင်း။ ပုဗ္ဗေ ဝါ၊ ရှေးအခါ၌လည်း။ ပဋိလဒ္ဓပုဗ္ဗံ၊ ရခဲ့ဖူး၍။ အတီတံ၊ ယခု အခါလွန်လေပြီးသော။ နိရုဒ္ဓံ၊ ချုပ်လေပြီးသော။ ဝိပရိဏတံ၊ ပျက်စီး ဆုံးရှုံးပြီးသော အဆင်း-ရူပါရုံကို။ သမနုဿရတော၊ အဖန်ဖန်ရှုဆင်ခြင်သော သူအားလည်းကောင်း။ သောမနဿံ၊ ရွှင်လန်း ဝမ်းသာခြင်းသည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ယံ သောမနဿံ၊ အကြင်ရွှင်လန်း ဝမ်းသာခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသည်ကို။ ဂေဟသိတံ သော-မနဿန္တိ၊ ကာမဂုဏ်ကိုမှီသော ရွှင်လန်းဝမ်းသာခြင်း"ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဣတိအာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ အာဂတံ၊လာသော။ ဂေဟသိတံ၊ ကာမဂုဏ်ကိုမှီသော။ သောမနဿံ၊ ရွှင်လန်းဝမ်းသာခြင်းသည်။ သမ္ပတ္တိဒဿန သဘာဂတာယ၊ ပြည့်စုံခြင်းကိုရှုသောအားဖြင့် တူသောအဖို့ရှိ ခြင်းကြောင့်။မုဒိတာဗြဟ္မဝိဟာရဿ၊ မုဒိတာဗြဟ္မဝိဟာရ၏။ အာသန္နပစ္စတ္ထိကာ၊ နီးစွာသောရန်သူပေတည်း။ သဘာဂဝိသဘာဂတာယ၊ မုဒိတာ၏သဘာဂ ဖြစ်သော သောမနဿနှင့် တူသောအဖို့မရှိခြင်းကြောင့်။ အရတိ၊သူတပါး စည်းစိမ်ကို မမွေ့လျော်ခြင်း, မနာလိုခြင်း—အရတိသည်။ ဒူရပစ္စတ္ထိကာ၊ ဝေး သော ရန်သူပေတည်း။

တသ္မာ၊ ထို့ကြောင့်။ တတော၊ ထိုဝေးသောရန်သူဖြစ်သောအရတိမှ။ နိဗ္ဗာယေန၊ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းလျက်။ မုဒိတာ၊ မုဒိတာကို။ ဘာဝေ— တဗ္ဗာ၊ ပွားစေအပ်၏။ မုဒိတော စ နာမ၊ ဝမ်းမြောက်ခြင်း—မုဒိတာသည် လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပန္တသေနာသနေသု စ၊ တောကျောင်းတို့၌ လည်းကောင်း။ အဓိကုသလေသု ဓမ္မေသု ဝါ၊ သမထ—ဝိပဿနာဟူသော အလွန်မြတ်သော ကုသိုလ်တရားတို့၌လည်းကောင်း။ ဥက္ကဏ္ဌိဿတိ၊ မပျော် မမွေ့-ငြီးငွေ့သည်ဖြစ်လတ္တံ့။ ဣတိ ဧတံ၊ ဤသည်လျှင်။ အဋ္ဌာနံ၊အကြောင်း မရှိ။ ဝါ၊ အကြောင်းမဟုတ်။

“အနေ့ာခိဇိနဿ၊ ကိလေသာတို့ကို တစိတ်တပိုင်းမျှ မအောင်နိုင်သေး သော။ အဝိပါကဇိနဿ၊ နောင်ဖြစ်မည့်ပဋိသန္ဓေဝိပါက်ကို မအောင်နိုင် သေးသော။ အာနာဒီနဝဒဿာဝိနော၊ တွေဝေမှု—မောဟ၌ အပြစ်တို့ကို မမြင်သေးသော။ ဗာလဿ၊ မိုက်မဲသော။ မူဠ္ဟဿ၊ တွေဝေသော။ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပုဂ္ဂိုလ်အား။ အဿုတဝတော၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပုဂ္ဂိုလ်အား။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ ဒိသွာ၊ အဆင်းကို မြင်ပြီး လျှင်။ (တတ္ထ၊ ထိုအဆင်း၌။) ဥပေက္ခာ၊ လျစ်လျူရှုခြင်း-ဥပေက္ခာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဝေရူပါ၊ ဤသို့သဘောရှိသော။ ယာ ဥပေက္ခာ၊ အကြင် လျစ်လျူရှုမှု—ဥပေက္ခာသည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သာ၊ ထို လျစ်လျူ ရှုမှု—ဥပေက္ခာသည်။ ရူပံ၊ မြင်ရသောအဆင်းရူပါရုံကို။ နာတိဝတ္တတိ၊ မလွန် မြောက်နိုင်။ တသ္မာ ထို့ကြောင့်။ သာ ဥပေက္ခာ၊ ထိုဥပေက္ခာကို။ ဂေဟ— တသိတံ၊ ကာမဂုဏ်ကိုမှီသော ဥပေက္ခာ—ဟု။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။”ဣတိ အာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ အာဂတာ၊ လာသော။ ဂေဟသိတာ အညာဏုပေက္ခာ၊ ကာမဂုဏ်ကိုမှီသော မောဟနှင့်ယှဉ်သော ဥပေက္ခာသည်။ ဒေါသဂုဏာဝိစာရဏာဝသေန၊ အပြစ်နှင့်ဂုဏ်ကို မဆင်ခြင်— မစဉ်းစားသည့် အလိုအားဖြင့်။ သဘာဂတ္တာ၊ တူသောအဖို့ရှိခြင်းကြောင့်။ ဝါ၊ သဘောတူခြင်းကြောင့်။ ဥပေက္ခာဗြဟ္မဝိဟာရဿ၊ ဥပေက္ခာဗြဟ္မဝိဟာရ ၏။ အာသန္နပစ္စတ္ထိကာ၊ နီးသောရန်သူပေတည်း။ သဘာဂဝိသဘာဂတာယ၊ ဗြဟ္မဝိဟာရဉပေက္ခာ၏ သဘာဂဖြစ်သော အညာဏုပေက္ခာနှင့် တူသောအဖို့ မရှိခြင်း, သဘောမတူခြင်းကြောင့်။ ဝါ၊ ဗြဟ္မဝိဟာရဥပေက္ခာ၏သဘော နှင့် မတူသောအဖို့ရှိခြင်း, သဘောမတူခြင်းကြောင့်။ ရာဂပဋိဃာ၊ ရာဂနှင့် ဒေါသတို့သည်။ ဒူရပစ္စတ္ထိကာ၊ ဝေးသောရန်သူတို့ပေတည်း။ တသ္မာ၊ ထို့ ကြောင့်။ တတော၊ ထိုဝေးသောရန်သူဖြစ်သော ရာဂနှင့်ဒေါသတို့မှ။

နိဗ္ဗာနေယန၊ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းလျက်။ ဥပေက္ခံတဗ္ဗံ၊ လျစ်လျူရှုကာ ဥပေက္ခာကို ပွားစေအပ်၏။ ဥပေက္ခံသတိ စ နာမ၊ လျစ်လျူရှုသည်လည်း ဖြစ်လတ္တံ့။ ရင့်သတိ စ၊ တတ်မက်မှု—ရာဂကိုလည်း ဖြစ်စေလတ္တံ့။ ပဋိဃဟည်—ဿတိ စ၊ ထိပါးတိုက်ခိုက်မှုကိုလည်းဖြစ်စေလတ္တံ့။ ဣတိ ဧတံ၊ ဤသည်လျှင်။ အဋ္ဌာနံ၊ အကြောင်းမရှိ။ ဝါ၊ အကြောင်းမဟုတ်။

၂၆၈။ စ၊ ဆက်ဦးအံ့။ သဗ္ဗေသမ္ပိ၊ အလုံးစုံကုန်သော။ ဧတေသံ၊ ဤဗြဟ္မဝိဟာရတို့၏။ အာဒိ၊ အစ—အရင်းခံကား။ ကတ္တုကာမတာ၊ ထိုဗြဟ္မဝိဟာရတို့ကို ပွားစေရန် အလိုရှိခြင်းဟူသော။ဆန္ဒော၊ကုသိုလ်ဆန္ဒ—ပေတည်း။ မဇ္ဈံ၊ အလယ်ကား။ နီဝရဏာဒိဝိက္ခမ္ဘနံ၊ နီဝရဏ—စသည်တို့ကို ခွါခြင်းပေတည်း။ ပရိယောသာနံ၊ အဆုံးကား။ အပ္ပနာ၊ အပ္ပနာဈာန်ပေတည်း။ ပဏ္ဏတ္တိဓမ္မဝသေန၊ ပညတ်တရားအလိုအားဖြင့်။ ဧကော ဝါ သတ္တော၊ တစ်ဦးသောသတ္တဝါသည်သော်လည်းကောင်း။ အနေကေ ဝါ သတ္တာ၊ များစွာကုန်သော သတ္တဝါတို့သည်သော်လည်းကောင်း။ (သန္တိ၊ ရှိကုန်၏။) တေသံ၊ ထိုသတ္တဝါတို့၏။ အာရမ္မဏံ၊ အာရုံပေတည်း။ ဥပစာရေ ဝါ၊ ဥပစာရသို့ ရောက်သောအခါ၌သော်လည်းကောင်း။ အပ္ပနာယ ဝါ ပတ္တာယ၊ အပ္ပနာသို့ ရောက်သောအခါ၌သော်လည်းကောင်း။ အာရမ္မဏဝဍ္ဎနံ၊ အာရုံကိုပွားစေခြင်းသည်။ပဝတ္တတိ၊ ဖြစ်နိုင်၏။

တတြ၊ ထိုသို့ပွားစေရာ၌။ အယံ၊ ဤသည်ကား။ ဝဍ္ဎနက္ကမော၊ ပွားစေပုံ အစဉ်ပေတည်း။ ဟိ၊ ဥပမာဆောင်၍ ပြဦးအံ့။ ကုသလော ကဿကော၊ ကျွမ်းကျင် လိမ္မာသော လယ်သမားသည်။ ကသိတဗ္ဗဋ္ဌာနံ ပရိစ္ဆိန္ဒိတွာ၊ ထွန်သင့်သောအရပ်ကို ပိုင်းခြား၍။ကသတိ ယထာ၊ထွန်သကဲ့သို့။ဧဝံ၊ထို့အတူ။ ပဌမမေဝ၊ လက်ဦးအစ၌ပင်လျှင်။ ဧကံ အာဝါသံ ပရိစ္ဆိန္ဒိတွာ၊ တစ်ခုသော ကျောင်း, အိမ်, အဆောက်အအုံကို ပိုင်းခြား၍။ ဣမသ္မိံ အာဝါ-သေ၊ ဤကျောင်း, ဤအိမ်၌။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ ဟောန္တု၊ ရန်ကင်းကြပါစေ။ ဣတိအာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ တတ္ထ သတ္တေသု၊ ထိုကျောင်း, ထိုအိမ်ရှိ သတ္တဝါတို့၌။ မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်၏။ တတ္ထ၊ ထိုကျောင်း, ထိုအိမ်ရှိ သတ္တဝါတို့၌။ စိတ္တံ၊ စိတ်ကို။ မုဒုံ ကတွာ၊ နူးညံ့အောင်ပြု၍။ ကမ္မနိယံ ကတွာ၊ ခံ့ကျန်း သန့်စွမ်းအောင် ပြုပြီးလျှင်။ ဒွေ အာဝါသာ၊ နှစ်ခုသော ကျောင်း, အိမ်တို့ကို။ ပရိစ္ဆိန္ဒိတဗ္ဗာ၊ ပိုင်းခြားအပ်ကုန်၏။ တတော၊ ထို့နောင်။

အနုက္ကမေန၊ အစဉ်အတိုင်း။ တယော၊ သုံးခုကုန်သော ကျောင်း, အိမ်တို့ကို။ စတ္တာရော၊ ပဉ္စ၊ ဆ၊ သတ္တ၊ အဋ္ဌ၊ နဝ၊ ဒသ၊ လေးခု, ငါးခု, ခြောက်ခု, ခုနစ်ခု, ရှစ်ခု, ကိုးခု, ဆယ်ခုကုန်သော ကျောင်း, အိမ်တို့ကို။ ဧကော ရစ္ဆာ၊ တစ်ခုသောလမ်းကို။ ဥပဍ္ဎုဂါမော၊ ရွာထက်ဝက်ကို။ ဂါမော၊ တစ်ရွာလုံးကို။ ဇနပဒေါ၊ ဇနပုဒ်, တိုင်း, နယ်ကို။ ရဇ္ဇံ၊ တစ်ပြည်လုံးကို။ ဧကာ ဒိသာ၊ တစ်ခုသော အရပ်မျက်နှာကို။ ပရိစ္ဆိန္နိတဗ္ဗာ၊ ပိုင်းခြားအပ်၏။ ဣတိ ဧဝံ ဣမိနာ၊ ဤပုံဤနည်းဖြင့်။ ယာဝ ဧကံ စက္ကဝါဠံ၊ စကြဝဠာ တစ်ခုလုံးတိုင်အောင်သော်လည်းကောင်း။တတော ဝါ ပန ဘိယျော၊ ထို့ ထက်အလွန်သော်လည်းကောင်း။ (ပရိစ္ဆိန္နိတွာ၊ ပိုင်းခြား၍။) တတ္ထ တတ္ထ သဏ္ဌိတသု၊ ထိုထိုအရပ်တို့၌ ရှိကြသော သတ္တဝါတို့၌။ (၃၁၄) မေတ္တာ ဘာဝေတဗ္ဗာ၊ မေတ္တာကို ပွားစေအပ်၏။ ကရုဏာဒယော၊ ကရုဏာ—စသည်တို့ကိုလည်း။ တထာ၊ ထို့အတူပင်တည်း။ ဣတိ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤ ဗြဟ္မဝိဟာရတို့၌။ အာရမ္မဏဝဍ္ဎနက္ကမော၊ အာရုံကို ပွားစေပုံ အစဉ် ပေတည်း။

၂၆၇။ ပန၊ အဖို့တပါးကား။ အာရုပ္ပါ၊ အရူပစျာန်တို့သည်။ ကသိ- ဏာနံ၊ ကသိဏ်းစျာန်တို့၏။ နိဿန္ဒော ယထာ၊ ထွက်ပေါ်လာသောအကျိုး သဖွယ် ဖြစ်သကဲ့သို့ လည်းကောင်း။ နေဝသညာနာသညာယတနံ၊ နေဝသညာ နာသညာယတန—စျာန်သည်။ သမာဓိနိဿန္ဒော ယထာ၊ ရူပစျာန် သမာဓိ, အရူပစျာန်သမာဓိ–တို့မှ ထွက်ပေါ်လာသောအကျိုးသဖွယ် ဖြစ်သကဲ့သို့ လည်းကောင်း။ ဖလသမာပတ္တိ၊ ဖလသမာပတ်သည်။ ဝိပဿနာနိဿန္ဒော ယထာ၊ ဝိပဿနာမှ ထွက်ပေါ်လာသောအကျိုးဖြစ်သကဲ့သို့ လည်းကောင်း။ နိရောဓသမာပတ္တိ။ နိရောဓသမာပတ်သည်။ သမထဝိပဿနာနိဿန္ဒော ယထာ၊ သမထ-ဝိပဿနာတို့မှ ထွက်ပေါ်လာသောအကျိုးသဖွယ် ဖြစ်သကဲ့သို့ လည်း ကောင်း။ ဧဝံ၊ ဤအတူ။ ဧတ္ထ၊ ဤလေးပါးသော ဗြဟ္မဝိဟာရတို့တွင်။ ဥပေက္ခာဗြဟ္မဝိဟာရော၊ ဥပေက္ခာဗြဟ္မဝိဟာရ—သည်။ပုရိမဗြဟ္မဝိဟာရတ္တယ— နိဿန္ဒော၊ ရှေးဗြဟ္မဝိဟာရတရား သုံးပါးအပေါင်းမှ ထွက်ပေါ်လာသော အကျိုးသဖွယ်ဖြစ်ပေ၏။ ဟိ၊ ဥပမာဖြင့် ပြရလျှင်။ ထမ္ဘေ၊ တိုင်တို့ကို။ အနုဿာပေတွာ၊ မစိုက်မထူပဲ၊ တုလာသင်္ဃာဋံ၊ ထုပ်—လျှောက်ကိုလည်း။ အနာရောပေတွာ၊ မတင်ပဲ။ အာကာသေ၊ ကောင်းကင်၌။ကူဋဂေါပါနသိယော၊ အထွတ်, အခြင်တို့ကို။ ဌပေတုံ၊ တင်ထားရန်။ န သက္ကာ ယထာ၊ မဖြစ် နိုင်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ ပုရိမေသု၊ ရှေးသုံးပါးသော ဗြဟ္မဝိဟာရတို့၌။

တတိယဇ္ဈာနံ ဝိနာ၊ တတိယစျာန်ကို ကြဉ်၍။ ဝါ၊ တတိယစျာန်နှင့်ကင်း၍။ စတုတ္ထံ၊ စတုတ္ထ ဗြဟ္မဝိဟာရ—ကို။ ဘာဝေတုံ၊ ပွားစေခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်၏။

၂၆၈။ ဧတ္ထ၊ ဤအရာ၌။စောဒနာ၊ စောဒနာခြင်းသည်။သိယာ၊ ဖြစ်ရာ၏။ ကိံ သိယာ။ အဘယ်သို့ဖြစ်ရာသနည်း။ ဧတာ မေတ္တာကရုဏာမုဒိတာ-ဥပေက္ခာ၊ ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ကို။ ကသ္မာ၊အဘယ့်ကြောင့်။ ဗြဟ္မဝိဟာရာတိ၊ ဗြဟ္မဝိဟာရ-တို့ဟု။ ဝုစ္စန္တိ၊ ခေါ်ဆိုအပ်ပါကုန်သနည်း။ ကသ္မာ စ၊ အဘယ့်ကြောင့်လည်း။ စတဿောဝ၊ လေးပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ပါကုန်သနည်း။ ဧတာသံ၊ ဤ မေတ္တာ,ကရုဏာ, မုဒိတာ, ဥပေက္ခာတို့၏။ ကမော၊ အစဉ်သည်ကား။ ကော၊ အဘယ်ပါနည်း။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ ကသ္မာ၊ အဘယ့်ကြောင့်။ အပ္ပမညာတိ၊ အပ္ပမညာ—ဟူ၍။ ဝုတ္တာ၊ ဟောအပ်ပါသနည်း။ဣတိ အယံ၊ ဤသည်ကား။ စော-ဒနာ၊ စောဒနာခြင်းတည်း။ပရိဟာရော၊ အဖြေကို။ မယာ၊ငါသည်။ ဝုစ္စတေ၊ ဖြေအပ်ပေ၏။သေဋ္ဌဋ္ဌေန စ၊ မြတ်သောအနက်သဘောကြောင့်လည်းကောင်း။ နိဒ္ဒေါသဘာဝေန စ၊အပြစ်ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဧတ္ထ၊ ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့၌။ ဗြဟ္မဝိဟာရတာ၊ ဗြဟ္မဝိဟာရ မည်သည်၏အဖြစ်ကို။ တာဝ၊ ရှေးဦးစွာ။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဟိ၊ ချဲ့ဦးအံ့။ ဧတေ ဝိဟာရာ၊ ဤ မေတ္တာ-စသည်ဖြင့် နေခြင်းတို့သည်။ သတ္တေသု၊ သတ္တဝါတို့၌။ သမ္မာပဋိပတ္တိဘာဝေန၊ မှန်ကန်ကောင်းမွန်သော အကျင့်ဖြစ်သောကြောင့်။ သေဋ္ဌာ၊ အထူးသဖြင့် ချီးမွမ်းအပ် မြင့်မြတ်ကြကုန်၏။ စ၊ ထို့ပြင်။ ဗြဟ္မာနော၊ ဗြဟ္မာတို့သည်။ နိဒ္ဒေါသစိတ္တာ၊ နိဝရဏစသော အပြစ်ကင်းသည့်စိတ် ရှိကုန်လျက်။ ဝိဟရန္တိ ယထာ၊ နေကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဧတေဟိ သမ္ပယုတ္တာ၊ ဤမေတ္တာစသည်တို့နှင့် ယှဉ်ကုန်သော။ ယောဂိနော၊ ယောဂီတို့သည်။ ဗြဟ္မသမာ ဟုတွာ၊ ဗြဟ္မာတို့နှင့်တူကုန်လျက်။ ဝိဟရန္တိ၊ နေကြကုန်၏။ ဣတိ၊ ဤသို့။ သေဋ္ဌဋ္ဌေန စ၊ မြတ်သော အနက်သဘောကြောင့်လည်းကောင်း။ နိဒ္ဒေါသဘာဝေန စ၊ အပြစ်ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဗြဟ္မဝိဟာရာတိ၊ ဗြဟ္မဝိဟာရ-တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

၂၆၉။ စ၊ ဆက်ဦးအံ့။ ကသ္မာ၊ အဘယ့်ကြောင့်။ စတဿော ဝါတိ-အာဒိ ပဉှဿ၊ လေးပါး တို့သာလျှင် ဖြစ်ပါကုန်သနည်း—ဤသို့အစရှိသော မေးခွန်း၏။ ဝိဿဇ္ဇနံ၊ အဖြေကား။ ဣဒံ၊ ဤဆိုလတ္တံ့သော စကား ပေတည်း။

ဝိသုဒ္ဓိမဂ္ဂါဒိဝသာ၊ စင်ကြယ်ကြောင်း စသည်တို့၏ အစွမ်းအားဖြင့်။ စတဿော၊ လေးပါးတို့သာဖြစ်ကုန်၏။ အာသံ၊ ထို မေတ္တာ-စသည်တို့၏။ ကမော၊ အစဉ်သည်။ ဟိတာဒိအာကာရဝသာ၊ အစီးအပွားကိုပြုကျင့်ခြင်း—စသော အခြင်းအရာတို့၏ အစွမ်းဖြင့်၊ ပဝတ္တိံ၊ ဖြစ်၏။ တာ၊ ထို မေတ္တာ—စသည်တို့သည်။ အပ္ပမာဏေ၊ အတိုင်းအရှည် ပမာဏကင်းသော။ ဂေါစရေ၊ အာရုံ၌။ ယေန၊ အကြင့်ကြောင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ-တသ္မာ၊ ထို့ကြောင့်။ အပ္ပမညာ၊ အပ္ပမညာ မည်ကုန်၏။

ဟိ၊ ချဲ့ဦးအံ့။ ဧတာသု၊ ဤ မေတ္တာ-စသည်တို့တွင်။ မေတ္တာ၊ မေတ္တာသည်။ ဗျာပါဒဗဟုလဿ၊ ဗျာပါဒ—ဒေါသအဖြစ်များသောသူ၏။ ယသ္မာ၊ အကြင်ကြောင့်။ ဝိသုဒ္ဓိမဂ္ဂေါ၊ စင်ကြယ်ကြောင်းပေတည်း။ ကရုဏာ၊ ကရုဏာသည်။ ဝိဟေသာဗဟုလဿ။ ညှဉ်းဆဲလိုမှု အဖြစ်များသောသူ၏။ ဝိသုဒ္ဓိ-မဂ္ဂေါ၊ စင်ကြယ်ကြောင်းပေတည်း။မုဒိတာ၊ မုဒိတာသည်။ အရတိဗဟုလဿ၊ သူတပါးစည်းစိမ်၌ မမွေ့လျော်မှု, မနာလိုမှု အဖြစ်များသောသူ၏။ ဝိသုဒ္ဓိ-မဂ္ဂေါ၊စင်ကြယ်ကြောင်းပေတည်း။ဥပေက္ခာ၊ဥပေက္ခာသည်။ ရာဂဗဟုလဿ၊ တပ်မက်မှု-ရာဂ အဖြစ်များသောသူ၏။ ဝိသုဒ္ဓိမဂ္ဂေါ၊ စင်ကြယ်ကြောင်းပေတည်း။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ဟိတူပသံဟာရအဟိတာ-ပနယန သမ္ပတ္တိ မောဒန အနာဘောဂဝသေန အစီးအပွားကို ဆောင်ပေးခြင်း, အစီးအပွားမဲ့—အကျိုးမဲ့ကိုပယ်ခြင်း, ပြည့်စုံသောသူ့စည်းစိမ်ကို ဝမ်းမြောက်ခြင်း, တဘက်သတ်ကျစေရန် နှလုံးမသွင်းခြင်းတို့၏ အစွမ်းဖြင့်။ သတ္တေသု၊ သတ္တဝါတို့၌။ မနသိကာရော၊ နှလုံးသွင်းခြင်းသည်။ စတုဗ္ဗိဓော ယေဝ၊ လေးပါးသာလျှင်ဖြစ်ပေ၏။ စ၊ တနည်းသော်ကား။ ယသ္မာ၊ အကြင်ကြောင့်။ မာတာ၊ မိခင်သည်။ ဒဟရ ဂိလာန ယောဗ္ဗနပ္ပတ္တ သကိစ္စ ပသုတေသု၊ သူငယ်, သူနာ, အရွယ်ရောက်သူ, မိမိကိစ္စကိုမိမိဆောင်ရွက်နေသူ—ဟူကုန်သော။ စတူသု ပုတ္တေသု၊ သားလေးယောက်တို့တွင်။ ဒဟ-ရဿ၊ သားသူငယ်၏။ အဘိဝုဍ္ဍိကာမာ ဟောတိ၊ ကြီးထွားခြင်းကို အလိုရှိ၏။ ဂိလာနဿ၊ သူနာသား၏၊ ဂေလညာပနယနကာမာ၊ အနာရောဂါကိုပယ်ဖျောက်ခြင်းငှာ အလိုရှိ၏။ ယောဗ္ဗနပ္ပတ္တဿ၊ အရွယ်ရောက်သောသား၏။ ယောဗ္ဗနသမ္ပတ္တိယာ၊ အရွယ်ကောင်းခြင်း ပြည့်စုံခြင်း၌။ စိရဋ္ဌိတိကာမာ၊ရှည်မြင့်စွာတည်ခြင်းကို အလိုရှိ၏။ သကိစ္စပသုတဿ၊ မိမိကိစ္စကို မိမိဆောင်ရွက်နေသောသား၏။ ကိသ္မိဉ္စိ ပရိယာယေ၊တစုံတခုသောကိစ္စအလှည့်၌မျှ။ အဗျာ-

ဝဋ္ဋာ ဟောတိ ယထာ၊ ကြောင့်ကြမစိုက်တော့သကဲ့သို့။ တထာ၊ ထိုအတူ။ အပ္ပမညာဝိဟာရိကေနာပိ၊ အပ္ပမညာခေါ်သော ဗြဟ္မစိုရ်တရားဖြင့် နေလေ့ရှိသော ရဟန်းသည်လည်း။သဗ္ဗသတ္တေသု၊ အလုံးစုံသောသတ္တဝါတို့၌။မေတ္တာဒိ-ဝသေန၊ မေတ္တာပွားခြင်း—စသည်တို့၏ အစွမ်းအားဖြင့်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဘသ္မာ၊ ထို့ကြောင့်။ ဣတော၊ ဤမှ။ ဝိသုဒ္ဓိမဂ္ဂါဒိဝသာ၊ ဝိသုဒ္ဓိမဂ်-စသည်တို့၏အစွမ်းအားဖြင့်။ အပ္ပမညာ၊ အပ္ပမညာတို့သည်။ စတဿောဝ၊ လေးပါးတို့သာတည်း။

(၃၁၅) စတဿောပိ၊ လေးပါးလည်းဖြစ်ကုန်သော။ ဧတာ၊ ဤအပ္ပ-မညာတို့ကို။ ဘာဝေတုကာမေန၊ ပွားစေခြင်းငှာအလိုရှိသော ပုဂ္ဂိုလ်သည်။ သတ္တေသု၊ သတ္တဝါတို့၌။ ပဌမံ၊ ရှေးဦးစွာ။ ဟိတာကာရပ္ပဝတ္တိဝသေန၊ အစီးအပွားကို ပြုကျင့်သောအခြင်းအရာဖြင့် ဖြစ်ခြင်းအလိုအားဖြင့်။ပဋိပဇ္ဇိ-တဗ္ဗံ၊ ကျင့်အပ်၏။ မေတ္တာ စ၊ မေတ္တာသည်လည်း။ ဟိတာကာရပ္ပဝတ္တိ-လက္ခဏာ၊ အစီးအပွားကိုပြုကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏။ တတော၊ ထို့နောင်။ ဧဝံ၊ ဤသို့။ ပတ္ထိတဟိတာနံ သတ္တာနံ၊ တောင့်တအပ်သော အစီးအပွားနှင့် ပြည့်စုံသော သတ္တဝါတို့အား။ ဒုက္ခာဘိဘဝံ ဒိသွာ ဝါ၊ ဆင်းရဲ-ဒုက္ခနှိပ်စက်ခြင်းကို မြင်ရ၍သော်လည်းကောင်း။ သုတွာ ဝါ၊ ကြား၍သော်လည်းကောင်း။ သမ္ဘာဝေတွာ ဝါ၊ ငရဲ စသည်၌ ဖြစ်နိုင်သည်ကို မြော်တွေးကြံဆ၍သော် လည်းကောင်း။ ဒုက္ခာပနယနာကာရပ္ပ-ဝတ္တိဝသေန၊ ဆင်းရဲကို ပယ်ဖျောက်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းအလိုအားဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။ ကရုဏာ စ၊ ကရုဏာသည်လည်း။ ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ၊ ဆင်းရဲကိုပယ်ဖျောက်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ အထ၊ ထိုမှနောက်၌။ ဧဝံ၊ ဤသို့။ ပတ္ထိတ-ဟိတာနံ၊ တောင့်တသည့်အတိုင်း အစီးအပွားနှင့်ပြည့်စုံကုန်သော။ ပတ္ထိတ-ဒုက္ခာပဂမာနဉ္စ၊ တောင့်တသည့်အတိုင်း ဆင်းရဲကင်းကုန်သော။ နေသံ၊ ထို သတ္တဝါတို့၏။ သမ္ပတ္တိံ ဒိသွာ၊ ပြည့်စုံသောစည်းစိမ်ကို တွေ့မြင်၍။ သမ္ပတ္တိ-ပမောဒနဝသေန၊ ပြည့်စုံသောစည်းစိမ်ကို ဝမ်းမြောက်သည့်အလိုအားဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။ မုဒိတာ စ၊ မုဒိတာသည်လည်း။ပမောဒနလက္ခဏာ၊ ဝမ်းမြောက်ခြင်းလက္ခဏာရှိပေ၏။ တတော ပရံ ပန၊ ထိုမှနောက်၌မူကား။ ကတ္တဗ္ဗာဘာဝတော၊ ပြုဖွယ်ကိစ္စ မရှိသောကြောင့်။ အဇ္ဈုပေက္ခကတ္တ-သင်္ခါတေန၊ လျစ်လျူရှုခြင်းဟုဆိုအပ်သော။ မဇ္ဈတ္တာကာရေန၊ အလယ် အလတ်သဘော အခြင်းအရာအားဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။ ဥပေက္ခာ

စ၊ ဥပေက္ခာသည်လည်း။ မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ၊ အလယ်အလတ်သဘော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဣတော ဟိတာဒိအာကာရဝသာ၊ အစီးအပွားကို ပြုကျင့်ခြင်းအစရှိသော ဤအခြင်းအရာတို့၏ အစွမ်းအားဖြင့်။ အာသံ၊ ထိုမေတ္တာ-စသည်တို့၏။ ပဌမံ၊ ရှေးဦးစွာ။ မေတ္တာ၊ မေတ္တာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ အထ၊ ထို့နောင်။ ကရုဏာ၊ ကရုဏာကိုလည်းကောင်း။ အထ၊ ထို့နောင်။ မုဒိတာ၊ မုဒိတာကိုလည်းကောင်း။ အထ၊ ထို့နောင်။ ဥပေက္ခာ၊ ဥပေက္ခာကိုလည်းကောင်း။ အယံ ကမော၊ ဤအစဉ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ပန၊ အပ္ပမညာခေါ်ခြင်း၏ အကြောင်းသော်ကား။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဧတာ၊ ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့သည်။ အပ္ပမာဏေ ဂေါစရေ၊ အတိုင်းအရှည်—ပမာဏကင်းသော အာရုံ၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဟိ၊ မှန်ပေ၏။ အပ္ပမာဏာ၊ အတိုင်းအရှည်—ပမာဏကင်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဧတာသံ၊ ဤ မေတ္တာ—စသည်တို့၏။ ဂေါစရဘူတာ၊ အာရုံဖြစ်ကြကုန်၏။ ဧကသတ္တဿာပိ၊ သတ္တဝါတစ်ယောက်တည်း၏ သော်လည်း။ ဧတ္တကေ ပဒေသေ၊ ဤမျှသော အစိတ်အပိုင်း၌သာလျှင်။ မေတ္တာဒယော၊ မေတ္တာ—စသည်တို့ကို။ ဘာဝေတဗ္ဗာတိ၊ ပွားစေအပ်ကုန်၏—ဟု။ ဧဝံ၊ ဤသို့။ ပမာဏံ အဂဟေတွာ၊ အတိုင်းအရှည်ပမာဏကို မယူမူ၍။ သကလဖရဏဝသေနေဝ၊ တစ်ယောက်လုံးကို။ ဝါ၊ တကိုယ်လုံးကို ဖြန့်သည်၏အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်၏။ တေန၊ ထို့ကြောင့်။ ဝုတ္တံ၊ ဆိုအပ်၏။—

ဝိသုဒ္ဓိမဂ္ဂါဒိဝသာ၊ စင်ကြယ်ကြောင်း စသည်တို့၏ အစွမ်းအားဖြင့်။ စတဿော၊ လေးပါးတို့သာဖြစ်ကုန်၏။ အာသံ၊ ထိုမေတ္တာ—စသည်တို့၏။ ကမော၊ အစဉ်သည်။ ဟိတာဒိအာကာရဝသာ၊ အစီးအပွားကိုပြုကျင့်ခြင်း—စသော အခြင်းအရာတို့၏ အစွမ်းအားဖြင့်။ ပဝတ္တံ၊ ဖြစ်၏။ တာ၊ ထိုမေတ္တာစသည်တို့သည်။ အပ္ပမာဏေ၊ အတိုင်းအရှည်—ပမာဏကင်းသော။ ဂေါစရေ၊ အာရုံ၌။ ယေန၊ အကြင့်ကြောင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ-တသ္မာ၊ ထို့ကြောင့်။ အပ္ပမညာ၊ အပ္ပမညာ—မည်ကုန်၏။

၂၇၀။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အပ္ပမာဏဂေါစရတာယ၊ အတိုင်းအရှည်-ပမာဏကင်းသော အာရုံရှိခြင်းဖြင့်။ ဧကလက္ခဏာသု စာပိ၊ တူသော

လက္ခဏာရှိကုန်သော်လည်း။ ဧတာသု၊ ဤအပ္ပမညာလေးပါးတို့တွင်။ပုရိမာ တိဿော၊ ရှေ့သုံးပါးတို့သည်။ တိကစတုက္ကဇ္ဈာနိကာဝ၊ ဈာန်သုံးပါး, လေးပါးအဖေါင်းတို့ သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း?။ သောမနဿာဝိပ္ပယောဂတော၊ သောမနဿနှင့် အမြဲယှဉ်ခြင်းကြောင့်ပေတည်း။ အယံ၊ ဤသုံးပါးအပေါင်းသည်။ သောမနဿေန၊ သောမနဿနှင့်။ အဝိပ္ပယောဂေါ၊ အမြဲယှဉ်ခြင်းသည်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း?။ ဣတိ အယံ၊ ဤသည်ကား။ (ပုစ္ဆာ၊ အမေးတည်း။) ဒေါမနဿ သမုဋ္ဌိတာနံ၊ ဒေါမနဿကြောင့် ဖြစ်ကုန်သော။ ဗျာပါဒါဒီနံ၊ ဗျာပါဒ,ဝိဟိံသာ, အရတိတို့၏။ နိဿရဏတ္တာ၊ ထွက်သွားကြောင်းဖြစ်သောကြောင့်ပေတည်း။ ပစ္ဆိမာ ပန၊ နောက်ဆုံးဖြစ်သော ဥပက္ခာသည်ကား။ အဝသေသဧကဇ္ဈာနိကာဝ၊ ကြွင်းကျန်သော ဈာန်တစ်ပါးကိုသာ ဖြစ်စေနိုင်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း?။ ဥပေက္ခာဝေဒနာသမ္ပယောဂတော၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းကြောင့်ပေတည်း။ ဟိ၊ မှန်ပေ၏။ သတ္တေသု၊ သတ္တဝါတို့၌။ မဇ္ဈတ္တာကာရပ္ပဝတ္တာ၊ အလယ်အလတ်သဘော အခြင်းအရာအားဖြင့် ဖြစ်သော။ဗြဟ္မဝိဟာရုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာသည်။ ဥပေက္ခာဝေဒနံ ဝိနာ၊ ဥပေက္ခာဝေဒနာနှင့်ကင်း၍။ န ဝတ္တတိ၊ မဖြစ်။ ဣတိ၊ ဤတွင် စကားတစ်ရပ် ပြီး၏။

၂၇၁။ "ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အင်္ဂုတ္တရ အဋ္ဌကနိပါတေ၊ အဋ္ဌက-နိပါတ်၌။ 'ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ တတော တသ္မိံ ကာလေ၊ ထိုအခါ၌။ ဣမံ သမာဓိံ၊ ဤသမာဓိကို။ သဝိတက္ကမ္ပိ၊ ဝိတက်လည်းရှိအောင်။ သဝိစာရမ္ပိ၊ ဝိစာရလည်းရှိအောင်။ ဘာဝေယျာသိ၊ ပွားလေလော့။အဝိတက္ကံ၊ ဝိတက်မရှိမူ၍။ ဝိစာရမတ္တမ္ပိ၊ ဝိစာရမျှ ရှိအောင်လည်း။ ဘာဝေယျာသိ။ ပွားလေလော့။အဝိတက္ကံ၊ ဝိတက်လည်းမရှိ။အဝိစာရမ္ပိဝိစာရလည်းမရှိအောင်။ ဘာဝေယျာသိ၊ ပွားလေလော့။ သပ္ပီတိကမ္ပိ၊ ပီတိရှိအောင်လည်း။ ဘာဝေ-ယျာသိ၊ ပွားလေလော့။ နိပ္ပီတိကမ္ပိ၊ ပီတိကင်းအောင်လည်း။ ဘာဝေ-ယျာသိ၊ ပွားလေလော့။ သာတသဟဂတမ္ပိ၊ သာယာဖွယ်—သုခနှင့်တကွဖြစ်အောင်လည်း ။ဘာဝေယျာသိ၊ ပွားလေလော့။ဥပေက္ခာသဟဂတမ္ပိ၊ ဥပေက္ခာနှင့်တကွ ဖြစ်အောင်လည်း။ ဘာဝေယျာသိ၊ ပွားလေလော့။' ဣတိ၊ ဤသို့။ စတူသုပိ အပ္ပမညာသု၊ အပ္ပမညလေးပါးတို့၌လည်း ။ အဝိသေသေန၊ အထူးမပြုပဲ သာမညအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ (၃၁၆) တသ္မာ၊ ထို့ကြောင့်။ စတဿော အပ္ပမညာ၊ အပ္ပမညာလေးပါးတို့သည်။ စတုက္က-

ပဉ္စကဇ္ဈာနိကာ၊ ဈာန်လေးပါး, ငါးပါးအပေါင်းကို ဖြစ်စေနိုင်ကြကုန်၏။” ဣတိ၊ ဤသို့။ ယော၊ အကြင် တစုံတစ်ယောက်သောပုဂ္ဂိုလ်သည်။ ဧဝံ ဝဒေယျ၊ ဤသို့ပြောဆိုငြားအံ့။ သော၊ ထိုသူ့ကို။ ဧဝံ၊ ဤသို့။ မာ ဝဒေယျာသိ၊ မဆိုပ နှင့်—ဟူ၍။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ဟိ၊ မှန်ပေ၏။ ဧဝံ သတိ၊ ဤသို့ သာမညအားဖြင့် ဟောတိုင်း အတုပြု၍ ယူလျှင်။ ကာယာနုပဿနာဒယောပိ၊ ကာယာနုပဿနာ-စသော သတိပဋ္ဌာန်လေးပါးတို့သည်လည်း။ စတုက္က ပဉ္စကဇ္ဈာနိကာ၊ ဈာန်လေးပါး, ငါးပါးအပေါင်းကို ဖြစ်စေနိုင်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ စ၊ သို့သော်လည်း။ ဝေဒနာဒီသု၊ ဝေဒနာနုပဿနာ-စသည်တို့၌။ ပဌမဇ္ဈာနမ္ပိ၊ ပဌမဈာန်သည် သော်လည်း။ နတ္ထိ၊ မရှိပေ။ ဒုတိယာဒီနိ၊ ဒုတိယဈာန် စသည်တို့သည်။ နတ္ထိ န သန္တိ၊ မရှိကြကုန်သည်ကား။ ပဂေဝ၊ ဘယ်မှာဆိုဖွယ်ရှိတော့အံ့နည်း။ ဝါ၊ ဆိုဖွယ်မရှိတော့ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဗျဉ္ဇနစ္ဆာယာမတ္တံ ဂဟေတွာ၊ သဒ္ဒါအရိပ်မျှကို ယူ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ မာ အဗ္ဘာစိက္ခ၊ မစွပ်စွဲပါလင့်။ ဟိ၊ မှန်၏။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကားတော်သည်။ ဂမ္ဘီရံ၊ နက်နဲလှပါ၏။ တံ၊ ထိုနက်နဲသော ဘုရားစကားတော်ကို။ အာစရိယေ ပယိရုပါသိတွာ၊ ဆရာ့ထံ၌ ချဉ်းကပ် မှီဝဲ၍။ အဓိပ္ပာယတော၊ ဆိုလိုသော—အဓိပ္ပာယ်အားဖြင့်။ ဂဟေတဗ္ဗံ၊ ယူအပ်—ယူသင့်ပေ၏။

၂၇၂။ ဟိ၊ ခွဲ၍ပြဦးအံ့။ အယံ၊ ဤဆိုမည့်စကားသည်။ တတြ၊ ထိုဘုရားစကားတော်၌။ အဓိပ္ပာယော၊ ဆိုလိုသော-အဓိပ္ပာယ်တည်း။ “ဘန္တေ၊ မြတ်စွာဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတု၊ ဟောစေချင်ပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယံ ဓမ္မံ သုတွာ၊ အကြင်တရားတော်ကို နာရ၍။ ဝါ၊ ကြားနာပြီးလျှင်။ ဧကော၊ တစ်ပါးတည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာသို့ကပ်လျက်။ အပ္ပ—မတ္တော၊ မမေ့မလျော့သည်။ အာတာပီ၊ ကိလေသာကိုပူပန်စေတတ်သောလုံ့လဝီရိယရှိသည်။ ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရေယျံ၊ နေလိုပါ၏။” ဣတိ ဧဝံ၊ ဤသို့။ အာယာစိတဓမ္မဒေသနံ၊ တောင်းပန်အပ်ပြီးသော တရားဒေသနာရှိသော။ တံ ဘိက္ခုံ၊ ထိုရဟန်းကို။ ယသ္မာ၊ အကြင့်ကြောင့်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဓမ္မံ သုတွာ၊ တရားတော်ကို နာရ၍။ တတ္ထေဝ၊ ထို နေမြဲအရပ်၌သာလျှင်။ ဝသတိ၊ နေ၏။ သမဏဓမ္မံ၊ ရဟန်းတရားဖြစ်သော သမထ-ဝိပဿနာကို။

ကာတုံ၊ ပြုခြင်းငှာ။ န ဂစ္ဆတိ၊ မသွား။ တသ္မာ၊ ထို့ကြောင့်။ နံ ဘိက္ခုံ၊ ထိုရဟန်းကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ "ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ မောဃပုရိသာ၊ အချို့ မဂ်ဖိုလ်မှ အချီးနှီးဖြစ်ကုန်သောသူတို့သည်။ မမဉ္စေဝ- မမံ ဧဝ၊ ငါဘုရားကိုသာလျှင်။ ဧဝမေဝ၊ အကျိုးမဲ့ကိုသာလျှင်။ ဝါ၊ ကိစ္စမပြီး အချီးနှီးကိုသာလျှင်။ အဇ္ဈေသန္တိ၊ တောင်းပန်ကုန်၏။ ဓမ္မေ စ ဘာသိတေ၊ တရားတော်ကို ငါဘုရားဟောအပ်ပါသော်လည်း။ မမဉ္စေဝ— မမံ ဧဝ၊ ငါဘုရားသို့သာလျှင်။ အနုဗန္ဓိတဗ္ဗံ၊ နောက်တော်မှ သာ သွားလေရာရာ လိုက်ကောင်း၏ဟူ၍။ မညန္တိ၊ အောက်မေ့ကုန်၏။" ဣတိ၊ ဤသို့။ အပသာဒေတွာ၊ ကြိမ်းမောင်းတော်မူပြီးလျှင်။ ပုန၊ တဖန်။ ယသ္မာ၊ အကြင့်ကြောင့်။ သော၊ ထိုရဟန်းသည်။ အရဟတ္တဿ၊ အရဟတ္တ ဖိုလ်၏။ ဥပနိဿယသမ္ပန္နော၊ ဥပနိဿယ-အကြောင်းနှင့် ပြည့်စုံ၏။ တသ္မာ၊ ထို့ကြောင့်။ နံ၊ ထိုရဟန်းကို။ ဩဝဒန္တော၊ ဆုံးမတော်မူလျက်။ "ဘိက္ခု၊ ရဟန်း။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ တေ၊ သင်သည်။ ဧဝံ သိက္ခိတဗ္ဗံ၊ ဤသို့ ကျင့်အပ်၏။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ ကမ္မဋ္ဌာန်းဟူသော အာရုံ၌။ ဌိတံ ဘဝိဿတိ၊ တည်လတ္တံ့။ သုသဏ္ဌိတံ၊ ကောင်းစွာတည်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ဝါ၊ ဘာဝနာဖြင့် မခွာအပ်သေးကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကု-သလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ စိတ္တံ၊ ကုသိုလ်စိတ်ကို။ ပရိယာဒါယ၊ ကုန်ခန်းစေ၍။ ဝါ၊ ဖြစ်ခြင်းငှာ အခွင့်မပေးမူ၍။ ဌဿန္တိ၊ တည်ကုန်လတ္တံ့။" ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ ဘိက္ခု၊ ရဟန်း။ ဧဝံ ဟိ၊ ငါဘုရား ဆုံးမ ညွှန်ပြသည့်အတိုင်းသာလျှင်။ တေ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။" ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ပန၊ ဆက်ဦးအံ့။ ဣမိနာ ဩဝါဒေန၊ ဤအဆုံးအမဖြင့်။ နိယကဇ္ဈတ္တ-ဝသေန၊ ပုဂ္ဂိုလ်အသီးသီး၏သန္တာန်၌ အတွင်းဝင်သောတရားဟူသော နိယကဇ္ဈတ္တအလိုအားဖြင့်။ အဿ၊ ထိုရဟန်းအား။ စိတ္တေကဂ္ဂတာမတ္တော၊ စိတ်၏ တစ်ခုတည်းသောအာရုံရှိခြင်းမျှဖြစ်သော။ မူလသမာဓိ၊ မူလသမာဓိ ကို။ ဝုတ္တော၊ ဟောတော်မူပေပြီ။ တတော၊ ထို့နောင်မှ။ "တွေကနေဝ၊ ဤမျှဖြင့်ပင်လျှင်။ သန္တုဋ္ဌိံ၊ အားရ-ကျေနပ်ခြင်းသို့။ အနာပဇ္ဇိတွာ၊ မရောက်သေးပဲ။ သော ဧဝ သမာဓိ၊ ထို မူလသမာဓိကိုပင်လျှင်။ ဧဝံ၊ ဤပြ ဆိုသည့်အတိုင်း။ ဝဍ္ဍေတဗ္ဗော၊ ပွားစေအပ်၏။" ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှာ။ "ဘိက္ခု၊ ရဟန်း။ ယတော-ယသ္မိံ ကာလေ၊ အကြင်အခါ၌။

တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တ၌။ ဋ္ဌိတံ ဟောတိ၊ တည်၊ ၏။ သုသဏ္ဌိတံ ဟောတိ၊ ကောင်းစွာတည်၏။ ပါပကာ အကုသလာ ဓမ္မာ စ ယုတ်မာသော အကုသိုလ်တရားတို့သည်လည်း။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်လျက်။ စိတ္တံ၊ သင်၏စိတ်ကို။ ပရိယာဒါယ၊ အကုန်ဆောင်ယူ၍။ န တိဋ္ဌန္တိ၊ မတည်ကုန်။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုအခါ၌။ တေ၊ သင်သည်။ ဧဝံ သိက္ခိတဗ္ဗံ၊ ဤသို့ ကျင့်ရမည်။ မေ၊ ငါသည်။ မေတ္တာ စေတောဝိမုတ္တိ၊ စိတ်၏ လွတ်ကြောင်းဖြစ်သော မေတ္တာကို။ ဘာဝိတာ၊ ပွားစေအပ်ပြီးသည်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ပြီးသည်။ ယာနီကတာ၊ က-ထားသော ရထားကဲ့သို့ ပြုအပ်ပြီးသည်။ ဝတ္ထုကတာ၊ တည်ရာကဲ့သို့ ပြုအပ်ပြီးသည်။ အနုဋ္ဌိတာ၊ မြဲမြံစွာ တည်စေအပ်ပြီးသည်။ ပရိစိတာ၊ နိုင်နင်းအောင် လေ့ကျင့်အပ်ပြီးသည်။ သုသမာရဒ္ဓါ၊ ကောင်းစွာ အားထုတ်အပ်ပြီးသည်။ ဘဝိဿတိဘိ၊ ဖြစ်လတ္တံ့-ဟု။ ဧဝံ၊ ဤသို့ပင်။ ဘိက္ခု၊ ရဟန်း။ တေ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။" ဣတိ ဧဝံ၊ ဤသို့။ အဿ၊ ထိုရဟန်းအား။ မေတ္တာဝသေန၊ မေတ္တာ၏အစွမ်းဖြင့်။ ဘာဝနံ၊ ဘာဝနာကို။ ပုန၊ တဖန်။ ဝတွာ၊ ဟောကြားပြီးလျှင်။ "ဘိက္ခု၊ ရဟန်း။ ယတော ခေါ၊ အကြင်အခါ၌။ အယံ သမာဓိ၊ ဤသမာဓိကို။ ဧဝံ ဘာဝိတော၊ ဤဆိုခဲ့သည့်အတိုင်း ပွားစေအပ်ပြီးသည်။ ဧဝံ ဗဟုလီကတော၊ ဤဆိုခဲ့သည့်အတိုင်း အကြိမ်များစွာ ပြုအပ်ပြီးသည်။ ဟောတိ၊ ၏။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုအခါ၌။ တ္တံ၊ သင်သည်။ ဣမံ မူလသမာဓိံ၊ ဤ မူလသမာဓိကို။ သဝိတက္ကမ္ပိ၊ ဝိတက်လည်းရှိအောင်။ သဝိစာရမ္ပိ၊ ဝိစာရလည်းရှိအောင်။ ဘာဝေယျာသိ၊ ပွားလေလော့။ပ။ ဥပေက္ခာသဟဂတမ္ပိ၊ ဥပေက္ခာနှင့်တကွ ဖြစ်အောင်လည်း။ ဘာဝေယျာသိ၊ ပွားလေလော့။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

တဿ၊ ထိုဟောတော်မူရင်းဖြစ်သော ဒေသနာတော်၏။ အတ္ထော၊ဆိုလိုသောအနက်ကား။—ဘိက္ခု၊ ရဟန်း။ ယဒါ၊ အကြင်အခါ၌။ တေ၊ သင်သည်။ အယံ မူလသမာဓိ၊ ဤ မူလသမာဓိကို။ ဧဝံ၊ ဤ ယခုပြဆိုခဲ့သည့်အတိုင်း။ မေတ္တာဝသေန၊ မေတ္တာ၏အစွမ်းဖြင့်။ ဘာဝိတော ဟောတိ၊ ပွားစေအပ်ပြီး ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တွံ၊ သင်သည်။ တာဝတကေနာပိ၊ ထိုမျှလောက်ဖြင့်လည်း။ တုဋ္ဌိံ အနာပဇ္ဇိတွာဝ၊ အားရ-ကျေနပ်ခြင်းသို့ မရောက်သေးပဲသာလျှင်။ ဣမံ (၃၁၇) မူလသမာဓိံ၊ ဤ မူလသမာဓိကို။ အညေသု-ပိ အာရမ္မဏေသု၊ ပါးသော အာရုံတို့၌လည်း။ စတုက္ကပဉ္စကဈာနာနိ၊

ဈာန်လေးပါး, ဈာန်ငါးပါး—အပေါင်းတို့သို့။ ပါပယမာနော၊ ရောက်စေလျက်။ သဝိတက္ကမ္ပိ၊ ဝိတက်လည်းရှိအောင်။ သဝိစာရမ္ပိ၊ ဝိစာရလည်းရှိအောင်။ဣတိအာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ ဘာဝေယျာသိ၊ ပွားလေလော့။ ဣတိ၊ ဤသို့ ဆိုလိုပေသတည်း။

စ၊ ဆက်ဦးအံ့။ ဧဝံ ဝတွာ၊ ဤသို့ ဟောတော်မူပြီးလျှင်။ ကရုဏာဒိအဝသေသဗြဟ္မဝိဟာရပုဗ္ဗင်္ဂမမ္ပိ၊ ကရုဏာ-အစရှိသော ကြွင်းသောဗြဟ္မဝိဟာရတရားသုံးပါးကို ရှေ့သွားပြု၍လည်း။ အညေသု အာရမ္မဏေသု၊ တပါးသော အာရုံတို့၌။ စတုက္ကပဉ္စကဇ္ဈာနဝသေန၊ ဈာန်လေးပါး, ဈာန်ငါးပါး—အပေါင်း၏ အစွမ်းအားဖြင့်။ ဘာဝနံ၊ ဘာဝနာကို။ ကရေယျာသီတိ၊ ပြုလေလော့-ဟု။ အဿ၊ ထိုရဟန်းအား။ ဒဿေန္တော၊ ပြလိုတော်မူသည်ဖြစ်၍။ 'ဘိက္ခု၊ ရဟန်း။ ယတော ယသ္မိံ ကာလေ၊ အကြင်အခါ၌။ တေ-တယာ၊ သင်သည်။ အယံ သမာဓိ၊ ဤသမာဓိကို။ ဧဝံ ဘာဝိတော ဟောတိ၊ ဤဆိုခဲ့သည့်အတိုင်း ပွားစေအပ်ပြီး ဖြစ်၏။ ဧဝံ ဗဟုလီကတော ဟောတိ၊ ဤဆိုခဲ့သည့်အတိုင်း အကြိမ်များစွာ ပြုအပ်ပြီး ဖြစ်၏။ တတော-တသ္မိံ ကာလေ၊ ထိုအခါ၌။ ဘိက္ခု၊ ရဟန်း။ တေ၊ သင်သည်။ ဧဝံ သိက္ခိတဗ္ဗံ၊ ဤသို့ ကျင့်ရမည်။ မေ၊ ငါသည်။ ကရုဏာ စေတောဝိမုတ္တိ၊ ကရုဏာစေတောဝိမုတ္တိကို။ ဘာဝိတာ၊ ပွားစေအပ်ပြီးသည်။ ဟောတိ၊ဖြစ်၏။'' ဣတိ အာဒိံ၊ ဤသို့အစရှိသည်ကို။ အာဟ၊ ဟောတော်မူ၏။

ဧဝံ၊ ဤသို့။ မေတ္တာဒိပုဗ္ဗင်္ဂမံ၊ မေတ္တာ—စသည် ရှေ့သွားရှိသော။ စတုက္ကပဉ္စကဇ္ဈာနဝသေန၊ ဈာန်လေးပါး, ဈာန်ငါးပါး—အပေါင်း၏ အစွမ်းအားဖြင့်။ ဘာဝနံ ဒဿေတွာ၊ ဘာဝနာကို ပြတော်မူပြီးလျှင်။ ပုန၊ တဖန်။ ကာယာနုပဿနာဒိပုဗ္ဗင်္ဂမံ၊ ကာယာနုပဿနာ—စသည် ရှေ့သွားရှိသော။ (ဘာဝနံ၊ ဘာဝနာကို။) ဒဿေတုံ၊ ပြတော်မူခြင်းငှာ။ "ဘိက္ခု၊ ရဟန်း။ ယတော—ယသ္မိံ ကာလေ၊ အကြင်အခါ၌။ တေ—တယာ၊ သင်သည်။ အယံ သမာဓိ၊ ဤသမာဓိကို။ ဧဝံ ဘာဝိတော ဟောတိ၊ ဤဆိုခဲ့သည့်အတိုင်း ပွားစေအပ်ပြီး ဖြစ်၏။ ဧဝံ ဗဟုလီကတော ဟောတိ၊ ဤဆိုခဲ့သည့်အတိုင်း အကြိမ်များစွာ ပြုအပ်ပြီး ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ တတော—တသ္မိံ ကာလေ၊ ထိုအခါ၌။ တေ—တယာ၊ သင်သည်။ ဧဝံ သိက္ခိတဗ္ဗံ၊ ဤသို့ ကျင့်အပ်၏။ ကာယေ၊ ကာယ၌။ ကာယာနုပဿီ၊ ကာယ—ကို ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရိဿာမိ၊ နေအံ့။" ဣတိအာဒိ ဝတွာ၊ ဤသို့အစရှိသည်ကို ဟောတော်မူ

ပြီးလျှင်။ "ဘိက္ခု၊ ရဟန်း။ ယတော၊ အကြင်အခါ၌။ တေ—ဘယာ၊ သင်ပ်သည်။ အယံ သမာဓိ၊ ဤသမာဓိကို။ ဝေံ ဘာဝိတော၊ ဤသို့ ပွားစေအပ်ပြီးသည်။ ဝေံ သုဘာဝိတော၊ ဤသို့ ကောင်းစွာပွားစေအပ်ပြီးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဘိက္ခု၊ ရဟန်း။ တတော၊ ထိုအခါ၌။ တွံ၊ သင်သည်။ ယေန ယေနေဝ၊ အကြင်အကြင်သို့သော အရပ်သို့သာလျှင်။ ဂစ္ဆသိ၊ သွားလတ္တံ့။ ဖာသုညေဝ၊ ချမ်းသာစွာသာလျှင်။ ဂစ္ဆသိ၊ သွားလတ္တံ့။ ယတ္ထ ယတ္ထေဝ၊ အကြင်အကြင် အရပ်တိုင်း၌ပင်လျှင်။ ဌဿသိ၊ ရပ်လတ္တံ့။ ယတ္ထ ယတ္ထေဝ၊ အကြင်ကြင် အရပ်၌ပင်လျှင်။ နိသီဒိဿသိ၊ ထိုင်နေရပေလတ္တံ့။ ဖာသုညေဝ နိသီဒိဿသိ၊ ချမ်းသာစွာ ထိုင်နေရလတ္တံ့။ ယတ္ထ ယတ္ထေဝ၊ အကြင်အကြင် အရပ်၌ပင်လျှင်။ သေယျံ ကပ္ပေဿသိ၊ လျောင်းလတ္တံ့။ ဖာသုညေဝ သေယျံ ကပ္ပေဿသိ၊ ချမ်းသာစွာသာလျှင် လျောင်းလတ္တံ့။" ဣတိ၊ ဤသို့။ အရဟတ္တနိကူဋေန၊ အရဟတ္တဖိုလ်ကို အထွတ်တတ်သဖြင့်။ ဒေသနံ သမာပေသိ၊ ဒေသနာတော်ကို ပြီးဆုံးစေ၏။ တသ္မာ၊ ထို့ကြောင့်။ မေတ္တာဒယော၊ မေတ္တာ–အစရှိကုန်သော။ တိက· စတုက္ကဇ္ဈာနိကာဝ၊ ရှေး ဗြဟ္မဝိဟာရသုံးပါးတို့သည် ဈာန်သုံးပါး, ဈာန်လေးပါးအပေါင်းကိုသာလျှင် ဖြစ်စေနိုင်ကုန်၏။ ဥပေက္ခာ ပန၊ ဥပေက္ခာသည်ကား။ အဝသေသဧကဇ္ဈာနိကာဝ၊ ကြွင်းသော ဈာန်တစ်ပါးကိုသာ ဖြစ်စေနိုင်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ အဘိဓမ္မေ၊ အဘိဓမ္မာပိဋကတ်၌။ တထေဝ စ၊ ထို့အတိုင်းပင်။ ဝိဘတ္တာ၊ ဝေဖန်အပ်ကုန်၏။

၂၄၃။ ဝေံ၊ ဤဆိုခဲ့သည့်အတိုင်း။ တိကစတုက္ကဇ္ဈာနဝသေန စေဝ၊ ဈာန်သုံးပါး, လေးပါးကို ဖြစ်စေနိုင်သည်၏ အစွမ်းအားဖြင့်လည်းကောင်း။ အဝသေသဧကဇ္ဈာနဝသေန စ၊ ကြွင်းသော ဈာန်တစ်ပါးကို ဖြစ်စေနိုင်သည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ဒွိဓာ ဌိတာနမ္ပိ၊ နှစ်ပါးအပြားအားဖြင့် တည်ကုန်သော။ ဧတာသံ၊ ဤ ဗြဟ္မဝိဟာရ–လေးပါးတို့၏။ သုဘပရ-မာဒိဝသေန၊ သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသော ဝိမုတ္တိစသည်တို့၏ အစွမ်းအားဖြင့်။ အညမညံ၊ အချင်းချင်း။ အသဒိသော၊ မတူသော။ အာနုဘာဝဝိသေသော၊ အာနုဘော်အထူးကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ မှန်၏။ ဟာလိဒ္ဒဝသနသုတ္တသ္မိံ၊ ဟာလိဒ္ဒဝသန–သုတ်၌။ တော၊ ဤ မေတ္တာစေတောဝိမုတ္တ်–စသည်တို့ကို။ သုဘပရမာဒိဘာဝေန၊ သုဘ ပရမ–စသည်တို့၏ အဖြစ်ဖြင့်။ ဝိသေသေတွာ၊ အထူးပြု၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်

၏။ ယထာဟ၊ ဘုရားအဘယ်ကဲ့သို့ ဟောတော်မူသနည်း။ ''ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ မေတ္တံ စေတောဝိမုတ္တိံ၊ မေတ္တာ စေတောဝိမုတ္တိကို။ သုဘပရမံ၊ သုဘ ဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်-ဟု။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ကရုဏံ စေတောဝိမုတ္တိံ၊ ကရုဏာ စေတောဝိမုတ္တိကို။ အာကာသနဉ္စာ-ယတနပရမံ၊ အာကာသာနဉ္စာယတန-ဈာန်လျှင် အလွန်အမြတ်ရှိ၏ ဟု။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ မုဒိတံ စေတောဝိမုတ္တိံ၊ မုဒိတာ စေတောမုတ္တိကို။ ဝိညာဏဉ္စာယတနပရမံ၊ ဝိညာ-ဏဉ္စ-ဈာန်လျှင် အလွန်အမြတ်ရှိ၏-ဟု။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ဥပေက္ခံ စေတောဝိမုတ္တိံ၊ ဥပေက္ခာ စေတော ဝိမုတ္တိကို။ အာကိဉ္စညာယတနပရမံ၊ အာကိဉ္စညာယတန-ဈာန်လျှင် အလွန် အမြတ်ရှိ၏-ဟု။ ဒဝါမိ၊ ဟောတော်မူ၏။'' ဣတိ၊ ဤသို့။ အာဟ၊ ဟောတော် မူ၏။

(၃၁၈) ပန၊ စောဒနာ—သောဓနာကို ဆိုဦးအံ့။ ဧတာ၊ ဤ စေတော ဝိမုတ္တိတို့ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ ဧဝံ၊ ဤသို့။ ဝုတ္တာ၊ ဟောအပ်ပါ ကုန်သနည်း?။ ဣတိ—အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်း တည်း။ တဿ တဿ၊ ထိုထို ဝိမောက္ခ၏။ ဥပနိဿယတ္တာ၊ မှီရာအကြောင်း ဥပနိဿယဖြစ်ခြင်းကြောင့်ပေတည်း။ ဟိ၊ ချဲ့ရှုပြဦးအံ့။ မေတ္တာဝိဟာရိဿ၊ မေတ္တာဖြင့်နေလေ့ရှိသောပုဂ္ဂိုလ်အား။ သတ္တာ၊ သတ္တဝါတို့သည်။ အပ္ပဋိကူ-လာ၊ စက်ဆုပ်ဖွယ်မဟုတ်မူ၍ ချစ်ဖွယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုသို့ထင်သောအခါ၌။ အပ္ပဋိကူလပရိစယာ၊ စက်ဆုပ်ဖွယ်မဟုတ် သော အခြင်းအရာအားဖြင့် အလေ့အကျင့်ရခြင်းကြောင့်။ အပ္ပဋိကူ-လေသု၊ စက်ဆုပ်ဖွယ်မဟုတ်ကုန်သော။ နီလာဒီသု၊ အညို—အစရှိကုန်သော။ ဝါ၊ အညို, အရွှေ, အဖြူ, အနီ—ဟူကုန်သော။ ပရိသုဒ္ဓဝဏ္ဏေသု၊ စင် ကြယ်သော အဆင်းတို့၌။ စိတ္တံ ဥပသံဟရတော၊ စိတ်ကို ဆောင်ပို့သော။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ တတ္ထ၊ ထို စင်ကြယ်သော အဆင်း ကသိုဏ်းတို့၌။ အပ္ပကသိရေနေဝ၊ မဆင်းရဲ မခက်ခဲ ချမ်းသာလွယ်ကူစွာသာ လျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ဣတိ၊ ဤသို့ဖြစ်သောကြောင့်။ မေတ္တာ၊ မေတ္တာသည်။ သုဘဝိမောက္ခဿ၊ စင်ကြယ်သောအဆင်းကသိုဏ်းဈာန် ဟူ သော သုဘဝိမောက္ခ၏။ဥပနိဿယော ဟောတိ၊မှီရာအကြောင်း— ဥပနိဿယ ဖြစ်ပေ၏။ တတော ပရံ၊ ထိုထက်အလွန်။ န ဟောတိ၊ အခြားဝိမောက္ခ

၏ အကြောင်း—ဥပနိဿယကား မဖြစ်နိုင်ပေ။ တသ္မာ၊ ထို့ကြောင့်။ သုဘပရမာတိ၊ သုဘဝိမောက္ခသာလျှင် အလွန်အမြတ်ရှိသည်—ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ကရုဏာဝိဟာရိဿ၊ ကရုဏာဖြင့်နေလေ့ရှိသောပုဂ္ဂိုလ်အား။ ဒဏ္ဍာဘိဃာတာဒိရူပနိမိတ္တံ၊ တုတ်ဖြင့်ရိုက်နှက်ခံရသောရုပ်—အစရှိသော ရုပ်လျှင်အကြောင်းရှိသော။ သတ္တဒုက္ခံ၊ သတ္တဝါအားဖြစ်နိုင်သော ဆင်းရဲကို။ (ဆဋ္ဌမူ၌ ပတ္တဒုက္ခံ—ဟူ၍ရှိနေရာ သတ္တဒုက္ခံ-ရှိရမည်ဟုပြည်နိဿယ၌ဆိုသည်။ ဋီကာနှင့်လည်းညီသည်။) သမနုပဿန္တဿ၊ ရှုဆင်ခြင်လျက်။ ကရုဏာယ ပဝတ္တိသမ္ဘဝတော၊ ကရုဏာဖြစ်သင့်ခြင်းကြောင့်။ရူပေ၊ ရုပ်၌။ အာဒီနဝေါ၊ အပြစ်သည်။ ပရိဝိဒိတော ဟောတိ၊ အလွန် ထင်ရှား၏။ အထ၊ ထိုသို့ ထင်ရှားသောအခါ၌။ ပရိဝိဒိတရူပါဒီနဝတ္တာ၊ ရုပ်၌အပြစ်ကို ထင်ရှားသိပြီး ဖြစ်သောကြောင့်။ ပထဝီကသိဏာဒီသု၊ ပထဝီကသိုဏ်း အစရှိသော ရုပ်ကသိုဏ်းတို့တွင်။ အညတရံ ဥဂ္ဃာဋေတွာ၊ တစ်ပါးပါးကို ခွာ၍။ ရူပနိဿရဏေ အာကာသေ၊ ရုပ်၏ ထွက်မြောက် ကင်းကွာခြင်းကြောင့် ဖြစ်သော ကောင်းကင်ပညတ်၌။ စိတ္တံ ဥပသံဟရတော၊ စိတ်ကို ဆောင်ပို့သော။ ဝါ၊ ဆောင်ပို့လျှင်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ အပ္ပကသိရေနေဝ၊ မဆင်းရဲ မခက်ခဲ ချမ်းသာလွယ်ကူစွာသာလျှင်။ တတ္ထ၊ ထိုပထဝီကသိုဏ်း—စသည်တို့၌။ စိတ္တံ၊ စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ဣတိ၊ ထိုသို့ဖြစ်သောကြောင့်။ ကရုဏာ၊ ကရုဏာသည်။ အာကာသာနဉ္စာ-ယတနဿ၊အာကာသာနဉ္စာယတန—သမာပတ်၏။ဥပနိဿယော ဟောတိ၊မှီရာအကြောင်း-ဥပနိဿယဖြစ်ပေ၏။ တတော ပရံ၊ ထိုထက်အလွန်။ န ဟောတိ၊ အခြားဝိမောက္ခ၏ အကြောင်း—ဥပနိဿယကား မဖြစ်နိုင်ပေ။ တသ္မာ၊ ထို့ကြောင့်။ အာကာသာနဉ္စာယတနပရမာတိ၊ အာကာသာနဉ္စာယတန-သမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ပန၊ အဖို့တပါးကိုဆိုဦးအံ့။ မုဒိတာဝိဟာရိဿ၊ မုဒိတာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား။ တေန တေန ပါမောဇ္ဇကာရဏေန၊ ထိုထိုဝမ်းမြောက်ခြင်း၏ အကြောင်းကြောင့်။ ဥပ္ပန္နပါမောဇ္ဇသတ္တာနံ၊ ဝမ်းမြောက်မှု ရှိကြသော သတ္တဝါတို့၏။ ဝိညာဏံ သမနုပဿန္တဿ၊ စိတ်ဝိညာဉ်ကို ရှုဆင်ခြင်လျက်။ မုဒိတာယ ပဝတ္တိသမ္ဘဝတော၊ ဝမ်းမြောက်မှု—မုဒိတာဖြစ်သင့်သောကြောင့်။ ဝိညာဏဂ္ဂဟဏပရိစိတံ၊ ဝိညာဉ်ကိုယူခြင်း၌ အလေ့အကျင့်ရသော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုသို့ဖြစ်သောအခါ၌။ အနုက္က :

မာဓိဂတံ၊ ဘာဝနာအစဉ်ဖြင့် ရပြီးဖြစ်သော။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-စျာန်ကို။ အတိက္ကမ္မ၊ ကျော်လွန်၍။ အာကာသ-နိမိတ္တဂေါစရေ ဝိညာဏေ၊ ကောင်းကင်ပညတ်လျှင်အာရုံရှိသော ဝိညာဉ်၌။ စိတ္တံ ဥပသံဟရတော၊ စိတ်ကိုပို့ဆောင်သော။ ဝါ၊ ပို့ဆောင်လျှင်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ တတ္ထ၊ ထိုဝိညာဉ်၌။ အပ္ပဋိကူလသညာ မသင်းရဲ မခက်ခဲ ချမ်းသာလွယ်ကူစွာ သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ဣတိ၊ ထို့ကြောင့်။ မုဒိတာ၊ မုဒိတာသည်။ ဝိညာဏဉ္စာယတနဿ၊ ဝိညာ-နဉ္စာယတန-သမာပတ်၏။ ဥပနိဿယော ဟောတိ၊ မှီရာအကြောင်း ဥပနိဿယဖြစ်ပေ၏။ တတော ပရံ၊ ထိုထက်အလွန်။ နှ၊ မဖြစ်ပေ။ တသ္မာ၊ ထို့ကြောင့်။ ဝိညာဏဉ္စာယတနပရမာတိ၊ ဝိညာဏဉ္စာယတန-သမာပတ်လျှင် အလွန်အမြတ်ရှိသည်—ဟု။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ပန၊ အဖို့တပါးကား။ ဥပေက္ခာဝိဟာရိဿ၊ ဥပေက္ခာဖြင့်နေလေ့ရှိသော ပုဂ္ဂိုလ်အား။ ''သတ္တာ၊သတ္တဝါတို့သည်။ သုခိတာ ဟောန္တု ဝါ၊ သတ္တဝါတို့သည် ချမ်းသာကြပါစေ-ဟူ၍လည်းကောင်း။ ဒုက္ခတော ဝါ မုစ္စန္တု ၊ဆင်းရဲမှ လွတ်ကြပါစေ-ဟူ၍လည်းကောင်း။ သမ္ပတ္တသုခတော၊ ရပြီးသောချမ်းသာမှ။ မာ ဝိမုစ္စန္တု ဝါ၊ မကင်းလွတ်ကြပါစေ-ဟူ၍လည်းကောင်း။'' ဣတိ၊ ဤသို့။ အာဘောဂါဘာဝတော၊ ဆင်ခြင်မှု၏ မရှိခြင်းကြောင့်။ သုခ ဒုက္ခာဒိပရ-မတ္ထဂ္ဂါဟဝိမုခဘာဝတော၊ သုခဒုက္ခ-စသော ပရမတ်သဘောကို ယူခြင်းမှ မျက်နှာလွှဲသည်၏အဖြစ်ကြောင့်။ အဝိဇ္ဇမာနဂ္ဂဟဏ ဒုက္ခံ၊ ထင်ရှားမရှိသော ပညတ်ကိုယူခြင်း၌ ဆင်းရဲငြိုငြင်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုသို့ဖြစ်သောအခါ၌။ ပရမတ္ထဂ္ဂါဟတော၊ ပရမတ်သဘောကို ယူခြင်းမှ။ ဝိမုခဘာဝပရိစိတစိတ္တဿ၊ မျက်နှာလွှဲသော အားဖြင့် အလေ့အကျင့်ရသော စိတ်ရှိသော။ ပရမတ္ထတော၊ ပရမတ်အားဖြင့်။ အဝိဇ္ဇမာ-နဂ္ဂဟဏဒုက္ခ စိတ္တဿ၊ထင်ရှားမရှိသော ပညတ်ကိုယူခြင်း၌ ဆင်းရဲငြိုငြင်သော စိတ်ရှိသော။ အဿ၊ ထိုပုဂ္ဂိုလ်အား။ အနုက္ကမာဓိဂတံ၊ ဘာဝနာအစဉ်ဖြင့် ရပြီးသော။ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ၊ဝိညာဏဉ္စာယတန-စျာန်ကို ကျော်လွန်၍။ ပရမတ္ထဘူတဿ၊ပရမတ် သဘောဖြစ်၍ဖြစ်သော။ ဝိညာဏဿ၊အာ-ကိဉ္စညာယတန-ဝိညာဉ်၏။အဘာဝေ၊ မရှိကင်းခြင်းဟူသော။ သဘာဝတော၊ သဘောအားဖြင့်။ အဝိဇ္ဇမာနေ၊ ထင်ရှားမရှိသော အဘာဝ—ပညတ်၌။ စိတ္တံ ဥပသံဟရတော၊စိတ်ကို ပို့ဆောင်သောပုဂ္ဂိုလ်၏ စိတ်သည်။တတ္ထ၊ ထိုအဘာဝ ပညတ်၌။ စိတ္တံ၊ စိတ်သည်။ အပ္ပဋိကူလသညာ၊ မငြိုငြင်—မဆင်းရဲ, ချမ်း

သာ–လွယ်ကူစွာ သာလျှင်။ ပက္ခန္ဒတိ၊ပြေးဝင်၏။ ဣတိ၊ ဤသို့ ဖြစ်သော ကြောင့်။ဥပေက္ခာ၊ဥပေက္ခာသည်။ အာကိဉ္စညာယတနဿ၊ အာကိဉ္စညာယတန သမာပတ်၏။ ဥပနိဿယော ဟောတိ။ မှီရာအကြောင်း–ဥပနိဿယဖြစ်၏။ တတော ပရံ၊ ထိုထက် အလွန်။ န၊ မဖြစ်ပေ။ တသ္မာ၊ ထို့ကြောင့်။ အာကိဉ္စညာယတနပရမာတိ၊ အာကိဉ္စညာယတန–သမာပတ်လျှင် အမွန် အမြတ်ရှိ၏–ဟု။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

၂၇၄။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သုဘပရမာဒိဝသေန၊ သုဘ, ပရမ–စသည်တို့၏ အစွမ်းဒေ့ဿဖြင့်။ တာသံ၊ ဤ အပ္ပမညာတို့၏။ အာနုဘာဝံ၊ အာနုဘော်ကို။ ဝိဒိတွာ၊ သိပြီးလျှင်။ ပုန၊ တဖန်။ သဗ္ဗာပိ တော၊ ဤ အပ္ပမညာအားလုံးတို့ပင်လျှင်။ ဒါနာဒီနံ၊ ဒါန-အစရှိကုန်သော။ သဗ္ဗကလျာဏဓမ္မာနံ၊ အလုံးစုံသော တရားကောင်း–တရားမြတ်တို့ကို။ ပရိ– ပူရိကာတိ၊ ပြည့်စေတတ်ကြကုန်၏–ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (၃၁၉) ဟိ၊ ချဲ့၍ဆိုဦးအံ့။ သတ္တေသု၊ သတ္တဝါတို့၌။ ဟိတဇ္ဈာသယ– တာယ စ၊ အစီးအပွားကို လိုလားခြင်းဖြင့် သော်လည်းကောင်း။ သတ္တာနံ၊ သတ္တဝါတို့၏။ ဒုက္ခာသဟနတာယ စ၊ ဆင်းရဲကို သည်းမခံနိုင်ခြင်းဖြင့် လည်းကောင်း။ ပတ္တသမ္ပတ္တိဝိသေသာနံ၊ ရပြီး ရောက်ပြီးသော စည်းစိမ် အထူးတို့ကို။စိရဋ္ဌိတိကာမတာယ စ၊ ရှည်စွာတည်နေခြင်းဖြင့် လည်းကောင်း။ သဗ္ဗသတ္တေသု၊ သတ္တဝါအားလုံးတို့၌။ ပက္ခပါတာဘာဝေန စ၊ တဘက်သပ် မကျခြင်း-ဘက်မလိုက်ခြင်းဖြင့် လည်းကောင်း။ သမပ္ပဝတ္တ စိတ္တာ၊ အညီ အမျှဖြစ်သော စိတ်ရှိကုန်သော။ မဟာသတ္တာ၊ ဘုရားအလောင်းတော်တို့ သည်။ "ဣမဿ၊ ဤသူအား။ ဒါတဗ္ဗံ၊ ပေးကမ်းသင့်၏။ ဣမဿ၊ ဤသူ အား။န ဒါတဗ္ဗ"န္တိ၊ မပေးကမ်းသင့်–ဟူ၍။ဝိဘာဂံ အကတွာ၊ ခွဲခြားခြင်း ကို မပြုမူ၍။ သုခနိဒါနံ၊ ချမ်းသာ၏ အကြောင်းရင်းဖြစ်သော။ ဒါနံ၊ အလှူဒါနကို။ သဗ္ဗသတ္တာနံ၊ သတ္တဝါအားလုံးတို့အား။ ဒေန္တိ၊ ပေးလှူကုန် ၏။ တေသံ၊ ထိုသတ္တဝါအားလုံးတို့အား။ ဥပဃာတံ ပရိဝဇ္ဇယန္တာ၊ ညှဉ်းဆဲ–နှိပ်စက်ခြင်းကို ကြဉ်ရှောင်ကုန်လျက်။ သီလံ၊ သီလကို။ သမာဒိ– ယန္တိ၊ ခံယူဆောက်တည်ကုန်၏။ သီလပရိပူရဏတ္ထံ၊ သီလပါရမီကို ဖြည့်ကျင့် ခြင်းငှာ။ နေက္ခမ္မံ၊ တောထွက်ခြင်း, ရှင်ရဟန်းပြုခြင်းသို့။ ဘဇန္တိ၊ ချဉ်းကပ်ကုန်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ ဟိတာဟိတေသု၊ အစီးအပွားနှင့် စီးပွားမဲ့မှုတို့၌။ အသမ္မောဟတ္ထာယ၊ မတွေဝေစေခြင်း အကျိုးငှာ။ ပညံ၊ ပညာကို။ ပရိယောဒပေန္တိ၊ ဖြူစင်စေကုန်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ ဟိတသုခတ္ထာယ၊ စီးပွားချမ်းသာ အကျိုးငှာ။ နိစ္စံ၊ အမြဲ။ ဝီရိယံ၊ လုံ့လ

ဝီရိယကို။ အာရဘန္တိ၊ အားထုတ်ကုန်၏။ ဥတ္တမဝီရိယဝသေန၊ မြတ်သော ဝီရိယ၏ အစွမ်းဖြင့်။ ဝီရဘာဝံ၊ ရဲရင့်ခြင်းသို့။ ပတ္တာပိ၊ ရောက်ကုန်သော် လည်း။ သတ္တာနံ၊ သတ္တဝါတို့၏။ နာနပ္ပကာရကံ၊ အမျိုးမျိုးသော။ အပရာဓံ၊ ကျူးလွန်-ပြစ်မှားသည့် အပြစ်ကို။ ခမန္တိ၊ သည်းခံကုန်၏။ "ဣဒံ၊ ဤအရာကို။ ဝေါ၊ သင်တို့အား။ ဒဿာမ၊ ပေးကုန်အံ့။ ကရိဿာမ" တိ၊ ပြုလုပ်ဆောင်ရွက်မည်-ဟု။ ကတံ ပဋိညံ၊ ပြုအပ်ပြီးသော ဝန်ခံချက်ကို။ န ဝိသံဝါဒေန္တိ၊ မချွတ်ယွင်းစေကုန်။ တေသံ၊ ထိုသတ္တဝါ အားလုံးတို့၏။ ဟိတသုခါယ၊ စီးပွားချမ်းသာအလို့ငှာ။ အဝိစလာဓိဋ္ဌာနာ၊ မတုန်မလှုပ် ခိုင်မြဲသော ဆောက်တည်မှု-အဓိဋ္ဌာန်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုသတ္တဝါတို့၌။ အဝိစလာယ မေတ္တာယ၊ တုန်လှုပ် ခြင်းမရှိသော မေတ္တာဖြင့်။ ပုဗ္ဗကာရိနော ဟောန္တိ၊ ရှေးဦးစ-ကာ ကျေး ဇူးပြုလေ့ရှိကုန်၏။ ဥပေက္ခာယ၊ ဥပေက္ခာဖြင့်။ ပစ္စုပကာရံ၊ ကျေးဇူး တုံ့ကို။ နာသီသန္တိ၊ မတောင့်တ-မမျှော်လင့်ကုန်။ ဣတိ ဧဝံ၊ ဤသို့။ ပါရမိယော ပူရေတွာ၊ ပါရမီတော်တို့ကို ပြည့်စေပြီး၍။ ယာဝ ဒသဗလ-စတုဝေသာရဇ္ဇဆအသာဓာရဏဉာဏအဋ္ဌာရသဗုဒ္ဓဓမ္မပ္ပဘေဒေ၊ ဒသဗလဉာဏ် တော်ဆယ်ပါး, ဝေသာရဇ္ဇဉာဏ်တော်လေးပါး, အသာဓာရဏဉာဏ်တော် ခြောက်ပါး, ဗုဒ္ဓဓမ္မခေါ်ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတရား တစ်ဆယ့် ရှစ်ပါးတိုင်အောင် အပြားရှိကုန်သော။ သဗ္ဗေပိ ကလျာဏဓမ္မေ၊ အလုံးစုံ သော တရားကောင်း-တရားမြတ်တို့ကို။ ပရိပူရေန္တိ၊ လုံးဝဥဿုံ ပြည့်စုံစေ တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တေ ဝ ဒါနာဒိသဗ္ဗကလျာဏဓမ္မပူရိကာ၊ ဒါနပါရမီ-အစရှိသော အလုံး စုံသော တရားကောင်း—တရားမြတ်ကို လုံးဝဥဿုံ ပြည့်စုံကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသည်ကားပြီး၏။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်း အပေါင်းတို့ နှစ်သိမ့် ဝမ်းမြောက်ခြင်းငှာ။ ကတေ၊ ပြုစီရင်အပ်သော။
ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်း၌။ သမာဓိဘာဝနာဓိကာရေ၊
သမာဓိဘာဝနာအရာ၌။ ဗြဟ္မဝိဟာရနိဒ္ဒေသော နာမ၊
ဗြဟ္မာဝိဟာရ-ကို အကျယ်ပြဆိုချက်မည်သော။
နဝမော ပရိစ္ဆေဒေါ၊
ကိုးခုမြောက်ဖြစ်သော အပိုင်း
ကဏ္ဍပေတည်း။

**ဗြဟ္မဝိဟာရကို အကျယ်ပြချက်ပြီး၏။**

# ၁၀-အာရုပ္ပနိဒ္ဒေသ

## ၁--ပဥ္စမာရူပအာကာသနဉ္စာယတနအဖွင့်

(၃၂၀) ၂၇၅။ ဗြဟ္မဝိဟာရာနန္တရံ၊ ဗြဟ္မဝိဟာရ၏ အခြားမဲ့၌။ ဥဒ္ဒိဋ္ဌေသု၊ အကျဉ်းပြအပ်ကုန်ပြီးသော။ စတူသု အာရုပ္ပေသု၊ အရူပကမ္မဋ္ဌာန်း လေးပါးတို့တွင်။ တာဝ၊ ရှေးဦးစွာ။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန ကမ္မဋ္ဌာန်းကို။ ဝါ၊ အာကာသာနဉ္စာယတန-စျာန်ကို။ ဘာဝေတုကာမေ၊ ပွားစေခြင်းငှာအလိုရှိသော ပုဂ္ဂိုလ်သည်။ “ရူပါဓိကရဏံ၊ ရုပ်ဟူသော တည်ရာအကြောင်းကြောင့်။ ဒဏ္ဍာဒါနသတ္ထာ-ဒါန ကလဟဝိဂ္ဂဟဝိဝါဒါ၊ သူတပါးကိုနှိပ်စက်ရန် တုတ်ကိုစွဲကိုင်ခြင်း, ဓား-လှံ စသောလက်နက်ကိုစွဲကိုင်ခြင်း,ရန်ဖြစ်ခြင်း,အယူအဆ-အထင်အမြင်ကွဲပြားခြင်း, ငြင်းခုံခြင်းတို့သည်။ ဒိဿန္တေ ခေါ ပန၊ ထင်ရှားကုန်သည်သာတည်း။ တံ၊ ဤအလုံးစုံသည်။ အာရုပ္ပေ၊ ရုပ်မရှိသည့်အရူပဘုံ၌။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ဝါ၊ လုံးဝပင်။ နတ္ထိ ခေါ ပန၊ မရှိကြသည်သာတည်း။ ဣတိ၊ ဤသို့ ဆင်ခြင်၍။ ဝါ၊ ဆင်ခြင်ပြီးလျှင်။ သော၊ ထိုယောဂီသည်။ ဣတိ ပဋိသင်္ခါယ၊ ဤသို့ဆင်ခြင်၍။ ဝါ၊ ဤသို့ဆင်ခြင်ပြီးလျှင်။ ရူပါနံယေဝ၊ ရုပ်တို့ကိုသာလျှင်။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းအကျိုးငှာလည်းကောင်း။ ဝိရာ-ဂါယ၊ စက်ဆုပ်ခြင်းအကျိုးငှာလည်းကောင်း။ နိရောဓာယ၊ ချုပ်စေခြင်းအကျိုးငှာလည်းကောင်း။ ပဋိပန္နော ဟောတိ၊ ကျင့်၏။” ဣတိ ဝစနတော၊ ဤသို့ ဟောတော်မူသောကြောင့်။ ဧတေသံ ဒဏ္ဍာဒါနာဒီနဉ္စေဝ၊ ဤတုတ်ကိုစွဲကိုင်ခြင်း-စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ စက္ခုသောတ-ရောဂါဒီနံ၊ မျက်စိရောဂါ, နားရောဂါ-အစရှိကုန်သော။ အာဗာဓသဟ-ဿာနဉ္စ ဝသေန၊ အထောင်မက များစွာသောအနာတို့၏ အစွမ်းအားဖြင့်လည်းကောင်း။ ကရဇရူပေ၊ ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်၌။ အာဒီနဝံ ဒိသွာ၊ အပြစ်မြင်ပြီးလျှင်။ တဿ သမတိက္ကမာယ၊ ထိုရုပ်ကို လွန်မြောက်ခြင်းငှာ။ ပရိစ္ဆိန္နာကာသကသိဏံ၊ ပိုင်းခြားအပ်သော အာကာသကသိုဏ်းကို။ ဌပေတွာ၊ ထား၍။ နဝသု ပထဝီကသိဏာဒီသု၊ ကိုးပါးသော ပထဝီကသိုဏ်း-စသည်တို့တွင်။ အညတရသ္မိံ၊ တစ်ပါးပါးသော ကသိုဏ်း၌။ စတုတ္ထဇ္ဈာနံ၊ စတုတ္ထစျာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။

တဿ၊ ထိုယောဂီအား။ ရူပါဝစရစတုတ္ထဇ္ဈာနဝသေန၊ ရူပါဝစရစတုတ္ထစျာန်၏ အစွမ်းဖြင့်။ ကရဇရူပံ၊ ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်ကို။ အတိ-

ဝိသုဒ္ဓိ၊ ၃-၂၅ (က)

က္ကန္တံ၊ လွန်မြောက်ပြီးသည်။ ကိဥ္စာပိ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။အထ ခေါ၊ စင်စစ်သော်ကား။ ဝါ၊ သို့သော်လည်း။ ကသိဏရူပမ္ပိ၊ ကသိုဏ်းရုပ် သည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ တပ္ပဋိဘာဂမေဝ၊ ထိုကိုယ်ကောင်ရုပ် နှင့် အလား တူ သာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တမ္ပိ၊ ထိုကသိုဏ်းရုပ်ကိုလည်း။ သမတိက္ကမိတုကာမော၊လွန်မြောက်ရန်အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ ကထံ-ဟောတိ၊ အဘယ်သို့ဖြစ်သနည်း? ဟူမူ။ အဟိ-ဘီရုကော ပုရိသော၊ မြွေကိုကြောက်တတ်သော ယောကျ်ားသည်။ အရညေ၊ တောထဲ၌။ သပ္ပေန အနုဗဒ္ဓေါ၊ မြွေက လိုက်လာသည်ဖြစ်၍။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ ပလာယိတွာ၊ ပြေးခဲ့ပြီးလျှင်။ ပလာတဋ္ဌာနေ၊ ပြေး ပြီး-လွတ်မြောက်ပြီးသော အရပ်၌။ လေခါစိတ္တံ၊ အမည်း-အဝါ-စသည် အရေးအကြောင်းဖြင့် ဆန်းကြယ်သော။တာလပဏ္ဏံ ဝါ၊ ထန်းရွက်ကိုဖြစ်စေ။ ဝလ္လိံ ဝါ၊ နွယ်ကိုဖြစ်စေ။ ရဇ္ဇုံ ဝါ၊ ကြိုးကိုဖြစ်စေ။ ဖလိတာယ၊ ကွဲအက် နေသော။ပထဝိယာ၊ မြေကြီး၏။ ဖလိတန္တရံ ဝါ၊ အကွဲကြောင်းကိုဖြစ်စေ။ ဒိသွာ၊ မြင်ပြီးလျှင်။ ဘာယတေဝ ယထာ၊ ကြောက်သည်သာ ဖြစ်သကဲ့သို့။ ဥတ္တသတေဝ ယထာ၊ လန့်သည်သာ ဖြစ်သကဲ့သို့။ နံ၊ ထိုအရာကို။ နေဝ ဒက္ခိတုကာမော ဟောတိ၊ မမြင်လိုသည်သာ ဖြစ်၏။ စ၊ တနည်းသော်ကား။ အနတ္ထကာရိနာ၊ အကျိုးမဲ့ကို ပြုလေ့ရှိသော။ ဝေရိပုရိသေန သဒ္ဓိံ၊ ရန်သူ ဖြစ်သော ယောကျ်ားနှင့်အတူ။ ဧကဂါမေ၊ တစ်ရွာတည်း၌။ ဝသမာနော ပုရိသော၊ နေသောယောကျ်ားသည်။ တေန၊ ထိုရန်သူယောကျ်ားသည်။ ဝဓဗန္ဓဂေဟဈာပနာဒီဟိ၊ ညှဉ်းဆဲခြင်း, နှောင်ဖွဲ့ခြင်း, အိမ်ကိုမီးရှို့ခြင်း-စသည်တို့ဖြင့်။ ဥပဒ္ဒုတော၊ အနှိပ်အစက်ခံရသောကြောင့်။ အညံ ဂါမံ၊ အခြားရွာသို့။ ဝသနတ္ထာယ၊ ပြောင်းရွှေ့နေရန် အလို့ငှာ။ ဂန္တွာ၊ သွားပြီးလျှင်။ တတြာပိ၊ ထိုရွာ၌လည်း။ ဝေရိနာ၊ ရန်သူနှင့်။ သမာနရူပ-သဒ္ဒသမုဒါစာရံ၊ တူသော အဆင်း, အသံ, အကျင့်စာရိတ္တရှိသော။ ပုရိသံ ဒိသွာ၊ ယောကျ်ားကိုမြင်၍။ ဘာယတေဝ—ဘာယတေ ဧဝ၊ ကြောက် သကဲ့သို့ လည်းကောင်း။ ဥတ္တသတေဝ-ဥတ္တသတေ ဧဝ၊ လန့်သကဲ့သို့လည်း ကောင်း။ နံ၊ ထိုသူ့ကို။ နေဝ ဒက္ခိတုကာမော ဟောတိ၊ မမြင်မတွေ့လို သကဲ့သို့တည်း။

တတြ၊ ထိုဥပမာ၌။ ဣဒံ၊ ဤဆိုလတ္တံ့သော စကားသည်။ ဩပမ္မသံ-သန္ဒနံ၊ ဥပမာနှင့်ဥပမေယျ နှီးနှောပုံတည်း။—ဟိ၊ ချဲ့၍ဆိုဦးအံ့။ ဝါ၊ ထင်ရှား

စေဉီးအံ့။ တေသံ ပုရိသာနံ၊ ထိုမြွေကိုကြောက်သောသူ, ရန်သူကိုကြောက်သောသူတို့တွင်။ အဟိနာ ဝါ၊ မြွေသည်လည်းကောင်း။ ဝေရိနာ ဝါ၊ ရန်သူသည်လည်းကောင်း။ ဥပဒ္ဒုတကာလော ဝိယ၊ အနှိပ်စက်ခံရသောသူကဲ့သို့။ ဘိက္ခုနော၊ ရဟန်း၏။ အာရမ္မဏဝသေန၊ အာရုံပြုသည်၏ အစွမ်းဖြင့်။ ကရဇရူပသမင်္ဂိကာလော၊ ကြမ်းတမ်းသောကိုယ်ကောင်ရုပ်နှင့်ပြည့်စုံသောကာလကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တေသံ၊ ထိုယောကျ်ားတို့၏။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ ပလာယနအညဂါမဂမနာနိ ဝိယ၊ ပြေးသွားခြင်း, အခြားရွာသို့ ပြောင်းရွှေ့သွားခြင်းတို့ကဲ့သို့။ ဘိက္ခုနော၊ ရဟန်း၏။ ရူပါဝစရစတုတ္ထဇ္ဈာနဝသေန၊ ရူပါဝစရ-စတုတ္ထစျာန်၏ အစွမ်းဖြင့်။ ကရဇရူပသမတိက္ကမနကာလော၊ ကြမ်းတမ်းသောကိုယ်ကောင်ရုပ်ကိုလွန်မြောက်သောကာလကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တေသံ၊ ထိုယောကျ်ားတို့၏။ ပလာတဋ္ဌာနေ စ၊ ပြေးပြီးသောအရပ်၌လည်းကောင်း။ အညဂါမေ စ၊ အခြားရွာ၌လည်းကောင်း။ လေခါစိတ္တတာလပဏ္ဏာဒီနိ စေဝ၊ အရေးအကြောင်းဖြင့် ဆန်းကြယ်သော ထန်းရွက်စသည်တို့ကို။ ဒိသွာ စေဝ၊ မြင်၍လည်းကောင်း။ ပေရိသဒိသံ ပုရိသံ၊ ရန်သူနှင့်တူသော ယောကျ်ားကို။ ဒိသွာ စ၊ မြင်ရ၍လည်းကောင်း။ ဘယသန္တာသအဒဿနကာမတာ ဝိယ၊ ကြောက်ခြင်း, ထိတ်လန့်ခြင်း, မမြင်လိုခြင်းကဲ့သို့။ ဘိက္ခုနော၊ ရဟန်း၏။ ကသိဏရူပမ္ပိ၊ ကသိုဏ်းရုပ်ကိုလည်းကောင်း။ ဣဒံ၊ ဤရုပ်သည်။ တပ္ပဋိဘာဂမေဝ—ဣတိ၊ ထိုကိုယ်ကောင်ရုပ်နှင့် အလားတူပင်တည်း—ဟု။ သလ္လက္ခေတွာ၊ မှတ်၍။ တမ္ပိ၊ ထိုကသိုဏ်းရုပ်ကိုလည်း။ သမတိက္ကမိတုကာမတာ၊ လွန်မြောက်လိုခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ စ၊ ထိုမှတပါး။ ဧတ္ထ၊ ဤကသိုဏ်းရုပ်ကို ကြောက်ခြင်း-စသည်ဖြစ်ရာ၌။ သူကရာဘိဟတ-သုနခ ပိသာစ ဘီရုကာဒိကာပိ၊ ဝက်အပက်ခံရ၍ ပြေးသော ခွေး, တစ္ဆေကြောက်တတ်သောသူ-အစရှိကုန်သော။ ဥပမာ၊ ဥပမာတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

(၃၂၁) ၂၇၆။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သော၊ ထို ယောဂီသည်။ စတုတ္ထဇ္ဈာနေ၊ စတုတ္ထစျာန်၏။ အာရမ္မဏဘူတာ၊ အာရုံဖြစ်သော။ တသ္မာ ကသိဏရူပါ၊ ထိုကသိုဏ်းရုပ်မှ။ နိဗ္ဗိဇ္ဇ၊ ငြီးငွေ့၍။ ပက္ကမိတုကာမော၊ ဖယ်ခွာလိုသည်ဖြစ်၍။ ဝါ၊ ဖယ်ခွာလိုသောကြောင့်။ ပဉ္စဟိ အာကာရေဟိ၊ ငါးပါးသောအခြင်းအရာတို့ဖြင့်။ စိဏ္ဏဝသီ ဟုတွာ၊ လေ့လာပြီးသောဝသီဘော်ရှိသည်ဖြစ်၍။ ပဂုဏရူပါဝစရစတုတ္ထဇ္ဈာနတော၊ ကျေပွန်သော ရူပါ

ဝစရ စတုတ္ထဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ တသ္မိံ ဈာနေ၊ ထိုဈာန်၌။ "ဣမံ၊ ဤဈာန်သည်။ မယာ နိဗ္ဗတ္တံ၊ ငါဖြစ်စေအပ်သော။ ရူပံ၊ ကသိုဏ်းရုပ်ကို။ အာ-ရမ္မဏံ ကရောတိ"တိ စ၊ အာရုံပြုနေသည်-ဟူ၍လည်းကောင်း။ "အာသန္န-သောမနဿပစ္စတ္ထိက"န္တိ စ၊ သောမနဿရန်သူနှင့် နီးသည်-ဟူ၍လည်းကောင်း။ "သန္တဝိမောက္ခတော၊ ငြိမ်သက်သော ဝိမောက္ခမည်သော အာရုပ္ပဈာန်ထက်။ ဩဠာရိက"န္တိ စ၊ ရုန့်ရင်းကြမ်းတမ်းသည်-ဟူ၍ လည်းကောင်း။ အာဒီနဝံ ပဿတိ၊ အပြစ်ကို မြင်၏။ ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤ ရူပါဝစရ-စတုတ္ထဈာန်၌။ အင်္ဂေါဠာရိကတာ၊ အင်္ဂါအားဖြင့် ကြမ်းတမ်းသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိပေ။ ဟိ၊ မှန်ပေ၏။ ဧတံ ရူပံ၊ ဤ ရူပါဝစရ-စတုတ္ထဈာန်သည်။ ဒုဝင်္ဂိကံ၊ ဥပေက္ခာနှင့် ဧကဂ္ဂတာ-ဟူသော အင်္ဂါနှစ်ပါးရှိသည်။ ယောတိ ယထာ၀၊ ဖြစ်သကဲ့သို့ပင်။ အာရုပ္ပါနိပိ၊ အာရုပ္ပဈာန်တို့သည်လည်း။ ဧဝံ၊ ဤအတူ နှစ်ပါးရှိကုန်၏။

သော၊ ထို ယောဂီသည်။ ဧတ္ထ၊ ထိုစတုတ္ထဈာန်၌။ ဧဝံ အာဒီနဝံ ဒိသွာ၊ ဤဆိုခဲ့သည့်အတိုင်း အပြစ်ကိုရှုမြင်ပြီး၍။ နိကန္တိံ ပရိယာဒါယ၊ နှစ်သက် တွယ်တာမှုကို ကုန်စေ၍။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-ဈာန်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ အနန္တတော၊ အဆုံးမရှိသောအားဖြင့်။ မနသိကရိတွာ၊ နှလုံးသွင်း၍။ စက္ကဝါဠပရိယန္တံ ဝါ၊ စကြဝဠာအဆုံးတိုင်အောင် ဖြစ်စေ။ ယတ္တကံ ဣစ္ဆတိ၊ အကြင်မျှလောက် အလိုရှိ၏။ တတ္တကံ ဝါ၊ ထိုမျှလောက်သော အရပ် တိုင်အောင် ဖြစ်စေ။ ကသိဏံ ပတ္ထရိတွာ၊ ကသိုဏ်းရုပ်ကို ဖြန့်၍။ တေန ဖုဋ္ဌောကာသံ၊ ထို ကသိုဏ်းရုပ်ပျံ့ရာ ဟင်းလင်းအပြင် ကောင်းကင်အရပ် ကို။ "အာ-ကာသော အာကာသော" တိ ဝါ၊ ဟင်းလင်းအပြင်, ဟင်းလင်းအပြင် ဟူ၍လည်းကောင်း။ "အနန္တော အာကာသော"တိ ဝါ၊ အဆုံး အပိုင်း အခြားမရှိသောကောင်းကင်-ဟူ၍လည်းကောင်း။ မနသိကရောန္တော၊ နှလုံး သွင်းလျက်။ ဝါ၊ နှလုံးသွင်းသောပုဂ္ဂိုလ်သည်။ကသိဏံ ဥဂ္ဃာဋေတိ၊ကသိုဏ်း ရုပ်ကို ခွာ၏။ ဝါ၊ ပယ်ဖျောက်၏။ ဟိ၊ ဥပမာအားဖြင့် ပြဦးအံ့။ ဥဂ္ဃါ-ဋေန္တော၊ ခွာသည်ဟုဆိုသော်လည်း။ ကိလဉ္စံ၊ ဖျာကို။ သံဝေလ္လေတိ ဝိယ၊ လိပ်သကဲ့သို့။ နေဝ ဥဂ္ဃါ ဋေတိ၊ခွာသည်လည်း မဟုတ်။ ကပါလတော၊ မုန့် အိုးကင်းမှ။ ပူဝံ၊ မုန့်ကို။ဥဒ္ဓရတိ ဝိယ၊ ဆယ်ထုတ်သကဲ့သို့။ န ဥဒ္ဓရတိ၊ ဆယ် ထုတ်သည်မဟုတ်။ ကေဝလံ ပန၊ စင်စစ်သော်ကား။ တံ၊ ထိုကသိုဏ်းရုပ်ကို။ နေဝ အာဝဇ္ဇေတိ၊ မဆင်ခြင်။ န မနသိကရောတိ၊စိတ်၌မထား။န ပစ္စဝေက္ခ-

တိ၊ မစဉ်းစား။ အနာဝဇ္ဇေန္တော၊ မဆင်ခြင်ပဲ။ အမနသိကရောန္တော၊ စိတ်၌ မထားပဲ၊ အပစ္စဝေက္ခန္တော၊ မစဉ်းစားပဲ။ အညဒတ္ထု၊ စင်စစ်အားဖြင့်။ တေန ဖုဋ္ဌောကာသံ၊ ထိုကသိုဏ်းရုပ် ပျံ့ရာအရပ်ကို။ "အာကာသော အာကာသော" တိ၊ ကောင်းကင် ကောင်းကင်—ဟု။ မနသိကရောန္တော၊ နှလုံးသွင်းလျက်။ ဝါ၊ နှလုံးသွင်းလျှင်။ ကသိဏံ ဥဂ္ဃါဋေတိ နာမ၊ ကသိုဏ်း ရုပ်ကို ခွာသည်မည်၏။ ဥဂ္ဃါဋိယမာနံ၊ ခွာအပ်သော။ ကသိဏမ္ပိ၊ ကသိုဏ်း ရုပ်သည်လည်း။ နေဝ ဥဗ္ဗဋ္ဋတိ၊ ကြွတက်လာသည်မဟုတ်-ကွာတက်လာသည် မဟုတ်။ န ဝိဝဋ္ဋတိ၊ ဆုတ်နစ်သွားသည်မဟုတ်။ ကေဝလံ၊ စင်စစ်မူကား။ ဣမဿ၊ ဤယောဂီ၏။ အမနသိကာရဉ္စ၊ နှလုံးမသွင်းခြင်းမျှကိုသော်လည်း ကောင်း။ "အာကာသော အာကာသော" တိ၊ ကောင်းကင်—ကောင်းကင် ဟု။ မနသိကာရဉ္စ၊ နှလုံးသွင်းခြင်းမျှကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ ဥဂ္ဃါဋိတံ နာမ ဟောတိ၊ ခွာအပ်ပြီး ဖြစ်လေတော့သတည်း။ ကသိဏုဂ္ဃါဋိ— မာကာသမတ္တံ၊ ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့် ပြီးစီးသော ကောင်းကင်ဟူ၍လည်း ကောင်း။ ပညာယတိ၊ ထင်၏။ ကသိဏုဂ္ဃါဋိမာကာသန္တိ ဝါ-ကသိဏု- ဂ္ဃါဋိမံ အာကာသန္တိ ဝါ၊ ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့် ပြီးစီးသော ကောင်း ကင်ဟူ၍လည်းကောင်း။ ကသိဏဖုဋ္ဌောကာသောတိ ဝါ၊ ကသိုဏ်းရုပ် ထိရာ- ပျံ့ရာ ကောင်းကင်ဟူ၍လည်းကောင်း။ ကသိဏဝိဝိတ္တာကာသန္တိ ဝါ၊ ကသိုဏ်းရုပ် ကင်းဆိတ်ရာ ကောင်းကင်ဟူ၍လည်းကောင်း။ တေံ သဗ္ဗံ၊ ဤ အလုံးစုံသည်။ ဧကမေဝ၊ အတူတူပင်တည်း။

သော၊ ထိုယောဂီသည်။ ကသိဏုဂ္ဃါဋိမံ၊ ကသိုဏ်းရုပ်ကို ခွာခြင်းဖြင့်ပြီး သော။ တံ အာကာသနိမိတ္တံ၊ ထိုကောင်းကင်နိမိတ်ကို။ "အာကာသော အာကာသော" တိ၊ ကောင်းကင် ကောင်းကင်-ဟု။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇေတိ၊ နှလုံးသွင်း၏။ တက္ကာဟတံ တက္ကာဟတံ၊ ကြံစည်မှုဖြင့် ထုနှက် သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို။ ကရောတိ၊ ပြု၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇယတော၊ နှလုံးသွင်းလျက်။ တက္ကာဟတံ တက္ကာဟတံ၊ ကြံစည်မှုဖြင့်ထုနှက်သလို-နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့်လှည့်ပတ်၍ ထု နှက်သလို အဖန်ဖန်နှလုံးသွင်းခြင်းကို။ ကရောတော၊ ပြုသော။ တဿ၊ ထို ယောဂီအား။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။ သတိ၊ အမှတ် ရမှု-သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။ ဥပစာရေန၊ ဥပစာရသမာဓိ ဖြင့်။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ ကောင်းစွာတည်ကြည်၏။ သော၊ ထို

ယောဂီသည်။တံ နိမိတ္တံ၊ ထိုကောင်းကင်နိမိတ်ကို။ပုနပ္ပုနံ၊ အဖန်ဖန်။အာသေ-ဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွါးများ၏။ ဗဟုလီကရောတိ၊ အကြိမ်များစွာ ပြု၏။ ဝေါ၊ ဤသို့။ ပုနပ္ပုနံ၊ အဖန်ဖန်။ အာဝဇ္ဇယတော၊ ဆင်ခြင်သော။ မနသိကရောတော၊ နှလုံးသွင်းသော။ တဿ၊ ထိုယောဂီအား။ ပထဝီကသိ-ဏာဒီသု၊ ပထဝီကသိုဏ်း စသည်တို့၌။ရူပါဝစရစိတ္တံ ဝိယ၊ ရူပါဝစရဈာန်စိတ် ဖြစ်သကဲ့သို့။ အာကာသေ၊ ကောင်းကင်အာရုံနိမိတ်၌။ အာကာသာနဉ္စာယ-တနစိတ္တံ၊ အာကာသာနဉ္စာယတန-ဈာန်စိတ်သည်။ အပ္ပေတိ (အပ္ပနာဝသေန ဥပ္ပဇ္ဇတိ)၊ အပ္ပနာ၏အစွမ်းဖြင့်ဖြစ်၏။ ဟိ၊ မှန်ပေ၏။ ဣမာပိ၊ ဤ အာကာသာနဉ္စာယတန-ဈာန်စိတ်ဖြစ်ရာ၌လည်း။ ပုရိမဘာဂေ၊ ရှေ့အဖို့၌။ တီဏိ စတ္တာရိ ဝါ ဇဝနာနိ၊သုံးကြိမ်-လေးကြိမ်သောဇောတို့သည်။ဥပေက္ခာ-ဝေဒနာသမ္ပယုတ္တာနေဝ၊ ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ကုန်သော။ ကာမာ-စရာနိ ဟောန္တိ၊ ကာမာဝစရဇောတို့ ဖြစ်ကုန်၏။ စတုတ္ထံ ဝါ၊ လေးကြိမ် မြောက်သော်လည်းကောင်း။ပဉ္စမံ ဝါ၊ ငါးကြိမ်မြောက်သော်လည်းကောင်း။ (ပဝတ္တံ၊ ဖြစ်သော ဇောသည်။—ထည့်။) အရူပါဝစရံ၊ အရူပါဝစရ-ပေ တည်း။ သေသံ၊ အကြွင်းသည်။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်းအရာ၌။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။

(၃၂၂) အယံ ပန၊ ယခုဆိုမည့်အနက်ကား။ ဝိသေသော၊ အထူးပေ တည်း။ဝေါ၊ ဤဆိုခဲ့သည့်အတိုင်း။ အရူပါဝစရစိတ္တေ၊ အရူပါဝစရစိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်ပြီးလတ်သော်။သော ဘိက္ခု၊ထိုယောဂီရဟန်းသည်။ ယထာ နာမ၊ ဥပမာဖြင့်ပြရလျှင်။ ယာနပ္ပုတောဠိကုမ္ဘိမုခါဒီနံ၊ ဖုံးအုပ်ထားသော ထမ်းစင်-စသည်တို့၏ အပေါက်ဝ, တံခါးငယ်၏အပေါက်ဝ, အိုး၏မျက်နှာဝ-စသည် တို့တွင်။ အညတရံ၊ တစ်ခုခုသော အပေါက်ဝကို။ နီလပီလောတိကာယ ဝါ၊ ညိုသောအဆင်းရှိသော ပုဆိုးဖြင့်လည်းကောင်း။ ပီတလောဟိတောဒါ-တာဒီနံ၊ ရွှေသော, ဝါသော, ဖြူသော-အဆင်းရှိသော အဝတ်တို့တွင်။ အည-တရာယပိလောတိကာယ ဝါ၊တစ်ခုခုသော အဝတ်ဖြင့်လည်းကောင်း။ဗန္ဓိတွာ၊ ဖွဲ့ယှက် ဖုံးအုပ်လျက်။ ပေက္ခမာနော ပုရိသော၊ ထိုအဝတ်ကိုကြည့်ရှုနေသော ယောကျာ်းသည်။ ဝါတဝေဂေန ဝါ၊ လေဟုန်ဖြင့်လည်းကောင်း။ အညေန ဝါ ကေနစိ၊အခြားအကြောင်းတစုံတစ်ခုဖြင့်လည်းကောင်း၊ပိလောတိကာယ၊ ဖုံးအုပ်ထားသော အဝတ်ကို။ အပနီတာယ။ ဖယ်ရှားလိုက်သည်ရှိသော်။ အာကာသံယေဝ၊ ကောင်းကင်ကိုသာလျှင်။ ပေက္ခမာနော၊ ရှုလျက်—မြင် လျက်။ တိဋ္ဌေယျ ယထာ၊ တည်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ပုဗ္ဗေ၊

ရှေးအဖို့၌။ ကသိဏမဏ္ဍလံ၊ ကသိုဏ်းဝန်းကို။ ဈာနစက္ခုနာ ပေက္ခမာနော၊ ဈာန်မျက်စိဖြင့် ရှုလျက်။ ဝိဟရိတွာ၊ နေခဲ့ပြီးလျှင်။ "အာကာသော အာကာသော"တိ၊ ကောင်းကင် ကောင်းကင်-ဟု။ ဣမိနာ ပရိကမ္မမနသိကာရေန၊ ဤ ပရိကံ နှလုံးသွင်းမှုဖြင့်။ တသ္မိံ နိမိတ္တေ၊ ထိုကသိုဏ်း နိမိတ်ကို။ သဟသာ၊ အဆောတလျင်။ ဝါ၊ ရုတ်တရက်။ အပနီတေ၊ ဖယ်ရှားလိုက်သည်ရှိသော်။ အာကာသညေဝ၊ ကောင်းကင်နိမိတ်ကိုသာလျှင်။ ပေက္ခမာနော၊ ရှုမြင်လျက်။ ဝိဟရတိ၊ နေပေ၏။ စ၊ ဆက်ပြဦးအံ့။ ဧတ္တာဝတာ၊ ဤမျှသော ဘာဝနာအစဉ်ဖြင့်။ သေ—သော၊ ဤယောဂီသည်။ ဝါ၊ ကို။ "သဗ္ဗသော၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ ရူပသညာနံ၊ ရူပသညာတို့၏။ ဝါ၊ တို့ကို။ သမတိက္ကမာ၊ လွန်မြောက်ခြင်းကြောင့်။ ပဋိဃသညာနံ၊ ပဋိဃသညာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ နာနတ္တသညာနံ၊ နာနတ္တသညာတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ 'အနန္တော အာကာသော" တိ၊ အဆုံး အပိုင်းအခြားမရှိသော ကောင်းကင်—ဟု။ အာကာသနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။" ဣတိ၊ ဤသို့။ ဝုစ္စတိ၊ မိန့်တော်မူ၏။

၂၇၇။ တတ္ထ၊ ထိုစကားရပ်၌။ သဗ္ဗသောတိ၊ သဗ္ဗသော-ဟူသည်ကား။ သဗ္ဗာကာရေန၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ ဝါ၊ တနည်းကား။ အနဝသေသာနံ၊ အကြွင်းမဲ့ကုန်သော။ သဗ္ဗာသံ၊ အလုံးစုံကုန်သော၊ ဣတိ—အယံ၊ ဤသည်ကား။ အတ္ထော၊ သဗ္ဗသော ဟူသောပုဒ်၏ အနက်တည်း။ ရူပသညာနန္တိ၊ ရူပသညာနံ-ဟူသည်ကား။ သညာသီသေန၊ သညာကို ခေါင်းတပ်သဖြင့်။ ဝုတ္တရူပါဝစရဈာနာနဉ္စေဝ၊ ဟောထားသော ရူပါဝစရ-ဈာန်တို့ကိုလည်းကောင်း။ တဒါရမ္မဏာနဉ္စ၊ ထိုဈာန်တို့၏ အာရုံကိုကိုလည်းကောင်း။ ဟိ၊ မှန်ပေ၏။ "ရူပီ၊ ရုပ်ရှိသောသူသည်။ ဝါ၊ ရူပဈာန်ရှိသောသူသည်။ ရူပါနိ၊ ကသိုဏ်းရုပ်တို့ကို။ ပဿတိ၊ ရှု၏။" ဣတိအာဒီသု၊ ဤသို့အစရှိသော ဒေသနာတို့၌။ ရူပါဝစရဈာနမ္ပိ၊ ရူပါဝစရ-ဈာန်ကိုလည်း။ ရူပန္တိ၊ ရူပ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ "ဗဟိဒ္ဓါ၊ အပြင်အပ၌။ သုဝဏ္ဏ ဒုဗ္ဗဏ္ဏာနိ၊ အဆင်းကောင်း—အဆင်းဆိုး ဖြစ်ကုန်သော။ ရူပါနိ၊ ကသိုဏ်းရုပ်တို့ကို။ ပဿတိ၊ ရှု၏။"ဣတိအာဒီသု၊ဤသို့အစရှိသော ဒေသနာတို့၌။ တဿ၊ ထိုရူပဈာန်၏။ အာရမ္မဏမ္ပိ၊ အာရုံကသိုဏ်း ရုပ်ကိုလည်း။ ရူပန္တိ၊ ရူပ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤအရာ၌။ ရူပသညာ—ဟူသော ဤအမည်သည်။ ရူပေ၊ ရူပဈာန်၌။ သညာ၊

အမည်သည်။ ရူပသညာ၊ ရူပသညာမည်၏။ ဣတိ ဝေံ၊ ဤသို့၊ သညာသီသေ-
န၊ သညာကိုခေါင်းတတ်သဖြင့်။ ဝုတ္တရူပါဝစရဈာနဿ၊ ဟောတော်မူ
အပ်သောရူပါဝစရ-ဈာန်၏။ အဓိဝစနံ၊ အမည်ပေတည်း။ အဿ၊ ထိုအာရုံ
အား။ ရူပံ၊ ကသိုဏ်းရုပ်ဟူသော။ သညာ၊ အမည်သည်။ အတ္ထိ၊ ရှိ၏။
ဣတိ-တသ္မာ၊ ထို့ကြောင့်။ ရူပသညာ၊ ရူပသညာမည်၏။ အဿ၊ ထိုအာရုံ
၏။ နာမံ၊ အမည်ကား။ ရူပံ၊ ကသိုဏ်းရုပ်ပေတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ
ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ တေံ၊ ထိုရူပသညာ-ဟူသော အမည်
သည်။ ပထဝီကသိဏာဒိဘေဒဿ၊ ပထဝီကသိုဏ်း-စသည်အပြားရှိသော။
တဒါရမ္မဏဿ၊ ထိုရူပဈာန်၏ အာရုံ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဣတိ
ဝေဒိတဗ္ဗံ၊ ဤသို့သိအပ်၏။ သမတိက္ကမာတိ၊ သမတိက္ကမာ-ဟူသည်ကား။
ဝိရာဂါ စ၊ တတ်စွဲမှုကင်းခြင်းကြောင့်လည်းကောင်း။ နိရောဓာ စ၊ ချုပ်စေ
ခြင်းကြောင့်လည်းကောင်း။ ကိံ၊ အဘယ်ကို။ ဝုတ္တံ ဟောတိ၊ ဆိုလိုသနည်း-
ဟူမူ။ ကုသလဝိပါကကိရိယဝသေန၊ ကုသိုလ်ဈာန်ငါးပါး, ဝိပါက်ဈာန်
ငါးပါး, ကိရိယာဈာန်ငါးပါးတို့ အလိုအားဖြင့်။ ပဉ္စဒသန္နံ၊ တစ်ဆယ့်ငါး
ပါးကုန်သော။ ဈာနသင်္ခါတာနံ၊ ဈာန်ဟုဆိုအပ်ကုန်သော။ ဧတာသံ ရူပ-
သညာနဥ္စ၊ ဤ ရူပသညာတို့ကိုလည်းကောင်း။ ပထဝီကသိဏာဒိဝသေန၊
ပထဝီကသိုဏ်း-စသည်တို့၏ အလိုအားဖြင့်။ နဝန္နံ၊ ကိုးပါးကုန်သော။
အာရမ္မဏသင်္ခါတာနံ၊ အာရုံဟုဆိုအပ်ကုန်သော။ ဧတေသံ ရူပသညာနဥ္စ၊
ဤ ရူပသညာတို့ကိုလည်းကောင်း။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်း
အရာအားဖြင့်။ ဝိရာဂါ စ၊ တပ်မက်မှုကင်းခြင်းကြောင့်လည်းကောင်း။
နိရောဓာ စ၊ ချုပ်စေခြင်းကြောင့်လည်းကောင်း။ အနဝသေသာနံ၊ အကြွင်း
မဲ့ကုန်သော။ ဧတေသံ ရူပသညာနံ၊ ထို ရူပသညာတို့ကို။ ဝိရာဂဟေတုဉ္စေဝ၊
တပ်မက်မှုကင်းခြင်း၏ အကြောင်းကိုလည်းကောင်း။ နိရောဓဟေတုဉ္စ၊ ချုပ်
စေခြင်း၏ အကြောင်းကိုလည်းကောင်း။ အာကာသာနဉ္စာယတနံ၊ အာကာ-
သာနဉ္စာယတန-ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဟိ၊
မှန်ပေ၏။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အနတိက္ကန္တ-
ရူပသညေန၊ ရူပသညာတို့ကို မလွန်မြောက်သေးသော ပုဂ္ဂိုလ်သည်။ ဧတံ၊
ဤ အာကာသာနဉ္စာယတန ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရိတုံ၊
နေခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ပေ။ ဣတိ-အယံ၊ ဤသည်လျှင် အဖွင့်တစ်
ရပ် အပြီးတည်။

တတ္ထ၊ ထိုစကားရပ်၌။ ယသ္မာ၊ အကြင့်ကြောင့်။ အာရမ္မဏေ၊ အာရုံ၌။
အဝိရတ္တဿ၊ တပ်စွဲမှုမကင်းသေးသော ပုဂ္ဂိုလ်အား။ သညာသမတိက္က-

မော၊ သညာတို့ကို လွန်မြောက်ခြင်းသည်။ န ဟောတိ၊ မဖြစ်နိုင်ပေ။ သညာသု၊ သညာတို့ကို။ သမတိက္ကန္တာသု စ၊ လွန်မြောက်ပြီးလျှင်လည်း။ အာရမ္မဏံ၊ အာရုံကို။ သမတိက္ကန္တမေဝ၊ လွန်မြောက်ပြီးသာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ အာရမ္မဏသမတိက္ကမံ၊ အာရုံကိုလွန်မြောက်ခြင်းကို။ အဝတွာ၊ မဟောမူ၍။ "တတ္ထ၊ ရူပသညာနံ သမတိက္ကမာ-ဟူသော ထို စကားရပ်၌။ ရူပသညာ၊ ရူပသညာ-ဟူသည်။ ကတမာ၊ အဘယ်နည်း။ ရူပါဝစရသမာပတ္တိံ၊ ရူပါဝစရ သမာပတ်ကို။ သမာပန္နဿ ဝါ၊ ဝင်စားသော ပုထုဇဉ်, သေက္ခ ပုဂ္ဂိုလ်၏လည်းကောင်း။ ဥပပန္နဿ ဝါ၊ ရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏ကောင်း။ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ ဝါ၊ မျက်မှောက်အတ္တဘော၌ ချမ်းသာစွာနေသော ရဟန္တာ၏လည်းကောင်း။ သညာ၊ သညာသည်။ သဉ္ဇာနနာ၊ မှတ်သားခြင်းသည်။ (၃၂၃) သဉ္ဇာနိတတ္တံ၊ မှတ်သားတတ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣမာ၊ ဤ မှတ်သားမှုတို့ကို။ ရူပသညာယော၊ ရူပသညာ-တို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣမာ ရူပသညာယော၊ ဤ ရူပသညာတို့ကို။ အတိက္ကန္တော၊ လွန်မြောက်သည်။ ဝီတိက္ကန္တော၊ အထူးသဖြင့် လွန်မြောက်သည်။ သမတိက္ကန္တော၊ ကောင်းစွာ လွန်မြောက်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ရူပသညာနံ၊ ရူပသညာတို့ကို။ သမတိက္ကမာ၊ လွန်မြောက်ခြင်းကြောင့်။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။" ဝေံ၊ ဤသို့။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်၌။ သညာနံယေဝ၊ သညာတို့ကိုသာလျှင်။ သမတိက္ကမော၊ လွန်မြောက်ခြင်းကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ပန၊ သို့သော်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ အာရမ္မဏသမတိက္ကမေန၊ အာရုံကို လွန်မြောက်ခြင်းဖြင့်။ ဧတာ သမာပတ္တိယော၊ ဤသမာပတ်တို့ကို။ ပတ္တဗ္ဗာ၊ ရောက်အပ်-ရောက်ထိုက်ကုန်၏။ ပဌမဇ္ဈာနာဒီနိ ဝိယ၊ ပဌမဈာန်-စသည်တို့ကဲ့သို့။ ကေသ္မိဉ္စိဝ အာရမ္မဏေ၊ တစ်ခုတည်းသော အာရုံ၌သာလျှင်။ န ပတ္တဗ္ဗာ၊ မရောက်အပ် မရောက်နိုင်ကုန်။ တသ္မာ၊ ထို့ကြောင့်။ အာရမ္မဏသမတိက္ကမဝသေနာပိ၊ အာရုံကို လွန်မြောက်ခြင်း၏ အစွမ်းဖြင့်လည်း။ အယံ အတ္ထဝဏ္ဏနာ၊ ဤ အနက်အဖွင့်ကို။ ကတာ၊ အဋ္ဌကထာဆရာတို့ ရေးသားအပ်ပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၂၇၀။ ပဋိဃသညာနံ အတ္ထင်္ဂမာတိ၊ ပဋိဃသညာနံ အတ္ထင်္ဂမာ-ဟူသည်ကား။ စက္ခာဒီနံ၊ မျက်စိ-အစရှိကုန်သော။ ဝတ္ထူနဉ္စ၊ ဝတ္ထုရုပ်တို့၏ လည်းကောင်း။ ရူပါဒီနံ၊ အဆင်း-အစရှိကုန်သော။ အာရမ္မဏာနဉ္စ၊ အာရုံတို့၏ လည်းကောင်း။ ပဋိဃာတေန၊ အဆင်း-စသောအာရုံတို့၏ အချင်းချင်းထိခိုက်

ခြင်းကြောင့်။ သမုပ္ပန္နာ၊ ဖြစ်ကုန်သော။သညာ၊ သညာတို့သည်။ ပဋိဃသညာ၊ ပဋိဃသညာတို့ မည်ကုန်၏။ တေ၊ ဤအမည်သည်။ ရူပသညာဒီနံ၊ အဆင်း၌ အမှတ်သညာ-စသည်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း။ ယထာ-ကိံ ဝစနံ၊ အဘယ်သို့သောစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားရှင်သည်။ အာဟ၊ ဟောတော်မူသနည်း။ "တတ္ထ၊ ထို စကားရပ်၌။ ပဋိဃသညာ၊ ပဋိဃသညာ-ဟူသည်။ ကတမာ၊ အဘယ်နည်း။ ရူပသညာ၊ အဆင်း၌ အမှတ်သညာလည်းကောင်း။ သဒ္ဒသညာ၊ အသံ၌ အမှတ်သညာလည်းကောင်း။ ဂန္ဓသညာ၊ အနံ့၌ အမှတ်သညာလည်းကောင်း။ ရသသညာ၊ အရသာ၌ အမှတ်သညာလည်းကောင်း။ ဖောဋ္ဌဗ္ဗသညာ၊ အတွေ့၌ အမှတ်သညာလည်းကောင်း။ ဣမာ၊ ဤသညာတို့ကို။ ပဋိဃသညာယောတိ၊ ပဋိဃသညာတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။" ပဉ္စန္နံ၊ ငါးပါးကုန်သော။ ကုသလဝိပါကာနံ၊ ကုသလဝိပါက်တို့၏လည်းကောင်း။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ အကုသလဝိပါကာနံ၊ အကုသလဝိပါက်တို့၏လည်းကောင်း။ ဣတိ၊ ဤသို့။ ဒသန္နမ္ပိ တာသံ ပဋိဃ-သညာနံ၊ ဆယ်ပါးကုန်သော ထိုပဋိဃသညာတို့၏လည်း။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ ပဟာနာ၊ ကင်းခြင်းကြောင့်။ အသမုပ္ပါဒါ၊ မဖြစ်ခြင်းကြောင့်။ အပ္ပဝတ္တိံ ကတွာ၊ မဖြစ်အောင် ပြု၍။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

စ၊ စောဒနာ-သောဓနာ ဦးအံ့။ ဝါ၊ ဆက်၍ ရှင်းပြဦးအံ့။ တော၊ ဤ ပဋိဃသညာတို့သည်။ ပဌမဇ္ဈာနာဒီနိ၊ ပဌမဈာန်-စသည်တို့ကို။ သမာပန္န-ဿာပိ၊ ဝင်စားသောယောဂီအားလည်း။ န သန္တိ၊ မရှိကုန်။ ဟိ၊ မှန်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဝါ၊ ထိုအခိုက်၌။ ပဉ္စဒွါရဝသေန, ပဉ္စဒွါရ၏ အစွမ်းဖြင့်။ စိတ္တံ၊ စိတ်သည်။ ကာမဉ္စ န ပဝတ္တတိ၊ အကယ်၍ကား မဖြစ်။ ဧဝံ သန္တေပိ၊ ဤသို့မဖြစ်သော်လည်း။ အညတ္ထ၊ အခြားသောဈာန်တို့၌။ ပဟီ-နာနံ၊ ပယ်အပ်ပြီးကုန်သော။ သုခဒုက္ခာနံ၊ သုခ-ဒုက္ခတို့ကို။ စတုတ္ထဇ္ဈာနေ၊ စတုတ္ထဈာန်၌။ ဝုတ္တံ ဝိယ စ၊ ဟောတော်မူသကဲ့သို့လည်းကောင်း။ သက္ကာယ-ဒိဋ္ဌာဒီနံ၊ သက္ကာယဒိဋ္ဌိ-စသည်တို့ကို။ တတိယမဂ္ဂေ၊ တတိယမဂ်၌။ ဝုတ္တံ ဝိယ စ၊ ဟောတော်မူသကဲ့သို့ လည်းကောင်း။ ဣမသ္မိံ ဈာနေ၊ ဤ အရူပဈာန်၌။ ဥဿာဟဇနနတ္ထံ၊ တက်တက်ကြွကြွ အားထုတ်မှုဖြစ်စေခြင်းငှာ။ ဣမဿ ဈာနဿ၊ ဤ အရူပဈာန်ကို။ ပသံသာဝသေန၊ ချီးမွမ်းလိုသည့် အနေအားဖြင့်။ တောသံ၊ ဤ ပဋိဃသညာတို့၏။ (နိရောဓံ၊ ချုပ်ခြင်းကို။)ဧတ္ထ၊ ဤ အရူပဈာန်အရာ၌။ ဝစနံ၊ ဟောတော်မူခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အထ ဝါ၊ တနည်းအားဖြင့် ရှင်းပြဦးအံ့။ ရူပါဝစရံ၊ ရူပါဝစရဈာန်ကို။ သမာပန္နဿာပိ၊ ဝင်စားသောသူအားလည်း။ တာ၊ ထို ပဋိဃသညာတို့သည်။ ကိဥ္စာပိ န သန္တိ၊ အကယ်၍ကား မရှိကြကုန်။ အထ ခေါ၊ စင်စစ်သော်ကား။ ပဟီနတ္တာ၊ ပယ်ထားသောကြောင့်။ န သန္တိ၊ မရှိကြကုန်သည်ကား။ န၊ မဟုတ်ကုန်။ သန္တိ ဝေ၊ ရှိကြကုန်သည်သာလျှင်တည်း။ ဟိ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ရူပါဝစရဘာဝနာ၊ ရူပါဝစရဈာန်ကို ပွားခြင်းသည်။ ရူပဝိရာဂါယ၊ ရုပ်ကို စက်ဆုပ်ခြင်းငှာ။ န သံဝတ္တတိ၊ မဖြစ်။ စ၊ ဆက်ဦးအံ့။ တေသံ၊ ထို ရူပါဝစရဈာန်တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ရူပါယတ္တာ၊ ရုပ်နှင့်စပ်သည်။ ဝါ၊ ရုပ်အားစပ်သည်။ ဟောတိ၊ ဖြစ်၏။ အယံ ပန ဘာဝနာ၊ ဤ အရူပဘာဝနာသည်ကား။ ရူပဝိရာဂါယ၊ ရုပ်ကိုစက်ဆုပ်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တာ၊ ထို ပဋိဃသညာတို့ကို။ ဧတ္ထ၊ ဤ အရူပဈာန်၌။ ပဟီနာ၊ ပယ်အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ကေဝလံ၊ သက်သက်။ ဝတ္တုံ၊ ဆိုခြင်းငှာ။ န၊ မဟုတ်သေး။ ဧဝံ၊ ဤအတိုင်းပင်။ ဓာရေတုမ္ပိ၊ ဆောင်ထားခြင်းငှာလည်း။ ဝဋ္ဋတိ၊ သင့်၏။ ဟိ—သစ္စံ၊ မှန်၏။ တာသံ၊ ထို ပဋိဃသညာတို့ကို။ ဣတော၊ ဤ အရူပဈာန်မှ။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဟီနတ္တာယေဝ၊ မပယ်ရသေးသောကြောင့်။ သာလျှင်။ ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ သမာပန္နဿ၊ ဝင်စားနေသောသူအား။ သဒ္ဒေါ၊ အသံကို။ "ကဏ္ဋကော"တိ၊ ဆူးငြောင့်"ဟူ၍။ ဘဂဝတာ၊ ဘုရားရှင်သည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣမ စ၊ ဤ အရူပဈာန်၌ကား။ ပဟီနတ္တာယေဝ၊ ပယ်ပြီးဖြစ်သောကြောင့်ပင်။ အရူပသမာပတ္တီနံ၊ အရူပ-သမာပတ်တို့၏။ အာနေဉ္ဇတာ စ၊ တုန်လှုပ်ခြင်းမရှိသည့် အဖြစ်ကိုလည်းကောင်း။ သန္တဝိမောက္ခတာ စ၊ ငြိမ်သက်သော ဝိမောက္ခအဖြစ်ကိုလည်းကောင်း။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ကာလာမော၊ ကာလာမ—အနွယ်ဖြစ်သော။ အာဠာရော စ၊ အာဠာရ—ရသေ့သည်လည်း။ အရူပသမာပန္နော၊ အရူပသမာပတ်ကို ဝင်စားနေစဉ်။ နိဿာယ နိဿာယ၊ ကပ်မှီ၍ ကပ်မှီ၍။ အတိက္ကမန္တာနိ၊ လွန်သွားကုန်သော။ ပဉ္စမတ္တာနိ သကဋသတာနိ၊ လှည်းငါးရာတို့ကို။ နေဝ အဒ္ဒသ၊ မြင်လည်းမမြင်။ သဒ္ဒံ၊ အသံကို။ န ပန အဿောသိ၊ ကြားလည်းမကြား။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်သတည်း။

(၃၂၄) ၂၇၉။ နာနတ္တသညာနံ အမနသိကာရာတိ၊ နာနတ္တသညာနံ အမနသိကာရ-ဟူသည်ကား။ နာနတ္တေ၊ အမျိုးမျိုးသော။ ဂေါစရေ၊ အာရုံ

၌။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ သညာနံ ဝါ၊ သညာတို့ကိုလည်းကောင်း။ နာနတ္တာနံ၊ အမျိုးမျိုး သဘောရှိကုန်သော။ သညာနံ ဝါ၊ သညာတို့၏ လည်းကောင်း။ ဟိ၊ မှန်ပေ၏။ "တတ္ထ၊ ထိုစကားရပ်၌။ နာနတ္တသညာ၊ နာနတ္တသညာတို့ ဟူသည်။ ကတမာ၊ အဘယ်သည်တို့နည်း။ အသမာပန္နဿ၊ သမာပတ်ဝင်စားခိုက် မဟုတ်သော။ မနောဓာတုသမင်္ဂိဿ ဝါ၊ မနော ဓာတ်နှင့် တကွဖြစ်သောသူ၏ သော်လည်းကောင်း၊ မနောဝိညာဏဓာတု- သမင်္ဂိဿ ဝါ၊ မနောဝိညာဏဓာတ်နှင့် တကွဖြစ်သောသူ၏ သော်လည်း ကောင်း။ သညာ၊ သညာသည်။ သဉ္ဇာနနာ၊ မှတ်သားခြင်းသည်။ သဉ္ဇာ- နိတတ္တံ၊ မှတ်သားတတ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣမာ၊ ဤ မှတ်သားမှုတို့ကို။ နာနတ္တသညာယော"တိ၊ နာနတ္တသညာ-တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣတိ ဝေံ၊ ဤသို့။ ဝိဘင်္ဂေ၊ ဝိဘင်းဒေသနတော်၌။ ဝိဘ- ဇိတွာ၊ ဝေဖန်၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ ဣဓ၊ ဤအရူပ ဈာန်အရာ၌။ အဓိပ္ပေတာ၊ ဆိုလိုအပ်ကုန်သော။ အသမာပန္နဿ၊ သမာပတ် ဝင်စားခိုက် မဟုတ်သောသူ၏ (သန္တာန်၌)။ မနောဓာတုမနောဝိညာဏ- ဓာတုသင်္ဂဟိတာ၊ မနောဓာတ်, မနောဝိညာဏ-ဓာတ်တို့ဖြင့် ရေတွက်အပ် ကုန်သော။ တော သညာ၊ ထိုသညာတို့သည်။ ရူပသဒ္ဒါဒိဘေဒေ၊ အဆင်း, အသံ-စသည်အပြားရှိသော။ နာနတ္တေ၊ အထူးထူးသော။ နာနာသဘာဝေ၊ အမျိုးမျိုးသော သဘောရှိသော။ ဂေါစရေ၊ အာရုံ၌။ ယသ္မာ၊ အကြင် ကြောင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ စ၊ ထိုမှတပါး။ ယသ္မာ၊ အကြင်ကြောင့်။ အဋ္ဌကာမာဝစရကုသလသညာ၊ ကာမာဝစရကုသိုလ်သညာ ရှစ်ပါးတို့လည်း ကောင်း။ဒွါဒသာကုသလသညာ၊ တစ်ဆယ့်နှစ်ပါးသော အကုသိုလ်သညာတို့ လည်းကောင်း။ကောဒသကာမာဝစရကုသလဝိပါကသညာ၊တစ်ဆယ့်တစ်ပါး သော ကာမာဝစရ ကုသိုလ်, ဝိပါက် သညာတို့လည်းကောင်း။ ဒွေ၊ နှစ်ပါး ကုန်သော။အကုသလဝိပါကသညာ၊အကုသိုလ်ဝိပါက်သညာတို့လည်းကောင်း။ ကောဒသကာမာဝစရကိရိယသညာ၊ တစ်ဆယ့်တစ်ပါးသော ကာမာဝစရ ကိရိယာ သညာတို့လည်းကောင်း။ ဣတိ ဝေံ၊ ဤသို့။ တော စတုစတ္တာလီသမ္ပိ သညာ၊ လေးဆယ့်လေးပါးသော ဤသညာတို့သည်။ နာနတ္တာ၊ ထူးကုန်၏။ နာနာသဘာဝါ၊ အမျိုးမျိုးသောသဘောရှိကုန်၏။ အညမညံ၊ အချင်းချင်း။ အသဒိသာ၊ မတူကုန်။ တသ္မာ၊ ထိုကြောင့်။ နာနတ္တသညာတိ၊ နာနတ္တ သညာ-ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တာသံ နာနတ္တသညာနံ၊ ထို နာနတ္တသညာတို့ကို။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အမနသိကာရာ၊ စိတ် ၌ မထားကုန်။ အနာဝဇ္ဇနာ၊ နှလုံးမသွင်းကုန်။ အသမန္နာဟာရာ၊ ကောင်း

စ္စာ အဖန်ဖန် စိတ်သို့မဆောင်ကုန်။ အပစ္စဝေက္ခဏာ၊ မဆင်ခြင်ကုန်။ ယသ္မာ၊ အကြင်ကြောင့်။ တာ၊ ထို နာနတ္တသညာတို့ကို။ န အာဝဇ္ဇေတိ၊ နှလုံးမသွင်း။ န မသိကရောတိ၊ စိတ်၌မထား။ န ပစ္စဝေက္ခတိ၊ မဆင်ခြင်။ ဟသ္မာ၊ ထို့ကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤသုံးပါးသောသညာတို့တွင်။ ပုရိမာ ရူပ-သညာ စ၊ ရှေးဖြစ်သော ရူပသညာတို့သည်လည်းကောင်း။ပုရိမာ ပဋိဃသညာ စ၊ ရှေးဖြစ်သော ပဋိဃသညာတို့သည် လည်းကောင်း။ ဣမိနာ ဈာနေန၊ ဤဈာန်ကြောင့်။ နိဗ္ဗတ္တေ၊ ဖြစ်သော။ ဘဝေပိ၊ အရူပဘဝ၌သော်လည်း။ န ဝိဇ္ဇန္တိ၊ မရှိကြကုန်။ တသ္မိံ ဘဝေ၊ ထို အရူပဘုံ၌။ ဣမံ ဈာနံ၊ ဤ အရူပဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ဝင်စား၍။ ဝိဟရဏကာလေ၊ နေသောကာလ၌။ ပဂေဝ၊ ဆိုဖွယ်ပင်မရှိတော့သည်သာတည်း။ တသ္မာ၊ထို့ကြောင့်။ တာသံ၊ထို သညာတို့ကို။ သမတိက္ကမာ၊ လွန်မြောက်ခြင်းကြောင့်။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ ဣတိ၊ဤသို့။ဒွေဓာပိ၊နှစ်ပါးအပြားအားဖြင့်လည်း။ အဘာဝေါ-ယေဝ၊ မရှိခြင်းကိုသာလျှင်။ ဝုတ္တော၊ ဟောတော်မူအပ်ပေ၏။ ပန၊ ဆက်ဦးအံ့။ ယသ္မာ၊ အကြင့်ကြောင့်။ နာနတ္တသညာသု၊ လေးဆယ့် လေးပါးသော နာနတ္တသညာတို့တွင်။ အဋ္ဌ ကာမာဝစရကုသလသညာ၊ ကာမာဝစရကုသိုလ်သညာ ရှစ်ပါးလည်းကောင်း။ နဝ ကိရိယသညာ၊ ကာမကိရိယာသညာ ကိုးပါးလည်းကောင်း။ဒသာကုသလသညာ၊ အကုသိုလ်သညာ ဆယ်ပါးလည်းကောင်း။ ဣတိ၊ဤသို့။ ဣမာ သတ္တဝီသတိသညာ၊ နှစ်ဆယ်ခုနစ်ပါးသော ဤ နာနတ္တသညာတို့သည်။ဣမိနာ ဈာနေန၊ ဤဈာန်ကြောင့်။နိဗ္ဗတ္တေ၊ဖြစ်သော။ ဘဝေ၊ အရူပဘုံ၌။ ဝိဇ္ဇန္တိ၊ ရှိကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တာသံ၊ ထို နာနတ္တသညာတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မှန်၏။ တတြာပိ၊ ထို အရူပဘဝ၌လည်း။ ဣမံ ဈာနံ၊ ဤ အရူပဈာန်ကို။ ဥပသမ္ပဇ္ဇ ဝိဟရန္တော၊ ဝင်စား၍ နေသောသူသည်။ တာသံ၊ ထိုနှစ်ဆယ်ခုနစ်ပါးသော နာနတ္တသညာတို့ကို။ အမနသိကာရာယေဝ၊ နှလုံးမသွင်းခြင်းကြောင့်သာလျှင်။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဝင်စား၍ နေနိုင်ပေ၏။ ပန၊ ဆက်ဦးအံ့။ တာ၊ ထိုနှစ်ဆယ်ခုနစ်ပါးသော နာနတ္တသညာတို့ကို။ မနသိကရောန္တော၊ နှလုံးသွင်းနေလျှင်မူကား။ အသမာပန္နော ဟောတိ၊ မဝင်စားသူသာ ဖြစ်ပေ၏။ ဣတိ၊ ဤသည်လျှင် စကားတစ်ရပ် အပြီးသတ်၏။

စ၊ ဆက်ဦးအံ့၊ သခေ်ပတော၊ အကျဉ်းအားဖြင့်။ ဧတ္ထ၊ ဤသုံးပုဒ်တို့တွင်။ ရူပသညာနံ၊ ရူပသညာတို့ကို။ သမတိက္ကမာ၊ လွန်မြောက်ခြင်းကြောင့်။ ဣတိ ဣမိနာ၊ ဤပုဒ်ဖြင့်။ သဗ္ဗရူပါဝစရဈာနံ၊ ရူပါဝစရဈာန အားလုံးတို့ကို။ ပဟာနံ၊ ပယ်ခြင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ပဋိဃသညာနံ အတ္ထင်္ဂမာ၊ ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့်။ နာနတ္တသညာနံ အမနသိကာရာ၊ နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်။ ဣတိ ဣမိနာ၊ ဤနှစ်ပုဒ်ဖြင့်။ သဗ္ဗေသံ ကာမာဝစရစိတ္တစေတသိကာနံ၊ ကာမာဝစရစိတ်, စေတသိက် အားလုံးတို့ကို။ ပဟာနဉ္စ၊ ပယ်ခြင်းကိုလည်းကောင်း။ အမနသိကာရော စ၊ နှလုံးမသွင်းခြင်းကိုလည်းကောင်း။ ဝုတ္တော၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၂၈၀။ အနန္တော အာကာသောတိ ဧတ္ထ၊ အနန္တော အာကာသော—ပါဌ်၌။ (အတ္ထော၊ အနက်ကား။) အဿ၊ ဤအာကာသအား။ ဥပ္ပါဒန္တော ဝါ၊ ဖြစ်ခြင်းဟူသော အပိုင်းအခြားသည် လည်းကောင်း။ ဝယန္တော ဝါ၊ ပျက်ခြင်းဟူသော အပိုင်းအခြားသည်လည်းကောင်း။ န ပညာယတိ၊ ထင်ရှား မရှိပေ။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ အနန္တော၊ အနန္တ-မည်၏။ ကသိဏုဂ္ဃါ-ဋိမံ၊ ကသိုဏ်းကိုခွါခြင်းဖြင့် ပြီးစီးသော။ အာကာသော၊ ဟင်းလင်းအပြင် ကောင်းကင်ကို။ အာကာသောတိ၊ အာကာသ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ကသိုဏ်းရုပ်ကိုခွါခြင်းဖြင့်ပြီးသော ဤကောင်းကင်၌။ မန-သိကာရဝသေနာပိ၊ နှလုံးသွင်းခြင်း၏ အစွမ်းဖြင့်လည်း။ အနန္တတာ၊ အဆုံး အပိုင်းအခြား မရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ (၃၂၅) တေ-နေဝ၊ ထို့ကြောင့်ပင်လျှင်။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်၌။ "တသ္မိံ အာကာ-သေ၊ ထိုအာကာသ၌။ စိတ္တံ၊ စိတ်ကို။ ဌပေတိ၊ ထား၏၊ သဏ္ဌပေတိ၊ ကောင်း စွာထား၏။ အနန္တံ၊ အဆုံး အပိုင်းအခြားမရှိသည်ကို။ (ကတွာ၊ ပြု၍။) ဖရတိ၊ ဖြန့်၏။ ဝါ၊ တွေ့ထိ၏။ တေန၊ ထို့ကြောင့်။ အနန္တော အာကာသောတိ၊ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

•

ပန၊ အဖွင့်တပါးကား။ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတီတိ ဧတ္ထ၊ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ—ဟူသော ဤပါဌ်၌။ အဿ၊ ထို အာကာသအား။ အန္တော၊ ဖြစ်ခြင်းအပိုင်းအခြား, ပျက်ခြင်း အပိုင်းအခြားသည်။ န၊ မရှိပေ။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ အနန္တံ၊ အနန္တ

မည်၏။ အနန္တံ၊ အပိုင်းအခြားမရှိသော။ အာကာသံ၊ အာကာသသည်။ အာကာသာနန္တံ၊ အာကာသာနန္တ—မည်၏။ အာကာသနန္တမေဝ၊ အာကာ—သာနန္တ—သည်ပင်လျှင်။ အာကာသာနဉ္စံ၊ အာကာသာနဉ္စ—မည်၏။ တံ အာကာသာနဉ္စံ၊ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟူသော ထို အာကာသာနဉ္စ—သည်ပင်။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ သသမ္ပယုတ္တဓမ္မဿ၊ ယှဉ်ဖက်တရားအပေါင်းနှင့် တကွဖြစ်သော။ အဿ၊ ဈာနဿ၊ ဤဈာန်၏။ အာယတနံ၊ တည်ရာ—အာယတန ပေတည်း။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ဒေဝါနံ၊ နတ်တို့၏။ အာယတနံ၊ တည်ရာသည်။ ဒေဝါယတနံ ဣဝ၊ ဒေဝါယတန-မည်သကဲ့သို့ပေတည်း။ ဣတိ·တသ္မာ၊ ထို့ကြောင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-မည်၏။

ဥပသမ္ပဇ္ဇ ဝိဟရတီတိ၊ ဥပသမ္ပဇ္ဇ ဝိဟရတိ—ဟူသည်ကား။ တံ အာကာ—သာနဉ္စာယတနံ၊ ထို အာကာသာနဉ္စာယတန-ဈာန်သို့။ ပတွာ၊ ရောက်၍။ နိပ္ဖါဒေတွာ၊ ပြီးစေ၍။ တဒနုရူပေန ဣရိယာပထဝိဟာရေန၊ ထိုဈာန်အား လျော်သော ဣရိယာပထဖြင့် နေခြင်းဖြင့်။ ဝိဟရတိ၊ နေ၏၊ ဣတိ၊ ဤသည်လျှင် စကားတစ်ရပ် အပြီးသတ်၏။

အယံ၊ ဤသည်ကား။ အာကာသာနဉ္စာယတနကမ္မဋ္ဌာနေ၊ အာကာ—သာနဉ္စာယတန ကမ္မဋ္ဌာန်းအရာ၌။ ဝိတ္ထာရကထာ၊ အကျယ်ဖြစ်သော စကား ပေတည်း။

## ၂—ဝိညာဏဉ္စာယတနအဖွင့်

၂၇၁။ ပန၊ ထိုမှတပါး။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန—ဈာန်ကို။ဘာဝေတုကာမေန၊ ပွါးစေလိုသော ယောဂီသည်။ ပဉ္စဟိ အာကာ-ရေဟိ၊ ငါးပါးသောအခြင်းအရာတို့ဖြင့်။အာကာသာနဉ္စာယတနသမာပတ္တိယံ၊ အာကာသာနဉ္စာယတန—သမာပတ်၌။ စိဏ္ဏဝသီဘာဝေန၊ လေ့ကျင့်ပြီးသော ဝသီဘော်ရှိသည်ဖြစ်၍။ "အယံ သမာပတ္တိ၊ ဤ အာကာသာနဉ္စာယတန-သမာပတ်သည်။ အာသန္နရူပါဝစရဇ္ဈာနပစ္စတ္ထိကာ၊ ရူပါဝစရဈာန်ဟူသော ရန်သူနှင့်နီး၏။ ဝိညာဏဉ္စာယတနံ ဣဝ စ၊ ဝိညာဏနဉ္စာယတန-ဈာန်ကဲ့သို့လည်း။ နေဝ သန္တာ၊ မငြိမ်သက်ပေ။" ဣတိ၊ ဤသို့။ အာကာ—သာနဉ္စာယတနေ၊ အာကာသာနဉ္စာယတန-ဈာန်၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်ပြီးလျှင်။ တတ္ထ နိကန္တိံ၊ ထိုဈာန်၌ နှစ်သက် တွယ်တာမှုကို။ ပရိယာဒါယ၊ ကုန်စေ၍။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာ ယတန—ဈာန်ကို။

သန္တတော မနသိကရိတွာ၊ ငြိမ်သက်သောအားဖြင့် နှလုံးသွင်းပြီးလျှင်။ တံ အာကာသံ ဖရိတွာ၊ထိုအာကာသကိုဖြန့်၍။ ပဝတ္တဝိညာဏံ၊အာရုံပြု၍ဖြစ်သော ထို အာကာသာနဉ္စာယတန—ဝိညာဉ်ကို။ "ဝိညာဏံ ဝိညာဏံ"န္တိ၊ ဝိညာဏံ ဝိညာဏံ—ဟု၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇိတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ မနသိကာတဗ္ဗံ၊ စိတ်၌ထားအပ်၏။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ တက္ကာဟတံ တက္ကာဟတံ၊ ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို။ ကာတဗ္ဗံ၊ အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုအပ်၏။ "အနန္တံ အနန္တံ"တိ ပန၊ အဆုံးအပိုင်းအခြား မရှိ, အဆုံးအပိုင်းအခြား မရှိ—ဟု။ န မနသိကာတဗ္ဗံ၊ နှလုံးမသွင်းအပ်ပေ။

၈၀၊ ဤဆိုခဲ့သည့်အတိုင်း။ တသ္မိံ နိမိတ္တေ၊ အာကာသာနဉ္စာယတန ဝိညာဉ် နိမိတ်၌။ ပုနပ္ပုနံ၊ အဖန်ဖန်တလဲလဲ။ စိတ္တံ၊ ဘာဝနာစိတ်ကို။ စာ-ရေန္တဿ၊ သွားစေ—ဖြစ်စေသော။ တဿ၊ ထိုယောဂီအား။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ခွာကုန်၏။ သတိ၊ အာကာသာနဉ္စာယတန စိတ်ဝိညာဉ်လျှင် အာရုံရှိသော အမှတ်ရမှု—သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာ တည်၏။ ဥပစာရေန၊ ဥပစာရသမာဓိဖြင့်။ စိတ္တံ၊ ဘာဝနာစိတ်သည်။ သမာဓိ-ယတိ၊ ကောင်းစွာတည်ကြည်၏။ သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထို အာကာသာနဉ္စာယတန—ဝိညာဉ်ဟူသော အာရုံနိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်ဖန် တလဲလဲ။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားစေ၏။ ဗဟုလီကရောတိ၊ အကြိမ်များစွာပြု၏။ ဧဝံ ကရောတော၊ ဤသို့ပြုနေသော။ တဿ၊ထိုယောဂီ အား။ အာကာသေ၊ ကသိဏ်းကို ခွာခြင်းဖြင့်ပြီးသော အာကာသ၌။ အာ-ကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-ဈာန်စိတ်သည်။ အပ္ပေတိ ဝိယ၊ အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်သကဲ့သို့။ အာကာသဖုဋ္ဌေ၊ကသိဏ်းကို ခွာခြင်းဖြင့်ပြီးသော အာကာသ၌ ပျံ့နှံ့၍ဖြစ်သော။ ဝိညာဏေ၊ အာကာ—သာနဉ္စာယတန-ဝိညာဉ်၌။ ဝိညာဏဉ္စာယတနစိတ္တံ၊ ဝိညာဏဉ္စာယတန-စိတ် သည်။ အပ္ပေတိ၊ အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏။ ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဝိညာဏဉ္စာယတန-ဈာန်၌။ အပ္ပနာနယော၊ အပ္ပနာဖြစ်ပုံနည်းကို။ ဝုတ္တနယေနေဝ၊ ပထမအရူပဈာန်၌ ဆိုအပ်ပြီးသော နည်းဖြင့်ပင်လျှင်။ ဝေဒိ-တဗ္ဗော၊ သိအပ်၏။ စ၊ ဆက်၍ ပြဦးအံ့။ ဧတ္တာဝတာ၊ ဤမျှသော ဘာဝနာ အစဉ်ဖြင့်။ သေ—သော၊ ဤယောဂီသည်။ "သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန—ဈာန်နှင့် တကွဖြစ်သော အာရုံကို။ သမတိက္ကမ္မ၊ လွန်မြောက်၍။ အနန္တံ

ဝိညာဏန္တိ၊ အဆုံးအပိုင်းအခြား မရှိသော ဝိညာဉ် ဟု။ ဝိညာဏဉ္စာယတနံ ဥပသမ္ပဇ္ဇ၊ ဝိညာဏဉ္စာယတန-ချာန်သို့ ရောက်၍။ ဝိဟရတိ၊ နေ၏။” ဣတိ။ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

၂၀၂။ တတ္ထ၊ ထိုစကားရပ်၌။ သဗ္ဗသောတိ ဣဒံ၊ သဗ္ဗသော-ဟူသော ဤပုဒ်သည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည် သာတည်း။ အာကာသာနဉ္စာယတနံ သမတိက္ကမ္မာတိ ဧတ္ထ ပန၊ အာကာသာနဉ္စာယတနံ သမတိက္ကမ္မ—ဟူသော ဤပုဒ်၌ကား။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တနယေန၊ ဆိုခဲ့ပြီးသော နည်းဖြင့်။ ဈာနမ္ပိ၊ ဈာန်သည်လည်း။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန—ဈာန်မည်၏။ (၃၂၆) အာရမ္မဏမ္ပိ၊ အာရုံသည်လည်းမည်၏။ ဟိ၊ မှန်ပေ၏။ အာရမ္မဏမ္ပိ၊ အာရုံသည်လည်း။ ပုရိမနယေ-နေဝ၊ ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင်။ အာကာသာနဉ္စဉ္စ၊ အဆုံးအပိုင်းခြား မရှိသော ကောင်းကင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုကောင်းကင်သည်။ပဌမဿ အာရုပ္ပဇ္ဈာနဿ၊ ပဌမ အရူပဈာန်၏။အာရမ္မဏတ္တာ၊ အာရုံဖြစ်သောကြောင့်။ ဒေဝါနံ၊ နတ်တို့၏။ (အာယတနံ၊ တည်ရာသည်။)ဒေဝါ-ယတနံ ဝိယ၊ ဒေဝါယတန—မည်သကဲ့သို့။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ အာယတနဉ္စ၊ တည်ရာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ—တသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာ ယတန—မည်၏။ တထာ၊ ထို့အတူ၊ အာကာသာနဉ္စဉ္စ၊ အာကာသာနဉ္စာယတန—လည်းဟုတ်၏။ တံ၊ ထို အာကာသာနဉ္စ—ဟူသည်။ တဿ ဈာနဿ၊ ထိုဈာန်၏။ သဉ္ဇာတိ ဟေတုတ္တာ၊ ဖြစ်ရာအကြောင်း ဖြစ်သောကြောင့်။ “ကမ္ဗောဇာ၊ ကမ္ဗောဇတိုင်းသည်။ အဿာနံ၊ မြင်းတို့၏။ အာယတနံ၊ ဖြစ်ရာတည်း။” ဣတိအာဒီနိ ဝိယ၊ ဤသို့အစရှိသောစကားတို့ကဲ့သို့။ သဉ္ဇာတိ—ဒေသဋ္ဌေန၊ ဖြစ်ရာအရပ်—ဟူသော အနက်အားဖြင့်။ အာယတနဉ္စ၊ အာယတန—လည်းဟုတ်၏။ ဣတိပိ၊ ဤနှစ်ပါးသော အကြောင်းကြောင့်လည်း။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-မည်၏။ ဧဝံ၊ ဤဆိုခဲ့သည့် အတိုင်း။ ဈာနဉ္စ၊ ဈာန်လည်းကောင်း။ အာရမ္မဏဉ္စ၊ အာရုံလည်းကောင်း။ ဣတိ၊ ဤသို့။ ဥဘယမ္ပိ၊ ဤ အာကာသာနဉ္စာယတန-နှစ်ပါး လုံးကို။ အပ္ပဝတ္တိကရဏေန စ၊ မဖြစ်အောင်ပြုခြင်းအားဖြင့်လည်းကောင်း။ အမနသိ ကာရေန စ၊ နှလုံးမသွင်းခြင်းအားဖြင့် လည်းကောင်း။ သမတိက္ကမိတွာဝ၊ လွန်မြောက်ပြီးမှသာလျှင်။ ဣဒံ ဝိညာဏဉ္စာယတနံ၊ ဤ ဝိညာဏဉ္စာယတန—ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ယသ္မာ၊ အကြင်ကြောင့်။ ဝိဟာတဗ္ဗံ၊ နေအပ်

၏။ တသ္မာ၊ ထိုကြောင့်။ ဇတံ ဥဘယံ၊ ဈာန်, အာရုံ ထိုနှစ်ပါးလုံးကို။ ဧကဇ္ဈံ ကတွာ၊ တပေါင်းတည်းပြု၍။ "အာကာသာနဉ္စာယတနံ သမ– တိက္ကမ္မာ"တိ ဣဒံ၊ အာကာသာနဉ္စာယတန- ဈာန်ကိုလွန်မြောက်၍-ဟူသော ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အနန္တံ ဝိညာဏန္တိ၊ အနန္တံ ဝိညာဏံ—ဟူရာ၌။ အနန္တော အာကာသောတိ၊ အဆုံး အပိုင်းအခြားမရှိသော ကောင်းကင်-ဟု။ ဇဝံ ဖရိတွာ၊ ဤသို့ဖြန့်၍။ တံယေဝ ပဝတ္တဝိညာဏံ၊ ဖြစ်သော ထို အာကာသာနဉ္စာယတန-ဝိညာဉ် ကိုပင်လျှင်။ "အနန္တံ ဝိညာဏံ"န္တိ၊ အဆုံး အပိုင်းအခြား မရှိသော ဝိညာဉ်-ဟု။ ဇဝံ မနသိကရောန္တော၊ ဤသို့ နှလုံး သွင်းလျက်။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ ဆိုလို၏။ ဝါ၊ တနည်းကား။ မနသိကာရဝသေန၊ နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်။ အနန္တံ၊ အဆုံးအပိုင်းအခြား မရှိသည် မည်၏။ ဟိ၊ မှန်ပေ၏။ သော၊ ထိုယောဂီသည်။ အာကာသာရမ္မဏံ၊အာကာသ ကို အာရုံပြုနေသော။ တံ ဝိညာဏံ၊ ထိုဝိညာဉ်ကို။ အနဝသေသတော၊ အကြွင်းမရှိသောအားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းလတ်သော်။ "အနန္တ"န္တိ၊ အဆုံးအပိုင်းအခြားမရှိ-ဟု။ မနသိကရောတိ၊ နှလုံးသွင်းသည် မည်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်၌။ "အနန္တံ ဝိညာဏန္တိ၊ အနန္တံ ဝိညာဏံ-ဟူသည်ကား။ ယံ၊ အကြင် အာကာသကို။ တံယေဝ အာကာသံ၊ ထိုအာကာသကိုပင်လျှင်။ ဝိညာဏေန၊ ဝိညာဉ်ဖြင့်။ ဖုဋံ၊ပျံ့နှံ့လျက်။မနသိကရောတိ၊ နှလုံးသွင်း၏။အနန္တံ၊ အဆုံးအပိုင်းအခြားမရှိ။ ဖရတိ၊ ပျံ့နှံ့၏။ တေန၊ ထို့ကြောင့်။ အနန္တံ ဝိညာဏန္တိ၊ အနန္တံ ဝိညာဏံ- ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ဤအဘိဓမ္မာဝိဘင်းပါဠိတော်သည် ခက်ခဲလှ၏။ ကျမ်းရင်း၌ကြည့်လေ။)

တတ္ထ၊ ထိုစကားရပ်၌။ ဝိညာဏေနာတိ၊ ဝိညာဏေန–ဟူသောပုဒ်၌။ ကရဏဝစနံ၊ ကရိုဏ်းဝိဘတ်ကို။ ဥပယောဂတ္ထေ၊ ကံအနက်၌။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မှန်ပေ၏။ တဿ အတ္ထံ၊ ထိုပုဒ်၏ အနက်ကို။ အဋ္ဌကထာ- စရိယာ၊ အဋ္ဌကထာဆရာတို့သည်။ ဇဝံ ဝဏ္ဏယန္တိ၊ ဤအတိုင်း ဖွင့်ကြကုန်၏။ ယံ၊ အကြင်အာကာသကို။ အနန္တံ ဖရတိ၊ အဆုံးမရှိ-ဟု ဖြန့်၏။ တညေဝ အာကာသံ၊ ထိုအာကာသကိုပင်လျှင်။ ဖုဋံ ဝိညာဏံ၊ ပျံ့နှံ့သောဝိညာဉ်ကို။ မနသိ ကရောတိ၊ နှလုံးသွင်း၏။ ဣတိ-ဝုတ္တံ ဟောတိ၊ ဤသို့ ဆိုလို၏။

ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန-ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရတိ၊ နေ၏။ ဣတိ ဧတ္ထ ပန၊ ဤစကားရပ်၌ကား။ အဿ၊ ထို အာကာသာနဉ္စာယတန–ဝိညာဉ်အား။အန္တော၊ အဆုံးသည်။ န၊ မရှိ။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ အနန္တံ၊ အနန္တ-မည်၏။ အနန္တမေဝ၊ အနန္တ-သည်ပင်လျှင်။ အာနဉ္စံ၊ အာနဉ္စ–မည်၏။ ဝိညာဏဉ္စ၊ ဝိညာဏ-ကိုလည်းကောင်း။ အာနဉ္စဉ္စ၊ အာနဉ္စ–ဟူ၍လည်းကောင်း။ (ဗန္ဓိတ္ဝာ၊ ဖွဲ့၍။-ထည့်။) ဝိညာဏာနဉ္စန္တိ အဝတွာ၊ ဝိညာဏာနဉ္စ–ဟု မဆိုပဲ။ ဝိညာဏဉ္စန္တိ၊ဝိညာဏဉ္စ–ဟူ၍။ ဝုတ္တံ၊ ဆိုထားပေ၏။ ဟိ၊ မှန်ပေ၏။ အယံ၊ ဤ ဝိညာဏဉ္စ-သဒ္ဒါသည်။ ဧတ္ထ၊ ဤဝိညာဏဉ္စ–ဟူသောပုဒ်၌။ ရုဠှီသဒ္ဒေါ၊ ရုဠှီသဒ္ဒါပေတည်း။ တံ ဝိညာဏဉ္စံ၊ အဆုံးမရှိသော အကာသာနဉ္စာယတန–ဝိညာဉ်ဟူသော ထိုဝိညာဏဉ္စ–သည်။ ဒေဝါနံ၊ နတ်တို့၏။ အာယတနံ၊ တည်ရာသည်'၊ ဒေဝါယတနမိဝ၊ ဒေဝါယတန—မည်သကဲ့သို့။ သသမ္ပယုတ္တဓမ္မဿ၊ ယှဉ်ဖက်တရားအပေါင်းနှင့် တကွဖြစ်သော။ အဿ ဈာနဿ၊ ဤ ဒုတိယဈာန်၏။ အာယတနံ၊ တည်ရာ-အာယတန-ပေတည်း။ ဣတိ၊ ထို့ကြောင့်။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာနာယတန—မည်၏။ သေသံ၊ အကြွင်းသည်။ ပုရိမသဒိသမေဝ၊ ရှေးနှင့် တူသည် သာလျှင်တည်း။ ဣတိ၊ ဤတွင်စကားတစ်ရပ် အပြီးသတ်၏။

အယံ၊ ဤသည်ကား။ ဝိညာဏဉ္စာယတနကမ္မဋ္ဌာနေ၊ ဝိညာဏဉ္စာယတန ကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာ-အကျယ်ဖြစ်သော စကားပေတည်း။

ဝိညာဏဉ္စာယတနကမ္မဋ္ဌာန်းပြီး၏။

## ၃—အာကိဉ္စညာယတန အဖွင့်

၂၇၃။ ပန၊ ထိုမှတပါး။ အာကိဉ္စညာယတနံ ဘာဝေတုကာမေန၊ အာကိဉ္စညာယတန–ဈာန်ကို ပွါးစေခြင်းငှာ အလိုရှိသော ယောဂီသည်။ ပဉ္စဟိ အကာရေဟိ၊ငါးပါးသောအခြင်းအရာတို့ဖြင့်။ဝိညာဏဉ္စာယနတသမာပတ္တိယံ၊ ဝိညာဏဉ္စာယတန-သမာပတ်၌။ စိဏ္ဏဝသီဘာဝေန၊ လေ့ကျင့်ပြီးသော ဝသီဘော်ရှိသည်ဖြစ်၍။ "အယံ သမာပတ္တိ၊ ဤ ဝိညာဏဉ္စာယတန–သမာပတ်သည်။ အာသန္နအာကာသာနဉ္စာယတနပစ္စတ္ထိကာ၊ နီးသော အကာသာနဉ္စာယတန–ဈာန်တည်းဟူသော ရန်သူရှိ၏။ ဝါ၊ အာကာသာနဉ္စာယတန–ဈာန်ဟူသော ရန်သူနှင့်နီး၏။ အာကိဉ္စညာယတနံ ဣဝ စ၊ အာကိဉ္စညာယတန–ဈာန်ကဲ့သို့လည်း။ နော သန္တာ၊ မငြိမ်သက်ပေ။" ဣတိ၊ ဤသို့။

(၃၂၄) ဝိညာဏဉ္စာယတနေ၊ ဝိညာဏဉ္စာယတန-ဈာန်၌။ အာဒိနဝံ ဒိသွာ၊ အပြစ်ကိုရှုမြင်ပြီးလျှင်။ တတ္ထ၊ ထို ဝိညာဏဉ္စာယတန-ဈာန်၌။နိကန္တိံ ပရိယာဒါယ၊ နှစ်သက်-တွယ်တာမှုကို ကုန်စေ၍။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန-ဈာန်ကို။ သန္တတော မနသိကရိတွာ၊ ငြိမ်သက်သောအားဖြင့် နှလုံးသွင်းပြီးလျှင်။ တဿေဝ ဝိညာဏဉ္စာယတနာရမ္မဏဘူတဿ၊ ထို ဝိညာဏဉ္စာယတန-ဈာန်၏ အာရုံဖြစ်သော။ အာကာသာနဉ္စာယတန ဝိညာဏဿ၊ အာကာသာနဉ္စာယတန-ဝိညာဉ်၏။အဘာဝေါ၊မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို။ သုညတာ၊ ဆိတ်ခြင်းဟူသော။ ဝိဝိတ္တာကာရော၊ ကင်းသောအခြင်းအရာကို။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။ ကထံ မနသိကာတဗ္ဗော၊ အဘယ်သို့ နှလုံးသွင်းအပ်သနည်း? ဟူမူကား။ တံ ဝိညာဏံ၊ ထို အာကာသာနဉ္စာယတန—ဝိညာဉ်ကို။ အမနသိကရိတွာ၊ နှလုံးမသွင်းမူ၍။ "နတ္ထိ နတ္ထိ" တိ ဝါ၊ မရှိ—မရှိ-ဟူ၍လည်းကောင်း။ "သုညံ သုညံ" န္တိ ဝါ၊ ဆိတ်သည်—ဆိတ်သည်-ဟူ၍ လည်းကောင်း။ "ဝိဝိတ္တံ ဝိဝိတ္တ" န္တိ ဝါ၊ ကင်းသည်-ကင်းသည် ဟူ၍လည်းကောင်း။ပုနပ္ပုနံ အာဝဇ္ဇိတဗ္ဗံ၊ အဖန်ဘလဲလဲ နှလုံးသွင်းအပ်၏။ မနသိကာတဗ္ဗံ၊ စိတ်၌ထားအပ်၏။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ တက္ကာ—ဟတံ တက္ကာဟတံ၊ ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ထုနှက်သလို။ ကာတဗ္ဗံ၊ အဖန်ဖန် နှလုံးသွင်းခြင်းကိုပြုအပ်၏။

ဧဝံ၊ ဤ ဆိုခဲ့သည့်အတိုင်း။ တသ္မိံ နိမိတ္တေ၊ ထို နတ္ထိဘောပညတ်နိမိတ်၌။ စိတ္တံ စာရေန္တဿ၊ စိတ်ကို သွားစေ—ဖြစ်စေသော။ တဿ၊ ထိုယောဂီအား:: နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။ သတိ၊ နတ္ထိဘော ပညတ်နိမိတ်လျှင် အာရုံရှိသော အမှတ်ရမှု—သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။ ဥပစာရေန၊ ဥပစာရသမာဓိဖြင့်။ စိတ္တံ၊ ဘာဝနာစိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ သော၊ ထို ယောဂီသည်။ တံ နိမိတ္တံ၊ ထို နတ္ထိဘောပညတ်နိမိတ်ကို။ ပုနပ္ပုနံ အာသေဝတိ၊ အဖန်ဖန်မှီဝဲ၏။ ဘာ—ဝေတိ၊ ပွားစေ၏။ ဗဟုလီကရောတိ၊ အကြိမ်များစွာပြု၏။ ဧဝံ၊ ဤသို့။ ကရောတော၊ ပြုသော။ တဿ၊ ထိုယောဂီအား။ အာကာသေ၊အာကာသ၌။ ဖုဋ္ဌေ၊ ပျံ့နှံ့၍ဖြစ်သော။မဟဂ္ဂတဝိညာဏေ၊ အာကာသာနဉ္စာယတန-မဟဂ္ဂုတ်ဝိညာဉ်၌။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန-ဈာန်စိတ်သည်။ ပဝတ္တတိ ဝိယ၊ ဖြစ်သကဲ့သို့။ အာကာသံ၊ အာကာသကို။ ဖရိတွာ ပဝတ္တဿ၊ ပျံ့နှံ့၍ ဖြစ်သော။ တဿေဝ မဟဂ္ဂတဝိညာဏဿ၊ ထို အာကာသာနဉ္စာယတန-

မဟဂ္ဂုတ်ဝိညာဉ်၏ ပင်လျှင်။ သုညဝိဝိတ္တနတ္ထိဘာဝေ၊ ဆိတ်ခြင်း, ကင်းခြင်း, မရှိခြင်း–ဟူသော နတ္ထိဘောပညတ်၌။ အာကိဉ္စညာယတနစိတ္တံ၊ အာကိဉ္စညာယတန-ဈာန်စိတ်သည်။ အပ္ပေတိ၊ အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏။ စ၊ ဆက်ဦးအံ့။ ဧတ္တာပိ၊ ဤ အာကိဉ္စညာယတန–ဈာန်၌လည်း။ အပ္ပနာနယော၊ အပ္ပနာဖြစ်ပုံ နည်းကို။ ဝုတ္တနယေနေဝ၊ ပြဆိုခဲ့ပြီးသောနည်းဖြင့် ပင်လျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အယမ္ပန၊ ဤ ဆိုမည့် အခြင်းအရာသည်ကား။ ဝိသေသော။ အထူးပေတည်း။ ဟိ၊ ချဲ့ဦးအံ့။ တသ္မိံ အပ္ပနာစိတ္တေ ဥပ္ပန္နေ၊ ထို အာကိဉ္စညာယတန အပ္ပနာစိတ် ဖြစ်လတ်သော်။ သော ဘိက္ခု၊ ထို ယောဂီရဟန်းသည်။ယထာ နာမ၊ ဥပမာဖော်ပြသည်ကား။ ပုရိသော၊ ယောကျ်ား တစ်ယောက်သည်။ မဏ္ဍလ မာဠာဒီသု၊ တန်ဆောင်းဝန်း စသည်တို့၌။ ကေနစိဒေဝ ကရဏီယေန၊ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့်။ သန္နိပတိတံ ဘိက္ခုသံဃံ ဒိသွာ၊စည်းဝေးနေသော ရဟန်းသံဃာအပေါင်းကို တွေ့မြင်ပြီးနောက်။ ကတ္ထစိ ဂန္တွာ၊ တစုံတခုသောအရပ်သို့ သွားပြီးလျှင်။ သန္နိပါတကိစ္စာဝသာနေ၀၊ ရဟန်းတို့သည် စည်းဝေခြင်း၏ အကြောင်းရင်း ကိစ္စ ပြီးဆုံးသောအခါ၌ပင်လျှင်။ ဥဋ္ဌာယ၊ ထ၍။ ဘိက္ခူသု ပက္ကန္တေသု၊ ရဟန်းတို့ ဖဲခွာသွားကုန်လတ်သော်။ အာဂန္တွာ၊ ပြန်လာ၍။ ဒွါရေ ဌတွာ၊ တံခါးပေါက်၌တည်လျက်။ တံ ဌာနံ၊ ထိုသံဃာစည်းဝေးရာ ဌာနကို။ ပုန ဩလောကေန္တော၊တဖန်ကြည့်လတ်သော်။ သုညမေဝ၊ ရဟန်းတို့မှ ဆိတ်နေသည်ကိုသာ။ ပဿတိ၊ တွေ့မြင်ရ၏။ ဝိဝိတ္တမေဝ ပဿတိ၊ ရဟန်းတို့မှ ကင်းနေသည်ကိုသာ တွေ့မြင်ရ၏။ အဿ၊ ထိုသူအား။ "ဧတ္တကာ နာမ ဘိက္ခူ၊ ဤမျှသော ရဟန်းတို့သည်။ ကာလင်္ကတာ ဝါ ဣတိ၊ သေကုန်ပြီ–ဟူ၍သော်လည်းကောင်း။ ဒိသာ-ပက္ကန္တာ ဝါ ဣတိ၊ အရပ်မျက်နှာများသို့ ခရီးထွက်သွားကုန်ပြီ–ဟူ၍သော်လည်းကောင်း။" ဧဝံ၊ ဤသို့သော်ကား။ န ဟောတိ၊ မကြံစည်, မတွေးတောမိပေ။ အထ ခေါ၊ စင်စစ်သော်ကား။ ဣဒံ၊ ဤအရပ်သည်။ သုညံ၊ ရဟန်းတို့မှဆိတ်နေ၏။ ဝိဝိတ္တံ၊ ကင်းနေ၏။ ဣတိ၊ ဤသို့။ နတ္ထိဘာဝမေဝ၊ ရဟန်းတို့မရှိခြင်းကိုသာလျှင်။ ပဿတိ ယထာ၊ တွေ့မြင်ရသကဲ့သို့။ (ဤနေရာ မူရင်းအဋ္ဌကထာ၌ ယထာ–ပုဒ်မရှိ၊ ထည့်ပေးသည်။)ဧဝမေဝ၊ ဤအတူပင်။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဝါ၊ ရှေးအခါက။ အာကာသေ၊ ကောင်းကင်၌။ ပဝတ္တိတဝိညာဏံ၊ အာကာသ၌ဖြစ်စေအပ်ပြီးသော အာကာသာနဉ္စာယတန ဝိညာဉ်ကို။ ဝိညာဏဉ္စာယတနဇ္ဈာနစက္ခုနာ၊ ဝိညာဏဉ္စာယတန-ဈာန်မျက်စိ

ဖြင့်။ ပဿန္တော၊ ရှုလျက်။ ဝိဟရိတွာ၊ နေခဲ့လျှင်။ "နတ္ထိ နတ္ထိ"တိ အာဒိနာ။ မရှိ-မရှိ ဤသို့စသည်ဖြင့် ဖြစ်သော။ ပရိကမ္မမနသိကာရေန၊ ပရိကံ နှလုံးသွင်းမှုဖြင့်။ တသ္မိံ ဝိညာဏေ၊ ထိုအာကာသာနဉ္စာယတန-ဝိညာဉ်သည်။ အန္တရဟိတေ၊ ကွယ်လတ်သော်။ တဿ၊ ထိုအာကာသာနဉ္စာယတန-ဝိညာဉ်၏။ အပဂမသင်္ခါတံ၊ ကင်းခြင်းဟုဆိုအပ်သော။ အဘာဝမေဝ ပဿန္တော၊ မရှိခြင်း-အဘာဝပညတ်ကိုသာလျှင် ရှုလျက်။ ဝိဟရတိ၊ နေ၏။ စ၊ ဆက်ဦးအံ့။ တွော့ဝတာ၊ ဤမျှသော ဘာဝနာအစဉ်ဖြင့်။ သေ ဧသော၊ ဤယောဂီသည်။ "သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ နတ္ထိ ကိဉ္စိတိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ" တိ၊ သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ နတ္ထိ ကိဉ္စိတိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ [သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝါ၊ အလုံးစုံသော။ ဝိညာဏဉ္စာယတနဈာနံ၊ ဝိညာဏဉ္စာယတန-ဈာန်ကို။ သမတိက္ကမ္မ၊ လွန်မြောက်၍။ ကိဉ္စိ၊ စိုးစဉ်း အနည်းငယ်မျှ။ နတ္ထိ၊ မရှိဟု။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန-ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရတိ၊ နေ၏။]

၂၈၄။ ဧတ္ထာပိ၊ ဤပါဠိ၌လည်း။ သဗ္ဗသောတိ ဣဒံ၊ သဗ္ဗသော-ဟူသော ဤပုဒ်သည်။ ဝုတ္တနယမေဝ၊ ဖွင့်ဆိုခဲ့ပြီးသော နည်းရှိသာလျှင်တည်း။ စ၊ ထိုတပါး။ ဝိညာဏဉ္စာယတနန္တိ ဧတ္ထာပိ၊ ဝိညာဏဉ္စာယတနံ-ဟူသော ဤပုဒ်၌လည်း။ ပုဗ္ဗေ ဝုတ္တနယေနေဝ၊ ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဈာနမ္ပိ၊ ဈာန်သည်လည်း။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန-မည်၏။ အာရမ္မဏမ္ပိ၊ အာရုံသည်လည်းမည်၏။ ဟိ၊ မှန်၏။ အာရမ္မဏမ္ပိ၊ အာရုံသည်လည်း။ ပုရိမနယေနေဝ၊ ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဝိညာဏဉ္စဉ္စ၊ ဝိညာဏဉ္စလည်းမည်၏။ တံ၊ ထိုဝိညာဏဉ္စသည်။ ဒုတိယဿ အာရုပ္ပဇ္ဈာနဿ၊ ဒုတိယအရူပဈာန်၏။ အာရမ္မဏတ္တာ၊ အာရုံဖြစ်သောကြောင့်။ ဒေဝါနံ၊ နတ်တို့၏။ (အာယတနံ၊ တည်ရာသည်။-ထည့်။) ဒေဝါယတနံ ဝိယ၊ ဒေဝါယတန-မည်သကဲ့သို့။အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ အာယတနဉ္စ၊ အာယတန-လည်း မည်၏။ ဣတိ၊ ထို့ကြောင့်။ (၃၂၀) ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန-မည်၏။ တထာ၊ ထို့အတူပင်။ ဝိညာဏဉ္စဉ္စ၊ ဝိညာဏဉ္စ-လည်းမည်၏။တံ၊ ထိုဝိညာဏဉ္စာယတန-သည်။တဿေဝ ဈာနဿ၊ ထိုဒုတိယဈာန်၏ ပင်လျှင်။ သဉ္ဇာတိဟေတုတ္တာ၊ ဖြစ်ရာအကြောင်း ဖြစ်သောကြောင့်။ "ကမ္ဗောဇာ၊ ကမ္ဗောဇ-တိုင်းသည်။ အဿာနံ အာယတနံ၊

မြင်းတို့၏ ဖြစ်ရာ-အာယတနပေတည်း။''ဣတိအာဒီနိ ဝိယ၊ ဤသို့စသည်တို့ကဲ့သို့။ သဥ္စာတိဒေသဌေနေ၊ ဖြစ်ရာအရပ်ဟူသော အနက်အားဖြင့်။ အာယတနဥ္စ၊ အာယတနလည်းမည်၏။ ဣတိပိ၊ ဤနှစ်ပါးသော အကြောင်းကြောင့်လည်း။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန-မည်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဈာနဥ္စ၊ ဈာန်လည်းကောင်း။ အာရမ္မဏဥ္စ၊ အာရုံလည်းကောင်း။ ဣတိ၊ ဤသို့။ ဧတံ ဥဘယမ္ပိ၊ ဈာန်နှင့်အာရုံဟူသော ဤဝိညာဏဉ္စာယတန နှစ်ပါးလုံးကို။ အပ္ပဝတ္တိကရဏေန စ၊ မဖြစ်အောင်ပြုခြင်းအားဖြင့်လည်းကောင်း။ အမနသိကရဏေန စ၊ နှလုံးမသွင်းခြင်းအားဖြင့်လည်းကောင်း။ သမတိက္ကမိ-တွာဝ၊ လွန်မြောက်ပြီးမှသာလျှင်။ ဣဒံ အာကိဉ္စညာယတနံ၊ ဤအာကိဉ္စညာ-ယတနဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ယသ္မာ၊ အကြင်ကြောင့်။ဝိဟာတဗ္ဗံ၊ နေအပ်၏။ ဝါ၊ နေနိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတံ ဥဘယမ္ပိ၊ ထိုဈာန်နှင့်အာရုံ နှစ်မျိုးလုံးကို။ ဧကဇ္ဈံ ကတွာ၊ တပေါင်းတည်းပြု၍။ ဝိညာဏဉ္စာ-ယတနံ သမတိက္ကမာတိ ဣဒံ၊ ဝိညာဏဉ္စာယတန-ကို လွန်မြောက်၍-ဟူသော ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ ဝေဒိတဗ္ဗံ၊ ဤသို့ သိအပ်၏။

နတ္ထိ ကိဉ္စီတိ၊ နတ္ထိ ကိဉ္စိ-ဟူသည်ကား။ နတ္ထိ နတ္ထိ၊ မရှိ-မရှိ။ သုညံ သုညံ၊ ဆိတ်သည်-ဆိတ်သည်။ ဝိဝိတ္တံ ဝိဝိတ္တံ၊ ကင်းသည်-ကင်းသည်။ ဣတိ ဧဝံ မနသိကရောန္တော၊ ဤသို့ နှလုံးသွင်းလျက်။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ ဆိုလို၏။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်၌။ ''နတ္ထိ ကိဉ္စီ တိ၊ နတ္ထိ ကိဉ္စိ-ဟူသည်ကား။ တညေဝ ဝိညာဏံ၊ ထိုဝိညာဉ်ကိုပင်လျှင်။ အဘာဝေတိ၊ မရှိသည်ကိုပြု၏။ ဝါ၊ မရှိအောင် နှလုံးသွင်း၏။ ဝိဘာဝေတိ၊ ကင်းသည်ကိုပြု၏။ဝါ၊ ကင်းအောင် နှလုံးသွင်း၏။ အန္တရဓာပေတိ၊ကွယ်ပျောက်စေ၏။ နတ္ထိ ကိဉ္စီတိ၊ စိုးစဉ်း-အနည်းငယ်မျှ မရှိဟု။ ပဿတိ၊ ရှု၏။ တေန၊ ထို့ကြောင့်။ နတ္ထိ ကိဉ္စီတိ၊ နတ္ထိ ကိဉ္စိ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။'' ဣတိ၊ ထို့ကြောင့်။ ယမ္ပိ ဝစနံ၊ အကြင်စကားကိုလည်း။ ဝုတ္တံ၊ ဆိုအပ်၏။ တံ၊ ထိုစကားသည်။ ခယတော၊ ကုန်သောအားဖြင့်။ သမ္မသနံ ဝိယ၊ သုံးသပ်သော ရှုပုံကဲ့သို့။ ကိဉ္စာပိ ဝုတ္တံ၊ အကယ်၍ကား ဟောထားခြင်းဖြစ်ပေ၏။ အထ ခေါ၊ ထိုသို့ ဟောထားသော်လည်း။ အဿ၊ ထိုစကား၏။ အတ္ထော၊ အနက်ကို။ ဧဝမေဝ၊ ဤသို့သာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်ပေ၏။ ဟိ၊ မှန်၏။တံ ဝိညာဏံ၊ ထို အာကာသာနဉ္စာယတန-ဝိညာဉ်ကို။ အနာဝဇ္ဇေန္တော၊ နှလုံးမသွင်းပဲ။ အမနသိကရောန္တော၊ နှလုံး၌မထားပဲ။ အပစ္စဝေက္ခန္တော၊

မဆင်ခြင်ပဲ။ အဿ၊ ထို အာကာသာနဉ္စာယတန-ဝိညာဉ်၏။ နတ္ထိဘာဝံ၊ မရှိခြင်းကိုလည်းကောင်း။ သုညဘာဝံ၊ ဆိတ်ခြင်းကိုလည်းကောင်း။ ဝေဝလံ၊ သက်သက်။ ဝိဝိတ္တဘာဝမေဝ၊ ကင်းခြင်းကိုသာလျှင်။ မနသိကရောန္တော၊ နှလုံးသွင်းလျက်။ အဘာဝေတိ၊ မရှိသည်ကိုပြု၏။ ဝိဘာဝေတိ၊ ကင်းသည်ကိုပြု၏။ အန္တရဓာပေတိ၊ ကွယ်ပျောက်စေ၏။ ကထံ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ အညထာ၊ တပါးသော အခြင်းအရာအားဖြင့်။ န ဝုစ္စတိ၊ မဆိုအပ်ပေ။ ဣတိ၊ ဤသည်လျှင် စကားတစ်ရပ် အပြီးသတ်၏။

ပန၊ ထိုမှတပါး။ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတီတိ ဧတ္ထ၊ အာကိဉ္စညာယတန-ဈာန်သို့ရောက်၍ နေ၏-ဟူသော ဤစကားရပ်၌။ အဿ၊ ထို အာကာသာနဉ္စာယတန-ဈာန်စိတ်၏။ ကိဉ္စနံ၊ စိုးစဉ်း-အနည်းငယ်မျှ ပင်။ န၊ မရှိပေ။ ဣတိ-တသ္မာ၊ ထိုကြောင့်။ အကိဉ္စနံ၊ အကိဉ္စန-မည်၏။ အဿ၊ ထိုဈာန်စိတ်၏။ အဝသိဋ္ဌံ၊ အကြွင်းအကျန်သည်။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ ဘင်္ဂမတ္တမ္ပိ၊ ဘင်ခဏမျှသော်လည်း။ နတ္ထိ၊ မရှိ။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ ဆိုလိုသည် ဖြစ်၏။ အကိဉ္စနဿ၊ စိုးစဉ်း-အနည်းငယ်မျှ၏။ ဘာဝေါ၊ အဖြစ်တည်း။ အာကိဉ္စညံ၊ စိုးစဉ်း-အနည်းငယ်မျှ အဖြစ်။ ဧတံ၊ ဤအမည်သည်။ အာကာသာနဉ္စာယတနဝိညာဏာပဂမဿ၊ အာကာသာနဉ္စာယတန ဝိညာဉ်၏ ကင်းခြင်း မရှိခြင်း၏။ အဓိဝစနံ၊ အမည် ပေတည်း။ တံ အာကိဉ္စညံ၊ ထို ပဌမအရူပဝိညာဉ်၏ စိုးစဉ်းမျှမရှိခြင်း ဟူသော အာကိဉ္စညသည်။အဓိဋ္ဌာနဋ္ဌေန၊တည်ရာဟူသော အနက်သဘောကြောင့်။ ဒေဝါနံ၊ နတ်တို့၏။ အာယတနံ၊ တည်ရာသည်။ ဒေဝါယတနမိဝ၊ ဒေဝ ယတန မည်သကဲ့သို့။ အဿ ဈာနဿ၊ ထို အရူပတတိယဈာန်၏။ အာယတနံ၊ တည်ရာ ပေတည်း။ဣတိ-တသ္မာ၊ ထိုကြောင့်။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန မည်၏။သေသံ၊ အကြွင်းသည်။ပုရိမသဒိသမေဝ၊ ရှေးနှင့် တူသည်သာ လျှင် တည်း။ ဣတိ၊ ဤကား စကားတစ်ရပ် အပြီးသတ်၏။

အယံ၊ ဤသည်ကား။ အာကိဉ္စညာယတနကမ္မဋ္ဌာနေ၊ အာကိဉ္စညာ-ယတန-ကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာ၊ အကျယ် ပြဆိုရာဖြစ်သော စကားရပ် ပေတည်း။

(အာကိဉ္စညာယတနကမ္မဋ္ဌာန်းပြီး၏။)

## ၄-နေဝသညာနာသညာယတနအဖွင့်

၂၀၅။ ပန၊အဖွိတပါးသော်ကား။ နေဝသညာနာသညာယတနံ၊နေဝသညာနာသညာယတန—စျာန်ကို။ ဘာဝေတုကာမေန၊ ပွားစေခြင်းငှာအလိုရှိသော ယောဂီသည်။ပဌမံ ဟိ အကာရေဟိ၊ ငါးပါးသောအခြင်းအရာတို့ဖြင့်။ အာကိဉ္စညာယတနသမာပတ္တိယံ၊ အာကိဉ္စညာယတန—သမာပတ်၌။ စိဏ္ဏဝသီ—ဘာဝေန၊ လေ့ကျင့်ပြီးသော ဝသီဘော်ရှိသည်ဖြစ်၍။ "အယံ သမာပတ္တိ၊ ဤအာကိဉ္စညာယတန-သမာပတ်သည်။ အာသန္နဝိညာဏဉ္စာယတနပစ္စတ္ထိကာ၊ ဝိညာဏဉ္စာယတန-စျာန်ဟူသော ရန်သူနှင့်နီး၏။ နေဝသညာနာသညာယတနံ ဝိယ၊ နေဝသညာ နာသညာယတန-စျာန်ကဲ့သို့လည်း။ နော စ သန္တာ၊ မငြိမ်သက်ပေ။" ဣတိ ဝါ၊ဤသို့လည်းကောင်း။ "သညာ၊ သညာသည်။ ရောဂေါ၊ ရောဂါတည်း။ သညာ၊သညာသည်။ ဂဏ္ဍော၊ အိုင်းအမာနှင့်တူ၏။ သညာ၊ သညာသည်။ သလ္လံ၊ စူးဝင်နေသော ငြောင့်နှင့်တူ၏။ ယဒိဒံ ယာ အယံ နေဝသညာနာသညာတိ၊ အကြင် ကြမ်းတမ်းသော သညာမရှိဟူသောစကားသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသိမ်မွေ့သောသညာ မကင်းသော ထို နေဝသညာနာသညာယတန စျာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ ဤ သိမ်မွေ့သော သညာမကင်းသော ထို နေဝသညာနာသညာယတန-စျာန်သည်။ ပဏီတံ၊ မြတ်၏။" ဧဝံ၊ ဤသို့။ အာကိဉ္စညာယတနေ၊ အာကိဉ္စညာယတနစျာန်၌။ အာဒီနဝဉ္စ၊ အပြစ်ကိုလည်း။ ဒိသွာ၊မြင်၍လည်းကောင်း။ ဥပရိ၊ အထက်စျာန်၌။ အာနိသံသဉ္စ ဒိသွာ၊ အာနိသင်-အကျိုးကိုမြင်၍လည်းကောင်း။. အာကိဉ္စညာယတနေ၊ အာကိဉ္စညာယတန-စျာန်၌။ နိကန္တိံ ပရိယာဒါယ၊ နှစ်သက်-တွယ်တာခြင်းကို ကုန်စေ၍။ နေဝသညာ-နာသညာယတနံ၊ နေဝသညာနာသညာယတန—စျာန်ကို၊ သန္တတော မနသိကရိတွာ၊ ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍။ "အဘာဝံ၊ အာကာသာနဉ္စာယတန-စျာန်၏မရှိခြင်းဟူသော အဘာဝ-ပညတ်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပဝတ္တိတာ၊ဖြစ်စေအပ်ပြီးသော။သာဝ အာကိဉ္စညာယတနသမာ-ပတ္တိ ထို အာကိဉ္စညာယတန-သမာပတ်ကိုပင်လျှင်။သန္တာ (၃၂၉) သန္တာတိ၊ ငြိမ်သက်စွ-ငြိမ်သက်စွဟု။ "ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇိတဗ္ဗာ၊ နှလုံးသွင်းအပ်၏။ မနသိကာတဗ္ဗာ၊ စိတ်၌ထားအပ်၏။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ တက္ကာဟတာ ဟက္ကာဟတာ၊ ကြံစည်မှုဖြင့်ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ထုနှက်သလို အဖန်ဖန်နှလုံးသွင်းခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။"

ဝေ၊ ဤဆိုခဲ့သည့်အတိုင်း။ တသ္မိံ နိမိတ္တေ၊ အာကိဉ္စညာယတန-
သမာပတ်ဟူသော ထိုအာရုံနိမိတ်၌။ မာနသံ၊ စိတ်ကို။ ပုနပ္ပုနံ စာရေ-
န္တဿ၊ အဖန်ဖန် သွားစေ—ဖြစ်စေသော။ တဿ၊ ထိုယောဂီအား။ နီဝရဏာနိ၊
နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။ သတိ၊ အာကိဉ္စညာယတန-
သမာပတ် နိမိတ်လျှင်အာရုံသော အမှတ်ရမှု-သတိသည်။ သန္တိဋ္ဌတိ၊ ကောင်း
စွာတည်၏။ ဥပစာရေန၊ ဥပစာရသမာဓိဖြင့်။ စိတ္တံ၊ ဘာဝနာစိတ်သည်။
သမာဓိယတိ၊ ကောင်းစွာတည်ကြည်၏။ သော၊ ထိုယောဂီသည်။ တံ
နိမိတ္တံ၊ ထို အာကိဉ္စညာယတန-သမာပတ်ဟူသော အာရုံနိမိတ်ကို။ ပုနပ္ပုနံ
အာသေဝတိ၊ အဖန်တလဲလဲ မှီဝဲ၏။ ဘာဝေတိ၊ ပွားစေ၏။ ဗဟုလီ-
ကရောတိ၊ အကြိမ်များစွာပြု၏။ ဧဝံ ကရောတော၊ ဤသို့ပြုနေသော။ တဿ၊
ထိုယောဂီအား။ ဝိညာဏာပဂမေ၊ အာကာသာနဉ္စာယတန-ဝိညာဉ်၏ ကင်း
ခြင်း—မရှိခြင်းဟူသော နတ္ထိဘာဝပညတ်၌။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာ
ယတန ဈာန်စိတ်သည်။ (ပဝတ္တတိ) ဝိယ၊ ဖြစ်သကဲ့သို့။ အာကိဉ္စညာယတန-
သမာပတ္တိသင်္ခါတေသု၊ အာကိဉ္စညာယတန—သမာပတ်ဟုဆိုအပ်ကုန်သော။
စတူသု ခန္ဓေသု၊ လေးပါးသောခန္ဓာတို့၌။ နေဝသညာနာသညာယတနစိတ္တံ၊
နေဝသညာနာသညာယတန-စိတ်သည်။ အပ္ပေတိ၊ အပ္ပနာ၏အစွမ်းအားဖြင့်
ဖြစ်၏။ ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤ နေဝသညာနာသညာယတန—ဈာန်
အရာ၌။ အပ္ပနာနယော၊ အပ္ပနာဖြစ်ပုံ—ဖြစ်နည်းတို့။ ဝုတ္တနယေနေဝ။ ဆို
အပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စ၊ ဆက်ဦးအံ့။
ဧတ္တာဝတာ၊ ဤမျှသောဘာဝနာအစဉ်ဖြင့်။ သော-ဧသော၊ ဤယောဂီ
သည်။ "သဗ္ဗသော၊ အချင်းခပ်သိမ်း။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာ
ယတန—ဈာန်ကို။ သမတိက္ကမ္မ၊ လွန်မြောက်၍။ နေဝသညာနာသညာယတနံ၊
နေဝသညာနာသညာယတန-ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရတိ၊ နေ
၏။" ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

၂၇၆။ ဣဓာပိ၊ ဤပါဠိ၌လည်း။ သဗ္ဗသောတိ ဣဒံ၊ သဗ္ဗသော-ဟူ
သော ဤပုဒ်သည်။ ဝုတ္တနယမေဝ၊ ဖွင့်ဆိုခဲ့ပြီးသော နည်းရှိသည်သာလျှင်
တည်း။ အာကိဉ္စညာယတနံ သမတိက္ကမ္မာတိ ဧတ္ထာပိ၊ အာကိဉ္စညာယတနံ
သမတိက္ကမ္မ-ဟူသော ဤပုဒ်၌လည်း။ ပုဗ္ဗေ ဝုတ္တနယေနေဝ၊ ရှေး၌ဆိုခဲ့ပြီး
သော နည်းဖြင့်ပင်လျှင်။ ဈာနမ္ပိ၊ ဈာန်သည်လည်း။ အာကိဉ္စညာယတနံ၊
အာကိဉ္စညာယတန-မည်၏။ အာရမ္မဏမ္ပိ၊ အာရုံသည်လည်း မည်၏။ ဟိ၊
မှန်၏။ အာရမ္မဏမ္ပိ၊ အာရုံသည်လည်း။ ပုရိမနယေနေဝ၊ ရှေး၌ဆိုခဲ့သော

နည်းဖြင့်ပင်။ အာကိဉ္စညဉ္စ၊ အာကိဉ္စည-လည်း မည်၏။ တံ၊ ထို အာကိဉ္စည သည်။ တတိယဿ အာရုပ္ပဇ္ဈာနဿ၊ တတိယ အရူပဈာန်၏။ အာရမ္မဏတ္တာ၊ အာရုံဖြစ်သောကြောင့်။ ဒေဝါနံ၊ နတ်တို့၏။ အာယတနံ၊ တည်ရာသည်။ ဒေဝါယတနံ ဝိယ၊ ဒေဝါယတန-မည်သကဲ့သို့။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ အာယတနဉ္စ၊ အာယတနလည်း မည်၏။ ဣတိ-တသ္မာ၊ ထိုနှစ်ပါးသော အကြောင်းကြောင့်။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန-မည်၏။ တထာ၊ ထို့အတူပင်။ အာကိဉ္စညဉ္စ၊ အာကိဉ္စည လည်း မည်၏။ တံ၊ ထို အာကိဉ္စည-ဟူသည်။ တဿေဝ ဈာနဿ၊ ထို တတိယ အရူပဈာန်၏ ပင်လျှင်။ သဉ္ဇာတိဟေတုတ္တာ၊ ဖြစ်ရာ အကြောင်း ဖြစ်သောကြောင့်။ ကမ္ဗောဇာ၊ ကမ္ဗောဇ-တိုင်းသည်။ အဿာနံ၊ မြင်းတို့၏။ အာယတနံ၊ ဖြစ်ရာပေတည်း။ ဣတိအာဒီနိ ဝိယ၊ ဤသို့အစ ရှိသော စကားရပ်တို့ကဲ့သို့။ သဉ္ဇာတိဒေသဋ္ဌေန၊ ဖြစ်ရာအရပ်ဟူသော အနက်အားဖြင့်။ အာယတနဉ္စ၊ အာယတန-လည်း မည်၏။ ဣတိပိ၊ ထို့ ကြောင့်လည်း။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန-မည်ပေ၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဈာနဉ္စ၊ ဈာန်လည်းမည်၏။ အာရမ္မဏဉ္စ၊ အာရုံ လည်းမည်၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ ဧတံ ဥဘယမ္ပိ၊ ဈာန်နှင့်အာရုံ ဟူသော ဤအာကိဉ္စညာယတန-နှစ်ပါးလုံးကို။ အပ္ပဝတ္တိကရဏေန စ၊ မဖြစ် အောင်ပြုခြင်းအားဖြင့် လည်းကောင်း။ အမနသိကရဏေန စ၊ နှလုံးမသွင်း ခြင်းအားဖြင့် လည်းကောင်း။ သမတိက္ကမိတွာဝ၊ လွန်မြောက်ပြီးမှသာလျှင်။ ဣဒံ နေဝသညာနာသညာယတနံ၊ ဤ နေဝသညာနာသညာယတန ဈာန် သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ယသ္မာ၊ အကြင့်ကြောင့်။ ဝိဟာတဗ္ဗံ၊ နေအပ် ၏။ တသ္မာ၊ ထို့ကြောင့်။ ဧတံ ဥဘယမ္ပိ၊ ဈာန်နှင့်အာရုံ နှစ်မျိုးလုံးကိုလည်း။ ဧကတ္တံ ကတွာ၊ တပေါင်းတည်းပြု၍။ အာကိဉ္စညာယတနံ သမတိက္ကမာတိ ဣဒံ၊ အာကိဉ္စညာယတန-ကိုလွန်မြောက်၍ ဟူသော ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နေဝသညာနာသညာယတနန္တိ ဧတ္ထ ပန၊ နေဝသညာနာသညာယတနံ-ဟူ သော ဤပုဒ်၌ကား။ ယာယ သညာယ၊ အကြင်သို့သဘောရှိသော သညာ ၏။ ဘာဝတော၊ ရှိခြင်းကြောင့်။ တံ၊ ထို စတုတ္ထအရူပဈာန်ကို။ နေဝ- သညာနာသညာယတနန္တိ၊ နေဝသညာနာသညာယတန—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယထာ ပဋိပန္နဿ၊ အကြင်အခြင်းအရာအားဖြင့် ကျင့်သော ယောဂီအား။ သာ သညာ၊ အလွန်သိမ်မွေ့စွာသော ထိုသညာသည်။

ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသညာကို။ တာဝ ဒသောတုံ၊ ရှေးဦးစွာ ပြခြင်းငှာ။ ဝိဘင်္ဂေ၊ ဝိဘင်း ပါဠိတော်၌။ "နေဝသညီနာသညီ" တိ ဥဒ္ဒိသိတွာ၊ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်းမဟုတ်—ဟူသော ဤပုဒ်ကို ထုတ်၍။ "တညေဝ အာကိဉ္စညာယတနံ၊ ထို အာကိဉ္စညာယတန—သမာပတ်ကိုပင်လျှင်။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ မနသိ ကရောတိ၊ နှလုံးသွင်း၏။ သင်္ခါရာဝသေသသမာပတ္တိံ၊ ရှုန့်ရင်းသော သင်္ခါရတို့မှကြွင်းသော အလွန်သိမ်မွေ့သည့် သင်္ခါရဖြစ်သော သမာပတ်ကို။ဘာဝေတိ၊ ဖြစ်စေ-ပွားစေ၏။ တေန၊ ထို့ကြောင့်။ "နေဝသညီနာသညီ" တိ၊ နေဝသညီနာသညီဟူ၍။ဝုတ္တံ၊ ဟောတော်မူအပ်၏။တတ္ထ၊ ထိုစကားရပ်၌။သန္တတော မနသိကရောတီတိ၊ ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၏-ဟူသည်ကား။ "အယံ သမာပတ္တိ၊ ဤ အာကိဉ္စညာယတန-သမာပတ်သည်။ သန္တာ ဝတ၊ ငြိမ်သက်ပေစွ။ ယတြ ဟိ နာမ၊ ယင်းသို့ ငြိမ်သက်သောကြောင့်သာလျှင်။ နတ္ထိ-ဘာဝမ္ပိ၊ ပထမအရူပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကိုသော်လည်း။ အာရမ္မဏံ ကရိတွာ၊ အာရုံပြု၍။ ဌဿတီ" တိ၊ တည်နိုင်ပါပေ၏-ဟု။ ဧဝံ၊ ဤသို့။ သန္တာရမ္မဏတာယ၊ ငြိမ်သက်သောအာရုံ ရှိခြင်းကြောင့်။ တံ၊ ထို အာကိဉ္စညာယတန—သမာပတ်ကို။ သန္တာတိ၊ ငြိမ်သက်ပေစွ-ဟု။ မနသိကရောတိ၊ နှလုံးသွင်း၏။

(၃၃၀) သန္တတော၊ ငြိမ်သက်သောအားဖြင့်။ စေ မနသိ ကရောတိ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ ကထံ၊ အဘယ်သို့။ သမတိက္ကမော ဟောတီ"တိ၊ လွန်မြောက်ခြင်း ဖြစ်သနည်း?ဟူမူ။ အသမာပဇ္ဇိတုကာမတာယ၊ ဝင်စားရန် အလိုမရှိခြင်းကြောင့်။ သမတိက္ကမော ဟောတိ၊ လွန်မြောက်ခြင်း ဖြစ်ပေ၏။ ဟိ၊ ချဲ့၍ပြဦးအံ့။ သော၊ ထိုယောဂီသည်။ တံ၊ ထို အာကိဉ္စညာ—ယတန-သမာပတ်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ကိဉ္စာပိ မနသိ ကရောတိ၊ နှလုံးသွင်းငြားသော်လည်း။ အထ ခေါ၊ စင်စစ်သော်ကား။ အဿ၊ ထိုယောဂီအား။ "အဟံ၊ ငါသည်။ ဧတံ၊ ဤ အာကိဉ္စညာယတန သမာပတ်ကို။ အာဝဇ္ဇိဿာမိ၊ နှလုံးသွင်းအံ့။ သမာပဇ္ဇိဿာမိ၊ ဝင်စားအံ့။ အဓိဋ္ဌဟိဿာမိ၊ အဓိဋ္ဌာန်အံ့။ ဝုဋ္ဌဟိဿာမိ၊ ထအံ့။ ပစ္စဝေက္ခိဿာမိ၊ ဆင်ခြင်အံ့။" ဣတိ၊ ဤသို့။ ဧသ—ဧသော အာဘောဂေါ၊ ဤသို့သော ကြံရွယ်ခြင်းသည် လည်းကောင်း။ ဧသ—ဧသော သမန္နာဟာရော၊ ဤသို့သော စိတ်သို့ကောင်းစွာ အဖန်ဖန်ဆောင်ခြင်းသည် လည်းကောင်း။ ဧသ—ဧသော မနသိကာရော၊ ဤသို့သော နှလုံးသွင်းခြင်းသည် လည်းကောင်း။ န ဟောတိ၊ မဖြစ်ပေ။ ကသ္မာ၊ အဘယ့်ကြောင့်နည်း?ဟူမူ။ အာကိဉ္စညာယတနတော၊

အာကိဉ္စညာယတန-စျာန်ထက်။ နေဝသညာနာသညာယတနသ္သ၊ နေဝသညာနာသညာယတန—စျာန်၏။ ဝါ၊ စျာန်က။ သန္တတရပဏီတတရတာယ၊ သာ၍ငြိမ်သက်ခြင်း, သာ၍ကောင်းမွန်ခြင်းကြောင့်ပေတည်း။

ဟိ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ ရာဇာ၊ မင်းမြတ်သည်။ မဟစ္စရာဇာနုဘာဝေန၊ ကြီးကျယ်မြင့်မြတ်သော မင်း၏အခြံအရံ—အာနုဘော်ဖြင့်။ ဟတ္ထိက္ခန္ဓဝရဂတော၊ ဆင်၏ကျောက်ကုန်းထက်၌ ဟည်လျက်။ နဂရဝီထိယံ၊ မြို့လမ်းမ၌။ ဝိစရန္တော၊ လှည့်လည်စဉ်။ ဒန္တကာရာဒယော၊ ဆင်စွယ်ကိုပြုပြင်သည့် ပန်းပွတ်သမား—အစရှိကုန်သော။ သိပ္ပိကေ၊ အတတ်ပညာရှင်တို့သည်။ ဧကံ ဝတ္ထံ၊ အဝတ်တစ်ထည်ကို။ ဒဠှံ နိဝါသေတွာ၊ မြဲမြံစွာ ဝတ်ကုန်လျက်။ ဧကေန၊ အဝတ်တစ်ထည်ဖြင့်။ သီသံ ဝေဌေတွာ၊ ခေါင်းကို ရစ်ပတ်ကုန်လျက်။ ဒန္တစုဏ္ဏာဒီဟိ၊ သူတို့၏ကိုယ်၌ ဆင်စွယ်မှုန့်-စသည်တို့ဖြင့်။ သမောကိဏ္ဏဂတ္တေ၊ ပြိုးပြမ်း လူးပေကုန်လျက်။ ဒန္တဝိကတိအာဒီနိ၊ ဆင်စွယ်ကို အဆန်းတကျယ်ပြုပြင်ခြင်း—အစရှိကုန်သော။ အနေကာနိ သိပ္ပါနိ၊ များစွာသော အတတ်ပညာအမှုတို့ကို။ ကရောန္တေ ဒိသွာ၊ ပြုလုပ်နေသည်တို့ကို မြင်၍။ “ရေ၊ အို...အချင်းတို့။ ဆေကာ အာစရိယာ၊ အတတ်ပညာရှင်ဆရာတို့သည်။ အဟော ဝတ၊ ဪ...တတ်ကျွမ်းကြပါပေကုန်စွတကား။ ဤဒိသာနိ နာမ သိပ္ပါနိပိ၊ ဤမည်သော အဆန်းတကျယ် အတတ်ပညာအမှုတို့ကိုသော်လည်း။ ကရိဿန္တိ၊ ပြုလုပ်နိုင်ကြပေကုန်၏။” ဣတိ ဧဝံ၊ ဤသို့ ချီးမွမ်းလျက်။ တေသံ၊ ထို အတတ်ပညာရှင်တို့၏။ ဆေကတာယ၊ တတ်ကျွမ်းမှု၌။ တုဿတိ၊ နှစ်သက်အားရပေ၏။ စ၊ ထိုသို့ နှစ်သက်အားရသော်လည်း။ အဿ၊ ထိုမင်းအား။ “အဟံ၊ ငါသည်။ ရဇ္ဇံ ပဟာယ၊ မင်းအဖြစ်ကို စွန့်၍။ ဧဝရူပေါ သိပ္ပိကော၊ ဤသို့သော အတတ်ပညာရှင်သည်။ ဘဝေယျံ၊ ဖြစ်ရမူကား။ အဟော ဝတ၊ ဪ...ကောင်းလေစွ။” ဣတိ ဧဝံ၊ ဤသို့သော ကြံစည်စဉ်းစားခြင်းသည်။ န ဟောတိ၊ မဖြစ်ပေ။ တံ၊ ထိုသို့မဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ့်ကြောင့်နည်းမူ။ ရဇ္ဇသိရိယာ၊ မင်းအဖြစ် ကျက်သရေ၏။ မဟာနိသံသတာယ၊ များသော အာနိသင်ရှိသောကြောင့်ပေတည်း။ သော၊ ထိုမင်းသည်။ သိပ္ပိနော၊ အတတ်ပညာရှင်တို့ကို။ သမတိက္ကမိတွာဝ၊ မက်မောတွယ်တာခြင်းမရှိပဲ ကျော်လွန်၍သာလျှင်။ ဂစ္ဆတိ ယထာ၊ သွားလေဘိသကဲ့သို့။ ဧဝမေဝ၊ ထို့ အတူပင်။ သော—ယော၊ ဤယောဂီသည်။ တံ သမာပတ္တိံ၊ ထို အာကိဉ္စညာယတနသမာပတ်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ကိဉ္စာပိ မနသိ ကရော-

တိ၊ အကယ်၍ နှလုံးသွင်းငြားသော်လည်း။ အထ ခေါ၊ စင်စစ်သော်ကား။ အဿ၊ ထို ယောဂီအား။ အဟံ၊ ငါသည်။ တေံ သမာပတ္တိံ၊ ထို အကိဉ္စညာယတန-သမာပတ်ကို။ အာဝဇ္ဇိဿာမိ၊ နှလုံးသွင်းအံ့။သမာပဇ္ဇိဿာမိ၊ ဝင်စားအံ့။ အဓိဋ္ဌဟိဿာမိ၊ အဓိဋ္ဌာန်အံ့။ ဝုဋ္ဌဟိဿာမိ၊ ထအံ့။ ပစ္စဝေက္ခိဿာမိ''တိ၊ ဆင်ခြင်အံ့-ဟု။ သေ-ဧသော အာဘောဂေါ၊ ဤသို့သော ရည်ရွယ်ခြင်းသည်လည်းကောင်း။ သေ-ဧသော သမန္နာဟာရော၊ ဤသို့သော ကောင်းစွာ အဖန်ဖန်ဆောင်ခြင်းသည်လည်းကောင်း။ သေ-ဧသော မနသိကာရော၊ ဤသို့သော နှလုံးသွင်းခြင်းသည် လည်းကောင်း။ နေဝ ဟောတိ၊ မဖြစ်ပေ။

သော၊ ထိုယောဂီသည်။ တံ၊ ထို အာကိဉ္စညာယတနသမာပတ်ကို။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းလျက်။ ပုဗ္ဗေ ဝုတ္တနယေန၊ ရှေး၌ဆိုခဲ့သောနည်းဖြင့်။ ပရမသုခုမံ၊ အလွန်သိမ်မွေ့သော။ အပ္ပနာပ္ပတ္တံ၊ အပ္ပနာသို့ရောက်သော။ တံ သညံ၊ ထိုသညာသို့။ ပါပုဏာတိ၊ ရောက်၏။ ယာယ၊ အကြင် သညာဖြင့်။ နေဝသညီနာသညီ နာမ၊ နေဝသညီနာသညီမည်သည်။ ဟောတိ၊ ဖြစ်၏။ တာယ သညာယ၊ ထို သညာဖြင့်။ သင်္ခါရာဝသေသ သမာပတ္တိံ၊ သင်္ခါရတို့မှကြွင်းသော သမာပတ်ကို။ ဘာဝေတီတိ၊ ပွားစေသည်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ သင်္ခါရာဝသေသသမာပတ္တိန္တိ၊ သင်္ခါရတို့မှကြွင်းသော သမာပတ်-ဟူသည်ကား။ အစ္စန္တသုခုမဘာဝပ္ပတ္တသင်္ခါရံ၊ အလွန် သိမ်မွေ့ခြင်းသို့ ရောက်သည့် သင်္ခါရ ရှိသော။ စတုတ္ထာရုပ္ပသမာပတ္တိံ၊ စတုတ္ထအရူပ-သမာပတ်ပေတည်း။

၂၀၇။ ဣဒါနိ၊ ယခုအခါ၌။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ယံ၊ အကြင် သမာပတ်ကို။ အဓိဂတာယ၊ ရအပ်သော။ သညာယ၊ အလွန်သိမ်မွေ့သော သညာ၏ အစွမ်းအားဖြင့်။ နေဝသညာနာသညာယတနန္တိ၊ နေဝသညာ နာသညာယတန-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထို သမာပတ်ကို။ အတ္ထတော၊ သရုပ် တရားကိုယ် အနက်အားဖြင့်။ ဒဿေတုံ၊ ပြခြင်းငှာ။ ''နေဝသညာနာသညာယတနန္တိ၊ နေဝသညာနာသညာယတနံ-ဟူသည်ကား။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတန-စျာန်ကို။ သမာပန္နဿ ဝါ၊ ဝင်စားသော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်၏လည်းကောင်း။ ဥပပန္နဿ ဝါ၊ နေဝသညာနာသညာယတန-ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏လည်းကောင်း။ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ ဝါ၊ မျက်မှောက်-အတ္တဘော၌ ချမ်းသာစွာနေရသော

ရဟန္တာ၏လည်းကောင်း။ စိတ္တစေတသိကာဓမ္မာ''တိ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်-စေတသိက်-တရားတို့-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပေ၏။ တေသု၊ ထိုသုံးမျိုးသော တရားတို့တွင်။ ဣဓ၊ ဤအရာ၌။ သမာပန္နဿ၊ ဝင်စားသော ပုဂ္ဂိုလ်၏။ စိတ္တစေတသိကာ ဓမ္မာ၊ ကုသိုလ်,ဝိပါက်, ကြိယာ-စိတ်စေတသိက် တရားတို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤပုဒ်၌။ ဝစနတ္ထော၊ ဝစနတ္ထကား။ ဩဠာရိကာယ သညာယ၊ ရုန့်ရင်းသော သညာ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သုခုမာယ စ ဘာဝတော၊ သိမ်မွေ့သောသညာ၏ ရှိခြင်းကြောင့်။ သသမ္ပယုတ္တဓမ္မဿ၊ ယှဉ်ဖက်တရား အပေါင်းနှင့်တကွဖြစ်သော။ အဿ ဈာနဿ၊ ထို ဈာန်အား။ နေဝ သညာ၊ ရုန့်ရင်းသောသညာ မရှိ။ အသညံ၊ သိမ်မွေ့သောသညာ မရှိသည်ကား။ န၊ မဟုတ်။ ဣတိ၊ ထို့ကြောင့်။ နေဝသညာနာသညံ၊ နေဝသညာနာသညံ-မည်၏။ နေဝသညာနာသညဥ္စ၊ နေဝသညာနာသညံ မည်သော။ (၃၃ ·) တံ၊ ထိုဈာန်သည်။ မနာယတန ဓမ္မာယတန ပရိယာပန္နတ္တာ၊ မနာယတန, ဓမ္မာယတန-တို့၌ အတွင်းဝင်သောကြောင့်။ အာယတနဉ္စ၊ အာယတန လည်း မည်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ နေဝသညာနာသညာယတနံ၊ နေဝ-သညာနာသညာယတန-မည်၏။ အထ ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤ စတုတ္ထအရူပဈာန်၌။ ယာ အယံ သညာ၊ အကြင်သညာသည်။ အတ္ထိ၊ ရှိ၏။ သာ သညာ၊ ထိုသညာသည်။ ပဋုသညာကိစ္စံ ကာတုံ၊ ထင်ရှားသောသညာကိစ္စကို ပြုရန်။ အသမတ္ထတာယ၊ မစွမ်းနိုင်သောကြောင့်။ နေဝ သညာ၊ သညာမမည်။ ဝါ၊ သညာဟု မဆိုလောက်။ သင်္ခါရာဝသေသသုခုမဘာဝေန၊ ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းကျန်သော သိမ်မွေ့သည့်သင်္ခါရအဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသောကြောင့်။ နာသညာ၊ သညာမဟုတ်သည်လည်း မဟုတ်ပေ။ ဣတိ-တသ္မာ၊ ထိုနှစ်ပါးသောအကြောင်းကြောင့်။ နေဝသညာနာသညာ စ၊ နေဝသညာနာသညာ-မည်၏။ နေဝသညာနာသညာ စ၊ နေဝသညာ နာသညာမည်သော။ သာ၊ ထိုသညာသည်။ သေသဓမ္မာနံ၊ ကြွင်းသော ယှဉ်ဖက်တရားတို့၏။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ အာယ-တနဉ္စ၊ အာယတန-လည်း မည်၏။ ဣတိ-တသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတန-မည်၏။

စ၊ ဆက်၍ ရှင်းပြဦးအံ့။ ဧတ္ထ၊ ဤ စတုတ္ထအရူပဈာန်၌။ သညာဝ၊ သညာသည်သာလျှင်။ ကေဝလံ၊ သက်သက်။ ဒိသီ၊ ဤသို့သဘောရှိသည်။ န၊ မဟုတ်သေး။ တနည်း–ဧတ္ထ၊ ဤ စတုတ္ထအရူပဈာန်၌။ သညာ ကေဝလံဝ း

သညာသက်သက်သည်သာလျှင်။ န ဧဒိသီ၊ ဤသို့သဘောရှိသည် မဟုတ်သေး။ အထ ခေါ၊ စင်စစ်အားဖြင့်မူ။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ နေဝ-ဝေဒနာနာဝေဒနာ၊ ရုန့်ရင်းသောဝေဒနာမဟုတ်မူ၍ သိမ်မွေ့သောဝေဒနာသာလျှင် ဖြစ်ပေ၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ နေဝစိတ္တံ နာစိတ္တံ၊ ရုန့်ရင်းသောစိတ်မဟုတ်မူ၍ သိမ်မွေ့သောစိတ်သာ ဖြစ်ပေ၏။ ဖဿောပိ၊ ဖဿသည်လည်း။ နေဝဖဿော နာဖဿော၊ ရုန့်ရင်းသောဖဿမဟုတ်မူ၍ သိမ်မွေ့သောဖဿ-သာ ဖြစ်ပေ၏။ သေသသမ္ပယုတ္တဓမ္မေသု၊ ကြွင်းသော ယှဉ်ဖက်တရားတို့၌လည်း။ သေ နယော၊ နည်းတူပင်တည်း။ ပန၊ သို့သော်လည်း။ သညာသီသေန၊ သညာကို ခေါင်းတပ်သောအားဖြင့်။ အယံ ဒေသနာ၊ ဤဒေသနာကို။ ကတာ၊ ပြုအပ်ပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ စ၊ ထိုမှတပါး။ ပတ္တမက္ခနတေလပ္ပဘုတိဟိ၊ သပိတ်သုတ်သောဆီအစရှိကုန်သော။ ဥပမာဟိ၊ ဥပမာတို့ဖြင့်။ ဧသ-ဧသော အတ္ထော၊ ဤအနက်ကို။ ဝိဘာဝေတဗ္ဗော၊ ထင်စွာပြုအပ်၏။

ကိရ၊ တဆင့်စကား ကြားရဖူးသည်ကား။ သာမဏေရော၊ သာမဏေသည်။ ပတ္တံ၊ သပိတ်ကို။ တေလေန မက္ခေတွာ၊ ဆီဖြင့်သုတ်၍။ ဌပေသိ၊ ထား၏။ ယာဂုပါနကာလေ၊ ယာဂုသောက်မည့်ကာလ၌။ တံ၊ ထိုသာမဏေကို။ ထေရော၊ မထေရ်ကြီးသည်။ "ပတ္တံ အာဟရ" တိ၊ သပိတ်ယူခဲ့-ဟု။ အာဟ၊ မိန့်ဆို၏။ သော၊ ထိုသာမဏေသည်။ "ဘန္တေ၊ အရှင်ဘုရား။ ပတ္တေ၊ သပိတ်၌။ တေလံ အတ္ထိ" တိ၊ ဆီရှိပါသည်ဘုရား-ဟု။ အာဟ၊ လျှောက်၏။ တတော၊ ထိုအခါ၌။ (ထေရော၊ မထေရ်ကြီးသည်။ ဝါ၊ မထေရ်ကြီးက။) "သာမဏေရ၊ သာမဏေ။ တေလံ၊ ဆီကို။ အာဟရ၊ ယူခဲ့။ နာဠိံ ပူရေဿာမိ" တိ၊ ဆီကျည်ထဲ ထည့်မည်-ဟု။ ဝုတ္တေ၊ ဆိုလျှင်။ (သာမဏေရော၊ သာမဏေသည်။ ဝါ၊ သာမဏေက။) "နတ္ထိ ဘန္တေ တေလ" န္တိ၊ ဆီမရှိပါဘုရား-ဟု။ အာဟ ကိရ၊ လျှောက်ထားသတတ်။ တတ္ထ၊ ထိုဥပမာ၌။ အန္တောဝုတ္ထတ္တာ၊ ကပ္ပိယကုဋိမဟုတ်သောကျောင်းထဲ၌ တစ်ညဉ့်-စသည်ကြာအောင် သိမ်းထားပြီးသောကြောင့်။ (ရဟန်းတော်များမှာ ထောပတ်, ဆီ-စသည်ကို အကပ်ခံထားပြီးလျှင် ထိုနေ့ ညနေပိုင်းမှစ၍ ခုနစ်ရက်အတွင်း ဆေးသုံးအတွက်သာ သုံးဆောင်ကောင်းသည်။ ဒုတိယရက်စသည်၌ ဆွမ်း-စသော ယာဝကာလိကနှင့်ရော၍ မသုံးဆောင်ကောင်းပေ။ အကပ်မခံရသေးသော ထောပတ်, ဆီ-စသည်ကိုလည်း အကပ္ပိယကုဋိ၌ တစ်ညဉ့်မျှသိမ်းထားလျှင် ဆွမ်း စသော ယာဝကာလိကနှင့်

ရော၍ မသုံးဆောင်ကောင်းပေ၊ ဤအဓိပ္ပာယ်ကိုရည်၍ ပြဆိုထားခြင်းဖြစ်သည်။) ယာဂုယာ သဒ္ဒိံ၊ ယာဂုနှင့်တကွ။ အကပ္ပိယဋ္ဌေန၊ မအပ်သောကြောင့်၊ "တေလမတ္ထိ" တိ၊ ဆီရှိနေပါသည်-ဟု။ ဝစနံ ဟောတိ၊ ပြောဆိုခြင်းဖြစ်ပေ၏။နာဠိပူရဏာဒိနံ ဝသေန၊ ဆီကျည်ထဲထည့်ရန်စသည်အလိုအားဖြင့်။"နတ္ထိ"တိ၊ဆီမရှိပါဘုရား—ဟု။ (ဝစနံ၊ ပြောဆိုခြင်းသည်။) ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤအတူပင်။ သာပိ သညာ၊ ထိုသညာသည်လည်း။ ပဋုသညာကိစ္စံ ကာတုံ၊ ထင်ရှားသော သညာကိစ္စကို ပြုရန်။ အသမတ္ထတာယ၊ မစွမ်းနိုင်သောကြောင့်။ နေဝသညာ၊ သညာမဟုတ်သည် မည်၏။ သင်္ခါရာဝသေသသုခုမဘာဝေန၊ ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းကျန်သော သိမ်မွေ့သည့် သင်္ခါရအဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသည်၏အဖြစ်ကြောင့်။နာသညာ ဟောတိ၊ သညာမဟုတ်သည်လည်း မဟုတ်ပေ။

ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ သညာကိစ္စံ၊ သညာကိစ္စသည်။ ကိံ၊ အဘယ်နည်း—ဟူမူ။ အာရမ္မဏသဉ္ဇာနနဋ္ဌေဝ၊ အာရုံကိုအမှတ်ပြု၍သိခြင်းသည်လည်းကောင်း။ ဝိပဿနာယ စ၊ ဝိပဿနာ၏လည်း။ ဝိသယဘာဝံ ဥပဂန္တွာ၊ အာရုံအဖြစ်သို့ရောက်လျက်။ နိဗ္ဗိဒါဇနနံ၊ ငြီးငွေ့ခြင်းကိုဖြစ်စေနိုင်ခြင်းသည်လည်းကောင်း။ သညာကိစ္စံ၊ သညာကိစ္စပေတည်း။ ဟိ၊ ချဲ့၍ပြဦးအံ့။ သုခေါဒကေ၊ ရေအေး၌။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဒဟနကိစ္စံ၊ ပူလောင်စေခြင်း ကိစ္စကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောတိ ဣဝ၊ မစွမ်းနိုင်သကဲ့သို့။ ဧဝံပိ၊ ဤ ဝတ္ထု အရူပဈာန် သညာသည်လည်း။ သဉ္ဇာနနကိစ္စံ၊ အမှတ်ပြု၍သိခြင်းကိစ္စကို။ ပဋုံ ကာတုံ၊ ထင်ရှားအောင် ပြုခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ သေသသမာပတ္တိသု၊ ကြွင်းသောသမာပတ်တို့၌။ သညာ ဝိယ၊ သညာကဲ့သို့။ ဝိပဿနာယ၊ ဝိပဿနာ၏။ ဝိသယဘာဝံ ဥပဂန္တွာ၊ အာရုံအဖြစ်သို့ရောက်လျက်။ နိဗ္ဗိဒါ—ဇနနံ ကာတုမ္ပိ၊ ငြီးငွေ့သောသညာကို ဖြစ်စေခြင်းငှာလည်း။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ ဟိ၊ မှန်ပေ၏။ အညေသု ခန္ဓေသု၊ အခြားတပါးသောခန္ဓာတို့၌။ အကတာဘိနိဝေသော၊ အစပြု၍နှလုံးသွင်းခြင်း, ရှုခြင်း ကို မပြုဖူးသေးသော။ ဘိက္ခု၊ ရဟန်းသည်။ ဒပ်စ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာပင် ဖြစ်သော်လည်း။ ဧနေဝသညာနာသညာယတနက္ခန္ဓေ၊ နေဝသညာနာသညာယတန-ခန္ဓာတို့ကို။ သမ္မသိတွာ၊ သုံးသပ် ရှုမှတ်၍။ နိဗ္ဗိဒံ၊ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်သို့။ ပတ္တုံ၊ ရောက်ခြင်းငှာ။ သမတ္ထော နာမ၊ စွမ်းနိုင်သော သူမည်သည်။ နတ္ထိ၊ မရှိ။ ပကတိဝိပဿကော ပန၊ ပကတိအားဖြင့်

ဝိသုဒ္ဓိ၊ ဒု–၂၇ (က)

ရှုရိုးရှုစဉ်အတိုင်း ရှုလာခဲ့သော ပုဂ္ဂိုလ်သည်ကား။ မဟာပညော၊ ပညာကြီးသော။ သာရိပုတ္တသဒိသော ၀၊ သာရိပုတ္တာရာကဲ့သို့သော ပုဂ္ဂိုလ်သည်သာလျှင်။ သက္ကုဏောယျ၊ စွမ်းနိုင်ရာ၏။ သောပိ၊ ထို အရှင်သာရိပုတ္တာရာသော်မှလည်း။ "ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဝေါ၊ ဤသို့။ အဟုတွာ၊ ရှေးက မရှိကုန်ပဲ။ ဝါ၊ မဖြစ်ကုန်ပဲ။ သမ္ဘောန္တိ ကိရ၊ ယခုမှ ဖြစ်ပေါ်လာကြကုန်သတတ်။ ဟုတွာ ပဋိဝေန္တိ ကိရ" ဣတိ၊ ယခုဖြစ်ပေါ်လာကြပြီးလျှင်တဖန်ပျောက်ကွယ်သွားကြကုန်သတတ်—ဟူ၍။ ဝေါ၊ ဤသို့။ ကလာပသမ္မသန—ဝသေနဝ၊ အပေါင်းလိုက်သုံးသပ်သည်၏ အစွမ်းအားဖြင့် သာလျှင်။ သက္ကုဏောယျ၊ စွမ်းနိုင်ရာ၏။ အနုပဒဓမ္မဝိပဿနာဝသေန၊ ပုဒ်စဉ်အတိုင်းဖဿ အစရှိသော တရားတို့ကို ရှုသည်၏ အစွမ်းအားဖြင့်။ နော သက္ကုဏောယျ၊ မစွမ်းနိုင်ရာ။ သော သမာပတ္တိ၊ ဤ နေဝသညာနာသညာယတန-သမာပတ်သည်။ ဝေါ၊ ဤမျှလောက်။ သုခုမတ္တံ၊ သိမ်မွေ့ခြင်း အဖြစ်သို့။ ဂတာ၊ ရောက်၏။

(၃၃၂) စ၊ ထိုမှတပါး။ ပတ္တမက္ခနတေလူပမာယ၊ သပိတ်သုတ်သောဆီဥပမာဖြင့်။ ဝိဘာဝေတဗ္ဗော ယထာ၊ ထင်စွာပြသကဲ့သို့။ ဝေါ၊ ဤအတူပင်။ မဂ္ဂုဒကူပမာယပိ၊ ခရီးလမ်း၌ ရေဥပမာဖြင့်လည်း။ အယံ အတ္ထော၊ ဤအနက်ကို။ ဝိဘာဝေတဗ္ဗော၊ ထင်စွာပြအပ်၏။ မဂ္ဂပဋိပန္နဿ ထေရဿ၊ ခရီးသွားသော မထေရ်အား။ ပုရတော ဂစ္ဆန္တော၊ ရှေ့ကသွားနှင့်သော။ သာမဏေရော၊ သာမဏေသည်။ ထောကံ ဥဒကံ ဒိသွာ၊ ရေအနည်းငယ်ကိုမြင်၍။ "ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ ရေရှိပါ၏။ ဥပါဟနာ မုဉ္စထာ"တိ၊ ဖိနပ်တို့ကို ချွတ်ပါကုန်—ဟု။ အာဟ ကိရ၊ လျှောက်သတတ်။ တတော၊ ထိုအခါ၌။ ထေရေန၊ မထေရ်သည်။ ဝါ၊ မထေရ်က။ "သစေ ဥဒကံ အတ္ထိ၊ ရေရှိငြားအံ့။ နှာနသာဋိကံ အာဟာရ၊ ရေသနုပ်ကို ယူခဲ့။ နှာယိဿာမာ"တိ၊ ငါရေချိုးမည်-ဟု။ ဝုတ္တေ၊ ဆိုလတ်သော်။ "နတ္ထိ ဘန္တေ"တိ၊ မရှိပါဘုရားဟု။ အာဟ ကိရ၊ လျှောက်သတဲ့။ တတ္ထ၊ ထိုဥပမာ၌။ ဥပါဟနတေမန—မတ္တဋ္ဌေန၊ ဖိနပ်စိုရုံလောက်မျှ ရှိသောကြောင့်။ "ဥဒကမတ္ထိ" တိ၊ ရေရှိသည်ဟု။ ဝစနံ၊ ဆိုခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်၏သို့။ နှာယနဋ္ဌေန၊ ရေချိုးခြင်းကိစ္စကြောင့်။ "နတ္ထိ"တိ၊ မရှိ ဟု။ ဝစနံ၊ ဆိုခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမ္ပိ၊ ဤအတူလည်း။ သာ၊ ထို စတုတ္ထအရူပစျာန်သညာသည်။ ပဋုသညာကိစ္စံ၊ ထင်ရှားသော သညာကိစ္စကို။ ကာတုံ၊ ပြုခြင်းငှာ။ အသမတ္ထတာယ၊ မစွမ်းနိုင်သောကြောင့်။ နေဝသညာ၊ သညာမဟုတ်

သည်လည်း မည်၏။ သင်္ခါရာဝသေသသုခုမဘာဝေန၊ ရှုန့်ရင်းသောသင်္ခါရတို့ မှကြွင်းသော သိမ်မွေ့သည့်သင်္ခါရအဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသော ကြောင့်။ နေဝသညာ ဟောတိ၊ သညာမဟုတ်သည်လည်း မဟုတ်ပေ။

ကေဝလံ၊ သက်သက်။ တေဟေဝ၊ ဤမျှတို့ဖြင့်သာလျှင်။ နု၊ မကသေး။ အနုရူပါဟိ၊ သင့်လျော်ကုန်သော။ အညာဟိပိ ဥပမာဟိ၊ အခြားသော ဥပမာတို့ဖြင့်။ သေ-ဇေသော အတ္ထော၊ ဤအနက်ကို။ ဝိဘာဝေတဗ္ဗော၊ ထင်စွာပြအပ်၏။ ဥပသမ္ပဇ္ဇ ဝိဟရတီတိ ဣဒံ၊ ဥပသမ္ပဇ္ဇ ဝိဟရတိ-ဟူသော ဤ စကားကို။ ဝုတ္တနယမေဝ၊ ဆိုခဲ့ပြီးသော နည်းရှိသည်သာလျှင်တည်း။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်၏။

အယံ၊ ဤသည်ကား။ နေဝသညာနာသညာယတနကမ္မဋ္ဌာနေ၊ နေဝ-သညာနာသညာယတန-ကမ္မဋ္ဌာန်း၌။ ဝိတ္ထာရကထာ၊ အကျယ်ဆိုကြောင်းဖြစ်သော စကားပေတည်း။

(နေဝသညာနာသညာယတန-ကမ္မဋ္ဌာန်းအဖွင့် ပြီး၏။)

## ပြီးပြွမ်းပြဆိုချက်

၂၈၈။ အသဒိသရူပေါ၊ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်—စသည်တို့ဖြင့် သူတပါးတို့နှင့် မတူသော ရူပကာယရှိတော်မူသော။ နာထော၊ မြတ်စွာဘုရားသည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ယံ အာရုပ္ပံ၊ အကြင် လေးပါးအပြားရှိသော အရူပဈာန်ကို။ အာဟ၊ ဟောတော်မူခဲ့ပေ၏။ တံ၊ ထိုလေးပါးသော အရူပဈာန်ကို။ ဣတိ ဉတ္တာ၊ ဤဆိုခဲ့သည့်အတိုင်း သိပြီးလျှင်။ တသ္မိံ၊ ထိုလေးပါးသော အရူပဈာန်၌။ ပကိဏ္ဏကကထာပိ၊ ပြီးပြွမ်း ပြဆိုချက်ကိုလည်း။ ဝိညေယျာ၊ သိအပ်-သိသင့်—သိထိုက်ပေသေး၏။

၂၈၉။ စတဿော၊ လေးပါးကုန်သော။ ဣမာ အာရုပ္ပသမာပတ္တိယောပိ၊ ဤ အရူပသမာပတ်တို့သည်လည်း။ အာရမ္မဏာတိက္ကမတော၊ အာရုံကို လွန်မြောက်သောအားဖြင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တာသံ၊ ဤလေးပါးသော အရူပသမာပတ်တို့၏။ အင်္ဂါတိက္ကမံ၊ အင်္ဂါကို လွန်မြောက်ခြင်းကို။ ဝိဘာဝိနော၊ ပညာရှိတို့သည်။ န ဣစ္ဆန္တိ၊ အလိုမရှိကြကုန်။

ဟိ၊ ချဲ့၍ပြဦးအံ့။ တေသု၊ ဤအရူပသမာပတ်တို့တွင်။ ပဌမာ၊ ပဌမအရူပ သမာပတ်သည်။ ရူပနိမိတ္တာတိက္ကမတော၊ ကသိုဏ်းရုပ်နိမိတ်ကို လွန်မြောက် သောအားဖြင့်။ ဘဝတိ၊ ဖြစ်၏။ ဒုတိယာ၊ ဒုတိယ အရူပသမာပတ်သည်။ အာကာသာတိက္ကမတော၊ ကသိုဏ်းရုပ်ကို ခွာခြင်းဖြင့်ပြီးသော အာကာသကို လွန်မြောက်သောအားဖြင့်။ ဘဝတိ၊ ဖြစ်၏။ တတိယာ၊ တတိယ အရူပ သမာပတ်သည်။ အာကာသေ၊အာကာသ၌။ ပဝတ္တိတဝိညာဏာတိက္ကမတော၊ ဖြစ်စေအပ်ပြီးသော ပဌမ အရူပဝိညာဉ်ကို လွန် မြောက် သော အား ဖြင့်။ ဘဝတိ၊ ဖြစ်၏။ စတုတ္ထီ၊ စတုတ္ထ အရူပသမာပတ်သည်။ အာကာသေ၊ ကောင်းကင်၌။ ပဝတ္တိတဝိညာဏဿ၊ ဖြစ်စေအပ်ပြီးသော ပဌမအရူပ ဝိညာဉ်၏။ အပဂမာတိက္ကမတော၊ ကင်းခြင်းကို လွန်မြောက်သောအားဖြင့်။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ စတဿောပိ၊ လေးပါးကုန်သော။ ဣမာ အာရုပ္ပသမာပတ္တိယော၊ ဤ အရူပသမာပတ်တို့သည်။ သဗ္ဗထာ၊ ခပ်သိမ်း သော အခြင်းအရာအားဖြင့်။ အာရမ္မဏာတိက္ကမတော၊ အာရုံကို လွန်မြောက် သောအားဖြင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ် ကုန်၏။ တေသံ၊ ဤ အရူပသမာပတ်တို့၏။ အင်္ဂါတိက္ကမံ ပန၊ အင်္ဂါကို လွန်မြောက်ခြင်းကိုကား။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ န ဣစ္ဆန္တိ၊ အလိုမရှိကြ ကုန်။ ဟိ၊ ဆက်ကြောင်းသော်ကား။ ရူပါဝစရသမာပတ္တိသု ဝိယ၊ ရူပါဝစရ သမာပတ်တို့၌ ကဲ့သို့။ တေသု၊ ဤသမာပတ်တို့၌။ အင်္ဂါတိက္ကမော၊ အင်္ဂါလွန်မြောက်ခြင်းသည်။ န အတ္ထိ၊ မရှိ။ ဟိ၊ မှန်ပေ၏။ တေသု သဗ္ဗာသုပိ၊ ဤ အရူပသမာပတ် အားလုံးတို့၌ပင်။ ဥပေက္ခာ၊ ဥပေက္ခာ လည်းကောင်း။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ ဝေ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါနှစ်ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၂၉၀။ ဧဝံ သန္တေပိ၊ ဤသို့ အင်္ဂါကိုကျော်လွန်ခြင်းမရှိသော်လည်း။-

ဣစ၊ ဤ အရူပသမာပတ်၌။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်ဖြစ် သော သမာပတ်တို့သည်။ သုပ္ပဏီတတရာ၊ အထူးသဖြင့် သာလွန်၍ ကောင်းမြတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုသို့ သာလွန် ၍ ကောင်းမြတ်ရာ၌။ ပါသာဒတလသာဋိကာ၊ ပြာသာဒ်အထပ် အပြင်တို့နှင့် အဝတ်အထည်ဟူကုန်သော။ ဥပမာ၊ ဥပမာတို့ကို။ ဝိညေယျာ၊ သိအပ်ကုန်၏။

(၃၃၃) ဟိ၊ ခွဲ၍ပြဦးအံ့။ စတုဘူမိကဿ ပါသာဒဿ၊ အုံလေးထပ်ရှိသော ပြာသာဒ်၏။ ဟေဋ္ဌိမတလေ၊ အောက်ဆုံးထပ် အပြင်၌။ ဒိဗ္ဗနစ္စဂီတဝါဒိတ သုရဘိဂန္ဓမာလာဘောဇနသယနစ္ဆာဒနာဒိဝသေန၊ နတ်၌ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, မွှေးကြိုင်သောအနံ့ရှိသော ပန်း, ဘောဇဉ်, အိပ်ရာ, အဝတ်စသည်တို့၏ အစွမ်းဖြင့်။ ပဏီတာ၊ ကောင်းမြတ်ကုန်သော။ ပဉ္စ ကာမဂုဏာ၊ ငါးပါးသော ကာမဂုဏ်တို့သည်။ ပစ္စုပဋ္ဌိတာ အဿု၊ အသင့်ထင်ရှား တည်ရှိကုန်ရာ၏။ ဒုတိယေ၊ ဒုတိယအထပ် အပြင်၌။ တတော ပဏီတတရာ၊ ထို့ထက်သာ၍ ကောင်းမြတ်ကုန်ရာ၏။ တတိယေ၊ တတိယအထပ်အပြင်၌။ တတော ပဏီတတရာ၊ ထို့ထက်သာ၍ ကောင်းမြတ်ကုန်ရာ၏။ စတုတ္ထေ၊ စတုတ္ထအထပ် အပြင်၌။ သဗ္ဗပဏီတတရာ၊ အားလုံးထက်သာ၍ ကောင်းမြတ်ကုန်ရာ၏။ တတ္ထ၊ ထိုပြာသာဒ်၌။ တာနိ စတ္တာရိပိ၊ ထို လေးထပ်လုံးတို့သည်ပင်။ ပါသာဒတလာနေဝ၊ ပြာသာဒ်အပြင်တို့သည်သာလျှင်။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်၏။ နေသံ၊ ထို အထပ်အပြင်တို့၏။ ပါသာဒတလဘာဝေန၊ ပြာသာဒ်အထပ် အပြင်၏အဖြစ်ဖြင့်။ ဝိသေသော၊ ထူးခြားချက်သည်။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ မရှိပေ။ ပန၊ ထိုသို့ မရှိသော်လည်း။ ပဉ္စ ကာမဂုဏသမိဒ္ဓိဝိသေသေန၊ ငါးပါးသောကာမဂုဏ်တို့နှင့် ပြည့်စုံပုံ အထူးအားဖြင့်။ ဟေဋ္ဌိမတော ဟေဋ္ဌိမတော၊ အောက်အောက် အထပ်အပြင်ထက်။ ဥပရိမံ ဥပရိမံ၊ အထက်အထက် အထပ်အပြင်သည်။ ပဏီတတရံ၊ သာ၍သာ၍ ကောင်းမြတ်သည်။ ဟောတိ တထာ၊ ဖြစ်သကဲ့သို့ လည်းကောင်း။

စ၊ ထိုမှတပါး။ ကောယ ဂူတ္ထိယာ၊ မိန်းမတစ်ယောက်သည်။ ကန္တိတထူလသဏှသဏှတရသဏှတမသုတ္တာနံ၊ ငင်အပ်ကုန်သော ချည်ကြမ်း, ချည်နု, သာ၍နုသောချည်, အလွန်သာ၍နုသော ချည်တို့၏။ စတုပလတိပလဒ္ဓိပလဧကပလသာဋိကာ၊ လေးပိုလ်စီး, သုံးပိုလ်စီး, နှစ်ပိုလ်စီး, တစ်ပိုလ်စီးကုန်သော ပုဆိုးအထည်တို့သည်။ (တစ်ပိုလ်လျှင်–လေးကျပ်သားရှိသည်။) အာယာမေန စ၊ အလျားအားဖြင့် လည်းကောင်း။ ဝိတ္ထာရေန စ၊ အနံအားဖြင့် လည်းကောင်း။ သမပ္ပမာဏာ၊ တူညီသော ပမာဏရှိကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။ တတ္ထ၊ ထိုဥပမာ၌။ စတဿောပိ တာ သာဋိကာ၊ ထို ပုဆိုး လေးထည် တို့သည်။ အာယာမတော စ၊ အလျားအားဖြင့်လည်းကောင်း။ ဝိတ္ထာရတော စ၊ အနံအားဖြင့်လည်းကောင်း။ သမပ္ပမာဏာ၊ တူညီသော ပမာဏရှိကုန်၏။ တာသံ၊ ထိုပုဆိုးတို့၏။ ပမာဏတော၊ ပမာဏအားဖြင့်။ ဝိသေသော၊

ထူးခြားချက်သည်။ ကိဥ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိပေ။ ပန၊ ထိုသို့မရှိသော်လည်း။ သုခသမ္ဘဿသုခမဘာဝမဟဂ္ဂဘာဝေဟိ၊ ကောင်းသောအတွေ့, နူးညံ့ခြင်း, အဖိုးများစွာထိုက်တန်ခြင်းတို့ဖြင့်။ ပုရိမာယ ပုရိမာယ၊ ရှေးရှေးပုဆိုးထက်။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက် ပုဆိုးတို့သည်။ ပဏီတတရာ ဟောန္တိ ယထာ၊ သာ၍ ကောင်းမြတ်ကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ စတူသု ဧတာသု၊ လေးပါးကုန်သော ဤအရူပသမာပတ်တို့၌။ ဥပေက္ခာ၊ ဥပေက္ခာလည်းကောင်း။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေယေဝ၊ နှစ်ပါးသာလျှင် ဖြစ်ကုန်သော။ ဧတာနိ အင်္ဂါနိ၊ ထိုအင်္ဂါတို့သည်။ ကိဥ္စာပိ ဟောန္တိ၊ အကယ်၍ကား ဖြစ်ပါပေကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ဘာဝနာဝိသေသေန၊ ဘာဝနာအထူးကြောင့်။ တေသံ၊ ထို အရူပ-သမာပတ်တို့၏။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ ပဏီတပဏီတတရဘာဝေန၊ မွန်မြတ်သည်၏အဖြစ်, သာ၍မွန်မြတ်သည်၏ အဖြစ်ဖြင့်။ ဣမ၊ ဤ အရူပသမာပတ်တို့၌။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်သမာပတ်တို့သည်။ သုပ္ပဏီတတရာ ဟောန္တိ၊ သာ၍ သာ၍ ကောင်းမြတ်ကြကုန်၏။

၂၉၁။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ ပဏီတ ပဏီတာ၊ မြတ်သည်ထက် မြတ်ကုန်သော။ ဧတာ၊ ဤ လေးပါးသော အရူပသမာပတ်တို့ကို။—

> အသုစိမှိ၊ မစင်ရှိရာအရပ်၌။ (ဌိတော၊ တည်သော။) မဏ္ဍပေ၊ မဏ္ဍပ်၌။ ဧကော၊ တစ်ယောက်သည်။ လဂ္ဂေါ၊ တွဲလဲဆွဲ၏။ အပရော၊ တစ်ယောက်သောသူသည်။ တံ၊ထို တွဲလဲဆွဲသောသူကို။နိဿိတော၊ မှီ၍တည်၏။ အညော၊ တစ်ယောက်သောသူသည်။ တံ၊ ထို မဏ္ဍပ်၌ တွဲလဲဆွဲသောသူကို။ အနိဿာယ၊ မမှီမူ၍။ ဗဟိ၊ အပ၌။ ဌိတော၊ တည်၏။ အပရော စ၊ တစ်ယောက်သော သူသည်ကား။ တံ၊ ထို အပ၌တည်သောသူကို။ နိဿာယ၊ မှီ၍။ ဌိတော၊ တည်၏။
>
> စတူဟိ၊ လေးဦးကုန်သော။ ဧတေဟိ ပုရိသေဟိ၊ ထိုယောကျ်ားတို့နှင့်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သမာနတာယ၊ တူသည်၏အဖြစ်ဖြင့်။ စတုရောပိ၊ လေးယောက်သော သူတို့ကိုလည်း။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဉာတဗ္ဗာ၊ သိအပ်ကုန်၏။

အယံ၊ ဤသည်ကား။ တတြ၊ ထိုဂါထာတို့၌။ အတ္ထယောဇနာ၊ အနက်ကို ယှဉ်စေခြင်းတည်း။—အသုစိမှိ ဒေသေ၊ မစင်ရှိသောအရပ်၌။ ဧကော မဏ္ဍပေါ၊ မဏ္ဍပ်တစ်ခုသည်။ အတ္ထိ၊ ရှိ၏။ အထ၊ ထိုအခါ၌။ ဧကော

ပုရိသော၊ ယောကျ်ားတစ်ယောက်သည်။ အာဂန္တွာ၊ လာ၍။ တံ အသုစိံ၊ ထိုမစင်ကို။ ဇိဂုစ္ဆမာနော၊ စက်ဆုပ်သောကြောင့်။ တံ မဏ္ဍပံ၊ ထိုမဏ္ဍပ်ကို။ ဟတ္ထေဟိ၊ လက်တို့ဖြင့်။ အာလမ္ဗိတွာ၊ တွဲလဲဆွဲလျက်။ တတ္ထ၊ ထိုမဏ္ဍပ်၌။ လဂ္ဂေါ လဂ္ဂိတော ဝိယ၊ ငြိတွယ်နေသကဲ့သို့။ အဋ္ဌာသိ၊ တည်လေ၏။ အထ၊ ထို့နောင်၌။ အပရော၊ အခြားတစ်ယောက်သည်။ အာဂန္တွာ၊ လာ၍။ မဏ္ဍပေ လဂ္ဂံ၊ မဏ္ဍပ်၌ငြိတွယ်နေသော။ တံ ပုရိသံ၊ ထိုလူကို။ နိဿိတော၊ မှီလျက်တည်လေ၏။ အထ၊ ထိုအခါ၌။ အညော၊ အခြားတစ်ယောက်သည်။ အာဂန္တွာ၊ လာ၍။ "ယော ဧသ—ဧသော၊ အကြင်သူသည်။ မဏ္ဍပလဂ္ဂေါ၊ မဏ္ဍပ်၌ တွဲလဲဆွဲ၏။ ယော စ၊ အကြင်သူသည်လည်း။ တန္နိဿိတော၊ ထိုမဏ္ဍပ်၌ဆွဲလျက် တည်သောယောကျ်ားကို မှီလျက်တည်၏။ ဧတေ ဥဘောပိ၊ ထိုသူနှစ်ယောက်တို့သည်လည်း။ ဒုဋ္ဌိတာ၊ ကောင်းစွာမတည်ကုန်။ ဝါ၊ မကောင်းသဖြင့်တည်ကုန်၏။ (၃၃၄) မဏ္ဍပပပါတေ၊ မဏ္ဍပ်ပြိုသည်ရှိသော်။ နေသံ၊ ထိုသူတို့၏။ ပါတော၊ ကျခြင်းသည်။ ဓုဝေါ စ၊ မချွတ် ကေန်သာလျှင်တည်း။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ဗဟိယေဝ၊ အပ၌သာလျှင်။ တိဋ္ဌာမိ၊ တည်အံ့။" ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံအံ့။ သော၊ ထိုသို့ကြံပြီးသောသူသည်။ တန္နိဿိတံ၊ ထိုဒုတိယလူ မှီအပ်သော ပထမလူကို။ အနိ-ဿာယ၊ မမှီမူ၍။ ဗဟိယေဝ၊ မဏ္ဍပ်အပြင်ပ—၌ သာလျှင်။ အဋ္ဌာသိ၊ တည်လေ၏။ အထ၊ ထိုအခါ၌။ အပရော၊ အခြားတစ်ယောက်သည်။ အာဂန္တွာ၊ လာ၍။ မဏ္ဍပလဂ္ဂဿ စ၊ မဏ္ဍပ်၌ တွယ်နေသောသူ၏လည်းကောင်း။ တန္နိဿိတဿ စ၊ ထိုသူကို မှီနေသောသူ၏လည်းကောင်း။ အခေမ-ဘာဝံ စိန္တေတွာ၊ ဘေးမကင်းသည်၏ အဖြစ်ကို ကြံတွေးပြီးလျှင်။ ဗဟိဋ္ဌိတဉ္စ၊ အပြင်ဘက်၌ တည်သူကိုလည်း။ သုဋ္ဌိတောတိ မန္တွာ၊ ကောင်းစွာတည်သည်—ဟု သိ၍။ တံနိဿာယ၊ ထိုသူကိုပင်မှီလျက်။ အဋ္ဌာသိ၊ တည်လေ၏။ တတ္ထ၊ ထိုဥပမာတွင်။ အသုစိမှိ ဒေသေ၊ မစင်ရှိသောအရပ်၌။ မဏ္ဍပေ ဝိယ၊ မဏ္ဍပ်ကဲ့သို့။ ကသိဏုဂ္ဃာဋိမာကာသံ၊ ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးသော အာကာသကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အသုစိဇိဂုစ္ဆာယ၊ မစင်ကို စက်ဆုပ်ခြင်းကြောင့်။ မဏ္ဍပလဂ္ဂေါ၊ မဏ္ဍပ်၌တွယ်နေသော။ ပုရိ-သော ဝိယ၊ ယောကျ်ားကဲ့သို့။ ရူပနိမိတ္တဇိဂုစ္ဆာယ၊ ရုပ်နိမိတ်ကို စက်ဆုပ်ခြင်းကြောင့်။ အာကာသာရမ္မဏံ၊ အာကာသလျှင် အာရုံရှိသော။ အာကာ-သာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-စျာန်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မဏ္ဍပလဂ္ဂံ၊ မဏ္ဍပ်၌တွယ်နေသော။ ပုရိသံ၊ ယောကျ်ားကို။ နိဿိတော ဝိယ၊ မှီနေသောလူကဲ့သို့။ အာကာသာရမ္မဏံ၊ အာကာသလျှင် အာရုံရှိသော။

အာကာသနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-စျာန်ကို။ အာရဗ္ဘ ပဝတ္တံ၊ အာရုံပြု၍ ဖြစ်သော။ ဝိညာဏဉ္စာယတနံ၊ဝိညာဏဉ္စာယတန-စျာန်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တေသံ ဒွိန္နမ္ပိ၊ မဏ္ဍပ်၌တွယ်နေသူနှင့် ထိုလူကိုပင်မှီနေသောသူ ဟူသော ထိုလူနှစ်ဦးလုံးတို့၏။ အခေမဘာဝံ စိန္တေတွာ၊ ဘေးမကင်းသည် ၏အဖြစ်ကို ကြံတွေးပြီးလျှင်။ မဏ္ဍပလဂ္ဂံ၊ မဏ္ဍပ်၌တွယ်နေသော။ တံ၊ ထို လူကို။ အနိဿာယ၊ မမှီမူ၍။ ဗဟိဋ္ဌိတော ဝိယ၊ မဏ္ဍပ်အပြင်၌ တည်သော သူကဲ့သို့။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန-စျာန်ကို။ အာရမ္မဏံ အကတွာ၊ အာရုံမပြုမူ၍။ တဒဘာဝ ါရမ္မဏံ၊ ထိုစျာန်၏မရှိ-ဟူသော နတ္ထိဘောပညတ်လျှင် အာရုံရှိသော။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန-စျာန်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မဏ္ဍပလဂ္ဂဿ စ၊ မဏ္ဍပ်၌တွယ်နေသောသူ၏ လည်းကောင်း။ တန္နိဿိတဿ စ၊ ထိုလူကိုပင် မှီနေသောသူ၏ လည်းကောင်း။ အခေမတံ စိန္တေတွာ၊ ဘေးမကင်းသည်၏ အဖြစ်ကို ကြံတွေးပြီးလျှင်။ ဗဟိဋ္ဌိတဥ္စ၊ မဏ္ဍပ်အပြင်၌တည်သောသူကို။ သုဋ္ဌိတောတိ မန္တွာ၊ ကောင်းစွာတည်သည်-ဟုသိ၍။ တံ နိဿာယ၊ ထိုလူကိုပင် မှီ၍။ ဌိတော ဝိယ၊ တည်သောသူကဲ့သို့။ ဝိညာဏာဘာဝသင်္ခါတေ၊ အာကာသာနဉ္စာယတန-ဝိညာဉ်၏ မရှိခြင်းဟုဆိုအပ်သော။ ဗဟိပဒေသေ၊ အပြင်ပ အရပ်၌။ဋ္ဌိတံ အာကိဉ္စညာယတနံ အာရဗ္ဘ၊ တည်သော အာကိဉ္စညာ ယတန-စျာန်ကို အာရုံပြု၍။ ပဝတ္တံ၊ ဖြစ်သော။ နေဝသညာနာသညာ-ယတနံ၊ နေဝသညာနာသညာယတန-စျာန်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၂၉၂။ စ၊ ဆက်ဦးအံ့။ ဧဝံ ပဝတ္တမာနံ၊ ဤဆိုခဲ့သည့်အတိုင်းဖြစ်သော။-

ဣဒံ၊ဤ နေဝသညာနာသညာယတန-စျာန်သည်။အညာဘာဝေ-န၊ အာရုံတပါးမရှိသည်၏အဖြစ်ကြောင့်။ ဝါ၊ အခြားအာရုံမရှိ ခြင်းကြောင့်။ ဒိဋ္ဌဒေါသမ္ပိ၊ မြင်ပြီးသောအပြစ် ရှိငြားသော် လည်း။တံ၊ ထို အာကိဉ္စညာယတန-စျာန်ကိုပင်။ အာရမ္မဏံ ကရောတေဝ၊ အာရုံပြုသည်သာလျှင်တည်း။ ယထာ၊ အဘယ်ကဲ့သို့နည်း-ဟူမူကား။ ဒိဋ္ဌဒေါသံ၊ မြင်ပြီးသောအပြစ်ရှိသော။ ရာဇာနမ္ပိ၊ မင်းကိုသော်လည်း။ ဝုတ္တိဟေတု၊ အသက်မွေးမှုဟူသော အကြောင်း ကြောင့်။ ဇနော၊ လူအပေါင်းသည်။နိဿာယ၊ မှီ၍။ ဝသတိ ယထာ၊ နေရသကဲ့သို့တည်း။

ဟိ၊ ချဲ့၍ပြဦးအံ့။ ဣဒံ နေဝသညာနာသညာယတနံ၊ ဤ နေဝသညာနာ-သညာယတန-စျာန်သည်။ "အယံ သမာပတ္တိ၊ ဤသမာပတ်သည်။ အာသန္န-ဝိညာဏဉ္စာယတနပစ္စတ္ထိကာ"တိ၊ ဝိညာဏဉ္စာယတန-စျာန်ဟူသော ရန်သူနှင့်

နိး၏–ဟု။ ဇဝံ၊ ဤသို့။ ဒိဋ္ဌဒေါသမ္ပိ၊ ထိုသမာပတ်၏ အပြစ်ကိုမြင်ပြီးဖြစ်ငြား
သော်လည်း။ အညဿ အာရမ္မဏဿ၊ အခြားအာရုံ၏။ အဘာဝေါ၊ မရှိခြင်း
ကြောင့်။ တံ အာကိဉ္စညာယတနံ၊ ထို အာကိဉ္စညာယတန–ဈာန်ကို။ အာ–
ရမ္မဏံ ကရောတေဝ၊ အာရုံပြုသည်သာတည်း။ တထာ ကိံ၊ အဘယ်ကဲ့သို့
နည်း?ဟူမူကား။ ရာဇာနံ ဒိဋ္ဌဒေါသမ္ပိ၊ မင်း၏အပြစ်ကို မြင်ပြီးဖြစ်သော်
လည်း။ ဇနော၊ လူအပေါင်းသည်။ ဝုတ္တိဟေတု၊ အသက်မွေးမှု ဟူသော
အကြောင်းကြောင့်။ တံ နိဿာယ၊ ထိုမင်းကိုမှီ၍။ ဝသတိ ယထာ၊ နေရ
သကဲ့သို့ပင်တည်း။ ဟိ၊ ချဲ့ဦးအံ့။ အသံယတံ၊ စောင့်စည်းမှုမရှိသော။
ဖရုသ ကာယ ဝစီ မနောသမာစရံ၊ ကြမ်းကြုတ်သည့် ကိုယ်, နှုတ်, နှလုံး
အကျင့်ရှိသော။ ကဉ္စိ၊ တစုံတယောက်သော။ သဗ္ဗဒိသမ္ပတိံ၊ အလုံးစုံ
သော အရပ်မျက်နှာတို့၏ အရှင်ဖြစ်သော။ ရာဇာနံ၊ မင်းကို။ "အယံ၊ ဤ
မင်းသည်။ ဖရုသသမာစာရော"တိ၊ ကြမ်းကြုတ်သောအကျင့်ရှိသည်-ဟု။ ဇဝံ၊
ဤသို့။ ဒိဋ္ဌဒေါသမ္ပိ၊ သူ၏အပြစ်ကို မြင်ငြားသော်လည်း။ အညတ္တ၊ အခြား
တပါးသော အရပ်၌။ ဝုတ္တိံ၊ အသက်မွေးမှုဟူသော အလုပ်အကိုင်ကို။ အ–
လဘမာနော ဇနော၊ မရသောလူအပေါင်းသည်။ ဝုတ္တိဟေတု၊ အသက်မွေးမှု
ဟူသော အကြောင်းကြောင့်။ တံ နိဿာယ၊ ထို မင်းကိုပင်မှီ၍။ ဝတ္တတိ
ယထာ၊ အသက်မွေးရသကဲ့သို့။ ဇဝံ၊ ဤအတူပင်။ အညံ အာရမ္မဏံ၊ တပါး
သောအာရုံကို။ အလဘမာနံ၊ မရသော။ ဣဒံ နေဝသညာနာသညာ–
ယတနံ၊ ဤ နေဝသညာနာသညာယတန–ဈာန်သည်။ တံ အာကိဉ္စညာယ–
တနံ၊ ထို အာကိဉ္စညာယတန–ဈာန်ကို။ ဒိဋ္ဌဒေါသမ္ပိ၊ အပြစ်မြင်ငြားသော်
လည်း။ အာရမ္မဏံ ကရောတေဝ၊ အာရုံပြုသည်သာတည်း။

၂၉၃။ ဇဝံ၊ ဤသို့။ ကုရုမာနဉ္စ၊ အာရုံပြုသော နေဝသညာနာသညာ
ယတန–ဈာန်သည်။—

ယထာ၊ ဥပမာအားဖြင့်။ ဒီဃနိဿေဏိံ၊ ရှည်စွာသောလှေကား
သို့။ အာရူဠှော၊ တက်သည်ရှိသော်။ နိဿေဏိဗာဟုကံ၊ လှေကား
ဘောင်ကို။ ဩလုဗ္ဘတိ ယထာ၊ ထောက်ရသကဲ့သို့ လည်းကောင်း။
ပဗ္ဗတဂ္ဂံ၊ တောင်ထိပ်–တောင်ဖျားသို့။ အာရူဠှော၊ တက်သည်ရှိသော်။
ပဗ္ဗတမတ္ထကံ၊ ထို တောင်၏အဖျားကိုပင်။ ဩလုဗ္ဘတိ ယထာ စ၊
ထောက်ရသကဲ့သို့လည်းကောင်း။ (၃၃၅) ဂိရိံ၊ ကျောက်တောင်
သို့။ အာရူဠှော၊ တက်သည်ရှိသော်။ အတ္တနော၊ မိမိ၏။ ဇဏ္ဏုကံ–
ယေဝ၊ ပုဆစ်ဒူးကိုပင်လျှင်။ ဩလုဗ္ဘတိ ယထာ ဝါ၊ ထောက်ရ
သကဲ့သို့ လည်းကောင်း။ တထေဝ၊ ထို့အတူပင်လျှင်။ တေံ ဈာနံ၊ ထို

အကိဉ္စညာယတန-စျာန်ကို။ ဩလုဗ္ဘ၊ အာရုံပြု၍။ ဝတ္တတိ၊ ဖြစ်၍။ ဣတိ၊ ဤတွင်စကားတစ်ရပ် အပြီးသတ်၏။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်း
အပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှာ။ ကတေ၊ ပြုစီရင်အပ်သော။
ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်းဝယ်။ သမာဓိဘာဝနာဓိကာရေ၊
သမာဓိဘာဝနာအရာ၌။ အာရုပ္ပနိဒ္ဒေသော နာမ။
အရူပ ကမ္မဋ္ဌာန်းကို အကျယ်ပြဆိုချက် အရူပ္ပနိဒ္ဒေသ
မည်သော။ ဒသမော၊ဆယ်ခုမြောက်
ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားပေတည်း။

---

၁၃၄၇-ခု၊ တော်သလင်းလဆန်း ၆-ရက်၊ သောကြာနေ့၊
ညနေ ၅-နာရီ ပြီး၏။

# သမာဓိကိုအကျယ်ပြချက်

## အာဟာရေပဋိကူလသညာပွားပုံ

(၃၃၆) ၂၉၄။ ဣဒါနိ၊ ယခုအခါ၌။ အာရုပ္ပါနန္တရံ၊ အရူပကမ္မဋ္ဌာန်း၏ အခြားမဲ့၌။ ကော သညာတိ၊ သညာတစ်ပါးဟူ၍။ ဧဝံ ဥဒ္ဒိဋ္ဌာယ၊ ဤသို့ အကျဉ်းပြခဲ့ပြီးသော။ အာဟာရေ ပဋိက္ကူလသညာယ၊ အာဟာရေ ပဋိက္ကူလ-သညာ၏။ ဘာဝနာနိဒ္ဒေသော၊ ပွားစေပုံကို အကျယ်ပြခြင်းသည်။ အနုပ္ပတ္တော၊ အစဉ်ရောက်လာလေပြီ။ တတ္ထ၊ ထို အာဟာရေပဋိက္ကူလသညာ-ပုဒ်၌။ အာဟရတိ၊ ဆောင်တတ်၏။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ အာဟာရော၊အာဟာရ—မည်၏။ သော၊ ထို အာဟာရ-သည်။ ကဗဠီကာရ-ဟာရော၊ ကဗဠီကာရဟာရ—လည်းကောင်း။ ဖဿာဟာရော၊ ဖဿာဟာရ လည်းကောင်း။ မနောသဉ္စေတနာဟာရော၊ မနောသဉ္စေတနာဟာရ—လည်းကောင်း။ ဝိညာဏာဟာရော၊ ဝိညာဏာဟာရ—လည်းကောင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။

ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤလေးပါးတို့တွင်။ ကော၊ အဘယ်အာဟာရသည်။ ကိံ၊ အဘယ်အာဟာရကို။ အာဟရတိ၊ ဆောင်သနည်း?။ ဣတိ-အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ကဗဠီကာရဟာရော၊ ကဗဠီကာရဟာရသည်။ ဩဇဋ္ဌမကံ ရူပံ၊ ဩဇာလျှင်ရှစ်ခုမြောက်ဖြစ်သော ရုပ်ကို။ အာဟရတိ၊ ဆောင်တတ်၏။ ဖဿာဟာရော၊ စိတ်နှင့်အာရုံတွေ့မှု-ဖဿာဟာရသည်။ တိဿော ဝေဒနာ၊ ဝေဒနာသုံးပါးတို့ကို။ အာဟရတိ၊ ဆောင်တတ်၏။ မနောသဉ္စေတနာဟာရော၊ စေ့ဆော်မှု-စေတနာဟူသော မနောသဉ္စေတနာဟာရသည်။ တီသု ဘဝေသု၊ သုံးပါးသောဘဝတို့၌။ ပဋိသန္ဓိံ အာဟရတိ၊ ပဋိသန္ဓေကို ဆောင်တတ်၏။ ဝိညာဏာဟာရော၊ စိတ်ဟူသော ဝိညာဏာဟာရသည်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမ-ရူပံ၊ နာမ်ရုပ်ကို။ အာဟရတိ၊ ဆောင်တတ်၏။

တေသု၊ ထိုလေးပါးတို့တွင်။ ကဗဠီကာရဟာရေ၊ ကဗဠီကာရဟာရ၌။ ဝါ၊ ကဗဠီကာရဟာရကြောင့်။ နိကန္တိဘယံ၊ နှစ်သက်တွယ်တာခြင်း ရသတဏှာဟူသော နိကန္တိဘေးသည်။ အတ္ထိ၊ ရှိ၏။ ဖဿာဟာရေ၊ ဖဿ အာဟာရ၌။ ဝါ၊ ဖဿအာဟာရကြောင့်။ ဥပဂမနဘယံ၊ အာရုံသို့ချဉ်းကပ်ခြင်းဟူသော ဘေးသည်။ အတ္ထိ၊ ရှိ၏။ မနောသဉ္စေတနာဟာရေ၊ မနော

သဉ္စေတနာ်ာအာဟာရ၌။ ဝါ၊ မနောသဉ္စေတနာအာဟာရကြောင့်။ ဥပပတ္တိဘယံ၊ ဘဝသစ်၌ ကပ်ရောက်၍ဖြစ်ခြင်းဟူသော ဘေးသည်။ အတ္ထိ၊ ရှိ၏။ ဝိညာဏာဟာရေ၊ ဝိညာဏအာဟာရ၌။ ဝါ၊ ဝိညာဏအာဟာရကြောင့်။ ပဋိသန္ဓိဘယံ၊ ပဋိသန္ဓေဟူသော ဘေးသည်။ အတ္ထိ၊ ရှိ၏။ ဧဝံ၊ ဤသို့။ သပ္ပဋိဘယေသု၊ ကြောက်ဖွယ်ဘေးနှင့် တကွဖြစ်ကုန်သော။ တေသု၊ ထို အာဟာရလေးပါးတို့တွင်။ ကဗဠီကာရာဟာရော၊ ကဗဠီကာရအာဟာရကို။ ပုတ္တမံသူပမေန၊ သား၏အသားကို စားခြင်းဥပမာရှိသော သြဝါဒဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ ဖဿာဟာရော၊ ဖဿအာဟာရကို။ နိစ္စမ္မဂါဝူပမေန၊ အရေမရှိသော နွားဥပမာရှိသော သြဝါဒဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ မနောသဉ္စေတနာဟာရော၊ မနောသဉ္စေတနာအာဟာရကို။ အင်္ဂါရကာသူပမေန၊ မီးကျီးတွင်း-မီးကျီးစုဥပမာရှိသော သြဝါဒဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ ဝိညာဏာဟာရော၊ ဝိညာဏအာအာရကို။ သတ္တိသတူပမေန၊ လှံတစ်ရာဥပမာရှိ သြဝါဒဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ ပန၊ ချဲ့ဦးအံ့။ ဣမေသု စတူသု အာဟာရေသု၊ ဤလေးပါးသော အာဟာရတို့တွင်။ အသိတပီတခါယိတသာယိတပ္ပဘေဒေါ၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အပြားရှိသော။ ကဗဠီကာရော အာဟာရော၀၊ ကဗဠီကာရအာဟာရကိုသာလျှင်။ ဣမသ္မိံ အတ္ထေ၊ ဤအနက်၌။ ဝါ၊ ဤအရာ၌။ အာဟာရောတိ၊ အာဟာရ ဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ တသ္မိံ အာဟာရေ၊ ထိုကဗဠီကာရ-အာဟာရ၌။ ပဋိက္ကူလာကာရဂ္ဂဟဏဝသေန၊ စက်ဆုပ်ဖွယ်ကို ယူသည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နာ သညာ၊ ဖြစ်သော အမှတ်သညာသည်။ အာဟာရေ ပဋိက္ကူလသညာ၊ အာဟာရေ ပဋိက္ကူလသညာမည်၏။

တံ အာဟာရေ ပဋိက္ကူလသညံ၊ ထို အာဟာရေ ပဋိက္ကူလသညာကို။ ဘာဝေတုကာမေန၊ ပွားစေလိုသော ယောဂီသည်။ ကမ္မဋ္ဌာနံ ဥဂ္ဂဟေတွာ၊ အာဟာရေ ပဋိက္ကူလ-ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင်။ ဥဂ္ဂဟတော၊ သင်ယူခဲ့သော ရှုပုံ-မှတ်ပုံမှ။ ဧကပဒမ္ပိ အဝိရဇ္ဈန္တေန၊ တစ်ပုဒ်-တစ်စိတ်မျှကိုသော်လည်း မချွတ်ယွင်းစေပဲ။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ ပဋိသလ္လီနေန၊ အပြင်အပအာရုံများမှ ဖဲခွာလျက် ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍။ အသိတပီတခါယိတသာယိတပ္ပဘေဒေ၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အပြားရှိသော။ ကဗဠီကာရာဟာရေ၊ ကဗဠီကာရ အာဟာရ၌။ ဒသဟိ အာကာရေဟိ၊ ဆယ်ပါးသော အခြင်း.

အရာတို့ဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ရှိသည်၏အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ သေယျထိဒံ၊ ဆယ်ပါးတို့ဟူသည် အဘယ်သည်တို့နည်း။ ဂမနတော၊ သွားခြင်းအားဖြင့်လည်းကောင်း။ ပရိယေသနတော၊ ရှာမှီးခြင်းအားဖြင့်လည်းကောင်း။ ပရိဘောဂတော၊ သုံးဆောင်ခြင်းအားဖြင့်လည်းကောင်း။ အာသယတော၊ သည်းခြေ–စသော တည်ရာအားဖြင့်လည်းကောင်း။ နိဓာနတော၊ စုရုံးတည်ရာ အစာသစ်အိမ်အားဖြင့်လည်းကောင်း။ အပရိပက္ကတော၊ မကြေမကျက်သေးသောအားဖြင့် လည်းကောင်း။ ပရိပက္က–တော၊ ကြေကျက်ပြီးသောအားဖြင့် လည်းကောင်း။ ဖလတော၊ ပြီးစီးသောအကျိုးအားဖြင့်လည်းကောင်း။ နိဿန္ဒတော၊ ယိုထွက်သောအားဖြင့်လည်းကောင်း။ သမ္မက္ခနတော၊ လူးပေခြင်းအားဖြင့်လည်းကောင်း။ ဣတိ၊ ဤသည်တို့ပင်တည်း။

၂၉၅။ တတ္ထ၊ ထိုဆယ်ပါးတို့တွင်။ ဂမနဘောတိ၊ သွားခြင်းအားဖြင့် ဆင်ခြင်ပုံကား။ ဧဝံ မဟာနုဘာဝေ နာမ၊ ဤသို့ ကြီးမားသောအာနုဘော်ရှိသည် မည်သော။ သာသနေ၊ ဘုရားသာသနာတော်၌။ ပဗ္ဗဇိတေန၊ ရဟန်းကောင်းဖြစ်သော ပုဂ္ဂိုလ်သည်။ သကလရတ္တိံ၊ တစ်ညဉ့်ပတ်လုံး။ ဗုဒ္ဓဝစနံသဇ္ဈာယံ ဝါ ကတွာ၊ ဘုရားစကားတော်ကို ရွတ်ဆိုလျက်လည်းကောင်း။ သမဏဓမ္မံ ဝါ ကတွာ၊ ရဟန်းတရားကို အားထုတ်လျက်လည်းကောင်း။ ကာလဿေဝ ဝုဋ္ဌာယ၊ နံနက်စောစောကပင် ထ၍။ စေတိယင်္ဂဏ ဗောဓိယင်္ဂဏဝတ္တံ ကတွာ၊ စေတီရင်ပြင်ဝတ်, ဗောဓိရင်ပြင်ဝတ်ကို ပြုပြီးလျှင်။ ပါနီယံ၊ သောက်ရေကိုလည်းကောင်း။ ပရိဘောဇနီယံ သုံးဆောင်ရေကိုလည်းကောင်း။ ဥပဋ္ဌပေတွာ၊ တည်ထား၍။ (၃၃၇) ပရိဝေဏံ၊ ပရိဝုဏ်ခေါ် သီးသန့်ကျောင်းဝင်းငယ်ကို။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ သရီရံ ပဋိဇဂ္ဂိတွာ၊ ကိုယ်ကိုသုတ်သင်ပြီးလျှင်။ အာသနံ အာရုယှ၊ နေရာသို့တက်ထိုင်လျက်။ ဝီသတိံသ ဝါရေ၊ အကြိမ်နှစ်ဆယ်, သုံးဆယ်တိုင်တိုင်။ ကမ္မဋ္ဌာနံ မနသိကတွာ၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီးလျှင်။ ဥဋ္ဌာယ၊ ထိုင်နေရာမှ ထ၍။ ပတ္တစီဝရံ ဂဟေတွာ၊ သပိတ်သင်္ကန်းကို ယူပြီးလျှင်။ နိဇနသမ္ဗာဓာနိ၊ လူတို့နှင့်စပ်၍ ကျဉ်းမြောင်းခြင်းမရှိကုန်သော။ ပဝိဝေကသုခါနိ၊ ဆိတ်ငြိမ်ခြင်းနှင့်စပ်သော ချမ်းသာနှင့်လည်း ပြည့်စုံကုန်သော။ ဆာယူဒကသမ္ပန္နာနိ၊ အရိပ်, ရေနှင့် ပြည့်စုံကုန်သော။ သုစီနိ၊ စင်ကြယ်ကုန်သော။ သီတလာနိ၊ အေးမြကုန်သော။ ရမဏီယဘူမိဘာဂါနိ၊ နှလုံးမွေ့လျော်ဖွယ် မြေအဖို့ရှိကုန်သော။ တပေါဝနာနိ ပဟာယ၊ တောအရပ်ဟူသော ခြိုးခြံရာတောအရပ်တို့

ကို စွန့်ခဲ့၍။ အရိယံ၊ စင်ကြယ်ကောင်းမြတ်သော။ ဝိဝေကရတိံ၊ ဆိတ်ငြိမ်ခြင်း, ပျော်မွေ့ခြင်းကို။ အနုပေက္ခိတွာ၊ မငဲ့ကွက်မူ၍။ သုသာနဘတိမုခေန၊ သုသာန်သို့ ရှေးရှုသွားသော။ သိင်္ဂါလေန ဝိယ၊ မြေခွေးကဲ့သို့။ အာဟာရတ္ထာယ၊ အာဟာရအလို့ငှာ။ ဂါမာဘိမုခေန၊ ရွာသို့ရှေးရှုသဖြင့်။ ဂန္တဗ္ဗံ၊ သွားအပ်၏။

ဝေ၊ ဤသို့။ ဂစ္ဆတာ-ဂစ္ဆန္တေန၊ သွားသော ယောဂီသည်။ မဉ္စမှာ ဝါ၊ ညောင်စောင်းမှလည်းကောင်း။ ပီဌမှာ ဝါ၊ အင်းပျဉ်မှလည်းကောင်း။ ဩတရဏတော ပဋ္ဌာယ၊ ဆင်းသည်မှ စ၍။ ပါဒရဇ ဃရဂေါ်လိကဝစ္စာဒိသမ္ပရိကိဏ္ဏံ၊ ချေဖဝါးမြူမှုန့်, အိမ်မြှောင်ချေး-စသည်တို့ဖြင့် ပြွမ်းသော။ ပစ္စတ္ထရဏံ၊ အခင်း ကြမ်းပြင်ကို။ အက္ကမိတဗ္ဗံ ဟောတိ၊ နင်းရချေ၏။ တတော၊ ထို့နောင်။ အပေ့ကဒါ၊ တခါတရံ။ မူသိကဇတုကဝစ္စာဒီဟိ၊ ကြွက်ချေး-လင်းနို့ချေး စသည်တို့ဖြင့်။ ဥပဟတတ္တာ၊ လူးကပ်-ပျက်စီးနေသောကြောင့်။ အန္တောဂဗ္ဘတော၊ အတွင်းခမ်းထက်။ ပဋိက္ကူလတရံ၊ သာ၍စက်ဆုပ်ဖွယ်ကောင်းသော။ ပမုခံ၊ ကျောင်းဦးကြမ်းပြင်ကို။ ဒဋ္ဌဗ္ဗံ ဟောတိ၊ တွေ့မြင်ရချေ၏။ တတော၊ ထို့နောင်။ ဥလူကပါရာဝတာဒိဝစ္စသမ္မက္ခိတတ္တာ၊ ခင်ပုတ်, ခို့စသည်တို့၏ ချေးတို့ဖြင့် လိမ်းကျံ-လူးပေနေသောကြောင့်။ ဥပရိမတလတော၊ အထက်ထပ် အပြင်ထက်။ ပဋိက္ကူလတရံ၊ သာ၍စက်ဆုပ်ဖွယ်ကောင်းသော။ ဟေဋ္ဌိမတလံ၊ အောက်ထပ် အပြင်ကို။ ဒဋ္ဌဗ္ဗံ ဟောတိ၊ တွေ့မြင်ရချေ၏။ တတော၊ ထိုနောင်။ ကဒါစိ ကဒါစိ၊ ရံခါ ရံခါ။ ဝါတေရိတေဟိ၊ လေတိုက်သဖြင့် ကျရောက်ကုန်သော။ ပုရာဏတိဏပဏ္ဏေဟိ၊ မြက်, သစ်ရွက်ဟောင်းတို့ဖြင့်လည်းကောင်း။ ဂိလာနသာမဏေရာနံ၊ နာဖျားသော သာမဏေတို့၏။ မုတ္တကရီသခေဠသိင်္ဃာဏိကာဟိ၊ ကျင်ကြီး, ကျင်ငယ်, တံတွေး, နှပ်-တို့ဖြင့်လည်းကောင်း။ ဝဿကာလေ၊ မိုးအခါ၌။ ဥဒကစိက္ခလ္လာဒီဟိ စ၊ ရွှံ့, ညွန်, ရေတို့ဖြင့်လည်းကောင်း။ သံကိလိဋ္ဌတ္တာ၊ ညစ်ပေနေသောကြောင့်။ ဟေဋ္ဌိမတလတော၊ အောက်ထပ် အပြင်ထက်။ ပဋိက္ကူလတရံ၊ သာ၍စက်ဆုပ်ဖွယ် ကောင်းသော။ ပရိဝေဏံ၊ ပရိဝုဏ်ဝင်း မြေအပြင်ကို။ ဒဋ္ဌဗ္ဗံ ဟောတိ၊ တွေ့မြင်ရချေ၏။ ပရိဝေဏတော၊ ပရိဝုဏ်ထက်။ ပဋိက္ကူလတရာ၊ သာ၍ စက်ဆုပ်ဖွယ်ကောင်းသော။ ဝိဟာရရစ္ဆာ၊ ကျောင်းတိုက်လမ်းကို။ ဒဋ္ဌဗ္ဗာ ဟောတိ၊ တွေ့မြင်ရချေ၏။

ပန၊ အဖို့တပါးကား။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ ဗောဓိဉ္စ၊ ဗောဓိပင်ကိုလည်းကောင်း။ စေတိယဉ္စ၊ စေတီတော်ကိုလည်းကောင်း။ ဝန္ဒိတွာ၊ ရှိခိုး

ပြီးလျှင်။ ဝိတက္ကမာဠကေ၊ ဆွမ်းခံသွားမည့်အရပ်ကိုကြံစည်ရာ တန်ဆောင်း၌။ ဌိတေန၊ ရပ်တည်လျက်။ မုတ္တာရာသိ သဒိသံ၊ ပုလဲအစုနှင့်တူသော။ စေတိယင်္ဂဏံ၊ စေတီတော်ကို လည်းကောင်း။ မောရပိဉ္ဆကလာပမနောဟရံ၊ ဒေါင်းမြီးစည်းကဲ့သို့ နှလုံးကိုဆွဲဆောင်တတ်သော။ ဗောဓိဉ္စ၊ ဗောဓိပင်ကိုလည်းကောင်း။ ဒေဝဝိမာနသမ္ပတ္တိသဿိရိကံ၊ နတ်ဗိမာန်၏ ပြည့်စုံခြင်းကဲ့သို့ တင့်တယ်သည့် အသရေရှိသော။ သေနာသနဉ္စ၊ ကျောင်းကိုလည်းကောင်း။ အနပလောကေတွာ၊ မငဲ့မူ၍။ ဝါ၊ မငဲ့ပဲ။ ဝေရူပံ နာမ ရမဏီယံ၊ ဤသို့သော နှလုံးမွေ့လျော်ဖွယ်ကောင်းသော။ ပဒေသံ၊ တောကျောင်းအရပ်ကို။ ပိဋ္ဌိတော ကတွာ၊ ကျောပေးလျက်။ အာဟာရဟေတု၊ ဆွမ်းဟူသော`အကြောင်းကြောင့်။ ဂန္တဗ္ဗံ၊ သွားအပ်သည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့—ဟု။ ပက္ကမိတွာ၊ ထိုအရပ်မှ ဖဲခွာပြီးနောက်။ ဂါမမဂ္ဂံ၊ ရွာလမ်းသို့။ ပဋိပန္နေန၊ သွားသော ရဟန်းသည်။ ခါဏုကဏ္ဋကမဂ္ဂေါပိ၊ ငုတ်များ, ဆူးများရှိသော လမ်းကို သော်လည်းကောင်း။ ဥဒကဝေဂဘိန္နဝိသမမဂ္ဂေါပိ၊ ရေစီးအဟုန်ဖြင့် ပျက်စီး၍ မညီညွတ်သောလမ်းကိုလည်းကောင်း။ ဒဋ္ဌဗ္ဗော ဟောတိ၊ တွေ့မြင်ရချေ၏။

ဘတော၊ ထို့နောင်။ ဂဏ္ဍံ၊ အိုင်းအမာကို။ ပဋိစ္ဆာဒေန္တေန ဝိယ၊ ဖုံးလွှမ်းသကဲ့သို့။ နိဝါသနံ နိဝါသေတွာ၊ သင်းပိုင်ကိုပြင်ဝတ်၍။ ဝဏစောဠကံ၊ အမာလွှမ်းတဘက်ကို။ ဗန္ဓန္တေန ဝိယ၊ ဖွဲ့စည်းသကဲ့သို့။ ကာယဗန္ဓနံ ဗန္ဓိတွာ၊ ခါးပန်းကြိုးကို ဖွဲ့စည်းပြီးလျှင်။ အဋ္ဌိသင်္ဃာတံ၊ အရိုးစုကို။ ပဋိစ္ဆာဒေန္တေန ဝိယ၊ ဖုံးလွှမ်းသကဲ့သို့။ ဗီဝရံ ပါရုပိတွာ၊ ကေသီသင်္ကန်းကိုဝတ်ပြီးနောက်။ ဘေသဇ္ဇကပါလံ၊ ဆေးထည့်စရာ အိုးခြမ်းခွက်ကို။ နီဟရန္တေန ဝိယ၊ ထုတ်ဆောင်သကဲ့သို့။ ပတ္တံ နီဟရိတွာ၊ သပိတ်ကို အိတ်မှထုတ်၍။ ဂါမဒွါရသမီပံ ပါပုဏန္တေန၊ ရွာတံခါးအနီးသို့ ရောက်လျှင်။ ဟတ္ထိကုဏပ အဿကုဏပ ဂေါကုဏပ မဟိံသကုဏပ မနုဿကုဏပ အဟိကုဏပ ကုက္ကုရကုဏပါနိပိ၊ ဆင်ကောင်ပုပ်, မြင်းကောင်ပုပ်, နွားကောင်ပုပ်, ကျွဲကောင်ပုပ်, လူကောင်ပုပ်, မြွေကောင်ပုပ်, ခွေးကောင်ပုပ် တို့ကိုလည်း။ ဒဋ္ဌဗ္ဗာနိ ဘဝန္တိ၊ တွေ့မြင်ရသည် ဖြစ်ကုန်၏။ ကေလဉ္စ၊ သက်သက်လည်း။ ဒဋ္ဌဗ္ဗာနိ၊ မြင်အပ်ကုန်သည်။ နှ၊ မဟုတ်သေး။ ဃာနံ ပဋိဟနမာနော၊ နှာခေါင်းကို တိုက်ခိုက်လာသော။ နေသံ ဂန္ဓောပိ၊ ထိုအကောင်းပုပ်တို့၏ အနံ့ကိုလည်း။ အဓိဝါသေတဗ္ဗော ဟောတိ၊ သည်းခံရချေသေး၏။ တတော၊ ထို့နောင်။ ဂါမဒွါရေ ဌတွာ၊ ရွာတံခါး၌ ရပ်တန့်၍။ စဏ္ဍဟတ္ထိအဿာဒိပရိဿယပရိဝဇ္ဇနတ္ထံ၊ ဆင်ကြမ်း, မြင်းကြမ်း

အစရှိသော ဘေးကိုရှောင်ရန်။ ဂါမရစ္ဆာ၊ ရွာလမ်းတို့ကို။ ညြလောကေ-
တဗ္ဗာ ဟောန္တိ၊ ကြည့်အပ်ကုန်၏။

(၃၃၈) ဣတိ၊ ဤဆိုခဲ့သည့်အတိုင်း။ ပစ္စတ္တရဏာဒိအနေကကုဏပ-
ပရိယေသနံ၊ ကြမ်းပြင်အခင်းမှစ၍ များစွာသောအကောင်ပုပ် အဆုံးရှိ
သော။ ဧဝံ ပဋိက္ကူလံ၊ ဤဆက်ဆုပ်ဖွယ်အပေါင်းကို။ အာဟာရဟေတု၊
အာဟာရ–ဟူသော အကြောင်းကြောင့်။ အက္ကမိတဗ္ဗဉ္စ၊ နင်းရချေသည်။
ဒဋ္ဌဗ္ဗဉ္စ၊ တွေ့မြင်ရချေသည်။ ဃာယိတဗ္ဗဉ္စ၊ နမ်းရှူရချေသည်။ ဟောတိ၊
ဖြစ်၏။ ဘော၊ အိုး..အချင်းတို့။ အာဟာရော၊ အစာ–အာဟာရသည်။
အဟော ၇တ ပဋိက္ကူလောတိ၊ ဧြဪ စက်ဆုပ်ဖွယ် ကောင်းလေစွ
တကား...ဟူ။ ဧဝံ၊ ဤသို့။ ဂမနတော၊ သွားခြင်းအားဖြင့်။ ပဋိက္ကူလတာ၊
စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ဆင်ခြင်အပ်၏။ (၁)

. ၂၉၆။ ပရိယေသနတော၊ ရှာမှီးခြင်းအားဖြင့်။ ကထံ၊ အဘယ်သို့
ဆင်ခြင်သနည်း?ဟူမူ။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဂမနပဋိက္ကူလံ၊ သွား
ခြင်းဖြင့် စက်ဆုပ်ဖွယ်အပေါင်းကို။ အဓိဝါသေတွာပိ၊ သည်းခံခဲ့ပြီးလျှင်
လည်း။ ဂါမံ ပဝိဋ္ဌေန၊ ရွာသို့ဝင်သော။ သင်္ဃာဋိပါရုတေန၊ အစပ်အစပ်ရှိ
သောသင်္ကန်းကို ရုံလျက်။ ကပါလဟတ္ထေန၊ ခွက်လက်ဆွဲသဖြင့် တောင်းနေ
သော။ ကပဏမနုဿေန ဝိယ၊ ခိုကိုးရာမဲ့သော သူတောင်းစားကဲ့သို့။
ဃရပဋိပါဋိယာ၊ အိမ်စဉ်အတိုင်း။ ဂါမဝီထီသု၊ ရွာလမ်းမတို့၌။ စရိတဗ္ဗံ
ဟောတိ၊ လှည့်လည်သွားလာရချေ၏။ ယတ္ထ၊ အကြင် ရွာလမ်းမတို့၌။
ဝဿကာလေ၊ မိုးအခါမှာ။ အက္ကန္တအက္ကန္တဋ္ဌာနေ၊ နင်းမိတိုင်း နင်းမိတိုင်း
သော အရပ်၌။ ယာဝ ပိဏ္ဍိကမံသာပိ၊ ခြေသလုံးသားတိုင်အောင်လည်း။
ဥဒကစိက္ခလ္လေ၊ ရွံ့ညွန်ရေထဲ၌။ ပါဒါ၊ ခြေတို့သည်။ ပဝိသန္တိ၊ ကျွံနစ်ကုန်၏။
ဧကေန ဟတ္ထေန၊ လက်တစ်ဘက်ဖြင့်။ ပတ္တံ ဂဟေတဗ္ဗံ ဟောတိ၊ သပိတ်ကို
ကိုင်ရလေ၏။ ဧကေန အတ္ထေန၊ လက်တဘက်ဖြင့်။ စီဝရံ၊ သင်္ကန်းကို။
ဥက္ခိပိတဗ္ဗံ၊ မ ရ ချေ၏။ ဂိမှကာလေ၊ နွေအခါ၌။ ဝါတဝေဂေန၊ လေ
အဟုန်ကြောင့်။ သမုဋ္ဌိတေဟိ၊ လွင့်တက်ကုန်သော။ ပံသုတိဏရဇေဟိ၊ မြေ
မှုန့်, မြက်မှုန့်တို့ဖြင့်။ ဩကိဏ္ဏသရီရေန၊ ကိုယ်၌ ပြိုးပြွမ်း လူးပေလျက်။
စရိတဗ္ဗံ၊ လှည့်လည်ရချေ၏။ တံ တံ ဂေဟဒွါရံ ပတွာ၊ ထို ထို အိမ်တံခါး
သို့ ရောက်လျှင်။ မစ္ဆဓောဝနမံသဓောဝနတဏ္ဍုလဓောဝနခေဠသိင်္ဃာဏိကာ–
သုနခသူကရဝစ္စာဒီဟိ၊ သားငါးဆေးရည်, ဆံဆေးရည်, တံတွေး, နှပ်,
ခွေး ချေး, ဝက်ချေး–စသည်တို့နှင့်။ သမ္မိဿိတာနိ၊ ရောပြွမ်းကုန်လျက်။ ကိမိ–

ကုလာကုလာနိ၊ ပိုးလောက် အမျိုးမျိုးတို့ဖြင့် ရောပြွမ်းကုန်သော။ နီလမက္ခိကပရိကိဏ္ဏာနိ၊ ယင်မမဲရိုင်းတို့ဖြင့် တရှန်းရှန်းဖြစ်လျက်ရှိကုန်သော။ ဩဠိဂလ္လာနိ စေဝ၊ ရွံဖွယ်တို့ကိုလည်းကောင်း။ စန္ဒနိကဋ္ဌာနာနိ စ၊ အညစ်အကြေး, ရေပုပ်တို့စုန့်ပစ်ရာ တံစီးအိုင်တို့ကိုလည်းကောင်း။ ဒဋ္ဌဗ္ဗာနိ ဟောန္တိ၊ တွေ့မြင်ရချေကုန်၏။ အက္ကမိတဗ္ဗာနိပိ၊ နင်းလည်း နင်းရချေကုန်၏။ ယတော၊ အကြင်ရွံ့ဗွက်, တံစီးအိုင်တို့မှ။ တာ မက္ခိကာ၊ ထို ယင်ကောင်တို့သည်။ ဥဋ္ဌဟိတွာ၊ ပျံတက်ကုန်၍။ သင်္ဃာဋိယမ္ပိ၊ သင်္ကန်း၌လည်းကောင်း။ ပတ္တေပိ၊ သပိတ်၌လည်းကောင်း။ သီသေပိ၊ ဦးခေါင်း၌လည်းကောင်း။ နိလီယန္တိ၊ နားကုန်၏။

ဃရံ ပဝိဋ္ဌဿာပိ၊ အိမ်ထဲသို့ဝင်သော ယောဂီအားလည်း။ ကေစိ ဒေန္တိ၊ အချို့က လှူကုန်၏၊ ကေစိ န ဒေန္တိ၊ အချို့က မလှူကုန်။ ဒဒမာနာပိ၊ လှူကြကုန်သော်လည်း။ ကေစ္စေ၊ အချို့သောသူတို့သည်။ ဟိယ္ယော ပက္ကဘတ္တမ္ပိ၊ ယမန်နေ့က ချက်ထားသော ထမင်းကိုလည်းကောင်း။ ပုရာဏခဇ္ဇကမ္ပိ၊ ခဲဖွယ်အဟောင်းအမြင်းကို လည်းကောင်း။ ပူတိကုမ္မာသပူပါဒီနိ၊ ပုပ်သိုးသောဂျုံမုန့်, ဆံမုန့်တို့ကိုလည်း။ ဒဒန္တိ၊ ပေးလှူကုန်၏။ အဒဒမာနာပိ၊ မလှူသောသူတို့သည်လည်း။ ကေစိဒေဝ၊ အချို့ကသာလျှင်။ "အတိစ္ဆထ ဘန္တေ" တိ၊ ကျော်လွန်၍ အလိုရှိပါကုန်–ဘုရား။ ဝါ၊ ကန်တော့ဆွမ်းပါ–ဘုရား–ဟု။ ဝဒန္တိ၊ ဆိုကုန်၏။ ကေစိ ပန၊ အချို့က မူကား။ အပဿမာနာ ဝိယ၊ မမြင်ကုန်သကဲ့သို့။ တုဏှီ ဟောန္တိ၊ ဆိတ်ဆိတ်နေကုန်၏။ ကေစိ၊ အချို့တို့သည်။ ဝါ၊ အချို့တို့က။ အညေန မုခံ ကရောန္တိ၊ တခြားဘက်သို့ မျက်နှာလွှဲနေကုန်၏။ ကေစိ၊ အချို့သောသူတို့က။ "ဂစ္ဆ ရေ မုဏ္ဍကာ" တိ အာဒီဟိ၊ ဟေ့–ဖိုးကတုံး–သွား–ဤသို့အစရှိကုန်သော။ ဖရုသဝါစာဟိ သမုဒါစရန္တိ၊ ကြမ်းတမ်းသော စကားကိုဖြင့် ပြောဆိုကြကုန်၏။ ဧဝံ၊ ဤပုံ ဤနည်းဖြင့်။ ကပဏမနုဿေန ဝိယ၊ ခိုကိုးရာမဲ့ သူတောင်းစားကဲ့သို့။ ဂါမေ၊ ရွာ၌။ ပိဏ္ဍာယ စရိတွာ၊ ဆွမ်းရရေးအတွက် လှည့်လည်၍။ နိက္ခမိတဗ္ဗံ၊ ထွက်လာရချေ၏။

ဣစ္စေတံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဂါမပ္ပဝေသနတော ပဋ္ဌာယ၊ ရွာသို့ဝင်သည်မှ စ၍။ ယာဝ နိက္ခမနာ၊ ထွက်သည်တိုင်အောင်။ ဥဒကစိက္ခလ္လာဒိပဋိက္ကူလံ၊ ရွှံညွန်, ရေ–အစရှိသော စက်ဆုပ်ဖွယ်အပေါင်းကို။ အာဟာရဟေတု၊ အစာအာဟာရဟူသောအကြောင်းကြောင့်။ အက္ကမိတဗ္ဗဉ္စေဝ ဟောတိ၊ နင်းရချေသေး၏။ ဒဋ္ဌဗ္ဗဉ္စ ဟောတိ၊ တွေ့မြင်ရချေသေး၏။ အဓိဝါသိတဗ္ဗဉ္စ

ဟောတိ၊ သည်းခံရချေသေး၏။ ဘော၊ အို-အချင်းတို့။ အာဟာရော၊ အာဟာရ-သည်။ အဟော ဝတ ပဋိက္ကူလောတိ၊ ခြော်....စက်ဆုပ်ဖွယ် ကောင်းလေစွတကား....ဟု။ ဧဝံ၊ ဤသို့။ ပရိယေသနတော၊ ရှားမှီးခြင်း အားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိ-တဗ္ဗာ၊ ဆင်ခြင်အပ်ကုန်၏။ (၂)

၂၊ ၇။ ပရိဘောဂတော၊ သုံးဆောင်ခြင်းအားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း? ဟူမူ။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပရိယိဋ္ဌာဟာရေန၊ အစာအာဟာရကိုရှာခဲ့ပြီးသော ရဟန်းသည်။ ဗဟိဂါမေ၊ ရွာ၏အပြင်ဘက်၌။ ဖာသုကဋ္ဌာနေ၊ ချမ်းသာရာ အရပ်၌။ သုခနိသိန္နေန၊ ချမ်းသာစွာ ထိုင်လျက်။ တတ္တ၊ ထို အစာအာဟာရ၌။ ဟတ္ထံ၊ လက်ကို။ ယာဝ န ဩတာရေ-တိ၊ မချသေးမီ။ ဝါ၊ မနှိုက်သေးမီ။ တာဝ၊ ထိုမျှလောက်။ တထာရူပံ၊ ထိုသို့သောသဘောရှိသော။ ဝါ၊ ထိုသို့ဖိတ်သင့်သောသဘောရှိသော။ ဂရု-ဋ္ဌာနိယံ ဘိက္ခုံ ဝါ၊ အလေးအမြတ်ပြုထိုက်သည့် အရာ၌တည်သော ရဟန်းကို လည်းကောင်း။ ဝါ၊ ရဟန်းကိုဖြစ်စေ၊ လဇ္ဇိမနုဿံ၊ လဇ္ဇီသူတော်ကောင်း လူကိုလည်းကောင်း။ ဝါ၊ လူကိုဖြစ်စေ။ ဒိသွာ၊ တွေ့မြင်ရလျှင်။ နိမန္တေ-တုမ္ပိ၊ ဖိတ်မန့်ခြင်းငှာသော်လည်း။ သက္ကာ ဟောတိ၊ စွမ်းနိုင်ပေ၏။ ပန၊ သို့သော်လည်း။ ဘုဉ္ဇိတုကာမတာယ၊ စားလိုသဖြင့်။ တတ္တ၊ ဤ အာဟာရဆွမ်း၌။ ဟတ္တေ ဩတာရိတမတ္တေ၊ လက်ကို ချမိကာမျှ-နှိုက်မိကာမျှ၌ပင်လျှင်။ "ဂဏှထာ"တိ ခံယူတော်မူပါကုန်-ဟု။ (၃၃၉) ဝဒန္တေန၊ ဖိတ်မန့်ပြော ဆိုရလျှင်။ လဇ္ဇာတဗ္ဗံ ဟောတိ၊ ရှက်ဖွယ်ဖြစ်ချေတော့၏။ ဟတ္ထံ ဩတာ-ရေတွာ ပန၊ လက်ကိုချ၍ကား။ မဒ္ဒန္တဿ၊ ဆုပ်နယ်သောသူအား။ ပဉ္စင်္ဂုလိ-အနုသာရေန၊ လက်ငါးချောင်းမှ အစဉ်လျှောက်သဖြင့်။ သေဒေါ ပဂ္ဃရ-မာနော၊ ချွေးယိုထွက်လျက်။ သုက္ခထဒ္ဓဘတ္တမ္ပိ တေမေန္တော၊ ခြောက်သွေ့ ၍ ကြမ်းတမ်းသော ဆွမ်းကိုသော်လည်းစိုစွက်လျက်။ မုဒုံ ကရောတိ၊ နူးညံ့ စေ၏။

အထ၊ ထိုအခါ၌။ ပရိမဒ္ဒနမတ္တေနာပိ၊ ဆုပ်နယ်ကာမျှ ဖြင့်လည်း။ သမ္ဘိန္နသောဘေ၊ တင့်တယ်မှုပြက်သွားသော။ တသ္မိံ၊ ထို ဆွမ်းကို။ အာလောပံ ကတွာ၊ ဆွမ်းလုတ်ပြု၍။ မုခေ ဌပ်တေ၊ ခံတွင်း၌ထည့်လိုက်သည် ရှိသော်။ ဝါ၊ ထည့်လိုက်လျှင်။ ဟေဋ္ဌိမဒန္တာ၊ အောက်သွားတို့သည်။ ဥဒုက္ခလကိစ္စံ၊ ဆုံကိစ္စကို။ သာဓေန္တိ၊ ပြီးစေကြကုန်၏။ ဥပရိမာ၊ အထက်သွားတို့သည်။ မုသလကိစ္စံ၊ ကျည်ပွေ့ကစ္စကို။ သာဓေန္တိ၊ ပြီးစေကြကုန်၏။ ဇိဝှာ၊ လျှာ

သည်။ ဟတ္ထ ကိစ္စံ၊ လက်ကိစ္စကို။ သာဓေတိ၊ ပြီးစေ၏။ တတ္ထ၊ ထိုခံတွင်း၌။ တံ၊ ထိုဆွမ်းလုတ်သည်။ သုဝါနဒေါဏိယံ၊ ခွေးစားခွက်၌။ သုဝါနပိဏ္ဍံ ဣဝ၊ ခွေးစာထမင်းကဲ့သို့။ တံ၊ ထိုဆွမ်းလုတ်ကို။ ( လိုက်။) ဒန္တမုသလေဟိ၊ သွားတည်းဟူသော ကြည့်ပွေ့တို့ဖြင့်။ ကောဋ္ဋေတွာ၊ ထောင်းတု ကြိတ်ချေလျက်။ ဇိဝှာယ၊ လျှာဖြင့်။ သမ္ပရိဝတ္တိယမာနံ၊ ပြန်လှန်ပေးလျက်။ ဇိဝှဂ္ဂေ၊ လျှာဖျား၌။ တနုပသန္နခေဠေန၊ ကျဲသော–ကြည်သော တံတွေးသည်။ မက္ခေတိ၊ လိမ်းကျံ၏။ ဝေမဇ္ဈတော ပဋ္ဌာယ၊ လျှာအလယ်မှစ၍။ ဗဟလခေဠေန၊ ပြစ်ခဲ့သော တံတွေးသည်။ မက္ခေတိ၊ လူးလည်းစေ၏။ ဒန္တကဋ္ဌေန၊ ဒန်ပူသည်။ အသမ္ပတ္တဋ္ဌာနေ၊ မရောက်သေးသောအရပ်၌။ဒန္တဂူထကော၊ သွားချေးသည်။ မက္ခေတိ၊ လူးလည်းစေ၏။ ဇော၊ ဤ ဆိုခဲ့သည့်အတိုင်း။ ဝိစုဏ္ဏိတမက္ခိတော၊ ကြေညက်စေအပ်, လူးလည်းစေ အပ်ပြီးသော။ သော၊ ထို အစာအာဟာရသည်။တင်္ခဏညေဝ၊ ထိုခဏ၌ပင်လျှင်။ အန္တရဟိတဝဏ္ဏဂန္ဓသင်္ခါရဝိသေသော၊ကောင်းသောအဆင်း-အနံ့, ကောင်းမွန်စွာပြုပြင်ခြင်းအထူးရှိသည်ဖြစ်၍။ သုဝါနဒေါဏိယံ၊ ခွေးစားခွက်ထဲ၌။ဌိတသုဝါနဝမထုဝိယ၊ တည်သောခွေးအန်ဖတ်ကဲ့သို့။ ပရမဇေဂုစ္ဆဘာဝံ၊ အလွန် စက်ဆုပ်ဖွယ် ကောင်းသည်၏ အဖြစ်သို့။ ဥပဂစ္ဆတိ၊ ရောက်လေ၏။ ဧဝရူပေါပိ သမာနော၊ ဤသို့ စက်ဆုပ်ဖွယ်ဖြစ်ငြားသော်လည်း။ စက္ခုသ္သ၊မျက်စိအား။ အာပါထံ ဧ-တိတတ္တာ၊ ထင်ခြင်းကို လွန်သောကြောင့်။ အဇ္ဈောဟရိ–တဗ္ဗော ဟောတိတိ၊ မျိုရပေသည်–ဟူ။ ဧဝံ ဤသို့။ ပရိဘောဂတော၊ သုံးဆောင်ခြင်းအားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ရှိသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ (၃)

၂၉၀။ အာသယတော၊ တည်ရာ–အာသယအားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း? ဟူမူ။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပရိဘောဂံ၊ သုံးဆောင်–စားမျိုခြင်းသို့။ ဥပဂတော၊ ရောက်သော။ သော–သော၊ ထို အစာ အာဟာရသည်။ အန္တော ပဝိသမာနော၊ အတွင်းသို့ဝင်လတ်သည် ရှိသော်။ ဗုဒ္ဓပစ္စေကဗုဒ္ဓါနမ္ပိ၊ ဘုရား, ပစ္စေကဗုဒ္ဓါတို့အား သော်လည်းကောင်း။ စက္ကဝတ္တိဿ ရညောပိ၊ စကြဝတေးမင်းအား သော်လည်းကောင်း။ ပိတ္တသေမ္ဟပုဗ္ဗလောဟိတာသယေသု၊ သည်းခြေ, သလိပ်, ပြည်, သွေး–ဟူသော တည်ရာရှိကုန်သော။ စတူသု၊ လေးပါးတို့တွင်။ အညတရော အာသယော၊ တပါးပါးသော တည်ရာ–အာသယသည်။ ဟောတိယေဝ၊ ဖြစ်သည်သာတည်း။ မန္ဒပုညာနမ္ပန၊ ဘုန်ကံနည်းသောသူတို့အား မူကား။

စတ္တာရော အာသယာ၊ တည်ရာ-အာသယလေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ယဿ၊ အကြင်သူအား။ ပိတ္တာသယော၊ သည်းခြေအာသယသည်။ အဓိကော ဟောတိ၊ လွန်ကဲ၏။ တဿ၊ ထိုသူအား။ ဗဟလမဓုကတေလမက္ခိတော ဝိယ၊ ပြစ်ချွဲသော သစ်မည်စည်ဆီဖြင့် လိမ်းကျံထားသကဲ့သို့။ ပရမဇေဂုစ္ဆော ဟောတိ၊ အလွန်စက်ဆုပ်ဖွယ် ဖြစ်၏။ ယဿ၊ အကြင်သူအား။ သေမှာသယော၊ သလိပ်ဟူသော အာသယသည်။ အဓိကော ဟောတိ၊ လွန်ကဲ၏။ တဿ၊ ထိုသူအား။ နာဂဗလပဏ္ဏရသမက္ခိ-တော ဝိယ၊ ဝက်ချေးပန်ရွက်ရည်ဖြင့် လိမ်ကျံထားသကဲ့သို့။ ပရမဇေဂုစ္ဆော ဟောတိ၊ အလွန်စက်ဆုပ်ဖွယ်ဖြစ်၏။ ယဿ၊ အကြင်သူအား။ ပုဗ္ဗာသယော၊ ပြည်ဟူသော အာသယသည်။ အဓိကော ဟောတိ၊ လွန်ကဲ၏။ တဿ၊ ထိုသူအား။ ပူတိတက္ကမက္ခိတော ဝိယ၊ ရက်တက်ပုပ်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့။ ပရမဇေဂုစ္ဆော ဟောတိ၊ အလွန်စက်ဆုပ်ဖွယ်ဖြစ်၏။ ယဿ၊ အကြင်သူအား။ လောဟိတာသယော၊ သွေးဟူသော အာသယသည်။ အဓိကော ဟောတိ၊ လွန်ကဲ၏။ တဿ၊ ထိုသူအား။ ရဇနမက္ခိတော ဝိယ၊ ဆိုးရည်ဖြင့် လိမ်းကျံသကဲ့သို့။ ပရမဇေဂုစ္ဆော ဟောတိ၊ အလွန်စက်ဆုပ်ဖွယ်ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့။ အာသယတော၊ သည်းခြေ, သလိပ်, ပြည်, သွေး—ဟူသော တည်ရာ—အာသယအားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ရှိသည်၏အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ (၄)

၂၉၉။ နိဓာနတော၊ စုရှိတည်ရာ အစာသစ်အိမ်အားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း? ဟူမူ။ သော၊ စားမျိုလိုက်သော ထိုအစာသည်။ ဣမေသု စတူသု အာသယေသု၊ ဤ အာသယလေးပါးတို့တွင်။ အညတရေန အာသယေန၊ တပါးပါးသော အာသယဖြင့်။ မက္ခိတော၊ လိမ်းကျံလူးလည်းလျက်။ အန္တောဥဒရံ ပဝိသိတွာ၊ အစာသစ်အိမ်အတွင်းသို့ဝင်ပြီးလျှင်။ သုဝဏ္ဏဘာဇနေ၊ ရွှေခွက်၌။ နိဓာနံ၊ စုရှိတည်နေခြင်းသို့။ နေဝ ဂစ္ဆတိ။ မရောက်။ မဏိရဇတာဒိဘာဇနေသု၊ ပတ္တမြားခွက်, ငွေခွက်—စသည်တို့၌။ နိဓာနံ၊ စုရှိတည်နေခြင်းသို့။ န ဂစ္ဆတိ၊ မရောက်။ ပန၊ စင်စစ်သော်ကား။ ဒသဝဿိကေန၊ အသက်ဆယ်နှစ်ရှိသူသည်။ သစေ အဇ္ဈောဟရိယတိ၊ အကယ်၍ စားမျိုးလျှင်။ ဒသဝဿာနိ၊ ဆယ်နှစ်တို့ပတ်လုံး။ အဓောတဝစ္စကူပ-သဒိသေ၊ ဆေးကြောခြင်းမရှိသည့် ကျင်ကြီးတွင်းနှင့်တူသော။ ဩကာသေ၊ အရပ်၌။ ပတိဋ္ဌဟတိ၊ တည်နေလေ၏။ သစေ၊ အကယ်၍။ ဝီသ၊ တိံသ၊ စတ္တာလီသ၊ ပညာသ၊ သဋ္ဌိ၊ သတ္တတိ၊ အသီတိ၊ နဝုတိဝဿိကေန၊ အသက်

အနှစ်နှစ်ဆယ်, သုံးဆယ်, လေးဆယ်, ငါးဆယ်, ခြောက်ဆယ်, ခုနစ်ဆယ်, ရှစ်ဆယ်, ကိုးဆယ်-ရှိသူသည်။ သစေ အဇ္ဈောဟရိယတိ၊ အကယ်၍ စားမျိုလျှင်။ သစေ၊ အကယ်၍။ ဝဿသတိကေန၊ အနှစ်တစ်ရာရှိသူသည်။ အဇ္ဈောဟရိယတိ၊ စားမျိုလျှင်။ ဝဿသတံ၊အနှစ်တစ်ရာပတ်လုံး။ (၃၄၀) အဓောတဝစ္စကူပသဒိသေ၊ ဆေးကြောခြင်းမရှိသည့် ကျင်းကြီးတွင်းနှင့်တူသော။ ဩကာသေ၊ အရပ်၌။ ပတိဋ္ဌဟတိတိ၊ တည်ရချေ၏-ဟု။ ဧဝံ၊ ဤသို့။ နိဓာနတော၊ စု၍တည်ရာ အစာသစ်အိမ်အားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ရှိသည်၏အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ (၅)

၃၀၀။ အပရိပက္ကတော၊ မကြေမကျက်သေးသောအားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ။ ဧဝရူပေ ဩကာသေ၊ ဤသို့သဘောရှိသော အရပ်၌။ နိဓာနံ ဥပဂတော၊ စု၍တည်နေခြင်းသို့ ရောက်သော။ သော ပန အယံ အာဟာရော၊ ထို ဆိုခဲ့သည့် ဤအစာအာဟာရသည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ အပရိပက္ကော ဟောတိ၊ မကြေမကျက်သေးသည် ဖြစ်၏။ တာဝ၊ ထိုမျှလောက်။ ယထာဝုတ္တပကာရေ၊ အကြင် ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ပရမန္ဓကာရတိမိသေ၊ အလွန်မှောင်မိုက်အတိဖြစ်နေသော။ နာနာကုဏပဂန္ဓဝါသိတပဝနဝိစရိတေ၊ အပုပ်နံ့အမျိုးမျိုးတို့ဖြင့် ထုံအပ်သော လေပုပ်တို့၏ သွားရာဖြစ်သော။ အတိဒုဂ္ဂန္ဓ-ဇေဂုစ္ဆေ၊ အလွန်မကောင်းသော အနံ့တို့ဖြင့် စက်ဆုပ်ဖွယ်ဖြစ်သော။ တသ္မိံ-ဩဝ ပဒေသေ၊ ထိုအစာသစ်အိမ်၌ပင်လျှင်။ ယထာ နာမ၊ ဥပမာဖြင့်ပြရလျှင်။ နိဒါဃေ၊ နွေရာသီ၌။ အကာလမေဃေ၊ အခါမဲ့မိုးကြီးသည်။ အဘိဝုဋ္ဌမှိ၊ ရွာသည်ရှိသော်။ စဏ္ဍာလဂါမဒွါရအာဝါဋေ၊ ဒွန်းစဏ္ဍားရွာတံခါးဝရှိ ကျင်းချိုင့်၌။ ပတိတာနိ၊ ကျရောက်နေကုန်သော။ တိဏပဏ္ဏကိလဉ္စခဏ္ဍ-အဟိကုက္ကုရမနုဿကုဏပါဒီနိ၊ မြက်, သစ်ရွက်, ဖျာစုတ်, မြွေကောင်ပုပ်, ခွေးကောင်းပုပ်, လူကောင်ပုပ်-စသည်တို့သည်။ သူရိယာတပေန၊ နေပူကြောင့်။ သန္တတ္တာနိ၊ ပူလောင်ခံရကုန်သည်ဖြစ်၍။ ဖေဏပုပ္ဖုဠကာစိတာနိ၊ အမြှုပ်-အပွက် တစီစီတက်ကုန်လျက်။ တိဋ္ဌန္တိ ယထာ၊ တည်ကုန်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ တံ ဒိဝသံ၊ ထိုနေ့၌။ အဇ္ဈောဟတောပိ၊ စားမျိုအပ်သော အစာသည်လည်းကောင်း။ ဟိယျော၊ ယမန်နေ့က။ အဇ္ဈောဟတော-ပိ၊ စားမျိုအပ်သောအစာသည် လည်းကောင်း။ တတော၊ ထိုထက်၊ ပုရိမေ ဒိဝသေ၊ ရှေးကျသောနေ့၌။ ဝါ၊ ယမန်တနေ့က။ အဇ္ဈောဟတော ပိ၊ စားမျိုအပ်သောအစာသည် လည်းကောင်း။ သဗ္ဗော၊ အလုံးစုံပင်။ ဧကတော

ဟုတ္ဝာ၊ တပေါင်းတည်းဖြစ်၍။ သေမ္ပဥလပရိယောနဒ္ဓေါ၊ သလိပ်အပြင်က မြှေးယှက် ဖုံးအုပ်လျက်။ ကာယဂ္ဂိသန္တာပကုထိတကုထနသဥ္စာတ ဖေဏပုပ္ဖုဠဒ္ဓ-ကာစိတော၊ ဝမ်းမီးအပူရှိန်—တေဇောဓာတ်က ကျိုက်ကျိုက်ဆူအောင် ပူလောင်စေခြင်းကြောင့်ဖြစ်သည့် အမြှုပ် အပွက်များ တစီစီတက်ခြင်းရှိသည် ဖြစ်၍။ပရမဇေဂုစ္ဆဘာဝံ ဥပဂန္တွာ၊ အလွန်စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်သို့ ရောက်လျက်။ တိဋ္ဌတီတိ၊ တည်နေရလေ၏—ဟူ။ ဇဝံ၊ ဤသို့။ အပရိ—ပက္ကတော၊ မကြေမကျက်သေးသော အားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ် ကောင်းသည့်အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ (၆)

၃၀၁။ ပရိပက္ကတော၊ ကြေကျက်ပြီးသောအားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ။ သော၊ အစာသစ်အိမ်၌တည်သော ထိုအစာသည်။ တတ္ထကာယဂ္ဂိနာ၊ လောလောပူသော ဝမ်းမီးဖြင့်။ ပရိပက္ကောသမာနော၊ ကြေကျက်ပြီးလတ်သော်။ သုဝဏ္ဏရဇတာဒိဓာတုယော ဝိယ၊ ရွှေ,ငွေ-စသည် ထွက်သော ကျောက်ဓာတ်တို့ကဲ့သို့။ သုဝဏ္ဏရဇတာဒိဘာဝံ၊ ရွှေ, ငွေ-စသည် အဖြစ်သို့။ န ဥပဂစ္ဆတိ၊ ရောက်သည်ကား မဟုတ်ပေ။ ပန၊ စင်စစ် သော်ကား။ ဖေဏပုပ္ဖုဠဒ္ဓကော၊ အမြှုပ်—အပွက်တို့ကို။ မုဉ္စန္တော၊ ထစေလျက်။ သဏှကရဏိယံ၊ အမှုန့်ကြိတ်ရာ ကျောက်အပြင်၌။ ပိသိတွာ၊ ကြိတ်ပြီးလျှင်။ နာဠိကော၊ ကျည်တောက်ငယ်၌။ ပက္ခိတ္တပဏ္ဍုမတ္တိကာ ဝိယ၊ ဝါဖျော့ဖျော့ မြေညက် ကဲ့သို့။ ကရီသဘာဝံ ဥပဂန္တွာ၊ ကျင်ကြီးအဖြစ်သို့ ရောက်၍။ ပက္ကာသယဉ္စ၊ အစာဟောင်းအိမ်ကို လည်းကောင်း။ ပူရေတိ၊ ပြည့်စေ၏။ မုတ္တဘာဝံ ဥပဂန္တွာ၊ ကျင်ငယ်အဖြစ်သို့ရောက်၍။ မုတ္တဝတ္ထိဉ္စ၊ ဆီးအိမ် စည်ဖောင်းကိုလည်း။ ပူရေတီတိ၊ ပြည့်စေ၏-ဟူ။ ဇဝံ၊ ဤသို့။ ပရိပက္ကတော၊ ကြေကျက်ပြီးသောအားဖြင့်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ (၇)

၃၀၂။ ဖလတော၊ ပြီးစီးသော အကျိုးအားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ။ အယံ၊ ဤဆိုခဲ့ပြီးသော အစာသည်။ သမ္မာ ပရိ—ပစ္စမာနော စ၊ ကောင်းစွာ ကြေကျက်လျက်ပင်။ ကေသ လောမ နခ ဒန္တာ-ဒီနိ၊ ဆံပင်, အမွေး, လက်သည်း-ခြေသည်း, သွား-အစရှိ ကုန်သော။ နာနာကုဏပါနိ၊ အမျိုးမျိုးသော အပုပ်အစုတို့ကို။ နိပ္ဖါဒေတိ၊ ပြီးစေ၏။ အသမ္မာပရိပစ္စမာနော၊ ကောင်းစွာမကြေကျက်လျှင်။ ဒဒ္ဒုကဏ္ဍုကစ္ဆုကုဋ္ဌ-ကိလာသသောသကာသတိသာရပ္ပဘုတီနိ၊ ပွေးနာ,ယားနာ, ဝဲနာ, နူနာ,ညှင်းနာ, ကုတ်ဟီးခေါ်သည့်မြစ်ခြောက်နာ,ချောင်းဆိုးနာ,ဝမ်းသွေးသွန်နာ-အစ

ရှိကုန်သော။ ရောဂသတာနိ၊ အရာမက များစွာသောအနာတို့ကို။နိပ္ဖါဒေတိ၊ ပြီးစေ၏။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုအစာ၏။ ဖလန္တိ၊ ပြီးစီးသော အကျိုးဖြစ်ချေ၏—ဟု။ ဧဝံ၊ ဤသို့။ ဖလတော၊ ပြီးစီးသောအကျိုးအားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ။ ဆင်ခြင်အပ်ပေ၏။ (ဂ)

၃၀၃။ နိဿန္ဒတော၊ ယိုထွက်ခြင်းအားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ။ အဇ္ဈောဟရိယမာနော၊ စားမျိုးအပ်သော။ သေသော၊ ဤအစာသည်။ ဧကေန ဒွါရေန၊ တစ်ခုသော ပါးစပ်ပေါက်ဖြင့်။ ပဝိသိတွာ၊ ဝင်ပြီးလျှင်။ နိဿန္ဒမာနော၊ ယိုထွက်သောအခါ။ အက္ခိမှာ၊ မျက်စိမှ။ အက္ခိဂူထကော၊ မျက်ချေးဖြစ်လျက်။ ကဏ္ဏမှာ၊ နားမှ။ ကဏ္ဏ—ဂူထကော၊ နားဖာချေးဖြစ်လျက်။ ဣတိအာဒိနာ ပကာရေန၊ ဤသို့အစရှိသော အပြားအားဖြင့်။ အနေကေဟိ ဒွါရေဟိ၊ များစွာကုန်သော အပေါက်တို့မှ။ နိဿန္ဒတိ၊ ယိုထွက်၏။ စ၊ ထို့အပြင်။ အဇ္ဈောဟရဏ-သမယေ၊ စားသောအခါ၌။သေ· သော၊ဤအစာကို။ မဟာပရိဝါရေနာပိ၊ များစွာသော အခြံအရံနှင့်တကွလည်း။ အဇ္ဈောဟရိယတိ၊ စားရပေ၏။ နိဿန္ဒနသမယေ၊ ယိုထွက်သောအခါ၌။ ဥစ္စာရပဿာဝါဒိဘာဝံ ဥပဂတော၊ ကျင်ကြီး, ကျင်ငယ်-စသည်အဖြစ်သို့ ရောက်သွားသော ဤအစာကို။ ဧကေ—ကေနေဝ၊ တစ်ယောက်ထီးတည်းသာလျှင်။ နီဟရိယတိ၊ စွန့်ထုတ်ရပေ၏။ (၃၄၁) စ၊ ထိုမှတပါး။ နံ၊ ထိုအစာကို။ ပဌမဒိဝသေ၊ ပထမနေ့၌။ ပရိဘုဉ္ဇန္တော၊ စားစဉ်မှာပင်။ ဥဒဂ္ဂုဒဂ္ဂေါပိ၊ အလွန်တက်ကြွကာ။ ပီတိ—သောမနဿဇာတော၊ ပီတိ–သောမနဿ ဖြစ်လျက်။ ဟဋ္ဌပဟဋ္ဌောပိ၊ အလွန်ရွှင်လန်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုတိယဒိဝသေ၊ ဒုတိယနေ့၌။ နိဿန္ဒေန္တော၊ ယိုထွက်သောအခါမှာမူ။ ဇေဂုစ္ဆီ၊ ရွံရှာ–စက်ဆုပ်အပ်သည်ဖြစ်၍။ မင်္ကုဘူတော၊ နှုတ်လုံးမသာဖြစ်ကာ။ ဝိလဇ္ဇိတမုခေါ၊ မျက်နှာ နှုံးလျက်။ ပိဟိတနာသိကော၊ နှာခေါင်းပိတ်၍။ နိဿန္ဒေ၊ စွန့်ထုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ စ၊ ထို့အပြင်။ ပဌမဒိဝသေ၊ ပထမနေ့၌။ နံ၊ ထိုအစာကို။ ရတ္တော၊ တပ်မက်သည်ဖြစ်၍။ ဂိဒ္ဓေါ၊ မက်မောသည်ဖြစ်၍။ ဂဓိတော၊ စွဲလန်းလျက်။ မုစ္ဆိတော၊ မိန်းမောလျက်။ အဇ္ဈောဟရိတွာ၊ စားမျိုခဲ့သော်လည်း။ ဧကရတ္တိဝါသေန၊ တစ်ညဉ့်မျှလွန်သဖြင့်။ ဒုတိယ—ဒိဝသေ၊ ဒုတိယနေ့၌။ ဝိရတ္တော၊ တပ်မက်ခြင်းမရှိတော့ပဲ။ အဋ္ဋီယမာနော၊ အနှိပ်စက်ခံရသလိုပင် မခံသာသည်ဖြစ်၍။ ဟရာယမာနော၊ ရှက်နိုးသည်ဖြစ်

၍။ ဇိဂုစ္ဆမာနော၊ စက်ဆုပ်—ရွံရှာလျက်။ နီဟရတိ၊ စွန့်ထုတ်ရလေ၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ (စတ္တာရော ဂါထာ၊ အောက်ပါ လေးဂါထာတို့ကို။-ထည့်။) အာဟု၊ မိန့်ဆိုကြကုန်၏။—

"အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဥ္စ မဟာရဟံ။
ဧကဒွါရေန ပဝိသိတွာ၊ နဝဒွါရေဟိ သန္ဒတိ။"

မဟာရဟံ၊ မြင့်မြတ်သောသူတို့အား ထိုက်တန်သော။ အန္နံ၊ ထမင်းသည်လည်းကောင်း။ ပါနံ၊ အဖျော်သည်လည်းကောင်း။ ခါဒနီယံ၊ ခဲဖွယ်သည်လည်းကောင်း။ ဘောဇနဥ္စ၊ စားဖွယ်—ဘောဇဉ်သည်လည်းကောင်း။ ဧကဒွါရေန၊ တစ်ပေါက်သော ဒွါရဖြင့်။ ပဝိသိတွာ၊ ဝင်၍။ နဝဒွါရေဟိ၊ ကိုးပေါက်သော ဒွါရတို့မှ။ သန္ဒတိ၊ ယိုစီး—ထွက်သွားလေသတည်း။

"အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဥ္စ မဟာရဟံ။
ဘုဉ္ဇတိ သပရိဝါရော၊ နိက္ခာမေန္တော နိလီယတိ။"

မဟာရဟံ၊ မြင့်မြတ်သောသူတို့အား ထိုက်တန်သော။ အန္နံ၊ ထမင်းကိုလည်းကောင်း။ ပါနံ၊ အဖျော်ကိုလည်းကောင်း။ ခါဒနီယံ၊ ခဲဖွယ်ကိုလည်းကောင်း။ ဘောဇနဥ္စ၊ စားဖွယ်—ဘောဇဉ်ကိုလည်းကောင်း။ သပရိဝါရော၊ အခြံအရံများနှင့်တကွ။ ဘုဉ္ဇတိ၊ စား၏။ နိက္ခာမေန္တော၊ ထွက်စေလတ်သော်။ ဝါ၊ စွန့်ပစ်လတ်သော်။ နိလီယတိ၊ သူတပါးမမြင်ရအောင် ပုန်းကွယ်လျက် စွန့်ရချေ၏။

"အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဥ္စ မဟာရဟံ။
ဘုဉ္ဇတိ အဘိနန္ဒန္တော၊ နိက္ခာမေန္တော ဇိဂုစ္ဆတိ။"

မဟာရဟံ၊ မြင့်မြတ်သောသူတို့အား ထိုက်တန်သော။ အန္နံ၊ ထမင်းကိုလည်းကောင်း။ ပါနံ၊ အဖျော်ကိုလည်းကောင်း။ ခါဒနီယံ၊ ခဲဖွယ်ကိုလည်းကောင်း။ ဘောဇနဥ္စ၊ စားဖွယ် ဘောဇဉ်ကိုလည်းကောင်း။ အဘိနန္ဒန္တော၊ နှစ်သက် ဝမ်းမြောက်လျက်။ ဘုဉ္ဇတိ၊ စား၏။ နိက္ခာမေန္တော၊ ထွက်စေလတ်သော်။ ဝါ၊ စွန့်ပစ်လတ်သော်။ ဇိဂုစ္ဆတိ၊ စက်ဆုပ်၏။

"အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဥ္စ မဟာရဟံ။
ဧကရတ္တိပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိက" န္တိ။

မဟာရဟံ၊ မြင့်မြတ်သောသူတို့အား ထိုက်တန်သော။ အန္နံ၊ ထမင်းသည်လည်းကောင်း။ ပါနံ၊ အဖျော်သည်လည်းကောင်း။ ခါဒနီယံ၊ ခဲဖွယ်သည်

လည်းကောင်း။ ဘောဇနဥ္စ၊ စားဖွယ်-ဘောဇဉ်သည် လည်းကောင်း။ ကေ-ရတ္တံ ပရိဝါသာ၊ တစ်ညဉ့်မျှ အောင်းနေခြင်းဖြင့်။ သဗ္ဗံ၊ အလုံးစုံပင်။ ပူတိကံ၊ ပုပ်သည်။ ဘဝတိ၊ ဖြစ်လေတော့၏။

(အရကျက်လိုသူတို့အလို့ငှာ ဂါထာပါဠိပါ ထည့်ရေးလိုက်သည်။)

ဝေံ၊ ဤသို့။ နိယာန္တတော၊ ယိုထွက်ခြင်းအားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ရှိသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ (၉)

၃၀၄။ သမ္မက္ခနတော၊ လိမ်းကျံသောအားဖြင့်။ ကထံ၊ အဘယ်သို့ ဆင်ခြင်သနည်း?ဟူမူကား။ သေ-သော၊ ဤ အစာအာဟာရသည်။ ပရိဘောဂကာလေပိ၊ သုံးဆောင်စဉ်ကာလ၌လည်း။ ဟတ္ထဩဋ္ဌဇိဝှာတာလူနိ၊ လက်, နှုတ်ခမ်း, လျှာ, အာခေါင်-တို့ကို။ သမ္မက္ခေတိ၊ လူးပေ၏။ တေန၊ ထို အစာအာဟာရသည်။ သမ္မက္ခိတတ္တာ၊ လူးပေသောကြောင့်။ တာနိ၊ ထို လက်, နှုတ်ခမ်း, လျှာ, အာခေါင်-တို့သည်။ ပဋိက္ကူလာနိ ဟောန္တိ၊ စက်ဆုပ်ဖွယ်ဖြစ်ကုန်၏။ ယာနိ၊ အကြင် လက်·စသည်တို့ကို။ ဓောတာနိပိ၊ ဆေးကြောပြီးဖြစ်သော်လည်း။ ဂန္ဓဟရဏတ္ထံ၊ အနံ့ပျောက်စေရန် အကျိုးငှာ။ ပုနပ္ပုနံ၊ အထပ်ထပ်။ ဓောဝိတဗ္ဗာနိ ဟောန္တိ၊ ဆေးကြောအပ်ကုန်၏။ ပရိဘုတ္တော သမာနော၊ သုံးဆောင်လိုက်သော အာဟာရသည်။ ယထာ နာမ၊ ဥပမာအားဖြင့် ပြရလျှင်။ ဩဒနေ ပစ္စမာနေ၊ ထမင်းချက်လတ်သော်။ ထုသကဏကုဏ္ဍကာဒီနိ၊ ဖွဲကြမ်း, ဖွဲနု, ဆန်ကွဲ စသည်တို့သည်။ ဥတ္တရိတွာ၊ ဝေတက်၍။ ဥက္ခလိမုခဝဋ္ဋ ပိဓာနိယော၊ ထမင်းအိုး၏ နှုတ်ခမ်းရေးနှင့် အဖုံးတို့ကို။ မက္ခန္တိ ယထာ၊ လူးပေကုန်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ သကလသရီရာနုဂတေန၊ တကိုယ်လုံးသို့ အစဉ်လျှောက်သော။ ကာယဂ္ဂိနာ၊ ဝမ်းမီးဖြင့်။ ဖေဏုဒ္ဒေဟကံ၊ အမြှုပ်ထ-စေလျက်။ ပစ္စိတွာ၊ ကြေကျက်ကာ။ ဥဒ္ဓရမာနော၊ ဝေတက်၍။ ဒန္တေ၊ သွားတို့ကို။ ဒန္တမလဘာဝေန၊ သွားချေးအဖြစ်ဖြင့်။ သမ္မက္ခေတိ၊ လူးပေ၏။ ဇိဝှာတာလုပ္ပဘုတီနိ၊ လျှာ, အာခေါင်—စသည်တို့ကို။ ခေဠသေမှာဒိဘာဝေန၊ တံတွေး, သလိပ်—စသည်၏ အဖြစ်ဖြင့်။ သမ္မက္ခေတိ၊ လူးပေ၏။ အက္ခိကဏ္ဏနာသအဓော-မဂ္ဂါဒိကေ၊ မျက်စိ, နား, နှာခေါင်း, အောက်မဂ်-စသည်တို့ကို။ အက္ခိ-ဂူထက ကဏ္ဏဂူထက သိင်္ဃာဏိကာ မုတ္တ ကရီသာဒိဘာဝေန၊ မျက်ချေး, နဖားချေး, နှပ်, ကျင်ငယ်, ကျင်ကြီး-စသည်တို့ဖြင့်။ သမ္မက္ခေတိ၊ လိမ်းကျံ၏။ ယေန၊ အကြင် သွားချေး-စသည်ဖြင့်။ သမ္မက္ခိတာနိ၊ လူးပေနေကုန်

သော။ ဋ္ဌမာနိ ဒွါရာနိ၊ ဤဒွါရပေါက်တို့သည်။ ဒိဝသေ ဒိဝသေ၊ နေ့စဉ် နေ့တိုင်း။ ဓောဝိယမာနာနိပိ၊ ဆေးကြောပါကုန်သော်လည်း။ နေဝ သုစီနိ၊ မစင်ကြယ်ကြကုန်။ မနောရမာနိ၊ နှလုံးမွေ့လျော်ဖွယ်တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ယေသု၊ အကြင် ဒွါရတို့တွင်။ ကေစိ၊ အချို့ဒွါရကို။ ဓောဝိတွာ၊ ဆေးကြောပြီးလျှင်။ ဟတ္ထော၊ လက်ကို။ ဥဒကေန၊ ရေဖြင့်။ ပုန၊ တဖန်။ ဓောဝိတဗ္ဗော ဟောတိ၊ ဆေးကြောအပ်သည်ဖြစ်၏။ ကေစိ ဓောဝိတွာ၊ အချို့ဒွါရကို ဆေးကြောပြီးလျှင်။ ဂေါမယေနပိ၊ နွားချေးပြာဖြင့်လည်းကောင်း။ မတ္တိကာယပိ၊ မြေညက်ဖြင့်လည်းကောင်း။ ဂန္ဓစုဏ္ဏေနပိ၊ နံ့သာမှုန့်ဖြင့်လည်းကောင်း။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ်, သုံးကြိမ်။ ဓောဝတောပိ၊ ဆေးကြောသော်လည်း။ ပါဋိကုလျတာ၊ စက်ဆုပ်ဖွယ်၏ အဖြစ်သည်။ န ဝိဂစ္ဆတိ၊ မကင်းပျောက်ပဲ ရှိ၏။ (ဤဝါကျ၌ န-ပဋိသေဓ ပျောက်နေ၏။) ဣတိ ဧဝံ၊ ဤသို့။ သမ္မက္ခနတော၊ လူးပေသောအားဖြင့်။ ပဋိက္ကူလတာ၊ စက်ဆုပ်ဖွယ်ရှိသည်၏ အဖြစ်ကို။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်အပ်၏။ (၁၀)

(၃၄၂) ၃၀၅။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဒသဟိ အာကာရေဟိ၊ ဆယ်ပါးသော အခြင်းရာတို့ဖြင့်။ ပဋိက္ကူလတံ၊ စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီအား။ တက္ကာဟတံ တက္ကာဟတံ ကရောန္တဿ၊ ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန်နှလုံးသွင်းခြင်းကို ပြုသည်ရှိသော်။ ကဗဠီကာရာဟာရော၊ အလုတ်အလွေးပြု၍ စားအပ်သောအာဟာရသည်။ ပဋိက္ကူလာကာရဝသေန၊ စက်ဆုပ်ဖွယ်အခြင်းအရာ၏ အစွမ်းအားဖြင့်။ ပါကဋော ဟောတိ၊ ထင်ရှားဖြစ်ပေါ်လာလေ၏။ သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထို စက်ဆုပ်ဖွယ်နိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်ဖန်။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားစေ၏။ ဗဟုလီကရောတိ၊ အကြိမ်များစွာပြု၏။ ဧဝံ ကရောတော၊ ဤသို့ ပြုနေသော။ တဿ၊ ထိုယောဂီအား။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။ ကဗဠီကာရာဟာရဿ၊ ကဗဠီကာရ အာဟာရ၏။ သဘာဝဓမ္မတာယ၊ သဘာဝဓမ္မ အားဖြင့်။ ဂမ္ဘီရတ္တာ၊ နက်နဲသောကြောင့်။ အပ္ပနံ၊ အပ္ပနာသို့။ အပ္ပတ္တေန၊ မရောက်သေးသော။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓ်ဖြင့်။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ ကောင်းစွာတည်ကြည်၏။ ပန၊ သို့သော်လည်း။ တတ္ထ၊ ဤကမ္မဋ္ဌာန်း၌။ ပဋိက္ကူလာကာရဂ္ဂဟဏဝသေန၊ စက်ဆုပ်ဖွယ်အခြင်းရာကို

ယူသည့်၏အစွမ်းအားဖြင့်။ သညာ၊ အမှတ်-သညာသည်။ ပါကဋာ ဟောတိ၊ ထင်ရှားဖြစ်လေ၏။ တဿာ၊ ထို့ကြောင့်။ ဣမံ ကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းသည်။ အာဟာရေ ပဋိက္ကူလသညာ ဣစ္စေဝ၊ အာဟာရေ ပဋိက္ကူလသညာဟူ၍သာလျှင်။ သင်္ခံ၊ ရေတွက် ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပေ၏။

ပန။ အကျိုးကိုပြဆိုဦးအံ့။ ဣမဉ္စ အာဟာရေ ပဋိက္ကူလသညံ၊ ဤအာဟာရေ ပဋိက္ကူလသညာ-ကို။ အနုယုတ္တဿ ဘိက္ခုနော၊ အားထုတ်သော ရဟန်းအား။ ရသတဏှာယ၊ ရသတဏှာမှ။ စိတ္တံ၊ စိတ်သည်။ ပတိ-လီယတိ၊ တွန့်၏။ ပတိကုဋတိ၊ ဆုတ်၏။ ပတိဝဋ္ဋတိ၊ နစ်၏။ ကန္တာရနိတ္ထရ-ဏတ္ထိကော၊ ခရီးခဲကို ကျော်လွန်လိုသော။ သော၊ ထိုသူသည်။ ပုတ္တမံသံ၊ သား၏အသားဖြစ်သော။ အာဟာရံ။ အာဟာရကို။ ဝိဂတမဒေါ၊ မာန်ရစ်ခြင်းမရှိပဲ။ အာဟာရေတိ ဝိယ၊ စားသုံးသကဲ့သို့။ သော၊ ထိုယောဂီသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဒုက္ခဿ နိတ္ထရဏတ္ထာယ၊ ဆင်းရဲမှ ထွက်မြောက်ရန်အလို့ငှာ။ အာဟာရံ အာဟာရေတိ၊ အာဟာရကို သုံးဆောင်၏။အထ၊ ထိုသို့ သုံးဆောင်လတ်သော်။ အဿ၊ ထိုယောဂီအား။ အပ္ပကသိရေ-နေဝ၊ ပင်ပန်းခြင်းမရှိပဲ လွယ်ကူစွာသာလျှင်။ ကဗဠီကာရာဟာရပရိညာ-မုခေန၊ ကဗဠီကာရာဟာရကို ပိုင်းခြား၍သိခြင်းကို ရှေ့သွားပြုသဖြင့်။ ပဉ္စ ကာမဂုဏိကော ရာဂေါ၊ ကာမဂုဏ်ငါးပါး၌ တပ်မက်သော-ရာဂသည်။ ပရိညံ ဂစ္ဆတိ၊ ပိုင်ခြား၍ သိအပ်သည်၏အဖြစ်သို့ ရောက်၏။ သော၊ ထိုယောဂီသည်။ ပဉ္စကာမဂုဏပရိညာမုခေန၊ ကာမဂုဏ်ငါးပါးကို ပိုင်းခြား၍ သိခြင်းကို ရှေ့သွားပြုသဖြင့်။ ရူပက္ခန္ဓံ ပရိဇာနာတိ၊ ရူပက္ခန္ဓာကို ပိုင်းခြား၍သိ၏။ စ၊ ထိုမှတပါး။ အပရိပက္ကာဒိ ပဋိက္ကူလဘာဝဝသေန၊ မကြေမကျက်သေးသော အစာ—စသည်၏ စက်ဆုပ်ဖွယ်အဖြစ်၏ အစွမ်းအားဖြင့်။ အဿ၊ ထိုယောဂီအား။ ကာယဂတာသတိဘာဝနာပိ၊ ကာယဂတာသတိဘာဝနာ သည်လည်း။ ပါရိပူရိံ ဂစ္ဆတိ၊ ထက်ဝန်းကျင် ပြည့်စုံခြင်းသို့ ရောက်၏။ အသုဘသညာယ၊ အသုဘသညာအား။ အနုလောမပဋိပဒံ၊ လျော်သောအကျင့်ကို။ ပဋိပန္နော ဟောတိ၊ ကျင့်သည်လည်း မည်ပေ၏။ ပန၊ အကျိုးကို ပြဆိုဦးအံ့။ ဣမံ ပဋိပတ္တိံ နိဿာယ၊ ဤအကျင့်ပဋိပတ်ကို မှီ၍။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ အမတပရိယောသာ-နတံ၊ အမြိုက်နိဗ္ဗာန်ဟူသော အပြီးအဆုံးသို့။ အနဘိသမ္ဘုဏန္တော၊ မရောက်နိုင်သေးပါမူ။ သုဂတိပရာယနော ဟောတိ၊ သုဂတိလျှင် လားရာရှိပေ၏။ ဣတိ၊ ဤတွင် စကားတစ်ရပ် အပြီးသတ်၏။

အယံ၊ ဤဆိုခဲ့ပြီးသော စကားသည်။ အာဟာရေ ပဋိက္ကူလသညာ— ဘာဝနာယ၊ အာဟာရေ ပဋိက္ကူလသညာ ဘာဝနာ၌။ ဝိတ္ထာရကထာ၊ အကျယ်ပြဆိုသော စကားပေတည်း။

(အာဟာရေပဋိက္ကူလသညာပွားပုံပြီး၏။)

## ၂။ စတုဓာတုဝဝတ္ထာန်ပွားပုံ

၃၀၆။ ဣဒါနိ၊ ယခုအခါ၌။ အာဟာရေ ပဋိက္ကူလသညာနန္တရံ၊ အာဟာရေ ပဋိက္ကူလသညာ၏ အခြားမဲ့၌။ ဧကံ ဝဝတ္ထာနန္တိ၊ ဧကံ ဝဝတ္ထာနံ- ဟူ၍။ ဧဝံ ဥဒ္ဒိဋ္ဌဿ၊ ဤသို့ အကျဉ်းပြခဲ့ပြီးသော။ စတုဓာတုဝဝတ္ထာနဿ၊ စတုဓာတုဝဝတ္ထာန်၏။ ဘာဝနာနိဒ္ဒေသော၊ ပွားစေပုံ အကျယ်ပြခြင်းသည်။ အနုပ္ပတ္တော၊ အစဉ်ရောက်လာပြီ။ တတ္ထ၊ ထိုပုဒ်၌။ ဝဝတ္ထာနန္တိ၊ ဝဝတ္ထာန်- ဟူသည်ကား။ သဘာဝူပလက္ခဏဝသေန၊ ခက်မာခြင်း-အစရှိသော ဓာတ် လေးပါးတို့၏ အသီးသီးသောသဘောကို မှတ်သည်၏အစွမ်းဖြင့်။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းပေတည်း။ စတုန္နံ ဓာတူနံ၊ ဓာတ်လေးပါးတို့၏။ ဝါ၊ ဓာတ် လေးပါးတို့ကို။ ဝဝတ္ထာနံ၊ ဆုံးဖြတ်ခြင်းသည်။ စတုဓာတုဝဝတ္ထာနံ၊ စတုဓာတုဝဝတ္ထာန-မည်၏။ဓာတုမနသိကာရော၊ ဓာတ်တို့ကို နှလုံးသွင်းခြင်း လည်းကောင်း။ ဓာတုကမ္မဋ္ဌာနံ၊ ဓာတ်ကမ္မဋ္ဌာန်းလည်းကောင်း။ စတု— ဓာတုဝဝတ္ထာနံ၊ စတုဓာတုဝဝတ္ထာန်လည်းတောင်း။ ဣတိ တော၊ ဤသုံးပါး သည်။ အတ္ထတော၊အနက်အားဖြင့်။ဧကံ၊ တူ၏။တယိဒံ-တံ ဣဒံ၊ထိုသို့ အနက် အရတူသော ဤ စတုဓာတုဝဝတ္ထာန်သည်။ သင်္ခေပတော စ၊ အကျဉ်အားဖြင့် လည်းကောင်း။ ဝိတ္ထာရတော စ၊ အကျယ်အားဖြင့်လည်းကောင်း။ ဣတိ၊ ဤ သို့။ ဒွိဓာ၊ နှစ်ပါးအားဖြင့်။ အာဂတံ၊ လာ၏။ သင်္ခေပတော၊ အကျဉ်း အားဖြင့်။ မဟာသတိပဋ္ဌာနေ၊ မဟာသတိပဋ္ဌာန—သုတ်၌။ အာဂတံ၊လာ၏။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ မဟာဟတ္ထိပဒူပမေ၊ မဟာဟတ္ထိပဒေါပမ- သုတ်၌လည်းကောင်း။ ရာဟုလောဝါဒေ၊ ရာဟုလောဝါဒ—သုတ်၌လည်း ကောင်း။ဓာတုဝိဘင်္ဂေ၊ ဓာတုဝိဘင်-သုတ်၌လည်းကောင်း။အာဂတံ၊ လာ၏။ ဟိ၊ ထုတ်ဆောင်၍ပြရလျှင်။ တံ၊ ထိုဓာတုဝဝတ္ထာန်သည်။—

"ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာပြရလျှင်။ ဒက္ခော ဂေါဃာတကော ဝါ၊ ကျွမ်းကျင်သော နွားသတ်သမားသည်သော် လည်းကောင်း။ ဂေါဃာတကန္တေဝါသီ ဝါ၊ နွားသတ်သမား၏

တပည့်သည်သော်လည်းကောင်း။ ဂါဝိ ဝဓိတွာ၊ နွားကိုသတ်ပြီးလျှင်။ စတုမဟာပထေ၊ လမ်းလေးခွ၌။ (၃၄၃) ဗိလသော ဝိဘဇိတွာ၊ အပုံ—အပုံအားဖြင့် ခွဲခြမ်း၍။ နိသိန္နော အဿ သေယျထာပိ၊ ထိုင်နေသကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ထို့အတူပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ယထာဌိတံ၊ တည်မြဲတိုင်းသော။ ယထာပဏိဟိတံ၊ ထားမြဲတိုင်းသော။ ဣမမေဝ ကာယံ၊ ဤ ရုပ်ကိုယ်ကိုပင်လျှင်။ ဓာတုသော၊ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဣမသ္မိံ ကာယေ၊ ဤရုပ်ကိုယ်၌။ ပထဝီဓာတု၊ ခက်မာ—ကြမ်းတမ်းသော ပထဝီဓာတ်သည်လည်းကောင်း။ အာပေါဓာတု၊ ယိုစီး—ဖွဲ့စည်းသော အာပေါဓာတ်သည်လည်းကောင်း။ တေဇောဓာတု၊ ပူနွေးသော တေဇောဓာတ်သည်လည်းကောင်း။ ဝါယောဓာတု၊ တွန်းကန်-တောင့်တင်းသော ဝါယောဓာတ်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။” ဣတိ၊ ဤသို့ဟောတော်မူအပ်၏။—

ဧဝံ၊ ဤသို့။ တိက္ခပညဿ ဓာတုကမ္မဋ္ဌာနိကဿ၊ ထက်မြက်သော ဓာတ်ကမ္မဋ္ဌာန်းရှုသူ၏။ ဝသေန၊ အစွမ်းအားဖြင့်။ မဟာသတိပဋ္ဌာနေ၊ မဟာသတိပဋ္ဌာန သုတ်၌။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ အာဂတံ၊ လာပေ၏။

တဿ၊ ထိုဒေသနာ၏။ အတ္ထော၊ အနက်ကား။—ဆေကော၊ ကျွမ်းကျင်လိမ္မာသော။ ဂေါဃာတကော ဝါ၊ နွားသတ်သမားသည်လည်းကောင်း။ ဝါ၊ နွားသတ်သမားဖြစ်စေ။ တဿေဝ၊ ထိုနွားသတ်သမား၏ပင်လျှင်။ ဘတ္တဝေတနဘတော၊ အစာရိက္ခာဖြင့် မွေးမြူထားသော။ အန္တေဝါသိကော ဝါ၊ တပည့်သည်လည်းကောင်း။ ဝါ၊ တပည့်ဖြစ်စေ။ ဂါဝိ ဝဓိတွာ၊ နွားကိုသတ်ပြီးလျှင်။ ဝိနိဝိဇ္ဈိတွာ၊ ထုတ်ချင်းခတ်၍။ စတဿော ဒိသာ၊ အရပ်လေးမျက်နှာတို့သို့။ ဂတာနံ မဟာပထာနံ၊ သွားသော လမ်းမ-ကြီးတို့၏။ ဝေမဇ္ဈဋ္ဌာနသင်္ခါတေ၊ အလယ်အရပ်ဟု ဆိုအပ်သော။ စတုမဟာပထေ၊ လမ်းလေးခွ အဆုံ၌။ ကောဋ္ဌာသံ ကတွာ၊ အပုံ— အပုံပြု၍။ နိသိန္နော အဿ ယထာ၊ ထိုင်နေရာသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်။ ဘိက္ခု၊ ယောဂီရဟန်းသည်။ စတုန္နံ ဣရိယာပထာနံ၊ ဣရိယာပုထ် လေးပါးတို့တွင်။ ယေန ကေနစိ အာကာရေန၊ အမှတ်မရှိ တပါးပါးသော ဣရိယာပုထ် အခြင်းအရာဖြင့်။ ဌိတတ္တာ၊ တည်သောကြောင့်။ ယထာဌိတံ၊ တည်မြဲတိုင်းဟု ဆိုအပ်သော။ ကာယံ၊ ရုပ်ကိုယ်ကို။ (ကာယံ—စပ်။) ယထာဌိတတ္တာဝ၊

တည်မြဲတိုင်းဖြစ်သောကြောင့် ပင်လျှင်။ ယထာပဏိဟိတံ၊ ထားမြဲတိုင်းသော။ ကာယံ၊ ရုပ်ကိုယ်ကို။ ဣမသ္မိံ ကာယေ၊ ဤရုပ်ကိုယ်၌။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အတ္ထိ၊ ရှိ၏။ အာပေါဓာတု၊ အာပေါဓာတ်သည်၊ အတ္ထိ၊ ရှိ၏။ တေဇောဓာတု၊ တေဇောဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ အတ္ထီတိ၊ ရှိ၏—ဟု။ ဧဝံ၊ ဤသို့။ ဓာတုသော၊ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ၊ ရှုဆင်ခြင်၏။

ကိံ၊ အဘယ်ကို။ ဝုတ္တံ ဟောတိ၊ ဆိုလိုသနည်း?ဟူမူ။ ဂေါဃာတကဿ၊ နွားသတ်သမားအား။ ဂါဝိံ ပေါသေန္တဿပိ၊ နွားကို မွေးမြူစဉ်၌ လည်းကောင်း။ အာဃာတနံ အာဟရန္တဿပိ၊ နွားသတ်ကုန်းသို့ ဆောင်စဉ်၌ လည်းကောင်း။ အာဟရိတွာ၊ ဆောင်ခဲ့ပြီး၍။ တတ္ထ၊ ထိုနွားသတ်ကုန်း၌။ ဗန္ဓိတွာ ဌပေန္တဿာပိ၊ ချည်ထားစဉ်၌လည်းကောင်း။ ဝဓေန္တဿပိ၊ သတ်စဉ်၌ လည်းကောင်း။ ဝဓိတံ မတံ၊ သတ်ပြီးသော နွားသေကောင်ကို။ ပဿန္တဿာပိ၊ ကြည့်စဉ်၌လည်းကောင်း။ နံ ပဒါလေတွာ၊ ထိုနွားသေကောင်ကို ဖျက်၍။ ဗိလသော၊ အပုံ-အပုံ အားဖြင့်။ ယာဝ န ဝိဘဇတိ၊ မခွဲခြမ်းရသေးမီ။ တာဝ ဒေဝ၊ ထိုမျှလောက် တိုင်အောင် ကာလ အတွင်း၌။ ဂါဝီတိသညာ၊ နွားဟူသော အမှတ်သညာသည်။ န အန္တရဓာယတိ၊ မကွယ်ပျောက်သေးပေ။ ပန၊ ထိုသို့မကွယ်ပျောက်သေးသော်လည်း။ ဝိဘဇိတွာ နိသိန္နဿ၊ အပုံ-အပုံအားဖြင့် ခွဲခြမ်း၍ထိုင်နေစဉ်အခါ၌။ ဂါဝီသညာ၊ နွားဟူသော အမှတ်သညာသည်။ အန္တရဓာယတိ၊ ကွယ်ပျောက်၏။ မံသသညာ ပဝတ္တတိ၊ အသားဟူသော အမှတ်-သညာဖြစ်၏။ အဿ၊ ထိုနွားသတ်သမားအား။ ဝါ၊ နွားသတ်သမားမှာ။ "အဟံ၊ ငါသည်။ ဂါဝိံ ဝိက္ကိဏာမိ၊ နွားကိုရောင်း၏။ ဣမေ၊ ဤသူတို့သည်။ ဂါဝိံ ဟရန္တိ"တိ၊ နွားကိုယ်ယူကြကုန်၏-ဟု။ န ဧဝံ ဟောတိ၊ ဤသို့ထင်မှတ်ခြင်းမဖြစ်ပေ။ အထ ခေါ၊ စင်စစ်သော်ကား။ "အဟံ၊ ငါသည်။ မံသံ ဝိက္ကိဏာမိ၊ အသားကို ရောင်း၏။ ဣမေပိ မံသံ ဟရန္တိ"ဣစ္စေဝ၊ ဤသူတို့သည်လည်းအသားကိုယ်ကြကုန်၏—ဟူ၍သာလျှင်။ အဿ၊ ထို နွားသတ်သမားအား။ ဟောတိ ယထာ၊ ထင်မှတ်ခြင်းဖြစ်သကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်၊ ဣမဿာပိ ဘိက္ခုနော၊ ဤရဟန်းအားလည်း။ ပုဗ္ဗေ ဗာလပုထုဇ္ဇနကာလေ၊ တရားနှလုံးသွင်းမှုမရှိသေးသော ဗာလပုထုဇဉ် ဖြစ်ခိုက် ရှေးကာလ၌။ ဂိဟိဘူတဿပိ၊ လူဝတ်ကြောင် ဖြစ်စဉ်၌ လည်းကောင်း။ ပဗ္ဗဇိတဿပိ၊ ရဟန်း ဖြစ်စဉ်၌ လည်းကောင်း။ ယထာဌိတံ၊ တည်မြဲတိုင်းသော။ ယထာပဏိဟိတံ၊ ထားမြဲတိုင်းသော။ ဣမမေဝ ကာယံ၊

ဤရုပ်ကိုယ်ကိုပင်။ ယနုပိနိဗ္ဗောဂံ ကတွာ၊ တစ်ကိုယ်တည်း-ဟုပြုရသည့်အစိုင်
အခဲကိုခွဲခြမ်း၍။ ဓာတုသော၊ဓာတ်သဘောအားဖြင့်။ ယာဝ န ပစ္စဝေက္ခတိ၊
မရှုရသေးမီ။ တာဝဒေဝ၊ ထိုမျှလောက်တိုင်အောင်ကာလအတွင်း၌။သတ္တော-
တိ ဝါ၊ သတ္တဝါ—ဟူ၍လည်းကောင်း။ ပေါသောတိ ဝါ၊ ယောကျ်ားဟူ၍
လည်းကောင်း။ ပုဂ္ဂလောတိဝါ၊ပုဂ္ဂိုလ်ဟူ၍လည်းကောင်း။သညာ၊ ထင်သော
အမှတ်-သညာသည်။ န အန္တရဓာယတိ၊ မကွယ်ပျောက်သေး။ ဓာတုသော၊
ဓာတ်သဘောအားဖြင့်။ ပစ္စဝေက္ခတော ပန၊ ရှုဆင်ခြင်သောအခါ၌မူကား။
သတ္တသညာ၊သတ္တဝါ ဟူသော အမှတ်သညာသည်။ အန္တရဓာယတိ၊ ကွယ်
ပျောက်၏။ ဓာတုဝသေနေဝ၊ ဓာတ်သဘော၏အစွမ်းအားဖြင့်သာလျှင်။စိတ္တံ၊
ဘာဝနာစိတ်သည်။သန္တိဋ္ဌတိ၊ကောင်းစွာတည်၏။ တေန၊ထို့ကြောင့်။ဘဂဝါ၊
မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာအားဖြင့်
ပြရလျှင်။ ဒက္ခော ဂေါဃာတကော ဝါ၊ ကျွမ်းကျင်လိမ္မာသော
နွားသတ်သမားသည် လည်းကောင်း ။ပ။ နိသိန္နော အဿ သေယျထာပိ၊
ထိုင်နေရာသကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊ ထို့အတူပင်။ ဘိက္ခု၊
ရဟန်းသည် ။ပ။ ဝါယောဓာတူတိ၊ ဝါယော ဓာတ်ရှိ၏-ဟု။ ပစ္စဝေက္ခတိ၊
ဆင်ခြင်၏။" ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

၃၀၇။ ပန၊ အဖို့တပါးကား။ မဟာဟတ္ထိပဒူပမေ၊ မဟာဟတ္ထိ
ပဒေါပမ-သုတ်၌။ "အာဝုသော၊ ငါ့ရှင်။ အဇ္ဈတ္တိကာ ပထဝီဓာတု၊
အဇ္ဈတ္တိက ပထဝီဓာတ်-ဟူသည်။ ကတမာ၊ အဘယ်နည်း-ဟူမူ။
အဇ္ဈတ္တံ၊ မိမိကိုယ်၌ ဖြစ်သော။ ပစ္စတ္တံ၊ အသီးအသီးသော မိမိကိုယ်
၌ဖြစ်သော။ ကက္ခဠံ၊ ခက်မာသော။ ခရိဂတံ၊ ကြမ်းတမ်းသော။
ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ ယံ၊ အကြင်သဘောသည်။ အတ္ထိ၊ ရှိ၏။
(၃၄၄) ဣဒံ၊ ဤသဘောတရားကား။ သေယျထာ ကတမံ၊ အဘယ်
နည်း-ဟူမူ။ ကေသာ၊ ဆံပင်။ လောမာ၊ အမွေး ။ပ။ ဥဒရိယံ၊
အစာသစ်အိမ်။ ကရီသံ၊ အစာဟောင်းအိမ်။ ဝါ၊ တနည်းကား။
ဝါ၊ ထို့ပြင်။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ဖြစ်သော။ ပစ္စတ္တံ၊ အသီးအသီး
သော မိမိကိုယ်၌ဖြစ်သော။ ကက္ခဠံ၊ ခက်မာသော။ ခရိဂတံ၊ ကြမ်း
တမ်းသော။ ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ အညံ၊ အခြားတပါး
သော။ ယံ ဝါ ကိဉ္စိ၊ အကြင် ခက်မာသဘော တစုံတခုသည်လည်း။
အတ္ထိ၊ ရှိသေး၏။ အာဝုသော၊ ငါ့ရှင်တို့။ အယံ၊ ဤ ဆံပင်,အမွေး-
စသော သဘောကို။ အဇ္ဈတ္တိကာ ပထဝီဓာတုတိ စ၊ အဇ္ဈတ္တိက
ပထဝီဓာတ်—ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

"အာဝုသော၊ ငါ့အရှင်တို့။ အဇ္ဈတ္တိကာ အာပေါဓာတု၊ အဇ္ဈတ္တိကာ အပေါဓာတ် ဟူသည်။ ကတမာ၊ အဘယ်နည်း–ဟူမူ။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ဖြစ်သော။ ပစ္စတ္တံ၊ အသီးအသီးသော မိမိကိုယ်၌ ဖြစ်သော။ အာပေါ၊ ယိုစီးသောအားဖြင့် ထိုထိုအရပ်သို့ ရွေ့တတ်–ရောက်တတ်သော။ အာပေါဂတံ၊ အရည်တို့၌ အတွင်းဝင်သော။ ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ ယံ၊ အကြင်အရည်သဘောသည်။ အတ္ထိ-ရှိ၏။ ဣဒံ၊ ဤသဘောကား။ သေယျထာ ကတမံ၊ အဘယ်နည်း၊ ဟူမူ။ ပိတ္တံ၊ သည်းခြေ ။ပ။ မုတ္တံ၊ ကျင်ငယ်။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ ဖြစ်သော။ ပစ္စတ္တံ၊ အသီးအသီးသော မိမိကိုယ်၌ဖြစ်သော။ အာပေါ၊ ယိုစီးသောအားဖြင့် ထိုထိုအရပ်သို့ ရွေ့တတ်–ရောက်တတ်သော။ အာပေါဂတံ၊ အရည်တို့၌ အတွင်းဝင်သော။ ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ ယံ၊ အကြင် အရည်သဘောသည်။ အတ္ထိ၊ ရှိ၏။ အာဝုသော၊ ငါ့ရှင်တို့။ အယံ၊ ဤသဘောကို။ အဇ္ဈတ္တိကာ အာပေါဓာတု၊ အဇ္ဈတ္တိက–အာပေါဓာတ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။" ဣတိ စ၊ ဤသို့လည်းကောင်း။

အာဝုသော၊ ငါ့ရှင်တို့။ အဇ္ဈတ္တိကာ တေဇောဓာတု၊ အဇ္ဈတ္တိက–တေဇောဓာတ် ဟူသည်။ ကတမာ၊ အဘယ်နည်း-ဟူမူ။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ဖြစ်သော။ ပစ္စတ္တံ၊ အသီးအသီးသော မိမိကိုယ်၌ဖြစ်သော။ တေဇော တေဇောဂတံ၊ အပူအငွေ့အပေါင်း ပါဝင်သော။ ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ ယံ၊ အကြင် အပူငွေ့သဘောသည်။ အတ္ထိ၊ ရှိ၏။ သေယျထိဒံ၊ ဤသဘောကား အဘယ်နည်း–ဟူမူ။ ယေန စ၊ အကြင် အပူငွေ့ဖြင့်လည်း။ သန္တပ္ပတိ၊ ကိုယ်သည် ပူလောင်၏။ ယေန စ၊ အကြင်အပူငွေ့ဖြင့်လည်း။ ဇီရီယတိ၊ အိုမင်း-ရင့်ရော်၏။ ယေန စ၊ အကြင် အပူငွေ့ဖြင့်လည်း။ ပရိဍယှတိ၊ ပြင်းစွာပူလောင်၏။ယေန စ၊ အကြင် အပူငွေ့ဖြင့်လည်း။ အသိတပီတခါယိတသာယိတံ၊ စား, သောက်, ခဲ, လျက်–ထားသော အစာသည်။ သမ္မာ ပရိဏာမံ ဂစ္ဆတိ၊ ကောင်းစွာ ပြောင်းလဲခြင်း, ကြေကျက်ခြင်းသို့ ရောက်၏။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ဖြစ်သော။ ပစ္စတ္တံ၊ အသီးအသီးသော မိမိကိုယ်၌ဖြစ်သော။ တေဇော တေဇောဂတံ၊အပူငွေ့အပေါင်းတို့၌ ပါဝင်သော။ ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ အညံ၊ အခြားတပါးသော။ ယံ ဝါ ကိဉ္စိပိ၊ အကြင် အပူငွေ့သဘော တစုံတခုသည်လည်း။ အတ္ထိ၊

ရှိသေး၏။ အယံ၊ ဤသဘောကို။ အဇ္ဈတ္တိကာ တေဇောဓာတူ"တိ၊ အဇ္ဈတ္တိက-တေဇောဓာတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဣတိ စ၊ ဤသို့လည်းကောင်း။

အာဝုသော၊ ငါ့ရှင်တို့။ အဇ္ဈတ္တိကာ ဝါယောဓာတု၊ အဇ္ဈတ္တိက ဝါယောဓာတ်-ဟူသည်။ ကတမာ၊ အဘယ်နည်း—ဟူမူ။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ဖြစ်သော၊ ပစ္စတ္တံ၊ အသီးအသီးသော မိမိကိုယ်၌ဖြစ်သော။ ဝါယော ဝါယောဂတံ၊ လေအပေါင်း၌ ပါဝင်သော။ ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ ယံ၊ အကြင် လေသဘောသည်။ အတ္ထိ၊ ရှိ၏။ သေယျထိဒံ၊ ဤသဘောကား အဘယ်နည်း-ဟူမူ။ ဥဒ္ဓင်္ဂမာ ဝါတာ၊ ဆန်တက်သော ဥဒ္ဓင်္ဂမ-လေလည်းကောင်း။ အဓောဂမာ ဝါတာ၊ စုန်ဆင်းသော အဓောဂမ-လေလည်းကောင်း။ ကုစ္ဆိသယာ ဝါတာ၊ ဝမ်းထဲ၌တည်သော ကုစ္ဆိသယ-လေလည်းကောင်း။ ကောဋ္ဌာသယာ ဝါတာ၊ အူထဲ၌တည်သော ကောဋ္ဌာသယ-လေလည်းကောင်း။ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အင်္ဂါကြီးငယ်သို့လျှောက်သော အင်္ဂမင်္ဂါနုသာရိ-လေလည်းကောင်း။ အဿာသော ပဿာသော၊ ဝင်သက်လေ, ထွက်သက်လေလည်းကောင်း။ ဣတိ ဝါ၊ ဤသို့ ခြောက်မျိုးသော လေသဘောသည်။ အတ္ထိ၊ ရှိ၏။ ယံ ဝါ ပန၊ ထိုမှတပါး။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ ဖြစ်သော။ ပစ္စတ္တံ၊ အသီးအသီး သော မိမိကိုယ်၌ဖြစ်သော။ ဝါယော ဝါယောဂတံ၊ လေအပေါင်း တို့၌ ပါဝင်သော။ ဥပါဒိန္နံ၊ စွဲလမ်းအပ်သော။ အညံ၊ အခြား တပါးသော။ ယံ ကိဉ္စိပိ၊ အကြင် လေသဘော တစုံတခုသည်လည်း။ အတ္ထိ၊ ရှိသေး၏။ အာဝုသော၊ ငါ့ရှင်တို့။ အယံ၊ ဤသဘောကို။ အဇ္ဈတ္တိကာ ဝါယောဓာတူ"တိ၊ အဇ္ဈတ္တိက ဝါယောဓာတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဣတိ စ၊ ဤသို့လည်းကောင်း။

ဧဝံ၊ ဤသို့၊ နာတိတိက္ခပညဿ၊ ဉာဏ်မထက်လှသော။ ဓာတုကမ္မဋ္ဌာနိကဿ ဝသေန၊ ဓာတ်ကမ္မဋ္ဌာန်းရှုသူ၏ အစွမ်းအားဖြင့်။ ဝိတ္ထာရတော အာဂတံ၊ အကျယ်လာရှိပေ၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ ယထာ၊ ဤသုတ်၌ကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ရာဟုလောဝါဒဓာတုဝိဘင်္ဂေသုပိ၊ ရာဟုလောဝါဒ-သုတ်, ဓာတုဝိဘင်-သုတ်တို့၌လည်း။ အာဂတံ၊ လာသေး၏။

အယံ၊ ဤဆိုမည့်စကားသည်။ တတြ၊ ထိုဒေသနာ၌။ အနုတ္တာနပဒဝဏ္ဏနာ၊ မပေါ်လွင်သောပုဒ်တို့၏အနက်အဖွင့်ပေတည်း။ အဇ္ဈတ္တံ ပစ္စတ္တန္တိ

ဏ္ဍဒံ ဥပဟယမ္ပိ၊ အဇ္ဈတ္တံ ပစ္စတ္တံ-ဟူသော ဤနှစ်ပုဒ်အပေါင်းသည်။ နိယကဿ အဓိဝစနံ၊နိယက-အမည်ပေတည်း။ နိယကံ နာမ၊ နိယက-အမည်မှာ။ အတ္တနိ ဇာတံ၊ မိမိကိုယ်၌ဖြစ်သောတရား။ သသန္တာနပရိယာပန္နံ၊ မိမိကိုယ်၌ အတွင်း ဝင်သောတရား။ဣတိ၊ ဤသည်ကား။ အတ္ထော၊နိယက-၏ အနက်ပေတည်း။ တယိဒံ-တံ ဣဒံ၊ ထို မိမိကိုယ်၌ဖြစ်သောတရားအပေါင်းကို။ ဣတ္ထိသု၊ မိန်းမ တို့၌။ ကထာ၊ ဖြစ်သောစကားကို။ အဓိတ္ထိတိ၊ အဓိတ္ထိ-ဟူ၍။ လောကေ၊ လောက၌။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ- ထို့အတူပင်။ အတ္တနိ ပဝတ္တတ္တာ၊ မိမိကိုယ်၌ဖြစ်သောကြောင့်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တ-ဟူ၍ လည်း ကောင်း။ အတ္တာနံ ပဋိစ္စ ပဋိစ္စ၊ မိမိကိုယ်ကိုစွဲ၍ စွဲ၍။ ပဝတ္တတ္တာ၊ ဖြစ်သော ကြောင့်။ ပစ္စတ္တန္တိပိ၊ ပစ္စတ္တ-ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ကက္ခဠန္တိ၊ ကား။ ထဒ္ဓံ၊ ခက်မာသော။ ခရိဂတန္တိ၊ ခရိဂတံ-ဟူသည်ကား။ ဖရုသံ၊ ကြမ်းတမ်းသော။ တတ္ထ၊ ထိုနှစ်မျိုးတို့တွင်။ ပဌမံ၊ ခက်မာ-ဟူသော ပထမပုဒ်သည်။ လက္ခဏဝစနံ၊ မှတ်အပ်သော လက္ခဏာကိုပြသော စကားပေ တည်း။ ဒုတိယံ၊ ကြမ်းတမ်းဟူသော-ဒုတိယပုဒ်သည်။ အာကာရဝစနံ၊ ပထဝီ ဓာတ်၏ အခြင်းအရာကိုပြသော စကားပေတည်း။ ဟိ၊ မှန်၏။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ကက္ခဠလက္ခဏာ၊ ခက်မာခြင်းလက္ခဏာ ရှိပေ၏။ ဝါ၊ ပထဝီဓာတ်ကို ခက်မာသည်ဟု မှတ်အပ်ပေ၏။ သာ၊ ထို ပထဝီဓာတ်သည်။ ဖရုသာကာရာ၊ ကြမ်းတမ်းသော အခြင်းအရာရှိသည်။ ဟောတိ၊ ဖြစ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။(၃၄၅) ခရိဂတန္တိ၊ ကြမ်းတမ်းသော-ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ပေ၏။ ဥပါဒိန္နန္တိ၊ ဥပါဒိန္နံ ဟူသည်၊ ဒဠှံ အာဒိန္နံ၊ မြဲမြံစွာ ယူအပ် ဆုပ်ကိုင်အပ်သော။ အဟံ မမန္တိ၊ငါ ငါ၏ဥစ္စာ-ဟု။ ဧဝံ၊ ဤသို့။ ဒဠှံ အာဒိန္နံ၊ မြဲမြံစွာ ယူအပ်သည်။ ဂဟိတံ၊ ဆုပ်ကိုင်ထားအပ်သည်။ ပရာမဋ္ဌံ၊ မှားယွင်းစွာ သုံးသပ်အပ်သည်။ ဣတိ-အယံ၊ဤသည်ကား။အတ္ထော၊ ဥပါဒိန္နံ ပုဒ်၏အနက်တည်း။ သေယျထိဒန္တိ၊ သေယျထိဒံ-ဟူသည်ကား။ နိပါတော၊ နိပါတ်ပုဒ်တည်း။တဿ၊ထို သေယျထိဒံ ဟူသောပုဒ်၏။တံ၊ ထိုသဘောသည်။ ကတမံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ ဣတိ-အယံ၊ဤသည်ကား။ အတ္ထော၊ အနက်တည်း။ တတော၊ထို့နောင်။ တံ၊ ထိုပထဝီ ဓာတ်သဘောကို။ ဒဿေန္တော၊ သရုပ်အားဖြင့် ပြတော်မူလိုသော ကြောင့်။ "ကေသာ လောမာ" တိအာဒိံ၊ ဆံပင် အမွေး-ဤသို့စသည်ကို။ အာဟ၊ ဟောတော်မူ၏။ စ၊ စောဒနာဖွယ်ကိုပယ်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဆံပင် အမွေး—အစရှိသော ၁၉-ပါးသော ဤအခြင်းအရာ အဖို့တို့၌။ မတ္ထလုင်္ဂံ ပက္ခိပိတွာ၊ မတ္ထလုင်-ခေါ် ဦးနှောက်ကိုထည့်၍။ ဝီသတိယာ အာကာရေဟိ၊

နှစ်ဆယ်သော အခြင်းအရာတို့ဖြင့်။ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ နိဒ္ဒိဋ္ဌာ၊ အကျယ်ပြအပ်၏။ ဣတိ ဝေဒိတဗ္ဗာ၊ ဤသို့ သိအပ်၏။ ယံ ဝါ ပနညမ္ပိ ကိဉ္စိ၊ အခြားတပါးသော အကြင် ခက်မာသဘော တစုံတခုသည်။ (အတ္ထိ၊ ရှိသေး၏။) ဣတိ ဣမိနာ၊ ဤစကားဖြင့်။ အဝသေသေသု၊ ကြွင်းကုန်သော။ တီသု ကောဋ္ဌာသေသု၊ အာပေါ, တေဇော, ဝါယော—ဟူသော ကောဋ္ဌာသသုံးမျိုးတို့၌။ ပထဝီဓာတု၊ ပထဝီဓာတ်ကို။ သင်္ဂဟိတာ၊ သိမ်းယူအပ်၏။

ဝိဿန္ဒနဘာဝေန၊ ယိုစီးခြင်းသဘောဖြင့်။ တံ တံ ဌာနံ အပ္ပေါတိ၊ ထိုထိုအရပ်သို့ ရွေ့တတ်—ရောက်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာပေါ၊ အာပေါ—မည်၏။ ကမ္မသမုဋ္ဌာနာဒိဝသေန၊ ကံကြောင့်ဖြစ်သော အာပေါ—စသည်တို့၏ အစွမ်းအားဖြင့်။ နာနာဝိဓေသု အာပေသု၊ အမျိုးမျိုး အထွေထွေသော အရည်တို့၌။ ဂတံ၊ အတွင်းဝင်သည်တည်း။ ဣတိ—တသ္မာ၊ ထို့ကြောင့်။ အာပေါဂတံ၊ အရည်တို့၌ အတွင်းဝင်သည်—မည်၏။ ငံ၊ ထို အာပေါဂတ—ဟူသည်။ ကတမံ၊ အဘယ်နည်း?။ အာပေါဓာတုယာ၊ အာပေါဓာတ်၏။ အာဗန္ဓနလက္ခဏံ၊ ဖွဲ့စည်းခြင်း လက္ခဏာရှိ၏။

တေဇနဝသေန၊ ထက်သည်၏ အစွမ်းအားဖြင့်။ တေဇော၊ တေဇော မည်၏။ ဝါ၊ အပူငွေ့—မည်၏။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ တေဇေသု၊ အမျိုးမျိုးသော အပူငွေ့—တေဇောတို့၌။ ဂတံ၊ အတွင်းဝင်သည်တည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။တေဇောဂတံ၊ တေဇောဂတ-မည်၏။ တံ၊ ထို အပူငွေ့-ဟူသည်။ ကိံ၊ အဘယ်နည်း?။ ဥဏှတ္တ-လက္ခဏံ၊ ပူခြင်းသဘော—လက္ခဏာပေတည်း။ ယေန စာတိ၊ ယေန စ-ဟူသည်ကား။ တေဇောဓာတုဂတေန၊ အပူဓာတ်တို့၌ အတွင်းဝင်သော။ ယေန ကုပိ-တေန၊ ဖောက်ပြန်သော အကြင်အပူငွေ့ဖြင့်။အယံ ကာယော၊ ဤကိုယ်သည်။ သန္တပ္ပတိ၊ ပူလောင်၏။ ကောဟိကဇရာဒိဘာဝေန၊ တစ်ရက်ချန်ဖျား-စသည်၏အဖြစ်ဖြင့်။ ဥသုမဇာတော ဟောတိ၊ အပူငွေ့ဖြစ်လျက်ရှိ၏။ ယေန စ ဇီရီယတီတိ၊ ယေန စ ဇီရီယတိ—ဟူသည်ကား။ ယေန၊ အကြင်အပူငွေ့ဖြင့်။ အယံ ကာယော၊ ဤကိုယ်သည်။ ဇီရတိ၊ အိုမင်း—ရင့်ရော်၏။ ဝါ၊ အပူလောင် ခံရ၏။ ဣန္ဒြိယဝေကလ္လတဥ္စ၊ မျက်စိ—စသော ဣန္ဒြေတို့၏ ချို့တဲ့ခြင်းသို့လည်းကောင်း။ ဗလပရိက္ခယဥ္စ၊ ခွန်အား ကုန်ခမ်းခြင်းသို့လည်းကောင်း။ ဝလိပလိတာဒိဘာဝဥ္စ၊ အရေတွန့်ခြင်း, ဆံဖြူခြင်း-စသည်သို့

လည်းကောင်း။ ပါပုဏာတိ၊ ရောက်၏။ ယေန စ ပရိဌယှတိတိ၊ ယေန စ ပရိဌယှတိ-ဟူသည်ကား။ ယေန ကုပိတေန၊ အကြင် အပူငွေ့ဖြင့်။ အယံ ကာယော၊ ဤကိုယ်သည်။ ဌယှတိ၊ ပူလောင်ခံရ၏။ သော စ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်လည်း။ "ဌယှာမိ ဌယှာမိ" တိ ကန္ဒန္တော၊ ပူသည်-ပူသည်-ဟု မြည်တမ်းလျက်။ သတဓောတသပ္ပိဂေါသီသစန္ဒနာဒိလေပဉ္စ၀၊ အကြိမ် တစ်ရာဆေး၍ ရေအေး၌ဆေးအပ်-စိမ်အပ်ပြီးသောထောပတ်၊ ဂေါသီသ-စန္ဒကူး စသည်တို့ဖြင့်လိမ်းကျံခြင်းကိုလည်းကောင်း။ တာလဝဏ္ဏဝါတဉ္စ၊ ယပ်လေခတ် ပေးခြင်းကိုလည်းကောင်း။ ပစ္စာသီသတိ၊ တောင့်တ၏။ ယေန စ အသိတ-ပီတခါယိတသာယိတံ သမ္မာ ပရိဏာမံ ဂစ္ဆတိတိ၊ ယေန စ အသိတ-ပီတခါယိတသာယိတံ သမ္မာ ပရိဏာမံ ဂစ္ဆတိ-ဟူသည်ကား။ ယေန၊ အကြင် အပူငွေ့ဖြင့်။ တေံ အသိတံ ဝါ ဩဒနာဒိ၊ ဤ စားအပ်သော ထမင်း-စသည် သည်လည်းကောင်း။ တေံ ခါယိတံ ဝါ ပါနကာဒိ၊ ဤ သောက်အပ်သော အဖျော်-စသည်သည်လည်းကောင်း။ တေံ ခါယိတံ ဝါ ပိဋ္ဌခဇ္ဇကာဒိ၊ ဤ ခဲအပ်သော မုန့်ညက် ခဲဖွယ်-စသည်သည်လည်းကောင်း။ တေံ သာယိတံ ဝါ အမ္ဗပက္ကမဓုဖာဏိတာဒိ၊ ဤ လျက်အပ်သော သရက်သီးမှည့်, ပျားရည်, တင်လဲ-စသည်သည်လည်းကောင်း။ သမ္မာ ပရိပါကံ ဂစ္ဆတိ၊ ကောင်းစွာ ကြေကျက်ခြင်းသို့ ရောက်၏။ ရသာဒိဘာဝေန၊ ရသာစသည်၏ အဖြစ်ဖြင့်။ ဝိဝေကံ၊ အသီးအသီး ကွဲပြားခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ကောင်းစွာကြေကျက်ခြင်းသို့ရောက်၏-ဟူသော စကား၏ ဆိုလိုသောအနက်တည်း။ စ၊ အထူးကား။ တွေ၊ ဤ တေဇောဓာတ် လေးပါးတို့တွင်။ ပုရိမာ တယော၊ ရှေး သုံးပါးကုန်သော တေဇောဓာတ် တို့သည်။ တေဇောဓာတုသမုဋ္ဌာနာ၊ ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ကုန်၏။ ပစ္ဆိမော၊ နောက်ဆုံးဖြစ်သော တေဇောဓာတ်သည်။ ကမ္မသမုဋ္ဌာနော၀၊ ကံကြောင့်သာလျှင် ဖြစ်၏။

ဝါယနဝသေန၊ ရွေ့စေခြင်း, တွန်းခြင်း၏ အစွမ်းဖြင့်။ ဝါ၊ အဟုန်နှင့် တကွ သွားခြင်း၏အစွမ်းဖြင့်။ ဝါယော၊ ဝါယော-မည်၏။ ဝုတ္တနယေနေ၀၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဝါယေသု၊ အမျိုးမျိုးသော လေတို့၌။ ဂတံ၊ အတွင်းဝင်သည်တည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝါယောဂတံ၊ ဝါယောဂတ မည်၏။ ဝါ၊ လေအပေါင်းတို့၌ အတွင်းဝင်သည်-မည်၏။ တံ၊ ထိုလေဟူသည်။ ကိံ၊ အဘယ်နည်း?။ ဝိတ္ထမ္ဘနလက္ခဏံ၊ ထောက်ကန် ခြင်း-တောင့်ခြင်း သဘောလက္ခဏာပေတည်း။ ဥဒ္ဓင်္ဂမဝါတာတိ၊ ဥဒ္ဓင်္ဂမ-

ဝါတာ–ဟူသည်ကား။ ဥဂ္ဂါရဟိက္ကာဒိပဝတ္တကာ၊ ပျို့ အန်ခြင်း, ကြို့ထိုး ခြင်း စသည်တို့ကို ဖြစ်စေတတ်ကုန်သော။ ဥဒ္ဓံ အာရောဟနဝါတာ၊ အထက်သို့ တက်သော လေတို့ပေတည်း။ အဓောဂမာ ဝါတာတိ၊ အဓောဂမာ ဝါတာ ဟူသည်ကား။ ဥစ္စာရပဿာဝါဒိနီဟရဏကာ၊ ကျင်ကြီး–ကျင်ငယ် စသည် တို့ကို ထုတ်ဆောင်တတ်ကုန်သော။ အဓော ဩရောဟဏဝါတာ၊ အောက်သို့ စုန်ဆင်းသော လေတို့ပေတည်း။ ကုစ္ဆိသယာ ဝါတာတိ၊ ကုစ္ဆိသယာ ဝါတာ ဟူသည်ကား။ အန္တာနံ၊ အူတို့၏။ ဗဟိဝါတာ၊ အပြင်ဘက် ဝမ်းထဲ၌ တည်သော လေတို့ပေတည်း။ ကောဋ္ဌာသယာ ဝါတာတိ၊ ကောဋ္ဌာသယာ ဝါတာ–ဟူသည်ကား။ အန္တာနံ၊ အူတို့၏။ အန္တောဝါတာ၊ အတွင်း၌ တည်သော လေတို့ပေတည်း။ အင်္ဂမင်္ဂါနုသာရိနော ဝါတာတိ၊ အင်္ဂမင်္ဂါ နုသာရီ–လေတို့ ဟူသည်ကား။ ဓမနိဇာလာနုသာရေန၊ အကြောကွန်ရက် သို့ အစဉ်လျှောက်သဖြင့်။ သကလသရီရေ၊ တကိုယ်လုံး၌။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့သို့။ အနုသဋ္ဌာ၊ ပျံ့နှံ့သွားကုန်လျက်။ သမိဉ္ဇနပသာရဏာဒိ– နိဗ္ဗတ္တကာ၊ ကွေးခြင်း, ဆန့်ခြင်း–စသည်တို့ကို ဖြစ်စေတတ်ကုန်သော။ ဝါတာ၊ လေတို့ပေတည်း။ အဿာသောတိ၊ ဝင်လေ ဟူသည်မှာ။ အန္တောပဝိသနနာသိကဝါတော၊ အတွင်း၌ဝင်သော နှာခေါင်းလေပေ တည်း။ ပဿာသောတိ၊ ထွက်လေဟူသည်ကား။ ဗဟိနိက္ခမနနာသိက– ဝါတော၊ အပြင်သို့ထွက်သော နှာခေါင်းလေပေတည်း။ ဧ၊ အထူးစကား မှာကြားဦးအံ့။ ဧတ္ထ၊ ဤ လေ ၆–ပါးတို့တွင်။ ပုရိမာ ပဉ္စ၊ ရှေ့ ငါးပါး တို့သည်။ စတုသမုဋ္ဌာနာ၊ ကံ, စိတ်, ဥတု, အာဟာရ–တည်းဟူသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်၏။ (၃၄၆) အဿာသပဿာသာ၊ ဝင်သက်–ထွက်သက် လေတို့သည်။ စိတ္တသမုဋ္ဌာနာ၊ စိတ်ကြောင့်သာလျှင် ဖြစ်ကုန်၏။ သဗ္ဗတ္ထ၊ အာပေါဓာတ်ကို–စသည်ကို ပြဆိုချက်အလုံးစုံတို့၌။ ယံ ဝါ ပနညမ္ပိ ကိဉ္စိဘ် ဣမိနာ ပဒေန၊ အခြားတပါးသော အကြင် သဘော တစုံတခုသည်လည်း ရှိသေး၏–ဟူသော ဤ ပုဒ်ဖြင့်။ အဝသေသ– ကောဋ္ဌာသေသု၊ ကြွင်းသော ကောဋ္ဌာသတို့၌။ အာပေါဓာတုအာဒယော၊ အာပေါဓာတ်–စသည်တို့ကို။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

ဣတိ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝီသတိယာ အာကာရေဟိ၊ နှစ်ဆယ်သော အခြင်းအရာတို့ဖြင့်။ ပထဝီဓာတု၊ ပထဝီဓာတ်ကိုလည်းကောင်း။ ဒွါဒသဟိ အာကာရေဟိ၊ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်။ အာပေါဓာတု၊ အာပေါဓာတ်ကိုလည်းကောင်း။ စတူဟိ အာကာရေဟိ၊ လေးပါးသော

အခြင်းအရာတို့ဖြင့်။ တေဇောဓာတု၊ တေဇောဓာတ်ကို လည်းကောင်း။ ဆယှိ အာကာရေဟိ၊ ခြောက်ပါးသော အခြင်းအရာတို့ဖြင့်။ ဝါယောဓာတု၊ ဝါယောဓာတ်ကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွါစတ္တာလီသာယ အာကာ-ရေဟိ၊ လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်။ စတဿော ဓာတုယော၊ လေးပါးသောဓာတ်တို့ကို။ ဝိတ္ထာရိတာ ဟောန္တိ၊ အကျယ်ချဲ့အပ်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ တာဝ၊ ရှေးဦးစွာ။ ဧတ္ထ၊ ဤ စတုဓာတု ဝဝတ္ထာန်၌။ ပါဠိဝဏ္ဏနာ၊ ပါဠိ၏အဖွင့်တည်း။

၃၀၀။ ဧတ္ထ၊ ဤ စတုဓာတုဝဝတ္ထာန်ဝယ်၊ ဘာဝနာနယေ ပန၊ ဘာဝနာ နည်း၌ကား။ တိက္ခပညဿ ဘိက္ခုနော၊ ဉာဏ်ပညာထက်သော ရဟန်းအား။ ကေသာ၊ ဆံပင်တို့သည်။ ပထဝီဓာတု၊ ပထဝီဓာတ်တည်း။လောမာ၊ အမွေးတို့သည်။ပထဝီဓာတု၊ ပထဝီဓာတ်တည်း။ ဣတိ ဧဝံ၊ ဤသို့-ဤပုံ။ ဝိတ္ထာရ-တော၊ အကျယ်အားဖြင့်။ ဓာတုပရိဂ္ဂဟော၊ ဓာတ်ကို သိမ်းဆည်းခြင်းသည်။ ပပဉ္စတော ဥပဋ္ဌာတိ၊ အချိန်ဖင့်နွှဲသည်ဟု ထင်၏။ ယံ ထဒ္ဓလက္ခဏံ၊ အကြင် ခက်မာခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ခက်မာခြင်းသဘော သည်။ ပထဝီဓာတု၊ ပထဝီဓာတ်—မည်၏။ ယံ အာဗန္ဓနလက္ခဏံ၊ အကြင် ဖွဲ့စည်းခြင်းလက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဖွဲ့စည်းခြင်း လက္ခဏာ သည်။ အာပေါဓာတု၊ အပေါဓာတ်-မည်၏။ ယံ ပရိပါစနလက္ခဏံ၊ အကြင် ရင့်ကျက်ခြင်း လက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ရင့်ကျက် ခြင်း လက္ခဏာသည်။ တေဇောဓာတု၊ တေဇောဓာတ် မည်၏။ ယံ ဝိတ္ထ-မ္ဘနလက္ခဏံ၊ အကြင် ထောက်ခံ-တောင့်တင်းခြင်း လက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ထောက်ခံ-တောင့်တင်းခြင်း လက္ခဏာသည်။ ဝါယော ဓာတု၊ ဝါယောဓာတ်—မည်၏။ ဣတိ ဧဝံ မနသိကရောတော၊ ဤသို့ နှလုံး သွင်းသော်လျှင်။ အဿ ပန၊ ထိုဉာဏ်ပညာမထက်သော ပုဂ္ဂိုလ်အားကား။ ကမ္မဋ္ဌာနံ၊ကမ္မဋ္ဌာန်းသည်။ပါကဋံ ဟောတိ၊ထင်ရှား၏။ဧဝံ မနသိကရောတော၊ ဤသို့ နှလုံးသွင်းသော။ နာတိတိက္ခပညဿ ပန၊ ဉာဏ်ပညာမထက်လှသော ပုဂ္ဂိုလ်အားကား။ အန္ဓကာရံ၊ အမိုက်တိုက်ကဲ့သို့။(ဟုတွာ၊ ဖြစ်၍။) အဝိဘူတံ၊ မထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမနယေန၊ ရှေးနည်းဖြင့်။ ဝိတ္ထာရတော မနသိကရောန္တဿ၊ အကျယ်နှလုံးသွင်းသော်သာလျှင်။ ပါကဋံ ဟောတိ၊ ထင်ရှား၏။

ကထံ၊ အဘယ်သို့နည်း?ဟူမူ။ ဗဟုပေယျာလံ၊ ပေယျာလ—ခေါ် မြှုပ် ထားချက် များစွာရှိသော။ တန္တိံ၊ ပါဠိကို။ သဇ္ဈာယန္တေသု၊ ရွတ်ဆိုကြကုန်

သော။ ဒွိသု ဘိက္ခူသု၊ ရဟန်းနှစ်ပါးတို့တွင်။ တိက္ခပညော ဘိက္ခု၊ ဉာဏ်ပညာထက်သော ရဟန်းသည်။ ပေယျာလမုခံ၊ မြှုပ်ထားချက်ကိုသိကြောင်းဖြစ်သော ပါဠိကို။ သကိံ ဝါ၊ တစ်ကြိမ်ဖြစ်စေ။ ဒွိက္ခတ္တုံ ဝါ၊ နှစ်ကြိမ်ဖြစ်စေ။ ဝိတ္ထာရေတွာ၊ အပြည့်အစုံ အကျယ်ရွတ်ဆိုပြီးလျှင်။ တတောပရံ၊ ထိုမှနောက်၌။ ဥဘတောကောဋိဝသေနေဝ၊ အစနှင့် အဆုံး နှစ်ဘက်အစွန်း၏ အစွမ်းဖြင့်သာလျှင်။ သဇ္ဈာယံ ကရောန္တော၊ ရွတ်ဆိုခြင်းကိုပြုလျက်။ ဂစ္ဆတိ၊ သွားလေ၏။ တတြ၊ ထိုသို့ရွတ်ဆိုရာ၌။ နာတိတိက္ခပညော၊ ဉာဏ်ပညာမထက်လှသော ရဟန်းသည်။ ဧဝံ ဝတ္တာ ဟောတိ၊ ဤသို့ပြောဆိုတတ်၏။ "သေ-ဧသော၊ ဤရွတ်ဆိုပုံသည်။ ကိံ သဇ္ဈာယော နာမ၊ အဘယ်သို့သော ရွတ်ဆိုခြင်းမည်သနည်း။ ဩဋ္ဌပရိယာဟတမတ္တံ၊ နှုတ်ခမ်းတို့၏ ထိခြင်းမျှကိုသော်မှ။ ကာတုံ န ဒေတိ၊ ပြုရန် ခွင့်မပေးပါတကား။ ဧဝံ သဇ္ဈာယေ၊ ဤနည်းဖြင့်ရွတ်ဆိုခြင်းကို။ ကရိယမာနေ၊ ပြုနေလျှင်။ တန္တိ-ပဂုဏာ၊ ပါဠိကျေပွန်ခြင်းသည်။ ကဒါ ဘဝိဿတိ" တိ၊ အဘယ်အခါ၌ ဖြစ်လိမ့်မည်နည်း-ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ သော၊ ထိုရဟန်းသည်။ အာဂတာဂတံ၊ ရောက်တိုင်း ရောက်တိုင်းသော။ ပေယျာလမုခံ ဝိတ္ထာရေ-တွာဝ၊ ပေယျာလ-ကို အကျယ်ထုတ်ဖော်၍သာလျှင်။ သဇ္ဈာယံ ကရောတိ၊ ရွတ်ဆို၏။ တမေနံ၊ ထိုသို့ အကျယ်ရွတ်ဆိုနေသော ရဟန်းကို။ ဣတရော၊ ဉာဏ်ပညာထက်သော ရဟန်းသည်။ "ဧသ ဧသော၊ ဤရွတ်ဆိုပုံသည်။ ကိံ သဇ္ဈာယော နာမ၊ အဘယ်သို့သောရွတ်ဆိုခြင်းမည်သနည်း။ ပရိယော-သာနံ ဂန္တုံ၊ အဆုံးသို့ရောက်ရန်။ န ဒေတိ၊ ခွင့်မပေးပါတကား။ ဧဝံ၊ ဤနည်းဖြင့်။ သဇ္ဈာယေ ကရိယမာနေ၊ ရွတ်ဆိုမှုကို ပြုနေလျှင်။ တန္တိ၊ ပါဠိသည်။ ကဒါ၊ ဘယ်အခါ၌။ ပရိယောသာနံ ဂမိဿတိ" တိ၊ အဆုံးသို့ရောက်လိမ့်မည်နည်း-ဟု။ ဧဝံ၊ ဤသို့။ အာဟ၊ ပြောဆို၏။ ဧဝမေဝ၊ ဤဥပမာအတူပင်။ တိက္ခပညဿ၊ ဉာဏ်ပညာထက်သော ရဟန်းအား။ ကေသာဒိဝသေန၊ ဆံပင်—စသည်တို့၏ အစွမ်းအားဖြင့်။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဓာတုပရိဂ္ဂဟော၊ ဓာတ်တို့ကိုသိမ်းဆည်းခြင်း, နှလုံးသွင်းခြင်းသည်။ ပပဉ္စတော၊ အချိန်ဖင့်နွဲ့သည်-ဟု။ ဥပဋ္ဌာတိ၊ ထင်၏။ ယံ၊ အကြင် ပထဝီဓာတ်သည်။ ထဒ္ဓလက္ခဏံ၊ ခက်မာခြင်းသဘောလက္ခဏာရှိ၏။ အယံ၊ ဤသည်ကား။ ပထဝီဓာတု၊ ပထဝီဓာတ်—မည်၏။ ဣတိအာဒိနာ နယေန၊ ဤသို့စသော နည်းဖြင့်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ မနသိ-ကရောတော၊ နှလုံးသွင်းသော်သာလျှင်။ ကမ္မဋ္ဌာနံ ပါကဋံ ဟောတိ၊ ကမ္မဋ္ဌာန်းသည် ထင်ရှားပေါ်လာတတ်၏။ ဣတရဿ၊ ဤမှတပါးသော

ရဟန်းအား။ တထာ မနသိကရောတော၊ ထိုသို့ အကျဉ်းအားဖြင့် နှလုံးသွင်းလျှင်။ အန္ဓကာရံ၊ အမိုက်တိုက်ကဲ့သို့ ဖြစ်လျက်။ အဝိဘူတံ ဟောတိ၊ မထင်ပေါ်ပဲရှိတတ်၏။ ကေသာဒိဝသေန၊ ဆံပင်—စသည်တို့၏ အစွမ်းအားဖြင့်။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ မနသိကရောန္တဿ၊ နှလုံးသွင်းသော်သာလျှင်။ ပါကဋံ ဟောတိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

တသ္မာ၊ထို့ကြောင့်။ ဣမံ ကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းကို။ဘာဝေတုကာမေန တိက္ခပညေန၊ ပွားစေရန်အလိုရှိသော ဉာဏ်ပညာထက်သော ရဟန်းသည်။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ ရောက်လျက်။ ပဋိသလ္လီနေန၊ အပြင်အပ အာရုံများမှ ဖဲခွာကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍ သကလမ္ပိ အတ္တနော ရူပကာယံ၊ မိမိ၏ ရူပကာယ-တကိုယ်လုံးကို။ အာဝဇ္ဇေတွာ၊ နှလုံးသွင်းပြီးလျှင်။ ဣမသ္မိံကာယေ၊ ဤရုပ်ကိုယ်ထဲ၌။ ယော ထဒ္ဓဘာဝေါ ဝါ၊ အကြင် ခက်မာသည်၏ အဖြစ်သည်လည်းကောင်း။ ယော ခရဘာဝေါ ဝါ၊ အကြင် ကြမ်းတမ်းသည်၏ အဖြစ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ခက်မာခြင်း, ကြမ်းတမ်းခြင်းသည်။ ပထဝီဓာတု၊ ပထဝီဓာတ်တည်း။ ယော (၃၄၇) အာဗန္ဓနဘာဝေါ ဝါ၊ အကြင် ဖွဲ့စည်းသည်၏ အဖြစ်သည်လည်းကောင်း။ ယော ဒြဝဘာဝေါ ဝါ၊ အကြင် အရည်အဖြစ်, ယိုစီးခြင်းသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ အယံ၊ ဤဖွဲ့စည်းခြင်း, အရည်ဖြစ်ခြင်း, ယိုစီးခြင်းသည်။ အာပေါဓာတု၊ အာပေါဓာတ်မည်၏။ ယော ပရိပါစနဘာဝေါ ဝါ၊ အကြင် ကျက်စေသည်၏ အဖြစ်သည်လည်းကောင်း။ ယော ဥဏှဘာဝေါ ဝါ၊ အကြင် ပူသည်၏ အဖြစ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ကျက်စေခြင်း, ပူစေခြင်းသည်။ တေဇောဓာတု တေဇောဓာတ်—မည်၏။ ယော ဝိတ္ထမ္ဘနဘာဝေါ ဝါ၊ အကြင် ထောက်ကန်သည်၏ အဖြစ်သည်လည်းကောင်း။ ယော သမုဒီရဏဘာဝေါ ဝါ၊ အကြင် လှုပ်စေသည်၏ အဖြစ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ထောက်ကန်ခြင်း, လှုပ်ခြင်းသည်။ ဝါယောဓာတူတိ၊ ဝါယောဓာတ်—ဟု။ ဧဝံ၊ ဤသို့။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဓာတုယော ပရိဂ္ဂဟေတွာ၊ ဓာတ်တို့ကို သိမ်းဆည်း၍။ ပထဝီဓာတု၊ ပထဝီဓာတ်လည်းကောင်း။ အာပေါဓာတု၊ အာပေါဓာတ်လည်းကောင်း။ ဣတိ၊ ဤသို့အားဖြင့်။ ဓာတုမတ္တတော၊ ဓာတ်သဘောအားဖြင့်။ နိဿတ္တတော၊ သတ္တဝါမဟုတ်သောအားဖြင့် နိဇ္ဇီဝတော၊ အသက်ကောင်မဟုတ်သောအားဖြင့်။ ပုနပ္ပုနံ၊ အာဝဇ္ဇိတဗ္ဗံ၊ အဖန်တလဲလဲ နှလုံးသွင်းအပ်၏။ မနသိကာတဗ္ဗံ၊ စိတ်၌ထား

အပ်၏။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ဧဝံ ဝါယမမာနဿ၊ ဤဆိုခဲ့သည့်အတိုင်း အားထုတ်နေသော။ တဿ၊ ထိုယောဂီအား။ နစိရေနေဝ၊ မကြာမြင့်မီပင်လျှင်။ ဓာတုပ္ပဘေဒါဝဘာသနပညာပရိဂ္ဂဟိတော၊ ဓာတ်တို့၏ အထူးအပြားကို ထင်လင်းစေသောပညာက သိမ်းဆည်းအပ်သော။ သဘာဝဓမ္မာရမ္မဏတ္တာ၊ သဘောတရားလျှင် အာရုံရှိသောကြောင့်။ အပ္ပနံ အပ္ပတ္တော၊ အပ္ပနာသို့ မရောက်မူ၍။ ဥပစာရမတ္တော သမာဓိ ဥပ္ပဇ္ဇတိ၊ ဥပစာရမျှဖြစ်သော သမာဓိသည် ဖြစ်ပေါ်၏။ (ဤအရာကား ခဲယဉ်း၏။ ဋီကာကို အဖန်တလဲလဲ နှလုံးသွင်း၍ ရှုအပ်၏။)

အထဝါ ပန၊ တနည်းသော်ကား။ ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည်။ စတုန္နံ မဟာဘူတာနံ၊ လေးပါးသော မဟာဘုတ်တို့၏။ နိဿတ္တဘာဝဒဿနတ္ထံ၊ သတ္တဝါမဟုတ်ကြောင်းကို ပြရန် အလို့ငှာ။ ဝါ၊ ပြရန်အတွက်။ "အဋ္ဌိဉ္စ ပဋိစ္စ၊ အရိုးကိုလည်း စွဲမှီ၍။ နှာရုဉ္စ ပဋိစ္စ၊ အကြောကိုလည်း စွဲမှီ၍။ မံသဉ္စ ပဋိစ္စ၊ အသားကိုလည်း စွဲမှီ၍။ စမ္မဉ္စ ပဋိစ္စ၊ အရေကိုလည်း စွဲမှီ၍။ ပရိဝါရိတော၊ အတွင်းဘက်—အပြင်ဘက်၌ ကာရံလျက်တည်သော။ အာကာသော၊ ဟင်းလင်းအရပ် အာကာသသည် ပင်လျှင်။ ရူပန္တွေဝ သင်္ခံ ဂစ္ဆတိ" တိ၊ ရုပ်ကိုယ်—ဟု ရေတွက်ခေါ်ဆိုခြင်းသို့ရောက်၏-ဟု။ ယေ ဣမေ စတ္တာရော ကောဋ္ဌာသာ၊ အကြင်လေးပါးသော ကောဋ္ဌာသတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တေသု၊ ထိုလေးပါးသော ကောဋ္ဌာသတို့ကို။ တံ တံ အန္တရာနုသာရိနာ၊ အရိုးနှင့်အကြော—စသော ထိုထို ကောဋ္ဌာသတို့၏ အကြားသို့ အစဉ်လျှောက်နိုင်သော။ ဉာဏဟတ္ထေန၊ ဉာဏ်တည်းဟူသော လက်ဖြင့်။ ဝိနိဗ္ဘုဇိတွာ ဝိနိဗ္ဘုဇိတွာ၊ ခွဲခြား၍ ခွဲခြား၍။ တေသု၊ ဤလေးပါးသော ကောဋ္ဌာသတို့၌။ ယော ထဒ္ဓဘာဝေါ ဝါ၊ အကြင် ခက်မာသည်၏ အဖြစ်သည်သော်လည်းကောင်း။ ယော ခရဘာဝေါ ဝါ၊ အကြင် ကြမ်းတမ်းသည်၏ အဖြစ်သည်သော်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောသည်။ ပထဝီဓာတု၊ ပထဝီဓာတ်တည်း။ ဣတိ—ဣမိနာ ပုရိမနယေနေဝ၊ ဤသို့အစရှိသော ရှေးနည်းဖြင့်ပင်လျှင်။ ဓာတုယော ပရိဂ္ဂဟေတွာ၊ ဓာတ်တို့ကို သိမ်းဆည်း၍။ ပထဝီဓာတု၊ ပထဝီဓာတ် လည်းကောင်း။ အာပေါဓာတု၊ အာပေါဓာတ်လည်းကောင်း။ ဣတိ၊ ဤသို့အားဖြင့်။ ဓာတုမတ္တတော၊ ဓာတ်သဘောမျှအားဖြင့်။ နိဿတ္တတော၊ သတ္တဝါ မဟုတ်သောအားဖြင့်။ နိဇ္ဇီဝတော၊ အသက်ကောင် မဟုတ်သောအားဖြင့်။ ပုနပ္ပုနံ အာဝဇ္ဇိတဗ္ဗံ၊

အဖန်တလဲလဲ နှလုံးသွင်းအပ်၏။ မနသိကာတဗ္ဗံ၊ စိတ်၌ထားအပ်၏။ ပစ္စ- ဝေက္ခိတဗ္ဗံ၊ စိတ်၌ ဆင်ခြင်အပ်၏။ ဇဝံ ဝါယမမာနဿ၊ ဤဆိုခဲ့သည့်အတိုင်း အားထုတ်နေသော။ တဿ၊ ထိုယောဂီအား။ န စိရေနေဝ၊ မကြာမြင့်မီပင် လျှင်။ ဓာတုပ္ပဘေဒါဝဘာသနပညာပရိဂ္ဂဟိတော သဘာဝဓမ္မာရမ္မဏတ္တာ၊ ဓာတ်တို့၏ အထူးအပြားကို ထင်လင်းစေသော ပညာက သိမ်းဆည်းအပ်သော သဘောတရားလျှင် အာရုံရှိသောကြောင့်။ အပ္ပနံ အပ္ပတ္တော၊ အပ္ပနာသို့ မရောက်မူ၍။ ဥပစာရမတ္တော သမာဓိ ဥပ္ပဇ္ဇတိ၊ ဥပစာရမျှဖြစ်သော သမာဓိ သည် ဖြစ်ပေါ်၏။ အယံ၊ ဤဆိုခဲ့ပြီးသော စတုဓာတုအစီအစဉ်သည်။ သခေ်- ပတော၊ အကျဉ်းအားဖြင့်။ အာဂတေ၊ လာသော။ စတုဓာတုဝဝတ္ထာနေ၊ စတုဓာတုဝဝတ္ထာန်၌။ ဘာဝနာနယော၊ ပွားစေပုံ နည်းပေတည်း။

၃၀၉။ ဝိတ္ထာရတော အာဂတေ၊ အကျယ်အားဖြင့်လာသော စတု ဓာတုဝဝတ္ထာန်၌။ ဇငံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ချဲ့ဦးအံ့။ ဣဒံ ကမ္မဋ္ဌာနံ ဘာဝေတုကာမေန၊ ဤ ကမ္မဋ္ဌာန်းကို ပွားစေ ရန် အလိုရှိသော။ နာတိတိက္ခပညေန ယောဂိနာ၊ ဉာဏ်ပညာမထက်လှ သော ယောဂီသည်။ အာစရိယသန္တိကေ၊ ဆရာ့အထံ၌။ ဒွါစတ္တာလီသာယ အာကာရေဟိ၊ လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဓာတုယော၊ ဓာတ်တို့ကို။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဥဂ္ဂဏှိတွာ၊ သင်ယူခဲ့ပြီး လျှင်။ ဝုတ္တပ္ပကာရေ သေနာသနေ၊ ဆိုခဲ့ပြီးသည့် ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံ သော ကျောင်း၌။ ဝိဟရန္တေန၊ နေလျက်။ ကတသဗ္ဗကိစ္စေန၊ ကိစ္စအားလုံး ကို ပြုပြီးလျှင်။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ ပဋိ- သလ္လီနေန၊ အပြင်ပ-အာရုံများမှ ခွဲခွါကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိ သည်ဖြစ်၍။ သသမ္ဘာရသခေ်ပတော၊ သသမ္ဘာရသခေ်ပ အားဖြင့်လည်း ကောင်း။ သသမ္ဘာရဝိဘတ္တိတော၊ သသမ္ဘာရဝိဘတ္တိ အားဖြင့်လည်းကောင်း။ သလက္ခဏသခေ်ပတော၊ သလက္ခဏသခေ်ပအားဖြင့် လည်းကောင်း။ သလက္ခ- ဏဝိဘတ္တိတော၊ သလက္ခဏဝိဘတ္တိအားဖြင့် လည်းကောင်း။ ဣတိ-ဇဝံ၊ ဤသို့။ စတူဟာကာရေဟိ၊ လေးပါးသော အခြင်းအရာတို့ဖြင့်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။

တတ္ထ၊ ထိုလေးပါးတို့တွင်။ ကထံ သသမ္ဘာရသခေ်ပတော ဘာဝေတိ၊ သသမ္ဘာရဘခေ်ပအားဖြင့် အဘယ်သို့ပွားစေအပ်သနည်း?ဟူမူ။ ဣဓ ဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝီသတိယာ ကောဋ္ဌာသေသု၊ နှစ်ဆယ် သော ကောဋ္ဌာသတို့၌။ ထဒ္ဓကာရံ၊ ခက်မာသော အခြင်းအရာကို။ ပထဝီ-

ဓာတူတိ၊ ပထဝီဓာတ်ဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား–ဆုံးဖြတ်လျက် ရှု၏။ ဒွါဒသသု ကောဋ္ဌာသေသု၊ တစ်ဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌။ ယူသဂတံ၊ အရည်အဖြစ်သို့ ရောက်သော။ ဥဒကသင်္ခါတံ၊ ရေ–ဟုဆိုအပ်သော။ အာဗန္ဓနာကာရံ၊ ဖွဲ့စည်းသော အခြင်းအရာကို။ အာပေါဓာတူတိ၊ အာပေါဓာတ်–ဟု၊ ဝဝတ္ထပေတိ၊ ပိုင်းခြား–ဆုံးဖြတ်လျက် ရှု၏။ စတူသု ကောဋ္ဌာသေသု၊ လေးပါးသော ကောဋ္ဌာသတို့၌။ ပရိပါစနကံ၊ ကျက်စေတတ်သော။ တေဇံ၊ အပူငွေ့ကို။ တေဇောဓာတူတိ၊ တေဇောဓာတ်-ဟု။ (၃၄၈) ဝဝတ္ထပေတိ၊ ပိုင်းခြား–ဆုံးဖြတ်လျက် ရှု၏။ ဆသု ကောဋ္ဌာသေသု၊ ခြောက်ပါးသော ကောဋ္ဌာသတို့၌။ ဝိတ္ထမ္ဘနာကာရံ၊ ထောက်ကန်တောင့်တင်းသော အခြင်းအရာကို။ ဝါယောဓာတူတိ၊ ဝါယောဓာတ်–ဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား–ဆုံးဖြတ်လျက် ရှု၏။ ဧဝံ ဝဝတ္ထာပယတောယေဝ၊ ဤသို့ ပိုင်းခြား-ဆုံးဖြတ်လျက် ရှုသော။ တဿ၊ ထို ယောဂီရဟန်းအား။ ဓာတုယော၊ ဓာတ်တို့သည်။ ပါကဋာ။ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာ၊ ထိုဓာတ်တို့ကို။ ပုနပ္ပုနံ အာဝဇ္ဇတော၊ အဖန်တလဲလဲ နှလုံးသွင်း—ဆင်ခြင်နေလျှင်။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်ပင်လျှင်။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။

၃၁၀။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဘာဝယတော၊ သသမ္ဘာရသင်္ခေပအားဖြင့် ပွားစေအပ်သော။ ယဿ၊ အကြင်ယောဂီအား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ န ဂုဏ္ဍာတိ၊ မပြီးစီး မပြည့်စုံသေးပဲ ရှိ၏။ ဝါ၊ ရှိနေလျှင်။ တေန၊ ထိုယောဂီသည်။ သသမ္ဘာရဝိဘတ္တိတော၊ သသမ္ဘာရဝိဘတ္တိအားဖြင့်။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ကထံ၊ အဘယ်သို့နည်း?ဟူမူ။ ဟိ၊ ချဲ့ရှဉ်းပြဦးအံ့။ တေန ဘိက္ခုနာ၊ ထိုယောဂီရဟန်းသည်။ ကာယဂတာသတိကမ္မဋ္ဌာန နိဒ္ဒေသေ၊ ကာယဂတာသတိကမ္မဋ္ဌာန်းကို အကျယ်ပြရာ၌။ သတ္တဓာ၊ ခုနစ်ပါးအပြားအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ယံ တံ ဥဂ္ဂဟကောသလ္လဉ္စ၊ အကြင် ဥဂ္ဂဟကောသလ္လ-သည်လည်းကောင်း။ ဒသဓာ၊ ဆယ်ပါးအပြားအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ယံ တံ မနသိကာရကောသလ္လဉ္စ၊ အကြင် မနသိကာရကောသလ္လ-သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဒွတ္တိံသာကာရေ၊ ဒွတ္တိံသာကာရ–၌။ တာဝ၊ ရှေးဦးစွာ။ အပရိဟာပေတွာ၊ မယုတ်စေပဲ။ တစပဉ္စကာဒီနံ၊ တစပဉ္စက–စသည်တို့ကို။ အနုလောမပဋိလောမတော၊ အနုလုံ–ပဋိလုံအားဖြင့်။ ဝစသာ သဇ္ဈာယံ အာဒိံ ကတွာ၊ နှုတ်ဖြင့်ရွက်ဆိုခြင်းမှ စ၍။ တတ္ထ၊ ထို ဒွတ္တိံသာကာရ၌။ သဗ္ဗံ ဝုတ္တဝိဓာနံ၊

ဆိုခဲ့ပြီးသော အစီရင်အားလုံးကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဟိ၊ မှန်၏။ အယမေဝ၊ ယခုဆိုမည့် နှလုံးသွင်းပုံမျှသည်သာလျှင်။ ဝိသေသော၊ ထူး၏။ တတ္ထ၊ ထို ကာယဂတာသတိကမ္မဋ္ဌာန်း၌။ ဝဏ္ဏသဏ္ဌာနဒိသောကာသ-ပရိစ္ဆေဒဝသေန၊ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ-အပိုင်းအခြားတို့၏ အစွမ်းအားဖြင့်။ ကေသာဒယော မနသိကရိတ္វာပိ၊ ဆံပင်-စသည်တို့ကို နှလုံးသွင်းပြီး၍လည်း။ ပဋိက္ကူလဝသေန၊ စက်ဆုပ်ဖွယ်၏။ အစွမ်းဖြင့်။ စိတ္တံ ဌပေတဗ္ဗံ၊ စိတ်ကို ထားအပ်၏။ ဣဓ၊ ဤ ဓာတုမာနသိကာရဝတ္ထုဝတ္ထာန် ကမ္မဋ္ဌာန်း၌။ ဓာတုဝသေန၊ ဓာတ်သဘော၏ အစွမ်းအားဖြင့်။ စိတ္တံ ဌပေတဗ္ဗံ၊ စိတ်ကို ထားအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝဏ္ဏာဒိဝသေန၊ အဆင်း-စသည်တို့၏ အစွမ်းအာဖြင့်။ ပဉ္စဓာ ပဉ္စဓာ၊ ငါးပါး ငါးပါး အပြားအားဖြင့်။ ကေသာဒယော မနသိကရိတ္វာ၊ ဆံပင်-စသည်တို့ကို နှလုံးသွင်းပြီးလျှင်။ အဝသာနေ၊ အဆုံး၌။ ဧဝံ၊ ဤဆိုလတ္တံ့သော အခြင်းအရာဖြင့်။ မနသိ-ကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

၃၁၁။ ဣမေ ကေသာ နာမ၊ ဤ ဆံပင်တို့မည်သည်မှာ။ သီသကဋာဟ-ပလိဝေဌနစမ္မေ၊ ဦးခေါင်းခွံကို ရစ်ပတ်သောအရေ၌။ ဇာတာ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုဆံပင်နှင့် အရေတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဝမ္မိကမတ္ထကေ၊ တောင်ပို့ထက်၌။ ကုဏ္ဌတိဏာနိ ဇာတာနိ၊ မြက်ထုံးများ ပေါက်နေကြကုန်သည်ရှိသော်။ ဝါ၊ ပေါက်နေကြလျှင်။ ဝမ္မိကမတ္ထကော၊ တောင်ပို့ထိပ်သည်။ မယိ၊ ငါ့အပေါ်၌။ ကုဏ္ဌတိဏာနိ ဇာတာနီတိ၊ မြက်ထုံးများရောက်နေကြသည်-ဟု။ န ဇာနာတိ၊ မသိ။ ကုဏ္ဌတိဏာနိပိ၊ မြက်ထုံးတို့ကလည်း။ မယံ၊ ငါတို့သည်။ ဝမ္မိကမတ္ထကေ၊ တောင်ပို့ထက်၌။ ဇာတာနီတိ၊ ပေါက်နေကြကုန်သည်-ဟု။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝ-မေဝ၊ ဤအတူပင်။ သီသကဋာဟပလိဝေဌနစမ္မံ၊ ဦးခေါင်းကိုရစ်ပတ်သော အရေသည်။ မယိ၊ ငါ့အပေါ်၌။ ကေသာ၊ ဆံပင်တို့သည်။ ဇာတာတိ၊ ပေါက်ကုန်၏ဟု။ န ဇာနာတိ၊ မသိ။ ကေသာပိ၊ ဆံပင်တို့ကလည်း။ မယံ၊ ငါတို့သည်။ သီသကဋာဟဝေဌနစမ္မေ၊ ဦးခေါင်းကိုရစ်ပတ်သော အရေ၌။ ဇာတာတိ၊ ပေါက်ရောက်နေကြသည်-ဟု။ န ဇာနန္တိ၊ မသိကြကုန်။ ဧတေ ဓမ္မာ၊ ဤဆံပင်နှင့်အရေ-ဟူသော ရုပ်တရားတို့သည်။အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း-ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ကေသာ နာမ၊ ဆံပင်တို့မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော ကောဋ္ဌာသော၊ သီးခြား အဖို့တစ်ခုပေတည်း။

အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိပ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်မာ-ကြမ်းတမ်းသော။ ပထဝီ-ဓာတူတိ၊ ပထဝီဓာတ်-ဟူ၍။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၁၂။ လောမာ၊ အမွေးတို့သည်။ သရီရဝေဌနစမ္မေ၊ ကိုယ်ကိုရစ်ပတ်သော အရေ၌။ ဇာတာ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုအမွေးနှင့် အရေတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ သုညဂါမဋ္ဌာနေ၊ ရွာပျက်ကုန်း အရပ်၌။ ဒဗ္ဗ-တိဏကေသု ဇာတေသု၊ နေဇာမြက်များ ပေါက်ရောက်နေကြလျှင်။ သုည-ဂါမဋ္ဌာနံ၊ ရွာပျက်ကုန်းအရပ်သည်။ မယိ၊ ငါ့အပေါ်၌။ ဒဗ္ဗတိဏကာနိ၊ နေဇာမြက်တို့သည်။ ဇာတာနီတိ၊ ပေါက်ရောက်နေကြကုန်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဒဗ္ဗတိဏကာနိပိ၊ နေဇာမြက်တို့ကလည်း။ မယံ၊ ငါတို့သည်။ သုညဂါမဋ္ဌာနေ၊ ရွာပျက်ကုန်းအရပ်၌။ ဇာတာနီတိ၊ ပေါက်ရောက် နေကြသည် ဟု။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ ပင်။ သရီရဝေဌနစမ္မံ၊ ကိုယ်ကိုရစ်ပတ်သော အရေသည်။ မယိ၊ ငါ့အပေါ် ၌။ လောမာ ဇာတာတိ၊ အမွေးများ ပေါက်ရောက်နေကြသည်-ဟု။ န ဇာနာတိ၊ မသိ။ လောမာပိ၊ အမွေးတို့ကလည်း။ (ပိ-ရှေ့ထိုင်။) မယံ၊ ငါတို့သည်။ သရီရဝေဌနစမ္မေ၊ ကိုယ်ကိုရစ်ပတ်သော အရေ၌။ ဇာတာတိ၊ ပေါက်ရောက်နေကြသည်-ဟု။ န ဇာနန္တိ၊ မသိကုန်။ (၃၄၉) ဣတေ ဓမ္မာ၊ ဤအမွေးနှင့် အရေဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ လောမာ နာမ၊ အမွေးတို့မည်သည်။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိဧက္ကော ကောဋ္ဌာသော။ သီးခြား အဖို့တစ်ခုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်မာ-ကြမ်းတမ်းသော။ ပထဝီ-ဓာတူတိ၊ ပထဝီဓာတ်-ဟူ၍။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၁၃။ နခါ၊ လက်သည်း-ခြေသည်းတို့သည်။ အင်္ဂုလီနံ အဂ္ဂေသု၊ လက်ချောင်း, ခြေချောင်းတို့၏ အဖျားတို့၌။ ဇာတာ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထို လက်သည်း, ခြေသည်းတို့နှင့် လက်ချောင်း, ခြေချောင်းတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ကုမာရကေသု၊ သူငယ်တို့သည်။ မဓုကဋ္ဌိကေ၊

သစ်မည်စည်စေ့တို့ကို။ ဒဏ္ဍကေဟိ ဝိဇ္ဈိတွာ၊ တုတ်ချွန်တို့ဖြင့် ထိုး၍။ ကိဋ္ဋေသု၊ ကစားကြကုန်သည်ရှိသော်။ ဝါ၊ ကစားကြလျှင်။ ဒဏ္ဍကာ၊ တုတ်ချွန်တို့သည်။ အမ္ဗေသု၊ ငါတို့၌။ မဓုကဋ္ဌိကာ၊ သစ်မည်စည်စေ့တို့သည်။ ဌပိတာ ဝါတိ၊ တည်နေကြကုန်၏-ဟု။ န ဇာနန္တိ၊ မသိကုန်။ မဓုကဋ္ဌိကာပိ၊ သစ်မည်စည်စေ့တို့ကလည်း။ (ပိ-ကို ရှေ့ထိုင်။) မယံ၊ ငါတို့သည်။ ဒဏ္ဍကေသု၊ တုတ်ချွန်တို့၌။ ဌပိတာ ဝါတိ၊ တည်နေကြကုန်၏ ဟု။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ အင်္ဂုလိယော၊ လက်ချောင်း-ခြေချောင်းတို့သည်။ အမ္ဗာကံ အဂ္ဂေသု၊ ငါတို့၏ အဖျားတို့၌။ နခါ၊ လက်သည်း-ခြေသည်းတို့သည်။ ဇာတာတိ၊ ဖြစ်ကြကုန်သည်-ဟု။ န ဇာနန္တိ၊ မသိကုန်။ နခါပိ၊ လက်သည်းခြေသည်းတို့ကလည်း။ မယံ၊ ငါတို့သည်။ အင်္ဂုလီနံ အဂ္ဂေသု၊ လက်ချောင်း ခြေချောင်းတို့၏ အဖျားတို့၌။ ဇာတာတိ၊ ဖြစ်ကုန်၏ဟု။ န ဇာနန္တိ၊ မသိကုန်။ ဣတော ဓမ္မာ၊ ဤလက်သည်း-ခြေသည်းနှင့် လက်ချောင်း ခြေချောင်းဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ နခါ နာမ၊ လက်သည်း-ခြေသည်းတို့ မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော ကောဋ္ဌာသော၊ သီးခြားအဖို့တစ်ခုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တ-မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်မာ—ကြမ်းတမ်းသော။ ပထဝီဓာတူတိ၊ ပထဝီဓာတ်—ဟူ၍။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၁၁၄။ ဒန္တာ၊ သွားတို့သည်။ ဟနုကဋ္ဌိကေသု၊ မေးရိုးတို့၌။ ဇာတာ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုသွားနှင့် မေရိုးတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဝဍ္ဎကီဟိ၊ လက်သမားတို့သည်။ ပါသာဏဥဒုက္ခလကေသု၊ ကျောက်ဆုံယ်တို့၌။ ကေနစိဒေဝ သိလေသဇာတေန၊ တစုံတခုသော အစေးဖြင့်။ ဌပိတ-ထမ္ဘေသု၊ တည်ထားသော တိုင်တို့၌။ ဗန္ဓိတွာ၊ ဖွဲ့ကပ်၍ တည်ထားလျှင်။ ဥဒုက္ခလာ၊ ကျောက်ဆုံတို့သည်။ အမ္ဗေသု၊ ငါတို့၌။ ထမ္ဘာ ဌိတာတိ၊ တိုင်များ တည်ကြသည်-ဟု။ န ဇာနန္တိ၊ မသိကုန်။ ထမ္ဘာပိ၊ တိုင်တို့ကလည်း၊ မယံ၊ ငါတို့သည်။ ဥဒုက္ခလေသု၊ ကျောက်ဆုံတို့၌။ ဌိတာတိ၊ တည်ကြကုန်၏-ဟု။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ဟနုကဋ္ဌီနိ၊ မေးရိုးတို့သည်။ အမ္ဗေသု၊ ငါတို့၌။ ဒန္တာ ဇာတာတိ၊ သွားများပေါက်ကြ

ကုန်၏—ဟု။ န ဇာနန္တိ၊ မသိကြကုန်။ ဒန္တာပိ၊ သွားတို့ကလည်း။ မယံ၊ ငါတို့သည်။ ဟနုကဋ္ဌိသု၊ မေးရိုးတို့၌။ ဇာတာတိ၊ ပေါက်ကြကုန်၏—ဟု။ န ဇာနန္တိ၊ မသိကြကုန်။ ဧတေ ဓမ္မာ၊ ဤ သွားနှင့်မေးရိုးဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဒန္တာ နာမ၊ သွားတို့မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော ကောဋ္ဌာသော၊ သီးခြား အဖို့တစ်ခုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်မာ—ကြမ်းတမ်းသော။ ပထဝီဓာတူတိ၊ ပထဝီဓာတ်—ဟူ၍။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၁၅။ တစော၊ အရေသည်။ သကလသရီရံ ပရိယောနန္ဓိတွာ၊ တကိုယ်လုံးကို မြေးယှက်-ဖုံးအုပ်လျက်။ ဌိတော၊ တည်၏။ တတ္ထ၊ ထို အရေနှင့် ကိုယ်တို့တွင်။ ယထာ ဥပမာအားဖြင့်။ မဟာဝီဏာယ၊ စောင်းခွက်ကြီးကို။ အလ္လဂေါစမ္မပရိယောနဒ္ဓါယ၊ စိုသောနွားရေဖြင့် ကြက်ထားလျှင်။ မဟာဝီဏာ၊ စောင်းခွက်ကြီးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါ့ကို။ အလ္လဂေါစမ္မေန၊ စိုသောနွားရေဖြင့်။ ပရိယောနဒ္ဓါတိ၊ ကြက်ထားသည်—ဟု။ န ဇာနာတိ၊ မသိ။ အလ္လဂေါစမ္မံပိ၊ စိုသောနွားရေက—လည်း။ မယာ၊ ငါသည်။ မဟာဝီဏာ ပရိယောနဒ္ဓါတိ၊ စောင်းခွက်ကြီးကို မြေးယှက်လျက် တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤဥပမာတူပင်။ သရီရံ၊ ကိုယ်သည်။ အဟံ၊ ငါ့ကို။ တစေန၊ အရေသည်။ ဝါ၊ အရေက။ ပရိယောနဒ္ဓန္တိ၊ မြေးယှက်ထားသည်—ဟု။ န ဇာနာတိ၊ မသိ။ တစောပိ၊ အရေသည်လည်း။ ဝါ၊ အရေကလည်း။ မယာ၊ ငါသည်။ သရီရံ၊ ကိုယ်ကို။ ပရိယောနဒ္ဓန္တိ၊ မြေးယှက်ထားသည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ အရေနှင့် ကိုယ်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ တစော နာမ၊ အရေမည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော ကောဋ္ဌာသော၊ သီးခြား အဖို့တစ်ခုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ထဒ္ဓေါ၊ ခက်မာ-ကြမ်းတမ်းသော။ ပထဝီဓာတူတိ၊ ပထဝီဓာတ်-ဟူ၍။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၁၆။ မံသံ၊ အသားသည်။ အဋ္ဌိသင်္ဃာဋ္ဌံ၊ သုံးရာကျော်သော အရိုးစုကို။ အနုလိမ္ပိတွာ၊ လိမ်းကျံလျက်။ ဌိတံ၊ တည်၏။ တတ္ထ၊ ထို အသားနှင့် အရိုးတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဘိတ္တိယာ၊ နံရံကို။ မဟာမတ္တိကာ— လိတ္တာယ၊ မြေညက်ဖြင့် ထူစွာလိမ်းကျံထားလျှင်။ ဘိတ္တိ၊ နံရံသည်။ အဟံ၊ ငါ့ကို။ မဟာမတ္တိကာယ၊ မြေညက်စိုင်ဖြင့်။ လိတ္တာတိ၊ လိမ်းကျံထားသည် ဟု။ န ဇာနာတိ၊ မသိ။ (၃၅၀) မဟာမတ္တိကာပိ၊ မြေညက်စိုင်ကလည်း။ မယာ၊ ငါသည်။ ဘိတ္တိ၊ နံရံကို။ လိတ္တာတိ၊ လိမ်းကျံ—ကပ်ငြိလျက်တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ အဋ္ဌိသင်္ဃာတော၊ အရိုးစုသည်။ အဟံ၊ ငါ့ကို။ နဝပေသိသတပ္ပဘေဒေန၊ သားတစ်ကိုးရာ အပြားရှိသော။ မံသေန၊ အသားသည်။ ဝါ၊ အသားက။ လိတ္တောတိ၊ လိမ်းကျံ—ကပ်ငြိလျက်တည်သည် ဟု။ န ဇာနာတိ၊ မသိ။ မံသံပိ၊ အသားသည်လည်း။ ဝါ၊ အသားကလည်း။ မယာ၊ ငါသည်။ အဋ္ဌိသင်္ဃာ— တော၊ အရိုးစုကို။ လိတ္တောတိ၊ လိမ်းကျံ ကပ်ငြိလျက်တည်သည်-ဟု၊ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ အသားနှင့် အရိုးတို့ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံး သွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ မံသံ နာမ၊ အသား မည်သည်မှာ။ဣမသ္မိံ ကာယေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော ကောဋ္ဌာသော၊ သီးခြား အဖို့တစ်ခုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ—တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်မာ ကြမ်းတမ်းသော။ ပထဝီဓာတူတိ၊ ပထဝီဓာတ်-ဟူ၍။ မနသိကာတဗ္ဗော။ နှလုံးသွင်းအပ်၏။

၃၁၇။ နှာရု၊ အကြောသည်။ သရီရဗ္ဘန္တရေ၊ ကိုယ်ထဲ၌။ အဋ္ဌီနိ၊ အရိုးတို့ကို။ အာဗန္ဓမာနာ၊ ဖက်တွယ်ကုန်လျက်။ ဌိတာ၊ တည်ကုန်၏။ တတ္ထ၊ ထို အကြောနှင့် အရိုးတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဝလ္လိဟိ၊ နွယ်တို့ဖြင့်။ ဝိနဒ္ဓေသု ကုဋ္ဋဒါရူသု၊ နံရံသစ်သားတို့ကို ဖွဲ့တွယ်ထားလျှင်။ ကုဋ္ဋဒါရူနိ၊ နံရံသစ်သားတို့သည်။ မယံ၊ ငါတို့ကို။ ဝလ္လီဟိ ဝိနဒ္ဓါနီတိ၊ နွယ်တို့က ဖွဲ့ထားကုန်သည်—ဟု။ န ဇာနန္တိ၊ မသိကုန်။ ဝလ္လိယောပိ၊ နွယ်တို့ ကလည်း။ အမှေဟိ၊ ငါတို့သည်။ ကုဋ္ဋဒါရူနိ၊ နံရံသစ်သားတို့ကို။ ဝိနဒ္ဓါ— နီတိ၊ ဖွဲ့ထားကုန်သည်—ဟု။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ အဋ္ဌီနိ၊ အရိုးတို့သည်။ မယံ၊ ငါတို့ကို။ နှာရူဟိ အာဗန္ဓာနီတိ၊ အကြောတို့က ဖွဲ့တွယ်ထားကြကုန်သည်-ဟု။ န ဇာနန္တိ၊ မသိကုန်။ နှာရူပိ၊

အကြောတို့ကလည်း။ အမေ့ဟိ၊ ငါတို့သည်။ အဋ္ဌီနိ အာဗန္ဓာနိ၊ အရိုးတို့ကို ဖွဲ့တွယ်ထားကြသည်—ဟု။ န ဇာနန္တိ၊ မသိကုန်။ ဧဝေ ဓမ္မာ၊ ဤ အကြော နှင့် အရိုးဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂ-ပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း—ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။နှာရူ နာမ၊ အကြောတို့မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ် ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစု တည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ—တရား ပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ထဒ္ဓေါ၊ ခက်ထန် ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၁၈။ အဋ္ဌီသု၊ အရိုးတို့တွင်။ ပဏှိကဋ္ဌိ၊ ဖနောင့်ရိုးသည်။ ဂေါပ္ဖကဋ္ဌိံ ဥက္ခိပိတွာ၊ ဖမျက်ရိုးကို ရွက်လျက်။ ဌိတံ၊ တည်၏။ ဂေါပ္ဖကဋ္ဌိ၊ ဖမျက် ရိုးသည်။ ဇင်္ဃဋ္ဌိံ ဥက္ခိပိတွာ၊ ခြေသလုံးရိုးကို ရွက်လျက်။ ဌိတံ၊ တည်၏။ ဇင်္ဃဋ္ဌိ၊ ခြေသလုံးရိုးသည်။ ဦရုဋ္ဌိံ ဥက္ခိပိတွာ၊ ပေါင်ရိုးကို ရွက်လျက်။ ဌိတံ၊ တည်၏။ ဦရုဋ္ဌိ၊ ပေါင်ရိုးသည်။ ကဋိဋ္ဌိံ ဥက္ခိပိတွာ၊ တင်ပါးရိုးကို ရွက်လျက်။ ဌိတံ၊ တည်၏။ ကဋိဋ္ဌိ၊ တင်ပါးရိုးသည်။ ပိဋ္ဌိကဏ္ဋကံ ဥက္ခိပိတွာ၊ ကျောက်ဆူးရိုးကို ရွက်လျက်။ ဌိတံ၊ တည်၏။ ပိဋ္ဌိကဏ္ဋကော၊ ကျောက်ဆူး ရိုးသည်။ ဂီဝဋ္ဌိံ ဥက္ခိပိတွာ၊ လည်ပင်းရိုးကို ရွက်လျက်။ ဌိတော၊ တည်၏။ ဂီဝဋ္ဌိ၊ လည်ပင်းရိုးသည်။ သီသဋ္ဌိံ ဥက္ခိပိတွာ၊ ဦးခေါင်းရိုးကို ရွက်လျက်။ ဌိတံ၊ တည်၏။ သီသဋ္ဌိ၊ ဦးခေါင်းရိုးသည်။ ဂီဝဋ္ဌိကေ၊ လည်ပင်းရိုး၌။ ပတိဋ္ဌိတံ၊ တည်၏။ ဂီဝဋ္ဌိ၊ လည်ပင်းရိုးသည်။ ပိဋ္ဌိကဏ္ဋကေ၊ ကျောက်ဆူး ရိုး၌။ ပတိဋ္ဌိတံ၊ တည်၏။ ပိဋ္ဌိကဏ္ဋကော၊ ကျောက်ဆူးရိုးသည်။ ကဋိဋ္ဌိမှိ၊ တင်ပါးရိုး၌။ ပတိဋ္ဌိတော၊ တည်၏။ ကဋိဋ္ဌိ၊ တင်ပါးရိုးသည်။ ဦရုဋ္ဌိကေ၊ ပေါင်ရိုး၌။ ပတိဋ္ဌိတံ၊ တည်၏။ ဦရုဋ္ဌိ၊ ပေါင်ရိုးသည်။ ဇင်္ဃဋ္ဌိကေ၊ ခြေသလုံးရိုး၌။ ပတိဋ္ဌိတံ၊ တည်၏။ ဇင်္ဃဋ္ဌိ၊ ခြေသလုံးရိုးသည်။ ဂေါပ္ဖက-ဋ္ဌိကေ၊ ဖမျက်ရိုး၌။ ပတိဋ္ဌိတံ၊ တည်၏။ ဂေါပ္ဖကဋ္ဌိ၊ ဖမျက်ရိုးသည်။ ပဏှိကဋ္ဌိကေ၊ ဖနောင့်ရိုး၌။ ပတိဋ္ဌိတံ၊ တည်၏။

တတ္ထ၊ ထိုအရိုးတို့တွင်။ ယထာ၊ဥပမာအားဖြင့်။ ဣဋ္ဌကဒါရုဂေါမယာဒိ-သဉ္စယေသု၊ အုတ်, သစ်သား, နွားချေး-စသည်တို့၏ အစုအပုံတို့၌။ ဟေဋ္ဌိ-မာ ဟေဋ္ဌိမာ၊ အောက်—အောက် အုတ်-စသည်တို့သည်။ မယံ၊ ငါတို့သည်။ ဝါ၊ ငါတို့က။ ဥပရိမေ ဥပရိမေ၊* အထက်—အထက် အုတ်—စသည်တို့ကို။

*ဝိသုဒ္ဓိ ဒု–၃၁ (က)

ဥက္ခိပိတွာ၊ ရွက်ကြလျက်။ ဌိတာတိ၊ တည်ကြသည်-ဟု။ န ဇာနန္တိ၊ မသိ ကုန်။ ဥပရိမာ ဥပရိမာပိ၊ အထက်-အထက် အုတ်-စသည်တို့သည်လည်း။မယံ၊ ငါတို့သည်။ ဟေဋ္ဌိမေသု ဟေဋ္ဌိမေသု၊ အောက်-အောက် အုတ်-စသည်တို့၌ ပတိဋ္ဌိတာတိ၊ တည်ကြသည်-ဟု။ န ဇာနန္တိ ယထာ၊မသိကုန်သကဲ့သို့။ဧဝ မေဝ၊ ဤအတူပင်။ ပဏ္ဍိကဋ္ဌ၊ ဖနောင့်ရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ဂေါပ္ဖကဋ္ဌိ ဥက္ခိပိတွာ၊ ဖမျက်ရိုးကိုရွက်လျက်။ ဌိတန္တိ၊ တည်၏ ဟု။ န ဇာနာတိ၊ မသိ။ ဂေါပ္ဖကဋ္ဌိ၊ ဖမျက်ရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ဇင်္ဃဋ္ဌိ ဥက္ခိပိတွာ၊ ခြေသလုံးရိုးကို ရွက်လျက်။ ဌိတန္တိ၊တည် သည်-ဟု။ န ဇာနာတိ၊ မသိ။ ဇင်္ဃဋ္ဌိ၊ ခြေသလုံးရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ဦရုဋ္ဌိ ဥက္ခိပိတွာ၊ ပေါင်ရိုးကိုရွက်လျက်။ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဦရုဋ္ဌိ၊ ပေါင်ရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ကဋိဋ္ဌိ ဥက္ခိပိတွာ၊ တင်ပါးရိုးကို ရွက်လျက်။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ကဋိဋ္ဌိ၊ တင်ပါးရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ပိဋ္ဌိကဏ္ဍကံ၊ ကျောက်ဆူးရိုးကို။ ဥက္ခိပိတွာ၊ ရွက်လျက်။ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ပိဋ္ဌိကဏ္ဍကော၊ ကျောက်ဆူးရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ဂီဝဋ္ဌိ ဥက္ခိပိတွာ၊ လည်ပင်းရိုးကို ရွက်လျက်။ ဌိတန္တိ၊ တည် ၏-ဟု။ န ဇာနာတိ၊ မသိ။ ဂီဝဋ္ဌိ၊ လည်ပင်းရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ သီသဋ္ဌိ၊ ဦးခေါင်းရိုးကို။ ဥက္ခိပိတွာ၊ ရွက်လျက်။ ဌိတန္တိ၊ တည်၏-ဟု။ န ဇာနာတိ၊ မသိ။ သီသဋ္ဌိ၊ ဦးခေါင်းရိုးသည်။ အဟံ၊ ငါ သည်။ ဝါ၊ ငါက။ ဂီဝဋ္ဌိမှိ၊ လည်ပင်းရိုး၌။ ပတိဋ္ဌိတန္တိ၊ တည်၏-ဟု။န ဇာနာတိ၊ မသိ။ ဂီဝဋ္ဌိ၊ လည်ပင်းရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ (၃၅၁) ပိဋ္ဌိကဏ္ဍကေ၊ ကျောက်ဆူးရိုး၌။ ပတိဋ္ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ပိဋ္ဌိကဏ္ဍကော၊ ကျောက်ဆူးရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ကဋိဋ္ဌိမှိ၊ တင်ပါးရိုး၌။ ပတိဋ္ဌိတောတိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ကဋိဋ္ဌိ၊ တင်ပါးရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက၊ ဦရုဋ္ဌိမှိ၊ ပေါင်ရိုး၌။ ပတိဋ္ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဦရုဋ္ဌိ၊ ပေါင်ရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ဇင်္ဃဋ္ဌိမှိ၊ ခြေသလုံးရိုး ၌။ ပတိဋ္ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဇင်္ဃဋ္ဌိ၊ ခြေသလုံးရိုး သည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ဂေါပ္ဖကဋ္ဌိမှိ၊ ဖမျက်ရိုး၌။ ပတိဋ္ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဂေါပ္ဖကဋ္ဌိ၊ ဖမျက်ရိုးသည်။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ ပဏ္ဍိကဋ္ဌိမှိ၊ ဖနောင့်ရိုး၌။ ပတိဋ္ဌိတန္တိ၊ တည်သည် ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤအရိုးဟူသော ရုပ်တရားတို့သည်။

အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း—ကင်းကုန်၏။ ဣတိ၊ ထိုကြောင့်။ အဋ္ဌိ နာမ၊ အရိုးမည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်၊ ထဒ္ဓေါ၊ ခက်ထန်-ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၁၉။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီသည်။ တေသံ တေသံ အဋ္ဌီနံ၊ ထိုထို အရိုးတို့၏။ အဗ္ဘန္တရေ ဌိတံ၊ အတွင်း၌ တည်၏။ တတ္ထ၊ ထို ရိုးတွင်း ခြင်ဆီနှင့် အရိုးတို့တွင်။ ယထာ၊ ဥပမာအားဖြင့်၊ ဝေဠုပဗ္ဗာဒီနံ အန္တော၊ ဝါး ကျည်တောက်–စသည်တို့၏ အတွင်း၌။ ပက္ခိတ္တသေဒိတဝေတ္တဂ္ဂါဒီသု၊ ဖြတ်တောက် ထားသော ကြိမ်ညွန့်–စသည်တို့ကို ထည့်ထားလျှင်။ ဝေဠုပဗ္ဗာဒီနိ၊ ဝါးကျည် တောက်—စသည်တို့သည်။ အမှေသု၊ ငါတို့၌။ ဝေတ္တဂ္ဂါဒီနိ၊ ကြိမ်ညွန့်-စသည် တို့ကို။ ပက္ခိတ္တာနီတိ၊ ထည့်ထားကုန်သည်–ဟု။ န ဇာနန္တိ၊ မသိကြကုန်။ ဝေတ္တဂ္ဂါဒီနိပိ၊ ကြိမ်ညွန့်–စသည်တို့ကလည်း။ မယံ၊ ငါတို့သည်။ ဝေဠုပဗ္ဗာ- ဒီသု၊ ဝါးကျည်တောက်–စသည်တို့၌။ ဌိတာနီတိ၊ တည်ကြကုန်သည်–ဟု။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ အဋ္ဌီနိ၊ အရိုးတို့သည်။ အမှာကံ အန္တော၊ ငါတို့၏ အတွင်း၌။ မိဉ္ဇံ ဌိတန္တိ၊ ခြင်ဆီ တည်ကြကုန်သည်—ဟု။ န ဇာနန္တိ၊ မသိကြကုန်။ မိဉ္ဇံပိ၊ ခြင်ဆီသည်လည်း ဝါ၊ ခြင်ဆီကလည်း။ အဟံ၊ ငါသည်။ ဝါ၊ ငါက။ အဋ္ဌီနံ အန္တော၊ အရိုး တို့၏အတွင်း၌။ ဌိတန္တိ၊ တည်သည်—ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ ခြင်ဆီနှင့် အရိုးဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း–ကင်းကုန်၏။ ဣတိ၊ ထိုကြောင့်။ အဋ္ဌိမိဉ္ဇံ နာမ၊၊ ရိုးတွင်းခြင်ဆီ မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာ- သော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ထဒ္ဓေါ၊ ခက်ထန် ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေ တည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၀။ ဝက္ကံ၊ အညှိ့သည်။ ဂလဝါဋကတော၊ လည်ချောင်းမှ။ နိက္ခန္တေန ဧကမူလေန၊ ထွက်သော တစ်ခုတည်းသော အကြောမ-ဖြင့်။ ထောကံ

ဂန္ထာ၊ အတန်ငယ် သွားပြီးလျှင်။ ဒွိခာ၊ နှစ်ဖြာ။ ဘိန္နေန ထူလန္တာရုနာ၊ ကွဲသော အကြောကြီးဖြင့်။ ဝိနိဗဒ္ဓံ ဟုတ္ထာ၊ ဖွဲ့စပ်ထားသည် ဖြစ်၍။ ဟဒယ-မံသံ၊ နှလုံးသားကို။ ပရိက္ခိပိတွာ ဌိတံ၊ ခြံရံလျက် တည်၏။ တတ္ထ၊ ထိုအညွှို နှင့် အကြောကြီးတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဝဏ္ဏုပနိဗဒ္ဓေ၊ အညွှာ ဖြင့် ဖွဲ့တွယ်လျက်ရှိသော။ အမ္ဗဖလဒွယေ၊ သရက်သီးနှလုံးပြွတ် ရှိရာဝယ်။ ဝဏ္ဏံ၊ အညွှာသည်။ မယာ၊ ငါသည်။ ဝါ၊ ငါက။ အမ္ဗဖလဒွယံ၊ သရက်သီး နှစ်လုံးပြွတ်ကို။ ဥပနိဗဒ္ဓန္တိ၊ ဖွဲ့တွယ်ထားသည်—ဟု။ န ဇာနာတိ၊ မသိ။ အမ္ဗ-ဖလဒွယံပိ၊ သရက်သီးနှစ်လုံးပြွတ်ကလည်း။ အဟံ၊ ငါ့ကို။ ဝဏ္ဏေန၊ အညွှာက။ ဥပနိဗဒ္ဓန္တိ၊ ဖွဲ့တွယ်ထားသည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝ-မေဝ၊ ဤအတူပင်။ ထူလန္တာရု၊ အကြောကြီးသည်။ မယာ၊ ငါက။ ဝက္ကံ၊ အညွှို့ကို။ ဥပနိဗဒ္ဓန္တိ၊ ဖွဲ့တွယ်ထားသည်-ဟု။ န ဇာနာတိ၊ မသိ။ ဝက္ကံပိ၊ အညွှိုသည်လည်း။ အဟံ ငါ့ကို။ ထူလန္တာရုနာ၊ အကြောကြီးက။ ဥပနိဗဒ္ဓန္တိ၊ ဖွဲ့တွယ်ထားသည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤအညွှို့နှင့်အကြော ကြီးဟူသောရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂ-ပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝက္ကံ နာမ၊ အညွှို့မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ် ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့ အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ သုညော၊ အတ္တမှဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန် ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၁။ ဟဒယံ၊ နှလုံးသည်။ သရီရဗ္ဘန္တရေ၊ ကိုယ်အတွင်း၌။ ဥရဋ္ဌိပဉ္ဇရ-မဇ္ဈံ နိဿာယ၊ ရင်ရိုးချိုင့်၏အလယ်ကို မှီ၍။ ဌိတံ၊ တည်၏။ တတ္ထ၊ ထို နှလုံးနှင့် ရင်ရိုးချိုင့်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဇိဏ္ဏသန္ဒမာနိကပဉ္ဇရံ၊ ဆွေးမြည့်သော သန်လျှင်းချိုင့်ကို။ နိဿာယ၊ မှီ၍ ။မံသပေသိယာ ဌပိတာယ၊ သားတစ်ကို ထားလျှင်။ သန္ဒမာနိကပဉ္ဇရဗ္ဘန္တရံ၊ သန်လျှင်းချိုင့် အတွင်းရပ် သည်။ မံ နိဿာယ၊ ငါ့ကိုမှီ၍။ မံသပေသိ ဌိတာတိ၊ သားတစ်တည်သည် ဟု။ န ဇာနာတိ၊ မသိ။ မံသပေသိပိ၊ သားတစ်သည်လည်း။ အဟံ၊ ငါသည်။ ဇိဏ္ဏသန္ဒမာနိကပဉ္ဇရံ နိဿာယ၊ ဆွေးမြည့်သော သံလျှင်းချိုင့်ကိုမှီ၍။ဌိတာတိ၊ တည််၏-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဥရဋ္ဌိပဉ္ဇရဗ္ဘန္တရံ၊ ရင်ရိုးချိုင့် အတွင်းရပ်သည်။ မံ နိဿာယ၊ ငါ့ကိုမှီ၍။

ဟာဒယံ၊ နှလုံးသားသည်။ ဒွိတန္တိ၊ တည်၏-ဟု။ န ဇာနာတိ၊ မသိ။ ဟာဒယံပိ၊ နှလုံးသားသည်လည်း။ အပံ၊ ငါသည်။ ဝါ၊ ငါက။ ဉရဋ္ဌိပဥ္စရံ နိဿာယ၊ ရင်ရိုးချိုင့်ကို မှီ၍။ ဒွိတန္တိ၊ တည်၏-ဟု။ န ဇာနာတိ၊ မသိ။ (၃၅၁) ဧတေ ဓမ္မာ၊ ဤ နှလုံးသားနှင့် ရင်ရိုးချိုင့်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဟာဒယံ နာမ၊ နှလုံးမည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဠိဝိယေတ္တော၊ အသီးအခြား ပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန်-ကြမ်းတမ်းသော။ ပထဝီ-ဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၂။ ယကနံ၊ အသည်းသည်။ အန္တောသရီရေ၊ ကိုယ်၏အတွင်း၀ယ်။ ဒ္ဓိန္နံ ထနာနံ အဗ္ဘန္တရေ၊ သားမြတ်နှစ်ခုတို့၏ အလယ်၌။ ဒက္ခိဏပဿံ နိဿာယ၊ လက်ယာနံပါးကိုမှီ၍။ ဌိတံ၊ တည်၏။ တတ္ထ၊ ထိုအသည်းနှင့် သားမြတ်နှစ်ခုကို၏အကြား လက်ယာနံပါးတို့တွင်။ ယထာ၊ ဉပမာအားဖြင့်။ ဉက္ခလိကပါလပဿမှိ၊ ဟင်းအိုးအုံနံပါး၌။ ယမကမံသပိဏ္ဍော လဂ္ဂေ၊ အသားစိုင်အစုံ တွယ်ကပ်နေလျှင်။ ဉက္ခလိကပါလပဿံ၊ ဟင်းအိုးအုံနံပါးသည်။ မယိ၊ ငါ၌။ ယမကမံသပိဏ္ဍော၊ အသားစိုင် အစုံသည်။ လဂ္ဂေါတိ၊ တွယ်ကပ်နေသည်-ဟု။ န ဇာနာတိ၊ မသိ။ ယမကမံသပိဏ္ဍောပိ၊ အသားစိုင် အစုံကလည်း။ အဟံ၊ ငါသည်။ ဉက္ခလိကပါလပဿေ၊ ဟင်းအိုးအုံနံပါး၌။ လဂ္ဂေါတိ၊ တွယ်ကပ်နေသည် ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ထနာနံ အဗ္ဘန္တရေ၊ သားမြတ်နှစ်ခုတို့၏ အကြား၌။ ဒက္ခိဏပဿံ၊ လက်ယာနံပါးသည်။ မံ နိဿာယ၊ ငါ့ကိုမှီ၍။ ယကနံ ဌိတန္တိ၊ အသည်းတည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ယကနမ္ပိ၊ အသည်းကလည်း။ အဟံ၊ ငါသည်။ ထနာနံ အဗ္ဘန္တရေ၊ သားမြတ်နှစ်ခုတို့၏ အကြား၌။ ဒက္ခိဏပဿံ၊ လက်ယာနံပါးကို။ နိဿာယ၊ မှီ၍။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ အသည်းနှင့် သားမြတ်နှစ်ခုတို့၏အကြား လက်ယာနံပါးဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ယကနံ နာမ၊ အသည်း မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဠိဝိယေတ္တော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊

အဖွဲ့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ထဒ္ဓေါ၊ ခက်ထန်-ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၃။ ကိလောမကေသု၊ အမြှေးတို့တွင်။ ပဋိစ္ဆန္နကိလောမကံ၊ အဖုံး အလွှမ်း အမြှေးသည်။ ဟဒယဉ္စ၊ နှလုံးကိုလည်းကောင်း။ ဝက္ကဉ္စ၊ အညှိုကိုလည်းကောင်း။ ပရိဝါရေတွာ ဌိတံ၊ ဝန်းရန်-ဖုံးလွှမ်းလျက် တည်၏။ အပ္ပဋိစ္ဆန္နကိလောမကံ၊ အဖုံး-အလွှမ်းမဟုတ်သော အမြှေးသည်။ သကလသရီရေ၊ တကိုယ်လုံးဝယ်။ စမ္မဿ ဟေဋ္ဌတော၊ အရေ၏အောက်၌။ မံသံ ပရိယောနန္ဓိတွာ၊ အသားကို မြှေးယှက်လျက်။ ဌိတံ၊ တည်၏။ တတ္ထ၊ ထို အမြှေးနှင့် နှလုံး စသည်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ မံသေ၊ အသားကို။ ပိလောတိကပလိဝေဌိတေ၊ ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားလျှင်။ မံသံ၊ အသားသည်။ အဟံ၊ ငါ့ကို။ ပိလောတိကာယ ပလိဝေဌိတန္တိ၊ ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားသည်-ဟု။ န ဇာနာတိ၊ မသိ။ ပိလောတိကာပိ၊ ပုဆိုးကြမ်းကလည်း။ မယာ၊ ငါသည်။ မံသံ ပလိဝေဌိတန္တိ၊ အသားကို ရစ်ပတ်ထားသည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ သကလသရီရေ၊ တကိုယ်လုံး၌။ ဝက္ကဟဒယာနိ စ၊ အညှို့ နှလုံးတို့သည်လည်းကောင်း။ မံသံ စ၊ အသားသည်လည်းကောင်း။ အဟံ၊ ငါ့ကို။ ကိလောမကေန၊ အမြှေးသည်။ ပဋိစ္ဆန္နန္တိ၊ ဖုံးလွှမ်းထားသည်-ဟု။ န ဇာနာတိ၊ မသိ။ ကိလောမကံပိ၊ အမြှေးကလည်း။ မယာ၊ ငါသည်။ ဝက္ကဟဒယာနိ စ၊ အညှို့ နှလုံးတို့ကိုလည်းကောင်း။ သကလသရီရေ၊ တကိုယ်လုံး၌။ မံသဉ္စ၊ အသားကိုလည်းကောင်း။ ပဋိစ္ဆန္နန္တိ၊ ဖုံးလွှမ်းထားသည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ အမြှေး နှလုံး, အညှို့နှင့် အသား-ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ကိလောမကံ နာမ၊ အမြှေးမည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖွဲ့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ—တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ထဒ္ဓေါ၊ ခက်ထန်—ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာ-တဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၄။ ပိဟကံ၊ အဖျဉ်းသည်။ ဟဒယဿ ဝါမပဿေ၊ နှလုံးသား၏ လက်ဝဲဘက်၌။ ဥဒရပဋလဿ၊ အစာသစ်အိမ် အရေလွှာ၏။ မတ္ထကပဿံ နိဿာယ၊ အထက်နံပါးကို မှီ၍။ ဌိတံ၊ တည်၏။ တတ္ထ၊ ထို အဖျဉ်းနှင့် အစာသစ်အိမ် အရေလွှာတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဂေါမယ-ပိဏ္ဍိယာ၊ နွားချေးစိုင်သည်။ ကောဋ္ဌမတ္ထကပဿံ၊ ကျီ၏အထက်နံပါးကို။ နိဿာယ ဌိတာယ၊ မှီ၍တည်နေလျှင်။ ကောဋ္ဌမတ္ထကပဿံ၊ ကျီ၏အထက်နံ ပါးသည်။ မံ နိဿာယ၊ ငါ့ကိုမှီ၍။ ဂေါမယပိဏ္ဍိ ဌိတာတိ၊ နွားချေးစိုင် တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဂေါမယပိဏ္ဍိပိ၊ နွားချေးစိုင်ကလည်း။ အဟံ၊ ငါသည်။ ကောဋ္ဌမတ္ထကပဿံ နိဿာယ၊ ကျီ၏အထက်နံပါးကို မှီ၍။ ဌိတာတိ၊ တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤ အတူပင်။ ဥဒရပဋလဿ၊ အစာသစ်အိမ် အရေလွှာ၏။ မတ္ထကပဿံ၊ အထက် နံပါးသည်။ မံ နိဿာယ၊ ငါ့ကိုမှီ၍။ ပိဟကံ၊ အဖျဉ်းသည်။ ဌိတန္တိ၊ တည် သည်-ဟု။ န ဇာနာတိ၊ မသိ။ ပိဟကံပိ၊ အဖျဉ်းကလည်း။ အဟံ၊ ငါသည်။ ဥဒရပဋလဿ၊ အစာသစ်အိမ် အရေလွှာ၏။ မတ္ထကပဿံ နိဿာယ၊ အထက် နံပါးကိုမှီ၍။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤအဖျဉ်းနှင့် အစာသစ်အိမ်အရေလွှာ အထက်နံပါးဟူသော ရုပ်တရားတို့ သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံး သွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပိဟကံ နာမ၊ အဖျဉ်းမည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန်-ကြမ်း တမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာ-တဗ္ဗော၊ နှလုံးသွင်းအပ်၏။

(၃၅၃) ၃၂၅။ ပပ္ဖါသံ၊ အဆုတ်သည်။ သရီရဗ္ဘန္တရေ၊ ကိုယ်၏ အတွင်း၌။ ဒွိန္နံ ထနာနံ အန္တရေ၊ သားမြတ်နှစ်ခုတို့၏ အကြားဝယ်။ ဟဒယဉ္စ၊ နှလုံးကိုလည်းကောင်း။ ယကနဉ္စ၊ အသည်းကိုလည်းကောင်း။ ဥပရိ ဆာဒေတွာ၊ အထက်မှ ဖုံးအုပ်ကာ။ ဩလမ္ဗန္တံ ဌိတံ၊ တွဲလဲဆွဲလျက် တည်၏။ တတ္ထ၊ ထိုအဆုတ်နှင့် ကိုယ်၏အတွင်းရပ်တို့တွင်။ ယထာ၊ ဥပမာ အားဖြင့်။ ဇိဏ္ဏကောဋ္ဌဗ္ဘန္တရေ၊ ဆွေးမြည့်နေသော ကျီ၏အတွင်း၌။ သကုဏ-ကုလာဝကေ လမ္ဗမာနေ၊ စာပေါင်းသိုက် တွဲလဲဆွဲလျက် ရှိနေလျှင်။ ဇိဏ္ဏကောဋ္ဌဗ္ဘန္တရံ၊ ဆွေးမြည့်သော ကျီ၏အတွင်းရပ်သည်။ မယိ၊ ငါ၌။

သကုဏကုလာဝကော လမ္ဗမာနော၊ စာပေါင်းသိုက် တွဲလဲဆွဲလျက်။ ဌိတော– တိ၊ တည်၏–ဟု။ န ဇာနာတိ၊ မသိ။ သကုဏကုလာဝကောပိ၊ စာပေါင်း သိုက်ကလည်း။ အဟံ၊ ငါသည်။ ဇိဏ္ဏကောဋ္ဌဗ္ဗန္နရေ၊ ဆွေးမြည့်သောကျီ၏ အတွင်း၌။ လမ္ဗမာနော ဌိတောတိ၊ တွဲလဲဆွဲလျက် တည်သည်–ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ တံ သရီရဗ္ဘန္တရံ၊ ထို ကိုယ်၏အတွင်းရပ်သည်။ မယိ၊ ငါ၌။ ပပ္ဖါသံ၊ အဆုတ်သည်။ လမ္ဗမာနံ ဌိတန္တိ၊ တွဲလဲဆွဲလျက်တည်သည်–ဟု။ န ဇာနာတိ၊ မသိ။ ပပ္ဖါသံပိ၊ အဆုတ် ကလည်း။ အဟံ၊ ငါသည်။ ဧဝရူပေ သရီရဗ္ဘန္တရေ၊ ဤသို့သဘောရှိသော ကိုယ်၏အတွင်းအရပ်၌။ လမ္ဗမာနံ ဌိတန္တိ၊ တွဲလဲဆွဲလျက်တည်သည်–ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ အဆုတ်နှင့် ကိုယ်၏အတွင်းအရပ်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပပ္ဖါသံ နာမ၊ အဆုတ်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ–တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန်–ကြမ်း တမ်းသော။ ပထဝီဓာတုပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာ- တဗ္ဗော၊ နှလုံးသွင်းအပ်၏။

၁၂၆။ အန္တံ၊ အူမ-သည်။ ဂလဝါဋကကရီသမဂ္ဂပရိယန္တေ၊ လည် ချောင်းအရပ်အစ ကျင်ကြီးပေါက် အဆုံးရှိသော။ သရီရဗ္ဘန္တရေ၊ ကိုယ်၏ အတွင်း၌။ ဌိတံ၊ တည်၏။ တတ္ထ၊ ထို အူမ–နှင့် ကိုယ်၏အတွင်းအရပ်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ လောဟိတဒေါဏိကာယ၊ သွေးပြည့်သော စားကျင်း၌။ ဆိန္နသီသဓမ္မနိကဋ္ဌေဝရေ၊ ခေါင်းဖြတ်ထားသော ထန်းမြွေ၏ ကိုယ်ကို။ (ဤနေရာ၌ ဓမ္မနိသဒ္ဒါကို ပြည်နိဿယ၌ ကျိုင်းကောင် ဟုပြန်၏။ ၎င်းထန်းမြွေကိုပင် ဝေါဟာရလွဲ၍ ဆိုသည်ဖြစ်ရာ၏။) ဩဘုဇိတွာ၊ ခွေ၍။ ဌပိတော၊ ထားလျှင်။ လောဟိတဒေါဏိ၊ သွေးစားကျင်းသည်။ မယိ၊ ငါ၌။ ဓမ္မနိကဋ္ဌေဝရံ ဌိတန္တိ၊ ထန်းမြွေ၏ကိုယ် တည်သည်–ဟု။ န ဇာနာတိ၊ မသိ။ ဓမ္မနိကဋ္ဌေဝရံပိ၊ ထန်းမြွေ၏ ကိုယ်ကလည်း။ အဟံ၊ ငါသည်။ လောဟိတ- ဒေါဏိယာ ဌိတန္တိ၊ သွေးစားကျင်း၌တည််၏-ဟု။ န ဇာနာတိ ယထာ၊ မသိ သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ သရီရဗ္ဘန္တရံ၊ ကိုယ်၏အတွင်းအရပ်သည်။ မယိ၊ ငါ၌။ အန္တံ ဌိတန္တိ၊ အူမ-တည်သည်ဟု။ န ဇာနာတိ၊ မသိ။ အန္တံပိ၊

အူမ-ကလည်း။ အဟံ၊ ငါသည်။ သရီရဗ္ဘန္တရေ၊ ကိုယ်၏အတွင်းအရပ်၌။ ဌိတန္တိ၊ တည်၏-ဟု။ န ဇာနာတိ၊ မသိ။ ဧဝံ ဓမ္မာ၊ ဤ အူမ—နှင့် ကိုယ်၏အတွင်းအရပ်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း,ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ အန္တံ နာမ၊ အူမ-မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတတရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန်-ကြမ်းတမ်းသော ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၄။ အန္တဂုဏံ၊ အူသိမ်သည်။ အန္တန္တရေ၊ အူမ—တို့၏ အကြား၌။ ကောဠိသဘ်အန္တဘောဂေ ဗန္ဓိတွာ၊ နှစ်ဆယ့်တစ်ခုသော အူခွေတို့ကို ဖွဲ့တွယ်လျက်။ ဌိတံ၊ တည်၏။ တတ္ထ၊ ထို အူသိမ်နှင့်အူမ—ထိုတွင်။ ယထာ၊ ဥပမာအားဖြင့်။ ရဇ္ဇုကေသု၊ ကြိုးယယ်တို့သည်။ ပါဒပုဉ္ဆနရဇ္ဇုမဏ္ဍလကံ၊ ခြေသုတ်ကြိုးဝန်းကို။ သိဗ္ဗေတွာ၊ ချုပ်စပ်လျက်။ ဌိတေသု၊ တည်နေကြလျှင်။ ပါဒပုဉ္ဆနရဇ္ဇုမဏ္ဍလကံ၊ ခြေသုတ်ကြိုးဝန်းသည်။ ရဇ္ဇုကာ၊ ကြိုးယယ်တို့သည်။ ဝါ၊ ကြိုးယယ်များက။ မံ သိဗ္ဗိတွာ၊ ငါ့ကိုချုပ်စပ်လျက်။ ဌိတာတိ၊ တည်၏-ဟု။ န ဇာနာတိ၊ မသိ။ ရဇ္ဇုကာပိ၊ ကြိုးယယ်များကလည်း။ မယံ၊ ငါတို့သည်။ ပါဒပုဉ္ဆနရဇ္ဇုမဏ္ဍလကံ၊ ခြေသုတ်ကြိုးဝန်းကို။ သိဗ္ဗိတွာ၊ ချုပ်စပ်လျက်။ ဌိတာတိ၊ တည်၏-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ အန္တံ၊ အူမ—သည်။ ဝါ၊ အူမ-က။ အန္တဂုဏံ၊ အူသိမ်သည်။ မံ အာဗန္ဓိတွာ၊ ငါ့ကိုဖွဲ့တွယ်လျက်။ ဌိတန္တိ၊ တည်၏-ဟု။ န ဇာနာတိ၊ မသိ။ အန္တဂုဏံပိ၊ အူသိမ်ကလည်း။ အဟံ၊ ငါသည်။ အန္တံ၊ အူမ ကို။ အာဗန္ဓိတွာ၊ ဖွဲ့တွယ်လျက်။ ဌိတန္တိ၊ တည်၏—ဟု၊ န ဇာနာတိ၊ မသိ။ ဧဝံ ဓမ္မာ၊ ဤ အူသိမ်နှင့် အူမ—ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ အန္တဂုဏံ နာမ၊ အူသိမ်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတတရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန်-ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၀။ ဥဒရိယံ၊ အစာသစ်သည်။ ဥဒရေ၊ အစာသစ်အိမ်၌။ ဌိတံ၊ တည်သော။ အသိတ ပီတ ခါယိတ သာယိတံ၊ စား သောက် ခဲ လျက်-လိုက်သည့် အစာပေတည်း။ တတ္ထ၊ ထို အစာသစ်နှင့် အစာသစ်အိမ်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ သုဝါနဒေါဏိယံ၊ ခွေးစားခွက်၌။ သုဝါနဝမထုမ္ပိ ဌိတော၊ ခွေးအန်ဖတ်တည်နေရာဝယ်။ သုပါနဒေါဏိ ခွေးစားခွက်သည်။ မယိ၊ ငါ့၌။ သုဝါနဝမထု ဌိတောတိ၊ ခွေးအန်ဖတ်တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ သုဝါနဝမထုပိ၊ ခွေးအန်ဖတ်ကလည်း။ အဟံ၊ ငါသည်။ သုဝါန-ဒေါဏိယံ ဌိတောတိ၊ ခွေးစားခွက်၌တည်သည်-ဟု။ န ဇာနာတိ ယထာ၊မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာပင်။ ဥဒရံ၊ အစာသစ်အိမ်သည်။ မယိ၊ ငါ့၌။ ဥဒရိယံ၊ အစာသစ်သည်၊ (၃၃၄) ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဥဒရိယံပိ၊ အစာသစ်ကလည်း။ အဟံ၊ ငါသည်။ ဥဒရေ၊ အစာသစ်အိမ်၌။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤအစာသစ်နှင့် အစာသစ်အိမ်ဟူသောရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းကင်းကုန်၏။ ဣတိ၊ထို့ကြောင့်။ဥဒရိယံ နာမ၊အစာသစ်မည်သည်။ဣမသ္မိံ သရီရေ၊ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ၊ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန်-ကြမ်းတမ်းသော။ ပထဝီဓာတု ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ မနသိကာတဗ္ဗော၊ နှလုံးသွင်းအပ်၏။

၃၂၉။ ကရီသံ၊ အစာဟောင်းခေါ် ကျင်ကြီးသည်။ အဋ္ဌင်္ဂုလဝေဠုပဗ္ဗ-သဒိသေ၊ လက်ရှစ်သစ်ရှိဝါးကျည်တောက်နှင့်တူသော။ ပက္ကာသယသင်္ခါတေ၊ အစာကျက်၏တည်ရာ အစာဟောင်းအိမ်-ဟုဆိုအပ်သော။အန္တပရိယောသာ-နေ ဌိတံ၊ အူမ၏ အဆုံးပိုင်း၌ တည်၏။ တတ္ထ တတ္ထ၊ ထို ကျင်ကြီးနှင့် ကျင်ကြီးအိမ်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ သဏှပဏ္ဍုမတ္တိကာယ၊ ဝါဖျော့သော မြေညက်နုကို။ ဝေဠုပဗ္ဗေ ဩမဒ္ဒိတွာ၊ ဝါးကျည်တောက်၌ နယ်သိပ်၍။ ပက္ခိတ္တာယ၊ ထည့်ထားလျှင်။ ဝေဠုပဗ္ဗံ၊ ဝါးကျည်တောက်သည်။ မယိ၊ ငါ၌။ ပဏ္ဍုမတ္တိကာ ဌိတာတိ၊ ဝါဖျော့သော မြေညက်တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ပဏ္ဍုမတ္တိကာပိ၊ ဝါဖျော့သော မြေညက်ကလည်း။ အဟံ၊ ငါသည်။ ဝေဠုပဗ္ဗေ ဌိတာတိ၊ ဝါးကျည်တောက်၌တည်သည်-သု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။

ပက္ကာသယော၊ ကျင်ကြီးအိမ်သည်။ မယိ၊ ငါ၌။ ကရီသံ ဌိတန္တိ၊ ကျင်ကြီး တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ကရီသံပိ၊ ကျင်ကြီးကလည်း။ အဟံ၊ ငါသည်။ ပက္ကာသယေ၊ ကျင်ကြီးအိမ်၌။ ဌိတန္တိ၊ တည်သည်—ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤကျင်ကြီးနှင့် ကျင်ကြီးအိမ်-ဟူသော ရုပ်တရားတို့သည်။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ကရီသံ နာမ၊ ကျင်ကြီးမည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခက်ထန်-ကြမ်းတမ်းသော။ ပထဝီ-ဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၀။ မတ္ထလုင်္ဂံ၊ ဦးနှောက်သည်။ သီသကဋာဟဗ္ဘန္တရေ၊ ဦးခေါင်းခွံ အတွင်း၌။ ဌိတံ၊ တည်၏။ တတ္ထ၊ ထိုဦးနှောက်နှင့် ဦးခေါင်းခွံအတွင်းအရပ်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ပုရာဏလာဗုကဋာဟေ၊ ဟောင်းမြင်းသောဗူးအုံ၌။ ပိဋ္ဌပိဏ္ဍိယာ ပက္ခိတ္တာယ၊ မုန့်ညက်စိုင်ကို ထည့်ထားလျှင်။ လာဗုကဋာဟံ၊ ဗူးအုံသည်။ မယိ၊ ငါ၌။ ပိဋ္ဌပိဏ္ဍိ ဌိတာတိ၊ မုန့်ညက်စိုင် တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ပိဋ္ဌပိဏ္ဍိပိ၊ မုန့်ညက်စိုင်ကလည်း။ အဟံ၊ ငါသည်။ လာဗုကဋာဟေ ဌိတာတိ၊ ဗူးအုံ၌တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ သီသကဋာဟဗ္ဘန္တရံ၊ ဦးခေါင်းခွံ၏ အတွင်းအရပ်သည်။ မယိ၊ ငါ၌။ မတ္ထလုင်္ဂံ ဌိတန္တိ၊ ဦးနှောက် တည်သည်—ဟု။ န ဇာနာတိ၊ မသိ။ မတ္ထလုင်္ဂံပိ၊ ဦးနှောက်ကလည်း။ အဟံ၊ ငါသည်။ သီသကဋာဟဗ္ဘန္တရေ ဌိတန္တိ၊ ဦးခေါင်းခွံအတွင်း၌တည်သည်ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤဦးနှောက်နှင့်ဦးခေါင်းခွံဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။

ဣတိ၊ ထို့ကြောင့်။ မတ္ထလုင်္ဂံ နာမ၊ ဦးနှောက်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။

ထဒွေါ၊ ခက်ထန်—ကြမ်းတမ်းသော။ ပထဝီဓာတု၊ ပထဝီဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

၃၃၁။ ပိတ္တေသု၊ သည်းခြေနှစ်မျိုးတို့တွင်။ အဗဒ္ဓပိတ္တံ၊ အဗဒ္ဓသည်းခြေသည်။ ဇီဝိတိန္ဒြိယပဋိဗဒ္ဓံ၊ ဇီဝိတိန္ဒြေနှင့် စပ်၏။ သကလသရီရံ၊ တကိုယ်လုံးကို။ ဗျာပေတွာဋ္ဌိတံ၊ ပျံ့နှံ့၍ တည်၏။ဗဋ္ဒပိတ္တံ၊ဗဒ္ဓသည်းခြေသည်။ ပိတ္တကောသကေဋ္ဌိတံ၊ သည်းခြေအိမ်၌ တည်၏။ တတ္ထ၊ ထို သည်းခြေနှစ်မျိုးနှင့် တည်ရာတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ တေလေ၊ ဆီသည်။ ပူဝံ ဗျာပေတွာ၊ မုန့်ကိုပျံ့နှံ့၍။ ဌိတေ၊ တည်လတ်သော်။ ပူဝံ၊ မုန့်သည်။ တေလံ၊ ဆီသည်။ မံ၊ ငါ့ကို။ ဗျာပေတွာ၊ နှံ့စေ၍။ ဌိတန္တိ၊ တည်သည်—ဟု။ န ဇာနာတိ၊ မသိ။ တေလံပိ၊ ဆီသည်လည်း။ အဟံ၊ ငါသည်။ ပူဝံ၊ မုန့်ကို။ ဗျာပေတွာ၊ နှံ့စေ၍။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ သရီရံ၊ ကိုယ်သည်။ အဗဒ္ဓပိတ္တံ၊ အဗဒ္ဓ—သည်းခြေက။ မံ၊ ငါ့ကို။ ဗျာပေတွာ၊ ပျံ့နှံ့လျက်။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ အဗဒ္ဓပိတ္တံပိ၊ အဗဒ္ဓ—သည်းခြေကလည်း။ အတံ၊ ငါသည်။ သရီရံ၊ ကိုယ်ကို။ ဗျာပေတွာ၊ ပျံ့နှံ့၍။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ယထာ၊ဗဒ္ဓသည်းခြေ၏ဥပမာကား။ကောသာတကိကောသကေ၊သပွတ်ခါးသီးအိမ်သည်။ ဝဿောဒကေန ပုဏ္ဏေ၊ မိုးရေဖြင့်ပြည့်နေလျှင်။ ကောသာတကိ-ကောသကော၊ သပွတ်ခါးသီးအိမ်သည်။ မယိ၊ ငါ၌။ ဝဿောဒကံ ဌိတန္တိ၊ မိုးရေတည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဝဿောဒကံပိ၊ မိုးရေကလည်း။ အဟံ၊ ငါသည်။ ကောသာတကိကောသကေ၊ သပွတ်ခါးသီးအိမ်၌။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ပိတ္တကောသကော၊ သည်းခြေအိမ်သည်။ မယိ၊ ငါ၌။ ဗဒ္ဓပိတ္တံ၊ ဗဒ္ဓသည်းခြေသည်။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဗဒ္ဓပိတ္တံပိ၊ ဗဒ္ဓ-သည်းခြေကလည်း။ အဟံ၊ ငါသည်။ ပိတ္တကောသကေ၊ သည်းခြေအိမ်၌။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ (၃၅၅) ဓမ္မာ၊ သည်းခြေနှစ်မျိုးနှင့် တည်ရာဟူသော ရုပ်တို့သည်။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပိတ္တံ နာမ၊ သည်းခြေမည်သည်။ ဣမသ္မိံ သရီရေ၊ ဤ ခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ကောဋ္ဌာသော၊ အဖို့အစုပေတည်း။အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ သုညော၊ အတ္တမှ

ဆိဘ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယုဿဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသောအခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ဆင်ခြင်အပ်၏။

၃၃၂။ သေမှံ၊ သလိပ်သည်။ ကေပတ္ထပူရပ္ပမာဏံ၊ တစ်ကွမ်းစား—တစ်စလယ်ပြည့် ပမာဏရှိ၏။ ဥဒရပဋလေ ဌိတံ။ အစာအိမ်အရေလွှာ၌ တည်၏။ တတ္ထ၊ ထို သလိပ်နှင့် အစာအိမ်အရေလွှာတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ စန္ဒနိကာယ၊ တံစည်းအိုင်၏။ ဥပရိ၊ အထက်၌။ သဉ္ဇာတဖေဏပဋလာယ၊ အမြှုပ်လွှာဖြစ်လျက် တည်နေလတ်သော်။ စန္ဒနိကာ၊ တံစည်းအိုင်သည်။ မယ်ံ၊ ငါ၌။ ဖေဏပဋလံ ဌိတန္တိ၊ အမြှုပ်လွှာ တည်သည် — ဟု။ န ဇာနာတိ၊ မသိ။ ဖေဏပဋလံပိ၊ အမြှုပ်လွှာသည်လည်း။ အဟံ၊ ငါသည်။ စန္ဒနိကာယ ဌိတန္တိ၊ တံစည်းအိုင်၌တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိ သကဲ့သို့။ဧဝမေဝ၊ ဤအတူပင်။ ဥဒရပဋလံ၊ အစာသစ်အိမ်အရေလွှာသည်။ မယိ၊ ငါ၌။ သေမှံ ဌိတန္တိ၊ သလိပ်တည်သည်—ဟု။ န ဇာနာတိ၊ မသိ။ သေမှံပိ၊ သလိပ်သည်လည်း။ အဟံ၊ ငါသည်။ ဥဒရပဋလေ ဌိတန္တိ၊ အစာသစ်အိမ် အရေလွှာ၌တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤသလိပ်နှင့် အစာသစ်အိမ်အရေလွှာတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ သေမှံနာမ၊ သလိပ်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ—တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ယုဿဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၃၃။ ပုဗ္ဗော၊ ပြည်သည်။ ဝါ၊ ပြည်မှာ။ အနိဗဒ္ဓေါကာသော၊ အမြဲတမ်း တည်ရာမရှိ။ ခါဏုကဏ္ဋကပ္ပဟရဏအဂ္ဂိဇာလာဒီဟိ၊ သစ်ငုတ်, ဆူး, လက်နက်,မီးလျှံ-စသည်တို့ဖြင့်။ အဘိဟတေ၊ထိခိုက်ခံရသော။ ယတ္ထ ယတ္ထေဝ သရီရပ္ပဒေသေ၊ အကြင် အကြင် ကိုယ်အစိတ်အပိုင်း အရပ်၌။ လောဟိတံ၊ သွေးသည်။ သဏ္ဌဟိတွာ ပစ္စတိ၊ စုဝေးတည်နေလျက် ရင့်ကျက်၏။ ဂဏ္ဍပီဠကာဒယော ဝါ၊အိုင်းအမာ, အဖုအလုံး-စသည်တို့သည်မူလည်း။ (ယတ္ထ ယတ္ထ၊ အကြင် အကြင် ကိုယ်အစိတ်အပိုင်းအရပ်၌။-ထည့်။)ဥပ္ပဇ္ဇန္တိ၊ဖြစ်ပေါ်

ကုန်၏။ တတ္ထ တတ္ထ၊ ထိုထို ကိုယ်အစိတ်အပိုင်းအရပ်၌။ (ပုဗ္ဗော၊ ပြည်သည်။ -ထည့်။) တိဋ္ဌတိ၊ တည်၏။ တတ္ထ၊ ထိုပြည်နှင့် ကိုယ်အစိတ်အပိုင်းအရပ်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ ဖရသုပ္ပဟာရာဒိဝသေန၊ ပုဆိန်ဖြင့်ခုတ်ခြင်း—စသည်၏အစွမ်းဖြင့်။ ရုက္ခေ၊ သစ်ပင်၌။ ပဂ္ဃရိတနိယျာသေ၊ အစေးယိုထွက်နေလတ်သော်။ ရုက္ခဿ၊ သစ်ပင်၏။ ပဟာရာဒိပ္ပဒေသာ၊ အခုတ်ခံရရာ-စသော အစိတ်အပိုင်းတို့သည်။ အမ္ဗေသု၊ ငါတို့၌။ နိယျာသော ဋ္ဌိတောတိ၊ အစေးတည်သည် ဟု။ န ဇာနန္တိ၊ မသိကုန်။ နိယျာသောပိ၊ အစေးကလည်း။ အဟံ၊ ငါသည်။ ရုက္ခဿ၊ သစ်ပင်၏။ ပဟာရာဒိပ္ပဒေသေသု၊ အခုတ်ခံရရာ စသော အစိတ်အပိုင်းတို့၌။ ဋ္ဌိတောဘိ၊ တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ခါဏုကဏ္ဋကာဒီဟိ၊ သစ်ငုတ်, ဆူး-စသည်တို့ဖြင့်။ သရီရဿ အဘိဟဗဒေသာ၊ ထိခိုက်မိရာ ကိုယ်အစိတ်အပိုင်းအရပ်တို့သည်။ အမ္ဗေသု၊ ငါတို့၌။ ပုဗ္ဗော ဋ္ဌိတောတိ၊ ပြည် တည်နေသည် ဟု။ န ဇာနန္တိ၊ မသိကုန်။ ပုဗ္ဗောပိ၊ ပြည်သည်လည်း။ အဟံ၊ ငါသည်။ တေသု ပဒေသေသု၊ ထို ကိုယ်အစိတ်အပိုင်းအရပ်တို့၌။ ဋ္ဌိတောတိ၊ တည်သည် ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ ပြည်နှင့် ထိခိုက်မိရာ ကိုယ်အစိတ်အပိုင်းအရပ်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂ-ပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပုဗ္ဗော နာမ၊ ပြည်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ—တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယူသ-ဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၃၄။ လောဟိတေသု၊ သွေးတို့တွင်။ သံသရဏလောဟိတံ၊ ရွေ့ရှားသွားလာနေသော သွေးသည်။ ပိတ္တံ ဝိယ၊ အဗဒ္ဓ—သည်းခြေကဲ့သို့။ သကလ-သရီရံ၊ တကိုယ်လုံးကို။ ဗျာပေတွာ ဋ္ဌိတံ၊ ပျံ့နှံ့၍ တည်၏။ သန္နိစိတ-လောဟိတံ၊ စုဝေးတည်နေသော သွေးသည်။ ယကနဋ္ဌာနဿ၊ အသည်းတည်ရာအရပ်၏။ ဟေဋ္ဌာဘာဂံ ပူရေတွာ၊ အောက်အဖို့ကို ပြည့်စေလျက်။ ဧကပတ္ထ-ပူရမတ္တံ၊ တစ်ကွမ်းစားပြည့်မျှ ရှိ၏။ ဝက္ကဟဒယယကနပပ္ဖါသာနိ၊ အညို့, နှလုံး, အသည်း, အဆုတ်တို့ကို။ တေမေန္တံ ဋ္ဌိတံ၊ စိုစွတ်စေလျက် တည်၏။

တတ္ထ၊ ထို သွေးနှစ်မျိုးတို့တွင်။ သံသရဏလောဟိတော၊ သံသရဏသွေး၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်သည်။ အဗဒ္ဓပိတ္တသဒိသောဝ၊ အဗဒ္ဓ-သည်းခြေ အဆုံးအဖြတ်နှင့် တူသည်သာတည်း။ ဣတရံ ပန၊ သန္နိစိတ-သွေးကိုမူကား။ ယထာ၊ ဥပမာအားဖြင့်။ ဇဇ္ဇရကပါလေ၊ ဆွေးမြည့်သော အိုးကင်းကို။ ဥဒကေ ဩဝဋ္ဌေ၊ မိုးရေဆွတ်ထားလျှင်။ ဟေဋ္ဌာ၊ အိုးကင်းအောက်၌။ လေဍ္ဍုခဏ္ဍာဒီနိ၊ အုတ်ခဲပိုင်း—စသည်တို့ကို။ တေမယမာနေ၊ စိုစွတ်စေရာ၌။ ဝါ၊ စိုစွတ်စေရာဝယ်။ လေဍ္ဍုခဏ္ဍာဒီနိ၊ အုတ်ခဲပိုင်း-စသည်တို့သည်။ မယံ၊ ငါတို့ကို။ ဥဒကေန တေမိယမာနာနိ၊ ရေက စိုစွတ်စေသည်—ဟု။ န ဇာနန္တိ၊ မသိကုန်။ ဥဒကံပိ၊ အိုးကင်း၌ရှိသော ရေက—လည်း။ (၃၅၆) အဟံ၊ ငါသည်။ လေဍ္ဍုခဏ္ဍာနိ၊ အုတ်ခဲပိုင်း–စသည်တို့ကို။ တေမေမိတိ၊ စိုစွတ်စေသည်—ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူ ပင်လျှင်။ ယကနဿ၊ အသည်း၏။ ဟေဋ္ဌာဘာဂဋ္ဌာနံ ဝါ၊ အောက်အဖို့ အရပ်သည်လည်းကောင်း။ ဝက္ကာဒီနိ ဝါ၊ အညှို့-စသည်တို့သည်လည်း ကောင်း။ မယ်၊ ငါ၌။ လောဟိတံ ဌိတံ ဝါ၊ သွေးတည်သည်–ဟုလည်း ကောင်း။ အမှေ၊ ငါတို့ကို။ တေမယမာနံ ဌိတံ ဝါတိ၊ စိုစွတ်စေလျက် သွေးတည်သည်–ဟုလည်းကောင်း။ န ဇာနန္တိ၊ မသိကုန်။ လောဟိတံပိ၊ သွေးကလည်း။ အဟံ၊ ငါသည်။ ယကနဿ၊ အသည်း၏။ ဟေဋ္ဌာဘာဂံ ပူရေတွာ၊ အောက်ပိုင်းအဖို့ကို ပြည့်စေလျက်။ ဝက္ကာဒီနိ၊ အညှို စသည်တို့ကို။ တေမယမာနံ ဌိတန္တိ၊ စိုစွတ်စေလျက် တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ သွေးနှင့် တည်ရာအရပ်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ လောဟိတံ နာမ၊ သွေးမည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယူသဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသောအခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ .

၃၃၅။ သေဒေါ၊ ချွေးသည်။ အဂ္ဂိသန္တာပါဒိ ကာလေသု၊ မီးဖြင့် ပူလောင်ခြင်းအစရှိသော ကာလတို့၌။ ကေသလောမကူပဝိဝရာနိ ပူရေတွာ၊ ဆံတွင်း, မွေးတွင်းအပေါက်တို့ကို ပြည့်စေလျက်၊ တိဋ္ဌတိ စေဝ၊ တည်လည်း

တည်၏။ ပဋိရတိ စ၊ ယိုထွက်လည်း ယိုထွက်၏။ တတ္ထ၊ ထိုချွေးနှင့် ဆံတွင်း, မွေးတွင်း–တို့တွင်။ယထာ၊ ဥပမာအားဖြင့်။ဘိသမုဠာလကုမုဒနာဠကလာပေ-သု၊ ကြာစွယ်, ကြာရင်း, ကုမုဒြာကြာရိုး-စသည်တို့ကို။ ဥဒကာ၊ ရေထဲမှ။ အဗ္ဗူဠ္ဗမတ္တေသု၊ နုတ်ဆယ်ပြီးကာမျှ ဖြစ်လျှင်။ ဘိသာဒိကလာပဝိဝရာနိ၊ ကြာစွယ်စည်း—စသည်၏ အပေါက်တို့သည်။ အမ္ဗုဟိ၊ ငါတို့မှ။ ဥဒကံ ပဋိရတိတိ၊ ရေယိုထွက်သည်–ဟု။ န ဇာနန္တိ၊ မသိကုန်။ ဘိသာဒိကလာပ-ဝိဝရေဟိ၊ ကြာစွယ်စည်း-စသည်၏ အပေါက်တို့မှ။ ပဋိရန္တံ ဥဒကံပိ၊ ယိုထွက်သော ရေက—လည်း။ အဟံ၊ ငါသည်။ ဘိသာဒိကလာပဝိဝရေဟိ၊ ကြာစွယ်စည်း—စသည်၏ အပေါက်တို့မှ။ ပဋိရာမီတိ၊ ယိုထွက်သည်—ဟု။ နဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ကေသလောမ-ကူပဝိဝရာနိ၊ ဆံတွင်း, မွေးတွင်းပေါက်တို့သည်။ အမှေဟိ၊ ငါတို့မှ။သေဒေါ ပဋိရတီတိ၊ ချွေးယိုထွက်သည်–ဟု။ န ဇာနန္တိ၊ မသိကုန်။ သေဒေါပိ၊ ချွေးကလည်း။ အဟံ၊ ငါသည်။ ကေသလောမကူပဝိဝရေဟိ၊ ဆံတွင်း, မွေးတွင်းပေါက်တို့မှ။ ပဋိရာမီတိ၊ ယိုထွက်သည်–ဟု။ နဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ ချွေးနှင့် ဆံတွင်း, မွေးတွင်းပေါက်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ သေဒေါ နာမ၊ ချွေးမည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယူသဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၃၆။ မေဒေါ၊အဆီခဲသည်။ ထူလဿ၊ ဝသောသူအား။ သကလ-သရီရံ ဖရိတွာ၊ တကိုယ်လုံးကိုပျံ့နှံ့၍။ ကိသဿ၊ ပိန်သောသူမှာ။ ဇင်္ဃမံသာဒီနိ နိဿာယ၊ ခြေသလုံး, အသားပုံ—စသည်တို့ကို မှီ၍။ ဌိတော၊ တည်သော။ ပတ္ထိန္နသိနေဟော၊ ပြစ်ခဲသော အဆီပေတည်း။ တတ္ထ၊ ထိုအဆီခဲနှင့် တည်ရာအရပ်တို့တွင်။ယထာ၊ ဥပမာအားဖြင့်။မံသပုဉ္ဇေ၊ အသားစုကို။ဟလိဒ္ဒိ-ပိလောတိက ပဋိစ္ဆန္နေ၊ နနွင်းဆိုးပုဆိုးကြမ်းဖြင့် ဖုံးလွှမ်းထားလျှင်။ မံသ—ပုဉ္ဇော၊ အသားစုသည်။ မံ နိဿာယ၊ ငါ့ကိုမှီ၍။ ဟလိဒ္ဒိပိလောတိကာ ဌိတာတိ၊ နနွင်းဆိုးပုဆိုးကြမ်းတည်သည်–ဟု။ နဇာနာတိ၊ မသိ။ ဟလိဒ္ဒိ-

ပိလောတိကာပိ၊ နန္ဒင်းဆိုးပုဆိုးကြမ်းက လည်း။ အဟံ၊ ငါသည်။ မံသပုဉ္ဇံ နိဿာယ၊ အသားစုကိုမှီ၍။ ဋ္ဌိတာတိ၊ တည်သည် - ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ သကလသရီရေ ဝါ၊ တကိုယ်လုံး၌ သော်လည်းကောင်း။ ဇင်္ဃာဒီသု၊ ခြေသလုံး-စသည်တို့၌ သော်လည်း ကောင်း။ မံသံ၊ အသားသည်။ မံ နိဿာယ၊ ငါ့ကိုမှီ၍။ မေဒေါ ဋ္ဌိတောတိ၊ အဆီခဲတည်သည်—ဟု။ န ဇာနာတိ၊ မသိ။ မေဒေါပိ၊ အဆီခဲကလည်း။ အဟံ၊ ငါသည်။ သကလသရီရေ ဝါ၊ တကိုယ်လုံး၌သော် လည်းကောင်း။ ဇင်္ဃာဒီသု ဝါ၊ ခြေသလုံးစသည်တို့၌သော်လည်းကောင်း။ မံသံ နိဿာယ ဋ္ဌိတောတိ၊ အသားကိုမှီ၍ တည်သည်—ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ အဆီအခဲနှင့် မှီရာအသားဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝါ၊ သို့ဖြစ်၍။ မေဒေါ နာမ၊ အဆီခဲမည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ပတ္ထိန္နယူသော၊ ပြစ်ခဲသော အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခတဗ္ဗော၊ ဆင်ခြင်အပ်၏။

(၃၅၇) ၃၃၇။ အဿု၊ မျက်ရည်သည်။ ယဒါ သဉ္ဇာယတိ၊ အကြင်အခါ၌ ဖြစ်ပေါ်လာ၏။ တဒါ၊ ထို ဖြစ်ပေါ်လာသောအခါ၌။ အက္ခိကူပကေ ပူရေတွာ၊ မျက်တွင်းတို့ကို ပြည့်စေလျက်။ တိဋ္ဌတိ ဝါ၊ တည်မှုလည်း တည်၏။ ပဂ္ဃရတိ ဝါ၊ ယိုစီးလျက်မှုလည်း ထွက်၏။ တတ္ထ၊ ထိုမျက်ရည်နှင့် မျက်တွင်းတို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ တရုဏတာလဋ္ဌိကူပကေသု၊ နုသောထန်းသီးစေ့တွင်းငယ်တို့သည်။ ဥဒကပုဏ္ဏေသု၊ ရေဖြင့်ပြည့်နေကြလျှင်။ တရုဏ-တာလဋ္ဌိကူပကာ၊ နုသောထန်းသီးစေ့တွင်းငယ်တို့သည်။ အမှေသု၊ ငါတို့၌။ ဥဒကံ ဋ္ဌိတန္တိ၊ ရေတည်သည်—ဟု။ န ဇာနန္တိ၊ မသိကုန်။ တရုဏတာလဋ္ဌိ—ကူပကေသု၊ နုသောထန်းသီးစေ့တွင်းငယ်တို့၌။ ဥဒကံပိ၊ ရေသည်လည်း။ အဟံ၊ ငါသည်။ တရုဏတာလဋ္ဌိကူပကေသု၊ နုသောထန်းစေ့တွင်းငယ်တို့၌။ ဋ္ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ အက္ခိကူပကာ၊ မျက်တွင်းတို့သည်။ အမှေသု၊ ငါတို့၌။ အဿု ဋ္ဌိတန္တိ၊ မျက်ရည်တည်သည်-ဟု။ န ဇာနန္တိ၊ မသိကုန်။ အဿုပိ၊ မျက်ရည်က

လည်း။ အဟံ၊ငါသည်။ အက္ခိကူပကေသု၊မျက်တွင်းတို့၌။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ၊ ဧတေ ဓမ္မာ၊ ဤ မျက်ရည်နှင့်မျက်တွင်းဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း၊ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ထို့ကြောင့်။ အဿု နာမ၊ မျက်ရည်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊အတ္တမှဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ယူသဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၃၈။ ဝသာ၊ ဆီကြည်သည်။ အဂ္ဂိသန္တာပါဒိကာလေ၊ မီးဖြင့်ပူသော ကာလ-စသည်၌။ ဟတ္ထတလဟတ္ထပိဋ္ဌိပါဒတလပါဒပိဋ္ဌိနာသာပုဋနလာဋ-အံသကူဋေသု၊ လက်ဖဝါးပြင်, လက်ဖမိုး, ခြေဖဝါးပြင်, ခြေဖမိုး,နှာခေါင်းဖူး, နဖူး, ပခုံးစွန်းတို့၌။ ဌိတဝိလီနသ္နေဟော၊ တည်သော ကြည်သောအဆီပေတည်း။ တတ္ထ၊ ထိုဆီကြည်နှင့် တည်ရာအရပ်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ အာစာမေ၊ ထမင်းချိုးကို။ ပက္ခိတ္တတေလေ၊ ဆီဆမ်းထားလျှင်။ အာစာမော၊ ထမင်းချိုးသည်။ မံ၊ ငါ့ကို။ တေလံ အဇ္ဈောတ္ထရိတွာ၊ ဆီက လွှမ်းလျက်။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ တေလံပိ၊ ဆီက လည်း။ အဟံ၊ငါသည်။အာစာမံအဇ္ဈောတ္ထရိတွာ၊ ထမင်းချိုးကိုလွှမ်းလျက်။ ဌိတန္တိ၊ တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ဧဝမေဝ၊ ဤအတူပင်။ ဟတ္ထတလာဒိပ္ပဒေသော၊ လက်ဖဝါးပြင်-စသောအရပ်သည်။ မံ၊ ငါ့ကို။ ဝသာ၊ ဆီကြည်က၊ အဇ္ဈောတ္ထရိတွာ ဌိတာတိ၊ လွှမ်းလျက်တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဝသာပိ၊ ဆီကြည်ကလည်း။ အဟံ၊ ငါသည်။ ဟတ္ထတလာဒိပဒေသံ၊ လက်ဖဝါးပြင်-စသော အရပ်ကို။ အဇ္ဈောတ္ထရိတွာ ဌိတာတိ၊ လွှမ်းလျက်တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ ဆီကြည်နှင့် တည်ရာအရပ်-ဟူသောရုပ်တရားတို့သည်။အညမညံ၊အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝါ၊ သို့ဖြစ်၍။ ဝသာ နာမ၊ ဆီကြည်မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤ ခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာက-တော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှဆိတ်၏။ နိဿတ္တော၊

သတ္တဝါမဟုတ်။ ယူသဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသောအခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၃၉။ ခေဠော၊ တံတွေးသည်။ တထာရူပေ၊ ထိုသို့သဘောရှိသော။ ခေဠုပ္ပတ္တိပစ္စယေ သတိ၊ တံတွေးဖြစ်ခြင်း၏ အကြောင်းရှိလျှင်။ ဥဘောဟိ ကပေါလပဿေဟိ၊ နှစ်ဘက်သော ပါးစောင်တို့မှ။ ဩရောဟိတွာ၊ သက်ဆင်း၍။ ဇိဝှါတလေ တိဋ္ဌတိ၊ လျှာအပြင် လျှာပေါ်၌တည်၏။ တတ္ထ၊ ထိုတံတွေးနှင့် လျှာအပြင်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ နဒီတီရကူပကေ၊ မြစ်ကမ်း၌ လက်ယက်ဘင်းငယ်သည်။ အဗ္ဗောစ္ဆိန္နဉဒကနိဿန္ဒေ၊ မပြတ် ရေထွက်နေလျှင်။ ကူပတလံ၊ လက်ယက်တွင်းငယ် အပြင်သည်။ မယိ၊ ငါ၌။ ဥဒကံ သန္တိဋ္ဌတီတိ၊ ရေတည်သည်—ဟု။ န ဇာနာတိ၊ မသိ။ ဥဒကံပိ၊ ရေကလည်း။ အဟံ၊ ငါသည်။ ကူပတလေ၊ လက်ယက်တွင်းငယ်အပြင်၌။ သန္တိဋ္ဌာ-မီတိ၊ တည်သည်-ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ဇိဝှါတလံ၊ လျှာအပြင် လျှာပေါ်အရပ်သည်။ ဥဘောဟိ ကပေါလ-ပဿေဟိ၊ နှစ်ဘက်သောပါးစောင်တို့မှ။ ဩရောဟိတွာ၊ ဆင်းသက်၍။ ခေဠော၊ တံတွေးသည်။ မယိ ဌိတောတိ၊ ငါ၌တည်သည်-ဟု။ န ဇာနာတိ၊ မသိ။(ဤနေရာ၌ မယိ—ဟူသောပုဒ်ကို ဌိတော-ပုဒ်နှင့် တွဲစပ်ထားသည်ကို သတိပြုပါ။) ခေဠောပိ၊ တံတွေးကလည်း။ အဟံ၊ ငါသည်။ ဥဘောဟိ ကပေါလပဿေဟိ၊ နှစ်ဘက်သော ပါးစောင်တို့မှ။ဩရောဟိတွာ၊ဆင်းသက်၍။ ဇိဝှါတလေ၊ လျှာပေါ်၌။ ဌိတောတိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ တံတွေးနှင့် လျှာဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ ခေဠော နာမ၊ တံတွေးမည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာ-ကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယူသဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသောအခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ် ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

(၃၇၈) ၃၄၀။ သိင်္ဃာဏိကာ၊ နှပ်သည်။ ယဒါ သဇ္ဈာယတိ၊ အကြင် အခါ၌ဖြစ်၏။ ဝါ—ယဒါ၊ အကြင်အခါ၌။ သိင်္ဃာဏိကာ သဇ္ဈာယတိ၊ နှပ်

ဖြစ်ပေါ်လာ၏။ တဒါ၊ ထို နှပ်ဖြစ်ပေါ်သောအခါ၌။နာသာပုဋ္ဌေ ပူရေတွာ၊ နှာခေါင်းဖုတို့ကို ပြည့်စေလျက်။ တိဋ္ဌတိ ဝါ၊ တည်မူလည်းတည်၏။ပဂ္ဃ-ရတိ ဝါ၊ ယိုမူလည်း ယိုထွက်၏။ တတ္ထ၊ ထို နှပ်နှင့် နှာခေါင်းဖု တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ သိပ္ပိကာယ၊ ယောက်သွား၌။ ဝါ၊ ကနုကမာ၌။ ပူတိဒဓိဘရိတာယ၊ နို့ခမ်းပုပ်ဖြင့် ပြည့်နေလျှင်။ သိပ္ပိကာ၊ ယောက်သွားသည်။ မယိ၊ ငါ၌။ ပူတိဒဓိ ဋ္ဌိတန္တိ၊ နို့ခမ်းပုပ် တည်သည်-ဟု။ နဇာ-နာတိ၊ မသိ။ ပူတိဒဓိပိ၊နို့ခမ်းပုပ်ကလည်း။ အဟံ၊ ငါသည်။ သိပ္ပိကာယ၊ ယောက်သွား၌။ ဝါ၊ ကနုကမာ၌။ ဌိတန္တိ၊ တည်သည်—ဟု။ နဇာနာတိ ယထာ၊ မသိသကဲ့သို့။ဧဝမေဝ၊ဤအတူပင်။နာသာပုဋ္ဌာ၊နှာခေါင်းဖုတို့သည်။ အမှေသု၊ ငါတို့၌။ သိဃာဏိကာ ဌိတာတိ၊ နှပ်တည်ကုန်၏ ဟု။ နဇာနန္တိ၊ မသိကုန်။သိဃာဏိကာပိ၊နှပ်ကလည်း။ အဟံ၊ ငါသည်။ နာသာပုဋ္ဌေသု၊ နှာခေါင်းဖုတို့၌။ ဌိတာတိ၊ တည်သည်—ဟု။ နဇာနာတိ၊မသိ။ ဧတေ ဓမ္မာ၊ဤနှပ်နှင့် နှာခေါင်းဖုဟူသော ရုပ်ဘရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ သိဃာဏိကာ နာမ၊ နှပ်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာ-ကတော၊ အဗျာကတ—တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယူသဘူတော၊အရည်သဘောဖြစ်၍။ အာဗန္ဓ-နာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၁၄၁။ လသိကာ၊ အစေးသည်။ အဋ္ဌိကသန္ဓီနံ၊ အရိုးဆက်တို့၏။ အဗ္ဘဉ္ဇနကိစ္စံ သာဓယမာနာ၊ နယ်ဆီကိစ္စကို ပြီးစေလျက်။ အသီတိသတ-သန္ဓီသု ဌိတာ၊ ရှစ်ရာသော အရိုးဆက်တို့၌ တည်၏။ တတ္ထ၊ ထို အစေးနှင့် အရိုးဆက်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ အက္ခေ တေလဗ္ဘဉ္ဇိတေ၊ ဝင်ရိုးကို ဆီဖြင့်လူးလိမ်းပေးလျှင်။ အက္ခော၊ ဝင်ရိုးသည်။ မံ၊ ငါ့ကို။ တေလံ အဗ္ဘဉ္ဇိတွာ ဌိတန္တိ၊ ဆီကလူးလိမ်းလျက် တည်သည်-ဟု။ နဇာနာတိ၊ မသိ။ တေလံပိ၊ ဆီကလည်း။ အဟံ၊ ငါသည်။ အက္ခံ အဗ္ဘဉ္ဇိတွာ ဌိတန္တိ၊ ဝင်ရိုးကိုလူးလိမ်းလျက် တည်သည် ဟု။ နဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ အသီတိသတသန္ဓယော၊ တစ်ရာ့ရှစ်ဆယ်သော အရိုးဆက်တို့သည်။ အမှေ၊ ငါတို့ကို။ လသိကာ၊ အစေးတို့သည်။ ဝါ၊ အစေး

တို့က။ အဗ္ဗဠိတွာ ဋီတာတိ၊ လူးလိမ်းလျက် တည်သည်-ဟု။ န ဇာနန္တိ၊ မသိကုန်။ လသိကာပိ၊ အစေးကလည်း။ အဟံ၊ ငါသည်။ အသီတိသတ-သန္ဓယော၊ တစ်ရာ့ရှစ်ဆယ်သော အရိုးဆက်တို့ကို။ အဗ္ဗဠိတွာ ဋီတာဘ၊ လူးလိမ်းလျက် တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ အစေးနှင့် အရိုးဆက်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။လသိကာ နာမ၊ အစေးမည်သည်။ဣမသ္မိံ သရီရေ၊ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယူသဘူတော၊ အရည်သဘောဖြစ်၍။ အာပန္နကာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၄၂။ မုတ္တံ၊ကျင်ငယ်သည်။ ဝတ္ထိသ္မိံ၊ ဆီးအိမ်စည်ဖောင်း၏။ အဗ္ဘန္တရေ၊ အတွင်း၌။ ဋိတံ၊ တည်၏။ တတ္ထ၊ ထိုကျင်ငယ်နှင့် ဆီးအိမ်တို့တွင်။ ယထာ၊ ဥပမာအားဖြင့်။ အမုခေ ယဝဏဃဋ္ဋေ၊ ရေဝင်ပေါက် မရှိသည့် ယဝဏဃဋ္ဋ ခေါ်—ရေစစ်အိုးကို။ စန္ဒနိကာယ၊ တံစည်းအိုင်၌။ ပက္ခိတ္တေ၊ ပစ်ချထားလျှင်။ ယဝနဃဋ္ဋော၊ ရေစစ်အိုးသည်။ (ဆဋ္ဌမူ၌ ရဝဏဃဋ္ဋ-ဟု ရ—အက္ခရာနှင့် ရှိနေသော်လည်း သီဟိုဠ်မူ ယဝဏဃဋ္ဋ—မူသာ သင့်သည်။) မယိ၊ ငါ၌။ စန္ဒနိကာရသော၊ တံစည်းရည်သည်။ ဋိတောတိ၊ တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ စန္ဒနိကာရသောပိ၊ တံစည်းရည်ကလည်း။ အဟံ၊ ငါသည်။ ယဝဏဃဋ္ဋေ ဋိတောတိ၊ ယဝဏရေစစ်အိုး၌ တည်သည်—ဟု။ န ဇာနာတိ ယထာ၊ မသိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ ဝတ္ထိ၊ ဆီးအိမ်စည်ဖောင်းသည်။ မယိ၊ ငါ၌။ မုတ္တံ ဋိတန္တိ၊ ကျင်ငယ်တည်သည်-ဟု။န ဇာနာတိ၊ မသိ။ မုတ္တံပိ၊ ကျင်ငယ်ကလည်း။ အဟံ၊ ငါသည်။ ဝတ္ထိမှိ ဋိတန္တိ၊ ဆီးအိမ်၌တည်သည်-ဟု။ န ဇာနာတိ၊ မသိ။ ဧတေ ဓမ္မာ၊ ဤ ကျင်ငယ်နှင့် ဆီးအိမ်ဟူသော ရုပ်တရားတို့သည်။ အညမညံ၊ အချင်းချင်း။ အာဘောဂပစ္စဝေက္ခဏရဟိတာ၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ မုတ္တံ နာမ၊ ကျင်ငယ်မည်သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြားပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ သုညော၊အတ္တမှ

ဆိုတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ယူသဘူတော၊ အရည်သဘောဖြစ်၍။ အာဗန္ဓနာကာရော၊ ဖွဲ့စည်းသော အခြင်းအရာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

၃၄၃။ စ၊ ဤဆိုခဲ့သည့်အတိုင်း။ ကောသာဒီသု၊ ဆံပင်-စသည်တို့၌။ မနသိကာရံ ပဝတ္တေတွာ၊ နှလုံးသွင်းခြင်းကို ဖြစ်စေပြီးလျှင်။ ယေန၊ အကြင်အပူငွေ့ဖြင့်။ သန္တပ္ပတိ၊ ကိုယ်သည် ပူလောင်၏။ အယံ၊ ဤအပူငွေ့သည်။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဋိယေက္ကော၊ အသီးအခြား ပေတည်း။ ကောဋ္ဌာသော၊ အဖို့အစုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ ပရိပါစနာကာရော၊ ကျက်စေသော အခြင်းအရာရှိသော။ တေဇောဓာတု၊ တေဇောဓာတ်ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။ ယေန၊ အကြင်အပူငွေ့ဖြင့်။ ဇီရီယတိ၊ အိုမင်း ရင့်ရော်၏။ (၃၅၉) ယေန၊ အကြင်အပူငွေ့ဖြင့်။ ပရိဍယှတိ၊ ပြင်းစွာ ပူလောင်၏။ အသိတပီတခါယိတသာယိတံ၊ စား, သောက်, ခဲ,လျက်ထားသော အစာသည်။ ယေန၊ အကြင်အပူငွေ့ဖြင့်။ သမ္မာ ပရိဏာမံ ဂစ္ဆတိ၊ ကောင်းစွာ ပြောင်းလဲခြင်း, ကြေကျက်ခြင်းသို့ ရောက်၏။ အယံ၊ ဤအပူငွေ့သည်။ ဣမသ္မိံ သရီရေ၊ ဤခန္ဓာကိုယ်ထဲ၌။ ပါဋိယေက္ကော ကောဋ္ဌာသော၊ သီးခြားအဖို့တစ်ခုပေတည်း။ အစေတနော၊ စေတနာမရှိ။ အဗျာကတော၊ အဗျာကတ—တရားပေတည်း။ ဝါ၊ အာရုံကို မသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ပရိပါစနာကာရော၊ ကျက်စေတတ်သော အခြင်းအရာရှိသော။ တေဇောဓာတု၊ တေဇောဓာတ်ပေတည်း။ဣတိစ၊ ဤသို့။ တေဇော-ကောဋ္ဌာသေသု၊ တေဇောအစုတို့၌။ မနသိကာရော၊ နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။

၃၄၄။ တတော၊ ထို့နောင်မှ။ ဥဒ္ဓင်္ဂမေ ဝါတေ၊ ဆန်တက်လေတို့ကို။ ဥဒ္ဓင်္ဂမဝသေန ပရိဂ္ဂဟေတွာ၊ ဆန်တက်လေအဖြစ်ဖြင့် သိမ်းဆည်းပြီးလျှင်။ အဓောဂမေ၊ စုန်ဆင်းလေတို့ကို။ အဓောဂမဝသေန၊ စုန်ဆင်းလေအဖြစ်ဖြင့်။ ကုစ္ဆိသယေ၊ ဝမ်းတွင်းလေတို့ကို။ ကုစ္ဆိသယဝသေန၊ ဝမ်းတွင်းလေ၏အဖြစ်ဖြင့်။ ကောဋ္ဌာသယေ၊ အူအတွင်းလေတို့ကို။ ကောဋ္ဌာသယဝသေန၊ အူတွင်းလေ အဖြစ်ဖြင့်။အင်္ဂမင်္ဂါနုသာရိမှိ၊ အင်္ဂါကြီးငယ်လျှောက် လေတို့ကို။ အင်္ဂမင်္ဂါနုသာရိဝသေန၊ အင်္ဂါကြီးငယ်လျှောက် လေအဖြစ်ဖြင့်။ အဿာသ-

ပဿာသော၊ ငင်သက် ထွက်သက်လေတို့ကို။ အဿာသပဿာသဝသေန၊ ဝင်သက် ထွက်သက် လေအဖြစ်ဖြင့်။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းပြီးလျှင်။ ဥဒ္ဒဂ်မာ ဝါတာ နာမ၊ ဆန်တက်သော လေတို့မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဠိယေက္ကော ကောဋ္ဌာသော၊ သီးခြား အဖို့တစ်ခုပေတည်း။ အစေတနော၊ စိတ်, စေတနာ မရှိ။ အဗျာကတော၊ အဗျာကတ-တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ဝိတ္ထမ္ဘနာကာရော၊ ထောက်ကန်တောင့်တင်းသော အခြင်းအရာရှိသော။ ဝါယောခာတူတိ၊ ဝါယောခာတ်ပေတည်း-ဟု လည်းကောင်း။ အဓောဂမာ ဝါတာ နာမ၊ စုန်ဆင်းသော လေတို့မည်သည်မှာ။ ကုစ္ဆိသယာ ဝါတာ နာမ၊ ဝမ်းတွင်းလေတို့ မည်သည်မှာ။ ကောဋ္ဌာသယာ ဝါတာ နာမ၊ အူတွင်းလေတို့ မည်သည်မှာ။ အင်္ဂမင်္ဂါနုသာရိနော ဝါတာ နာမ၊ အင်္ဂါကြီးငယ်လျှောက် လေတို့မည်သည်မှာ။ အဿာသပဿာသာ ဝါတာ နာမ၊ ဝင်သက်-ထွက်သက် လေတို့မည်သည်မှာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ ပါဠိယေက္ကော ကောဋ္ဌာသော၊ အသီးအခြား အဖို့အစုပေတည်း။ အစေတနော၊ စိတ်, စေတနာမရှိ။ အဗျာကတော၊ အဗျာကတ—တရားပေတည်း။ ဝါ၊ အာရုံကိုမသိတတ်သော တရားပေတည်း။ သုညော၊ အတ္တမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ဝိတ္ထမ္ဘနာကာရော ဝါယောခာတူတိ၊ ထောက်ကန်-တောင့်တင်းသော အခြင်းအရာရှိသော ဝါယောခာတ်ပေတည်း-ဟု လည်းကောင်း။ ဧဝံ၊ ဤသို့။ ဝါယောကောဋ္ဌာသေသု၊ ဝါယောခာတ်အဖို့တို့၌။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပဝတ္တမနသိကာရဿ၊ နှလုံးသွင်းခြင်းကို ဖြစ်စေသော။ တဿ၊ ထိုယောဂီရဟန်းအား။ ခာတုယော ပါကဋာ ဟောန္တိ၊ ခာတ်တို့သည် ထင်ရှား ဖြစ်ပေါ်ကုန်၏။ တာ၊ ထိုခာတ်တို့ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇတော၊ ဆင်ခြင်သော။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီရဟန်းအား။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဥပစာရသမာဓိ ဥပ္ပဇ္ဇတိ၊ ဥပစာရသမာဓိ ဖြစ်ပေါ်၏။

၃၄၅။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဘာဝယတော၊ ပွားစေသော။ ယဿ၊ အကြင်ယောဂီရဟန်းအား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ န ဣဇ္ဈတိ၊ မပြီးစီး မပြည့်စုံသေးပဲ ရှိလျှင်။ တေန၊ ထိုယောဂီရဟန်းသည်။ သလက္ခဏသင်္ခေပတော၊ သလက္ခဏသင်္ခေပ-အားဖြင့်။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ကထံ

ဘာဝေတဗ္ဗံ၊ အဘယ်သို့ ပွားစေအပ်သနည်း?ဟူမူ။ ဝီသတိယာ ကောဋ္ဌာ—သေသု၊ ဆံပင်-အစရှိသော နှစ်ဆယ်သော အဖို့တို့၌။ ထဒ္ဓလက္ခဏံ၊ ခက်မာခြင်း သဘော လက္ခဏာကို။ ပထဝီဓာတူတိ ဝဝတ္ထပေတဗ္ဗံ၊ ပထဝီဓာတ်—ဟု ပိုင်းခြား ဆုံးဖြတ်အပ်၏။ တတ္ထေဝ၊ ထို နှစ်ဆယ်သော အဖို့တို့၌ ပင်လျှင်။အာ-ဗန္ဓနလက္ခဏံ၊ ဖွဲ့စည်းသောသဘောလက္ခဏာကို။ အာပေါဓာတူတိ၊ အာပေါဓာတ်—ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ ပရိပါစနလက္ခဏံ၊ ကျက်စေခြင်း သဘောလက္ခဏာကို။တေဇောဓာတူတိ၊ တေဇောဓာတ်-ဟူ၍။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ်အပ်၏။ ဝိတ္ထမ္ဘနလက္ခဏံ၊ ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာကို။ ဝါယောဓာတူတိ၊ ဝါယောဓာတ်ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ်အပ်၏။

ဒွါဒသသု ကောဋ္ဌာသေသု၊ သည်းခြေ-စသော တစ်ဆယ့်နှစ်ပါးသော အဖို့တို့၌။ အာဗန္ဓနလက္ခဏံ၊ ဖွဲ့စည်းခြင်း သဘောလက္ခဏာကို။ အာပေါ-ဓာတူတိ၊ အာပေါဓာတ်—ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ်အပ်၏။ တတ္ထေဝ၊ ထို တစ်ဆယ့်နှစ်ပါးသော အဖို့တို့၌ပင်လျှင်။ ပရိပါစနလက္ခဏံ၊ ကျက်စေခြင်းသဘောလက္ခဏာကို။ တေဇောဓာတူတိ၊ တေဇောဓာတ်—ဟူ၍။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ ဝိတ္ထမ္ဘနလက္ခဏံ၊ ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာကို။ ဝါယောဓာတူတိ၊ ဝါယောဓာတ်ဟု။ ဝဝတ္ထပေတဗ္ဗံ၊ပိုင်းခြားဆုံးဖြတ်အပ်၏။ ထဒ္ဓလက္ခဏံ၊ ခက်မာခြင်းသဘောလက္ခဏာကို။ ပထဝီဓာတူတိ၊ ပထဝီဓာတ်-ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ်အပ်၏။

စတူသု ကောဋ္ဌာသေသု၊ အဖျားရှိန်အပူငွေ့—စသော လေးပါးသော အဖို့တို့၌။ ပရိပါစနလက္ခဏံ၊ ကျက်စေခြင်းသဘောလက္ခဏာကို။ တေဇောဓာ-တူတိ၊ တေဇောဓာတ်—ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ်အပ်၏။ တေန၊ ထိုလေးပါးသော အပူငွေ့နှင့်။ အဝိနိဗ္ဘုတ္တံ၊ အသီးအခြား မခွဲနိုင်ကောင်းသော။ဝိတ္ထမ္ဘနလက္ခဏံ၊ ထောက်ကန်-တောင့်တင်းခြင်း သဘောလက္ခဏာကို။ ဝါယောဓာတူတိ၊ ဝါယောဓာတ်—ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ ထဒ္ဓလက္ခဏံ၊ ခက်မာခြင်း သဘောလက္ခဏာကို။ ပထဝီဓာတူတိ၊ ပထဝီဓာတ်—ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ်အပ်၏။ အာဗန္ဓန-လက္ခဏံ၊ ဖွဲ့စည်းခြင်းသဘော လက္ခဏာကို။ အာပေါဓာတူတိ၊ အာပေါဓာတ်—ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ်အပ်၏။

(၃၆၀) ဆသု ကောဋ္ဌာသေသု၊ ဆန်တက်လေ—စသော ခြောက်ပါးသော အဖို့တို့၌။ ဝိတ္ထမ္ဘနလက္ခဏံ၊ ထောက်ခံ-တောင့်တင်းခြင်း သဘောလက္ခဏာကို။ ဝါယောဓာတူတိ၊ ဝါယောဓာတ်-ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ ဟတ္ထော၊ ထိုခြောက်ပါးသော အဖို့တို့၌ပင်လျှင်။ တဒ္ဓလက္ခဏံ၊ခက်မာခြင်း သဘောလက္ခဏာကို။ ပထဝီဓာတူတိ၊ ပထဝီဓာတ် ဟူ၍လည်းကောင်း။ အာဗန္ဓနလက္ခဏံ၊ဖွဲ့စည်းခြင်းသဘောလက္ခဏာကို။အာပေါဓာတူတိ၊အာပေါဓာတ် ဟူ၍ လည်းကောင်း။ ပရိပါစနလက္ခဏံ၊ ကျက်စေခြင်း သဘောလက္ခဏာကို။ တေဇောဓာတူတိ၊ တေဇောဓာတ်—ဟူ၍ လည်းကောင်း။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ် ဆင်ခြင်အပ်၏။ ဧဝံ ဝဝတ္ထာပယတော၊ ဤသို့ ပိုင်းခြား ဆုံးဖြတ်လျက် ရှုဆင်ခြင်နေသော။ တဿ၊ ထိုယောဂီရဟန်းအား။ ဓာတုယော၊ ဓာတ်တို့သည်။ ပါကဋာ ဟောန္တိ၊ ထင်ရှား ပေါ်ကုန်၏။ တာ၊ ထို ဓာတ်တို့ကို။ ပုနပ္ပုနံ အာဝဇ္ဇတော၊ အဖန်တလဲလဲ ဆင်ခြင်နေသော။ မနသိကရောတော၊ နှလုံးသွင်းနေသော။ (တဿ၊ ထိုယောဂီရဟန်းအား။) ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဥပစာရသမာဓိ ဥပ္ပဇ္ဇတိ၊ ဥပစာရသမာဓိ ဖြစ်ပေါ်၏။

၃၅၆။ ဧဝံ ဘာဝယတောပိ၊ ဤဆိုခဲ့သည့်အတိုင်း ပွါးစေအပ်သော်လည်း။ ယဿ၊ အကြင်ယောဂီရဟန်းအား။ ကမ္မဋ္ဌာနံ န ဃဋ္ဋတိ၊ ကမ္မဋ္ဌာန်းသည် မပြီးစီး မပြည့်စုံသေးသည် ဖြစ်အံ့။ တေန၊ ထို ယောဂီရဟန်းသည်။ သလက္ခဏဝိဘတ္တိတော၊ သလက္ခဏဝိဘတ္တိ အားဖြင့်။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်၏။ ကထံ၊ အဘယ်သို့နည်း? ဟူမူ။ ပုဗ္ဗေ ဝုတ္တနယေနေဝ၊ ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ကေသာဒယော ပရိဂ္ဂဟေတွာ၊ ဆံပင်—စသည်တို့ကို သိမ်းဆည်းပြီးလျှင်။ ကေသမှိ၊ ဆံပင်၌။ ထဒ္ဓလက္ခဏံ၊ ခက်မာခြင်း သဘောလက္ခဏာကို။ ပထဝီဓာတူတိ၊ ပထဝီဓာတ်-ဟု။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ် ရှုဆင်ခြင်အပ်၏။ တတ္ထေဝ၊ ထို ဆံပင်၌ပင်လျှင်။ အာဗန္ဓနလက္ခဏံ၊ ဖွဲ့စည်းခြင်း သဘောလက္ခဏာကို။ အာပေါဓာတူတိ၊ အာပေါဓာတ်—ဟုလည်းကောင်း။ ပရိပါစနလက္ခဏံ၊ ကျက်စေခြင်း သဘောလက္ခဏာကို။ တေဇောဓာတူတိ၊ တေဇောဓာတ်-ဟုလည်းကောင်း။ ဝိတ္ထမ္ဘနလက္ခဏံ၊ ထောက်ကန်-တောင့်တင်းခြင်း သဘောလက္ခဏာကို။ ဝါယောဓာတူတိ၊ ဝါယောဓာတ်—ဟုလည်းကောင်း။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား ဆုံးဖြတ် ရှုဆင်ခြင်အပ်၏။ ဧဝံ၊ ဤအတူပင်။ သဗ္ဗကောဋ္ဌာသေသုပိ၊ အမွေး-အစရှိသော ကောဋ္ဌာသအာလုံးတို့တွင်လည်း။ ဧကေကသ္မိံ ကောဋ္ဌာသေ၊ တစ်ပါးတစ်ပါးသော ကောဋ္ဌာသ၌။ စတဿော စတဿော ဓာတုယော၊ လေးပါး

လေးပါးကုန်သော ဓာတ်တို့ကို။ ဝဝတ္ထပေတဗ္ဗာ၊ ပိုင်းခြား ဆုံးဖြတ် ရှုဆင်ခြင် အပ်ကုန်၏။ ဧဝံ ဝဝတ္ထာပယတော၊ ဤသို့ပိုင်းခြား ဆုံးဖြတ်လျက် ရှုဆင်ခြင် နေသော။ တဿ၊ ထိုယောဂီရဟန်းအား။ ဓာတုယော၊ ဓာတ်တို့သည်။ ပါကဋာ ဟောန္တိ၊ ထင်ရှား ပေါ်ကုန်၏။ တာ၊ ထိုဓာတ်တို့ကို။ ပုနပ္ပုနံ အာဝဇ္ဇတော၊ အဖန်တလဲလဲ ဆင်ခြင်နေသော။ မနသိကရောတော၊ နှလုံးသွင်းနေသော။ (တဿ၊ ထိုယောဂီရဟန်းအား။) ဝုတ္တနယေန၊ ဆိုခဲ့ပြီးသော နည်းဖြင့် ပင်လျှင်။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်ပေါ်၏။

အပိစ ခေါ ပန၊ တနည်း ရှုပုံကား။ ဝစနတ္ထတော၊ သဒ္ဒါအနက်အား ဖြင့်လည်းကောင်း။ ကလာပတော၊ အပေါင်းအစု ကလာပ်အားဖြင့် လည်းကောင်း။ စုဏ္ဏတော၊ အမှုန့်အားဖြင့်လည်းကောင်း။ လက္ခဏာဒိတော၊ လက္ခဏာ-စသည် အားဖြင့်လည်းကောင်း။ သမုဋ္ဌာနတော၊ ဖြစ်ကြောင်း သမုဋ္ဌာန်အားဖြင့်လည်းကောင်း။ နာနတ္တေကတ္တတော၊ ကွဲပြားခြင်း, တူခြင်း အားဖြင့်လည်းကောင်း။ ဝိနိဗ္ဘောဂါဝိနိဗ္ဘောဂတော၊ အသီးအသီးခွဲခြားအပ် ခြင်း, မခွဲခြားအပ်ခြင်းအားဖြင့်လည်းကောင်း။ သဘာဂဝိသဘာဂတော၊ သဘောတူခြင်း, သဘောမတူခြင်းအားဖြင့် လည်းကောင်း။ အဇ္ဈတ္တိက-ဗာဟိရဝိသေသတော၊ အတွင်း-အပြင်ဓာတ်တို့၏ အထူးအားဖြင့်လည်း ကောင်း။ သင်္ဂဟတော၊ သိမ်းယူခြင်းအားဖြင့်လည်းကောင်း။ ပစ္စယတော၊ ကျေးဇူးပြုခြင်းအားဖြင့် လည်းကောင်း။ အသမန္နာဟာရတော၊ ဆင်ခြင်မှု, သိမှုကင်းခြင်းအားဖြင့် လည်းကောင်း။ ပစ္စယဝိဘာဂတော၊ ကျေးဇူးပြုသော တရားအထူး သတ္တိအထူးကို ဝေဖန်ခြင်းအားဖြင့် လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေဟိပိ အာကာရေဟိ၊ ဤ တစ်ဆယ့်သုံးပါးသော အခြင်းအရာ တို့ဖြင့်။ ဓာတုယော မနသိကာတဗ္ဗာ၊ ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၄၇။ တတ္ထ၊ ထိုတစ်ဆယ့်သုံးပါးသော အခြင်းအရာတို့တွင်။ ဝစ-နတ္ထတော၊ အဒ္ဒါ အနက်အားဖြင့်။ မနသိကရောန္တေန၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည်။ ပတ္ထဋတ္တာ၊ ကျယ်ပြန့် ကြီးမားခြင်းကြောင့်။ ပထဝီ၊ ပထဝီ-မည်၏။ အပ္ပေါတိ၊ ထိုထိုအရပ်သို့ ယိုစီးလျက် ရောက်တတ်၏။ အာပိယတိ၊ ရောက်စေတတ်၏။ အပ္ပါယတိ၊ စိုပွလျက် ပွားစေတတ်၏။ ဣတိ ဝါ၊ ထို့ကြောင့်လည်းကောင်း။ အာပေါ၊ အာပေါမည်၏၊ တေဇတိ၊ ပူစေ တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တေဇော၊ တေဇော-မည်၏။ ဝါယတိ၊ ရွေ့စေတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝါယော၊ ဝါယော-မည်၏။ အဝိသေသေန ပန၊ သမညအားဖြင့်မူကား။ သလက္ခဏဓာရဏတော စ၊ မိမိ

သဘောလက္ခဏာကို ဆောင်တတ်ခြင်းအားဖြင့် လည်းကောင်း။ ဒုက္ခာဒါ- နတော စ၊ သံသရာဆင်းရဲကို စီရင်တတ်သောကြောင့်လည်းကောင်း။ ဒုက္ခာ- ဓာနတော စ၊ ဆင်းရဲကို သိုထားရာဖြစ်သောကြောင့်လည်းကောင်း။ ဓာတူတိ၊ ဓာတ်မည်ကုန်၏—ဟူ၍။ ဧဝံ၊ ဤသို့။ ဝိဿဿာမညဝသေန၊ အသီးအသီး ထူးသောအနက်, မထူးသောအနက်အားဖြင့်လည်းကောင်း။ ဝစနတ္ထတော၊ သဒ္ဒါအနက်အားဖြင့်လည်းကောင်း။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။

၃၄၈။ ကလာပတောတိ၊အပေါင်းအစု ကလာပ်အားဖြင့်(နှလုံးသွင်းပုံ) ဟူသည်ကား။ ကေသာလောမာတိအာဒိနာ နယေန၊ ဆံပင်, အမွေးအစရှိ သော နည်းအားဖြင့်လည်းကောင်း။ ဝီသတိယာ အာကာရေဟိ၊ နှစ်ဆယ် သောအဖို့ အခြင်းအရာတို့ဖြင့်လည်းကောင်း။ ပထဝီဓာတု၊ ပထဝီဓာတ်လည်း ကောင်း။ ပိတ္တံ၊ သည်းခြေလည်းကောင်း။ သေမှံ၊ သလိပ်လည်းကောင်း။ ဣတိ စ အာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်လည်းကောင်း။ ဒွါဒ- သဟိ အာကာရေဟိ၊ တစ်ဆယ့်နှစ်ပါးသောအဖို့ အခြင်းအရာတို့ဖြင့်။ အာပေါဓာတု၊ အာပေါဓာတ်ကို။နိဒ္ဒိဋ္ဌာ၊ အကျယ်ပြခဲ့ပြီ။ တတ္ထ၊ ထိုအကျယ် ပြခဲ့သော ပထဝီဓာတ်, အာပေါဓာတ်-အဖို့တို့တွင်။ယသ္မာ၊ အကြင့်ကြောင့်။-

(၃၆၁) ဝဏ္ဏော၊ အဆင်းလည်းကောင်း။ ဂန္ဓော၊ အနံ့လည်း ကောင်း။ ရသော၊ အရသာလည်းကောင်း။ ဩဇာ၊ အဆီအခဲ ဩဇာရုပ်လည်းကောင်း။ စတဿော စာပိ ဓာတုယော၊ လေးပါး ကုန်သော မဟာဘုတ်ဓာတ်တို့လည်းကောင်း။(ဣတိ၊ဤသို့။-ထည့်။) အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါးသောတရားတို့၏ အညီအညွတ် တပေါင်းတည်း တည်ခြင်းကြောင့်။ ကေသာတိ သမ္မုတိ၊ ဆံပင်တို့ ဟူသော ပညတ်သည်။ ဟောတိ၊ ဖြစ်၏။ တေသံယေဝ၊ ထိုတရား ရှစ်ပါးတို့ကိုပင်လျှင်။ ဝိနိဗ္ဘောဂါ၊ အသီးအသီး ခွဲခြားခြင်းကြောင့်။ ကေသာတိ သမ္မုတိ၊ ဆံပင်တို့-ဟူသော ပညတ်သည်။ နတ္ထိ၊ မရှိ တော့ပေ။

တသ္မာ၊ ထို့ကြောင့်။ ကေသာပိ၊ ဆံပင်တို့သည်လည်း။ အဋ္ဌဓမ္မကလာပ- မတ္တမေဝ၊ ရှစ်ပါးသောတရားတို့၏ အပေါင်းအစုမျှသာတည်း။ လောမာ- ဒယော၊ အမွေး-စသည်တို့သည်။ တထာတိ၊ ထို့အတူ ရှစ်ပါးသောတရား တို့၏ အပေါင်းအစုမျှသာတည်း—ဟု။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်၏။ ပန၊ ဆက်၍ ရှင်းပြဦးအံ့။ ဧတ္ထ၊ ဤ ဆံပင်-အစရှိသော ကောဋ္ဌာသတို့တွင်။

ကမ္မသမုဋ္ဌာနေ၊ ကံကြောင့်ဖြစ်သော ကောဋ္ဌာသသည်။ ဇီဝိတိန္ဒြိယေန စ၊ ဇီဝိတိန္ဒြေနှင့်လည်းကောင်း။ ဘာဝေန စ၊ ဘာဝရုပ်နှင့်လည်းကောင်း။ သဒ္ဓိံ၊ တကွ။ ဒသဓမ္မကလာပေါပိ ဟောတိ၊ ရုပ်ဆယ်ခုအပေါင်း ကလာပ်သည်လည်း ဖြစ်သေး၏။ ပန၊ သို့သော်လည်း။ ဉဿဒဝသေန၊ ပထဝီသတ္တိ အာပေါသတ္တိတို့၏ များပြားလွန်ကဲသည်၏ အစွမ်းအားဖြင့်။ ပထဝီဓာတု အာပေါဓာတူဘိ၊ ပထဝီဓာတ်၊ အာပေါဓာတ်–ဟူ၍။ သခ်ံ ဂတော၊ ရေတွက်အပ် ခေါ်ဝေါ်အပ်ခြင်းသို့ ရောက်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကလာပတော၊ အပေါင်းအစု ကလာပ်အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။

၃၄၉။ စုဏ္ဏတောတိ၊ အမှုန့်အားဖြင့် နှလုံးသွင်းပုံကား။ဣမသ္မိံ သရီရေ၊ ဤကိုယ်ထဲ၌။ မဇ္ဈိမေန ပမာဏေန၊ အလယ်အလတ် ပမာဏအားဖြင့်။ ပရိဂ္ဂယှမာနာ၊ ကြံဆ၍ယူလျှင်။ ပရမာဏုဘေဒသဉ္စုဏ္ဏာ၊ ပရမာဏုမြူအပြားအားဖြင့် အမှုန့်အမှုန့်ဖြစ်သော။ သုခုမရဇဘူတာ၊ သိမ်မွေ့သည့် မြူအဖြစ်သို့ ရောက်သော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ဒေါဏမတ္တာ သိယာ၊ တစ်စိတ် (လေးပြည်) ပမာဏရှိသည် ဖြစ်ရာ၏။ သာ၊ ထိုပထဝီဓာတ်သည်။ တတော၊ ထိုလေးပြည်ထက်။ ဉပဍ္ဎပ္ပမာဏာယ၊ ထက်ဝက် ပမာဏရှိသော။ အာပေါဓာတုယာ၊ အာပေါဓာတ်သည်။ ဝါ၊ အာပေါဓာတ်က။ သင်္ဂဟိတာ၊ဖွဲ့စည်းပေါင်းစုအပ်သည်ဖြစ်၍။တေဇောဓာတုယာ၊တေဇောဓာတ်သည်။ ဝါ၊တေဇောဓာတ်က။ အနုပါလိတာ၊လျော်စွာစောင့်ရှောက်အပ်သည်ဖြစ်၍။ ဝါယောဓာတုယာ၊ ဝါယောဓာတ်သည်။ ဝါ၊ ဝါယောဓာတ်က။ဝိတ္ထမ္ဘိတာ၊ ထောက်ကန်လျက် တောင့်တင်းစေအပ်သည်ဖြစ်၍။ န ဝိကိရိယတိ၊ ဖရိုဖရဲ မကြဲပဲရှိ၏။ န ဝိဒ္ဓံသိယတိ၊ မပျက်စီးပဲရှိ၏။ အဝိကိရိယမာနာ၊ ဖရိုဖရဲမကြဲသည်။ အဝိဒ္ဓံသိယမာနာ၊ မပျက်စီးသည်ဖြစ်၍။ အနေကဝိဓံ၊ အမျိုးမျိုး အထွေထွေသော။ ဣတ္ထိပုရိသလိင်္ဂါဒိဘာဝဝိကပ္ပံ၊ မိန်းမသဏ္ဌာန်, ယောကျ်ားသဏ္ဌာန်–စသည်အဖြစ်ဖြင့် ကြံဆခြင်းသို့။ ဉပဂစ္ဆတိ၊ ရောက်၏။ အဏု-ထူလဒီဃရဿထိရကထိနာဒိဘာဝဉ္စ၊ အငယ်, အကြီး, အရှည်, အတို, ခိုင်ခံ့သည်, ခက်မာသည်–စသည်အဖြစ်ကိုလည်း။ ပကာသေတိ၊ ပြ၏။

ပန၊ ထိုမှတပါး။ ဧတ္ထ၊ ဤ ကိုယ်ထဲ၌။ ယူသဂတာ၊ အရည်အဖြစ်သို့ ရောက်လျက်။ အာဗန္ဓနာကာရဘူတာ၊ ဖွဲ့စည်းသော အခြင်းအရာဖြစ်သော။ အာပေါဓာတု၊ အာပေါဓာတ်သည်။ ပထဝီပတိဋ္ဌိတာ၊ ပထဝီ၌တည်သည်။

တေဇာနုပါလိတာ၊ တေဇောကစောင့်ရှောက်အပ်သည်။ ဝါယောဝိတ္ထမ္ဘိတာ၊ ဝါယောက ထောက်ကန်လျက် တောင့်စေအပ်သည်။ (ဟုတ္ဒာ၊ဖြစ်၍။-ထည့်။) န ပဋ္ဌရတိ၊ မယိုကျပဲရှိ၏။ န ပရိဿဝတိ၊ မစီးသွားပဲလည်း ရှိ၏။အပဋ္ဌရမာနာ၊ မယိုမကျသည်ဖြစ်၍။ အပရိဿဝမာနာ၊ စီးမသွားသည်ဖြစ်၍။ ပီဏိတ ပီဏိတဘာဝံ၊ စိုပြည်ပြည့်ဖြိုးသည်၏ အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

စ၊ ထိုမှတပါး။ ဧတ္ထ၊ ဤ ကိုယ်ထဲ၌။ အသိတပီတာဒိပါစကာ၊ စား, သောက်, ခဲ, လျက်-ထားသည့် အစာကိုကျက်စေတတ်သော။ ဥသုမာကာရဘူတာ၊ အပူငွေ့အခြင်းအရာဖြစ်သော။ ဥဏှတ္တလက္ခဏာ၊ ပူခြင်းလက္ခဏာ သဘောရှိသော။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ပထဝီပတိဋ္ဌိတာ၊ ပထဝီ၌တည်သည်။ အာပေါသင်္ဂဟိတာ၊ အာပေါက ဖွဲ့စည်း ပေါင်းစုအပ်သည်။ ဝါယောဝိတ္ထမ္ဘိတာ၊ ဝါယောက ထောက်ကန်လျက် တောင့်စေအပ်သည်ဖြစ်၍။ ဣမံ ကာယံ၊ ဤကိုယ်ကို။ ပရိပါစေတိ၊ရင့်ကျက်စေ၏။ အဿ၊ ထိုကိုယ်၏။ ဝဏ္ဏသမ္ပတ္တိဉ္စ၊ အဆင်းပြည့်စုံခြင်း, အဆင်းအရောင် ကောင်းခြင်း ကိုလည်း။ အာဝဟတိ၊ ဆောင်ရွက်၏။ ဝါ၊ ဖြစ်စေ၏။ စ ပန၊ အထူးကို ဆိုဦးအံ့။ တာယ၊ ထိုတေဇောဓာတ်က။ ပရိပါစိတော၊ ရင့်ကျက်စေအပ်သောကြောင့်။ အယံ ကာယော၊ ဤကိုယ်သည်။ န ပူတိဘာဝံ ဒဿေတိ၊ မပုပ်သည်အဖြစ်ကို ပြနိုင်ပေ၏။

စ၊ ထိုမှတပါး။ ဧတ္ထ၊ ဤ ကိုယ်ထဲ၌။ အင်္ဂမင်္ဂါနုသဋ္ဌာ၊ အင်္ဂါကြီးငယ်သို့ လျှောက်သော။ သမုဒီရဏဝိတ္ထမ္ဘနလက္ခဏာ၊ ရွေ့ခြင်း, ရွေ့စေခြင်း, ထောက်ကန်-တောင့်တင်းခြင်း သဘောလက္ခဏာရှိသော။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ပထဝီပတိဋ္ဌိတာ၊ ပထဝီ၌တည်သည်။ အာပေါသင်္ဂဟိတာ၊ အာပေါက ဖွဲ့စည်းလျက် ပေါင်းစုအပ်သည်။ တေဇာနုပါလိတာ၊ တေဇောက စောင့်ရှောက်အပ်သည်။ (ဟုတွာ၊ဖြစ်၍။-ထည့်။) ဣမံ ကာယံ၊ ဤ ကိုယ်ကို။ ဝိတ္ထမ္ဘေတိ၊ထောက်ကန်လျက်ကြံ့ခိုင်စေ၏။စ ပန၊ အထူးသော်ကား။ တာယ ဝိတ္ထမ္ဘိတော၊ ထို ဝါယောက ကြံ့ခိုင်စေသောကြောင့်။ (ဟေတုမန္တဝိသေသန) အယံ ကာယော၊ ဤကိုယ်သည်။ န ပရိပတတိ၊ လဲမကျပဲ တည်နိုင်ပေ၏။ ဥဇုကံ သဏ္ဌာတိ၊ ဖြောင့်မတ်စွာ တည်တံ့နိုင်ပေ၏။အပရာယ ဝါယောဓာတုယာ၊ အခြားတစ်ပါးသော ဝါယောဓာတ်သည်။ ဝါ၊အခြားတပါးသောဝါယောဓာတ်က။ သမဗ္ဘာဟတော၊ တိုက်ခတ်ပေးသောကြောင့်။ ဂမနဋ္ဌာနနိသဇ္ဇာသယနဣရိယာပထေသု၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဟူသော ကိုယ်အမူအရာ ဣရိယာပုထ်တို့၌။ ဝိညတ္တိံ ဒဿေတိ၊

အလိုကို သိစေတတ်သည့် ဝိညတ်ရုပ်ကို ဖော်ပြနိုင်ပေ၏။ ဟတ္ထပါဒံ၊ လက်ခြေကို။ သမိဉ္ဇေတိ၊ ကွေးတတ်ပေ၏။ သမ္မသာရေတိ၊ ဆန့်တတ်ပေ၏။ လာငွေတိ၊ ထုံမှုကျမှု သွားစေတတ်၏။ ဇဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ စတုဓာတုယန္တံ၊ဓာတ်လေးပါး၌ ပေါင်းဟူသော ဤယန္တရား-စက်ရုပ်သည်။ ဣတ္ထိ-ပုရိသာဒိဘာဝေန၊ မိန်းမ, ယောကျ်ား-စသည်၏ ဇဖြစ်ဖြင့်။ ဗာလဇနဝဥ္စနံ၊ မသိ-မလိမ္မာသော လူအပေါင်းကို လှည့်စားလျက်။ မာယာရူပသဒိသံ၊ မျက်လှည့်ရုပ်နှင့်တူစွာ။ ပဝတ္တတီတိ၊ သွားခြင်း, ရပ်ခြင်း-စသည်ဖြင့် မပြတ်ဖြစ်လျက်ရှိသည်-ဟု။ ဇဝံ၊ ဤသို့။ စုဏ္ဏတော၊ အမှုန့်အားဖြင့်။ မနသိကာ-တဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။

(၃၆၂) ၃၅၀။ လက္ခဏာဒိတောတိ၊ လက္ခဏာစသည်အားဖြင့် နှလုံးသွင်းပုံကား။ ပထဝီဓာတု၊ပထဝီဓာတ်သည်။ ကိံ လက္ခဏာ၊ အဘယ်လက္ခဏာရှိသနည်း။ ကိံ ရသာ၊ အဘယ်ရသ ရှိသနည်း။ ကိံ ပစ္စုပဋ္ဌာနာ၊ အဘယ်ပစ္စုပဋ္ဌာန် ရှိသနည်း။ ဣတိ ဇဝံ၊ ဤသို့သောနည်းဖြင့်။ စတဿောပိ ဓာတုယော၊ လေးပါးသော ဓာတ်တို့ကိုလည်း။ အာဝဇ္ဇေတွာ၊ ဆင်ခြင်ပြီးလျှင်။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ကက္ခဠတ္တလက္ခဏာ၊ ခက်မာခြင်းသဘော လက္ခဏာရှိ၏။ ပတိဋ္ဌာနရသာ၊ အတူဖြစ်ဖက်တရားတို့၏ တည်ရာကိစ္စ-ရသ ရှိ၏။ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ အတူဖြစ်ဖက်တရားတို့ကို ခံလင့်ခြင်းဟူသော ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ အာပေါဓာတု၊ အာပေါဓာတ်သည်။ ပဂ္ဃရဏလက္ခဏာ၊ ယိုစည်းခြင်း လက္ခဏာရှိ၏။ ဗြူဟနရသာ၊ စိုပွစေလျက် ပွားစေခြင်းကိစ္စ-ရသ ရှိ၏။ သင်္ဂဟပစ္စုပဋ္ဌာနာ၊ အတူဖြစ်ဖက်တရားတို့ကို ဖွဲ့စည်းခြင်း, ပေါင်းစုခြင်းဟူသော ထင်သောအခြင်းအရာရှိ၏။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဥဏှတ္တလက္ခဏာ၊ ပူခြင်းလက္ခဏာရှိ၏။ ပရိပါစနရသာ၊ ကျက်စေခြင်းကိစ္စ ရှိ၏။ မဒ္ဒဝါနုပ္ပဒါနပစ္စုပဋ္ဌာနာ၊ အတူဖြစ်ဖက်တရားတို့အား နူးညံ့ခြင်းကိုပေးခြင်းဟူသော ထင်သောအခြင်းအရာရှိ၏။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဝိတ္ထမ္ဘနလက္ခဏာ၊ ထောက်ကန်ခြင်း, တွန်းကန်ခြင်း, တောင့်တင်းခြင်း လက္ခဏာရှိ၏။ သမုဒီရဏရသာ၊ လှုပ်ခြင်း, လှုပ်စေခြင်းကိစ္စ ရှိ၏။ အဘိနီဟာရပစ္စုပဋ္ဌာနာတိ၊ ရွှေ့ရှုဆောင်ခြင်း, ရွေ့ဆောင်ခြင်းဟူသော ထင်သောအခြင်းအရာရှိ၏-ဟု။ ဇဝံ၊ ဤသို့။ လက္ခဏာဒိတော၊ လက္ခဏာ-စသည်အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်၏။

၃၅၁။ သမုဋ္ဌာနတောတိ၊ ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့် နှလုံးသွင်းပုံကား။ ပထဝီဓာတုအာဒီနံ၊ ပထဝီဓာတ်-စသည်တို့ကို။ ဝိတ္ထာရတော ဒဿန-ဝသေန၊ အကျယ်ပြသည်၏ အစွမ်းဖြင့်။ ကေသာဒယော၊ ဆံပင်—အစရှိကုန်သော။ ယေ ဣမေ ဒွါစတ္တာလီသ ကောဋ္ဌာသာ၊ လေးဆယ့်နှစ်ပါးသော အကြင် ကောဋ္ဌာသတို့ကို။ ဒဿိတာ၊ ပြအပ်ကုန်ပြီ။ တေသု၊ ထိုလေးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့တွင်။ ဥဒရိယံ ကရီသံ ပုဗ္ဗော မုတ္တန္တိ၊ အစာသစ်, အစာဟောင်း, ပြည်, ကျင်ငယ်-ဟူကုန်သော။ ဣမေ စတ္တာရော ကောဋ္ဌာသာ၊ ဤလေးပါးသော ကောဋ္ဌာသတို့သည်။ ဥတုသမုဋ္ဌာနာဝ၊ ဥတုကြောင့် သာလျှင်ဖြစ်သော ဥတုသမုဋ္ဌာန်—ဥတုဇရုပ်တို့သာတည်း။ အဿု သေဒေါ ခေဠော သိင်္ဃာဏိကာတိ၊ မျက်ရည်, ချွေး, တံတွေး,နှပ်-ဟူကုန်သော။ ဣမေ စတ္တာရော ကောဋ္ဌာသာ၊ ဤလေးပါးသော ကောဋ္ဌာသတို့သည်။ ဥတုစိတ္တသမုဋ္ဌာနာ၊ ဥတုကြောင့်လည်းဖြစ်, စိတ်ကြောင့်လည်းဖြစ်သော ဥတုစိတ္တသမုဋ္ဌာန်တို့ပေတည်း။ အသိတာဒိပရိပါစကော၊ စားလိုက်သည့် အစာ စသည်ကို ကြေကျက်စေတတ်သော။ တေဇော၊ ပါစကတေဇောသည်။ ကမ္မသမုဋ္ဌာနောဝ၊ ကံကြောင့်သာဖြစ်သော ကမ္မသမုဋ္ဌာန်ပေတည်း။ အဿာသပဿာသာ၊ ဝင်သက် ထွက်သက် လေတို့သည်။ စိတ္တသမုဋ္ဌာနာဝ၊ စိတ်ကြောင့်သာလျှင်ဖြစ်သောစိတ္တသမုဋ္ဌာန်တို့ပေတည်း။ အဝသေသာ သဗ္ဗေပိ၊ ကြွင်းကျန်ကုန်သော ကောဋ္ဌာသ သုံးဆယ့်နှစ်ပါး အားလုံးတို့သည်။ စတုသမုဋ္ဌာနာတိ၊ အကြောင်းလေးပါးလုံးကြောင့်ဖြစ်သော စတုသမုဋ္ဌာန ရုပ်တို့ပေတည်း-ဟူ၍။ ဧဝံ၊ ဤသို့။ သမုဋ္ဌာနတော၊ ဖြစ်ကြောင်း-သမုဋ္ဌာန် အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။

၃၅၂။ နာနတ္တေကတ္တတောတိ၊ နာနတ္တ— ဧကတ္တအားဖြင့် နှလုံးသွင်းပုံကား။ သဗ္ဗာသမ္ပိ ဓာတူနံ၊ အားလုံးသော ဓာတ်လေးပါးတို့၏။ သလက္ခဏာဒိတော၊ မိမိ၏လက္ခဏာ စသည်အားဖြင့်။ နာနတ္တံ၊ အချင်းချင်းထူးခြားကွဲပြားကုန်၏။ ဟိ၊ မှန်ပေ၏။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏။လက္ခဏ-ရသပစ္စုပဋ္ဌာနာနိ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တို့သည်။ အညာနေဝ၊ တခြားတပါးတို့သာတည်း။ အာပေါဓာတုအာဒီနံ၊ အာပေါဓာတ် စသည်တို့၏။ (လက္ခဏရသပစ္စုပဋ္ဌာနာနိ၊လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်တို့သည်။-လိုက်။) အညာ-နိ၊ တခြားတပါးတို့သာတည်း။ ဧဝံ၊ ဤသို့။ လက္ခဏာဒိ ဝသေန စ၊ လက္ခဏာ စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း။ကမ္မသမုဋ္ဌာနာဒိ ဝသေန စ၊ ကမ္မသမုဋ္ဌာန်-စသည်တို့၏ အစွမ်းအားဖြင့် လည်းကောင်း။ နာနတ္တဘူတာနမ္ပိ

အချင်းချင်းမတူပဲ ထူးခြားကွဲပြားကုန်သော်လည်း။ တေသံ၊ ထိုလေးပါး သော ဓာတ်တို့၏။ ဝါ၊ တို့သည်။ ရူပမဟာဘူတဓာတုမမ္မ အနိစ္စာဒိဝသေန၊ ရုပ်အဖြစ်, မဟာဘုတ်အဖြစ်, ဓာတ်အဖြစ်, ဓမ္မအဖြစ်, အနိစ္စအဖြစ်-စသည် တို့၏ အစွမ်းအားဖြင့်။ ကေတ္တံ ဟောတိ၊ တူ၏။ ဟိ၊ ချဲ့ရှဲပြဦးအံ့။သဗ္ဗာပိ ဓာတုယော၊ ဓာတ်လေးပါးအားလုံးတို့ပင်။ ရုပ္ပနလက္ခဏံ၊ ရုပ္ပနလက္ခဏာကို။ အနတိတတ္တာ၊ မလွန်ကြသောကြောင့်။ ရူပါနိ၊ ရူပ ရုပ် မည်ကုန်၏။မဟန္တ- ပါတုဘာဝါဒီဟိ ကာရဏေဟိ၊ မဟန္တ, ပါတုဘာဝ-အစရှိသောအကြောင်း တို့ကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ် မည်ကုန်၏။

မဟန္တပါတုဘာဝါဒီဟီတိ၊ မဟန္တ, ပါတုဘာဝ-အစရှိသည် တို့ကြောင့် ဟူရာ၌။ ဟိ၊ ချဲ့ရှဲပြရလျှင်။ မဟန္တပါတုဘာဝတော၊ ကြီးကျယ်၍ ထင် ရှားဖြစ်ခြင်းကြောင့်လည်းကောင်း။ မဟာဘူတသာမညတော စ၊ မဟာဘုတ် နှင့် တူသောကြောင့် လည်းကောင်း။ မဟာပရိဟာရတော စ၊ များပြား ကြီးကျယ်သော အကြောင်းတို့ဖြင့် ဆောင်အပ်သောကြောင့် လည်းကောင်း။ မဟာဝိကာရတော စ၊ အကြီးအကျယ် ဖောက်ပြန်ခြင်းကြောင့်လည်းကောင်း။ မဟတ္တာ စ၊ ကြီးကျယ်သောကြောင့်လည်းကောင်း။ ဘူတတ္တာ စ၊ ထင်ရှား သောကြောင့်လည်းကောင်း။ ဣတိ ဣမေဟိ ကာရဏေဟိ၊ ဤအကြောင်း ထို့ကြောင့်။ တော ဓာတုယော၊ ထိုဓာတ်လေးပါးတို့ကို။ မဟာဘူတာနီတိ၊ မဟာဘုတ်တို့-ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

တတ္ထ၊ ထိုဓာတ်လေးပါးတို့တွင်။ မဟန္တပါတုဘာဝတောတိ၊ ကြီးကျယ် ၍ ထင်ရှားဖြစ်ခြင်းကြောင့်-ဟူရာ၌။ ဟိ၊ ချဲ့ရှဲပြဦးအံ့။ တောနိ၊ ဤဓာတ် ကြီးလေးပါးတို့သည်။အနုပါဒိန္နသန္တာနေပိ၊သက်မဲ့ အနုပါဒိန္နသန္တာန်၌လည်း ကောင်း။ ဥပါဒိန္နသန္တာနေပိ၊ သက်ရှိ ဥပါဒိန္နသန္တာန်၌လည်းကောင်း။ မဟန္တာနိ ပါတုဘူတာနိ၊ ကြီးကျယ်၍ ထင်ရှားကုန်၏။ တေသံ၊ ထိုဓာတ် ကြီးလေးပါးတို့၏။အနုပါဒိန္နသန္တာနေ၊ အနုပါဒိန္န သန္တာန်၌။ (မဟာပါတု- ဘာဝံ၊ ကြီးကျယ်၍ထင်ရှားပုံကို။)-

အယံ ဝသုန္ဓရာ၊ ဤ မဟာပထဝီမြေကြီးကို။ ဗဟလတ္တေန၊ အထုအားဖြင့်။ ဒွေ သတသဟဿာနိ စ၊ ယူဇနာ နှစ်သိန်းတို့ လည်းကောင်း။စတ္တာရိ နဟုတာနိ စ၊ လေးသောင်းတို့လည်းကောင်း။ တွေကာ၊ ဤမျှအတိုင်း အရှည်ရှိသည်-ဟူ၍။ သင်္ခါတာ၊ ဆိုအပ်၏။

ဣတိ အာဒိနာ နယေန၊ ဤသို့စသောနည်းဖြင့်။ မဟန္တပါတုဘာဝတော၊ ကြီးကျယ် ထင်ရှားသည်၏အဖြစ်ကို။ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ၊ ဗုဒ္ဓါနုဿတိ နိဒ္ဒေသ၌။ ဝုတ္တာဝ၊ ဆိုအပ်ပြီးသည်သာတည်း။

(၃၆၃) ဥပါဒိန္နသန္တာနေပိ၊ ဥပါဒိန္နသန္တာန်၌လည်း။ မစ္ဆကစ္ဆပဒေဝ-ဒါနဝါဒိသရီရဝသေန၊ငါး,လိပ်,နတ်,ဒါနဝေဘီလူး စသည်တို့၏ကိုယ်အစွမ်းအားဖြင့်။ မဟန္တာနေဝ၊ ကြီးကျယ်ကြသည်သာ ဖြစ်၍။ ပါတုဘူတာနိ၊ ထင်ရှားဖြစ်ကြပေကုန်၏။ ဟိ၊ မှန်ပေ၏။ "ဘိက္ခဝေ၊ ရဟန်းတို့။ မဟာ-သမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ယောဇနသတိကာပိ အတ္တဘာဝါ၊ ယူဇနာတစ်ရာရှိသော အတ္တဘောရှိ သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။" ဣတိအာဒိ၊ ဤသို့အစရှိသော။ တေ၊ ထိုစကားကို။ ဝုတ္တံ၊ တော်မူအပ်ပေ၏။ (၁)

ဟိ၊ ချဲ့ဦးအံ့။ မဟာဘူတသာမညတောတိ၊ မဟာဘူတ-မည်သူနှင့် တူသောကြောင့် ဟူရာ၌။ ယထာ၊ ဥပမာအားဖြင့်။ မာယာကာရော၊ မျက်လှည့်ဆရာသည်။ အမဏိံ ယေဝ ဥဒကံ၊ ပတ္တမြားမဟုတ်သည်သာလျှင်ဖြစ်သောရေခဲကို။ မဏိံ ကတွာ၊ ပတ္တမြားပြု၍။ ဒဿေတိ ယထာ၊ ပြသကဲ့သို့လည်းကောင်း။ အသုဝဏ္ဏံယေဝ လေဍ္ဍုံ၊ ရွှေမဟုတ်သည်သာလျှင်ဖြစ်သော အုတ်ခဲကို။ သုဝဏ္ဏံ ကတွာ၊ ရွှေပြု၍။ ဒဿေတိ ယထာ၊ ပြသကဲ့သို့လည်းကောင်း။

သယံ နေဝ ယက္ခော၊ မိမိကိုယ်တိုင်က ဘီလူးမဟုတ်ပါပဲ။ န ယက္ခီ သမာနော၊ မိမိကိုယ်တိုင်က ငှက်မဟုတ်ပါပဲ။ ယက္ခဘာဝမ္ပိ၊ ဘီလူးအဖြစ်ကိုလည်းကောင်း။ ယက္ခီဘာဝမ္ပိ၊ ငှက်အဖြစ်ကိုလည်းကောင်း။ ဒဿေတိ ယထာ၊ ပြသကဲ့သို့လည်းကောင်း။ (ဤနေရာ၌ယက္ခီဟုဆင့်မှုဥ္ဇရှိနေရာ ယ-နှင့်ပ မှားနေပါ၏။) ဧဝမေဝ၊ ဤအတူပင်။ တောနိ၊ ဤမဟာဘုတ်တို့သည်။ (တောနိ-သည်အစပ်ဝေးနေပါ၏။ သတိပြု-ကြည့်ပါ။) သယံ အနီလာနေဝ ဟုတွာ၊ မိမိတို့ကိုယ်တိုင်က အညိုမဟုတ်ပါပဲ။ နီလံ ဥပါဒါရူပံ ဒဿေန္တိ၊ ညိုသောအဆင်း ဥပါဒါရုပ်ကို ပြကုန်၏။အပီတာနိ ဟုတွာ၊အဝါမဟုတ်ကြပဲ။ အလောဟိတာနိ ဟုတွာ၊ အနီမဟုတ်ကြပဲ။ အနောဒါတာနေဝ ဟုတွာ၊ အဖြူမဟုတ်ကြပဲ။ ဩဒါတံ ဥပါဒါရူပံ ဒဿေန္တီတိ၊ ဝါသောအဆင်း, နီသောအဆင်း, ဖြူသောအဆင်း—ဥပါဒါရုပ်ကို ပြကုန်၏—ဟု။ မာယာကာရ-မဟာဘူတသာမညတော၊ မဟာဘူတမည်သော မျက်လှည့်ဆရာနှင့် တူသောကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။ —

စ၊ တနည်းသော်ကား။ မဟာဘူတာနိ၊မဟာဘုတ်မည်ကုန်သော။ယက္ခာ—
ဒိနိ၊ ဘီလူး-စသည်တို့သည်။ ယံ၊ အကြင်လူကို။ ဂဏှန္တိ၊ ဖမ်းယူကုန်၏။
နေသံ၊ ထိုဘီလူးတို့၏။ ဌာနံ၊ တည်ရာကို။ ဝါ၊ နေရာကို။ တဿ အန္တော၊
ထို အပူးခံရသောလူ၏ အတွင်းအရပ်၌လည်း။ နေဝ ဥပလဗ္ဘတိ၊ မရအပ်။
န ဗဟိ ဥပလဗ္ဘတိ၊ အပြင်ပ၌လည်း မရအပ်။ တံ နိဿာယ၊ ထိုလူကိုမှီ၍။
န တိဋ္ဌန္တိ၊ မတည်ကြကုန်သည်ကား။ န၊ မဟုတ်ကုန်။ တိဋ္ဌန္တိ ယထာ၊ တည်
ကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ တာနိပိ၊ ထို မဟာဘုတ်တို့ကိုလည်း။
အညမညဿ အန္တော၊ အချင်းချင်း၏ အတွင်း၌။ ဗဟိ၊ အပြင်ပ၌။ ဌိတာနိ
ဟုတွာ၊ တည်ကြကုန်သည် ဖြစ်လျက်။ န ဥပလဗ္ဘန္တိ၊ မရအပ်ကုန်။ အညမညံ
နိဿာယ၊ အချင်းချင်းကို မှီ၍။န တိဋ္ဌန္တိ၊မတည်ကြကုန်သည်ကား။ န၊မဟုတ်
ကုန်။ တိဋ္ဌန္တိ ဧဝ၊ တည်ကြကုန်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။
အစိန္တေယျဋ္ဌာနတာယ၊ မကြံဆအပ်-မကြံဆနိုင်ကောင်းသော တည်ရာရှိသည်
၏အဖြစ်ဖြင့်။ ယက္ခာဒိမဟာဘူတသာမညတောပိ၊ မဟာဘူတ-မည်သော
ဘီလူးစသည်တို့နှင့် တူသောကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။
စ၊ ထို့အပြင်လည်း။ ယက္ခိနိသင်္ခါတာနိ၊ ဘီလူးမ ဟု ဆိုအပ်ကုန်သော။
မဟာဘူတာနိ၊မဟာဘုတ်တို့သည်။ မနာပေဟိ၊ နှစ်သက် မြတ်နိုးဖွယ်ကောင်း
ကုန်သော။ ဝဏ္ဏသဏ္ဌာနဝိက္ခေပေဟိ၊ အဆင်း, သဏ္ဌာန်, အမူအရာတို့ဖြင့်။
အတ္တနော ဘယာနကဘာဝံ၊ မိမိ၏ ကြောက်မက်ဖွယ်အဖြစ်ကို။ပဋိစ္ဆာဒေတွာ၊
ဖုံးကွယ်၍။ သတ္တေ၊ သတ္တဝါတို့ကို။ ဝဉ္စေန္တိ ယထာ၊ လှည့်စားကုန်သကဲ့
သို့။ ဧဝမေဝ၊ ဤအတူပင်။ တာနိပိ၊ ဤ မဟာဘုတ်တို့သည်လည်း။ဣတ္ထိ-
ပုရိသသရီရာဒိသု၊ မိန်းမ၏ကိုယ်, ယောကျ်ား၏ကိုယ်—စသည်တို့၌။ မနာပေန
ဆဝိဝဏ္ဏေန၊ နှစ်သက်—မြတ်နိုးဖွယ်ကောင်းသော အရေအဆင်းဖြင့်လည်း
ကောင်း။ အတ္တနော မနာပေန၊ မိမိ၏ နှစ်သက်မြတ်နိုးဖွယ်ကောင်းသော။
အင်္ဂပစ္စင်္ဂသဏ္ဌာနေန၊ အင်္ဂါကြီးငယ် သဏ္ဌာန်ဖြင့်လည်းကောင်း။ အတ္တနော၊
မိမိ၏။ မနာပေန၊မြတ်နိုးဖွယ်ကောင်းသော။ ဟတ္ထပါဒင်္ဂုလိဘမုကာဝိက္ခေပေန၊
လက်, ခြေ, လက်ချောင်း, မျက်ခုံးတို့ကို လွှဲပစ်ခြင်းဟူသော နှစ်သက်ဖွယ်အမူ
အရာဖြင့်လည်းကောင်း။ အတ္တနော၊ မိမိ၏။ကက္ခဠတ္တာဒိဘေဒံ၊ ကြမ်းကြုတ်
ခြင်း-စသည် အပြားရှိသော။ သရသလက္ခဏံ ပဋိစ္ဆာဒေတ္ဝာ၊ မိမိပင်ကို
သဘောကို ဖုံးကွယ်၍။ ဗာလဇနံ ဝဉ္စေန္တိ၊ မသိ-မလိမ္မာသော လူအပေါင်းကို
လှည့်စားကုန်၏။ အတ္တနော သဘာဝံ၊ မိမိသဘောမှန်ကို။ ဒဋ္ဌုံ န ဒေန္တိ၊
သိခွင့်မပေးကုန်။ဣတိ ဝဉ္စကတ္တေန၊ ဤသို့ လှည့်စားတတ်သည်၏ အဖြစ်ဖြင့်။

ယက္ခိနီမဟာဘူတသာမညတောပိ၊ ဘီလူးမ-ဟူသော မဟာဘုတ်တို့နှင့် တူသောကြောင့်လည်း။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။ (၂)

မဟာပရိဟာရတောတိ၊ မဟာပရိဟာရတော-ဟူသည်ကား။ မဟန္တေဟိ ပစ္စယေဟိ၊ များပြား-ကြီးကျယ်သော အကြောင်းတို့ဖြင့်။ ပရိဟရိတဗ္ဗတော၊ ဆောင်အပ်သောကြောင့်။ (ဣတိ၊ ဝုတ္တံ၊ ဟောတိ။) ဟိ၊ ချဲ့ဦးအံ့။ တောနိ၊ ဤမဟာဘုတ်တို့သည်။ ဒိဝသေ ဒိဝသေ၊ နေ့စဉ် နေ့တိုင်း။ ဥပနေတဗ္ဗတ္တာ၊ ဆောင်ထည့်ပေးအပ်သောကြောင့်။ မဟန္တေဟိ ဃာသစ္ဆာဒနာဒီဟိ၊ များပြား—ကြီးကျယ်ကုန်သော အစာ, အဝတ်-စသည်တို့ဖြင့်။ ဘူတာနိ ပဝတ္တာနိ၊ ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။ ဝါ၊ တနည်းကား။ မဟာပရိဟာရာနိ၊ များစွာသော ပစ္စည်းတို့ဖြင့် ဆောင်အပ်ကုန်သည်ဖြစ်၍။ ဘူတာနိ၊ ဖြစ်ကုန်၏။ ဣတိပိ၊ ထို့ကြောင့်လည်း။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။ (၃)

မဟာဝိကာရတောတိ၊ အကြီးအကျယ် ဖောက်ပြန်ခြင်းရှိသောကြောင့် ဟူရာ၌။ ဟိ၊ ချဲ့ဦးအံ့။ အနုပါဒိန္နာနိပိ၊ သက်မဲ့လည်းဖြစ်ကုန်သော။ ဥပါဒိန္နာနိပိ၊ သက်ရှိလည်း ဖြစ်ကုန်သော။ တောနိ၊ ဤမဟာဘုတ်တို့သည်။ ဝါ၊ ဤမဟာဘုတ်တို့မှာ။ မဟာဝိကာရာနိ ဟောန္တိ၊ အကြီးအကျယ် ဖောက်ပြန်ခြင်းရှိကုန်၏။တတ္ထ၊ထို အနုပါဒိန္န,ဥပါဒိန္န-နှစ်မျိုးတို့တွင်။ အနုပါဒိန္နာနံ၊ သက်မဲ့ မဟာဘုတ်တို့၏။ ဝိကာရမဟတ္တံ၊အကြီးအကျယ် ဖောက်ပြန်ခြင်းသည်။ ကပ္ပဝုဋ္ဌာနေ၊ ကမ္ဘာပျက်သောအခါ၌။ ပါကဋံ ဟောတိ၊ ထင်ရှား၏။ ဥပါ—ဒိန္နာနံ၊ သက်ရှိ မဟာဘုတ်တို့၏။ ဝိကာရမဟတ္တံ၊ အကြီးအကျယ် ဖောက်ပြန်ခြင်းသည်။ (-လိုက်။) ဓာတုက္ခောဘကာလေ၊ ဓာတ်ချောက်ချားသော ကာလ၌။ ပါကဋံ ဟောတိ၊ ထင်ရှား၏။ တထာ-တံ ဝစနံ၊ ထိုစကားသည်။ ဟိ—သစ္စံ၊ မှန်၏။-

(၃၆၄) လောကော၊ လောကကို။ တေဇသာ၊ ကမ္ဘာမီးဖြင့်။ ဍယှမာနမှိ၊ လောင်သည်ရှိသော်။ ဝါ၊ လောင်သောအခါ။ အစ္စိမတော အစ္စိမန္တသာ၊ မီးတောက်၏။ အစ္စိ၊ မီးလျှံသည်။ ဘူမိတော၊ မြေမှ။ ဝုဋ္ဌိတာ၊ ထ၍။ ယာဝ ဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်တိုင်အောင်။ ဝိဓာဝတိ၊ ပြေးသွားလေ၏။ ဝါ၊ တက်သွားလေ၏။

လောကော၊ ဩကာသလောကသည်။ ယဒါ၊ အကြင်အခါ၌။ ကုပိတေန သလိလေန၊ ဖောက်ပြန်သောရေဖြင့်။ ဝိနဿတိ၊ ပျက်စီး

၏။ (တဒါ၊ ထိုအခါ၌။—ထည့်။) ကောဋ္ဌိသတသဟဿံ၊ ကုဋေ တသိန်း အရေအတွက်ရှိသော။ ဧကံ စက္ကဝါဠံ၊ တစ်ခုသော အာဏာ ခေတ် စကြဝဠာသည်။ ဝိလီယတိ၊ ကြေမွ ပျက်စီးလေ၏။

ယဒါ၊ အကြင်အခါ၌။ လောကော၊ သြကာသလောကသည်။ ဝါယောဓာတုပ္ပကောပေန၊ လေ၏ဖောက်ပြန်ခြင်းကြောင့်။ ဝိနဿတိ၊ ပျက်စီး၏။ (တဒါ၊ ထိုအခါ၌။—ထည့်။)ကောဋ္ဌိသတသဟဿံ၊ ကုဋေ တသိန်း အရေအတွက်ရှိသော။ ဧကံ၊ တစ်ခုသော။ စက္ကဝါဠံ၊ အာဏာခေတ် စကြဝဠာသည်။ ဝိကိရတိ၊ ဖရိုဖရဲ ပြန့်ကြဲလေ၏။

ကဋ္ဌမုခေန၊ သစ်သားလိုဖြစ်စေတတ်သော ခံတွင်းရှိသော ကဋ္ဌမုခ မြွေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ဝါ၊ အကိုက်ခံရသော။ ကာယော၊ ကိုယ်သည်။ ပတ္ထဒ္ဓေါ၊ ခက်မာ ကြမ်းတမ်းလျက် တောင့်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ပထဝီဓာတုပ္ပကောပေန၊ ပထဝီ ဓာတ် ပျက်ခြင်းကြောင့်။ ကာယော၊ ကိုယ်သည်။ ပတ္ထဒ္ဓေါ၊ ခက်မာ ကြမ်းတမ်းလျက် တောင့်သည်။ ဘဝတိ၊ ဖြစ်၏။ သော၊ ပထဝီဓာတ် ပျက်သော ထိုကိုယ်သည်။ ကဋ္ဌမုခေ၊ ကဋ္ဌမုခ-မြွေခံတွင်းသို့ ကျ သကဲ့သို့။ ဝါ၊ ကဋ္ဌမုခ-မြွေ အကိုက်ခံရသကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ပူတိမုခေန၊ ပုပ်စေတတ်သည့်ခံတွင်းရှိသော ပူတိမုခ—မြွေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ဝါ၊ အကိုက်ခံရသော။ ကာယော၊ ကိုယ် သည်။ ပူတိကော၊ ပုပ်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤ အတူ။ အာပေါဓာတုပ္ပကောပေန၊ အာပေါဓာတ် ပျက်ခြင်းကြောင့်။ ကာယော၊ ကိုယ်သည်။ ပူတိကော၊ ပုပ်သည်။ ဘဝတိ၊ ဖြစ်၏။ သော၊ အာပေါဓာတ်ပျက်သော ထိုကိုယ်သည်။ ပူတိမုခေ၊ ပူတိမုခ-မြွေ ခံတွင်းသို့ ကျသကဲ့သို့။ ဝါ၊ ပူတိမုခ-မြွေ အကိုက်ခံရသကဲ့သို့။ ဟောတိ၊ ဖြစ်၏။

အဂ္ဂိမုခေန၊ မီးလိုပူစေတတ်သော ခံတွင်းရှိသော အဂ္ဂိမုခ—မြွေ သည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ဝါ၊ အကိုက်ခံရသော။ ကာယော၊ ကိုယ်သည်။ သန္တတ္တော၊ ပြင်းစွာပူလောင်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တေဇောဓာတုပ္ပကောပေန၊ တေဇောဓာတ် ပျက်ခြင်းကြောင့်။ (ကာယော၊ ကိုယ်သည်။—လိုက်။) သန္တတ္တော၊ ပြင်းစွာပူလောင်သည်။ ဘဝတိ၊ ဖြစ်၏။ သော၊ တေဇောဓာတ်ပျက်

သော ထိုကိုယ်သည်။ အင်္ဂမုခေဝ၊ အင်္ဂမုခ-မြွေခံတွင်းသို့ ကျသကဲ့သို့။ ဝါ၊ အင်္ဂမုခ-မြွေ အကိုက်ခံရသကဲ့သို့။ ဟောတိ၊ ဖြစ်၏။

သတ္ထမုခေန၊ ဓားလိုဖြတ်တတ်သော ခံတွင်းရှိသော သတ္ထမုခ-မြွေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော။ ဝါ၊ အကိုက်ခံရသော။ ကာယော၊ ကိုယ်သည်။ သဉ္ဆိန္နော၊ အကြောပြတ်သည့်အလိုအားဖြင့် အပိုင်းအပိုင်း ပြတ်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဝါယော-ဓာတုပ္ပကောပေန၊ ဝါယောဓာတ် ပျက်ခြင်းကြောင့်။ ကာယော၊ ကိုယ်သည်။ သဉ္ဆိန္နော၊ အပိုင်းအပိုင်းပြတ်သည်။ ဘဝတိ၊ ဖြစ်၏။ သော၊ ဝါယောဓာတ်ပျက်သော ထိုကိုယ်သည်။ သတ္ထမုခေဝ၊ သတ္ထမုခ-မြွေခံတွင်းသို့ ကျသကဲ့သို့။ ဝါ၊ သတ္ထမုခ- မြွေ အကိုက်ခံရသကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ဣတိ၊ ဤဆိုခဲ့သည့်အတိုင်း။ မဟာဝိကာရာနိ၊ အကြီးအကျယ်ဖောက်ပြန်ခြင်းရှိကုန်သော။ ဘူတာနိ၊ ဘူတရုပ်တို့တည်း။ ဣတိ၊ ထို့ကြောင့်။ မဟာ-ဘူတာနိ၊ မဟာဘုတ်တို့မည်ကုန်၏။ (၄)

မဟတ္တာ ဘူတတ္တာ စာတိ၊ ကြီးကျယ်၍ ထင်ရှားရှိသော-ဟူရာ၌။ ဧတာ-နိ၊ ဤမဟာဘုတ်တို့သည်။ မဟတာ-မဟန္တေန ဝါယာမေန၊ ကြီးစွာသော လုံ့လဖြင့်။ ပရိဂ္ဂဟေတဗ္ဗတ္တာ၊ သိမ်းဆည်းအပ်, ရှုအပ်သောကြောင့်။ မဟန္တာနိ၊ ကြီးလည်း ကြီးကျယ်ကုန်၏။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသော ကြောင့်။ ဘူတာနိ၊ ဘုတ်လည်းမည်ကုန်၏။ ဣတိ၊ ဤသို့။ မဟတ္တာ စ၊ ကြီးကျယ်သောကြောင့်လည်းကောင်း။ ဘူတတ္တာ စ၊ ထင်ရှားရှိသောကြောင့် လည်းကောင်း။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။ (၅)

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သဗ္ဗာပိ ဧတာ ဓာတုယော၊ အလုံးစုံသော ဤ ဓာတ်လေးပါးတို့သည်။ မဟန္တပါတုဘာဝါဒီဟိ ကာရဏေဟိ၊ ကြီးကျယ်၍ ထင်ရှားဖြစ်ခြင်း-အစရှိသော အကြောင်းတို့ကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်တို့မည်ကုန်၏။

ပန၊ ထိုမှ တပါးကား။ သလက္ခဏဓာရဏတော စ၊ မိမိ၏သဘော လက္ခဏာကို ဆောင်တတ်ခြင်းကြောင့် လည်းကောင်း။ ဒုက္ခာဒါနတော စ၊ သံသရာဆင်းရဲကို စီရင်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုက္ခာ-ဓာနတော စ၊ ဆင်းရဲကို သိုမှီးထားရာဖြစ်သောကြောင့် လည်းကောင်း။ သဗ္ဗာပိ၊ အလုံးစုံသော ဓာတ်လေးပါးတို့သည်ပင်။ ဓာတုလက္ခဏံ အနတိ-

တတ္တာ၊ ဓာတ်၏လက္ခဏာကို မလွန်ကြသောကြောင့်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။ သလက္ခဏဓာရဏေန စ၊ မိမိ၏သဘောလက္ခဏာကို ဆောင်ခြင်းကြောင့် လည်းကောင်း။ အတ္တနော ခဏာနုရူပဓာရဏေန စ၊ မိမိ၏ခဏအားလျော်စွာ တည်ခြင်းကြောင့်လည်းကောင်း။ ဓမ္မာ၊ ဓမ္မ-မည်ကုန်၏။ ခယဋ္ဌေန၊ ကုန်ခြင်း သဘောကြောင့်။ အနိစ္စာ၊ အနိစ္စ-မည်ကုန်၏။ ဘယဋ္ဌေန၊ ကြောက်ဖွယ်အနက်သဘောကြောင့်။ ဒုက္ခာ၊ ဒုက္ခ-မည်ကုန်၏။ အသာရကဋ္ဌေန၊ အတ္တကောင်ဟူသော အနှစ်မရှိသည့် သဘောကြောင့်။ အနတ္တာ၊ အနတ္တ-မည်ကုန်၏။

ဣတိ၊ ဤဆိုခဲ့သည့်အတိုင်း။ ရူပမဟာဘူတဓာတုဓမ္မအနိစ္စာဒိဝသေန၊ ရုပ်အဖြစ်, မဟာဘုတ်အဖြစ်, ဓာတ်အဖြစ်, ဓမ္မ-အဖြစ်, အနိစ္စအဖြစ်စသည်တို့၏အစွမ်းအားဖြင့်။ သဗ္ဗာသမ္ပိ၊ အလုံးစုံသော ဓာတ်လေးပါးတို့၏လည်း။ ဧကတ္တံ၊ တူသည့်အဖြစ်ကို။(ဝေဒိတဗ္ဗံ၊ သိအပ်၏။-ထည့်။) ဣတိ ဧဝံ၊ ဤသို့။ နာနတ္တေကတ္တတော၊ နာနတ္တ,ဧကတ္တ-အားဖြင့်။မနသိကာတဗ္ဗာ၊နှလုံးသွင်းအပ်၏။ (၆)

(၃၆၅) ၃၅၃။ ဝိနိဗ္ဘောဂါဝိနိဗ္ဘောဂတောတိ၊ အသီးအသီး ခွဲခြားအပ်ခြင်း, မခွဲခြားအပ်ခြင်းအားဖြင့် နှလုံးသွင်းပုံကား။ သဟုပ္ပန္နာဝ၊ တပြိုင်နက်တပေါင်းတည်း ဖြစ်ပေါ်ကြသည်သာလျှင် ဖြစ်ကုန်သော။ ဧတာ၊ ဤ ဓာတ်လေးပါးတို့ကို။သဗ္ဗပရိယန္တိမေ၊ အလုံးစုံတို့၏ အောက်ဆုံး-အသေးအငယ်ဆုံးဖြစ်သော။ဧကေကသ္မိံ၊ တစ်ခုတစ်ခုသော။သုဒ္ဓဋ္ဌကာဒိကလာပေပိ၊ သုဒ္ဓဋ္ဌက-စသော ကလာပ်၌သော်လည်း။ ပဒေသေန၊ တည်ရာအားဖြင့်။ အဝိနိဗ္ဘုတ္တာ၊ အသီးအသီး မခွဲခြားနိုင်ကုန်။ လက္ခဏေန ပန၊ သဘောလက္ခဏာအားဖြင့် မူကား။ ဝိနိဗ္ဘုတ္တာတိ၊ အသီးအသီး ခွဲခြားအပ်ကုန်၏-ဟူ၍။ ဧဝံ၊ ဤသို့။ ဝိနိဗ္ဘောဂါဝိနိဗ္ဘောဂတော၊ အသီးအသီး ခွဲခြားအပ်ခြင်း, မခွဲခြားအပ်ခြင်းအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ (၇)

၃၅၄။ သဘာဂဝိသဘာဂတောတိ၊ သဘောတူခြင်း, မတူခြင်းအားဖြင့် နှလုံးသွင်းပုံ-ဟူရာ၌။ ဧဝံ၊ ယခုပြဆိုခဲ့သည့်အတိုင်း။ အဝိနိဗ္ဘုတ္တာသု စာပိ၊ အသီးအသီး မခွဲခြားအပ်ကုန်သော်လည်း။ ဧတာသု၊ ဤဓာတ်လေးပါးတို့တွင်။ ပုရိမာ ဒွေ၊ ပထဝီနှင့် အာပေါဟူသော ရှေးဓာတ်နှစ်ပါးတို့သည်။ ဂရုကတ္တာ၊ လေးခြင်းကြောင့်။ သဘာဂါ၊ တူသောအဖို့ရှိကုန်၏။ ဝါ၊ သဘောတူကုန်၏။ တထာ၊ ထို့အတူ။ ပစ္ဆိမာ၊ တေဇောနှင့် ဝါ

ယောဟူသော နောက်ခြေတိုတ်နှစ်ပါးတို့သည်။ လဟုကတ္တာ၊ ပေါ့ခြင်းကြောင့်။ သဘာဂါ၊ တူသောအဖို့ရှိကုန်၏။ ဝါ၊ သဘောတူကုန်၏။ ပုရိမာ ပန၊ ရှေးခြေတိုတ်နှစ်ပါးတို့သည်ကား။ ပစ္ဆိမာဟိ၊ နောက်ခြေတိုတ်နှစ်ပါးတို့နှင့်။ ပစ္ဆိမာ စ၊ နောက်ခြေတိုတ်နှစ်ပါးတို့သည်လည်း။ ပုရိမာဟိ၊ ရှေ့ခြေတိုတ်နှစ်ပါးတို့နှင့်။ ဝိသဘာဂါတိ၊ သဘောမတူကြကုန်-ဟူ၍။ ဇဝံ၊ ဤသို့။ သဘာဂ-ဝိသဘာဂတော၊ သဘောတူခြင်း, မတူခြင်းအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ (၈)

၃၅၅။ အဇ္ဈတ္တိကဗာဟိရဝိသေသတောတိ၊ အတွင်းအပြင် ဓာတ်တို့၏ အထူးအားဖြင့် နှလုံးသွင်းပုံကား။ အဇ္ဈတ္တိကာ ဓာတုယော၊ ကိုယ်တွင်းဓာတ်တို့သည်။ ဝိညာဏဝတ္ထု၊ ဝိညတ္တိ ဣန္ဒြိယာနံ၊ စိတ်-ဝိညာဉ်၏တည်ရာ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဟဒယဝတ္ထုရုပ်တို့၏လည်းကောင်း၊ ဝိညတ်ရုပ်တို့၏လည်းကောင်း၊ ဣတ္ထိ, ပုရိသ, ဇီဝိတ—ဟူသော ဣန္ဒြိယရုပ်တို့၏လည်းကောင်း။ နိဿယာ ဟောန္တိ၊ မှီရာဖြစ်ကုန်၏။ သဣရိယာပထာ ဟောန္တိ၊ ဣရိယာပုထ်လေးပါးနှင့် တကွဖြစ်ကုန်၏။ စတုသမုဋ္ဌာနာ ဟောန္တိ၊ ကံ, စိတ်, ဥတု, အာဟာရ—ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ကုန်၏။ ဗာဟိရာ၊ အပြင်ပ-ဗာဟိရဓာတ်တို့သည်။ ဝုတ္တဝိပရီတပ္ပကာရာ၊ ဆိုအပ်ပြီးသည်မှ ဆန့်ကျင်သောအပြားရှိကုန်၏။ဣတိ ဇဝံ၊ ဤသို့။အဇ္ဈတ္တိကဗာဟိရဝိသေသတော၊ အတွင်း—အပြင် ဓာတ်တို့၏အထူးအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ (၉)

၃၅၆။ သင်္ဂဟတောတိ၊ သိမ်းယူခြင်း, ပေါင်းခြင်းအားဖြင့် နှလုံးသွင်းပုံကား။ ကမ္မသမုဋ္ဌာနာ၊ ကံကြောင့်ဖြစ်သော။ ပထဝီဓာတု၊ ပထဝီဓာတ်ကို။ ကမ္မသမုဋ္ဌာနာဟိ၊ ကံကြောင့်ဖြစ်ကုန်သော။ ဣတရာဟိ၊ အခြားဓာတ်တို့နှင့်။ သမုဋ္ဌာနနာနတ္တာဘာဝတော၊ ဖြစ်ကြောင်းအားဖြင့် မကွဲပြားခြင်းကြောင့်။ ဧကသင်္ဂဟာ ဟောတိ၊ တစ်မျိုးတည်း သိမ်းယူအပ်, ပေါင်းယူအပ်၏။ စိတ္တာဒိသမုဋ္ဌာနာ၊ စိတ်-စသည်တို့ကြောင့်ဖြစ်သော ပထဝီဓာတ်ကို။ စိတ္တာဒိသမုဋ္ဌာနာဟိ၊ စိတ်စသည်တို့ကြောင့်ဖြစ်ကုန်သော အခြားဓာတ်တို့နှင့်။ တထာ၊ထို့အတူ တမျိုးတည်းပေါင်းယူအပ်ကုန်၏။ ဣတိ ဇဝံ၊ ဤသို့။ သင်္ဂဟတော၊ သိမ်းယူခြင်း, ပေါင်းခြင်းအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ (၁၀)

၃၅၇။ ပစ္စယတောတိ၊ ကျေးဇူးပြုခြင်း, ထောက်ပံ့ခြင်းအားဖြင့် နှလုံးသွင်းပုံကား။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အာပေါသင်္ဂဟိတာ ဟုတွာ၊

အပေါ်ခါတ်က ပေါင်းစုပေးခြင်းဖြစ်၍လည်းကောင်း။ တေဇောအနုပါလိ-တာ ဟုတ္ဝာ၊ တေဇောဓာတ်က စောင့်ရှောက်သည်ဖြစ်၍ လည်းကောင်း။ ဝါယောဝိတ္ထမ္ဘိတာ ဟုတွာ၊ ဝါယောဓာတ်က ထောက်ပံ့သည်ဖြစ်၍လည်းကောင်း။ တိဏ္ဏံ မဟာဘူတာနံ၊ သုံးပါးကုန်သော မဟာဘုတ်တို့အား။ ပတိဋ္ဌာ ဟုတွာ၊ တည်ကြကုန်သည်ဖြစ်လျက်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ အာပေါဓာတု၊ အာပေါဓာတ်သည်။ ပထဝီပတိဋ္ဌိတာ ဟုတွာ၊ ပထဝီဓာတ်၌တည်၍။ တေဇောအနုပါလိတာ ဟုတွာ။ တေဇောဓာတ်က စောင့်ရှောက်သည် ဖြစ်၍လည်းကောင်း။ ဝါယောဝိတ္ထမ္ဘိတာ ဟုတွာ၊ ဝါယောဓာတ်က ထောက်ပံ့သည်ဖြစ်၍လည်းကောင်း။ တိဏ္ဏံ မဟာဘူတာနံ၊ သုံးပါးကုန်သော မဟာဘုတ်တို့အား။ အာဗန္ဓနံ ဟုတွာ၊ ဖွဲ့စည်းသည်ဖြစ်၍။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ပထဝီပတိဋ္ဌိတာ ဟုတွာ၊ ပထဝီဓာတ်၌တည်၍။ အာပေါသင်္ဂဟိတာ ဟုတွာ၊ အာပေါဓာတ်က ပေါင်းစုပေးခြင်းဖြစ်၍လည်းကောင်း။ ဝါယောဝိတ္ထမ္ဘိတာ ဟုတွာ၊ ဝါယောဓာတ်က ထောက်ပံ့သည်ဖြစ်၍လည်းကောင်း။ တိဏ္ဏံ မဟာ-ဘူတာနံ၊ သုံးပါးသော မဟာဘုတ်တို့အား။ ပရိပါစနံ ဟုတွာ၊ ကြေကျက်သည်ဖြစ်၍။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ပထဝီပတိဋ္ဌိတာ ဟုတွာ၊ ပထဝီဓာတ်၌တည်၍။ အာပေါသင်္ဂဟိ-တာ ဟုတွာ၊ အာပေါဓာတ်က ပေါင်းစုပေးခြင်းဖြစ်၍ လည်းကောင်း။ တေဇောပရိပါစိတာ ဟုတွာ၊ တေဇောဓာတ်ကကြေကျက်စေသည်ဖြစ်၍။ တိဏ္ဏံ မဟာဘူတာနံ၊ သုံးပါးကုန်သော မဟာဘုတ်တို့အား။ ဝိတ္ထမ္ဘနံ ဟုတွာ၊ ထောက်ကန်လျက်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုပေ၏။ ဧတ္ထ ဝေ၊ ဤသို့။ ပစ္စယတော၊ ကျေးဇူးပြုခြင်း, ထောက်ပံ့ခြင်းအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ (၁၁)

၃၅၈။ အသမန္နာဟာရတောတိ၊ ဆင်ခြင်မှု, သိမှုကင်းသောအားဖြင့် နှလုံးသွင်းပုံ—ဟူသည်ကား။ ဧတ္ထ၊ ဤဓာတ်လေးပါးတို့တွင်။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ "အဟံ ပထဝီဓာတူ" တိ ဝါ၊ ငါ-ပထဝီဓာတ်ဟူ၍လည်းကောင်း။ တိဏ္ဏံ မဟာဘူတာနံ၊ သုံးပါးကုန်သော မဟာဘုတ်တို့အား။ (အဟံ) ပတိဋ္ဌာ ဟုတွာ၊ ငါက တည်ရာဖြစ်လျက်။ ပစ္စယော ဟောမိ" တိ ဝါ၊ ကျေးဇူးပြုသည်-ဟူ၍လည်းကောင်း။ န ဇာနာတိ၊ မသိချေ။ ဣတရာနိ တီဏိ၊အခြားဓာတ်သုံးပါးတို့သည်လည်း။ "အမှာကံ၊ ငါတို့အား။ ပထဝီဓာတု ပတိဋ္ဌာ ဟုတွာ၊ ပထဝီဓာတ်က တည်ရာဖြစ်၍။ ပစ္စယော ဟောတိ" တိ၊

ကျေးဇူးပြုတတ်၏–ဟု။ န ဇာနန္တိ၊ မသိကုန်။ သဗ္ဗတ္ထ၊ အလုံးစုံသော ကြွင်းသောဓာတ်သုံးပါးတို့၌။ သေ နယောတိ၊ ဤနည်းပင်တည်း–ဟူ၍။ ဝေ၊ ဤသို့။ အသမန္နာဟာရတော၊ ဆင်ခြင်မှု, သိမှုကင်းသောအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ (၁၂)

(၃၆၆) ၃၅၉။ ပစ္စယဝိဘာဂတောတိ၊ ကျေးဇူးပြုသောတရားအထူးကို ဝေဖန်ခြင်းအားဖြင့် နှလုံးသွင်းပုံကား။ ဟိ၊ ချဲ့ဦးအံ့။ ဓာတူနံ၊ ဓာတ်တို့၏။ ပစ္စယာ၊ ကျေးဇူးပြုတတ်သော အကြောင်းတို့သည်။ ကမ္မံ၊ ကံလည်းကောင်း။ စိတ္တံ၊ စိတ်လည်းကောင်း။ အာဟာရော၊ အာဟာရလည်းကောင်း။ ဥတု၊ ဥတုလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ပစ္စယာ၊ အကြောင်းတို့တည်း။ တတ္ထ၊ ထိုလေးပါးတို့တွင်။ ကမ္မသမုဋ္ဌာနာနံ၊ ကံကြောင့်ဖြစ်သော ဓာတ်တို့အား။ ကမ္မမေဝ၊ ကံသည်သာလျှင်။ ပစ္စယော ဟောတိ၊ အကြောင်းပေတည်း။ စိတ္တာဒယော၊ စိတ်, ဥတု, အဟာရ··တို့သည်။ န၊ အကြောင်းမဟုတ်ကုန်။ စိတ္တာဒိသမုဋ္ဌာနနမ္ပိ၊ စိတ်, ဥတု, အာဟာရ–တို့ကြောင့်ဖြစ်သော ဓာတ်တို့အားလည်း။ စိတ္တာဒယောဝ၊ စိတ်, ဥတု, အာဟာရ–တို့သည်သာလျှင်။ ပစ္စယာ ဟောန္တိ၊ အကြောင်းဖြစ်ကုန်၏။ ဣတရေ၊ အခြား ကံ–စသည်တို့သည်။ န၊ အကြောင်းမဟုတ်ကုန်။ စ၊ ထိုမှတပါး။ ကမ္မံ၊ ကံသည်။ ကမ္မသမုဋ္ဌာနာနံ၊ ကံကြောင့်ဖြစ်သော ဓာတ်တို့၏။ ဇနကပစ္စယော ဟောတိ၊ ဇနက-အကြောင်း ဖြစ်၏။ သေသာနံ၊ ကြွင်းသော ဓာတ်တို့၏။ပရိယာယတော၊ပရိယာယ်အားဖြင့်။ဥပနိဿယပစ္စယော ဟောတိ၊ အားကြီးသော မှီရာအကြောင်းဖြစ်၏။ စိတ္တံ၊ စိတ်သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်သော ဓာတ်တို့၏။ဇနကပစ္စယော ဟောတိ၊ဇနက–အကြောင်း ဖြစ်ပေ၏။ သေသာနံ၊ ကြွင်းသောဓာတ်တို့အား။ ပစ္ဆာဇာတပစ္စယော စ၊ ပစ္ဆာဇာတပစ္စည်းသည်လည်းကောင်း။ အတ္ထိပစ္စယော စ၊ အတ္ထိပစ္စည်းသည်လည်းကောင်း။ အဝိဂတပစ္စယော စ၊ အဝိဂတ ပစ္စည်းသည်လည်းကောင်း။ (ပစ္စယော၊ ကျေးဇူးပြုတတ်၏။) အာဟာရော၊ အာဟာရသည်။ အာဟာရသမုဋ္ဌာနာနံ၊ အဟာရကြောင့်ဖြစ်ကုန်သော ဓာတ်တို့၏။ ဇနကပစ္စယော ဟောတိ၊ ဇနက–အကြောင်း ဖြစ်ပေ၏။ သေသာနံ၊ ကြွင်းသောဓာတ်တို့အား။ အာဟာရပစ္စယော စ၊ အာဟာရ–ပစ္စည်းသည်လည်းကောင်း။ အတ္ထိပစ္စယော စ၊ အတ္ထိ-ပစ္စည်းသည်လည်းကောင်း။ အဝိဂတပစ္စယော စ၊ အဝိဂတ ပစ္စည်းသည်လည်းကောင်း။ (ပစ္စယော၊ ကျေးဇူးပြုပေ၏။) ဥတု၊ ဥတုသည်။ ဥတုသမုဋ္ဌာနာနံ၊ ဥတုကြောင့်ဖြစ်သော ဓာတ်တို့၏။ဇနကပစ္စယော ဟောတိ၊

ဇနက-အကြောင်းဖြစ်၏။ သေသာနံ၊ ကြွင်းသောဓာတ်တို့အား။ အတ္ထိ-ပစ္စယော စ၊ အတ္ထိပစ္စည်းသည်လည်းကောင်း။ အဝိဂတပစ္စယော စ၊ အဝိဂတပစ္စည်းသည်လည်းကောင်း။ (ပစ္စယော၊ ကျေးဇူးပြု၏။) ကမ္မသမုဋ္ဌာနံ မဟာဘူတံ၊ ကံကြောင့်ဖြစ်သော မဟာဘုတ်သည်။ ကမ္မသမုဋ္ဌာနာနံ၊ ကံကြောင့်ဖြစ်ကုန်သော။ မဟာဘူတာနမ္ပိ၊ မဟာဘုတ်တို့အားလည်းကောင်း။ စိတ္တာဒိသမုဋ္ဌာနာနမ္ပိ၊ စိတ္တ-အစရှိသော သမုဋ္ဌာန်တို့အားလည်းကောင်း။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုပေ၏။ တထာ၊ ထို့အတူ။ စိတ္တသမုဋ္ဌာနံ၊ စိတ်ကြောင့်ဖြစ်သော။ မဟာဘူတံ၊ မဟာဘုတ်သည်။ အာဟာရသမုဋ္ဌာနံ၊ အာဟာရကြောင့်ဖြစ်သော။ မဟာဘူတံ၊ မဟာဘုတ်သည်။ ဥတုသမုဋ္ဌာနံ၊ ဥတုကြောင့်ဖြစ်သော။ မဟာဘူတံ၊ မဟာဘုတ်သည်။ ဥတုသမုဋ္ဌာနာနံ၊ ဥတုကြောင့်ဖြစ်ကုန်သော။ မဟာဘူတာနမ္ပိ၊ မဟာဘုတ်တို့အားလည်းကောင်း။ ကမ္မာဒိသမုဋ္ဌာနာနံ၊ ကံ-စသည်တို့ကြောင့်ဖြစ်ကုန်သော။ မဟာဘူတာနမ္ပိ၊ မဟာဘုတ်တို့အားလည်းကောင်း။ ပစ္စယော ဟောတိ၊ ကျေးဇူးပြုပေ၏။

တတ္ထ၊ ထိုစကားရပ်တွင်။ ကမ္မသမုဋ္ဌာနာ ပထဝီဓာတု၊ ကံကြောင့်ဖြစ်သော ပထဝီဓာတ်သည်။ ဝါ၊ ကမ္မဇပထဝီဓာတ်သည်။ ကမ္မသမုဋ္ဌာနာနံ ဣတရာသံ၊ ကံကြောင့်ဖြစ်သော အခြားဓာတ်တို့အား။ ဝါ၊ ကမ္မဇဖြစ်သော အခြားဓာတ်တို့အား။ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတဝသေန စေဝ၊ သဟဇာတသတ္တိ, အညမညသတ္တိ, နိဿယသတ္တိ, အတ္ထိသတ္တိ, အဝိဂတသတ္တိတို့၏ အစွမ်းအားဖြင့်လည်းကောင်း။ ပတိဋ္ဌာနဝသေန စ၊ တည်ရာ၏ အစွမ်းအားဖြင့်လည်းကောင်း။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ဇနက-ဝသေန၊ ဖြစ်စေတတ်သော ဇနကသတ္တိအစွမ်းအားဖြင့်မူ။ န ပစ္စယော၊ မကျေးဇူးမပြု။ ဣတရေသံ တိသန္တတိမဟာဘူတာနံ၊ ကမ္မ-မဟုတ်ကုန်သော စိတ္တဇ, ဥတုဇ, အာဟာရဇ-ဟူသော သုံးခုသော အစဉ်သဏ္ဌာန်ရှိသော မဟာဘုတ်တို့အား။ နိဿယအတ္ထိအဝိဂတဝသေန၊ နိဿယ,အတ္ထိ, အဝိဂတတို့၏ အစွမ်းအားဖြင့်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ပတိဋ္ဌာနဝသေန၊ တည်ရာ၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူးမပြု။ ဇနကဝသေန၊ ဇနက-၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူးမပြု။ စ၊ ထိုမှတပါး။ တတ္ထ၊ ဤကမ္မဇဓာတ် ၄-ပါးတို့တွင်။ အာပေါဓာတု၊ အာပေါဓာတ်သည်။ ဣတရာသံ တိဿံ၊ ဤမှတပါး ကြွင်းသောဓာတ်သုံးပါးတို့အား။ သဟဇာတာ-ဒိဝသေန စေဝ၊ သဟဇာတသတ္တိ-စသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ အာဗန္ဓနဝသေန စ၊ ဖွဲ့စည်းခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ပစ္စယော

ဟောတိ၊ ကျေးဇူးပြု၏၊ ဇနကံဝသေန၊ ဇနက၏ အစွမ်းအားဖြင့်မူ။ န ပစ္စယော၊ ကျေးဇူးမပြု။ ဣတရေသံ တိသန္တတိကာနံ၊ အခြားသော တိသန္တတိ မဟာဘုတ်တို့အား။ နိဿယအတ္ထိအဝိဂတပစ္စယဝသေနေဝ' နိဿယ, အတ္ထိ, အဝိဂတ-ပစ္စည်းတို့၏ အစွမ်းအားဖြင့်သာလျှင်။ ပစ္စယော၊ ကျေးဇူးပြု၏။ အာဟာရနုဝသေန၊ ဖွဲ့စည်းခြင်း၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူး မပြု။ ဇနကဝသေန၊ ဇနက-၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူး မပြု။ တေ္တ၊ ဤကမ္မဇဓာတ် လေးပါးတို့တွင်။ တေဇောဓာတုပိ၊ တေဇော ဓာတ်သည်လည်း။ ဣတရာသံ တိဏ္ဏံ၊ ကြွင်းသော ဓာတ်သုံးပါးတို့အား။ သဟဇာတာဒိဝသေန စေဝ၊ သဟဇာတသတ္တိ စသည်၏ အစွမ်းအားဖြင့် လည်းကောင်း။ ပရိပါစနဝသေန စ၊ ကျက်စေသည်၏ အစွမ်းအားဖြင့် လည်းကောင်း။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ဇနကဝသေန၊ ဇနက ၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူးမပြု။ ဣတရေသံ တိသန္တတိကာနံ၊ အခြားသော တိသန္တတိမဟာဘုတ်တို့အား။ နိဿယအတ္ထိအဝိဂတပစ္စယ-ဝသေနေဝ၊ နိဿယ, အတ္ထိ, အဝိဂတ ပစ္စည်းတို့၏ အစွမ်းအားဖြင့်သာလျှင်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ပရိပါစနဝသေန၊ ကျက်စေသည်၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူးမပြု။ ဇနကဝသေန၊ ဇနက—၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူးမပြု။ တေ္တ၊ ဤ ကမ္မဇဓာတ် လေးပါး တို့တွင်။ ဝါယောဓာတုပိ၊ ဝါယောဓာတ်သည်လည်း။ ဣတရာသံ တိဏ္ဏံ၊ အခြားသော ဓာတ်သုံးပါးတို့အား။ သဟဇာတာဒိဝသေန စေဝ၊ သဟ ဇာတ—စသည်၏ အစွမ်းအားဖြင့် လည်းကောင်း။ ဝိတ္ထမ္ဘနဝသေန စ၊ ထောက်ကန်သည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ဇနကဝသေန၊ ဇနက-၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူးမပြု။ ဣတရေသံ တိသန္တတိကာနံ၊ အခြား တိသန္တတိမဟာဘုတ် တို့အား။ နိဿယအတ္ထိအဝိဂတဝသေနေဝ၊ နိဿယ, အတ္ထိ, အဝိဂတ ပစ္စည်းတို့၏ အစွမ်းအားဖြင့်သာလျှင်။ ပစ္စယော ဟောတိ၊ ကျေးဇူးပြု၏။ ဝိတ္ထမ္ဘနဝသေန၊ ထောက်ကန်သည်၏ အစွမ်းအားဖြင့်။ န ပစ္စယော၊ ကျေးဇူး မပြု။ ဇနကဝသေန၊ ဇနက—၏ အစွမ်းအားဖြင့်။ န ပစ္စယော။ ကျေးဇူး မပြု။ စိတ္တအာဟာရဥတုသမုဋ္ဌာနပထဝီဓာတုအာဒီသုပိ၊ စိတ္တဇ–အာဟာရဇ-ဥတုဇပထဝီဓာတ် စသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းအတူပင်တည်း။

ပန၊ အထူးကို ဆက်ဦးပြရလျှင်။ ငေါ၊ ဤဆိုခဲ့သည့်အတိုင်း။ သဟဇာတာဒိ-ပစ္စယဝသပ္ပဝတ္တာသု၊ သဟဇာတ-အစရှိသော ပစ္စည်းတို့၏ အစွမ်းဖြင့် ဖြစ် ကုန်သော။ တာသု ဓာတူသု၊ ဤလေးပါးသောဓာတ်တို့တွင်။—

ကော် ဓာတုံ၊ ဓာတ်တစ်ပါးကို။ ပဋိစ္စ၊ စွဲ၍။ တိဿော ဓာတုယော၊ ဓာတ်သုံးပါးတို့သည်။ စတုဓာ၊ လေးပါးအပြားဖြင့်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ တိဿော ဓာတုယော၊ သုံးပါးသောဓာတ်တို့ကို။ ပဋိစ္စ၊ စွဲ၍။ ဧကော စ ဓာတု၊ တစ်ခုသောဓာတ်သည်။ စတုဓာ၊ လေးပါးအပြားဖြင့်။ သမုဋ္ဌာတိ၊ ဖြစ်၏။ ဒွေ ဓာတုယော၊ နှစ်ပါးသော ဓာတ်တို့ကို။ ပဋိစ္စ၊ စွဲ၍။ ဒွေ ဓာတုယော၊ နှစ်ပါးသော ဓာတ်တို့သည်။ ဆဓာ၊ ခြောက်ပါးအပြားဖြင့်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။

(တတ္ထ ကော် ဓာတုံ ပဋိစ္စ တိဿော ဓာတုယော စတုဓာ သမုဋ္ဌဟန္တိ၊ တိဿော ဓာတုယော ပဋိစ္စ ဧကော စ ဓာတု စတုဓာ သမုဋ္ဌာတိ၊ ဒွေ ဓာတုယော ပဋိစ္စ ဒွေ ဓာတုယော ဆဓာ သမုဋ္ဌဟန္တီတိ ယောဇနာ။)

(၃၆၇) ဟိ၊ ချဲ့၍ပြဦးအံ့။ ပထဝီအာဒီသု၊ ပထဝီဓာတ်-စသည်တို့တွင်။ ဧကေကံ ပဋိစ္စ၊ တစ်ပါး တစ်ပါးကို စွဲမှီ၍။ တိဿော တိဿော၊ သုံးပါး သုံးပါးကုန်သော။ဣတရာ၊အခြားသော ဓာတ်တို့သည်။ (သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။) ဣတိ ဧဝံ၊ ဤသို့အားဖြင့်။ ကော် ပဋိစ္စ၊ တစ်ပါးကိုစွဲ၍။ တိဿော စတုဓာ၊ သုံးထပ်×လေးလီတို့သည်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကြကုန်၏။ တထာ၊ ထို့အတူ။ ပထဝီဓာတုအာဒီသု၊ ပထဝီဓာတ်—စသည်တို့တွင်။ ဧကေကာ၊ တစ်ပါး တစ်ပါးသည်။ ဣတရာ တိဿော တိဿော၊ သုံးပါး သုံးပါးကုန်သော အခြားဓာတ်တို့ကို။ ပဋိစ္စ၊ စွဲ၍။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့အားဖြင့်။တိဿော ပဋိစ္စ၊ ဓာတ်သုံးပါးကို စွဲ၍။ ဧကော စတုဓာ၊ တစ်ပါး×လေးလီသည်။ သမုဋ္ဌာတိ၊ ဖြစ်၏။ ပုရိမာ ပန ဒွေ ပဋိစ္စ၊ ရှေးဓာတ်နှစ်ပါးတို့ကိုစွဲမှီ၍။ ပစ္ဆိမာ၊ နောက်ဓာတ်နှစ်ပါးတို့သည်။ သမုဋ္ဌဟန္တိ၊ဖြစ်ကုန်၍။ ပစ္ဆိမာ စ ဒွေ ပဋိစ္စ၊နောက်ဓာတ်နှစ်ပါးတို့ကို စွဲမှီ၍။ ပုရိမာ၊ ရှေးဓာတ်နှစ်ပါးတို့သည်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ ပဌမတတိယာ ပဋိစ္စ၊ ပထမ-တတိယ-ဓာတ်တို့ကို စွဲမှီ၍။ ဒုတိယစတုတ္ထာ၊ ဒုတိယ-စတုတ္ထ ဓာတ်တို့သည်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ ဒုတိယစတုတ္ထာ ပဋိစ္စ၊ ဒုတိယ စတုတ္ထ-ဓာတ်တို့ကို စွဲမှီ၍။ ပဌမတတိယာ၊ ပဌမ-တတိယဓာတ်တို့သည်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ ပဌမစတုတ္ထာ ပဋိစ္စ၊ ပဌမ-စတုတ္ထ-ဓာတ်တို့ကို စွဲမှီ၍။ ဒုတိယတတိယာ၊ ဒုတိယ-တတိယ-ဓာတ်တို့သည်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ ဒုတိယတတိယာ၊ ဒုတိယ—တတိယ—ဓာတ်တို့ကို စွဲမှီ၍။ ပဌမစတုတ္ထာ၊ ပဌမ-စတုတ္ထ—ဓာတ်တို့သည်။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့အားဖြင့်၊

ဒွေ ဓာတုယော ပဋိစ္စ၊ ဓာတ်နှစ်ပါးတို့ကို စွဲမှီ၍။ ဒွေ ဆဓာ၊ နှစ်ခု×ခြောက်လီတို့သည်။ သမ္ဘဝတ္တန္တိ၊ ဖြစ်ကုန်၏။

တာသု၊ ထိုဓာတ်လေးပါးတို့တွင်။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အဘိက္ကမပဋိက္ကမာဒိကာလေ၊ ရှေ့သို့သွားခြင်း, နောက်သို့ပြန်ခြင်း–အစရှိသောကာလ၌။ ဥပ္ပီဠနသာ၊ ဖိနှိပ်ခြင်း၏။ ပစ္စယော ဟောတိ၊ အကြောင်းဖြစ်၏။ အာပေါဓာတုယာ အနုဂတာ၊ အာပေါဓာတ်သည် အစဉ်လိုက်အပ်သော။ သာဝ၊ ထို ပထဝီဓာတ်သည်ပင်လျှင်။ ပတိဋ္ဌာပနသာ၊ ခြေကိုတည်စေခြင်း, ထားခြင်း၏။ ပစ္စယော ဟောတိ၊ အကြောင်းဖြစ်ပေ၏။ ပထဝီဓာတုယာ အနုဂတာ၊ နောက်လိုက် ပထဝီဓာတ်နှင့် တကွ။ အာပေါဓာတု၊ အာပေါဓာတ်သည်။ အဝက္ခေပနသာ၊ ခြေကိုချခြင်း၏။ ပစ္စယော ဟောတိ၊ အကြောင်းဖြစ်၏။ ဝါယောဓာတုယာ အနုဂတာ၊ နောက်လိုက် ဝါယောဓာတ်နှင့် တကွ။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဥဒ္ဓရဏသာ၊ ခြေကိုကြွချီခြင်း၏။ ပစ္စယော ဟောတိ၊ အကြောင်းဖြစ်၏။ တေဇောဓာတုယာ၊ အနုဂတာ၊ နောက်လိုက် တေဇောဓာတ်နှင့် တကွ။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ အတိဟရဏဝီတိဟရဏာနံ၊ ခြေကို ရှေ့သို့ဆောင်ခြင်း, ဖယ်၍ဆောင်ခြင်းတို့၏။ ပစ္စယော ဟောတိ၊ အကြောင်းဖြစ်ပေ၏။ ဣတိ ဧဝံ၊ ဤသို့အားဖြင့်။ ပစ္စယဝိဘာဂတော၊ ကျေးဇူးပြုသော တရားထူးသတ္တိထူးကို ဝေဖန်ခြင်းအားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်၏။

ဟိ၊ အကျိုးကိုပြဦးအံ့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝစနတ္ထာဒိဝသေန၊ ဝစနတ္ထ–စသည်တို့၏ အစွမ်းအားဖြင့်။ မနသိကရောန္တဿပိ၊ နှလုံးသွင်းနေသော ယောဂီအားလည်း။ ဧကေကန မုခေန၊ တစ်ပါးပါးသော သိမ်းဆည်းကြောင်း နည်းလမ်းအားဖြင့်။ ဓာတုယော၊ ဓာတ်တို့သည်။ ပါကဋာ ဟောန္တိ၊ ထင်ရှား ပေါ်ကုန်၏။ တာ၊ ထိုဓာတ်တို့ကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဝဇ္ဇတော၊ ဆင်ခြင်သော။ မနသိကရောတော၊ နှလုံးသွင်းနေသော ယောဂီအား။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဥပစာရ–သမာဓိ ဥပ္ပဇ္ဇတိ၊ ဥပစာရသမာဓိ ဖြစ်ပေါ်လာ၏။ သွာယံ-သော အယံ သမာဓိ၊ ထိုသို့ဖြစ်ပေါ်သော ဤ ဥပစာရသမာဓိသည်။ စတုန္နံ ဓာတူနံ၊ လေးပါးကုန်သော ဓာတ်တို့ကို။ ဝဝတ္ထာပကဿ၊ ပိုင်းခြား ဆုံးဖြတ်သော။ ဉာဏဿ အာနုဘာဝေန၊ ဉာဏ်၏ အစွမ်းအာနုဘော်ဖြင့်။ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်။ စတုဓာတုဝဝတ္ထာနန္တွေဝ၊ စတုဓာတုဝဝတ္ထာန်-ဟူ၍သာလျှင်။ သင်္ခံ ဂစ္ဆတိ၊ ရေတွက် ခေါ်ဆိုခြင်းသို့ ရောက်၏။

၃၆၀။ ပန၊ အကျိုးအာနိသင်ကား။ ဣဒဉ္စ စတုဓာတုဝဝတ္ထာနံ၊ ဤ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို။ အနုယုတ္တော ဘိက္ခု၊ အားထုတ်သော ရဟန်းသည်။ သုညတံ၊ အတ္တမှ ဆိတ်ခြင်းသို့။ အဝဂါဟတိ၊ သက်ဝင်၏။ သတ္တသညံ၊ သတ္တဝါ-ဟု ထင်မှတ်သော သညာကို။ သမူဟနတိ၊ နုတ်ပယ် နိုင်၏။ သတ္တသညာယ၊ သတ္တဝါ ဟု ထင်မှတ်သော သညာကို။ သမူဟတတ္တာ၊ နုတ်ပယ်ပြီး ဖြစ်သောကြောင့်။ သော၊ ထို ယောဂီရဟန်းသည်။ ဝါဠမိဂ-ယက္ခရက္ခသာဒိဝိကပ္ပံ၊ သားရဲ, ဘီလူး, ယက္ခိုသ်-စသည်ဖြင့် ကြံဆခြင်းသို့။ အနာဝဇ္ဇမာနော၊ မရောက်မူ၍။ ဘယဘေရဝသဟော၊ ဘေးကြီး-ဘေးငယ်ကို လွှမ်းမိုး-သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။ အရတိရတိသဟော၊ ဘာဝနာ ကုသိုလ်တရား၌ မမွေ့လျော်ခြင်း, ကာမဂုဏ်၌ မွေ့လျော်ခြင်းကို နှိမ်နင်း သည်းခံနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဣဋ္ဌာ-နိဋ္ဌေသု၊ ဣဋ္ဌာရုံ—အနိဋ္ဌာရုံတို့၌။ ဥဂ္ဃါတနိဂ္ဃာတံ၊ ဝမ်းမြောက်တက်ကြွခြင်း, စိတ်ညစ် နစ်ကျခြင်းသို့။ န ပါပုဏာတိ၊ မရောက်ပေ။ စ ပန၊ အထူးအားဖြင့်မူကား။ မဟာပညော ဟောတိ၊ ပညာကြီးတတ်၏။ အမတပရိယောသာနော ဝါ၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည်မူလည်း ဖြစ်တတ်၏။ သုဂတိပရာယနော ဝါ၊ သုဂတိသို့ လားရောက်ရသည်မူလည်း ဖြစ်တတ်၏။ ဣတိ၊ ဤကား အာနိသင်—အကျိုး ပေတည်း။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ မဟာနုဘာဝံ၊ ကြီးမြတ်သော အာနု ဘော်ရှိသော။ ယောဂိဝရသဟဿ ကီဠိတံ၊ အထောင်မက များစွာ သော ယောဂီအပေါင်း၏ ကွန့်မြူးရာဖြစ်သော။ ဧတံ စတုဓာတု-ဝဝတ္ထာနံ၊ ဤ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို။ မေဓာဝီ၊ ပညာရှိ သည်။ နိစ္စံ သေဝေထ၊ အမြဲမပြတ် မှီဝဲရာ၏။ ဣတိ၊ ဤကားဥယျော ဇဉ်ပေတည်း။

အယံ၊ ယခုဆိုခဲ့ပြီးသော စကားသည်။ စတုဓာတုဝဝတ္ထာနသ္သ၊ စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းကို။ ဘာဝနာနိဒ္ဒေသော၊ ပွားပုံအကျယ် ပြဆိုချက် ပေတည်း။

၃၆၁။ စ၊ သမာဓိကထာကို နိဂုံးချုပ်ပြရလျှင်။ ဧတ္တာဝတာ၊ ဤမျှ သော ဘာဝနာစကားအစဉ်ဖြင့်။ သမာဓိဿ၊ သမာဓိကို။ ယံ ဝိတ္ထာရဉ္စ၊ အကြင် အကျယ်ပြချက် စကားကိုလည်းကောင်း။ ယံ ဘာဝနာနယဉ္စ၊ အကြင် ပွားစေပုံ ဘာဝနာနည်းကိုလည်းကောင်း။ ဒဿေတုံ၊ ပြခြင်းငှာ။

"ကော သမာဓိ၊ ကေနဋ္ဌေန သမာဓိ" တိအာဒိနာ နယေန၊ သမာဓိ-ဟူသည် အဘယ်နည်း? အဘယ်အနက်သဘောကြောင့် သမာဓိမည်သနည်း? ဤသို့အစရှိသော နည်းဖြင့်။ ပဉှာကမ္မံ၊ မေးခွန်းပြဿနာအပေါင်းကို။ ကတ်ံ၊ ပြုအပ်ခဲ့ပြီ။ တတ္ထ၊ ထိုမေးခွန်းပြဿနာအပေါင်း၌။ (၃၆၈) "ကထံ ဘာဝေတဗ္ဗော" တိ ဣမဿ ပဒဿ၊ သမာဓိ-ကို အဘယ်သို့ပွားစေအပ်သနည်း—ဟူသော ဤမေးခွန်းပုဒ်၏။ အတ္ထဝဏ္ဏနာ၊ အနက်အဖွင့်သည်။ သဗ္ဗပ္ပကာရတော၊ ခပ်သိမ်းသော အပြားအားဖြင့်။ သမတ္တာ ဟောတိ၊ ပြီးပါပြီ။

ဟိ၊ မှန်ပေ၏။ ဥပစာရသမာဓိ စေဝ၊ ဥပစာရသမာဓိလည်းကောင်း။ အပ္ပနာသမာဓိ စ၊ အပ္ပနာသမာဓိလည်းကောင်း။ (ဣတိ၊ ဤသို့။—ထည့်။) ဒုဝိဓော၊ နှစ်ပါးအပြားရှိသော။ အယံ ယော၊ ဤသမာဓိကိုသာလျှင်။ ဣဓ၊ စိတ်ကိုပွားစေသော—ဟူသော ဤအရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်ပေ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဒသသု ကမ္မဋ္ဌာနေသု စ၊ ဗုဒ္ဓါနုဿတိစသော ဆယ်ပါးသောကမ္မဋ္ဌာန်းတို့၌လည်းကောင်း။ အပ္ပနာပုဗ္ဗဘာဂစိတ္တေသု စ၊ အပ္ပနာ၏ရှေ့အဖို့၌ဖြစ်သော စိတ်တို့၌လည်းကောင်း။ ဧကဂ္ဂတာ၊ တစ်ခုတည်းသောအာရုံ ရှိသည်၏အဖြစ်ဟူသော ဧကဂ္ဂတာသည်။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိမည်၏။ အဝသေသကမ္မဋ္ဌာနေသု၊ ကြွင်းသော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့၌။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာသည်။ အပ္ပနာသမာဓိ၊ အပ္ပနာသမာဓိ ပေတည်း။ ဒုဝိဓော၊ နှစ်ပါးလုံးသော။ သော သမာဓိပိ၊ ထိုသမာဓိသည်လည်း။ တေသံ ကမ္မဋ္ဌာနာနံ၊ လေးဆယ်သော ထိုကမ္မဋ္ဌာန်းတို့ကို။ ဘာဝိတတ္တာ၊ ပွားစေပြီးဖြစ်သောကြောင့်။ ဘာဝိတော ဟောတိ၊ ပွားစေပြီး ဖြစ်ပေသည်။ တေန၊ ထို့ကြောင့်။ "ကထံ ဘာဝေတဗ္ဗောတိ ဣမဿ ပဒဿ၊ သမာဓိကို အဘယ်သို့ပွားစေအပ်သနည်း—ဟူသော ဤမေးခွန်းပုဒ်၏။ အတ္ထဝဏ္ဏနာ၊ အနက်အဖွင့်သည်။ သဗ္ဗပ္ပကာရတော၊ ခပ်သိမ်းသောအပြားအားဖြင့်။ သမတ္တာ၊ ပြီးစီး ပြည့်စုံပေသည်။" ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ ဝုတ္တံ၊ မိန့်ဆိုခဲ့ပေသည်။

## သမာဓိ၏အာနိသင်ကိုပြဆိုချက်

၃၆၂။ ပန၊ သမာဓိကိုပွားစေခြင်း၏အကျိုးကား။ "သမာဓိဘာဝနာယ ကော အာနိသံသော" တိ၊ သမာဓိကိုပွားစေခြင်း၏အကျိုးကား အဘယ်နည်း ဟူသော။ ယံ ဝစနံ၊ အကြင်စကားကို။ ဘဂဝတာ၊ ဘုရားရှင်သည်။ ဝုတ္တံ၊

ဟောတော်မူအပ်၏။ တတ္ထ၊ ထိုစကားရပ် မေးခွန်း၌။ ဒိဋ္ဌဓမ္မသုခဝိဟာရာဒိ-ပဋ္ဌဝိဓော၊ မျက်မှောက်ဘဝ၌ချမ်းသာစွာနေရခြင်း—အစရှိသော အကျိုးငါးပါးသည်။ သမာဓိဘာဝနာယ၊ သမာဓိဘာဝနာ၏။ အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။ တထာ-တံ ဝစနံ၊ ထိုစကားကို။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ခီဏာသဝါ၊ အာသဝေါကုန်ပြီးကုန်သော။ ယေ အရဟန္တော၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်။ သမဇ္ဇိတွာ၊ ချွန်ပင်စား၍။ ဧကဂ္ဂစိတ္တာ၊ တည်ကြည်သောစိတ်ရှိကုန်လျက်။ ဒိဝသံ၊ တစ်နေ့ပတ်လုံး။ သုခံ ငပ်ဟရိဿာမာတိ၊ ချမ်းသာစွာနေကုန်အံ့ - ဟု။ (မနသိကရိတွာ၊ နှလုံးသွင်းရည်ရွယ်၍။) သမာဓိံ ဘာဝေန္တိ၊ ချွန်သမာဓိကို ပွားစေကုန်၏။ တေသံ၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏။ အပ္ပနာသမာဓိဘာဝနာ၊ အပ္ပနာသမာဓိဘာဝနာသည်။ ဒိဋ္ဌဓမ္မသုခဝိဟာရာ-နိသံသာ ဟောတိ၊ ဒိဋ္ဌဓမ္မသုခဝိဟာရဟူသော အကျိုး—အာနိသင် ရှိပေ၏။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ "စုန္ဒ၊ ချစ်သား စုန္ဒ။ ဧတေ၊ ဤရူပါဝစရဈာန်တို့ကို။ အရိယဿ ဝိနယေ၊ အရိယမည်သော ဘုရား၏အဆုံးအမ သာသနာတော်၌။ သလ္လေခါ၊ ကိလေသာကို ခေါင်းပါးစေတတ်သည့် သလ္လေခတရားတို့-ဟူ၍။ န ဝုစ္စန္တိ၊ မဆိုအပ်ကုန်။ ဧတေ၊ ဤရူပါဝစရဈာန်တို့ကို။ အရိယဿ ဝိနယေ၊ အရိယမည်သော ဘုရား၏အဆုံးအမ သာသနာတော်၌။ ဒိဋ္ဌဓမ္မသုခဝိဟာရာ၊ မျက်မှောက်အတ္တဘောမှာ ချမ်းသာစွာနေရခြင်း-ဟူသော ဒိဋ္ဌဓမ္မသုခဝိဟာရတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ (၁)

သမာပတ္တိတော ဝုဋ္ဌာယ၊ သမာပတ်မှ ထ၍။ သမာဟိတေန စိတ္တေန၊ တည်ကြည်သော စိတ်ဖြင့်။ ဝိပဿိဿာမာတိ၊ ဝိပဿနာ ရှုမှတ်ကုန်အံ့—ဟု ရည်ရွယ်၍။ ဘာဝယတံ-ဘာဝယတာနံ သေက္ခပုထုဇ္ဇနာနံ၊ ပွားစေကုန်သော သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့၏။ ဝိပဿနာယ ပဒဋ္ဌာနတ္တာ၊ ဝိပဿနာ၏ နီးစွာသော အကြောင်းဖြစ်သောကြောင့်။ အပ္ပနာသမာဓိဘာဝနာပိ၊ အပ္ပနာသမာဓိကို ပွားစေခြင်းသည်လည်းကောင်း။ သမ္ဗာဓေ၊ ကာမဂုဏ်ကိလေသာတို့ဖြင့် ကျဉ်းမြောင်းစွာသော လူ့ဘဝ၌။ဩကာသာဓိဂမနယေန၊ မဂ်, ဖိုလ်-ချမ်းသာ ရကြောင်းအခွင့်ကို ရသည်ဟူသော နည်းဖြင့်။ ဥပစာရသမာဓိ ဘာဝနာပိ၊ ဥပစာရသမာဓိကို ပွားစေခြင်းသည်လည်းကောင်း။ဝိပဿနာနိသံသာ ဟော-တိ၊ ဝိပဿနာဟူသော အာနိသင်—အကျိုးရှိပေ၏။ တေန၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ ရဟန်းတို့။ သမာဓိံ၊ စိတ်တည်ကြည်မှု-သမာဓိကို။ ဘာဝေထ၊ ဖြစ်စေကြ-ပွားစေကြကုန်လော့။ ဘိက္ခဝေ၊

ရဟန်းတို့။ သမာဟိတော၊ စိတ်တည်ကြည်သော။ ဘိက္ခု၊ ရဟန်းသည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတီ''တိ၊ သိ၏-ဟူ၍။ အာဟ၊ ဟော တော်မူခဲ့၏။ (၂)

ပန၊ ဆက်ဦးအံ့။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေကြပြီးလျှင်။ အဘိညာ-ပါဒကံ စျာနံ သမာပဇ္ဇိတွာ၊ အဘိညာဉ်၏အခြေခံဖြစ်သော စတုတ္ထစျာန်ကို ဝင်စားပြီးနောက်။ သမာပတ္တိတော ဝုဋ္ဌာယ၊ ထိုစျာန်မှ ထ၍။ ဧကောပိ ဟုတွာ၊ တစ်ပါးတည်းဖြစ်လျက်လည်း။ ဗဟုဓာ ဟောတိ၊ အများဖြစ်၏။ ဣတိ ဝုတ္တနယာ၊ ဤသို့စသည်ဖြင့် ဟောထားသောနည်းနှင့် စပ်ဆိုင်ကုန် သော။ အဘိညာယော ပတ္ထေန္တော၊ အဘိညာဉ်တို့ကို တောင့်တကုန်လျက်။ နိဗ္ဗတ္တေန္တိ၊ အပ္ပနာသမာဓိကို ဖြစ်စေကုန်၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ အပ္ပနာသမာဓိဘာဝနာ၊ အပ္ပနာသမာဓိဘာဝနာသည်။ အဘိညာပဒဋ္ဌာနတ္တာ၊ အဘိညာဉ်လျှင် နီးစွာသောအကြောင်း ရှိသောကြောင့်။ သတိ သတိ အာယတနေ၊ အကြောင်းရှိတိုင်း ရှိတိုင်း။ ဝါ၊ အကြောင်းရှိသလောက်။ အဘိညာနိသံသာ ဟောတိ၊ အဘိညာဉ်ဟူသော အကျိုးအာနိသင် ရှိပေ၏။ တေန၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ''အဘိညာ သစ္ဆိ-ကရဏီယဿ၊ အဘိညာဉ်ဓော် ဉာဏ်ထူးဖြင့် မျက်မှောက်ပြုအပ်သော။ ယဿ ယဿ (၃၆၉) ဓမ္မဿ၊ အကြင်အကြင် တရားကို။ အဘိညာသစ္ဆိကိရိ-ယာယ၊ အဘိညာဉ်ဖြင့် မျက်မှောက်ပြုခြင်းငှာ။ စိတ္တံ အဘိနိန္နာမေတိ၊ စိတ်ကို ရှေးရှုညွတ်စေ၏။ သတိ သတိ အာယတနေ၊ အကြောင်းရှိတိုင်း ရှိတိုင်း။ ဝါ၊ အကြောင်းရှိသလောက်။ တတြ တတြေဝ၊ ထို ထို မျက်မှောက် ပြုအပ်သော တရား၌။ သက္ခိဘဗ္ဗတံ၊ မျက်မြင်ကိုယ်တွေ့ရှိသူ ဖြစ်ထိုက်ခြင်းသို့။ ပါပုဏာတီ''တိ၊ ရောက်၏-ဟူ၍။ အာဟ၊ ဟောတော်မူ၏။ (၃)

အပရိဟီနဇ္ဈာနာ၊ စျာန်မလျော့ကုန်သည်ဖြစ်၍။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ လောက၌။ နိဗ္ဗတ္တိဿာမာတိ၊ ဖြစ်ကုန်အံ့-ဟု။ ဗြဟ္မလောကူပပတ္တိံ ပတ္ထေန္တာ၊ ဗြဟ္မလောက၌ဖြစ်ခြင်းကို တောင့်တကြကုန်သည်မူလည်း ဖြစ်ကုန်သော။ အပတ္ထယမာနာ၊ မတောင့်တကြကုန်သည်မူလည်း ဖြစ်ကုန်သော။ ယေ ပုထုဇ္ဇနာ၊ အကြင် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ သမာဓိတော၊ ပြီးစေပြီးသော စျာန်သမာဓိမှ။ န ပရိဟာယန္တိ၊ မဆုတ်ယုတ်ပဲ ရှိကုန်၏။ တေသံ၊ ထို ပုထုဇဉ် ပုဂ္ဂိုလ်တို့၏။ အပ္ပနာသမာဓိဘာဝနာ၊ အပ္ပနာသမာဓိဘာဝနာ-သည်။

ဘာဝိသေသာဝဟတ္တာ၊ ဘဝအထူးကို ဖြစ်စေတတ်သောကြောင့်။ ဘဝ—ဝိသေသာနိသံသာ ဟောတိ၊ ဘဝအထူးဟူသော အကျိုး-အာနိသင် ရှိပေ၏။ တေန၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ "ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ ပရိတ္တံ ဘာဝေတွာ၊ အာနုဘော်အနည်းငယ်မျှရှိရုံ ပွားစေပြီး၍။ ကတ္ထ ဥပ္ပဇ္ဇန္တိ၊ အဘယ်ဘုံ၌ ဖြစ်ကုန်သနည်း။ ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ၊ ဗြဟ္မာ့ပရိသတ်ဟုဆိုအပ်သော ဗြဟ္မာနတ်တို့၏။ သဟဗျတံ ဥပ္ပဇ္ဇန္တိ"တိအာဒိ၊ အပေါင်းအဖြစ်သို့ ကပ်ရောက်၍ ဖြစ်ကုန်၏ ဤသို့အစရှိသောစကားကို။ အာဟ၊ မိန့်ဆိုတော်မူပေ၏။ (၄)

ပန၊ အထူးကား။ ဥပစာရသမာဓိဘာဝနာပိ၊ ဥပစာရသမာဓိကို ပွားစေခြင်းသည်လည်း။ ကာမာဝစရသုဂတိဘဝဝိသေသံ၊ လူ့ဘဝ, နတ်ဘဝ-ဟူသော ကာမသုဂတိဘဝအထူးကို။ အာဝဟတိ ယေဝ၊ ဖြစ်စေတတ်သည်သာ တည်း။ ဝါ၊ ဆောင်ရွက်စေတတ်သည်သာတည်း။

ပန၊ ထိုမှတပါး။ ယေ အရိယာ၊ အကြင် အရိယာပုဂ္ဂိုလ်တို့သည်။ အဋ္ဌ သမာပတ္တိယော နိဗ္ဗတ္တေတွာ၊ ရှစ်ပါးသောသမာပတ်တို့ကို ဖြစ်စေပြီးလျှင်။ နိရောဓသမာပတ္တိံ သမာပဇ္ဇိတွာ၊ နိရောဓသမာပတ်ကို ဝင်စားကုန်၍။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့ပတ်လုံး။ အစိတ္တာ ဟုတွာ၊ စိတ်မရှိကြပဲ ဖြစ်လျက်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် အတ္တဘော၌ပင်လျှင်။ နိရောဓံ နိဗ္ဗာနံ ပတွာ၊ ချုပ်ခြင်းဟူသော အငြိမ်းဓာတ်—နိဗ္ဗာန်သို့ ရောက်၍။ သုခံ ဝိဟရိဿာမာတိ၊ ချမ်းသာစွာနေကုန်အံ့—ဟု ရည်ရွယ်၍။ သမာဓိံ ဘာဝေန္တိ၊ အပ္ပနာသမာဓိကို ဖြစ်စေကုန်၏။ တေသံ၊ ထို အရိယာပုဂ္ဂိုလ်တို့၏။ အပ္ပနာသမာဓိ ဘာဝနာ၊ အပ္ပနာသမာဓိဘာဝနာသည်။ နိရောဓာနိသံသာ ဟောတိ၊ နိရောဓ သမာပတ် ဟူသော အကျိုး အာနိသင်ရှိပေ၏။ တေန၊ ထို့ကြောင့်။ "သောဠသဟိ ဉာဏစရိယာဟိ၊ တစ်ဆယ့်ခြောက်မျိုးသော ဉာဏ်တို့ဖြစ်ခြင်း တို့ဖြင့်လည်းကောင်း။ နဝဟိ သမာဓိစရိယာဟိ၊ ကိုးမျိုးသော သမာဓိ ဖြစ်ခြင်းတို့ဖြင့်လည်းကောင်း။ ဝသီဘာဝတာ ပညာ၊ လေ့လာနိုင်နင်းသည်၏ အဖြစ်ဟူသော ပညာသည်။ နိရောဓသမာပတ္တိယာ ဉာဏ"န္တိ၊ နိရောဓသမာပတ်ဉာဏ် မည်၏-ဟူ၍။ အာဟ၊ ဟောတော်မူပေသတည်း။ (၅)

ဧဝံ၊ ဤပြဆိုခဲ့သည့်အတိုင်း၊ ဒိဋ္ဌဓမ္မသုခဝိဟာရာဒိပဉ္စဝိဓော၊ ဒိဋ္ဌဓမ္မသုခဝိဟာရ-အစရှိသော ငါးပါးအပြားရှိသော။ အယံ အာနိသံသော၊ ဤ အကျိုးသည်။ သမာဓိဘာဝနာယ၊ သမာဓိကိုပွားစေခြင်း သမာဓိဘာဝနာ ၏။ အာနိသံသော၊ အကျိုး-အာနိသင်ပေတည်း။

"တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ အနေကာနိ-
သံသမှိ၊ များသောအာနိသင်ရှိသော။ကိလေသမလသောဓနေ၊ကိလေ
သာ အညစ်အကြေးကို သုတ်သင်တတ်သော။သမာဓိဘာဝနာယော-
ဂေ၊ သမာဓိဘာဝနာကို အားထုတ်ခြင်း၌။ နပ္ပမဇ္ဇေယျ၊ မမေ့လျော့
ရာ။" ဣတိ၊ ဤကား ဥယျောဇဉ်ပေတည်း။

၃၆၃။ စ၊ နိဂုံးကမှတ် အပြီးသတ်ဦးအံ့။ ဧတ္တာဝတာ၊ ဤမျှသော
စကားအစဉ်ဖြင့်။ "သီလေ ပတိဋ္ဌာယ နရော သပညော"တိ ဣမိဿာ ဂါ-
ထာယ၊ သီလေ ပတိဋ္ဌာယ နရော သပညော" အစရှိသော ဤဂါထာ၌။
သီလသမာဓိပညာမုခေန၊ သီလသမာဓိပညာကို ပဓာနပြု၍။ ဒေသိတေ
ဝိသုဒ္ဓိမဂ္ဂေ၊ ဟောတော်မူအပ်သော ဝိသုဒ္ဓိမဂ်ကျမ်း၌။ သမာဓိပိ၊ သမာဓိကို
လည်း။ ပရိဒီပိတော ဟောတိ၊ အပြည့်အစုံ ပြပြီးဖြစ်ပေ၏။

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။

သပညော၊ ပညာနှင့်ပြည့်စုံသော။ နရော၊ လူပုဂ္ဂိုလ်သည်။ သီလေ
ပတိဋ္ဌာယ၊ သီလ၌ တည်၍။ အာတာပီ၊ ကိလေသာတို့ကို ပူလောင်-ခြောက်
သွေ့စေတတ်သော လုံ့လနှင့်ပြည့်စုံသည်ဖြစ်၍။ နိပကော၊ ရင့်ကျက်သော
သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍။ စိတ္တဉ္စ၊ စိတ်ကိုပဓာနပြု၍ ဟောအပ်သော
သမာဓိကိုလည်းကောင်း။ ပညဉ္စ၊ ဝိပဿနာပညာကိုလည်းကောင်း။ဘာဝယံ-
ဘာဝယန္တော၊ ပွားစေသည်ရှိသော်။ ဝါ၊ ပွားစေသော။ သော ဘိက္ခု၊
ထိုလူဖြစ်သောရဟန်းသည်။ ဣမံ ဇဋံ၊ ဤတဏှာအရှုပ်အထွေးကို။ ဝိဇဋယေ၊
ဖြေရှင်းနိုင်ရာ၏။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ ကတေ၊
သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှာ ပြုစီရင်အပ်သော။
ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်းဝယ်။ သမာဓိနိဒ္ဒေသော နာမ၊
သမာဓိဘာဝနာအရာ၌ သမာဓိကိုအကျယ်ပြဆိုချက်
မည်သော။ ကောဒသမော၊ တစ်ဆယ့်တစ်ခုမြောက်
ဖြစ်သော။ ပရိစ္ဆေဒေါ၊
အပိုင်းအခန်းပေတည်း။

(၃၇၀) ၃၆၄။ ပဌမော၊ ပထမပိုင်းသည်။ သီလနိဒ္ဒေသော၊ သီလ—နိဒ္ဒေသ-တည်း။ ဒုတိယော၊ ဒုတိယပိုင်းသည်။ ဓုတင်္ဂနိဒ္ဒေသော၊ ဓုတင်္ဂနိဒ္ဒေသ-တည်း။ တတိယော၊ တတိယပိုင်းသည်။ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသော၊ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ–တည်း။ စတုတ္ထော၊ စတုတ္ထပိုင်းသည်။ပထဝီကသိဏ-နိဒ္ဒေသော၊ ပထဝီကသိဏနိဒ္ဒေသ–တည်း။ ပဉ္စမော၊ ပဉ္စမပိုင်းသည်။ သေသ-ကသိဏနိဒ္ဒေသော၊ သေသကသိဏနိဒ္ဒေသ-တည်း။ ဆဋ္ဌော၊ ဆဋ္ဌပိုင်းသည်။ အသုဘနိဒ္ဒေသော၊ အသုဘနိဒ္ဒေသ—တည်း။ သတ္တမော၊ သတ္တမပိုင်းသည်။ ဆအနုဿတိနိဒ္ဒေသော၊ ဆအနုဿတိနိဒ္ဒေသ-တည်း။ အဋ္ဌမော၊ အဋ္ဌမပိုင်းသည်။သေသာနုဿတိနိဒ္ဒေသော၊ သေသာနုဿတိနိဒ္ဒေသ—တည်း။ နဝမော၊ နဝမပိုင်းသည်။ဗြဟ္မဝိဟာရနိဒ္ဒေသော၊ဗြဟ္မဝိဟာရနိဒ္ဒေသ–တည်း။ ဒသမော၊ ဒသမပိုင်းသည်။ အာရုပ္ပနိဒ္ဒေသော၊ အာရုပ္ပနိဒ္ဒေသတည်း။ ဧကာဒသမော၊ ဧကာဒသမပိုင်းသည်။ ပဋိက္ကူလသညာ ဓာတုဝဝတ္ထာနဒွယနိဒ္ဒေသော၊ ပဋိက္ကူလသညာ, ဓာတုဝဝတ္ထာနဒွယနိဒ္ဒေသ-တည်း။ ဣတိ—ဤကား အပြီးသတ်သတည်း။

ဝိသုဒ္ဓိမဂ္ဂဿ၊ ဝိသုဒ္ဓိမဂ်ကျမ်း၏။ ပဌမော ဘာဂေါ၊ ပထမပိုင်းသည်။
နိဋ္ဌိတော၊ ပြီးဆုံးခြင်းသို့ရောက်ပြီ။

## ဝိသုဒ္ဓိမဂ်နိဿယသစ်ဒုတိယတွဲ ဤတွင်ပြီး၏။

---

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ရွှေစေတီ သာသနာ့ရိပ်သာ၊ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ -ရွှေစေတီဆရာတော်–ဘဒ္ဒန္တ သုန္ဒရမထေရ် ရေးသားစီရင်အပ်သော ဝိသုဒ္ဓိမဂ် နိဿယသစ် ဒုတိယတွဲသည် သာသနာတော်နှစ် ၂၅၂၈–ခု၊ ကောဇာသက္ကရာဇ် ၁၃၄၇–ခုနှစ်၊ တော်သလင်းလဆုတ် ၁၃-ရက်၊ (၁၉၈၅–ခု နှစ်၊ အောက်တိုဘာလ ၁၂–ရက်) စနေနေ့၊ ၅–နာရီအချိန်တွင် ပြီးဆုံးပါ၏။

# အဘိဓမ္မာ စာမှာရှိသည်

## လူကောင်း လူတော် ဖြစ်စေအောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်

သာသနာရေးဦးစီးဌာနမှ

## ပိဋကတ်မြန်မာပြန်များကို ဖတ်ပါ

---

သာသနာရေး ဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော
အဘိဓမ္မာ မြန်မာဘာသာကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | ပရမတ္ထသံခိပ်နှင့်အဖြေ | | လယ်တီဆရာတော်ကြီး |
| ၂။ | ပရမတ္ထသံခိပ်ဋီကာ | ပါ၊ ဒု | လယ်တီပဏ္ဍိတ ဦးမောင်ကြီး |
| ၃။ | ပရမတ္ထသရူပဘေဒနီ | ပါ၊ ဒု | မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး |
| ၄။ | သရုပ်ပြသင်္ဂြိုဟ် | | ဒေါ်ဝိဇ္ဇေသီ၊ ဘီအေ၊ ဓမ္မာစရိယ |
| ၅။ | သရုပ်ပြဓမ္မပဒ | | ။ |
| ၆။ | ဋီကာကျော်မြန်မာပြန် | တ | |
| ၇။ | အဘိဓမ္မတ္ထသင်္ဂဟပါဠိနိဿယ | | ဗားကရာဆရာတော် |
| ၈။ | အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ် | | စလင်း သာသနာပိုင်ဆရာတော် |
| ၉။ | အဘိဓမ္မာဝတာရဋီကာ နိဿယသစ် | ပ၊ဒု | တောင်ပေါက်ဆရာတော် |
| ၁၀။ | ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့် | အတွဲ (၃) | |

---

တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၁-တွဲ ထွက်ပြီး။

မဟာဗုဒ္ဓဝင် ၆-တွဲ (၈-အုပ်) ထွက်ပြီး။